ဗုဒ္ဓသာသနာတော်၏ အနှစ်သာရ-သီလ၊ သမာဓိ၊ ပညာတို့ကို
အပြည့်အစုံ ရှင်းလင်းလွယ်ကူစွာ ချမ်းချမ်းသာသာ လေ့လာကျင့်သုံးနိုင်ပြီ

# ဝိသုဒ္ဓိမဂ္ဂ အလင်းပြ
# နိဗ္ဗာန်လမ်းမကြီး

ဒုတိယတွဲ

## ဒေါက်တာမင်းတင်မွန်

ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိက ဓဇ

ဝိသုဒ္ဓိမဂ္ဂ စာမေးပွဲမေးခွန်းများနှင့် အဖြေများ အပြည့်အစုံပါသည်
ဝိသုဒ္ဓိမဂ္ဂ စာမေးပွဲဖြေဆိုသူတို့၏ လက်စွဲ

တတိယအကြိမ်

ဝိသုဒ္ဓိမဂ္ဂအလင်းပြ ● ဒေါက်တာမင်းတင်မွန်

သီလ၊ သမာဓိ၊ ပညာသည် သာသနာတော်၏အနှစ်သာရ
သီလ၊ သမာဓိ၊ ပညာ အကြောင်းကို အပြည့်အစုံ ရှင်းလင်းစနစ်ကျစွာ ဖော်ပြထားသော

# ဝိသုဒ္ဓိမဂ္ဂ အလင်းပြ

## နိဗ္ဗာန်လမ်းမကြီး

ဒုတိယတွဲ

## ဒေါက်တာမင်းတင်မွန်

ပါမောက္ခ၊ မဟာ သဒ္ဓမ္မ ဇောတိက ဓဇ

ဗုဒ္ဓသာသနာတော်နှင့်ကြုံတွေ့ရကျိုးပြည့်ဝအောင် ဤကျမ်းစာအုပ်ကို လေ့လာပါ၊ လက်တွေ့ကျင့်ပါ၊
ဘဝတစ်သက်တာတွင် အရေးကြီးဆုံး အဖိုးတန်ဆုံး အလုပ်သင့်ဆုံးအလုပ်က သီလ-သမာဓိ-ပညာ
သီလ-သမာဓိ-ပညာ တို့ကို လေ့လာကျင့်သုံးခြင်းဖြင့် အချမ်းသာဆုံး အမြင့်မြတ်ဆုံးဘဝကို ရယူပါ။
ဤကျမ်းစာအုပ်ကိုလေ့လာပြီး ဝိသုဒ္ဓိမဂ္ဂ စာမေးပွဲကို ဖြေဆိုပါ။
အောင်ပန်းဆင်ရမည် မုချတည်း။

ဗုဒ္ဓသာသနာတော်၏အနှစ်သာရဖြစ်သော သီလ, သမာဓိ, ပညာတို့ကို
အပြည့်အစုံ ရှင်းလင်းစနစ်ကျစွာ ဖော်ပြထားသည့်

# ဝိသုဒ္ဓိမဂ္ဂ အလင်းပြ
# နိဗ္ဗာန်လမ်းကြီး

## ဒုတိယတွဲ

တတိယအကြိမ်


## ဒေါက်တာမင်းတင်မွန်

ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ
သာသနာရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်(ငြိမ်း)
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခ(ငြိမ်း)
မော်လမြိုင်တက္ကသိုလ်ဓာတုဗေဒဌာနမှူးနှင့်ပါမောက္ခ(ငြိမ်း)


ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာဒုတိယတွဲကို ပြည့်ပြည့်စုံစုံရှင်းလင်းတင်ပြထားသည့်
နှစ်သုံးဆယ်ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များပါရှိသည့်
ဝိသုဒ္ဓိမဂ္ဂစာမေးပွဲဖြေဆိုသူတို့၏လက်စွဲ

**ပုံနှိပ်ခြင်းမှတ်တမ်း**
ပထမအကြိမ် – ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ
စာမူခွင့်ပြုချက်အမှတ် – ၆၀၀၆၇၀၁၂၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၆၀၀၀၁၉၀၁၁၁
ဒုတိယအကြိမ် – ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ
တတိယအကြိမ် – ၂၀၂၀ ခုနှစ်၊ ဇွန်လ
အုပ်ရေ – ၅၀၀

•

**ထုတ်ဝေသူ**
မင်းတေဇာမွန်၊ မြမွန်ရတနာစာပေ (၀၀၅၇၂)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

•

**ကွန်ပျူတာစာစီ**
*TIL* Computing & Language Centre

•

**အတွင်းစာသားများနှင့်မျက်နှာဖုံးပုံနှိပ်သူ**
ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၀၉၀၃)
အမှတ် ၁၀၄/ခ၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

•

**ဖြန့်ချိရေး – မြမွန်ရတနာစာပေ**
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁–၈၃၈၅၂၆၁၊ ၀၉–၄၂၈၇၀၂၂၄၈၊ ၀၉–၇၃၂၀၅၀၀၅

တန်ဖိုး [illegible] ကျပ်

၁၉၄. ၃

မင်းတင်မွန်၊ ဒေါက်တာ
ဝိသုဒ္ဓိမဂ္ဂအလင်းပြနိဿန်လမ်းမကြီး(ဒုတိယတွဲ)(တတိယအကြိမ်)/ဒေါက်တာမင်းတင်မွန်။
– ရန်ကုန်။
မြမွန်ရတနာစာပေ၊ ၂၀၂၀။
၅၂၄ – စာ၊ ၁၅ × ၂၄ စင်တီ။
(၁) ဝိသုဒ္ဓိမဂ္ဂအလင်းပြနိဿန်လမ်းမကြီး (ဒုတိယတွဲ)(တတိယအကြိမ်)

# ဝိသုဒ္ဓိမဂ္ဂအလင်းပြ (ဒုတိယတွဲ)

## မာတိကာ


အကြောင်းအရာ — စာမျက်နှာ

- စကားဦး
  - အရှင်ဗုဒ္ဓဃောသမထေရ်၏ဝိသုဒ္ဓိမဂ္ဂပါဠိကျမ်းကြီး ... ၁၉
  - အရှင်နန္ဒမာလာဆရာတော်၏ဝိသုဒ္ဓိမဂ္ဂမြန်မာပြန်ကျမ်း ... ၁၉
  - မဟာစည်ဆရာတော်ဘုရား၏ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်း ... ၂၀
  - ဝိသုဒ္ဓိမဂ္ဂအလင်းပြ နိဗ္ဗာန်လမ်းမကြီး ... ၂၀
  - အကောင်းဆုံးအခွင့်အရေးကို လက်မလွှတ်ကြပါစေနှင့် ... ၂၁
- နိဒါန်း ... ၂၁
  - တစ်ခုတည်းသောအနှစ်သာရ ... ၂၃
  - သာသနာတော်၏အနှစ်သာရ ... ၂၃
  - အရိယသစ္စာလေးပါး၊ ဒုက္ခသစ္စာ – ဆင်းရဲခြင်းအမှန်တရား ... ၂၃
  - သမုဒယသစ္စာ – ဆင်းရဲဖြစ်ကြောင်းအမှန်တရား ... ၂၄
  - နိရောဓသစ္စာ – ဆင်းရဲချုပ်ငြိမ်းခြင်းအမှန်တရား ... ၂၅
  - မဂ္ဂသစ္စာ – ဆင်းရဲချုပ်ငြိမ်းခြင်းသို့ရောက်ကြောင်း လမ်းစဉ်အမှန်တရား ... ၂၆
  - ဝိသုဒ္ဓိမဂ္ဂအလင်းပြ ဒုတိယတွဲ ... ၂၈
- အခန်း (၉) ဗြဟ္မဝိဟာရနိဒ္ဒေသ
- * ဗြဟ္မဝိဟာရအကြောင်းကို အကျယ်ပြခြင်း ... ၂၉
  - ဗြဟ္မဝိဟာရတရား(၄)ပါး ... ၂၉
- * ၁ မေတ္တာဘာဝနာ(မေတ္တာဗြဟ္မဝိဟာရ)
  - မေတ္တာမပွားမီ ရှေးဦးပြုရမည့် ပုဗ္ဗကိစ္စ ... ၂၉
  - အမျက်ထွက်ခြင်း၏အပြစ်ကို ဆင်ခြင်ပုံ ... ၂၉
  - သည်းခံခြင်း၏အကျိုးအာနိသင်ကို ဆင်ခြင်ပုံ ... ၃၀
  - ရှေးဦးစွာမေတ္တာမပွားအပ်သောပုဂ္ဂိုလ်များ ... ၃၀
  - ရှေးဦးစွာမေတ္တာမပွားဆိုသင့်သည့်အကြောင်း ... ၃၀
  - မိမိကိုသာ ရှေးဦးစွာ မေတ္တာပွားသင့်ပုံ ... ၃၀
  - ပါဠိတော်စကားသုံးရပ်နှင့်မဆန့်ကျင့်ပုံ ... ၃၂
  - မေတ္တာပွားပုံအစီအရင် ... ၃၃

အမျက်ဒေါသပယ်ဖျောက်နည်း (၁၀)မျိုး ... ၃၄
(၁) လွှဥပမာအဆုံးအမကိုဆင်ခြင်ခြင်း (ကကစူပမသြဝါဒ) ... ၃၄
(၂) ရန်သူနှစ်သက်ဝမ်းသာကြောင်းတရား(၇)ပါး ... ၃၅
(၃) ရန်သူ၏ကောင်းသောအမူအကျင့်တို့ကို ဆင်ခြင်ခြင်း ... ၃၆
(၄) မိမိကိုယ်ကိုဆုံးမ၍ အမျက်ဖြေခြင်း ... ၃၇
(၅) ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိသည့်အဖြစ်ကို ဆင်ခြင်ခြင်း ... ၃၈
(၆) မြတ်စွာဘုရား၏အတိတ်ဘဝဇာတ်တော်တို့ကို ဆင်ခြင်ခြင်း ... ၃၉
(၇) အနမတဂ္ဂသုတ်တို့ကို ဆင်ခြင်ခြင်း ... ၄၁
(၈) မေတ္တာ၏အကျိုးအာနိသင်ကိုဆင်ခြင်ခြင်း ... ၄၂
(၉) ဓါတ်တို့ကို အသီးသီးခွဲခြားခြင်း၊ (၁၀) ပေးကမ်းလှူဒါန်းခြင်း ... ၄၂
ပုဂ္ဂိုလ်ခွဲခြားသည့်နယ်ပယ်၏ပျက်ခြင်း-သီမာသမ္ဘေဒပြပုံ ... ၄၄
မေတ္တာအပ္ပနာဈာန်ရောက်အောင်ပွားများပုံ၊ မေတ္တာဈာန်ကွန့်မြူးစံပယ်ခြင်း... ၄၅
ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ ၅၂၈ သွယ်မေတ္တာပွားနည်း ... ၄၆
သတ္တဝါဟူသည်မှာ၊ ရဟန္တာသည်လည်း သတ္တဝါမည်ပုံ ... ၄၈
ပါဏ, ဘူတ, ပုဂ္ဂလ, အတ္တဘောဟုမည်ပုံ ... ၄၉
မေတ္တာ၏အကျိုးအာနိသင်(၁၁)ပါး ... ၄၉


***၂ ကရုဏာဘာဝနာ (ကရုဏာဗြဟ္မဝိဟာရ)**


ကရုဏာမပွားမီ ရှေးဦးပြုရမည့်ပုဗ္ဗကိစ္စ ... ၅၂
ရှေးဦးစွာကရုဏာဘာဝနာ မပွားသင့်သောပုဂ္ဂိုလ်များ ... ၅၂
ရှေးဦးစွာကရုဏာပွားအပ်ပုံ၊ ချမ်းသာသောသူကိုလည်း ကရုဏာပွားအပ်ပုံ... ၅၃
ကရုဏာပွားရမည့်အစီအရင်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၏ဝါဒကွဲ ... ၅၄
ကရုဏာ ၁၃၂ ပါးပွားနည်း၊ ကရုဏာ၏အကျိုးအာနိသင်(၁၁)ပါး ... ၅၅


***၃ မုဒိတာဘာဝနာ (မုဒိတာဗြဟ္မဝိဟာရ)**


ရှေးဦးစွာ မုဒိတာမပွားသင့်သောပုဂ္ဂိုလ်များ ... ၅၆
ရှေးဦးစွာ မုဒိတာပွားသင့်သောပုဂ္ဂိုလ် ... ၅၇
မုဒိတာပွားရမည့်အစီအရင် ... ၅၈
မုဒိတာ ၁၃၂ပါးပွားနည်း၊ မုဒိတာ၏အကျိုးအာနိသင်(၁၁)ပါး ... ၅၈


***၄ ဥပေက္ခာဘာဝနာ (ဥပေက္ခာဗြဟ္မဝိဟာရ)**


ဥပေက္ခာဘာဝနာပွားများနိုင်သောပုဂ္ဂိုလ် ... ၅၈
ဥပေက္ခာဘာဝနာပွားပုံအစီအရင် ... ၅၉
ပထဝီကသိုဏ်းစသည်၌ တတိယဈာန်ရသူအား ဥပေက္ခာဈာန်
ဖြစ်ပါသလား ... ၆၀

* ၅ ပြိုးပြွမ်းပြဆိုချက် (ပကိဏ္ဏကကထာ)
မေတ္တာ၏အနက်အဓိပ္ပါယ်၊ မေတ္တာ၏လက္ခဏာ, ရသစသည် ... ၆၀
မေတ္တာ၏နီးသောရန်သူနှင့်ဝေးသောရန်သူ ... ၆၀
ကရုဏာ၏အနက်အဓိပ္ပါယ်၊ ကရုဏာ၏လက္ခဏာ, ရသစသည် ... ၆၁
ကရုဏာ၏နီးသောရန်သူနှင့်ဝေးသောရန်သူ ... ၆၁
မုဒိတာ၏အနက်အဓိပ္ပါယ်၊ မုဒိတာ၏လက္ခဏာ, ရသစသည် ... ၆၂
မုဒိတာ၏နီးသောရန်သူနှင့်ဝေးသောရန်သူ ... ၆၂
ဥပေက္ခာ၏အနက်အဓိပ္ပါယ်၊ ဥပေက္ခာ၏လက္ခဏာ, ရသစသည် ... ၆၃
ဗြဟ္မဝိဟာရတို့၏ဆက်ဆံသောအကျိုး၊ မဆက်ဆံသောသီးသန့်အကျိုး ... ၆၄
ဗြဟ္မဝိဟာရတို့၏အစ, အလယ်, အဆုံးနှင့်အာရုံ ... ၆၄
အာရုံကိုပွားပုံ၊ ထွက်ပေါ်လာသောအကျိုး ... ၆၄
ဗြဟ္မဝိဟာရမည်ပုံ၊ ဗြဟ္မဝိဟာရ(၄)ပါးသာရှိခြင်း ... ၆၅
ဗြဟ္မဝိဟာရလေးပါးဟောစဉ်၊ အပ္ပမညာဟုခေါ်ခြင်း၏အကြောင်းရင်း ... ၆၆
ဗြဟ္မဝိဟာရတစ်ပါးစီ၏မတူသောအာနုဘော်အထူး ... ၆၇
အပ္ပမညာတို့သည်ပါရမီ(၁၀)ပါးကိုပြည့်စုံစေခြင်း ... ၆၉
* ဝိသုဒ္ဓိမဂ္ဂစာပေးပွဲမေးခွန်းများနှင့်အဖြေမှန်များ ... ၇၀
* အခန်း(၁၀)အာရုပ္ပနိဒ္ဒေသ
အာရုပ္ပလေးပါးကို အကျယ်ပြခြင်း ... ၉၆
အာရုပ္ပလေးပါး၊ ဈာန်၊ ဈာန်ဝီထိ ... ၉၆
* ၁ အာကာသာနဉ္စာယတနကမ္မဋ္ဌာန်း ... ၉၈
ကရဇရုပ်၏အပြစ်ကို ဆင်ခြင်ခြင်း ... ၉၈
ကရဇရုပ်ကိုလွန်မြောက်ရန် စတုတ္ထဈာန်ကိုထူထောင်ခြင်း ... ၉၈
အာကာသာနဉ္စာယတနဈာန်ကို ဖြစ်စေခြင်း ... ၉၉
အာကာသာနဉ္စာယတနဈာန်ဖြစ်ပုံပါဠိတော်နှင့်အနက်အဖွင့် ... ၁၀၁
ပဋိဃသညာချုပ်ခြင်းကို အရူပဈာန်၌ ဟောရခြင်းအကြောင်း ... ၁၀၂
နာနတ္တသညာ ၄၄ ပါး၊ အရူပဘုံ၌ရှိသော နာနတ္တသညာ ၂၇–ပါး ... ၁၀၃
ရူပသညာ, ပဋိဃသညာ, နာနတ္တသညာတို့နှင့်စပ်၍ အကျဉ်းချုပ်မှတ်ရန် ... ၁၀၄
* ၂ ဝိညာဏဉ္စာယတနကမ္မဋ္ဌာန်း ... ၁၀၅
ပွားများပုံအစီအရင် ... ၁၀၅
ဝိညာဏဉ္စာယတနဈာန်ဖြစ်ပုံ ... ၁၀၅
ဝိညာဏဉ္စာယတနဈာန်ဖြစ်ပုံပါဠိတော် ... ၁၀၅
ပါဠိပုဒ်များကို အဓိပ္ပါယ်ဖွင့်ဆိုချက် ... ၁၀၆

***၃ အာကိဉ္စညာယတနကမ္မဋ္ဌာန်း** ... ၁၀၇
ပွားများပုံအစီအရင် ... ၁၀၇
အာကိဉ္စညာယတနစျာန်ဖြစ်ပုံ ... ၁၀၇
နတ္ထိဘောပညတ်ကို ရှုမြင်ပုံ ဥပမာ ... ၁၀၇
အာကိဉ္စညာယတနစျာန်ဖြစ်ပုံပါဠိတော် ... ၁၀၈
ပါဠိပုဒ်များကို အဓိပ္ပါယ်ဖွင့်ဆိုချက် ... ၁၀၈
***၄ နေဝသညာနာသညာယတနကမ္မဋ္ဌာန်း** ... ၁၀၉
ပွားများပုံအစီအရင် ... ၁၀၉
နေဝသညာနာသညာယတနစျာန်ဖြစ်ပုံ၊ ပါဠိတော် ... ၁၀၉
ပါဠိပုဒ်များကိုအဓိပ္ပါယ်ဖွင့်ဆိုချက် ... ၁၁၀
နေဝသညာနာသညာယတနမည်ပုံ ... ၁၁၁
သပိတ်သုတ်သောဆီဥပမာ၊ ရေဥပမာ ... ၁၁၂
သညာ၏ကိစ္စဟူသည်မှာ ... ၁၁၃
***၅ ပြီးပြွမ်းပြဆိုချက်** ... ၁၁၃
အရူပသမာပတ်တို့သည် အာရုံလွန်မြောက်၍ဖြစ်ပုံ ... ၁၁၃
နောက်နောက်ဖြစ်သောအရူပသမာပတ်တို့ သာလွန်မွန်မြတ်ပုံ ... ၁၁၄
မစင်ရှိရာအရပ်၌တည်ရှိသောမဏ္ဍပ်ဥပမာ ... ၁၁၅
အာကိဉ္စညာယတနစျာန်၏အပြစ်ကိုမြင်ပါလျက် ထိုစျာန်ကိုပင်အာရုံပြုပုံ... ၁၁၆
***ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ** ... ၁၁၆

***အခန်း(၁၁)သမာဓိနိဒ္ဒေသ**
**သမာဓိကိုအကျယ်ပြခြင်း** ... ၁၃၀
***၁ အာဟာရေပဋိကူလသညာဘာဝနာ** ... ၁၃၀
အာဟာရဟူသည်မှာ ... ၁၃၀
အာဟာရ(၄)ပါးတို့ဆောင်သည့်အကျိုးတရားများ ... ၁၃၀
အာဟာရအသီးသီးတို့၏ဘေးနှင့်ဥပမာများ ... ၁၃၀
အာဟာရေပဋိကူလသညာမည်ပုံ ... ၁၃၁
အာဟာရေပဋိကူလသညာဘာဝနာရှုပွားပုံအစီအရင် ... ၁၃၁
(၁) အစာရှာသွားရခြင်းအားဖြင့် ဆင်ခြင်ပုံ ... ၁၃၁
(၂) ရှာမှီးခြင်းအားဖြင့်ဆင်ခြင်ပုံ ... ၁၃၂
(၃) သုံးဆောင်ခြင်းအားဖြင့်ဆင်ခြင်ပုံ ... ၁၃၃
(၄) သည်းခြေစသောတည်ရာအာသယအားဖြင့် ဆင်ခြင်ပုံ ... ၁၃၃
(၅) စု၍တည်ရာ အစာသစ်အိမ်အားဖြင့်ဆင်ခြင်ပုံ ... ၁၃၄

(၆) မကျေမကျက်သောအားဖြင့် ဆင်ခြင်ပုံ ... ၁၃၄
(၇) ကျေကျက်ပြီးသောအားဖြင့် ဆင်ခြင်ပုံ ... ၁၃၅
(၈) ပြီးစီးသောအကျိုးအားဖြင့် ဆင်ခြင်ပုံ ... ၁၃၅
(၉) ယိုထွက်ခြင်းအားဖြင့် ဆင်ခြင်ပုံ ... ၁၃၅
(၁၀) လူးပေခြင်းအားဖြင့် ဆင်ခြင်ပုံ ... ၁၃၆
သမာဓိဖြစ်ပေါ်လာပုံ ... ၁၃၆
အာဟာရေပဋိကူလသညာပွားများခြင်း၏အကျိုးအာနိသင်များ ... ၁၃၇
*၂ စတုဓာတုဝဝတ္ထာန်ဘာဝနာ ... ၁၃၇
စတုဓာတုဝဝတ္ထာန်၏အဓိပ္ပါယ် ... ၁၃၇
စတုဓာတုဝဝတ္ထာန်ဒေသနာနှစ်မျိုး ... ၁၃၇
စတုဓာတုဝဝတ္ထာန်ကို အကျဉ်းအားဖြင့်ဟောကြားပုံ ... ၁၃၈
ဒေသနာ၏ဆိုလိုရင်းအနက် ... ၁၃၈
စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို အကျယ်အားဖြင့်ဟောကြားပုံ ... ၁၃၈
ဓါတ်ကြီး (၄) ပါးကို (၄၂) ပါးသောအခြင်းအရာအားဖြင့် အကျယ်ပြပုံ... ၁၄၀
စတုဓာတုဝဝတ္ထာန်ဘာဝနာရှုပွားနည်း ၂-မျိုး ... ၁၄၁
စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းအကျဉ်းရှုနည်း ... ၁၄၂
အရှင်သာရိပုတ္တရာ၏ဓါတ်ကမ္မဋ္ဌာန်းအကျဉ်းရှုနည်း ... ၁၄၂
စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းအကျယ်ရှုနည်း ... ၁၄၃
(၁) သသမ္ဘာရသင်္ခေပအခြင်းအရာအားဖြင့်ရှုနည်း ... ၁၄၃
(၂) သသမ္ဘာရဝိဘတ္တိအခြင်းအရာအားဖြင့်ရှုနည်း ... ၁၄၃
(က) ပထဝီဓါတ် (၂၀)ပါးကိုရှုပုံ ... ၁၄၄
(ခ) အာပေါဓါတ် (၁၂)ပါးကိုရှုပုံ ... ၁၅၀
(ဂ) တေဇောဓါတ် (၄)ပါးကိုရှုပုံ ... ၁၅၅
(ဃ) ဝါယောဓါတ် (၆)ပါးကိုရှုပုံ ... ၁၅၅
(၃) သလက္ခဏသင်္ခေပအခြင်းအရာဖြင့်ရှုနည်း ... ၁၅၇
(၄) သလက္ခဏဝိဘတ္တိအခြင်းအရာဖြင့်ရှုနည်း ... ၁၅၈
အဋ္ဌကထာလာဓါတ်ကမ္မဋ္ဌာန်းအကျယ်ရှုနည်း(၁၃)မျိုး ... ၁၅၈
(၁) ဝစနတ္ထ - သဒ္ဒါအနက်အားဖြင့်နှလုံးသွင်းပုံ ... ၁၅၈
(၂) ကလာပ - ကလာပ်အားဖြင့်နှလုံးသွင်းပုံ ... ၁၅၈
(၃) စုဏ္ဏ - အမှုန့်အားဖြင့်နှလုံးသွင်းပုံ ... ၁၅၉
(၄) လက္ခဏာဒိ - လက္ခဏာစသည်အားဖြင့်နှလုံးသွင်းပုံ ... ၁၆၀
(၅) သမုဋ္ဌာန - ဖြစ်ကြောင်းသမုဋ္ဌာန်အားဖြင့်နှလုံးသွင်းပုံ ... ၁၆၀

(၆) နာနတ္တေကတ္တ - ကွဲပြားခြင်း, တူခြင်းနည်းဖြင့်နှလုံးသွင်းပုံ ... ၁၆၁
(က) ရုပ်အဖြစ်ရှုပုံ၊ (ခ) မဟာဘုတ်အဖြစ်ရှုပုံ ... ၁၆၁
ကြီးကျယ်၍ ထင်ရှားဖြစ်ပုံ၊ အကြီးအကျယ်ဖောက်ပြန်ခြင်းရှိပုံ ... ၁၆၂
(ဂ) ဓါတ်အဖြစ်ရှုပုံ ... ၁၆၃
(ဃ) ဓမ္မမည်ပုံ (င) အနိစ္စမည်ပုံ (စ) ဒုက္ခမည်ပုံ (ဆ) အနတ္တမည်ပုံ... ၁၆၄
(၇) ခွဲခြားအပ်ခြင်း, မခွဲခြားအပ်ခြင်းအားဖြင့်ရှုပုံ ... ၁၆၄
(၈) သဘောတူခြင်း, မတူခြင်းအားဖြင့်နှလုံးသွင်းပုံ ... ၁၆၄
(၉) အတွင်းအပြင်ဓါတ်တို့ကို အထူးအားဖြင့်နှလုံးသွင်းပုံ ... ၁၆၄
(၁၀) သင်္ဂဟ - သိမ်းယူခြင်းအားဖြင့် နှလုံးသွင်းပုံ ... ၁၆၅
(၁၁) ပစ္စယ - ကျေးဇူးပြုခြင်းအားဖြင့် နှလုံးသွင်းပုံ ... ၁၆၅
(၁၂) သိမ္မူ, နှလုံးသွင်းမှုကင်းခြင်းအားဖြင့် ဆင်ခြင်ပုံ ... ၁၆၅
(၁၃) ပစ္စယဝိဘာဂ - ကျေးဇူးပြုတတ်သည့်တရားထူး, သတ္တိအထူးကို
ဝေဖန်ခြင်းအားဖြင့် နှလုံးသွင်းပုံ ... ၁၆၆
ခြေတစ်လှမ်းတွင် ဓါတ်လေးပါးပါဝင်ပုံ ... ၁၆၉
ဥပစာရသမာဓိဖြစ်ပုံ ... ၁၇၀
စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းပွားများရခြင်း၏အကျိုး(၈)ပါး ... ၁၇၀
သမာဓိဘာဝနာ၏အကျိုးအာနိသင် (၅)ပါး ... ၁၇၀
***ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ** ... ၁၇၂

***အခန်း (၁၂) ဣဒ္ဓိဝိဓနိဒ္ဒေသ**
**တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးကိုအကျယ်ပြခြင်း** ... ၁၉၁
အဘိညာဉ်အကြောင်းရှေးဦးစွာပြဆိုရခြင်းအကျိုး ... ၁၉၁
လောကီအဘိညာဉ် (၅)ပါး ... ၁၉၁
အဘိညာဉ်ရရန်နည်း(၁၄)မျိုးဖြင့်စိတ်ကိုကြိုတင်ဆုံးမခြင်း ... ၁၉၂
ဘာဝနာတာဝန်ကြီးလေးမှု (၇)မျိုး ... ၁၉၄
တန်ခိုးဖန်ဆင်းမှုကိုပြီးစေနိုင်သော စိတ်၏အင်္ဂါ(၈)ပါး ... ၁၉၆
ဣဒ္ဓိ၏အဓိပ္ပါယ် ... ၁၉၇
*** တန်ခိုးဣဒ္ဓိ (၁၀)ပါး** ... ၁၉၇
(၁) အဓိဋ္ဌာနိဒ္ဓိ - အဓိဋ္ဌာန်ဖန်ဆင်းခြင်းတန်ခိုး ... ၁၉၈
(၂) ဝိကုဗ္ဗနိဒ္ဓိ - ပကတိအသွင်ကိုစွန့်၍အခြားအသွင်ကို
ဖန်ဆင်းခြင်းတန်ခိုး ... ၁၉၈
(၃) မနောမယိဒ္ဓိ - မိမိကိုယ်ထဲ၌ ပုံတူကိုယ်ကို အဘိညာဉ်စိတ်ဖြင့်
ဖန်ဆင်းခြင်း ... ၁၉၈

(၄) ဉာဏဝိပ္ပါရိဒ္ဓိ – ဉာဏ်၏ပျံ့နှံ့ခြင်းကြောင့် ပြီးမြောက်သောတန်ခိုး ... ၁၉၈
အရှင်ဗာကုလ၊ အရှင်သံကိစ္စ၊ အရှင်ဘူတပါလမထေရ်တို့၏ ဉာဏဝိပ္ပါရိဒ္ဓိ... ၁၉၉
(၅) သမာဓိဝိပ္ပါရိဒ္ဓိ – သမာဓိ၏ပျံ့နှံ့ခြင်းကြောင့် ပြီးမြောက်သောတန်ခိုး ... ၂၀၀
အရှင်သာရိပုတ္တရာ၊ အရှင်သဉ္ဇိဝ, အရှင်ခါဏုကောဏ္ဍည၊ ဥတ္တရာ၊ ... ၂၀၀
သာမာဝတီတို့၏ သမာဓိဝိပ္ပါရိဒ္ဓိ ... ၂၀၂
(၆) အရိယိဒ္ဓိ – အရိယာတို့၌ပြည့်စုံပြီးမြောက်သောတန်ခိုး ... ၂၀၃
(၇) ကမ္မဝိပါကဇိဒ္ဓိ – ကံ၏အကျိုးကိုမှီ၍ ပြီးမြောက်သောတန်ခိုး ... ၂၀၄
(၈) ပုညဝတောဣဒ္ဓိ – ထူးခြားသောကောင်းမှုရှင်တို့၌ ပြီးမြောက်
ပြည့်စုံသောတန်ခိုး ... ၂၀၄
သူဌေးကြီးလေးဦးတို့၏ပုညဝတောဣဒ္ဓိ ... ၂၀၄
ဘုန်းကံကြီးမားသူငါးဦးတို့၏ပုညဝတောဣဒ္ဓိ ... ၂၀၄
(၉) ဝိဇ္ဇာမယိဒ္ဓိ – ဝိဇ္ဇာမန္တာန်ဖြင့် ပြီးမြောက်သောတန်ခိုး ... ၂၀၅
(၁၀) တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိ – ထိုထိုအရာ၌နည်းလမ်း
မှန်စွာ အားထုတ်မှုကြောင့်ပြီးမြောက်သောတန်ခိုး ... ၂၀၅
ပြီးမြောက်မှု – ဖန်ဆင်းမှု – တန်ခိုးဣဒ္ဓိ၏အခြေခံတရားများ ... ၂၀၅
(၁) ဘူမိခေါ်ဘုံအဆင့် (၄)ပါး ... ၂၀၆
(၂) ပါဒခေါ်အခြေ (၄)ပါး ... ၂၀၆
ဣဒ္ဓိပါဒ်၏အဓိပ္ပါယ် ... ၂၀၆
(၃) ပဒခေါ်တန်ခိုးဣဒ္ဓိသို့ရောက်ကြောင်း အကြောင်း(၈)ပါး ... ၂၀၇
(၄) မူလခေါ်အမြစ်အရင်း(၁၆)ပါး ... ၂၀၇
တန်ခိုးဖန်ဆင်းမှု(ဣဒ္ဓိ)၏အစီအစဉ် ... ၂၀၈
တန်ခိုးဖန်ဆင်းမှု၌ပါဝင်သည့်စိတ်တို့၏အာရုံများ ... ၂၀၉
အရှင်စူဠပန်ထက် ... ၂၀၉
အထူးထူးသောအခြင်းအရာရှိအောင်ဖန်ဆင်းခြင်း ... ၂၁၂
အများဖြစ်လျက် တစ်ပါးတည်းဖြစ်ခြင်း ... ၂၁၂
မထင်ရှားသည်ကို ထင်ရှားအောင်ပြုခြင်း (အာဝိဘာဝံ) ... ၂၁၃
အာဝိဘာဝတန်ခိုးကို ပြခဲ့သူများ ... ၂၁၃
(မြတ်စွာဘုရား၊ မဟာမောဂ္ဂလာန်၊ ဓမ္မဒိန္နမထေရ်) ... ၂၁၃
ထင်ရှားသည်ကို မထင်ရှားအောင်ပြုခြင်း (တိရောဘာဝံ) ... ၂၁၆
တိရောဘာဝတန်ခိုးကိုပြခဲ့သူများ (မြတ်စွာဘုရား၊ မဟိန္ဒမထေရ်) ... ၂၁၆
ပါကဋပြာဋိဟာနှင့်အပါကဋပြာဋိဟာ (မြတ်စွာဘုရား၊ အရှင်မဟာက) ... ၂၁၇
နံရံ, တံတိုင်း, တောင်တို့ကို ဖောက်ထွင်းသွားနိုင်သောတန်ခိုး ... ၂၁၈

တိပိဋကစူဠာဘယမထေရ်၏ဝေဖန်ချက် ... ၂၁၈
မြေကြီးထဲ၌ ငုတ်ခြင်း, ပေါ်ခြင်းတန်ခိုး ... ၂၁၉
ရေချိုးခြင်း, သောက်ခြင်း, ထောပတ်, ဆီစသည်ကို ဖန်ဆင်းခြင်း ... ၂၂၀
ရေပြင်၌ မြေပြင်ကဲ့သို့ သွားနိုင်သောတန်ခိုး ... ၂၂၀
ကောင်းကင်၌ ငှက်ကဲ့သို့ထိုင်လျက် သွားနိုင်သောတန်ခိုး ... ၂၂၁
ကောင်းကင်၌ သွားသူသည် ဒိဗ္ဗစက္ခုရသင့်ပုံ ... ၂၂၂
လနှင့်နေတို့ကို လက်ဖြင့်သုံးသပ်သောတန်ခိုး ... ၂၂၂
နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမခြင်း ... ၂၂၃
လ, နေတို့နှင့်သက်ဆိုင်သောတန်ခိုးများ ... ၂၂၆
ဗြဟ္မာပြည်သို့ ထင်ရှားသောကိုယ်ဖြင့်သွားခြင်း ... ၂၂၆
ဗြဟ္မာပြည်သို့ မထင်ရှားသောကိုယ်ဖြင့်သွားခြင်း ... ၂၂၇
ဝေးသောအရပ်ကို နီးအောင်ပြုခြင်း ... ၂၂၇
အနီးကို အဝေးဖြစ်အောင်ဖန်ဆင်းခြင်း ... ၂၂၉
အများကို အနည်းဖြစ်အောင် ဖန်ဆင်းခြင်း ... ၂၂၉
အလိုရှိရာရာကို တန်ခိုးဖန်ဆင်းနိုင်ခြင်း ... ၂၃၀
ဝေါဟာရတို့၏အဓိပ္ပါယ်ရှင်းလင်းချက် ... ၂၃၀
ဝိကုဗ္ဗနတန်ခိုးနှင့်မနောမယတန်ခိုးတို့၏ထူးခြားကွဲပြားပုံ ... ၂၃၁
***ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ** ... ၂၃၂

***အခန်း(၁၃) အဘိညာနိဒ္ဒေသ**
**အဘိညာဉ်တို့ကိုအကျယ်ပြခြင်း** ... ၂၄၇
***၁ ဒိဗ္ဗသောတအဘိညာဉ်** ... ၂၄၇
ဒိဗ္ဗမည်ပုံ၊ သောတဓါတ်မည်ပုံ၊ ဒိဗ္ဗသောတဓါတ်မည်ပုံ ... ၂၄၇
ဒိဗ္ဗသောတအဘိညာဉ်ကို ဖြစ်စေပုံ ... ၂၄၇
***၂ စေတောပရိယအဘိညာဉ်** ... ၂၄၉
စေတောပရိယဉာဏ်မည်ပုံ ... ၂၄၉
စေတောပရိယအဘိညာဉ်ကို ဖြစ်စေပုံ ... ၂၄၉
သိအပ်သောစိတ် (၁၆)မျိုး ... ၂၅၀
***၃ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်** ... ၂၅၁
ပုဗ္ဗေနိဝါသမည်ပုံ၊ အနုဿရတိမည်ပုံ၊ ပုဗ္ဗေနိဝါသာနုဿတိမည်ပုံ ... ၂၅၁
ပုဗ္ဗေနိဝါသာနုဿတိဉာဏ် ... ၂၅၁
ရှေးဘဝခန္ဓာအစဉ်ကို အောက်မေ့နိုင်သောပုဂ္ဂိုလ်(၆)မျိုး ... ၂၅၁
ရှေးဘဝခန္ဓာအစဉ်ကို အောက်မေ့နိုင်သောအခြင်းအရာ ... ၂၅၂

ရှေးဘဝခန္ဓာအစဉ်ကိုအောက်မေ့ရာ၌ မြင်ပုံအလင်းရောင်ဥပမာများ... ၂၅၂
ရှေးဘဝခန္ဓာအစဉ်ကိုအောက်မေ့ရာ၌ မြင်ပုံကွာခြားသည့်ဥပမာများ... ၂၅၃
ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ထူထောင်ပုံ ... ၂၅၃
ပရိကံသမာဓိဉာဏ်နှင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြစ်ပေါ်ခြင်း ... ၂၅၅
အတိတ်ဘဝများ၏ခန္ဓာအစဉ်ကို အောက်မေ့ပုံ ... ၂၅၅
မဟာကပ် (ဝါ)တစ်ကမ္ဘာ၊ ကမ္ဘာပျက်ပုံ (၃)မျိုး ... ၂၅၅
ဗုဒ္ဓခေတ်(၃)ပါး- ဇာတိခေတ်၊ အာဏာခေတ်၊ ဝိသယခေတ် ... ၂၅၆
မီးဖြင့်ကမ္ဘာပျက်ပုံ၊ ဈာန်မရဘဲပြဟ္မာ့ပြည်၌ မဖြစ် ... ၂၅၆
နေခုနှစ်စင်းထွက်လာ၍ ကမ္ဘာမီးလောင်ပုံ ... ၂၅၇
ကမ္ဘာဖြစ်ထွန်းပုံ ... ၂၅၈
ကမ္ဘာဦးလူသားများဖြစ်လာပုံ၊ နေ, လ, နက္ခတ်နှင့် ကြယ်တို့ဖြစ်လာပုံ ... ၂၅၉
သလေးဆန်နှင့်သလေးထမင်းဖြစ်လာပုံ၊ ယောက်ျား, မိန်းမဖြစ်လာပုံ ... ၂၆၀
အုပ်ချုပ်ရေးစနစ်ပေါ်ပေါက်လာပုံ ... ၂၆၁
မီးဖျက်သည့်ကမ္ဘာ၌ ကပ်လေးပါးပိုင်းခြားပုံ ... ၂၆၁
ရေဖြင့်ကမ္ဘာပျက်ပုံ၊ ရေငန်မိုးများရွာသွန်း၍ ကမ္ဘာပျက်ခြင်း ... ၂၆၂
ကမ္ဘာသစ်ဖြစ်လာပုံ၊ ရေဖျက်သည့်ကမ္ဘာ၌ ကပ်လေးပါးပိုင်းခြားပုံ ... ၂၆၂
လေကြောင့်ကမ္ဘာပျက်ပုံ၊ ကမ္ဘာသစ်ဖြစ်ထွန်းလာပုံ ... ၂၆၃
လေဖျက်သည့်ကမ္ဘာ၌ ကပ်လေးပါးပိုင်းခြားပုံ ... ၂၆၄
ကမ္ဘာပျက်ရခြင်းအကြောင်း ... ၂၆၄
***၄ စုတူပပါတအဘိညာဉ်ခေါ် ဒိဗ္ဗစက္ခုအဘိညာဉ်** ... ၂၆၅
ဒိဗ္ဗမည်ပုံ၊ စက္ခုမည်ပုံ၊ ဒိဗ္ဗစက္ခုမည်ပုံ ... ၂၆၅
ဝိသုဒ္ဓမည်ပုံ၊ အတိက္ကန္တမာနုသကမည်ပုံ ... ၂၆၅
စုတေဆဲသတ္တဝါ, ပဋိသန္ဓေနေဆဲသတ္တဝါတို့ကိုမြင်ပုံ ... ၂၆၆
ဒိဗ္ဗစက္ခုဖြင့်မြင်နိုင်သောသတ္တဝါများ ... ၂၆၆
ဒိဗ္ဗစက္ခုဉာဏ်နှင့် ယထာကမ္မူပဂဉာဏ် ... ၂၆၇
ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက် ... ၂၆၇
အရိယူပဝါဒကံ - အရိယာကိုစွပ်စွဲခြင်း ... ၂၆၇
မိစ္ဆာဒိဋ္ဌိ - ဖောက်ပြန်မှားယွင်းသောအယူအမြင် ... ၂၆၉
ငရဲသည် အပါယ, ဒုဂ္ဂတိ, ဝိနိပါတ, နိရယမည်ပုံ ... ၂၇၀
အပါယ်ဘုံဟူသည်မှာ၊ ပြိတ္တာဘုံသည် အပါယ်, ဒုဂ္ဂတိမည်ပုံ ... ၂၇၀
အသူရကာယ်ဘုံဟူသည်မှာ ... ၂၇၀
သုဂတိ, သဂ္ဂ, လောကတို့၏အနက်အဖွင့် ... ၂၇၀

ဒိဗ္ဗစက္ခုဉာဏ်ဖြစ်ပေါ်ပုံ ... ၂၇၁
ဒိဗ္ဗစက္ခုဖြင့် အဆင်းကိုမြင်ပုံ၊ ဒိဗ္ဗစက္ခု၏ဘေးအန္တရာယ် ... ၂၇၂
ဒိဗ္ဗစက္ခုအဘိညာဉ်ဖြစ်ပေါ်သော စိတ်အစဉ် = ဝီထိပုံ ... ၂၇၂
***၅ ပြီးပြွမ်းပြဆိုချက်** ... ၂၇၃
အဘိညာဉ်(၇)ပါး၊ အာရမ္မဏတိက်(၄)ပါး ... ၂၇၃
ဣဒ္ဓိဝိဓအဘိညာဉ်၏အာရုံများ ... ၂၇၃
ဒိဗ္ဗသောတအဘိညာဉ်၏အာရုံများ ... ၂၇၄
စေတောပရိယအဘိညာဉ်၏အာရုံများ ... ၂၇၅
သူတစ်ပါး၏ပစ္စုပ္ပန်စိတ်ကိုသိပုံ ... ၂၇၇
ပုဗ္ဗေနိဝါသအဘိညာဉ်၏အာရုံများ ... ၂၇၈
ဒိဗ္ဗစက္ခုအဘိညာဉ်၏အာရုံများ ... ၂၇၈
အနာဂတံသအဘိညာဉ်၏အာရုံများ ... ၂၇၈
ယထာကမ္မူပဂအဘိညာဉ်၏အာရုံများ ... ၂၇၉
***ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ** ... ၂၇၉
***အခန်း(၁၄)ခန္ဓနိဒ္ဒေသ**
**ခန္ဓာတို့ကိုအကျယ်ပြခြင်း** ... ၂၉၄
***၁ ပညာအကြောင်း** ... ၂၉၄
ပညာဟူသည်အဘယ်နည်း ... ၂၉၄
ပညာသိ, သညာသိ, ဝိညာဏ်သိတို့ ကွာခြားပုံ ... ၂၉၄
ပညာ၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ... ၂၉၆
ပညာသည်အဘယ်မျှအပြားရှိသနည်း ... ၂၉၆
***ဒုကပညာခေါ် နှစ်ပါးစီအပြားရှိသည့်ပညာများ** ... ၂၉၆
(၁) လောကီပညာနှင့်လောကုတ္တရာပညာ ... ၂၉၆
(၂) သာသဝပညာနှင့်အနာသဝပညာ ... ၂၉၆
(၃) နာမဝဝတ္ထာပနပညာနှင့်ရူပဝဝတ္ထာပနပညာ ... ၂၉၇
(၄) သောမနဿသဟဂုတ်ပညာနှင့် ဥပေက္ခာသဟဂုတ်ပညာ ... ၂၉၇
(၅) ဒဿနဘူမိပညာနှင့်ဘာဝနာဘူမိပညာ ... ၂၉၇
***တိကပညာခေါ် သုံးပါးစီအပြားရှိသောပညာများ** ... ၂၉၇
(၁) စိန္တာမယပညာ၊ သုတမယပညာ၊ ဘာဝနာမယပညာ ... ၂၉၇
(၂) ပရိတ္တာရမ္မဏပညာ၊ မဟဂ္ဂတာရမ္မဏပညာ၊ အပ္ပမာဏာရမ္မဏပညာ...၂၉၇
(၃) အာယကောသလ္လပညာ၊ အပါယကောသလ္လပညာ၊ ဥပါယ
ကောသလ္လပညာ ... ၂၉၇

(၄) အဇ္ဈတ္တာဘိနိဝေသပညာ၊ ဗဟိဒ္ဓါဘိနိဝေသပညာ၊ အဇ္ဈတ္တဗဟိဒ္ဓါ
ဘိနိဝေသပညာ ... ၂၉၈
**✽စတုက္ကပညာခေါ် လေးပါးစီအပြားရှိသောပညာ** ... ၂၉၈
(၁) ဒုက္ခဉာဏ်၊ ဒုက္ခသမုဒယဉာဏ်၊ ဒုက္ခနိရောဓဉာဏ်၊ ဒုက္ခနိရောဓ
ဂါမိနိပဋိပဒါဉာဏ် ... ၂၉၈
(၂) အတ္ထပဋိသမ္ဘိဒါဉာဏ်၊ ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၊
ပဋိဘာနပဋိသမ္ဘိဒါဉာဏ် ... ၂၉၉
ပဋိသမ္ဘိဒါဉာဏ်တို့၏ ဌာနနှစ်ပါး ... ၃၀၀
ပဋိသမ္ဘိဒါဉာဏ်တို့၏သန့်ရှင်ထက်မြက်ခြင်းအကြောင်း (၅) ပါး ... ၃၀၀
ပညာ၏ဘူမိ - မူလ - သရီရ ... ၃၀၁
**✽၂ ရူပက္ခန္ဓာအကြောင်း** ... ၃၀၁
ရူပက္ခန္ဓာဟူသည်အဘယ်နည်း ... ၃၀၁
ဘူတရုပ် (၄) ပါး၊ ဥပါဒါရုပ် (၂၄) ပါး ... ၃၀၁
ပသာဒရုပ်တို့၏လက္ခဏာ, ရသစသည် ... ၃၀၃
အသမ္ဘုတ္တဝိသယဂါဟကရုပ် (၂) ပါး ... ၃၀၄
သမ္ဘုတ္တဝိသယဂါဟကရုပ် (၃) ပါး၊ ... ၃၀၄
ပသာဒရုပ်တို့၏တည်နေရာ ... ၃၀၄
ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံတို့၏လက္ခဏာစသည် ... ၃၀၆
ဘာဝရုပ် (၂) ပါး၏လက္ခဏာစသည် ... ၃၀၆
ဇီဝိတိန္ဒြေ၏လက္ခဏာစသည် ... ၃၀၇
ဟဒယဝတ္ထုရုပ်၏လက္ခဏာစသည် ... ၃၀၈
ကာယဝိညတ်ရုပ်၏လက္ခဏာစသည်၊ ဝစီဝိညတ်ရုပ်၏လက္ခဏာစသည်၊... ၃၀၈
အာကာသဓါတ်ခေါ် ပရိစ္ဆေဒရုပ်၏လက္ခဏာစသည် ... ၃၀၉
လဟုတာ, မုဒုတာ, ကမ္မညတာရုပ်တို့၏လက္ခဏာစသည် ... ၃၁၀
ဥပစယရုပ်, သန္တတိရုပ်တို့၏လက္ခဏာစသည် ... ၃၁၁
ဇရတာရုပ်, အနိစ္စတာရုပ်တို့၏လက္ခဏာစသည် ... ၃၁၂
အာဟာရရုပ်၏လက္ခဏာစသည်၊ ရုပ်သည်အဘယ်မျှအပြားရှိသနည်း... ၃၁၃
**✽ဒုကရုပ်ခေါ် နှစ်ပါးစီအပြားရှိသောရုပ်များ** ... ၃၁၄
(၁) အဇ္ဈတ္တိကရုပ်နှင့်ဗာဟိရရုပ် ... ၃၁၄
(၂) ဩဠာရိကရုပ်နှင့်သုခုမရုပ် ... ၃၁၄
(၃) သန္တိကေရုပ်နှင့်ဒူရေရုပ် ... ၃၁၄
(၄) နိပ္ဖန္နရုပ်နှင့်အနိပ္ဖန္နရုပ် ... ၃၁၄

(၅) ပသာဒရုပ်နှင့်နပသာဒရုပ် ... ၃၁၅
(၆) ဣန္ဒြိယရုပ်နှင့် အနိန္ဒြိယရုပ် ... ၃၁၅
(၇) ဥပါဒိန္နရုပ်နှင့်အနုပါဒိန္နရုပ် ... ၃၁၅
***တိကရုပ်ခေါ်သုံးပါးစီအပြားရှိသောရုပ်** ... ၃၁၅
(၁) သနိဒဿနသပ္ပဋိဃရုပ်၊ အနိဒဿနသပ္ပဋိဃရုပ်၊ အနိဒဿန အပ္ပဋိဃရုပ် ... ၃၁၅
(၂) ကမ္မဇရုပ်၊ အကမ္မဇရုပ်၊ နေဝကမ္မဇ နာကမ္မဇရုပ် ... ၃၁၆
(၃) စိတ္တဇရုပ်၊ အစိတ္တဇရုပ်၊ နေဝစိတ္တဇနာစိတ္တဇရုပ် ... ၃၁၆
(၄) အာဟာရဇရုပ်၊ အနာဟာရဇရုပ်၊ နေဝအာဟာရဇ နအာဟာရဇရုပ်... ၃၁၆
(၅) ဥတုဇရုပ်၊ အနုတုဇရုပ်၊ နေဝဥတုဇ နအနုတုဇရုပ် ... ၃၁၆
***စတုက္ကရုပ်ခေါ်လေးပါးစီအပြားရှိသောရုပ်များ** ... ၃၁၆
(၁) ဒိဋ္ဌရုပ်၊ သုတရုပ်၊ မုတရုပ်၊ ဝိညာတရုပ် ... ၃၁၆
(၂) ရူပရုပ်၊ ပရိစ္ဆေဒရုပ်၊ ဝိကာရရုပ်၊ လက္ခဏာရုပ် ... ၃၁၇
(၃) ဝတ္ထုအဒွါရရုပ်၊ ဒွါရအဝတ္ထုရုပ်၊ ဝတ္ထုဒွါရရုပ်၊ အဝတ္ထုအဒွါရရုပ်... ၃၁၇
***ပဉ္စကရုပ်ခေါ်ငါးပါးအပြားရှိသည့်ရုပ်များ** ... ၃၁၇
(၁) ဧကဇရုပ်၊ ဒွိဇရုပ်၊ တိဇရုပ်၊ စတုဇရုပ်၊ နကုတောစိရုပ် ... ၃၁၇
အဝိနိဗ္ဘောဂရုပ်၊ ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ် ... ၃၁၈
***၃ ဝိညာဏက္ခန္ဓာအကြောင်း** ... ၃၁၉
နာမ်ခန္ဓာ(၄)ပါး၊ ဝိညာဏ်ဟူသည်အဘယ်နည်း ... ၃၁၉
**ကုသိုလ်စိတ်(၂၁)ပါး** ... ၃၁၉
ကာမာဝစရကုသိုလ်စိတ်(၈)ပါး ... ၃၂၀
ကာမာဝစရကုသိုလ်စိတ်များဖြစ်ပုံ ... ၃၂၀
ရူပါဝစရကုသိုလ်စိတ်(၅)ပါး ... ၃၂၂
အရူပါဝစရကုသိုလ်စိတ်(၄)ပါး ... ၃၂၂
လောကုတ္တရာကုသိုလ်စိတ်(၄)ပါး၊ ... ၃၂၃
***အကုသိုလ်စိတ်(၁၂)ပါး၊** ... ၃၂၃
လောဘမူစိတ် (၈)ပါး၊ လောဘမူစိတ်များဖြစ်ပုံ ... ၃၂၃
ဒေါသမူစိတ်(၂)ပါး၊ မောဟမူစိတ်(၂)ပါး၊ ... ၃၂၄
***အဗျာကတစိတ်(၅၆)ပါး** ... ၃၂၅
အဟိတ်ကုသလဝိပါက်စိတ်(၈)ပါး ... ၃၂၅
အဟိတ်ကုသလဝိပါက်စိတ်တို့၏လက္ခဏာစသည် ... ၃၂၆
ကာမဝစရသဟိတ်ကုသလဝိပါက်စိတ်(၈)ပါး ... ၃၂၇

အကုသလဝိပါက်စိတ်(၇)ပါး၊ ... ၃၂၈
ရူပါဝစရဝိပါက်စိတ်(၅)ပါး၊ အရူပါဝစရဝိပါက်စိတ်(၄)ပါး၊ ... ၃၂၈
လောကုတ္တရာဝိပါက်စိတ်ခေါ် ဖိုလ်စိတ်(၄)ပါး ... ၃၂၉
ကာမာဝစရအဟိတ်ကိရိယာစိတ်(၃)ပါး ... ၃၂၉
ပဉ္စဒွါရာဝဇ္ဇန်းစိတ်ခေါ် မနောဓါတ်၏လက္ခဏာစသည် ... ၃၂၉
မနောဒွါရာဝဇ္ဇန်းစိတ်ခေါ် မနောဝိညာဏဓါတ်၏လက္ခဏာစသည် ... ၃၃၀
ဟသိတုပ္ပါဒ်စိတ်ခေါ် အသာဓါရဏစိတ်၏လက္ခဏာစသည် ... ၃၃၀
ကာမာဝစရသဟိတ်ကိရိယာစိတ်(၈)ပါး ... ၃၃၀
ရူပါဝစရကိရိယာစိတ်(၅)ပါး၊ [illegible]ရုပါဝစရကိရိယာစိတ်(၄)ပါး ... ၃၃၀
***စိတ်တို့ဆောင်ရွက်ကြသော [illegible](၁၄)ပါး** ... ၃၃၁
ပဋိသန္ဓေကိစ္စဆောင်ရွက်ပုံ၊ ဘဝ[illegible]ဆောင်ရွက်ပုံ ... ၃၃၁
အာဝဇ္ဇန်းကိစ္စဆောင်ရွက်ပုံ ... ၃၃၂
ပဉ္စဝိညာဏ်တို့၏ကိစ္စဆောင်ရွက်ပုံ ... ၃၃၃
သမ္ပဋိစ္ဆိုန်းကိစ္စဆောင်ရွက်ပုံ၊ သန္တီရဏကိစ္စဆောင်ရွက်ပုံ ... ၃၃၃
ဝုဋ္ဌောကိစ္စဆောင်ရွက်ပုံ၊ ဇောကိစ္စဆောင်ရွက်ပုံ ... ၃၃၄
တဒါရုံကိစ္စဆောင်ရွက်ပုံ၊ စုတိကိစ္စဆောင်ရွက်ပုံ ... ၃၃၅
သံသရာကျင်လည်ပုံ ... ၃၃၅
***၄ ဝေဒနာက္ခန္ဓာအကြောင်း** ... ၃၃၆
ဝေဒနာက္ခန္ဓာဟူသည်မှာ၊ ... ၃၃၆
ဝေဒနာ(၃)မျိုး၊ ဝေဒနာ(၅)မျိုး ... ၃၃၆
ဝေဒနာ(၅)မျိုးတို့၏လက္ခဏာစသည် ... ၃၃၇
***၅ သညာက္ခန္ဓာအကြောင်း** ... ၃၃၈
သညာက္ခန္ဓာဟူသည်မှာ၊ သညာ(၃)မျိုး ... ၃၃၈
သညာ၏လက္ခဏာစသည် ... ၃၃၉
***၆ သင်္ခါရက္ခန္ဓာအကြောင်း** ... ၃၃၉
သင်္ခါရက္ခန္ဓာဟူသည်မှာ ... ၃၃၉
သင်္ခါရတို့၏လက္ခဏာစသည်၊ သင်္ခါရ(၃)မျိုး ... ၃၃၉
ကာမာဝစရပထမကုသိုလ်စိတ်နှင့်ယှဉ်သောသင်္ခါရ(၂)မျိုး ... ၃၄၀
ကုသိုလ်သင်္ခါရတို့၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ... ၃၄၁
အကုသိုလ်သင်္ခါရ၊ အကုသိုလ်သင်္ခါရတို့၏လက္ခဏာစသည် ... ၃၅၁
အဗျာကတသင်္ခါရ ... ၃၅၇
***၇ ခန္ဓငါးပါးကို အတိတ်စသည်ဖြင့် ဝေဖန်ခြင်း** ... ၃၅၈

ခန္ဓငါးပါးကိုအတိတ်စသည်ဖြင့်ဝေဖန်ပုံ ... ၃၅၈
ရူပက္ခန္ဓာကိုအဇ္ဈတ္တ, သန္တတိ, သမယ, ခဏအလိုအားဖြင့်ဝေဖန်ပုံ ... ၃၅၈
အဇ္ဈတ္တ, ဗဟိဒ္ဓအားဖြင့်ဝေဖန်ပုံ၊ ဟီန, ပဏီတအားဖြင့်ဝေဖန်ပုံ ... ၃၆၀
ဒူရေ, သန္တိကေအားဖြင့်ဝေဖန်ပုံ ... ၃၆၀
ဝေဒနာက္ခန္ဓာဖွဲ့စည်းပုံ၊ အတိတ်, ပစ္စုပ္ပန်, အနာဂတ်အားဖြင့်ဝေဖန်ပုံ ... ၃၆၀
ဝေဒနာက္ခန္ဓာကိုအဇ္ဈတ္တ, ဗဟိဒ္ဓခွဲခြားပုံ၊ ဩဠာရိက, သုခုမခွဲခြားပုံ ... ၃၆၁
(က) ဇါတ်အလိုအားဖြင့်ဝေဖန်ပုံ ... ၃၆၁
(ခ) သဘာဝ - သဘောအလိုအားဖြင့်ဝေဖန်ပုံ ... ၃၆၂
(ဂ) ပုဂ္ဂိုလ်အလိုအားဖြင့်ဝေဖန်ပုံ ... ၃၆၃
(ဃ) လောကီ, လောကုတ္တရာအားဖြင့်ဝေဖန်ပုံ ... ၃၆၃
***၈ အစဉ်စသည့်အဆုံးအဖြတ်ကိုပြခြင်း** ... ၃၆၆
(၁) အစဉ်အားဖြင့်ဆုံးဖြတ်ချက် ... ၃၆၆
(၂) ထူးခြားခြင်းအားဖြင့်ဆုံးဖြတ်ချက် ... ၃၆၈
(၃) ငါးပါးမှမယုတ်မလွန်ခြင်းအားဖြင့်ဆုံးဖြတ်ချက် ... ၃၇၀
(၄) ဥပမာအားဖြင့်ဆုံးဖြတ်ချက် ... ၃၇၁
(၅) ရှုအပ်သောနည်းအားဖြင့်ဆုံးဖြတ်ချက် ... ၃၇၂
ခန္ဓာငါးပါးကိုအကျဉ်းနည်း, အကျယ်နည်းဖြင့် ရှုခြင်း၏အကျိုးအာနိသင် ... ၃၇၃
***ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ** ... ၃၇၄

***အခန်း(၁၅)အာယတနဓာတုနိဒ္ဒေသ**
**အာယတန, ဓါတ်တို့ကိုအကျယ်ပြခြင်း** ... ၄၀၀
***အာယတန(၁၂)ပါး၌အဆုံးအဖြတ်** ... ၄၀၀
(၁) သဒ္ဒါအနက်အားဖြင့် အဆုံးအဖြတ်၊ အာယတနမည်ပုံ ... ၄၀၀
(၂) လက္ခဏာအားဖြင့်အဆုံးအဖြတ် ... ၄၀၃
(၃) ၁၂-ပါးသာရှိခြင်းအဆုံးအဖြတ် ... ၄၀၃
(၄) အစဉ်အားဖြင့်အဆုံးအဖြတ် ... ၄၀၃
(၅) အကျဉ်းအားဖြင့်အဆုံးအဖြတ် ... ၄၀၄
(၆) အကျယ်အားဖြင့်အဆုံးအဖြတ် ... ၄၀၄
(၇) ရှုအပ်သည့်အဖြစ်အားဖြင့်အဆုံးအဖြတ် ... ၄၀၅
***ဓါတ်တို့ကိုအကျယ်ပြဆိုချက်** ... ၄၀၆
ဓါတ်၁၈-ပါး၊ ဓါတ် ၁၈-ပါး၌အဆုံးအဖြတ် ... ၄၀၆
(၁) သဒ္ဒါအနက်အားဖြင့် အဆုံးအဖြတ် ... ၄၀၆
(၂) လက္ခဏာအားဖြင့်အဆုံးအဖြတ် ... ၄၀၈

(၃) အစဉ်အားဖြင့်အဆုံးအဖြတ် ... ၄၀၈
(၄) ဓါတ် ၁၈ ပါးသာရှိခြင်းအဆုံးအဖြတ် ... ၄၀၈
အာဘာဓါတ်, သုဘဓါတ်စသည်တို့သည် ဓါတ် ၁၈ ပါး၌အတွင်းဝင်ပုံ... ၄၀၉
(၅) ခေါ်ဆိုရေတွက်ခြင်းအားဖြင့်အဆုံးအဖြတ် ... ၄၁၀
(၆) ကျေးဇူးပြုခြင်း(ပစ္စယ)အားဖြင့်အဆုံးအဖြတ် ... ၄၁၁
ရှေးဆရာတို့၏ဝိညာဏဓါတ်ဖြစ်ပုံ မိန့်ဆိုချက် ... ၄၁၂
(၇) ရှုအပ်သောအားဖြင့်အဆုံးအဖြတ် ... ၄၁၃
*ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ ... ၄၁၄

*အခန်း (၁၆) ဣန္ဒြိယ, သစ္စနိဒ္ဒေသ
*ဣန္ဒြေ, သစ္စာတို့ကို အကျယ်ပြခြင်း ... ၄၁၇
ဣန္ဒြေ(၂၂)ပါး၊ ဣန္ဒြေ (၂၂)ပါး၌အဆုံးအဖြတ် ... ၄၁၇
(၁) သဒ္ဒါအနက်အားဖြင့်အဆုံးအဖြတ် ... ၄၁၇
(၂) လက္ခဏာအားဖြင့်အဆုံးအဖြတ် ... ၄၁၉
(၃) အစဉ်အားဖြင့်အဆုံးအဖြတ် ... ၄၁၉
(၄) ကွဲပြားခြင်းရှိမရှိသောအားဖြင့်အဆုံးအဖြတ် ... ၄၂၀
(၅) ကိစ္စအားဖြင့်အဆုံးအဖြတ် ... ၄၂၀
(၆) ဘုံအားဖြင့်အဆုံးအဖြတ် ... ၄၂၀
*သစ္စာတို့ကို အကျယ်ပြခြင်း ... ၄၂၂
အရိယသစ္စာ (၄) ပါး၊ အရိယသစ္စာ (၄) ပါး၌အဆုံးအဖြတ် ... ၄၂၂
(၁) ဝေဖန်သောအားဖြင့်အဆုံးအဖြတ် ... ၄၂၂
ဒုက္ခသစ္စာ၏အနက်သဘော (၄) ချက် ... ၄၂၂
သမုဒယသစ္စာ၏အနက်သဘော (၄) ချက် ... ၄၂၂
နိရောဓသစ္စာ၏အနက်သဘော (၄) ချက်၊ မဂ္ဂသစ္စာ၏အနက်သဘော (၄) ချက်... ၄၂၃
(၂) သဒ္ဒါအနက်အားဖြင့်အဆုံးအဖြတ် ... ၄၂၃
(၃) လက္ခဏာ, ရသစသည်အားဖြင့်အဆုံးအဖြတ် ... ၄၂၅
(၄) အတ္ထနှင့်အနက်တို့ကိုထုတ်ပြသောအားဖြင့်အဆုံးအဖြတ် ... ၄၂၆
ဒုက္ခ, တဏှာ, နိဗ္ဗာန်, အရိယမဂ်တို့ကို သစ္စာဟုသိအပ်ပုံ ... ၄၂၆
သစ္စ-သဒ္ဒါ၌ ရသင့်သောအနက်တို့ကို ထုတ်ပြခြင်း ... ၄၂၇
(၅) မယုတ်မလွန်သောအားဖြင့်အဆုံးအဖြတ် ... ၄၂၈
(၆) အစဉ်အားဖြင့်အဆုံးအဖြတ် ... ၄၂၉
(၇) ဇာတိစသည်တို့ကိုဆုံးဖြတ်သောအားဖြင့် အရိယသစ္စာတို့ကို
အကျယ်ပြခြင်း ... ၄၂၉

* **ဒုက္ခသစ္စာကို အကျယ်ပြခြင်း** ... ၄၃၀
၁။ ဇာတိ – ဘဝသစ်ဖြစ်ခြင်းအကြောင်း ... ၄၃၀
ဇာတိသည် ဒုက္ခမည်ခြင်း၊ ဒုက္ခ(၇)မျိုး ... ၄၃၀
ဇာတိဒုက္ခကို အကျယ်ပြခြင်း ... ၄၃၀
၂။ ဇရာ – အိုခြင်းအကြောင်း၊ ၃။ မရဏ – သေခြင်းအကြောင်း ... ၄၃၃
၄။ သောက – စိုးရိမ်ပူဆွေးခြင်းအကြောင်း ... ၄၃၅
၅။ ပရိဒေဝ – ငိုကြွေးခြင်းအကြောင်း၊ ၆။ ဒုက္ခ – ကိုယ်ဆင်းရဲခြင်းအကြောင်း... ၄၃၆
၇။ ဒေါမနဿ – စိတ်ဆင်းရဲခြင်းအကြောင်း ... ၄၃၆
၈။ ဥပါယာသ – ပြင်းစွာပူပန်ခြင်းအကြောင်း ... ၄၃၇
သောက၊ ပရိဒေဝ၊ ဥပါယာသတို့၏ထူးခြားချက် ... ၄၃၇
၉။ အပ္ပိယသမ္ပယောဂအကြောင်း၊ ၁၀။ ပိယဝိပ္ပယောဂအကြောင်း ... ၄၃၇
၁၁။ ဣစ္ဆိတာလာဘအကြောင်း၊ ၁၂။ သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာအကြောင်း ... ၄၃၈
ဥပါဒါနက္ခန္ဓာငါးပါး၌ ဇာတိစသည့်ဆင်းရဲအားလုံးပါဝင်ပုံ ... ၄၃၉
* **သမုဒယသစ္စာကို အကျယ်ပြခြင်း** ... ၄၄၀
* **နိရောဓသစ္စာကို အကျယ်ပြခြင်း** ... ၄၄၀
နိဗ္ဗာန်၏လက္ခဏာစသည်၊ နိဗ္ဗာန်ဆိုင်ရာစောဒနာများကိုဖြေရှင်းခြင်း ... ၄၄၂
နိဗ္ဗာန်၏ဂုဏ်ထူးများ ... ၄၄၅
* **မဂ္ဂသစ္စာကို အကျယ်ပြခြင်း(မဂ္ဂနိဒ္ဒေသကထာ)** ... ၄၄၆
သစ္စာဉာဏ်၏ကိစ္စအားဖြင့် အဆုံးအဖြတ် ... ၄၄၈
လောကီသစ္စာဉာဏ်(၄)ပါးတို့၏ကိစ္စ ... ၄၄၉
သစ္စာလေးပါးတွင် ပါဝင်သောတရားများ ... ၄၅၀
သစ္စာလေးပါးကို ဥပမာများဖြင့် ဝေဖန်ခြင်း ... ၄၅၁
သစ္စာလေးပါးကို လေးချက်စုအားဖြင့်ဝေဖန်ဆုံးဖြတ်ခြင်း ... ၄၅၂
သစ္စာလေးပါးကို သုညအားဖြင့်ဝေဖန်ဆုံးဖြတ်ခြင်း ... ၄၅၃
သစ္စာလေးပါးကို ဧကဝိဓစသည်ဖြင့် ဝေဖန်ဆုံးဖြတ်ခြင်း ... ၄၅၄
ခန္ဓာသုံးပါးဖြင့် အရိယမဂ်ကို ရေတွက်ပုံ ... ၄၅၇
သစ္စာလေးပါးလုံး၏ ဧကဝိဓစသည် ... ၄၅၈
သဘာဂ, ဝိသဘာဂအားဖြင့် ဝေဖန်ဆုံးဖြတ်ခြင်း ... ၄၅၈
* **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ** ... ၄၆၀
* **ဝိသုဒ္ဓိမဂ္ဂစာမေးပွဲနောက်ဆုံးနှစ်များ၏ မေးခွန်းများနှင့် အဖြေမှန်များ** ... ၄၇၁
* **ကျမ်းကိုးစာရင်း** ... ၄၇[illegible]

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# စကားဦး

## အရှင်ဗုဒ္ဓဃောသမထေရ်၏ ဝိသုဒ္ဓိမဂ္ဂပါဠိကျမ်းကြီး

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် နှစ်၁၀၀၀ခန့်ကြာသည့်အခါ၌ **"အရိမေတ္တယျဘုရားအလောင်းတော်"**ဟု ကျော်စောသော ဉာဏ်ပညာအလွန်ကြီးမားတော်မူသည့် **"အရှင်ဗုဒ္ဓဃောသမထေရ်"**သည် အိန္ဒိယနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ကြွလာပြီးလျှင် အနုရာဓမြို့–မဟာဝိဟာရကျောင်းတော်ကြီးတွင် သီတင်းသုံးလျက် သီရိလင်္ကာအဋ္ဌကထာ များကို လေ့လာမှတ်သားလေ၏။

ထိုအဋ္ဌကထာများသည် မြတ်စွာဘုရား၏တရားတော်များကို မှန်ကန်စွာဖွင့်ပြထားသည်ကို သိရှိရသဖြင့် ထိုပိဋကတ်သုံးပုံပါဠိတော်တို့၏အဖွင့်အဋ္ဌကထာများကို မူရင်းမာဂဓဘာသာ (ဝါ)ပါဠိဘာသာသို့ ပြန်ဆိုခွင့်ပြုရန် သံဃာတော်တို့ထံမှ ခွင့်တောင်းပြီးလျှင် ပါဠိဘာသာဖြင့် ပြန်ဆိုရေးသားတော်မူ၏။ ထိုသို့ပြန်ဆိုရေးသားသော ပါဠိကျမ်းများတွင် **"ဝိသုဒ္ဓိမဂ္ဂ"**ကျမ်းကြီး လည်း ပါဝင်၏။ ဤပိဋကတ်သုံးပုံအဖွင့် အဋ္ဌကထာကျမ်းကြီးများသည် ကမ္ဘာတစ်ဝန်းလုံး အတိုင်းတိုင်းအပြည်ပြည်မှ ပြည်သူတို့အားလွန်စွာအကျိုးပြုလျက်ရှိပေ၏။

## အရှင်နန္ဒမာလာဆရာတော်၏ ဝိသုဒ္ဓိမဂ္ဂမြန်မာပြန်ကျမ်း

ထိုပိဋကတ်သုံးပုံ အဖွင့်အဋ္ဌကထာကျမ်းများကို မိမိတို့၏မိရိုးဖလာဘာသာအသီးသီးသို့ ပြန်ဆိုကြရာ၌ မြန်မာပညာရှိများကလည်း မြန်မာဘာသာသို့ ပြန်ဆိုခဲ့ကြပေ၏။ ဤတွင် ပိဋကတ်သုံးပုံ၏လိုရင်းအနှစ်ချုပ်ဖြစ်သော သီလ, သမာဓိ, ပညာ သုံးဖြာသော သာသနာတော်ကြီး၏အနက်အဓိပ္ပါယ်အနှစ်သာရအပြည့်အစုံကို ဖွင့်ဆိုထားသည့် "ဝိသုဒ္ဓမဂ္ဂကျမ်းကြီး"ကို ကျိုက်ထိုမြို့ – ဘုရားသုံးဆူတောင် အရှည်ဝါသီယောဂီသူမြတ်ကြီးဖြစ်သော **"အရှင်နန္ဒမာလာဆရာတော်"**သည် ၁၂၉၅ ခုနှစ်တွင် မြန်မာဘာသာသို့ ပြန်ဆိုရေးသားတော်မူခဲ့သည်။ ဤဆရာတော်ပြန်ဆိုရေးသားခဲ့သည့် "ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန်ကျမ်းစာအုပ်"သုံးတွဲကို သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ နှစ်စဉ်ကျင်းပသော ဝိသုဒ္ဓိမဂ္ဂစာမေးပွဲသုံးဆင့်အတွက် ပြဋ္ဌာန်းထားပါသည်။

**မဟာစည်ဆရာတော်ဘုရား၏ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်း**

မြန်မာနိုင်ငံတွင် ဆဋ္ဌသင်္ဂါယနာတင်သည့်အခါ၌ ဗုဒ္ဓသာသနာအဖွဲ့ကြီးက မဟာစည်ဆရာတော်ဘုရားအား ဗုဒ္ဓသာသနာတွင် အလွန်အရေးပါသော ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ပိုမိုရှင်းလင်းပြည့်စုံအောင် မြန်မာဘာသာပြန်ဆိုရန် မေတ္တာရပ်ခံသည့်အတွက် ကျေးဇူးရှင်မဟာစည်ဆရာတော်သည် ၁၃၂၄-ခုနှစ်မှ စတင်ပြုစုရေးသားခဲ့ရာ **"ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်းလေးတွဲ"**ပေါ်ထွက်လာခဲ့ပေသည်။ ဤကျမ်းများသည်လည်း ပဋိပတ်အကျင့်မြတ်ကို မှန်ကန်ပြည့်စုံစွာ ကျင့်ကြံအားထုတ်လိုကြသော သူတော်စင်များအတွက်လည်းကောင်း၊ မြတ်စွာဘုရားသာသနာတော်၏အနှစ်သာရကို လေ့လာသိရှိလိုသူတို့အတွက်လည်းကောင်း၊ ဝိသုဒ္ဓိမဂ်စာမေးပွဲဖြေဆိုသူတို့အတွက်လည်းကောင်း၊ အလွန်ကျေးဇူးများပါသည်။ ဤဝိသုဒ္ဓိမဂ်ကျမ်း ပထမတွဲနိဒါန်း၌ အောက်ပါစာပိုဒ်ကို ရှေးဦးစွာဖော်ပြထားပါသည်။

*"ဝိသုဒ္ဓိမဂ်မည်သောဤကျမ်းသည် ပိဋကတ်သုံးပုံ၏ အနှစ်သာရဖြစ်ပေသည်၊ တစ်ကမ္ဘာလုံးရှိ ပဋိပတ်ကျမ်းတို့တွင် အထက်တန်းအကျဆုံး ချီးမွမ်းဖွယ်အကောင်းဆုံးလည်း ဖြစ်ပေသည်၊ ရှေ့သွားခေါင်းဆောင်အကြီးအမှူးသဖွယ်လည်း ဖြစ်ပေသည်၊ အကောင်းဆုံးအမြတ်ဆုံးလည်း ဖြစ်ပေသည်ဟု ပညာရှိတို့က ဤဝိသုဒ္ဓိမဂ်ကျမ်းကို ချီးကျူးကြ၏၊ ချီးကျူးသည့်အတိုင်းလည်း မှန်ပါသည်။ ထိုဝိသုဒ္ဓိမဂ်ကျမ်း၌ သံဂါယနာသုံးတန်တင်ထားသော ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်၏အနက်ကို အကျဉ်းချုံး၍ သိက္ခာသုံးပါးဖြင့်ရေတွက်အပ်သောအကျင့်မြတ်ကို အပြည့်အစုံသန့်ရှင်းစင်ကြယ်စွာ ဖော်ပြထားပေ၏။"*

**ဝိသုဒ္ဓိမဂ္ဂအလင်းပြနိဗ္ဗာန်လမ်းမကြီး**

ဤကျမ်းစာအုပ်ကိုရေးသားသူသည် ၁၉၈၁ခုနှစ်တွင် အဘိဓမ္မာရိုးရိုးတန်းစာမေးပွဲ သုံးဆင့်ကိုဝင်ရောက်ဖြေဆိုရာ တစ်ပြည်လုံးတွင် ပထမရခဲ့ပါသည်။ ၁၉၈၃ခုနှစ်တွင် အဘိဓမ္မာဂုဏ်ထူးတန်းစာမေးပွဲသုံးဆင့်ကို ဝင်ရောက်ဖြေဆိုရာတွင်လည်း တစ်ပြည်လုံးတွင် ပထမရခဲ့ပါသည်။ ၁၉၈၃ခုနှစ်မှစ၍ ရန်ကုန်တက္ကသိုလ်များဓမ္မာရုံတွင် ဗုဒ္ဓအဘိဓမ္မာသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ သင်တန်းပို့ချချက်များကိုပေါင်းစု၍ **"တက္ကသိုလ်အဘိဓမ္မာပေါင်းချုပ်"**စာအုပ်ကို ပြုစုပုံနှိပ်ခဲ့ပါသည်။

၁၉၈၇ခုနှစ် မတ်လ ၂၇၊ ၂၈၊ ၂၉ရက်နေ့များတွင် ရုံးပိတ်ရက်ဖြစ်၍ ထိုသုံးရက်အတွင်း အဘိဓမ္မာသင်္ဂြိုဟ်ကိုးပိုင်းကို ပြီးစီးအောင် တက္ကသိုလ်များဓမ္မာရုံ၌ သင်ကြားရသဖြင့် သင်တန်းကိုင်စာအုပ်အဖြစ် **"ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်"**စာအုပ်ကို ရေးသားပုံနှိပ်ခဲ့ပါသည်။ ဤအဘိဓမ္မာစာအုပ်နှစ်အုပ်သည် ဗုဒ္ဓအဘိဓမ္မာကို လေ့လာသင်ကြားလိုသူများနှင့် ဗုဒ္ဓအဘိဓမ္မာစာမေးပွဲဝင်ရောက်ဖြေဆိုသူများအတွက် အလွန်အားထား

ရသောစာအုပ်များဖြစ်လာပါသည်။

စာရေးသူသည် ၁၉၈၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဓာတုဗေဒကထိကတာဝန်နှင့်တက္ကသိုလ်များဗုဒ္ဓဘာသာအသင်းကြီး၏အတွင်းရေးမှူးတာဝန်များကို ထမ်းရွက်နေစဉ် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ပြဋ္ဌာန်းကျမ်းစာအုပ်သုံးအုပ်ကို မိမိဘာသာသုံးလအချိန်ယူ၍ လေ့လာဖတ်ရှုပြီးလျှင် ဝိသုဒ္ဓိမဂ်စာမေးပွဲသုံးဆင့်ကို ဝင်ရောက်ဖြေဆိုရာ တစ်ပြည်လုံးတွင် ပထမရရှိခဲ့ပါသည်။

၁၉၉၉ခုနှစ်၌ ရန်ကုန်မြို့တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ဖွင့်လှစ်သောအခါ စာရေးသူသည် သာသနာရေးဝန်ကြီးဌာနတွင် အကြံပေးပုဂ္ဂိုလ်အဖြစ်ထမ်းရွက်ရင်း ထိုထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် သမထဌာနမှူးနှင့် ပါမောက္ခတာဝန်ကိုပါ ပူးတွဲဆောင်ရွက်ရသဖြင့် ဝိသုဒ္ဓိမဂ်ကျမ်းစာအုပ်မှ သီလသိက္ခာနှင့်သမာဓိသိက္ခာတို့ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်နုတ်ရေးသား၍ သင်ကြားပို့ချပေးခဲ့ပါသည်။

၂၀၀၈ခုနှစ်တွင် စာရေးသူသည် သာသနာရေးဝန်ကြီးဌာန အကြံပေးအရာရှိတာဝန်နှင့်ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် သမထဌာနမှူးနှင့်ပါမောက္ခတာဝန်များမှအနားယူ၍ ဝိသုဒ္ဓိမဂ်ကျမ်းကို ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့ အလွယ်တကူလေ့လာမှတ်သားနိုင်ရန်အတွက် **"ဝိသုဒ္ဓိမဂ္ဂအလင်းပြ - နိဗ္ဗာန်လမ်းမကြီး"** ကျမ်းစာအုပ်ပထမတွဲနှင့် **"The Essence of Visuddhi Magga, Volume 1"** တို့ကို ရေးသားပြုစု၍ မြန်မာနိုင်ငံနှင့်ပြည်ပနိုင်ငံများတွင် သင်ကြားပို့ချပေးခဲ့ပါသည်။ ယခုအခါ "ဝိသုဒ္ဓိမဂ္ဂအလင်းပြ - နိဗ္ဗာန်လမ်းမကြီး" ကျမ်းစာအုပ်ဒုတိယတွဲကို ရေးသားပြုစုပြီးလျှင် တတိယတွဲကိုလည်း ဆက်လက်ရေးသားသွားမည် ဖြစ်ပါသည်။

**အကောင်းဆုံးအခွင့်အရေးကိုလက်မလွှတ်ကြပါစေနှင့်**

ကုသိုလ်ကံထောက်မသဖြင့် မြတ်စွာဘုရားသာသနာတော်နှင့်ကြုံကြိုက်သည့် လူ့ဘဝကိုရရှိထားသည့်အခိုက်တွင် အကောင်းဆုံးလူ့အခွင့်အရေးဖြစ်သည့် ဆင်းရဲခပ်သိမ်းချုပ်ငြိမ်း၍ အမြတ်ဆုံးနိဗ္ဗာန်အမြိုက်ချမ်းသာကို ရရှိနိုင်ရေးအတွက် အခွင့်အလမ်းပွင့်လျက်ရှိပါသည်။ ဗုဒ္ဓသာသနာတော်နှင့်ကြုံကြိုက်ကျိုးနပ်အောင် ဝိသုဒ္ဓိမဂ္ဂကျမ်းကို ရှေးဦးစွာဖတ်ရှုလေ့လာစေလိုပါသည်။ ဤဝိသုဒ္ဓိမဂ္ဂအလင်းပြ - နိဗ္ဗာန်လမ်းမကြီးစာအုပ်သည် အကောင်းဆုံးအထောက်အကူပေးပါလိမ့်မည်။ တစ်ခန်းလေ့လာပြီးလျှင် ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များကို ဆက်လေ့လာရန် တိုက်တွန်းပါသည်။ စာရေးသူ၏ဝိသုဒ္ဓိမဂ်သင်တန်းပို့ချချက်စီဒီခွေများလည်း ထွက်နေပါသည်။ ပိုင်ပိုင်နိုင်နိုင်လေ့လာပြီးသောအခါ သာသနာရေးဦးစီးဌာနမှ ဒီဇင်ဘာလတွင် နှစ်စဉ်ကျင်းပသည့် စာမေးပွဲကို ဝင်ရောက်ဖြေဆိုစေလိုပါသည်။

ဝိသုဒ္ဓိမဂ်ကျမ်းကို လွယ်ကူစွာလေ့လာနိုင်ဖို့အတွက် ဗုဒ္ဓအဘိဓမ္မာကို ရှေးဦးစွာလေ့လာထားရပါမည်။ လွယ်ကူစွာလေ့လာနိုင်ရန်အတွက်လည်း စာရေးသူပြုစုထားသော ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်စာအုပ်နှင့် အဘိဓမ္မာသင်တန်းပို့ချချက်စီဒီခွေတို့ကို ပူးတွဲကြည့်ရှုသွားလျှင် မိမိအိမ်တွင်လေ့လာရင်း ကောင်းစွာသိရှိနားလည်သွားမည်ဖြစ်ပါသည်။

အဘိဓမ္မာနှင့်ဝိသုဒ္ဓိမဂ်ကျမ်းတွင် စုစည်းရေးသားဖော်ပြထားသော သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာကျင့်စဉ်သုံးပါးကို တိတိကျကျ မိမိရရ ကျင့်ကြံအားထုတ်နိုင်ရန် ညွှန်ကြားပြသပေးသော "အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ ရိပ်သာများ"လည်း ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်စသည့်မြို့များစွာတွင် ပေါ်ပေါက်လာပေပြီ။ စာရေးသူအနေဖြင့် ဗုဒ္ဓမြတ်စွာ၏စစ်မှန်သော ပဋိပတ္တိသာသနာတော် ကမ္ဘာအနှံ့ပြန့်ပွားသွားရန်အတွက် "အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်"ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ထမ်းရွက်လျက်ရှိပါသည်။

မြတ်စွာဘုရား၏စစ်မှန်သောတရားအနှစ်သာရများကို လေ့လာ, သိရှိနားလည်ပြီးလျှင် လက်တွေ့ကျင့်ကြံရှုပွားကြသဖြင့် အမြတ်ဆုံးနိဗ္ဗာန်ချမ်းသာကို ကိုယ်တိုင်ရယူခံစားနိုင်ကြပါစေ။

၉-၉-၂၀၁၀ ဒေါက်တာမင်းတင်မွန်

## * တတိယအကြိမ်တည်းဖြတ်ပုံနှိပ်ခြင်း

စာရေးသူပြုစုထားသော ဝိသုဒ္ဓိမဂ္ဂအလင်းပြ(ပထမတွဲ)(ဒုတိယတွဲ)(တတိယတွဲ)တို့ကို လေ့လာသူများစွာတို့က ဝမ်းမြောက်ရွှင်လန်းစွာ ဖတ်ရှုလေ့လာပြီး ဗုဒ္ဓသာသနာ၏အနှစ်ချုပ်ဖြစ်သည့် သီလ-သမာဓိ-ပညာကျင့်စဉ်များကို လွယ်ကူရှင်းလင်းစွာသိနားလည်ပြီးလျှင် အချို့တို့က ဝိသုဒ္ဓိမဂ်စာမေးပွဲများကို ဖြေဆိုအောင်မြင်ကြောင်းကြားသိရသဖြင့် လွန်စွာဝမ်းမြောက်ရပါသည်။

ဤဝိသုဒ္ဓိမဂ္ဂအလင်းပြ(ဒုတိယတွဲ)ကျမ်းစာအုပ်ကို တတိယအကြိမ်တည်းဖြတ်ပုံနှိပ်ရာ၌ အမှားများကင်းစင်အောင်တည်းဖြတ်ပြီး ဝိသုဒ္ဓိမဂ်စာမေးပွဲအမေးအဖြေများကို ၂၀၁၉ ခုနှစ်အထိ တိုးချဲ့ဖြည့်စွက်ပေးထားပါသည်။

သူတော်စင်အပေါင်းတို့သည် မြတ်စွာဘုရားဟောကြားညွှန်ပြထားသည့်အတိုင်း ဈာန်သမာဓိထူထောင်ပြီး ပရမတ်ရုပ်နာမ်တရားများကို မှန်ကန်တိကျစွာမြင်သိ၍ ဝိပဿနာရှုနိုင်အောင်သင်ပြပေးနေသော အပြည်ပြည်ဆိုင်ရာဖားအောက်တောရဗုဒ္ဓသာသနာ့ရိပ်သာများတွင် တရားရှုပွားခြင်းဖြင့် အမြတ်ဆုံး, အဖိုးတန်ဆုံး အရိယာဘဝများကို ရယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁၀-၃-၂၀၂၀ ဒေါက်တာမင်းတင်မွန်

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်း

**တစ်ခုတည်းသောအနှစ်သာရ**

ပင်လယ်သမုဒ္ဒရာရေတို့သည် ငန်သောအရသာတစ်မျိုးတည်းသာရှိသကဲ့သို့ မြတ်စွာဘုရား၏တရားတော်များသည်လည်း အနှစ်သာရတစ်မျိုးတည်းသာရှိ၏။ ထိုအနှစ်သာရမှာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းဟူသော **"ဝိမုတ္တိရသ"**ဖြစ်ပေ၏။

အရေးတကာ့အရေးတို့တွင် သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ပြီး ထာဝရငြိမ်းအေးချမ်းသာခြင်းဟူသည့် နိဗ္ဗာန်ကိုမျက်မှောက်ပြုရေးသည် အရေးအကြီးဆုံးဖြစ်ပေ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ရေးတရားများကိုသာ လုံ့လဝါယာမစိုက်ထုတ်ပြီး ဟောကြားတော်မူခြင်းဖြစ်ပေ၏။

**သာသနာတော်၏အနှစ်သာရ**

မြတ်စွာဘုရား၏တရားအဆုံးအမ, လမ်းညွှန်ချက်များကိုပင် **"သာသနာတော်"** ဟု ခေါ်ဆို၏။ ထိုသာသနာတော်၏အနှစ်သာရသည် သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းပင်ဖြစ်၏။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းနှင့် နိဗ္ဗာန်သို့ဦးတည်သောကျင့်စဉ်များမှာ သီလကျင့်စဉ်, သမာဓိကျင့်စဉ်, ပညာကျင့်စဉ်တို့ဖြစ်ကြ၏။ ထို့ကြောင့် သီလ, သမာဓိ, ပညာတို့ကို သာသနာတော်၏အနှစ်သာရဟု သတ်မှတ်ကြ၏။

မြတ်စွာဘုရားဟောကြားညွှန်ပြထားသော သီလကျင့်စဉ်, သမာဓိကျင့်စဉ်, ပညာကျင့်စဉ်တို့ကို ဝိသုဒ္ဓိမဂ်ကျမ်းတွင် အပြည့်အစုံ စုပေါင်းဖော်ပြထားသဖြင့် ဝိသုဒ္ဓိမဂ်ကျမ်းသည် ပိဋကတ်သုံးပုံ၏အနှစ်သာရဖြစ်၏။ အထက်တန်းအကျဆုံး, ချီးမွမ်းဖွယ်အကောင်းဆုံး, အမြတ်ဆုံး အကောင်းဆုံးကျမ်းဖြစ်သည်ဟု ပညာရှိတို့က ချီးကျူးကြ၏။

**အရိယသစ္စာလေးပါး**

သဗ္ဗညုတဉာဏ်ပိုင်ရှင်အစစ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဘဝအကြောင်း, လောကအကြောင်းတို့ကိုကောင်းစွာ အသေးစိတ်သိမြင်တော်မူသဖြင့် စကြဝဠာအတိုင်းအတာအထိ အမြဲမှန်ကန်သော သဘာဝအမှန်တရားများဖြစ်ကြသည့် အရိယသစ္စာလေးပါးကို ဗွေဆော်ဦးဓမ္မစကြာတရားတော်တွင် ဟောကြားတော်

မှုခဲ့၏။ ဤသစ္စာလေးပါးကို ကောင်းမွန်ရှင်းလင်းစွာ ထိုးထွင်းသိမြင်လာလျှင် မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြစ်ပေါ်၍ အရိယာသူတော်ကောင်း ဖြစ်လာမည်ဖြစ်၏။

**ဒုက္ခသစ္စာ - ဆင်းရဲခြင်းအမှန်တရား**

**ပထမအရိယသစ္စာဖြစ်သည့် ဒုက္ခသစ္စာသည် ဥပါဒါနက္ခန္ဓာငါးပါး (ဝါ) လောကီ ရုပ်နာမ်တရားတို့က ဆင်းရဲအမှန်ဖြစ်ခြင်းကို ဟောတော်မူ၏။** ရုပ်နာမ်တရားတို့သည် သဘာဝအလျောက် ခဏမစဲ လျင်မြန်စွာဖြစ်ပျက်နေကြသဖြင့် မတည်မြဲသော အနိစ္စတရားများ ဖြစ်ကြ၏။ လူတို့နှစ်သက်နေကြသော ဤရုပ်နာမ်တရားတို့၏ ခဏမစဲပျက်,ပျက်နေသော ဒဏ်ချက်ဖြင့် အဆက်မပြတ်နှိပ်စက်နေခြင်းသဘောသည် ဆင်းရဲအမှန်ဖြစ်သောကြောင့် ရုပ်နာမ်တရား(ဝါ)ဥပါဒါနက္ခန္ဓာတို့သည် ဆင်းရဲခြင်း အမှန်ဖြစ်ကြ၏။ သို့အတွက် ပထမအရိယာသစ္စာသည် မှန်ကန်၏။ ထို့အပြင် ရုပ်နာမ် တရားတို့သည် ဖြစ်ပြီးသည်နှင့်တစ်ပြိုင်နက် ပျက်ပျက်သွားကြသဖြင့် တည်မြဲသော အနှစ်အသား, ပုဂ္ဂိုလ်, သတ္တဝါ, ငါ, အတ္တဟူ၍ မရှိချေ။ ထို့ကြောင့် အနတ္တတရားများ ဖြစ်ကြ၏။

ဥပါဒါနက္ခန္ဓာ(ဝါ)လောကီရုပ်နာမ်တရားတို့သည် အနိစ္စ, ဒုက္ခ, အနတ္တတရားများ ဖြစ်ကြသည်နှင့်အညီ သတ္တဝါအားလုံး, ဘဝအားလုံးသည်လည်း ရုပ်နာမ်ဖြစ်ပျက် အစဉ်များသာဖြစ်ကြသဖြင့် အနိစ္စ, ဒုက္ခ, အနတ္တတရားများဖြစ်ကြပေ၏။ တစ်ဖန် သတ္တဝါတစ်ဦး၊ ဥပမာ လူတစ်ဦးကို ဆံပင်, မွေးညှင်း, ခြေသည်းလက်သည်း, သွား, အရေ, အသား, အကြော, အရိုး, သွေး, ပြည်, သလိပ်, ချွေး, ကျင်ကြီး, ကျင်ငယ် စသည်ဖြင့် ကောဋ္ဌာသ ၃၂-ခု အဖြစ်သို့ ခွဲခြမ်း၍ ကောဋ္ဌာသတစ်ခုစီကို ဆန်းစစ်သည့်အခါ ရွံစရာ - အသုဘသာ ဖြစ်သည်ကို တွေ့ရ၏။

**သို့ဖြစ်၍ လူအားလုံး, သတ္တဝါအားလုံး, ဘဝအားလုံးသည် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘတရားတို့သာ ဖြစ်ကြ၏။ သို့သော် ပုထုဇဉ်လူသားသတ္တဝါတို့သည် အဝိဇ္ဇာခေါ် မောဟအမိုက်မှောင်** ဖုံးလွှမ်းနေသဖြင့် အမှန်ရှိသည့် ပရမတ်ရုပ်နာမ် တရားများကို မမြင်နိုင်ဘဲ ပညတ်အမြင်သာရှိကြသဖြင့် လူ့ဘဝသည် နိစ္စ - တည်မြဲသည်၊ သုခ - ချမ်းသာသည်၊ အတ္တ - ပုဂ္ဂိုလ်, သတ္တဝါ, ငါဖြစ်သည်၊ သုဘ - လှပ တင့်တယ်သည်ဟု မှားယွင်းသော ဆန့်ကျင်ဘက် အယူအမြင်ရှိကြ၏။ ဤမှားယွင်း သောအယူကို **မိစ္ဆာဒိဋ္ဌိ** ဟုခေါ်၏။

**သမုဒယသစ္စာ - ဆင်းရဲဖြစ်ကြောင်းအမှန်တရား**

ဤအမြင်မှား, အယူမှားတို့ကြောင့် ပုထုဇဉ်လူသားသည် မိမိဘဝနှင့် ကာမဂုဏ် တရားတို့ကို **တဏှာ(လောဘ)**ဖြင့် တပ်မက်တွယ်တာ၏။ ပြင်းထန်စွာ တပ်မက်စွဲ လမ်းသော တဏှာသည် **ဥပါဒါန်**ဟု အမည်ရ၏။ မိမိကိုယ်ကို ငါဟုစွဲလမ်း၍ ကံ, ကံ၏အကျိုးမရှိဟု စွဲလမ်းသော ငါစွဲ, ဒိဋ္ဌိစွဲတို့ကိုလည်း ဥပါဒါန်ဟုခေါ်၏။

ပုထုဇဉ်လူသားသည် အဝိဇ္ဇာကြောင့် အမှန်သဘောကိုမသိဘဲ တဏှာဖြင့် ကာမဂုဏ်တရားကို လိုချင်တပ်မက်၍ ဉပါဒါန်ဖြင့် မရလျှင်မနေနိုင်အောင်စွဲလမ်းသောအခါ ရအောင်ကြိုးစားပြုလုပ်သဖြင့် ကောင်းမှု, မကောင်းမှုဟူသည့် သင်္ခါရ, ကံတရားတို့ ဖြစ်ပေါ်လာကြကုန်၏။ **အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, သင်္ခါရ, ကံတို့သည်** ပဋိစ္စသမုပ္ပါဒ်ဒေသနာအရ ဘဝသစ်ဖြစ်ခြင်း၏အကြောင်းတရားများဖြစ်ကြ၏။ သေလွန်သည့်အခါ အကျိုးပေးခွင့်ရသောကံက အဝိဇ္ဇာ, တဏှာ, ဉပါဒါန်တို့၏ အထောက်အပံ့ဖြင့် ဘဝသစ်ကို အပါယ်ဘုံ သို့မဟုတ် သုဂတိဘုံတွင် ဖြစ်စေ၏။

ဘဝသစ်ဖြစ်သည့်အခါ **ဝိညာဏ်(စိတ်), နာမ်(စေတသိက်)ရုပ်, သဠာယတန, ဖဿ, ဝေဒနာ**ခေါ် အကျိုးတရားတို့ ဖြစ်လာကြသဖြင့် ရုပ်နာမ်သစ်ဖြစ်ပေါ်လာ၏။ လောကီရုပ်နာမ်တရားတို့သည် ဒုက္ခတရားဖြစ်ကြသဖြင့် ဘဝသစ်ဖြစ်ခြင်းသည် ဆင်းရဲဒုက္ခဖြစ်ခြင်းပေတည်း။ ထို့ကြောင့် ဘဝဖြစ်စေသောအကြောင်းတရား ငါးပါးတွင်တဏှာကိုခေါင်းခေါက်ယူ၍ **တဏှာသည် ဘဝသစ်ကို အကြိမ်ကြိမ်ဖြစ်စေသောကြောင့် ဆင်းရဲခြင်း၏အကြောင်းတရားအမှန်ဖြစ်သည်ဟု ဒုတိယအရိယသစ္စာ(ဝါ)သမုဒယသစ္စာကို ဟောတော်မူ၏။**

မှန်ပေ၏၊ တဏှာဖြင့်လိုချင်တပ်မက်မှုကြောင့် အဝိဇ္ဇာ, ဉပါဒါန်, သင်္ခါရ, ကံတို့ဖြစ်ပေါ်လာကြ၏။ အဝိဇ္ဇာ, တဏှာကြောင့် ငါစွဲဟူသောဒိဋ္ဌိ၊ ထောင်လွှားဝင့်ကြွားခြင်း **မာန**၊ ရတနာသုံးပါးနှင့်ကံတရားတို့၌ ယုံမှားသံသယဖြစ်မှု - **ဝိစိကိစ္ဆာ**၊ မကောင်းမှုပြုရန် မရှက်, မကြောက်မှု - **အဟိရိက, အနောတ္တပ္ပ**၊ ပစ္စည်း, ဥစ္စာ, ချစ်သူ တိမ်းပါးဆုံးရှုံးသွားလျှင် ပြင်းစွာပူဆွေးမှု - **ဒေါသ** စသည်တို့ဖြစ်ပေါ်လာကြ၏။

**လောဘ(တဏှာ), ဒေါသ, မောဟ(အဝိဇ္ဇာ), မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ထိန(စိတ်လေးလံထိုင်းမှိုင်းခြင်း), ဥဒ္ဓစ္စ(စိတ်ပျံ့လွင့်ခြင်း), အဟိရိက, အနောတ္တပ္ပတို့ကား စိတ်ကို ညစ်နွမ်း, ယုတ်ညံ့, ပူလောင်ဆင်းရဲစေသော ကိလေသာ တရားတို့တည်း၊ စကြဝဠာအားလုံးတွင် ဆင်းရဲခြင်းအားလုံးကို ဖြစ်စေသော အကြောင်းတရား တို့တည်း။**

**နိရောဓသစ္စာ - ဆင်းရဲချုပ်ငြိမ်းခြင်းအမှန်တရား**

ဆင်းရဲခြင်း၏အကြောင်းရင်းအမှန်တရားဖြစ်သော တဏှာအကြွင်းမဲ့ ချုပ်ငြိမ်းသွားသောအခါ အဝိဇ္ဇာလည်းချုပ်ငြိမ်းရမည်ဖြစ်၍ ကိလေသာအားလုံးပင် ချုပ်ငြိမ်းသွားလေတော့၏။ ထိုအခါ ဆင်းရဲခြင်း၏အကြောင်းတရားများ လုံးဝဥဿုံချုပ်ငြိမ်းသွားကြသဖြင့် အကျိုးတရားဖြစ်သည့် ဆင်းရဲဒုက္ခသည်လည်း လုံးဝဥဿုံချုပ်ငြိမ်းသွားလေတော့၏။

ထိုအခါ စိတ်အစဉ်တွင် ငြိမ်းအေးခြင်း, ချမ်းသာခြင်းသာ အစဉ်ထာဝရရှိတော့

မည်ဖြစ်၏။ ဤသည်ကား ကိလေသာကင်းစင်သော ရဟန္တာတို့ခံစားကြရသည့် နိဗ္ဗာန်ချမ်းသာပေတည်း။ ဘဝသစ်ကိုဖြစ်စေသော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့လည်း မရှိသည့်အတွက် ရဟန္တာတို့ ပရိနိဗ္ဗာန်စံလွန်ကြသည့်အခါ ဘဝသစ်များ မဖြစ်ကြရတော့ချေ၊ ဆင်းရဲတရားသာဖြစ်သည့် ရုပ်နာမ်ကင်းရှင်းသော အနုပါဒိသေသနိဗ္ဗာန်ကို ထာဝရခံစံကြရမည်ဖြစ်၏။

ဤအကြောင်းကို ကိုယ်တော်တိုင်သိရှိတော်မူသဖြင့် မြတ်စွာဘုရားသည် **"ဆင်းရဲဒုက္ခ၏ချုပ်ငြိမ်းခြင်း အမှန်တရားသည်ရှိ၏၊ ထိုအမှန်တရားသည် တပ်မက်မှုတဏှာ၏ အကြွင်းမရှိကင်းပျောက်ချုပ်ငြိမ်းရာ တဏှာမှလွတ်မြောက်ကင်းရှင်းရာ တဏှာဖြင့်မကပ်ငြိရာ နိဗ္ဗာန်ပေတည်း"ဟု ဟောကြားတော်မူ၏။**

**မဂ္ဂသစ္စာ - ဆင်းရဲချုပ်ငြိမ်းခြင်းသို့ရောက်ကြောင်း လမ်းစဉ်အမှန်တရား**

တဏှာ၏လုံးဝချုပ်ငြိမ်းခြင်းသည် ကိလေသာအားလုံး၏လုံးဝချုပ်ငြိမ်းခြင်းပင်ဖြစ်၏။ ကိလေသာတရားတို့သည် ပုထုဇဉ်သတ္တဝါအားလုံး၏စိတ်အစဉ်တွင် အလွှာသုံးလွှာဖြင့် အမြဲကိန်းဝပ်လိုက်ပါနေကြ၏။

(၁) *အနုသယကိလေသာ* - စိတ်အစဉ်တွင် အမြဲကိန်းဝပ်လိုက်ပါသောကိလေသာမျိုးဓါတ်

(၂) *ပရိယုဋ္ဌာနကိလေသာ* - ကာမဂုဏ်အာရုံနှင့်ဆုံတွေ့၍ စိတ်အစဉ်တွင် နိုးကြားထကြွလာသော ကိလေသာ၊

(၃) *ဝီတိက္ကမကိလေသာ* - ကြီးထွားလာသော ရုံ့ရင်းကြမ်းတမ်းသည့် ကိလေသာ၊

သတ္တဝါတို့သည် ရုံ့ရင်းကြမ်းတမ်းသောကိလေသာဖြင့် မကောင်းမှုဒုစရိုက်များကို ကျူးလွန်ကြ၏။ ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်းနိုင်လျှင် ဝီတိက္ကမကိလေသာ မဖြစ်ပေါ်တော့ချေ။ ထို့ကြောင့် **သီလသိက္ခာ - သီလကျင့်စဉ်**ဖြင့် စိတ်အစဉ်၌ ဝီတိက္ကမကိလေသာကင်းရှင်းအောင် စောင့်ထိန်းနိုင်၏။ စိတ်အစဉ်၌ ဝီတိက္ကမကိလေသာကင်းစင်လျှင် စိတ်ငြိမ်းချမ်းပြီး **သီလဝိသုဒ္ဓိ - သီလစင်ကြယ်ခြင်း** ဖြစ်၏။

စိတ်တွင် ဖြစ်ပေါ်လာပြီး စိတ်ကို အမျိုးမျိုးချယ်လှယ်နေကြသည့် ပရိယုဋ္ဌာနကိလေသာတို့ကိုမူ **သမာဓိသိက္ခာ - သမာဓိကျင့်စဉ်**ဖြင့် သမထဘာဝနာရှုပွားပါမှ ငြိမ်းအေးစေနိုင်ပြီး စိတ်တွင်မဖြစ်ပေါ်အောင် ယာယီတားဆီးနိုင်ပါသည်။ ဤထကြွနိုးကြားနေသောကိလေသာတို့ကို နှိမ်နင်းဖယ်ရှားနိုင်ပါမှ **စိတ္တဝိသုဒ္ဓိ - စိတ်စင်ကြယ်ခြင်း** ဖြစ်လာပြီးလျှင် စိတ်တည်ကြည်ကာ စိတ်စွမ်းရည်သည် အံ့သြဖွယ်ကောင်းအောင် မြင့်မားလာပါသည်။ စိတ်တည်ကြည်ငြိမ်သက်မှုကို **သမာဓိ**ဟု ခေါ်၏။

**သမာဓိသုတ္တန်** (သံ၊ ၂၊ ၁၂)တွင် သမာဓိထူထောင်ရန်လိုအပ်ကြောင်းကို မြတ်စွာဘုရားရှင်သည် ဤသို့မိန့်ကြားတော်မူခဲ့၏။

*"သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု၊ ယထာဘူတံ ပဇာနာတိ"*

*"ရဟန်းတို့ - သမာဓိထူထောင်နိုင်အောင် ပွားများအားထုတ်ကြ၊ သမာဓိရှိသောရဟန်းသည် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိ၏"*

ဘယ်လိုကွဲကွဲပြားပြားသိသလဲ၊ ပရမတ်ရုပ်နာမ်တရားတို့ကို ကွဲကွဲပြားပြားပိုင်းခြားပြီးသိ၏။ အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတို့ကို ကွဲကွဲပြားပြားထင်ထင်ရှားရှားသိ၏။ အရိယသစ္စာလေးပါးကိုလည်း ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိ၏။

သမာဓိထူထောင်ရန်အရေးကြီးသည့်အတွက် မြတ်စွာဘုရားသည် သမထဘာဝနာရှုပွားရန် ကမ္မဋ္ဌာန်း(၄၀)ကို ဟောကြားပေးခဲ့၏။ သမ္မာသမာဓိကိုလည်း ရူပါဝစရဈာန်လေးပါးနှင့် ယှဉ်သောသမာဓိဖြစ်ကြောင်းကို မဟာသတိပဋ္ဌာနသုတ်တွင် မိန့်ကြားတော်မူခဲ့၏။

သမ္မာသမာဓိကိုထူထောင်နိုင်သောအခါ စိတ္တဝိသုဒ္ဓိ - စိတ်စင်ကြယ်သွားပြီးလျှင် စင်ကြယ်သောစိတ်မှ အလွန်စူးရှတောက်ပသောအလင်းရောင်ထွက်ပေါ်လာ၏၊ ဤအလင်းရောင်အကူအညီဖြင့် ပရမတ်ရုပ်နာမ်တရားတို့ကို ကွဲကွဲပြားပြားမြင်သိပြီး အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာတို့ကို ထင်ထင်ရှားရှားမြင်သိကာ ဝိပဿနာရှုပွားနိုင်ပါသည်။ သမာဓိယှဉ်သောစိတ်မှ အလင်းထွက်ကြောင်းကို **ပစလာယမာနသုတ္တန်** (အံ၊ ၃၊ ၁၇၇) တွင် ဖော်ပြထားပြီးလျှင် အပြည်ပြည်ဆိုင်ရာဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာများ၌ ယောဂီများသည် ဤဆိုခဲ့သည့်အတိုင်း အနုစိတ်ကာ ဝိပဿနာရှုပွားနိုင်ကြပါသည်။

ဝိပဿနာကိုမှန်ကန်စွာရှုပွားသဖြင့် ဉာဏ်စဉ် ၁၆-ဆင့်နှင့် မဂ်ဉာဏ်လေးပါးတို့ကို ထူထောင်ခြင်းသည် **ပညာသိက္ခာ - ပညာကျင့်စဉ်**ဖြစ်ပါသည်။ မဂ်ဉာဏ်လေးတန်ဖြင့် အနုသယကိလေသာအားလုံးကို အမြစ်ပြတ်ပယ်သတ်နိုင်ပါသည်။ ထိုအခါ ရဟန္တာအဖြစ်သို့ရောက်ပြီး နိဗ္ဗာန်ချမ်းသာကို ထာဝရစံစားနိုင်ပါတော့သည်။

*"ရဟန်းတို့ . . . ဆင်းရဲချုပ်ရာသို့ရောက်ကြောင်းလမ်းစဉ်ဖြစ်သော အရိယာတို့၏ အမှန်တရား - မဂ္ဂသစ္စာဟူသည် အဘယ်နည်း။ မြတ်သောအင်္ဂါရှစ်ပါးရှိသည့် ဤမဂ်အကျင့်လမ်းတည်း။ ဤမဂ်**အကျင့်လမ်း**သည် အဘယ်နည်း။*

| | | |
|---|---|---|
| *မှန်စွာသိမြင်ခြင်း - သမ္မာဒိဋ္ဌိ* | } | *ပညာသိက္ခာ* |
| *မှန်စွာကြံစည်ခြင်း - သမ္မာသင်္ကပ္ပ* | } | |
| *မှန်စွာပြောဆိုခြင်း - သမ္မာဝါစာ* | } | |
| *မှန်စွာပြုလုပ်ခြင်း - သမ္မာကမ္မန္တ* | } | *သီလသိက္ခာ* |
| *မှန်စွာအသက်မွေးခြင်း - သမ္မာအာဇီဝ* | } | |

*မှန်စွာအားထုတ်ခြင်း - သမ္မာဝါယာမ*
*မှန်စွာအောက်မေ့ခြင်း - သမ္မာသတိ* } *သမာဓိသိက္ခာ*
*မှန်စွာတည်ကြည်ခြင်း - သမ္မာသမာဓိ*

*တို့ပေတည်း*"ဟု မြတ်စွာဘုရားဟောကြားတော်မူသည်။

မဂ္ဂသစ္စာအမည်ရသော မဂ်လမ်းစဉ်ဖြစ်သည့် မဂ္ဂင်ရှစ်ပါးကို ပညာသိက္ခာ, သီလသိက္ခာ, သမာဓိသိက္ခာအဖြစ် သတ်မှတ်ကြပါသည်။ ထို့ကြောင့် သီလ-သမာဓိ-ပညာ သိက္ခာသုံးပါးကို စနစ်တကျ ပြည့်စုံစွာ ဝေဖန်ဖော်ပြထားသော ဝိသုဒ္ဓိမဂ်ကျမ်းကို အမြတ်ဆုံးအကောင်းဆုံးကျမ်းဖြစ်သည်ဟု ပညာရှိတို့က ချီးမွမ်းကြခြင်းဖြစ်ပေ၏။

## ဝိသုဒ္ဓိမဂ္ဂအလင်းပြ - ဒုတိယတွဲ

'ဝိသုဒ္ဓိမဂ္ဂအလင်းပြ'ကျမ်းစာအုပ်ကို ဝိသုဒ္ဓိမဂ်စာမေးပွဲအတွက် ပြဋ္ဌာန်းစာအုပ်ဖြစ်သည့် 'ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ'ကျမ်း၏အစီအစဉ်အတိုင်း ရေးသားထားပါသည်။ ပထမတွဲတွင် သီလသိက္ခာနှင့် သမာဓိသိက္ခာပိုင်းမှ ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, အနုဿတိ ၁၀-ပါးတို့ကို ဖော်ပြခဲ့၏။ ယခု ဒုတိယတွဲတွင် သမာဓိသိက္ခာမှ ကျန်နေသောကမ္မဋ္ဌာန်း ၁၀-ပါး၊ အဘိညာဉ်အကြောင်းနှင့် ပညာသိက္ခာမှ ခန္ဓာ, အာယတန, ဓါတ်, ဣန္ဒြေ, သစ္စာတို့အကြောင်းကို ဖော်ပြထားပါသည်။

စာရှုသူ ဓမ္မမိတ်ဆွေအပေါင်းတို့သည် သာသနာတော်၏အနှစ်သာရကို သိရှိကြပြီးလျှင် ဝိသုဒ္ဓိမဂ်တွင်ဖော်ပြထားသည့်အတိုင်း သီလ-သမာဓိ-ပညာ သိက္ခာသုံးပါး ကျင့်စဉ်တရားကို မှန်ကန်စွာကျင့်ကြံအားထုတ်နိုင်ကြသဖြင့် ဈာန်, မဂ်, ဖိုလ်တရားထူးတို့ကို လွယ်ကူလျင်မြန်စွာ ရရှိနိုင်ကြပါစေသတည်း။

၁၉-၉-၂၀၁၀ ဒေါက်တာမင်းတင်မွန်

အခန်း(၉)

# ဗြဟ္မဝိဟာရနိဒ္ဒေသ
# ဗြဟ္မဝိဟာရအကြောင်းကိုအကျယ်ပြခြင်း

**ဗြဟ္မဝိဟာရတရား ၄-ပါး**

*'ဗြဟ္မဝိဟာရ'*ဟူသည်မှာ 'မြတ်သောသီတင်းသုံးနေထိုင်ခြင်း'ဖြစ်၏၊ 'မြတ်သောအကျင့်တရား'ဖြစ်၍ 'ဗြဟ္မစိုရ်တရား' (*ဗြဟ္မစရိယ*)ဟုလည်း ခေါ်၏။ ဗြဟ္မဝိဟာရ တရား ၄-ပါးမှာ

၁။ *မေတ္တာ* — ချမ်းသာစေလိုသောအားဖြင့် ချစ်ခင်ခြင်း
၂။ *ကရုဏာ* — သနားကြင်နာခြင်း
၃။ *မုဒိတာ* — သူတစ်ပါးချမ်းသာကြီးပွားသည်ကို ဝမ်းမြောက်ခြင်း
၄။ *ဥပေက္ခာ* — အသင့်အားဖြင့်ရှုခြင်း၊ လျစ်လျူရှုခြင်းတို့ဖြစ်၏။

**၁။ *မေတ္တာဘာဝနာ (မေတ္တာဗြဟ္မဝိဟာရ)***

**မေတ္တာမပွားမီ ရှေးဦးပြုရမည့် ပုဗ္ဗကိစ္စ**

(၁) ပလိဗောဓဟူသည့် ကြောင့်ကြကြီးငယ်များကိုပယ်ဖြတ်ရမည်၊
(၂) ကျွမ်းကျင်သိမြင်သည့်ဆရာထံမှာ ကမ္မဋ္ဌာန်းသင်ယူရမည်၊
(၃) ဆွမ်းစားခြင်းကိစ္စကို ပြုလုပ်ရမည်၊
(၄) ဆွမ်းဆီယစ်မှုကို ပယ်ဖျောက်ရမည်၊
(၅) ဆိတ်ငြိမ်သောအရပ်တွင် ကောင်းစွာခင်းအပ်သည့်နေရာ၌ အမျက်ဒေါသထွက်ခြင်း၏အပြစ်ကိုလည်းကောင်း၊ သည်းခံခြင်း၏အကျိုးအာနိသင်ကိုလည်းကောင်း၊ ဆင်ခြင်အပ်၏။

**ဆင်ခြင်ရခြင်းအကြောင်း**

မေတ္တာဘာဝနာဖြင့် အမျက်ဒေါသထွက်ခြင်းကိုပယ်နိုင်၏။ သည်းခံခြင်းဂုဏ်ကိုလည်းရနိုင်၏။ အမျက်ထွက်ခြင်း၏အပြစ်ကို မသိမြင်ထားလျှင် အမျက်ထွက်ခြင်းကိုပယ်ခြင်းငှာမတတ်နိုင်ပါ။ သည်းခံခြင်း၏အကျိုးအာနိသင်တို့ကို မသိ မြင်ထားလျှင်လည်း ထိုအကျိုးတရားတို့ကို ရယူခြင်းငှာ မတတ်နိုင်ပါ။ ထို့ကြောင့်ကြိုတင်ဆင်ခြင်အပ်၏။

**အမျက်ထွက်ခြင်း၏အပြစ်ကို ဆင်ခြင်ပုံ**

အမျက်ထွက်ခြင်းသည် မိမိ၏စိတ်တွင်ဒေါသဖြစ်ပေါ်ခြင်းဖြစ်၏။ ဒေါသသည်အ

ဖျက်ဆီးတတ်ဆုံးသော တရားဖြစ်၏။ အဒေါသဟူသည့် မေတ္တာတရား၏ ဆန့်ကျင်ဘက်ဖြစ်၏။ ဒေါသသည် မိမိကိုရော သူတစ်ပါးကိုရောဖျက်ဆီး၏။သို့ ဖြစ်၍ -

*"အို- ငါ့ရှင်၊ ဒေါသကဖျက်ဆီးအပ်သော ဒေါသကလွှမ်းမိုးသဖြင့် စိတ်ပျက်စီးနေသောသူ အမျက်ထွက်နေသောသူသည် သတ္တဝါကိုလည်း သတ်၏"*

ဤသို့အစရှိသော သုတ်တို့၏အစွမ်းဖြင့် အမျက်ထွက်ခြင်း၏အပြစ်ကိုရှုအပ်၏။

**သည်းခံခြင်း၏အကျိုးအာနိသင်ကို ဆင်ခြင်ပုံ**

*"သူတစ်ပါးတို့ကဲ့ရဲ့ခြင်း, အကျိုးမဲ့ပြုခြင်းစသည်ကို သည်းခံချုပ်တည်းခြင်းဟူသည့် သည်းခံခြင်း(ခန္တီ)သည် အမြတ်ဆုံးအကျင့်ပေတည်း၊ နိဗ္ဗာန်ကို အမြတ်ဆုံးဟူ၍ ဘုရားရှင်တို့ မိန့်ဆိုကြ၏" (ခန္တီပရမံ တပေါတိတိက္ခာ၊ နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ – ဟု* ပါဠိတော်တွင် ဖော်ပြပါသည်)

*"သည်းခံခြင်းဟူသည့်ခွန်အားရှိသော သည်းခံခြင်းခွန်အားဟူသည့် စစ်တပ်ရှိသော ထိုပုဂ္ဂိုလ်ကို 'မကောင်းမှုကို အပပြုပြီးသည့် ဗြဟ္မဏသူမြတ်'ဟူ၍ ငါဘုရား မိန့်ဆိုပေ၏"*

*"သည်းခံခြင်းထက်သာလွန်သော အကျိုးမဲ့ကိုတားမြစ်၍ အကျိုးစီးပွားကိုဆောင်နိုင်သော တရားဟူသည် မရှိချေ"*

ဤသို့ အစရှိသော သုတ်တို့၏အစွမ်းအားဖြင့် သည်းခံခြင်း၏အကျိုးအာနိသင်ကို သိအပ်၏။

အမျက်ဒေါသသည် မေတ္တာဟူသည့် အဒေါသစေတသိက်၏ ဆန့်ကျင်ဘက်ဖြစ်ပြီးလျှင် သည်းခံခြင်းခန္တီသည် မေတ္တာကဲ့သို့ အဒေါသစေတသိက်၏ အာနိသင်ပင်ဖြစ်၏။ ထို့ကြောင့်အမျက်ဒေါသမှ စိတ်ကိုခွာ၍သည်းခံခြင်းနှင့် စိတ်ကိုယှဉ်စေနိုင်လျှင် မေတ္တာကို ပွားနိုင်မည်ဖြစ်၏။

**ရှေးဦးစွာမေတ္တာမပွားပို့အပ်သောပုဂ္ဂိုလ်(၄)ဦး**

၁။ မချစ်မနှစ်သက်အပ်သောပုဂ္ဂိုလ်(မုန်းသူ) – အပ္ပိယပုဂ္ဂိုလ်
၂။ အလွန်ချစ်အပ်သောပုဂ္ဂိုလ် – အတိပ္ပိယပုဂ္ဂိုလ်
၃။ မချစ်၊ မမုန်း၊ အလယ်အလတ်ပုဂ္ဂိုလ် – မဇ္ဈတ္တပုဂ္ဂိုလ်
၄။ ရန်သူပုဂ္ဂိုလ် – ဝေရီပုဂ္ဂိုလ်

**သီးသန့်ပိုင်းခြား၍မေတ္တာမပွားသင့်သောပုဂ္ဂိုလ်(၁)ဦး**

၅။ လိင်အသွင်မတူသောပုဂ္ဂိုလ် – လိင်္ဂဝိသဘာဂပုဂ္ဂိုလ်

**အချင်းခပ်သိမ်းမေတ္တာမပွားသင့်သောပုဂ္ဂိုလ်(၁)ဦး**

၆။ သေလွန်ပြီးသောပုဂ္ဂိုလ် – ကာလကတပုဂ္ဂိုလ်

ဤပုဂ္ဂိုလ် ၆-ဦးတို့သည် မေတ္တာဘာဝနာကို ပျက်စေတတ်သော ပုဂ္ဂိုလ်များဖြစ်

ကြ၏။

**ရှေးဦးစွာမေတ္တာမပွားပို့သင့်သည့်အကြောင်း**

မချစ်မနှစ်သက်သောမုန်းသူကို ချစ်အပ်သူအရာထား၍ မေတ္တာပွားလျှင် ပင်ပန်း၏။ အလွန်ချစ်အပ်သောသူကို အလယ်အလတ်ပုဂ္ဂိုလ်အရာ၌ထား၍ မေတ္တာပွားလျှင်ပင်ပန်း၏။ မှန်ပေ၏။ ထိုအလွန်ချစ်အပ်သောသူအား အနည်းငယ်မျှဆင်းရဲဒုက္ခ ဖြစ်သည်ကိုကြားရလျှင် ငိုမည့်အခြင်းအရာသို့ ရောက်တတ်၏။

အလယ်အလတ်ပုဂ္ဂိုလ်ကို အလေးပြုအပ်သူအရာ၌လည်းကောင်း၊ ချစ်အပ်သူအရာ ၌လည်းကောင်းထား၍ မေတ္တာပွားလျှင် ပင်ပန်း၏။

ရန်သူကို မေတ္တာပွားပို့ရန် အောက်မေ့ဆင်ခြင်လိုက်လျှင်ပင် အမျက်ထွက်တတ်၏။ ထို့ကြောင့် **အထက်ပါပုဂ္ဂိုလ်၄-ဦးကိုရှေးဦးစွာမေတ္တာမပွားပို့အပ်ပါ။**

လိင်အသွင်မတူသောပုဂ္ဂိုလ်ကို ထိုသူတစ်ဦးတည်းကိုသာလျှင် အာရုံပြု၍ သီးသန့်ပိုင်းခြား၍ မေတ္တာပွားပို့လျှင် တပ်မက်စွဲလန်းမှု - ရာဂ ဖြစ်တတ်၏ အမတ်တစ်ဦး၏ သားသည် ဆွမ်းခံလာနေကျ မထေရ်ကို "မည်သူအား မေတ္တာပွားရပါသလဲ" ဟု မေးလျှောက်ရာ မထေရ်က"ချစ်သည့်ပုဂ္ဂိုလ်၌ မေတ္တာပွားအပ် ၏"ဟု ဖြေကြား၏။

ထို**အမတ်၏သား**သည် မိမိ၏ဇနီးကိုချစ်သဖြင့် ဇနီးကို မေတ္တာပွားပို့ရာ ရာဂဖြစ်ပေါ်လာသဖြင့် မိမိအခန်းမှ ဇနီးရှိရာအခန်းသို့ သွားလို၏။ ထို့ကြောင့် နံရံနှင့်ဦးခေါင်းတိုးဝှေ့တိုက်ခိုက်လျက် တစ်ညဥ့်လုံး စစ်ထိုးရလေသတတ်။ ထိုသို့အတွက် **လိင်မတူသော ဝိသဘာဂပုဂ္ဂိုလ်အား ထိုသူကိုချည်းအာရုံပြု၍သူ့ချည်းသီးခြားဝေဖန်သောအားဖြင့် မေတ္တာမပွားအပ်ပါ။**

**သေဆုံးလေပြီးသောသူကို မေတ္တာပွားပို့လျှင် ဈာန်အပ္ပနာသို့လည်း မရောက်၊ဥပစာရသမာဓိသို့သော်လည်း မရောက်ပါ။** ရဟန်းငယ်တစ်ပါးသည် မိမိ၏ဆရာကိုအာရုံပြု၍ မေတ္တာပွားရာ မေတ္တာမဖြစ်ဘဲ ရှိ၏။ မထေရ်ကြီး တစ်ပါး ထံသွားပြီး "အရှင်ဘုရား၊ တပည့်တော်သည် မေတ္တာဈာန်သမာပတ်ကို အဝါးဝအောင် လေ့ကျင့်ထားပါ၏။ သို့သော် ယခု ဆရာကိုမေတ္တာပွားရာ ဥပစာရသမာဓိ မျှ မဖြစ်ပါ"ဟု လျှောက်ထား၏။

မထေရ်ကြီးက "ငါ့ရှင်၊ အာရုံပြုသူကို ရှာကြည့်ပါဦး"ဟု မိန့်ဆို၏။ ရှာကြည့်သည့်အခါ ဆရာကွယ်လွန်ကြောင်း သိရ၏။ ရဟန်းငယ်သည် အခြားပုဂ္ဂိုလ်ကို ပြောင်း၍ မေတ္တာပွားပို့ရာ ဈာန်သမာပတ်သို့ ရောက်လေ၏။

ထို့ကြောင့် **သေဆုံးပြီးသူကိုမည်သည့်အခါမျှမေတ္တာမပွားအပ်ပါ။**

**မိမိကိုသာရှေးဦးစွာမေတ္တာပွားသင့်ပုံ**

ခပ်သိမ်းကုန်သော ပုဂ္ဂိုလ်အပေါင်းတို့တွင် မိမိကိုသာ ရှေးဦးစွာမေတ္တာပွား

သင့်၏။ မေတ္တာပွားပုံမှာ -

*အဟံ သုခိတော ဟောမိ နိဒ္ဒုက္ခော* –ငါသည် ချမ်းသာလို၏၊ ဆင်းရဲကင်းလို၏။

*အဟံ အဝေရော ဟောမိ* – ငါသည် ဘေးကင်းရန်ကင်းသည် ဖြစ်လို၏။

*အဗျာ ပဇ္ဈောဟောမိ* – စိတ်ဆင်းရဲကင်းသည် ဖြစ်လို၏။

*အနီဃောဟောမိ* – ကိုယ်ဆင်းရဲကင်းသည် ဖြစ်လို၏။

*သုခီ အတ္တာနံ ပရိဟရာမိ* – ချမ်းသာနှင့်ပြည့်စုံသည်ဖြစ်၍ မိမိကိုယ်ကိုရွက်ဆောင်နိုင်ပါစေ။

အထက်ပါနည်းငါးမျိုးတွင် နည်းတစ်မျိုးဖြင့် မိမိကိုယ်၌ အဖန်တလဲလဲ မေတ္တာပွား အပ်၏။

**ပါဠိတော်စကားသုံးရပ်နှင့် မဆန့်ကျင်ပုံ**

(၁) **အဘိဓမ္မာဝိဘင်းပါဠိတော်**၌ "*ချစ်အပ်မြတ်နိုးအပ်သော ပုဂ္ဂိုလ်တစ်ယောက်ကိုမြင်၍ မေတ္တာပွားရာသကဲ့သို့ အလုံးစုံသော သတ္တဝါတို့ကို မေတ္တာဖြန့်ရာ၏*"ဟု ပြဆို၏။

(၂) **ပဋိသမ္ဘိဒါမဂ်ပါဠိတော်**၌ "*အပိုင်းအခြားအကန့်အသတ်မရှိဘဲ ဖြန့်အပ်သော မေတ္တာ စေတောဝိမုတ္တိကို အောက်ပါ ငါးပါးသောအခြင်းအရာတို့ဖြင့်ပွားစေအပ်၏။*

၁။ *သဗ္ဗေသတ္တာ အဝေရာဟောန္တု*– အလုံးစုံသောသတ္တဝါတို့သည် ဘေးရန်ကင်းကြပါစေ၊

*အဗျာပဇ္ဈာ ဟောန္တု* – စိတ်ဆင်းရဲကင်းကြပါစေ၊

*အနီဃာ ဟောန္တု* – ကိုယ်ဆင်းရဲကင်းကြပါစေ၊

*သုခီ အတ္တနံ ပရိဟရန္တု* – ချမ်းသာနှင့်ပြည့်စုံ၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၂။ *သဗ္ဗေ ပါဏာ* – အလုံးစုံသော အသက်ရှုသူတို့သည် အထက်ပါအတိုင်း ၄-ချက်ပွားပါ၊

၃။ *သဗ္ဗေ ဘူတာ* – အလုံးစုံသော ကိုယ်ထင်ရှားသူတို့သည် အထက်ပါအတိုင်း ၄-ချက်ပွားပါ၊

၄။ *သဗ္ဗေ ပုဂ္ဂလာ* – အလုံးစုံသော ပုဂ္ဂိုလ်တို့သည် အထက်ပါအတိုင်း ၄-ချက်ပွားပါ၊

၅။ *သဗ္ဗေ အတ္တဘာဝပရိယာပန္နာ* – အလုံးစုံသော အတ္တဘော၌ အတွင်းဝင်သူတို့သည်အထက်ပါအတိုင်း ၄-ချက်ပွားပါ"ဟုညွှန်ကြား၏။

(၃) **မေတ္တာသုတ်ပါဠိ**၌ "*သုခိနောဝ ခေမိနော ဟောန္တု သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ- သတ္တဝါအားလုံးတို့သည် ချမ်းသာနှင့်ပြည့်စုံကုန်သည် ဘေးငြိမ်းကုန်သည် ချမ်းသာနှင့် ပြည့်စုံသော ကိုယ်စိတ်ရှိကုန်သည် ဖြစ်ကြပါစေ*" စသည်ဖြင့် ဟော

ကြားတော်မူ၏။

အထက်ပါဋ္ဌိတော်သုံးရပ်၌ မိမိကိုယ်ကို မေတ္တာပွားရန် မဟောခဲ့ပေ။ ထို့ကြောင့် "မဆန့်ကျင်ဘူးလား"ဟု မေးဖွယ်ရာရှိ၏။ မဆန့်ကျင်ပါ။ အကြောင်းမှာ ထိုပါဠိစကားသုံးရပ်ကို အပ္ပနာဈာန်ကို ဆောင်တတ်သော ဘာဝနာ၏အစွမ်းဖြင့် ဟောထားသောကြောင့် ဖြစ်ပေ၏။ မိမိကိုယ်ကို "ငါသည် ချမ်းသာလို၏၊ ဆင်းရဲ ကင်းလို၏"ဟု အနှစ်တစ်ရာပတ်လုံး အနှစ်တစ်ထောင်ပတ်လုံး မေတ္တာပွားများ စေကာမူ ဈာန်မရနိုင်ပါ။

ဝိသုဒ္ဓိမဂ်၌ "မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွားအပ်၏"ဟူသောစကားကို သက်သေထားရန်အတွက် ဆိုထားခြင်းဖြစ်ပေ၏။ ငါသည် ချမ်းသာလို၏၊ ဆင်းရဲကိုစက်ဆုပ်၏၊ အသက်ရှည်လို၏၊ သေခြင်းကိုအလိုမရှိပါ။ ထို့အတူ ငါမှတစ်ပါးသော အခြားသတ္တဝါတို့ လည်း ဤအတူပင်ဟု မိမိကိုယ်ကိုသက်သေပြု၍ (ဝါ) ကိုယ်ချင်းစာနာ၍ အခြားသော သတ္တဝါတို့၏စီးပွားချမ်းသာကို လိုလားခြင်းသည် ဖြစ်ပေါ် လာ၏။ မြတ်စွာဘုရားသည်လည်း -

*"အလုံးစုံသောအရပ်မျက်နှာများသို့ စိတ်ဖြင့်လှည့်လည်၍ ရှာဖွေကြည့်သော်လည်း မိမိထက်သာ၍ချစ်အပ်သောသူကို မမြင်တွေ့လေရာ။ မိမိမှတစ်ပါးသော အခြားသူတို့သည်လည်း သူတို့၏ကိုယ်အသီးသီးကို ဤအတူပင် ချစ်အပ်ပေ၏။ ထို့ ကြောင့် မိမိ၏ စီးပွားချမ်းသာကို အလိုရှိသောသူသည် သူတစ်ပါးကို မညှဉ်းဆဲရာ"* ဟူ၍ ဟောတော်မူလျက် မိမိကိုယ်ကိုသက်သေပြု၍မေတ္တာပွားသောနည်း ကိုပြတော်မူပေသည်။

**မေတ္တာပွားပုံ အစီအရင်**

၁။ **မိမိကိုယ်**ကို သက်သေအရာ၌ ထားရန်အကျိုးငှာ "ငါသည် ချမ်းသာလို၏၊ ဆင်းရဲကင်းလို၏"စသည်ဖြင့် မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွားရမည်။

၂။ မေတ္တာဖြစ်လွယ်စေရန် ချစ်အပ်၊ မြတ်နိုးအပ်၊ အလေးပြုအပ်၊ မေတ္တာပွားအပ်သောမိမိ၏ဆရာဖြစ်စေ၊ ဆရာနှင့်တူမျှသူဖြစ်စေ၊ ဥပဇ္ဈာယ်ဖြစ်စေ၊ ဥပဇ္ဈာယ်နှင့်တူမျှသူဖြစ်စေ ထိုချစ်ခင်လေးမြတ်အပ်သော '**ပိယပုဂ္ဂိုလ်**'ကို မေတ္တာပွားရမည်။ ထိုသူ၏ ချစ်ခင်မြတ်နိုးဖွယ်ဖြစ်စေကြောင်းဖြစ်သော ပေးကမ်းမှု၊ ကူညီမှု၊ ချစ်ဖွယ် စကားပြောဆိုမှုတို့ကိုလည်းကောင်း၊ အလေးပြုအပ်၊ မေတ္တာပွားအပ်သူဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော သီလ-သုတ စသည်တို့ကိုလည်းကောင်း အောက်မေ့ဆင်ခြင်၍ "ဤသူတော်ကောင်းသည် ကိုယ်စိတ်နှစ်ဖြာချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ" ဤသို့အစရှိသောနည်းဖြင့် မေတ္တာကို ပွားအပ်၏။ ဤသို့သောပုဂ္ဂိုလ်တွင် အပ္ပနာဈာန်သည် ပြီးစီးပြည့်စုံနိုင်၏။

၃။ ယောဂီရဟန်းသည် ဤမျှဖြင့် မရောင့်ရဲဘဲ '**သီမာသမ္ဘေဒ**'ခေါ် ပုဂ္ဂိုလ်နယ်ပယ်ကန့်သတ်ချက်ကို ပယ်ဖျက်လိုလျှင် အလွန်ချစ်အပ်သော '**အတိပ္ပိယပုဂ္ဂိုလ်**'၊

ထို့နောက် အလယ်အလတ်ဖြစ်သော **'မဇ္ဈတ္တပုဂ္ဂိုလ်'**၊ ထို့နောက် ရန်သူဖြစ်သော **'ဝေရီပုဂ္ဂိုလ်'**အသီးသီးကို မေတ္တာပွားရမည်။ စိတ်ကိုနူးညံ့အောင် ဘာဝနာအမှု၌ ခန့်ကျန်းသန်စွမ်းအောင်ပြု၍ ပုဂ္ဂိုလ်အသီးသီး၌ အပွနာစျာန်ပြည့်စုံသည်အထိ မေတ္တာကို ပွားအပ်၏။

၄။ အကြင်ယောဂီပုဂ္ဂိုလ်၌ ရန်သူပုဂ္ဂိုလ်မရှိသော် သို့မဟုတ် ယောကျ်ားမြတ်တို့၏ သဘောရှိသဖြင့် အကျိုးမဲ့ကိုပြုသောသူ၌ပင်လျှင် ရန်သူဟုအမှတ်မထားသော် ထိုယောဂီပုဂ္ဂိုလ်သည် "ငါ၏မေတ္တာစိတ်သည် မဇ္ဈတ္တပုဂ္ဂိုလ်၌ ခန့်ကျန်းစွာဖြစ်ပြီ၊ ထိုမဇ္ဈတ္တပုဂ္ဂိုလ်ကို ဝေရီအဖြစ်သို့ ဆောင်အံ့"ဟု ကြောင့်ကြစိုက်မှု မပြုရတော့ပေ။ ရန်သူရှိသူတို့သာ မဇ္ဈတ္တပုဂ္ဂိုလ်ကို မေတ္တာပွားပြီးနောက် ဝေရီပုဂ္ဂိုလ်ကို မေတ္တာပွားအပ်၏။

၅။ ရန်သူပုဂ္ဂိုလ်၌ မေတ္တာစိတ်ကို ဆောင်ပို့သောယောဂီအား ထိုရန်သူက ပြုခဲ့ ဖူးသည့်ပြစ်မှားမှုကို အမှတ်ရသဖြင့် အကယ်၍ အမျက်ဒေါသဖြစ်ပေါ်ငြားအံ့၊ သို့ဖြစ်လျှင် ရှေ့ကမေတ္တာပွားပို့ခဲ့သော ပိယပုဂ္ဂိုလ်၊ အံတိပ္ပိယပုဂ္ဂိုလ်၊ မဇ္ဈတ္တ ပုဂ္ဂိုလ်တို့တွင် တစ်ဦးဦးသောပုဂ္ဂိုလ်၌ အဖန်တလဲလဲ မေတ္တာစျာန်ကို ဝင်စားအပ်၏။ ထို့နောက် စျာန်မှထ၍ ထိုရန်သူပုဂ္ဂိုလ်ကို အဖန်တလဲလဲ မေတ္တာပွားခြင်းဖြင့် အမျက်ဒေါသကို ပယ်ဖျောက်အပ်၏။ ဤသို့အားထုတ်ပါသော်လည်း အမျက်ဒေါသမငြိမ်းသေးလျှင် အောက်ပါနည်း(၁၀)မျိုးဖြင့် အမျက်ကို ပြေပျောက်စေရမည်။

**အမျက်ဒေါသပယ်ဖျောက်နည်း ၁၀ မျိုး**

**၁။ လွှဥပမာအဆုံးအမကို ဆင်ခြင်ခြင်း (ကကစူပမသြဝါဒ)**

*"ရဟန်းတို့ . . . ခိုးသူစားပြတို့သည် ငါးမန်းစွယ်လွှကြီးဖြင့် ကိုယ်အင်္ဂါကြီးငယ်တို့ကိုတိုက်ဖြတ်ကုန်ရာ၏၊ ထိုသို့တိုက်ဖြတ်ကြရာ၌သော်လည်း တိုက်ဖြတ်ခံရသောသူသည် စိတ်ကိုပြစ်မှားစေငြားအံ့၊ အမျက်ဒေါသထွက်ငြားအံ့၊ ထိုသူသည် ငါဘုရား၏ အဆုံးအမ ကို လိုက်နာသည်မမည်ပေ"*

*"အကြင်သူသည် အမျက်ထွက်သောသူကို တုံ့ပြန်၍အမျက်ထွက်၏၊ ထိုသူသည် ပထမအမျက်ထွက်နေသောသူထက်ပင် သာ၍ယုတ်မာသူ ဖြစ်လေ၏။ အမျက်ထွက်သောသူကို တုံ့ပြန်၍အမျက်မထွက်ဘဲ သည်းခံနိုင်သောသူသည် အောင်နိုင်ခဲသောစစ်ပွဲကိုအောင်နိုင်သူမည်ပေ၏"*

*"အကြင်သူသည် သူတစ်ပါးကို ပြင်းစွာအမျက်ထွက်နေကြောင်းသိပြီးလျှင် သတိပြုလျက် အမျက်မထွက်ဘဲ ငြိမ်းချမ်းစွာနေ၏။ ထိုသူသည် မိမိနှင့်သူတစ်ပါး နှစ်ဦးသားလုံးတို့၏အကျိုးကို ကျင့်သည်မည်ပေ၏"*

ဤဘုရားဟောဒေသနာကို ဆင်ခြင်ခြင်းဖြင့် မိမိ၏အမျက်ဒေါသကို ပြေပျောက်စေရာ၏။

## ၂။ ရန်သူနှစ်သက်ဝမ်းသာကြောင်းတရား ၇-ပါး

*"ရဟန်းတို့ . . ရန်သူတို့၏အကြိုက်ဖြစ်ပြီး ရန်သူတို့က ပြုထိုက်သော ဤတရား ၇-ပါးတို့သည် အမျက်ထွက်သောမိန်းမထံသို့ဖြစ်စေ ယောကျ်ားထံသို့ဖြစ်စေရောက်လာ ကုန်၏။*

*(၁) ရန်သူသည် ရန်သူ၏အဆင်းလှခြင်းကို မနှစ်သက်။ ထို့ကြောင့်'ဤသူသည် အဆင်းမလှ အရုပ်ဆိုးသူဖြစ်ပါမူ ကောင်းလေစွ'ဟု အလိုရှိ၏ အမျက်ဒေါသ လွှမ်းမိုး၍နှိပ်စက်ခြင်းကို ခံရသောသူသည် လှပစွာဝတ်စားဆင်ယင်ထားသည် ဖြစ်စေကာမူအဆင်းမလှ၊ အရုပ်ဆိုးသူသာ ဖြစ်ချေ၏။*

*(၂) ရန်သူသည် ရန်သူအား 'ဤသူသည် ဆင်းရဲစွာ အိပ်ရပါမူ ကောင်းလေစွ'ဟု အလိုရှိ၏။*

*(၃) 'ဤသူသည် များသောအံကျိုးစီးပွားနှင့် မပြည့်စုံပါမူ ကောင်းလေစွ'ဟု အလိုရှိ၏။*

*(၄) 'ဤသူသည် စည်းစိမ်ဥစ္စာနှင့် မပြည့်စုံပါမူ ကောင်းလေစွ'ဟု အလိုရှိ၏။*

*(၅) 'ဤသူသည် အခြွေအရံနှင့် မပြည့်စုံပါမူ ကောင်းလေစွ'ဟု အလိုရှိ၏။*

*(၆) 'ဤသူသည် မိတ်ဆွေမရှိသည်ဖြစ်ပါမူ ကောင်းလေစွ'ဟု အလိုရှိ၏။*

*(၇) 'ဤသူသည် ခန္ဓာကိုယ်ပျက်စီး၍ သေလွန်သောအခါ သုဂတိနတ်ပြည်သို့ မရောက်ပါမူ ကောင်းလေစွ'ဟု အလိုရှိ၏။*

*"ရဟန်းတို့. . . . အမျက်ထွက်သောသူသည် အမျက်ဒေါသက လွှမ်းမိုးနှိပ်စက် အပ်သောကြောင့် ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် မကောင်းမှု ဒုစရိုက်များကို ပြုကျင့်ပြီး လျှင် သေသည်မှ နောက်ကာလ၌ အပါယ်ဘုံသို့ ကျရောက်၏"*

*"ရဟန်းတို့ . . . . အစွန်းနှစ်ဖက်၌ မီးလောင်ထားပြီး အလယ်၌ မစင်လူးနေ သော လူသေကောင်ဖုတ်သည့် ထင်းကုလားသည် ရွာ၌ဖြစ်စေ တော၌ဖြစ်စေ သစ် သားဖြင့် ပြုဖွယ်ကိစ္စများကို မပြီးစီးစေနိုင်သကဲ့သို့ အဘိဇ္ဈာ၊ ဗျာပါဒစသည် ဖြစ် ပွားနေသော အမျက်ထွက်သည့် ပုဂ္ဂိုလ်ကို ထိုထင်းကုလားနှင့် တူသည်"*ဟု ငါဘုရား မိန့်တော်မူ၏။

ထို့ကြောင့် အမျက်ထွက်နေသောသူသည် မြတ်စွာဘုရား၏အဆုံးအမကို လိုက် နာသူ လည်းမဖြစ်၊ တုံ့ပြန်၍ အမျက်ထွက်သောကြောင့် ပထမအမျက်ထွက်သူထက် ပို၍ယုတ်မာသူဖြစ်လျက် အောင်နိုင်ခဲသောစစ်ပွဲကိုလည်း မအောင်နိုင်၊ ရန်သူကပြု ထိုက်သော ရန်သူနှစ်သက်ဝမ်းသာကြောင်းတရား ၇-ပါးတို့ကိုလည်း မိမိကိုယ်တိုင်ပင် မိမိအား ပြုရာရောက်နေပေ၏။ လူ့စည်းစိမ်လည်းဆုံးရှုံး၊ ရဟန်းကိစ္စလည်းမပြီးသဖြင့် ထင်းကုလားတုံး နှင့် တူပေ၏။ ဤသို့ မိမိကိုယ်ကို ဆုံးမလျက် အမျက်ဒေါသကို ပယ်

အပ်၏။

## ၃။ ရန်သူ၏ကောင်းသောအမူအကျင့်တို့ကို ဆင်ခြင်ခြင်း

ယောဂီပုဂ္ဂိုလ်သည် အမျက်ဒေါသမပြေငြိမ်းသေးလျှင် ရန်သူ၏ကောင်းသောအမူအကျင့်တို့ကို အောက်မေ့ဆင်ခြင်အပ်၏။ အကြင်သို့သော အမူအကျင့်သည် ကိလေသာမှ ငြိမ်း၏၊ ဖြူစင်သန့်ရှင်း၏ အောက်မေ့သည်ရှိသော် စိတ်ကြည်လင်ခြင်းကို ဆောင်၏။ ထိုထိုကောင်းသော အမူအကျင့်တို့ကို အဖန်တလဲလဲအောက်မေ့၍ အမျက်ဒေါသကို ပယ်ဖျောက်အပ်၏။

(၁) အချို့သောသူသည် ကိုယ်ကျင့်ကောင်း၏၊ ကျင့်ဝတ်များစွာကို ပြုကျင့်၏၊ ထိုသူ၏ကိုယ်ကျင့်ကောင်းစွာစောင့်စည်းထားခြင်းကို ခပ်သိမ်းသူတို့သိကြ၏။ သို့ သော် ထိုသူသည် နှုတ်အကျင့်၊ စိတ်အကျင့်တို့ကိုကား မစောင့်စည်းချေ။ ထိုသူ၏ နှုတ်အကျင့်၊ စိတ်အကျင့်တို့ကို မဆင်ခြင်ဘဲ ကိုယ်ကျင့်ငြိမ်သက်ခြင်းကိုသာ အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။

(၂) အချို့သောသူသည် နှုတ်အကျင့်ကို စောင့်စည်း၏၊ ပင်ကိုယ်သဘောအားဖြင့် ညီညွတ်အောင် စေ့စပ်, နှီးနှောပြောဆိုတတ်၏၊ ပြေပြစ်အောင် နားချမ်းသာအောင်ပြောတတ်၏၊ သာယာချိုအေးသောအသံဖြင့် တရားကို ရွတ်ဆို၏။ သို့သော် ကိုယ်အကျင့်၊ စိတ်အကျင့်တို့ကို စောင့်ထိန်းခြင်းမရှိ၊ ထိုသူ၏ ကိုယ်အကျင့်၊ စိတ်အကျင့်တို့ကို မဆင် ခြင်မူဘဲ စောင့်စည်းထိန်းသိမ်းထားသော နှုတ်အကျင့်ကိုသာ အဖန်တလဲလဲ ဆင်ခြင် အပ်၏။

(၃) အချို့သောသူသည် စိတ်အကျင့်ကိုသာ စောင့်စည်း၏၊ ထိုသို့စောင့်စည်းသည့်အဖြစ်ကို စေတီတော်၊ ဗောဓိပင်၊ မထေရ်ကြီးတို့ကို ရှိခိုးဦးချရာ၌ ကောင်းမွန်ရိုသေစွာ ရှိခိုးဦးချတတ်ခြင်းတို့ကို ထောက်ရှု၍ လူအပေါင်းတို့သိနိုင်၏။ စိတ်မစောင့်စည်းသောသူသည် စေတီတော်၊ ဗောဓိပင်၊ မထေရ်ကြီးတို့ကို ကောင်းမွန် ရိုသေစွာ ရှိမခိုး၊ တရားနာသောအခါ စိတ်ပျံ့လွင့်၍ ငိုက်မျည်းလျက်ထိုင်ကာ တရားနာ၏။ စိတ်ကိုငြိမ်သက်အောင် စောင့်စည်းထားသူသည် သဒ္ဓါယုံကြည်စွာ ရှိခိုး၏၊ နားစိုက်လျက်လိုချင်မှုဆန္ဒပြင်းပြစွာ ဖြင့် တရားနာ၏။ ထိုသူ၏ ကိုယ် အကျင့်နှုတ်အကျင့်တို့ကို မဆင်ခြင်ဘဲ စိတ်အကျင့်ကိုသာလျှင် အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။

(၄) အချို့သောသူသည် ကိုယ်၊ နှုတ်၊ နှလုံး၊ သုံးပါးလုံး မငြိမ်သက်၊ မအေးချမ်းဘဲ အကျင့်ညစ်သူဖြစ်၏။ ထိုပုဂ္ဂိုလ်၌ "ဤသူသည် ယခုသာလျှင် လူ့လောက၌ ကျက်စားသွားလာကျင်လည်နေရ၏။ စင်စစ်သော်ကား ရက်အနည်းငယ်လွန်သည့် အခါ ငရဲကြီးရှစ်ထပ်၊ ဥဿဒငရဲငယ် ၁၆-ရပ်သို့ ကျရောက်ပြီး အကြီးအကျယ် ဆင်းရဲရှာလိမ့်မည်"ဟု ဆင်ခြင်ကာ သနားကြင်နာမှု ကရုဏာကို ဖြစ်စေအပ်၏။ ကရုဏာဖြစ်ခြင်းကို အကြောင်းပြု၍ ရန်ငြိုးဖွဲ့ခြင်းသည် ပြေငြိမ်းနိုင်၏။

(၅) အချို့သောပုဂ္ဂိုလ်သည်ကား ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံး ငြိမ်သက်အေးချမ်းကောင်းမွန်၏။ ထိုကောင်းမွန်သည့် ကိုယ်နှုတ်စိတ် အကျင့်သုံးမျိုးအနက် မိမိအလိုရှိရာအကျင့်တရားကို အဖန် တလဲလဲ အောက်မေ့ဆင်ခြင်ခြင်းဖြင့် အမျက်ဒေါသကို ပြေငြိမ်းစေအပ်၏။ ထိုသို့သော ပုဂ္ဂိုလ်ကို မေတ္တာပွားများရန် မခဲယဉ်းချေ။

**၄။ မိမိကိုယ်ကိုဆုံးမ၍ အမျက်ပြေခြင်း**

ယောဂီပုဂ္ဂိုလ်သည် အထက်ပါနည်းတို့ဖြင့် အမျက်ဒေါသကို မပယ်ဖျောက်နိုင်သေးလျှင် မိမိကိုယ်ကိုဆုံးမ၍ အမျက်ဒေါသကို ပယ်ဖျောက်အပ်၏။ မိမိကိုယ်ကိုဆုံးမပုံမှာ-

*(၁) "ရန်သူသည် သင့်ကို ဆင်းရဲအောင်ပြုလုပ်ရာ၌ ကိုယ်ဆင်းရဲအောင်သာ ပြုလုပ်နိုင်၏။ စိတ်ဆင်းရဲအောင်မပြုလုပ်နိုင်ပါ။ သင်၏စိတ်ဆင်းရဲမှုကို ရန်သူဝမ်းမြောက်အောင် အဘယ့်ကြောင့် သင်ကိုယ်တိုင် ပြုလုပ်နေရပါသနည်း"*

*(၂) "သင်သည် ကျေးဇူးများသည့် ဆွေမျိုးအပေါင်းကို စွန့်ခွာ၍ရဟန်းပြုနိုင်ခဲ့ပါ လျက် မျက်မှောက်တမလွန် နှစ်တန်သောကာလ၌ ကြီးစွာသော အကျိုးမဲ့ကိုပြုတတ်သည့် အမျက်ဒေါသဟူသော ရန်သူကို အဘယ်ကြောင့် မစွန့်နိုင်ပါသနည်း"*

*(၃) "သင်သည် သီလကိုစောင့်ထိန်းပါလျက် သီလ၏အရင်းအမြစ်ဖြစ်သော ဟိရီ၊ ဩတ္တပ္ပ၊ ခန္တီ၊ မေတ္တာ၊ ကရုဏာတို့ကို ဖြတ်တတ်သည့် အမျက်ဒေါသကိုအလိုလိုက်ထားဘိ၏။ သင်လောက်မိုက်သောသူသည် အဘယ်မှာရှိတော့အံ့နည်း"*

*(၄) "အို - ပညာရှိ၊ သူတစ်ပါးက ငါ့အားယုတ်မာသည့်ပြစ်မှားမှုကို ပြုလေပြီဟူ၍ သင်သည် အမျက်ထွက်၏။ သင်သည် သူတစ်ပါးပြုသည့် ထိုပြစ်မှားမှုနှင့်တူသော ယုတ်မာသည့်ပြစ်မှားမှုကို ကိုယ်တိုင်ပြုခြင်းကို အဘယ့်ကြောင့် အလိုရှိပါသနည်း"*

*(၅) "အို - ပညာရှိ၊ သူစိမ်းရန်သူက သင့်ကို အမျက်ထွက်စေလိုသောကြောင့် မနှစ်သက်ဖွယ်အမှုကို အကယ်၍ပြုငြားအံ့၊ သင်သည် အမျက်ဒေါသထွက်ခြင်းဖြင့် ထိုရန်သူ၏ နှလုံးအလိုပြည့်အောင် အဘယ့်ကြောင့် ပြုလုပ်သနည်း"*

*(၆) "အမျက်ထွက်သောသင်သည် ရန်သူဆင်းရဲဒုက္ခရောက်အောင် ပြုနိုင်သည်လည်းဖြစ်ရာ၏၊ မပြုနိုင်သည်လည်း ဖြစ်ရာ၏၊ သင့်ကိုယ်ကိုမူကား ယခုလက်ငင်းပင်လျှင် အမျက်ထွက်ခြင်းဟူသော ဆင်းရဲဒုက္ခဖြင့် သင့်ကို နှိပ်စက်နေချေပြီ တကား"*

*(၇) "ရန်သူတို့သည် အမျက်ဒေါသဖြင့် ဉာဏ်မြင်ကန်းကြသည်ဖြစ်၍ အကျိုးမဲ့လမ်းများသို့ အကယ်၍လိုက်သွားကြငြားအံ့၊ သင်သည်လည်း အမျက်ထွက်လျက် ရန်သူတို့ကို အတုလိုက်ကာ အဘယ့်ကြောင့်ပြုကျင့်ဘိသနည်း"*

*(၈) "ရန်သူသည် အကြင်ဒေါသကိုမှီ၍ မုန်းဖွယ်အမှုကို သင့်အားပြုခဲ့လေပြီ။ အကြောင်းရင်း အရှင်သခင်ဖြစ်သော ထိုဒေါသကိုသာလျှင် ပယ်ဖြတ်ပါလော့။ ဒေါသ*

*၏ အစေခံမျှဖြစ်၍ ဖြတ်ရန်အရာမဟုတ်သော ထိုရန်သူ၌ အမျက်ထွက် ခြင်းဖြင့် အဘယ့်ကြောင့် ပင်ပန်းနေဘိသနည်း”*

*(၉) “ပရမတ်ရုပ်နာမ်တရားသည် တစ်ခဏမျှသာ တည်ကြခြင်းကြောင့် သင့်အား မနှစ်သက်ဖွယ်ကိုပြုသော ရန်သူ၏ခန္ဓာတို့သည် ချုပ်သွားလေကုန်ပြီ။ ထို ရန်သူ၏သန္တာန်၌ အဘယ်ခန္ဓာကို သင်အမျက်ထွက်မည်နည်း”*

*(၁၀) “ရန်သူက သင့်အား ဆင်းရဲဒုက္ခကို ပြုသည်ဆိုလျှင် ဆင်းရဲအပြုခံသင် နှင့်ကင်း၍ ရန်သူသည် အဘယ်သူအား ဆင်းရဲဒုက္ခကို ပြုနိုင်အံ့နည်း။ သို့ဖြစ်၍ ဆင်းရဲအပြုခံရသော သင်ကိုယ်တိုင်လည်း ဆင်းရဲပြုခြင်း၏အကြောင်းဖြစ်ပေ၏။ ဤသို့ ပြုသူခံသူ နှစ်ဦးစလုံးပင် ဆင်းရဲပြုခြင်း၏အကြောင်းဖြစ်ပါလျက် ဆင်းရဲပြုသူတစ်ဦးတည်းကို အဘယ့်ကြောင့် သင်အမျက်ထွက်နေဘိသနည်း”*

ဤသို့သောနည်းဖြင့် ယောဂီပုဂ္ဂိုလ်သည် မိမိကိုယ်ကို ဆုံးမအပ်၏။

## ၅။ ကံသာလျှင်ကိုယ်ပိုင်ဥစ္စာရှိသည့်အဖြစ်ကိုဆင်ခြင်ခြင်း

(၁) မိမိကိုယ်ကို ဆုံးမပါသော်လည်း အကယ်၍ အမျက်ဒေါသမပြေငြိမ်းသေးလျှင် မိမိနှင့်သူတစ်ပါးတို့၏ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည့်အဖြစ်ကို ဆင်ခြင်ရာ၏။ ထိုသို့ ဆင်ခြင်ရာ၌ ရှေးဦးစွာ မိမိ၏ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိပုံကို ဤသို့ ဆင်ခြင်အပ်၏-

*“အို. . အချင်း၊ သင်သည် ထိုသူအား အမျက်ထွက်သဖြင့် အဘယ်ကို ပြုမည်နည်း။ ဒေါသလျှင် အကြောင်းရှိသော သင်ပြုသည့်မကောင်းမှုကံသည် သင့် အားသာလျှင် အကျိုးမဲ့ကိုဖြစ်စေလိမ့်မည်။ မှန်ပေ၏။ သင်သည် သင်ကိုယ်တိုင်ပြုသည့် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏၊ ထိုကံ၏အမွေခံဖြစ်၏၊ ကံသာလျှင် ဆင်းရဲရန် ချမ်းသာရန် အကြောင်းရှိ၏၊ ကံသာလျှင် အဆွေအမျိုးဖြစ်၏၊ ကံသာလျှင် အားကိုးရာရှိ၏။*

*“သင်ပြုသောမကောင်းမှုကံသည် သမ္မာသမ္ဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သာဝကဗောဓိဉာဏ်တို့ကို မပြီးစေနိုင်ပါ။ ဗြဟ္မာ၊ သိကြား၊ စကြာဝတေးမင်း၊ ပဒေသရာဇ် မင်း စသည်တို့၏ စည်းစိမ်မျိုးကိုလည်း မပြီးစေနိုင်ပါ။ စင်စစ်သော်ကား သင်၏ မကောင်းမှုကံသည် သာသနာတော်မှ ရွေ့လျောစေ၍ စားကြွင်းစားစသည်ကို ဖြစ်စေနိုင်၏။ ငရဲဆင်းရဲစသည့် ဆင်းရဲအထူးကိုလည်း ဖြစ်စေနိုင်၏။*

*“မကောင်းမှုကံပြုသောသင်သည် မီးလျှံကင်းသောမီးကျီးခဲ သို့မဟုတ် မစင်ကို လက်ဖြင့်ကိုင်၍ သူတစ်ပါးကို ပုတ်ခတ်သောယောကျ်ားကဲ့သို့ မိမိကိုသာရှေးဦးစွာ မီးလောင်လိမ့်မည်၊ သို့မဟုတ် မစင်နံ့ နံစော်လိမ့်မည်”ဟု* ဆင်ခြင်အပ်၏။

(၂) မိမိကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်ကို ဆင်ခြင်ပြီးလျှင် သူတစ်ပါး၏ကံသည်လည်း သူ၏ဥစ္စာရှိပုံကို ဤသို့ဆင်ခြင်အပ်၏-

*"သင်၏ရန်သူသည် သင့်အားအမျက်ထွက်သဖြင့် မကောင်းမှုကို ပြု၏။ ထိုမကောင်းမှုကံသည် ထိုသူအား အကျိုးမဲ့ကို ဖြစ်စေလိမ့်မည်။ ထိုသူသည် သူကိုယ်တိုင်ပြုသည့် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။ ထိုကံ၏ အမွေခံဖြစ်၏၊ ထိုကံသာလျှင် သူ၏ဆင်းရဲ, ချမ်းသာရန် အကြောင်းရှိ၏၊ ထိုကံသာလျှင်အဆွေအမျိုးဖြစ်၏၊ ထိုကံသာလျှင် သူ၏အားကိုးရာရှိ၏။*

*"သင့်ရန်သူပြုသော မကောင်းမှုကံသည် သမ္မာသမ္ဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သာဝကဗောဓိဉာဏ်တို့ကို မပြီးစေနိုင်ပါ၊ ဗြဟ္မာ၊ သိကြား၊ စကြဝတေးမင်း၊ ပဒေသရာဇ် မင်း စသည်တို့၏ စည်းစိမ်မျိုးကိုလည်း မပြီးစေနိုင်ပါ။ စင်စစ်သော်ကား ထိုမကောင်း မှုသည် သင့်ရန်သူအား သာသနာတော်မှ ရွေ့လျောစေ၍ စားကြွင်းစားစသည်ကို ဖြစ်စေနိုင်၏၊ ငရဲဆင်းရဲစသည့် ဆင်းရဲအထူးကိုလည်း ဖြစ်စေနိုင်၏။*

*"မကောင်းမှုကံကိုပြုသော သင့်ရန်သူသည် လေအောက်အရပ်၌တည်၍ သူတစ်ပါးကို မြူမှုန်နှင့်ကြဲသောသူကဲ့သို့ သူ့ကိုယ်ကိုသာလျှင် မြူမှုန်နှင့်ကြဲမိလေ၏"ဟု ဆင်ခြင် အပ်၏။*

## ၆။ မြတ်စွာဘုရား၏အတိတ်ဘဝဇာတ်တော်တို့ကို ဆင်ခြင်ခြင်း

ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည်ကို ဆင်ခြင်သော်လည်း ဒေါသမငြိမ်းသေးလျှင် ဆရာသခင် ဘုရားရှင်၏ရှေးဘဝတို့၌ ကျင့်ခဲ့သော ဂုဏ်တို့ကိုအောက်မေ့ ဆင်ခြင်အပ်၏။

### (၁) သီလဝဇာတ်

အလောင်းတော် **သီလဝမင်း**သည် မိမိတိုင်းပြည်ကို သိမ်းပိုက်ရန် ချီတက်လာသော ရန်သူမင်း၏စစ်တပ်ကို မိမိ၏အမတ်တို့အား တိုက်ခိုက်ခွင့်မပြုပါ။ ရန်သူမင်းက သီလဝ မင်းနှင့် အမတ်တစ်ထောင်ကို သုသာန်တွင် လည်ပင်းအထိမြေ မြှုပ်ထားသည့်အခါ၌လည်း သီလဝမင်းသည် ရန်သူမင်းအပေါ် စိတ်ဖြင့်ပင်မပြစ်မှားချေ။ သူသေကောင် စားရန်လာကြသော မြေခွေးတို့၏ မြေမှုန့်ယက်ထုတ်ခြင်းကိုမှီ၍ လွတ်မြောက်ပြီးလျှင် ဘီလူးတို့၏အကူအညီဖြင့် မိမိနန်းတော်၏ကျက်သရေဆောင်တိုက်ခန်း၌ အိပ်စက်နေသည့် ရန်သူမင်းကို တွေ့မြင်သည့်အခါ၌လည်း အမျက်မထွက်ဘဲ အချင်းချင်းအန္တရယ်မပြုရန် ကျိန်စာဆိုကြပြီးလျှင် မိတ်ဆွေအရာ၌ တည်စေ၏။

### (၂) ခန္တိဝါဒဇာတ်

ကာသိတိုင်းကြီးကို အုပ်စိုးသော ပညာမဲ့သည့် **ကာလာဗုမင်း**သည် အလောင်းတော်ရသေ့အား "ရှင်ရဟန်း သင်သည် အဘယ်အယူရှိသနည်း"ဟုမေး၏။ "ငါ သည် သည်းခံ ခြင်း အယူရှိသဖြင့် ခန္တိဝါဒီမည်ပါသည်"ဟု ဖြေကြားသော် ထိုမင်းက သံဆူးတပ်ထား သည့်ကြိမ်တို့နှင့် ရိုက်နှက်စေပြီးလျှင် လက်ခြေတို့ကို ဖြတ် တောက်စေ၏။ ခန္တိဝါဒီရသေ့ သည် အမျက်ထွက်ခြင်းကိုမျှ မပြုခဲ့ပေ။

**(၃) စူဠဓမ္မပါလဇာတ်**

ဘုရားအလောင်းတော် **ဓမ္မပါလ**သည် ပက်လက်အိပ်တတ်ကာမျှ သူငယ်အရွယ်၌ ခမည်းတော် **မဟာပတာပနမင်းက** စေခိုင်းသဖြင့် သူသတ်သမားက ဓမ္မပါလ၏လက်ခြေ လေးခုတို့ကို ဝါးမျှစ်ကဲ့သို့ ခုတ်ဖြတ်လေ၏။ မင်းကြီးသည် ဤမျှဖြင့် အားမရသေးဘဲ "သူငယ်၏ဦးခေါင်းကိုဖြတ်လော့"ဟု အမိန့်ပေး၏။

မင်းသားငယ်သည် "*ဓမ္မပါလ. . ယခုအခါ သင်သည် စိတ်ကို နှိပ်ကွပ်ဆုံးမရမည့် အခါပေတည်း၊ သင့်ခမည်းတော်၊ သူသတ်ယောက်ျား၊ ငိုကြွေးနေသည့် သင့်မယ်တော်နှင့်မိမိကိုယ်၊ ဤလေးဦးသောသူတို့၌ တူမျှသောစိတ်ရှိသည်ဖြစ်လော့*" ဟူ၍ မြဲမြံစွာ အဓိဋ္ဌာန်ဆောက်တည်၏၊ ပြစ်မှားလိုသောအခြင်းအရာကို မပြုခဲ့ချေ။

**(၄) ဆဒ္ဒန္တဆင်မင်းဇာတ်**

**ဆဒ္ဒန်ဆင်မင်း** ဘဝ၌ ဘုရားအလောင်းတော်သည် အဆိပ်လူးသောမြားဖြင့် အပစ်ခံရ၍ ချက်၌စူးဝင်ဖောက်ထွင်းသွားသော်လည်း အကျိုးမဲ့ပြုသည့်မုဆိုးကို စိတ်မျှဖြင့် မပြစ်မှားချေ။

"အချင်းမုဆိုး. . အဘယ်အကျိုးကိုအလိုရှိ၍ အဘယ်အကြောင်းကြောင့် ငါ့ကို ပစ်သတ်သနည်း၊ အဘယ်သူစေခိုင်း၍ ပစ်သတ်သနည်း"ဟု မုဆိုးကိုမေး၏။

"**ကာသိကရာဇ်မင်း၏ မိဖုရားကြီး**က အရှင်ဆင်မင်း၏အစွယ်ကိုလိုချင်၍ စေခိုင်းပါသည်"ဟု မုဆိုးဖြေဆိုသောအခါ မိဖုရားကြီး၏နှလုံးအလိုကို ပြည့်စေလျက် ပြုံးပြုံးပြက်ပြက် တလက်လက်တောက်ပလျက် နှစ်သက်စဖွယ်ဖြစ်သော မိမိ၏အစွယ်တို့ကို ဖြတ်၍ပေးလှူ၏။

**(၅) မဟာကပိဇာတ်**

အလောင်းတော်**မျောက်မင်း**သည် ယောက်ျားတစ်ဦးကို တောင်ကမ်းပါးပြတ်ချောက်မှ ကယ်တင်ခဲ့၏၊ မျောက်မင်းမောပန်း၍ အိပ်ပျော်နေစဉ် ထိုယောက်ျားသည် မျောက်သားကို ခရီးရိက္ခာအဖြစ်အသုံးပြုရန် အကြံဖြစ်ပေါ်၍ ကျောက်တုံးကို ချီမကာ မျောက်မင်း၏ဦးခေါင်းကို ထုခွဲလေ၏။

မျောက်မင်းသည် မျက်ရည်ပြည့်သည့်မျက်စိဖြင့် ထိုယောက်ျားကိုကြည့်လျက် မိမိစိတ်ကို မပြစ်မှားစေမူဘဲ မိမိဆင်းရဲကိုလည်းမစဉ်းစားဘဲ ထိုယောက်ျားကိုတောနယ်အဆုံး လူတို့၏နယ်မြေအရပ်သို့ ပို့ဆောင်ပေးခဲ့၏။

**(၆) ဘူရိဒတ်နဂါမင်းဇာတ်**

ဘုရားအလောင်းတော်သည် **ဘူရိဒတ်နဂါးမင်း**ဖြစ်စဉ်က တောင်ပို့ထိပ်တွင် ဥပုသ် ဆောက်တည်နေစဉ် အလမ္ပါယ်ဆရာပုဏ္ဏားသည် ကမ္ဘာဖျက်မီးနှင့်တူသော ဆေးဖြင့် တစ်ကိုယ်လုံး၌ သွန်းဖျန်းကာ ပခြုပ်ထဲထည့်၍ ဇမ္ဗူဒိပ်မြေအပြင်ဝယ် လှည့်လည်ကစားစေ၏။ ဘူရိဒတ်နဂါးမင်းသည် ထိုအလမ္ပါယ်ဆရာပုဏ္ဏား၌ ဥပုသ်ပျက်

မည်စိုးသောကြောင့် စိတ်ဖြင့်ပင်မပြစ်မှားခဲ့ချေ။

**(၇) စမ္ပေယျနဂါးမင်းဇာတ်**

တရားကျင့်ကာ ဥပုသ်စောင့်နေသော ဘုရားအလောင်းတော် **စမ္ပေယျနဂါးမင်း** ကို မြွေအလမ္ပာယ်သမားက ဖမ်းယူ၍ညှဉ်းဆဲ၏။ နန်းရင်ပြင်၌ ကစားစေ၏၊ အညို ရောင်၊ ရွှေရောင်၊ အနီရောင်အဆင်းတို့ကို ပြုလုပ်ခိုင်း၏။ နဂါးမင်းသည် ကုန်းမြေကို ရေဖြစ်အောင်၊ ရေကို မြေဖြစ်အောင် ပြုနိုင်၏။ အလမ္ပာယ်သမားကို တစ်ခဏချင်း ပြာဖြစ်အောင်ပြုနိုင်၏။ ဥပုသ်ပျက်မည်စိုးသောကြောင့် စိတ်ဖြင့်ပြစ်မှားခြင်းမျှကို လည်း မဖြစ်စေခဲ့ပေ။

**(၈) သင်္ခပါလနဂါးမင်းဇာတ်**

ဘုရားအလောင်းတော်သည် **သင်္ခပါလနဂါးမင်း**ဘဝ၌ ဥပုသ်ကျင့်သုံးနေစဉ် မုဆိုး ၁၆-ယောက်တို့သည် နဂါးခန္ဓာကိုယ်ရှစ်နေရာ၌ လှံမြဖြင့် ထိုးဖောက်ပြီးလျှင် ဆူးရှိသောနွယ်တို့ကို လျှိုသွင်း၍ နှာခေါင်း၌မြဲမြံစွာကြိုးကိုတပ်၍ ထမ်းပိုးဖြင့်ထမ်း လျက် ယူဆောင်ကြ၏။ နဂါးမင်း၏ခန္ဓာကိုယ်သည် မြေပြင်၌ပွတ်တိုက်သွားရသဖြင့် ဆင်း ရဲကြီးစွာခံစားရ၏။ ထိုစဉ်အခါက နဂါးမင်းအမျက်ထွက်၍ ကြည့်လိုက်လျှင်ပင် မုဆိုးအားလုံးကို ပြာဖြစ်သွားစေနိုင်၏။ သို့သော် နဂါးမင်းသည် မျက်စိကိုဖွင့်၍ ပြစ်မှားသောအခြင်းအရာမျှကိုသော်လည်း မပြုခဲ့ပေ။

ဤဆိုခဲ့သော အံ့ဖွယ်များအပြင် **မာတုပေါသကဇာတ်**စသည်တို့၌လည်း အခြား များစွာသောအံ့ဖွယ်ရာ သည်းခံခြင်းတို့ကို ပြုခဲ့ဖူးလေပြီ။ ယခုအခါ သဗ္ဗညုတဘုရား အဖြစ်သို့ ရောက်တော်မူပြီးလျှင် ထိုမြတ်စွာဘုရားကို ဆရာသခင်ဟု ရည်ညွှန်းကိုး ကွယ်နေသော သင်သည် အမျက်ဒေါသစိတ်ဖြစ်စေခြင်းငှာ အလွန်မသင့်လျော်ပါ ဟူ ၍ မိမိကိုယ်ကို ဆုံးမအပ်၏။ ဆရာသခင်ဖြစ်တော်မူသော မြတ်စွာဘုရား၏ ရှေးဘဝ တို့၌ ကျင့်ခဲ့သည့် သည်းခံခြင်းဂုဏ်တို့ကို အဖန်တလဲလဲ အောက်မေ့ဆင်ခြင်အပ်၏။

**၇။ အနမတဂ္ဂသုတ်တို့ကို ဆင်ခြင်ခြင်း**

ဤသို့ မြတ်စွာဘုရား၏ ရှေးဘဝတို့၌ ကျင့်ခဲ့သောဂုဏ်တို့ကို ဆင်ခြင်သော်လည်း ရှည်မြင့်သောကာလပတ်လုံး ကိလေသာတို့၏ ကျေးကျွန်ဖြစ်ခဲ့သည့်အတွက် ယောဂီ၏ အမျက်ဒေါသသည် အကယ်၍မပြေငြိမ်းသေးလျှင် **အနမတဂ္ဂသုတ်** တို့ကို ဆင်ခြင် အပ်၏။

*"ရဟန်းတို့ . . . အကြင်သတ္တဝါသည် ရှေး၌ အမိမဖြစ်စဖူး၊ ရှေး၌အဖမဖြစ်စဖူး၊ ရှေး၌ ညီအစ်ကိုမဖြစ်စဖူး၊ ရှေး၌ အစ်မနှမ မဖြစ်စဖူး၊ ရှေး၌ သားမဖြစ်စဖူး၊ ရှေး၌ သမီးမဖြစ်စဖူး၊ ထိုထိုဘဝနီးဝေး ရှေးရှေးကာလက မိဘစသည်မဖြစ်စဖူးသော သတ္တဝါကို ရလွယ်သောသဘောမရှိပေ"*ဟူ၍ အနမတဂ္ဂသုတ်တွင် ဟောတော်မူ၏။ ထို့ကြောင့် ရန်သူပုဂ္ဂိုလ်၌ ဤသို့စိတ်ကို ဖြစ်စေအပ်၏-

"ဤသူသည် ရှေးအတိတ်ကာလ၌ ငါ၏မိခင်ဖြစ်ခဲ့ဖူးမည်၊ ငါ့ကို ဆယ်လပတ်လုံး ကိုယ်ဝန်ဆောင်၍ ခဲယဉ်းပင်ပန်းစွာမွေးဖွားပြီးလျှင် ကျင်ကြီး၊ ကျင်ငယ်၊ တံတွေး၊ နှပ်စသည်တို့ကို မရွံမရှာသုတ်သင်၍ ရင်ခွင်၌ထွေးပိုက်ကာ နို့ချိုတိုက်ကျွေးလျက် ကြီးပြင်းအောင် မွေးမြူခဲ့ဖူးမည်"

"ဤသူသည် ရှေးအတိတ်ကာလ၌ ငါ၏ဖခင်ဖြစ်ခဲ့ဖူးမည်၊ အန္တရာယ်ပြွမ်းသော ခရီးလမ်းကိုဖြတ်သန်း၍ ရောင်းဝယ်ကုန်သွယ်မှု၊ အသက်ကိုစွန့်၍ စစ်တိုက်မှု၊ သမုဒ္ဒရာကို ဖြတ်ကျော်၍ စီးပွားရှာမှုစသည့် နည်းလမ်းအမျိုးမျိုးဖြင့် ဥစ္စာကိုစုဆောင်းကာ ငါ့ကို မွေးမြူခဲ့ဖူးမည်"

"ဤသူသည် ရှေးအတိတ်ဘဝ၌ ငါ့ညီ၊ ငါ့အစ်ကို၊ ငါ့အစ်မ၊ ငါ့နှမ၊ ငါ့သား၊ ငါ့သမီး တစ်ဦးဦးဖြစ်ခဲ့ပြီးလျှင် ငါ့အားကျေးဇူးပြုခဲ့ဖူးလိမ့်မည်။ ထို့ကြောင့် ငါသည် ထိုသူ၌ အမျက်ဒေါသမဖြစ်ထိုက်ပါ" ဤသို့ အောက်မေ့ဆင်ခြင်၍ ဒေါသကို ပြေငြိမ်းစေအပ်၏။

**၈။ မေတ္တာ၏အကျိုးအာနိသင်ကို ဆင်ခြင်ခြင်း**

အနမတဂ္ဂသုတ်ကို ဆင်ခြင်ပါသော်လည်း အမျက်ဒေါသမပြေငြိမ်းသေးလျှင် မေတ္တာ၏အကျိုးအာနိသင်ကို ဆင်ခြင်အပ်၏၊ မေတ္တာ၏အကျိုးအာနိသင်ကို မြတ်စွာဘုရား ဤသို့ဟောကြား၏-

"ရဟန်းတို့ . . ရှိသေစွာမှီဝဲ၍ ပွားများအပ်၊ ကြိမ်ဖန်များစွာပွားအပ်သော၊ တည်ရာကဲ့သို့ မလှုပ်ရှားနိုင်အောင် မြဲမြံခိုင်ခံ့စွာ လေ့လာအပ်ပြီးသော မေတ္တာစေတောဝိမုတ္တိ (မေတ္တာစျာန်)၏ ၁၁ ပါးသော အကျိုးအာနိသင်တို့ကို အလိုရှိအပ်၏၊ ထိုအကျိုးတို့ကား -

(၁) ချမ်းသာစွာအိပ်ရ၏၊ (၂) ချမ်းသာစွာနိုးရ၏၊
(၃) ယုတ်ညံ့သောအိပ်မက်ဆိုးကို မမြင်မက်ရ၊ (၄) လူတို့က ချစ်၏၊
(၅) နတ်တို့က ချစ်၏၊ (၆) နတ်တို့က စောင့်ရှောက်ကြ၏၊
(၇) မေတ္တာပွားသူ၌ မီး၊ အဆိပ်၊ လက်နက်၊ မကျရောက်နိုင်၊
(၈) လျင်စွာ စိတ်တည်ကြည်၏၊ (၉) မျက်နှာအဆင်းကြည်လင်၏၊
(၁၀) မတွေဝေဘဲ သေရ၏။ (၁၁) အထက်မဂ်ဖိုလ်တရားကို ထိုးထွင်း၍ မသိရသေးသော်လည်း ဗြဟ္မာပြည်သို့ လားရောက်ရ၏၊

သင်သည် အမျက်ဒေါသကို မပြေငြိမ်းနိုင်လျှင် ဤမေတ္တာ၏အကျိုးအာနိသင်တို့ကို ဆုံးရှုံးရလိမ့်မည်ဟု ဆင်ခြင်အပ်၏။

**၉။ ဓါတ်တို့ကို အသီးသီးခွဲခြားခြင်း**

မေတ္တာ၏အကျိုးအာနိသင်ကို ဆင်ခြင်သော်လည်း ဒေါသမပြေပျောက်သေးလျှင် ဓါတ်တို့ကို အသီးသီးခွဲခြားအပ်၏၊ မြတ်စွာဘုရားညွှန်ကြားထားသည်မှာ-

"အချင်း. . သင်သည် ရန်သူကိုအမျက်ထွက်ရန် အဘယ်အရာကို အမျက်ထွက်သနည်း၊ ဆံပင်ကို အမျက်ထွက်သလော၊ သို့မဟုတ် အမွေး၊ခြေသည်းလက်သည်း . . . (ပ). . . ကျင်ငယ်တို့ကို အမျက်ထွက်သလော၊ ဆံပင် စသည်၌ ပထဝီဓါတ်ကို အမျက် ထွက်သလော သို့မဟုတ် အာပေါ၊ တေဇော၊ ဝါ ယော ဓါတ်တို့ကို အမျက်ထွက်သလော။

"ခန္ဓာငါးပါး၊ အာယတန ၁၂ ပါး၊ ဓါတ် ၁၈ ပါးတို့ကို အစွဲပြု၍ ဤသူသည် ဤအမည်ရှိ၏ဟု ခေါ်ဆိုကြ၏။ ခန္ဓာငါးပါးတွင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာစသည့် ခန္ဓာတစ်ပါးပါးကို အမျက်ထွက်သလော။ အာယတန ၁၂-ပါးတွင် စက္ခာယတန၊ ရူပါယတနစသည့် အာယတနတစ်ပါးပါးကို အမျက်ထွက်သလော၊ ဓါတ် ၁၈-ပါးတွင် စက္ခုဓါတ်၊ ရူပဓါတ်၊ စက္ခုဝိညာဏဓါတ်စသည့်ဓါတ်တစ်ခုခုကို အမျက်ထွက်သလော" ဟု ဓါတ်ခွဲခြားခြင်းကို ပြုအပ်၏။

ဤသို့ ဓါတ်ခွဲခြားခြင်းကိုပြုလျှင် အပ်ဖျား၌ မုန်ညင်းစေ့၏တည်ရာ မရသကဲ့သို့ ကောင်းကင်၌ ပန်းချီဆေးရေး၏တည်ရာမရသကဲ့သို့ အမျက်ဒေါသ၏ တည်ရာ ဌာနသည် မရှိတော့ချေ။

## ၁၀။ ပေးကမ်းလှူဒါန်းခြင်း

ဓါတ်ခွဲခြားခြင်းကိုပြုရန် မစွမ်းနိုင်သောသူသည် ပေးကမ်းဝေဖန်ခြင်းကို ပြုအပ်၏။ မိမိ၏ပစ္စည်းကို ရန်သူအားပေးအပ်၏၊ ရန်သူ၏ပစ္စည်းကို မိမိက လက်ခံယူအပ်၏။ အကယ်၍ရန်သူဖြစ်သူသည် သီလပျက်ပြားနေသဖြင့် သူ့ပစ္စည်းကို မသုံးဆောင်ထိုက်လျှင်မိမိ၏ပစ္စည်းကိုသာ ပေးအပ်၏။ ဤသို့ ရန်သူနှင့်ပစ္စည်း အပေးအယူပြုလျှင် ထိုရန်သူ၌ ထိုယောဂီ၏အမျက်ဒေါသသည် ကေန်ပင်ငြိမ်း၏။ ထိုရန်သူ၌လည်း အတိတ်ဘဝမှစ၍ အစဉ်တစိုက်လိုက်ပါလာသော အမျက်ဒေါသသည်ပင် ချက်ချင်း ပြေငြိမ်း၏။

သာကေပြရသော် စိတ္တလတောင်ကျောင်းတိုက်၌ ထ၍နေရာပေးစေရန် သုံးကြိမ်တိုင်တိုင် အနှောင့်အယှက်ပြုခံရသော **ပိဏ္ဍပါတိကမထေရ်**သည် နှောင့်ယှက်သည့် မထေရ်ကြီးအား "အရှင်ဘုရား. . . ဤသပိတ်သည် ရှစ်အသပြာတန်ပါသည်၊ တပည့် တော်၏ မယ်တော်လှူထားသော တရားနှင့်အညီရသည့် ပစ္စည်းဖြစ်ပါသည်။ မယ်တော် ကုသိုလ်ရအောင် အလှူခံတော်မူပါဘုရား"ဟု သပိတ်ကိုပေးလှူ၏။ မထေရ်ကြီး၏ ဒေါသအာဃာတသည် ချက်ချင်းပြေငြိမ်းသွား၏၊ ထပ်မံနှောင့်ယှက်ခြင်း မပြုတော့ပေ။

ပေးကမ်းခြင်းသည် ကြီးသောတန်ခိုးအာနုဘော်ရှိ၏။ မြတ်စွာဘုရားဟောတော်မူသည်မှာ "*ပေးကမ်းလှူဒါန်းခြင်းသည် မယဉ်ကျေးသည့်သူကို ယဉ်ကျေးစေတတ်၏၊ အလုံးစုံသောအကျိုးအမျိုးမျိုးကို ပြီးစေတတ်၏။ ပေးကမ်းခြင်းဖြင့်လည်းကောင်း၊ ချစ်*

*ဖွယ်စကား ဖြင့်လည်းကောင်း မျက်နှာပန်းပွင့်လျက် မြင့်တက်ကြကုန်၏။ ပေးကမ်းခြင်းကိုခံရသူ၊ ချစ်ဖွယ်စကားကိုကြားနာရသူတို့သည်လည်း ပျော့ပြောင်းကြည်သာညွတ်ကိုင်းလာတတ်ကုန်၏"*

ဤဆိုခဲ့သည့်အတိုင်း ရန်သူပုဂ္ဂိုလ်၌ အမျက်ဒေါသငြိမ်းစေပြီးသောယောဂီအား ချစ်အပ်သော ပုဂ္ဂိုလ်၊ အလွန်ချစ်အပ်သောပုဂ္ဂိုလ်၊ အလယ်အလတ်ပုဂ္ဂိုလ်တို့၌ ချမ်းသာ စေလိုသော မေတ္တာစိတ်ဖြစ်သကဲ့သို့ ရန်သူပုဂ္ဂိုလ်၌လည်း ချမ်းသာစေလိုသော မေတ္တာ စိတ်ဖြစ်၏။

**ပုဂ္ဂိုလ်ခွဲခြားသည့်နယ်ပယ်၏ပျက်ခြင်း – သီမာသမ္ဘေဒပြုပုံ**

ရန်သူပုဂ္ဂိုလ်၌ အမျက်ဒေါသပြေငြိမ်းစေပြီးသောအခါ ယောဂီသည် အဖန်တလဲလဲ မေတ္တာပွားခြင်းဖြင့် (၁)**မိမိ** (၂) ချစ်အပ်သော **ပိယပုဂ္ဂိုလ်** (၃) အလယ်အလတ်**မဇ္ဈတ္တ ပုဂ္ဂိုလ်** (၄) ရန်သူ **ဝေရီပုဂ္ဂိုလ်** တည်းဟူသော ပုဂ္ဂိုလ်လေးဦး၌ တူမျှသော မေတ္တာစိတ် ရှိသည့်အဖြစ်ကို ပြီးပြည့်စုံစေလျက် မိမိ၊ သူတစ်ပါး၊ ချစ်သူ၊ မုန်းသူစသည်ဖြင့် ပုဂ္ဂိုလ် ခွဲခြားခြင်းနယ်ပယ်၏ပျက်ခြင်းဟူသည့် **သီမာသမ္ဘေဒကို** ပြုအပ်၏။

သီမာသမ္ဘေဒ၏လက္ခဏာမှာ ဤသို့တည်း၊ တစ်နေရာ၌ မိမိအပါအဝင် ပုဂ္ဂိုလ်လေးဦးတို့ရှိနေစဉ် ခိုးသူဓားပြတို့ ရောက်လာကြ၍ လည်ချောင်းသွေးဖြင့် ဗလိနတ်စာပူဇော်ရန် ပုဂ္ဂိုလ်တစ်ဦးပေးပါဟု တောင်းဆိုကြ၏။ပုဂ္ဂိုလ်လေးဦးတွင် တစ်ဦးဦးကို ပေးရန် ကြံစည်လျှင် သီမာသမ္ဘောဒပြုရာ မရောက်ပေ။ သို့မဟုတ် "ငါ့ကိုသာယူကြ၊ ကျန်သုံးဦးကို မယူကြလင့်"ဟု ဤသို့ကြံစည်လျှင်လည်း သီမာသမ္ဘေဒပြုရာ မရောက်ပေ။ အကြောင်းမှာ အပေးခံရသူ၏ အကျိုးစီးပွားကို အလိုမရှိမူ၍ အခြားပုဂ္ဂိုလ်တို့၏ အကျိုးစီးပွားကိုသာ အလိုရှိရာရောက်သောကြောင့် ဖြစ်၏။

အကြင်အခါ၌ လေးဦးသောပုဂ္ဂိုလ်များထဲမှ မည်သူ့ကိုမျှ ခိုးသူဓားပြတို့အား ပေးသင့်သည်ကိုမမြင်၊ မိမိ၌လည်းကောင်း ကျန်ပုဂ္ဂိုလ်သုံးဦး၌လည်းကောင်း ချမ်းသာစေလိုသောအားဖြင့် တူမျှသောစိတ်ကို ဖြစ်စေ၏၊ ထိုအခါ၌ သီမာသမ္ဘောဒကိုပြုအပ်ပြီးဖြစ်လေတော့၏။

(**မှတ်ချက်**။ ။ *အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာများ၌ အာနာပါနကမ္မဋ္ဌာန်းဖြင့် စတုတ္ထဈာန်ရပြီးသောယောဂီတို့ကို မေတ္တာကမ္မဋ္ဌာန်းသင်ပေး ပါသည်။ ပိယပုဂ္ဂိုလ်၊ အတိပ္ပိယပုဂ္ဂိုလ်၊ မဇ္ဈတ္တပုဂ္ဂိုလ်၊ ဝေရီပုဂ္ဂိုလ် (၁၀)ဦးစီ၌ မေတ္တာ ဈာန် စတုက္ကနည်း တတိယဈာန်ကို အကြိမ်ကြိမ်ဝင်စားနိုင်အောင် ရှုစေပါသည်။ ထိုသို့ ရှုနိုင်လျှင် သီမာသမ္ဘောဒရောက်သည်ဟု ယူဆသည်။*)

သို့အတွက် ရှေးဆရာတို့ဆိုကြသည်မှာ မိမိ၊ ချစ်အပ်သောပုဂ္ဂိုလ်၊ အလယ်အလတ်ပုဂ္ဂိုလ်၊ ရန်သူဟူသည့် ပုဂ္ဂိုလ်လေးဦး၌ မိမိ၊ သူတစ်ပါး၊ ချစ်သူ၊ မုန်းသူစသည်ဖြင့်

ထူးခြားမှုကို မြင်နေသေးလျှင် ထိုမေတ္တာပွားသူကို **"သတ္တဝါတို့၏ အစီးအပွားကို လိုလားသည့် စိတ်ရှိသူ"**ဟူ၍သာ ဆိုအပ်၏။ **"မေတ္တာကိုလိုတိုင်းရသူ ကျွမ်းကျင်သူ"**ဟူ၍ မဆိုအပ်ပေ။

အကြင်အခါ၌ မေတ္တာပွားသောယောဂီသည် မိမိကိုယ်၊ မိမိချစ်သည့်ပုဂ္ဂိုလ်၊ အလယ်အလတ်ပုဂ္ဂိုလ်၊ ရန်သူပုဂ္ဂိုလ်ဟူ၍ နယ်ပယ်လေးပါး မကွဲပြားတော့ဘဲ နယ်ပယ်ပိုင်းခြားမှု ပျက်ပြား၏၊ နတ်နှင့်တကွသော အလုံးစုံသောလောကကို မေတ္တာအညီအမျှဖြန့်နိုင်၏၊ ပုဂ္ဂိုလ်အသီးသီးတို့၏ နယ်ပယ်အပိုင်းအခြားကို မသိတော့ပေ။ ဤယောဂီသည် ရှေး ပုဂ္ဂိုလ်ထက် ဘာဝနာအားဖြင့် ကြီးမြတ်ထူးကဲ၏။

**မေတ္တာအပ္ပနာစျာန်ရောက်အောင် ပွားများပုံ**

မေတ္တာပွားသောယောဂီသည် သီမာသမ္ဘေဒပြုပြီးသည်နှင့်တစ်ပြိုင်နက် ပဋိဘာဂနိမိတ်နှင့် ဥပစာရစျာန်တို့ကို ရရှိ၏။ ထို့နောက် သီမာသမ္ဘေဒ၏ အစွမ်းဖြင့်ဖြစ်သော ထိုပဋိဘာဂနိမိတ်ကိုပင်လျှင် ကြိမ်ဖန်များစွာ မှီဝဲပွားများသောအခါ မဆင်းရဲမပင်ပန်းဘဲ အပ္ပနာစျာန်သို့ ရောက်၏။

ပထမစျာန်ကို ဝသီဘော်ငါးပါးနိုင်နင်းအောင် လေ့ကျင့်ပြီးလျှင် ထိုပဋိဘာဂနိမိတ်ကိုပင် ဆက်လက်ပွားများအားထုတ်လျှင် ဘာဝနာအစဉ်အားဖြင့် စတုက္ကနည်းအရ ဒုတိယစျာန်၊ တတိယစျာန်တို့ကိုလည်းကောင်း၊ ပဉ္စကနည်းအရ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်တို့ကိုလည်းကောင်း ရရှိနိုင်ပေ၏။

**မေတ္တာစျာန်ကွန့်မြူးစံပယ်ခြင်း**

အပ္ပနာစျာန်သို့ ရောက်အောင် မေတ္တာပွားထားပြီးသောယောဂီသည် မေတ္တာစျာန်တစ်ပါးပါး၏ အစွမ်းဖြင့် မေတ္တာနှင့်တကွဖြစ်သည့် စိတ်ဖြင့် တစ်ခုသောအရပ်မျက်နှာကို ဖြန့်၍နေ၏။ ထို့အတူ ဒုတိယအရပ်မျက်နှာ၊ ထို့နောက် တတိယအရပ်မျက်နှာ၊ ထို့နောက် စတုတ္ထအရပ်မျက်နှာတို့ကို ဖြန့်၍နေ၏၊ ထို့အတူ အထက်အရပ်မျက်နှာ၊ အောက်အရပ်မျက်နှာ၊ ထောင့်အရပ်မျက်နှာများကို မေတ္တာစိတ်ဖြင့် ဖြန့်၍နေ၏။ အလုံးစုံအရပ်ဆယ်မျက်နှာတို့၌ ခေါက်တုံ့ခေါက်ပြန် မေတ္တာစိတ်ဖြင့် ဖြန့်၍နေခြင်းသည် မြင်းပြိုင်ကွင်း၌ မြင်းစီးသမားက မြင်းကို ခေါက်တုံ့ခေါက်ပြန် ဒုံးစိုင်း၍ စီးနင်းနေသကဲ့သို့ ဖြစ်၏။

ထို့နောက် သတ္တလောကတစ်ခုလုံး၌ရှိသည့် သတ္တဝါအားလုံးတို့ကို မိမိကိုယ်နှင့်ထပ်တူပြု၍ မေတ္တာနှင့်တကွဖြစ်သော ပြန့်ပြောသော မဟဂ္ဂုတ်ဖြစ်သော အတိုင်းအရှည်မရှိသည့် သတ္တဝါလျှင် အာရုံရှိသော ဘေးရန်ကင်းသော ဆင်းရဲကင်းသောစိတ်ဖြင့် ဖြန့်၍နေ၏။

ဤသို့ **'မေတ္တာစျာန်၏ ကွန့်မြူးစံပယ်ခြင်း'** ဟူသော အမျိုးမျိုးအထွေထွေပြုခြင်းသည် ပထမစျာန်စသည်၏အစွမ်းအားဖြင့် အပ္ပနာသို့ရောက်သည့်စိတ်ရှိသော ပုဂ္ဂိုလ်

အားသာလျှင် ပြီးစီးပြည့်စုံနိုင်ပေ၏။ မေတ္တာစျာန်၏ကွန့်မြူးစံပယ်ခြင်းကို **'မေတ္တာဝိကုဗ္ဗန'**ဟုခေါ်၏။

**မှတ်ချက်** – မေတ္တာသည် ဖြန့်ခြင်းအစွမ်းကြောင့် ပြန့်ပြော၏၊ ရူပစျာန်အစွမ်းဖြင့် မဟဂ္ဂုတ်မည်၏၊ သတ္တဝါအရေအတွက်အတိုင်းအတာ အကန့်အသတ်မရှိခြင်းကြောင့် **အပ္ပမာဏမည်၏၊ ဗျာပါဒရန်သူကိုပယ်သဖြင့် ရန်ကင်းသည်မည်၏၊ စေတသိက ဒုက္ခမရှိသဖြင့် စိတ်ဆင်းရဲကင်းသည်မည်၏။**

**ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ ၅၂၈ သွယ်မေတ္တာပွားနည်း**

ပဋိသမ္ဘိဒါမဂ်၌ သတ္တဝါကိုပိုင်းခြားခြင်းမပြုဘဲ ဖြန့်အပ်သော အနောဓိသမေတ္တာ စေတောဝိမုတ္တိ(၅)ပါး၊ သတ္တဝါကို ယောကျ်ား၊ မိန်းမစသည်ဖြင့်ပိုင်းခြား၍ ဖြန့်အပ်သော ဩဓိသမေတ္တာစေတောဝိမုတ္တိ(၇)ပါး၊ အရပ်မျက်နှာအားဖြင့် ဖြန့်အပ်သော မေတ္တာ စေတောဝိမုတ္တိ(၁၀)ပါးတို့ကို မေတ္တာပွားနည်း(၄)မျိုးဖြင့် စုစုပေါင်းမေတ္တာ ၅၂၈ သွယ် ပွားများပုံကို ဖော်ပြ၏။

**မေတ္တာစေတောဝိမုတ္တိ**ဟူသည် မေတ္တာစျာန်ကို ရည်ညွှန်း၏၊ စိတ်၏နီဝရဏတို့မှ အထူးအားဖြင့် ဗျာပါဒမှ လွတ်မြောက်ကြောင်းဖြစ်သောကြောင့် မေတ္တာကိုပင် စေတောဝိမုတ္တိဟု ဆိုသည်။ မေတ္တာ ၅၂၈ သွယ်ပွားနည်းသည် မေတ္တာစျာန်၏ကွန့်မြူးစံပယ်ခြင်း **'မေတ္တာဝိကုဗ္ဗန'**ပင်ဖြစ်၏။ အပ္ပနာသို့ရောက်သော စိတ်ရှိသူအားသာလျှင် ပြည့်စုံနိုင်၏။

**(၁) အနောဓိသမေတ္တာစေတောဝိမုတ္တိ (၅)ပါး**

၁။ **သဗ္ဗေ သတ္တာ** – **အလုံးစုံသော သတ္တဝါတို့သည်**
*အဝေရာ ဟောန္တု* – ဘေးရန်ကင်းကြပါစေ၊
*အဗျာပဇ္ဈာ ဟောန္တု* – စိတ်ဆင်းရဲခြင်းကင်းကြပါစေ၊
*အနီဃာ ဟောန္တု* – ကိုယ်ဆင်းရဲခြင်းကင်းကြပါစေ၊
*သုခီ အတ္တာနံ ပရိဟရန္တု* – ချမ်းသာစွာမိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

၂။ သဗ္ဗေ *ပါဏာ* – အလုံးစုံသောထွက်သက်ဝင်သက်ရှိသည့် သတ္တဝါတို့သည်
(အထက်ပါအတိုင်း မေတ္တာ ၄-ချက်ပွားပါ)

၃။ သဗ္ဗေ *ဘူတာ* – အလုံးစုံသောကိုယ်ထင်ရှားဖြစ်သည့် သတ္တဝါတို့သည်
(အထက်ပါအတိုင်း မေတ္တာ ၄-ချက်ပွားပါ)

၄။ သဗ္ဗေ *ပုဂ္ဂလာ* – အလုံးစုံသော ပုဂ္ဂိုလ်အပေါင်းတို့သည်
(အထက်ပါအတိုင်း မေတ္တာ ၄-ချက်ပွားပါ)

၅။ သဗ္ဗေ *အတ္တဘာဝပရိယာပန္နာ*– အလုံးစုံသောခန္ဓာကိုယ်အတ္တဘော၌ အကျုံးဝင်သူတို့သည်(အထက်ပါအတိုင်း မေတ္တာ ၄-ချက်ပွားပါ)

(အနောဓိသပုဂ္ဂိုလ် ၅-မျိုး × မေတ္တာ ၄-ပါး = မေတ္တာ ၂၀-ပါး)

**(၂) ဩဓိသမေတ္တာစေတောဝိမုတ္တိ (၇) ပါး**

၁။ သဗ္ဗာ *ဣတ္ထိယော* – အလုံးစုံသော မိန်းမအပေါင်းတို့သည်

၂။ သဗ္ဗေ ပုရိသာ – အလုံးစုံသော ယောကျ်ားအပေါင်းတို့သည်
၃။ သဗ္ဗေ အရိယာ – အလုံးစုံသော အရိယာအပေါင်းတို့သည်
၄။ သဗ္ဗေ အနရိယာ – အလုံးစုံသော အရိယာမဟုတ်သူပုထုဇဉ်တို့သည်
၅။ သဗ္ဗေ ဒေဝါ – အလုံးစုံသော နတ်အပေါင်းတို့သည်
၆။ သဗ္ဗေ မနုဿာ – အလုံးစုံသော လူအပေါင်းတို့သည်
၇။ သဗ္ဗေ ဝိနိပါတိကာ – အလုံးစုံသော အပါယ်ဘုံသားတို့သည်

ပုဂ္ဂိုလ်တစ်မျိုးစီကို မေတ္တာ ၄–ချက်ပွားပါ –

အဝေရာ ဟောန္တု – ဘေးရန်ကင်းကြပါစေ၊

အဗျာပဇ္ဇာ ဟောန္တု – စိတ်ဆင်းရဲခြင်းကင်းကြပါစေ၊

အနီဃာ ဟောန္တု – ကိုယ်ဆင်းရဲခြင်းကင်းကြပါစေ၊

သုခီ အတ္တာနံ ပရိဟရန္တု – ချမ်းသားစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

(ဩဓိသပုဂ္ဂိုလ် ၇–မျိုး × မေတ္တာ ၄–ပါး = မေတ္တာ ၂၈ ပါး)

**(၃) ဒိသာဖရဏ မေတ္တာစေတောဝိမုတ္တိ(၁၀)ပါး**


၁။ ပုရတ္ထိမာယ ဒိသာယ – အရှေ့အရပ်၌
၂။ ပစ္ဆိမာယ ဒိသာယ – အနောက်အရပ်၌
၃။ ဥတ္တရာယ ဒိသာယ – မြောက်အရပ်၌
၄။ ဒက္ခိဏာယ ဒိသာယ – တောင်အရပ်၌
၅။ ပုရတ္ထိမာယအနုဒိသာယ – အရှေ့တောင်ထောင့်အရပ်၌
၆။ ပစ္ဆိမာယ အနုဒိသာယ – အနောက်မြောက်ထောင့်အရပ်၌
၇။ ဥတ္တရာယ အနုဒိသာယ – အရှေ့မြောက်ထောင့်အရပ်၌
၈။ ဒက္ခိဏာယ အနုဒိသာယ – အနောက်တောင်ထောင့်အရပ်၌
၉။ ဟေဋ္ဌိမာယ ဒိသာယ – အောက်အရပ်၌
၁၀။ ဥပရိမာယ ဒိသာယ – အထက်အရပ်၌

အရပ်မျက်နှာတစ်ခုစီ၌ အနောဓိသပုဂ္ဂိုလ် ၅–မျိုး + ဩဓိသပုဂ္ဂိုလ် ၇–မျိုး၊ ပေါင်း ပုဂ္ဂိုလ် ၁၂–မျိုးတို့ကို မေတ္တာ ၄–ချက်စီပွားပါ။ မေတ္တာ ၁၂ × ၄ = ၄၈ ပါးရမည်။

အရပ် ၁၀–မျက်နှာအတွက် မေတ္တာ ၄၈ × ၁၀ = ၄၈၀ ပါးရမည်။ မေတ္တာပွားပုံမှာ

၁။ ပုရတ္ထိမာယ ဒိသာယ – အရှေ့အရပ်၌ရှိသော
သဗ္ဗေ သတ္တာ – အလုံးစုံသော သတ္တဝါ တို့သည်
အဝေရာ ဟောန္တု – ဘေးရန်ကင်းကြပါစေ၊
အဗျာပဇ္ဇာ ဟောန္တု – စိတ်ဆင်းရဲခြင်း ကင်းကြပါစေ၊
အနီဃာ ဟောန္တု – ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ၊
သုခီ အတ္တာနံ ပရိဟရန္တု – ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

သဗ္ဗေသတ္တာ နေရာတွင် ကျန်သတ္တဝါ ၁၁–မျိုးကို တစ်လှည့်စီထည့်သွားခြင်းဖြင့် ဆက်ဆိုနိုင်ပါသည်။ ကျန်အရပ် ၉ မျက်နှာကိုလည်း အလားတူဆက်ဆိုနိုင်ပါသည်။




**မေတ္တာ ၅၂၈–သွယ်**

| | |
|---|---|
| ၁။ အနောဓိသဖရဏာ မေတ္တာ | – ၂၀ ပါး(အရပ်မပိုင်းခြား) |
| ၂။ ဩဓိသဖရဏာ မေတ္တာ | – ၂၈ ပါး(အရပ်မပိုင်းခြား) |
| ၃။ ဒိသာဖရဏာ မေတ္တာ | – ၄၈၀ ပါး (အရပ်၁၀မျက်နှာ) |
| မေတ္တာပေါင်း | – ၅၂၈ ပါး |

**သတ္တဝါဟူသည်မှာ**

ရူပက္ခန္ဓာစသော ခန္ဓာငါးပါးကို ဆန္ဒရာဂနှင့်လိုချင်တပ်မက်၍ တဏှာလောဘဖြင့် ကပ်ငြိတွယ်တာတတ်သောကြောင့် 'သတ္တဝါ'ဟူ၍ ခေါ်၏။

ရှပ်၍လိုချင်ခြင်း–ဆန္ဒ၊ ကပ်ငြိတပ်မက်ခြင်း–ရာဂ၊ နှစ်သက်စုံမက်ခြင်း–နန္ဒီ၊ တွယ်တာခံစားလို့မှု–တဏှာသည် ရှိ၏။ ထိုရုပ်၌ တဏှာဖြင့် တပ်မက်, ငြိကပ်, လိုချင်တတ်၏။ ထို့ကြောင့် 'သတ္တဝါ'ဟုခေါ်၏။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်အသီးသီး၌လည်း အလားတူဆန္ဒဖြင့်လိုချင်၏။ ရာဂဖြင့် ကပ်ငြိတပ်မက်၏။ နန္ဒီဖြင့် နှစ်သက်စုံမက်၏။ တဏှာဖြင့် တပ်မက်တွယ်တာ, ကပ်ငြိခံစား, လိုချင်တတ်၏။ ထို့ကြောင့် 'သတ္တဝါ'ဟုခေါ်ဆို၏။

**ရဟန္တာသည်လည်း သတ္တဝါမည်ပုံ**

တဏှာရာဂစသည့် ကိလေသာကင်းစင်သော ရဟန္တာကိုလည်း တင်စား၍ခေါ်ဆိုသောနည်း (ရုဠှီသဒ္ဒါ)အားဖြင့် 'သတ္တဝါ'ဟုခေါ်ဆိုကြ၏။ ဥပမာ ဝါးနှီးဖြင့်ရက်လုပ်အပ်သော ယပ်ကို ထန်းရွက်ယပ်နှင့်ပုံသဏ္ဌာန်တူသောကြောင့် 'ထန်းရွက်ယပ်'ဟုခေါ်ဆိုသကဲ့သို့တည်း။ ရာဂကင်းပြီးသောရဟန္တာ၌ ခန္ဓာငါးပါးရှိ၏။ ရာဂမကင်းသေး

သော ပုဂ္ဂိုလ်၌လည်း ခန္ဓာငါးပါးရှိ၏၊ ပုံသဏ္ဌာန်ချင်းလည်းတူ၏၊ ထို့ကြောင့် ရုဋ္ဌီသဒ္ဒါအားဖြင့် ရဟန္တာကို 'သတ္တဝါ'ဟု ခေါ်ပါသည်။ ဤကား ပါဠိအလိုအားဖြင့် အဓိပ္ပာယ်ရှင်းပြခြင်းဖြစ်၏။

သဒ္ဒါဆရာတို့က 'သတ္တ'ဟူသောသဒ္ဒါသည် အမည်မျှသာဖြစ်သည်ဟု ဖွင့်ဆို၏၊ သင်္ချာပြာကရိုက်ဆရာတို့ကမူ 'ပညာ၊ ဝီရိယ၊ တန်ခိုး'ဟူသော သတ္တဂုဏ်သတ္တိနှင့် ယှဉ်သောကြောင့် 'သတ္တ'မည်၏ဟု ဖွင့်ဆိုကြ၏။ 'သတ္တ'ဟူသော သက္ကတစကားသည် သတ္တိဟူသော ပါဠိစကားနှင့် အနက်ချင်းတူ၍ "*သတ္တိယာ ယောဂေါ သတ္တော*"ဟု ဝိဂြိုဟ်ပြုစေလို၏။

**ပါဏ၊ ဘူတ၊ ပုဂ္ဂလ၊ အတ္တဘောဟုမည်ပုံ**

ထွက်သက်၊ ဝင်သက်နှင့်စပ်၍ အသက်ရှုကာ အသက်ရှင်နေသည့်အဖြစ်ကြောင့် သတ္တဝါကို '**ပါဏ**'ဟု ခေါ်၏။

ကံ၊ ကိလေသာတို့ကြောင့်ဖြစ်ပေါ်လာပြီး ခန္ဓာကိုယ်ထင်ရှားရှိခြင်းကြောင့် **သတ္တဝါ ကို 'ဘူတ'** ဟုခေါ်၏။

ငရဲကို 'ပုံ'ဟု ခေါ်၏၊ ထို 'ပုံ'ဟူသော ငရဲသို့ လျှောကျ၊ သက်ဆင်းတတ်သောကြောင့် **သတ္တဝါကို 'ပုဂ္ဂလ'**ဟုခေါ်၏။

ခန္ဓာငါးပါးအပေါင်းကို 'အတ္တဘာဝ=အတ္တဘော'ဟု ခေါ်၏၊ ထိုခန္ဓာငါးပါးဟူသည့် အတ္တဘော၌ အကျုံးဝင်သောကြောင့် '**အတ္တဘာဝပရိယာပန္န**' မည်ပေ၏။

*သတ္တ၊ ပါဏ၊ ဘူတ၊ ပုဂ္ဂလ၊ အတ္တဘာဝပရိယာပန္န* ဟူသော ပုဒ်ငါးခုတို့သည် 'သတ္တဝါ'ချည်းအဓိပ္ပါယ်ရကြသဖြင့် အနက်တူ၍ သဒ္ဒါကွဲသော ပရိယာယ်ပုဒ်များဖြစ်ကြ၏။

**မေတ္တာ၏အကျိုးအာနိသင် ၁၁-ပါး**

၅၂၈ သွယ်သောမေတ္တာအပ္ပနာတို့တွင် တစ်ပါးပါးသော အပ္ပနာ၏အစွမ်းဖြင့် မေတ္တာစေတောဝိမုတ္တိဟုဆိုအပ်သော မေတ္တာစျာန်ကို ပွားများနေသောယောဂီသည် အောက်ပါအကျိုးအာနိသင် ၁၁-ပါးကို ခံစားရ၏။

**(၁) ချမ်းသာစွာအိပ်ရ၏**

မေတ္တာစေတောဝိမုတ္တိ (မေတ္တာစျာန်)ကို မပွားများနိုင်သူတို့သည် တပြောင်းပြန်ပြန် လူးလှိမ့်၍ တရှုးရှုးဟောက်သံဖြင့် ဆင်းရဲစွာ အိပ်စက်ကြရ၏။ မေတ္တာစျာန်ဖြင့် မေတ္တာပွားသူသည် ထိုသို့ဆင်းရဲစွာမအိပ်ရဘဲ ချမ်းသာစွာအိပ်ရ၏၊ အိပ်ပျော်နေသောအခါ၌လည်း စျာန်သမာပတ်ဝင်စားနေသကဲ့သို့ ချမ်းသာ၏။

**(၂) ချမ်းသာစွာနိုးရ၏**

မေတ္တာစေတောဝိမုတ္တိကို မရသောသူတို့သည် ညည်းတွား၊ လူးလှိမ့်၊ လိမ်ကော့၊ ကောက်ကွေး၍ အစာဝသောမြွေက တလွန့်လွန့်လူးလဲသကဲ့သို့ ဆင်းရဲစွာနိုးရ၏။

မေတ္တာ စေတောဝိမုတ္တိကို ရသူသည် ဤသို့ဆင်းရဲငြိုငြင်စွာ မနိုးရဘဲ နေရောင်ခြည် ထိတွေ့၍ ပဒုမ္မာကြာပန်းပွင့်လာသကဲ့သို့ ကိုယ်၏ဖောက်ပြန်ခြင်းမရှိဘဲ ချမ်းသာစွာ နိုးရ၏။

### (၃) ယုတ်ညံ့သောအိပ်မက်ဆိုးကို မမြင်မက်ရ

အိပ်မက်မြင်မက်သော်လည်း ကောင်းမြတ်သည့်အိပ်မက်ကိုသာ မြင်မက်၏။ စေတီတော်ကို ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ တရားနာရခြင်းကဲ့သို့ မြင်မက်၏။ အခြားသူတို့မြင်မက်သည့် မိမိကို ခိုးသားဓားပြများ ဝိုင်းရံခြင်း၊ သားရဲများ နှိပ်စက်ညှဉ်းဆဲခြင်း၊ ကမ်းပါးပြတ်မှ ကျခြင်းကဲ့သို့သော အိပ်မက်ဆိုးများကို မမြင်မက်ရပါ။

### (၄) လူတို့က ချစ်၏

လည်၌ဆွဲထားသည့် ပုလဲသွယ်ကဲ့သို့ ဦးခေါင်း၌ပန်ဆင်ထားသည့် ပန်းကဲ့သို့၊ မြင်သူ၊ ကြားသူ အောက်မေ့သူအပေါင်းတို့က မေတ္တာဈာန်ပွားသူကို ချစ်နှစ်သက်၏။

### (၅) နတ်တို့က ချစ်၏

မေတ္တာစေတောဝိမုတ္တိပွားများသူကို လူတို့ချစ်ခင်သကဲ့သို့ နတ်၊ ဘီလူးတို့လည်း ချစ်ခင်ကြ၏။ သာဓကဝတ္ထုမှာ **ဝိသာခမထေရ်** အကြောင်း ဖြစ်၏။

အန္ဒိယနိုင်ငံ ပါဋလိပုတ်မြို့နေ ဝိသာခသူကြွယ်သည် သီရိလင်္ကာကျွန်း၌ ဗုဒ္ဓသာသနာ ထွန်းတောက်ကြောင်း၊ စေတီပုထိုးများစီတန်းလျက် သင်္ကန်းရောင်တပြောင်ပြောင် တောက်ပကြောင်း၊ အလိုရှိရာအရပ်တွင် နေနိုင်၊ အိပ်နိုင်ပြီး ရာသီဥတုနှင့် တရားနာရန်အတွက်လည်း သပ္ပါယဖြစ်ကြောင်းတို့ကို ကြားသိရ၏။ မိမိ၏စည်းစိမ်ဥစ္စာကို သားမယားတို့အားအပ်နှင်းပြီး ငွေတစ်ကျပ်သာယူလျက် သင်္ဘောဆိပ်ရှိရာမြို့သို့ ထွက်လာခဲ့၏။ တစ်လကြာသင်္ဘောစောင့်ဆိုင်းစဉ် အရင်းငွေတစ်ကျပ်နှင့် ရောင်းဝယ်ဖောက်ကားရာ ငွေကျပ်တစ်ထောင်စုမိ၏။

သင်္ဘောဖြင့် သီရိလင်္ကာကျွန်းသို့သွားရောက်ပြီးလျှင် **မဟာဝိဟာရကျောင်းတိုက်၌** ရဟန်းအဖြစ်ကို တောင်း၏။ ရဟန်းခံရန်သိမ်သို့သွားစဉ် ငွေတစ်ထောင်ထုပ်ကျသွားသဖြင့် ရဟန်းမဖြစ်မီ ထိုငွေကို စီရင်နေရာချထားရန် ရဟန်းများက တိုက်တွန်းကြ၏။ ဝိသာခသည် ရဟန်းပြုရာဌာနသို့ လာရောက်သည့်သူများကောက်ယူရန် ငွေတစ်ထောင်ကို ကြဲပေး၏။ ထို့နောက် ရှင်သာမဏေပြုပြီးလျှင် ရဟန်းခံလေ၏။

ဝိသာခရဟန်းသည် ငါးဝါရှိသောအခါ ဒွေမာတိကာကိုလေ့လာ၍ မိမိနှင့် လျော်ပတ်သည့် ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် တစ်ကျောင်းလျှင် လေးလစီသီတင်း သုံး၍ တရားကျင့်၏၊ ရဟန္တာအဖြစ်သို့ရောက်၏။ သမာပတ်ဝင်စား၍ သမာပတ်မှထကာ မိမိ၏ဂုဏ်ကိုဆင်ခြင်ရာ ဝမ်းမြောက်လှသဖြင့် ဤသို့ ဥဒါန်းကျူးရင့်၏ –

*"ငါသည် ရဟန်းပြုပြီးနောက် အကြင်မျှသောကာလဖြင့် ဤတောအရပ်သို့ ရောက်လာ၏၊ ဤကာလအတွင်း၌ ချွတ်ချော်သောအကျင့်မည်သည် မရှိပေ၊ အရှင်ဝိသာခ*

*သင်ရထားသောဂုဏ် ကျေးဇူးတို့သည် ဩော် ကြီးကျယ်မြင့်မြတ်လှပါတကား"*

ဝိသာခမထေရ်သည် စိတ္တလတောင်ကျောင်းသို့သွားရာ လမ်းနှစ်ခွသို့ရောက်သည့်အခါ တောင်စောင့်နတ်သည် လက်ကိုဆန့်တန်း၍ လမ်းညွှန်ပြ၏။ စိတ္တလတောင်ကျောင်း၌ လေးလနေပြီးသော် နံနက်မိုးသောက်သောအခါ သွားတော့အံ့ဟု ကြံ၍ ကျိန်းစက်၏။ **စကြိဦးသပြေပင်စောင့်နတ်**သည် လှေခါးပြင်ချပ်ပေါ် ထိုင်ပြီး လှိုက်လှိုက် လှဲလှဲ ငို၏။

မထေရ်မေးမြန်းသည့်အခါ မိမိသည် သပြေပင်စောင့်နတ်ဖြစ်ပြီး မထေရ်ကြွသွားမည်ကိုအကြောင်းပြု၍ ငိုကြောင်းလျှောက်ထား၏။

"ဤအရပ်၌ ငါနေသည်ရှိသော် သင်တို့အား အဘယ်ကျေးဇူးရှိသနည်း"ဟု မထေရ် မေး၏။

"အရှင်ဘုရားတို့ ဤအရပ်၌နေသည်ရှိသော် နတ်တို့သည် မေတ္တာခံယူရပြီး အချင်းချင်းမေတ္တာထားရှိကြပါသည်၊ အရှင်ဘုရားတို့ကြွသွားလျှင် နတ်တို့သည် ခိုက်ရန်ဖြစ်ကြ လိမ့်မည်၊ ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုကြလိမ့်မည်"ဟု နတ်က လျှောက်၏။

"ဤအရပ်၌ ငါနေပါလျှင် သင်တို့အား အကယ်၍ချမ်းသာစွာနေရသည်ဆိုပါမူ ကောင်းလှပေ၏"ဟု မထေရ်မိန့်ကြားပြီး နောက်ထပ်လေးလ ထိုအရပ်၌ ဆက်နေ၏။ လေးလပြည့်၍ ရှေးနည်းအတူ သွားရန်ကြံစည်ပြန်၏။ သပြေပင်စောင့်နတ်သည်လည်း ရှေးနည်းတူပင် လှိုက်လှိုက်လှဲလှဲ ငိုပြန်၏။

ဤသို့ဖြင့် ဝိသာခမထေရ်သည် ထိုအရပ်၌ပင် ဆက်ကာဆက်ကာနေထိုင်၍ ထိုအရပ်၌ပင် ပရိနိဗ္ဗာန်စံတော်မူ၏။ ဤဆိုခဲ့သည့်အတိုင်း မေတ္တာဖြင့်နေသောရဟန်း ကို နတ်တို့က ချစ်ခင်၏။

**(၆) နတ်တို့က စောင့်ရှောက်ကြ၏**

မိဘတို့သည် သားကိုစောင့်ရှောက်ကြသကဲ့သို့ မေတ္တာပွားသူကို နတ်တို့စောင့်ရှောက် ကြ၏။

**(၇) မေတ္တာပွားသူ၌ မီး၊ အဆိပ်၊ လက်နက်တို့ မကျရောက်နိုင်**

မေတ္တာပွားနေသော သူဌေးကတော် **ဥတ္တရာ**၏ ဦးခေါင်းပေါ်သို့ **သီရိမာ**က ဆီပူလောင်းချရာ လောင်ကျွမ်းခြင်းမရှိချေ၊ ဆီပူမလောင်သကဲ့သို့ မီးလည်းမကျ ရောက်နိုင် မလောင်နိုင်ပေ။

သံယုတ်နိကာယ်ဆောင် **စူဠသိဝမထေရ်**၏ကိုယ်၌ အဆိပ်မဝင်နိုင်သကဲ့သို့ မေတ္တာပွားသူ၌ အဆိပ်မကျရောက်နိုင်ပါ။ **သံကိစ္စသာမဏေ**၏ကိုယ်၌ လက်နက်သည် မစူးရှ မဝင်နိုင်သကဲ့သို့ မေတ္တာပွားနေသူ၏ကိုယ်၌ လက်နက်မကျရောက်နိုင်ပါ။

တစ်ကောင်သော**မိခင်နွားမ**သည် သားငယ်နွားကလေးအား နို့ရည်အယဉ်ကို

လွှတ်လျက် နို့တိုက်ကာ ရပ်နေ၏။ မုဆိုးတစ်ယောက်သည် ထိုနွားမကို ထိုးအံ့ဟုလက်ဖြင့်ချိန်၍ အရိုးရှည်သောလှံမကို ပစ်လွှတ်၏။ လှံမသည် နွားကိုယ်ကိုထိ၍ ထန်းရွက်ကဲ့သို ခွေလိပ်သွား၏။ အဘယ်အစွမ်းကြောင့် ခွေလိပ်သွားသနည်း၊ ဥပစာရမေတ္တာ၊ အပ္ပနာမေတ္တာတို့၏အစွမ်းဖြင့် ခွေလိပ်သွားသည်မဟုတ်။ စင်စစ်သော်ကား နွားသားငယ်၌ အားကြီးသောချစ်ခင်စိတ်ရှိသည့်အဖြစ်ကြောင့်သာလျှင် ခွေလိပ်သွားခြင်းဖြစ် ၏။ မေတ္တာသည် ဤမျှလောက် တန်ခိုးအာနုဘော်ကြီးပေ၏။

**(၈) လျင်မြန်စွာစိတ်တည်ကြည်၏**

မေတ္တာနှင့်နေလေ့ရှိသောပုဂ္ဂိုလ်အား စိတ်သည် လျင်မြန်စွာတည်ကြည်၏၊ နှောင့်နှေးခြင်းမရှိပေ။

**(၉) မျက်နှာအဆင်းကြည်လင်၏**

အညှာမှကြွေကျသော ထန်းသီးမှည့်ကဲ့သို့ မေတ္တာပွားသူ၏မျက်နှာသည် အထူးသဖြင့် ကြည်လင်သောအဆင်းရှိ၏။

**(၁၀) မတွေမဝေသေရ၏**

မေတ္တာနှင့် နေလေ့ရှိသောပုဂ္ဂိုလ်သည် တွေဝေလျက် သေရခြင်းမည်သည်မရှိ၊ အိပ်ပျော်သွားသကဲ့သို့ မတွေဝေဘဲ သေရ၏။

**(၁၁) ဗြဟ္မာ့ဘုံလောကဥ်ဖြစ်ရ၏**

မေတ္တာသမာပတ်မှ အထက်ဖြစ်သော အရဟတ္တဖိုလ်ကိုရခြင်းငှာ မစွမ်းနိုင်သော် ဤဘဝမှစုတေ၍ အိပ်သောယောက်ျားနိုးသောလားသို့ ဗြဟ္မာ့ဘုံလောက၌ ဖြစ်ရ၏။

**၂။ ကရုဏာဘာဝနာ (ကရုဏာဗြဟ္မဝိဟာရ)**

**ကရုဏာမပွားမီ ရှေးဦးပြုရမည့်ကိစ္စ**

(၁) ဗလိဗောဓဟူသည့် ကြောင့်ကြကြီးငယ်များကို ပယ်ဖြတ်ရမည်၊

(၂) ကျွမ်းကျင်သိမြင်သည့်ဆရာထံမှ ကမ္မဋ္ဌာန်းသင်ယူရမည်၊

(၃) ဆွမ်းစားခြင်းကိစ္စကို ပြုလုပ်ရမည်၊

(၄) ဆွမ်းဆီယစ်မှုကို ပယ်ဖျောက်ရမည်၊

(၅) ဆိတ်ငြိမ်သောအရပ်တွင် ကောင်းစွာခင်းအပ်သည့်နေရာ၌ ချမ်းသာစွာနေ၍ ကရုဏာကင်းမဲ့သည်၏ အဖြစ်ဟုဆိုအပ်သော ညှဉ်းဆဲခြင်း၏အပြစ်ကိုလည်းကောင်း၊ ကရုဏာ၏အကျိုးအာနိသင်ကိုလည်းကောင်း၊ ဆင်ခြင်အပ်၏၊ အပြစ်ကို သိလျှင် ပယ်နိုင်၏၊ အကျိုးအာနိသင်ကိုသိလျှင် ရယူနိုင်၏။

**ရှေးဦးစွာ ကရုဏာဘာဝနာ မပွားသင့်သောပုဂ္ဂိုလ်များ**

(၁) ချစ်အပ်သော **ပိယပုဂ္ဂိုလ်ကို** ရှေးဦးစွာ ကရုဏာမပွားအပ်၊ ကရုဏာပွားရန် အားထုတ်လျှင် ချစ်အပ်သူအဖြစ်မှမကင်းနိုင်သဖြင့် ကရုဏာဖြစ်ရန်မလွယ်ပါ။

ထို့ကြောင့် ချစ်အပ်သောသူသည် ချစ်အပ်သောသူအရာ၌သာ တည်၏။

(၂) အလွန်ချစ်အပ်သော **အတိပ္ပိယပုဂ္ဂိုလ်ကိုလည်း** ရှေးဦးစွာ ကရုဏာမပွားအပ်၊ အလွန်ချစ်အပ်သောပုဂ္ဂိုလ်သည် အလွန်ချစ်ခင်မှုနှင့်မကင်းနိုင်၍ ကရုဏာဖြစ်ရန် မလွယ်ပါ၊ အလွန်ချစ်အပ်သောသူအရာ၌သာ တည်၏။

(၃) အလယ်အလတ်ဖြစ်သော **မဇ္ဈတ္တပုဂ္ဂိုလ်ကိုလည်း** ရှေးဦးစွာ ကရုဏာမပွားအပ်၊ အလယ်အလတ်ပုဂ္ဂိုလ်သည် လျစ်လျူရှုအပ်သောသူအရာ၌သာ တည်၏။

(၄) မချစ်အပ်သော **အပ္ပိယပုဂ္ဂိုလ်**သည် မချစ်အပ်သောအရာ၌သာ တည်၏၊ ရှေးဦးစွာ ကရုဏာမပွားအပ်။

(၅) ရန်သူဖြစ်သော **ဝေရီပုဂ္ဂိုလ်**သည် ရန်သူအရာ၌သာ တည်၏၊ ရှေးဦးစွာ ကရုဏာ မပွားအပ်။

(၆,၇) လိင်အသွင်ကွဲသော **လိင်္ဂဝိသဘာဂပုဂ္ဂိုလ်**နှင့်သေသူ**ကာလကတပုဂ္ဂိုလ်**တို့သည် ကရုဏာ၏နယ်ပယ်မဟုတ်သောကြောင့် ကရုဏာပွားများရန် ခေတ်အခါမဟုတ် သည်သာ ဖြစ်၏။

**ရှေးဦးစွာ ကရုဏာပွားအပ်ပုံ**

"*ရဟန်းသည် အဘယ်သို့လျှင် ကရုဏာနှင့်တကွဖြစ်သောစိတ်ဖြင့် တစ်ခုသော အရပ်ကို ပြန့်နှံ့၍နေသနည်း၊ ဥပမာသော်ကား စည်းစိမ်ဥစ္စာပျက်စီးသဖြင့် ဆင်းရဲမွဲတေ၍ ဒုက္ခရောက်နေသော မကောင်းမှုဒုစရိုက်တို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကိုမြင်လျှင် သနား ကရုဏာဖြစ်ထိုက်သကဲ့သို့ ထို့အတူ ခပ်သိမ်းသောသတ္တဝါတို့ကို ကရုဏာဖြန့်အပ်၏*"ဟု **အဘိဓမ္မာဝိဘင်းကျမ်း**တွင် ဟောတော်မူသောကြောင့် ရှေးဦးစွာ သနားစရာကောင်း သော ရုပ်အဆင်းဖောက်ပြန်သော အလွန်အကဲ ဆင်းရဲဒုက္ခရောက်နေသော မကောင်းမှု ဒုစရိုက်ပြုကျင့်လေ့ရှိသော အစာအာဟာရပြတ်ကာ ခွက်ကိုရှေ့မှာထားလျက် ကိုးကွယ် ရာမဲ့သူတို့၏နေရာဇရပ်၌နေသော နူနာစွဲကပ်သည့်ခြေလက်တို့မှ ပိုးလောက်များထွက် ကျလျက် နာကျင်ကိုက်ခဲသဖြင့် ညည်းတွားမြည်တမ်းနေသော ပုဂ္ဂိုလ်မျိုးကို ကရုဏာ ပွားသင့်ပေ၏–"ဤသတ္တဝါသည် အလွန်ဆင်းရဲပင်ပန်းခြင်းသို့ ရောက်နေလေပြီ၊ ဤ ဆင်းရဲဒုက္ခမှ လွတ်မြောက်ပါမူ ကောင်းလေစွ"ဟု သနားခြင်းကရုဏာကို ဖြစ်စေလျက် ကရုဏာပွားအပ်၏။

**ချမ်းသာသောသူကိုလည်း ကရုဏာပွားအပ်ပုံ**

အထီးကျန်၍ အလွန်ဆင်းရဲဒုက္ခရောက်နေသူကို မမြင်တွေ့ရလျှင် ချမ်းသာသုခနှင့် ပြည့်စုံပါလျက် မကောင်းမှုပြုလေ့ရှိသောပုဂ္ဂိုလ်ကို သတ်ထိုး၍အသတ်ခံရမည့်သူနှင့် နှိုင်းယှဉ်၍ သနားကရုဏာ ပွားအပ်၏။

အဘယ်သို့နည်းဟူမူ ခိုးထုပ်ခိုးထယ်နှင့်တကွ ဖမ်းမိသော ခိုးသူကို 'သတ်စေ'ဟု အမိန့်ချလိုက်သည့် မင်း၏အမိန့်ဖြင့် မင်းအာဏာသားတို့သည် ခိုးသူကို ကြိုးဖြင့်တုတ်

ချည်၍ လမ်းလေးခွတိုင်း၌ အကြိမ်များစွာ ရိုက်နှက်ကာ သူသတ်ကုန်းသို့ ဆောင်ကုန်၏။ ခိုးသူအား သနားကရုဏာရှိကြသောသူတို့သည် ခဲဖွယ်၊ ဘောဇဉ်၊ ပန်းနံ့သာ၊ နံ့သာပျောင်း၊ ကွမ်းတို့ကို ပေးကုန်၏။ ခိုးသူသည် ထိုခဲဖွယ်ဘောဇဉ်တို့ကိုစားသောက်လျက် သုံးဆောင်ဖွယ်စည်းစိမ်နှင့်ပြည့်စုံသကဲ့သို့ သွားနေသော်လည်း "ဤသူသည် ချမ်းသာပေစွ၊ များစွာသောသုံးဆောင်ဖွယ်စည်းစိမ်နှင့် ပြည့်စုံပေစွ"ဟူ၍ မည်သူမျှမထင်မှတ်ပေ။

စင်စစ်သော်ကား "ဤသူသည် သနားဖွယ်ကောင်းပေစွ၊ ယခုပင် သေရရှာတော့မည်၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သေခြင်းနှင့်နီးကပ်၊ နီးကပ်သွားလေတော့၏"ဟု ဆင်ခြင်လျက် လူအပေါင်းတို့သည် ခိုးသူကို ကရုဏာသက်ကြလိမ့်မည်။ ထို့အတူပင် ကရုဏာကမ္မဋ္ဌာန်းစီးဖြန်းသောယောဂီသည် ချမ်းသာသုခရှိလျက် မကောင်းမှုပြုနေသော ပုဂ္ဂိုလ်ကို သနားကရုဏာဖြစ်စေအပ်၏။

"ဤသူသည် ယခုအခါ ချမ်းချမ်းသာသာ ဝတ်စားဆင်ယင်၊ သုံးဆောင်စားသောက်နေရပါသော်လည်း မည်သည့်ကုသိုလ်ကောင်းမှုကိုမျှ ပြုလုပ်ထားခြင်းမရှိသည့်အပြင် မကောင်းမှုဒုစရိုက်များကို တွင်တွင်ပြုလုပ်နေ၏။ မကြာမြင့်မီ သေလွန်သောအခါ အပါယ်ဘုံတို့၌ များစွာသောကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းတို့ကို ခံစားရလတ္တံ့"ဟု ဆင်ခြင်ကာ သနားကရုဏာဖြစ်စေအပ်၏။

**ကရုဏာပွားရမည့်အစီအရင်**

(၁) ဖော်ပြခဲ့သည့်အတိုင်း အလွန်ဆင်းရဲဒုက္ခရောက်နေသဖြင့် **သနားထိုက်သောပုဂ္ဂိုလ်**၊ ချမ်းသာသော်လည်း မကောင်းမှုပြုနေသဖြင့် သနားထိုက်သောပုဂ္ဂိုလ်တို့ကို ရှေးဦးစွာ ကရုဏာပွားပါ။

(၂) ထို့နောက် ချစ်ခင်အပ်သော **ပိယပုဂ္ဂိုလ်**ကို ကရုဏာပွားပါ။

(၃) ထို့နောက် အလယ်အလတ်ဖြစ်သော **မဇ္ဈတ္တပုဂ္ဂိုလ်**ကို ကရုဏာပွားပါ။

(၄) ထို့နောက် ရန်သူဖြစ်သော **ဝေရီပုဂ္ဂိုလ်**ကို ကရုဏာပွားပါ။

ရန်သူကို ကရုဏာပွားရာ၌ အမျက်ဒေါသဖြစ်ပေါ်လျှင် မေတ္တာဘာဝနာ၌ ပြဆိုခဲ့သည့်အတိုင်း ဒေါသကို ငြိမ်းစေအပ်၏။

ကရုဏာပွားအပ်သော ပုဂ္ဂိုလ်များတွင် ကုသိုလ်ကောင်းမှုများစွာ ပြုနေသူပင်ဖြစ်စေကာမူ ဆွေမျိုးတို့၏ပျက်စီးခြင်း (ဉာတိဗျသန)၊ ရောဂါနှိပ်စက်၍ ကျန်းမာရေးပျက်စီးခြင်း(ရောဂဗျသန)၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း(ဘောဂဗျသန)စသော ပျက်စီးခြင်း(ဗျသန)တစ်ပါးပါးနှင့်ကြုံတွေ့နေရသည်ကို တွေ့မြင်ရ၊ ကြားသိရလျှင်ဖြစ်စေ၊ ထိုဗျသနတို့နှင့် မကြုံတွေ့ရငြားသော်လည်း သံသရာဝဋ်ဆင်းရဲကို မကျော်လွန်သေးသောကြောင့်ဖြစ်စေ၊ "ဤသူသည် ဆင်းရဲဒုက္ခရောက်နေသော သူပင်တည်း၊ ဤဆင်းရဲဒုက္ခမှ လွတ်မြောက်ပါမူကား ကောင်းလေစွ"ဟု ဆင်ခြင်၍ သနားကရုဏာဖြစ်စေအပ်၏။

ဆိုခဲ့ပြီးသောနည်းဖြင့် **မိမိ၊ ချစ်အပ်သောပုဂ္ဂိုလ်၊ အလယ်အလတ်ပုဂ္ဂိုလ်၊ ရန်သူ** ဟူသော ပုဂ္ဂိုလ်လေးဦးတို့၌ ပုဂ္ဂိုလ်အပိုင်းအခြားမရှိခြင်းဟူသည့် သီမာသမ္ဘေဒကို ပြုပြီးလျှင် သီမာသမ္ဘေဒ၏အစွမ်းဖြင့်ဖြစ်သော ပဋိဘာဂနိမိတ်ကို မှီဝဲပွားများ၍ ကြိမ်ဖန်များစွာ အလေ့အလာပြု၍ မေတ္တာဘာဝနာတွင် ဆိုခဲ့သည့်နည်းအတိုင်း စတုက္က နည်းအရ ကရုဏာစျာန်သုံးပါး၊ ပဉ္စကနည်းအရ ကရုဏာစျာန်လေးပါးတို့ကို ဖြစ်စေအပ်၏။

**အင်္ဂုတ္တိုရ်အဋ္ဌကထာ၏ဝါဒကွဲ**

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ "ရှေးဦးစွာ ရန်သူပုဂ္ဂိုလ်ကို ကရုဏာပွားအပ်၏၊ ထိုရန်သူ၌ စိတ်ကိုနူးညံ့အောင်ပြုပြီးလျှင် ဆင်းရဲဒုက္ခရောက်နေသူကို ကရုဏာပွားအပ်၏၊ ထို့နောက် ချစ်အပ်သောပုဂ္ဂိုလ်၊ ထို့နောက် မိမိကိုယ်ကို ကရုဏာပွားအပ်၏"ဟု ပြဆိုထား၏။ ဤပြဆိုချက်သည် "ဒုဂ္ဂတံ-ဆင်းရဲဒုက္ခရောက်နေသော၊ ဒုရူပေတံ-မကောင်းမှုဒုစရိုက် ပြုကျင့်လေ့ရှိသောသူကို တွေ့မြင်ရလျှင် သနားကရုဏာဖြစ်ထိုက်သကဲ့သို့"ဟု ဟောထားသော ဝိဘင်းပါဠိနှင့်မညီ။ သို့အတွက် ဤအဆိုကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပယ်မြစ်၏။

**ကရုဏာ ၁၃၂ ပါးပွားနည်း**

**(၁) အနောဓိသ ကရုဏာစေတောဝိမုတ္တိ (၅) ပါး**

၁။ *သဗ္ဗေ သတ္တာ* — အလုံးစုံသောသတ္တဝါတို့သည် ဒုက္ခမုစ္စန္တု – ဆင်းရဲမှ လွတ်ကင်းကြပါစေ၊

၂။ *သဗ္ဗေ ပါဏာ* — အလုံးစုံသော ထွက်သက်ဝင်သက်ရှိသည့်သတ္တဝါတို့သည် ဆင်းရဲမှလွတ်ကင်းကြပါစေ၊

၃။ *သဗ္ဗေ ဘူတာ* — အလုံးစုံသော ကိုယ်ထင်ရှားဖြစ်သည့်သတ္တဝါတို့သည် ဆင်းရဲမှလွတ်ကင်းကြပါစေ၊

၄။ *သဗ္ဗေ ပုဂ္ဂလာ* — အလုံးစုံသော ပုဂ္ဂိုလ်အပေါင်းတို့သည် ဆင်းရဲမှ လွတ်ကင်းကြပါစေ၊

၅။ *သဗ္ဗေ အတ္တဘာဝပရိယာပန္နာ* – အလုံးစုံသော ခန္ဓာကိုယ်အတ္တဘော၌ အကျုံးဝင်သူတို့သည် ဆင်းရဲမှလွတ်ကင်းကြပါစေ။

**(၂) ဩဓိသ ကရုဏာ စေတောဝိမုတ္တိ (၇)ပါး**

၁။ *သဗ္ဗာ ဣတ္ထိယော* — အလုံးစုံသောမိန်းမအပေါင်းတို့သည် ဆင်းရဲမှလွတ်ကင်းကြပါစေ၊

၂။ *သဗ္ဗေ ပုရိသာ* — အလုံးစုံသော ယောကျာ်းအပေါင်းတို့သည် ဆင်းရဲမှ လွတ်ကင်းကြပါစေ၊

၃။ *သဗ္ဗေ အရိယာ* — အလုံးစုံသော အရိယာအပေါင်းတို့သည် ဆင်းရဲမှ

လွတ်ကင်းကြပါစေ၊

၄။ သဗ္ဗေ အနရိယာ – အလုံးစုံသော အရိယာမဟုတ်သူ ပုထုဇဉ်တို့သည် ဆင်းရဲမှ လွတ်ကင်းကြပါစေ၊

၅။ သဗ္ဗေ ဒေဝါ – အလုံးစုံသော နတ်အပေါင်းတို့သည် ဆင်းရဲမှ လွတ်ကင်းကြပါစေ၊

၆။ သဗ္ဗေ မနုဿာ – အလုံးစုံသော လူအပေါင်းတို့သည် ဆင်းရဲမှ လွတ်ကင်းကြပါစေ၊

၇။ သဗ္ဗေ ဝိနိပါတိကာ – အလုံးစုံသော အပါယ်ဘုံသားတို့သည် ဆင်းရဲမှ လွတ်ကင်းကြပါစေ။

**(၃) ဒိသာဖရဏ ကရုဏာစေတောဝိမုတ္တိ ၁၂၀-ပါး**

၁ အရှေ့အရပ်၌ရှိကုန်သော သဗ္ဗေသတ္တာ - အလုံးစုံသောသတ္တဝါတို့သည် ဆင်းရဲမှ လွတ်ကင်းကြပါစေ။

၅ ထို့နည်းတူ ကျန်အနောဓိသ ပုဂ္ဂိုလ် ၄-ပါးအတွက် ကရုဏာ စေတောဝိမုတ္တိ ၄-ပါး၊

၆ အရှေ့အရပ်၌ရှိကုန်ကြသော သဗ္ဗာ ဣတ္ထိယော – အလုံးစုံသောမိန်းမအပေါင်းတို့သည် ဆင်းရဲမှ လွတ်ကင်းကြပါစေ၊

၁၂ ထိုနည်းအတူ ကျန်ဩဓိသပုဂ္ဂိုလ် ၆-ပါးအတွက် ကရုဏာစေတောဝိမုတ္တိ ၆-ပါး၊ ထို့ကြောင့် အရှေ့အရပ်မျက်နှာတွင် ပုဂ္ဂိုလ် ၁၂-ဦးအတွက် ကရုဏာစေတောဝိမုတ္တိ ၁၂-ပါးရှိ၏။ ကျန်အရပ်မျက်နှာတစ်ခုစီအတွက်လည်း ကရုဏာစေတောဝိမုတ္တိ ၁၂-ပါးရှိ၏။ အရပ် ၁၀မျက်နှာအတွက် ကရုဏာစေတောဝိမုတ္တိ = ၁၂၀ ပါး။

| | | | |
|---|---|---|---|
| သို့ဖြစ်၍ | (၁) အနောဓိသ ကရုဏာ | – ၅ ပါး | (အရပ်မပိုင်းခြား) |
| | (၂) ဩဓိသ ကရုဏာ | – ၇ ပါး | (အရပ်မပိုင်းခြား) |
| | (၃) ဒိသာဖရဏ ကရုဏာ | + ၁၂၀ ပါး | (အရပ်ဆယ်မျက်နှာ) |
| | စုစုပေါင်း ကရုဏာ | – ၁၃၂ ပါး | |

**ကရုဏာ၏အကျိုးအာနိသင် ၁၁-ပါး**

ကရုဏာဘာဝနာ၏အကျိုးအာနိသင် ၁၁-ပါးသည် မေတ္တာဘာဝနာ၏ အကျိုးအာနိသင် ၁၁-ပါးနှင့်တူ၏။

**၃။ မုဒိတာဘာဝနာ (မုဒိတာဗြဟ္မဝိဟာရ)**

**ရှေးဦးစွာ မုဒိတာမပွားသင့်သောပုဂ္ဂိုလ်များ**

မုဒိတာဘာဝနာကို အားထုတ်သူသည် ရှေးဦးစွာ ချစ်အပ်သော ပိယပုဂ္ဂိုလ်၊ အလယ်အလတ်ဖြစ်သောမဇ္ဈတ္တပုဂ္ဂိုလ်၊ ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်တို့ကို မုဒိတာမပွားအပ်ပါ။ လိင်ကွဲသောပုဂ္ဂိုလ်နှင့် သေပြီးသောသူတို့မှာ မုဒိတာပွားရန် နယ်ပယ်၊ ခေတ်အခါ

မဟုတ်ပါ။

အကြောင်းကား ချစ်အပ်သောသူသည် ချစ်အပ်သည်၏ အဖြစ်မျှသာတည်၍ ဝမ်းမြောက်ခြင်း မုဒိတာ၏နီးသော အကြောင်းမဖြစ်ပေ။ အလယ်အလတ်ပုဂ္ဂိုလ်နှင့် ရန်သူပုဂ္ဂိုလ်တို့သည်လည်း ဝမ်းမြောက်ခြင်း-မုဒိတာ၏အကြောင်း မဖြစ်ပေ။

**ရှေးဦးစွာ မုဒိတာပွားသင့်သောပုဂ္ဂိုလ်**

အလွန်ချစ်အပ်သော **အတိပ္ပိယပုဂ္ဂိုလ်**သည် မုဒိတာ၏နီးသောအကြောင်း-ပဒဋ္ဌာန် ဖြစ်သင့်၏။ အလွန်ချစ်အပ်သောအပေါင်းအဖော်ကို အဋ္ဌကထာ၌ '**သောဏ္ဍသဟာယ**'-သွမ်းဖျင်းဖော်၊ သေသောက်ဖက်ဟု ဆို၏။ ထိုအလွန်ချစ်အပ်သော နှလုံးကို ပွားစေတတ်သော အပေါင်းအဖော်သူငယ်ချင်းသည် ကြည်လင်ချမ်းမြေ့သည့်အဖြစ်ကြောင့် အလွန်ဝမ်းမြောက်တတ်၏၊ ရှေးဦးစွာပြုံးရယ်ပြီးမှ စကားပြောတတ်၏။ ထို့ကြောင့် ထိုအလွန်ချစ်အပ်သော အပေါင်းအဖော်ကိုသော်လည်း ရှေးဦးစွာ မုဒိတာဖြင့်ဖြန့်အပ်, ဖျန်းဆွတ်အပ်၏။

သို့မဟုတ် ချစ်အပ်သော **ပိယပုဂ္ဂိုလ်**သည် ချမ်းသာနှင့်ပြည့်စုံလျက် ကောင်းစွာဝတ်စားဆင်ယင်ကာ ဝမ်းမြောက်နေသည်ကို ကိုယ်တိုင်မြင်တွေ့၍သော်လည်းကောင်း၊ တစ်ဆင့်စကားကြား၍သော်လည်းကောင်း၊ "ဤပုဂ္ဂိုလ်သည် ချမ်းသာရိပ်ငြိမ် စည်းစိမ်ခံစား၍ ဝမ်းမြောက်ရပေစွတကား၊ သြော်. . ကောင်းပါပေစွ၊ ကောင်းပါပေစွ"ဟု ဝမ်းမြောက်ခြင်း မုဒိတာကို ဖြစ်စေအပ်၏။

(ချစ်အပ်သောပိယပုဂ္ဂိုလ်သည် ရွှင်သောမျက်နှာရှိခြင်း ရှေးဦးစွာနှုတ်ဆက်ပြောဆိုတတ်ခြင်း၊ နားဝင်ချိုအောင်ပြောတတ်ခြင်း၊ ဝမ်းမြောက်ညီညွတ်အောင် ပြောတတ်ခြင်း၊ အစရှိသောဂုဏ်ထူးများနှင့် မပြည့်စုံလျှင်ဖြစ်စေ၊ ချမ်းသာနှင့်ပြည့်စုံခြင်းအစရှိသော ဝမ်းမြောက်ဖွယ်နှင့်မပြည့်စုံလျှင်ဖြစ်စေ၊ မုဒိတာ၏နီးသောအကြောင်းမဖြစ်ပေ။ အဆိုပါဂုဏ်ထူးများနှင့်ပြည့်စုံ၍ ရွှင်လန်းဝမ်းမြောက်နေသူဖြစ်ပါမူ မုဒိတာ၏နီးသောအကြောင်း ဖြစ်၍ မုဒိတာပွားနိုင်ခွင့်ရှိသေး၏ဟု **ဋီကာ**၌ ဆို၏။)

ဤအကြောင်းထူး အကျိုးထူးကို အစွဲပြု၍ **အဘိဓမ္မာဝိဘင်းပါဠိ**၌- "*ရဟန်းသည် အဘယ်သို့လျှင် မုဒိတာနှင့်တကွဖြစ်သောစိတ်ဖြင့် တစ်ခုသောအရပ်ကို ဖြန့်၍နေသနည်း၊ ဥပမာအားဖြင့် ချစ်အပ်သော နှလုံးကိုပွားစေတတ်သော ပုဂ္ဂိုလ်တစ်ဦးကိုမြင်လျှင် ဝမ်းမြောက်သည်ဖြစ်သကဲ့သို့ ထိုအတူပင် အလုံးစုံသောသတ္တဝါတို့ကို မုဒိတာဖြင့် ဖြန့်နှံ့စေ၏*"ဟု ဟော်တော်မူ၏။

ထိုအလွန်ချစ်အပ်သော အပေါင်းအဖော်သော်လည်းကောင်း၊ ချစ်အပ်သော နှစ်လုံးကို ပွားစေတတ်သော ပုဂ္ဂိုလ်သော်လည်းကောင်း၊ ရှေးကာလ၌ ချမ်းသာနှင့်ပြည့်စုံခဲ့ပြီးလျှင် ယခုမူကား ဆင်းရဲစုတ်ပြတ်ကာ မြင်စရာမကောင်းသည့်အခြေအနေရှိနေသည်ဖြစ်စေ

ကာမူ လွန်ခဲ့ပြီးသော ရှေးကာလ၌ ထိုသူ၏ချမ်းသာပျော်ရွှင်မှုနှင့် ပြည့်စုံသည့်အဖြစ်ကို အောက်မေ့ဆင်ခြင်၍ "ဤသူသည် လွန်ခဲ့သောရှေးကာလ၌ ဤသို့များသောစည်းစိမ် ရှိခဲ့သည်၊ များသောအခြွေအရံရှိခဲ့သည်ဖြစ်၍ အမြဲလျှင် ဝမ်းမြောက်လျက် ရှိခဲ့လေပြီ"ဟု ထိုသူ၏ ဝမ်းမြောက်ခဲ့ပုံအခြင်းအရာကိုယူ၍ မုဒိတာကို ဖြစ်စေအပ်၏။ ထို့အပြင် "နောက်အနာဂတ်ကာလ၌ ထိုစည်းစိမ်များကို တစ်ဖန်ရ၍ ဆင်ကျောက်ကုန်း၊ မြင်းကျောက်ကုန်း၊ ရွှေထမ်းစင်တို့ဖြင့် လှည့်လည်ရပေလိမ့်မည်"ဟု နောင်အခါ၌ ဖြစ်မည့် ထိုသူ၏ဝမ်းမြောက်ဖွယ်အခြင်းအရာကို ယူ၍လည်း မုဒိတာကို ဖြစ်စေအပ်၏။

**မုဒိတာပွားရမည့် အစီအရင်**

ထိုသို့ နှလုံးပွားစေတတ်သော ချစ်အပ်သော **ပိယပုဂ္ဂိုလ်**၌ မုဒိတာကို ဖြစ်စေပြီးလျှင် အလယ်အလတ်ဖြစ်သော **မဇ္ဈတ္တပုဂ္ဂိုလ်**၌၊ ထို့နောက် ရန်သူဖြစ်သည့် **ဝေရီပုဂ္ဂိုလ်**၌ ဤအစဉ်ဖြင့် မုဒိတာကို မပြတ်ဖြစ်စေအပ်၏၊ အပွနာစျာန်ကိုဖြစ်စေအပ်၏။ အကယ် ၍ ရန်သူ၌ အမျက်ဒေါသဖြစ်ငြားအံ့၊ မေတ္တာဘာဝနာ၌ ဆိုခဲ့သောနည်းဖြင့်ပင် လျှင် ဒေါသကို ငြိမ်းစေအပ်၏။

ထို့နောက် **ပိယပုဂ္ဂိုလ်၊ မဇ္ဈတ္တပုဂ္ဂိုလ်၊ ဝေရီပုဂ္ဂိုလ်၊ မိမိဟူသော ပုဂ္ဂိုလ်လေးဦး** တို့၌ ညီမျှသောစိတ်ရှိသည်၏ အဖြစ်ဖြင့် ပုဂ္ဂိုလ်အပိုင်းအခြားမရှိခြင်း - **သီမာသမ္ဘေဒ**ကို ပြု၏။ ထိုသီမာသမ္ဘေဒ၏အစွမ်းဖြင့်ဖြစ်သော ပဋိဘာဂနိမိတ်ကို မှီဝဲပွားများ၍ ကြိမ်ဖန်များစွာအလေ့အလာပြု၍ မေတ္တာဘာဝနာတွင် ဆိုခဲ့သည့်နည်းအတိုင်း စတုက္ကနည်းအရ မုဒိတာစျာန်သုံးပါး၊ ပဉ္စကနည်းအရ မုဒိတာစျာန်လေးပါးတို့ကို ဖြစ်စေအပ်၏။

**မုဒိတာ ၁၃၂ ပါးပွားနည်း**

ကရုဏာ ၁၃၂ ပါးပွားနည်းအတိုင်း မုဒိတာ ၁၃၂ ပါး ပွားနည်းကို ပြည့်စုံစေနိုင်၏။

| | | |
|---|---|---|
| (၁) အနောဓိသ မုဒိတာ.... | ၅ ပါး | (အရပ်မပိုင်းခြား) |
| (၂) ဩဓိသ မုဒိတာ..... | ၇ ပါး | (အရပ်မပိုင်းခြား) |
| (၃) ဒိသာဖရဏ မုဒိတာ.... | ၁၂၀ ပါး | (အရပ်ဆယ်မျက်နှာ) |
| စုစုပေါင်း.... | ၁၃၂ ပါး | |

**မုဒိတာ၏အကျိုးအာနိသင် ၁၁ ပါး**

မုဒိတာဘာဝနာ၏အကျိုးအာနိသင် (၁၁)ပါးသည် မေတ္တာဘာဝနာ၏ အကျိုး အာနိသင် (၁၁)ပါးနှင့် တူပါသည်။

## ၄။ ဥပေက္ခာဘာဝနာ (ဥပေက္ခာဗြဟ္မဝိဟာရ)

**ဥပေက္ခာဘာဝနာ ပွားများနိုင်သောပုဂ္ဂိုလ်**

မေတ္တာဘာဝနာ၊ ကရုဏာဘာဝနာ၊ မုဒိတာဘာဝနာ တစ်ပါးပါးပွားများသဖြင့် စတုက္ကနည်းစျာန်သုံးပါး၊ ပဉ္စကနည်းစျာန်လေးပါးတို့ကို ရရှိပြီးသော ယောဂီပုဂ္ဂိုလ်များ

သာ ဥပေက္ခာဘာဝနာပွားများနိုင်သည်၊ မေတ္တာဘာဝနာစသည်၌ အဆိုပါဈာန်များကို မရထားလျှင် မပွားနိုင်ပါ။

**ဥပေက္ခာဘာဝနာ ပွားပုံအစီအရင်**

ဥပေက္ခာရှုပွားလိုသူသည် မေတ္တာဘာဝနာစသည်၌ စတုက္ကနည်းဈာန်သုံးပါး၊ ပဉ္စက နည်း ဈာန်လေးပါးတို့ကို ရရှိထားရမည်၊ ထို့နောက် ကျေပွန်စွာလေ့ကျင့်ထား သည့် စတုက္ကနည်း တတိယဈာန်မှထ၍

(၁) ရှေးဘာဝနာသုံးပါးတို့၌ အပြစ်ကို ရှုမြင်ရမည်၊

(၂) ဥပေက္ခာ၌ အကျိုးအာနိသင်ကို ရှုမြင်ရမည်၊

မေတ္တာဘာဝနာစသည့် ရှေးဘာဝနာသုံးပါးသည် "ချမ်းသာကြပါစေ" "ဆင်းရဲမှ လွတ်ကင်းကြပါစေ" "ဝမ်းမြောက်ကြပါစေ" ဤသို့စသည်ဖြင့် သတ္တဝါတို့၌ ယုယမြတ်နိုး သောနှလုံးသွင်းမှုနှင့် ယှဉ်ခြင်းကြောင့်လည်းကောင်း၊ မုန်းခြင်း၊ ချစ်ခြင်း၏အနီး၌ ကျက်စားခြင်းကြောင့်လည်းကောင်း၊ ရှေးဖြစ်သော တတိယဈာန်နှင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့၌ အပြစ်ရှိခြင်းကို မြင်အောင်ရှုဆင်ခြင်အပ်၏။

ဥပေက္ခာသည် ငြိမ်သက်သောသဘောရှိသောကြောင့် ဥပေက္ခာနှင့်ယှဉ်သည့် စတုတ္ထ ဈာန်သည် တတိယဈာန်ထက် ပို၍ ငြိမ်ဝပ်သိမ်မွေ့၏။ ဥပေက္ခာသည် သတ္တဝါတို့ကို ချစ်ခြင်း၊ မုန်းခြင်းမပြုဘဲ "*သဗ္ဗေသတ္တာ ကမ္မဿကာ*" သတ္တဝါတို့သည် မိမိတို့ပြုထား သော ကံစီမံသည့်အတိုင်း ဖြစ်ကြရ၏"ဟု လျစ်လျူရှုသည့် အနေဖြင့် နှလုံးသွင်း၏။ ထို့ကြောင့် ဥပေက္ခာသည် မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ထက် ပို၍သိမ်မွေ့၏။

ဤသို့ရှုမြင်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ပကတိပင်ကိုသဘောအားဖြင့် မချစ်၊ မမုန်း၊ အလယ်အလတ်ဖြစ်သည့် **မဇ္ဈတ္တပုဂ္ဂိုလ်ကို လျစ်လျူရှု၍ ဥပေက္ခာကို ဖြစ်စေအပ် ၏။** မှန်ပေ၏-

"*ရဟန်းသည် အဘယ်သို့လျှင် ဥပေက္ခာနှင့်တကွဖြစ်သောစိတ်ဖြင့် တစ်ခုသော အရပ်ကို ဖြန့်၍နေသနည်း။ ဥပမာအားဖြင့် မချစ်၊ မမုန်းသော ပုဂ္ဂိုလ်တစ်ယောက်ကို မြင်ရလျှင် လျစ်လျူရှုသည် ဖြစ်ရာသကဲ့သို့ ထို့အတူပင် အလုံးစုံသောသတ္တဝါတို့ကို လျစ်လျူရှုခြင်း-ဥပေက္ခာဖြင့် ဖြန့်၏*"ဟူ၍ ဟောတော်မူ၏။

ထို့ကြောင့် ယောဂီသည် အလယ်အလတ် **မဇ္ဈတ္တပုဂ္ဂိုလ်**၌ ဥပေက္ခာကို ဖြစ်စေပြီး လျှင် ချစ်အပ်သော **ပိယပုဂ္ဂိုလ်**၌၊ ထို့နောက် သောင်္ဘသဟာယဟူသော **အတိပ္ပိယ ပုဂ္ဂိုလ်**၊ ထို့နောက် ရန်သူဖြစ်သော **ဝေရီပုဂ္ဂိုလ်**တို့၌ ဥပေက္ခာကို ဖြစ်စေ၏။ ဤပုဂ္ဂိုလ် သုံးဦးနှင့် **မိမိ**ဟူသော ပုဂ္ဂိုလ်လေးဦးတို့၌ လျစ်လျူရှုသည့်အစွမ်းဖြင့် ပုဂ္ဂိုလ်အပိုင်းအခြား မရှိခြင်း **"သီမာသမ္ဘေဒ"**ကို ပြု၏။ ထိုသီမာသမ္ဘေဒ၏အစွမ်းအားဖြင့်ဖြစ်သော ပဋိဘာဂ နိမိတ်ကို မှီဝဲပွားများ၍ ကြိမ်ဖန်များစွာ အလေ့အလာပြု၍ ပထဝီကသိုဏ်း၌ ဆိုခဲ့သည့် အတိုင်း စတုတ္ထဈာန်ဖြစ်ပေါ်၏။

**ပထမဝိကသိုဏ်းစသည်၌ တတိယဈာန်ရသောပုဂ္ဂိုလ်အား ဥပေက္ခာဈာန်ဖြစ်ပါသလား**

မဖြစ်ပါ၊ အဘယ့်ကြောင့်ဆိုသော် အာရုံ၏သဘောမတူခြင်းကြောင့်ဖြစ်၏။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့၌ တတိယဈာန်ကို ရသောသူအားသာလျှင် အာရုံ၏ သဘောတူခြင်းကြောင့် ဥပေက္ခာစတုတ္ထဈာန်သည်ဖြစ်၏။

ထိုဥပေက္ခာစတုတ္ထဈာန်ဖြစ်သည်မှ နောက်၌ဖြစ်သော ဈာန်၏ကွန့်မြူးခြင်း၊ အထူးထူးကိုပြုခြင်း-**ဝိကုဗ္ဗနာ**ကိုလည်းကောင်း၊ အကျိုးအာနိသင်ရခြင်းကိုလည်းကောင်း၊ မေတ္တာဘာဝနာ၌ ဆိုခဲ့သည့်နည်းဖြင့် သိအပ်၏။

**၅။ ပြီးပြွမ်းပြဆို့ချက် (*ပကိဏ္ဏကကထာ*)**

**(၁) မေတ္တာ၏အနက်အဓိပ္ပါယ်**

(က) အစီးအပွားကိုပြုလိုသောအားဖြင့် (ဝါ) ချမ်းသာစေလိုသောအားဖြင့် ချစ်တတ်သောကြောင့် မေတ္တာမည်၏။

(ခ) ချစ်အပ်သော ပိယပုဂ္ဂိုလ်ဟူသော မိတ္တခေါ် မိတ်ဆွေ၌ဖြစ်တတ်သောကြောင့် မေတ္တာမည်၏။

(ဂ) အစီးအပွားကိုလိုလားသော မိတ်ဆွေ၏ချစ်ခြင်းအစွမ်းဖြင့် ဤသဘောတရားသည် ဖြစ်၏။ ထို့ကြောင့် မေတ္တာမည်၏။

**မေတ္တာ၏ လက္ခဏာ, ရသစသည်**

(က) သတ္တဝါတို့၏အကျိုးစီးပွားကို ကျင့်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏။

(ခ) သတ္တဝါတို့၏အကျိုးစီးပွားကို ကပ်၍ဆောင်ခြင်း ကိစ္စရသရှိ၏။

(ဂ) ရန်ငြိုးကိုပယ်ဖျောက်သောအခြင်းအရာအားဖြင့် ရှုသူဉာဏ်၌ ရှေးရှုထင်၏။ (*ပစ္စုပဋ္ဌာန်*)

(ဃ) သတ္တဝါတို့၏ နှစ်သက်မြတ်နိုးဖွယ်အဖြစ်ကိုရှုသော ယောနိသောမနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏။ (*ပဒဋ္ဌာန်*)

*ဗျာပါဒ-ဒေါသ၏ငြိမ်းခြင်းသည် မေတ္တာ၏ပြီးစီးပြည့်စုံခြင်းဖြစ်၏၊ ခင်မင်တွယ်တာလျက် ချစ်ခြင်းဟူသော တဏှာသိနေဟသည် မေတ္တာ၏ပျက်စီးခြင်းပေတည်း။*

**မေတ္တာ၏နီးသောရန်သူနှင့် ဝေးသောရန်သူ**

မေတ္တာ၏အနီးကပ်ရန်သူသည် **ရာဂဖြစ်၏**။ ရာဂသည် ဂုဏ်ကိုရှုရာ၌ မေတ္တာနှင့် သဘောတူသောကြောင့်ဖြစ်၏။ အနီး၌ကျက်စားသောရန်သူကဲ့သို့ ရာဂသည် လျင်စွာ ဝင်ရောက်ခွင့်ကို ရတတ်၏။ ထို့ကြောင့် အနီးကပ်ရန်သူဖြစ်သောရာဂမှ မေတ္တာကို ကောင်းစွာစောင့်ရှောက်အပ်၏။

ဗျာပါဒခေါ် ဒေါသသည် မေတ္တာ၏ဝေးသောရန်သူဖြစ်၏၊ အကြောင်းမှာ မေတ္တာ

နှင့်သဘောချင်းတူသောရာဂနှင့် ဗျာပါဒတို့ သဘောမတူခြင်းကြောင့်ဖြစ်၏။ သို့အတွက် ဗျာပါဒမှ စိုးရိပ်ကြောက်ရွံ့ခြင်းကင်းလျက် မေတ္တာကို ပွားအပ်၏။ သဘောချင်းမတူသော မေတ္တာနှင့် ဗျာပါဒတို့သည် အတူတကွ ဖြစ်ရိုးမရှိပေ။

**(၂) ကရုဏာ၏အနက်အဓိပ္ပါယ်**

(က) သူတစ်ပါး၏ဆင်းရဲကို မြင်ရကြားရသည်ရှိသော် သူတော်ကောင်းတို့၏ နှလုံးတုန် လှုပ်ပင်ပန်းခြင်းကို ပြုတတ်သောကြောင့် ကရုဏာမည်၏။

(ခ) သူတစ်ပါး၏ဆင်းရဲကို ညှဉ်းဆဲတတ်၊ ပယ်ဖျောက်တတ်သောကြောင့် ကရုဏာမည်၏။

(ဂ) ဆင်းရဲဒုက္ခရောက်နေသော သတ္တဝါတို့၌ ပြန့်နှံ့တွေ့ထိသောအားဖြင့် ဖြန့်တတ်သောကြောင့် ကရုဏာမည်၏။

**ကရုဏာ၏လက္ခဏာ, ရသစသည်**

(က) သူတစ်ပါး၏ဆင်းရဲဒုက္ခကို ပယ်ဖျောက်လိုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း *လက္ခဏာ*ရှိ၏။

(ခ) သူတစ်ပါးဆင်းရဲဒုက္ခရောက်သည်ကို သည်းမခံနိုင်ခြင်း *ကိစ္စရသ*ရှိ၏။

(ဂ) သတ္တဝါတို့ကို မညှဉ်းဆဲခြင်း (*အဝိဟိံသာ*)လျှင် ဉာဏ်အားရှေးရှုထင်၏။

(ဃ) ဆင်းရဲဒုက္ခဖြင့် အနှိပ်စက်ခံနေရသောသူတို့၏ အားကိုးရာမရှိခြင်းကို ရှုမြင်သော ယောနိသော မနသိကာရလျှင် နီးသောအကြောင်းရှိ၏။ (*ပဒဋ္ဌာန်*)

*သတ္တဝါတို့ကို ညှဉ်းဆဲလိုသောဒေါသ၏ ငြိမ်းခြင်း သည် ကရုဏာ၏ပြည့်စုံပြီးစီးခြင်း ပေတည်း၊ စိုးရိမ်ပူဆွေးမှု သောကဖြစ်ခြင်းသည် ကရုဏာ၏ ပျက်စီးခြင်းပေတည်း။*

**ကရုဏာ၏နီးသောရန်သူနှင့် ဝေးသောရန်သူ**

အလိုရှိအပ်၊ နှစ်သက်မြတ်နိုးအပ်၊ နှလုံးမွေ့လျော်ဖွယ်ဖြစ်ကုန်သော ကာမဂုဏ် အာရုံတို့ကို 'မရလေခြင်း'ဟု တောင့်တတမ်းတသူအားလည်းကောင်း၊ ရှေးကရခဲ့ဖူးပြီး ယခုအခါ ချုပ်ငြိမ်းပျက်စီးလေပြီးသော အဆင်းရူပါရုံတို့ကို တောင့်တကာ ဆင်ခြင်နေသူ အားလည်းကောင်း၊ နှလုံးမသာ ခြင်း၊ ဝမ်းနည်းခြင်းခြစ်ပေါ်လာ၏။ ဤသို့နှလုံးမသာ ခြင်း၊ ဝမ်းနည်းခြင်းကို 'ကာမဂုဏ် ကိုမှီသော နှလုံးမသာခြင်း'(*ဂေဟသိတဒေါမနဿ*)ဟု ခေါ်၏။ ဤကာမဂုဏ်ကိုမှီသော နှလုံးမသာခြင်း *ဒေါမနဿ*သည် ပျက်စီးခြင်း-ဝိပ္ပတ္တိကို ရှုခြင်းအားဖြင့် သဘောတူသည့် အဖြစ်ကြောင့် ကရုဏာဗြဟ္မဝိဟာရ၏ **နီးသောရန်သူ** ဖြစ်၏။

ကရုဏာသည် ညှဉ်းဆဲလိုခြင်း - *ဝိဟိံသာ*နှင့် သဘောမတူခြင်းကြောင့် *ဝိဟိံသာ*သည် ကရုဏာ၏ **ဝေးသောရန်သူ**မည်၏။ ထို့ကြောင့် ဝိဟိံသမှ စိုးရိမ်ကြောက်ရွံ့ခြင်း ကင်းလျက် ကရုဏာကို ပွားစေအပ်၏။ သနားခြင်း- ကရုဏာသည် *ဝိဟိံသာ*နှင့် ဆန့် ကျင်ဘက်ဖြစ်၍ အတူတကွ ဖြစ်ရိုးမရှိပေ။

သတ္တဝါတို့ကို ညှဉ်းဆဲကြောင်းဖြစ်သည့် ဒေါသ၏ငြိမ်းအေးခြင်းသည် ကရုဏာ၏ အောင်မြင်ပြီးစီး, ပြည့်စုံခြင်းဖြစ်၏၊ စိုးရိမ်ပူဆွေးမှု သောကဖြစ်ခြင်းသည် ကရုဏာ၏ ဆုံးရှုံးပျက်စီးခြင်း ဖြစ်၏။

**(၃) မုဒိတာ၏အနက်အဓိပ္ပာယ်**

(က) မုဒိတာနှင့် ပြည့်စုံသူတို့သည် ထိုမုဒိတာ၏အကူအညီဖြင့် သူတစ်ပါးတို့၏ ချမ်းသာပြည့်စုံသည်ကို ဝမ်းမြောက်နိုင်ကြ၏၊ ဤသို့ ဝမ်းမြောက်ကြောင်းဖြစ်သောကြောင့် မုဒိတာမည်၏။

(ခ) ဝမ်းမြောက်တတ်သောတရားသဘောဖြစ်သောကြောင့် မုဒိတာမည်၏။

(ဂ) တစ်နည်းကား မုဒိတာသည် ဝမ်းမြောက်ခြင်းသဘောမျှသာဖြစ်၏၊ ထို့ကြောင့် မုဒိတာမည်၏။

**မုဒိတာ၏လက္ခဏာ, ရသစသည်**

(က) သူတစ်ပါးတို့၌ စည်းစိမ်ဥစ္စာပြည့်စုံခြင်းကို ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။

(ခ) ငြူစူမှု၊ မနာလိုမှုမဖြစ်ခြင်း *ကိစ္စ*ရသရှိ၏။

(ဂ) သူတစ်ပါးတို့၏ စည်းစိမ်နှင့်ပြည့်စုံခြင်း၌ မမွေ့လျော်၊ မနှစ်သက်ခြင်းကို ပယ်ဖျောက်သောအားဖြင့် ဉာဏ်အား ရှေးရှုထင်၏၊ (*ပစ္စုပဋ္ဌာန်*)

(ဃ) သတ္တဝါတို့၏ စည်းစိမ်ဥစ္စာနှင့်ပြည့်စုံခြင်းကို ရှုမြင်လိုသောယောနိသောမနသိကာရသည် နီးစွာသော အကြောင်းဖြစ်၏။ (*ပဒဋ္ဌာန်*)

*သူတစ်ပါးစည်းစိမ်၌ မမွေ့လျော်မနှစ်သက်မှု-အရတိ၏ငြိမ်းခြင်းသည် မုဒိတာ၏ ပြည့်စုံပြီးစီးခြင်းဖြစ်၏၊ ခင်မင်ရင်းနှီးသည့်အနေအားဖြင့် ဝမ်းသာရွှင်ပျမှုသည် မုဒိတာ ၏ပျက်စီးခြင်းဖြစ်၏။*

**မုဒိတာ၏နီးသောရန်သူနှင့် ဝေးသောရန်သူ**

အလိုရှိအပ်၊ နှစ်သက်မြတ်နိုးအပ်၊ နှလုံးမွေ့လျော်ဖွယ်ဖြစ်ကုန်သော ကာမဂုဏ်အာရုံတို့ကို 'ဝါရပေစ္စ'ဟု အဖန်ဖန်ရှုဆင်ခြင်သောသူအားလည်းကောင်း၊ ရှေးကရခဲ့ဖူးပြီး ယခုအခါချုပ်ငြိမ်းပျက်စီးလေပြီးသော အဆင်းရူပါရုံတို့ကို ခံစားခဲ့ရသည့်အနေအားဖြင့် ပြန်လည်၍ အဖန်ဖန်ဆင်ခြင်အောက်မေ့သူအားလည်းကောင်း၊ စိတ်ရွှင်လန်းဝမ်းသာခြင်း-သောမဿသည် ဖြစ်ပေါ်၏။ ဤသဘောရှိသော စိတ်ရွှင်လန်းဝမ်းသာခြင်းကို 'ဂေဟသိတ သောမနဿ'–'ကာမဂုဏ်ကိုမှီ၍ ဝမ်းသာခြင်း'ဟု ခေါ်၏။ ဤကာမဂုဏ်ကို မှီသော **သောမနဿ**သည် ပြည့်စုံမှု-သမ္ပတ္တိကို ရှုခြင်းအားဖြင့် သဘောတူသည့်အဖြစ် ကြောင့် **မုဒိတာဗြဟ္မဝိဟာရ၏ နီးသောရန်သူ** ဖြစ်၏။

သူတစ်ပါး၏စည်းစိမ်ပြည့်စုံမှု၌ မမွေ့လျော်ခြင်း၊ မနာလိုခြင်း-'အရတိ'သည် သူတစ်ပါးစည်းစိမ်၌ ဝမ်းမြောက်မှု-မုဒိတာနှင့် သဘောမတူခြင်းကြောင့် **အရတိသည် မုဒိတာ၏ဝေးသောရန်သူ** ဖြစ်၏။ ထို့ကြောင့် အရတိမှ စိုးရိမ်ကြောက်ရွံ့ခြင်း ကင်း

လျက် မုဒိတာကို ပွားစေအပ်၏။ မစိုးရိမ်ရခြင်းအကြောင်းမှာ သူ့စည်းစိမ်၌ ဝမ်းမြောက်ခြင်း မုဒိတာသည် တောကျောင်းတောင်ကျောင်း၌လည်းကောင်း၊ သမထ, ဝိပဿနာ ဟူသော လွန်မြတ်သည့် ကုသိုလ်တရားတို့၌လည်းကောင်း မပျော်မွေ့ ငြီးငွေ့ ခြင်း အရတိ တို့သည် အတူတကွ ဖြစ်ရန်အကြောင်းမရှိသောကြောင့် ပေတည်း။

*သူတစ် ပါး၏ စည်းစိမ်ပြည့်စုံမှု၌ မမွေ့လျော်ခြင်း၊ မနာလိုခြင်း၊ မနှစ်သက်ခြင်း- အရတိ၏ငြိမ်း ခြင်းသည် မုဒိတာ၏ အောင်မြင်ပြီးစီး ပြည့်စုံခြင်းဖြစ်၏၊ ခင်မင်ရင်းနှီးသည့်အနေဖြင့် ဝမ်းသာရွှင်ပျမှု(ဝါ) ဂေဟသိတပီတိဖြင့် ရွှင်ပျမှု၏ဖြစ်ခြင်းသည် မုဒိတာ၏ ပျက်စီးခြင်း ဖြစ်၏။*

**(၄) ဥပေက္ခာ၏အနက်အဓိပ္ပါယ်**

'ဘေးရန်ကင်းကြပါစေ' 'ဆင်းရဲမှုလွတ်ကင်းကြပါစေ'စသော ကြောင့်ကြဗျာပါရကို ပယ်ခြင်းဖြင့်လည်းကောင်း၊ အလယ်အလတ်သဘောရှိသည့်အဖြစ်ဖြင့်လည်းကောင်း၊ ဘက်မလိုက်ဘဲ အညီအမျှ အသင့်အားဖြင့်ရှုတတ်၏၊ လျစ်လျူရှုတတ်၏၊ ထို့ကြောင့် ထိုတရားသဘောသည် *ဥပေက္ခာ*မည်၏။

**ဥပေက္ခာ၏လက္ခဏာ, ရသစသည်**

(က) ဝိယပုဂ္ဂိုလ်၊ ဝေရီပုဂ္ဂိုလ်စသည့်သတ္တဝါတို့၌ ဘက်မလိုက်ဘဲ အလယ်အလတ် လျစ်လျူရှုသောအခြင်းအရာဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။

(ခ) သတ္တဝါတို့၌ အညီအမျှအဖြစ်ကိုသာ ရှုခြင်း*ကိစ္စ*ရသရှိ၏။

(ဂ) သတ္တဝါတို့၌ မုန်းခြင်း၊ ချစ်ခြင်းတို့၏ ငြိမ်းခြင်းအနေအားဖြင့် ဉာဏ်အားရှေးရှု ထင်၏။ (*ပစ္စုပဋ္ဌာန်*)

(ဃ)"သတ္တဝါတို့သည် မိမိပြုထားသောကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကုန်၏"ဟု ရှုမြင်ကာ *ယောနိသောမနသိကာ*ရလျှင် နီးစွာသောအကြောင်းရှိ၏။ (*ပဒဋ္ဌာန်*)

သတ္တဝါတို့၌ မုန်းခြင်း၊ ချစ်ခြင်းတို့၏ငြိမ်းခြင်းသည် ဥပေက္ခာ၏ပြည့်စုံပြီးစီးခြင်း သမ္ပတ္တိမည်၏။ ဂေဟသိတခေါ် ကာမဂုဏ်ကိုမှီသော ဉာဏ်ကင်းသောဥပေက္ခာ (ဝါ) မောဟနှင့်ယှဉ်သည့် ဥပေက္ခာဟူသော '***ဂေဟသိတ-အညာဏုပေက္ခာ***'၏ ဖြစ်ခြင်းသည် ဥပေက္ခာပြဟ္မဝိဟာရ၏ ပျက်စီးခြင်း-ဝိပတ္တိမည်၏။

**ဥပေက္ခာ၏နီးသောရန်သူနှင့်ဝေးသောရန်သူ**

ကာမဂုဏ်ကိုမှီသော မောဟနှင့်ယှဉ်သည့် ဥပေက္ခာဟုဆိုအပ်သော"***ဂေဟသိတ-အညာဏုပေက္ခာ***"သည် ဥပေက္ခာပြဟ္မဝိဟာရ၏ **အနီးကပ်ရန်သူ**ဖြစ်၏။ အကြောင်းမှာ အပြစ်နှင့်ဂုဏ်ကို မစူးစမ်းမဆင်ခြင်သည့်အလိုအားဖြင့် သဘောတူခြင်းကြောင့် ဥပေက္ခာပြဟ္မဝိဟာရ၏နီးသောရန်သူပေတည်း။

ပြဟ္မဝိဟာရဥပေက္ခာနှင့် သဘောမတူခြင်းကြောင့် **ရာဂနှင့်ဒေါသ**တို့သည် ဥပေက္ခာပြဟ္မဝိဟာရ၏ **ဝေးသောသူရန်သူ**တို့ပေတည်း။ ထို့ကြောင့် ထိုဝေးသောရန်သူများဖြစ်ကြသည့်

ရာဂနှင့်ဒေါသတို့မှ စိုးရိမ်ကြောက်ရွံ့ခြင်းကင်းလျက် လျစ်လျူရှုကာ ဥပေက္ခာကို ပွားစေအပ်၏။ အကြောင်းမှာ လျစ်လျူရှုခြင်း-ဥပေက္ခာသည် တပ်မက်မှု-ရာဂ သို့မဟုတ် ထိပါးတိုက်ခိုက်မှု-ပဋိဃ-ဒေါသနှင့် အတူတကွဖြစ်ပေါ် လေ့မရှိခြင်းကြောင့် ဖြစ်၏။

**ဗြဟ္မဝိဟာရတို့၏ ဆက်ဆံသောအကျိုး (*သာဓာရဏပယောဇဉ်*)**

ဗြဟ္မဝိဟာရလေးပါးလုံးနှင့် ဆက်ဆံသောအကျိုးများမှာ -

(၁) ဝိပဿနာသုခ — ဝိပဿနာချမ်းသာကိုရခြင်း၊

(၂) ဘဝသမ္ပတ္တိ — သုဂတိဘဝတို့နှင့်ပြည့်စုံခြင်းတို့ ဖြစ်ကြ၏။

**ဗြဟ္မဝိဟာရတို့၏မဆက်ဆံသော သီးသန့်အကျိုး (*အသာဓာရဏပယောဇဉ်*)**

(၁) မေတ္တာသည် ဗျာပါဒဒေါသ၏ကင်းကွာခြင်း အကျိုးရှိ၏။

(၂) ကရုဏာသည် ညှဉ်းဆဲလိုခြင်း — ဝိဟိံသာ၏ကင်းကွာခြင်း အကျိုးရှိ၏။

(၃) မုဒိတာသည် သူ့စည်းစိမ်ချမ်းသာ၌ မမွေ့လျော်ခြင်း—အရတိ၏ကင်းကွာခြင်း အကျိုးရှိ၏။

(၄) ဥပေက္ခာသည် တပ်မက်ခြင်း — ရာဂ၏ကင်းကွာခြင်း အကျိုးရှိ၏။

**ဗြဟ္မဝိဟာရတို့၏ အစ၊ အလယ်၊ အဆုံးနှင့် အာရုံ**

(၁) ဗြဟ္မဝိဟာရတရားတို့ကို ဖြစ်ပွားစေရန် အလိုရှိခြင်းဟူသော ကုသိုလ်ဆန္ဒသည် ဗြဟ္မဝိဟာရတို့၏ အစ-အရင်းခံပေတည်း၊

(၂) နီဝရဏစသည်တို့ကို ပယ်ခွာခြင်းသည် ဗြဟ္မဝိဟာရတို့၏အလယ်ပေတည်း၊

(၃) ရူပါဝစရစျာန်ဟူသော အပ္ပနာစျာန်ရခြင်းသည် ဗြဟ္မဝိဟာရတို့၏အဆုံးပေတည်း၊

(၄) ပညတ်အာရုံဖြစ်သော သတ္တဝါတစ်ဦးသည်လည်းကောင်း၊ များစွာသောသတ္တဝါတို့သည်လည်းကောင်း၊ ဗြဟ္မဝိဟာရတို့၏အာရုံဖြစ်၏၊ ဥပစာရ သို့မဟုတ် အပ္ပနာသို့ရောက်သော် အာရုံကိုပွားခြင်းသည် ဖြစ်၏။

**အာရုံကိုပွားပုံ**

ကျွမ်းကျင်သောလယ်သမားသည် ထွန်သင့်သောအရပ်ကို ပိုင်းခြားပြီးထွန်သကဲ့သို့ ထို့အတူ ရှေးဦးအစ၌ တစ်ခုသောကျောင်း၊ အိမ်၊ အဆောက်အဦကို ပိုင်းခြား၍ "ဤကျောင်း-ဤအိမ်၌ရှိသော သတ္တဝါတို့သည် ဘေးရန်ကင်းကြပါစေ"စသည်ဖြင့် မေတ္တာကိုပွားအပ်၏။ ထိုသတ္တဝါတို့၌ စိတ်ကိုနူးညံ့အောင် ခန့်ကျန်းသန်စွမ်းအောင် ပြုပြီးလျှင် နှစ်ခုသောကျောင်း၊ အိမ်တို့ကို ပိုင်းခြားအပ်ပေ၏။ ထို့နောက် အစဉ်အတိုင်း ၃ခု၊ ၄ခု၊ . . . . . ၊ ၁၀ခုသောကျောင်း၊ အိမ်တို့ကို၊ တစ်ခုသောလမ်းကို၊ တစ်ရွာ၊ တစ်မြို့ကို၊ တိုင်း၊ ပြည်နယ်ကို၊ တစ်ပြည်လုံးကို၊ တစ်ခုသောအရပ်မျက်နှာကို ပိုင်းခြားအပ်၏။

ဤနည်းဖြင့် စကြာဝဠာတစ်ခုလုံးကိုသော်လည်းကောင်း၊ စကြဝဠာအနန္တတိုင်အောင်သော်လည်းကောင်း ပိုင်းခြား၍ ထိုထိုအရပ်တို့၌ရှိကြသောသတ္တဝါတို့ကို မေတ္တာပွားအပ်၏။ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကိုလည်း ဤနည်းအတူပင် ပွားနိုင်ပါသည်။

**ထွက်ပေါ်လာသောအကျိုး(နိဿန္ဒ)**

အရူပဈာန်တို့သည် ကသိုဏ်းဈာန်တို့မှ ထွက်ပေါ်လာသောအကျိုးဖြစ်သကဲ့သို့ ဗြဟ္မဝိဟာရလေးပါးတို့တွင် ဥပေက္ခာဗြဟ္မဝိဟာရသည် ရှေးဗြဟ္မဝိဟာရသုံးပါးအပေါင်းမှ ထွက်ပေါ်လာသော အကျိုးဖြစ်ပေ၏။ ဥပမာပြရလျှင် တိုင်တို့ကိုမစိုက်ထူဘဲ ထုပ်လျှောက်တို့ကိုလည်း မတင်ဘဲ ကောင်းကင်၌ အထွတ်အခြင်တို့ကိုတင်ထားရန် မဖြစ်နိုင်သကဲ့သို့ ထို့အတူပင် ရှေးဗြဟ္မဝိဟာရသုံးပါး၌ရအပ်သော ဗြဟ္မဝိဟာရတတိယဈာန်နှင့်ကင်း၍ ဗြဟ္မဝိဟာရစတုတ္ထဈာန်ကို ပွားခြင်းငှာ မတတ်ကောင်းပါ။

**ဗြဟ္မဝိဟာရမည်ပုံ**

မြတ်သောအနက်သဘောကြောင့်လည်းကောင်း၊ အပြစ်ဒေါသမရှိသည့် အဖြစ်ကြောင့်လည်းကောင်း၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကို ဗြဟ္မဝိဟာရဟုခေါ်၏။

ချဲ့၍ပြရလျှင် မေတ္တာ၊ ကရုဏာစသည်ဖြင့် နေခြင်း(ဝိဟာရ)တို့သည် သတ္တဝါတို့အပေါ်၌ မှန်ကန်ကောင်းမွန်သောအကျင့်ဖြစ်သောကြောင့် အထူးမြင့်မြတ်၏။ ထို့အပြင် ဗြဟ္မာတို့သည် နိဒ္ဒောသစသည့် အပြစ်ကင်းသောစိတ်ဖြင့် နေထိုင်ကြသကဲ့သို့ ထို့အတူ မေတ္တာစေတောဝိမုတ္တိ၊ ကရုဏာစေတောဝိမုတ္တိစသည်ကို ပွားများနေသော ပုဂ္ဂိုလ်တို့သည်လည်း နိဒ္ဒောသစသည့် အပြစ်ကင်းစင်သော စိတ်ဖြင့် နေထိုင်ကြကုန်၏။ ဤသို့လျှင် မြတ်သောအနက်သဘောနှင့် အပြစ်ကင်းသည်၏အဖြစ်တို့ကြောင့် ဗြဟ္မဝိဟာရမည်တွင်ခြင်းဖြစ်သည်။

**ဗြဟ္မဝိဟာရလေးပါးသာရှိခြင်း**

မေတ္တာသည် ဗျာပါဒ–ဒေါသအဖြစ်များသောသူ၏ စင်ကြယ်ကြောင်းဖြစ်၏။ ကရုဏာသည် ညှဉ်းဆဲလိုမှု–ဝိဟိံသာ အဖြစ်များသောသူ၏ စင်ကြယ်ကြောင်းဖြစ်၏။ မုဒိတာသည် သူတစ်ပါး၏စည်းစိမ်ချမ်းသာ၌ မမွေ့လျော်မှု၊ မနာလိုမှု–အရတိအဖြစ်များသော သူ၏ စင်ကြယ်ကြောင်းဖြစ်၏။ ဥပေက္ခာသည် တပ်မက်မှု–ရာဂအဖြစ်များသောသူ၏ စင်ကြယ်ကြောင်းဖြစ်၏။ ဤသို့ ပုဂ္ဂိုလ်လေးမျိုးတို့၏ စင်ကြယ်ကြောင်းသည် လေးပါးရှိသောကြောင့် ဗြဟ္မဝိဟာရလည်း လေးပါးရှိခြင်းဖြစ်သည်။

ထို့အပြင် အစီးအပွားကိုဆောင်ပေးခြင်း၊ အစီးအပွားမဲ့၊ အကျိုးမဲ့ကိုပယ်ခြင်း၊ ပြည့်စုံသောသူ့စည်းစိမ်ချမ်းသာကို ဝမ်းမြောက်ခြင်း၊ ထို့နောက် ဘက်မလိုက်ဘဲ တစ်ဘက်သတ်နှလုံးမသွင်းဘဲ အလယ်အလတ်သဘောအားဖြင့် လျစ်လျူရှုခြင်းတို့၏ အစွမ်းတို့အားဖြင့်လည်း ဗြဟ္မဝိဟာရလေးပါးသာရှိခြင်း ဖြစ်သည်။

**သားလေးယောက်ရှိသောမိခင်နှင့်တူပုံ**

မိခင်တစ်ဦး၌ သူငယ်၊ သူနာ၊ အရွယ်ရောက်သူ၊ သူ့ကိစ္စသူဆောင်ရွက်နေသူဟူ၍ သားလေးယောက်ရှိ၏။ မိခင်သည် သူငယ်သား၏ ဘေးရန်ကင်းပြီး ချမ်းသာစွာကြီးထွား

လာခြင်းကို အလိုရှိ၏။ သူနာသား၏ အနာရောဂါကင်းပျောက်ခြင်းကို အလိုရှိ၏။ အရွယ်ရောက်သောသား၏အရွယ်ကောင်းခြင်း, ပြည့်စုံခြင်း၌ ဝမ်းမြောက်၍ ရှည်ကြာစွာတည်နေခြင်းကို အလိုရှိ၏။ သူကိစ္စ သူဆောင်ရွက်နေနိုင်သောသား၌ မည်သည့်ကိစ္စကိုမျှ ကြောင့်ကြစိုက်စရာမရှိချေ။ ဤနည်းအတူ ဗြဟ္မဝိဟာရသည်လည်း လေးပါးသာ ရှိခြင်းဖြစ်သည်။

**ဗြဟ္မဝိဟာရလေးပါးဟောစဉ်**

(၁) ဗြဟ္မဝိဟာရလေးပါးကိုပွားရန် အလိုရှိသူသည် သတ္တဝါတို့၌ ရှေးဦးစွာ အစီးအပွားကို ပြုကျင့်သောအခြင်းအရာဖြင့် မေတ္တာပွားအပ်၏၊ မေတ္တာသည် အစီးအပွားကို ပြုကျင့်သော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ ထို့ကြောင့် မေတ္တာကို ရှေးဦးစွာဟော၏။

(၂) ထို့နောက် တောင့်တအပ်သည့်အစီးအပွားနှင့်ပြည့်စုံသောသတ္တဝါတို့အား ဆင်းရဲဒုက္ခနှိပ်စက်ခြင်းကို မြင်ကြား၍ သို့မဟုတ် အပါယ်ဘဝ၌ဖြစ်နိုင်သည်ကို မြော်မြင်၍ ဆင်းရဲကို ပယ်ဖျောက်သောအခြင်းအရာအားဖြင့် ကရုဏာပွားအပ်၏။ ကရုဏာသည် ဒုက္ခိတသတ္တဝါ၏ဆင်းရဲကို ပယ်ဖျောက်သည့်အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။

(၃) ထို့နောက် တောင့်တသည့်အတိုင်း အစီးအပွားနှင့်ပြည့်စုံကြသည့်အပြင် ဆင်းရဲကင်းခြင်းနှင့်လည်းပြည့်စုံသော သတ္တဝါတို့ကိုမြင်တွေ့၍ ထိုပြည့်စုံသောစည်းစိမ်ကို ဝမ်းမြောက်လျက် ကြာရှည်စွာတည်စေသောအခြင်းအရာကို ပွားအပ်၏။ မုဒိတာသည်လည်း သူတစ်ပါး၏စည်းစိမ်ပြည့်စုံခြင်း၌ ဝမ်းမြောက်ခြင်းလက္ခဏာရှိပေ၏။

(၄) ထို့နောက်တစ်ဖန် "သတ္တဝါတို့သည် မိမိတို့ပြုထားသောကံစီမံသည့်အတိုင်း ဖြစ်ကြရ၏"ဟု နှလုံးသွင်း၍ ပြုဖွယ်ကိစ္စမရှိသောကြောင့် လျစ်လျူရှုခြင်းဟုဆိုအပ်သော အလယ်အလတ်သဘောအခြင်းအရာအားဖြင့် ဥပေက္ခာကို ပွားအပ်၏။ ဥပေက္ခာသည်လည်း အလယ်အလတ်သဘော၊ လျစ်လျူရှုဖြင်းသဘောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။

ထို့ကြောင့် ဗြဟ္မဝိဟာရလေးပါးကို မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ အစဉ်အတိုင်း ဟောတော်မူ၏။

**အပ္ပမညာဟုခေါ်ခြင်း၏အကြောင်းရင်း**

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရလေးပါးတို့သည် အတိုင်းအရှည်အရေအတွက် ပမာဏ အကန့်အသတ်မရှိသော သတ္တဝါတို့၏အာရုံ၌ ဖြစ်ကုန်၏၊ သတ္တဝါတစ်ဦးတည်း၌သော်လည်း ဤမျှသောအစိတ်အပိုင်း၌သာ မေတ္တာစသည်ကို ပွားအပ်၏ဟု အတိုင်းအရှည် ပမာဏမယူဘဲ တစ်ယောက်လုံးကို ဖြန့်သည်၏ အစွမ်းအားဖြင့်သာလျှင် ဖြစ်ကုန်၏။ ဤသို့ အတိုင်းအရှည်ပမာဏ အကန့်အသတ်မရှိ

သည့်အတွက် 'အပ္ပမညာ'ဟု ခေါ်ဆိုခြင်းဖြစ်သည်။

**ဗြဟ္မဝိဟာရ၌ ရနိုင်သောဈာန်များ**

မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ကို ပွားများရာ၌ စတုက္ကနည်းအရ ရူပါဝစရ ရှေ့ဈာန်သုံးပါး၊ ပဉ္စကနည်းအရ ရူပါဝစရ ရှေ့ဈာန်လေးပါးတို့ကိုသာ ရနိုင်၏။ အဘယ့်ကြောင့်ဆိုသော် ရှေ့ဗြဟ္မဝိဟာရသုံးပါး၊ လေးပါးသည် သောမနဿနှင့် အမြဲယှဉ်ခြင်းကြောင့် ဖြစ်၏။

*တိုသုံးပါးသည် အဘယ့်ကြောင့် သောမနဿနှင့်အမြဲယှဉ်သနည်းဟူမူ* ဒေါမနဿကြောင့်ဖြစ်ကုန်သော ဗျာပါဒ၊ ဝိဟိံသာ၊ အရတိတို့၏ ထွက်ခွာကင်းရှင်းကြောင်းဖြစ်သောကြောင့်ပေတည်း။

*ဥပေက္ခာသည်ကား ကြွင်းကျန်သည့် ရူပါဝစရဈာန် တစ်ပါးကိုသာ ဖြစ်စေနိုင်၏၊* အဘယ့်ကြောင့်ဆိုသော် ဥပေက္ခာဗြဟ္မဝိဟာရသည် ဥပေက္ခာဝေဒနာနှင့်အမြဲယှဉ်ခြင်းကြောင့်ပေတည်း၊ မှန်၏-သတ္တဝါတို့၌ အလယ်အလတ်သဘော လျစ်လျူရှုသောအခြင်းအရာအားဖြင့်ဖြစ်သော ဗြဟ္မဝိဟာရဥပေက္ခာ(ဝါ)ဗြဟ္မဝိဟာရုပေက္ခာသည် ဥပေက္ခာဝေဒနာနှင့်ကင်း၍ မဖြစ်နိုင်ပေ။ ရူပါဝစရဈာန် ၄-ပါး သို့မဟုတ် ၅ ပါးတွင် နောက်ဆုံးဈာန်တစ်ပါးသာ ဥပေက္ခာဝေဒနာနှင့်ယှဉ်၏။ ထို့ကြောင့် ထိုဈာန် ၁-ပါးကိုသာ ဥပေက္ခာဘာဝနာဖြစ်စေနိုင်ပါသည်။

**ဗြဟ္မဝိဟာရတစ်ပါးစီ၏ မတူသောအာနုဘော်အထူး**

ဗြဟ္မဝိဟာရလေးပါး၏ အချင်းချင်းမတူဘဲ ကွဲပြားသောအာနုဘော်အထူးကို **ဟလိဒ္ဒ ဝသနသုတ်** ၌ ဤသို့ဟောကြားတော်မူ၏-

"*ရဟန်းတို့. . . . မေတ္တာစေတောဝိမုတ္တိကို သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိသည်ဟု ငါဟော၏၊ ကရုဏာစေတောဝိမုတ္တိကို အာကာသာနဉ္စာယတနသမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ငါဟော၏၊ မုဒိတာစေတောဝိမုတ္တိကို ဝိညာဏဉ္စာယတနသမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ငါဟော၏၊ ဥပေက္ခာစေတောဝိမုတ္တိကို အာကိဉ္စညာယတနသမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ငါဟောပေ၏*"

အဘယ့်ကြောင့် ဤသို့ဟောသနည်း၊ မေတ္တာစသော စေတောဝိမုတ္တိတို့သည် သုဘဝိမောက္ခစသည့် ထိုထိုဝိမောက္ခ၏ မှီရာအကြောင်း ဥပနိဿယဖြစ်ခြင်းကြောင့်ပေတည်း။ ချဲ့ပြပေအံ့။

**မေတ္တာသည်သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိပုံ**

မေတ္တာဖြင့်နေလေ့ရှိသောပုဂ္ဂိုလ်အား သတ္တဝါတို့သည် စက်ဆုပ်ဖွယ်(အသုဘ)မဟုတ်၊ ချစ်ဖွယ်တို့ဖြစ်ကြ၏။ ဤသို့ စက်ဆုပ်ဖွယ်မဟုတ်သော အခြင်းအရာဖြင့် အလေ့အကျင့်ရခြင်းကြောင့် စက်ဆုပ်ဖွယ်မဟုတ်ကုန်သော အညို၊ အရွှေ၊ အနီ၊ အဖြူဟူသော စင်ကြယ်သည့်အဆင်းတို့၌ စိတ်ကိုဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏စိတ်သည် ယင်းစင်ကြယ်

သောအဆင်းကသိုဏ်းတို့၌ မဆင်းရဲမခက်ခဲဘဲ ချမ်းသာလွယ်ကူစွာ ပြေးဝင်နိုင်၏။

သို့အတွက် မေတ္တာသည် အဆင်းကသိုဏ်းဈာန်(ဝါ)ဝဏ္ဏကသိုဏ်းဈာန်ဟူသော သုဘဝိမောက္ခ၏မှီရာအကြောင်း ဥပနိဿယဖြစ်၏။ ထို့ထက်အလွန် အခြားဝိမောက္ခ၏ အကြောင်း ဥပနိဿယကား မဖြစ်ပေ။ ထို့ကြောင့် သုဘဝိမောက္ခလျှင် အလွန်အမြတ်ရှိသည်ဟု ဟောတော်မူ၏။

## ကရုဏာသည် အာကာသာနဉ္စာယတနသမာပတ်လျှင် အလွန်အမြတ်ရှိပုံ

ကရုဏာဖြင့်နေလေ့ရှိသောပုဂ္ဂိုလ်အား တုတ်ဖြင့်ရိုက်နှက်ခြင်း၊ ဖျားနာခြင်းစသော ရုပ်လျှင် အကြောင်းရှိသည့် သတ္တဝါတို့၏ဆင်းရဲဒုက္ခကို ရှုဆင်ခြင်လျက် သနားခြင်း-ကရုဏာဖြစ်ခြင်းကြောင့် ရုပ်၏အပြစ်သည် အလွန်ထင်ရှား၏။ ထိုသို့ အလွန်ထင်ရှားသော ရုပ်၏အပြစ်ကို ထင်ရှားစွာသိပြီးဖြစ်သောကြောင့် ပထဝီကသိုဏ်းစသည့် ရုပ်ကသိုဏ်း တစ်ပါးပါးတွင် အာကာသာနဉ္စာယတနဈာန်ကို ရပြီးနောက် ရုပ်နှင့်ဆက်စပ်သည့် ပဋိဘာဂနိမိတ်ကို ခွာ၍ ရုပ်ကင်းကွာရာဖြစ်သော ကောင်းကင်ပညတ်(အာကာသ)၌ စိတ်ကို ပို့ဆောင်လျှင် ထိုပုဂ္ဂိုလ်၏စိတ်သည် ကောင်းကင်ပညတ်၌ မဆင်းရဲမခက်ခဲဘဲ ချမ်းသာလွယ်ကူစွာ ပြေးဝင်နိုင်၏။

သို့အတွက် ကရုဏာသည် အာကာသာနဉ္စာယတနသမာပတ်၏ မှီရာ အကြောင်း ဥပနိဿယဖြစ်ပေ၏။ ထို့ထက်အလွန် အခြားဝိမောက္ခ၏ အကြောင်း ဥပနိဿယမဖြစ်ပေ။ ထို့ကြောင့် အာကာသနဉ္စာယတန သမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ဟောတော်မူ၏။

## မုဒိတာသည် ဝိညာဏဉ္စာယတနသမာပတ်လျှင် အလွန်အမြတ်ရှိပုံ

မုဒိတာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်အား စည်းစိမ်ဥစ္စာပြည့်စုံသဖြင့် ဝမ်းမြောက်နေကြသော သတ္တဝါတို့၏စိတ်(ဝိညာဏ်)ကို ရှုဆင်ခြင်လျက် ဝမ်းမြောက်ခြင်း မုဒိတာဖြစ်ခြင်းကြောင့် ဝိညာဏ်ကိုယူခြင်း၌ အလေ့အကျင့်ရသော စိတ်ဖြစ်၏။ ဘာဝနာအစဉ်ဖြင့် ရပြီးသော အာကာသာနဉ္စာယတနဈာန်ကိုကျော်လွန်၍ ကောင်းကင်ပညတ်လျှင် အာရုံရှိသည့် အာကာသာနဉ္စာယတနဝိညာဏ်၌ စိတ်ကိုဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏စိတ်သည် ၎င်းဝိညာဏ်၌ မဆင်းရဲမခက်ခဲဘဲ ချမ်းသာလွယ်ကူစွာ ပြေးဝင်နိုင်၏။

## ဥပေက္ခာသည် အာကိဉ္စညာယတနသမာပတ်လျှင် အလွန်အမြတ်ရှိပုံ

ဥပေက္ခာဖြင့် နေလေ့ရှိသောပုဂ္ဂိုလ်အား 'သတ္တဝါတို့သည် ချမ်းသာကြပါစေ' 'သတ္တဝါတို့သည် ဆင်းရဲမှ လွတ်ကင်းကြပါစေ' 'ရပြီးသောချမ်းသာမှ မကင်းကွာကြပါ စေလင့်'ဟူ၍ နှလုံးသွင်းဆင်ခြင်မှုမရှိခြင်းကြောင့် သုခ၊ ဒုက္ခစသည့် ပရမတ်သဘောကို ယူခြင်းမှ မျက်နှာလွှဲသောအားဖြင့် ထင်ရှားမရှိသည့်ပညတ်ကို ယူခြင်း၌ ကျွမ်းကျင်သောစိတ်ဖြစ်၏။ ထိုပုဂ္ဂိုလ်

သည့် ဘာဝနာအစဉ်ဖြင့် ရပြီးသော ဝိညာဏဉ္စာယတန ဈာန်ကို ကျော်လွန်၍ ပရမတ်သဘောဖြစ်သည့် အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းဟူသော အဘာဝပညတ်၌ စိတ်ကိုဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏စိတ်သည် ၎င်း အဘာဝပညတ်၌ မဆင်းရဲမခက်ခဲဘဲ ချမ်းသာလွယ်ကူစွာ ပြေးဝင်နိုင်၏။

သို့အတွက် ဥပေက္ခာသည် အာကိဉ္စညာယတနသမာပတ်၏ မှီရာအကြောင်း ဥပနိဿယဖြစ်ပေ၏။ ထို့ထက်အလွန် အခြားဝိမောက္ခ၏အကြောင်း ဥပနိဿယကား မဖြစ်ပေ။ ထို့ကြောင့် အာကိဉ္စညာယတနသမာပတ်လျှင် အလွန်အမြတ်ရှိသည်ဟု ဟောတော်မူ၏။

## အပ္ပမညာတို့သည် ပါရမီဆယ်ပါးကို ပြည့်စုံစေခြင်း

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရတရားလေးပါး(ဝါ)အပ္ပမညာတရားလေးပါးတို့သည် ပါရမီဆယ်ပါးနှင့်တကွ တရားကောင်းတရားမြတ် အားလုံးကို ပြည့်စုံစေတတ်၏။

သတ္တဝါတို့၏ အစီးအပွားကို လိုလားခြင်း၊ သတ္တဝါတို့၏ဆင်းရဲခြင်းကို သည်းမခံနိုင်ခြင်း၊ ရပြီးသော ဥစ္စာစည်းစိမ်အထူးတို့ကို ကြာရှည်စွာတည်စေလိုခြင်း၊ သတ္တဝါ အားလုံးတို့၌ ဘက်မလိုက်ဘဲ ညီမျှသောစိတ်ထားရှိခြင်းဟူသော အပ္ပမညာတရားတို့ဖြင့် နေလေ့ရှိကြကုန်သော ဘုရားအလောင်းသူတော်ကောင်းတို့သည် -

(၁) "ဤသူကိုပေးသင့်၏၊ ဤသူကိုမပေးသင့်"ဟု ခွဲခြားခြင်းမပြုဘဲ အလျှုခံသတ္တဝါအားလုံးတို့အား ပေးလှူခြင်းဖြင့် ဒါနပါရမီကို ဖြည့်ကျင့်ကြ၏။

(၂) သတ္တဝါအားလုံးတို့အား ညှဉ်းဆဲနှိပ်စက်ခြင်းကို ရှောင်ကြဉ်ကာ ချမ်းသာခြင်း၏အကြောင်းဖြစ်သော သီလကို ဆောက်တည်ခြင်းဖြင့် သီလပါရမီကို ဖြည့်ကျင့်ကြ၏။

(၃) သီလပါရမီကိုဖြည့်ကျင့်ရန် တောထွက်၍ ရသေ့ရဟန်းပြုခြင်းဟူသော နေက္ခမ္မပါရမီကို ဖြည့်ကျင့်ကြ၏။

(၄) သတ္တဝါတို့၏ အကျိုးစီးပွားရှိမှု၊ မရှိမှုတို့၌ မတွေဝေခြင်းငှာ ပညာကိုဖြူစင်စေခြင်းဖြင့် ပညာပါရမီကိုဖြည့်ကျင့်ကြ၏။

(၅) သတ္တဝါတို့၏ စီးပွားချမ်းသာအကျိုးငှာ အမြဲမပြတ်အားထုတ်ခြင်းဖြင့် ဝီရိယပါရမီကို ဖြည့်ဆည်းကြ၏။

(၆) သတ္တဝါတို့၏ အမျိုးမျိုးသော ကျူးလွန်ပြစ်မှားမှုများကို မတုံ့ပြန်ဘဲ သည်းခံ၍ ခန္တီပါရမီကို ဖြည့်ဆည်းကြ၏။

(၇) မိမိကတိပြုပြီးသောဝန်ခံချက်များကို မချွတ်မယွင်းဆောင်ရွက်ခြင်းဖြင့် သစ္စာပါရမီကို ဖြည့်ဆည်းကြ၏။

(၈) သတ္တဝါအားလုံးတို့၏ စီးပွားချမ်းသာအလို့ငှာ မတုန်မလှုပ် ခိုင်မြဲစွာဆောက်တည်လျက် အဓိဋ္ဌာန်ပါရမီကို ဖြည့်ဆည်းကြ၏။

(၉) သတ္တဝါအားလုံးတို့၌ ဆန့်ကျင့်ဘက်ကြောင့် တုန်လှုပ်ခြင်းမရှိသော မေတ္တာစွမ်းအားဖြင့် ရှေးဦးစွာ ကျေးဇူးပြု၍ မေတ္တာပါရမီကို ဖြည့်ကျင့်ကြ၏။

(၁၀) သတ္တဝါတို့အား လျစ်လျူရှုသည့် ဥပေက္ခာစွမ်းအားဖြင့် သတ္တဝါတို့၏ ကျေးဇူးတုံ့ပြန်မှုကို မမျှော်လင့်မတောင့်တဘဲ ဥပေက္ခာပါရမီကို ဖြည့်ဆည်းကြ၏။

ဤသို့သောနည်းဖြင့် အပ္ပမညာလေးပါးကို အခြေခံကာ ပါရမီဆယ်ပါးကို ဖြည့်ကျင့်၍ ဒသဗလဉာဏ် ၁၀-ပါး၊ စတုဝေသာရဇ္ဇဉာဏ်တော် ၄-ပါး၊ အသာဓာရဏဉာဏ်တော် ၆-ပါး၊ ဗုဒ္ဓဓမ္မခေါ် ဘုရားရှင်တို့၏ ဂုဏ်ကျေးဇူးတရား ၁၈-ပါးတိုင်အောင် အလုံးစုံသော တရားကောင်းတရားမြတ်တို့ကို လုံးဝပြည့်စုံစေတတ်ကုန်၏။

*** ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ**

(မေးခွန်းတစ်ခုစီ၏နောက်၌ စာမေးပွဲခုနှစ်နှင့် ဤစာအုပ်ရှိ အဖြေပါသည့် စာမျက်နှာများကို ကွင်းအတွင်းဖော်ပြထားပါသည်။)

**၁။ အောက်ပါပုဂ္ဂိုလ်တို့အား သက်သာမှုရစေရန် မည်သည့်တရားမျိုးကို ပွားစေသင့်ပါသနည်း။**

**(၁) သူတစ်ပါးအား ဖျက်လိုသောစိတ်ထားရှိသူ၊**

**(၂) သူတစ်ပါးအား နိုင်ထက်ကလူ နှိပ်စက်ညှဉ်းပန်းလေ့ရှိသူ၊**

**(၃) သူတစ်ပါးအား ကြီးပွားချမ်းသာသည်ကို မနှစ်သက်နိုင်သူ၊**

**(၄) တပ်မက်မှုများသောသူ။** *(၁၉၈၃၊ စာမျက်နှာ ၆၄)*

***အဖြေ*** - *(၁) သူတစ်ပါးအား ဖျက်လိုသောစိတ်ထားရှိသူသည် မေတ္တာတရားကိုပွားများသင့်၏။*

*(၂) သူတစ်ပါးအား နိုင်ထက်ကလူ နှိပ်စက်ညှဉ်းပန်းလေ့ရှိသူသည်ကရုဏာတရားကို ပွားများသင့်၏။*

*(၃) သူတစ်ပါးကြီးပွားချမ်းသာသည်ကို မနှစ်သက်နိုင်သူသည် မုဒိတာတရားကို ပွားများသင့်၏။*

*(၄) တပ်မက်မှုများသောသူသည် ဥပေက္ခာတရားကို ပွားများသင့်၏။*

**၂။ ဗြဟ္မစိုရ်တရားဖြင့် နေလေ့ရှိသောရဟန်း၏စိတ်ထားသည် သားလေးယောက်အပေါ်၌ထားရှိသော မိခင်၏စိတ်ထားတို့နှင့်တူပုံကိုပေါ်လွင်အောင်ရှင်းပြပါ။**

*(၁၉၈၄ စမန ၆၅၊၆၆)*

***အဖြေ*** - *ဗြဟ္မစိုရ်တရားလေးပါးမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ ဖြစ်ကြ၏။ မိခင်၏သားလေးယောက်မှာ သူငယ်၊ သူနာ၊ အရွယ်ရောက်သူ၊ သူကိစ္စသူဆောင်ရွက်နေသူတို့ဖြစ်ကြ၏။*

*(၁) ဗြဟ္မစိုရ်တရားဖြင့် နေလေ့ရှိသောရဟန်း၏စိတ်ထားသည် မေတ္တာပွား*

နေသည့်အခါ သတ္တဝါတို့၌ ရှေးဦးစွာ အစီးအပွားကိုပြုကျင့်သော အခြင်းအရာဖြင့် ဖြစ်၏။ မိခင်သည် သားအငယ်၏ဘေးရန်ကင်းပြီး ချမ်းသာစွာ ကြီးထွားလာခြင်းကို အလိုရှိသည်နှင့်တူ၏။

(၂) ထိုရဟန်း၏စိတ်ထားသည် ကရုဏာပွားနေသည့်အခါ တောင့်တအပ်သည့် အစီးအပွားနှင့်ပြည့်စုံသော သတ္တဝါတို့အား ဆင်းရဲဒုက္ခနှိပ်စက်ခြင်းကို မြင်ကြား၍ ဆင်းရဲကိုပယ်ဖျောက်သောအခြင်းအရာဖြင့် ဖြစ်၏။မိခင်သည် သူနာသား၏အနာရောဂါကင်းပျောက်ခြင်းကို အလိုရှိသည်နှင့် တူ၏။

(၃) ထိုရဟန်း၏စိတ်ထားသည် မုဒိတာပွားနေသည့်အခါ တောင့်တသည့် အတိုင်း အစီးအပွားပြည့်စုံသည့်အပြင် ဆင်းရဲကင်းခြင်းနှင့်လည်း ပြည့်စုံသော သတ္တဝါတို့ကိုမြင်တွေ့၍ ထိုပြည့်စုံသောစည်းစိမ်ကို ဝမ်းမြောက်လျက် ကြာရှည်စွာတည်စေလိုသည့် အခြင်းအရာဖြင့်ဖြစ်၏။မိခင်သည် အရွယ်ရောက်သောသား၏ အရွယ်ကောင်းခြင်း ပြည့်စုံခြင်း၌ ဝမ်းမြောက်လျက် ကြာရှည်စွာတည်နေခြင်းကို အလိုရှိသည်နှင့်တူ၏။

(၄) ထို့နောက် ထိုရဟန်း၏စိတ်ထားသည် ဥပေက္ခာပွားနေသည့်အခါ"သတ္တဝါတို့သည် မိမိတို့ပြုထားသော ကံစီမံသည့်အတိုင်း ဖြစ်ကြရ၏"ဟုနှလုံးသွင်း၍ ပြုဖွယ်ကိစ္စမရှိသဖြင့် လျစ်လျူရှုခြင်းဟုဆိုအပ်သော အလယ်အလတ်သဘော အခြင်းအရာအားဖြင့် ဖြစ်၏။ မိခင်သည် သူ့ကိစ္စသူဆောင်ရွက်နေသောသား၌မည်သည့်ကိစ္စကိုမျှ ကြောင့်ကြစိုက်စရာမရှိသဖြင့် ကြောင့်ကြဗျာပါရ ကင်းနေသည်နှင့်တူ၏။

**၃။ အသုံးတွင်ကျယ်သော "သတ္တဝါ"ဟူသော ဝေါဟာရနှင့်ပတ်သက်၍ပါဠိ အလို သဒ္ဒါနည်းအလို အရအဓိပ္ပါယ် ရှင်းပြပါ။** *(၁၉၈၅၊ စမန ၄၈)*

**အဖြေ** - "သတ္တဝါ"ဟူသော ဝေါဟာရနှင့်ပတ်သက်၍ **ပါဠိအလိုအရ** ရူပက္ခန္ဓာစသော ခန္ဓာငါးပါးကို ဆန္ဒရာဂနှင့် လိုချင်တပ်မက်၍ တဏှာလောဘဖြင့် ကပ်ငြိတွယ်တာ တတ်သောကြောင့် 'သတ္တဝါ'ဟူ၍ ခေါ်၏။

ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်အသီးသီး၌လည်း အလားတူ ဆန္ဒဖြင့် လိုချင်၏၊ ရာဂဖြင့် ကပ်ငြိတပ်မက်၏၊ နန္ဒီဖြင့် နှစ်သက်စုံမက်၏၊ တဏှာဖြင့် တက်မက်တွယ်တာ, ကပ်ငြိခံစား, လိုချင်တတ်၏၊ ထို့ကြောင့် 'သတ္တဝါ'ဟုခေါ်ဆို၏။

**သဒ္ဒါနည်းအလိုအရ** ပညာ၊ ဝီရိယ၊ တန်ခိုးဟူသော သတ္တဂုဏ်သတ္တိနှင့်ယှဉ်သောကြောင့် "သတ္တ"မည်၏ဟု ဖွင့်ဆိုကြ၏၊ "သတ္တ"ဟူသော သက္ကတစကားသည် 'သတ္တိ'ဟူသော ပါဠိစကားနှင့် အနက်ချင်းတူ၍ 'သတ္တိယာ ယောဂေါ သတ္တော' ဟု ဝိဂြိုဟ်ပြုစေလို၏။

**၄။ ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာဟု လူတို့ပါးစပ်ဖျား၌ ရေပန်းစားလျက်ရှိရာ ငါးရာ**

**နှစ်ဆယ့်ရှစ်သွယ်မေတ္တာသရုပ်ကို သိသာရုံထုတ်ပြပါ။** *(၁၉၈၆၊ဗမန ၄၆မှ၄၈ထိ)*

**အဖြေ** - *ပဋိသမ္ဘိဒါမဂ်၌ – (က) သတ္တဝါတို့ကို ပိုင်းခြားခြင်းမပြုဘဲ မေတ္တာဖြန့်အပ်သောအနောဓိသပုဂ္ဂိုလ် ၅မျိုး ဟူသည့် –*

*(၁) သဗ္ဗေ သတ္တာ – အလုံးစုံသော သတ္တဝါတို့သည်*

*(၂) သဗ္ဗေ ပါဏာ – အလုံးစုံသော ထွက်သက်ဝင်သက်ရှိသည့် သတ္တဝါတို့သည်*

*(၃) သဗ္ဗေ ဘူတာ – အလုံးစုံသော ကိုယ်ထင်ရှားဖြစ်သည့် သတ္တဝါတို့သည်*

*(၄) သဗ္ဗေ ပုဂ္ဂလာ – အလုံးစုံသော ပုဂ္ဂိုလ်အပေါင်းတို့သည်*

*(၅) သဗ္ဗေ အတ္တဘာဝပရိယာပန္နာ – အလုံးစုံသော ခန္ဓာကို အတ္တဘော၌ အကျုံးဝင်သူတို့သည်*

*ဤပုဂ္ဂိုလ်တို့၌ မေတ္တာလေးချက်စီပွားပါသည် –*

*(၁) အဝေရာ ဟောန္တု – ဘေးရန်ကင်းကြပါစေ*

*(၂) အဗျာပဇ္ဇာ ဟောန္တု – စိတ်ဆင်းရဲခြင်းကင်းကြပါစေ*

*(၃) အနီဃာ ဟောန္တု – ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ*

*(၄) သုခီ အတ္တာနံ ပရိဟရန္တု – ချမ်းသာစွာမိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။*

*ထို့ကြောင့် အနောဓိသဖရဏမေတ္တာ = ပုဂ္ဂိုလ် ၅ မျိုး × မေတ္တာ ၄ချက် = ၂၀ ပါး*

*(ခ) ထို့နောက် သတ္တဝါကို ယောကျ်ားမိန်းမစသည်ဖြင့်ပိုင်းခြား၍ မေတ္တာဖြန့်အပ်သည့် ဩဓိသပုဂ္ဂိုလ် ၇-မျိုးဟူသည့်*

*(၁) သဗ္ဗာ ဣတ္ထိယော – အလုံးစုံသောမိန်းမအပေါင်းတို့သည်*

*(၂) သဗ္ဗာ ပုရိသာ – အလုံးစုံသောယောကျ်ားအပေါင်းတို့သည်*

*(၃) သဗ္ဗေ အရိယာ – အလုံးစုံသောအရိယာအပေါင်းတို့သည်*

*(၄) သဗ္ဗေ အနရိယာ – အလုံးစုံသောအရိယာမဟုတ်သူပုထုဇဉ်တို့သည်*

*(၅) သဗ္ဗေ ဒေဝါ – အလုံးစုံသော နတ်အပေါင်းတို့သည်*

*(၆) သဗ္ဗေ မနုဿာ – အလုံးစုံသော လူအပေါင်းတို့သည်*

*(၇) သဗ္ဗေ ဝိနိပါတိကာ – အလုံးစုံသော အပါယ်ဘုံသားတို့သည်*

*ဤပုဂ္ဂိုလ် ၇-ဦး၌ အထက်ပါအတိုင်း မေတ္တာ ၄-ချက်စီပွားသဖြင့် မေတ္တာ ၇×၄ = ၂၈ ပါးရသည်။*

*(ဂ) ထို့နောက် အရှေ့၊ အနောက်၊ မြောက်၊ တောင်၊ အရှေ့တောင်ထောင့်၊ အနောက်မြောက်ထောင့်၊ အရှေ့မြောက်ထောင့်၊ အနောက်တောင်ထောင့်၊ အောက်၊ အထက် ဟူသည့် အရပ် ၁၀-မျက်နှာတွင် အရပ်တစ်မျက်စီ၌ရှိသည့် အနောဓိသပုဂ္ဂိုလ် ၅-မျိုး၊ ဩဓိသပုဂ္ဂိုလ် ၇-မျိုး ပေါင်း ၁၂-မျိုးကို အထက်ပါအတိုင်း မေတ္တာ ၄-ချက်စီပို့သဖြင့် မေတ္တာ ၁၂ × ၄ = ၄၈ ပါး ရသည်။ အရပ် ၁၀-*

*မျက်နှာအတွက် မေတ္တာ ၄၈ × ၁၀ = ၄၈၀ ပါး ရ၏။*

*သို့ဖြစ်၍ (က) အနောဓိသ ဖရဏာမေတ္တာ — ၂၀ ပါး (အရပ်မပိုင်းခြား)*

*(ခ) ဩဓိသဖရဏာမေတ္တာ — ၂၈ ပါး (အရပ်မပိုင်းခြား)*

*(ဂ) ဒိသာဖရဏာမေတ္တာ — ၄၈၀ ပါး (အရပ်၁၀မျက်နှာ)*

*မေတ္တာပေါင်း — ၅၂၈ ပါး ဖြစ်ပါသည်။*

**၅။ "ဗြဟ္မာ့ပြည်လားရာ တရားပါပဲရှင်"ဟု ဆိုအပ်သောမေတ္တာတရားကို စတင်မေတ္တာပို့ရမည့်ပုဂ္ဂိုလ်ကို မရွေးချယ်ပဲ ထင်သလိုမြင်သလို မေတ္တာပို့နိုင်ပါသလော။ အကြောင်းပြ ဖြေဆိုပါ။** *(၁၉၈၇၊ စမန ၃၀၊ ၃၁)*

**အဖြေ** — မေတ္တာတရားကို စတင်မေတ္တာပို့ရမည့် ပုဂ္ဂိုလ်ကို မရွေးချယ်ပဲ ထင်သလို မြင်သလို ပို့လို့မရပါ။ ရှေးဦးစွာ မေတ္တာမပွားပို့အပ်သော ပုဂ္ဂိုလ် ၄-မျိုးရှိ၏။

(၁) မချစ်မနှစ်သက်သော အပ္ပိယပုဂ္ဂိုလ် (မုန်းသူ)
ဤပုဂ္ဂိုလ်ကို ချစ်အပ်သူအရာ၌ထား၍ မေတ္တာပွားလျှင် ပင်ပန်း၏။

(၂) အလွန်ချစ်အပ်သော အတိပ္ပိယပုဂ္ဂိုလ်
ဤပုဂ္ဂိုလ်ကို အလယ်အလတ်အရာ၌ထား၍ မေတ္တာပွားလျှင် ပင်ပန်း၏။

(၃) မချစ်၊ မမုန်း အလယ်အလတ်ဖြစ်သော မဇ္ဈတ္တပုဂ္ဂိုလ်
ဤပုဂ္ဂိုလ်ကို အလေးပြုအပ်သူ ချစ်အပ်သူအရာ၌ထား၍ မေတ္တာပွားလျှင် ပင်ပန်း၏။

(၄) ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်
ရန်သူကိုမေတ္တာပွားပို့ရန် အောက်မေ့ဆင်ခြင်လိုက်လျှင်ပင် အမျက်ထွက်တတ်၏။

**(၅) လိင်အသွင်ကွဲပြားသောပုဂ္ဂိုလ်ကို ထိုသူတစ်ဦးတည်းကိုသာလျှင် အာရုံပြု၍ သီးသန့်ပိုင်းခြား၍ မေတ္တာမပွားအပ်ပါ။** ပွားပို့လျှင် တပ်မက်စွဲလမ်းမှုရာဂ ဖြစ်တတ်၏။

**(၆) သေသူကို အချင်းခပ်သိမ်းမေတ္တာမပွားအပ်ပါ။** သေသူကိုမေတ္တာပွားလျှင် အပ္ပနာစျာန်သို့လည်းမရောက်၊ ဥပစာရသမာဓိသို့သော်လည်း မရောက်ပါ။

အထက်ပါပုဂ္ဂိုလ် ၆-မျိုးတို့သည် မေတ္တာဘာဝနာကို ပျက်စေတတ်သောပုဂ္ဂိုလ်များဖြစ်ကြ၏။ ထို့ကြောင့် ထိုပုဂ္ဂိုလ်များကို ရှေးဦးစွာမေတ္တာမပွားအပ်ပါ။

ဝိသုဒ္ဓိမဂ်၌ မိမိကိုယ်ကိုသက်သေထားရန်အတွက် ရှေးဦးစွာ မေတ္တာပွားအပ်၏ဟု ဆို၏။ ငါသည်ချမ်းသာလို၏၊ ဆင်းရဲကို စက်ဆုပ်၏၊ အသက်ရှည်လို၏၊ သေခြင်းကို အလိုမရှိပါ၊ ထို့အတူ အခြားသတ္တဝါတို့လည်း ဤအတူပင်ဟု မိမိကိုယ်ကိုသက်သေပြု၍ (ဝါ) ကိုယ်ချင်းစာနာ၍ အခြားသတ္တဝါတို့၏ စီးပွားချမ်းသာကို လိုလားခြင်းသည်ဖြစ်ပေါ်၏။

**၆။ အချို့ပုဂ္ဂိုလ်များ စေတီတော်စသည်ကို တည်ခြင်းငါးပါးဖြင့်၊ ဦးမချဘဲ ပုဆိန်ပေါက် ဦးချကြရာ၌ အကြောင်းရင်းကိုညွှန်ပြ၍ ယခုစာဖြေပုဂ္ဂိုလ်၏ သန္တာန်၌ ရန်သူတို့က မဖျက်ဆီးနိုင်သောတရား ရှိ-မရှိကိုလည်း ဖြေဆိုပါ။** *(၁၉၈၇၊ စမန ၃၆၊ ၃၇/၃၉)*

***အဖြေ*** *– အချို့ပုဂ္ဂိုလ်များသည် စေတီတော်စသည်ကို တည်ခြင်းငါးပါးဖြင့် ဦးမချဘဲ ပုဆိန်ပေါက်ဦးချကြသည့် အကြောင်းရင်းမှာ ထိုသူတို့သည် စိတ်အမူအကျင့်ကို ငြိမ်သက်အောင်မစောင့်စည်းထားသောကြောင့်ဖြစ်၏။ စိတ်ကို မစောင့်စည်းထားသူတို့သည် စေတီ၊ ဗောဓိပင်၊ မထေရ်ကြီးတို့ကို ကောင်းမွန်ရိုသေစွာ ရှိမခိုးကြပါ၊ တရားနာလျှင်လည်း စိတ်ပျံ့လွင့်၍ ငိုက်မျည်းနေတတ်၏။ စိတ်ကိုငြိမ်သက်အောင် စောင့်စည်းထားသူတို့သည် သဒ္ဓါယုံကြည်စွာ ကောင်းမွန်ရိုသေစွာ ရှိခိုးဦးချကြပါသည်။ တရားနာလျှင် လိုချင်ဆန္ဒပြင်းပြစွာဖြင့် နားစိုက်လျက် နာကြား၏။*

*ယခုစာဖြေပုဂ္ဂိုလ်၏သန္တာန်၌ ရန်သူတို့က မဖျက်ဆီးနိုင်သော တရားရှိပါသည်။ ထိုတရားသည် စာဖြေပုဂ္ဂိုလ်၏စိတ်ဖြစ်ပါသည်။ ရန်သူသည် စာဖြေသူကို ဆင်းရဲအောင်ပြုလုပ်ရာ၌ ကိုယ်ဆင်းရဲအောင်သာပြုလုပ်နိုင်၏၊ စိတ်ဆင်းရဲအောင် မပြုလုပ်နိုင်ပါ။ သာကေအဖြစ်* ***ခန္တိဝါဒီရသေ့****ကို ကာသိတိုင်းရှင်* ***ကာလာဗုမင်းက*** *သံဆူးတပ်ထားသည့် ကြိမ်တို့နှင့်ရိုက်နှက်ပြီးလျှင် လက်ခြေတို့ကို ဖြတ်တောက်စေ၏။ ခန္တိဝါဒီရသေ့သည် အမျက်ထွက်ခြင်းကိုမျှ မပြုခဲ့ပေ။*

**၇။ ယခုစာဖြေပုဂ္ဂိုလ်သည် အဘယ်၏အမွေခံဖြစ်သည်ကိုဖော်ပြ၍ မေတ္တာအာနိသင် ၁၁-ပါးတို့တွင် နောက်ဆုံးလေးပါးတို့ကို အစဉ်ကျကျ ရေးပြခဲ့ပါ။**

*(၁၉၈၈၊ စမန ၃၈၊ ၅၂)*

***အဖြေ*** *– "သင်သည် သင်ကိုယ်တိုင်ပြုသည့် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏၊ ထိုကံ၏ အမွေခံဖြစ်၏၊ ထိုကံသာလျှင် ဆင်းရဲရန် ချမ်းသာရန် အကြောင်းရှိ၏၊ ထိုကံသာလျှင် အဆွေအမျိုးဖြစ်၏၊ ထိုကံကိုသာ အားကိုးရာရှိ၏။ အကြင်ကံကို ပြုအံ့၊ ထိုကံ၏ အမွေခံဖြစ်ရလိမ့်မည်"ဟု အဘိဏှသုတ်တွင် မြတ်စွာဘုရားဟောကြားတော်မူသဖြင့် ယခုစာဖြေပုဂ္ဂိုလ်သည် မိမိကိုယ်တိုင်ပြုထားသည့်ကံ၏ အမွေခံဖြစ်ပါသည်။*

*မေတ္တာအာနိသင်(၁၁)ပါးတို့တွင် နောက်ဆုံးလေးပါးမှာ*

| | |
|---|---|
| *(၁) လျင်မြန်စွာ စိတ်တည်ကြည်၏၊* | *(၂) မျက်နှာအဆင်းကြည်လင်၏၊* |
| *(၃) မတွေမဝေ သေရ၏၊* | *(၄) ဗြဟ္မာ့ဘုံလောက၌ ဖြစ်ရ၏။* |

**၈။ ယခုခေတ်၌ စားဝတ်နေရေးပြေလည်မှုမရှိသူတို့ကို မြင်ရသောအခါ သူတော်ကောင်း မှန်သမျှ မေတ္တာ၊ ကရုဏာပွားကြသည်ချည်းဖြစ်လေရာ ယင်းမေတ္တာ၊ ကရုဏာတို့၏ အောင်မြင်ပုံ၊ ဆုံးရှုံးပျက်စီးပုံတို့ကို ဖြေဆိုခဲ့ပါ။** *(၁၉၈၈၊ စမန ၇၄၊ ၇၅)*

***အဖြေ*** *- ဗျာပါဒ - ဒေါသ၏ငြိမ်းခြင်းသည် မေတ္တာ၏အောင်မြင်၊ ပြီးစီး၊ ပြည့်စုံခြင်း ဖြစ်၏၊ ခင်မင်တွယ်တာလျက် ချစ်ခြင်းဟူသော တဏှာသိနေဟ၏ဖြစ်ခြင်းသည်*

*မေတ္တာ၏ဆုံးရှုံးပျက်စီးခြင်းဖြစ်၏။*

*သတ္တဝါတို့ကို ညှင်းဆဲကြောင်းဖြစ်သည့် ဒေါသ၏ငြိမ်းအေးခြင်းသည် ကရုဏာ၏ အောင်မြင်, ပြီးစီး, ပြည့်စုံခြင်းမည်၏။ စိုးရိမ်ပူဆွေးမှု သောကဖြစ်ခြင်းသည် ကရုဏာ၏ ပျက်စီးခြင်းဖြစ်၏။*

**၉။ "အစကောင်းမှ အနှောင်းသေချာ"ဟူသည်နှင့်အညီ ဗြဟ္မစိုရ်ပွားလိုလတ် သော် အဘယ်ပုဂ္ဂိုလ်မှစ၍ ပွားများအပ်ပါသနည်း၊ ဗြဟ္မစိုရ်လေးပါးနှင့် ဆိုင်ရာပုဂ္ဂိုလ်များကို အသီးသီးတွဲစပ်၍ ဖြေဆိုပါ။** *(၁၉၇၉၊ စမန၊ ၃၃၊ ၅၁၊ ၅၇၊ ၅၉)*

**အဖြေ** — *ဗြဟ္မစိုရ်တရားလေးပါးမှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ ဖြစ်ကြ၏။ မေတ္တာပွားလိုသော် မိမိကိုယ်မှ စ၍ ပွားအပ်၏။ မိမိကိုယ်ကို သက်သေပြု၍ မိမိ ဆင်းရဲကင်းပြီး ချမ်းသာချင်သလို အခြားသတ္တဝါတို့လည်း ဆင်းရဲကင်းပြီး ချမ်းသာ လိုကြမည်ဟု ကိုယ်ချင်းစာစိတ် ဖြစ်ပေါ်ရန် ဖြစ်၏။*

***ကရုဏာပွားလိုသော်*** *စည်းစိမ်ဥစ္စာပျက်စီးကာ ဆင်းရဲမွဲတေ၍ ဒုက္ခရောက် နေသော မကောင်းမှုဒုစရိုက်တို့နှင့်ပြည့်စုံသော ပုဂ္ဂိုလ်မှစ၍ ပွားအပ်၏။*

***မုဒိတာပွားလိုသော်*** *အလွန်ချစ်အပ်သော နှလုံးကိုပွားစေတတ်သောအတိပ္ပိ ယပုဂ္ဂိုလ်မှစ၍ ပွားအပ်၏။ ဤသို့ သဘောရှိသော အပေါင်းအဖော်ကို 'သောဏ္ဍသ ဟာယ'ဟု အဋ္ဌကထာ၌ ဆို၏။*

***ဥပေက္ခာပွားလိုသော်*** *ပကတိပင်ကိုသဘောအားဖြင့် မချစ်၊ မမုန်း၊ အလယ် အလတ်ဖြစ်သည့် မဇ္ဈတ္တပုဂ္ဂိုလ်မှစ၍ ပွားအပ်၏။*

**၁၀။ လူတို့သန္တာန်၌ ဖြစ်လေ့ရှိသော (က) ရာဂ (ခ) အရတိ (ဂ) ဝိဟိံသာ (ဃ) ဗျာပါဒတရားများကင်းစင်အောင် အဘယ်တရားများကို ပွားများသင့်ပါ သနည်း၊ အသီးသီးစပ်ဟပ်ဖြေဆိုခဲ့ပါ။** *(၁၉၉၀၊ စမန ၆၄)*

**အဖြေ** - *(က) ရာဂတရားကင်းစင်အောင် ဥပေက္ခာတရားကို ပွားများသင့်ပါသည်။*

*(ခ) အရတိတရားကင်းစင်အောင် မုဒိတာတရားကို ပွားများသင့်ပါသည်။*

*(ဂ) ဝိဟိံသာတရားကင်းစင်အောင် ကရုဏာတရားကို ပွားများသင့်ပါသည်။*

*(ဃ) ဗျာပါဒတရားကင်းစင်အောင် မေတ္တာတရားကို ပွားများသင့်ပါသည်။*

**၁၁။ အမျက်မပြေ၍ မေတ္တာမသက်နိုင်သော ရန်သူအပေါ်၌ ဓာတ်ခွဲ၍အမျက် ဖြေသည့်နည်းကို ပြဆိုပြီးလျှင် မေတ္တာ၏အနီးကပ်ရန်သူနှင့် အဝေးရန်သူ တို့ကိုလည်း ဖော်ပြပါ။** *(၁၉၉၁၊ စမန ၄၂၊ ၄၃၊ ၆၀)*

**အဖြေ** - *အမျက်မပြေ၍ မေတ္တာမသက်နိုင်သောရန်သူအပေါ်၌* ***ဓာတ်ခွဲ၍အမျက် ဖြေနည်း*** - *"အချင်း . . . သင်သည် ရန်သူကိုအမျက်ထွက်ရာ၌ အဘယ်အရာကို အမျက်ထွက်သနည်း၊ ဆံပင်ကို အမျက်ထွက်သလော၊ အမွေးတို့ကို အမျက် ထွက်သ လော . . . . . (ပ). . . . ကျင်ငယ်ကို အမျက်ထွက်သလော။*

*ဆံပင်စသည်တို့၌လည်း ပထဝီဓာတ်ကို အမျက်ထွက်သလော၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့ကို စိတ်ဆိုးသလော။*

*သင်စိတ်ဆိုးနေသည့်သူသည် ခန္ဓာငါးပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈ပါးတို့၏ အပေါင်းအစုမျှသာဖြစ်ပေ၏။ ခန္ဓာငါးပါးတွင် ရူပက္ခန္ဓာကို စိတ်ဆိုးသလော၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာစသည်ကို သင်စိတ်ဆိုးသလော။အာယတန ၁၂-ပါးတွင် စက္ခာယတန၊ ရူပါယတနစသည်ကို သင်အမျက်ထွက်သလော။ ဓာတ် ၁၈-ပါးတို့တွင် စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်စသည်ကို သင်စိတ်ဆိုးသလော"ဟု ခွဲခြားခြင်းကို ပြုအပ်၏။ ဤသို့ပြုလျှင် အပ်ဖျားထိပ်၌ မုန်ညင်းစေ့တည်ရာ မရသကဲ့သို့ ကောင်းကင်၌ ပန်းချီဆေးရေး၏တည်ရာ မရသကဲ့သို့ အမျက်ဒေါသ၏တည်ရာဌာနသည် မရှိတော့ချေ။*

***မေတ္တာ၏အနီးကပ်ရန်သူ**သည် ရာဂဖြစ်၏၊ ရာဂသည် ဂုဏ်ကိုရှုရာ၌မေတ္တာနှင့် သဘောချင်းတူသောကြောင့်ဖြစ်၏။*

***မေတ္တာ၏အဝေးရန်သူ**သည် ဗျာပါဒခေါ် ဒေါသဖြစ်၏၊ ဗျာပါဒသည်မေတ္တာနှင့် သဘောချင်းတူသောရာဂနှင့် သဘောချင်းမတူသောကြောင့် ဖြစ်၏။*

**၁၂။ "ဤငါ့ကိုယ်လေး၊ ဘေးရန်ဝေး၊ ငြိမ်းအေးချမ်းသာစေ"ဟူ၍ မိမိကိုယ်ကို မေတ္တာပို့ခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးရရှိသည်ကို ဖော်ပြပြီးလျှင်၊ ဥပေက္ခာပြဟ္မဝိဟာရပွားများမည့်ယောဂီ၏ (က) ရရှိနိုင်ပြီးတရားထူး (ခ) လက်ဦးပထမအရှုခံပုဂ္ဂိုလ်တို့ကိုလည်း ဖော်ပြပါ။** *(၁၉၉၂၊ စမန၊ ၃၃၊ ၅၉)*

*အဖြေ - "ဤငါ့ကိုယ်လေး၊ ဘေးရန်ဝေး၊ ငြိမ်းအေးချမ်းသာစေ"ဟူ၍ မိမိကိုယ်ကို မေတ္တာပို့ခြင်းဖြင့် "ငါသည် ဘေးရန်ကင်းရှင်းလို၏၊ ဆင်းရဲကင်းရှင်းလို၏၊ ငြိမ်းအေးပြီး ကျန်းမာချမ်းသာလို၏"ဟု အလိုရှိသလို ထို့အတူ ငါမှတစ်ပါးသော အခြားသတ္တဝါတို့သည်လည်း ဤအတူပင် အလိုရှိကြလိမ့်မည်ဟူ၍ မိမိကိုယ်ကို သက်သေပြု၍ သက်သေအရာ၌ထား၍ အခြားသောသတ္တဝါတို့၏ စီးပွားချမ်းသာကို လိုလားခြင်းဟူသည့် အကျိုးကျေးဇူးကို ရရှိပါသည်။*

*ဥပေက္ခာပြဟ္မဝိဟာရ ပွားများမည့်ယောဂီ၏*

*(က) **ရရှိနိုင်ပြီးသောတရားထူး**မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့ကို ပွားများအားထုတ်သဖြင့် စတုက္ကနည်းအရ ရူပါဝစရပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်တို့ကိုလည်းကောင်း သို့မဟုတ် ပဉ္စကနည်းအရ ရူပါဝစရပထမဈာန်မှ စတုတ္ထဈာန်တိုင်အောင်လည်းကောင်း ဈာန်သုံးပါး သို့မဟုတ် လေးပါးတို့ဖြစ်ပါသည်။*

*(ခ) **လက်ဦးပထမအရှုခံပုဂ္ဂိုလ်**မှာ ထိုဥပေက္ခာပွားများမည့်ယောဂီ၏ မချစ်၊ မမုန်း၊ အလယ်အလတ်ဖြစ်သည့် မဇ္ဈတ္တပုဂ္ဂိုလ်ဖြစ်ပါသည်။*

**၁၃။ မေတ္တာကမ္မဋ္ဌာန်းပေါက်နေသော ရဟန်းငယ်သည် သူ၏ဆရာထံ မေတ္တာပို့၏၊**

**သို့သော် မေတ္တာမရောက်၊ အမတ်ကြီး၏သားတစ်ယောက်ကား မေတ္တာပို့လျက် ပင် တစ်ညဥ့်လုံး နံရံနှင့်စစ်တိုက်နေရ၏၊ ထိုနှစ်ဦးတို့ဘာကြောင့် ယင်းသို့ဖြစ်ရပါ သနည်း၊ ဝိသုဒ္ဓိမဂ်အတိုင်းဖြေပါ။** *(၁၉၉၃၊ စမန ၃၁)*

***အဖြေ*** - *မေတ္တာကမ္မဋ္ဌာန်းပေါက်နေသော ရဟန်းငယ်သည် သူ၏ဆရာထံ မေတ္တာပို့ သော်လည်းမရောက်ခြင်းမှာ ထိုရဟန်း၏ဆရာက ပျံလွန်သွားပြီဖြစ်၍ ဘာဝနာ၏ အာရုံနိမိတ်မရှိသောကြောင့်ဖြစ်၏။ သေသောသူ၌ မေတ္တာပွားလျှင် အပ္ပနာစျာန်သို့ မရောက်၊ ဥပစာရသမာဓိသို့လည်း မရောက်နိုင်ပါ။ ထိုရဟန်းငယ်သည် အာရုံနိမိတ် ကိုရှာကြည့်သော် ဆရာပျံလွန်ကြောင်းကို သိရသဖြင့် အခြားပုဂ္ဂိုလ်ကို အာရုံပြုလျက် မေတ္တာပွားပို့ရာ ဈာန်သမာပတ်သို့ရောက်၏။*

*အမတ်ကြီး၏သားတစ်ယောက်ကား မေတ္တာပို့လျက်ပင် တစ်ညဥ့်လုံး နံရံနှင့်စစ် တိုက်နေရခြင်းအကြောင်းမှာ လိင်မတူသူ(လိင်္ဂဝိသဘာဂပုဂ္ဂိုလ်)ဖြစ်သော မိမိ၏ ချစ်ဇနီးကို မေတ္တာပွားပို့သဖြင့် မေတ္တာမဖြစ်ဘဲ ရာဂဖြစ်ကာ မိမိအခန်းမှ ဇနီးရှိရာ အခန်းသို့သွားရာဝယ် တံခါးပေါက်ရှာမတွေ့ဘဲ နံရံကို တိုးဝှေ့တိုက်ခိုက် နေခြင်း ကြောင့် ဖြစ်၏။*

**၁၄။ ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝသော ဒုစရိုက်သမားတစ်ယောက်အပေါ်၌ အဘယ် သူဖြင့် ဥပမာနှိုင်းခိုင်း၍ ကရုဏာသက်ရမည်နည်း၊ ထိုဥပမာကို ထင်ရှားအောင် ဖော်ပြ၍၊ ကရုဏာသက်ပုံကို ရေးပြပါ။** *(၁၉၉၃၊ စမန ၅၃၊ ၅၄)*

***အဖြေ*** - *ပစ္စည်းဥစ္စာချမ်းသာကြွယ်ဝနေသောဒုစရိုက်သမားကို ဘုရင်၏အမိန့်အာဏာ နှင့် အသတ်ခံရမည့် ခိုးသူနှင့်ခိုင်းနှိုင်း၍ ကရုဏာသက်ရပါမည်။ ထင်ရှားအောင်ဖြေ ဆိုပြရသော်- ခိုးသူကို မင်းအာဏာသားတို့သည် ကြိုးဖြင့်တုတ်ချည်၍ လမ်း လေးခွ တိုင်း၌ အကြိမ်များစွာရိုက်နှက်ကာ သူသတ်ကုန်းသို့ ဆောင်ကုန်၏။ ခိုးသူအား သ နားကရုဏာရှိကြသောသူတို့သည် ခဲဖွယ်၊ ဘောဇဉ်၊ ပန်းနံ့သာ၊ နံ့သာပျောင်း၊ ကွမ်း တို့ကို ပေးကုန်၏။ ခိုးသူသည် ထိုခဲဖွယ်၊ ဘောဇဉ်တို့ကို စားသောက်လျက် သုံးဆောင် ဖွယ်စည်းစိမ်နှင့်ပြည့်စုံသကဲ့သို့ သွားနေသော်လည်း "ဤသူသည် ချမ်းသာပေစွ၊ များ စွာသောသုံးဆောင်ဖွယ်စည်းစိမ်နှင့်ပြည့်စုံပေစွ"ဟူ၍ မည်သူမျှမထင်မှတ်ပေ။*

*စင်စစ်သော်ကား "ဤသူသည် သနားဖွယ်ကောင်းလေစွ၊ ယခုပင်သေရတော့မည်၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း သေခြင်းနှင့်နီးကပ်နေပေ၏"ဟု ဆင်ခြင်လျက် လူအပေါင်းတို့သည် ခိုးသူကို ကရုဏာသက်ကြလိမ့်မည်။ ထို့အတူပင် "ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသော ဒုစရိုက်သမားသည်လည်း ယခုအခါ ချမ်းချမ်းသာသာ ဝတ် စားဆင်ယင် သုံးဆောင်စားသောက်နေရပါသော်လည်း မည်သည့်ကုသိုလ် ကောင်းမှု ကိုမျှ ပြုလုပ်ထားခြင်းမရှိ၊ မကောင်းမှုဒုစရိုက်များကိုသာ တွင်တွင်ပြုလုပ်နေ၏။ မကြာမြင့်မီ သေလွန်သောအခါ အပါယ်ဘုံတို့၌ များစွာသော ကိုယ်ဆင်းရဲ စိတ်ဆင်း*

ရဲခြင်းတို့ကို ခံစားရလတံ့”ဟု ဆင်ခြင်ကာ ကရုဏာသက်ရ၊ ကရုဏာပွားရမည်ဖြစ်ပါသည်။

**၁၅။ မိမိရန်သူအပေါ် မေတ္တာသက်ဝင် ချစ်ခင်ပီတိဖြစ်ပေါ်လာအောင် နှလုံးသွင်းစိတ်ထားနည်းကို အနမတဂ္ဂသုတ်လာအတိုင်း ပြည့်စုံအောင် ဖော်ပြပြီးလျှင် (၅၂၈) သွယ် မေတ္တာပွားနည်းကိုလည်း ပဋိသမ္ဘိဒါမဂ်လာအတိုင်း ဖော်ပြခဲ့ပါ။**

*(၁၉၉၄၊ စမန ၄၁-၄၂၊ ၄၆-၄၈)*

*အဖြေ - အနမတဂ္ဂသုတ်၌ “ရဟန်းတို့. . . အကြင်သတ္တဝါသည် ရှေး၌အမိမဖြစ်စဖူး၊ ရှေး၌ ညီအစ်ကို မဖြစ်စဖူး၊ ရှေး၌ အစ်မ၊ နှမ မဖြစ်စဖူး၊ ရှေး၌သား၊ သမီး မဖြစ်စဖူး၊ ထိုထိုဘဝနီးဝေး ရှေးရှေးကာလက မိဘစသည် မဖြစ်စဖူးသောသတ္တဝါကို ရလွယ်သောသဘောမရှိပေ”ဟူ၍ ဟောတော်မူသောကြောင့်၊*

*“ဤရန်သူသည် ရှေးအတိတ်ကာလ၌ ငါ၏မိခင်ဖြစ်ခဲ့ဖူးမည်၊ ငါ့ကို ဆယ်လပတ်လုံး ကိုယ်ဝန်ဆောင်၍ ခဲယဉ်းပင်ပန်းစွာ မွေးဖွားပြီးလျှင် ကျင်ကြီး၊ ကျင်ငယ်တံတွေး၊ နှပ်စသည်တို့ကို မရွံမရှာသုတ်သင်၍ ရင်ခွင်၌ထွေးပိုက်ကာ နို့ချိုတိုက်ကျွေးလျက် ကြီးပြင်းအောင်မွေးမြူခဲ့ဖူးမည်”*

*“ဤရန်သူသည် ရှေးက ငါ၏ဖခင်ဖြစ်ခဲ့ဖူးမည်၊ အန္တရာယ်ပြွမ်းသောခရီးလမ်းကို ဖြတ်သန်း၍ ရောင်းဝယ်ကုန်သွယ်မှု၊ အသက်စွန့်၍ စစ်တိုက်မှု၊ သမုဒ္ဒရာကိုဖြတ်ကျော်၍ စီးပွားရှာမှုစသည့် နည်းလမ်းအမျိုးမျိုးဖြင့် ဥစ္စာကိုစုဆောင်းကာ ငါ့ကို မွေးမြူခဲ့ဖူးမည်။*

*“ဤရန်သူသည် ရှေးအတိတ်ဘဝ၌ ငါ့ညီ၊ ငါ့အစ်ကို၊ ငါ့အစ်မ၊ ငါ့နှမ၊ ငါ့သား၊ ငါ့သမီးတစ်ဦးဖြစ်ခဲ့ပြီးလျှင် ငါ့အားကျေးဇူးပြုခဲ့ဖူးလိမ့်မည်၊ ထို့ကြောင့် ငါသည် ထိုသူ၌ အမျက်ဒေါသ မဖြစ်ထိုက်ပါ”*

*ဤသို့ အောက်မေ့ဆင်ခြင်၍ မေတ္တာသက်ဝင် ချစ်ခင်ပီတိဖြစ်ပေါ်လာအောင် နှလုံးသွင်းစိတ်ထားရမည်။*

***(၅၂၈)သွယ်မေတ္တာပွားနည်း** (နံပါတ် ၄ တွင် ဖြေဆိုထားပါသည်)*

**၁၆။ (က)ဗုဒ္ဓမြတ်စွာ၏လွှဥပမာပြဩဝါဒကို အစဉ်သတိရသောအားဖြင့် ဒေါသပယ်ဖျောက်ပုံနှင့် (ခ) မေတ္တာအကျိုး (၁၁)မျိုးတို့တွင် နောက်ဆုံးတစ်မျိုးသာ ဖော်ပြပါ။**

*(၁၉၉၅၊ စမန ၃၄၊ ၅၂)*

*အဖြေ - (က) ဗုဒ္ဓမြတ်စွာ၏ လွှဥပမာပြဩဝါဒဟူသည်ကား -*

*“ရဟန်းတို့. . . . ခိုးသူဓားပြတို့သည် ငါးမန်းစွယ်လွှကြီးဖြင့် ကိုယ်အင်္ဂါ ကြီးငယ်တို့ကို တိုက်ဖြတ်ရာ၏၊ ထိုသို့တိုက်ဖြတ်ကြရာ၌သော်လည်း တိုက်ဖြတ်ခံရသူသည် စိတ်ကိုပြစ်မှားစေငြားအံ့၊ အမျက်ဒေါသထွက်ငြားအံ့၊ ထိုသူသည် ငါဘုရား၏ အဆုံးအမကို လိုက်နာသည်မမည်ပေ” ဤလွှဥပမာဩဝါဒကို အစဉ်သတိရသော*

*အားဖြင့် ရန်သူအား အမျက်ဒေါသထွက်ခြင်းကို ပယ်ဖျောက်အပ်၏။*

*(ခ) မေတ္တာအကျိုး (၁၁)မျိုးတွင် နောက်ဆုံးတစ်မျိုးကို ဖော်ပြရသော - မတွေ မဝေသေဆုံးပြီးနောက် ပြဟ္မာ့ဘုံလောကၥဖြစ်ရခြင်း အကျိုးဖြစ်ပါသည်။*

**၁၇။ (က) ယခုအခါ ဆင်းရဲမွဲတေ၍ ဒုက္ခရောက်နေသော ချစ်မိတ်ဆွေအပေါ်၌ အဘယ်နည်းအဘယ်ပုံ ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားရမည်ကို ဖော်ပြပြီး၊ (ခ) ဥပေက္ခာပြဟ္မဝိဟာရသည် မည်သည့်ဈာန်သမာပတ်၏ မှီရာဥပနိဿယ ဖြစ်သည်ကိုလည်း ဖြေဆိုပါ။** *(၁၉၉၅၊ စမန ၅၇-၅၈၊ ၆၉)*

***အဖြေ - (က) ဒုက္ခရောက်နေသော ချစ်မိတ်ဆွေအပေါ်၌ ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားပုံ -***

*ယခုအခါ ဆင်းရဲမွဲတေ၍ ဒုက္ခရောက်နေသောချစ်မိတ်ဆွေသည် ယခုဆင်းရဲ ဒုက္ခရောက်နေပါသော်လည်း ရှေးကာလ၌ ချမ်းသာပျော်ရွှင်မှုနှင့်ပြည့်စုံသည့် အဖြစ်ကို အောက်မေ့ဆင်ခြင်၍ "ဤသူသည် ရှေးကာလ၌ ဤသို့များသော စည်းစိမ်ရှိခဲ့သည် များသောအခြွေအရံရှိခဲ့သည်ဖြစ်၍ အမြဲလျှင် ဝမ်းမြောက်လျက်ရှိခဲ့လေပြီ"ဟု ထိုသူ၏ဝမ်းမြောက်ခဲ့ပုံအခြင်းအရာကိုယူ၍ ဝမ်းမြောက်ဝမ်းသာ မုဒိတာကို ဖြစ်စေအပ်၏။ ထို့အပြင် "နောင်အခါကာလ၌ ထိုစည်းစိမ်များကို တစ်ဖန်ရ၍ ဆင်ကျောက်ကုန်း၊ မြင်းကျောက်ကုန်း၊ ရွှေထမ်းစင်တို့ဖြင့် လှည့်လည်ရပေလိမ့်မည်"ဟု နောင်အခါဖြစ်မည့် ထိုသူ၏ဝမ်းမြောက်ဖွယ်အခြင်းအရာကို ယူ၍လည်း မုဒိတာကိုဖြစ်စေအပ်၏။*

*(ခ) ဥပေက္ခာပြဟ္မဝိဟာရသည် အာကိဉ္စညာယတနဈာန်သမာပတ်၏ မှီရာဥပနိဿယဖြစ်၏။*

**၁၈။ (က) မေတ္တာကမ္မဋ္ဌာန်းကို ဦးစွာပထမ စ၍အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်၏ ဆင်ခြင်စဉ်းစားရမည့် ဆိုးပြစ်နှင့် ကောင်းကျိုးတို့ကို အကြောင်းယုတ္တိနှင့်တကွ ဖော်ပြပြီးလျှင်၊ (ခ) ဥပေက္ခာပြဟ္မဝိဟာရသည် ဘယ်နည်းဘယ်ပုံ ဉာဏ်အားထင်ပေါ်လာမှု(ပစ္စုပဋ္ဌာန်)ရှိသည်ကိုလည်း ဖြေဆိုပါ။**

*(၁၉၉၆၊ စမန ၂၉၊ ၃၀၊ ၆၃)*

***အဖြေ*** *- (က) မေတ္တာကမ္မဋ္ဌာန်းကို ဦးစွာပထမ စ၍အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်၏ ဆင်ခြင်စဉ်စားရမည့် ဆိုးပြစ်သည် အမျက်ဒေါသထွက်ခြင်း၏ဆိုးပြစ်ဖြစ်ပြီး၊ ကောင်းကျိုးမှာ သည်းခံခြင်း-ခန္တီ၏အကျိုးအာနိသင်ဖြစ်ပါသည်။*

***ဆင်ခြင်ရခြင်းအကြောင်းမှာ*** *မေတ္တာကမ္မဋ္ဌာန်းဖြင့် အမျက်ဒေါသထွက်ခြင်းကို ပယ်နိုင်၏၊ သည်းခံခြင်းဂုဏ်ကိုလည်း ရနိုင်၏။ အမျက်ထွက်ခြင်း၏ အပြစ်ကို မသိမြင်ထားလျှင် ဒေါသကိုပယ်ခြင်းငှာ မတတ်နိုင်ပါ။ သည်းခံခြင်း၏ အကျိုးအာနိသင်တို့ကို မသိမြင်ထားလျှင်လည်း ထိုအကျိုးတရားတို့ကို ရယူခြင်းငှာမတတ်နိုင်ပါ။*

ထို့ကြောင့် ကြိုတင်ဆင်ခြင်အပ်၏။

**အမျက်ဒေါသ၏အပြစ်ကို ဆင်ခြင်ပုံ**

ဒေါသသည် အဖျက်ဆီးတတ်ဆုံးတရားဖြစ်၏၊ အဒေါသဟူသည့် မေတ္တာတရား၏ ဆန့်ကျင်ဘက်ဖြစ်၏၊ ဒေါသရှိလျှင် မေတ္တာမဖြစ်နိုင်၊ ဒေါသမရှိမှ မေတ္တာဖြစ်ပေါ်နိုင်သည်။

"အို. . . ငါ့ရှင်၊ ဒေါသက ဖျက်ဆီးအပ်သော ဒေါသကလွှမ်းမိုးသဖြင့် စိတ်ပျက်စီးနေသောသူ၊ အမျက်ထွက်နေသောသူသည် သတ္တဝါကိုလည်း သတ်၏" ဤသို့ အစရှိသည့် သုတ်တို့၏အစွမ်းဖြင့် အမျက်ဒေါသ၏ အပြစ်ကို ရှုဆင်ခြင်အပ်၏။

**သည်းခံခြင်း၏အကျိုးအာနိသင်ကို ဆင်ခြင်ပုံ**

သည်းခံခြင်း 'ခန္တီ'သည် အဒေါသစေတသိက်ပင်ဖြစ်၍ 'မေတ္တာ'နှင့် သဘောတူသည်။ သည်းခံခြင်းနှင့် ယှဉ်သောစိတ်သည် ဒေါသကို ဖယ်ရှားပြီး မေတ္တာကို ပွားနိုင်မည် ဖြစ်သည်။

"သူတစ်ပါးတို့၏ကဲ့ရဲ့ခြင်း၊ အကျိုးမဲ့ပြုခြင်းစသည်ကို သည်းခံချုပ်တည်းခြင်းဟူသည့် သည်းခံခြင်းသည် အမြတ်ဆုံးအကျင့်ပေတည်း၊ နိဗ္ဗာန်ကို အမြတ်ဆုံးဟူ၍ ဘုရားရှင်တို့ မိန့်ဆိုကြ၏"

"သည်းခံခြင်းဟူသည့် ခွန်အားရှိသော သည်းခံခြင်းခွန်အားဟူသည့် စစ်တပ်ရှိသော ထိုပုဂ္ဂိုလ်ကို "မကောင်းမှုကို အပပြုပြီးသည့် ဗြဟ္မဏသူမြတ်"ဟူ၍ ငါဘုရားမိန့်ဆို၏။

"သည်းခံခြင်းထက်သာလွန်သော အကျိုးမဲ့ကို တားမြစ်၍ အကျိုးစီးပွားကို ဆောင်နိုင်သော တရားဟူသည် မရှိချေ"

ဤသို့အစရှိသော သုတ်တို့၏အစွမ်းဖြင့် သည်းခံခြင်း၏ အကျိုးအာနိသင်ကို ဆင်ခြင်အပ်၏။

(၃) ဥပေက္ခာဗြဟ္မဝိဟာရသည် သတ္တဝါတို့၌မုန်းခြင်း၊ ချစ်ခြင်းတို့၏ ငြိမ်းခြင်းအနေအားဖြင့် ဉာဏ်အားထင်ပေါ်လာခြင်း (ပစ္စုပဋ္ဌာန်) ရှိ၏။

**၁၉။ ရှေ့ပိုင်းဗြဟ္မဝိဟာရသုံးပါးတို့သည် အဘယ်ကြောင့်သောမနဿဝေဒနာနှင့် ယှဉ်ရသည်ကို ဖြေဆိုပါ။** (၁၉၉၆၊ စမန ၆၇)

**အဖြေ** - ရှေ့ပိုင်းဗြဟ္မဝိဟာရသုံးပါးဟူသည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားတို့သည် ဒေါမနဿကြောင့် ဖြစ်ကုန်သော ဗျာပါဒဟူသည့် အမျက်ဒေါသ၊ သူတစ်ပါးကို ညှဉ်းဆဲလိုခြင်းဟူသည့် ဝိဟိံသာ၊ သူတစ်ပါး၏စည်းစိမ်ချမ်းသာပြည့်စုံခြင်း၌ မမွေ့မလျော်ခြင်း, မနှစ်မြို့ခြင်းသဘောရှိသည့် အရတိ တရားအသီးသီးတို့၏ ထွက်ခွာကင်းရှင်းကြောင်း ဖြစ်သောကြောင့် သောမနဿဝေဒနာနှင့် အမြဲယှဉ်ပါသည်။

**၂၀။ "သူ၏မေတ္တာကတော့ အတိုင်းအတာ ဒီဂရီကျော်လွန်နေပါပြီ"ဟု ပြောစမှတ်ပြုလောက်(သီမာသမ္ဘေဒဖြစ်)သော မေတ္တာတရား၏အရည်အသွေးကို ဝိသုဒ္ဓိမဂ်လာ ဖြစ်ရပ်သက်သေတစ်ခုဖြင့် ဖော်ပြဖြေဆိုပြီးလျှင် ဗြဟ္မဝိဟာရတရားလေးပါးတို့၏ ဘုံဆိုင်အကျိုးနှင့်သီးခြားအကျိုးတို့ကိုလည်း ခွဲခြားဖော်ပြပါ။** *(၁၉၉၇၊ စမန ၄၄-၄၅၊ ၆၄)*

*အဖြေ - 'သီမာသမ္ဘေဒ'ဟူသော မေတ္တာတရား၏အရည်အသွေးမှာ မိမိ၊ သူတစ်ပါး၊ ချစ်သူ၊ မုန်းသူစသည်ဖြင့် ပုဂ္ဂိုလ်ခွဲခြားခြင်းနယ်ပယ်၏ပျက်စီးခြင်း၊ တစ်နည်း ပုဂ္ဂိုလ်အားလုံး၌ ခွဲခြားခြင်းမပြုဘဲ အညီအမျှ တစ်သားတည်း မေတ္တာထားနိုင်ခြင်းသဘောဖြစ်၏။*

*ဝိသုဒ္ဓိမဂ်လာ ဖြစ်ရပ်သက်သေတစ်ခုမှာ (၁) မိမိ (၂) ချစ်အပ်သောပိယပုဂ္ဂိုလ် (၃) အလယ်အလတ်မဇ္ဈတ္တပုဂ္ဂိုလ် (၄) ရန်သူဖြစ်သည့် ဝေရီပုဂ္ဂိုလ်တည်းဟူသော ပုဂ္ဂိုလ်လေးဦးတို့သည် တစ်နေရာ၌ အတူရှိနေစဉ် ခိုးသားဓားပြတို့ ရောက်လာကြ၏၊ "ခင်ဗျားတို့အထဲက လူတစ်ယောက်ကိုပေးပါ၊ ကျုပ်တို့သတ်ပြီး လည်ချောင်းသွေးဖြင့် ဗလိနတ်စာပူဇော်မယ်"ဟု တောင်းဆိုကြ၏။*

*ပုဂ္ဂိုလ်လေးဦးတွင် တစ်ဦးဦးကိုပေးရန်ကြံစည်လျှင် သီမာသမ္ဘေဒပြုရာ မရောက်ပေ၊ သို့မဟုတ် "ငါ့ကိုသာယူကြ၊ ကျန်သုံးယောက်ကို မယူကြလင့်"ဟု ဤသို့ကြံစည်လျှင်လည်း သီမာသမ္ဘေဒပြုရာမရောက်ပေ။ အကြောင်းမှာ အပေးခံရသူ၏အကျိုးစီးပွားကို အလိုမရှိမူ၍ အခြားပုဂ္ဂိုလ်တို့၏ အကျိုးစီးပွားကိုသာ အလိုရှိရာရောက်သောကြောင့်ဖြစ်၏။*

*အကြင်အခါ၌ ပုဂ္ဂိုလ်လေးဦးထဲမှ မည်သူ့ကိုမျှ ခိုးသူဓားပြတို့အား ပေးသင့်သည်ကို မမြင်၊ မိမိ၌လည်းကောင်း၊ ကျန်ပုဂ္ဂိုလ်သုံးဦး၌လည်းကောင်း၊ ချမ်းသာစေလိုသောအားဖြင့် တူမျှသောစိတ်ကိုဖြစ်စေ၏၊ ထိုအခါ၌ သီမာသမ္ဘေဒကို ပြုအပ်ပြီးဖြစ်လေတော့၏။*

***ဗြဟ္မဝိဟာရတရားလေးပါးတို့၏ဘုံဆိုင်အကျိုးမှာ***

*(၁) ဝိပဿနာသုခ - ဝိပဿနာချမ်းသာကိုရခြင်း၊*

*(၂) ဘဝသမ္ပတ္တိ - သုဂတိဘဝတို့နှင့်ပြည့်စုံခြင်းတို့ဖြစ်သည်။*

***ဗြဟ္မဝိဟာရတရားလေးပါးတို့၏သီးခြားအကျိုးတို့မှာ***

*(၁) မေတ္တာသည် ဗျာပါဒ-ဒေါသ၏ ကင်းကွာခြင်းအကျိုးရှိ၏၊*

*(၂) ကရုဏာသည် ညှဉ်းဆဲလိုခြင်း-ဝိဟိံသာ၏ကင်းကွာခြင်းအကျိုးရှိ၏၊*

*(၃) မုဒိတာသည် သူ့စည်းစိမ်၌မမွေ့လျော်ခြင်း-အရတိ၏ကင်းကွာခြင်းအကျိုးရှိ၏၊*

*(၄) ဥပေက္ခာသည် တပ်မက်ခြင်း - ရာဂ၏ကင်းကွာခြင်းအကျိုးရှိ၏။*

**၂၁။ ရေတွက်မရ များပြားလှသောသတ္တဝါတို့ကို အာရုံပြုစီးဖြန်းရသောကြောင့်**

**မေတ္တာစသည်တို့ကို အပ္ပမညာဟုခေါ်ဆိုခဲ့သော်၊ သတ္တဝါတစ်ဦးတည်းကိုသာ အာရုံပြုစီးဖြန်းပါက အဘယ်နည်းဖြင့် အပ္ပမညာဟု ခေါ်ဆိုပါမည်နည်း။**

*(၁၉၉၇၊ စမန ၆၆)*

**အဖြေ** - *မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မဝိဟာရလေးပါးတို့သည် အတိုင်းအရှည်၊ အရေအတွက် ပမာဏ အကန့်အသတ်မရှိသည့်သတ္တဝါတို့၏ အာရုံ၌ ဖြစ်ကြသဖြင့် '**အပ္ပမညာ**'ဟု ခေါ်ဆိုရ၏။ သတ္တဝါတစ်ဦးတည်းကိုသာ အာရုံပြုစီးဖြန်းရာ၌လည်း ဤမျှသောအစိတ်အပိုင်း၌သာ မေတ္တာစသည်ကို ပွားအပ်၏ဟု အတိုင်းအရှည်ပမာဏမယူဘဲ တစ်ယောက်လုံးကို ဖြန့်သည့်အစွမ်းဖြင့်သာလျှင် ဖြစ်ကုန်၏။ ဤသို့ အတိုင်းအရှည်ပမာဏအကန့်အသတ်မရှိသည့်အတွက် 'အပ္ပမညာ'ဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။*

၂၂။ **မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းသောရဟန်းသည် အဘယ်အခါ၌ သမထနိမိတ်ထင်၍ ဥပစာရမေတ္တာအဆင့်သို့ရောက်သည်ကို ဖော်ပြပြီးလျှင် "အတိုင်းအတာပမာဏမရှိသောမေတ္တာ"ဟုဆိုရာ၌ မည်သို့မည်ပုံအတိုင်းအတာ ပမာဏမရှိသည်ကိုလည်း ဖြေဆိုပါ။** *(၁၉၉၈၊ စမန ၄၄၊ ၆၆)*

**အဖြေ** - *မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသောရဟန်းသည် အဖန်တလဲလဲမေတ္တာပွားခြင်းဖြင့် (၁) မိမိ (၂) ချစ်အပ်သောပိယပုဂ္ဂိုလ် (၃) အလယ်အလတ်မဇ္ဈတ္တပုဂ္ဂိုလ် (၄) ရန်သူဖြစ်သောဝေရီပုဂ္ဂိုလ်ဟူသော ပုဂ္ဂိုလ်လေးဦးတို့၌ တူမျှသောမေတ္တာစိတ်ရှိသည့်အဖြစ်ကို ပြီးပြည့်စုံစေလျက် မိမိ၊ သူတစ်ပါး၊ ချစ်သူ၊ မုန်းသူစသည်ဖြင့် ပုဂ္ဂိုလ်ခွဲခြားခြင်းနယ်ပယ်၏ ပျက်ခြင်းဟူသည့် '**သီမာသမ္ဘေဒ**'ကိုပြုအပ်၏။*

*သီမာသမ္ဘေဒ၏လက္ခဏာမှာ အဆိုပါပုဂ္ဂိုလ်လေးဦးတို့သည် တစ်နေရာတွင်ရှိနေစဉ် ခိုးသူဓားပြများရောက်လာကြကာ လည်ချောင်းသွေးဖြင့် ဗလိနတ်စာပူဇော်ရန် ပုဂ္ဂိုလ်တစ်ဦးကိုပေးရန် တောင်းဆိုကြ၏။ အကယ်၍ တစ်ဦးဦးကိုပေးရန် သို့မဟုတ် မိမိကိုပေးရန်ကြံစည်လျှင် သီမာသမ္ဘေဒပြုရာမရောက်ပေ။ အကြောင်းမှာ အပေးခံရသူ၏အကျိုးစီးပွားကို အလိုမရှိမူဘဲ အခြားပုဂ္ဂိုလ်တို့၏ အကျိုးစီးပွားကိုသာ အလိုရှိရာရောက်သောကြောင့်ဖြစ်၏။*

*အကြင်အခါ၌ ပုဂ္ဂိုလ်လေးဦးထဲမှ မည်သူ့ကိုမျှ ခိုးသူဓားပြတို့အား ပေးသင့်သည်ကိုမမြင်၊ ပုဂ္ဂိုလ်လေးဦးလုံး၌ ချမ်းသာစေလိုသောအားဖြင့် တူမျှသောစိတ်ကိုဖြစ်စေ၏။ ထိုအခါ၌ သီမာသမ္ဘေဒကိုပြုပြီး ဖြစ်လေတော့၏။*

*ထိုသီမာသမ္ဘေဒကိစ္စကိုပြုပြီးသည်နှင့်တစ်ပြိုင်နက် သမထနိမိတ်(ပဋိဘာဂနိမိတ်) ထင်၍ ဥပစာရသမာဓိနှင့်တကွ ဥပစာရမေတ္တာအဆင့်သို့ ရောက်သည်မည်၏။*

*"**အတိုင်းအတာပမာဏ မရှိသောမေတ္တာ**"ဟု ဆိုခြင်းမှာ မေတ္တာပွားများ ရာ၌ အတိုင်းအရှည်၊ အရေအတွက်၊ ပမာဏအကန့်အသတ်မရှိသည့် သတ္တဝါ တို့ကို အာရုံ*

*ပြု၏။ သတ္တဝါတစ်ဦးတည်းကိုသာ အာရုံပြု၍စီးဖြန်းရာ၌လည်း ဤမျှသောအစိတ် အပိုင်း၌သာ မေတ္တာကိုပွားအပ်၏ဟု အတိုင်းအရှည်ပမာဏမယူဘဲ တစ်ယောက် လုံးကိုဖြန့်သည့်အစွမ်းအားဖြင့်သာလျှင် မေတ္တာကိုပွားအပ်၏။ ဤသို့ အတိုင်းအရှည် ပမာဏ အကန့်အသတ်မရှိသည့် သတ္တဝါအာရုံကိုယူ၍ မေတ္တာ ပွားများရသည့် အတွက် "အတိုင်းအတာမရှိသော မေတ္တာ"ဟု ခေါ်ဆိုခြင်းဖြစ်သည်။*

**၂၃။ မသိနားမလည်သူ လူဗာလတစ်ဦး အဆင်းအရောင်ရူပါရုံကိုမြင်ရ၍ ဥပေက္ခာ ပြု၊ လျစ်လျူရှုမှုသည် မည်သည့်ဥပေက္ခာအမျိုးအစားဖြစ်သည်ကို ဖော်ပြပါ။**
*(၁၉၉၈၊ စမန ၆၃)*

*အဖြေ - မသိနားမလည်သူ လူဗာလတစ်ဦး အဆင်းအရောင် ရူပါရုံကိုမြင်ရ၍ ဥပေက္ခာပြု၊ လျစ်လျူရှုမှုသည် '**ဂေဟသိတအညာဏုပေက္ခာ**'အမျိုးအစား ဖြစ်ပါသည်။ ဂေဟသိတခေါ် ကာမဂုဏ်ကိုမှီသော အညာဏုပေက္ခာ - ဉာဏ်ကင်းသော (ဝါ) မောဟနှင့်ယှဉ်သော ဥပေက္ခာဖြစ်ပါသည်။*

**၂၄။ ကိုယ်နှုတ်ကြမ်းကြုတ် စိတ်ပုပ်ခက်ထန်၍ ဆက်ဆံရန်ခက်ခဲသူအား ဒေါသ မထွက် အမျက်မဝင်ရန် အဘယ်သို့နည်းလမ်းညွှန်ပြထားသည်ကို ဖော်ပြ ပြီးလျှင် "ပေးကမ်းခြင်းဖြင့် အောင်မြင်စေရာ"ဟူသော ဆိုရိုးစကားအတိုင်း ပေးကမ်းလိုက်၍ ဒေါသကင်းစင်အောင်မြင်ပုံကို ဝိသုဒ္ဓိမဂ်မှ ထုတ်ပြပါ။**
*(၁၉၉၉၊ စမန၊ ၃၆၊ ၄၃)*

*အဖြေ - (က) ကိုယ်နှုတ်ကြမ်းကြုတ်စိတ်ပုပ်ခက်ထန်၍ ဆက်ဆံရန်ခက်ခဲသူသည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးလုံးမငြိမ်သက်၊ မအေးချမ်းဘဲ အကျင့်ညစ်သူဖြစ်သည်။ ဤသူအား ဒေါသမထွက် အမျက်မဝင်ရန် ဝိသုဒ္ဓိမဂ်၌ ညွှန်ပြထားသောနည်း လမ်းမှာ "ဤသူသည် ယခုသာလျှင်လူ့လောက၌ ကျက်စားသွားလာကျင်လည်နေ ရ၏၊ စင်စစ်သော်ကား နှစ်ရက်သုံးရက်လွန်သည့်အခါ ငရဲကြီးရှစ်ထပ်၊ ဥဿဒ္ဒ ငရဲငယ် ၁၆-ရပ်သို့ ကျရောက်ပြီးလျှင် အကြီးအကျယ် ဆင်းရဲရှာလိမ့်မည်"ဟု ဆင်ခြင်ကာ သနားကြင်နာခြင်း ကရုဏာကို ဖြစ်စေအပ်၏။ ကရုဏာဖြစ်ခြင်းကို အကြောင်းပြု၍ ဒေါသအမျက်မထွက်ရန် ချုပ်ထိန်းနိုင်ပါသည်။*

*(**ခ) ပေးကမ်းခြင်းဖြင့် ဒေါသကင်းစင်အောင်မြင်ပုံ**ကို ဝိသုဒ္ဓိမဂ်မှ ထုတ်ပြရ သော် -မိမိ၏ပစ္စည်းကို ရန်သူအားပေးအပ်၏၊ ရန်သူ၏ပစ္စည်းကို မိမိကလက်ခံ ရယူအပ်၏။ ဤသို့ ရန်သူနှင့်ပစ္စည်းအပေးအယူပြုလျှင် ထိုရန်သူ၌ ထိုယောဂီ၏ အမျက်ဒေါသသည် ကေန်ပင်ငြိမ်း၏။ ထိုရန်သူ၌လည်း အတိတ်ဘဝမှစ၍ အစဉ် တစိုက်လိုက်ပါလာသော အမျက်ဒေါသသည်ပင် ချက်ချင်းပြေငြိမ်း၏။*

*သာကေပြထားသည်မှာ စိတ္တလတောင်ကျောင်း၌ ထ၍နေရာပေးစေရန် သုံး ကြိမ်တိုင်တိုင် အနှောင့်အယှက်ပြုခံရသော ပိဏ္ဍပါတိကမထေရ်သည်နှောင့်ယှက်*

*သည့်မထေရ်ကြီးအား "အရှင်ဘုရား ဤသပိတ်သည် ရှစ်အသပြာတန်ပါသည်၊ တပည့်တော်၏မယ်တော်လှူထားသော တရားနှင့်အညီရသည့်ပစ္စည်းဖြစ်ပါသည်။ မယ်တော်ကုသိုလ်ရအောင် အလှူခံတော်မူပါဘုရား"ဟု သပိတ်ကို ပေးလှူ၏။ မထေရ်ကြီး၏ဒေါသအာယာတသည် ချက်ချင်းပြေငြိမ်းသွား၏၊ ထပ်မံနှောင့်ယှက်ခြင်း မပြုတော့ပေ။*

၂၅။ "အကြံတူရန်သူ၊ အလုပ်တူဂြိုဟ်"ဟုဆိုသည့်အတိုင်း ဥပေက္ခာဗြဟ္မဝိဟာရနှင့် လုပ်ငန်းသဘောတူ၍ အနီးကပ်ရန်သူဖြစ်နေရာ၌၊ အဘယ်တရားသဘောသည် အဘယ်လုပ်ငန်းသဘောနှင့်တူ၍ ထိုဥပေက္ခာ၏ အနီးကပ်ရန်သူဖြစ်သည်၊ အဘယ်သဘောတရားသည် သူဖြူ ငါမည်း သဘောကွဲ၍ အဝေးရန်သူဖြစ်သည်ကိုဖြေဆိုပါ။ *(၁၉၉၉၊ စမန ၆၃)*

**အဖြေ** - *ကာမဂုဏ်ကိုမှီသော ဉာဏ်မယှဉ်၊ မောဟနှင့်ယှဉ်သောဥပေက္ခာဖြစ်သည့် 'ဂေဟသိတ-အညာဏုပေက္ခာ'သည် အပြစ်နှင့် ဂုဏ်ကျေးဇူးတို့ကို အထူးမစိစစ်၊ မဆင်ခြင်သည့်အလိုအားဖြင့် ဥပေက္ခာဗြဟ္မဝိဟာရနှင့် သဘောတူခြင်းကြောင့် ဥပေက္ခာဗြဟ္မဝိဟာရ၏အနီးကပ်ရန်သူဖြစ်ပါသည်။*

*လွှစ်လျူရှုခြင်း- ဥပေက္ခာဗြဟ္မဝိဟာရနှင့် သဘောမတူသည့်အဖို့ရှိသော တပ်မက်မှု-ရာဂနှင့် ထိခိုက်တိုက်ခိုက်မှု-ဒေါသတို့သည် ဥပေက္ခာဗြဟ္မဝိဟာရ၏ အဝေးရန်သူများဖြစ်ကြ၏။*

၂၆။ မေတ္တာဘာဝနာပွားများလိုသောသူသည် ဆိတ်ငြိမ်သောနေရာ၌ ချမ်းသာစွာ နေထိုင်ပြီး ရှေးဦးအစပထမဦးဆုံး အဘယ်အဘယ်ကို ဆင်ခြင်စဉ်းစားရမည်ကိုဖော်ပြပြီးလျှင်၊ ခွတ်သဘောကို ခွဲခြားစိတ်ဖြာခြင်းငှာ မတတ်နိုင်သောသူသည် အစီအစဉ်အရ ဒေါသအာယာတငြိမ်းရန် အဘယ်သို့ဆက်လက်ပြုရမည်ကိုလည်း ဖော်ပြပါ။ *(၂၀၀၀၊ စမန ၂၉-၃၀၊ ၄၃)*

**အဖြေ** - *မေတ္တာဘာဝနာပွားများလိုသူသည် ရှေးဦးအစ ပထမဦးဆုံး အမျက်ဒေါသထွက်ခြင်း၏အပြစ်ကိုလည်းကောင်း၊ သည်းခံခြင်း၏အကျိုးအာနိသင်ကိုလည်းကောင်း ဆင်ခြင်စဉ်းစားရပါမည်။*

*(နံပါတ် ၁၈ (က) အတိုင်း ဆက်ဖြေပါ)*

*ခွတ်သဘောကို ခွဲခြားစိတ်ဖြာခြင်းငှာမတတ်နိုင်သောသူသည် ဒေါသအာယာတငြိမ်းရန် ပေးကမ်းဝေဖန်ခြင်းကိုပြုအပ်၏။*

*(နံပါတ် ၂၄ (ခ)အတိုင်း ဆက်ဖြေပါ)*

၂၇။ ဆင်းရဲမွဲတေဒုက္ခိတဖြစ်နေကြသော မိတ်ဆွေတို့နှင့် တိုက်တိုက်ဆိုင်ဆိုင်ကြုံတွေ့ဆုံစည်းမိပါက ထိုမိတ်ဆွေတို့အပေါ်၌ အဘယ်သို့ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားရမည်ကို ဖြေဆိုပါ။ *(၂၀၀၀၊ စမန၊ ၅၇၊ ၅၈)*

**အဖြေ** - ဆင်းရဲမွဲတေ ဒုက္ခိတဖြစ်နေကြသော မိတ်ဆွေတို့ကို ဆုံတွေ့ပါက ထိုမိတ်ဆွေတို့ **အပေါ်၌ မုဒိတာပွားပုံမှာ** - လွန်လေပြီးသောရှေးကာလ၌ ထိုမိတ်ဆွေတို့၏ ချမ်းသာပျော်ရွှင်မှုနှင့်ပြည့်စုံသည့်အဖြစ်ကို အောက်မေ့ဆင်ခြင်၍ "ဤသူတို့သည် လွန်ခဲ့သောရှေးကာလ၌ ဤသို့များသောစည်းစိမ်ရှိခဲ့သည်၊ များသောအခြွေအရံရှိခဲ့သည်ဖြစ်၍ အမြဲလျှင် ဝမ်းမြောက်ဝမ်းသာရှိခဲ့လေပြီ"ဟု ထိုသူတို့၏ ဝမ်းမြောက်ခဲ့ပုံအခြင်းအရာကိုယူ၍ မုဒိတာကို ပွားအပ်၏။

ထို့အပြင် "နောင်အနာဂတ်ကာလ၌ ထိုစည်းစိမ်များကို တစ်ဖန်ရ၍ ဆင်ကျောက်ကုန်း၊ မြင်းကျောက်ကုန်း၊ ရွှေထမ်းစင်တို့ဖြင့် လှည့်လည်ရပေလိမ့်မည်"ဟု နောင်အခါဖြစ်မည့် ထိုမိတ်ဆွေတို့၏ဝမ်းမြောက်ဖွယ် အခြင်းအရာကို ယူ၍လည်း မုဒိတာကို ပွားအပ်၏။

**၂၈။ ဗြဟ္မဝိဟာရတရားလေးပါးတို့တွင် အဘယ်တရားသည် အဘယ်အညစ်အကြေး ရစ်ထွေးသသူစင်ဖြူစေရန် နည်းမှန်လမ်းကောင်း အကြောင်းတစ်ရပ်ဖြစ်သည်ကို ဖြေဆိုပါ။** (၂၀၀၀၊ စမန ၆၄)

**အဖြေ** - မေတ္တာသည် ဗျာပါဒအညစ်အကြေးရစ်ထွေးသူ၏ စင်ဖြူစေကြောင်းနည်းမှန်လမ်းကောင်းဖြစ်၏။

ကရုဏာသည် ဝိဟိံသအညစ်အကြေးရစ်ထွေးသူ၏ စင်ဖြူစေကြောင်း နည်းမှန်လမ်းကောင်းဖြစ်၏။

မုဒိတာသည် အရတိအညစ်အကြေးရစ်ထွေးသူ၏ စင်ဖြူစေကြောင်း နည်းမှန်လမ်းကောင်းဖြစ်၏။

ဥပေက္ခာသည် ရာဂအညစ်အကြေးရစ်ထွေးသူ၏ စင်ဖြူစေကြောင်း နည်းမှန်လမ်းကောင်းဖြစ်၏။

**၂၉။ ပိုင်းခြားကန့်သတ်၍မေတ္တာပို့ခြင်းနှင့် ပိုင်းခြားကန့်သတ်မှုမရှိဘဲမေတ္တာပို့ခြင်းတို့ကို နမူနာတစ်ခုစီထုတ်ပြဖြေဆိုပြီးလျှင်၊ မေတ္တာဖြင့်နေသောသူသည် သေသောအခါ အဘယ်သို့သေရသည်၊ အဘယ်မှာဖြစ်ရသည်တို့ကို ဖြေဆိုပါ။** (၂၀၀၀၊ စမန ၄၇၊ ၄၈၊ ၅၂)

**အဖြေ** - (က) ပိုင်းခြားကန့်သတ်၍ မေတ္တာပို့ခြင်း (ဩဓိသမေတ္တာ)နမူနာတစ်ခုမှာ

သဗ္ဗာ ဣတ္ထိယော — အလုံးစုံသောမိန်းမအပေါင်းတို့သည်
အဝေရာ ဟောန္တု — ဘေးရန်ကင်းကြပါစေ၊
အဗျာပဇ္ဈာ ဟောန္တု — စိတ်ဆင်းရဲခြင်းကင်းကြပါစေ၊
အနီဃာ ဟောန္တု — ကိုယ်ဆင်းရဲကင်းကြပါစေ၊
သုခီ အတ္တာနံ ပရိဟရန္တု — ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။

*(ခ) ပိုင်းခြားကန့်သတ်မှုမရှိဘဲ မေတ္တာပို့ခြင်း(အနောဓိသမေတ္တာ)နမူနာတစ်ခုမှာ*

*သဗ္ဗေ သတ္တာ — အလုံးစုံသော သတ္တဝါအပေါင်းတို့သည်*
*အဝေရာ ဟောန္တု — ဘေးရန်ကင်းကြပါစေ၊*
*အဗျာပဇ္ဇာ ဟောန္တု — စိတ်ဆင်းရဲခြင်းကင်းကြပါစေ၊*
*အနီဃာ ဟောန္တု — ကိုယ်ဆင်းရဲခြင်းကင်းကြပါစေ၊*
*သုခီ အတ္တာနံ ပရိဟရန္တု — ချမ်းသာစွာမိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေ။*

*(ဂ) မေတ္တာဖြင့်နေသောသူသည် တွေဝေလျက်သေရခြင်းမည်သည်မရှိ အိပ်ပျော်သွားသကဲ့သို့ မတွေမဝေဘဲသေရ၏။ သေပြီးနောက် အိပ်သောယောက်ျားနိုးသောလားသို့ ဗြဟ္မာ့ဘုံလောက၌ ဖြစ်ရ၏။*

**၃၀။ အဘယ်သည် ဝိညာဏဉ္စာယတနစျာန်၏မှီရာဥပနိဿယဖြစ်သည်ကို အကြောင်းယုတ္တိသွင်း၍ ရှင်းလင်းဖော်ပြပါ။** *(၂၀၀၁၊ စမန ၆၈)*

***အဖြေ*** *— မုဒိတာဗြဟ္မဝိဟာရသည် ဝိညာဏဉ္စာယတနစျာန်၏ မှီရာဥပနိဿယဖြစ်ပါ သည်။ အကြောင်းမှာ- မုဒိတာဖြင့်နေလေ့ရှိသောပုဂ္ဂိုလ်အား စည်းစိမ်ဥစ္စာပြည့်စုံသဖြင့် ဝမ်းမြောက်နေကြသောသတ္တဝါတို့၏စိတ်(ဝိညာဏ်)ကို ရှုဆင်ခြင်လျက် ဝမ်းမြောက်ခြင်း - မုဒိတာဖြစ်ခြင်းကြောင့် ဝိညာဏ်ကိုယူခြင်း၌ အလေ့အကျင့်များသောစိတ်ဖြစ်၏။ ဘာဝနာအစဉ်ဖြင့်ရပြီးသော အာကာသာနဉ္စာယတနစျာန်ကိုကျော်လွန်၍ ကောင်းကင်ပညတ်လျှင်အာရုံရှိသည့် အာကာသာနဉ္စာယတနဝိညာဏ်၌ စိတ်ကိုဆောင်ပို့လျှင် ထိုပုဂ္ဂိုလ်၏စိတ်သည် ၎င်းဝိညာဏ်၌ မဆင်းရဲမခက်ခဲဘဲ ချမ်းသာလွယ်ကူစွာ ပြေးဝင်နိုင်၏။ ထို့ကြောင့် မုဒိတာသည် ဝိညာဏဉ္စာယတနစျာန်၏ ဥပနိဿယဖြစ်ပါသည်။*

**၃၁။ လိင်မတူသူကို အဘယ်သို့အဘယ်ပုံ မေတ္တာမပို့သင့်သည်၊ ပို့ပါက အဘယ်အပြစ်ဖြစ်တတ်သည်ကို ဖော်ပြပြီးလျှင်၊ အပ္ပနာစျာန်အဆင့်ရောက်အောင် မေတ္တာဘာဝနာပွားများသောသူ၌ချမ်းသာစွာအိပ်စက်ရခြင်းအကျိုးရှိပုံကို ဥပမာနှင့်တကွ ဝိသုဒ္ဓိမဂ်အတိုင်း ပြည့်စုံစွာဖော်ပြပါ။**

*(၂၀၀၂၊ စမန ၃၁၊ ၈၅-၈၆)*

***အဖြေ*** *- လိင်မတူသူကို ထိုသူတစ်ဦးတည်းကိုသာလျှင် အာရုံပြု၍ သီးသန့်ပိုင်းခြား၍ မေတ္တာမပို့သင့်ပါ၊ ယင်းသို့မေတ္တာပို့ပါက မေတ္တာပွားပို့သူ၌ တပ်မက်စွဲလမ်းမှု-ရာဂဖြစ်တတ်၏ အမတ်တစ်ဦး၏သားသည် မိမိ၏ချစ်ဇနီးကို မေတ္တာပွားပို့ရာ ရာဂဖြစ်ပေါ်သဖြင့် မိမိအခန်းမှ ဇနီးရှိရာအခန်းသို့ သွားလို၏။ ထို့ကြောင့်နံရံနှင့် ဦးခေါင်းတိုးဝှေ့တိုက်ခိုက်လျက် တစ်ညဥ့်လုံးစစ်ထိုးရပေ၏။*

***အပ္ပနာစျာန်အဆင့်သို့ရောက်အောင် မေတ္တာဘာဝနာပွားများသောသူ၌ချမ်း***

***သာစွာအိပ်စက်ရခြင်း*** *အကျိုးရှိပုံမှာ မေတ္တာစေတောဝိမုတ္တိ(မေတ္တာဈာန်)ကို မပွားများနိုင်သူတို့သည် တပြောင်းပြန်ပြန်လူးလိမ့်၍ တရှူးရှူးဟောက်သံဖြင့်ဆင်းရဲစွာအိပ်စက်ကြရ၏။ မေတ္တာဈာန်ဖြင့် မေတ္တာပွားသူသည် ထိုသို့ ဆင်းရဲစွာမအိပ်ရဘဲ ချမ်းသာစွာအိပ်ရ၏၊ အိပ်ပျော်နေသောအခါ၌လည်း ဈာန်သမာပတ် ဝင်စားနေသကဲ့သို့ ချမ်းသာ၏။*

**၃၂။ ဖြဟ္မဝိဟာရတရားပွားများသောသူတို့ ဖြဟ္မာနှင့် အလူးတူစွာ နေကြရပုံကို ဖြေဆိုပါ။** *(၂၀၀၂၊ စမန ၆၅)*

***အဖြေ - ဖြဟ္မဝိဟာရတရားပွားများသောသူတို့ဖြဟ္မာနှင့်အလားတူစွာနေကြရပုံမှာ-*** *မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့သည် မြတ်သောအနက်သဘောကြောင့်လည်းကောင်း၊ အပြစ်ဒေါသမရှိသည့်အဖြစ်ကြောင့်လည်းကောင်း ဖြဟ္မဝိဟာရတရားများဟု မည်တွင်၏။*

*ဖြဟ္မဝိဟာရတရားပွားများသောသူတို့သည် သတ္တဝါတို့အပေါ်၌ အကျိုးစီးပွားလိုလား၍ မှန်ကန်ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ခြင်းဖြစ်သဖြင့် အထူးမြင့်မြတ်၏။ ထို့အပြင် ဖြဟ္မာတို့သည် နီဝရဏစသည့်အပြစ်များ ကင်းစင်သည့်စိတ်ဖြင့် နေထိုင်ကြသကဲ့သို့ ဖြဟ္မဝိဟာရတရားပွားများသူတို့သည်လည်း ဗျာပါဒ၊ ဝိဟိံသ၊ အရတိ၊ ရာဂစသည့် အပြစ်များကင်းစင်လျက် နေထိုင်ကြ၏၊ ဖြဟ္မဝိဟာရတရားကို အပ္ပနာဈာန်တိုင်အောင် ပွားများနိုင်သောအခါ၌ ဖြဟ္မာကဲ့သို့ပင် နီဝရဏစသည့်အပြစ်များကင်းစင်သည့်စိတ်ဖြင့် နေထိုင်ကြရ၏ ထို့ကြောင့် ဖြဟ္မာတို့နှင့် အလားတူစွာ နေထိုင်ကြရပါသည်။*

**၃၃။ ကွယ်လွန်ပြီးသောပုဂ္ဂိုလ်တို့၌ အဘယ့်ကြောင့် မေတ္တာဘာဝနာမပွားစေသင့်သည်ကို ဝိသုဒ္ဓိမဂ်လာ ဝတ္ထုဇာတ်လမ်းတစ်ခု သက်သေပြုကာ ဖြေဆိုပြီးလျှင်၊ "ငါကျန်းမာပါစေ ချမ်းသာပါစေ"ဟု အနှစ်တစ်ရာတိုင် မေတ္တာပို့ခြင်းဖြင့် အကျိုးသက်ရောက်မှု တစ်စုံတစ်ခုမျှမရှိပါဘဲလျက် အဘယ်အကျိုးငှာ မိမိကိုယ်ကို မိမိမေတ္တာပို့ရပါသနည်း။ အသင့်ယုတ္တိပြည့်စုံအောင် ဖော်ပြဖြေဆိုပါ။** *(၂၀၀၃၊ စမန ၃၁၊ ၃၂၊ ၃၃)*

***အဖြေ*** *- ကွယ်လွန်ပြီးသောပုဂ္ဂိုလ်တို့၌ မေတ္တာပွားပို့လျှင် ဈာန်အပ္ပနာသို့လည်းမရောက် ဥပစာရသမာဓိသို့သော်လည်း မရောက်ပါ။ ရဟန်းငယ်တစ်ပါးသည် မိမိ၏ဆရာကို အာရုံပြု၍ မေတ္တာပွားရာ မေတ္တာမဖြစ်ဘဲရှိ၏။ မထေရ်ကြီးတစ်ပါးထံသွားပြီး"အရှင်ဘုရား၊ တပည့်တော်သည် မေတ္တာဈာန်သမာပတ်ကို အဝါးဝအောင်လေ့ကျင့်ထားပါ၏၊ သို့သော် ယခု ဆရာကို မေတ္တာပွားရာ ဥပစာရသမာဓိမျှမဖြစ်ပါ"ဟု လျှောက်ထား၏။*

*မထေရ်ကြီးက "အာရုံပြုသူကို ရှာကြည့်ပါဦး"ဟု မိန့်ဆို၏။ ရှာကြည့်သည့်အခါ*

ဆရာကွယ်လွန်ကြောင်းသိရ၏။ ရဟန်းငယ်သည် အခြားပုဂ္ဂိုလ်ကိုပြောင်း၍မေတ္တာ ပွားပို့ရာ ဈာန်သမာပတ်သို့ရောက်လေ၏။ ထို့ကြောင့် သေဆုံးပြီးသူကို မည်သည့်အခါမျှ မေတ္တာမပွားအပ်ပါ။

**အဘယ်အကျိုးငှာ မိမိကိုယ် မိမိမေတ္တာပို့ရသည်ကို အသင့်ယုတ္တိပြည့်စုံအောင် ဖော်ပြရသော်**-"ငါသည်ကျန်းမာပါစေ ချမ်းသာပါစေ"ဟု အနှစ်တစ်ရာတိတိ မေတ္တာပို့ခြင်းဖြင့် အကျိုးသက်ရောက်မှု တစ်စုံတစ်ခုမျှမရှိသော်လည်း မိမိကိုယ်ကို မိမိမေတ္တာပို့ခြင်းဖြင့် "ငါသည်ချမ်းသာလို၏၊ ဆင်းရဲကိုစက်ဆုပ်၏၊ အသက်ရှည်လို၏၊ သေခြင်းကိုအလိုမရှိပါ၊ ထို့အတူ ငါမှတစ်ပါးသောအခြားသတ္တဝါတို့လည်း ဤအတူပင်"ဟု မိမိကိုယ်ကို သက်သေပြု၍ (ဝါ) ကိုယ်ချင်းစာနာ၍ အခြားသောသတ္တဝါတို့၏စီးပွားချမ်းသာကို လိုလားခြင်းသည် ဖြစ်ပေါ်လာ၏။ ဤအကျိုးငှာ မိမိကိုယ်ကို မိမိမေတ္တာပို့ရခြင်း ဖြစ်သည်။

မြတ်စွာဘုရားသည်လည်း "အလုံးစုံသော အရပ်မျက်နှာများသို့ စိတ်ဖြင့်လှည့်လည်၍ ရှာဖွေကြည့်သော်လည်း မိမိကိုယ်ထက်သာ၍ ချစ်အပ်သောသူကို မမြင်တွေ့လေရာ၊ မိမိမှတစ်ပါးသော အခြားသူတို့သည်လည်း သူတို့၏ ကိုယ်အသီးသီးကို ဤအတူပင် ချစ်အပ်ပေ၏။ ထို့ကြောင့် မိမိ၏စီးပွားချမ်းသာကို အလိုရှိသောသူသည် သူတစ်ပါးကို မညှဉ်းဆဲရာ"ဟူ၍ ဟောတော်မူလျက် မိမိကိုယ်ကို သက်သေပြု၍ မေတ္တာပွားသောနည်းကို ပြတော်မူပေ၏။ ထို့ကြောင့် မိမိကိုယ်ကို ရှေးဦးစွာ မိမိမေတ္တာပို့အပ်၏။

**၃၄။ အဘယ်ပုဂ္ဂိုလ်၌ ဦးစွာပထမ မုဒိတာပွားရမည်ကို ဝိသုဒ္ဓိမဂ်ကျမ်းလာယုတ္တိဖြင့် ထိမိအောင်ဖြေဆိုပါ။** (၂၀၀၃၊ စမန ၅၇၊ ၅၈)

**အဖြေ** - အလွန်ချစ်အပ်သော အတိပ္ပိယအပေါင်းအဖော် - သောဏ္ဍသဟာယသည် မုဒိတာ၏နီးသောအကြောင်း ပဒဋ္ဌာန်ဖြစ်၏။ ထိုအလွန်ချစ်အပ်သော နှလုံးကိုပွားစေတတ်သော အပေါင်းအဖော် သူငယ်ချင်းသည် ကြည်လင်ချမ်းမြေ့သည့်အဖြစ်ကြောင့် အလွန်ဝမ်းမြောက်တတ်၏၊ ရှေးဦးစွာပြုံးရယ်ပြီးမှ စကားပြောတတ်၏။ ထို့ကြောင့် ထိုအလွန်ချစ်အပ်သော အပေါင်းအဖော်ကိုသော်လည်း ရှေးဦးစွာ မုဒိတာပွားအပ်၏။

သို့မဟုတ် ချစ်အပ်သော ပိယပုဂ္ဂိုလ်သည် ချမ်းသာနှင့်ပြည့်စုံလျက် ကောင်းစွာဝတ်စားဆင်ယင်ကာ ဝမ်းမြောက်နေသည်ကို ကိုယ်တိုင်မြင်တွေ့၍သော်လည်းကောင်း၊ တစ်ဆင့်စကားကြား၍သော်လည်းကောင်း "ဤပုဂ္ဂိုလ်သည် ချမ်းသာရိပ်ငြိမ် စည်းစိမ်ခံစား၍ ဝမ်းမြောက်ရပေစွတကား၊ သြော်. . ကောင်းပါပေစွ၊ကောင်းပါပေစွ"ဟု ဝမ်းမြောက်ခြင်း မုဒိတာကို ဖြစ်စေအပ်၏။ ထိုပုဂ္ဂိုလ်ကိုရှေးဦးစွာ မေတ္တာပွားအပ်၏။

**၃၅။ ကိုယ်နှုတ်စိတ် အကျင့်သုံးမျိုးလုံးမငြိမ်းချမ်းသူနှင့် သုံးမျိုးလုံးငြိမ်းချမ်းသူတို့အပေါ်၌ ဒေါသအာဃာတပယ်ဖျောက်ပုံတို့ကို အသီးသီးခွဲခြားဖော်ပြပြီးလျှင် မေတ္တာစသောတရားလေးပါးတို့ကို ဘာကြောင့်ဗြဟ္မဝိဟာရခေါ်သည်ကို ဥပမာပြ၍ ဖြေဆိုပါ။** *(၂၀၀၄၊ စမန ၃၆၊ ၃၇၊ ၆၅)*

**အဖြေ** - *ကိုယ်နှုတ်စိတ် အကျင့်သုံးမျိုးလုံး မငြိမ်းချမ်းသူတို့အပေါ်၌ "ဤသူတို့သည် ယခုသာလျှင် လူ့လောက၌ ကျက်စား၊ သွားလာ၊ ကျင်လည်ကြရ၏၊ စင်စစ်သော်ကား နှစ်ရက်သုံးရက်လွန်သောကာလဝယ် ငရဲကြီးရှစ်ထပ်၊ ဥဿဒ္ဒငရဲငယ် ၁၆ ရပ်သို့ကျရောက်ပြီး အကြီးအကျယ် ဆင်းရဲကြလိမ့်မည်"ဟု ဆင်ခြင်ကာ သနားကြင် နာခြင်း-ကရုဏာကိုဖြစ်စေအပ်၏။ ကရုဏာဖြစ်ခြင်းကိုအကြောင်းပြု၍ ဒေါသ, အာဃာတ ပပျောက်နိုင်ပါသည်။*

***ကိုယ်နှုတ်စိတ် အကျင့်သုံးမျိုးငြိမ်းချမ်းသူတို့အပေါ်၌*** *"ဤသူတို့ကားကိုယ်နှုတ်စိတ်သုံးပါးလုံး ငြိမ်းချမ်းကောင်းမွန်ကြ၏၊ ကောင်းလှပါပေစွ"ဟုဆင်ခြင်၍ ထိုအကျင့်သုံးမျိုးအနက် မိမိအလိုရှိရာအကျင့်တရားကို အဖန်တလဲလဲအောက်မေ့ ဆင်ခြင်ခြင်းဖြင့် ဒေါသ၊ အာဃာတကို ပယ်ဖျောက်နိုင်ပါသည်။*

***မေတ္တာစသောတရားလေးပါးကို ဗြဟ္မဝိဟာရဟုခေါ်တွင်ပုံ***

*မြတ်သောအနက်သဘောကြောင့်လည်းကောင်း အပြစ်ဒေါသကင်းသည့်အဖြစ်ကြောင့်လည်းကောင်း၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားလေးပါးကို 'ဗြဟ္မဝိဟာရ'ဟု ခေါ်တွင်၏။*

*ဥပမာပြရလျှင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့နှင့်နေခြင်း(ဝိဟာရ) သည် သတ္တဝါတို့အပေါ်၌ မှန်ကန်ကောင်းမွန်သောအကျင့်ဖြစ်သောကြောင့် အထူးမြင့်မြတ်၏။ ထို့အပြင် ဗြဟ္မာတို့သည် နီဝရဏစသည့် အပြစ်ကင်းသောစိတ်ဖြင့် နေထိုင်ကြသကဲ့သို့ ထို့အတူ မေတ္တာစေတောဝိမုတ္တိ၊ ကရုဏာစေတောဝိမုတ္တိစသည်ကိုပွားများနေသော ပုဂ္ဂိုလ်တို့သည်လည်း နီဝရဏစသည့်အပြစ်ကင်းစင်သောစိတ်ဖြင့် နေထိုင်ကြကုန်၏။ ဤသို့လျှင် မြတ်သောအနက်သဘောနှင့် အပြစ်ကင်းသည်၏အဖြစ်တို့ကြောင့် မေတ္တာစသောတရားလေးပါးကို 'ဗြဟ္မဝိဟာရ'ဟု ခေါ်တွင်ခြင်းဖြစ်ပါသည်။*

**၃၆။ အတိတ်ဘဝ ရန်ငြှိုးရှိသူ ရန်သူကိုပင် တစ်ခဏချင်းရန်ပြေငြိမ်းစေနိုင်သောနည်းလမ်းကောင်းကို ဖော်ပြ၍ အဘယ်ပုဂ္ဂိုလ်ကို အဘယ်ပုံအဘယ်နည်းဖြင့် ဦးစွာပထမ ကရုဏာဘာဝနာပွားရမည်ကို အဘိဓမ္မာဝိဘင်းကျမ်းလာစကားနှင့် လျော်ညီအောင် ဖြေဆိုပါ။** *(၂၀၀၅၊ စမန ၄၃၊ ၅၃)*

**အဖြေ - *အတိတ်ဘဝရန်ငြှိုးရှိသူ ရန်သူကိုပင် တစ်ခဏချင်းရန်ပြေငြိမ်းစေနိုင်သောနည်းလမ်းကောင်းမှာ*** *- ပေးကမ်းလှူဒါန်းသည့်နည်းဖြစ်ပါသည်။ မိမိ၏*

ပစ္စည်းကို ရန်သူအား ပေးအပ်၏၊ ရန်သူ၏ပစ္စည်းကို မိမိကလက်ခံယူအပ်၏၊ အကယ်၍ ရန်သူဖြစ်သူသည် သီလပျက်ပြားနေသည့် ဒုဿီလပုဂ္ဂိုလ်ဖြစ်၍သူ့ပစ္စည်းကို မသုံးဆောင်ထိုက်လျှင် မိမိဉစ္စာကိုသာ ပေးအပ်၏။ ဤသို့ရန်သူနှင့်ပစ္စည်းအပေးအယူလုပ်လျှင် ထိုရန်သူ၌ ထိုယောဂီ၏အမျက်ဒေါသသည် ကေန်ပင်ငြိမ်း၏။ ထိုရန်သူ၌လည်း အတိတ်ဘဝမှစ၍ အစဉ်တစိုက်လိုက်ပါလာသော အမျက်ဒေါသသည်ပင် တစ်ခဏချင်းပြေငြိမ်း၏။

***ဦးစွာပထမ ကရုဏာဘာဝနာပွားအပ်ပုံ***

*"ရဟန်းသည် အဘယ်သို့လျှင် ကရုဏာနှင့်တကွဖြစ်သောစိတ်ဖြင့် တစ်ခုသောအရပ်ကို ပြန့်နှံ့၍နေသနည်း၊ ဥပမာသော်ကား စည်းစိမ်ဉစ္စာပျက်စီးသဖြင့်ဆင်းရဲမွဲတေ၍ ဒုက္ခရောက်နေသော မကောင်းမှုဒုစရိုက်တို့နှင့် ပြည့်စုံသောပုဂ္ဂိုလ်ကိုမြင်လျှင် သနားကရုဏာဖြစ်ထိုက်သကဲ့သို့ ထို့အတူ ခပ်သိမ်းသော သတ္တဝါတို့ကို ကရုဏာဖြန့်အပ်၏"ဟု အဘိဓမ္မာဝိဘင်းကျမ်းလာစကားနှင့်လျော်ညီရန် ရှေးဦးစွာ သနားစရာကောင်းသော ရုပ်ဖောက်ပြန်၍ ဆင်းရဲဒုက္ခရောက်သော မကောင်းမှုဒုစရိုက်ပြုကျင့်လေ့ရှိသော အစာအာဟာရပြတ်ကာ ခွက်ကိုရှေ့မှာထားလျက် ကိုးကွယ်ရာမဲ့သူတို့၏ဇရပ်၌နေသော နူနာစွဲကပ်သည့်ခြေလက်တို့မှ ပိုးလောက်များကျ၍ ညည်းတွားနေသောပုဂ္ဂိုလ်မျိုးကို ကရုဏာပွားသင့်၏ - "ဤသတ္တဝါသည် အလွန်ဆင်းရဲပင်ပန်းခြင်းသို့ရောက်နေလေပြီး ဤဆင်းရဲဒုက္ခမှ လွတ်မြောက်ပါမူ ကောင်းလေစွ"ဟု သနားခြင်းကရုဏာကိုဖြစ်စေလျက် ကရုဏာပွားအပ်၏။*

**၃၇။ မုဒိတာပြဟ္မဝိဟာရတရား၏ (က)အများဆိုင်အကျိုး (ခ) သီးသန့်အကျိုးတို့ကို ဖော်ပြ၍၊ ပြဟ္မဝိဟာရလေးပါးတို့တွင် ရှေးတရားသုံးပါး၏ သောမနဿဝေဒနာနှင့်သာယှဉ်ရခြင်းအကြောင်း၊ နောက်ဆုံးတရား၏ ပဉ္စမဈာန်တစ်ခုတည်း၌သာ ယှဉ်ရခြင်းအကြောင်းတို့ကို ဖြေဆိုပါ။** *(၂၀၀၅၊ စမန ၆၄၊ ၆၇)*

*အဖြေ - နံပါတ် ၂၀ ဒုတိယပိုင်းတွင် (က) ပြဟ္မဝိဟာရလေးပါးတို့၏ ဘုံဆိုင်(အများဆိုင်) အကျိုးနှင့် (ခ) သီးခြား(သီးသန့်)အကျိုးတို့ကိုဖော်ပြထားသည်။*

*နံပါတ် ၁၉ ၌ ရှေ့ပြဟ္မဝိဟာရသုံးပါးတို့ သောမနဿဝေဒနာနှင့်သာ ယှဉ်ခြင်းကို ဖြေပြထား၏။*

***နောက်ဆုံးပြဟ္မဝိဟာရတရား၏ ပဉ္စမဈာန်တစ်ခုတည်း၌သာ ယှဉ်ရခြင်းအကြောင်းမှာ*** *ဥပေက္ခာပြဟ္မဝိဟာရသည် ဥပေက္ခာဝေဒနာနှင့် အမြဲယှဉ်ခြင်းကြောင့်ဖြစ်၏။ မှန်၏ - သတ္တဝါတို့၌ အလယ်အလတ်သဘော လျစ်လျူရှုသည့် အခြင်းအရာအားဖြင့်ဖြစ်သော ဥပေက္ခာပြဟ္မဝိဟာရသည် ဥပေက္ခာဝေဒနာနှင့်ကင်း၍ မဖြစ်နိုင်ပေ။ ရူပါဝစရဈာန် ၅-ပါးတွင် ပဉ္စမဈာန်တစ်ခုတည်းသာဥပေက္ခာနှင့်ယှဉ်၏။ ထို့ကြောင့် ပြဟ္မဝိဟာရဥပေက္ခာသည် ပဉ္စမဈာန်တစ်ခုတည်း၌ ယှဉ်ခြင်း*

ဖြစ်ပါသည်။

၃၈။ မိမိတို့မေတ္တာပွားများ ကြရာ၌ ရှေးဦးစွာထား၍ မပွားများသင့်သောပုဂ္ဂိုလ်၊ သီးခြားမပွားများသင့်သောပုဂ္ဂိုလ်၊ လုံးဝမပွားများသင့်သောပုဂ္ဂိုလ်တို့ကို သိသာရုံမျှဖော်ပြ၍ ထိုသို့မေတ္တာပို့သမှုကြောင့် ရရှိနိုင်သော အကျိုးအာနိသင်တို့ကိုလည်း ဖော်ပြပါ။ (၂၀၀၆၊ စမန ၃၀၊ ၄၉-၅၂)

**အဖြေ** - *ရှေးဦးစွာထား၍ မေတ္တာမပွားများသင့်သော ပုဂ္ဂိုလ် ၄-ဦးမှာ*

(၁) မချစ်မနှစ်သက်အပ်သော အပ္ပိယပုဂ္ဂိုလ်

(၂) အလွန်ချစ်ခင်အပ်သော အတိပ္ပိယပုဂ္ဂိုလ်

(၃) မချစ်၊ မမုန်း၊ အလယ်အလတ် မဇ္ဈတ္တပုဂ္ဂိုလ်

(၄) ရန်သူဖြစ်သော ဝေရီပုဂ္ဂိုလ်တို့ဖြစ်သည်။

*သီးခြားမေတ္တာမပွားများသင့်သော ပုဂ္ဂိုလ် ၁-ဦးမှာ*

(၅) လိင်အသွင်မတူသောပုဂ္ဂိုလ် (လိင်္ဂဝိသဘာဂပုဂ္ဂိုလ်)ဖြစ်၏။

*လုံးဝမေတ္တာမပွားအပ်သောပုဂ္ဂိုလ်မှာ*

(၆) သေဆုံးပြီးသောပုဂ္ဂိုလ် (ကာလကတပုဂ္ဂိုလ်)ဖြစ်၏။

*မေတ္တာပို့သမှုကြောင့်ရနိုင်သော အကျိုးအာနိသင် (၁၁)ပါးရှိ၏။*

(၁) ချမ်းသာစွာအိပ်ရ၏၊ (၂) ချမ်းသာစွာနိုးရ၏၊

(၃) ယုတ်ညံ့သောအိပ်မက်ဆိုးကို မမြင်မက်ရ (၄) လူတို့ကချစ်၏၊

(၅) နတ်တို့ကချစ်၏၊ (၆) နတ်တို့ကစောင့်ရှောက်ကြ၏၊

(၇) မေတ္တာပွားသူ၌ မီး၊ အဆိပ်၊ လက်နက်တို့ မကျရောက်နိုင်၊

(၈) လျင်မြန်စွာ စိတ်တည်ကြည်၏၊ (၉) မျက်နှာအဆင်း ကြည်လင်၏၊

(၁၀) မတွေမဝေသေရ၏၊ (၁၁) ဗြဟ္မာ့ဘုံလောက၌ ဖြစ်ရ၏။

၃၉။ မိမိကို ရန်တို့မှုလာသောသူအား ပြန်လည်၍ ရန်တုန့်ပြန်သူ၊ ထိုရန်တုန့်လာမှုကိုငြိမ်းအေးအောင်ပြုလုပ်သူတို့၏ ဖြစ်ပေါ်လာသော ထူးခြားချက်တို့ကို အများနမူနာယူလောက်အောင်တင်ပြခဲ့ပါ။ (၂၀၀၆၊ စမန ၃၄)

**အဖြေ** - *မိမိကို ရန်တုန့်မှုလာသောသူအား ပြန်လည်၍ ရန်တုန့်ပြန်သူသည်ရှေးဦး ရန်တုန့်မှုလာသူထက်ပင်သာ၍ ယုတ်မာသူဖြစ်လေ၏။*

*မိမိကို ရန်တုန့်မှုလာသောသူအား ရန်မတုန့်ပြန်သူသည် အောင်နိုင်ခဲသော စစ်ပွဲကို အောင်နိုင်သူမည်ပေ၏။*

*မိမိကို ရန်တုန့်မှုလာသောအခါ မိမိသည်ထိုရန်သူကို ပြင်းစွာအမျက်ထွက်ကြောင်းသိပြီးလျှင် သတိပြု၍ အမျက်မထွက်ဘဲ ငြိမ်းချမ်းစွာနေ၏။*

*ထိုရန်တုန့်လာမှုကို ငြိမ်းအေးအောင်ပြုလုပ်သူသည် မိမိနှင့်သူတစ်ပါးနှစ်ဦးသားလုံးတို့၏အကျိုးကို ကျင့်သည်မည်ပေ၏။*

*မြတ်စွာဘုရားဟောကြားထားသောဒေသနာမှာ - "အကြင်သူသည် အမျက်ထွက်သောသူကို တုန့်ပြန်၍ အမျက်ထွက်၏၊ ထိုသူသည် အမျက်ထွက်နေသော သူထက် ပင်သာ၍ယုတ်မာသူဖြစ်လေ၏။ အမျက်ထွက်သောသူကို တုန့်ပြန်၍အမျက်မထွက်ဘဲ သည်းခံနိုင်သောသူသည် အောင်နိုင်ခဲသောစစ်ပွဲကို အောင်နိုင်သူမည်ပေ၏။"*

*"အကြင်သူသည် သူတစ်ပါးကို ပြင်းစွာအမျက်ထွက်နေကြောင်းသိပြီးလျှင်သတိပြုလျက် အမျက်မထွက်ဘဲ ငြိမ်းချမ်းစွာနေ၏၊ ထိုသူသည် မိမိနှင့်သူတစ်ပါးနှစ်ဦးသားလုံးတို့၏အကျိုးကို ကျင့်သည်မည်ပေ၏"ဟူ၍ဖြစ်သည်။*

**၄၀။ ဗြဟ္မဝိဟာရတရား (၄)ပါးတို့၏ အနီးကပ်ရန်သူ၊ ဝေးသောရန်သူဖြစ်သော တရားတို့ကို အသီးသီးသိသာရုံမျှ တွဲစပ်ဖော်ပြ၍ . . . . (ပုဒ်ဝက်မေး၏)**

*(၂၀၀၆၊ စမန ၆၀၊ ၆၁၊ ၆၂၊ ၆၃)*

**အဖြေ** -

| ဗြဟ္မဝိဟာရတရား | အနီးကပ်ရန်သူ | ဝေးသောရန်သူ |
|---|---|---|
| (၁) မေတ္တာ | ရာဂ | ဗျာပါဒခေါ် ဒေါသ |
| (၂) ကရုဏာ | ဂေဟာသိတဒေါမနဿ | ဝိဟိံသခေါ် ညှဉ်းဆဲလိုခြင်း |
| (၃) မုဒိတာ | ဂေဟာသိတသောမနဿ | အရတိခေါ် မမွေ့လျော်ခြင်း |
| (၄) ဥပေက္ခာ | ဂေဟာသိတအညာဏုပေက္ခာ | ရာဂနှင့်ဒေါသ |

**၄၁။ ဒေါသကိုပယ်နိုင်ဘို့ရန်အတွက် မြတ်စွာဘုရားဆုံးမထားသော လွှဥပမာကို ဖော်ပြ၍၊ အမျက်ထွက်လေ့ရှိသောပုဂ္ဂိုလ်အား ဖြစ်ပေါ်လာနိုင်သောတရား (၇)ပါးတို့ကိုလည်း သိသာရုံ ဝိသုဒ္ဓိမဂ်လာအတိုင်း ဖော်ပြခဲ့ပါ။**

*(၂၀၀၇၊ စမန ၃၄၊ ၃၅)*

**အဖြေ** - *ဒေါသကို ပယ်နိုင်ဘို့ရန်အတွက် မြတ်စွာဘုရားဆုံးမထားသော လွှဥပမာမှာ- "ရဟန်းတို့. . . . ခိုးသူဓားပြတို့သည် ငါးမန်းစွယ်လွှကြီးဖြင့် ကိုယ်အင်္ဂါကြီးငယ်တို့ကို တိုက်ဖြတ်ကုန်ရာ၏၊ ထိုသို့တိုက်ဖြတ်ကြရာ၌သော်လည်း တိုက်ဖြတ်ခံရသောသူသည် စိတ်ကို ပြစ်မှားစေငြားအံ့၊ အမျက်ဒေါသထွက်ငြားအံ့၊ ထိုသူသည် ငါဘုရား၏အဆုံးအမကို လိုက်နာသူမမည်ပေ" ဟူ၍ဖြစ်၏။*

*အမျက်ထွက်လေ့ရှိသောပုဂ္ဂိုလ်အား ဖြစ်ပေါ်လာနိုင်သောတရား(၇)ပါးတို့မှာ-*

*(၁) အမျက်ဒေါသလွှမ်းမိုးနှိပ်စက်ခြင်းကို ခံရသောသူသည် လှပစွာ ဝတ်စားဆင်ယင်ထားသည်ဖြစ်စေကာမူ အဆင်းမလှ၊ အရုပ်ဆိုးသူသာ ဖြစ်ချေ၏။*
*(၂) ဆင်းရဲစွာ အိပ်ရ၏၊ (၃) များသောအကျိုးစီးပွားနှင့် မပြည့်စုံချေ၊*
*(၄) စည်းစိမ်ဥစ္စာနှင့်လည်း မပြည့်စုံချေ၊ (၅) အခြွေအရံနှင့် မပြည့်စုံချေ၊*
*(၆) မိတ်ဆွေ မရှိချေ၊ (၇) ခန္ဓာကိုယ်ပျက်စီး၍ သေလွန်သောအခါ သုဂတိနတ်ပြည်သို့မရောက်ဘဲ အပါယ်ဘုံသို့ ကျရောက်ရ၏။*

**၄၂။ မိမိတို့ နေ့စဉ်နှင့်အမျှ ပေးကမ်းလှူဒါန်းနေကြသော အနည်းငယ်မျှသောဒါနကပင် ရရှိနိုင်သောအကျိုးတို့ကိုဖော်ပြ၍၊ (၅၂၈)သွယ်မေတ္တာကိုလည်း သိသာရုံမျှ ရေတွက်ပြခဲ့ပါ။** *(၂၀၀၇၊ စမန ၄၃၊ ၄၇-၄၈)*

***အဖြေ* - *ပေးကမ်းလှူဒါန်းခြင်းသည် ကြီးသောတန်ခိုးအာနုဘော်ရှိ၏၊*** *မြတ်စွာဘုရားဟောတော်မူသည်မှာ - "ပေးကမ်းလှူဒါန်းခြင်းသည် မယဉ်ကျေးသည့်သူကို ယဉ်ကျေးစေတတ်၏၊ အလုံးစုံသောအကျိုးအမျိုးမျိုးကို ပြီးစေတတ်၏။ ပေးကမ်းခြင်းဖြင့်လည်းကောင်း၊ ချစ်ဖွယ်စကားဖြင့်လည်းကောင်း၊ မျက်နှာပန်းပွင့်လျက် မြင့်တက်ကြကုန်၏။ ပေးကမ်းခြင်းကိုခံရသူ၊ ချစ်ဖွယ်စကားကို ကြားနာရသူတို့သည်လည်း ပျော့ပျောင်းကြည်သာ ညွတ်ကိုင်းလာတတ်ကုန်၏။"*

*ရန်သူအပေါ် အမျက်ဒေါသဖြစ်နေသောသူသည် ဒေါသပြေငြိမ်းရန်အတွက် မိမိ၏ပစ္စည်းကို ရန်သူအားပေးအပ်၏၊ ရန်သူ၏ပစ္စည်းကို မိမိက လက်ခံယူအပ်၏။ ဤသို့ ရန်သူနှင့်ပစ္စည်းအပေးအယူပြုလျှင် ထိုရန်သူ၌ မိမိ၏အမျက်ဒေါသသည် ကေန်ပင်ငြိမ်း၏၊ ထိုရန်သူ၌လည်း အတိတ်ဘဝမှစ၍ အစဉ်တစိုက်လိုက်ပါ လာသောအမျက်ဒေါသသည်ပင် ချက်ချင်းပြေငြိမ်း၏။*

*(၅၂၈)သွယ်မေတ္တာရေတွက်ပုံ - (နံပါတ်၄ အဖြေကိုကြည့်ပါ)*

*(၁) အနောဓိသပုဂ္ဂိုလ် ၅မျိုး × မေတ္တာ ၄-ချက်ပွား = အနောဓိသဖရဏမေတ္တာ ၂၀ ပါး*

*(၂) ဩဓိသပုဂ္ဂိုလ် ၇ မျိုး × မေတ္တာ ၄-ချက်ပွား = ဩဓိသဖရဏမေတ္တာ ၂၈ ပါး*

*(၃) အရပ်တစ်မျိုးရှိ ပုဂ္ဂိုလ် ၁၂-မျိုး × မေတ္တာ ၄-ချက်ပွား = မေတ္တာ ၄၈ ပါး*

*အရပ် ၁၀-မျက်နှာအတွက် ဒိသာဖရဏမေတ္တာ = ၄၈ × ၁၀ = ၄၈၀ ပါး*

*(၁) + (၂) + (၃) = ၂၀ + ၂၈ + ၄၈၀ = ၅၂၈ သွယ် မေတ္တာရပါသည်။*

**၄၃။ ရှေးအခါကချမ်းသာ၍ နောင်အခါ၌ ဆင်းရဲသွားသော မိမိအပေါင်းအဖော်ကိုတွေ့မြင်ရပါက ကရုဏာ + မုဒိတာနှစ်မျိုးပွားများပုံကို လိုရင်းကိုသာ မှတ်သားဖွယ်ရာ တင်ပြခဲ့ပါ။** *(၂၀၀၇၊ စမန ၅၃၊ ၅၇-၅၈)*

***အဖြေ*** *- ရှေးအခါက ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲသွားသော မိမိ၏အပေါင်းအဖော်ကို တွေ့မြင်ရပါက "ဤသူသည် ဆင်းရဲဒုက္ခရောက်နေသူပင်တည်း၊ ဤဆင်းရဲဒုက္ခမှလွတ်မြောက်ပါမူကား ကောင်းလေစွ"ဟုဆင်ခြင်၍ သနားကရုဏာဖြစ်စေအပ်၏။ ကရုဏာဖြစ်နေသည့်အခါ "ဤသူသည် ဆင်းရဲမှ လွတ်ကင်းပါစေ"ဟု အဖန်တလဲလဲ ကြိမ်ဖန်များစွာကရုဏာဘာဝနာကို ပွားအပ်၏။*

*တစ်ဖန် ဤအလွန်ချစ်အပ်သော အပေါင်းအဖော်သည် ရှေးအခါက ချမ်းသာ၍ နောင်အခါ၌ ဆင်းရဲစုတ်ပြတ်ကာ မြင်စရာမကောင်းသည့် အခြေအနေရှိစေကာမူ လွန်ခဲ့ပြီးသောရှေးကာလ၌ ထိုသူ၏ချမ်းသာပျော်ရွှင်မှုနှင့်ပြည့်စုံသည့်အဖြစ်ကို*

*အောက်မေ့ဆင်ခြင်၍ "ဤသူသည် လွန်ခဲ့သောရှေးကာလ၌ ဤသို့များသော စည်းစိမ်ရှိခဲ့သည်၊ များသောအခြံအရံရှိခဲ့သည်ဖြစ်၍ အမြဲလျှင်ဝမ်းမြောက်လျက် ရှိခဲ့လေပြီ"ဟု ထိုသူ၏ဝမ်းမြောက်ခဲ့ပုံအခြင်းအရာကိုယူ၍ မုဒိတာကို ဖြစ်စေအပ်၏။ ထို့အပြင် "နောင်အခါ၌ ထိုစည်းစိမ်များကိုတစ်ဖန်ရ၍ ဆင်ကျောက်ကုန်း၊ ရွှေထမ်းစင်တို့ဖြင့် လှည့်လည်ရလိမ့်မည်"ဟု နောင်အခါဖြစ်မည့် ထိုသူ၏ဝမ်းမြောက်ဖွယ်အခြင်းအရာကို ယူ၍လည်း မုဒိတာကိုဖြစ်စေအပ်၏။*

*မုဒိတာဖြစ်နေသည့်အခါ"ဤသူရအပ်ပြီးသောစည်းစိမ်ချမ်းသာသည် ကြာရှည်စွာတည်မြဲပါစေ"ဟု အဖန်တလဲလဲ ကြိမ်ဖန်များစွာ မုဒိတာဘာဝနာကိုပွားအပ်၏။*

**၄၄။ သင်တို့တတွေမေတ္တာကမ္မဋ္ဌာန်းစီးဖြန်းကြရာ၌ ရှေးဦးစွာမေတ္တာမပို့သင့်သော ပုဂ္ဂိုလ်၊ ပို့သင့်သောပုဂ္ဂိုလ်တို့ကို အကြောင်းပြနှင့်တကွ အများနားလည်အောင် ခွဲခြားဖော်ပြခဲ့ပါ။** *(၂၀၀၈၊ စမန ၃၀-၃၂)*

**အဖြေ** - *နံပါတ် (၅) တွင် ဖြေပြထားသော ရှေးဦးမေတ္တာမပို့သင့်သောပုဂ္ဂိုလ်ခြောက်ဦးစလုံးဖြေပါ။ နံပါတ် (၃၃) တွင် မိမိကိုယ်ကို ရှေးဦးစွာမေတ္တာပို့သင့်သည်ကို ဖြေဆိုထားပါသည်။*

**၄၅။ အနောဓိသမေတ္တာနှင့် ဩဓိသမေတ္တာပွားများရမည့် ပုဂ္ဂိုလ်တို့ကိုသိသာရုံမျှ ခွဲခြားကောက်ပြ၍ ထိုသို့မေတ္တာပို့မှုကြောင်လူနတ်တို့ ချစ်ခင်ကြပုံကိုလည်း သိသာရုံမျှရှင်းပြပါ။** *(၂၀၀၈၊ စမန ၄၇၊ ၅၀-၅၁)*

**အဖြေ** - ***အနောဓိသမေတ္တာပွားများရမည့် ပုဂ္ဂိုလ် (၅) ပါးမှာ -***

*(၁) သဗ္ဗေ သတ္တာ – အလုံးစုံသော သတ္တဝါ၊*
*(၂) သဗ္ဗေ ပါဏာ – အလုံးစုံသောထွက်သက်ဝင်သက်ရှိသည့်သတ္တဝါ၊*
*(၃) သဗ္ဗေ ဘူတာ – အလုံးစုံသောကိုယ်ထင်ရှားဖြစ်သည့်သတ္တဝါ၊*
*(၄) သဗ္ဗေ ပုဂ္ဂလာ – အလုံးစုံသောပုဂ္ဂိုလ်အပေါင်း၊*
*(၅) သဗ္ဗေ အတ္တဘာဝပရိယာပန္နာ – အလုံးစုံသောကိုယ်ခန္ဓာအတ္တဘော၌ အကျုံးဝင်သူများ။*

***ဩဓိသမေတ္တာပွားများရမည့် ပုဂ္ဂိုလ် (၇) ပါးမှာ -***

*(၁) သဗ္ဗာ ဣတ္ထိယော – အလုံးစုံသောမိန်းမများ၊*
*(၂) သဗ္ဗေ ပုရိသာ – အလုံးစုံသော ယောကျ်ားများ၊*
*(၃) သဗ္ဗေ အရိယာ – အလုံးစုံသော အရိယာပုဂ္ဂိုလ်များ၊*
*(၄) သဗ္ဗေ အနရိယာ – အလုံးစုံသော ပုထုဇဉ်များ၊*
*(၅) သဗ္ဗေ ဒေဝါ – အလုံးစုံသော နတ်ဗြဟ္မာများ၊*
*(၆) သဗ္ဗေ မနုဿာ – အလုံးစုံသော လူများ၊*
*(၇) သဗ္ဗေ ဝိနိပါတိကာ – အလုံးစုံသော အပါယ်ဘုံသားများ။*

***မေတ္တာပွားမှုကြောင့် လူနတ်တို့ချစ်ခင်ကြပုံ***

*မေတ္တာပွားသူကို လူတို့ကချစ်ကြ၏၊ လည်၌ဆွဲထားသည့် ပုလဲသွယ်ကဲ့သို့ ဦးခေါင်း၌ ပန်ဆင်ထားသည့်ပန်းကဲ့သို့ မြင်သူ၊ ကြားသူ၊ အောက်မေ့သူအပေါင်းတို့က မေတ္တာစျာန်ပွားသူကို ချစ်နှစ်သက်ကြ၏။*

*မေတ္တာစျာန်ပွားသူတို့ကို လူတို့ချစ်ခင်သကဲ့သို့ နတ်၊ ဘီလူးတို့လည်း ချစ်ခင်ကြ၏၊ သာကေတတ္ထုမှာ ဝိသာခမထေရ်အကြောင်းဖြစ်၏။*

**၄၆။ ဗြဟ္မဝိဟာရဟု ခေါ်ဆိုရခြင်းအကြောင်းကို ရှင်းပြ၍ ထိုဗြဟ္မဝိဟာရတရားလေးပါးတို့၏ နီးသောရန်သူ၊ ဝေးသောရန်သူတို့ကိုလည်း သိသာရုံမျှ ဖော်ပြခဲ့ပါ။** *(၂၀၀၈၊ စမန ၆၅၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃)*

***အဖြေ*** *- မြတ်သောအနက်သဘောနှင့် အပြစ်ဒေါသမရှိသည့်အဖြစ်တို့ကြောင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကို ဗြဟ္မဝိဟာရ-ဟုခေါ်ဆို၏။ ထပ်မံ၍ ရှင်းပြရသော် မေတ္တာ၊ ကရုဏာ စသည်ဖြင့်နေခြင်း (ဝိဟာရ)တို့သည် သတ္တဝါတို့အပေါ်၌မှန်ကန်ကောင်းမွန်သောအကျင့်ဖြစ်သဖြင့် အထူးမြင့်မြတ်၏။ ထို့အပြင် ဗြဟ္မာတို့သည် နီဝရဏစသည့် အပြစ်ကင်းသောစိတ်ဖြင့် နေထိုင်ကြသကဲ့သို့ ထို့အတူ မေတ္တာစေတောဝိမုတ္တိ၊ ကရုဏာစေတောဝိမုတ္တိစသည်ကို ပွားများနေကြသော ပုဂ္ဂိုလ်တို့သည်လည်း နီဝရဏစသည့်အပြစ်ကင်းစင်သောစိတ်ဖြင့် နေထိုင်ကြကုန်၏။ ဤသို့မြတ်သော အနက်သဘောနှင့် အပြစ်ကင်းသည်၏အဖြစ်တို့ကြောင့်* ***ဗြဟ္မဝိဟာရမည်တွင်ခြင်း*** *ဖြစ်ပါသည်။*

*ဗြဟ္မဝိဟာရတရားလေးပါးတို့၏ နီးသောရန်သူ၊ ဝေးသောရန်သူတို့ကို နံပါတ် (၄၀)တွင် ဖြေဆိုထားပါသည်။*

အခန်း(၁၀)

## အာရုပ္ပ နိဒ္ဒေသ
## အာရုပ္ပလေးပါးကိုအကျယ်ပြခြင်း

**အာရုပ္ပလေးပါး**

"ဝိသုဒ္ဓိမဂ္ဂအလင်းပြ"ပထမတွဲတွင် သီလကျင့်စဉ်နှင့် သမာဓိကျင့်စဉ်တို့အကြောင်းကို တင်ပြခဲ့ရာ သမာဓိကျင့်စဉ်၌ သမထကမ္မဋ္ဌာန်း ၄၀ အနက်မှ ကသိဏ ၁၀ ပါး၊ အသုဘ ၁၀ ပါးနှင့် အနုဿတိ ၁၀ ပါးတို့ကို ဖော်ပြခဲ့သည်။

**ကသိုဏ်း ၁၀ ပါး**ဖြစ်သည့် ပထဝီကသိုဏ်း၊ အာပေါကသိုဏ်းစသည်ကို ရှုပွားသည့်အခါ ပထမမြေအဝန်း၊ ရေအဝန်းစသည်ကို မျက်စိဖွင့်၍ ရှုပွားရသည်၊ သမာဓိအသင့်အတင့်ရလာသည့်အခါ မျက်စိပိတ်လိုက်သော်လည်း မြေအဝန်း၊ ရေအဝန်းစသည်ကို မျက်စိဖွင့်ထားစဉ်က မြင်ရသည့်အတိုင်း သမာဓိယှဉ်သောစိတ်ဖြင့် မြင်လာရ၏။ ဤသို့ မျက်စိမှိတ်၍ မြင်ရသောနိမိတ်ကို '**ဥဂ္ဂဟနိမိတ်**' ဟု ခေါ်သည်။

ဥဂ္ဂဟနိမိတ်ကို မျက်စိပိတ်လျက် ဆက်လက်ရှုပွားသွားသည့်အခါ ဥပစာရသမာဓိသို့ ရောက်လျှင် နီဝရဏများငြိမ်းပြီး '**ပဋိဘာဂနိမိတ်**' ဖြစ်ပေါ်လာ၏။ ဥဂ္ဂဟနိမိတ်သည် မူလကသိုဏ်းဝန်းနှင့်တူ၍ လက်ရာစသောအပြစ်များထင်၏။ ပဋိဘာဂနိမိတ်သည် အိတ်မှဆွဲထုတ်သော ကြေးမုံဝန်း၊ မှန်ဝိုင်းကဲ့သို့ အပြစ်ကင်းပြီး ကြည်လင်တောက်ပ၏၊ ဥဂ္ဂဟနိမိတ်ထက် အဆအရာအထောင်မက ပိုစင်ကြယ်၏။ ပဋိဘာဂနိမိတ်ကို စကြဝဠာ တိုင်အောင် ပွားစေအပ်၏။

ဘာဝနာရှုပွားသူသည် မလျော့မတင်းညီမျှသောလုံ့လပယောဂဖြင့် ဘာဝနာစိတ်ကို ပဋိဘာဂနိမိတ်သို့ ရှေးရှုထား၍ အားထုတ်စိုင်းနှင်နေသည့်အခါ ရူပါဝစရပထမဈာန်ဖြစ်တော့မည်ရှိလတ်သော် အောက်ပါဝီထိစိတ်အစဉ်ဖြစ်၏။

**ဒန္ဓာဘိည-ဉာဏ်နုံ့သူအတွက်**

**"န-ဒ-မ-ပ-ဥ-နု-ဝေါ-ဈာန်-ဘဝင်-ဘဝင်-"**

**ဒိပ္ပါဘိည-ဉာဏ်ထက်သူအတွက်**

**"န-ဒ-မ-ဥ-နု-ဂေါ-ဈာန်-ဘဝင်-ဘဝင်-"**

န = ဘဝင်္ဂစလန — လှုပ်သွားသောဘဝင်စိတ်၊

ဒ = ဘဝင်္ဂုပစ္ဆေဒ — ပြတ်သွားသောဘဝင်စိတ်၊

မ = မနောဒွါရာဝဇ္ဇန်းစိတ် — ပဋိဘာဂနိမိတ်ကို ဆင်ခြင်ဆုံးဖြတ်သည့်စိတ်၊

ပ = ပရိကံ — အပ္ပနာခေါ် ဈာန်စိတ်ဖြစ်ရန် ပြုပြင်ပေးသောစိတ်၊

ဥ = ဥပစာ — အပ္ပနာဈာန်စိတ်အနီး၌ ဖြစ်သောစိတ်၊

နု = အနုလုံ — ရှေ့ဖြစ်သောပရိကံအားလည်းကောင်း၊ အထက်အပ္ပနာအားလည်းကောင်း လျော်စွာဖြစ်စေသောစိတ်

ဂေါ = ဂေါတြဘု — ကာမအနွယ်ကိုဖြစ်၍ မဟဂ္ဂုတ်အနွယ်ကို ဖြစ်စေသောစိတ်၊

ဈာန်= ရူပါဝစရပထမဈာန်ကုသိုလ်စိတ်။

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ်သည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘု ကိစ္စတို့ကို ဆောင်ရွက်ပေး၏။

**"ဈာန်"**ဟူသည်မှာ ကသိုဏ်းပဋိဘာဂနိမိတ်စသည်ကို ကပ်၍ စူးစူးစိုက်စိုက်မြဲမြဲစွာ ရှုတတ်သောကြောင့်လည်းကောင်း၊ နီဝရဏစသည့် ဆန့်ကျင်ဘက်တရားတို့ကို လောင်ကျွမ်းဖုတ်မြိုက်တတ်သောကြောင့်လည်းကောင်း ဈာန်ဟုခေါ်၏။

ပထမဈာန်ရပြီးသောယောဂီသည် **ဝသီဘော်ငါးတန်**ဖြင့် ထိုဈာန်ကို ကျွမ်းကျင်နိုင်နင်းအောင် လေ့ကျင့်အပ်၏။ ထို့နောက် ပထမဈာန်သည် နီဝရဏဟူသည့် ရန်သူနီးကပ်သောအပြစ်ကိုမြင်၍ ဒုတိယဈာန်သည်ငြိမ်သက်သောတရားဟု နှလုံးသွင်း၏။ ပထမဈာန်၌ နှစ်သက်တွယ်တာခြင်းကိုဖြတ်၍ ဒုတိယဈာန်ကိုရခြင်းငှာ အားထုတ်၏။ ပထမဈာန်မှထ၍ ရုန့်ရင်းကြမ်းတမ်းသည့်ဈာန်အင်္ဂါဖြစ်သော ဝိတက်၊ ဝိစာရတို့ကို ပယ်ခြင်းငှာ ငြိမ်သက်သောဈာန်အင်္ဂါဖြစ်သည့် ပီတိ၊ သုခ၊ ဧကဂ္ဂတာတို့ကို ရခြင်းငှာ ပဋိဘာဂနိမိတ်ကိုပင်လျှင် "ပထဝီ၊ ပထဝီ"စသည်ဖြင့် အဖန်တလဲလဲ နှလုံးသွင်း၏။

ဒုတိယဈာန်သမာဓိသို့ရောက်သည့်အခါ အထက်ပါဝီထိအတိုင်း အပ္ပနာဝီထိဖြစ်ပေါ်ပြီး ရူပါဝစရဒုတိယဈာန်စိတ်ဖြစ်ပေါ်၏။ ဤဒုတိယဈာန်ကို ဝသီဘော်ငါးတန်ဖြင့် ကျွမ်းကျင်နိုင်နင်းအောင် လေ့ကျင့်ပြီးသော် ပီတိကိုပယ်၍ တတိယဈာန်ရခြင်းငှာ ပဋိဘာဂနိမိတ်ကိုပင်လျှင် အဖန်တလဲလဲနှလုံးသွင်းပြန်၏။ တတိယဈာန်သမာဓိသို့ ရောက်သည့်အခါ အပ္ပနာဝီထိသည် ယခင်အတိုင်းပင်ဖြစ်ပေါ်၍ ရူပါဝစရတတိယဈာန်စိတ်ဖြစ်ပေါ်၏။ တတိယဈာန်တွင် သုခနှင့် ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးသာ ရှိ၏။

တတိယဈာန်ကို ဝသီဘော်ငါးတန်ဖြင့် ကျွမ်းကျင်နိုင်နင်းအောင် လေ့ကျင့်ပြီးသော် သုခကိုပယ်၍ စတုတ္ထဈာန်ဖြစ်ခြင်းငှာ ပဋိဘာဂနိမိတ်ကိုပင်လျှင် အဖန်တလဲလဲနှလုံး

သွင်းပြန်၏။ စတုတ္ထဈာန်သမာဓိသို့ ရောက်သည့်အခါ အပ္ပနာဝီထိသည် ယခင်အတိုင်း ပင် ဖြစ်ပေါ်၏။ သို့သော် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် မဟာကုသိုလ်စိတ်သည် ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘုအဖြစ် ဆောင်ရွက်ပြီးလျှင် ရူပါဝစရစတုတ္ထဈာန်သည် ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးယှဉ်လျက် ဖြစ်ပေါ်၏။ ဤကား စတုက္ကနည်းအရ ရူပါဝစရဈာန်လေးပါးဖြစ်ပေါ်ပုံကို အကျဉ်းပြန်လည် ဖော်ပြခြင်းဖြစ်၏။

ပဉ္စကနည်း၌ ဝိတက်နှင့်ဝိစာရ ဈာန်အင်္ဂါနှစ်ပါးကို တစ်ပြိုင်တည်းမပယ်ဘဲ တစ်လုံး ပြီးမှ နောက်တစ်လုံးကိုပယ်၏။ ထို့ကြောင့် ရူပါဝစရဈာန်ငါးပါးဖြစ်ပေါ်ပြီး ပဉ္စမဈာန် သည် ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ယှဉ်၏။

ဤဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့်ယှဉ်သော ရူပါဝစရစတုတ္ထဈာန် သို့မ ဟုတ် ပဉ္စမဈာန်ကိုအခြေခံ၍ သမာဓိပိုမြင့်သော အရူပါဝစရဈာန်ကို ထူထောင်ရမည် ဖြစ်သည်။ အရူပါဝစရဈာန်လေးပါးကို ထူထောင်ရန်အသုံးပြုသော ကမ္မဋ္ဌာန်းလေး ပါးမှာ အာရုပ္ပလေးပါး (ဝါ) အရူပကမ္မဋ္ဌာန်း ၄-ပါးဖြစ်၏။ **အာရုပ္ပလေးပါးမှာ** (၁) *အာကာသာနဉ္စာယတနကမ္မဋ္ဌာန်း၊ (၂) ဝိညာဏဉ္စာယတနကမ္မဋ္ဌာန်း၊ (၃) အာကိဉ္စ ညာယတနကမ္မဋ္ဌာန်း (၄) နေဝသညာနာသညာယတနကမ္မဋ္ဌာန်း*တို့ ဖြစ်ကြသည်။

**၁။ အာကာသာနဉ္စာယတနကမ္မဋ္ဌာန်း**

**ကရဇရုပ်၏အပြစ်ကို ဆင်ခြင်ခြင်း**

ရုပ်နှင့်မဆက်ဆံသော အရူပဈာန်များကို ထူထောင်ဖို့အတွက် ရုပ်ကို ပယ်ခွာ ရမည်။ ထို့ကြောင့် အာကာသာနဉ္စာယတနဈာန်ကိုထူထောင်ရန် အာကာသာ နဉ္စာယတန ကမ္မဋ္ဌာန်းကို ပွားများလိုသောပုဂ္ဂိုလ်သည်-

*"ရုပ်ဟူသောတည်ရာအကြောင်းကြောင့် တုတ်၊ လက်နက်တို့ကိုစွဲကိုင်ခြင်း၊ ရန်ဖြစ် ခြင်း၊ အထင်အမြင်လွဲခြင်း၊ ငြင်းခုံခြင်းများ ဖြစ်ကြရ၏။ ဤအလုံးစုံသည် ရုပ်မရှိသည့် အရူပဘုံ၌ လုံးဝမရှိပေ"ဟု ဆင်ခြင်ပြီးလျှင် ထိုပုဂ္ဂိုလ်သည် အပြစ်မြင်ပြီးသော ရုပ်ကို သာလျှင် ငြီးငွေ့ခြင်း၊ စက်ဆုပ်ခြင်း၊ ချုပ်စေခြင်းအကျိုးငှာ ကျင့်၏"*ဟု ဟောတော်မူ သောကြောင့် တုတ်၊ လက်နက် စွဲကိုင်ခြင်းစသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ မျက်စိရောဂါ နားရောဂါစသော ရောဂါအမျိုးမျိုးတို့၏ အစွမ်းအားဖြင့်လည်းကောင်း၊ ကြမ်းတမ်းသော ရုပ်(ဝါ)ကရဇရုပ်၌အပြစ်ကို ရှုဆင်ခြင်၏။

**ကရဇရုပ်ကိုလွန်မြောက်ရန် စတုတ္ထဈာန်ထူထောင်ခြင်း**

ထို့နောက်ကရဇရုပ်ကိုလွန်မြောက်ရန်အတွက် အာကာသကသိုဏ်းမှတစ်ပါး ကြွင်း သည့်ကသိုဏ်းကိုးပါးတွင် ကသိုဏ်းတစ်ပါးပါး၌ ရူပါဝစရစတုတ္ထဈာန်ကို ထူထောင် ၏။ ဤစတုတ္ထဈာန်ဖြင့် ကရဇရုပ်ကို လွန်မြောက်၏။ သို့သော် ပဋိဘာဂနိမိတ်ဟူသော ကသိုဏ်းရုပ်သည်လည်း ကရဇရုပ်နှင့်အလားတူဖြစ်သဖြင့် ထိုကသိုဏ်းရုပ်ကိုလည်း

လွှန်မြောက်ရန် အလိုရှိ၏။

ဥပမာအားဖြင့် **မြွေကြောက်သောသူ**သည် တောထဲ၌ မြွေလိုက်ခံရသဖြင့် လျင်မြန်စွာထွက်မြောက်လာပြီး တစ်နေရာ၌ နားနေ၏။ ထိုနေရာ၌ မြွေနှင့်တူသော ထန်းရွက်ကိုဖြစ်စေ၊ နွယ်ကိုဖြစ်စေ၊ ကြိုးကိုဖြစ်စေ၊ မြေကြီးအက်ကွဲကြောင်းကိုဖြစ်စေ၊ ရုတ်တရက် တွေ့မြင်လိုက်လျှင် မြွေဟုထင်ပြီး ကြောက်လန့်တကြားဖြစ်လျက် မြွေနှင့်တူသည့် ထန်းရွက်စသည်ကိုပင် မတွေ့မြင်လိုတော့ပေ။

အခြားဥပမာတစ်ခုမှာ လူတစ်ယောက်သည် တစ်ရွာတည်းနေ ရန်သူ၏ညှဉ်းဆဲနှိပ်စက်မှုအမျိုးမျိုးကြောင့် အခြားရွာတစ်ရွာသို့ ပြောင်းရွှေ့နေထိုင်၏။ ထိုရွာ၌လည်း ရန်သူ ဟောင်းနှင့် ရုပ်ရည်၊ အသံ၊ အကျင့်စရိုက်တူသူ တစ်ယောက်ကို ရုတ်တရက် တွေ့မြင် သည်ရှိသော် မိမိ၏ရန်သူထင်ပြီး ကြောက်လန့်သဖြင့် ထိုသူစိမ်းကိုပင် မတွေ့မြင်လိုပေ။ ထိုဥပမာနှစ်ခုတွင် **မြွေကြောက်သူနှင့် ရန်သူကြောက်သူ**တို့သည် **ယောဂီပုဂ္ဂိုလ်နှင့်တူ၏**။

**မြွေ၊ ရန်သူနှိပ်စက်ခံရသောကာလသည် အာရုံပြုသောအားဖြင့် ကာရဇရုပ်နှင့်ပြည့်စုံသည့် ကာလနှင့်တူ၏။**

မြွေလိုက်သည့်အခါ လျင်မြန်စွာထွက်ပြေးလွတ်မြောက်ခြင်း၊ ရန်သူနှိပ်စက်သဖြင့် အခြားရွာသို့ပြောင်းရွှေ့နေထိုင်ခြင်းသည် ရူပါဝစရစတုတ္ထဈာန်၏အစွမ်းဖြင့် ကရဇရုပ်ကို လွှန်မြောက်ခြင်းနှင့်တူ၏။

မြွေနှင့်တူသော ထန်းရွက်စသည်ကို မြင်တွေ့၍ ကြောက်လန့်ပြီး ထိုထန်းရွက်စသည်ကို မမြင်လိုခြင်း၊ ရန်သူနှင့်တူသူကိုမြင်၍ကြောက်ရွံ့ကာ ထိုသူစိမ်းကို မမြင်လိုခြင်းတို့သည် ယောဂီပုဂ္ဂိုလ်က ကရဇရုပ်နှင့်တူသော ကသိုဏ်းရုပ်ကို မြင်တွေ့သည့် အခါ မကြည့်လိုတော့ဘဲ ကသိုဏ်းရုပ်ကို လွှန်မြောက်လိုခြင်းနှင့်တူ၏။

ထို့အပြင် **ဝက်အပက်ခံရ၍ပြေးသောခွေးနှင့် တစ္ဆေကြောက်သူဥပမာ**တို့ကိုလည်း မှတ်သားအပ်၏။ တောထဲ၌ ဝက်က ပက်လိုက်ကာမျှဖြင့် ထွက်ပြေးသောခွေးသည် မှောင်ရီနေချိန်၌ ထမင်းချက်အိုးကို အဝေးမှမြင်လတ်သော် ဝက်ဟုထင်၍ ကြောက်ရွံ့လျက်ပြေးလေ၏။ တစ္ဆေကြောက်သူသည် ညဉ့်အချိန် မသွားဖူးသောအရပ်တွင် လည်ဆစ်ပြတ်သည့် ထန်းပင်ကိုမြင်လျှင် မြေဘုတ်တစ္ဆေဟု ထင်မှတ်ကာ ကြောက်လန့်လျက် မိန်းမောလဲကျသွားလေ၏။ ယောဂီပုဂ္ဂိုလ်က မိမိအပြစ်မြင်ထားသော ကရဇရုပ်နှင့်အလားတူသည့် ကသိုဏ်းနိမိတ်ဟူသည့် ကသိုဏ်းရုပ်ကို မြင်တွေ့ရသည့်အခါ အပြစ်မြင်၍ မမြင်တွေ့လိုခြင်းနှင့် တူပါသည်။

**အာကာသာနဉ္စာယတနဈာန်ကို ဖြစ်စေခြင်း**

ယောဂီပုဂ္ဂိုလ်သည် စတုတ္ထဈာန်၏အာရုံဖြစ်သော ကသိုဏ်းရုပ်မှ ငြီးငွေ့၍ ဖဲခွာလို

သောကြောင့် ရူပါဝစရစတုတ္ထဈာန်ကို ဝသီဘော်ငါးတန်ဖြင့် နိုင်နင်းကျွမ်းကျင်အောင် လေ့ကျင့်ပြီးသော် ထိုဈာန်မှထ၍ ဈာန်ကိုဆန်းစစ်၏-"ဤစတုတ္ထဈာန်သည် ငါဦးငွေ့သည့်ကသိုဏ်းရုပ်ကို အာရုံပြု၏၊ သောမနဿရန်သူနှင့် နီးကပ်၏၊ ငြိမ်သက်သော ဝိမောက္ခဖြစ်သည့် အရူပဈာန်ထက် ရုန့်ရင်းကြမ်းတမ်း၏"ဟူ၍ အပြစ်ကို ရှုမြင်၏။

ရူပါဝစရစတုတ္ထဈာန်သည် အရူပဈာန်တို့ထက် ပို၍ ရုန့်ရင်းကြမ်းတမ်းသည်ဟု ဆိုခြင်းမှာ အာရုံအားဖြင့် ပို၍ရုန့်ရင်းကြမ်းတမ်းသည်ကိုသာ ဆိုလို၏။ အင်္ဂါအားဖြင့်မူ ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါနှစ်ပါးနှင့် ယှဉ်ခြင်းတူညီကြ၏။

ယောဂီသည် စတုတ္ထဈာန်၌ အပြစ်မြင်ပြီးနောက် နှစ်သက်တွယ်တာမှု နိကန္တိတဏှာကို ကုန်စေ၍ အာကာသာနဉ္စာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် အဆုံးမရှိသောအားဖြင့် နှလုံးသွင်း၏။ ထို့နောက် ကသိုဏ်းရုပ်ဟူသည့် ပဋိဘာဂနိမိတ်ကို စကြဝဠာအဆုံးတိုင်အောင်ဖြစ်စေ အလိုရှိသလောက်အရပ်တိုင်အောင်ဖြစ်စေ ဖြန့်၍ ထိုကသိုဏ်းရုပ်ပြန့်နှံ့ရာ ထိတွေ့ရာ ဟင်းလင်းပြင်အရပ်ကို "**အာကာသ၊ အာကာသ**"ဟူ၍လည်းကောင်း၊ "**အနန္တော အာကာသော**" (အဆုံးအပိုင်းအခြားမရှိသော ဟင်းလင်းပြင်)ဟူ၍လည်းကောင်း နှလုံးသွင်းလျက် စတုတ္ထဈာန်၏အာရုံဖြစ်သည့် ကသိုဏ်းရုပ်ကို ခွါ၏၊ ပယ်၏။

("ခွါ၏၊ ပယ်၏"ဆိုရာ၌ ဖျာကိုလိပ်သကဲ့သို့ ခွါသည်မဟုတ်၊ အိုးကင်းမှ မုန့်ကြော်ကို ဆယ်ထုတ်သကဲ့သို့ ခွာသည်လည်းမဟုတ်။ စင်စစ်သော်ကား ထိုကသိုဏ်းရုပ်ကို နှလုံးမသွင်းဘဲ၊ မဆင်ခြင်မသုံးသပ်ဘဲ၊ စိတ်၌မထားဘဲ၊ အာရုံမပြုဘဲ နေခြင်းမျှကိုသာ ဆိုလို ၏။ တစ်နည်းကား ကသိုဏ်းရုပ်ကို အာရုံမပြုဘဲ ကသိုဏ်းနိမိတ်ရုပ်၏ ထိတွေ့ပြန့်နှံ့ ရာအရပ် ဟင်းလင်းပြင်ကို "**အာကာသ၊ အာကာသ**"ဟု နှလုံးသွင်းခြင်းကိုပင် ကသိုဏ်း ရုပ်ကို ခွာသည်မည်၏။)

ခွါအပ်သောကသိုဏ်းရုပ်သည်လည်း ကွဲတက်လာသည်၊ ကွာတက်လာသည်မဟုတ်၊ ဆုတ်နစ်သွားသည်လည်း မဟုတ်၊ စင်စစ်မှာမူ ယင်းကသိုဏ်းရုပ်ကို ယောဂီက နှလုံးမသွင်းခြင်းမျှကိုလည်းကောင်း၊ "ကောင်းကင်၊ ကောင်းကင်" (ဝါ) "အာကာသ၊ အာကာသ"ဟု နှလုံးသွင်းခြင်းမျှကိုလည်းကောင်း ကသိုဏ်းရုပ်ကိုခွါခြင်းဟု ဆိုလို၏။

ဥပမာပြရသော် ဖုံးအုပ်ထားသောထမ်းစင်၏အပေါက်ဝ၊ တံခါးငယ်၏အပေါက်ဝ၊ အိုး၏မျက်နှာဝစသည်တို့တွင် အညို၊ အဝါ၊ အနီ၊ အဖြူစသည့် အဝတ်ဖြင့် ဖွဲ့ယှက်ဖုံးအုပ်ထားသည်ဆိုပါစို့၊ ထိုအဝတ်ကိုကြည့်နေသောယောကျ်ားသည် လေအဟုန်ဖြင့်ဖြစ်စေ အခြားအကြောင်းကြောင့်ဖြစ်စေ ဖုံးအုပ်ထားသောအဝတ်ကို ဖယ်ရှားလိုက်လျှင် ကောင်းကင် (ဝါ) ဟင်းလင်းပြင်ကိုသာ မြင်ရသကဲ့သို့ ထို့အတူ ကသိုဏ်းနိမိတ်ထိတွေ့ပြန့်နှံ့ရာအရပ် ဟင်းလင်းပြင်ကို "အာကာသ၊ အာကာသ" ဟု ဆင်ခြင်သော ပရိကံနှလုံး

သွင်းမှုဖြင့် ထိုကသိုဏ်းနိမိတ်ကို ရုတ်တရက်ဖယ်ရှားလိုက်လျှင် ကောင်းကင်နိမိတ်ကို သာ ရှုမြင်ရပေတော့၏။

ထိုယောဂီပုဂ္ဂိုလ်သည် ထိုကသိုဏ်းရုပ်ကိုခွါ၍ ရအပ်သောကောင်းကင်နိမိတ်ကို "အာကာသ၊ အာကာသ"ဟု အဖန်တလဲလဲ ဆင်ခြင်၏၊ သမ္မာသက်ပွဟူသော ကြံစည်မှု -ဝိတက်ဖြင့် ထုနှက်သလို နှလုံးသွင်း၏၊ အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ထုနှက်သလို အဖန်ဖန်နှလုံးသွင်းခြင်းကို ပြု၏။ ဤသို့ အဖန်ဖန်နှလုံးသွင်းခြင်းကို ပြုသောယောဂီအား နီဝရဏတို့ကွာကုန်၏၊ ကောင်းကင်နိမိတ်လျှင် အာရုံရှိသော အမှတ်ရမှု-သတိသည် ကောင်းစွာတည်၏၊ ဥပစာရသမာဓိဖြင့် စိတ်သည် ကောင်းစွာတည်ကြည်၏။

ထိုယောဂီသည် ထိုကောင်းကင်နိမိတ်ကို အဖန်တလဲလဲ မှီဝဲပွားများ၏။ ဤသို့ အဖန်ဖန်ဆင်ခြင်နှလုံးသွင်သောယောဂီအား အာကာသနိမိတ်ကိုအာရုံပြုလျက် အာကာသာနဉ္စာယတနစျာန်စိတ်သည် အပ္ပနာအစွမ်းဖြင့် ဖြစ်၏။ အပ္ပနာဝီထိမှာ ကသိုဏ်းနိမိတ်ကိုရှုပွား၍ ရူပါဝစရစတုတ္ထစျာန်ဝီထိ ဖြစ်သည်နှင့် တူ၏။ ရှေးဥပစာရ သမာဓိဇောသုံးကြိမ်၊ လေးကြိမ်တို့သည် ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် မဟာ ကုသိုလ်စိတ်ဖြစ်ပြီးလျှင် စတုက္ကနည်းအရလေးကြိမ်မြောက်၊ ပဉ္စကနည်းအရ ငါးကြိမ် မြောက်ဖြစ်သောဇောသည် အာကာသာနဉ္စာယတနစျာန်စိတ်ပေတည်း။

(ဒန္ဓာဘိည) "န-ဒ-မ-ပ-ဉ-နု-ဂေါ-ဈာန်-ဘဝင်"

(ခိပ္ပာဘိည) "န-ဒ-မ-ဉ-နု-ဂေါ-ဈာန်-ဘဝင်"

**အာကာသာနဉ္စာစျာန်ဖြစ်ပုံပါဠိတော်နှင့်အနက်အဖွင့်**

*သဗ္ဗသော ရူပသညာနံ သမတိက္ကမာ ပဋိဃသညာနံ အတ္ထင်္ဂမာ နာနတ္တသညာနံ အမနသိကာရာ အနန္တောအာကာသောတိ အာကာသာနဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။*

*သဗ္ဗသော*- ခပ်သိမ်းသောအခြင်းအရာအားဖြင့်

*(၁) ရူပသညာ* – ရူပစျာန်၌ဖြစ်သောမှတ်သားမှုတို့ကို၊ **သမတိက္ကမာ**-လွန်မြောက်ခြင်းကြောင့်

*(၂) ပဋိဃသညာ* – မျက်စိနှင့်အဆင်းစသည်တို့ ထိတိုက်ခြင်းကြောင့်ဖြစ်သော သညာတို့၏ အတ္ထင်္ဂမာ-ချုပ်ခြင်းကြောင့်၊

*(၃) နာနတ္တသညာ* – အမျိုးမျိုးသောအာရုံတို့၌ဖြစ်သော သညာတို့ကို အမန သိကာရာ - *နှလုံးမသွင်းခြင်းကြောင့်၊*

*'အနန္တော အာကာသော'* - အဆုံးအပိုင်းအခြားမရှိသောကောင်းကင်'ဟု နှလုံး သွင်းလျက် *အကာသာနဉ္စာယတနစျာန်သို့* ရောက်၍နေ၏။

**ပါဠိပုဒ်များကို အဓိပ္ပာယ်ဖွင့်ဆိုချက်**

*ရူပသညာ* – သညာကို ပဓာနပြု၍ဟောသော ရူပါဝစရစျာန်တို့နှင့် ထိုရူပစျာန်တို့၏ အာရုံဖြစ်သော ကသိုဏ်းနိမိတ်များဟူသည့် ကသိုဏ်းရုပ်များ၊

ရူပါဝစရစျာန်တို့မှာ ရူပါဝစရကုသိုလ်စျာန်၅-ပါး၊ ရူပါဝစရဝိပါက်စျာန်၅-ပါး၊ ရူပါဝစရကြိယာစျာန်၅-ပါးဟူ၍ ပေါင်း ၁၅-ပါးဖြစ်သည်။

ကသိုဏ်းရုပ်များမှာ အာကာသကသိုဏ်းကြဉ်သော ပထဝီကသိုဏ်းစသည့် ကသိုဏ်း ၉-ပါးတို့၏ ကသိုဏ်းရုပ်များဖြစ်သည်။

*သမတိက္ကမာ* – လွန်မြောက်ခြင်းဟူသည်မှာ စက်ဆုပ်ခြင်း၊ ချုပ်စေခြင်းဖြင့် လွန်မြောက်ခြင်းဖြစ်သည်။

*ရူပသညာနံ သမတိက္ကမာ* – ရူပသညာကို လွန်မြောက်ခြင်း

စျာန်၏အလိုအားဖြင့် ရူပါဝစရစျာန် ၁၅-ပါးဟူသော ရူပသညာတို့ကိုလည်းကောင်း၊ အာရုံ၏အလိုအားဖြင့် အာကာသကသိုဏ်းကြဉ်သော ပထဝီကသိုဏ်စသည့် ကသိုဏ်းရုပ် ၉-ပါးဟုဆိုအပ်သော ရူပသညာတို့ကိုလည်းကောင်း၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်စက်ဆုပ်ခြင်း၊ ချုပ်စေခြင်းဖြင့် လွန်မြောက်ခြင်းဖြစ်သည်။

**ပဋိဃသညာ** - မျက်စိနှင့်အဆင်း၊ နားနှင့်အသံစသည်တို့ ထိတိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသည့်သညာ။ မျက်စိနှင့်အဆင်းတို့ထိတိုက်သည့်အခါ မြင်သိစိတ်ဖြစ်ပြီး အဆင်းရူပါရုံကိုမှတ်သားသော ရူပသညာလည်း အတူတကွ ဖြစ်သည်။ နားနှင့်အသံစသည်တို့ထိတိုက်သည့်အခါ အလားတူပင် သဒ္ဒသညာစသည်တို့ ဖြစ်ပေါ်သည်။

(၁) ရူပသညာ – **အဆင်းကိုမှတ်သားမှု**
(၂) သဒ္ဒသညာ – အသံကိုမှတ်သားမှု
(၃) ဂန္ဓသညာ – အနံ့ကိုမှတ်သားမှု
(၄) ရသသညာ – အရသာကိုမှတ်သားမှု
(၅) ဖောဋ္ဌဗ္ဗသညာ – အထိအတွေ့ကို မှတ်သားမှု

အကုသလဝိပါက် ပဋိဃသညာ ၅-ပါးနှင့် ကုသလဝိပါက် ပဋိဃသညာ ၅-ပါး ဟူ၍ ပဋိဃသညာ ၁၀ ပါးရှိသည်။

*ပဋိဃသညာနံ အတ္ထင်္ဂမာ* – မျက်စိနှင့်အဆင်းစသည်တို့ထိတိုက်၍ ဖြစ်ပေါ်လာသော ရူပသညာ, သဒ္ဒသညာစသည့် ပဋိဃသညာ ၁၀ ပါးတို့၏ချုပ်ခြင်းကို ဆိုလို၏။

**ပဋိဃသညာချုပ်ခြင်းကို အရူပစျာန်၌ ဟောရခြင်းအကြောင်း**

ပထမစျာန်၊ ဒုတိယစျာန်စသည့် ရူပါဝစရစျာန်ကို ဝင်စားနေသည့်အခါ ပဥ္စဒွါရဝီထိများ မဖြစ်ခြင်းကြောင့် ပဋိဃသညာများလည်း မဖြစ်ချေ။ ထို့ကြောင့် ရူပါဝစရ ပထမစျာန်စသည်တို့ကို ဝင်စားနေသောသူအား ထိုအခိုက်၌ ပဋိဃသညာများ မရှိ ချေ။ သို့သော်လည်း အခြားရှေးစျာန်တို့၌ ပယ်ခဲ့ပြီးသော သုခ, ဒုက္ခတို့ကို စတုတ္ထ စျာန်၌ ဟောခြင်းကဲ့သို့လည်းကောင်း၊ အခြားအောက်မဂ်တို့၌ ပယ်ခဲ့ပြီးသော သက္ကာယဒိဋ္ဌိ စသည်တို့ကို တတိယမဂ်၌ ဟောခြင်းကဲ့သို့လည်းကောင်း၊ ဤပထမအရူပစျာန်၌ တက်တက်ကြွကြွအားထုတ်မှုဖြစ်စေခြင်းငှာ ဤအရူပစျာန်ကို ချီးမွမ်းလိုသည့်အ

ကြောင်းကြောင့် ပဋိဃသညာ၏ချုပ်ခြင်းကို ဤအရူပဈာန်၌ ဟောတော်မူသည်။

**အခြားတစ်နည်းရှင်းလင်းချက်**

ရူပါဝစရဈာန်ကိုဝင်စားသောပုဂ္ဂိုလ်အား ပဋိဃသညာမရှိခြင်းမှာ ပယ်ထား သောကြောင့် မရှိသည်မဟုတ်။ အဘယ်ကြောင့်ဆိုသော် ရူပါဝစရဘာဝနာသည် ရုပ်ကိုစက်ဆုပ်ခြင်းငှာ မဖြစ်သောကြောင့်လည်းကောင်း၊ ရူပါဝစရဈာန်တို့၏ဖြစ်ခြင်းသည် ရုပ်နှင့်စပ်သောကြောင့်လည်းကောင်း ဖြစ်ပေ၏။

အရူပဘာဝနာသည်ကား ရုပ်ကိုစက်ဆုပ်ခြင်းငှာ ဖြစ်ပေ၏။ ထို့ကြောင့် ပဋိဃသညာတို့ကို ဤအရူပဈာန်၌ ပယ်သည်ဟုဆိုသင့်၊ မှတ်သင့်၏။ မှန်ပေ၏-ပဋိဃသညာတို့ကို အရူပဈာန်မရမီ ရူပါဝစရဈာန်တို့၌ မပယ်ရသေးသောကြောင့်ပင်လျှင် ရူပါဝစရပထမဈာန်ကို ဝင်စားနေသောသူအား အသံသည် ဆူးငြောင့်ဖြစ်သည်ဟု မြတ်စွာဘုရားဟောတော်မူ၏။

ဤအရူပဈာန်၌ကား ပဋိဃသညာတို့ကို ပယ်ပြီးဖြစ်သောကြောင့်ပင် အရူပဈာန်သမာပတ်တို့၌ တုန်လှုပ်ခြင်းမရှိသော-အာနေဉ္ဇ အဖြစ်ကိုလည်းကောင်း၊ ငြိမ်သက်သော ဝိမောက္ခ အဖြစ်ကိုလည်းကောင်း ဟောတော်မူ၏။ ကာလာမအနွယ်ဖြစ်သော **အာဠာရရသေ့**သည် အရူပဈာန်သမာပတ်ဝင်စားနေစဉ် မိမိ၏အနီးမှဖြတ်သွားသော လှည်းငါးရာတို့ကို မမြင်လိုက်ဘဲ လှည်းတို့၏အသံကိုလည်း မကြားလိုက်ဘဲ ရှိပေ၏။

**နာနတ္တသညာ** – အထူးထူး(အမျိုးမျိုး)သဘောရှိသောအာရုံတို့၌ ဖြစ်သောသညာတို့ကို နာနတ္တသညာဟု ခေါ်၏။ တစ်နည်းကား အထူးထူးသောသဘောရှိသော သညာတို့သည် နာနတ္တသညာမည်၏။

ဝိဘင်းပါဠိတော်အရ အရူပသမာပတ်ဝင်စားခိုက်မဟုတ်သော ပုဂ္ဂိုလ်၏သန္တာန်၌ မနောဓာတ်၊ မနောဝိညာဏဓါတ်တို့ဖြင့် ရေတွက်အပ်သောသညာတို့သည် အဆင်း၊ အသံစသည့် အထူးထူးအပြားပြားသောအာရုံတို့၌ ဖြစ်ကုန်၏။ ထို့ကြောင့် နာနတ္တသညာမည်၏။

**နာနတ္တသညာ ၄၄-ပါး** - ထိုနာနတ္တသညာတို့သည်

| | | |
|---|---|---|
| အကုသိုလ်သညာ | ၁၂ ပါး | |
| အကုသလဝိပါက်သညာ | ၂ ပါး | (သမ္ပဋိစ္ဆိုန်း ၁ + သန္တီရဏ ၁ ) |
| ကာမကုသိုလ်သညာ | ၈ ပါး | |
| ကာမကုသလဝိပါက်သညာ | ၁၀ ပါး | (မဟာဝိပါက် ၈ + သမ္ပဋိစ္ဆိုန်း ၁ + သန္တီရဏ ၂) |
| ကာမကြိယာသညာ | ၁၁ ပါး | (မဟာကြိယာ ၈ + အဟိတ်ကြိယာ ၃ ) |
| ပေါင်း | ၄၄ ပါး | ဖြစ်ပါသည်။ |

**အရူပဘာဝဠ်ရှိသော နာနတ္တသညာ ၂၇ ပါး**

နာနတ္တသညာ ၄၄ပါးအနက်မှ ပထမအရူပစျာန်ကြောင့်ဖြစ်သော အရူပဘာဝဠ် ရှိသည့် နာနတ္တသညာ ၂၇ ပါးတို့မှာ - ကာမကုသိုလ်သညာ ၈ ပါး၊ မနောဒွါရာဝဇ္ဇန်း နှင့်တကွကာမကြိယာသညာ ၉-ပါးနှင့် အကုသိုလ်သညာ ၁၀ ပါးတို့ ဖြစ်သည်။

ပထမအရူပစျာန်ကို ဝင်စားနေသူသည် ဤ ၂၇-ပါးသော နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့်သာလျှင် ထိုအရူပစျာန်ကို ဝင်စားနိုင်၏။ ထို ၂၇ ပါးသော နာနတ္တသညာတို့ကို နှလုံးသွင်းနေလျှင်မူကား ထိုအရူပသမာပတ်ကို မဝင်စားသူသာ ဖြစ်ပေ၏။

**ရူပသညာ၊ ပဋိဃသညာ၊ နာနတ္တသညာတို့နှင့်စပ်၍ အကျဉ်းချုပ်မှတ်ရန်**

*"ရူပသညာနံ သမတိက္ကမာ"*– ရူပသညာတို့ကို လွန်မြောက်ခြင်းကြောင့်ဟူသော ဤပုဒ်ဖြင့် ရူပါဝစရတရားအားလုံးကို ပယ်ခြင်းကို ပြတော်မူ၏။

*"ပဋိဃသညာနံ အတ္ထင်္ဂမာ"*– ပဋိဃသညာတို့၏ချုပ်ခြင်းကြောင့်ဟူသောပုဒ်နှင့်

*"နာနတ္တသညာနံ အမနသိကာရာ"*– နာနတ္တသညာတို့ကို နှလုံးမသွင်းခြင်းကြောင့် ဟူသောပုဒ်တို့ဖြင့် ကာမာဝစရစိတ်စေတသိက်အားလုံးကို ပယ်ခြင်းကိုလည်းကောင်း နှလုံးမသွင်းခြင်းကိုလည်းကောင်း ဟောတော်မူ၏။

**အနန္တော အာကာသော** - ဤအာကာသ၌ ဖြစ်ခြင်းဟူသော အဆုံးအပိုင်းအခြား လည်းမရှိ၊ ပျက်ခြင်းဟူသော အဆုံးအပိုင်းအခြားလည်း မရှိပေ။ ထို့ကြောင့် ယင်းအာကာသသည် '*အနန္တအာကာသ*'မည်၏။ 'အဆုံးအပိုင်းအခြားမရှိသောကောင်းကင်'ဟု ဆိုလို၏။

ကသိုဏ်းရုပ်ကို ခွာခြင်းဖြင့်ပြီးစီးသောကောင်းကင်ကို အာကာသဟုဆို၏၊ ဤ အာကာသသည် အဆုံးအပိုင်းအခြားမရှိဟု နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့်လည်း အနန္တ-အဆုံးအပိုင်းအခြားမရှိဟု သိအပ်၏။ ထို့ကြောင့် '*အနန္တော အာကာသော*- အဆုံးအပိုင်းအခြားမရှိသောကောင်းကင်'ဟု ဆိုအပ်၏။

**အာကာသာနဉ္စာယတန မည်ပုံ**

ဖြစ်ခြင်း၊ ပျက်ခြင်း အဆုံးအပိုင်းအခြားမရှိသော အာကာသကို အနန္တအာကာသ (ဝါ) အာကာသာနန္တ မည်၏။ အာကာသာနန္တသည်ပင်လျှင် အာကာသာနဉ္စ မည်၏။ အဆုံးအပိုင်းအခြားမရှိသောကောင်းကင်ဟူသော 'အာကာသာနဉ္စ'သည် ယှဉ်ဖက် တရားတို့နှင့်တကွဖြစ်သော စျာန်၏တည်ရာ 'အာယတန' ဖြစ်သောကြောင့် "အာကာ သာနဉ္စာယတန"မည်၏။ နတ်'ဒေဝ'တို့၏တည်ရာ 'အာယတန'သည် 'ဒေဝါ ယတန'မည်သကဲ့သို့ပင်တည်း။

## ၂ ဝိညာဏဥ္စာယတနကမ္မဋ္ဌာန်း

**ပွားများပုံ အစီအရင်**

ဝိညာဏဥ္စာယတနကမ္မဋ္ဌာန်းကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် အာကာသာနဥ္စာယတနစျာန်သမာပတ်ကို ဝသီဘော်ငါးတန်ဖြင့် ကျွမ်းကျင်နိုင်နင်းအောင် လေ့ကျင့်ထားရမည်။ အာကာသာနဥ္စာယတနသမာပတ်မှထကာ ဤသို့ဆင်ခြင်၏- "ဤအာကာသာနဥ္စာယတနသမာပတ်သည် ရူပါဝစရစျာန်ဟူသည့် ရန်သူနှင့်နီးကပ်၏၊ ဝိညာဏဥ္စာယတနသမာပတ်ကဲ့သို့လည်း မငြိမ်သက်ပေ"ဟု အာကာသာနဥ္စာယတနစျာန်၌ အပြစ်ကိုမြင်ပြီးလျှင် ယင်းစျာန်၌ တပ်မက်တွယ်တာမှု-တဏှာကို ကုန်ခမ်းစေ၍ ဝိညာဏဥ္စာယတနစျာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းပြီးလျှင် အနန္တအာကာသကိုအာရုံပြုသော အာကာသာနဥ္စာယတနဝိညာဏ်(စိတ်)ကို "ဝိညာဏ်၊ ဝိညာဏ်"ဟူ၍ အဖန်တလဲလဲ နှလုံးသွင်းအပ်၏၊ ဆင်ခြင်သုံးသပ်အပ်၏၊ ကြံစည်မှု-ဝိတက်ဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း၊ အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သလို အဖန်ဖန်နှလုံးသွင်းခြင်းကို ပြုအပ်၏။ အနန္တ-အနန္တ-အဆုံးအပိုင်းအခြားမရှိဟူ၍ကား နှလုံးမသွင်းအပ်ပေ။

**ဝိညာဏဥ္စာယတနစျာန်ဖြစ်ပုံ**

ထိုသို့ အာကာသာနဥ္စာယတနဝိညာဏ်နိမိတ်၌ ဘာဝနာစိတ်ကို အဖန်တလဲလဲဖြစ်စေသော ယောဂီအား နီဝရဏတို့သည် ကွာကုန်၏၊ အာကာသာနဥ္စာယတနဝိညာဏ်လျှင် အာရုံရှိသောအမှတ်ရမှု-သတိသည် ကောင်းစွာတည်၏။ ဥပစာရသမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာတည်ကြည်၏။ ထိုယောဂီသည် ထိုအာကာသာနဥ္စာယတန ဝိညာဏ်ဟူသောနိမိတ်ကို ဆက်လက်၍ အဖန်တလဲလဲမှီဝဲ၏၊ ဘာဝနာစိတ်ကို ပွားစေ၏၊ အကြိမ်များစွာ အလေ့အလာပြု၏။

ဤသို့ပြုသောယောဂီအား အာကာသ၌ပြန့်နှံ့၍ဖြစ်သော အာကာသာနဥ္စာ ယတနဝိညာဏ်၌ ဝိညာဏဥ္စာယတနစျာန်စိတ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏။ ဤစျာန်၌ အပ္ပနာဖြစ်ပုံနည်းကို ပထမအရူပစျာန်၌ဆိုခဲ့သောနည်းဖြင့်ပင်လျှင် သိအပ်၏။

**ဝိညာဏဥ္စာယတနစျာန်ဖြစ်ပုံ ပါဠိတော်**

*သဗ္ဗသော အာကာသာနဥ္စာယတနံ သမတိက္ကမ္မ*

*အနန္တံ ဝိညာဏံ ဝိညာဏဥ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟာရတိ။*

*သဗ္ဗသော* – ခပ်သိမ်းသောအခြင်းအရာအားဖြင့်

(၁) အာကာသာနဥ္စာယတနစျာန်နှင့်အာရုံကို လွန်မြောက်၍

(၂) '*အနန္တံဝိညာဏံ*' – အဆုံးအပိုင်းအခြားမရှိသော ဝိညာဏ်ဟုနှလုံးသွင်းလျက် ဝိညာဏဥ္စာယတနစျာန်သို့ ရောက်၍နေ၏။

**ပါဠိပုဒ်များကို အဓိပ္ပါယ်ဖွင့်ဆိုချက်**

*အာကာသာနဉ္စာယတန*– အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ပညတ်အာရုံ ဟူသော အာကာသာနဉ္စသည် ပထမအရူပဈာန်၏တည်ရာ, အာရုံဖြစ်သောကြောင့် ထိုကောင်းကင်ပညတ်အာရုံ-အာကာသာနဉ္စကို '*အာကာသာနဉ္စာယတန*'ဟုခေါ်၏။ ဥပမာ-နတ်ဒေဝါတို့၏တည်ရာကို '*ဒေဝါယတန*'ဟု ခေါ်ဆိုသကဲ့သို့ဖြစ်၏။

ထို့အတူ အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ပညတ်အာရုံဟူသော အာကာသာနဉ္စသည် ပထမအရူပဈာန်၏ ဖြစ်ရာအကြောင်းဖြစ်သောကြောင့် ထိုဈာန်ကို '*အာကာသာနဉ္စာယတန*'ဟု ခေါ်ပါသည်။ ဥပမာ ကမ္ဘောဇတိုင်းသည် မြင်းတို့၏ဖြစ်ရာဖြစ်သောကြောင့် ကမ္ဘောဇတိုင်း၌ဖြစ်သောမြင်းကို '*ကမ္ဘောဇမြင်း*'ဟု ခေါ်ဆိုသကဲ့သို့ ဖြစ်၏။

*အာကာသာနဉ္စာယတနံ သမတိက္ကမ္မ* – အာကာသာနဉ္စာယတနဈာန်နှင့် ထိုဈာန်၏ အာရုံဖြစ်သော အဆုံးအပိုင်းအခြားမရှိသည့် ကောင်းကင်ပညတ်နှစ်ပါးစုံကို မဖြစ်အောင်ပြုခြင်း၊ နှလုံးမသွင်းခြင်းကိုပင် '*အာကာသာနဉ္စာယတနံ သမတိက္ကမ္မ*'– အာကာသာနဉ္စာယတနကို လွန်မြောက်ခြင်းဟု ခေါ်၏။ အာကာသာနဉ္စာယတနကို လွန်မြောက်မှသာလျှင် ဝိညာဏဉ္စာယတနဈာန်သို့ ရောက်၏။

***အနန္တံ ဝိညာဏံ*** – အနန္တောအာကာသောဟူသည့် အဆုံးအပိုင်းအခြားမရှိသော ကောင်းကင်ကိုပြန့်နှံ့၍ နှလုံးသွင်း၍ဖြစ်သော အာကာသာနဉ္စာယတနဈာန်စိတ်ကို ပင်လျှင် '*အနန္တံဝိညာဏံ*'– အဆုံးအပိုင်းအခြားမရှိသောဝိညာဏ်ဟု ခေါ်၏။

***ဝိညာဏဉ္စာယတန*** – အဆုံးအပိုင်းအခြားမရှိခြင်းသည် အနန္တမည်၏၊ အနန္တသည်ပင် အာနဉ္စမည်၏၊ ထို့ကြောင့် အဆုံးအပိုင်းအခြားမရှိသော အကာသာနဉ္စာယတန ဝိညာဏ်ကို ဝိညာဏနှင့် အာနဉ္စတွဲ၍ ဝိညာဏာနဉ္စဟု ဆိုသင့်ပါလျက် ထိုသို့မဆိုဘဲ ရုဠှီ သဒ္ဒါနည်းဖြင့် *ဝိညာဏဉ္စ* ဟုဆို၏။ ထိုဝိညာဏဉ္စသည် (ဝါ)အဆုံးအပိုင်းအခြား မရှိသော အာကာသာနဉ္စာယတနဝိညာဏ်သည် ယှဉ်ဖက်တရားတို့နှင့်တကွဖြစ်သော ဒုတိယအရူပဈာန်၏အာရုံ (ဝါ) တည်ရာအာယတနပေတည်း။ ထို့ကြောင့် ဝိညာဏဉ္စ နှင့် *အာယတန* တွဲ၍ '*ဝိညာဏဉ္စာယတန*' ဖြစ်၏။ ထို့ကြောင့် ဒုတိယအရူပဈာန်၏ အာရုံသည် '*ဝိညာဏဉ္စာယတန*'မည်၏။ နတ် '*ဒေဝါ*'တို့၏တည်ရာ '*အာယတန*'သည် '*ဒေဝါယတန*'မည်သကဲ့သို့ပင်တည်း။

ဝိညာဏဉ္စာယတနကို အာရုံပြု၍ဖြစ်သောဈာန်ကို ဝိညာဏဉ္စာယတနဈာန်ဟု ခေါ်၏။ ကမ္ဘောဇတိုင်းသည် မြင်းတို့၏ဖြစ်ရာဖြစ်သောကြောင့် ကမ္ဘောဇတိုင်း၌ဖြစ် သောမြင်းကို ကမ္ဘောဇမြင်းဟု ခေါ်သကဲ့သို့တည်း။

## ၃ အာကိဉ္စညာယတနကမ္မဋ္ဌာန်း

### ပွားများပုံအစီအရင်

အာကိဉ္စညာယတနကမ္မဋ္ဌာန်းကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနစျာန်သမာပတ်ကို ဝသီဘော်ငါးတန်ဖြင့် ကျွမ်းကျင်နိုင်နင်းအောင် လေ့ကျင့်ထားရမည်။ ဝိညာဏဉ္စာယတနသမာပတ်မှထကာ ဤသို့ဆင်ခြင်၏- "ဤဝိညာဏဉ္စာယတနသမာပတ်သည် အာကာသာနဉ္စာယတနစျာန်ဟူသော ရန်သူနှင့်နီးကပ်၏၊ အာကိဉ္စညာယတနစျာန်ကဲ့သို့လည်း မငြိမ်သက်ပေ"ဟု ဝိညာဏဉ္စာယတနစျာန်၌ အပြစ်ကိုမြင်ပြီးလျှင် ယင်းစျာန်၌ တပ်မက်တွယ်တာမှု-တဏှာကို ကုန်ခမ်းစေ၍ အာကိဉ္စညာယတနစျာန်ကို ငြိမ်သက်သောအားဖြင့်နှလုံးသွင်းပြီးလျှင် ဝိညာဏဉ္စာယတနစျာန်၏အာရုံဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်၏မရှိခြင်းဟူသည့် '**နတ္ထိဘောပညတ်**'ကို ဆိတ်ခြင်း၊ ကင်းခြင်းအခြင်းအရာအားဖြင့် နှလုံးသွင်းအပ်၏။

အဘယ်သို့နှလုံးသွင်းအပ်သနည်းဟူမူကား ထိုအာကာသာနဉ္စာယတနဝိညာဏ်ကို နှလုံးမသွင်းမူ၍ "နတ္ထိ၊ နတ္ထိ၊ မရှိ၊ မရှိ"ဟူ၍ဖြစ်စေ၊ "သုညံ၊ သုညံ၊ ဆိတ်၏၊ ဆိတ်၏" ဟူ၍ဖြစ်စေ၊ "ဝိဝိတ္တံ၊ ဝိဝိတ္တံ၊ ကင်း၏၊ ကင်း၏"ဟူ၍ဖြစ်စေ၊ အဖန်တလဲလဲနှလုံးသွင်း ဆင်ခြင်အပ်၏၊ ရှုအပ်၏၊ ကြံစည်မှု-ဝိတက်ဖြင့် ထုနှက်သလိုနှလုံးသွင်းခြင်း၊ အထူးကြံစည်မှုဖြင့်လှည့်ပတ်၍ထုနှက်သလို အဖန်ဖန်နှလုံးသွင်းခြင်းကို ပြုအပ်၏။

### အာကိဉ္စညာယတနစျာန်ဖြစ်ပုံ

ထိုသို့ နတ္ထိဘောပညတ်ဟုဆိုအပ်သော အာရုံနိမိတ်၌ ဘာဝနာစိတ်ကို အဖန်တလဲလဲဖြစ်စေသောယောဂီအား နီဝရဏတို့သည် ကွာကုန်၏၊ နတ္ထိဘောပညတ်နိမိတ်လျှင် အာရုံရှိသော အမှတ်ရမှု-သတိသည် ကောင်းစွာတည်၏၊ ဥပစာရသမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာတည်ကြည်၏။ ထိုယောဂီသည် ထိုနတ္ထိဘောပညတ်နိမိတ်ကို အဖန်တလဲလဲမှီဝဲ၏၊ ဘာဝနာစိတ်ကို ပွားစေ၏၊ အကြိမ်များစွာ အလေ့အလာပြု၏။ ဤသို့ပြုသောယောဂီအား အာကာသ၌ပြန့်နှံ့၍ဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်၏ ဆိတ်ခြင်း၊ ကင်းခြင်း၊ မရှိခြင်းဟူသော နတ္ထိဘောပညတ်၌ အာကိဉ္စညာယတနစိတ်သည် အပ္ပနာ၏အစွမ်းဖြင့်ဖြစ်၏။ ဤစျာန်၌လည်း အပ္ပနာဖြစ်ပုံနည်းကို ပထမအရူပစျာန်၌ဆိုခဲ့သောနည်းဖြင့်ပင်လျှင် သိအပ်၏။

### နတ္ထိဘောပညတ်ကိုရှုမြင်ပုံဥပမာ

လူတစ်ယောက်သည် တန်ဆောင်း၌ စည်းဝေးနေသော ရဟန်းတော်များကို တွေ့မြင်ပြီးနောက် တစ်ခုသောအရပ်သို့ ထွက်သွား၏။ အစည်းအဝေးပြီးဆုံး၍ ရဟန်းတော်များအသီးသီးဖဲခွာသွားပြီးသည့်အခါမှ ထိုလူပြန်ရောက်လာ၏။ ရဟန်းတော်များစည်းဝေးရာဌာနကို ကြည့်ရှုလတ်သော် ရဟန်းတို့မှကင်းဆိတ်နေသည်ကို တွေ့မြင်၏။

ထိုလူသည် "ရဟန်းတို့သေကုန်ပြီလော၊ အရပ်အသီးသီးသို့ ခရီးထွက်သွားကြပြီလော" ဟု မကြံတွေးမိဘဲ "ဤဌာန၌ ရဟန်းတို့မှ ကင်းဆိတ်နေ၏"ဟု ရဟန်းတို့၏မရှိခြင်းကို သာ တွေ့မြင်သကဲ့သို့၊ ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရှေးက အနန္တအာကာသကို အာရုံ ပြု၍ဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်ကို ဝိညာဏဉ္စာယတနစျာန်မျက်စိဖြင့် ရှုလျက်နေခဲ့၏။ ယခုအခါ ယင်းအာကာသာနဉ္စာယတနဝိညာဏ်ကွယ်သွားလတ် သော် ထိုအာကာသာနဉ္စာယတနဝိညာဏ်၏ ကင်းဆိတ်ခြင်း၊ မရှိခြင်းဟူသော "နတ္ထိ ဘာဝ ညတ်"ကို ဘာဝနာစိတ်ဖြင့် ရှုလျက်နေ၏။

**အာကိဉ္စညာယတနစျာန်ဖြစ်ပုံ ပါဠိတော်**

*သဗ္ဗသော ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ*

*နတ္ထိကိဉ္စီတိ အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။*

သဗ္ဗသော –ခပ်သိမ်းသောအခြင်းအရာအားဖြင့်

(၁) ဝိညာဏဉ္စာယတနစျာန်နှင့် အာရုံကို လွန်မြောက်၍

(၂) စိုးစဉ်းအနည်းငယ်မျှမရှိဟု နှလုံးသွင်းလျက် အာကိဉ္စညာယတနစျာန်သို့ ရောက်၍နေ၏။

**ပါဠိပုဒ်များကို အဓိပ္ပါယ်ဖွင့်ဆိုချက်**

***ဝိညာဏဉ္စာယတန*** – အထက်တွင် အဓိပ္ပါယ်ဖွင့်ဆိုခဲ့သည့်အတိုင်း 'ဝိညာဏဉ္စာ ယတန'သည် ဒုတိယအရူပစျာန်လည်းဖြစ်၏၊ ဒုတိယအရူပစျာန်၏အာရုံလည်းဖြစ်၏။

***ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ*** – ဝိညာဏဉ္စာယတနစျာန်နှင့် အာရုံနှစ်ပါးစုံကို မဖြစ်အောင်ပြုခြင်း၊ နှလုံးမသွင်းခြင်းဖြင့် လွန်မြောက်စေ၏။ ဝိညာဏဉ္စာယတနစျာန် နှင့်အာရုံ လွန်မြောက်မှသာလျှင် အာကိဉ္စညာယတနစျာန်သို့ ရောက်၏။

***နတ္ထိကိဉ္စိ*** – "နတ္ထိ၊ နတ္ထိ၊ မရှိ၊ မရှိ"ဟူ၍လည်းကောင်း၊ "သုညံ၊ သုညံ၊ ဆိတ်၏၊ ဆိတ် ၏"ဟူ၍လည်းကောင်း၊ "ဝိဝိတ္တံ၊ ဝိဝိတ္တံ၊ ကင်း၏၊ ကင်း၏"(ကင်းဆိတ်၏)ဟူ၍ လည်းကောင်း နှလုံးသွင်းခြင်းကို ဆိုလို၏။

***အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ*** – အာကိဉ္စညာယတနစျာန်သို့ ရောက်၍ နေ၏၊ အာကိဉ္စညာယတနစျာန်ကို ပြည့်စုံစေ၍ နေ၏။ ဤစကားရပ်၌ အာကာသာ နဉ္စာယတနစျာန်စိတ်၏ စိုးစဉ်းအနည်းငယ်မျှပင် အကြွင်းမရှိခြင်းကို ညွှန်ပြ၏၊ ထို စျာန်စိတ်၏ အကြွင်းအကျန်သည် အယုတ်ဆုံးအားဖြင့် တစ်ခဏမျှသော်လည်း မရှိ တော့ဟု ဆိုလို၏။ ယင်းစိတ်၏စိုးစဉ်းအနည်းငယ်မျှ မရှိခြင်းကို အကိဉ္စနဟုခေါ်၏၊ စိုးစဉ်းအနည်းငယ်မျှပင် အကြွင်းအကျန်မရှိသော စျာန်စိတ်၏အဖြစ်သည် အာကိဉ္စ ညမည်၏။ ဤအမည်သည် အာကာသာနဉ္စာယတနဝိညာဏ်၏ ကင်းခြင်း၊ မရှိခြင်း၏ အမည်ပေတည်း။

နတ်ဒေဝါတို့၏နေရာသည် ဒေဝါယတနမည်သကဲ့သို့ ထိုအာကာသာနဉ္စာယတန ဝိညာဏ်၏စိုးစဉ်းမျှမရှိခြင်းဟူသော 'အာကိဉ္စည'သည် ယှဉ်ဖက်တရားအပေါင်းနှင့် တကွ တတိယအရူပဈာန်၏အာရုံ(ဝါ)တည်ရာ-အာယတနဖြစ်သောကြောင့် တတိယ အရူပဈာန်သည် "အာကိဉ္စညာယတန"မည်၏။

## ၄ နေဝသညာနာသညာယတနကမ္မဋ္ဌာန်း

### ပွားများပုံအစီအရင်

နေဝသညာနာသညာယတနကမ္မဋ္ဌာန်းကို ပွားများလိုသော ယောဂီပုဂ္ဂိုလ်သည် အာကိဉ္စညာယတနဈာန်သမာပတ်ကို ဝသီဘော်ငါးတန်ဖြင့် ကျွမ်းကျင်နိုင်နင်းအောင် လေ့ကျင့်ထားရမည်။ အာကိဉ္စညာယတနသမာပတ်မှ ထကာ ဤသို့ဆင်ခြင်၏-"ဤ အာကိဉ္စညာသမာပတ်သည် ဝိညာနဉ္စာယတနဈာန်ဟူသော ရန်သူနှင့်နီးကပ်၏၊ နေဝသညာနာသညာယတနဈာန်ကဲ့သို့လည်း မငြိမ်သက်ပေ"ဟူ၍လည်းကောင်း၊ "သညာသည်ရောဂါနှင့်တူ၏၊ သညာသည်အိုင်းအမာနှင့်တူ၏၊ သညာသည်စူးဝင်နေ သောမြား၊ ငြောင့်နှင့်တူ၏။ ကြမ်းတမ်းသောသညာမရှိ၍ သိမ်မွေ့သည့်သညာမကင်း သော နေဝသညာနာသညာယတနဈာန်သည် ငြိမ်သက်၏၊ မွန်မြတ်၏"ဟူ၍လည်း ကောင်း၊ ဤသို့ အာကိဉ္စညာယတနဈာန်၌ အပြစ်ကိုမြင်၍ အထက်စတုတ္ထအရူပဈာန် ၏အကျိုးကိုမြင်၏။

ထိုအခါ အာကိဉ္စညာယတနဈာန်၌ တပ်မက်တွယ်တာမှု - တဏှာကို ကုန်ခမ်းစေ ၍ နေဝသညာနာသညာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းပြီးလျှင် နတ္ထိဘောပညတ်ကို အာရုံပြု၍ဖြစ်သော အာကိဉ္စညာယတနသမာပတ်ကို "ငြိမ် သက်ပေစွ၊ ငြိမ်သက်ပေစွ"ဟု အဖန်တလဲလဲနှလုံးသွင်းအပ်, ဆင်ခြင်အပ်၏၊ ရှုအပ်၏၊ ကြံစည်မှု-ဝိတက်ဖြင့် ထုနှက်သလိုနှလုံးသွင်းခြင်း၊ အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သလို အဖန်ဖန်နှလုံးသွင်းခြင်းကို ပြုအပ်၏။

### နေဝသညာနာသညာယတနဈာန် ဖြစ်ပုံ

ဤသို့ အာကိဉ္စညာယတနသမာပတ်ဟူသောအာရုံနိမိတ်၌ ဘာဝနာစိတ်ကို အဖန် တလဲလဲဖြစ်စေသောယောဂီအား နီဝရဏတို့သည် ကွာကုန်၏၊ အာကိဉ္စညာယတန သမာပတ်လျှင် အာရုံရှိသောအမှတ်ရမှုသတိသည် ကောင်းစွာတည်၏၊ ဥပစာရသမာ ဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာတည်ကြည်၏။ ထိုယောဂီသည် ထိုအာကိဉ္စညာ ယတနသမာပတ်ဟူသည့် အာရုံနိမိတ်ကို အဖန်တလဲလဲမှီဝဲ၏၊ ဘာဝနာစိတ်ကို ပွား စေ၏၊ အကြိမ်များစွာ အလေ့အလာပြု၏။ ဤသို့ပြုသောယောဂီအား အာကိဉ္စညာ ယတနသမာပတ်ဟုဆိုအပ်သော လေးပါးသောခန္ဓာတို့၌ နေဝသညာနာသညာယတန ဈာန်စိတ်သည် အပ္ပနာ၏အစွမ်းဖြင့် ဖြစ်၏။ ဤဈာန်၌ အပ္ပနာဖြစ်ပုံနည်းကို ဆိုခဲ့ ပြီးသောနည်းဖြင့် သိအပ်၏။

**နေဝသညာနာသညာယတနစျာန်ဖြစ်ပုံ ပါဠိတော်**

*သဗ္ဗသော အာကိဉ္စညာယတနံ သမတိက္ကမ္မ*

*နေဝသညာနာသညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။*

သဗ္ဗသော – ခပ်သိမ်းသောအခြင်းအရာအားဖြင့်

(၁) အာကိဉ္စညာယတနစျာန်နှင့် အာရုံကိုလွန်မြောက်၍

(၂) နေဝသညာနာသညာယတနစျာန်သို့ ရောက်၍နေ၏။

**ပါဠိပုဒ်များကို အဓိပ္ပါယ်ဖွင့်ဆိုချက်**

***အာကိဉ္စညာယတနံ သမတိက္ကမ္မ*** – ဤပုဒ်၌ ရှေ့တွင်ဆိုခဲ့ပြီးသောနည်းအတိုင်း စျာန်သည်လည်း အာကိဉ္စညာယတနမည်၏၊ အာရုံသည်လည်း အာကိဉ္စညာယတန မည်၏။ ဤအာကိဉ္စညာယတနစျာန်နှင့် အာရုံနှစ်ပါးစုံကို မဖြစ်အောင်ပြုခြင်း နှလုံးမသွင်းခြင်းဖြင့် လွန်မြောက်စေ၏။ အာကိဉ္စညာယတနစျာန်နှင့်အာရုံကို လွန်မြောက်မှသာလျှင် နေဝသညာနာသညာယတနစျာန်သို့ ရောက်၏။

**နေဝသညာနာသညာယတနံ** – ဤပုဒ်၌ အလွန်သိမ်မွေ့သောသညာရှိခြင်းကြောင့် စတုတ္ထအရူပစျာန်ကို "နေဝသညာနာသညာယတန"ဟု ခေါ်၏။ ဤအလွန်သိမ်မွေ့သည့် သညာကိုရှေးဦးစွာပြခြင်းငှာ ဝိဘင်းပါဠိတော်၌ "နေဝသညီနာသညီ – သညာရှိသည်လည်းမဟုတ်၊ သညာမရှိသည်လည်းမဟုတ်"ဟူသောပုဒ်ကို ထုတ်ပြပြီးလျှင်၊

"ထိုအာကိဉ္စညာယတနသမာပတ်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၏၊ ရှန့်ရင်းသည့်သင်္ခါရတို့မှကြွင်းသော အလွန်သိမ်မွေ့သည့်သင်္ခါရမျှဖြစ်သော စတုတ္ထအရူပစျာန်သမာပတ်ကို ဖြစ်စေ၊ ပွားစေ၏။ ထို့ကြောင့် နေဝသညီနာသညီဟု ဆိုအပ်၏"ဟု ဟောတော်မူသည်။

အထက်ပါစကားရပ်၌ "ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၏"ဟူသည်ကား "ဤအာကိဉ္စညာယတနသမာပတ်သည် ငြိမ်သက်ပေစွ၊ ယင်းသို့ငြိမ်သက်သောကြောင့်ပင် အာကာသာနဉ္စာယတနဝိညာဏ်၏ မရှိခြင်းဟူသော နတ္ထိဘောပညတ်ကိုသော်လည်း အာရုံပြု၍ အံ့ဩစရာတည်နိုင်ပါပေ၏"ဟု ဤသို့ငြိမ်သက်သည့်အာရုံရှိခြင်း ကြောင့် ထိုအာကိဉ္စညာယတနသမာပတ်ကို ငြိမ်သက်ပေစွဟု နှလုံးသွင်းခြင်းဖြစ်၏။

ငြိမ်သက်သောအားဖြင့် အကယ်၍နှလုံးသွင်းအံ့၊ အဘယ်ကြောင့် လွန်မြောက်ခြင်း ဖြစ်သနည်းဟူမူ ဝင်စားရန်အလိုမရှိခြင်းကြောင့် လွန်မြောက်ခြင်းဖြစ်၏ဟု သိအပ်၏။ ထင်ရှားစေအံ့။ ထိုယောဂီသည် ထိုအာကိဉ္စညာယတနသမာပတ်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းငြားသော်လည်း "ငါသည် ဤအာကိဉ္စညာယတနသမာပတ်ကို နှလုံးသွင်းအံ့၊ ဝင်စားအံ့၊ ဆောက်တည်အံ့၊ ထအံ့၊ ဆင်ခြင်အံ့ဟု ဤသို့ကြံရွယ်ခြင်း၊ စိတ်သို့ဆောင်ခြင်း၊ နှလုံးသွင်းခြင်းသည်မရှိပေ။ အဘယ့်ကြောင့်နည်းဟူမူ အာကိဉ္စညာယတနစျာန်ထက် နေဝသညာနာသညာယတနစျာန်က သာ၍ငြိမ်သက်ခြင်း၊

သာ၍ကောင်းမွန်ခြင်းကြောင့်တည်း။

ဥပမာပြရသော် ဘုရင်မင်းမြတ်သည် ကြီးကျယ်သောအခြံအရံဖြင့် မြို့လမ်း၌လှည့်လည်စဉ် ပန်းပွတ်သမားစသည့်အတတ်ပညာရှင်တို့ အလုပ်လုပ်နေကြသည်ကိုမြင်၍ "မင်းချင်းတို့. . . ဤပန်းပွတ်ပညာရှင်တို့သည် တတ်ကျွမ်းကြပေစွတကား၊ ဆန်းကြယ်သည့် အတတ်ပညာအမှုတို့ကို ပြုလုပ်နိုင်ပါပေ၏"ဟု ချီးမွမ်း၏၊ နှစ်သက်အားရ၏။ သို့သော်လည်း "ငါသည် မင်းအဖြစ်ကိုစွန့်၍ ဤသို့သောအတတ်ပညာရှင်ဖြစ်ရမူ ကောင်းလေစွ"ဟု အကြံအစည်ကား မဖြစ်ပေ။ အဘယ်ကြောင့်နည်းဟူမူ မင်းအဖြစ်သည် ပန်းပွတ်အတတ်ပညာရှင်အဖြစ်ထက် များစွာသာလွန်၍ ကျက်သရေမင်္ဂလာစည်းစိမ်ဥစ္စာ ပိုကြီးကျယ်သောကြောင့်တည်း။

ထို့ကြောင့် ထိုမင်းသည် အတတ်ပညာရှင်တို့ကို မက်မောတွယ်တာခြင်းမရှိဘဲ ကျော်လွန်၍သွား၏။ ထို့အတူပင် ယောဂီပုဂ္ဂိုလ်သည်လည်း ထိုအာကိဉ္စညာသမာပတ်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းငြားသော်လည်း "ငါသည် အာကိဉ္စညာယတနသမာပတ်ကို နှလုံးသွင်းအံ့၊ ဝင်စားအံ့၊ ဆောက်တည်အံ့၊ ထအံ့၊ ဆင်ခြင်အံ့"ဟု ဤသို့ကြံရွယ်ခြင်း၊ စိတ်သို့ဆောင်ခြင်း၊ နှလုံးသွင်းခြင်းသည် မရှိပေ။ ထိုယောဂီသည် အာကိဉ္စညာယတနသမာပတ်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းလျက် အကြိမ်များစွာ အဖန်တလဲလဲမှီဝဲပွားများရာ ရှန့်ရင်းသောသင်္ခါရတို့မှကြွင်းသော အလွန်သိမ်မွေ့ခြင်းသို့ရောက်သည့် သင်္ခါရရှိသော စတုတ္ထအရူပဈာန်သမာပတ် (သင်္ခါရာဝသေသ သမာပတ်= သင်္ခါရအကြွင်းအကျန်ရှိသောသမာပတ်)သို့ ရောက်၏။

(သင်္ခါရဟူသည်မှာ နာမ်ရုပ်တရားများကို ရည်ညွှန်း၏။ စတုတ္ထအရူပဈာန်၌ပါဝင်သည့် စိတ်စေတသိက်အားလုံးပင် အလွန်သိမ်မွေ့ကြ၏။)

**နေဝသညာနာသညာယတန မည်ပုံ**

(၁) နေဝသညာ နာသညာယတနဈာန်ကို ဝင်စားသော ပုထုဇဉ်သေက္ခပုဂ္ဂိုလ်၊ နေဝသညာနာသညာယတနဘုံ၌ ဖြစ်သောပုဂ္ဂိုလ်၊ မျက်မှောက်ဘဝ၌ ထိုဈာန်ဖြင့် ချမ်းသာစွာနေသောရဟန္တာပုဂ္ဂိုလ်အသီးသီးတို့၏ ကုသိုလ်, ဝိပါက်, ကြိယာစိတ်, စေတသိက်တရားတို့သည် နေဝသညာ နာသညာယတနမည်၏။

ထိုသုံးဦးသောပုဂ္ဂိုလ်တို့တွင် နေဝသညာနာသညာယတနဈာန်ဝင်စားသော ပုဂ္ဂိုလ်၏ ကုသိုလ်စိတ်စေသသိက်တရားတို့ကို နေဝသညာနာသညာယတနဟု ဆိုလို၏။ ဤ၌ ရှန့်ရင်းသောသညာမရှိဘဲ သိမ်မွေ့သည့်သညာကား ရှိသောကြောင့် ယှဉ်ဖက်တရားအပေါင်းနှင့်တကွဖြစ်သော ဤအရူပစတုတ္ထဈာန်၌ ရှန့်ရင်းသည့်သညာမရှိ၊ သိမ်မွေ့သောသညာ မရှိသည်လည်းမဟုတ်ဟူသောအကြောင်းကြောင့် နေဝသညာ နာသညာ မည်၏။ နေဝသညာ နာသညာမည်သော ထိုဈာန်သည် မနာယတန၊ ဓမ္မာ

ယတနာ တို့တွင် အကျုံး ဝင်သောကြောင့် အာယတနလည်းမည်၏။ သို့ဖြစ်၍ နေဝ သညာနာသညာယတန မည်ပေ၏။

(၂) တစ်နည်းကား စတုတ္ထအရူပဈာန်၌ရှိသောသညာသည် ဝိပဿနာ၏အာရုံ ဖြစ်လျက် ငြီးငွေ့ခြင်းကိုဖြစ်စေသည့် ထင်ရှားသောသညာကိစ္စကိုပြုရန် မစွမ်းနိုင်၊ သို့ အတွက် သညာမမည်။ နေဝသညာ – သညာမဟုတ်ဟု ဆိုရ၏။ တဖန်စတုတ္ထအရူပ ဈာန်၌ ရုန့်ရင်းသောသညာမရှိခြင်းကြောင့် နေဝသညာ – သညာမရှိဟုဖွင့်ဆို၏။ ရုန့်ရင်းသောသင်္ခါရတို့မှ ကြွင်းကျန်သည့် သိမ်မွေ့သောသင်္ခါရအဖြစ်ဖြင့် ထင်ရှားရှိ သောကြောင့် နာသညာ – သညာမရှိသည်လည်းမဟုတ်ပေ။ ထိုနှစ်ပါးသောအကြောင်း တို့ကြောင့် နေဝသညာနာသညာ မည်၏။ နေဝသညာနာသညာအမည်ရသော ထို သညာသည် ကြွင်းသည့်ယှဉ်ဖက်တရားတို့၏ တည်ရာဟူသည့်အနက်ကြောင့် အာယ တနလည်း မည်၏။ ထို့ကြောင့် နေဝသညာနာသညာယတန မည်၏။

(၃) တစ်ဖန်ဆက်လက်၍ ဤစတုတ္ထအရူပဈာန်၌ သညာတစ်ခုတည်းသာလျှင် ဤ သို့သဘောရှိသည်မဟုတ်၊ စင်စစ်အားဖြင့် ဝေဒနာသည်လည်း နေဝဝေဒနာနာဝေဒ နာ – ရုန့်ရင်းသောဝေဒနာမဟုတ်မူ၍ သိမ်မွေ့သည့်ဝေဒနာသာဖြစ်၏၊ စိတ်သည် လည်း နေဝစိတ္တံနာစိတ္တံ – ရုန့်ရင်းသောစိတ်မဟုတ်မူ၍ သိမ်မွေ့သည့်စိတ်သာဖြစ်၏၊ ဖဿသည်လည်း နေဝဖဿနာဖဿ – ရုန်ရင်းသောဖဿမဟုတ်မူ၍ သိမ်မွေ့သည့် ဖဿသာဖြစ်၏။ ကြွင်းသောယှဉ်ဖက်တရားတို့လည်း နည်းတူပင်။ သို့သော် သညာကို ခေါင်းတပ်သောအားဖြင့် ဤဒေသနာကို နေဝသညာနာသညာ ဟူ၍ ဟောထား သည်ဟု သိအပ်၏။

**သပိတ်သုတ်သောဆီဥပမာ**

သာမဏေသည် သပိတ်ကိုဆီသုတ်ပြီးထား၏၊ ယာဂုသောက်မည့်အချိန်၌ မထေရ် ကြီးက သပိတ်ယူလာရန်မိန့်ဆို၏။ သာမဏေက "သပိတ်၌ဆီရှိနေပါသည်"ဟု လျှောက်၏။ မထေရ်ကြီးက "ဆီကိုယူခဲ့၊ ဆီကျည်ထဲထည့်မည်"ဟုဆိုလျှင် သာမဏေ က "ဆီမရှိ ပါဘုရား"ဟု ပြန်လျှောက်၏။

ဤဥပမာ၌ ဆီသုတ်ထားသည့်သပိတ်ကို ကျောင်း၌ တစ်ညဥ့်တာသိမ်းထားပြီးဖြစ် ၍ ယာဂုနှင့်ရောသောက်ရန်မအပ်စပ်သည့်အတွက် "ဆီရှိနေပါသည်"ဟု သာမဏေ ကဆိုခြင်းဖြစ်၏။ ဆီကျည်ထဲထည့်ရန်ကား ဆီမလုံလောက်သည့်အတွက် "ဆီမရှိပါ" ဟု ဆိုခြင်းဖြစ်၏။

ဤအတူပင် ထိုသညာသည်လည်း ထင်ရှားသောသညာကိစ္စကိုပြုရန် မစွမ်းနိုင် သောကြောင့် 'နေဝသညာ' – သညာမဟုတ်သည်မည်၏။ ရုန့်ရင်းသောသင်္ခါရတို့မှ ကြွင်းကျန်သော သိမ်မွေ့သည့်သင်္ခါရအဖြစ်ဖြင့် ထင်ရှားရှိနေသောကြောင့် 'နာသညာ' – သညာမဟုတ်သည်လည်း မဟုတ်ပေ။

**ရေဥပမာ**

ခရီးသွားသောမထေရ်အား ရှေ့ကသွားသောသာမဏေက ရေအနည်းငယ်ကိုမြင်၍ 'ရေရှိသည်၊ ဖိနပ်ချွတ်ပါဘုရား"ဟု လျှောက်ထား၏။ မထေရ်က "ရေရှိလျှင် ရေသနုပ်ကိုယူလာ၊ ရေချိုးမည်"ဟု မိန့်ကြားရာသာမဏေက "ရေမရှိပါဘုရား"ဟု လျှောက်ထားပြန်၏။

ဤဥပမာ၌ ဖိနပ်စိုလောက်ရုံမျှ ရေအနည်းငယ်ရှိသောကြောင့် "ရေရှိသည်"ဟု ဆိုခြင်းဖြစ်၏၊ ရေချိုးရန်ကိစ္စကိုမူ မဆောင်ရွက်နိုင်သည့်အတွက် "ရေမရှိပါ"ဟု ထပ်မံလျှောက်ထားခြင်းဖြစ်သည်။

ဤအတူပင် စတုတ္ထအရူပဈာန်သညာသည် ထင်ရှားသောသညာကိစ္စကို ပြုရန်မစွမ်းနိုင်သောကြောင့် နေဝသညာ – သညာမဟုတ်သည်မည်၏၊ ရုန့်ရင်းသောသင်္ခါရတို့မှကြွင်းသည့် သိမ်မွေ့သောသင်္ခါရအဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် နာသညာ – သညာမဟုတ်သည်လည်းမဟုတ်ပါဟု ဆိုရ၏။

**သညာ၏ကိစ္စ်ဟူသည်မှာ**

(၁) အာရုံကို အမှတ်ပြု၍သိခြင်းကိစ္စနှင့် (၂) ဝိပဿနာ၏အာရုံအဖြစ်သို့ရောက်၍ ငြီးငွေ့ခြင်းဖြစ်စေသည့်ကိစ္စတို့သည် သညာကိစ္စမည်၏။

(၁) စတုတ္ထအရူပဈာန်၌ရှိသောသညာသည် အာရုံကို အမှတ်ပြု၍သိခြင်းကိစ္စကို ထင်ရှားအောင်ပြုရန် မစွမ်းနိုင်ပေ။ ရေအေး၌ရှိသော တေဇောဓာတ်သည် ပူလောင်ခြင်းကိစ္စကိုပြုရန်မစွမ်းဆောင်နိုင်သကဲ့သို့တည်း။

(၂) အခြားဈာန်သမာပတ်တို့၌ရှိသော သညာကဲ့သို့ ဝိပဿနာ၏အာရုံဖြစ်လျက် ငြီးငွေ့ခြင်း-နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေခြင်းငှာလည်း မစွမ်းနိုင်ပေ။ မှန်၏-အခြားခန္ဓာတို့၌အစပြု၍ နှလုံးသွင်းရှုပွားခြင်းကို မပြုဖူးသောရဟန်းသည် အရှင်သာရိပုတ္တရာပင်ဖြစ်သော်လည်း နေဝသညာနာသညာယတနခန္ဓာတို့ကို သုံးသပ်ရှုမှတ်သဖြင့် နိဗ္ဗိဒါဉာဏ်သို့ရောက်ရန် မစွမ်းနိုင်ပါ။ ရှုရိုးရှုစဉ်အတိုင်း ရှုလာခဲ့သောပုဂ္ဂိုလ်သည်ကား ပညာကြီးသည့်အရှင်သာရိပုတ္တရာပုဂ္ဂိုလ်သည်သာလျှင် စွမ်းနိုင်ရာ၏။ အရှင်သာရိပုတ္တာရာသော်မှလည်း"ဤတရားတို့သည် ရှေးကမရှိဘဲ ယခုမှဖြစ်ပေါ်လာပြီးလျှင် ပျောက်ကွယ်သွား၏"ဟု အပေါင်းလိုက်သုံးသပ်သည့် ကလာပသမ္မသနနည်းဖြင့်သာလျှင် စွမ်းနိုင်၏။ ပုဒ်စဉ်အတိုင်းရှုမှတ်ခြင်း အနုပဒဓမ္မဝိပဿနာဖြင့်ကား မစွမ်းနိုင်ပါ။

### ၅ ပြီးပြွမ်းပြဆိုချက်

**၁ အရူပသမာပတ်တို့သည် အာရုံလွန်မြောက်၍ဖြစ်ပုံ**

အရူပဈာန်သမာပတ်တို့သည် အာရုံကိုလွန်မြောက်သောအစွမ်းဖြင့် ဖြစ်ပေါ်ကြ၏။ ဥပေက္ခာ၊ ဧကဂ္ဂတာဟူသည့် ဈာန်အင်္ဂါနှစ်ပါးစီရှိကြသဖြင့် အင်္ဂါကိုလွန်မြောက်သော

သမာပတ်များ မဟုတ်ကြပါ။

(၁) ပထမအရူပသမာပတ်သည် ကသိုဏ်းရုပ်နိမိတ်ဟူသော ပဋိဘာဂနိမိတ်ကို လွန်မြောက်သောအားဖြင့် ဖြစ်၏။

(၂) ဒုတိယအရူပသမာပတ်သည် ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့်ပြီးသော အာကာသကို လွန်မြောက်သောအားဖြင့်ဖြစ်၏။

(၃) တတိယအရူပသမာပတ်သည် အာကာသ၌ဖြစ်စေအပ်ပြီးသော ပထမအရူပဝိညာဏ်(အာကာသာနဉ္စာယတနဝိညာဏ်)ကို လွန်မြောက်သောအားဖြင့် ဖြစ်၏။

(၄) စတုတ္ထအရူပသမာပတ်သည် အာကာသ၌ဖြစ်စေအပ်ပြီးသော ပထမအရူပဝိညာဏ်၏ကင်းခြင်း(နတ္ထိဘာဝပညတ်)ကို လွန်မြောက်သောအားဖြင့် ဖြစ်၏။

## ၂ နောက်နောက်ဖြစ်သော အရူပသမာပတ်တို့ သာလွန်မွန်မြတ်ပုံ

ထိုသို့ သာလွန်မွန်မြတ်ပုံကို ပြသာဒ်အထပ်အပြင်နှင့် အဝတ်အထည်ဥပမာတို့ဖြင့် သိအပ်၏။

(၁) ဘုံလေးဆင့်ရှိသော ပြသာဒ်၏အောက်ဆုံးထပ်အပြင်ဝယ် နတ်၌ဖြစ်သော ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ရနံ့မွှေးကြိုင်သောပန်း၊ ဘောဇဉ်၊ အိပ်ရာ၊ အဝတ်စသည်တို့၏အစွမ်းဖြင့် မွန်မြတ်သောကာမဂုဏ်ငါးပါးတို့ ရှိကုန်၏။ ဒုတိယထပ်အပြင်၌ ပထမထပ်ထက်သာလွန်မွန်မြတ်သော ကာမဂုဏ်ငါးပါးတို့ ရှိကုန်၏။ တတိယထပ်အပြင်၌ ဒုတိယထပ်ထက် သာလွန်မွန်မြတ်၏။ စတုတ္ထထပ်အပြင်၌ကား အားလုံးထက်သာလွန်၍အထူးသဖြင့်မွန်မြတ်၏။

ထိုပြာသာဒ်၏လေးပါးသောအထပ်အပြင်တို့သည် အထပ်အပြင်တို့သာဖြစ်၍ ထူခြားခြင်းမရှိပေ။ သို့သော် ငါးပါးသောကာမဂုဏ်တို့နှင့်ပြည့်စုံခြင်း၌မူ အောက်အောက်အထပ်အပြင်ထက် အထက်အထက်အထပ်အပြင်တို့သည် သာ၍သာ၍ မွန်မြတ်ကောင်းမြတ်၏။

(၂) ထို့အပြင် မိန်းမတစ်ယောက်ငင်အပ်သော ချည်ကြမ်း၊ ချည်ချော၊ သာလွန်ချောသောချည်၊ အထူးသဖြင့်သာလွန်ချောသောချည်တို့ဖြင့် ရက်ထားသည့် ပုဆိုးအထည်တို့သည် လေးပိုလ်၊ သုံးပိုလ်၊ နှစ်ပိုလ်၊ တစ်ပိုလ် အသီးသီးအချိန်စီးကြ၏။ အလျားအနံအားဖြင့်မူ တူညီကြ၏၊ ထို့ကြောင့် ပမာဏအတိုင်းအရှည်အားဖြင့် ထူးခြားမှုမရှိ။ သို့သော် ကောင်းသောအတွေ့၊ နူးညံ့သိမ်မွေ့မှု၊ အဖိုးများစွာတန်ခြင်းတို့ဖြင့်မူ ရှေးရှေးပုဆိုးအထည်ထက် နောက်နောက်အထည်တို့က သာ၍သာ၍မွန်မြတ်, ကောင်းမြတ်၏။

အထက်ပါနည်းအတိုင်းပင် လေးပါးသောအရူပသမာပတ်တို့၌ ဥပေက္ခာ, ဧကဂ္ဂ

တာဟူသည့် အင်္ဂါနှစ်ပါးစီရှိချင်းတူသော်လည်း ဘာဝနာထူးသောကြောင့် ထိုအင်္ဂါနှစ်ပါးတို့၏မွန်မြတ်သည့်အဖြစ်၊ သာ၍သာ၍မွန်မြတ်သည့်အဖြစ်ဖြင့် အရူပသမာပတ်လေးပါးတို့၌ နောက်နောက်ဖြစ်ကုန်သောသမာပတ်တို့သည် သာ၍သာ၍ကောင်းမြတ်ကြသည်ဟူ၍ သိအပ်၏။

## ၃ မစင်ရှိရာအရပ်၌ တည်ရှိသောမဏ္ဍပ်ဥပမာ

လူတစ်ယောက်သည် မစင်ကိုရွံသဖြင့် ထိုမဏ္ဍပ်ကို တွဲလွဲဆွဲလျက် တည်၏။ အခြားလူတစ်ယောက်သည် တွဲလွဲဆွဲနေသူကို မှီ၍တွဲခိုလျက် တည်၏။ တတိယလူတစ်ယောက်သည် တွဲလွဲဆွဲနေသူနှစ်ဦးတို့၏တည်နေပုံသည် ဘေးအန္တရာယ်မကင်းသည်ကို စဉ်းစားသိရှိသဖြင့် မဏ္ဍပ်အပြင်ဘက်၌ တည်နေ၏။ စတုတ္ထလူသည် တွဲလွဲဆွဲ၍တည်နေသူနှစ်ဦး၏ ဘေးမကင်းသည့်အဖြစ်ကို ကြံတွေးပြီးလျှင် အပြင်ဘက်၌တည်နေသူ၏ ကောင်းစွာတည်နေပုံကိုသိ၍ ထိုသူကိုပင် မှီလျက်တည်နေ၏။ ဤဥပမာ၌ မစင်ရှိရာအရပ်၌တည်သောမဏ္ဍပ်သည် ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့်ပြီးသော အာကာသနှင့်တူ၏။

(၁) မစင်ကိုရွံသဖြင့် မဏ္ဍပ်ကိုတွဲလွဲဆွဲနေသူသည် ရုပ်နိမိတ်ကိုစက်ဆုပ်သဖြင့် ကသိုဏ်းရုပ်ကိုခွာခြင်းဖြင့်ပြီးသောအာကာသကို အာရုံပြုသည့် အာကာသာနဉ္စာယတနစျာန်နှင့်တူ၏။

(၂) ထိုတွဲလွဲဆွဲနေသူကို မှီတွယ်သူသည် အာကာသလျှင်အာရုံရှိသော အာကာသာနဉ္စာယတနစျာန်ကိုအာရုံပြု၍ဖြစ်သော ဝိညာဏဉ္စာယတနစျာန်နှင့်တူ၏။

(၃) ထိုတွဲလွဲနေသူနှစ်ဦးတို့၏ ဘေးမကင်းသည့်အဖြစ်ကို ကြံတွေးမိ၍ မဏ္ဍပ်အပြင်၌ တည်နေသူကဲ့သို့ အာကာသာနဉ္စာယတနစျာန်ကို အာရုံမပြုမူ၍ ထိုစျာန်၏မရှိခြင်းဟူသော နတ္ထိဘောပညတ်ကို အာရုံပြုသည့် အာကိဉ္စညာယတနစျာန်ကို မှတ်အပ်၏။

(၄) မဏ္ဍပ်ကိုဆွဲတွယ်နေသူနှစ်ဦးတို့၏ဘေးမကင်းပုံကို ကြံတွေးပြီးလျှင် မဏ္ဍပ်အပြင်၌ တည်သောသူကို ကောင်းစွာတည်သည်ဟုသိ၍ ထိုလူကိုပင်မှီလျက်တည်သောသူကဲ့သို့ အာကာသာနဉ္စာယတနဝိညာဏ်၏မရှိခြင်းဟု ဆိုအပ်သော နတ္ထိဘောပညတ်ကို အာရုံယူသည့် အာကိဉ္စညာယတနစျာန်ကို အာရုံပြု၍ဖြစ်သော နေဝသညာနာသညာယတနစျာန်ကို မှတ်အပ်၏။

## ၄ အာကိဉ္စညာယတနစျာန်၏ အပြစ်ကိုမြင်ပါလျက် ထိုစျာန်ကိုပင် အာရုံပြုရပုံ

နေဝသညာနာသညာယတနစျာန်သည် "ဤအာကိဉ္စညာယတနသမာပတ်သည် ဝိညာဏဉ္စာယတနစျာန်ဟူသော ရန်သူနှင့်နီးကပ်၏"ဟု အပြစ်မြင်ပါသော်လည်း အာကိဉ္စညာယတနစျာန်ကိုပင် အာရုံပြုရသည့်အကြောင်းမှာ အခြားအာရုံပြုစရာမရှိသောကြောင့်ဖြစ်၏။ အဘယ်ကဲ့သို့နည်းဟူမူ -

ဥပမာ(၁)စောင့်စည်းမှုမရှိ၊ ကိုယ်နှုတ်နှလုံးကြမ်းတမ်းသောမင်းကို "ဤမင်းသည်

အကျင့်ကြမ်းကြုတ်၏”ဟု အပြစ်မြင်ပါသော်လည်း အခြားအသက်မွေးဝမ်းကြောင်းအလုပ်ကို ရှာမရသဖြင့် ထိုမင်း၏လက်အောက်၌ပင် မင်းမှုထမ်းအလုပ်ကို ဆက်လုပ်နေရသကဲ့သို့လည်းကောင်း၊

ဥပမာ(၂) ရှည်မြင့်သောလှေကားကို တက်သောသူသည် အခြားကိုင်စရာမရှိသဖြင့် လှေကားပေါင်ကိုပင် ကိုင်ရသကဲ့သို့လည်းကောင်း၊

ဥပမာ(၃) တောင်ထိပ်သို့တက်သောသူသည် တောင်၏အထက်အရပ်မျက်နှာပြင်ကို ထောက်တွယ်ရသကဲ့သို့လည်းကောင်း၊ သို့မဟုတ် မိမိ၏ဒူးကိုပင် ထောက်မှီရသကဲ့သို့လည်းကောင်း၊

ထို့အတူပင် နေဝသညာနာသညာယတနစျာန်သည် အခြားအာရုံပြုစရာမရှိသည့်အကြောင်းကြောင့် အာကိဉ္စညာယတနစျာန်ကို အပြစ်မြင်လျက် အာရုံပြုရပါသည်။

*** ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ**

**၁။ ကြောက်မက်ဖွယ်ကောင်းလှပါသော အနုမြူစသည့် ဟုတ်, လက်နက်, ဘေးအန္တရာယ်တို့ ကင်းလွတ်ရာဖြစ်သော အစဆုံးဘုံဌာနကို ရေးပြ၍၊ ယင်းဘုံဌာနသို့ရောက်ရန် ဆင်ခြင်ပွားများအားထုတ်ရမည့် ရှေ့ပြေးကမ္မဋ္ဌာန်းတရားကို ဖော်ပြပါ။** *(၁၉၈၅၊ စမန ၉၈၊ ၉၉)*

***အဖြေ*** *- ကြောက်မက်ဖွယ်ကောင်းလှပါသော အနုမြူစသည့်* ***တုတ်,လက်နက်,ဘေးအန္တရာယ်တို့ ကင်းလွတ်ရာဖြစ်သော အစဆုံးဘုံဌာနသည် အာကာသာနဉ္စာယတန ဘုံ ဖြစ်ပါသည်။***

*ယင်းဘုံဌာနသို့ရောက်ရန် ဆင်ခြင်ပွားများအားထုတ်ရမည့်* ***ရှေ့ပြေးကမ္မဋ္ဌာန်းတရားမှာ*** *– တုတ်၊ လက်နက်စွဲကိုင်ခြင်း၊ ရောဂါအမျိုးမျိုးဖြစ်ခြင်းတို့၏အစွမ်းအားဖြင့် ကရဇရုပ်၌ အပြစ်ကိုရှုဆင်ခြင်ပြီးလျှင်* ***အာကာသကသိုဏ်းမှတစ်ပါး ကျန်ကသိုဏ်း ၉-ပါးတွင် ကသိုဏ်းတစ်ပါးပါး၌ ရူပါဝစရစတုတ္ထစျာန်ကိုရအောင် ပွား များအားထုတ်ရပါမည်။***

**၂။ ရူပသညာကို လွန်မြောက်သည်ဟူသောစကား၊ ရူပသညာအမည်ရသောတရားတို့ကို ညွှန်ပြပြီးလျှင် ဝိညာဏဉ္စာယတနစျာန်ရအောင် မည်သို့မည်ပုံ စီးဖြန်းအားထုတ်ရမည်ကိုလည်း ဖော်ပြပါ။** *(၁၉၉၁၊ စမန ၁၀၁၊ ၁၀၂၊ ၁၀၅)*

***အဖြေ*** *-* ***“ရူပသညာကို လွန်မြောက်သည်”*** *ဟူသောစကားမှာ -*

*စျာန်အလိုအားဖြင့် ရူပါဝစရကုသိုလ်စျာန်၅-ပါး၊ ရူပါဝစရဝိပါက်စျာန် ၅-ပါး၊ ရူပါဝစရကြိယာစျာန် ၅-ပါးဟူသော ရူပသညာ ၁၅-ပါးတို့ကိုလည်းကောင်း၊ အာရုံ၏အလိုအားဖြင့် အာကာသကသိုဏ်းကြဉ်သော ပထဝီကသိုဏ်းစသည့် ကသိုဏ်းရုပ် ၉-*

*ပါးဟု ဆိုအပ်သော ရူပသညာ ၉-ပါးတို့ကိုလည်းကောင်း၊ ခပ်သိမ်းသောအခြင်းအရာ အားဖြင့် စက်ဆုပ်ခြင်း၊ ချုပ်စေခြင်းဖြင့် လွန်မြောက်ခြင်းကို ဆိုပါသည်။*

***"ရူပသညာ"အမည်ရသောတရားမှာ*** *- သညာကို ပဓာနပြု၍ဟောတော်မူသော ရူပါဝစရစျာန် ၁၅-ပါးနှင့် ထိုရူပစျာန်တို့၏အာရုံဖြစ်သော အာကာသကသိုဏ်းကြဉ် ပထဝီကသိုဏ်းစသည့် ကသိုဏ်း ၉-ပါးတို့၏ကသိုဏ်းရုပ်များဖြစ်သည်။*

***ဝိညာဏဉ္စာယတနစျာန်ရအောင် စီးဖြန်းအားထုတ်ပုံ***

*ယောဂီပုဂ္ဂိုလ်သည် ရထားပြီးသော အာကာသာနဉ္စာယတနစျာန်ကို ဝသီဘော်ငါးတန်နိုင်နင်းအောင်လေ့ကျင့်ပြီးလျှင် စျာန်မှထကာဆင်ခြင်၏-"ဤအာကာသာနဉ္စာ ယတနသမာပတ်သည် ရူပါဝစရစျာန်ဟူသည့် ရန်သူနှင့်နီးကပ်၏၊ ဝိညာဏဉ္စာယတန သမာပတ်ကဲ့သို့လည်း မငြိမ်သက်ပေ။ ဤသို့ အာကာသာနဉ္စာယတနစျာန်၌ အပြစ်ကို မြင်ပြီးလျှင် ယင်းစျာန်၌ တပ်မက်တွယ်တာမှု-တဏှာကို ကုန်ခမ်းစေပြီးလျှင် ဝိညာဏဉ္စာယတနစျာန်ကို ငြိမ်သက်သောအားဖြင့်နှလုံးသွင်း၍ အနန္တအာကာသကိုအာရုံ ပြုသော အာကာသာနဉ္စာယတနဝိညာဏ်(စိတ်)ကို "ဝိညာဏံ၊ ဝိညာဏံ"ဟုဖြစ်စေ၊ "အနန္တံဝိညာဏံ"– "ပထမအရူပဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ"ဟုဖြစ်စေ၊ အဖန်တလဲလဲ နှလုံးသွင်း၏၊ ဆင်ခြင်သုံးသပ်၏၊ ကြံစည်မှု-ဝိတက်ဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း၊ အထူးကြံစည်မှုဖြင့် နှလုံးသွင်းခြင်းကိုပြု၏။*

*ထိုသို့ အဖန်ဖန် နှလုံးသွင်းဆင်ခြင်သောယောဂီအား နီဝရဏတို့ကွာကုန်၏၊ အမှတ်ရမှုသတိသည် ကောင်းစွာတည်၏၊ ဥပစာရသမာဓိဖြင့် ဘာဝနာစိတ်သည် ကောင်းစွာတည်ကြည်၏။ ထိုယောဂီသည် အာကာသာနဉ္စာယတနဝိညာဏ်ဟူသော နိမိတ်ကို ဆက်လက်၍ အဖန်တလဲလဲမှီဝဲ၏၊ ဘာဝနာစိတ်ကို ပွားစေ၏၊ အကြိမ်များစွာ အလေ့အလာပြု၏၊ ဤသို့ပြုသောယောဂီအား အာကာသ၌ ပြန့်နှံ့၍ဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်၌ ဝိညာဏဉ္စာယတနစျာန်စိတ်သည် အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏။*

**၃။ "ကသိုဏ်းကိုခွါသည်"ဟူသောစကားကိုလည်း အဓိပ္ပါယ်ရှင်းပြပါ။**

**(ပုဒ်ဝက်)** *(၁၉၉၂၊ စမန ၁၀၀)*

**အဖြေ** – ***"ကသိုဏ်းကိုခွါသည်"*** *ဆိုရာ၌ ဖျာကိုလိပ်သကဲ့သို့ ခွါသည်မဟုတ်၊ အိုးကင်းမှ မုန့်ကြော်ကို ဆယ်ထုတ်သကဲ့သို့ ခွါသည်လည်းမဟုတ်။ စင်စစ်သော်ကား ထိုကသိုဏ်းရုပ်ကို နှလုံးမသွင်းဘဲ မဆင်ခြင်မသုံးသပ်ဘဲ၊ စိတ်၌မထားဘဲ အာရုံမပြုဘဲ နေခြင်းမျှကိုသာ ဆိုလို၏။ စင်စစ်အားဖြင့် ကသိုဏ်းရုပ်ကို အာရုံမပြုဘဲ ကသိုဏ်းနိမိတ်ရုပ်၏ ထိတွေ့ပြန့်နှံ့ရာအရပ်ဟင်းလင်းပြင်ကို "အာကာသ၊ အာကာသ"သို့မဟုတ် "အနန္တော အာကာသော"(အဆုံးအပိုင်းအခြားမရှိသောကောင်းကင်)ဟု*

*နှလုံးသွင်း ခြင်းကိုပင် ကသိုဏ်းကိုခွါသည် မည်၏။*

**၄။ သညာပင်ဖြစ်ပါလျက် နေဝသညာ (သညာလည်းမဟုတ်) နာသညာ (သညာမဟုတ်သည်လည်းမဟုတ်)ဟု ဆိုရခြင်း၏အကြောင်းကို ပြဆိုပြီးလျှင် ထိုသညာသည် အဘယ်ကြောင့်တတိယအရူပဈာန်ကိုအပြစ်မြင်လျက် အာရုံပြုနေသည်ကိုလည်း ဖြေဆိုပါ။** *(၁၉၉၂၊ စမန ၁၁၁-၂၊ ၁၁၅-၆)*

***အဖြေ – နေဝသညာ နာသညာဟု ဆိုရခြင်းအကြောင်း***

*စတုတ္ထအရူပဈာန်၌ရှိသောသညာသည် ဝိပဿနာ၏အာရုံဖြစ်လျက် ငြီးငွေ့ခြင်းကိုဖြစ်စေသည့် ထင်ရှားသောသညာကိစ္စကို ပြုရန်မစွမ်းနိုင်ပါ၊ သို့အတွက် သညာမမည်၊ နေဝသညာ – သညာလည်းမဟုတ်ဟုဆိုရ၏။ တစ်ဖန် ရှုန့်ရင်းသောသင်္ခါရတို့မှ ကြွင်းကျန်သည့် သိမ်မွေ့သောသင်္ခါရအဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် နာသညာ – သညာမဟုတ်သည်လည်းမဟုတ်ဟု ဆိုရခြင်းဖြစ်၏။*

**ထိုသညာသည် တတိယအရူပဈာန်ကို အပြစ်မြင်လျက် အာရုံပြုနေရသည့်အကြောင်း** – ထိုသညာသည် (ဝါ) နေဝသညာနာသညာယတနဈာန်သည် "ဤအာကိဉ္စညာယတနသမာပတ်သည် ဝိညာဏဉ္စာယတနဈာန်ဟူသောရန်သူနှင့်နီးကပ်၏"ဟု တတိယအရူပဈာန်ကိုအပြစ်မြင်လျက် အာကိဉ္စညာယတနဈာန်ကိုပင် အာရုံပြုနေရသည့်အကြောင်းမှာ အခြားအာရုံပြုစရာမရှိသောကြောင့်ဖြစ်ပါသည်။ အဘယ်ကဲ့သို့နည်းဟူမူ ကိုယ်နှုတ်နှလုံးကိုစောင့်စည်းမှုမရှိဘဲ ကြမ်းတမ်းသောမင်းကို "ဤမင်းသည် အကျင့်ကြမ်းကြုတ်၏"ဟု အပြစ်မြင်ပါသော်လည်း အခြားအသက် မွေးဝမ်းကြောင်းအလုပ်ကို ရှာမရသဖြင့် ထိုမင်း၏လက်အောက်မှာပင် မင်းမှုထမ်းအလုပ်ကိုဆက်လုပ်နေရသကဲ့သို့တည်း။

**၅။ (က) အာကိဉ္စညာယတနဈာန်ကို ရလိုသောယောဂီသည် အဘယ်အရာကို အဘယ်သို့ အပြစ်မြင်ပြီး၊ အဘယ်အရာကို အဘယ်သို့ အထပ်ထပ်ဆင်ခြင်ပွားများရပါသနည်း။**

**(ခ) ဤတတိယာရုပ္ပသမာပတ်ကား ငြိမ်သက်လှပါပေ၏ဟု ချီးမွမ်းနေပါလျက် အဘယ်နည်းဖြင့် ထိုသမာပတ်ကို မလိုမလားကျော်လွှားသွားနိုင်သည်တို့ကို ဖြေဆိုပါ။** *(၁၉၉၃၊ စမန ၁၀၇၊ ၁၁၀-၁၁၁)*

**အဖြေ** – *(က) အာကိဉ္စညာယတနဈာန်ကို ရလိုသောယောဂီသည် ဝိညာဏဉ္စာယတနဈာန်ကို အပြစ်မြင်ရ၏။ အပြစ်မြင်ပုံမှာ "ဤဝိညာဏဉ္စာယတနသမာပတ်သည် အာကာသာနဉ္စာယတနဈာန်ဟူသော ရန်သူနှင့်နီးကပ်၏၊ အာကိဉ္စညာယတနဈာန်ကဲ့သို့လည်း မငြိမ်သက်ပေ"ဟု အပြစ်မြင်ရ၏။*

*ဤသို့အပြစ်မြင်ပြီးလျှင် ဝိညာဏဉ္စာယတနဈာန်၌ တပ်မက်တွယ်တာမှု-တဏှာကို ကုန်ခမ်းစေ၍ အာကိဉ္စညာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းပြီးလျှင် ဝိညာဏဉ္စာယတနဈာန်၏အာရုံဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်*

*၏ မရှိခြင်းဟူသည့် 'နတ္ထိဘောပညတ်'ကို ဆိတ်ခြင်း၊ ကင်းခြင်းအခြင်းအရာအားဖြင့် နှလုံးသွင်း၏။ နှလုံးသွင်းပုံမှာ အာကာသာနဉ္စာယတနဝိညာဏ်ကို နှလုံးမသွင်းမူ၍ "နတ္ထိ၊ နတ္ထိ၊ မရှိ၊ မရှိ"ဟူ၍ဖြစ်စေ၊ "သုညံ၊ သုညံ၊ ဆိတ်၏၊ ဆိတ်၏" ဟူ၍ဖြစ်စေ၊ "ဝိဝိတ္တံ၊ ဝိဝိတ္တံ၊ ကင်း၏၊ ကင်း၏"ဟူ၍ ဖြစ်စေ အဖန်တလဲလဲ နှလုံးသွင်းဆင်ခြင်၏၊ ရှု၏၊ ကြံစည်မှု – ဝိတက်ဖြင့် ထုနှက်သလိုနှလုံးသွင်း၏၊ အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ ထုနှက်သလို အဖန်ဖန်နှလုံးသွင်း၏။*

*(ခ) **"ဤတတိယာရုပ္ပသမာပတ်ကား ငြိမ်သက်လှပါပေ၏"ဟု ချီးမွမ်းနေပါလျက် မလိုမလားကျော်လွှားနိုင်ခြင်းမှာ** အာကိဉ္စညာယတနသမာပတ်ထက် နေဝသညာနာသညာယတနသမာပတ်က သာ၍ငြိမ်သက်ပြီး သာ၍ကောင်းမွန်သဖြင့် အာကိဉ္စညာယတနသမာပတ်ကို ဝင်စားရန်အလိုမရှိခြင်းကြောင့် ကျော်လွှားလွန်မြောက်နိုင်ခြင်း ဖြစ်၏။*

*ထပ်မံထင်ရှားစေအံ့။ ထိုယောဂီသည် တတိယာရုပ္ပသမာပတ်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းငြားသော်လည်း "ငါသည် ဤအာကိဉ္စညာယတနသမာပတ်ကို နှလုံးသွင်းအံ့၊ ဝင်စားအံ့၊ ဆောက်တည်အံ့၊ ထအံ့၊ ဆင်ခြင်အံ့"ဟု ဤသို့ ကြံရွယ်ခြင်း, စိတ်သို့ဆောင်ခြင်း, နှလုံးသွင်းခြင်းသည်မရှိပေ။ အဘယ့်ကြောင့်နည်းဟူမူ အာကိဉ္စညာယတနစျာန်ထက် နေဝသညာနာသညာယတနစျာန်က သာ၍ငြိမ်သက်ခြင်း, သာ၍ကောင်းမွန်ခြင်းကြောင့်တည်း။*

*ဥပမာပြရသော် ဘုရင်မင်းမြတ်သည် ကြီးကျယ်သောအခြံအရံဖြင့် မြို့လမ်း၌ လှည့်လည်စဉ် ပန်းပွတ်သမားစသည့် အတတ်ပညာရှင်တို့ အလုပ်လုပ်နေကြသည်ကိုမြင်၍ "မင်းချင်းတို့ . . ဤပန်းပွတ်ပညာရှင်တို့သည် တတ်ကျွမ်းကြပေစွတကား၊ ဆန်းကြွယ်သည့်အတတ်ပညာအမှုတို့ကို ပြုလုပ်နိုင်ပါပေ၏"ဟု ချီးမွမ်း၏။ သို့သော် "ငါသည် မင်းအဖြစ်ကိုစွန့်၍ ဤသို့သောအတတ်ပညာရှင်ဖြစ်ရမူ ကောင်းပေစွ"ဟု အကြံအစည်ကားမဖြစ်ပေ။ အဘယ့်ကြောင့်နည်းဟူမူ မင်းအဖြစ်သည် ပန်းပွတ်အတတ်ပညာရှင်အဖြစ်ထက် များစွာသာလွန်၍ ကျက်သရေမင်္ဂလာ စည်းစိမ်ဥစ္စာ ပိုကြီးကျယ်သောကြောင့်တည်း။*

**၆။ (က) "ပဋိဃသညာနံ အတ္ထင်္ဂမာ"ဟူသောပါဠိတော်နှင့်စပ်၍ ပဋိဃသညာတို့ ရူပစျာန်၌မရှိပုံနှင့် အာကာသာနဉ္စာယတနစျာန်၌ မရှိပုံချင်းထူးခြားချက်နှင့်၊**
**(ခ) ထိုအာကာသာနဉ္စာယတနစျာန်ကျမှ "မရှိ"ဟု အထူးတလည်ဟောတော်မူခြင်း၏ရည်ရွယ်ချက်တို့ကို ဖြေဆိုပါ။** *(၁၉၉၅၊ စမန ၁၀၁-၁၀၃)*

*အဖြေ – (က) **ပဋိဃသညာတို့ ရူပစျာန်၌မရှိပုံနှင့် အာကာသာနဉ္စာယတနစျာန်၌ မရှိပုံချင်း ထူးခြားချက်** – ပဋိဃသညာဟူသည်မှာ မျက်စိနှင့်အဆင်းစသည်တို့ ထိတိုက်မှုကြောင့် ဖြစ်လာသော ရူပသညာ၊ သဒ္ဒသညာ၊ ဂန္ဓသညာ၊ ရသသညာ၊*

ဖောဋ္ဌဗ္ဗသညာတို့ ဖြစ်သည်။ ရူပါဝစရဈာန်ဝင်စားနေသည့်အခါ ပဉ္စဒွါရာဝီထိများမဖြစ်ခြင်းကြောင့် ပဋိဃသညာများလည်း မဖြစ်ချေ။ ဤသို့ ပဋိဃသညာမရှိခြင်းမှာ ပယ်ထားသောကြောင့် မရှိသည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် ရူပါဝစရဘာဝနာသည် ရုပ်ကိုစက်ဆုပ်ခြင်းငှာမဖြစ်သောကြောင့်လည်းကောင်း၊ ရူပါဝစရဈာန်တို့၏ဖြစ်ခြင်းသည် ရုပ်နှင့်စပ်သောကြောင့်လည်းကောင်း ဖြစ်ပေ၏။

အရူပဘာဝနာသည်ကား ရုပ်ကိုဆက်ဆုပ်ခြင်းငှာဖြစ်ပေ၏။ ထို့ကြောင့် ပဋိဃသညာတို့ကို အရူပဈာန်၌ ပယ်သည်ဟု ဆိုသင့်၊ မှတ်သင့်၏။ မှန်ပေ၏ — ပဋိဃသညာတို့ကို အရူပဈာန်မရမီ ရူပါဝစရဈာန်တို့၌ မပယ်ရသေးသောကြောင့်ပင်လျှင် ရူပါဝစရပထမဈာန်ကို ဝင်စားနေသောသူအား အသံသည် ဆူးငြောင့်ဖြစ်သည်ဟု မြတ်စွာဘုရားဟောတော်မူ၏။

အာကာသာနဉ္စာယတနဈာန်စသည့် အရူပဈာန်၌ကား ပဋိဃသညာတို့ကို ပယ်ပြီးဖြစ်သောကြောင့်ပင် အရူပဈာန်သမာပတ်တို့၌ တုန်လှုပ်ခြင်းမရှိသော-အနေဥ္ဇအဖြစ်ကိုလည်းကောင်း၊ ငြိမ်သက်သောဝိမောက္ခအဖြစ်ကိုလည်းကောင်း ဟောတော်မူ၏။ ကာလမအန္ဒယ်ဖြစ်သော အာဠာရရသေ့သည် အရူပဈာန်သမာပတ်ဝင်စားနေစဉ် မိမိ၏အနီးမှဖြတ်သွားသော လှည်းငါးရာတို့ကို မမြင်လိုက်ဘဲ လှည်းတို့၏အသံကိုလည်း မကြားလိုက်ဘဲရှိပေ၏။

ထို့ကြောင့် ရူပဈာန်တို့၌ ပဋိဃသညာမရှိခြင်းမှာ ပယ်ထားခြင်းကြောင့် မဟုတ်ပါ။ အာကာသာနဉ္စာယတနဈာန်၌ ပဋိဃသညာမရှိခြင်းမှာ ပယ်ထားခြင်းကြောင့် ဖြစ်၏။

**(ခ) ပဋိဃသညာမရှိခြင်းကို အာကာသာနဉ္စာယတနဈာန်ကျမှ အထူးတလည် ဟောခြင်းအကြောင်း** — ရူပါဝစရပထမဈာန်, ဒုတိယဈာန်စသည်ကို ဝင်စားနေသည့်အခါ **ပဉ္စဒွါရဝီထိ**များမဖြစ်ခြင်းကြောင့် ပဋိဃသညာများလည်း မဖြစ်ချေ။ သို့သော်လည်း ပဋိဃသညာမရှိခြင်းကို အာကာသာနဉ္စာယတနဈာန်ကျမှ အထူးတလည်ဟောတော်မူခြင်းမှာ ဤပထမအရူပဈာန်၌ တက်တက်ကြွကြွအားထုတ်မှုဖြစ်စေခြင်းငှာ ဤအရူပဈာန်ကို ချီးမွမ်းလိုသည့်အကြောင်းကြောင့် ဖြစ်ပါသည်။

ဥပမာအားဖြင့် အခြားရှေးဈာန်တို့၌ပယ်ခဲ့ပြီးသော သုခ, ဒုက္ခတို့ကို စတုတ္ထဈာန်၌ ဟောတော်မူခြင်း၊ အခြားအောက်မဂ်တို့၌ ပယ်ခဲ့ပြီးသော သက္ကာယဒိဋ္ဌိကို တတိယမဂ်၌ ဟောတော်မူခြင်းကဲ့သို့ ဖြစ်ပါသည်။

**၇။ "ဝိညာဏဉ္စာယတနကို ပယ်ခွာလွန်မြောက်၍ အာကိဉ္စညာယတနသို့ ဆိုက်ရောက်ဝင်စားနေ၏"ဟူ၍ ဟောတော်မူရာဝယ် ဝိညာဏဉ္စာယတနဟူသော စကားတစ်ခွန်း၌ တရားနှစ်မျိုးပါဝင်နေ၏။ ထိုနှစ်မျိုးကား အဘယ်ပါနည်း။**

**(ပုဒ်ဝက်)** *(၁၉၉၅၊ စမန ၁၀၆)*

**အဖြေ** – *ဝိညာဏဥ္စာယတနဟူသောစကားတစ်ခွန်း၌ ပါဝင်နေသောတရားနှစ်မျိုးမှာ ဝိညာဏဥ္စာယတနဈာန်နှင့် ထိုဈာန်၏အာရုံတို့ ဖြစ်ပါသည်။*

*ဝိညာဏဥ္စာယတနဈာန်၏အာရုံသည် အဆုံးအပိုင်းအခြားမရှိသော အာကာသကိုအာရုံပြုသည့် အာကာသာနဉ္စာယတနဈာန် ဖြစ်၏။ အဆုံးအပိုင်းအခြားမရှိသောအာကာသာနဉ္စာဝိညာဏ်ကို ဝိညာဏဥ္စဟု ဆိုသည်။ ထိုဝိညာဏဥ္စသည် ယှဉ်ဖက်တရားတို့နှင့်တကွဖြစ်သော ဒုတိယအရူပဈာန်၏အာရုံ (ဝါ) တည်ရာ အာယတနပေတည်း။ သို့အတွက် ဝိညာဏဥ္စာနှင့်အာယတနပေါင်းသော်* **'ဝိညာဏဥ္စာယတန'** *ဖြစ်၏။ နတ် 'ဒေဝါ'တို့၏တည်ရာ 'အာယတန'သည် 'ဒေဝါယတန' ဖြစ်သကဲ့သို့တည်း။*

*သို့ဖြစ်၍ "ဝိညာဏဥ္စာယတန"သည် ဝိညာဏဥ္စာယတနဈာန်၏အာရုံလည်းဖြစ်၏၊ ဝိညာဏဥ္စာယတနဈာန်လည်း ဖြစ်၏။ ကမ္ဘောဇတိုင်းသည် မြင်းတို့၏ဖြစ်ရာဖြစ်သောကြောင့် ကမ္ဘောဇတိုင်း၌ဖြစ်သောမြင်းကို 'ကမ္ဘောဇမြင်း'ဟု ခေါ်သကဲ့သို့ ဝိညာဏဥ္စာယတနကို အာရုံပြု၍ဖြစ်သောဈာန်ကိုလည်း ဝိညာဏဥ္စာယတနဈာန်ဟုခေါ်ပါသည်။*

**၈။ "အာကာသသည် အဆုံးအပိုင်းအခြားမရှိ"ဟု စီးဖြန်းရာ၌ အဘယ်အာကာသကို ဆိုသည်ကိုလည်းဖော်ပြပါ။ (ပုဒ်ဝက်)** *(၁၉၉၆၊ စမန ၁၀၄)*

**အဖြေ** – *ကသိုဏ်းနိမိတ်ဟူသည့် ကသိုဏ်းရုပ်ကို ခွာခြင်းဖြင့်ပြီးစီးသော ဟင်းလင်းပြင်ကောင်းကင်ကို အာကာသဟုဆို၏။ ဤအာကာသ၌ ဖြစ်ခြင်း၊ ပျက်ခြင်းတို့၏ အဆုံးအပိုင်းအခြားမရှိသောကြောင့် ဤအာကာသသည် 'အနန္တအာကာသ' မည်၏။ 'အဆုံးအပိုင်းအခြားမရှိသောကောင်းကင်'ဟု ဆိုလို၏။ ဤကား 'အာကာသသည် အဆုံးအပိုင်းအခြားမရှိ'ဟု စီးဖြန်းသော အာကာသဖြစ်ပါသည်။*

**၉။ မစင်ကျင်ကြီးများညစ်ပေနေသော မဏ္ဍပ်အောက်ရောက်နေသော လူတစ်ယောက်သည် မစင်ကိုရွံရှာသဖြင့်မဏ္ဍပ်အထက် တွယ်တက်ချိပ်နေ၏။ တစ်ဖန်နောက်လူတစ်ယောက်ကလည်း ထိုလူကိုပင် မှီခိုတွယ်ကပ်ချိပ်နေပြန်၏။ သဘာဝမွေများလည်း ထိုနည်းမခြား အလားတူပင်ဖြစ်နေကြလေရာ၊ ယင်းသို့ဖြစ်ပုံကို ဝိသုဒ္ဓိမဂ်အတိုင်း နှိုင်းယှဉ်တွဲစပ်ဖော်ပြပါ။** *(၁၉၉၆၊ စမန ၁၁၅)*

**အဖြေ** – *ဖော်ပြပါဥပမာ၌ မစင်ကျင်ကြီးများညစ်ပေနေသောမဏ္ဍပ်သည် အာကာသကသိုဏ်းကြဉ်သည့် ပထဝီကသိုဏ်းစသော ကသိုဏ်းတစ်ပါးပါး၏ ပဋိဘာဂနိမိတ်ဟူသည့် ကသိုဏ်းရုပ်ကို စကြဝဠာအဆုံးတိုင်အောင် သို့မဟုတ် အလိုရှိရာအရပ်တိုင်အောင် ဖြန့်ပြီးနောက် ခွါခြင်းဖြင့်ပြီးစီးသော အဆုံးအပိုင်းအခြားမရှိသည့်ကောင်းကင်နှင့် တူပါသည်။*

မဏ္ဍပ်အောက်ရောက်၍ မစင်ကိုရွံသဖြင့် မဏ္ဍပ်ကို တွယ်တက်ဆွဲချိပ်နေသော လူသည် ရုပ်နိမိတ်ကိုစက်ဆုပ်၍ ကသိုဏ်းရုပ်ကိုခွါခြင်းဖြင့် ပြီးစီးသော အဆုံး အပိုင်းအခြားမရှိသည့်ကောင်းကင်ကို အာရုံပြုသည့် အာကာသာနဉ္စာယတနစျာန်နှင့် တူပါသည်။

ထိုတွဲလွဲချိပ်ဆွဲနေသောလူကို တစ်ဖန်မှီခိုချိပ်ဆွဲနေသူသည် အနန္တအာကာသလျှင်အာရုံရှိသော အာကာသာနဉ္စာယတနစျာန်ကို အာရုံပြု၍ဖြစ်သော ဝိညာဏဉ္စာယတနစျာန်နှင့် တူပါသည်။

**၁၀။ အဘယ်မည်သောရူပသညာများကို လွန်မြောက်မှ အာကာသာနဉ္စာယတနစျာန်သို့ ရောက်သည်ကိုဖြေဆိုပြီးလျှင်၊ နေဝသညာနာသညာယတနမည်သော ခန္ဓာများကား ဝိပဿနာရှုရန်ဖြစ်နိုင်ပါသည်၊ မဖြစ်နိုင်ပါဟု ငြင်းခုံနေပါက ဝိသုဒ္ဓိမဂ်ကျမ်းတတ်ခုံလူကြီးတစ်ဦးအနေဖြင့် အဘယ်သို့ ဆုံးဖြတ်ချက်ပေးမည်နည်း၊ ဖော်ပြပါ။** *(၁၉၉၇၊ စမန ၁၀၀-၂၊ ၁၁၃၊ ၁၁၁-၃)*

***အဖြေ – (က) အာကာသာနဉ္စာယတနစျာန်သို့ရောက်ရန် လွန်မြောက်ရမည့် ရူပသညာများမှာ*** *– သညာကိုပဓာနပြု၍ ဟောသော ရူပါဝစရစျာန်တို့နှင့် ထိုရူပစျာန် တို့၏ အာရုံဖြစ်သော ကသိုဏ်းရုပ်များဖြစ်ပါသည်။*

*ရူပါဝစရစျာန်တို့မှာ ရူပါဝစရကုသိုလ်စျာန် ၅-ပါး၊ ရူပါဝစရဝိပါက်စျာန်၅-ပါး၊ ရူပါဝစရကြိယာစျာန် ၅-ပါးဟူ၍ ပေါင်းရူပစျာန် ၁၅-ပါးဖြစ်ပါသည်။*

*ကသိုဏ်းရုပ်များမှာ အာကာသကသိုဏ်းကြဉ်သော ပထဝီကသိုဏ်းစသည့် ကသိုဏ်း ၉-ပါးတို့၏ကသိုဏ်းရုပ်များ ဖြစ်ပါသည်။*

***(ခ) နေဝသညာနာသညာယတနမည်သောခန္ဓာကို ဝိပဿနာရှုရန် ဖြစ်နိုင်-မဖြစ်နိုင် - ဆုံးဖြတ်ချက်*** *- အလွန်တရာသိမ်မွေ့သော နေဝသညာ နာသညာယတနစျာန် (ဝါ) ခန္ဓာ၌ ပါရှိသောသညာသည် အာရုံကိုအမှတ်ပြု၍သိခြင်းကိစ္စကို ထင်ရှားအောင်ပြုရန် မစွမ်းဆောင်နိုင်ပါ၊ အခြားစျာန်သမာပတ်တို့၌ရှိသော သညာကဲ့သို့ ဝိပဿနာ၏အာရုံဖြစ်လျက် ငြီးငွေ့ခြင်း-နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေခြင်းငှာလည်း မစွမ်းဆောင်နိုင်ပါ။ ထို့ကြောင့် နေဝသညာ - သညာမဟုတ်သည်မည်၏။*

*ရုန့်ရင်းသည့်သင်္ခါရတို့မှကြွင်းသည့် သိမ်မွေ့သောသင်္ခါရအဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် နာသညာ - သညာမဟုတ်သည်လည်းမဟုတ်ပါဟု ဆိုရ၏။*

*တစ်ဖန် နေဝသညာနာသညာယတနစျာန်၌ သညာတစ်ခုတည်းသာလျှင် ဤသို့သဘောရှိသည်မဟုတ်၊ စင်စစ်အားဖြင့် ဝေဒနာသည်လည်း နေဝဝေဒနာနာဝေဒနာ – ရုန့်ရင်းသောဝေဒနာမဟုတ်မူ၍ သိမ်မွေ့သည့်ဝေဒနာသာဖြစ်၏။ စိတ်သည်လည်း နေဝစိတ္တံနာစိတ္တံ – ရုန့်ရင်းသောစိတ်မဟုတ်မူ၍ သိမ်မွေ့သည့်*

*စိတ်သာဖြစ်၏၊ ဖဿသည်လည်း နေဝဖဿနာဖဿ – ရုန့်ရင်းသောဖဿမဟုတ် မူ၍ သိမ်မွေ့သည့်ဖဿသာဖြစ်၏။ ကြွင်းသောယှဉ်ဖက်တရားတို့လည်း နည်းတူပင်။*

*သို့အတွက် အခြားခန္ဓာတို့၌အစပြု၍ နှလုံးသွင်းရှုပွားခြင်းကို မပြုဖူးသော ရဟန်းသည် အရှင်သာရိပုတ္တရာပင်ဖြစ်သော်လည်း နေဝသညာနာသညာယတန ခန္ဓာတို့ကို သုံးသပ်ရှုမှတ်သဖြင့် နိဗ္ဗိဒါဉာဏ်သို့ရောက်ရန် မစွမ်းနိုင်ပေ။ ရှုရိုးရှုစဉ် အတိုင်း ရှုလာခဲ့သောပုဂ္ဂိုလ်သည်ကား ပညာကြီးသောအရှင်သာရိပုတ္တရာပုဂ္ဂိုလ် သာလျှင် စွမ်းနိုင်ရာ၏။ အရှင်သာရိပုတ္တရာသော်မှလည်း "ဤတရားတို့သည် ရှေး ကမရှိဘဲ ယခုမှဖြစ်ပေါ်လာပြီးလျှင် ပျောက်ကွယ်သွား၏"ဟု အပေါင်းလိုက်သုံး သပ်သည့် ကလာပသမ္မသနနည်းဖြင့်သာလျှင် စွမ်းနိုင်၏။ ပုဒ်စဉ်အတိုင်းရှုမှတ် ခြင်း အနုပဒဓမ္မဝိပဿနာဖြင့်ကား မစွမ်းနိုင်ပါ။*

*ထို့ကြောင့် နေဝသညာနာသညာယတနမည်သောခန္ဓာကို သာမန်ပုဂ္ဂိုလ်တို့ ဝိပဿနာရှုရန် မဖြစ်နိုင်ပါဟု ဆုံးဖြတ်ချက်ချနိုင်၏။*

**၁၁။ "အဆုံးအပိုင်းအခြားမရှိသောကောင်းကင်"ဟု အာရုံပြုစီးဖြန်းရာ၌ "အဆုံး အပိုင်းအခြား"ဟူသည်မှာ အဘယ်အရာကို ဆိုလိုသည်ကို ဖော်ပြပါ။**
*(၁၉၉၈၊ စမန ၁၀၄)*

***အဖြေ – "အဆုံးအပိုင်းအခြားမရှိသောကောင်းကင်"ဟု အာရုံပြုစီးဖြန်းရာ၌ "အဆုံး အပိုင်းအခြား"ဟူသည်မှာ*** *- ဖြစ်ခြင်းဟူသောအဆုံးအပိုင်းအခြား၊ ပျက်ခြင်း ဟူသော အဆုံးအပိုင်းအခြားကို ဆိုလိုသည်။ အနန္တအာကာသ၌ ဖြစ်ခြင်းဟူသော အဆုံးအပိုင်းအခြားလည်းမရှိ ပျက်ခြင်းဟူသော အဆုံးအပိုင်းအခြားလည်းမရှိပေ။*

*တစ်နည်းအားဖြင့် ကသိုဏ်းရုပ်ကို ခွါခြင်းဖြင့်ပြီးစီးသော ကောင်းကင်ကို အာ ကာသဟု ဆို၏။ ဤအာကာသသည် အဆုံးအပိုင်းအခြားမရှိဟု နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့်လည်း အနန္တ – အဆုံးအပိုင်းအခြားမရှိဟု ဆိုအပ်၏။ ထို့ကြောင့် အနန္တောအာကာသော – အဆုံးအပိုင်းအခြားမရှိသောကောင်းကင်ဟု ဆိုအပ်၏။*

**၁၂။ သပိတ်ကို ဆီသုတ်လိမ်းထားသောသာမဏေအား ဆရာတော်က ယာဂုသောက် ရန် သပိတ်ကိုတောင်းသောအခါ "သပိတ်မှာဆီတွေရှိနေပါသည်ဘုရား"ဟု သာမဏေကလျှောက်၏၊ "သို့ဖြစ်လျှင် ဆီကိုပန်းကန်ထဲ ထည့်ရအောင်"ဟု ဆရာတော်ကပြောသောအခါ၌ကား "ဆီမရှိပါဘုရား"ဟု လျှောက်ပြန်လေ၏၊ ထိုဆရာတပည့်နှစ်ဦးတို့၏ ယင်းသို့သောဖြစ်ရပ်နှင့်အလားတူ သဘာဝဓမ္မ၏ ဖြစ်ပုံကို ကြောင်းကျိုးဆီလျော်အောင် ရှင်းပြပါ။** *(၁၉၉၈၊ စမန ၁၁၂)*

***အဖြေ*** *– ဤဥပမာ၌ ဆီသုတ်လိမ်းထားသောသပိတ်ကို ကျောင်း၌ တစ်ညဥ့်တာသိမ်း ထားပြီးဖြစ်၍ ယာဂုနှင့်ရောသောက်ရန် မအပ်စပ်သည့်အတွက် "သပိတ်မှာဆီရှိ နေပါသည်"ဟု လျှောက်ထားခြင်းဖြစ်၏။ သပိတ်၌ရှိသောဆီမှာ သပိတ်၌ကပ်နေရုံ*

*မျှသာဖြစ်၍ ပန်းကန်ထဲသို့လောင်းထည့်၍မရပါ။ သို့အတွက် "သို့ဖြစ်လျှင် ဆီကို ပန်းကန်ထဲထည့်ရအောင်"ဟု ဆရာတော်က ပြောကြားသည့်အခါ၌ကား "ဆီမရှိပါဘုရား"ဟု သာမဏေပြန်လျှောက်ထားခြင်း ဖြစ်၏။*

*ထိုဆရာတပည့်နှစ်ဦးတို့၏ ပြောဆိုသောဖြစ်ရပ်နှင့်အလားတူ သဘာဝမွေ၏ ဖြစ်ပုံမှာ နေဝသညာနာသညာယနတစျာန်၌ရှိသည့် သညာ၏ဖြစ်ရပ်နှင့်ဆင်တူ၏။ ဤစတုတ္ထအရူပစျာန်၌ရှိသောသညာသည် ဝိပဿနာ၏အာရုံဖြစ်လျက် ငြီးငွေ့ခြင်းကိုဖြစ်စေသည့် ထင်ရှားသောသညာကိစ္စကိုပြုရန်မစွမ်းနိုင်ပါ၊ ထို့ကြောင့် သညာမမည်၊ နေဝသညာ – သညာမဟုတ်ဟုဆိုရ၏။ တစ်ဖန် ရုန့်ရင်းသောသင်္ခါရတို့မှ ကြွင်းကျန်သည့် သိမ်မွေ့သောသင်္ခါရအဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် နာသညာ – သညာမဟုတ်သည်လည်း မဟုတ်ပါဟုဆိုရ၏။*

**၁၃။ မြွေလိုက်ခံရ၍ ကြောက်လန့်တကြား ပြေးလွှားရင်းပင် ထင်းခြောက်မြင်၍ မြွေပင် ထင်မှတ် မရပ်မနားပြေးလွှားသူ၏ဖြစ်ရပ်နှင့် ဥပမာခိုင်းနှိုင်းရန် အဘယ်အဘယ်သံည် (က)မြွေကြောက်သူ (ခ) မြွေ (ဂ) ထင်းခြောက်တို့နှင့်တူသည်ကို ဖြေဆိုပြီးလျှင်၊ ဝတ္ထုနှင့်အာရုံ တွေ့ကြုံတိုက်ခိုက်မှုကြောင့်ဖြစ်သော အမှတ်သညာ (ပဋိဃသညာ)တို့ကို အကောင်းအဆိုး အကျိုးဝိပါက်နှစ်မျိုးစီခွဲခြားရေတွက်ဖြေဆိုပါ။**

*(၁၉၉၉၊ စမန ၉၈-၉၉၊ ၁၀၂)*

*အဖြေ* - (က) မြွေကြောက်သူသည် ကရဇရုပ်ကြမ်း၏အပြစ်ကို ရှုဆင်ခြင်ပြီးနောက် ကရဇရုပ်ကို ငြီးငွေ့ခြင်း၊ စက်ဆုပ်ခြင်း၊ ချုပ်စေခြင်းအကျိုးငှာ ကျင့်နေသော ယောဂီပုဂ္ဂိုလ်နှင့်တူ၏။

(ခ) မြွေသည် အပြစ်မြင်ပြီးသော ကရဇရုပ်ကြမ်းနှင့်တူပါသည်။

(ဂ) ထင်းခြောက်သည် ရူပါဝစရစတုတ္ထစျာန်နှင့် ကရဇရုပ်ကို လွန်မြောက်ပြီးနောက် မြင်တွေ့ရသောကရဇရုပ်နှင့်အလားတူဖြစ်သည့် ကသိုဏ်းရုပ်နှင့် ပမာတူ၏။

**ဝတ္ထုနှင့် အာရုံ တွေ့ကြုံထိခိုက်မှုကြောင့်ဖြစ်သော ပဋိဃသညာတို့မှာ**

(၁) ရူပသညာ - အဆင်းကိုမှတ်သားမှု

(၂) သဒ္ဒသညာ - အသံကိုမှတ်သားမှု

(၃) ဂန္ဓသညာ - အနံ့ကိုမှတ်သားမှု

(၄) ရသသညာ - အရသာကိုမှတ်သားမှု

(၅) ဖောဋ္ဌဗ္ဗသညာ - အထိအတွေ့ကိုမှတ်သားမှု

ကုသလဝိပါက် ပဋိဃသညာ ၅ ပါးသည် အကောင်းအကျိုးဝိပါက်ဖြစ်ပြီးလျှင် အကုသလဝိပါက် ပဋိဃသညာ ၅ ပါးသည် အဆိုးအကျိုးဝိပါက်ဖြစ်ပါသည်။

**၁၄။ ဝိညာဏဉ္စာယတနစျာန်ကိုရအောင် အဘယ်အာရုံတရားကို အဘယ်သို့ နှလုံးသွင်းရှုမှတ်ရမည်ကိုဖော်ပြပါ။** *(၁၉၉၉၊ စမန ၁၀၅)*

***အဖြေ*** – အနန္တအာကာသကို အာရုံပြုသော အာကာသာနဉ္စာယတနဝိညာဏ် (စိတ်)ကို အာရုံပြု၍ "ဝိညာဏံ၊ ဝိညာဏံ"ဟုဖြစ်စေ၊ "အနန္တံ ဝိညာဏံ၊ အနန္တံ ဝိညာဏံ" – "ပထမအရူပဝိညာဏ်သည် အဆုံးအပိုင်းအခြားမရှိ"ဟု အဖန်တလဲလဲနှလုံးသွင်း၏။ ရှုမှတ်ပုံအပြည့်အစုံမှာ - (နံပါတ် ၂ ဝိညာဏဉ္စာယတနစျာန်ရအောင်စီးဖြန်းအားထုတ်ပုံကို ဆက်ရေးပါ)

**၁၅။ တတိယအရူပစျာန်၏မကောင်းဆိုးပြစ်ကို မြင်နေသော စတုတ္ထအရူပစျာန်သည် ဘာကြောင့် ထိုတတိယအရူပစျာန်ကိုပင် အာရုံပြုနေရပါသနည်း။ ဥပမာပြ၍ ဖြေဆိုပါ။** *(၂၀၀၀၊ စမန ၁၁၅-၆)*

***အဖြေ*** - စတုတ္ထအရူပစျာန်သည် "ဤတတိယအရူပစျာန်သမာပတ်သည် ဝိညာဏဉ္စာယတနစျာန်ဟူသော ရန်သူနှင့်နီးကပ်၏"ဟု အပြစ်မြင်ပါသော်လည်း တတိယအရူပစျာန်ကိုပင် အာရုံပြုနေရသည့်အကြောင်းမှာ အခြားအာရုံပြုစရာမရှိသောကြောင့် ဖြစ်၏။

အဘယ်ကဲ့သို့နည်းဟူမူ ကိုယ်နှုတ်နှလုံးကို စောင့်စည်းမှုမရှိဘဲ ကြမ်းတမ်းသော မင်းကို "ဤမင်းသည်အကျင့်ကြမ်းကြုတ်၏"ဟု အပြစ်မြင်ပါသော်လည်း အခြားအသက်မွေးဝမ်းကြောင်းအလုပ်ကို ရှာမရသဖြင့် ထိုမင်း၏လက်အောက်မှာပင် မင်းမှုထမ်းအလုပ်ကို ဆက်လုပ်နေရသကဲ့သို့တည်း။ (နံပါတ် ၄(ခ)နှင့်တူ၏)

**၁၆။ နတ္ထိဘောပညတ်(မရှိပညတ်)ဟုဆိုရာ၌ အဘယ်အရာမရှိမှုကို ဆိုလိုသည်၊ ထိုမရှိပညတ်ကို ရှုမြင်ပုံသည် ဥပမာအားဖြင့် အဘယ်ကိုရှုမြင်ပုံနှင့်တူသည်ကို ဖြေဆိုပါ။** *(၂၀၀၁၊ စမန ၁၀၇-၈)*

***အဖြေ*** – *နတ္ထိဘောပညတ်(မရှိပညတ်)ဆိုသည်မှာ အနန္တအာကာသကို အာရုံပြု၍ဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်၏မရှိမှုကို ဆိုလိုပါသည်။*

*ထိုမရှိပညတ်ကို ရှုမြင်ပုံဥပမာမှာ လူတစ်ယောက်သည် တန်ဆောင်း၌စည်းဝေးနေသော ရဟန်းတော်များကို တွေ့မြင်ပြီးနောက် တစ်ခုသောအရပ်သို့ ထွက်ခွာသွား၏။ အစည်းအဝေးပြီးဆုံး၍ ရဟန်းတော်များအသီးသီးဖဲခွာပြီးသည့်အခါမှ ထိုလူပြန်ရောက်လာ၏။ ရဟန်းတော်များစည်းဝေးရာဌာနကို ရှုကြည့်လတ်သော် ရဟန်းတို့မှ ကင်းဆိတ်နေသည်ကို တွေ့မြင်ရ၏။ ထိုလူသည် "ရဟန်းတို့သေကုန်ပြီလော၊ အရပ်အသီးသီးသို့ ခရီးထွက်သွားကြပြီလော"ဟု မကြံတွေးမိဘဲ "ဤနေ့၌ ရဟန်းတို့မှကင်းဆိတ်နေ၏"ဟု ရဟန်းတို့၏မရှိခြင်းကိုသာလျှင် တွေ့မြင်ရသကဲ့သို့၊ ထို့အတူ ယောဂီပုဂ္ဂိုလ်သည် ရှေးက အနန္တအာကာသကို အာရုံပြု၍ဖြစ်သော အာကာသာနဉ္စာယတနဝိညာဏ်ကို ဝိညာဏဉ္စာယတနစျာန်မျက်စိဖြင့် ရှုလျက်နေခဲ့၏။ ယခုအခါ ယင်းအာကာသာနဉ္စာယတနဝိညာဏ်ကွယ်သွားလတ်သော် ယင်းအာကာသာနဉ္စာယတနဝိညာဏ်၏မရှိခြင်း ကင်းဆိတ်ခြင်းဟူသည့် "နတ္ထိဘော*

*ပညတ်"ကို ဘာဝနာစိတ်ဖြင့် ရှုလျက်နေ၏။*

၁၇။ **ရှင်ဘုရင်သည် မင်းခမ်းမင်းနားဖြင့် ဆင်စီးပြီးမြို့တွင်းလှည့်လည်စဉ်၊ ဆင်စွယ်ပန်း၊ ဆင်စွယ်ရုပ်ပြုလုပ်နေသော အတတ်ပညာရှင်တို့ ခါးဝတ်ပုဆိုးမြစွာဝတ်ကာ ခေါင်းပေါင်းပြီး ဆင်စွယ်အမှုန်အမွှားများ အလိမ်းလိမ်းကပ်လျက် အလုပ်လုပ်နေသည်ကို မြင်ရသောအခါ "ဟယ် တယ်တော်တဲ့ဆရာတို့ပါလား"ဟု ချီးမွမ်းသြဘာ ထောပနာပြု၏၊ "ငါလဲဘဲ ထိုဆရာတို့လို ဖြစ်ချင်လှပါဘိ"ဟု ထိုပညာရှင်တို့ဘဝကို တောင့်တသောစိတ်အကြံကား တရံတဆစ်မျှ ဖြစ်မည်မဟုတ်၊ ဤနည်းနှင့်တူသော ဓမ္မသဘာဝဖြစ်စဉ် နိယာမရှိ၏။ ထိုနိယာမကား အဘယ်နည်း။**

*(၂၀၀၁၊ စမန ၁၁၀-၁၁၁)*

**အဖြေ** – *ဖော်ပြပါနည်းနှင့် ဓမ္မသဘာဝဖြစ်စဉ်နိယာမကား – နေဝသညာနာသညာယတနကမ္မဋ္ဌာန်း စီးဖြန်းနေသောယောဂီပုဂ္ဂိုလ်သည် အာကိဉ္စညာယတနသမာပတ်ကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်းငြားသော်လည်း "ငါသည် ဤအာကိဉ္စညာယတနသမာပတ်ကို နှလုံးသွင်းအံ့၊ ဝင်စားအံ့၊ ဆောက်တည်အံ့၊ ထအံ့၊ ဆင်ခြင်အံ့" ဤသို့ကြံရွယ်ခြင်း, စိတ်သို့ဆောင်ခြင်း, နှလုံးသွင်းခြင်းသည် မရှိပေ။ အဘယ့်ကြောင့်နည်းဟူမူ ဆင်စွယ်ပန်းပွတ်အတတ်ပညာရှင်တို့ထက် မင်းအဖြစ်က များစွာသာလွန်၍ ကျက်သရေမင်္ဂလာ စည်းစိမ်ဥစ္စာပိုကြီးကျယ်သကဲ့သို့ အာကိဉ္စညာယတနစျာန်ထက် နေဝသညာနာသညာယတနစျာန်က သာ၍ငြိမ်သက်ခြင်း, သာ၍ကောင်းမွန်ခြင်းကြောင့်တည်း။*

၁၈။ **ဝတ္ထုနှင့်အာရုံတွေ့ဆုံထိခိုက်မှုကြောင့်ဖြစ်သော အမှတ်သညာ(ပဋိဃသညာ) ချုပ်ပျောက်အောင် ပယ်နိုင်ပါက အဘယ်စျာန်ရသည်ကို ဖြေဆိုပါ။**

*(၂၀၀၂၊ စမန ၁၀၁)*

**အဖြေ** – *ဝတ္ထုနှင့်အာရုံ တွေ့ဆုံထိခိုက်မှုကြောင့်ဖြစ်သော ပဋိဃသညာချုပ်ပျောက်အောင် ပယ်နိုင်ပါက အာကာသာနဉ္စာယတနစျာန်ကိုရပါသည်။ အဘယ့်ကြောင့်ဆိုသော် – "ခပ်သိမ်းသောအခြင်းအရာအားဖြင့်*

*(၁) ရူပသညာ – ရူပစျာန်၌ဖြစ်သောမှတ်သားမှုတို့ကို လွန်မြောက်ခြင်းကြောင့်*

*(၂) ပဋိဃသညာ – မျက်စိနှင့်အဆင်းစသည်တို့ ထိတိုက်ခြင်းကြောင့် ဖြစ်သော သညာတို့၏ချုပ်ခြင်းကြောင့်*

*(၃) နာနတ္တသညာ – အမျိုးမျိုးသောအာရုံတို့၌ဖြစ်သော သညာတို့ကို နှလုံးမသွင်းခြင်းကြောင့်*

*'အနန္တော အာကာသော'-'အဆုံးအပိုင်းအခြားမရှိသောကောင်းကင်'ဟု နှလုံးသွင်းလျက် အာကာသာနဉ္စာယတနစျာန်သို့ ရောက်၍နေ၏"ဟု ဝိဘင်းပါဠိတော်တွင် ဟောကြားထားပါသည်။*

**၁၉။ ရေတွေရှိနေပါသည်၊ ဖိနပ်ချွတ်ပါဘုရားဟုလည်း ဆရာကိုလျှောက်ထား၏။ ရေရှိလျှင် ရေချိုးမည်၊ ရေသနုပ်ယူခဲ့ဟု ဆိုတော့ကား ရေမရှိပါဘုရားဟု လျှောက်ထားပြန်၏။ ယင်းသို့ ရေရှိမရှိ ဥပမာနှင့်အလားတူ သဘာဝဓမ္မ၏ ဖြစ်ဟန်ကို ကြောင်းကျိုးဆီလျော်အောင် ဖြေဆိုပါ။** *(၂၀၀၂၊စမန ၁၁၃)*

***အဖြေ*** *- ဖော်ပြပါရေရှိမရှိဥပမာ၌ "ရေတွေရှိနေပါသည်၊ ဖိနပ်ချွတ်ပါဘုရား"ဟု လျှောက်ထားခြင်းမှာ ဖိနပ်စိုရုံလောက်ရေရှိနေသောကြောင့်ဖြစ်ပါသည်။ "ရေရှိလျှင် ရေချိုးမည်၊ ရေသနုပ်ယူခဲ့"ဟု ဆိုတော့ကား ရေချိုးနိုင်လောက်အောင် ရေမရှိသောကြောင့် "ရေမရှိပါဘုရား"ဟု လျှောက်ထားခြင်းဖြစ်ပါသည်။*

*ဤဥပမာနှင့်အလားတူ သဘာဝဓမ္မဖြစ်ရပ်မှာ နေဝသညာနာသညာယတန စျာန်၌ရှိသော သညာ၏ဖြစ်ရပ်နှင့်ဆင်တူ၏။ ဤစတုတ္ထအရူပစျာန်၌ရှိသော သညာသည် ဝိပဿနာ၏အာရုံဖြစ်လျက် ငြီးငွေ့ခြင်းကိုဖြစ်စေသည့် ထင်ရှားသော သညာကိစ္စကို ပြုရန်မစွမ်းနိုင်ပါ၊ ထို့ကြောင့် သညာမမည်၊ နေဝသညာ – သညာမဟုတ်ဟုဆိုရ၏။*

*တစ်ဖန် ရှုန့်ရင်းသောသင်္ခါရတို့မှကြွင်းကျန်သည့် သိမ်မွေ့သောသင်္ခါရအဖြစ်ဖြင့်ကား ထင်ရှားရှိသောကြောင့် နာသညာ – သညာမဟုတ်သည်လည်း မဟုတ်ပါဟု ဆိုရ၏။ (နံပါတ် ၁၇နှင့်တူ၏)*

**၂၀။ နေဝသညာနာသညာယတနသမာပတ်ကို ဝိပဿနာရှုပါက ငြီးငွေ့မှု နိဗ္ဗိဒါ ဉာဏ်ဖြစ်ရန်ပင်မစွမ်းနိုင်ကြသော်လည်း အရှင်သာရိပုတြာထေရ်သည်ကား တချို့တလေ စွမ်းဆောင်နိုင်၏။ အဘယ်အတိုင်းအတာအထိ စွမ်းဆောင်နိုင်သည်ကို ဖြေဆိုပြီးလျှင်၊ မိမိ၏ဒူးကို လက်ထောက်၍တောင်ကိုတက်ရခြင်းနှင့် အလားတူသော သဘာဝဓမ္မဖြစ်ရပ်ကို ဖော်ပြပါ။** *(၂၀၀၂၊ စမန ၁၁၃၊ ၁၁၅-၆)*

***အဖြေ*** *– နေဝသညာနာသညာယတနသမာပတ်ကို ဝိပဿနာရှုပါက ငြီးငွေ့မှု နိဗ္ဗိဒါဉာဏ်ဖြစ်ရန်ပင် မစွမ်းနိုင်ကြသော်လည်း ပညာကြီးသော အရှင်သာရိပုတြာထေရ်သည်ကား တချို့တလေစွမ်းဆောင်နိုင်၏၊ ရှုရိုးရှုစဉ်အတိုင်း ရှုလာသောအခါ "ဤတရားတို့သည် ရှေးကမရှိဘဲ ယခုမှဖြစ်ပေါ်လာပြီးလျှင် ကွယ်ပျောက်သွား၏"ဟု အပေါင်းလိုက်သုံးသပ်သည့် ကလာပသမ္မသနနည်းဖြင့်သာလျှင် စွမ်းနိုင်၏၊ ပုဒ်စဉ်အတိုင်းရှုမှတ်ခြင်း – အနုပဒဓမ္မဝိပဿနာဖြင့်ကား မစွမ်းနိုင်ပါ။*

*မိမိဒူးကို လက်ထောက်၍ တောင်ကိုတက်ရခြင်းနှင့်အလားတူ သဘာဝဓမ္မဖြစ်ရပ်မှာ – နေဝသညာနာသညာယတနကမ္မဋ္ဌာန်းကို စီးဖြန်းရှုပွားရာ၌ "အာကိဉ္စညာယတနသမာပတ်သည် ဝိညာဏဥ္စာယတနစျာန်ဟူသော ရန်သူနှင့်နီးကပ်၏၊ နေဝသညာနာသညာယတနစျာန်ကဲ့သို့လည်း မငြိမ်သက်ပေ"ဟူ၍ အာကိဉ္စညာယတနစျာန်၏အပြစ်ကိုမြင်ပြီးဖြစ်သော်လည်း အာကိဉ္စညာယတနစျာန်ကိုသာ*

*အာရုံပြု၍ နေဝသညာနာသညာယတနစျာန်သို့ ရောက်၍နေ၏။ ထိုသို့ အာကိဉ္စညာယတနစျာန်၏အပြစ်ကိုမြင်ပြီးဖြစ်သော်လည်း ထိုစျာန်ကိုပင်အာရုံပြုနေရခြင်းမှာ အခြားအာရုံပြုစရာမရှိသောကြောင့်ဖြစ်ပါသည်။ တောင်တက်သောသူသည် အခြားကိုင်တွယ်စရာမရှိသဖြင့် မိမိဒူးကိုလက်ထောက်၍ တောင်ကိုတက်ရခြင်းနှင့်တူ၏။*

**၂၁။ အာကာသာနဉ္စာယတနစျာန်၌ အဘယ်ကို အာကာသဟုဆိုလိုသည်ကိုလည်း ဖော်ပြပါ။** *(၂၀၀၃၊ စမန ၁၀၄)*

**အဖြေ** – *(နံပါတ် ၈နှင့် တူပါသည်)*

**၂၂။ စတုတ္ထစျာန်ကိုရလိုမှုဖြင့် တတိယအရူပစျာန်ကို ငြိမ်သက်လှပါပေတယ်ဟု အာရုံပြုစီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည် အဘယ်အကြောင်းအရာကိုမြင်၍ ငြိမ်သက်သည်ဟု ဆိုလိုသည်ကို ဖော်ပြပါ။** *(၂၀၀၃၊ စမန ၁၁၀)*

**အဖြေ** – *စတုတ္ထစျာန်ကိုရလိုမှုဖြင့် နေဝသညာနာသညာကမ္မဋ္ဌာန်းကို စီးဖြန်းနေသော ယောဂီပုဂ္ဂိုလ်သည် "ဤအာကိဉ္စညာယတနသနာပတ်သည် ငြိမ်သက်ပါပေစွ၊ ယင်းသို့ငြိမ်သက်သောကြောင့်ပင် အာကာသာနဉ္စာယတနဝိညာဏ်၏မရှိခြင်းဟူသော နတ္ထိဘောပညတ်ကိုသော်လည်း အာရုံပြု၍ အံ့သြစရာတည်နေနိုင်ပါပေ၏" ဟု ဤသို့ငြိမ်သက်သည့်အာရုံရှိခြင်းကိုမြင်ခြင်းကြောင့် ထိုအာကိဉ္စညာယတနသမာပတ်ကို "ငြိမ်သက်ပေစွ"ဟု နှလုံးသွင်းခြင်းဖြစ်၏။*

**၂၃။ မိမိကို သတ်မည့်ရန်သူနှင့်အတူ တစ်ရွာတည်းနေရသူ လူတစ်ယောက်သည် ရန်သူနှင့်ဝေးရာအခြားရွာသို့ ပြောင်းရွှေ့နေသောအခါ၌လည်း ရန်သူနှင့်ရုပ်သွင်တူသူ လူမြင်မြင်သမျှ ကြောက်ရွံ့နေရသကဲ့သို့ ထိုနည်းတူစွာ အဘယ်ပုဂ္ဂိုလ်သည် အဘယ်မည်သော (က)ရန်သူ (ခ)ရန်သူနှင့်တူသူတို့ကိုကြောက်ရွံ့သည့်ပမာ ခွဲခွာရှောင်ရှားနေလိုပါသနည်း ဖြေဆိုပါ။** *(၂၀၀၄၊ စမန ၉၉)*

**အဖြေ** – *ကရဇရုပ်ကြမ်း၏အပြစ်ကို ရှုဆင်ခြင်ပြီးနောက် ကရဇရုပ်ကို ငြီးငွေ့ခြင်း, စက်ဆုပ်ခြင်းအကျိုးငှာ ကျင့်နေသောယောဂီပုဂ္ဂိုလ်သည်*

*(က) ရန်သူနှင့်တူသော ကရဇရုပ်ကို အာရုံပြုသောအားဖြင့် ကရဇရုပ်နှင့်ပြည့်စုံနေသည့်ကာလသည် ရန်သူနှိပ်စက်ခြင်းကို ခံနေရသောကာလနှင့်တူ၏။ ရန်သူနှင့်ဝေးရာ အခြားရွာသို့ ပြောင်းရွှေ့နေထိုင်ခြင်းသည် ရူပါဝစရစတုတ္ထစျာန်၏အစွမ်းဖြင့် ကရဇရုပ်ကို လွန်မြောက်ခြင်းနှင့်တူ၏။*

*(ခ) ရန်သူနှင့်တူသူကိုမြင်၍ ကြောက်ရွံ့ကာ ထိုသူစိမ်းကို မမြင်လိုခြင်းတို့သည် ယောဂီပုဂ္ဂိုလ်က ကရဇရုပ်နှင့်တူသော ကသိုဏ်းရုပ်ကိုမြင်တွေ့သည့်အခါ မကြည့်လိုတော့ဘဲ ကသိုဏ်းရုပ်ကို လွန်မြောက်လိုခြင်းနှင့်တူ၏။*

*(ဂ) ရန်သူသည် ကရဇရုပ်နှင့်တူ၍ (ခ) ရန်သူနှင့်တူသူသည် ကသိုဏ်းရုပ်နှင့်တူ၏။*

**၂၄။ အာကာသနဉ္စာယတနစျာန်ကို ဖြစ်ပွားစေလိုသောရဟန်းသည် မည်သည့် ကသိုဏ်းမှတစ်ပါးသောကသိုဏ်းတို့ကို အာရုံပြုသော မည်သည့်စျာန်ကို ကြိုတင်ဖြစ်ပွားစေရမည်ကို ဖော်ပြပြီးလျှင် နေဝသညာ နာသညာယတန ဟူသောပါဠိ၌ အဘယ်ကြောင့် နေဝသညာပုဒ်တစ်ခုတည်းကို "သညာမရှိ" "သညာမဟုတ်"ဟူ၍ နှစ်မျိုးဖွင့်ဆိုနိုင်ပါသနည်း ဖြေဆိုပါ။**

*(၂၀၀၄၊ စမန ၉၈၊ ၁၁၁-၂)*

**အဖြေ** – *အာကာသာနဉ္စာယတနစျာန်ကိုဖြစ်ပွားစေလိုသောရဟန်းသည် အာကာသ ကသိုဏ်းမှ တစ်ပါးသော ပထဝီကသိုဏ်းစသည့် ၉-ပါးသောကသိုဏ်းတို့တွင် က သိုဏ်းတစ်ပါးပါးကို အဖန်တလဲလဲ ရှုပွားသဖြင့် ဖြစ်ပေါ်လာသော ပဋိဘာဂ နိမိတ်ဟူသည့် ကသိုဏ်းနိမိတ်ကို အာရုံပြုသော ရူပါဝစရစတုတ္ထစျာန်ကို ကြိုတင် ဖြစ်ပွားစေရမည်။*

*နေဝသညာနာသညာယတနဟူသော ပါဠိ၌ နေဝသညာပုဒ်တစ်ခုတည်းကို "သညာမရှိ" "သညာမဟုတ်"ဟူ၍ နှစ်မျိုးဖွင့်ဆိုနိုင်ခြင်းအကြောင်းမှာ-*

*နေဝသညာနာသညာယတနစျာန်၌ ရုန့်ရင်းသောသညာမရှိခြင်းကြောင့် နေဝ သညာ = သညာမရှိဟု ဖွင့်ဆိုပါသည်။*

*စတုတ္ထအရူပစျာန်၌ရှိသောသညာသည် ဝိပဿနာ၏အာရုံဖြစ်လျက် ငြီးငွေ့ခြင်း ကို ဖြစ်စေသည့် ထင်ရှားသောသညာကိစ္စကို ပြုရန်မစွမ်းနိုင်ပါ၊ သို့အတွက် နေဝ သညာ = သညာမဟုတ်ဟု ဖွင့်ဆိုရ၏။ ထို့ကြောင့် နှစ်မျိုးဖွင့်ဆိုနိုင်၏။*

**၂၅။ ကသိုဏ်းကိုခွါ၍ရအပ်သော အာကာသဟုဆိုရာ၌ "ခွါ"ဟူသောဝေါဟာရ၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ကျမ်းလာအတိုင်း နားလည်အောင်ရှင်းပြပြီးလျှင်၊ "သင်္ခါရအကြွင်းအကျန်ရှိသေးသောသမာပတ်"ကိုဖော်ပြပါ။**

*(၂၀၀၅၊ စမန ၁၀၀၊ ၁၁၁)*

**အဖြေ** – *ပထမပိုင်းအဖြေသည် နံပါတ် ၃ အဖြေနှင့်တူ၏။*

*"သင်္ခါရအကြွင်းအကျန်ရှိသေးသောသမာပတ်"ဟူသည်မှာ ရုန့်ရင်းသည့်သင်္ခါရတို့ မှကြွင်းသောအလွန်သိမ်မွေ့ခြင်းသို့ရောက်သည့်သင်္ခါရရှိသော စတုတ္ထစျာန်အရူပ သမာပတ် (ဝါ) နေဝသညာနာသညာယတနသမာပတ် ဖြစ်ပါသည်။*

*(၂၀၀၆, ၂၀၀၇, ၂၀၀၈-ခုနှစ်တို့တွင် ဤအခန်းနှင့်ဆိုင်သောမေးခွန်းများမမေးပါ။)*

အခန်း(၁၁)

# သမာဓိနိဒ္ဒေသ
# သမာဓိကို အကျယ်ပြခြင်း

## ၁ အာဟာရေပဋိကူလသညာ ဘာဝနာ

**အာဟာရဟူသည်မှာ**

အကြင်သဘောတရားသည်အကျိုးကိုဆောင်တတ်, ဖြစ်စေတတ်၏၊ 'ထို့ကြောင့် ထိုသဘောတရားသည် အာဟာရမည်၏။'

ထိုအာဟာရသည် (၁) ကဗဠီကာရအာဟာရ (၂) ဖဿအာဟာရ (၃) မနောသဉ္စေတနာအာဟာရ (၄) ဝိညာဏအာဟာရဟူ၍ လေးပါးရှိ၏။

**အာဟာရ(၄)ပါးတို့ဆောင်သည့် အကျိုးတရားများ**

(၁) အလုပ်အလွေ့ပြု၍ စားမျိုအပ်သော ကဗဠီကာရအာဟာရသည် ဩဇာလျှင်ရှစ်ခုမြောက်ရှိသော ဩဇဋ္ဌမကရုပ်ကို ဆောင်တတ်, ဖြစ်စေတတ်၏။

(၂) အာရုံနှင့်စိတ်ထိတွေ့မှုဖြစ်သော ဖဿအာဟာရသည် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဟူသည့် ဝေဒနာသုံးပါးကို ဆောင်တတ်, ဖြစ်စေတတ်၏။

(၃) စေ့ဆော်မှုစေတနာဟူသော မနောသဉ္စေတနာအာဟာရသည် ကာမဘဝ, ရူပဘဝ, အရူပဘဝဟူသော ဘဝသုံးပါး၌ ပဋိသန္ဓေကို ဆောင်တတ်, ဖြစ်စေတတ်၏။

(၄) စိတ်ဟူသော ဝိညာဏအာဟာရသည် ပဋိသန္ဓေခဏ၌ နာမ်ရုပ်ကို ဆောင်တတ်, ဖြစ်စေတတ်၏။

**အာဟာရအသီးသီးတို့၏ဘေးနှင့်ဥပမာများ**

(၁) ကဗဠီကာရအဟာရ၌ အရသာကို နှစ်သက်တွယ်တာခြင်းဟူသော ရသတဏှာဘေးရှိ၏။ ကဗဠီကာရအာဟာရကို သားငယ်၏အသားကို စားသော ဥပမာဖြင့် ပြအပ်၏။

(၂) ဖဿအာဟာရ၌ အာရုံသို့ချဉ်းကပ်ခြင်း, အာရုံနှင့်ပေါင်းဆုံမိခြင်း ဘေးရှိ၏။ ဖဿအာဟာရကို အရေမရှိသောနွားမဥပမာဖြင့် ပြအပ်၏။

(၃) မနောသဉ္စေတနာအာဟာရ၌ ဘဝသစ်၌ ကပ်ရောက်၍ဖြစ်ခြင်းဟူသော ဘေးရှိ၏။ မနောသဉ္စေတနာအာဟာရကို မီးကျီးတွင်း-မီးကျီးစုဥပမာဖြင့် ပြအပ်၏။

(၄) ဝိညာဏအာဟာရ၌ ပဋိသန္ဓေဟူသောဘေးရှိ၏။ ဝိညာဏအာဟာရကို လှံ

တစ်ရာဥပမာဖြင့် ပြအပ်၏။

**အာဟာရေပဋိကူလသညာ မည်ပုံ**

အာဟာရလေးပါးတွင် စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သည့် ကဗဠီကာရ အာဟာရကိုသာ အာဟာရေပဋိကူလသညာဘာဝနာရှုပွားရာတွင် ယူရပါမည်။ ထို ကဗဠီကာရအာဟာရ၌ စက်ဆုပ်ဖွယ်ကို မှတ်ယူသည်၏အစွမ်းဖြင့်ဖြစ်သော အမှတ် သညာသည် *အာဟာရေ ပဋိကူလသညာ* မည်၏။

**အာဟာရေပဋိကူလသညာ ဘာဝနာရှုပွားပုံ အစီအရင်**

အာဟာရေပဋိကူလကမ္မဋ္ဌာန်းကို ရှုပွားလိုသောယောဂီပုဂ္ဂိုလ်သည် တတ်ကျွမ်း သည့်ဆရာထံမှသင်ယူပြီးလျှင် သင်ယူခဲ့သည်မှ တစ်ပိုဒ်တလေမျှကိုလည်း မချွတ်ယွင်း စေဘဲ ဆိတ်ငြိမ်ရာသို့ကပ်ရောက်လျက် ပြင်ပအာရုံများမှဖဲခွါကာ ကဗဠီကာရအာဟာ ရ၌ (၁၀)ပါးသောအခြင်းအရာတို့ဖြင့် စက်ဆုပ်ဖွယ်ရှိသည့်အဖြစ်ကို ဆင်ခြင်အပ်၏။

(၁) *ဂမနတော* — သွားခြင်းအားဖြင့် ဆင်ခြင်ပုံ၊
(၂) *ပရိယေသနတော* — ရှာမှီးခြင်းအားဖြင့် ဆင်ခြင်ပုံ၊
(၃) *ပရိဘောဂတော* — သုံးဆောင်ခြင်းအားဖြင့် ဆင်ခြင်ပုံ၊
(၄) *အာသယတော* — သည်းခြေစသောတည်ရာအားဖြင့် ဆင်ခြင်ပုံ၊
(၅) *နိဓာနတော* — စု၍တည်ရာအစာသစ်အိမ်အားဖြင့် ဆင်ခြင်ပုံ၊
(၆) *အပရိပက္ကတော* — မကျေမကျက်သေးသောအားဖြင့် ဆင်ခြင်ပုံ၊
(၇) *ပရိပက္ကတော* — ကျေကျက်ပြီးသောအားဖြင့် ဆင်ခြင်ပုံ၊
(၈) *ဖလတော* — ပြီးစီးသောအကျိုးအားဖြင့် ဆင်ခြင်ပုံ၊
(၉) *နိဿန္ဒတော* — ယိုထွက်ခြင်းအားဖြင့် ဆင်ခြင်ပုံ၊
(၁၀) *သမ္မက္ခဏတော* — လူးပေခြင်းအားဖြင့် ဆင်ခြင်ပုံတို့ဖြစ်သည်။

**(၁) အစာရှာသွားရခြင်းအားဖြင့် ဆင်ခြင်ပုံ**

ဘုရားသာသနာတော်၌ ရဟန်းကောင်းသည် ညဉ့်အခါတွင် တရားတော်ကို ရွတ် ဖတ်သရဇ္ဈာယ်ခြင်း သို့မဟုတ် ရဟန်းတရားအားထုတ်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေ ၏။ နံနက်စောစောထ၍ စေတီယင်ပြင်ဝတ်, ဗောဓိယင်ပြင်ဝတ်တို့ကိုပြုပြီးလျှင် သောက်ရေ, သုံးရေတို့ကို တည်ထားအပ်၏။ ကျောင်းပရိဝုဏ်ကို တံမြက်လှည်း၍ ကိုယ်လက်သုတ်သင်ပြီးလျှင် အကြိမ်နှစ်ဆယ်, သုံးဆယ်ခန့် ကမ္မဋ္ဌာန်းကိုနှလုံးသွင်း၏။

ထို့နောက် သပိတ်သင်္ကန်းကိုယူ၍ လူတို့နှင့်စပ်၍ ကျဉ်းမြောင်းမှုမရှိ, ဆိတ်ငြိမ်မှု ချမ်းသာနှင့်ပြည့်စုံသည့် တောအရပ်, အရိပ်, ရေတို့နှင့်ပြည့်စုံလျက် စင်ကြယ်အေးမြ ၍ နှလုံးမွေ့လျော်ဖွယ်မြေအရပ်ဖြစ်သည့် တောအရပ်၊ ခြိုးခြံစွာကျင့်ရာတောအရပ် တို့ကို စွန့်ခွါကာ ဆိတ်ငြိမ်, စင်ကြယ်, မွေ့လျော်ဖွယ်ကိုမငဲ့ဘဲ သုသာန်သို့ ရှေးရှုသွား

သောမြေခွေးပမာ အာဟာရအလို့ငှာ ရွာသို့ ရှေးရှုသွားရမှာပါတကား။

ဤသို့သွားသောအခါ ညောင်စောင်းအင်းပျဉ်က ဆင်းသည်မှစ၍ ဖုန်မှုန့်, အိမ် မြှောင်ချေးတို့ရှိသည့်ကြမ်းပြင်အခင်း၊ ထို့နောက် ကြွက်ချေး, လင်းနို့ချေးများနှင့် သာ၍ ဆက်ဆုပ်ဖွယ်ကောင်းသော ကျောင်းဦးကြမ်းပြင်၊ ထို့နောက် ငှက်ချေး, ခိုချေးတို့ လူး ပေနေသဖြင့် ပို၍စက်ဆုပ်ဖွယ်ကောင်းသော အောက်ထပ်ကြမ်းပြင်တို့ကို နင်းသွားရ ၏။ ကျောင်းပြင် ပရိဝုဏ်မြေပြင်သို့ သက်ဆင်းသည့်အခါ မြက်သစ်ရွက်ဟောင်း, ဂိ လာန သာမဏေတို့၏ကျင်ကြီး, ကျင်ငယ်, တံတွေး, နှပ်တို့ဖြင့်လည်းကောင်း၊ မိုးအခါ ရွှံ့ညွှန်ရေတို့ဖြင့်လည်းကောင်း၊ ညစ်ပေနေသောကြောင့် အောက်ထပ်ကြမ်းပြင်ထက် ပို၍စက်ဆုပ်ဖွယ်ကောင်းသည်ကို တွေ့ရ၏။ ထို့နောက် သာ၍စက်ဆုပ်ဖွယ်ကောင်း သော ကျောင်းလမ်းကို တွေ့မြင်ရ၏။

စေတီတော်, ဗောဓိပင်, နတ်ဗိမာန်တမျှ ပြည့်စုံတင့်တယ်သည့်ကျောင်းတို့ကို မငဲ့ မူဘဲ နှလုံးမွေ့လျော်ဖွယ်တောအရပ်ကို ကျောခိုင်းကာ ကွလှမ်းသွားရပေ၏။ ရွာလမ်း သို့ရောက်သည့်အခါ ငုတ်များ, ဆူးများရှိ၍ ရေတိုက်စားထားသဖြင့် မညီညွတ်သော လမ်းပေါ်တွင် လျှောက်လှမ်းရ၏။ ထို့နောက် အိုင်းအမာကို ဖုံးလွှမ်းသကဲ့သို့ သင်းပိုင် ကိုပြင်ဝတ်၏၊ အိုင်းအမာလွှမ်းအဝတ်ကို ဖွဲ့စည်းသလို ခါးပန်းကြိုးကို ဖွဲ့စည်း၏။ အရိုး စုကို ဖုံးလွှမ်းသကဲ့သို့ ကေသီသင်္ကန်းကို ဝတ်ရုံ၏၊ ဆေးထည့်စရာအိုးခြမ်းခွက်ကို ထုတ် ဆောင်သကဲ့သို့ သပိတ်ကို အိတ်မှထုတ်၍ ပွေ့ပိုက်ကာ ဆွမ်းခံရွာသို့ ရှေးရှုသွားရ၏။

ရွာတံခါးအနီးသို့ရောက်လျှင် နွားကောင်ပုပ်, ကျွဲကောင်ပုပ်, ခွေးကောင်ပုပ်စသည် တို့ကို တွေ့မြင်ရ၏၊ ထိုအကောင်ပုပ်၏အနံ့ကိုလည်း ရှူရှိုက်ရ, သည်းခံရ၏။ ရွာတံခါး၌ ရပ်တန့်၍ ဆင်ကြမ်း, မြင်းကြမ်းစသည်တို့၏ ဘေးကိုရှောင်ရန် ကြည့်ရှုရ၏။ ဤသို့ လျှင် စက်ဆုပ်ဖွယ်အမျိုးမျိုးကို နင်းလျှောက်ရ, တွေ့မြင်ရ, နမ်းရှူရခြင်းသည် အစာ အာဟာရအလို့ငှာ သွားရခြင်းကြောင့် ဖြစ်ပေ၏။ ဪ. . အစာအာဟာရသည် စက် ဆုပ်ဖွယ်ကောင်းလေစွဟု ဂမနတော - သွားခြင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည့် အဖြစ်ကို ဆင်ခြင်အပ်၏။

## (၂) ရှာမှီးခြင်းအားဖြင့် ဆင်ခြင်ပုံ

ရွာတွင်းသို့ဝင်သောအခါ ခွက်လက်စွဲကာ တောင်းရမ်းနေသောသူတောင်းစား ကဲ့သို့ အစပ်အစပ်ရှိသည့် သင်္ကန်းကိုရုံလျက် သပိတ်ပိုက်ကာ အိမ်စဉ်အတိုင်း လှည့် လည်ရ၏။ ရွာလမ်းတို့သည် မိုးအခါ ရွှံ့ညွှန်ရေဖုံးလွှမ်းလျက် နင်းတိုင်းနင်းတိုင်း ခြေသလုံးတိုင်အောင် နစ်၏။ လက်တစ်ဖက်ဖြင့် သပိတ်ကိုကိုင်၍ လက်တစ်ဖက်ဖြင့် သင်္ကန်းကိုမရ၏။ နွေအခါ လေအဟုန်ကြောင့် လွင့်တက်ကုန်သော ဖုန်မှုန့်မြက်မှုန့် တို့ဖြင့် ကိုယ်မှာလူးပေလျက် သွားရ၏။

ထိုထိုအိမ်တံခါးသို့ရောက်လျှင် သားငါးဆေးရေ, ဆန်ဆေးရေ, တံတွေး, နှပ်, ခွေး

ချေး, ဝက်ချေးစသည်တို့နှင့်ရောပြွမ်းလျက် ပိုးလောက်များ, ယင်မဲရိုင်းများ တရှုန်းရှုန်း ဖြစ်နေသော ရွှံ့ပွက်တို့ကိုလည်းကောင်း၊ အညစ်အကြေး, ရေပုပ်တို့စွန့်သွန်ရာ တံစီး အိုင်တို့ကိုလည်းကောင်းတွေ့မြင်ရ၏။ နင်းသွားရ၏။ ယင်ကောင်တို့၏ပျံတက်၍ သင်္ကန်း, သပိတ်, ဦးခေါင်းစသည်တို့၌ နားကြကုန်၏။

အိမ်ထဲသို့ဝင်မိသောရဟန်းအား အချို့က မလောင်းလှူ၊ အချို့က ယမန်နေ့က ထမင်းကြမ်း, ခဲဖွယ်အဟောင်းအမြင်းကိုလှူကြ၏၊ အချို့က ကန်တော့ဆွမ်းပါဘုရား ဟု ဆိုကုန်၏၊ အချို့က မမြင်ယောင်ဆောင်၏။ ဤဒုက္ခမျိုးစုံနှင့်ကြုံဆုံရခြင်းသည် ပရိယေသနတော - အစာရှာမှီးရခြင်းကြောင့် ဖြစ်ပေ၏။ အစာအာဟာရသည် ရှာမှီး ခြင်းအားဖြင့်လည်း စက်ဆုပ်ဖွယ်ကောင်းလှပေစွတကားဟု ဆင်ခြင်အပ်၏။

## (၃) သုံးဆောင်ခြင်းအားဖြင့် ဆင်ခြင်ပုံ

ဆွမ်းခံပြီးနောက် ရွာပြင်ပရှိ သင့်လျော်ရာနေရာတစ်ခုတွင် ဆွမ်းစားရန်ပြင်ဆင် နေစဉ် ရိုသေလေးစားထိုက်သောရဟန်းတော် သို့မဟုတ် လဇ္ဇီသူတော်ကောင်းကို မြင် တွေ့လျှင် ဆွမ်းသပိတ်၌ လက်မနှိုက်ရသေးပါက ဘုဉ်းပေးသုံးဆောင်ရန် ဖိတ်မံအပ် ၏၊ လက်နှိုက်ပြီးပါက မဖိတ်မံသင့်ပေ။ ဖိတ်မံလျှင် စားကြွင်းကို လှူလေသလောဟု မသင်္ကာဖွယ်ရှိသောကြောင့် ရှက်ဖွယ်ဖြစ်ချေ၏။

အစာပေါ် လက်ကိုချ၍ ဆုပ်နယ်သောအခါ လက်ငါးချောင်းမှ ချွေးယိုစီး၍ ခြောက်သွေ့မာကြမ်းသောဆွမ်းကိုပင် စိုစွတ်နူးညံ့စေ၏။ ဆုပ်နယ်ကာမျှဖြင့် ဆွမ်း သည် တင့်တယ်မှုပျက်ပြယ်သွား၏။ ထိုဆွမ်းကို ဆွမ်းလုပ်ပြု၍ ခံတွင်းထဲထည့်လိုက် လျှင် အောက်သွားများက ဆုံကိစ္စ၊ အထက်သွားများက ကျည်ပွေ့ကိစ္စ၊ လျှာကလက် ကိစ္စတို့ကို ဆောင်ရွက်၏။ ထိုဆွမ်းလုပ်ကို သွားတည်းဟူသော ကျည်ပွေ့တို့ဖြင့် ထု ထောင်းကြိတ်ခြေ၏။ လျှာဖျား၌ ကြည်၍ကျဲသော တံတွေးကလူးလဲစေ၏၊ လျှာလယ်မှ စ၍ ပြစ်ချွဲသောတံထွေးက လူးလဲစေ၏၊ ဒန်ပူမရောက်ရာဌာန၌ သွားချေးကလည်း လူးလဲစေ၏။ သွားတို့ဖြင့် ကြိတ်ဝါးစဉ် လျှာဖြင့် အပြန်ပြန်အလှန်လှန် လှည့်မွှေပေး ၏။ ထိုအစာသည် မည်မျှကောင်းအောင်ပြုပြင်ထားစေကာမူ ထိုခဏ၌ အဆင်းအနံ့ ကင်းမဲ့သွား၏၊ ခွေးစားခွက်ထဲက ခွေးအန်ဖတ်ကဲ့သို့ အလွန်စက်ဆုပ်ဖွယ်အဖြစ်သို့ ရောက်၏။

ဤသို့ အလွန်စက်ဆုပ်ဖွယ်ဖြစ်ငြားသော်လည်း မျက်စိဖြင့် မမြင်နိုင်ကောင်း၍သာ မျိုချကြပေ၏။ ဤသို့လျှင် အစာအာဟာရသည် ပရိဘောဂတော – သုံးဆောင်ခြင်း အားဖြင့်လည်း စက်ဆုပ်ဖွယ်ဖြစ်သည်ကို ဆင်ခြင်အပ်၏။

## (၄) သည်းခြေစသော တည်ရာအာသယအားဖြင့် ဆင်ခြင်ပုံ

သတ္တဝါတို့၌ သည်းခြေ, သလိပ်, ပြည်, သွေးဟူ၍ အစာအာဟာရ၏တည်ရာ အာ သယလေးပါးရှိ၏။ ဘုရား, ပစ္စေကဗုဒ္ဓါ, စကြဝတေးမင်းစသည့် ဘုန်းကံကြီးမားသော

သူ၌ တည်ရာအာသယလေးပါးအနက် တစ်ပါးပါးရှိ၏၊ ဘုန်းကံနည်းသောသူတို့မှာ တည်ရာအာသယလေးပါးလုံးရှိကုန်၏။ စားမျိုလိုက်သောအစာသည်

– သည်းခြေအာသယလွှန်ကဲသူမှာ ပြစ်ချွဲသောသစ်မည်စည်ဆီဖြင့် လိမ်းကျံထားသလိုအလွှန်စက်ဆုပ်ဖွယ်အဖြစ်သို့ ရောက်၏။
– သလိပ်အာသယလွှန်ကဲသောသူမှာ ဝက်ချေးပနဲရွက်ရည်ဖြင့် လိမ်းကျံထားသကဲ့သို့ အလွှန်စက်ဆုပ်ဖွယ်အဖြစ်သို့ ရောက် ၏။
– ပြည်အာသယလွှန်ကဲသောသူမှာ ရက်တက်ပုပ်ရည်ဖြင့် လိမ်းကျံထားသကဲ့သို့ အလွှန်စက်ဆုပ်ဖွယ်အဖြစ်သို့ ရောက်၏။
– သွေးအာသယလွှန်ကဲသူမှာ နီသောဆိုးရည် သို့မဟုတ် ချိတ်ရည်ဖြင့် လိမ်းကျံထားသကဲ့သို့ အလွှန်စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။

ဤသို့လျှင် အစာအာဟာရသည် အာသယတော – တည်ရာအာသယဖြင့်လည်း စက်ဆုပ် ရွံရှာဖွယ်ဖြစ်သည်ကို ဆင်ခြင်အပ်၏။

## (၅) စု၍တည်ရာ အစာသစ်အိမ်အားဖြင့် ဆင်ခြင်ပုံ

စားမျိုလိုက်သောအစာသည် အာသယလေးပါးဖြင့်လိမ်းကျံ၍ စက်ဆုပ်ရွံရှာဖွယ်အဖြစ် ဝမ်းတွင်းသို့ရောက်သည့်အခါ ရွှေခွက်ငွေခွက်စသည့်၌ စု၍တည်သည်မဟုတ်၊ စင်စစ်အားဖြင့် အသက်ဆယ်နှစ်ရှိသူစားမျိုလျှင် ဆယ်နှစ်ပတ်လုံးဆေးကြောခြင်းမရှိသည့် ကျင်ကြီးတွင်းနှင့်တူသော အစာသစ်အိမ်၌ တည်၏။ အကယ်၍ အသက်နှစ်ဆယ်, သုံးဆယ်, လေးဆယ်, ငါးဆယ်,. . . . ,ကိုးဆယ်,တစ်ရာရှိသူစားမျိုလျှင် အနှစ်တစ်ရာပတ်လုံး ဆေးကြောခြင်းမရှိသည့် ကျင်ကြီးတွင်းနှင့်တူသော အစာသစ်အိမ်၌ စု၍တည်၏။ ဤသို့ နိဓာနတော – စု၍တည်ရာ အစာသစ်အိမ်အားဖြင့် စက်ဆုပ်ဖွယ်အဖြစ်ကို ဆင်ခြင်အပ်၏။

## (၆) မကျေမကျက်သောအားဖြင့် ဆင်ခြင်ပုံ

ကျင်ကြီးတွင်းနှင့်တူသည့် အစာသစ်အိမ်၌ စု၍တည်နေသော အစာအာဟာရသည် မကျေမကျက်သေးမီကာလပတ်လုံး အလွှန်မှောင်မိုက်လျက် အပုပ်နံ့အမျိုးမျိုးနှင့်စွဲထုံ၍ လေပုပ်တို့၏သွားရာဖြစ်သော ထိုအစာသစ်အိမ်၌ပင် တည်နေရ၏။

ဥပမာပြရလျှင် နွေရာသီတွင် အခါမဲ့မိုးကြီးရွာလျှင် ဒွန်းစဏ္ဍားရွာတံခါးအနီးရှိ တွင်းဆိုးကျင်းဆိုး၌ကျကုန်သော မြက်သစ်ရွက်, ဖျာစုတ်, မြွေကောင်ပုပ်, ခွေးကောင်ပုပ်စသည်တို့သည် နေပူရှိန်ဖြင့်ပူလောင်ခံရ၍ အမြုပ်တစီစီတက်လျက် အပုပ်နံ့တထောင်းထောင်းနှင့် တည်နေသကဲ့သို့တည်း။

အစာသစ်အိမ်၌ ထိုနေ့ကစားမျိုသောအစာ၊ မနေ့ကစားမျိုသောအစာ၊ အခြားလွန်ခဲ့သောနေ့များကစားမျိုခဲ့သောအစာတို့သည် အားလုံးတပေါင်းတည်းဖြစ်၍ အပြင်က သလိပ်မြေးယှက်ဖုံးအုပ်လျက် ဝမ်းမီးအပူရှိန် တေဇောဓါတ်က ကျိုက်ကျိုက်

ဆူအောင် ပူလောင်စေခြင်းကြောင့် အမြုပ်တစီစီတက်ကာ အလွန်စက်ဆုပ်ဖွယ် အဖြစ်သို့ ရောက်၍တည်၏။ ဤသို့ အစာအာဟာရသည် အပရိပက္ကတော – မကျေ မကျက် သောအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်၏။

**(၇) ကျေကျက်ပြီးသောအားဖြင့် ဆင်ခြင်ပုံ**

အစာသစ်အိမ်၌တည်သည့် အစာအာဟာရသည် ဝမ်းမီး – ကမ္မဇတေဇောဓါတ်ဖြင့် ကျေကျက်ပြီးလတ်သော် ရွှေ, ငွေစသည်ပါရှိသော သတ္တုရိုင်းကို အပူတိုက်သည့် အခါ ရွှေ, ငွေစသည်အဖြစ်သို့ ရောက်သကဲ့သို့မဟုတ်ဘဲ အမြှုပ်ထလျက် သိမ်မွေ့စွာ အမှုန့်ပြုရာ ကျောက်ပျဉ်တွင်ကြိတ်၍ ဝါးကျည်တောက်၌ထည့်သော မြေညက်ကဲ့သို့ ကျင်ကြီးအဖြစ်သို့ရောက်၍ အစာဟောင်းအိမ်ကို ပြည့်စေ၏။ ကျင်ငယ်အဖြစ်သို့ ရောက်၍ ဆီးအိမ်စည်ဖောင်းကို ပြည့်စေ၏။ ဤသို့လျှင် အစာအာဟာရသည် ပရိပက္ကတော – ကျေကျက်ပြီးသောအားဖြင့် စက်ဆုပ်ဖွယ်ဖြစ်သည်ကို ဆင်ခြင်အပ်၏။

**(၈) ပြီးစီးသောအကျိုး(ဖလ)အားဖြင့် ဆင်ခြင်ပုံ**

အစာအာဟာရသည် ဝမ်းမီးဖြင့် ကောင်းစွာကျေကျက်ပြီးလျှင် ဆံပင်, အမွေး, လက်သည်းခြေသည်း, သွား, အရေစသော အပုပ်အစုတို့ကို ပြီးစေ၏။ ကောင်းစွာ မကျေကျက်လျှင် ပွေး, ယားနာ, ဝဲနာ, နူနာ, ညှင်း, ပန်းနာ, ချောင်းဆိုးနာ, ဝမ်းသွေး သွန်နာအစရှိသော အရာမကများစွာသောအနာတို့ကို ပြီးစေ၏။ ဤသို့လျှင် ဖလတော – ပြီးစီးသောအကျိုးအားဖြင့်လည်း စက်ဆုပ်ဖွယ်ကောင်းသည်ကို ဆင်ခြင်အပ်၏။

**(၉) ယိုထွက်ခြင်းအားဖြင့် ဆင်ခြင်ပုံ**

အစာအာဟာရသည် တစ်ခုသောပါးစပ်ပေါက်ဖြင့်ဝင်ပြီးလျှင် ယိုထွက်သည့်အခါ မျက်စိမှမျက်ချေး၊ နားမှ နားဖာချေး၊ နှာခေါင်းမှ နှပ်ချေးစသည်ဖြင့် များစွာသော အပေါက်တို့မှ ယိုထွက်၏။ စားသောအခါ များစွာသောအခြံအရံ, မိတ်ဆွေများနှင့် တကွ စားသောက်၏။ ယိုထွက်သောအခါ၌မူ ကျင်ကြီး, ကျင်ငယ်စသည်ကို တစ်ယောက်တည်းသာလျှင် စွန့်ထုတ်ရ၏။

အစာကို သုံးဆောင်သောသူသည် ပထမနေ့၌ အလွန်တက်ကြွကာ နှစ်သက်ဝမ်း မြောက်လျက် အလွန်ရွှင်ပျ၏၊ ဒုတိယနေ့၌ ယိုထွက်သည့်အခါ ရွံရှာစက်ဆုပ်သည် ဖြစ်၍ နှလုံးမသာဖြစ်ကာ မျက်နှာရှုံ့မဲ့လျက် နှာခေါင်းပိတ်၍ စွန့်ထုတ်ရ၏။ ထို့အပြင် ပထမနေ့၌ ထိုအစာကို နှစ်သက်မက်မောစွာ ဖွဲ့တွယ်ရာ ရသတဏှာဖြင့် မိန်းမော၍ စားမျိုခဲ့သော်လည်း ဒုတိယနေ့၌ တစ်ညဉ့်မျှလွန်၍ ပုပ်ခြင်းအဖြစ်သို့ရောက်သဖြင့် တပ်မက်ခြင်းမရှိတော့ဘဲ ဆင်းရဲရှက်နိုး၍ စက်ဆုပ်ရွံရှာလျက် စွန့်ထုတ်ရ၏။

ထို့ကြောင့် ရှေးဆရာတို့က အောက်ပါဂါထာ(၄)ပုဒ်ကို မိန့်ဆိုကြ၏။

(၁) သူမြတ်တို့အား ထိုက်တန်သော ထမင်း, အဖျော်, ခဲဖွယ်, စားဖွယ်တို့သည် တစ်ပေါက်သောဒွါရမှဝင်၍ ကိုးပေါက်သောဒွါရတို့မှ ယိုထွက်ကြကုန်၏။

(၂) သူမြတ်တို့အားထိုက်တန်သော ထမင်း, အဖျော်, ခဲဖွယ်, စားဖွယ်တို့ကို အခြံအရံ အပေါင်းအဖော်တို့နှင့် စားသောက်၏၊ စွန့်ထုတ်လတ်သော် တစ်ယောက်တည်း ပုန်းကွယ်လျက် စွန့်ရ၏။

(၃) သူမြတ်တို့အားထိုက်တန်သော ထမင်း, အဖျော်, ခဲဖွယ်, စားဖွယ်, ဘောဇဉ်အာဟာရတို့ကို နှစ်သက်ဝမ်းမြောက်လျက် စား၏၊ စွန့်ထုတ်လတ်သော် စက်ဆုပ်၏။

(၄) သူမြတ်တို့အားထိုက်တန်သော ထမင်း, အဖျော်, ခဲဖွယ်, ဘောဇဉ်တို့သည် တစ်ညဥ့်မျှအောင်းနေခြင်းဖြင့် အလုံးစုံပင် ပုပ်သောအဖြစ်သို့ရောက်၏။ ဤသို့ နိဿန္ဒတော – ယိုထွက်ခြင်းဖြင့် စက်ဆုပ်ဖွယ်ကောင်းသည့်အဖြစ်ကို ဆင်ခြင်အပ်၏။

## (၁၀) လူးပေခြင်းအားဖြင့် ဆင်ခြင်ပုံ

အစာအာဟာရသည် သုံးဆောင်စဉ်ကာလ၌လည်း လက်, နှုတ်ခမ်း, လျှာ, အာခေါင်တို့ကို လူးပေ၍ စက်ဆုပ်ဖွယ်ဖြစ်ကုန်၏။ ယင်းလက်စသည်ကို ဆေးကြောသည့်အခါ အနံ့ပျောက်စေရန် အထပ်ထပ်ဆေးရ၏။ သုံးဆောင်လိုက်သောအာဟာရသည် ဥပမာဖြင့်ပြရသော် ထမင်းချက်သည့်အခါ ဖွဲ, ဆန်ကွဲ, ဆန်ညာတို့ဝေတက်၍ ထမင်းအိုး၏နခမ်းရေးနှင့် အဖုံးတို့ကို လူးပေသကဲ့သို့ ထို့အတူပင် တစ်ကိုယ်လုံးသို့ အစဉ်လျှောက်သောဝမ်းမီးဖြင့် အမြုပ်ထစေလျက် ကျေကျက်ကာ ဝေတက်၍ သွားချေးအဖြစ်ဖြင့် သွားတို့ကို လူးပေ၏၊ တံထွေး, သလိပ်အဖြစ်ဖြင့် မျက်စိ, နား, နှာခေါင်း, အောက်မဂ်စသည်တို့ကို လူးပေ၏။

ယင်းသို့ ပေကျန်နေသောဒွါရပေါက်တို့သည် နေ့စဉ်ဆေးကြောပါသော်လည်း မသန့်စင်ကြ၊ နှလုံးမွေ့လျော်ဖွယ်မဖြစ်။ အချို့ဒွါရတို့ကို ဆေးကြောပြီးလျှင် လက်ကို ရေဖြင့်တစ်ဖန်ဆေးကြောရ၏။ အချို့ဝစ္စမဂ်ကို ဆေးကြောပြီးလျှင် နွားချေးပြာ, မြေညက်, နံ့သာမှုန့်တစ်မျိုးမျိုးဖြင့် နှစ်ကြိမ်သုံးကြိမ် ထပ်မံဆေးကြောသော်လည်း စက်ဆုပ်ဖွယ် အဖြစ်သည် မပပျောက်ချေ။ ဤသို့ အစာအာဟာရသည် သမ္မက္ခဏတော – လူးပေ ခြင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည့်အဖြစ်ကို ဆင်ခြင်အပ်၏။

**သမာဓိဖြစ်ပေါ်လာပုံ**

ဤသို့လျှင် ဆယ်ပါးသောအခြင်းအရာဖြင့် အစာအာဟာရ၏စက်ဆုပ်ဖွယ် အဖြစ်ကို ဆင်ခြင်သောယောဂီအား ကြံစည်မှုဝိတက်ဖြင့် ထုနှက်သလို နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍ အဖန်ဖန်ထုနှက်သလို အဖန်တလဲလဲနှလုံးသွင်းခြင်းကို ပြုလတ်သော် စားမျိုအပ်သောအာဟာရသည် စက်ဆုပ်ဖွယ်အခြင်းအရာ၏အစွမ်းအားဖြင့် ထင်ရှားပေါ်လွင်လာ၏။

ထိုယောဂီသည် ထိုစက်ဆုပ်ဖွယ်နိမိတ်ကို အဖန်ဖန်မှီဝဲ၏၊ အကြိမ်များစွာ အလေ့အလာပြု၏။ ထိုအခါ နီဝရဏတို့ ကွာကုန်၏။ ကဗဠီကာရအာဟာရ၏ သဘာဝမမှ

အဖြစ်ဖြင့် နက်နဲသောကြောင့် အပ္ပနာသို့မရောက်ဘဲ **ဥပစာရသမာဓိ**ဖြင့်သာ စိတ်သည် ကောင်းစွာတည်ကြည်၏။ ဤကမ္မဋ္ဌာန်းသည် *အာဟာရေပဋိက္ကူလသညာ*ဟူ၍ သာလျှင် ရေတွက်, ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

**အာဟာရေပဋိက္ကူလသညာ ပွားများခြင်းအကျိုးအာနိသင်များ**

၁။ အရသာကိုတပ်မက်သော ရသတဏှာမှ စိတ်သည် တွန့်ဆုတ်၏၊ နစ်၏။

၂။ ကန္တာရခရီးခဲကို ကျော်လွန်လိုသောသူသည် သားငယ်၏အသားကို မာန်ယစ်ခြင်း မရှိဘဲ စားသုံးရသကဲ့သို့ ထိုယောဂီသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ရန် အကျိုးငှာ မာန်ယစ်ခြင်းမရှိဘဲ အာဟာရကို သုံးဆောင်၏။

၃။ ထိုသို့ သုံးဆောင်လတ်သော် ထိုယောဂီသည် မပင်မပန်း ချမ်းသာလွယ်ကူစွာ ကဗဠီကာရအာဟာရကို ပိုင်းခြား၍သိခြင်းကို ရှေ့သွားပြုသဖြင့် ကာမဂုဏ်ငါးပါး၌ တပ်မက်သောရာဂကို ပိုင်းခြား၍ သိမြင်ခြင်းသို့ ရောက်၏။

၄။ ထိုယောဂီသည် ကာမဂုဏ်ငါးပါးပိုင်းခြား၍သိခြင်းကို ရှေ့သွားပြုသဖြင့် ရူပက္ခန္ဓာကို ပိုင်းခြား၍သိ၏။

၅။ ထို့အပြင် မကျေမကျက်သေးသော အစာစသည်၏စက်ဆုပ်ဖွယ်အဖြစ်ကို သိမ်းဆည်းသည့်အစွမ်းဖြင့် ကာယဂတာသတိဘာဝနာသည်လည်း ပြည့်စုံခြင်းသို့ရောက်၏။

၆။ အသုဘဘာဝနာအား လျော်သောအကျင့်ကို ကျင့်သည်လည်း မည်ပေ၏။

၇။ ဤအကျင့်ပဋိပတ်ကိုမှီ၍ မျက်မှောက်ဘဝ၌ပင်လျှင် အမြိုက်နိဗ္ဗာန်သို့ မရောက်နိုင်သေးပါမူ သုဂတိဘဝသို့ လားရောက်ရ၏။

**၂ စတုဓာတုဝဝတ္ထာန် ဘာဝနာ**

**စတုဓာတုဝဝတ္ထာန်၏အဓိပ္ပါယ်**

*စတုဓာတု* - ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော ဓါတ်လေးပါးကို

*ဝဝတ္ထာန်* - ခက်မာခြင်းစသည့် ဓါတ်လေးပါးတို့၏ သဘောအသီးသီးကို မှတ်သည်၏အစွမ်းအားဖြင့် ဆုံးဖြတ်ခြင်း(ဉာဏ်) ပေတည်း။

လေးပါးသောဓါတ်တို့ကို ဆုံးဖြတ်ခြင်းသည် စတုဓာတုဝဝတ္ထာန်မည်၏။

*ဓာတုမနသိကာရ* - ဓါတ်တို့ကို နှလုံးသွင်းခြင်း, *ဓာတုကမ္မဋ္ဌာန* - ဓါတ်ကမ္မဋ္ဌာန်း, *စတုဓာတုဝဝတ္ထာန်* - ဓါတ်လေးပါးကိုဆုံးဖြတ်ခြင်း - ဟူသော ဤသုံးပါးသည် အနက်တူကြ၏။

**စတုဓာတုဝဝတ္ထာန်ဒေသနာနှစ်မျိုး**

ဓါတ်လေးပါးဆုံးဖြတ်ခြင်းအကြောင်းကို **မဟာသတိပဋ္ဌာနသုတ်**၌ အကျဉ်း (သင်္ခေပ) ဒေသနာအားဖြင့် ဟောတော်မူ၏။ **မဟာဟတ္ထိပဒေါပမသုတ်, ရာဟုလောဝါဒသုတ်, ဓာတုဝိဘင်း** တို့၌ အကျယ် (ဝိတ္ထာရ) ဒေသနာအားဖြင့် ဟော

တော်မူ၏။

**စတုဓာတုဝဝတ္ထာန်ကို အကျဉ်းအားဖြင့် ဟောကြားပုံ**

*"ရဟန်းတို့. . . ဥပမာအားဖြင့် ကျွမ်းကျင်သောနွားသတ်သမားသည်သော်လည်းကောင်း၊ နွားသတ်သမား၏တပည့်သည်သော်လည်းကောင်း၊ နွားကိုသတ်ပြီးလျှင် လမ်းလေးခွဆုံရာ၌ အပုံအပုံ ခွဲခြမ်း၍ထိုင်နေသကဲ့သို့ ထို့အတူပင် ယောဂီရဟန်းသည် တည်မြဲတိုင်း ထားမြဲတိုင်းသော ဤရုပ်ကိုယ်ကိုပင်လျှင် ဓာတ်သဘောအားဖြင့် ရှုဆင်ခြင်၏ – ဤရုပ်ကိုယ်၌ ပထဝီဓါတ်သည် ရှိ၏၊ အာပေါဓါတ်သည် ရှိ၏၊ တေဇောဓါတ်သည် ရှိ၏၊ ဝါယောဓါတ်သည် ရှိ၏ဟူ၍ ရှုဆင်ခြင်၏"*

ဤသို့ ဉာဏ်ထက်သောသူတို့အတွက် စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို မဟာသတိပဋ္ဌာနသုတ်၌ အကျဉ်းအားဖြင့် ဟောကြား၏။

**ဒေသနာ၏ဆိုလိုရင်းအနက်**

နွားသတ်သမားသည် နွားကိုမွေးမြူထားစဉ် နွားသတ်ကုန်းသို့ဆောင်ယူစဉ် နွားသတ်ကုန်း၌ချည်နှောင်ထားစဉ်၊ နွားကိုသတ်နေစဉ်၊ နွားအသေကောင်ကို ကြည့်ရှုနေစဉ်အခါတို့၌ "နွား"ဟူသော အမှတ်သညာသည် မပျောက်သေးပေ။ နွားအသေကောင်ကို ခုတ်ပိုင်း, ခွဲခြမ်း၍ အသား, အရိုးစသည်ကို အပုံအပုံပြုလုပ်၍ လမ်းလေးခွဆုံရာ၌ ထိုင်နေသည့်အခါ နွားဟူသောအမှတ်သညာကွယ်ပျောက်ပြီး "အသား"ဟူသော အမှတ်သညာ ဖြစ်လာ၏။ နွားသတ်သမားက "ငါသည် နွားကိုရောင်း၏၊ ဤသူတို့က နွားကို ဝယ်ယူကြ၏"ဟု ထင်မှတ်ခြင်း မဖြစ်ပေ။ စင်စစ်သော်ကား "ငါသည် အသားကိုရောင်း၏၊ ဤသူတို့သည် အသားကိုဝယ်ယူကြ၏"ဟူ၍သာ ထင်မှတ်ခြင်း ဖြစ်၏။

ထို့အတူပင် ယောဂီရဟန်းသည် တရားမရှုပွားမီ ဗာလပုထုဇဉ်ဖြစ်ခိုက်, လူဝတ်ကြောင်ဖြစ်ခိုက်, ရဟန်းဖြစ်ခိုက်အချိန်တို့၌ "သတ္တဝါ, ယောကျ်ား, ပုဂ္ဂိုလ်, လူ"ဟူသော အမှတ်သညာသည် မကွယ်ပျောက်သေး။ တည်မြဲတိုင်း ထားမြဲတိုင်းသော ဤရုပ်ကိုယ်ကိုပင် ပထဝီဓါတ်, အာပေါဓါတ်စသည်ဖြင့် ဓါတ်သဘောအရ ရှုဆင်ခြင်သောအခါ၌မှ သတ္တဝါဟု ထင်မှတ်သော အမှတ်သညာသည် ကွယ်ပျောက်၏။ ဓါတ်သဘော၏အစွမ်းအားဖြင့်သာလျှင် ဘာဝနာစိတ်သည် ကောင်းစွာတည်၏။ ဤသို့သောဆိုလိုရင်းသဘောကို သိစေလိုသောကြောင့် မြတ်စွာဘုရားသည် **မဟာသတိပဋ္ဌာနသုတ်**၌ စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို အကျဉ်းဟောတော်မူသည်။

**စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို အကျယ်အားဖြင့် ဟောကြားပုံ**

မြတ်စွာဘုရားသည် မဟာဟတ္ထိပဒေါပမသုတ်၌ စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို အကျယ်အားဖြင့် ဟောကြားတော်မူသည်-

*"ရဟန်းတို့. . မိမိ၏ကိုယ်တွင်း အဇ္ဈတ္တ၌ဖြစ်သော ပထဝီဓာတ်ဟူသည် အဘယ်*

နည်း၊ မိမိကိုယ်၌ဖြစ်သော အသီးသီးသောကိုယ်၌ဖြစ်သော **ခက်မာသော, ကြမ်းတမ်းသော, စွဲလမ်းအပ်သော အကြင်သဘောသည်** ရှိ၏၊ အဘယ်သဘောတို့နည်းဟူမူ ဆံပင်, အမွေး, လက်သည်းခြေသည်း, သွား, အရေ, အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့, နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်တို့ဖြစ်၏။ ထို့အပြင် မိမိကိုယ်, အသီးသီးသောကိုယ်တို့၌ဖြစ်သော ခက်မာ, ကြမ်းတမ်းသော စွဲလမ်းအပ်သော အခြားတစ်ပါးသော အကြဉ်သဘောသည် ရှိ၏၊ ဤသဘောအလုံးစုံကို အဇ္ဈတ္တိက ပထဝီဓါတ်ဟူ၍ ဆိုအပ်၏။

"ရဟန်းတို့ . . အဇ္ဈတ္တိက အာပေါဓါတ်ဟူသည် အဘယ်နည်း၊ မိမိကိုယ်၌ဖြစ်သော အသီးသီးသောကိုယ်၌ဖြစ်သော အရည်တို့၌အတွင်းဝင်သော စွဲလမ်းအပ်သော အကြင်**အရည်သဘောသည်** ရှိ၏၊ အဘယ်သဘောတို့နည်းဟူမူ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ, မျက်ရည်, ဆီကြည်, တံထွေး, နှပ်, အစေး, ကျင်ငယ်တို့ဖြစ်၏။ ထို့အပြင် မိမိကိုယ်, အသီးသီးသောကိုယ်တို့၌ဖြစ်သော အရည်တို့၌အတွင်းဝင်သော စွဲလမ်းအပ်သော အခြားတစ်ပါးသော အကြင်အရည်သဘောသည် ရှိ၏၊ ဤသဘောအလုံးစုံကို အဇ္ဈတ္တိက အာပေါဓါတ်ဟူ၍ ဆိုအပ်၏"

"ရဟန်းတို့. . . အဇ္ဈတ္တိက တေဇောဓါတ်ဟူသည် အဘယ်နည်း၊ မိမိကိုယ်၌ဖြစ်သော အသီးသီးသောကိုယ်၌ဖြစ်သော ပူသည့်လက္ခဏာရှိသော အပူငွေ့တို့၌ပါဝင်သော စွဲလမ်းအပ်သော အကြင်**အပူငွေ့သဘောသည်** ရှိ၏။ အဘယ်သဘောတို့နည်းဟူမူ အကြင်သန္တပ္ပနတေဇောဓါတ်ဖြင့် ကိုယ်သည် ပူလောင်၏၊ အကြင်ဇီရဏတေဇောဖြင့် ကိုယ်သည် အိုမင်းရင့်ရော်၏၊ အကြင်ဒါဟတေဇောဖြင့် ကိုယ်သည် ပြင်းစွာပူလောင်၏၊ အကြင်ပါစကတေဇောဖြင့် စား-သောက်-ခဲ-လျက်ထားသောအစာသည် ကောင်းစွာကျေကျက်ခြင်းသို့ ရောက်၏။ ထို့အပြင် မိမိကိုယ်, အသီးသီးသောကိုယ်တို့၌ဖြစ်သော အပူငွေ့အပေါင်းတို့၌ ပါဝင်သော စွဲလမ်းအပ်သော အခြားတစ်ပါးသော အကြင်အပူငွေ့သဘောသည် ရှိ၏၊ ဤသဘောအလုံးစုံကို အဇ္ဈတ္တိက တေဇောဓါတ်ဟူ၍ ဆိုအပ်၏"

"ရဟန်းတို့ . . အဇ္ဈတ္တိက ဝါယောဓါတ်ဟူသည် အဘယ်နည်း၊ မိမိကိုယ်၌ဖြစ်သော အသီးသီးသောကိုယ်၌ဖြစ်သော **လှုပ်ရှားတတ်သော လေအပေါင်းတို့၌ပါဝင်သော စွဲလမ်းအပ်သော အကြင်သဘောသည်** ရှိ၏၊ အဘယ်သဘောတို့နည်းဟူမူ အထက်သို့ဆန်တက်သော ဥဒ္ဓင်္ဂမလေများ၊ အောက်သို့စုန်ဆင်းသော အဓောဂမလေများ၊ ဝမ်းတွင်း၌တည်သော ကုစ္ဆိသယလေများ၊ အူထဲ၌တည်သော ကောဋ္ဌာသယလေများ၊ အင်္ဂါကြီးငယ်သို့လျှောက်သော အင်္ဂမင်္ဂါနုသာရီလေများ, အဿာသ - ဝင်သက်လေ, ပဿာသ - ထွက်သက်လေ၊ ဤ (၆)မျိုးသောလေသဘောသည် ရှိ၏။ ထို့အပြင် မိမိကိုယ်, အသီးသီးသောကိုယ်တို့၌ဖြစ်သော လှုပ်ရှားတတ်သောလေအပေါင်းတို့၌ ပါဝင်

*သော စွဲလမ်းအပ်သော အခြားတစ်ပါးသော အကြင်လေသဘောသည်ရှိ၏။ ဤသဘောအလုံးစုံကို အဗ္ဗတ္တိက ဝါယောဓါတ်ဟူ၍ ဆိုအပ်၏"*

ဤသို့လျှင် ဉာဏ်မထက်လှသောသူတို့အတွက် စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို **မဟာဟတ္ထိပဒေါပမသုတ်**၌ အကျယ်အားဖြင့် ဟောကြား၏။ ဤအတူပင် **ရာဟုလောဝါဒသုတ်, ဓာတုဝိဘင်္ဂသုတ်, ဓာတုဝိဘင်းပါဠိ**တို့၌လည်း ဟောတော်မူ၏။

## ဓါတ်ကြီး(၄)ပါးကို (၄၂)ပါးသောအခြင်းအရာအားဖြင့် အကျယ်ပြပုံ

ပထဝီဓါတ်ကို ၂၀ ပါးသော အခြင်းအရာအားဖြင့် အကျယ်ပြ၏၊ အာပေါဓါတ်ကို ၁၂ ပါးသောအခြင်းအရာအားဖြင့် အကျယ်ပြ၏၊ တေဇောဓါတ်ကို ၄ ပါးသော အခြင်းအရာအားဖြင့် အကျယ်ပြ၏၊ ဝါယောဓါတ်ကို ၆ ပါးသောအခြင်းအရာအားဖြင့် အကျယ်ပြ၏၊ သို့ဖြစ်၍ ၄၂ ပါးသော အခြင်းအရာအားဖြင့် ဓါတ်လေးပါးတို့ကို အကျယ်ပြအပ်၏။

### ပထဝီကောဋ္ဌာသ (၂၀)ပါး

| | | | | |
|---|---|---|---|---|
| ဆံပင် | အမွေး | လက်သည်းခြေသည်း | သွား | အရေ |
| အသား | အကြော | အရိုး | ရိုးတွင်းခြင်ဆီ | အညို့ |
| နှလုံး | အသည်း | အမြှေး | အဖျဉ်း | အဆုတ် |
| အူမ | အူသိမ် | အစာသစ် | အစာဟောင်း | ဦးနှောက် |

ဤကောဋ္ဌာသ (၂၀)ပါးတွင် ပထဝီဓါတ် လွန်ကဲ၏။

### အာပေါကောဋ္ဌာသ (၁၂)ပါး

| | | | | | |
|---|---|---|---|---|---|
| သည်းခြေ | သလိပ် | ပြည် | သွေး | ချွေး | အဆီခဲ |
| မျက်ရည် | ဆီကြည် | တံထွေး | နှပ် | အစေး | ကျင်ငယ် |

### တေဇောကောဋ္ဌာသ (၄)ပါး

(၁) သန္တပ္ပနတေဇော — ကိုယ်ကို ပူလောင်စေ၏၊ တစ်ရက်ချန်ဖျားစသည့်အဖျားရှိန်ကိုဖြစ်စေသော အပူငွေ့ (တေဇော)ဖြစ်၏။

(၂) ဇီရဏတေဇော — ကိုယ်ခန္ဓာအိုမင်းရင့်ရော်ခြင်း၊ မျက်စိစသော က္ကန္ဒြေချို့တဲ့ခြင်း၊ ခွန်အားကုန်ခြင်း၊ အရေတွန့်ခြင်း၊ ဆံဖြူခြင်းစသည်ကို ဖြစ်စေသည့်အပူငွေ့ဖြစ်၏။

(၃) ဒါဟတေဇော — ကိုယ်ကိုပြင်းစွာပူလောင်စေသော အပူငွေ့ဖြစ်၏၊ ပူသည် ပူသည်ဟု မြည်တမ်းလျက် ဂေါသီသ, စန္ဒကူးစသည်တို့ဖြင့် လိမ်းကျံခြင်း, ယပ်ခပ်ပေးခြင်းတို့ကို တောင့်တ၏။

(၄) ပါစကတေဇော — စားမျိုအပ်သော ထမင်း, အဖျော်, ခဲအပ်သော မုန့်ညက်ခဲဖွယ်၊ လျက်အပ်သော ပျားရည်, တင်လဲစသည်ကို ကောင်းစွာ ကြေကျက်ခြင်းသို့ ရောက်စေသည့် အပူငွေ့ဖြစ်၏။

ရှေ့တေဇော ၃-ပါးသည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်း ၄ ပါး ကြောင့် ဖြစ်ကုန်၏။ ပါစကတေဇောသည် ကံကြောင့်သာဖြစ်၏။

**ဝါယောကောဋ္ဌာသ (၆) ပါး**

(၁) ဥဒ္ဓင်္ဂမဝါယော – ပျို့အန်ခြင်း, ကြို့ထိုးခြင်းစသည်ကို ဖြစ်စေတတ်သော အထက်သို့တက်သောလေ၊

(၂) အဓောဂမဝါယော –ကျင်ကြီး, ကျင်ငယ်စသည်ကို ဖြစ်စေတတ်သော အောက်သို့စုန်သောလေ၊

(၃) ကုစ္ဆိသယဝါယော – အူအပြင်ဘက် ဝမ်းတွင်း၌တည်သောလေ၊

(၄) ကောဋ္ဌာသယဝါယော – အူအတွင်း၌ တည်သောလေ၊

(၅) အင်္ဂမင်္ဂါနုသာရီဝါယော – အကြောကွန်ယက်ကို အစဉ်လျှောက်ပြီး တစ်ကိုယ်လုံးရှိအင်္ဂါကြီးငယ်များသို့ ကွေးခြင်း, ဆန့်ခြင်းကို ဖြစ်စေသောလေ၊

(၆) အဿာသ ပဿာသဝါယော – ဝင်သက်လေ ထွက်သက်လေ၊

ဤလေ (၆)ပါးတို့တွင် ရှေ့(၅)ပါးတို့သည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်း ၄ ပါးတို့ကြောင့် ဖြစ်ကုန်၏။ ဝင်သက်လေ ထွက်သက်လေတို့သည် စိတ်ကြောင့်သာ ဖြစ်ကုန်၏။

**စတုဓာတုဝဝတ္ထာန်ဘာဝနာ ရှုပွားနည်း ၂-မျိုး**

စတုဓာတုဝဝတ္ထာန်ဘာဝနာကို ဉာဏ်ထက်သောပုဂ္ဂိုလ် (တိက္ခပညာပုဂ္ဂိုလ်)တို့က အကျဉ်းနည်းဖြင့်ရှုပွား၍ ဉာဏ်သိပ်မထက်သောပုဂ္ဂိုလ် (နာတိတိက္ခပညာပုဂ္ဂိုလ်)တို့က အကျယ်နည်းဖြင့် ရှုပွား၏။

ဉာဏ်ထက်သောပုဂ္ဂိုလ်သည် "ဆံပင်တို့သည် ပထဝီဓါတ်၊ အမွေးတို့သည် ပထဝီဓါတ်"စသည်ဖြင့် ဓါတ်တို့ကို အကျယ်နည်းဖြင့် သိမ်းဆည်းခြင်း, နှလုံးသွင်းခြင်းသည် အချိန်ဖင့်နွဲ့ကြန့်ကြာသည်ဟု ထင်၏။

– ခက်မာခြင်းသဘော (ကက္ခဠလက္ခဏာ)သည် ပထဝီဓါတ်၊

– ဖွဲ့စည်းခြင်းသဘော (အာဗန္ဓနလက္ခဏာ)သည် အာပေါဓါတ်၊

– ပူလောင်, ရင့်ကျက်စေခြင်းသဘော (ပရိပါစနလက္ခဏာ)သည် တေဇောဓါတ်၊

– ထောက်ကန်, တောင့်တင်းခြင်းသဘော (ဝိတ္ထမ္ဘနလက္ခဏာ)သည် ဝါယောဓါတ်၊

ဟူ၍ အကျဉ်းနည်းဖြင့် နှလုံးသွင်းမှသာလျှင် ဉာဏ်ထက်သောယောဂီအား ဓါတ်ကမ္မဋ္ဌာန်းသည် ထင်ရှားပေါ်လွင်တတ်၏။

ဉာဏ်ပညာမထက်လှသောပုဂ္ဂိုလ်မှာ ဤသို့အကျဉ်းနည်းဖြင့်နှလုံးသွင်းလျှင် အမိုက်မှောင်ကဲ့သို့ဖြစ်လျက် မထင်ပေါ်ဘဲရှိတတ်၏။ အကျယ်နည်းဖြင့် နှလုံးသွင်းမှသာလျှင်ထင်ရှားပေါ်လွင်တတ်၏။

ဥပမာသော်ကား ပေယျာလ(ပ)ခေါ် မြှုပ်ထားချက်များစွာပါရှိသောပါဠိကို ရွတ်ဆိုနေကြသော ရဟန်းနှစ်ပါးတို့တွင် ဉာဏ်ပညာထက်သောရဟန်းသည် မြှုပ်ထားချက် (ပေယျာလမုခ)ကိုသိရန် ပါဠိအပြည့်အစုံကို တစ်ကြိမ်, နှစ်ကြိမ်ရွတ်ဆိုပြီးလျှင် နောက်ရွတ်ဆိုမှုများ၌ ပေယျာလ၏ အစနှင့်အဆုံးနှစ်ဖက်အစွန်းကိုသာ ရွတ်ဆိုသွား၏။

ထိုသို့ရွတ်ဆိုခြင်းကို ဉာဏ်ပညာမထက်လှသောရဟန်းက "ဘယ်လိုရွတ်ဆိုနေတာလဲ၊ နှုတ်ခမ်းတို့၏ထိခြင်းမျှကို ခွင့်မပေးဘူး၊ ဒီလိုပေယျာလတွေကို ကျော်ရွတ်နေရင် ပါဠိကို ဘယ်ကျေပွန်နိုင်တော့မှာလဲ"ဟုဆို၍ ပေယျာလတို့ကို အကျယ်ထုတ်ဖော်ကာ ရွတ်ဆိုလေ၏။ ဤသို့ရွတ်ဆိုခြင်းကို ဉာဏ်ထက်သောရဟန်းက "ဘယ်လိုသရဇ္ဈာယ်နေပါလိမ့်၊ ဒီလိုရွတ်နေရင် ပါဠိဟာ ဘယ်ပြီးဆုံးတော့မလဲ"ဟု ဆို၏။

**စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းအကျဉ်းရှုနည်း**

ဓါတ်ကမ္မဋ္ဌာန်းရှုပွားလိုသော ဉာဏ်ပညာထက်သည့်ရဟန်းသည် ဆိတ်ငြိမ်ရာသို့ကပ်ရောက်လျက် ပြင်ပအာရုံများမှဖဲခွာကာ ကမ္မဋ္ဌာန်းအာရုံ၌ စိတ်စူးစိုက်ထား၏။ မိမိ၏တစ်ကိုယ်လုံးကို ဓါတ်အစုအဝေးအဖြစ်နှလုံးသွင်းပြီးလျှင် "**ဤရုပ်ကိုယ်၌ ခက်မာခြင်း, ကြမ်းတမ်းခြင်းသဘောသည် ပထဝီဓါတ်တည်း၊ ဖွဲ့စည်းခြင်း, အရည်အဖြစ်ယိုစီးခြင်းသဘောသည် အာပေါဓါတ်တည်း၊ ပူခြင်း, ရင့်ကျက်စေခြင်းသဘောသည် တေဇောဓါတ်တည်း၊ ထောက်ကန်ခြင်း, ခိုင်စေခြင်း, တွန်းကန်ခြင်း, လှုပ်စေခြင်း, ရွေ့စေခြင်းသဘောသည် ဝါယောဓါတ်တည်း**"ဟု အကျဉ်းအားဖြင့် ဓါတ်တို့ကို လက္ခဏာ, ကိစ္စရသအား ဖြင့် ဉာဏ်ဖြင့်ပိုင်းခြားသိမ်းဆည်း၍ ပထဝီဓါတ်, အာပေါဓါတ်, တေဇောဓါတ်, ဝါ ယောဓါတ်ဟု ဓါတ်သဘောမျှဖြင့် သတ္တဝါမဟုတ်, အသက်ကောင်မဟုတ်သော အားဖြင့် အဖန်တလဲလဲ နှလုံးသွင်း, ဆင်ခြင်အပ်၏။

ဤသို့ ဘာဝနာ၌ ကောင်းစွာယှဉ်စေတတ်သောယောဂီရဟန်းအား မကြာမြင့်မီပင်လျှင် ဓါတ်တို့၏ သဘောလက္ခဏာအထူးကို ထင်လင်းစေသောပညာက ထက်ဝန်းကျင်သိမ်းဆည်းအပ်သော သဘာဝဓမ္မလျှင်အာရုံရှိသည့်အဖြစ်ကြောင့် အပ္ပနာသို့မရောက်မူ၍ **ဥပစာရမျှဖြစ်သောသမာဓိ**သည် ဖြစ်ပေါ်၏။

**အရှင်သာရိပုတ္တရာ၏ ဓါတ်ကမ္မဋ္ဌာန်းအကျဉ်းရှုနည်း**

ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော မဟာဘုတ်လေးပါး၏ အစုအဖွဲ့ဖြစ်သည့် ဤကိုယ်ကောင်သည် သတ္တဝါမဟုတ်ကြောင်းကို ပြခြင်းငှာ အရှင်သာရိပုတ္တရာသည် "အရိုးတို့ကို စွဲမှီ၍, အရိုးတို့ကို ဖွဲ့ယှက်တတ်သော အကြောတို့ကို စွဲမှီ၍, ထိုအရိုးတို့ကိုပင် မွမ်းမံလိမ်းကျံ၍တည်သော အသားကိုစွဲမှီ၍, တစ်ကိုယ်လုံးကို ဖုံးလွှမ်းထားသည့်အရေကိုစွဲမှီ၍, အတွင်းဘက် အပြင်ဘက်၌ ကာရံလျက်တည်သော အာကာသသည်ပင်လျှင် ရုပ်ကိုယ်ဟုခေါ် ဆိုခြင်းသို့ရောက်၏"ဟု ဟောတော်မူ၏။

ဤအရိုး, အကြော, အသား, အရေဟူသော ကောဋ္ဌာသလေးပါးတို့၏အကြားသို့

အစဉ်လျှောက်သွားနိုင်သည့် ဉာဏ်တည်းဟူသောလက်ဖြင့် ခွဲခြမ်းသည်ကိုပြု၍ ဤကောဋ္ဌာသလေးပါး၌ ခက်မာခြင်း, ကြမ်းတမ်းခြင်းသဘောသည် ပထဝီဓါတ် တည်း စသည်ဖြင့် ရှေးနည်းဖြင့်ပင်လျှင် ဓါတ်တို့ကို သိမ်းဆည်း၏၊ ပထဝီဓါတ်, အာပေါဓါတ်, တေဇောဓါတ်, ဝါယောဓါတ်ဟု ဓါတ်သဘောမျှဖြင့် သတ္တဝါ, အသက် ကောင်မဟုတ်သောအားဖြင့် အဖန်တလဲလဲ နှလုံးသွင်း၏၊ ဆင်ခြင်၏၊ စိတ်၌ထား အပ်၏။

ဤသို့အားထုတ်သောရဟန်းအား မကြာမြင့်မီပင်လျှင် ဓါတ်တို့၏အထူးအပြားကို ထင်လင်းစေသော ပညာကသိမ်းဆည်းအပ်သော သဘာဝမေ့လျှင်အာရုံရှိသည့်အဖြစ် ကြောင့် အပ္ပနာသို့မရောက်မူ၍ ဥပစာရမျှဖြစ်သောသမာဓိသည် ဖြစ်ပေါ်၏။

**စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း အကျယ်ရှုနည်း**

ဓါတ်ကမ္မဋ္ဌာန်းကို အကျယ်နည်းဖြင့်ရှုပွားလိုသည့် ဉာဏ်ပညာမထက်လှသော ရဟန်းသည် ဆရာ့ထံ၌ ဓါတ်လေးပါးကို (၄၂)ပါးသော အခြင်းအရာဖြင့် အကျယ် သင်ယူပြီးလျှင် သင့်လျော်လျောက်ပတ်သည့်ကျောင်း၌နေလျက် ပလိဗောဓကြီးငယ်တို့ ကို ဖြတ်တောက်၏။ ဆိတ်ငြိမ်ရာသို့ကပ်၍ ပြင်ပအာရုံများမှဖဲခွါကာ ကမ္မဋ္ဌာန်းအာရုံ ၌ စိတ်စူးစိုက်ထားရမည်။ ထို့နောက် (၁) သသမ္ဘာရသင်္ခေပ (၂) သသမ္ဘာရဝိဘတ္တိ (၃) သလက္ခဏသင်္ခေပ (၄) သလက္ခဏဝိဘတ္တိဟူသော အခြင်းအရာလေးပါးဖြင့် ဓါတ်ကမ္မဋ္ဌာန်းကို ရှုပွားအပ်၏။

**(၁) သသမ္ဘာရသင်္ခေပအခြင်းအရာဖြင့် ရှုနည်း**

(က) ယောဂီရဟန်းသည် ဆံပင်အစ ဦးနှောက်အဆုံး ပထဝီကောဋ္ဌာသ (၂၀)ပါး၌ ခက်မာသောအခြင်းအရာကို ပထဝီဓါတ်ဟု ပိုင်းခြားဆုံးဖြတ်လျက် ရှု၏။

(ခ) သည်းခြေအစ ကျင်ငယ်အဆုံး အာပေါကောဋ္ဌာသ (၁၂)ပါး၌ ဖွဲ့စည်းသော အခြင်းအရာကို အာပေါဓါတ်ဟု ပိုင်းခြားဆုံးဖြတ်လျက် ရှု၏။

(ဂ) တေဇောကောဋ္ဌာသ(၄)ပါး၌ ရင့်ကျက်စေသောအပူငွေ့သဘောကို တေဇော ဓါတ်ဟု ပိုင်းခြားဆုံးဖြတ်လျက် ရှု၏။

(ဃ) ဝါယောကောဋ္ဌာသ (၆)ပါး၌ ထောက်ကန်တောင့်တင်းသောအခြင်းအရာကို ဝါယောဓါတ်ဟု ပိုင်းခြားဆုံးဖြတ်လျက် ရှု၏။

ဤသို့ရှုသောယောဂီရဟန်းအား ဓါတ်တို့သည် ထင်ရှားပေါ်လွင်ကုန်၏၊ ထိုဓါတ်တို့ ကိုအဖန်တလဲလဲ နှလုံးသွင်းဆင်ခြင်လျှင် ဆိုခဲ့ပြီးသောနည်းအတိုင်း **ဥပစာရသမာဓိ** သည် ဖြစ်၏။

**(၂) သသမ္ဘာရဝိဘတ္တိအခြင်းအရာဖြင့် ရှုနည်း**

သသမ္ဘာရသင်္ခေပအခြင်းအရာဖြင့် ရှုပွားသော်လည်း ကမ္မဋ္ဌာန်းမပြည့်စုံသေးလျှင် ယောဂီရဟန်းသည် သသမ္ဘာရဝိဘတ္တိအခြင်းအရာဖြင့် ဆက်ရှုပွားအပ်၏။ ထိုရဟန်း

သည် ကာယဂတာသတိကမ္မဋ္ဌာန်းတွင် ပြဆိုခဲ့သော ကမ္မ ဋ္ဌာန်းနိမိတ်ယူမှု၌ကျွမ်းကျင်လိမ္မာကြောင်းဖြစ်သည့် **ဥဂ္ဂဟကောသလ္လညာဏ်(၇)ပါး၊** နှလုံးသွင်းမှု၌ ကျွမ်းကျင်လိမ္မာကြောင်းဖြစ်သော **မနသိကာရကောသလ္လညာဏ်(၁၀) ပါး**တို့ကို မယုတ်လျော့စေဘဲ ကောဋ္ဌာသ(၃၂)ပါးတို့ကို အနုလုံ, ပဋိလုံအားဖြင့် နှုတ် ဖြင့်ရွတ်ဆိုခြင်းမှစ၍ အစီအရင်အားလုံးကို ပြုအပ်၏။

ထူးခြားချက်မှာ **ကာယဂတာသတိကမ္မဋ္ဌာန်း**၌ ဆံပင်စသည့်ကောဋ္ဌာသတို့ကို အဆင်း, ပုံသဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏အစွမ်းအားဖြင့် ရှုဆင်ခြင်ပြီးလျှင် စက်ဆုပ်ဖွယ်အစွမ်းဖြင့် စိတ်ကိုထားအပ်၏။ **စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း**၌မူ ဓါတ်သဘော၏အစွမ်းအားဖြင့် စိတ်ကိုထားအပ်၏။ ဤမျှသာထူးခြား၏။ ထို့ကြောင့် အဆင်း, ပုံသဏ္ဌာန်စသော ငါးပါးအပြားအားဖြင့် ဆံပင်တို့ကို နှလုံးသွင်းပြီးလျှင် အောက်တွင်ဖော်ပြထားသည့်အတိုင်း ဓါတ်၏အစွမ်းအားဖြင့် ရှုဆင်ခြင်ရမည်။

**(က) ပထဝီဓါတ် (၂၀) ပါးကိုရှုပုံ**

**၁။ ဆံပင်ကိုရှုပုံ**

ဆံပင်တို့သည် ဦးခေါင်းခွံကိုရစ်ပတ်သောအရေ၌ ပေါက်ကြ၏။ ဥပမာအားဖြင့် တောင်ပို့ထက် မြက်တုံးများ ပေါက်နေသကဲ့သို့တည်း။ တောင်ပို့ထိပ်သည် ငါ့အပေါ်၌ မြက်တုံးများပေါက်နေသည်ကိုမသိ၊ မြက်တုံးတို့ကလည်း ငါတို့သည် တောင်ပို့ထိပ်၌ ပေါက်ရောက်နေကြသည်ကို မသိ။ ထို့အတူပင် ဦးခေါင်းခွံကို ရစ်ပတ်သောအရေသည် ငါ့အပေါ်၌ ဆံပင်များပေါက်နေကြသည်ကိုမသိ၊ ဆံပင်တို့ကလည်း ငါတို့သည် ထိုအရေ၌ ပေါက်နေကြသည်ကို မသိပေ။

ဤဆံပင်နှင့်အရေတို့သည် ရုပ်တရားသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းကင်းကုန်၏။ ဆံပင်တို့မည်သည်ကား ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏၊ စိတ်, စေတနာမရှိ၊ အဗျာကတတရားတည်း (ဝါ) အာရုံကို မသိတတ်သောတရားတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ခက်မာ, ကြမ်းတမ်းသော ပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

**၂။ အမွေးကိုရှုပုံ**

အမွေးတို့သည် ကိုယ်ကိုရစ်ပတ်သောအရေ၌ ပေါက်ကြ၏။ ဥပမာအားဖြင့် ရွာပျက်ကုန်းအရပ်၌ နေဇာမြက်များပေါက်နေကြသကဲ့သို့တည်း။ ရွာပျက်ကုန်းအရပ်သည် ငါ့အပေါ်၌ နေဇာမြက်များပေါက်နေကြသည်ဟုမသိ၊ နေဇာမြက်တို့ကလည်း ငါတို့သည် ရွာပျက်ကုန်းအရပ်၌ ပေါက်နေကြသည်ဟုမသိ။ ထို့အတူပင် ကိုယ်ကိုရစ်ပတ်သောအရေသည် ငါ့အပေါ်၌ အမွေးများပေါက်နေကြသည်ကိုမသိ၊ အမွေးတို့ကလည်း ငါတို့သည် ထိုအရေ၌ ပေါက်နေကြသည်ကို မသိပေ။

ဤအမွေးနှင့်အရေတို့သည် ရုပ်တရားသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း, ဆင်

ခြင်ခြင်း ကင်းကုန်၏။ အမွေးတို့သည်ကား ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခု ဖြစ်၏၊ စိတ်, စေတနာမရှိ၊ အဗျာကတတရားပေတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ခက်မာ, ကြမ်းတမ်းသောပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

၃။ လက်သည်းခြေသည်းကို ရှုပုံ

လက်သည်းခြေသည်းတို့သည် လက်ချောင်းခြေချောင်းတို့၏အဖျားတို့၌ ဖြစ်ကုန်၏။ ဥပမာအားဖြင့် တုတ်ချွန်များ၏ထိပ်တို့တွင် သစ်မည်စည်စေ့များ ထိုးစိုက်ထားသကဲ့သို့တည်း။ တုတ်ချွန်တို့သည် ငါတို့၌ သစ်မည်စည်စေ့များတည်နေကြသည်ကိုမသိ၊ သစ်မည်စည်စေ့တို့ကလည်း ငါတို့သည် တုတ်ချွန်များ၏ထိပ်တို့၌ တည်နေကြသည်ကို မသိ။ ထို့အတူပင် လက်ချောင်းခြေချောင်းတို့သည် ငါတို့၏အဖျား၌ လက်သည်းခြေသည်းများဖြစ်ကြသည်ကိုမသိ၊ လက်သည်းခြေသည်းတို့ကလည်း ငါတို့သည် လက်ချောင်း ခြေချောင်းတို့၏အဖျားတို့၌ ဖြစ်ကြသည်ကိုမသိပေ။

လက်သည်းခြေသည်းနှင့် လက်ချောင်းခြေချောင်းတို့သည် ရုပ်တရားသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ လက်သည်းခြေသည်းတို့ မည်သည်ကား ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏၊ စိတ်, စေတနာမရှိ၊ အဗျာကတတရားပေတည်း၊ အတ္တမှ ဆိတ်၏။ သတ္တဝါမဟုတ်, ကြမ်းတမ်းသောပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

၄။ သွားကို ရှုပုံ

သွားတို့သည် မေးရိုး၌ ဖြစ်ကုန်၏။ ဥပမာအားဖြင့်ကျောက်ဆုံယေ်တို့၌ တိုင်တို့ကို အစေးဖြင့်ဖွဲ့ကပ်ထားသကဲ့သို့တည်း။ ကျောက်ဆုံတို့သည် ငါတို့၌တိုင်များတည်နေကြသည်ကို မသိ၊ တိုင်တို့ကလည်း ငါတို့သည် ကျောက်ဆုံတို့၌ တည်ကြသည်ကိုမသိ။ ထို့အတူပင် မေးရိုးတို့သည် ငါတို့၌ သွားများပေါက်ကြသည်ကို မသိ။ သွားတို့ကလည်း ငါတို့သည် မေးရိုးတို့၌ ပေါက်ကြသည်ကို မသိပေ။

သွားများနှင့်မေးရိုးတို့သည် ရုပ်တရားသာဖြစ်၍ အချင်းချင်းနှလုံးသွင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ သွားတို့သည်ကား ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏။ စိတ်, စေတနာမရှိ၊ အဗျာကတတရားတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ခက်မာ, ကြမ်းတမ်းသော ပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

၅။ အရေကို ရှုပုံ

အရေသည် တစ်ကိုယ်လုံးကို မြှေးယှက်ဖုံးအုပ်လျက် တည်၏။ ဥပမာအားဖြင့် စောင်းခွက်ကြီးကို နွားသရေစိုဖြင့် ကြက်ထားသကဲ့သို့တည်း။ စောင်းခွက်ကြီးသည် ငါ့ကို နွားသရေစိုဖြင့် ကြက်ထားသည်ဟုမသိ၊ နွားသရေစိုကလည်း ငါသည် စောင်းခွက်ကြီးကို မြှေးယှက်ထားသည်ဟု မသိ။ ထို့အတူပင် ကိုယ်သည် ငါ့ကိုအရေက မြှေးယှက် ထားသည်ဟု မသိ၊ အရေကလည်း ငါသည် ကိုယ်ကိုမြှေးယှက် ဖုံးအုပ်လျက်

တည်သည်ကို မသိပေ။

အရေနှင့်ကိုယ်တို့သည် ရုပ်တရားသာဖြစ်၍ အချင်းချင်း . . (ပ). . ခက်မာကြမ်းတမ်းသော ပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

**၆။ အသားကို ရှုပုံ**

အသားသည် သုံးရာကျော်သောအရိုးတို့ကို လိမ်းကျံလျက်တည်၏။ ဥပမာအားဖြင့် နံရံကိုမြေညက်ဖြင့် ထူထဲစွာလိမ်းကျံထားသကဲ့သို့တည်း။ နံရံသည် ငါ့ကို မြေညက်ဖြင့် လိမ်းကျံထားသည်ဟု မသိ၊ မြေညက်စိုင်ကလည်း ငါသည် နံရံကို လိမ်းကျံကပ်ငြိလျက် တည်သည်ကိုမသိ။ ထို့အတူပင် အရိုးစုသည် ငါ့ကို သားတစ်ကိုးရာဖြင့် လိမ်းကျံထားသည်ဟုမသိ၊ အသားကလည်း ငါသည် အရိုးစုကို လိမ်းကျံကပ်ငြိလျက် တည်သည်ဟု မသိပေ။

အသားနှင့်အရိုးတို့သည် ရုပ်တရားသာဖြစ်၍ အချင်းချင်း. . (ပ). . ခက်မာကြမ်းတမ်းသော ပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

**၇။ အကြောတို့ကို ရှုပုံ**

အကြောတို့သည် ကိုယ်ထဲ၌ အရိုးတို့ကို ဖွဲ့ချည်ကုန်လျက် တည်ကြ၏။ ဥပမာအားဖြင့် နံရံခြေသစ်သားတို့ကို နွယ်တို့ဖြင့် ဖွဲ့ချည်ထားသကဲ့သို့တည်း။ နံရံခြေသစ်သားတို့သည် ငါတို့ကို နွယ်တို့က ဖွဲ့ချည်ထားသည်ကို မသိ၊ နွယ်တို့ကလည်း ငါတို့သည် နံရံခြေ သစ်သားတို့ကို ဖွဲ့ချည်ထားသည်ဟု မသိပေ။ ထို့အတူပင် အရိုးတို့သည် ငါတို့ကို အကြောတို့က ဖွဲ့ချည်ထားသည်ကို မသိ၊ အကြောတို့ကလည်း ငါတို့သည် အရိုးတို့ကို ဖွဲ့ ချည်ထားသည်ဟု မသိပေ။

အကြောနှင့်အရိုးတို့သည် ရုပ်တရားသာဖြစ်၍ . . (ပ). . ခက်မာကြမ်းတမ်းသော ပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

**၈။ အရိုးတို့ကို ရှုပုံ**

အရိုးတို့တွင် ဖနှောင့်ရိုးသည် ဖမျက်ရိုးကို ရွက်လျက်တည်၏၊ ဖမျက်ရိုးသည် ခြေသလုံးရိုးကို ရွက်လျက်တည်၏၊ ခြေသလုံးရိုးသည် ပေါင်ရိုးကို ရွက်လျက်တည်၏၊ ပေါင်ရိုးသည် တင်ပါးရိုးကို ရွက်လျက်တည်၏၊ တင်ပါးရိုးသည် ကျောက်ဆူးရိုးကို ရွက်လျက်တည်၏၊ ကျောက်ဆူးရိုးသည် လည်ရိုးကို ရွက်လျက်တည်၏၊ လည်ရိုးသည် ဦးခေါင်းရိုးကို ရွက်လျက်တည်၏။

အပြန်အားဖြင့် ဦးခေါင်းရိုးသည် လည်ရိုး၌တည်၏၊ လည်ရိုးသည် ကျောက်ဆူးရိုး၌တည်၏၊ ကျောက်ဆူးရိုးသည် တင်ပါးရိုး၌တည်၏၊ တင်ပါးရိုးသည် ပေါင်ရိုး၌ တည်၏၊ ပေါင်ရိုးသည် ခြေသလုံးရိုး၌ တည်၏၊ ခြေသလုံးရိုးသည် ဖမျက်ရိုး၌တည်၏၊ ဖမျက်ရိုးသည် ဖနှောင့်ရိုး၌ တည်၏၊

ဥပမာအားဖြင့် အုတ်, သစ်သား, နွားချေး စသည်တို့၏အစုအပုံ၌ အောက်

အောက်အုတ်စသည်တို့သည် ငါတို့က အထက်အထက်အုတ်စသည်တို့ကို ရွက်ကြလျက် တည်ကြသည်ကို မသိ၊ အထက်အထက်အုတ်စသည်တို့သည်လည်း ငါတို့သည် အောက်အောက်အုတ်စသည်တို့၌ တည်ကြသည်ကို မသိပေ။ ထို့အတူပင် ဖနှောင့်ရိုးသည် ငါက ဖမျက်ရိုးကို ရွက်လျက်တည်သည်ဟု မသိ၊ ဖမျက်ရိုးသည် ငါက ခြေသလုံးရိုးကို ရွက်လျက်တည်သည်ဟု မသိ၊ . . . . (ပ). . . လည်ရိုးသည် ငါက ဦးခေါင်းရိုးကို ရွက်လျက်တည်သည်ဟု မသိ။

အပြန်အားဖြင့် ဦးခေါင်းရိုးသည် ငါက လည်ရိုး၌ တည်သည်ကို မသိ၊ လည်ရိုးသည် ငါက ကျောက်ဆူးရိုး၌တည်သည်ကို မသိ၊ . . . (ပ). . . ဖမျက်ရိုးသည် ငါက ဖနှောင့်ရိုး၌တည်သည်ကို မသိပေ။

အထက်အရိုးနှင့်အောက်အရိုးတို့သည် ရုပ်တရားသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းကင်းကုန်၏။ အရိုးတို့မည်သည်ကား ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခု ဖြစ်၏၊ စိတ်စေတနာမရှိ၊ အဗျာကတတရားပေတည်း၊ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်၊ ခက်မာ, ကြမ်းတမ်းသော ပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

**၉။ ရိုးတွင်းခြင်ဆီကို ရှုပုံ**

ရိုးတွင်းခြင်ဆီသည် အရိုးအသီးသီး၏အတွင်း၌ တည်၏။ ဥပမာအားဖြင့် ပြုတ်ဖြော့ထားသည့်ကြိမ်ညွန့်တို့ကို ဝါးကျည်တောက်များအတွင်း၌ ထည့်ထားသကဲ့သို့ တည်း။ ဝါးကျည်တောက်တို့သည် ငါတို့၌ ကြိမ်ညွန့်ကို တည်ထားသည်ဟုမသိ၊ ကြိမ်ညွန့်ကလည်း ငါသည် ဝါးကျည်တောက်၌ တည်သည်ဟု မသိ၊ ထို့အတူပင် အရိုးတို့သည် ငါတို့၏အတွင်း၌ ခြင်ဆီတည်သည်ဟု မသိ၊ ခြင်ဆီကလည်း ငါသည်အရိုးတို့၏ အတွင်း၌ တည်သည်ဟု မသိ။

ခြင်ဆီနှင့်အရိုးတို့သည် ရုပ်တရားသာဖြစ်၍ အချင်းချင်း. . . (ပ). . . ခက်မာ, ကြမ်းတမ်းသော ပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

**၁၀။ အညှို့ (ကျောက်ကပ်)ကို ရှုပုံ**

အညှို့သည် လည်ချောင်းမှထွက်သော တစ်ခုတည်းသောအကြောမဖြင့် အတန်ငယ်သွားပြီးလျှင် နှစ်ဖြာကွဲသောအကြောကြီးဖြင့် ဖွဲ့စပ်ထားလျက် နှလုံးသားကိုခြံရံ၍ တည်၏။ ဥပမာအားဖြင့် အညှာတစ်ခုတည်းဖြင့် သရက်သီးနှစ်လုံးပွတ်တည်ရှိသကဲ့သို့ တည်း။ အညှာသည် ငါက သရက်သီးနှစ်လုံးပွတ်ကို ဖွဲ့တွယ်ထားသည်ဟု မသိ၊ သရက်သီးနှစ်လုံးပွတ်ကလည်း ငါတို့ကို အညှာက ဖွဲ့တွယ်ထားသည်ဟု မသိပေ။ ထို့အတူ ပင် အကြောကြီးသည် ငါက အညှို့ကို ဖွဲ့တွယ်ထားသည်ဟု မသိ၊ အညှို့ကလည်း ငါ့ကို အကြောကြီးက ဖွဲ့တွယ်ထားသည်ဟု မသိပေ။

အညှို့နှင့်အကြောတို့သည် ရုပ်တရားသာဖြစ်၍ အချင်းချင်း နှလုံးသွင်းခြင်း . . (ပ). . ခက်မာ, ကြမ်းတမ်းသော ပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

**၁၁။ နှလုံးကိုရှုပုံ**

နှလုံးသည် ကိုယ်တွင်း၌ ရင်ရိုးချိုင့်၏အလယ်ကိုမှီ၍ တည်၏။ ဥပမာအားဖြင့် ဆွေးမြည့်နေသည့်သံလျင်းချိုင့်(သံလှောင်ချိုင့်) အတွင်း၌ သံလျင်းချိုင့်ကိုမှီ၍ သားတစ်ကို ထားသကဲ့သို့တည်း။ သံလျင်းချိုင့်အတွင်းရပ်သည် ငါ့ကိုမှီ၍ သားတစ်တည်သည်ကို မသိ၊ သားတစ်ကလည်း ငါသည် သံလျင်းချိုင့်ကိုမှီ၍ တည်သည်ဟု မသိ။ ထို့အတူပင် ရင်ရိုးချိုင့်အတွင်းရပ်သည် ငါ့ကိုမှီ၍ နှလုံးတည်သည်ဟု မသိ၊ နှလုံးကလည်း ငါသည် ရင်ရိုးချိုင့်ကိုမှီ၍ တည်သည်ဟု မသိပေ။

နှလုံးနှင့်ရင်ရိုးချိုင့်တို့သည် ရုပ်တရားသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ နှလုံးမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏။ စိတ်, စေတနာမရှိ၊ အဗျာကတတရားပေတည်း။ အတ္တမှ ဆိတ်၏၊ သတ္တဝါမဟုတ်ခက်မာ, ကြမ်းတမ်းသော ပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

**၁၂။ အသည်းကိုရှုပုံ**

အသည်းသည် ကိုယ်တွင်း၌ သားမြတ်နှစ်ခုတို့၏အကြားဝယ် လက်ျာနံပါးကိုမှီ၍ တည်၏။ ဥပမာအားဖြင့် အိုးကင်းနံပါး၌ကပ်နေသော အသားစိုင်အစုံကဲ့သို့တည်း။ အိုးကင်းနံပါးသည် ငါ၌ အသားစိုင်အစုံကပ်နေသည်ကို မသိ၊ အသားစိုင်အစုံကလည်း ငါသည် အိုးကင်းနံပါး၌ ကပ်နေသည်ဟု မသိပေ။ ထို့အတူပင် သားမြတ်နှစ်ခုအကြား လက်ျာနံပါးသည် ငါ့ကိုမှီ၍အသည်းတည်သည်ဟု မသိ၊ အသည်းကလည်း ငါသည် သားမြတ်နှစ်ခုအကြား လက်ျာနံပါးကိုမှီ၍ တည်သည်ဟု မသိပေ။

အသည်းနှင့် သားမြတ်နှစ်ခုအကြား လက်ျာနံပါးတို့သည် ရုပ်တရားသာဖြစ်၍ . . . (ပ). . . ခက်မာ, ကြမ်းတမ်းသော ပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

**၁၃။ အမြှေးကိုရှုပုံ**

အမြှေးတို့တွင် ဖုံးလွှမ်းသည့်အမြှေးသည် နှလုံးနှင့်အညှိ့ကို ဝန်းရံဖုံးလွှမ်း၍ တည်၏။ မဖုံးလွှမ်းသောအမြှေးသည် တစ်ကိုယ်လုံးဝယ် အရေ၏အောက်၌ အသားကို မြှေးယှက်၍တည်၏။ ဥပမာအားဖြင့် အသားကို ပုဆိုးကြမ်းဖြင့် ရစ်ပတ်ထားသကဲ့သို့တည်း။ အသားသည် ငါ့ကို ပုဆိုးကြမ်းဖြင့် ရစ်ပတ်ထားသည်ဟု မသိ၊ ပုဆိုးကြမ်းကလည်း ငါသည် အသားကို ရစ်ပတ်ထားသည်ဟု မသိပေ။ ထို့အတူပင် အညှိ့, နှလုံးနှင့် အသားတို့သည် ငါ့ကို အမြှေးက ရစ်ပတ်ထားသည်ဟု မသိ၊ အမြှေးကလည်း ငါသည် အညှိ့, နှလုံးနှင့် အသားတို့ကို ဖုံးလွှမ်းထားသည်ဟု မသိပေ။

အမြှေးနှင့်နှလုံး, အညှိ့, အသားတို့သည် ရုပ်တရားချည်းသာဖြစ်ကြ၍ . . . . (ပ). . . ခက်မာ, ကြမ်းတမ်းသော ပထဝီဓါတ်ပေတည်းဟု နှလုံး သွင်းအပ်၏။

**၁၄။ အဖျဉ်းကိုရှုပုံ**

အဖျဉ်းသည် နှလုံးသား၏လက်ဝဲဘက်၌ အစာသစ်အိမ်အရေလွှာ၏ အထက်နံ

ပါးကိုမှီ၍ တည်၏။ ဥပမာအားဖြင့် နွားချေးစိုင်သည် စပါးကျီ၏အထက်နံရံကို မှီ၍ တည်နေသကဲ့သို့တည်း။ ကျီ၏အထက်နံပါးသည် ငါ့ကိုမှီ၍ နွားချေးတည်နေသည်ကို မသိ၊ နွားချေးစိုင်ကလည်း ငါသည် ကျီ၏အထက်နံပါးကို မှီ၍ တည်သည်ဟု မသိပေ။ ထို့အတူပင် အစာသစ်အိမ်အရေလွှာ၏ အထက်နံပါးသည် ငါ့ကိုမှီ၍ အဖျဉ်းတည်သည်ဟု မသိ၊ အဖျဉ်းကလည်း ငါသည် အစာသစ်အိမ်အရေလွှာ၏ အထက်နံပါးကို တည်သည်ဟု မသိပေ။

အဖျဉ်းနှင့် အစာသစ်အိမ်အရေလွှာ၏ အထက်နံပါးတို့သည် ရုပ်တရားချည်းသာ ဖြစ်၍ . . . (ပ). . . ပထဝီဓါတ်ပေတည်းဟု နှလုံးသွင်း အပ်၏။

**၁၅။ အဆုတ်ကိုရှုပုံ**

အဆုတ်သည် ကိုယ်တွင်း၌ သားမြတ်နှစ်ခုတို့၏ အကြားဝယ် နှလုံးနှင့်အသည်းကို အထက်မှဖုံးအုပ်ကာ တွဲလွဲဆွဲလျက် တည်၏။ ဥပမာအားဖြင့် ဆွေးမြည့်နေသော စပါးကျီအတွင်း၌ စာပေါင်းသိုက်တွဲလွဲဆွဲလျက် တည်နေသကဲ့သို့တည်း။ ကျီ၏အတွင်းအရပ်သည် ငါ၌ စာပေါင်းသိုက်တွဲလွဲဆွဲလျက် တည်သည်ဟု မသိ၊ စာပေါင်းသိုက်ကလည်း ငါသည် ကျီ၏အတွင်းအရပ်၌ တွဲလွဲဆွဲလျက် တည်သည်ဟု မသိ။ ထို့အတူပင် ကိုယ်၏အတွင်းအရပ်သည် ငါ၌ အဆုတ်သည် တွဲလွဲဆွဲလျက်တည်သည်ဟု မသိ၊ အဆုတ်ကလည်း ငါသည် ကိုယ်၏အတွင်းအရပ်၌ တွဲလွဲဆွဲလျက် တည်သည်ဟုမသိပေ။

အဆုတ်နှင့်ကိုယ်၏ အတွင်းအရပ်တို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်း နှလုံးသွင်းခြင်း. . . . (ပ). . . ပထဝီဓါတ်ဟု နှလုံးသွင်းအပ်၏။

**၁၆။ အူမကိုရှုပုံ**

အူမသည် လည်ချောင်းအစ ကျင်ကြီးပေါက်အဆုံးရှိသော ကိုယ်၏အတွင်း၌ တည်၏။ ဥပမာအားဖြင့် သွေးစားကျင်း၌ ခေါင်းဖြတ်ထားသည့် မြွေ၏ကိုယ်ကို ခွေ၍ထည့်ထားသည်နှင့်တူ၏။ သွေးစားကျင်းသည် ငါ၌ မြွေ၏ကိုယ်တည်သည်ကိုမသိ၊ မြွေ၏ ကိုယ်ကလည်း ငါသည် သွေးစားကျင်း၌ တည်သည်ဟု မသိ။ ထို့အတူပင် ကိုယ်၏ အတွင်းအရပ်သည် ငါ၌ အူမတည်သည်ဟု မသိ၊ အူမကလည်း ငါသည် ကိုယ်၏ အတွင်းအရပ်၌ တည်သည်ဟု မသိပေ။

အူမနှင့်ကိုယ်၏အတွင်းအရပ်တို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း . . . (ပ). . . ပထဝီဓါတ်ဟု နှလုံးသွင်းအပ်၏။

**၁၇။ အူသိမ်ကိုရှုပုံ**

အူသိမ်သည် အူမတို့၏အကြား၌ (၂၁)ခုသော အူခွေတို့ကို ဖွဲ့ချည်လျက်တည်၏။ ဥပမာအားဖြင့် ခြေသုတ်ကြိုးဝန်းကို ကြိုးငယ်တို့ဖြင့် ချုပ်စပ်လျက်တည်နေသကဲ့သို့ တည်း။ ခြေသုတ်ကြိုးဝန်းသည် ငါ့ကို ကြိုးငယ်များက ချုပ်စပ်လျက်တည်ကြသည်ဟု မသိ။ ကြိုးငယ်များကလည်း ငါတို့သည် ခြေသုတ်ကြိုးဝန်းကို ချုပ်စပ်လျက်တည်ကြ

သည်ဟု မသိ။ ထို့အတူပင် အူမသည် ငါ့ကို အူသိမ်က ဖွဲ့ချည်ထားသည်ဟု မသိ၊ အူသိမ်ကလည်း ငါသည် အူမကို ဖွဲ့ချည်လျက်တည်သည်ဟု မသိပေ။

အူသိမ်နှင့်အူမတို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း . . (ပ). . ပထဝီဓါတ်ဟု နှလုံးသွင်းအပ်၏။

**၁၈။ အစာသစ်ကို ရှုပုံ**

အစာသစ်သည် အစာသစ်အိမ်၌တည်ရှိသော စားသောက်မျိုသွင်းလိုက်သည့် အစာပေတည်း။ ဥပမာအားဖြင့် ခွေးစားခွက်၌ ခွေးအန်ဖတ်တည်နေသကဲ့သို့တည်း။ ခွေး စားခွက်သည် ငါ့၌ ခွေးအန်ဖတ်တည်သည်ဟု မသိ။ ခွေးအန်ဖတ်ကလည်း ငါသည် ခွေးစားခွက်၌တည်သည်ဟု မသိ၊ ထို့အတူပင် အစာသစ်အိမ်သည် ငါ့၌ အစာသစ်တည်သည်ဟု မသိ၊ အစာသစ်ကလည်း ငါသည် အစာသစ်အိမ် ၌တည်သည်ဟု မသိပေ။

အစာသစ်နှင့်အစာသစ်အိမ်တို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း. . (ပ). . ပထဝီဓါတ်ဟုနှလုံးသွင်းအပ်၏။

**၁၉။ အစာဟောင်းကို ရှုပုံ**

အစာဟောင်းခေါ် ကျင်ကြီးသည် လက်ရှစ်သစ်ရှိ ဝါးကျည်တောက်နှင့်တူသော အစာဟောင်းအိမ်ခေါ် အူမ၏အဆုံးပိုင်း၌ တည်၏။ ဥပမာအားဖြင့် ဝါးကျည်တောက်အတွင်း၌ ဝါဖျော့ဖျော့မြေညက်များတည်နေသကဲ့သို့တည်း။ ဝါးကျည်တောက်သည် ငါ၌ ဝါဖျော့ဖျော့မြေညက်တည်သည်ဟု မသိ၊ မြေညက်ကလည်း ငါသည် ဝါးကျည်တောက်၌ တည်သည်ဟုမသိ။ ထို့အတူပင် အစာဟောင်းအိမ်သည် ငါ၌ ကျင်ကြီးတည်သည်ဟု မသိ၊ ကျင်ကြီးကလည်း ငါသည် အစာဟောင်းအိမ်၌ တည်သည်ဟု မသိပေ။

ဤကျင်ကြီးခေါ် အစာဟောင်းနှင့် အစာဟောင်းအိမ်တို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း. . . . (ပ). . . ပထဝီဓါတ်ဟု နှလုံးသွင်းအပ်၏။

**၂၀။ ဦးနှောက်ကိုရှုပုံ**

ဦးနှောက်သည် ဦးခေါင်းခွံအတွင်း၌ တည်၏။ ဥပမာအားဖြင့် ဟောင်းနွမ်းသော ဗူးခွံအတွင်း၌ မုန့်ညက်စိုင်ကို ထည့်ထားသကဲ့သို့တည်း။ ဗူးခွံသည် ငါ၌ မုန့်ညက်စိုင်တည်သည်ဟု မသိ၊ မုန့်ညက်စိုင်ကလည်း ငါသည် ဗူးခွံထဲ၌ တည်သည်ဟု မသိ။ ထို့အတူပင် ဦးခေါင်းခွံ၏အတွင်းအရပ်သည် ငါ၌ ဦးနှောက်တည်သည်ဟုမသိ။ ဦးနှောက်ကလည်း ငါသည် ဦးခေါင်းခွံအတွင်း၌ တည်သည်ဟု မသိပေ။

ဦးနှောက်နှင့် ဦးခေါင်းခွံတို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း . . . . . (ပ). . . . ပထဝီဓါတ်ဟု နှလုံးသွင်းအပ်၏။

**(ခ) အာပေါဓါတ်(၁၂)ပါးကို ရှုပုံ**

## ၂၁။ သည်းခြေကို ရှုပုံ

သည်းခြေနှစ်မျိုးတွင် အဗဒ္ဓသည်းခြေသည် ဇီဝိတိန္ဒြေနှင့်စပ်၍ တစ်ကိုယ်လုံးကို ပြန့်နှံ့လျက်တည်၏၊ ဗဒ္ဓသည်းခြေသည်လည်း သည်းခြေအိမ်၌ တည်၏။ ဥပမာအားဖြင့် ဆီသည် မုန့်ကို ပြန့်နှံ့၍တည်နေသကဲ့သို့တည်း။ မုန့်သည် ဆီက ငါ့ကိုပြန့်နှံ့လျက် တည်သည်ဟုမသိ၊ ဆီကလည်း ငါသည် မုန့်ကို ပြန့်နှံ့လျက် တည်သည်ဟုမသိ။ ထို့အတူပင် ကိုယ်သည် အဗဒ္ဓသည်းခြေက ငါ့ကိုပြန့်နှံ့လျက်တည်သည်ဟု မသိ၊ အဗဒ္ဓသည်းခြေကလည်း ငါသည်ကိုယ်ကိုပြန့်နှံ့လျက် တည်သည်ဟုမသိပေ။

ဗဒ္ဓသည်းခြေ၏ဥပမာကား သပွတ်ခါးသီးအိမ်သည် မိုးရေနှင့်ပြည့်နေသကဲ့သို့တည်း။ သပွတ်ခါးအိမ်သည် ငါ၌ မိုးရေတည်သည်ဟု မသိ၊ မိုးရေကလည်း ငါသည် သပွတ်ခါးအိမ်၌တည်သည်ဟု မသိ။ ထို့အတူပင် သည်းခြေအိမ်သည် ငါ၌ ဗဒ္ဓသည်းခြေတည်သည်ဟု မသိ၊ ဗဒ္ဓသည်းခြေကလည်း ငါသည် သည်းခြေအိမ်၌ တည်သည်ဟုမသိပေ။

ဤသည်းခြေနှစ်မျိုးနှင့် တည်ရာကိုယ်နှင့်သည်းခြေအိမ်တို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းကင်းကုန်၏။ သည်းခြေမည်သည်ကား ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏။ စိတ်, စေတနာမရှိ၊ အဗျာကတ တရားတည်း။ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းခြင်းသဘောရှိ သော အာပေါဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

## ၂၂။ သလိပ်ကို ရှုပုံ

သလိပ်သည် တစ်ကွမ်းစားပြည့်ရုံပမာဏရှိပြီး အစာသစ်အိမ်အရေလွှာ၌ တည်၏။ ဥပမာအားဖြင့် တန်းစီးအိုင်ထက်၌ အမြှုပ်လွှာတည်နေသကဲ့သို့တည်း။ တန်းစီးအိုင်သည် ငါ့အထက်၌ အမြှုပ်လွှာတည်သည်ဟု မသိ၊ အမြှုပ်လွှာကလည်း ငါသည် တန်းစီးအိုင်အထက်၌ တည်သည်ဟု မသိ။ ထို့အတူပင် အစာသစ်အိမ် အရေလွှာသည် ငါ၌ သလိပ်တည်သည်ဟု မသိ၊ သလိပ်ကလည်း ငါသည် အစာသစ်အိမ်အရေလွှာ၌ တည်သည်ဟု မသိပေ။

ဤသလိပ်နှင့်အစာသစ်အိမ်အရေလွှာတို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်း နှလုံးသွင်းခြင်း. . . (ပ). . . အာပေါဓါတ်ဟုနှလုံးသွင်းအပ်၏။

## ၂၃။ ပြည်ကိုရှုပုံ

ပြည်သည် အမြဲတမ်းတည်ရာမရှိ၊ ထိခိုက်ဒဏ်ရာရသည့် ကိုယ်အစိတ်အပိုင်း၌ သွေးစုဝေးတည်နေလျက် ရင့်ကျက်လာသောအခါ ပြည်ဖြစ်၏။ ဥပမာအားဖြင့် သစ်ပင်ကို ပုဆိန်ဖြင့်ခုတ်သည့်အခါ သစ်ပင်၌ အစေးယိုထွက်နေသည်နှင့် တူ၏။ ခုတ်ထားသောသစ်ပင်အစိတ်အပိုင်းတို့သည် ငါတို့၌ အစေးတည်သည်ဟု မသိ၊ အစေးကလည်း ငါသည် သစ်ပင်၏အခုတ်ခံရရာ အစိတ်အပိုင်းတို့၌ တည်သည်ဟု မသိ။

ထို့အတူ ပင် ထိခိုက်ဒဏ်ရာရသည့် ကိုယ်အစိတ်အပိုင်းတို့သည် ငါတို့၌ ပြည်တည်သည်ဟု မသိ။ ပြည်ကလည်း ငါသည် ထိုကိုယ်အစိတ်အပိုင်းတို့၌ တည်သည်ဟု မသိပေ။

ဤပြည်နှင့် ထိခိုက်မိရာကိုယ်အစိတ်အပိုင်းတို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း. . . (ပ). . . အာပေါဓါတ်ဟုနှလုံးသွင်းအပ်၏။

## ၂၄။ သွေးကိုရှုပုံ

သွေးတို့တွင် ရွေ့ရှားနေသော သံသရဏသွေးသည် အဗဒ္ဓသည်းခြေကဲ့သို့ တစ်ကိုယ်လုံးကို ပြန့်နှံ့၍တည်၏၊ ဥပမာအားဖြင့် မုန့်ကိုနှံ့၍ တည်သောဆီကဲ့သို့တည်း။ စုဝေးနေသော သန္နိစိတသွေးသည် အသည်းတည်ရာ အောက်အဖို့ကို ပြည့်စေလျက် တစ်ကွမ်းစားပြည့်မျှရှိပြီး အညို့, နှလုံး, အသည်း, အ ဆုတ်တို့ကို စိုစွတ်စေ၏။ ဥပမာအားဖြင့် ဆွေးမြည့်သောအိုးကင်းကို မိုးရေစိုစွတ်လျှင် အိုးကင်း၌ရှိသောရေသည် အောက်သို့စိမ့်၍ အုတ်ခဲပိုင်းစသည်တို့ကို စိုစွတ်စေသကဲ့ သို့တည်း။ အုတ်ခဲပိုင်းစသည်တို့သည် ငါတို့ကို အိုးကင်းထဲရှိရေက စိုစွတ်စေသည်ဟု မသိ။ အိုးကင်းထဲရှိရေကလည်း ငါသည် အုတ်ခဲပိုင်းစသည်တို့ကို စိုစွတ်စေသည်ဟု မသိပေ။ (သံသရဏသွေးရှုပုံသည် အဗဒ္ဓသည်းခြေရှုပုံနှင့် တူ၏)

ထို့အတူပင် အသည်းအောက်အဖို့, အညို့, နှလုံး, အသည်း, အဆုတ်တို့သည် ငါတို့၌ သွေးတည်သည်ကို မသိ၊ အညို့, နှလုံး, အသည်း, အဆုတ်တို့ကလည်း ငါတို့ကို စိုစွတ်စေလျက် သွေးတည်သည်ဟု မသိ၊ သွေးကလည်း ငါသည် အသည်း၏အောက်အဖို့ကို ပြည့်စေ၍ အညို့စသည်ကို စိုစွတ်စေသည်ဟု မသိ။

ဤသွေးနှင့်တည်ရာအရပ်, အညို့စသည်တို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ သွေးမည်သည်ကား ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏။ စိတ်, စေတနာမရှိ၊ အဗျာကတတရားပေတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းခြင်းသဘောရှိသော အာပေါဓါတ်ပေတည်းဟူ၍ နှလုံးသွင်းအပ်၏။

## ၂၅။ ချွေးကိုရှုပုံ

ချွေးသည် ပူလောင်, ပူအိုက်သည့်ကာလတို့၌ ဆံတွင်း, မွေးတွင်းအပေါက်တို့ကို ပြည့်စေလျက် တည်၏၊ ယိုထွက်၏။ ဥပမာအားဖြင့် ရေထဲမှနုတ်ဆယ်ကာ ကြာစွယ်ကြာရင်း, ကြာရိုးစသည်းတို့၏အပေါက်များတွင် ရေတည်နေ, ယိုထွက်နေသကဲ့သို့တည်း။ ကြာစွယ်ကြာရိုး၏အပေါက်တို့သည် ငါတို့မှ ရေယိုထွက်သည်ဟုမသိ၊ ယိုထွက်သည့်ရေကလည်း ငါသည် ကြာစွယ်ကြာရိုးစသည်းတို့၏အပေါက်တို့မှ ယိုထွက်သည်ဟု မသိပေ။

ထို့အတူပင် ဆံတွင်း, မွေးတွင်းပေါက်တို့သည် ငါတို့မှချွေးယိုထွက်သည်ဟု မသိ၊ ချွေးကလည်း ငါသည် ဆံတွင်း, မွေးတွင်းပေါက်တို့မှ ယိုထွက်သည်ဟုမသိ၊ ဤချွေးနှင့်

ဆံတွင်း, မွေးတွင်းပေါက်တို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း. . . . (ပ). . . အာပေါဓါတ်ပေတည်းဟူ၍ နှလုံး သွင်းအပ်၏။

## ၂၆။ အဆီခဲကို ရှုပုံ

အဆီခဲသည် ဝသောသူ၏တစ်ကိုယ်လုံးကို ပြန့်နှံ့၍တည်သော ပိန်သောသူ၏ ခြေသလုံး, အသားပုံစသည်တို့ကိုမှီ၍တည်သော ပြစ်ခဲသည့်အဆီတည်း။ ဥပမာအားဖြင့် အသားစုကို နနွင်းဆိုးပုဆိုးကြမ်းဖြင့် ဖုံးလွှမ်းထားသကဲ့သို့တည်း။ အသားစုသည် ငါ့ကို မှီ၍ နနွင်းဆိုးပုဆိုးကြမ်းတည်သည်ဟု မသိ။ နနွင်းဆိုးပုဆိုးကြမ်းကလည်း ငါသည် အသားစုကိုမှီ၍ တည်သည်ဟုမသိ။

ထို့အတူပင် အဆီစုမှီရာအသားသည် ငါ့ကိုမှီ၍ အဆီခဲတည်သည်ဟုမသိ၊ အဆီခဲကလည်း ငါသည်တစ်ကိုယ်လုံး သို့မဟုတ် ခြေသလုံးစသည်တို့၌ရှိသော အသားကိုမှီ၍ တည်သည်ဟုမသိပေ၊ ဤအဆီခဲနှင့် မှီရာအသားတို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း. . . (ပ). . . အာပေါဓါတ်ပေတည်းဟူ၍နှလုံးသွင်းအပ်၏။

## ၂၇။ မျက်ရည်ကို ရှုပုံ

မျက်ရည်သည် ဖြစ်ပေါ်သောအခါ၌ မျက်တွင်းတို့ကိုပြည့်စေလျက် တည်လည်းတည်၏၊ ယိုလည်းယိုစီး၏။ ဥပမာအားဖြင့် နုသောထန်းသီးစေ့တွင်းငယ်များ၌ ထန်းနုရည်ပြည့်နေသကဲ့သို့တည်း။ ထန်းသီးစေ့တွင်းငယ်များသည် ငါတို့၌ ထန်းနုရည်တည်သည်ဟု မသိ၊ ထန်းနုရည်ကလည်း ငါသည် ထန်းသီးစေ့တွင်းငယ်တို့၌ တည်သည်ဟု မသိ။

ထို့အတူပင် မျက်တွင်းတို့သည် ငါတို့၌ မျက်ရည်တည်သည်ဟု မသိ၊ မျက်ရည်ကလည်း ငါသည် မျက်တွင်းတို့၌ တည်သည်ဟု မသိ။ ဤမျက်ရည်နှင့် မျက်တွင်းတို့သည် ရုပ်တရားချည်းသာဖြစ်၍ . ... (ပ). . . အာပေါဓါတ်ပေ တည်းဟူ၍ နှလုံးသွင်းအပ်၏။

## ၂၈။ ဆီကြည်ကို ရှုပုံ

ဆီကြည်သည် မီးလောင်, ပူအိုက်သည့်ကာလတို့၌ လက်ဖဝါးပြင်, လက်ဖမိုး, ခြေဖဝါးပြင်, ခြေဖမိုး, နှာခေါင်းဖူး, နဖူး, ပခုံးစွန်းတို့၌တည်သော အဆီကြည်ပေတည်း။ ဥပမာအားဖြင့် ထမင်းချိုးကို ဆီဆမ်းထားသကဲ့သို့တည်း။ ထမင်းချိုးသည် ငါ့ကို ဆီကလွှမ်း၍တည်သည်ဟုမသိ။ ဆီကလည်း ငါသည် ထမင်းချိုးကို လွှမ်းလျက်တည်သည်ဟု မသိ။ ထို့အတူပင် လက်ဖဝါးပြင်စသောအရပ်သည် ငါ့ကို ဆီကြည်ကလွှမ်းလျက်တည်သည်ဟု မသိ၊ ဆီကြည်ကလည်း ငါသည် လက်ဖဝါးပြင်စသော အရပ်ကို လွှမ်းလျက်တည်သည်ဟု မသိ၊ ဆီကြည်နှင့် လက်ဖဝါးပြင်စသော အရပ်တို့သည် ရုပ်တ ရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း. . . (ပ). . . အာပေါဓါတ်ပေတည်း ဟူ၍ နှလုံးသွင်းအပ်၏။

**၂၉။ တံတွေးကိုရှုပုံ**

တံတွေးသည် တံတွေးဖြစ်ခြင်းအကြောင်းရှိလျှင် ပါးစောင်နှစ်ဖက်တို့မှဆင်းသက်လာပြီးလျှင် လျှာအပြင်၌ တည်၏။ ဥပမာအားဖြင့် မြစ်ကမ်း၌ လက်ယက်တွင်းငယ်တွင် မပြတ်ရေထွက်နေသကဲ့သို့တည်း။ လက်ယက်တွင်းငယ်သည် ငါ၌ ရေတည်သည်ဟု မသိ၊ ရေကလည်း ငါသည် လက်ယက်တွင်းငယ်၌ တည်သည်ဟုမသိ။

ထို့အတူပင် လျှာအပြင်သည် နှစ်ဖက်သောပါးစောင်တို့မှ တံတွေးယိုဆင်း၍ လျှာအပြင်၌ တည်နေသည်ကို မသိ။ တံတွေးကလည်း ငါသည် ပါးစောင်နှစ်ဖက်တို့မှ ဆင်းသက်၍ လျှာအပြင်၌ တည်သည်ဟုမသိ။ ဤတံတွေးနှင့်လျှာအပြင်တို့သည် ရုပ်တရားချည်းသာဖြစ်၍ . . . . (ပ). . . . အာပေါဓါတ်ပေ တည်းဟူ၍ နှလုံးသွင်းအပ်၏။

**၃၀။ နှပ်ကိုရှုပုံ**

နှပ်သည် ဖြစ်ပေါ်လာသောအခါ၌ နှာခေါင်းဖုတို့ကိုပြည့်စေလျက် တည်လည်းတည်၏၊ ယိုလည်း ယိုထွက်၏။ ဥပမာအားဖြင့် ယောက်သွား(ဝါ)ကနုကမာ၌ နို့ခမ်းပုပ်ဖြင့် ပြည့်နေသကဲ့သို့တည်း။ ယောက်သွားသည် ငါ့၌နို့ခမ်းပုပ်တည်သည်ဟု မသိ၊ နို့ခမ်းပုပ်ကလည်း ငါသည် ယောက်သွား၌ တည်သည်ဟုမသိ။

ထို့အတူပင် နှာခေါင်းဖုတို့သည် ငါတို့၌ နှပ်တည်သည်ဟု မသိ။ နှပ်ကလည်း ငါသည် နှာခေါင်းဖုတို့၌ တည်သည်ဟု မသိ။ ဤနှပ်နှင့်နှာခေါင်းဖုတို့သည် ရုပ်တရားချည်းသာဖြစ်၍ . . . (ပ). . . အာပေါဓါတ်ပေတည်းဟု နှလုံးသွင်းအပ်၏။

**၃၁။ အစေးကိုရှုပုံ**

အစေးသည် အရိုးဆက်တို့၏ နယ်ဆီကိစ္စကိုပြီးစေလျက် (၁၈၀)သောအရိုးဆက်တို့၌ တည်၏။ ဥပမာအားဖြင့် ဝင်ရိုးကို ဆီဖြင့် လူးလိမ်းပေးသကဲ့သို့တည်း။ ဝင်ရိုးသည် ငါ့ကို ဆီက လူးလိမ်းလျက်တည်သည်ဟု မသိ၊ ဆီကလည်း ငါသည် ဝင်ရိုးကို လူလိမ်းလျက် တည်သည်ဟု မသိ။ ထို့အတူပင် (၁၈၀)သောအရိုးဆက်တို့သည် ငါတို့ကို အစေးကလူးလိမ်းလျက်တည်သည်ဟု မသိ။ အစေးကလည်း ငါသည် (၁၈၀)သောအရိုးဆက်တို့ကို လူးလိမ်းလျက်တည်သည်ဟု မသိပေ။

ဤအစေးနှင့်အရိုးဆက်တို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ အစေးမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခု ဖြစ်၏။ စိတ်, စေတနာမရှိ၊ အဗျာကတတရားပေတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းခြင်းသဘောရှိသော အာပေါဓါတ်ပေ တည်းဟူ၍ နှလုံးသွင်းအပ်၏။

**၃၂။ ကျင်ငယ်ကိုရှုပုံ**

ကျင်ငယ်သည် ဆီးအိမ်စည်ဖောင်း၏အတွင်း၌ တည်၏။ ဥပမာအားဖြင့် ရေဝင်ပေါက်မရှိသောရေစစ်အိုးကို တန်းစီးအိုင်၌ ပစ်ချထာသည့်အခါ အိုးထဲသို့ တန်းစီးရေစိမ့်ဝင်နေသကဲ့သို့တည်း။ ရေစစ်အိုးသည် ငါ့၌ တန်းစီးရေတည်သည်ဟု မသိ၊

တန်းစီးရေကလည်း ငါသည် ရေစစ်အိုး၌ တည်သည်ဟုမသိ။ ထို့အတူပင် ဆီးအိမ်သည် ငါ၌ ကျင်ငယ်တည်သည်ဟု မသိ၊ ကျင်ငယ်ကလည်း ငါသည် ဆီးအိမ်၌ တည်သည်ဟုမသိ။

ဤကျင်ငယ်နှင့် ဆီးအိမ်တို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ကျင်ငယ်မည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခု ဖြစ်၏။ စိတ်, စေတနာမရှိ၊ အဗျာကတတရားဖြစ်၏၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းခြင်းသဘောရှိသော အာပေါဓါတ်ပေတည်းဟူ၍ နှလုံးသွင်းအပ်၏။

## (ဂ) တေဇောဓါတ်(၄)ပါးကိုရှုပုံ

### ၃၃။ သန္တပ္ပနတေဇောရှုပုံ

အကြင်အဖျားရှိန်ကိုဖြစ်စေသော အပူငွေ့ (တေဇော)ဖြင့် ကိုယ်သည် ပူလောင်၏။ ဤ အပူငွေ့သည် ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏။ စိတ်, စေတနာမရှိ၊ အဗျာကတတရားပေတည်း (ဝါ) အာရုံကို မသိတတ်သောတရားပေတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ရင့်စေ, ကျက်စေသည့်အခြင်းအရာရှိသော တေဇောဓါတ်ပေတည်းဟူ၍ နှလုံးသွင်းအပ်၏။

### ၃၄။ ဇိရဏတေဇောရှုပုံ

ဇိရဏတေဇောခေါ် အပူငွေ့ဖြင့် မျက်စိမွဲခြင်း, ဆံဖြူခြင်းစသည့် အိုမင်းရင့်ရော်ခြင်းကို ဖြစ်စေ၏၊ ဤအပူငွေ့သည် ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခုပေတည်း၊ စိတ်, စေတနာမရှိ၊ အဗျာကတတရားတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ရင့်စေ, ကျက်စေသည့် အခြင်းအရာရှိသော တေဇောဓါတ်ပေတည်းဟူ၍ နှလုံးသွင်းအပ်၏။

### ၃၅။ ဒါဟတေဇောရှုပုံ

ဒါဟတေဇောခေါ် အပူငွေ့ဖြင့် ကိုယ်သည် ပြင်းစွာပူလောင်၏၊ ဤအပူငွေ့သည် ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခု ဖြစ်၏၊ စိတ်, စေတနာမရှိ၊ အဗျာကတတရားပေတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ရင့်စေ, ကျက်စေသည့်အခြင်းအရာရှိသော တေဇောဓါတ်ပေတည်းဟူ၍ နှလုံးသွင်းအပ်၏။

### ၃၆။ ပါစကတေဇောရှုပုံ

ပါစကတေဇောခေါ် ဝမ်းမီးအပူငွေ့ဖြင့် စားအပ်, သောက်အပ်, ခဲအပ်, ကျက်အပ်သော အစာသည် ကောင်းစွာကျက်ခြင်း, ကြေခြင်းသို့ ရောက်၏။ ပါစကတေဇောသည် ဤကိုယ်၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏၊ စိတ်, စေတနာမရှိ၊ အဗျာကတတရားတည်း၊ အတ္တမှကင်းဆိတ်၏၊ သတ္တဝါမဟုတ်၊ ရင့်စေ, ကျက်စေသည့် အခြင်းအရာရှိသော တေဇောဓါတ်ပေတည်းဟူ၍ နှလုံးသွင်းအပ်၏။

## (ဃ) ဝါယောဓါတ် (၆) ပါးကိုရှုပုံ

၃၇။ ဥဒ္ဒုဂ်မဝါယောရှုပုံ
အထက်သို့ဆန်တက်သောဥဒ္ဒုဂ်မဝါယောကို ဆန်တက်သောလေအဖြစ် သိမ်းဆည်းဆင်ခြင်ပြီးလျှင် ဤလေသည် ဤကိုယ်၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏၊ စိတ်, စေတနာမရှိ၊ အဗျာကတတရားတည်း၊ အဗ္ဗမှဆိတ်၏၊ သတ္တဝါမဟုတ် ထောက်ကန်တောင့်တင်းသည့်အခြင်းအရာရှိသော ဝါယောဓါတ်ပေတည်းဟူ၍ နှလုံးသွင်းအပ်၏။

၃၈။ အဓောဂမဝါယောရှုပုံ
အောက်သို့စုန်ဆင်းသော အဓောဂမဝါယောကို စုန်ဆင်းသောလေအဖြစ် သိမ်းဆည်းဆင်ခြင်ပြီးလျှင် ဤလေသည် ဤကိုယ်၌ သီးခြားကောဋ္ဌာသတစ်ခု ဖြစ်၏၊ စိတ်, စေတနာမရှိ၊ အဗျာကတတရားတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ထောက်ကန်တောင့်တင်းသည့် အခြင်းအရာရှိသော ဝါယောဓါတ်ပေတည်းဟူ၍ နှလုံး သွင်းအပ်၏။

၃၉။ ကုစ္ဆိသယဝါယောရှုပုံ
ဝမ်းတွင်း၌တည်သော ကုစ္ဆိသယဝါယောကို ဝမ်းတွင်း၌တည်သောလေအဖြစ် သိမ်းဆည်းဆင်ခြင်ပြီးလျှင် ဤလေသည် ဤကိုယ်၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏။ . . . (ပ). . . ထောက်ကန်တောင့်တင်းသည့် အခြင်းအရာရှိသော ဝါယောဓါတ်ပေတည်းဟူ၍ နှလုံးသွင်းအပ်၏။

၄၀။ ကောဋ္ဌာသယဝါယောရှုပုံ
အူတွင်း၌တည်သော ကောဋ္ဌာသယဝါယောကို အူတွင်း၌တည်သောလေအဖြစ် သိမ်းဆည်းဆင်ခြင်ပြီးလျှင် ဤလေသည် ဤကိုယ်၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏၊ . . . (ပ). . . ထောက်ကန်တောင့်တင်းသည့်အခြင်းအရာရှိသော ဝါယောဓါတ်ပေတည်းဟူ၍ နှလုံးသွင်းအပ်၏။

၄၁။ အင်္ဂမင်္ဂါနုသာရိဝါယောရှုပုံ
အင်္ဂါကြီးငယ်သို့လျှောက်သော အင်္ဂမင်္ဂါနုသာရိဝါယောကို အင်္ဂါကြီးငယ်သို့လျှောက်သောလေအဖြစ် သိမ်းဆည်းဆင်ခြင်ပြီးလျှင် ဤလေသည် ဤကိုယ်၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏၊ . . . (ပ). . . ထောက်ကန်တောင့်တင်းသည့်အခြင်းအရာရှိသော ဝါယောဓါတ်ပေတည်းဟူ၍ နှလုံးသွင်းအပ်၏။

၄၂။ အဿာသ ပဿာသဝါယောရှုပုံ
ဝင်သက်လေထွက်သက်လေဟူသော အဿာသ ပဿာသဝါယောကို ဝင်သက်လေ ထွက်သက်လေအဖြစ် သိမ်းဆည်းဆင်ခြင်ပြီးလျှင် ဤလေသည် ဤကိုယ်၌ သီးခြား ကောဋ္ဌာသတစ်ခုဖြစ်၏၊ စိတ်, စေတနာမရှိ၊ အဗျာကတတရားတည်း၊ အတ္တမှကင်း ဆိတ်၏၊ သတ္တဝါမဟုတ်၊ ထောက်ကန်တောင့်တင်းသည့်အခြင်း အရာရှိသော ဝါယော ဓါတ်ပေတည်းဟူ၍ နှလုံးသွင်းအပ်၏။

ဤဆိုခဲ့သည့်အတိုင်း နှလုံးသွင်းခြင်းကိုဖြစ်စေသော ယောဂီရဟန်းအား ဓါတ်တို့သည် ထင်ရှားပေါ်လွင်ကုန်၏။ ထိုဓါတ်တို့ကို အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်းနေသောယောဂီအား အထက်၌ဆိုခဲ့ပြီသည့် နည်းဖြင့် **ဥပစာရသမာဓိ**သည် ဖြစ်ပေါ်၏။

**(၃) သလက္ခဏသင်္ခေပအခြင်းအရာဖြင့် ရှုနည်း**

အထက်ပါနည်းတို့ဖြင့် ရှုပွားပါသော်လည်း ကမ္မဋ္ဌာန်းမပြီးစီးမပြည့်စုံသေးလျှင် သလက္ခဏသင်္ခေပနည်းဖြင့် ဆက်လက်ရှုပွားအပ်၏။ ရှုမှတ်ပုံမှာ-

**ပထဝီကောဋ္ဌာသ(၂၀)ပါး၌ ရှုပုံ**

ဆံပင်အစ ဦးနှောက်အဆုံးရှိသော ပထဝီကောဋ္ဌာသ(၂၀)တို့၌ ကြမ်းတမ်းခက်မာခြင်း သဘောလက္ခဏာကို ပထဝီဓါတ်ဟု ပိုင်းခြားဆုံးဖြတ်, ရှုဆင်ခြင်အပ်၏၊ ထို (၂၀) သော ကောဋ္ဌာသတို့၌ပင်လျှင် ဖွဲ့စည်းခြင်းသဘောလက္ခဏာကို အာပေါဓါတ်ဟူ၍ လည်းကောင်း၊ ရင့်ကျက်စေခြင်းသဘောလက္ခဏာကို တေဇောဓါတ်ဟူ၍လည်းကောင်း၊ ထောက်ကန်တောင့်တင်းခြင်းသဘောလက္ခဏာကို ဝါယောဓါတ်ဟူ၍ လည်းကောင်း၊ ပိုင်းခြားဆုံးဖြတ်, ရှုဆင်ခြင်အပ်၏။

**အာပေါကောဋ္ဌာသ(၁၂)ပါး၌ ရှုပုံ**

သည်းခြေအစ ကျင်ငယ်အဆုံးရှိသော အာပေါကောဋ္ဌာသ(၁၂)ပါးတို့၌ ဖွဲ့စည်းခြင်းသဘောလက္ခဏာကိုအာပေါဓါတ်ဟု ပိုင်းခြားဆုံးဖြတ်, ရှုဆင်ခြင်အပ်၏။ ထိုကောဋ္ဌာသ(၁၂)ပါးတို့၌ပင်လျှင် ရင့်ကျက်စေခြင်းသဘောလက္ခဏာကို တေဇောဓါတ်ဟူ၍ လည်းကောင်း၊ ထောက်ကန်တောင့်တင်းခြင်းသဘောလက္ခဏာကို ဝါယောဓါတ်ဟူ၍ လည်းကောင်း၊ ကြမ်းတမ်းခြင်းသဘောလက္ခဏာကို ပထဝီဓါတ်ဟူ၍ ပိုင်းခြားဆုံးဖြတ် ရှုဆင်ခြင်အပ်၏။

**တေဇောကောဋ္ဌာသ(၄)ပါး၌ရှုပုံ**

သန္တပ္ပနတေဇောစသည့်တေဇောကောဋ္ဌာသ(၄)ပါးတို့၌ ရင့်ကျက်စေခြင်းသဘောလက္ခဏာကို တေဇောဓါတ်ဟု ပိုင်းခြားဆုံးဖြတ်, ရှုဆင်ခြင်အပ်၏။ ထိုကောဋ္ဌာသ(၄)ပါးတို့၌ပင်လျှင် ထောက်ကန်တောင့်တင်းခြင်းသဘောလက္ခဏာကို ဝါယောဓါတ်ဟူ၍ လည်းကောင်း၊ ကြမ်းတမ်းခက်မာခြင်းသဘောလက္ခဏာကို ပထဝီဓါတ်ဟူ၍ လည်းကောင်း၊ ဖွဲ့စည်းခြင်းသဘောလက္ခဏာကို အာပေါဓါတ်ဟူ၍ ပိုင်းခြားဆုံးဖြတ်, ရှုဆင်ခြင်အပ်၏။

**ဝါယောကောဋ္ဌာသ(၆)ပါး၌ ရှုပုံ**

ဥဒ္ဒင်္ဂမဝါယောစသည့် ဝါယောကောဋ္ဌာသ(၆)ပါးတို့၌ ထောက်ကန်တောင့်တင်းခြင်းသဘောလက္ခဏာကို ဝါယောဓါတ်ဟူ၍ ပိုင်းခြားဆုံးဖြတ်, ရှုဆင်ခြင်အပ်၏။ ထိုကောဋ္ဌာသ(၆)ပါးတို့၌ပင်လျှင် ကြမ်းတမ်းခက်မာခြင်း သဘောလက္ခဏာကို ပထဝီဓါတ်ဟူ၍လည်းကောင်း၊ ဖွဲ့စည်းခြင်းသဘောလက္ခဏာကို အာပေါဓါတ်ဟူ၍လည်း

ကောင်း၊ ရင့်ကျက်စေခြင်းသဘောလက္ခဏာကို တေဇောဓါတ်ဟူ၍ပိုင်းခြားဆုံးဖြတ်၊ ရှုဆင်ခြင်အပ်၏။

ဤသို့ပိုင်းခြားဆုံးဖြတ်လျက် ရှုဆင်ခြင်နေသော ယောဂါဝစရဟန်းအား ဓါတ်တို့သည် ထင်ရှားပေါ်လွင်ကုန်၏။ ထိုဓါတ်တို့ကို အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်းနေသော ယောဂီအားအထက်၌ဆိုခဲ့ပြီးသည့်နည်းဖြင့် **ဥပစာရသမာဓိ**သည် ဖြစ်ပေါ်၏။

## (၄) သလက္ခဏဝိဘတ္တိအခြင်းအရာဖြင့် ရှုနည်း

ဆိုခဲ့ပြီးသောနည်းဖြင့် ရှုပွား၍ ကမ္မဋ္ဌာန်းမပြီးစီးမပြည့်စုံသေးလျှင် ထိုယောဂီရဟန်းသည် သလက္ခဏဝိဘတ္တိနည်းဖြင့် ဆက်လက်ရှုပွားအပ်၏။

ရှုပွားသည့်နည်းမှာ ရှေ့က သသမ္ဘာရသင်္ခေပနည်းတွင် ပြဆိုခဲ့သည့်အတိုင်း(၄၂) ကောဋ္ဌာသတို့ကို တစ်ခုစီပြန်လည်သိမ်းဆည်းပြီးလျှင် ဆံပင်စသည့်ကောဋ္ဌာသတစ်ခုစီ၌ ကြမ်းတမ်းခက်မာခြင်းသဘောလက္ခဏာကို ပထဝီဓါတ်ဟူ၍လည်းကောင်း၊ ဖွဲ့စည်းခြင်းသဘောလက္ခဏာကို အာပေါဓါတ်ဟူ၍လည်းကောင်း၊ ရင့်ကျင်စေခြင်းသဘောလက္ခဏာကို တေဇောဓါတ်ဟူ၍လည်းကောင်း၊ ထောက်ကန်တောင့်တင်းခြင်းသဘော လက္ခဏာကို ဝါယောဓါတ်ဟူ၍လည်းကောင်း၊ ပိုင်းခြားဆုံးဖြတ်၍ ရှုဆင်ခြင်အပ်၏။ ဤအတူပင် အမွေးစသည့် ကျန်ကောဋ္ဌာသတစ်ခုစီတွင် ဓါတ်လေးပါးတို့ကို ပိုင်းခြား ဆုံးဖြတ်၍ ရှုဆင်ခြင်အပ်၏။

### အဋ္ဌကထာလာ ဓါတ်ကမ္မဋ္ဌာန်းအကျယ်ရှုနည်း(၁၃)မျိုး

ဤနည်းတွင် (၁၃)မျိုးသောအခြင်းအရာဖြင့် ဓါတ်တို့ကို နှလုံးသွင်းရှုပွား၏။

#### (၁) ဝစနတ္ထ – သဒ္ဒါအနက်အားဖြင့် နှလုံးသွင်းပုံ

ပထဝီ – ကျယ်ပြန့်ကြီးမားခြင်းကြောင့် ပထဝီမည်၏၊

အာပေါ – ထိုထိုအရပ်သို့ ယိုစီးသွားတတ်ခြင်းကြောင့်လည်းကောင်း၊ ခြောက်စေတတ်ခြင်းကြောင့်လည်းကောင်း၊ စိုပွလျက်ပွားစေတတ်ခြင်းကြောင့်လည်းကောင်း၊ အာပေါမည်၏၊

တေဇော – ထက်မြက်လျက် ပူစေတတ်ခြင်းကြောင့် တေဇောမည်၏၊

ဝါယော – လှုပ်ရှားစေတတ်, ရွေ့စေတတ်ခြင်းကြောင့် ဝါယောမည်၏၊

ဓါတ်မည်ပုံ – မိမိ၏သဘောလက္ခဏာကို ဆောင်တတ်ခြင်းကြောင့်လည်းကောင်း၊ သံသရာဆင်းရဲကို စီရင်တတ်ခြင်းကြောင့်လည်းကောင်း၊ ဆင်းရဲကို သို့မှီးထားရာဖြစ်သောကြောင့်လည်းကောင်း ဓါတု – ဓါတ်မည်ကုန်၏။

#### (၂) ကလာပ – ကလာပ်အားဖြင့် နှလုံးသွင်းပုံ

ရုပ်တရားတို့သည် သဘာဝအလျောက် တစ်ခုချင်းဖြစ်ရိုးမရှိ၊ ယုတ်စွအဆုံး ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ(အဆင်း), ဂန္ဓ(အနံ့), ရသ(အရသာ), ဩဇာ(အဆီ

အနှစ်)ဟူသော ရုပ်ရှစ်မျိုးတို့ပေါင်းစု၍ ရုပ်ကလာပ်အနေဖြင့် ဖြစ်၏။

ဆံပင်, အမွေးစသော ပထဝီကောဋ္ဌာသ(၂၀)ပါး၊ သည်းခြေ, သလိပ်စသည့် အာပေါ ကောဋ္ဌာသ(၁၂)ပါးတို့သည် ဤသို့သောရုပ်ကလာပ်များဖြင့် ဖွဲ့စည်းထားကြ၏။ ထိုဓါတ်လေးပါးနှင့် အဆင်း, အနံ့, အရသာ, ဩဇာတို့၏ အညီအညွတ် ပေါင်းစု၍ဖြစ်ခြင်းကြောင့် ဆံပင်ဟူသော ပညတ်ဖြစ်ပေါ်လာ၏။ ထိုပေါင်းစုပါဝင်သည့်တရားရှစ် ပါးတို့ကို ဉာဏ်ဖြင့်ခွဲခြမ်းစိတ်ဖြာ၍ ရှုဆင်ခြင်သောအခါ ဆံပင်ဟူသော ပညတ်တရား သည် ကွယ်ပျောက်သွား၏။

အမွေးစသည့် ကောဋ္ဌာသတစ်ခုစီကို ဉာဏ်ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ရှုသည့်အခါ၌လည်း ဤတရားရှစ်ပါးတို့၏အစုအပေါင်းမျှသာ ဖြစ်သည်ကိုတွေ့ရ၏။ အမွေးစသည့် ပညတ်တရားတို့ မရှိချေ။ ထို့ကြောင့် ဆံပင်, အမွေး စသည့်ကောဋ္ဌာသ တစ်ခုစီသည် ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာတို့၏ အပေါင်းအစုမျှသာ တည်းဟု နှလုံးသွင်းအပ်၏။

ကံကြောင့်ဖြစ်သောကောဋ္ဌာသတို့တွင် ဆိုခဲ့ပြီးသည့် ရုပ်တရား(၈)ပါးအပြင် ဇီဝိတရုပ်ပါ ပါရှိသည့် ဇီဝိတနဝကကလာပ်(ရုပ်ကိုးခုအပေါင်းကလာပ်)၊ ဇီဝိတရုပ်, ဘာဝရုပ်တို့ပါဝင်သည့် ဘာဝဒသကကလာပ် (ရုပ်ဆယ်ခုအပေါင်းကလာပ်) စသည်တို့လည်း ဖြစ်ကြသေး၏။ သို့သော် ပထဝီဓါတ်များပြားလွန်ကဲသည့်အစွမ်းဖြင့် ပထဝီကောဋ္ဌာသဟူ၍လည်းကောင်း၊ အာပေါဓါတ်များပြားလွန်ကဲသည့်အစွမ်းဖြင့် အာပေါကောဋ္ဌာသဟူ၍လည်းကောင်း ခေါ်ဝေါ်ကြ၏။

## (၃) စုဏ္ဏ – အမှုန့်အားဖြင့် နှလုံးသွင်းပုံ

ဤကိုယ်ထဲ၌ ပရမာအဏုမြူအရွယ်မျှသေးငယ်သော ပထဝီဓါတ်အမှုန့်များသည် တစ်စိတ်ပမာဏရှိသည်ဆိုပါစို့။ ဤပထဝီဓါတ်သည် ၎င်း၏ပမာဏထက်ဝက်ရှိသော အာပေါဓါတ်က ဖွဲ့စည်းပေါင်းစုပေးထား၏၊ တေဇောဓါတ်က အာပေါဓါတ်ကြောင့် အရည်ဖြစ်မသွားအောင်လျော်စွာစောင့်ရှောက်ပေး၏၊ ဝါယောဓါတ်က ခိုင်ခံ့အောင် ထောက်ကန်ပံ့ပိုးပေးထားသဖြင့် ဖရိုဖရဲ မပြန့်ကြဲဘဲ မပျက်စီးဘဲ ရှိပေ၏။ မိန်းမသဏ္ဌာန်, ယောက်ျားသဏ္ဌာန်စသည်ဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးအဖြစ် တည်ရှိသည်ဟု ကြံဆခြင်းသို့ရောက်၏၊ အကြီး, အငယ်, အရှည်, အတို, ခိုင်ခံ့သည်, ခက်မာသည် စသည့် အဖြစ်ဖြင့်လည်း သရုပ်ဆောင်ပြ၏။

ထို့အပြင် ဤကိုယ်ထဲ၌ အရည်ဖြစ်သော ဖွဲ့စည်းတတ်သည့် အာပေါဓါတ်သည် ပထဝီဓါတ်၌တည်၏၊ တေဇောဓါတ်က စောင့်ရှောက်ပေးထား၏၊ ဝါယောဓါတ်က ခိုင်ခံ့အောင် ထောက်ကန်ပံ့ပိုးပေးသဖြင့် မယိုမစီးဘဲ စိုပြည်ပြည့်ဖြိုးသည့်အဖြစ်ကို ပြ၏။

ထိုမှတစ်ပါး ဤကိုယ်ထဲ၌ စား-သောက်-လျက်-ခဲထားသည့်အစာကို ကျက်စေတတ်သော အပူငွေ့အခြင်းအရာဖြစ်သည့်တေဇောဓါတ်သည်ပထဝီဓါတ်၌တည်၏။

အာပေါဓါတ်က ဖွဲ့စည်းပေါင်းစုပေး၏၊ ဝါယောဓါတ်က ခိုင်ခံ့အောင် ထောက်ကန်ပံ့ပိုးပေး၏၊ ထို့ကြောင့် တေဇောဓါတ်သည် ဤကိုယ်ကို ကောင်းစွာရင့်ကျက်စေ၏၊ အဆင်းပြည့်စုံခြင်း, အဆင်းအရောင်ကောင်းခြင်းကိုလည်းဖြစ်စေ၏။ ကောင်းစွာရင့်ကျက်စေသောကြောင့် ခန္ဓာကိုယ်မပုပ်မသိုးခြင်း ဖြစ်၏။

ထို့အပြင် ဤကိုယ်ထဲ၌ အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သော ထောက်ကန်တောင့်တင်းခြင်း, တွန်းခြင်း, ရွေ့စေခြင်းသဘော လက္ခဏာရှိသည့် ဝါယောသည် ပထဝီ၌ တည်၏၊ အာပေါက ဖွဲ့စည်းပေါင်းစုပေး၏၊ တေဇောဓါတ်က စောင့်ရှောက်ပေး၏၊ ထို့ကြောင့် ဝါယောဓါတ်သည် ဤကိုယ်ခန္ဓာကြံ့ခိုင်အောင် ထောက်ကန်ပံ့ပိုးပေး၏၊ သို့အတွက် ဤကိုယ်သည် မလဲကျဘဲ ဖြောင့်မတ်စွာတည်တံ့နိုင်၏၊ တွန်းကန်ဝါယောက တွန်းကန်, ရွေ့ရှားစေသောကြောင့် သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း ဣရိယာပုထ်များ ဖြစ်ပေါ်နိုင်ကြ၏။ လက်ခြေတို့ကို ကွေးနိုင်, ဆန့်နိုင်၏၊ ထိုမှဤမှ သွားစေတတ်၏။

ဤသို့လျှင် ဓါတ်လေးပါးအပေါင်းဟူသော ဤခန္ဓာကိုယ်ယန္တရားစက်ရုပ်သည် မိန်းမ, ယောကျ်ားစသည်အဖြစ်ဖြင့် မသိမလိမ္မာသူအပေါင်းကို လှည့်စားလျက် မျက်လှည့်ရုပ်ပမာ သွား, ရပ်, ထိုင်, လျောင်း ဣရိယာပုထ်တို့ကို အစဉ်မပြတ် ဖြစ်စေလျက် ရှိပေ၏။ ဤသို့ ဓါတ်တို့ကို အမှုန့်အားဖြင့် နှလုံးသွင်းအပ်၏။

**(၄) လက္ခဏာဒိ – လက္ခဏာစသည်အားဖြင့် နှလုံးသွင်းပုံ**

ပထဝီဓါတ်သည် – ကြမ်းတမ်း, ခက်မာခြင်း သဘောလက္ခဏာရှိ၏၊
– အတူဖြစ်ဖက်တရားတို့၏တည်ရာဖြစ်ခြင်း ကိစ္စရသရှိ၏၊
– အတူဖြစ်ဖက်တရားတို့ကို ခံလင့်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

အာပေါဓါတ်သည် – ယိုစီးခြင်းလက္ခဏာရှိ၏၊
– စိုပွစေလျက် တိုးပွားစေခြင်း ကိစ္စရသရှိ၏၊
– အတူဖြစ်ဖက်တရားတို့ကို ဖွဲ့စည်းခြင်း, ပေါင်းစုခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

တေဇောဓါတ်သည် – ပူခြင်းလက္ခဏာ ရှိ၏၊
– ကျက်စေခြင်း ကိစ္စရှိ၏၊
– အတူဖြစ်ဖက်တရားတို့ကို နူးညံ့စေခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

ဝါယောဓါတ်သည် – ထောက်ကန်ခြင်း, ထောက်ပံ့ခိုင်စေခြင်းလက္ခဏာရှိ၏။
– တွန်းကန်ခြင်း, လှုပ်ရှားခြင်း ကိစ္စရှိ၏။
– ရွေးရှုဆောင်ခြင်း, ရွေ့လျားခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(ပစ္စုပဋ္ဌာန်ဟူသည်မှာ ရှုသူ၏ဉာဏ်၌ ထင်မြင်သောအခြင်းအရာဖြစ်၏။ ဓါတ်ကြီးတစ်ပါးစီ၏ 'ပဒဋ္ဌာန်'ခေါ် ဖြစ်ပေါ်ရန်အနီးကပ်အကြောင်းတရားမှာ ကျန်ဓါတ်

ကြီးသုံးပါးဖြစ်၏။ ဓါတ်လေးပါးတို့သည် အမြဲတပေါင်းတည်းဖြစ်ကြ၏)

**(၅) သမုဋ္ဌာန – ဖြစ်ကြောင်းသမုဋ္ဌာန်အားဖြင့် နှလုံးသွင်းပုံ**

သမုဋ္ဌာန – သမုဋ္ဌာန်ဟူသည် ဖြစ်စေသောအကြောင်းတရားကို ဆိုလို၏။ ရုပ်ကို ဖြစ်စေသောအကြောင်းတရားလေးပါးမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ တို့ဖြစ်၏။

ဥတုသမုဋ္ဌာန်– ဥတုကြောင့်ဖြစ်သောရုပ်(ဝါ)ဥတုဇရုပ်တို့မှာ အစာသစ်, အစာဟောင်း၊ ပြည်၊ ကျင်ငယ် – ကောဋ္ဌာသ (၄) ပါးတို့တည်း၊

ဥတုစိတ္တသမုဋ္ဌာန် – ဥတုကြောင့်လည်းဖြစ်, စိတ်ကြောင့်လည်းဖြစ်သောရုပ် (ဝါ) ဥတုဇရုပ်, စိတ္တဇရုပ်တို့မှာ မျက်ရည်, ချွေး, တံတွေး, နှပ် – ကောဋ္ဌာသ (၄)ပါးတို့တည်း၊

ကမ္မသမုဋ္ဌာန်– ကံကြောင့်ဖြစ်သောရုပ်(ဝါ)ကမ္မဇရုပ်မှာ ပါစကတေဇောဖြစ်၏၊ ကံ၊ အကြောင်းတစ်ပါးတည်းကြောင့် ဖြစ်၏။

စိတ္တသမုဋ္ဌာန်– စိတ်ကြောင့်ဖြစ်သောရုပ် (ဝါ) စိတ္တဇရုပ်မှာ အဿာသပဿာသခေါ် ဝင်သက်လေထွက်သက်လေဖြစ်၏။ စိတ်အကြောင်းတစ်ပါးတည်းကြောင့် ဖြစ်၏။

စတုသမုဋ္ဌာန်– အကြောင်းလေးပါးစလုံးကြောင့်ဖြစ်သော ရုပ် (ဝါ) စတုဇရုပ်တို့မှာ ကြွင်းသည့်ကောဋ္ဌာသ(၃၂)ပါးတည်း။ ကံကြောင့်လည်းဖြစ်၏၊ စိတ်ကြောင့်လည်းဖြစ်၏၊ ဥတုကြောင့်လည်း ဖြစ်၏၊ အာဟာရကြောင့်လည်း ဖြစ်၏။

**(၆) နာနတ္တဧကတ္တ – ကွဲပြားခြင်း, တူခြင်းနည်းဖြင့် နှလုံးသွင်းပုံ**

ပထဝီ, အာပေါ, ဝါယော, တေဇောဟူသောဓါတ်လေးပါးတို့သည် လက္ခဏာ, ကိစ္စ (ရသ), ပစ္စုပဋ္ဌာန်တို့၏အစွမ်းအားဖြင့်လည်းကောင်း၊ ကမ္မသမုဋ္ဌာန်စသည်တို့၏ အစွမ်းအားဖြင့်လည်းကောင်း အချင်းချင်းမတူဘဲ ထူးခြားကွဲပြားကြ၏။ ဤသို့ကွဲပြားသော အခြင်းအရာဖြင့်ရှုခြင်းကို နာနတ္တအားဖြင့် ရှုသည်ဟုခေါ် ၏။

ထိုဓါတ်လေးပါးတို့သည် ရုပ်အဖြစ်, မဟာဘုတ်အဖြစ်, ဓါတ်အဖြစ်, ဓမ္မအဖြစ်, အနိစ္စအဖြစ်စသည်တို့၏အစွမ်းအားဖြင့်မူ တူကြ၏။ ဤသို့ တူသောအခြင်းအရာဖြင့် ရှုခြင်းကို ဧကတ္တအားဖြင့် ရှုသည်ခေါ် ၏။

**(က) ရုပ်အဖြစ်ရှုပုံ** – ဓါတ်လေးပါးစလုံးပင် ဖောက်ပြန်ခြင်းဟူသော ရုပ္ပနလက္ခဏာ သဘောကိုမလွန်နိုင်သည့်အကြောင်းကြောင့် ရူပ-ရုပ်ဟုမည်၏။

**(ခ) မဟာဘုတ်အဖြစ်ရှုပုံ** – ဓါတ်လေးပါးသည် ကြီးကျယ်၍ ထင်ရှားဖြစ်ခြင်းကြောင့် မဟာဘုတ်မည်၏။

– မျက်လှည့်ဆရာ, ဘီလူးမဟူသော မဟာဘုတ်နှင့်တူသောကြောင့် မဟာဘုတ်မည်၏။

– များပြားကြီးကျယ်သောအကြောင်းတို့ဖြင့် ဆောင်အပ်သောကြောင့် မဟာဘုတ်မည်၏။
– အကြီးအကျယ်ဖောက်ပြန်ခြင်းရှိသောကြောင့် မဟာဘုတ်မည်၏။
– ကြီးကျယ်၍ထင်ရှားရှိသောကြောင့် မဟာဘုတ်မည်၏။

**ကြီးကျယ်၍ထင်ရှားဖြစ်ပုံ** – မဟာဘုတ်ခေါ် ဓါတ်ကြီးလေးပါးတို့သည် သက်မဲ့ (*အနုပါဒိန္န*)သန္တာန်၌ ယူဇနာနှစ်သိန်းလေးသောင်း (၂၄၀,၀၀၀)အထုရှိသော မဟာပထဝီမြေကြီးအဖြစ်တည်ရှိ၏။ သက်ရှိ (*ဥပါဒိန္န*)သန္တာန်၌ "ရဟန်းတို့ မဟာသမုဒ္ဒရာ၌ ယူဇနာတစ်ရာ အတ္တဘောရှိသော သတ္တဝါတို့လည်းရှိကုန်၏"ဟု ဟောတော်မူသဖြင့် ခန္ဓာကိုယ်အလွန်ကြီးမားသည့် ငါးများ, လိပ်များ, နတ်များ, ဒါနဝဘီလူးစသည်တို့၏ ခန္ဓာကိုယ်အစွမ်းဖြင့် ထင်ရှား၏။

**မဟာဘုတ်ခေါ် မျက်လှည့်ဆရာနှင့်တူပုံ**

မျက်လှည့်ဆရာသည် ရေခဲကို ပတ္တမြား, အုတ်ခဲကို ရွှေ, မိမိကိုယ်ကို ဘီလူး, ငှက်စသည်အဖြစ်တို့ကို ပြုလုပ်ပြသကဲ့သို့ ဤအတူပင် မဟာဘုတ်တို့သည် မိမိတို့ကိုယ်တိုင်က အညို, အဝါ, အနီ, အဖြူမဟုတ်ပါဘဲလျက် ညိုသောအဆင်း, ဝါသောအဆင်း, ဖြူသောအဆင်းစသည်ကို ပြတတ်ကြ၏။ ဤသို့ မဟာဘူတအမည်ရသည့် မျက်လှည့်ဆရာနှင့်တူသောကြောင့် 'မဟာဘုတ်'ဟု အမည်ရ၏။

**မဟာဘုတ်ခေါ် ဘီလူးစသည်နှင့် တူပုံ**

မဟာဘူတ – မဟာဘုတ်ခေါ် ဘီလူးစသည်တို့သည် လူကိုပူးကပ်သည့်အခါ ထိုဘီလူးသည် ထိုလူ၏အတွင်း၌လည်း မတည်၊ အပြင်၌လည်း မတည်၊ ထိုလူကိုမှီ၍ မတည်သည်လည်းမဟုတ်၊ ဤသို့ဘီလူး၏တည်ရာကို ကြံဆ၍မရသကဲ့သို့၊ ဤအတူပင် ဓါတ်ကြီးလေးပါးတို့သည် အချင်းချင်း၏အတွင်း၌ အပြင်၌ တည်ကြသည်ဟု မဆိုနိုင်၊ အချင်းချင်းကိုမှီ၍ မတည်ကြသည်လည်းမဟုတ်၊ ဤသို့မကြံဆနိုင်သောတည်ရာရှိကြ၏။ ဤသို့ ဘီလူးစသည်တို့နှင့် မကြံဆနိုင်သောတည်ရာရှိချင်းတူသောကြောင့် ဓါတ်လေးပါးကို 'မဟာဘုတ်'ဟူ၍ ခေါ်၏။

**တစ်နည်းကား** – မဟာဘုတ်ခေါ်သော ဘီလူးမသည် မိမိ၏ကြောက်မက်ဖွယ်ရုပ် သွင်ကို ဖုံးကွယ်၍ ချစ်ခင်နှစ်သက်စဖွယ်သော အဆင်းသဏ္ဌာန်အမူအရာတို့ဖြင့် ယောကျာ်းတို့ကို လှည့်စားသကဲ့သို့၊ ဤအတူပင် ဓါတ်ကြီးလေးပါးတို့သည် ကြမ်းကြုတ်ခြင်းစသောပင်ကိုသဘောမှန်ကို ဖုံးကွယ်၍ နှစ်သက်မြတ်နိုးစဖွယ် မိန်းမ၏ကိုယ်, ယောကျာ်း၏ကိုယ်အရေအဆင်းဖြင့်လည်းကောင်း နှစ်သက်မြတ်နိုးဖွယ်ရာ အင်္ဂါကြီးငယ်, ကိုယ်အမူအရာတို့ဖြင့်လည်းကောင်း မသိမလိမ္မာသော လူအပေါင်းကို လှည့်စားတတ်ကုန်၏။ ဤသို့ မိမိ၏သဘောမှန်ကို သိမြင်ခွင့်မပေးဘဲ ဘီလူးမကဲ့သို့ လှည့်စားတတ်သောကြောင့် ဓါတ်ကြီးလေးပါးကို 'မဟာဘုတ်'ဟူ၍ ခေါ်ဖြင်းဖြစ်သည်။

**များပြားကြီးကျယ်သောအကြောင်းတို့ဖြင့် ဆောင်ပုံ**

ဓါတ်ကြီးလေးပါးတို့သည် နေ့စဉ်နေ့တိုင်း အစားအစာ, အဝတ်အထည်, အသုံးအဆောင်ပစ္စည်းအမျိုးမျိုးအထွေထွေအားဖြင့် အကြီးအကျယ် ဆောင်ပေးကြကုန်၏။ ထို့ကြောင့် မဟာဘုတ်ဟူ၍ အမည်တွင်၏။

**အကြီးအကျယ်ဖောက်ပြန်ခြင်းရှိပုံ**

*အနုပါဒိန္န* – (သက်မဲ့)မဟာဘုတ်၏ အကြီးအကျယ်ဖောက်ပြန်ခြင်းသည် ကမ္ဘာပျက်သောအခါ၌ ထင်ရှား၏၊ ကမ္ဘာမီးလောင်သောအခါ မီးတောက်မီးလျှံသည် မြေမှ ထ၍ ဗြဟ္မာ့ပြည်တိုင်အောင် တက်သွား၏။ ဖောက်ပြန်သောရေဖြင့် ကမ္ဘာပျက်သည့်အခါ ကုဋေတစ်သိန်းအရေအတွက်ရှိသော စကြဝဠာတစ်ခုလုံးသည် ကြေမွပျက်စီး၏။ လေ၏ဖောက်ပြန်ခြင်းဖြင့် ကမ္ဘာပျက်သည့်အခါ ကုဋေတစ်သိန်းအရေအတွက်ရှိသော စကြဝဠာတစ်ခုလုံးသည် ဖရိုဖရဲ ပြန့်ကြဲပျက်စီး၏။

*ဥပါဒိန္န* – (သက်ရှိ)မဟာဘုတ်တို့၏ ဖောက်ပြန်ခြင်းသည် ဓါတ်ချောက်ခြားသော ကာလ၌ထင်ရှား၏။

– ကဋ္ဌမုခမြွေအကိုက်ခံရသောကိုယ်သည် ခက်မာကြမ်းတမ်းလျက်တောင့်တင်း၏။ ဤအတူပင် ပထဝီဓါတ်ဖောက်ပြန်ပျက်စီးသောအခါ ကဋ္ဌမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည် ခက်မာကြမ်းတမ်းလျက် တောင့်တင်း၏။

– ပုတိမုခမြွေအကိုက်ခံရသောကိုယ်သည် ပုပ်၏။ ဤအတူပင် အာပေါဓါတ် ဖောက်ပြန်ပျက်စီးသောအခါ ပုတိမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည်ပုပ်၏။

– အဂ္ဂိသုခမြွေအကိုက်ခံရသောကိုယ်သည် ပြင်းစွာပူလောင်၏။ ဤအတူပင် တေဇောဓါတ်ဖောက်ပြန်ပျက်စီးသောအခါ အဂ္ဂိမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည် ပြင်းစွာပူလောင်၏။

– သတ္ထမုခမြွေအကိုက်ခံရသောကိုယ်သည် အပိုင်းပိုင်းပြတ်၏။ ဤအတူပင် ဝါယောဓါတ်ဖောက်ပြန်ပျက်စီးသောအခါ သတ္ထမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည် အပိုင်းပိုင်းပြတ်၏။ ဤသို့ အကြီးအကျယ်ဖောက်ပြန်ခြင်းရှိသောကြောင့် ဓါတ်ကြီးလေးပါးကို မဟာဘုတ်ဟုခေါ်၏။

**ကြီးကျယ်၍ထင်ရှားရှိပုံ**

ဓါတ်ကြီးလေးပါးတို့သည် ကြီးကျယ်သောလံ့လဖြင့် သိမ်းဆည်းအပ်, ရှုအပ်သောကြောင့် ကြီးကျယ်ကြကုန်၏၊ ထင်ထင်ရှားရှားလည်း ရှိကြကုန်၏။ ဤသို့ကြီးကျယ်ပြီး ထင်ရှားရှိခြင်းကြောင့် မဟာဘုတ်မည်၏။

**(ဂ) ဓါတ်အဖြစ်ရှုပုံ – ဓါတ်ကြီးလေးပါးတို့သည်**

– မိမိ၏သဘောလက္ခဏာအသီးသီးကို ဆောင်တတ်ခြင်းကြောင့်လည်းကောင်း၊

– သံသရာဆင်းရဲကို စီရင်တတ်ခြင်းကြောင့်လည်းကောင်း၊

– ဆင်းရဲကို စီရင်ခြင်းမျှဖြစ်သောကြောင့်လည်းကောင်း၊
– ဆင်းရဲကို သိုမှီးထားရာဖြစ်သောကြောင့်လည်းကောင်း၊
ဤသို့ ဓါတု၏လက္ခဏာကို မလွန်ကြသောကြောင့် ဓါတု -ဓါတ်မည်ကုန်၏။

**(ဃ) ဓမ္မမည်ပုံ – ဓါတ်ကြီးလေးပါးတို့သည်**

– မိမိတို့၏သဘောလက္ခဏာအသီးသီးကို ဆောင်ခြင်းကြောင့်လည်းကောင်း၊
– ရုပ်နာမ်အဖြစ်ဖြင့် မိမိခဏအားလျော်စွာ တည်ခြင်းကြောင့်လည်းကောင်း၊ 'ဓမ္မ' မည်၏။

**(င) အနိစ္စမည်ပုံ** – ဓါတ်ကြီးလေးပါးတို့သည် ခဏမစဲ ကုန်တတ်, ပျက်တတ်သည့် အဖြစ်ကြောင့် 'အနိစ္စ'မည်၏။

**(စ) ဒုက္ခမည်ပုံ** – ဓါတ်ကြီးလေးပါးတို့သည် ခဏမစဲ ဖြစ်ခြင်းပျက်ခြင်းဘေးတို့ဖြင့် နှိပ်စက်တတ်သောကြောင့် 'ဒုက္ခ'မည်၏။ ကြောက်မက်ဖွယ်အနက် သဘောကြောင့် 'ဒုက္ခ'မည်၏။

**(ဆ) အနတ္တမည်ပုံ** – ဓါတ်ကြီးလေးပါးတို့သည် ခဏမစဲဖြစ်ပျက်နေကြသဖြင့် တည်မြဲသောအနှစ်သာရမရှိ၊ ဇီဝ, အတ္တ, အတ္တကောင်, ပုဂ္ဂိုလ်, သတ္တဝါမဟုတ်ချေ။ ထို့ကြောင့် 'အနတ္တ'မည်၏။

**(၇) ဝိနိဗ္ဘောဂ, အဝိနိဗ္ဘောဂ – ခွဲခြားအပ်ခြင်း, မခွဲခြားအပ်ခြင်းအားဖြင့် နှလုံးသွင်းပုံ** – ဓါတ်ကြီးလေးပါးတို့သည် တစ်ပြိုင်နက် တစ်ပေါင်းတည်းသာလျှင် အမြဲဖြစ်ပေါ် ကြကုန်၏။ အသေးငယ်ဆုံးဖြစ်သော သုဒ္ဓဋ္ဌကကလာပ်၌ပင် ပထဝီ, အာပေါ, တေဇော, ဝါယော, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာတို့သည် တစ်ပေါင်းတည်းတည်ရှိကြ၏။ ၎င်းတို့ကို ခွဲခြမ်းစိတ်ဖြာ၍မရပါ။ ထို့ကြောင့် ဓါတ်ကြီးလေးပါးတို့သည် တည်ရာအားဖြင့် အသီးသီးမခွဲခြားအပ်, မခွဲခြားနိုင်ပါ။ ခက်ထန်ခြင်း, ယိုစီးခြင်းစသည့် သဘောလက္ခဏာ အားဖြင့်မူ ခွဲခြားအပ်, ခွဲခြားနိုင်၏။ ဤသို့နှလုံးသွင်းအပ်၏။

**(၈) သဘာဂ ဝိသဘာဂ – သဘောတူခြင်း မတူခြင်းအားဖြင့် နှလုံးသွင်းပုံ**

ပထဝီဓါတ်နှင့်အာပေါဓါတ်တို့သည် လေးသည့်သဘောရှိခြင်းကြောင့် သဘောချင်းတူကြ၏။ တေဇောဓါတ်နှင့်ဝါယောဓါတ်တို့သည် ပေါ့သည့်သဘောရှိခြင်းကြောင့် သဘောချင်းတူကြ၏၊ သဘာဂဓါတ်များဖြစ်ကြ၏။ ပထဝီဓါတ်, အာပေါဓါတ်တို့နှင့် တေဇောဓါတ်, ဝါယောဓါတ်တို့သည် သဘောချင်းမတူကြသည့် ဝိသဘာဂဓါတ်များဖြစ်ကြ၏။ ဤသို့ နှလုံးသွင်းအပ်၏။

**(၉) အဇ္ဈတ္တိက ဗာဟိရဝိသေသ – အတွင်းအပြင် ဓါတ်တို့ကို အထူးအားဖြင့် နှလုံးသွင်းပုံ** – အဇ္ဈတ္တိကဓါတ်ခေါ် ကိုယ်တွင်းဓါတ်တို့သည် စိတ်ဝိညာဏ်၏ တည်ရာ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှာဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထု တို့၏ မှီရာ ဖြစ်ကုန်၏၊ ကာယဝိ ညတ်ရုပ်နှင့် ဝစီဝိညတ်ရုပ်တို့၏မှီရာ ဖြစ်ကုန်၏၊

ကတ္တိ, ပုရိသ, ဇီဝိတဟူသော ဣန္ဒြိယ ရုပ်တို့၏မှီရာဖြစ်ကုန်၏၊ ဣရိယာပုထ်လေးပါးနှင့်တကွဖြစ်ကုန်၏၊ ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ကုန်၏။

ဗာဟိရဓါတ်ခေါ် ကိုယ်ပြင်ပဓါတ်တို့သည် ဝတ္ထု, ဝိညတ်, ဣန္ဒြိယရုပ်တို့၏ မှီရာမဖြစ်ကုန် ဣရိယာပုထ်နှင့်တကွ မဖြစ်ကုန်၊ ဥတုကြောင့်သာလျှင် ဖြစ်ကုန်၏။

ဤသို့ အတွင်းအပြင်ဓါတ်တို့ကိုအထူးအားဖြင့် နှလုံးသွင်းအပ်၏။

**(၁၀) သင်္ဂဟ – သိမ်းယူခြင်းအားဖြင့် နှလုံးသွင်းပုံ**

ကံကြောင့်ဖြစ်သောပထဝီဓါတ်ကို ကံကြောင့်ဖြစ်ကုန်သော အာပေါဓါတ်, တေဇောဓါတ်, ဝါယောဓါတ်တို့နှင့် ဖြစ်ခြင်းအကြောင်းတူသောကြောင့် တစ်မျိုးတည်းပေါင်း၍ သိမ်းယူအပ်၏။ ထို့အတူ စိတ်, ဥတု, အာဟာရအသီးသီးကြောင့်ဖြစ်သော ပထဝီဓါတ်ကို စိတ်, ဥတု, အာဟာရအသီးသီးကြောင့် ဖြစ်ကုန်သော အာပေါဓါတ်, တေဇောဓါတ်, ဝါယောဓါတ်တို့နှင့် ဖြစ်ခြင်းအကြောင်းတူရာတူရာတို့ကို စုပေါင်း၍ သိမ်းယူအပ်၏။ ဤသို့ စုပေါင်း၍ သိမ်းယူခြင်းဖြင့် ဓါတ်တို့ကို နှလုံးသွင်းအပ်၏။

**(၁၁) ပစ္စယ – ကျေးဇူးပြုခြင်းအားဖြင့် နှလုံးသွင်းပုံ**

ပထဝီဓါတ်သည် အာပေါဓါတ်က ပေါင်းစုပေးခြင်း, တေဇောဓါတ်က စောင့်ရှောက်ပေးခြင်း, ဝါယောဓါတ်က ထောက်ကန်ပေးခြင်းကိုရ၍ ထိုမဟာဘုတ်သုံးပါးတို့အား တည်ရာဖြစ်လျက်ကျေးဇူးပြု၏။

အာပေါဓါတ်သည် ပထဝီဓါတ်၌တည်၍ တေဇောဓါတ်ကစောင့်ရှောက်ခြင်း, ဝါယောဓါတ်က ထောက်ကန်ပေးခြင်းကိုရ၍ ထိုမဟာဘုတ်သုံးပါးတို့အား ဖွဲ့စည်းပေါင်းစုလျက် ကျေးဇူးပြု၏။

တေဇောဓါတ်သည် ပထဝီဓါတ်၌တည်၍ အာပေါဓါတ်ကပေါင်းစုပေးခြင်း, ဝါယောဓါတ်ကထောက်ကန်ပေးခြင်းကိုရ၍ ထိုမဟာဘုတ်တို့အား ပူနွေးစေ, ကျက်စေလျက် ကျေးဇူးပြု၏။

ဝါယောဓါတ်သည် ပထဝီဓါတ်၌တည်၍ အာပေါဓါတ်က ပေါင်းစုပေးခြင်း, တေဇောဓါတ်က ကျက်စေခြင်းကိုရ၍ ထိုမဟာဘုတ်သုံးပါးတို့အား ထောက်ကန်လျက်ကျေးဇူးပြု၏ဟူ၍ ဓါတ်လေးပါးကို ကျေးဇူးပြုခြင်း – ထောက်ပံ့ခြင်းအားဖြင့် နှလုံးသွင်းအပ်၏။

**(၁၂) အသမန္နာဟာရ – ဆင်ခြင်မှု, သိမှုကင်းခြင်းအားဖြင့် ဆင်ခြင်ပုံ (ဝါ)**
**အပ္ပဝါပါရ – နှလုံးသွင်းမှုကင်းသောအားဖြင့် ဆင်ခြင်ပုံ**

ဓါတ်လေးပါးတို့တွင် ပထဝီဓါတ်သည် "ငါသည်ပထဝီဓါတ်ဖြစ်၏"ဟူ၍ လည်းကောင်း၊ "မဟာဘုတ်သုံးပါးတို့အား ငါက တည်ရာဖြစ်လျက် ကျေးဇူးပြုသည်"ဟူ၍ လည်းကောင်း မသိချေ။ အခြားဓါတ်သုံးပါးတို့ကလည်း "ငါတို့အား ပထဝီဓါတ်က

တည်ရာဖြစ်လျက် ကျေးဇူးပြုသည်"ဟု၍ မသိကြချေ။

ကျန်ဓါတ်သုံးပါးတို့ကလည်း ဤနည်းတူပင် – ဟူ၍ ဆင်ခြင်မှု, သိမှုကင်းခြင်းအားဖြင့် နှလုံးသွင်းအပ်၏။

**(၁၃) ပစ္စယဝိဘာဂ – ကျေးဇူးပြုတတ်သည့် တရားထူး, သတ္တိအထူးကို ဝေဖန်ခြင်းအားဖြင့် နှလုံးသွင်းပုံ**

ဓါတ်လေးပါးတို့သည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းလေးပါးကြောင့်ဖြစ်ကုန်၏။ ထိုအကြောင်းတို့တွင် ကံကြောင့်ဖြစ်သောဓါတ်တို့သည် ကံသာလျှင် အကြောင်းဖြစ်၏၊ စိတ်, ဥတု, အာဟာရတို့သည် အကြောင်းမဟုတ်ကုန်။ ထို့အတူ စိတ်, ဥတု, အာဟာရအသီးသီးကြောင့်ဖြစ်သောဓါတ်တို့သည် စိတ်, ဥတု, အာဟာရအသီးသီးတို့ကသာလျှင် အကြောင်းဖြစ်ကုန်၏၊ ကံစသည်တို့က အကြောင်းမဟုတ်ကုန်။

ထို့အပြင် ကံသည် ကံကြောင်ဖြစ်သောဓါတ်တို့၏ဇနကအကြောင်း (ဖြစ်စေတတ်သောအကြောင်း)ဖြစ်ပြီးလျှင် ကြွင်းသောဓါတ်တို့၏ ပရိယာယ်အားဖြင့် ဥပနိဿယအကြောင်း (အားကြီးသောမှီရာအကြောင်း)ဖြစ်၏။

စိတ်သည် စိတ်ကြောင့်ဖြစ်သော ဓါတ်တို့၏ဇနကအကြောင်းဖြစ်ပြီးလျှင် ကြွင်းသောဓါတ်တို့အား ပစ္ဆာဇာတပစ္စည်း, အတ္ထိပစ္စည်း, အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုသောအကြောင်းဖြစ်၏။

အာဟာရသည် အာဟာရကြောင့်ဖြစ်သော ဓါတ်တို့၏ဇနကအကြောင်းဖြစ်ပြီးလျှင် ကြွင်းသောဓါတ်တို့အား အာဟာရပစ္စည်း, အတ္ထိပစ္စည်း, အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုသောအကြောင်းဖြစ်၏။

**ဇယား ၁၁. ၁ အကြောင်းတရား (၄)ပါးက ဓါတ်တို့ကို ကျေးဇူးပြုပုံ**

| အကြောင်း | ဓါတ် | ပစ္စယသတ္တိ |
|---|---|---|
| ကံ | ကံကြောင့်ဖြစ်သောဓါတ်များ<br>အခြားအကြောင်းတို့ကြောင့်ဖြစ်သော ကြွင်းသည့်ဓါတ်များ | ဇနကအကြောင်း<br>ဥပနိဿယအကြောင်း |
| စိတ် | စိတ်ကြောင့်ဖြစ်သောဓါတ်များ<br>အခြားအကြောင်းတို့ကြောင့်ဖြစ်သော ကြွင်းသည့်ဓါတ်များ | ဇနကအကြောင်း<br>ပစ္ဆာဇာတ၊ အတ္ထိ အဝိဂတ |
| ဥတု | ဥတုကြောင့်ဖြစ်သောဓါတ်များ<br>ကြွင်းသောဓါတ်များ | ဇနကအကြောင်း<br>အတ္ထိ၊ အဝိဂတ |
| အာဟာရ | အာဟာရကြောင့်ဖြစ်သောဓါတ်များ<br>ကြွင်းသည့်ဓါတ်များ | ဇနကအကြောင်း<br>အာဟာရ အတ္ထိ အဝိဂတ |

ဥတုသည် ဥတုကြောင့်ဖြစ်သော ဓါတ်တို့၏ဇနကအကြောင်းဖြစ်ပြီးလျှင် ကြွင်းသောဓါတ်တို့အား အတ္ထိပစ္စည်း, အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုသောအကြောင်းဖြစ်၏။ ဤဆိုခဲ့ပြီးသော အကြောင်းအရာတို့ကို ဇယား ၁၁. ၁ တွင် မှတ်လွယ်အောင် ဖော်ပြထား၏။

ထို့အပြင် ကမ္မဇ – **ကံကြောင့်ဖြစ်သောပထဝီဓါတ်**သည် အခြားကမ္မဇဓါတ်တို့အား သဟဇာတသတ္တိ, အညမညသတ္တိ, နိဿယသတ္တိ, အတ္ထိသတ္တိ, အဝိဂတသတ္တိတို့၏ အစွမ်းဖြင့်လည်းကောင်း၊ တည်ရာ၏အစွမ်းဖြင့်လည်းကောင်း ကျေးဇူးပြု၏၊ ဇနက သတ္တိအစွမ်းဖြင့်မူ ကျေးဇူးမပြု။ စိတ္တဇ, ဥတုဇ, အာဟာရဇဟူသော အကြောင်းသုံးပါးတို့ကြောင့်ဖြစ်သည့် ဓါတ်(ဝါ)မဟာဘုတ်တို့အား နိဿယ, အတ္ထိ, အဝိဂတတို့၏ အစွမ်းဖြင့်ကျေးဇူးပြု၏၊ တည်ရာ၏အစွမ်းဖြင့် ကျေးဇူးမပြု၊ ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု။

**ကမ္မဇအာပေါဓါတ်**သည် ကြွင်းသောကမ္မဇဓါတ်သုံးပါးတို့အား းသဟဇာတသတ္တိစသည်၏ အစွမ်းဖြင့်လည်းကောင်း၊ ဖွဲ့စည်းခြင်း၏အစွမ်းဖြင့်လည်းကောင်း ကျေးဇူးပြု၏၊ ဇနက၏အစွမ်းဖြင့်ကျေးဇူးမပြု၊ အခြားအကြောင်းသုံးပါးတို့ကြောင့်ဖြစ်သည့် မဟာဘုတ်(တိသန္တတိမဟာဘုတ်)တို့အား နိဿယ, အတ္ထိ, အဝိဂတပစ္စည်းတို့၏ အစွမ်းဖြင့် ကျေးဇူးပြု၏၊ ဖွဲ့စည်းခြင်း၏အစွမ်းဖြင့် ကျေးဇူးမပြု၊ ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု။

**ကမ္မဇတေဇောဓါတ်**သည် ကြွင်းသောကမ္မဇဓါတ်သုံးပါးတို့အား သဟဇာတသတ္တိစသည်၏အစွမ်းဖြင့်လည်းကောင်း၊ ကျက်စေသည်၏အစွမ်းဖြင့်လည်းကောင်း ကျေးဇူးပြု၏၊ ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု၊ အခြားတိသန္တတိမဟာဘုတ်တို့အား နိဿယ, အတ္ထိ, အဝိဂတပစ္စည်းတို့၏အစွမ်းဖြင့် ကျေးဇူးပြု၏၊ ကျက်စေခြင်း၏အစွမ်းဖြင့် ကျေးဇူးမပြု၊ ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု။

**ကမ္မဇဝါယောဓါတ်**သည် ကြွင်းသောကမ္မဇဓါတ်သုံးပါးတို့အား သဟဇာတသတ္တိစသည်၏အစွမ်းဖြင့်လည်းကောင်း၊ ထောက်ကန်ခြင်း၏အစွမ်းဖြင့်လည်းကောင်း ကျေးဇူးပြု၏၊ ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု၊ အခြားတိသန္တိမဟာဘုတ်တို့အား နိဿယ, အတ္ထိ, အဝိဂတပစ္စည်းတို့၏အစွမ်းဖြင့် ကျေးဇူးပြု၏၊ ထောက်ကန်ခြင်း၏အစွမ်းဖြင့် ကျေးဇူးမပြု၊ ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု။

စိတ္တဇ, အာဟာရဇ, ဥတုဇပထဝီဓါတ်အစရှိသည်တို့၌လည်း ဤနည်းအတူပင်တည်း။ အထက်ပါအကြောင်းအရာတို့ကို ဇယား ၁၁. ၂တွင် မှတ်လွယ်အောင် ဖော်ပြထား၏။

ဇယား ၁၁.၂ မဟာဘုတ်(၄)ပါးက မဟာဘုတ်အချင်းချင်းအား ကျေးဇူးပြုပုံ

| မဟာဘုတ် | အခြားမဟာဘုတ်များ | ပစ္စယသတ္တိ |
|---|---|---|
| ကမ္ဘ ပထဝီဓါတ် | ကြွင်းကမ္ဘဓါတ်သုံးပါး (ကမ္ဘဓအာပေါ၊ ကမ္ဘဓတေဇော ကမ္ဘဓဝါယောဓါတ်) | - သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတသတ္တိဖြင့် ကျေးဇူးပြု၏၊ - တည်ရာ၏အစွမ်းဖြင့် ကျေးဇူးပြု၏၊ - ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု။ |
| | စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ မဟာဘုတ်များ (ဓါတ်များ) (တိသန္တတိမဟာဘုတ်များ) | - နိဿယ၊ အတ္ထိ၊ အဝိဂတအစွမ်းဖြင့် ကျေးဇူးပြု၏။ - တည်ရာ၏အစွမ်းဖြင့် ကျေးဇူးမပြု၊ - ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု၊ |
| ကမ္ဘ အာပေါဓါတ် | ကြွင်းကမ္ဘဓါတ်သုံးပါး | - သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတသတ္တိဖြင့် ကျေးဇူးပြု၏၊ - ဖွဲ့စည်းခြင်း၏အစွမ်းဖြင့် ကျေးဇူးပြု၏၊ - ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု။ |
| | အခြားအကြောင်းသုံးပါးကြောင့် ဖြစ်သောမဟာဘုတ်များ (တိသန္တတိမဟာဘုတ်များ) | - နိဿယ၊ အတ္ထိ၊ အဝိဂတအစွမ်းဖြင့် ကျေးဇူးပြု၏၊ - ဖွဲ့စည်းခြင်း၏အစွမ်းဖြင့် ကျေးဇူးမပြု၊ - ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု။ |
| ကမ္ဘ တေဇောဓါတ် | ကြွင်းသောကမ္ဘဓါတ်သုံးပါး | - သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတသတ္တိဖြင့် ကျေးဇူးပြု၏၊ - ကျက်စေသည့်အစွမ်းဖြင့် ကျေးဇူးပြု၏၊ - ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု။ |
| | အခြားအကြောင်းသုံးပါးကြောင့် ဖြစ်သောမဟာဘုတ်များ (တိသန္တတိမဟာဘုတ်များ) | - နိဿယ၊ အတ္ထိ၊ အဝိဂတအစွမ်းဖြင့် ကျေးဇူးပြု၏၊ - ကျက်စေသည့်အစွမ်းဖြင့် ကျေးဇူးမပြု၊ - ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု။ |
| ကမ္ဘ ဝါယောဓါတ် | ကြွင်းသောကမ္ဘဓါတ်သုံးပါး | - သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတသတ္တိဖြင့် ကျေးဇူးပြု၏၊ - ထောက်ကန်ခြင်း၏အစွမ်းဖြင့်ကျေးဇူးမပြု၊ - ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု။ |
| | အခြားအကြောင်းသုံးပါးကြောင့် ဖြစ်သော မဟာဘုတ်များ (တိသန္တတိမဟာဘုတ်များ) | - နိဿယ၊ အတ္ထိ၊ အဝိဂတအစွမ်းဖြင့် ကျေးဇူးပြု၏ - ထောက်ကန်သည့်အစွမ်းဖြင့် ကျေးဇူးမပြု၊ - ဇနက၏အစွမ်းဖြင့် ကျေးဇူးမပြု။ |

အထူးကိုဆက်ပြရသော် အထက်တွင်ဆိုခဲ့သည့်အတိုင်း သဟဇာတစသော ပစ္စည်းတို့၏အစွမ်းဖြင့် ဓါတ်လေးပါးတို့ဖြစ်ရာတွင်-

*တစ်ပါးစွဲလတ် သုံးဓါတ်လေးလီ၊ သုံးဓါတ်စွဲငြား တစ်ပါးလေးလီ၊*

*နှစ်ဓါတ်စွဲပြု နှစ်ခုခြောက်လီ၊ ကြောင်းကျိုးစပ် မပြတ်ဖြစ်ကြသည်။*

**(က) တစ်ပါးစွဲလတ် သုံးဓါတ်လေးလီ**

ပထဝီဓါတ်ကို စွဲမှီ၍ ကြွင်းဓါတ်သုံးပါး (အာပေါ, တေဇော, ဝါယော)တို့ ဖြစ်ကြ၏၊
အာပေါဓါတ်ကို စွဲမှီ၍ ကြွင်းဓါတ်သုံးပါး (ပထဝီ, တေဇော, ဝါယော)တို့ဖြစ်ကြ၏၊
တေဇောဓါတ်ကို စွဲမှီ၍ ကြွင်းဓါတ်သုံးပါး (ပထဝီ, အာပေါ, ဝါယော)တို့ဖြစ်ကြ၏၊
ဝါယောဓါတ်ကို စွဲမှီ၍ ကြွင်းဓါတ်သုံးပါး (ပထဝီ, အာပေါ, တေဇော)တို့ ဖြစ်ကြ၏။

ဤသို့ ဓါတ်တစ်ပါး, တစ်ပါးကိုစွဲမှီ၍ အခြားဓါတ်သုံးပါးဖြစ်ကြသဖြင့် "တစ်ပါးစွဲလတ် သုံးဓါတ်လေးလီ"– ဓါတ် ၃ ပါး × ၄ လီ = ဓါတ် ၁၂ ပါးဖြစ်၏။

**(ခ) သုံးဓါတ်စွဲငြား တစ်ပါးလေးလီ**

ပထဝီ, အာပေါ, တေဇောဓါတ်သုံးပါးကို စွဲမှီ၍ ဝါယောဓါတ်တစ်ပါးဖြစ်၏၊
အာပေါ, တေဇော, ဝါယောဓါတ်သုံးပါးကို စွဲမှီ၍ ပထဝီဓါတ်တစ်ပါးဖြစ်၏၊
တေဇော, ဝါယော, ပထဝီဓါတ်သုံးပါးကို စွဲမှီ၍ အာပေါဓါတ်တစ်ပါးဖြစ်၏၊
ဝါယော, ပထဝီ, အာပေါဓါတ်သုံးပါးကို စွဲမှီ၍ တေဇောဓါတ်တစ်ပါးဖြစ်၏။

ဤဓါတ်သုံးပါး, သုံးပါးကိုစွဲမှီ၍ ကြွင်းဓါတ်တစ်ပါးဖြစ်သဖြင့်
"သုံးဓါတ်စွဲငြား တစ်ပါးလေးလီ"– ၁ ပါး × ၄ လီ = ဓါတ် ၄ ပါး ဖြစ်၏။

**(ဂ) နှစ်ဓါတ်စွဲပြု နှစ်ခုခြောက်လီ**

ပထဝီ, အာပေါ – ရှေ့ဓါတ်နှစ်ပါးကို စွဲမှီ၍ တေဇော, ဝါယော – နောက်ဓါတ်နှစ်ပါးဖြစ်၏၊ တေဇော, ဝါယော – နောက်ဓါတ်နှစ်ပါးကို စွဲမှီ၍ ပထဝီ, အာပေါ – ရှေ့ဓါတ်နှစ်ပါးဖြစ်၏၊ ပထဝီ (ပ)၊ တေဇော (တ)နှစ်ပါးကို စွဲမှီ၍ အာပေါ(ဒ)၊ ဝါယော(စ)နှစ်ပါးဖြစ်၏။ အာပေါ (ဒ), ဝါယော(စ) နှစ်ပါးကိုစွဲမှီ၍ ပထဝီ(ပ)၊ တေဇော (တ)နှစ်ပါးဖြစ်၏၊ ပထဝီ(ပ)၊ ဝါယော(စ)နှစ်ပါးကို စွဲမှီ၍ အာပေါ(ဒ)၊ တေဇော(တ) နှစ်ပါးဖြစ်၏။ အာပေါ(ဒ)၊ တေဇော(တ)နှစ်ပါးကိုစွဲမှီ၍ ပထဝီ(ပ)၊ ဝါယော(စ)နှစ်ပါး ဖြစ်၏။ ဤသို့ဖြစ်ခြင်းကို "နှစ်ဓါတ်စွဲပြု နှစ်ခုခြောက်လီ"–၂ ခု × ၆ လီ = ဓါတ် ၁၂ ပါး ဖြစ်၏။

**ခြေတစ်လှမ်းတွင် ဓါတ်လေးပါးပါဝင်ပုံ**

နောက်လိုက်ဝါယောဓါတ်နှင့်တကွ တေဇောဓါတ်သည် ခြေကို ကြွစေ၏။
နောက်လိုက်တေဇောဓါတ်နှင့်တကွ ဝါယောဓါတ်သည် ခြေကို ရှေ့သို့ဆောင်၏။
နောက်လိုက်ပထဝီဓါတ်နှင့်တကွ အာပေါဓါတ်သည် ခြေကို ချစေ၏။
နောက်လိုက်အာပေါဓါတ်နှင့်တကွ ပထဝီဓါတ်သည် ခြေကို တည်ထားစေ၏။

**ဥပစာရသမာဓိဖြစ်ပုံ**

ဖော်ပြခဲ့သောနည်း(၁၃)မျိုးဖြင့် နှလုံးသွင်းနေသောယောဂီသည် နည်းတစ်မျိုးမျိုးတွင် ဓါတ်တို့ထင်ရှားပေါ်လွင်လာပါက ထိုဓါတ်တို့ကို အဖန်တလဲလဲဆင်ခြင်နှလုံးသွင်းခြင်းဖြင့် ဥပစာရသမာဓိဖြစ်ပေါ်၏။ ထိုဥပစာရသမာဓိသည် ဓါတ်လေးပါးကို ပိုင်းခြားဆုံးဖြတ်သောဉာဏ်၏အစွမ်းအာနုဘော်ဖြစ်ခြင်းကြောင့် "စတုဓာတုဝဝတ္ထာန်" ဟူ၍ သာလျှင် ရေတွက်ခေါ်ဆိုခြင်းသို့ရောက်၏။

**စတုဓါတုဝဝတ္ထာန်ကမ္မဋ္ဌာန်း ပွားများရခြင်း၏အကျိုး(၈)ပါး**

စထုဓါတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို ရှုပွားအားထုတ်သောယောဂီသည်

(၁) အတ္တမှုကင်းဆိတ်ခြင်း (သုညတ)သို့ သက်ဝင်၏။

(၂) သတ္တဝါဟုထင်မှတ်သော သတ္တသညာကို နှုတ်ပယ်နိုင်၏။

(၃) သတ္တသညာကို ပယ်နှုတ်ပြီးသောယောဂီသည် 'သားရဲ, ဘီလူး, ရက္ခိုသ်'စသည်ဖြင့် ကြံစည်ခြင်းသို့မရောက်မူ၍ ဘေးကြီးဘေးငယ်ကို လွှမ်းမိုးသည်းခံနိုင်၏။

(၄) သမထ, ဝိပဿနာဟူသော ကုသိုလ်တရားတို့၌ မပျော်မွေ့ခြင်း, ကာမဂုဏ်၌ ပျော်မွေ့ခြင်းကို နှိပ်နင်းသည်းခံနိုင်၏။

(၅) ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့၌ ဝမ်းမြောက်တက်ကြွခြင်း, စိတ်ညစ်နစ်ကျခြင်းသို့ မရောက်ပေ။

(၆) အထူးအားဖြင့် ဉာဏ်ပညာကြီးတတ်၏။

(၇) အမြိုက်နိဗ္ဗာန်သို့ လားရောက်ရ၏။

(၈) အမြိုက်နိဗ္ဗာန်မရသေးလျှင် သုဂတိဘဝသို့ လားရောက်ရ၏။

**သမာဓိဘာဝနာ၏အကျိုးအာနိသင်(၅)ပါး**

**(၁) ဒိဋ္ဌဓမ္မသုခဝိဟာရ** – မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း

ရဟန္တာပုဂ္ဂိုလ်တို့သည် "ဈာန်ဝင်စား၍ တည်ကြည်သောစိတ်ဖြင့် တစ်နေ့ပတ်လုံး ချမ်းသာစွာနေအံ့"ဟု ရည်ရွယ်လျက် ဈာန်သမာဓိကို ပွားစေကြ၏။ ထို့ကြောင့် ထိုရဟန္တာတို့၏အပ္ပနာသမာဓိဘာဝနာသည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်း အကျိုးအာနိသင်ရှိ၏။

> *"ချစ်သားစုန္ဒ၊ ငါဘုရား၏သာသနာတော်၌ ဤရူပါဝစရဈာန်တို့ကို ကိလေသာကို ခေါင်းပါးစေတတ်သည့် သလ္လေခတရားတို့ဟူ၍မဆိုအပ်၊ ဒိဋ္ဌဓမ္မသုခဝိဟာရတို့ဟူ၍ ဆိုအပ်၏"ဟု မြတ်စွာဘုရားမိန့်ကြားတော်မူ၏။*

**(၂) ဝိပဿနာအာနိသံသ** – ဝိပဿနာရှုပွားရန် အကျိုးအာနိသင်ရှိခြင်း

သေက္ခပုဂ္ဂိုလ်, ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် "ဈာန်သမာပတ်မှထ၍ တည်ကြည်သောစိတ်ဖြင့် ဝိပဿနာရှုအံ့"ဟု ရည်ရွယ်လျက် အပ္ပနာသမာဓိကို ပွားစေကြ၏၊ ကာမဂုဏ်ကိလေသာတို့ဖြင့် ကျဉ်းမြောင်းလှသော လူ့ဘောင်၌ မင်္ဂဖိုလ်ချမ်းသာရကြောင်း

အခွင့်ကောင်းကိုရယူရန် ဥပစာရသမာဓိကို ပွားစေကြ၏။ ထို့ကြောင့် **သမာဓိ ဘာဝနာ**သည် ဝိပဿနာနှင့်နီးသောအကြောင်းဖြစ်ပြီး ဝိပဿနာရှုပွားရန် အကျိုးအာနိသင်ရှိ၏။

*"ရဟန်းတို့ . . စိတ်တည်ကြည်မှုသမာဓိကို ဖြစ်စေကြ, ပွားစေကြကုန်လော့၊ စိတ် တည်ကြည်သောရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိ၏"ဟု မြတ်စွာဘုရား မိန့်တော်မူ၏။*

**(၃) အဘိညာအာနိသံသ** – အဘိညာဉ်ဖြစ်ပွားရန် အကျိုးအာနိသင်ရှိခြင်း

အချို့သောပုဂ္ဂိုလ်တို့သည် ဈာန်သမာပတ်ရှစ်ပါးကိုဖြစ်စေပြီးလျှင် အဘိညာဉ်၏ အခြေခံဖြစ်သည့် စတုတ္ထဈာန်ကို ဝင်စားပြီးနောက် ထိုဈာန်မှထကာ တန်ခိုးအမျိုးမျိုး ဖန်ဆင်းခြင်းစသည့်အဘိညာဉ်တို့ကို တောင့်တ၍ အပ္ပနာသမာဓိကို ဖြစ်စေကြ၏။ ဤပုဂ္ဂိုလ်တို့၏အပ္ပနာသမာဓိဘာဝနာသည် အဘိညာဉ်၏နီးသောအကြောင်းဖြစ်ခြင်းကြောင့် အဘိညာဉ်ကိုဖြစ်ပွားစေရန် အကျိုးအာနိသင်ရှိပေ၏။

*"ထိုရဟန်းသည် အဘိညာဉ်ခေါ် ဉာဏ်ထူးဖြင့် မျက်မှောက်ပြုအပ်သော အကြင်အကြင်တရားကို အဘိညာဉ်ဖြင့် မျက်မှောက်ပြုခြင်းငှာ စိတ်ကို ရှေးရှုညွတ်စေ၏။ အကြောင်းရှိတိုင်းရှိတိုင်း ထိုထိုမျက်မှောက်ပြုအပ်သော တရား၌ မျက်မြင်ကိုယ်တွေ့ ဖြစ်ခြင်းသို့ ရောက်၏"ဟု မြတ်စွာဘုရားဟောတော်မူ၏။*

**(၄) ဘဝဝိသေသအာနိသံသ** – ဘဝအထူးကိုဖြစ်စေတတ်သော အကျိုးအာနိသင်ရှိခြင်း

ဗြဟ္မလောက၌ဖြစ်ရန်တောင့်တသည်ဖြစ်စေ မတောင့်တသည်ဖြစ်စေ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ရပြီးသောဈာန်သမာဓိကို မလျှောကျစေဘဲ ထိန်းထားနိုင်လျှင် ထိုဈာန်သမာဓိဖြင့် စုတေသောအခါ ဘဝအထူးကိုရကြ၏။ ထို့ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အပ္ပနာသမာဓိဘာဝနာသည် ဘဝအထူးကိုဖြစ်စေတတ်သောအကျိုးအာနိသင်ရှိပေ၏။

*"ပထမဈာန်ကို အာနုဘော်အနည်းငယ်မျှရှိရုံပွားစေပြီး၍ စုတေလျှင် အဘယ်ဘုံ၌ ဖြစ်ရသနည်း၊ ဗြဟ္မာ့ပရိသတ်အဖြစ်သို့ ကပ်ရောက်၍ဖြစ် ၏"ဟုဟောတော်မူသည်။*

ဥပစာရသမာဓိကို ပွားစေခြင်းသည်လည်း လူ့ဘဝ, နတ်ဘဝဟူသော ကာမသုဂတိဘဝအထူးကို ဖြစ်စေတတ်၏။

**(၅) နိရောဓအာနိသံသ** – နိရောဓသမာပတ်ဝင်စားရန် အကျိုးအာနိသင်ရှိခြင်း

ရဟန္တာနှင့်အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဈာန်သမာပတ်ရှစ်ပါးကိုဖြစ်စေပြီးလျှင် "နိရောဓသမာပတ်ကိုဝင်စား၍ (၇)ရက်ပတ်လုံး စိတ်မရှိကြသည်ဖြစ်လျက် မျက်မှောက်ကိုယ်ဖြင့် ချုပ်ခြင်းဟူသော အငြိမ်းဓါတ်သို့ရောက်၍ ချမ်းသာစွာနေအံ့"ဟု ရည်ရွယ်

၍ အပ္ပနာသမာဓိကိုဖြစ်စေကြ၏။ ထိုအရိယာပုဂ္ဂိုလ်တို့၏ အပ္ပနာသမာဓိဘာဝနာသည် နိရောဓသမာပတ်ဟူသောအကျိုးအာနိသင် ရှိပေ၏။

*** ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ**

**၁။ ဝမ်းမီးညံ့သူ ဝမ်းမီးတောက်သူဟု ပြောဆိုကြရာ၌ အဘယ်တရားကို ဝမ်းမီးဟု ခေါ်ပါသနည်း။ ရှင်းလင်းဖြေဆို၍ အသက်ရှူရှိုက်မှုထွက်သက်ဝင်သက်တို့၏ ဖြစ်မြောက်ကြောင်းတရားကိုလည်း ဖြေဆိုပါ။** *(၁၉၈၃၊ စမန ၁၄၀၊ ၁၄၁)*

**အဖြေ** - *ဝမ်းမီးညံ့သူ ဝမ်းမီးတောက်သူဟု ပြောဆိုကြရာ၌ ပါစကတေဇောကို ဝမ်းမီးဟုခေါ်ပါသည်။ ပါစကတေဇောသည် စားမျိုအပ်သော ထမင်း, အဖျော်၊ ခဲအပ်သော မုန့်ညက်ခဲဖွယ်၊ လျက်အပ်သော ပျားရည်တင်လဲစသည်ကို ကောင်းစွာကြေကျက်ခြင်းသို့ရောက်စေသည့် အပူငွေ့ - တေဇောဓါတ်ဖြစ်၏။*

*အသက်ရှူရှိုက်မှု ထွက်သက်ဝင်သက်တို့၏ ဖြစ်မြောက်ကြောင်းတရားသည် စိတ်ဖြစ်၏။ ဝင်သက်လေထွက်သက်လေသည် အဿာသ ပဿာသဝါယောဓါတ်ဖြစ်၏။ ဤဝင်သက်လေထွက်သက်လေတို့သည် စိတ်ကြောင့်သာဖြစ်ကုန်၏။*

**၂။ လူတိုင်း၌ရှိသော ဦးနှောက်နှင့်သည်းခြေတို့သည် မည်သည့်ဓါတ်များဖြစ်ကြသနည်း။ ဖြေဆို၍ အနုပါဒိန္န၊ ဥပါဒိန္န (ကံကြောင့်) မဟာဘုတ်နှစ်မျိုးတို့၏ ဖောက်ပြန်မှုကြီးမားပုံကို သက်ဆိုင်ရာကာလနှင့်တကွ အသီးသီးရေးပြပါ။** *(၁၉၈၃၊ စမန ၁၃၉၊ ၁၆၃)*

**အဖြေ** — *ဦးနှောက်သည် ခက်မာ, ကြမ်းတမ်းသည့်သဘောရှိသော ပထဝီဓါတ်ဖြစ်၏။ သည်းခြေသည် ဖွဲ့စည်းခြင်း, ယိုစီးခြင်းသဘောရှိသော အာပေါဓါတ်ဖြစ်၏။*

*အနုပါဒိန္န (သက်မဲ့) မဟာဘုတ်တို့၏ ဖောက်ပြန်မှုကြီးမားပုံကို ကမ္ဘာပျက်သောအခါကာလ၌ ထင်ရှား၏၊ ကမ္ဘာမီးလောင်သောအခါ မီးတောက်မီးလျှံသည် မြေမှထ၍ဗြဟ္မာ့ပြည်တိုင်အောင်တက်သွား၏။ ဖောက်ပြန်သောရေဖြင့် ကမ္ဘာပျက်သည့်အခါ ကုဋေတစ်သိန်းအရေအတွက်ရှိသော စကြဝဠာတစ်ခုလုံးသည် ကြေမွပျက်စီး၏။ လေ၏ဖောက်ပြန်ခြင်းဖြင့် ကမ္ဘာပျက်သည့်အခါ ကုဋေတစ်သိန်းအရေအတွက်ရှိသော စကြဝဠာတစ်ခုလုံးသည် ဖရိုဖရဲပြန့်ကြဲပျက်စီး၏။*

*ဥပါဒိန္န (သက်ရှိ) မဟာဘုတ်တို့၏ ဖောက်ပြန်မှုကြီးမားပုံကို ဓါတ်ခြောက်ခြားသောကာလ၌ ထင်ရှား၏။ ပထဝီဓါတ်ဖောက်ပြန်ပျက်စီးသောအခါ ကဋ္ဌမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည်ခက်မာတောင့်တင်းလျက် ကြမ်းတမ်း၏။*

*အာပေါဓါတ်ဖောက်ပြန်ပျက်စီးသောအခါ ပူတိမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည်ပုပ်၏။*

*တေဇောဓါတ်ဖောက်ပြန်ပျက်စီသောအခါ အဂ္ဂိမုခမြွေအကိုက်ခံရသကဲ့သို့*

ကိုယ်သည် ပြင်းစွာပူလောင်၏။

ဝါယောဓါတ်ဖောက်ပြန်ပျက်စီးသောအခါ သတ္ထမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည်အပိုင်းပိုင်းပြတ်၏။

**၃။အောက်၌ဖော်ပြအပ်သောရောဂါသည်လေးယောက်တို့သည် မည်သည့်ဓါတ်များ ပျက်နေပါသနည်း။ (က) ကိုယ်ပူနေသူ (ခ) ကိုယ်ရောင်ရမ်းနေသူ (ဂ) ခြေလက် အင်္ဂါအပိုင်းပိုင်းပြတ်နေသူ (ဃ) ကိုယ်တောင့်တင်းမာကြောသူ။**

(၁၉၈၃၊ စမန ၁၆၃)

**အဖြေ** - (က) ကိုယ်ပူနေသူသည် တေဇောဓါတ်ပျက်နေပါသည်။ တေဇောဓါတ် ဖောက်ပြန်ပျက်စီးသောအခါ အဂ္ဂိမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည်ပြင်းစွာ ပူလောင်ပါသည်။

(ခ) ကိုယ်ရောင်ရမ်းနေသူသည် အာပေါဓါတ်ပျက်နေပါသည်။ အာပေါဓါတ်ဖောက် ပြန်ပျက်စီးသောအခါ ပုတိမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည် ပုပ်ပွရောင်ရမ်း၏။

(ဂ) ခြေလက်အင်္ဂါအပိုင်းပိုင်းပြတ်နေသူသည် ဝါယောဓါတ်ပျက်နေပါသည်။ ဝါ ယောဓါတ်ဖောက်ပြန်ပျက်စီးသောအခါ သတ္ထမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည် အပိုင်းပိုင်းပြတ်၏။

(ဃ) ကိုယ်တောင့်တင်းမာကြောနေသူသည် ပထဝီဓါတ်ပျက်နေပါသည်။ ပထဝီ ဓါတ်ဖောက်ပြန်ပျက်စီးသောအခါ ကဋ္ဌမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည် ခက်မာတောင့်တင်းလျက် ကြမ်းတမ်း၏။

**၄။နေ့စဉ်စားသုံးနေသော အစာအာဟာရအပေါ်တွင် စက်ဆုပ်ရွံရှာဖွယ်ဖြစ်လာ အောင် "စားတော့ပြုံးပြုံး ယိုတော့မုန်း"ဟူသော ဆိုထုံးနှင့်အညီ ဆင်ခြင်ပါ။**

(၁၉၈၄၊ စမန ၁၃၅၊ ၁၃၆)

**အဖြေ** – (၁) အစာအာဟာရသည် တစ်ခုသောပါးစပ်ပေါက်ဖြင့်ဝင်ပြီးလျှင် ယိုထွက် သည့်အခါ မျက်စိမှမျက်ချေး၊ နားမှနားဖာချေး၊ နှာခေါင်းမှနှပ်ချေးစသည်ဖြင့် များ စွာသောအပေါက်တို့မှ ယိုထွက်၏။

(၂) စားသောက်သောအခါ များစွာသောအခြံအရံ, မိတ်ဆွေများနှင့်အတူ စား သောက်၏။ ယိုထွက်သောအခါ၌မူ ကျင်ကြီး, ကျင်ငယ်စသည်ကို တစ်ယောက်ထီး တည်းသာလျှင် စွန့်ထုတ်ရ၏။

(၃) အစာကို ပထမနေ့စားစဉ်အခါ၌ အလွန်တက်ကြွကာ နှစ်သက်ဝမ်းမြောက် လျက် အလွန်ရွှင်ပျ၏၊ ဒုတိယနေ့၌ ယိုထွက်သည့်အခါ ရွံရှာစက်ဆုပ်သည်ဖြစ်၍ နှလုံးမသာဖြစ်ကာ မျက်နှာရှုံ့မဲ့လျက် နှာခေါင်းပိတ်၍ စွန့်ထုတ်ရ၏။

(၄) ပထမနေ့၌ ထိုအစာကို နှစ်သက်မက်မောစွာ ဖွဲ့တွယ်ကာ ရသတဏှာဖြင့် မိန်း မော၍ စားမျိုခဲ့သော်လည်း ဒုတိယနေ့၌ တစ်ညဥ့်မျှလွန်၍ ပုပ်ခြင်းအဖြစ်သို့

*ရောက်သဖြင့် တပ်မက်ခြင်းမရှိတော့ဘဲ ဆင်းရဲရှက်နိုး၍ စက်ဆုပ်ရွံရှာလျက် စွန့်ထုတ်ရ၏။ အစာအဟာရကို "စားတော့ပြုံးပြုံး ယိုတော့မုန်း"ဟူသော ဆိုထုံးနှင့် အညီ ဤသို့ဆင်ခြင်အပ်၏။*

**၅။ အသည်းနှလုံးဟု တွဲသုံးလေ့ရှိကြရာ အသည်းနှလုံးဟူသည် တစ်ခုတည်းဟုတ် မဟုတ် တည်ရာအနေအထားကို ထောက်ရှု၍ ဝေဖန်စိစစ်ခဲ့ပါ။**

*(၁၉၈၅၊ စမန ၁၄၈)*

**အဖြေ** - *အသည်းနှလုံးဟုတွဲသုံးလေ့ရှိသော်လည်း အသည်းနှလုံးဟူသည် တစ်ခုတည်းမဟုတ်ပါ။ အသည်းသည် ကိုယ်တွင်း၌ သားမြတ်နှစ်ခုတို့၏အကြားဝယ် လက်ျာနံပါးကိုမှီ၍ တည်၏။ ဥပမာအားဖြင့် အိုးကင်းနံပါး၌ကပ်နေသော အသားစိုင်အစုံကဲ့သို့တည်း။*

*နှလုံးသည် ကိုယ်တွင်း၌ ရင်ရိုးချိုင့်အလယ်ကို မှီ၍တည်၏။ ဥပမာအားဖြင့် ဆွေးမြည့်နေသည့် သံလျင်းချိုင့်အတွင်း၌ သံလျင်းချိုင့်ကိုမှီ၍ သားတစ်ကိုထားသကဲ့သို့တည်း။*

**၆။ အောက်ပါတို့သည် မည်သည့်ဓါတ်သဘာဝကြောင့် ဖြစ်ပါသနည်း။**

**(က) မျက်စိမှုန်ခြင်း (ခ) ကိုယ်ပူခြင်း (ဂ) ဆံပင်ဖြူခြင်း (ဃ) အစာကြေခြင်း**

*(၁၉၈၅၊ စမန ၁၄၀)*

**အဖြေ** – *(က) မျက်စိမှုန်ခြင်းသည် ဇိရဏတေဇောဓါတ်သဘာဝကြောင့် ဖြစ်ပါသည်။*

*ဇိရဏတေဇောသည် မျက်စိစသည့် ဣန္ဒြေချို့တဲ့ခြင်းကို ဖြစ်စေသည့်အတွက် မျက်စိမှုန်ခြင်းဖြစ်၏။*

*(ခ) ကိုယ်ပူခြင်းသည် သန္တပ္ပနတေဇောဓါတ်သဘာဝကြောင့် ဖြစ်ပါသည်။ သန္တပ္ပနတေဇောသည် ကိုယ်ကိုပူလောင်စေသည့်အတွက် ကိုယ်ပူခြင်းဖြစ်၏။*

*(ဂ) ဆံပင်ဖြူခြင်းသည် ဇိရဏတေဇောဓါတ်သဘာဝကြောင့် ဖြစ်ပါသည်။ ဇိရဏတေဇောသည် ကိုယ်ခန္ဓာအိုမင်းရင့်ရော်ခြင်း၊ အရေတွန့်ခြင်း၊ ဆံဖြူခြင်းတို့ကို ဖြစ်စေပါသည်။*

*(ဃ) အစာကြေခြင်းသည် ပါစကတေဇောဓါတ်သဘာဝကြောင့် ဖြစ်ပါသည်။ ပါစကတေဇောသည် စားမျိုအပ်သော အစာအာဟာရတို့ကို ကောင်းစွာကြေကျက်စေပါသည်။*

**၇။ အာဟာရ(၄)ပါးတို့က လူသားတို့အတွက် အကျိုးဆောင်ပုံ၊ ဘေးရောက်စေပုံတို့ကို ဆိုင်ရာအာဟာရနှင့် ဆက်စပ်ပါ။** *(၁၉၈၆၊ စမန ၁၃၀၊ ၁၃၁)*

**အဖြေ** – **အာဟာရ (၄)ပါးတို့က လူသားတို့အတွက်အကျိုးဆောင်ပုံ**

*(၁) ကဗဠီကာရာဟာရသည် ဩဇာလျှင်ရှစ်ခုမြောက်ရှိသော ဩဇဋ္ဌမကရုပ်ကို ဆောင်တတ်ဖြစ်စေတတ်၏။*

*(၂) ဖဿအာဟာရသည် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာဟူသည့် ဝေဒနာသုံးပါးကိုဆောင်တတ်, ဖြစ်စေတတ်၏။*

*(၃) မနောသဥ္စေတနာအာဟာရသည် ကာမဘဝ, ရူပဘဝ, အရူပဘဝဟူသော ဘဝသုံးပါး၌ ပဋိသန္ဓေကိုဆောင်တတ်, ဖြစ်စေတတ်၏။*

*(၄) ဝိညာဏအာဟာရသည် ပဋိသန္ဓေခဏ၌ နာမ်ရုပ်ကိုဆောင်တတ်, ဖြစ်စေတတ်၏။*

***အာဟာရ (၄)ပါးတို့က လူသားတို့အား ဘေးရောက်စေပုံ***

*(၁) ကဗဠီကာရအာဟာရသည် အရသာကိုနှစ်သက်တွယ်တာခြင်းဟူသော ရသတဏှာဘေးကို ဖြစ်စေ၏။*

*(၂) ဖဿအာဟာရသည် အာရုံသို့ချဉ်းကပ်ခြင်း, အာရုံနှင့်ပေါင်းဆုံခြင်းဘေးကို ဖြစ်စေ၏။*

*(၃) မနောသဥ္စေတနာအာဟာရသည် ဘဝသစ်၌ ကပ်ရောက်၍ဖြစ်ခြင်းဟူသော ဘေးကိုဖြစ်စေ၏။*

*(၄) ဝိညာဏအာဟာရသည် ပဋိသန္ဓေဟူသောဘေးကို ဖြစ်စေ၏။*

**၈။ ထမင်းစားရာ၌ ပါးစပ်တွင်းထမင်းရောက်ချိန်ဝယ် ဆုံလုပ်ငန်း၊ ကျည်ပွေ့လုပ်ငန်း၊ လက်လုပ်ငန်းတို့ကို တာဝန်ယူလုပ်ကိုင်သော အရာဝတ္ထုတို့ကို ဆိုင်ရာလုပ်ငန်းနှင့် တွဲဖက်ဖြေဆိုပါ။** *(၁၉၈၆၊ စမန ၁၃၃)*

**အဖြေ** – *(၁) အောက်သွားများက ဆုံလုပ်ငန်းကိစ္စကို တာဝန်ယူလုပ်ကိုင်၏။*

*(၂) အထက်သွားများက ကျည်ပွေ့လုပ်ငန်းကိစ္စကို တာဝန်ယူလုပ်ကိုင်၏။*

*(၃) လျှာက လက်လုပ်ငန်းကိစ္စကို တာဝန်ယူလုပ်ကိုင်၏။*

**၉။ သွေးနှစ်မျိုးကိုဖော်ပြ၍ ယခုခေတ်၌ လျှုဒါန်းလေ့ရှိသောသွေးသည် မည်သည့်သွေးမျိုးဖြစ်သည်ကို ရှင်းလင်းပြပြီးလျှင်၊ ထိုသွေးနှင့်နှလုံးတို့၏ ဓါတ်အမျိုးအစားကိုလည်း ရေးပြခဲ့ပါ။** *(၁၉၈၆၊ စမန ၁၅၂၊ ၁၆၀)*

**အဖြေ – သွေးနှစ်မျိုးတို့မှာ**

*(၁) ရွေ့လျားသွားနေသောသံသရဏသွေးသည် အဇဒ္ဓသည်းခြေကဲ့သို့ တစ်ကိုယ်လုံးကိုပြန့်နှံ့၍တည်၏။*

*(၂) စုဝေးနေသော သန္နိစိတသွေးသည် အသည်းတည်ရာအောက်အဖို့ကိုပြည့်စေလျက် တစ်ကွမ်းစားပြည့်မျှရှိပြီး အညို, နှလုံး, အသည်း, အဆုတ်တို့ကို စိုစွတ်စေ၏။ ယခုခေတ်၌ လှူဒါန်းလေ့ရှိသောသွေးသည် သံသရဏသွေးဖြစ်ပါသည်။*

*သွေး၏ဓါတ်အမျိုးအစားမှာဖွဲ့စည်းခြင်း ယိုစီးခြင်းသဘောရှိသော အာပေါဓါတ်ဖြစ်ပါသည်။ နှလုံး၏ဓါတ်အမျိုးအစားမှာ ခက်မာကြမ်းတမ်းသည့်သဘောရှိသော ပထဝီဓါတ်ဖြစ်ပါသည်။*

**၁၀။ ခြေထောက်ကို အထက်သို့မြှောက်သောအခါ၊ အောက်သို့ချသည့်အခါတို့၌ အဘယ်ဓါတ်သဘာဝတို့၏အစွမ်းသတ္တိများ ပါဝင်ပါသနည်း။ ရှင်းလင်း ဖြေဆိုပါ။** *(၁၉၈၇၊ စမန ၁၆၉)*

***အဖြေ*** *– ခြေထောက်ကိုမြှောက်သောအခါ နောက်လိုက်ဝါယောဓါတ်နှင့်တကွ တေဇောဓါတ်သဘာဝတို့၏အစွမ်းသတ္တိများပါဝင်ပါသည်။ နောက်လိုက်ဝါယောဓါတ်နှင့်တကွ တေဇောဓါတ်သည် ခြေကိုကြွစေ၏။*

*ခြေထောက်ကိုအောက်သို့ချသည့်အခါ၌ နောက်လိုက်ပထဝီဓါတ်နှင့်တကွ အာပေါဓါတ်သဘာဝတို့၏အစွမ်းသတ္တိများပါဝင်ပါသည်။ နောက်လိုက်ဝါယောဓါတ်နှင့်တကွ အာပေါဓါတ်သည် ခြေကိုချစေ၏။*

**၁၁။ စာဖြေပုဂ္ဂိုလ်၏သန္တာန်၌ ပူခြင်း, ရင့်ခြင်း, ပူလောင်ခြင်း, ကြေခြင်းတို့ကို ဖြစ်စေသောတေဇောဓါတ်တို့ကို အသီးသီးဖော်ပြ၍ ယင်းဓါတ်တို့၏အရင်းခံအကြောင်းတရားများကိုလည်း ဖြေဆိုပြီးလျှင် ကိုယ်ခံစွမ်းအားနည်းပါးစေကြောင်းဖြစ်သော တေဇောဓါတ်ကိုလည်း ညွှန်ပြပါ။***(၁၉၈၇၊ စမန ၁၄၀၊၁၄၁)*

***အဖြေ*** *– စာဖြေပုဂ္ဂိုလ်၏သန္တာန်၌ -*

*ပူခြင်းကိုဖြစ်စေသောတေဇောဓါတ်မှာ သန္တပ္ပနတေဇောဓါတ်ဖြစ်၏။*

*ရင့်ခြင်းကိုဖြစ်စေသောတေဇောဓါတ်မှာ ဇီရဏတေဇောဓါတ်ဖြစ်၏။*

*ပူလောင်ခြင်းကိုဖြစ်စေသောတေဇောဓါတ်မှာ ဒါဟတေဇောဓါတ်ဖြစ်၏။*

*ကြေခြင်းကိုဖြစ်စေသောတေဇောဓါတ်မှာ ပါစကတေဇောဓါတ်ဖြစ်၏။*

*သန္တပ္ပနတေဇောဓါတ်, ဇီရဏတေဇောဓါတ်, ဒါဟတေဇောဓါတ်တို့၏ အရင်းခံအကြောင်းတရားများမှာ ကံ, စိတ်, ဥတု, အာဟာရတို့ ဖြစ်ကြ၏။*

*ပါစကတေဇောဓါတ်၏ အရင်းခံအကြောင်းတရားမှာ ကံဖြစ်၏။*

*ကိုယ်ခံစွမ်းအားနည်းပါးစေကြောင်းဖြစ်သော တေဇောဓါတ်သည် ဇီရဏတေဇောဓါတ်ဖြစ်ပါသည်။*

**၁၂။ ဝဖြိုးသောပုဂ္ဂိုလ်၊ ပိန်ကြုံ့သောပုဂ္ဂိုလ်တို့၏ အဆီဓါတ်တည်နေပုံကို ညွှန်ပြ၍ ယင်းအဆီဓါတ်၏ဖြစ်ပုံအခြင်းအရာများကိုလည်း ဖော်ပြပါ။**

*(၁၉၈၇၊ စမန ၁၅၃)*

***အဖြေ*** *– အဆီဓါတ်သည် ဝဖြိုးသောပုဂ္ဂိုလ်၏တစ်ကိုယ်လုံးကို ပြန့်နှံ့၍တည်၏။အဆီဓါတ်သည် ပိန်ကြုံ့သောပုဂ္ဂိုလ်၏ခြေသလုံး အသားပုံစသည်တို့ကို မှီ၍တည်၏။*

***အဆီဓါတ်၏ဖြစ်ပုံ အခြင်းအရာ***

*အဆီဓါတ်ကအသားကိုမှီ၍တည်နေပုံမှာ အသားစုကိုနနွင်းဆိုးပုဆိုးကြမ်းဖြင့် ဖုံးလွှမ်းထားသကဲ့သို့ဖြစ်၏။ အသားစုသည် ငါ့ကိုမှီ၍ နနွင်းဆိုးပုဆိုးကြမ်းတည်သည်ဟု မသိ၊ နနွင်းဆိုးပုဆိုးကြမ်းကလည်း ငါသည် အသားစုကို မှီ၍တည်သည်ဟုမသိ။ ထို့*

*အတူပင် အဆီစုမှီရာအသားသည် ငါ့ကိုမှီ၍ အဆီခဲတည်သည်ဟုမသိ၊ အဆီခဲက လည်း ငါသည် တစ်ကိုယ်လုံး သို့မဟုတ် ခြေသလုံးစသည်၌ရှိသော အသားကိုမှီ၍ တည်သည်ဟုမသိပေ။ ဤအဆီခဲနှင့်မှီရာအသားတို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကုန်၏။ ဤအဆီဓါတ်သည် အရည် သဘောဖြစ်၍ ဖွဲစည်းခြင်းသဘောရှိသော အာပေါဓါတ်ပေတည်း။ ယင်းအဆီဓါတ်ကို ကံ, စိတ်, ဥတု, အာဟာရ အကြောင်းလေးပါးက ဖြစ်စေပါ သည်။*

**၁၃။ အာဟာရ(၄)ပါးတို့တွင် အဘယ်အာဟာရသည် အဘယ်အကျိုးဆောင်သည် ကို အသီးသီးယှဉ်တွဲပြ၍ "ပဋိသန္ဓေနေရခြင်း ဘေးဒုက္ခသည် အာဟာရ ကြောင့်ဖြစ်သည်ဟုဆိုလျှင် အဆိုမှန်မမှန်ရှင်းလင်း ဖြေဆိုပါ။**

*(၁၉၈၇၊ စမန ၁၃၀-၁၃၁)*

**အဖြေ** - *အာဟာရ(၄)ပါးတို့၏အကျိုးဆောင်ပုံ (နံပါတ်(၇)ပထမပိုင်းအဖြေနှင့်တူသည်) ပဋိသန္ဓေနေရခြင်းဘေးဒုက္ခသည် အာဟာရကြောင့်ဖြစ်သည်ဟုဆိုလျှင် ယင်းအ ဆိုမှန်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝိညာဏအာဟာရသည် ပဋိသန္ဓေနေရ ခြင်းဘေးကို ဖြစ်စေသောကြောင့် ဖြစ်ပါသည်။*

**၁၄။ ဘုန်းကံကြီးသူများ, ဘုန်းကံနည်းပါးသူတို့၏သန္တာန်၌ သည်းခြေစသော အာသယတို့တည်ရှိပုံ ထူးခြားချက်ကိုဖော်ပြ၍ သုံးဆောင်သောအခါ အခြံ အရံအပေါင်းအဖော်တို့နှင့်တကွ သုံးဆောင်ကာ ထွက်စေသောအခါ၌မူ တစ်ယောက်တည်း ပုန်းလျှိုး၍ ထွက်စေအပ်သောအရာဝတ္ထုတို့ကိုရေးပြခဲ့ပါ။**

*(၁၉၈၈၊ စမန ၁၃၃၊ ၁၃၄၊ ၁၃၅)*

**အဖြေ** - *ဘုရား, ပစ္စေကဗုဒ္ဓါ, စကြဝတေးမင်းစသည့် ဘုန်းကံကြီးမားသောသူများ၌ သည်းခြေ, သလိပ်, ပြည်, သွေးဟူသောအာသယ(၄)ပါးတို့တွင် တစ်ပါးပါးသာရှိ ၏။ ဘုန်းကံနည်းပါးသောသူတို့၏သန္တာန်၌ သည်းခြေ, သလိပ်, ပြည်, သွေးဟူသည့် အာသယ(၄)ပါးစလုံးရှိပါသည်။*

*သုံးဆောင်သောအခါ အခြံအရံအပေါင်းအဖော်တို့နှင့်တကွ သုံးဆောင်သော အရာဝတ္ထုတို့မှာ အစာအာဟာရဖြစ်ပြီးလျှင် ထွက်စေသောအခါ၌မူ တစ်ယောက် တည်း ပုန်းလျှိုး၍ ထွက်စေအပ်သောအရာဝတ္ထုတို့မှာ ကျင်ကြီး, ကျင်ငယ်တို့ဖြစ် ကြသည်။*

**၁၅။ နေ့စဉ်မလုပ်မဖြစ်လုပ်အပ်သောထမင်းစားခြင်းကိစ္စ၌ ထမင်းလုတ်ကို ခံတွင်း သို့ ထည့်သွင်းလတ်သော် ဆုံကိစ္စ၊ ကျည်ပွေ့ကိစ္စ၊ လျှာကိစ္စကိုပြီးစေ သော အရာဝတ္ထုတို့ကိုအသီးသီးတင်ပြခဲ့ပါ။** *(၁၉၈၉၊ စမန ၁၃၃)*

**အဖြေ** – *ထမင်းစားခြင်းကိစ္စ၌ ထမင်းလုတ်ကိုခံတွင်းသို့ထည့်သွင်းလတ်သော် ဆုံကိစ္စကို အောက်သွားများက ပြီးစေကြ၏၊*

*ကျည်ပွေ့ကိစ္စကို အထက်သွားများက ပြီးစေကြ၏၊*
*လျှာသည် လက်ကိစ္စကို ပြီးစေ၏။*

**၁၆။ စာဖြေပုဂ္ဂိုလ်သုံးဆောင်သောအစားအစာကို ပါစကမီးက ချက်အပ်သည်ဖြစ်လေရာ ယင်းအစားအစာကြေညက်လျှင် ရရှိနိုင်သောအကျိုး၊ မကြေညက်လျှင် ရရှိနိုင်သောအကျိုးတို့ကို ကျနစွာဖော်ပြခဲ့ပါ။***(၁၉၈၉၊ စမန ၁၂၄၊ ၁၂၃)*

**အဖြေ** *–သုံးဆောင်အပ်သောအစားအစာကို ပါစကမီးကချက်ရာ၌ အစားအစာကြေညက်လျှင် ရရှိနိုင်သောအကျိုးတို့မှာ ဆံပင်, အမွေး, လက်သည်းခြေသည်း, သွား, အရေစသောအပုပ်အစုတို့ကို ပြီးစေ၏။*

*အစားအစာမကြေညက်လျှင် ရရှိနိုင်သောအကျိုးတို့မှာ ပွေး, ယားနာ, ဝဲနာ, နူနာ, ညှင်း, ပန်းနာ, ချောင်းဆိုးနာ, ဝမ်းသွေးသွန်နာစသော အရာမကများစွာသော အနာရောဂါတို့ကို ပြီးစေ၏။*

**၁၇။ အာဟာရကြောင့်ဖြစ်တတ်သောဘေးဒုက္ခကို ဆိုင်ရာအာဟာရနှင့် တွဲစပ်ဖြေဆို၍၊ ယင်းအာဟာရနှင့်ဆိုင်ရာ ဥပမာများကိုလည်း အသီးသီးတင်ပြခဲ့ပါ။** *(၁၉၉၀၊ စမန ၁၃၀-၁၃၁)*

**အဖြေ** *– ကဗဠီကာရအာဟာရကြောင့် အရသာကိုနှစ်သက်တွယ်တာခြင်းဟူသော ရသတဏှာဘေးဖြစ်၏၊ ကဗဠီကာရအာဟာရကို သားငယ်၏အသားကိုစားသော ဥပမာဖြင့် ပြအပ်၏။*

*– ဖဿအာဟာရကြောင့် အာရုံသို့ချဉ်းကပ်ခြင်း, အာရုံနှင့်ပေါင်းဆုံခြင်း ဘေးဖြစ်၏။ ဖဿအာဟာရကို အရေမရှိသောနွားမဥပမာဖြင့် ပြအပ်၏။*

*– မနောသဉ္စေတနာအာဟာရကြောင့် ဘဝသစ်၌ကပ်ရောက်၍ဖြစ်ခြင်းဟူသော ဘေးဖြစ်၏။ ယင်းအာဟာရကို မီးကျီးတွင်း မီးကျီးစုဥပမာဖြင့် ပြအပ်၏။*

*– ဝိညာဏအာဟာရကြောင့် ပဋိသန္ဓေနေရခြင်းဟူသော ဘေးဖြစ်၏။ ဝိညာဏအာဟာရကို လှံတစ်ရာဥပမာဖြင့် ပြအပ်၏။*

**၁၈။ အဇ္ဈတ္တိကဝါယောဓါတ်(ခေါ်) ကိုယ်ခန္ဓာအတွင်းရှိ လေဓါတ်တို့ကို ဖော်ပြပြီးလျှင် ယကန(ခေါ်)အသည်းတည်ရာဌာနကိုလည်း ဖော်ပြပါ။**

*(၁၉၉၁၊ စမန ၁၄၁၊ ၁၄၈)*

**အဖြေ** *– အဇ္ဈတ္တိကဝါယောဓါတ်(ခေါ်)ကိုယ်ခန္ဓာအတွင်းရှိလေဓါတ်များမှာ*

*(၁) ဥဒ္ဓင်္ဂမဝါယောဓါတ် – အထက်သို့ဆန်တက်သောလေ*
*(၂) အဓောဂမဝါယောဓါတ် – အောက်သို့စုန်သောလေ*
*(၃) ကုစ္ဆိသယဝါယောဓါတ် – အူအပြင်ဘက်ဝမ်းတွင်း၌တည်သောလေ*
*(၄) ကောဋ္ဌာသယဝါယောဓါတ် – အူအတွင်း၌တည်သောလေ*
*(၅) အင်္ဂမင်္ဂါနုသာရီဝါယောဓါတ် – အင်္ဂါကြီးငယ်ကိုလျှောက်သောလေ*

*(၆) အသာသပသာသဝါယောဓါတ် – ဝင်သက်လေထွက်သက်လေ။*

*ယကန(ခေါ်) အသည်း၏တည်နေရာမှာ ကိုယ်တွင်း၌ သားမြတ်နှစ်ခုတို့၏အကြားဝယ် လက်ျာနံပါးကိုမှီ၍ တည်၏။ ဥပမာအားဖြင့် အိုးကင်းနံပါး၌ကပ်နေသော အသားစိုင်အစုံကဲ့သို့တည်း။*

**၁၉။ ဓါတ်ကမ္မဋ္ဌာန်းအားထုတ်နည်းအကျဉ်းချုပ်နှင့် ယင်းသို့အားထုတ်ခြင်းကြောင့် မည်သည့်အမှတ်သညာကွယ်ပျောက်သွားသည်ကိုလည်း ဖော်ပြပါ။**

*(၁၉၉၂၊ စမန ၁၄၂၊ ၁၇၀)*

***အဖြေ*** *– စာမျက်နှာ ၁၄၂ စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းအကျဉ်းရှုနည်းအတိုင်း ဖြေပါ။ နံပါတ် ၂၄ တွင်ဖြေပြထားပါသည်။ ဓါတ်ကမ္မဋ္ဌာန်းကို အားထုတ်ခြင်းကြောင့် ပုဂ္ဂိုလ်, ငါ, သတ္တဝါဟူသော သတ္တသညာကွယ်ပျောက်ပါသည်။*

**၂၀။ စက်ဆုပ်ဖွယ်ဟူသောအမှတ်သညာ (ပဋိကူလသညာ)ရှုပွားရမည်မဟုတ်သောအာဟာရတို့ကိုဖော်ပြပြီးလျှင် အကျိုး (ဖလ)အားဖြင့် အာဟာရေပဋိကူလပွားများပုံကိုလည်း ဖော်ပြပါ။** *(၁၉၉၃၊ စမန ၁၃၀၊ ၁၃၅)*

***အဖြေ*** *– စက်ဆုပ်ဖွယ်ဟူသောအမှတ်သညာ (ပဋိကူလသညာ)အားဖြင့် ရှုပွားရမည်မဟုတ်သော အာဟာရတို့မှာ (၁) ဖဿအာဟာရ (၂) မနောသဉ္စေတနာအာဟာရ (၃) ဝိညာဏအာဟာရတို့ ဖြစ်ပါသည်။*

***အကျိုး(ဖလ)အားဖြင့် အာဟာရေပဋိကူလသညာ ပွားများပုံ***

*အစာအာဟာရသည် ဝမ်းမီးဖြင့်ကောင်းစွာကြေကျက်ပြီးလျှင် ဆံပင်, အမွေး, လက်သည်းခြေသည်း, သွား, အရေစသောအပုပ်အစုတို့ကို ပြီးစေ၏၊ ကောင်းစွာမကြေကျက်လျှင် ပွေး, ယားနာ, ဝဲနာ, နူနာ, ညှင်း, ပန်းနာ, ချောင်းဆိုးနာ, ဝမ်းသွေးသွန်နာအစရှိသော အရာမကများစွာသော အနာရောဂါတို့ကို ပြီးစေ၏ဟူ၍ ပွားများရပါမည်။*

**၂၁။ စားသောက်သုံးဆောင်သောအစာအာဟာရနှင့်ပတ်သက်၍ အစာမကြေညက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သောရောဂါတို့ကို အသီးသီးဖော်ပြ၍၊ သွေးအမျိုးအစားနှင့် တည်ရာဌာနတို့ကိုဖော်ပြပါ။** *(၁၉၉၄၊ စမန ၁၃၅၊ ၁၅၂)*

***အဖြေ*** *– အစာမကြေညက်မှုကြောင့် ဖြစ်ပေါ်လာနိုင်သောရောဂါတို့မှာ ပွေး, ယားနာ, ဝဲနာ, နူနာ, ညှင်း, ပန်းနာ, ချောင်းဆိုးနာ, ဝမ်းသွေးသွန်နာစသော အနာရောဂါများဖြစ်ပါသည်။*

*သွေးနှစ်မျိုးရှိပါသည်။ (၁) ရွေ့လျားသွားနေသော သံသရဏသွေးနှင့်*
*(၂) စုဝေးနေသော သန္နစိတသွေးတို့ဖြစ်ပါသည်။*

*သံသရဏသွေးသည် အဗဒ္ဓသည်းခြေကဲ့သို့ တစ်ကိုယ်လုံးပြန့်နှံ့၍တည်၏။ ဥပမာအားဖြင့် မုန့်ကိုနှံ့၍တည်သော ဆီကဲ့သို့ ဖြစ်ပါသည်။*

*သန္တီရဏစိတ်သွေးသည် အသည်းတည်ရာအောက်အဖို့ကိုပြည့်စေလျက် တစ်ကွမ်းစားပြည့်မျှရှိပြီး အညို, နှလုံး, အသည်း, အဆုတ်တို့ကို စိုစွတ်စေသည်။ ဥပမာအားဖြင့် ဆွေးမြည့်သောအိုးကင်းကို မိုးရေစိုစွတ်လျှင် အိုးကင်း၌ရှိသောရေသည် အောက်သို့စိမ့်၍ အုတ်ခဲပိုင်း စသည်တို့ကို စိုစွတ်စေသကဲ့သို့တည်း။*

**၂၂။ ကိုယ်ခံစွမ်းအားနည်းပါးစေကြောင်းဖြစ်သော တေဇောဓါတ်အမည်ကို ညွှန်ပြပြီး အနုပါဒိန္န၊ ဥပါဒိန္နမဟာဘုတ်တို့၏ကြီးမားပုံကိုလည်း ဝိသုဒ္ဓိမဂ်လာအတိုင်း ဖော်ပြပါ။** *(၁၉၉၄၊ စမန ၁၄၀၊ ၁၆၂)*

**အဖြေ** – *ကိုယ်ခံစွမ်းအားနည်းပါးစေကြောင်းဖြစ်သော တေဇောဓါတ်သည် ဇိရဏတေဇောဓါတ်ဖြစ်ပါသည်။*

*အနုပါဒိန္န (သက်မဲ့)မဟာဘုတ်တို့၏ကြီးမားပုံမှာ ဟာပထဝီမြေကြီးသည် ယူဇနာနှစ်သိန်းလေးသောင်း(၂၄၀,၀၀၀) အထုရှိပေ၏။*

*ဥပါဒိန္န(သက်ရှိ)မဟာဘုတ်တို့၏ကြီးမားပုံမှာ "ရဟန်းတို့. . . မဟာသမုဒ္ဒရာ၌ ယူဇနာတစ်ရာအတ္တဘောရှိသော သတ္တဝါတို့လည်း ရှိကုန်၏"ဟုဟောတော်မူသဖြင့် ခန္ဓာကိုယ်အလွန်ကြီးမားသည့် ငါးများ, လိပ်များ, နတ်များ, ဒါနဝဘီလူးစသည်တို့၏ခန္ဓာကိုယ်အစွမ်းဖြင့် ထင်ရှား၏။*

**၂၃။ (က) အာဟာရ (၄)မျိုးနှင့် ဘေး (၄)မျိုးကို တွဲစပ်ဖော်ပြပြီး (ခ) သလိပ်၏ ပမာဏနှင့်တည်ရာကိုဖော်ပြပါ။** *(၁၉၉၅၊ စမန ၁၃၀-၁၃၁၊ ၁၅၀)*

**အဖြေ** – *(က) (၁) ကဗဠီကာရအာဟာရသည် အရသာကိုနှစ်သက်တွယ်တာခြင်းဟူသော ရသတဏှာဘေးကို ဖြစ်စေ၏၊*

*(၂) ဖဿာဟာရသည် အာရုံသို့ချဉ်းကပ်ခြင်း, အာရုံနှင့်ပေါင်းဆုံမိခြင်းဘေးကို ဖြစ်စေ၏။*

*(၃) မနောသဉ္စေတနာဟာရသည် ဘဝသစ်၌ ကပ်ရောက်၍ဖြစ်ခြင်းဟူသော ဘေးကို ဖြစ်စေ၏။*

*(၄) ဝိညာဏာဟာရသည် ပဋိသန္ဓေဟူသောဘေးကို ဖြစ်စေ၏။*

*(ခ) သလိပ်သည်တစ်ကွမ်းစားပြည့်ရုံမျှ ပမာဏရှိသည်။ သလိပ်၏တည်ရာမှာ အစာသစ်အိမ်အရေလွှာ၌ တည်ပါသည်။ ဥပမာအားဖြင့် တန်းစီးအိုင်ထဲ၌ အမြှုပ်လွှာတည်နေသကဲ့သို့ ဖြစ်၏။*

**၂၄။ (က) သလိပ်ဓါတ်လွှန်ကဲနေသူ၌ စားထားသောအစာများ မည်သို့မည်ပုံရှိနေသည်ကို ဖော်ပြပြီးလျှင်၊ (ခ) ထိုအစာတို့ကို ယိုထွက်မှု(နိဿန္ဒ) အားဖြင့် ဆင်ခြင်ပုံကိုလည်း အကျဉ်းချုပ်ဖော်ပြပါ။**

*(၁၉၉၆၊ စမန ၁၃၄၊ ၁၃၅)*

**အဖြေ** – *(က) သလိပ်ဓါတ်လွှန်ကဲနေသူ၌ စားထားသောအစာများသည် ဝက်ချေး*

*ပနက်ရွက်ရည်ဖြင့် လိမ်းကျံထားသကဲ့သို့ အလွန်စက်ဆုပ်ဖွယ်အဖြစ်သို့ **ရောက်၏**။*

***(ခ) ထိုအစာတို့ကို ယိုထွက်မှု (နိဿန္ဒ)အားဖြင့် ဆင်ခြင်ပုံ***

*(၁) အစာအာဟာရသည် တစ်ခုသောပါးစပ်ပေါက်ဖြင့် ဝင်ပြီးလျှင် ယိုထွက်သည့်အခါမျက်စိမှမျက်ချေး၊ နားမှနဖာချေး၊ နှာခေါင်းမှနှပ်ချေးစသည်ဖြင့် များစွာသောအပေါက်တို့မှ ယိုထွက်၏။*

*(၂) စားသောအခါ များစွာသောအခြံအရံ မိတ်ဆွေများနှင့်တကွစားသောက်၏၊ ယိုထွက်သောအခါမူ ကျင်ကြီးကျင်ငယ်စသည်ကို တစ်ယောက်ထီးတည်းသာလျှင် စွန့်ထုတ်ရ၏။*

*(၃) အစာကိုသုံးဆောင်သောသူသည် ပထမနေ့၌အလွန်တက်ကြွကာ နှစ်သက်ဝမ်းမြောက်လျက် အလွန်ရွှင်ပျ၏၊ ဒုတိယနေ့၌ ယိုထွက်သည့်အခါ ရွံရှာစက်ဆုပ်သည်ဖြစ်၍ နှလုံးမသာဖြစ်ကာ မျက်နှာရှုံ့မဲ့လျက် နှာခေါင်းပိတ်၍စွန့်ထုတ်ရ၏။*

*(၄) ထို့အပြင် ထိုအစာကို ပထမနေ့၌ နှစ်သက်မက်မောစွာ ရသတဏှာဖြင့်မိန်းမော၍ စားမျိုခဲ့သော်လည်း ဒုတိယနေ့၌ တစ်ညဥ့်မျှလွန်၍ ပုပ်ခြင်းသို့ရောက်သဖြင့် တပ်မက်ခြင်းမရှိတော့ဘဲ ဆင်းရဲရှက်နိုး၍ စက်ဆုပ်ရွံရှာလျက် စွန့်ထုတ်ရ၏။ ဤသို့ ဆင်ခြင်အပ်၏။*

**၂၅။ (က) ဉာဏ်ထက်သောပုဂ္ဂိုလ်သည် ဓါတ်ကမ္မဋ္ဌာန်းအာရုံပေါ်လွင်ထင်ရှားစေနိုင်သော ဓါတ်လေးပါးရှုပွားနည်းအကျဉ်းချုပ်ကို ဖော်ပြပြီးလျှင် (ခ) မဟာဘုတ်တို့၏မျက်လှည့်ဆရာနှင့်တူပုံကိုလည်း ဖော်ပြပါ။**

*(၁၉၉၆၊ စမန ၁၄၂၊ ၁၆၂)*

***အဖြေ - (က) ဉာဏ်ထက်သောပုဂ္ဂိုလ်သည် ဓါတ်ကမ္မဋ္ဌာန်းကိုအကျဉ်းချုပ်*** **ရှုပွားပုံမှာ** မိမိ၏တစ်ကိုယ်လုံးကို ဓါတ်အစုအဝေးအဖြစ်နှလုံးသွင်းပြီးလျှင် "ဤရုပ်ကိုယ်၌ ခက်မာ, ကြမ်းတမ်းခြင်းသဘောသည် ပထဝီဓါတ်တည်း၊ ဖွဲ့စည်းခြင်း, ယိုစီးခြင်းသဘောသည် အာပေါဓါတ်တည်း၊ ပူခြင်း, ရင့်ကျက်စေခြင်းသဘောသည် တေဇောဓါတ်တည်း၊ ထောက်ကန်ခြင်း, ခိုင်စေခြင်း, တွန်းကန်ခြင်းသဘောသည် ဝါယောဓါတ်တည်း"ဟု အကျဉ်းအားဖြင့် ဓါတ်တို့ကို လက္ခဏာ, ကိစ္စရသအားဖြင့် ဉာဏ်ဖြင့်ပိုင်းခြား သိမ်းဆည်း၍ အသက်ကောင်မဟုတ်, သတ္တဝါမဟုတ်, ဓါတ်သဘောမျှဖြင့် **အဖန်တလဲလဲ** နှလုံးသွင်းဆင်ခြင်အပ်၏။

**(ခ) မဟာဘုတ်တို့၏မျက်လှည့်ဆရာနှင့်တူပုံ**

မျက်လှည့်ဆရာသည် ရေခဲကို ပတ္တမြား၊ အုတ်ခဲကိုရွှေ၊ မိမိကိုယ်ကိုဘီလူး, ငှက်စသည်ဖြင့်ပြုလုပ်သကဲ့သို့ ဤအတူပင် မဟာဘုတ်တို့သည် မိမိတို့ကိုယ်တိုင်က အညို, အဝါ, အနီ, အဖြူမဟုတ်ပါဘဲလျက် ညိုသောအဆင်း, ဝါသောအဆင်း, နီသောအဆင်း, ဖြူသောအဆင်းစသည်ကိုပြတတ်၏။ ထို့ကြောင့် မဟာဘုတ်တို့သည်

မျက်လှည့်ဆရာနှင့်တူ၏။

၂၆။ **ဖဿာဟာရအတွက် နှိုင်းခိုင်းပြောပြ ဩဝါဒပေးစရာဥပမာကို ဖော်ပြပါ။ တေဇောဓါတ်သဘောကို ဉာဏ်ဖြင့်စစ်ကြောလိုက်ပါက ယောဂီဉာဏ်၌ အဘယ်သို့ထင်ပေါ်လာသည် (အဘယ်ပစ္စုပဋ္ဌာန်ရှိသည်)ကိုလည်း ဖော်ပြပါ။** *(၁၉၉၇၊ စမန ၁၃၀၊ ၁၆၀)*

**အဖြေ** - *ဖဿာဟာရအတွက် နှိုင်းခိုင်းပြောပြ ဩဝါဒပေးစရာဥပမာမှာ အရေမရှိသောနွားမဥပမာဖြစ်ပါသည်။*

*တေဇောဓါတ်သဘောကို ဉာဏ်ဖြင့်စစ်ကြောလိုက်ပါက ယောဂီဉာဏ်၌ အတူဖြစ်ဖက်တရားတို့ကို နူးညံ့စေခြင်း ပစ္စုပဋ္ဌာန်ရှိပါသည်။*

၂၇။ **ဓါတ်လေးပါးတို့ကို တစ်ခုစီခွဲခြားရန် အဘယ်နည်းဖြင့်ရနိုင်သည်၊ မရနိုင်သည်ကို ရှင်းလင်းဖော်ပြပြီးလျှင် သူသူငါငါ သတ္တဝါဟူသောအမှတ်သညာ ကင်းပျောက်ခြင်းကြောင့်ရရှိအပ်သော ပထမအကျိုးတစ်မျိုးကိုမျှ ဖော်ပြပါ။** *(၁၉၉၇၊ စမန ၁၆၄၊ ၁၇၀)*

**အဖြေ** - *ဓါတ်ကြီးလေးပါးတို့သည် တစ်ပြိုင်နက်တစ်ပေါင်းတည်းသာလျှင် အမြဲဖြစ်ပေါ်ကြကုန်၏၊ အသေးငယ်ဆုံးဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်၌ပင် ပထဝီ၊ အာပေါ၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာတို့သည် တစ်ပေါင်းတည်းတည်ရှိကြ၏။ ၎င်းတို့ကို မည်သည့်နည်းနှင့်မျှ တစ်ခုစီခွဲခြားရန် မပြုလုပ်နိုင်ပါ။ ခွဲခြမ်းစိတ်ဖြာ၍မရသော အဝိနိဗ္ဘောဂရုပ်ကလာပ်ဖြစ်ပါသည်။*

*ထို့ကြောင့် ဓါတ်ကြီးလေးပါးတို့သည် တည်ရာအားဖြင့် အသီးသီးမခွဲခြားအပ်၊ မခွဲခြားနိုင်ပါ။ သို့သော် ခက်မာခြင်း၊ ယိုစီးခြင်းစသည့်သဘောလက္ခဏာအားဖြင့်မူ ခွဲခြားအပ်၊ ခွဲခြားနိုင်ပါသည်။*

*သူသူငါငါ သတ္တဝါဟူသော အမှတ်သညာ ကင်းပျောက်ခြင်းကြောင့် ရရှိအပ်သော ပထမအကျိုးတစ်မျိုးမှာ အတ္တမှကင်းဆိတ်ခြင်း (သုညတ)သို့ သက်ဝင်ခြင်းဖြစ်ပါသည်။*

၂၈။ **မြင်းစီးပါလျက် မြင်းထီးမြင်းမ တွေးဆမရှိ သတိမထင် မသိမြင်သကဲ့သို့ ပထဝီဓါတ်နှင့် ကျန်သောဓါတ်တို့၏သတိမထင် မသိမြင်ပုံကို ဖော်ပြပြီးလျှင်၊ မည်သည့်ဓါတ်အစုအဝေး(ကောဋ္ဌာသ)သည် ဥတုကြောင့်ဖြစ်သည်ကိုလည်း ဖော်ပြပါ။** *(၁၉၉၈၊ စမန ၁၆၅၊ ၁၆၆၊ ၁၆၁)*

**အဖြေ - ပထဝီဓါတ်နှင့်ကျန်သောဓါတ်တို့ သတိမထင် မသိမြင်ပုံ**

*ဓါတ်လေးပါးတို့တွင် ပထဝီဓါတ်သည် "ငါသည် ပထဝီဓါတ်ဖြစ်၏"ဟူ၍လည်းကောင်း၊ "မဟာဘုတ်သုံးပါးတို့အား ငါက တည်ရာဖြစ်လျက် ကျေးဇူးပြုသည်"ဟူ၍လည်းကောင်း မသိချေ။ အခြားဓါတ်သုံးပါးတို့ကလည်း "ငါတို့အား ပထဝီဓါတ်က*

တည်ရာဖြစ်လျက် ကျေးဇူးပြုသည်"ဟူ၍ မသိကြချေ။ ဤသို့လျှင် ပထဝီဓါတ်နှင့် ကျန်ဓါတ်သုံးပါးတို့သည် ဆင်ခြင်မှု, နှလုံးသွင်းမှုကင်းလျက် သတိမထင် မသိမြင် ကြချေ။

ဥတုကြောင့်ဖြစ်သော ဓါတ်အစုအဝေး(ကောဋ္ဌာသ)တို့မှာ (၁) အစာသစ်၊ (၂) အစာဟောင်း၊ (၃) ပြည်၊ (၄) ကျင်ငယ်တို့ ဖြစ်ကြသည်။

**၂၉။ စားသောက်ဖွယ် အစာအာဟာရကြောင့် အဘယ်ဘေးရန်နှင့်ကြုံတွေ့ရ၍ ထိုအာဟာရကို အဘယ်အရာဖြင့် ဥပမာနှိုင်းခိုင်းပြောပြရမည်ကိုလည်း ဖြေဆိုပါ။** *(၁၉၉၉၊ စမန ၁၃၀)*

**အဖြေ** – *စားသောက်ဖွယ်အစာအာဟာရသည် ကဗဠီကာရအာဟာရဖြစ်၍ ယင်း အာဟာရကြောင့် အရသာကိုနှစ်သက်တွယ်တာခြင်းဟူသော ရသတဏှာဘေးရန် နှင့် ကြုံတွေ့ရပါမည်။*

*ကဗဠီကာရအာဟာရကို သားငယ်၏အသားကို စားသောဥပမာဖြင့် နှိုင်းခိုင်း ပြောပြအပ်၏။*

**၃၀။ သသမ္ဘာရသင်္ခေပဘာဝနာ၏ အဆောက်အအုံ ရုပ်များနှင့်တကွ ဓါတ် လေးပါးကို အကျဉ်းချုံးရှုမှတ်ပွားများပုံကို ဖော်ပြပြီးလျှင်၊ စိတ်, ဥတု နှစ်မျိုးကြောင့်ဖြစ်သော ရုပ်အစုအဝေး (ကောဋ္ဌာသ)တို့ကိုလည်း ဖော်ပြ ပါ။** *(၁၉၉၉၊ စမန ၁၄၃၊ ၁၆၁)*

**အဖြေ** – *သသမ္ဘာရသင်္ခေပဘာဝနာ၏ အဆောက်အအုံရုပ်များနှင့်တကွ ဓါတ်လေး ပါးကို အကျဉ်းချုံးရှုမှတ်ပွားများပုံ*

*(၁) ဆံပင်မှအစ ဦးနှောက်အဆုံး ပထဝီကောဋ္ဌာသအပါး(၂၀)၌ ခက်မာသော အခြင်းအရာကို ပထဝီဓါတ်ဟု ပိုင်းခြားဆုံးဖြတ်လျက်ရှု၏။*

*(၂) သည်းခြေအစ ကျင်ငယ်အဆုံး အာပေါကောဋ္ဌာသ(၁၂)ပါး၌ ဖွဲ့စည်းသော အခြင်းအရာကို အာပေါဓါတ်ဟု ပိုင်းခြားဆုံးဖြတ်လျက်ရှု၏။*

*(၃) တေဇောကောဋ္ဌာသ(၄)ပါး၌ ရင့်ကျက်စေသောအပူငွေ့သဘောကို တေဇော ဓါတ်ဟု ပိုင်းခြားဆုံးဖြတ်လျက် ရှု၏။*

*(၄) ဝါယောကောဋ္ဌာသ(၆)ပါး၌ ထောက်ကန်တောင့်တင်းသောအခြင်းအရာကို ဝါယောဓါတ်ဟု ပိုင်းခြားဆုံးဖြတ်လျက်ရှု၏။*

*ဤသို့ ဓါတ်သဘောတို့ကိုထင်လင်းစေသော ပညာက သိမ်းဆည်းအပ်သော သဘာဝမွှေလျှင်အာရုံရှိသည့်အဖြစ်ကြောင့် အပ္ပနာသို့မရောက်မူ၍ ဥပစာရသမာ ဓိသည် ဖြစ်ပေါ်၏။*

***စိတ်, ဥတုနှစ်မျိုးကြောင့်ဖြစ်သော ရုပ်အစုအဝေး (ကောဋ္ဌာသ)တို့မှာ-***

*(၁) မျက်ရည် (၂) ချွေး (၃) တံတွေး (၄) နှပ် တို့ဖြစ်ပါသည်။*

၃၁။ သလိပ်သည် မည်ရွေ့မည်မျှပမာဏရှိသည်၊ မည်သည့်နေရာ၌ တည်ရှိသည်ကိုလည်း ဖော်ပြပါ။ (၂၀၀၀၊ စမန ၁၅၁)

**အဖြေ** – *အန်ပါတ် ၂၂ ဒုတိယပိုင်းအဖြေနှင့်တူပါသည်။*

၃၂။ စားဖွယ်အာဟာရကို ကျေကျက်ပြီးအနေဖြင့် စက်ဆုပ်ဖွယ်သဘောပေါ်လွင်အောင် ဆင်ခြင်ပုံကို ဖော်ပြပါ။ (၂၀၀၁၊ စမန ၁၃၅)

**အဖြေ** – ***စားဖွယ်အာဟာရကို ကျေကျက်ပြီးအနေဖြင့် စက်ဆုပ်ဖွယ်သဘောပေါ်လွင်အောင်ဆင်ခြင်ပုံ*** – *အစာသစ်အိမ်၌တည်သော အစာအာဟာရသည် ဝမ်းမီး - ကမ္မဇတေဇောဓါတ်ဖြင့် ကြေကျက်ပြီးလတ်သော် ရွှေငွေစသည်ပါရှိသည့် သတ္တုရိုင်းကို အပူတိုက်သည့်အခါ ရွှေ, ငွေစသည့်အဖြစ်သို့ ရောက်သကဲ့သို့မဟုတ်ဘဲ အမြှုပ်ထလျက် သိမ်မွေ့စွာအမှုန့်ပြုရာကျောက်ပျဉ်တွင်ကြိတ်၍ ဝါးကျည်တောက်၌ တည်သော မြေညက်ကဲ့သို့ ကျင်ကြီးအဖြစ်သို့ရောက်၍ အစာဟောင်းအိမ်ကို ပြည့်စေ၏၊ ကျင်ငယ်အဖြစ်သို့ရောက်၍ ဆီးအိမ်စသည်ဖောင်းကို ပြည့်စေ၏။ ဤသို့လျှင် အစာအာဟာရသည် ကျေကျက်ပြီးသောအားဖြင့် စက်ဆုပ်ဖွယ်ဖြစ်သည်ကို ဆင်ခြင်အပ်၏။*

၃၃။ ဓါတ်ကမ္မဋ္ဌာန်းစီးဖြန်းပုံ အကျဉ်းချုပ်ကို မဟာသတိပဋ္ဌာန်သုတ်အတိုင်း ဥပမာနှင့်တကွ ဖော်ပြပါ။ (၂၀၀၁၊ စမန ၁၃၈)

**အဖြေ** – ***မဟာသတိပဋ္ဌာန်သုတ်လာ ဓါတ်ကမ္မဋ္ဌာန်းစီးဖြန်းပုံအကျဉ်းချုပ်***

*"ရဟန်းတို့ . . ဥပမာအားဖြင့် ကျွမ်းကျင်သောနွားသတ်သမားသည်သော်လည်းကောင်း၊ နွားသတ်သမား၏တပည့်သည်သော်လည်းကောင်း၊ နွားကိုသတ်ပြီးလျှင် လမ်းလေးခွဆုံရာ၌ အပုံအပုံခွဲခြမ်း၍၊ ထိုင်နေသကဲ့သို့၊ ထို့အတူပင် ယောဂီရဟန်းသည် တည်မြဲတိုင်း ထားမြဲတိုင်းသော ဤရုပ်ကိုယ်ကိုပင်လျှင် ဓါတ်သဘောအားဖြင့် ရှုဆင်ခြင်၏ – ဤရုပ်ကိုယ်၌ ပထဝီဓါတ်သည်ရှိ၏၊ အာပေါဓါတ်သည်ရှိ၏၊ တေဇောဓါတ်သည်ရှိ၏၊ ဝါယောဓါတ်သည်ရှိ၏ဟူ၍ ရှုဆင်ခြင်၏"*

*ဤသို့ ဉာဏ်ထက်သူတို့အတွက် ဓါတ်ကမ္မဋ္ဌာန်းအကျဉ်းချုပ်ကို မဟာသတိပဋ္ဌာန်သုတ်၌ ဟောတော်မူ၏။*

၃၄။ "လသိတာ"ခေါ် အစေးသည် အဘယ်ကိစ္စအတွက် အဘယ်နေရာတို့၌ တည်ရှိနေသည်ကို ဖြေဆိုပြီးလျှင်၊ အနုပါဒိန္န(သက်မဲ့) မဟာဘုတ်နှင့် ဥပါဒိန္န(သက်ရှိ)မဟာဘုတ်တို့ အကြီးအကျယ်ဖောက်ပြန်ပုံသည် အဘယ်အခါ၌ ထင်ရှားပါသနည်း၊ ဖော်ပြပါ။ (၂၀၀၁၊ စမန ၁၅၄၊ ၁၆၃)

**အဖြေ** – *"လသိတာ"ခေါ် အစေးသည် အရိုးဆက်တို့၏နယ်ဆီကိစ္စကို ပြီးစေလျက် တစ်ရာ့ရှစ်ဆယ်(၁၈၀)သော အရိုးဆက်တို့၌ တည်၏။*

*အနုပါဒိန္နမဟာဘုတ်နှင့် ဥပါဒိန္နမဟာဘုတ်တို့ အကြီးအကျယ်ဖောက်ပြန်ပုံ*

*ထင်ရှားသည့်ကာလ (နံပါတ် (၂) ဒုတိယပိုင်းအဖြေနှင့် တူပါသည်)*

**၃၅။ ဆောင်တတ်သောကြောင့် အာဟာရဟုဆိုရာ၌ အဘယ်တရားသည် အဘယ်တရားကို ဆောင်သည်ကိုဖော်ပြပါ။** *(၂၀၀၁၊ စမန ၁၃၀)*

**အဖြေ** - *(နံပါတ် (၇)ပထမပိုင်းအဖြေနှင့်တူပါသည်)*

**၃၆။ ကဗဠီကာရအာဟာရသည် အဘယ်သို့သောကြောက်ဖွယ်ဘေးဆိုးရှိ၍ အဘယ်သို့သော ဥပမာဖြင့်နှိုင်းခိုင်းဖော်ပြသင့်သည်ကို ဖြေဆိုပြီးလျှင်၊ ဉာဏ်ထက်မြက်သော ယောဂီရဟန်းအတွက် နှေးကွေးစွာထင်ပေါ်လာသော ဓါတ်ကမ္မဋ္ဌာန်းနှလုံးသွင်းနည်းကို အဋ္ဌကထာပြသမျှ ဖော်ပြပါ။**

*(၂၀၀၃၊ စမန ၁၃၀၊ ၁၄၁၊ ၁၄၃)*

**အဖြေ** – *ကဗဠီကာရအာဟာရသည် အရသာကိုနှစ်သက်တွယ်တာခြင်းဟူသော ရသတဏှာဘေးဆိုးရှိပါသည်။ ကဗဠီကာရအာဟာရကို သားငယ်၏အသားကိုစားသောဥပမာဖြင့် နှိုင်းခိုင်းဖော်ပြသင့်ပါသည်။*

*ဉာဏ်ထက်မြက်သောယောဂီရဟန်းအတွက် နှေးကွေးစွာထင်ပေါ်လာသော ဓါတ်ကမ္မဋ္ဌာန်းနှလုံးသွင်းနည်းမှာ "ဆံပင်တို့သည် ပထဝီဓါတ်၊ အမွေးတို့သည်ပထဝီဓါတ်"စသည်ဖြင့် ဓါတ်တို့ကို အကျယ်နည်းဖြင့် နှလုံးသွင်းခြင်းဖြစ်၏။* ***ဤဓါတ်*** *ကမ္မဋ္ဌာန်းကို အဋ္ဌကထာ၌ ဖော်ပြထားသည့် အကျဉ်းရှုပွားနည်းမှာ*

*(၁) ပထဝီစသော သမ္ဘာရနှင့်တကွ ဆံပင်စသည်တို့ကို အကျဉ်းချုံး၍ရှုသော သသမ္ဘာရသင်္ခေပနည်း၊*

*(၂) ပထဝီစသောသမ္ဘာရနှင့်တကွ ဆံပင်စသည်တို့ကို ဝေဖန်သောအားဖြင့်ရှုသော သသမ္ဘာရဝိဘတ္တိနည်း၊*

*(၃) လက္ခဏာနှင့်တကွ ဆံပင်စသည်တို့ကို အကျဉ်းချုံး၍ရှုသော သလက္ခဏသင်္ခေပနည်း။*

*(၄) လက္ခဏာနှင့်တကွ ဆံပင်စသည်တို့ကို ဝေဖန်သောအားဖြင့်ရှုသော သလက္ခဏဝိဘတ္တိနည်းတို့ဖြစ်ပါသည်။*

**၃၇။ တေဇောလေးမျိုးတို့တွင် အဘယ်တေဇောသည် အဘယ်အကြောင်းကြောင့်ဖြစ်သည်ကို ဖော်ပြပြီးလျှင် ယကနခေါ် အသည်းသည် အဘယ်နည်းအဘယ်ပုံတည်ရှိနေသည်ကိုလည်း ဖော်ပြပါ။**

*(၂၀၀၃၊ စမန ၁၄၀၊ ၁၄၈)*

**အဖြေ** – *တေဇောလေးမျိုးကို ဖြစ်စေသောအကြောင်းများမှာ -*

*(၁) ကိုယ်ပူလောင်ခြင်း၊ တစ်ရက်ချန်ဖျားခြင်းစသည်ကို ဖြစ်စေသော* ***သန္တပ္ပန*** *တေဇောဓါတ်သည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားလေးပါးကြောင့်ဖြစ်ပါသည်။*

*(၂) ကိုယ်ခန္ဓာအိုမင်းရင့်ရော်ခြင်းစသည်ကို ဖြစ်စေသော ဇိရဏတေဇောဓါတ်သည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ပါသည်။*

*(၃) ကိုယ်ကိုပြင်းစွာပူလောင်စေခြင်းစသည်ကိုဖြစ်စေသော ဒါဟတေဇောဓါတ်သည် ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ပါသည်။*

*(၄) အစာကျေကျက်ခြင်းကိုဖြစ်စေသော ပါစကတေဇောဓါတ်သည် ကံကြောင့် ဖြစ်ပါသည်။*

***ယကနခေါ် အသည်းသည်ကိုယ်တွင်း၌ သားမြတ်နှစ်ခုတို့၏အကြားဝယ်*** *လက်ျာနံပါးကိုမှီ၍တည်၏။ ဥပမာအားဖြင့် အိုးကင်းနံပါး၌ ကပ်နေသောအသားစိုင်အစုံကဲ့သို့တည်း။*

**၃၈။ စားဖွယ်အစာကို အာဟာရေပဋိကူလဘာဝနာဖြစ်အောင် ယိုထွက်ပုံအားဖြင့် ဆင်ခြင်နည်းများစွာရှိသည့်အနက် ပထမ၊ ဒုတိယနည်းနှစ်ခုမျှထုတ်ပြပြီးလျှင်ဆံပင်, အမွေးစသည်တို့ကို နှလုံးသွင်းရှုပွားရာ၌ ကာယဂတာသတိအခန်းရှုပွားပုံနှင့် စတုဓာတုဝဝတ္ထာန်အခန်းရှုပွားပုံတို့ ထူးခြားဟန်ကို ဖြေဆိုပါ။** *(၂၀၀၄၊ စမန ၁၃၅၊ ၁၃၆၊ ၁၄၄)*

***အဖြေ – စားဖွယ်အစာကို အာဟာရေပဋိကူလဘာဝနာဖြစ်အောင် ယိုထွက်ပုံအားဖြင့် ဆင်ခြင်နည်း***

*(၁) အစာအာဟာရသည် တစ်ခုသောပါးစပ်ပေါက်ဖြင့်ဝင်ပြီးလျှင် ယိုထွက်သည့်အခါ မျက်စိမှမျက်ချေး၊ နားမှ နှာဖာချေး၊ နှာခေါင်းမှနှပ်ချေးစသည်ဖြင့် များစွာသောအပေါက်တို့မှ ယိုထွက်၏။*

*(၂) စားသောအခါ များစွာသောအခြံအရံ မိတ်ဆွေများနှင့်တကွစားသောက်၏။ ယိုထွက်သောအခါ၌မူ ကျင်ကြီးကျင်ငယ်စသည်ကို ရွံရှာစက်ဆုပ်ဖွယ်ဖြစ်၍ တစ်ယောက်ထီးတည်းသာလျှင် စွန့်ထုတ်ရ၏။*

***ကာယဂတာသတိရှုပွားပုံနှင့် စတုဓာတုဝဝတ္ထာန်ရှုပွားပုံတို့ ထူးခြားဟန်***

*ကာယဂတာသတိကမ္မဋ္ဌာန်း၌ ဆံပင်, အမွေးစသည့်ကောဋ္ဌာသတို့ကို အဆင်း, ပုံသဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏အစွမ်းအားဖြင့် ရှုဆင်ခြင်ပြီးလျှင် စက်ဆုပ်ဖွယ်အစွမ်းဖြင့် စိတ်ကိုထားအပ်၏။ စတုဓာတုကမ္မဋ္ဌာန်း၌မူ ဆံပင်, အမွေးစသည့်ကောဋ္ဌာသတို့ကို အဆင်း, ပုံသဏ္ဌာန်, အရပ်, တည်ရာ, အပိုင်းအခြားတို့၏အစွမ်းအားဖြင့် ရှုဆင်ခြင်ပြီးလျှင် ဓါတ်သဘော၏အစွမ်းအားဖြင့် စိတ်ကိုထားအပ်၏။ ဤမျှသာထူးခြား၏။*

**၃၉။ ကိလောမကခေါ် အမြှေးနှစ်မျိုးတို့၏တည်နေဟန်ကို ခွဲခြားဖော်ပြပြီးလျှင်**

**ပထဝီဓါတ်ကို ပစ္စယ (ကျေးဇူးပြုခြင်း, ထောက်ပံ့ခြင်း) အားဖြင့် နှလုံးသွင်းပုံကို ဖြေဆိုပါ။** (၂၀၀၄၊ စမန ၁၄၈၊ ၁၆၅)

**အဖြေ – အမြေးနှစ်မျိုးတို့၏တည်နေဟန်**

*အမြေးနှစ်မျိုးတွင် ဖုံးလွှမ်းသည့်အမြေးသည် နှလုံးနှင့်အညီ့ကိုဝန်းရံဖုံးလွှမ်း၍ တည်၏၊ မဖုံးလွှမ်းသောအမြေးသည် တစ်ကိုယ်လုံးဝယ် အရေ၏အောက်၌ အသားကိုမြေးယှက်၍ တည်၏။ ဥပမာအားဖြင့် အသားကို ပုဆိုးကြမ်းဖြင့် ရစ်ပတ်ထားသကဲ့သို့တည်း။*

***ပထဝီဓါတ်ကို ပစ္စယ (ကျေးဇူးပြုခြင်း၊ ထောက်ပံ့ခြင်း) အားဖြင့် နှလုံးသွင်းပုံ***

*ပထဝီဓါတ်သည် အာပေါဓါတ်က ပေါင်းစုပေးခြင်း၊ တေဇောဓါတ်က စောင့်ရှောက်ပေးခြင်း၊ ဝါယောဓါတ်က ထောက်ကန်ပေးခြင်းတို့ကိုရ၍ ထိုအာပေါဓါတ်, တေဇောဓါတ်, ဝါယောဓါတ်ဟူသည့် မဟာဘုတ်သုံးပါးတို့အား တည်ရာဖြစ်လျက် ကျေးဇူးပြု၏ဟု နှလုံးသွင်းအပ်၏။*

**၄၀။ အစာအာဟာရ၌ စက်ဆုပ်သောသညာကို ဖြစ်စေရာတွင် မည်သည့်အစာအာဟာရကို စက်ဆုပ်သောသညာဖြစ်ပွားစေရမည်နည်း၊ ထိုသညာကို ဖြစ်ပွားစေသဖြင့် ရရှိနိုင်သောအကျိုးအာနိသင်များကိုလည်း ကုန်စင်အောင် ဖော်ထုတ်ပြပါ။** (၂၀၀၅၊ စမန ၁၃၁၊ ၁၃၇)

**အဖြေ** – *အစာအာဟာရ၌ စက်ဆုပ်သောသညာကို ဖြစ်ပွားစေရာတွင် စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သည့် ကဗဠီကာရအာဟာရကိုသာလျှင် စက်ဆုပ်သောသညာ ဖြစ်ပွားစေရမည်။ ထိုကဗဠီကာရအာဟာရ၌ စက်ဆုပ်ဖွယ်ကို မှတ်ယူသည်၏အစွမ်းဖြင့်ဖြစ်သော အမှတ်သညာသည် အာဟာရေပဋိကူလသညာမည်၏။*

*အာဟာရေပဋိကူလသညာကိုဖြစ်ပွားစေသဖြင့် ရရှိနိုင်သောအကျိုးအာနိသင်များမှာ -*

*(၁) အရသာကိုတပ်မက်သော ရသတဏှာမှ စိတ်သည် တွန့်ဆုတ်၏၊ နစ်၏၊*

*(၂) ကန္တာရခရီးခဲကို ကျော်လွှန်လိုသောသူသည် သားငယ်၏အသားကို မာန်ယစ်ခြင်းမရှိဘဲစားသုံးရသကဲ့သို့ ထိုယောဂီသည် ဝဋ်ဆင်းရဲမှထွက်မြောက်ရန် အကျိုးငှာ မာန်ယစ်ခြင်းမရှိဘဲ အာဟာရကို သုံးဆောင်၏၊*

*(၃) ထိုသို့သုံးဆောင်လတ်သော် ထိုယောဂီသည် မပင်မပန်းချမ်းသာလွယ်ကူစွာ ကဗဠီကာရအာဟာရကို ပိုင်းခြား၍သိခြင်းကို ရှေ့သွားပြုသဖြင့် ကာမဂုဏ်ငါးပါး၌ တပ်မက်သောရာဂကိုပိုင်းခြား၍ သိခြင်းသို့ရောက်၏။*

*(၄) ထိုယောဂီသည်ကာမဂုဏ်ငါးပါးပိုင်းခြား၍သိခြင်းကို ရှေ့သွားပြုသဖြင့် ရူပက္ခန္ဓာကို ပိုင်းခြား၍ သိ၏။*

*(၅) ထို့အပြင် မကြေမကျက်သေးသောအစာစသည်၏ စက်ဆုပ်ဖွယ်အဖြစ်ကို သိမ်း*

ဆည်းသည့်အစွမ်းဖြင့် ကာယဂတာသတိဘာဝနာသည်လည်း ပြည့်စုံခြင်းသို့ ရောက်၏။

(၆) အသုဘသညာအားလျော်သောအကျင့်ကို ကျင့်သည်လည်းမည်ပေ၏။

(၇) ဤအကျင့်ပဋိပတ်ကိုမှီ၍ မျက်မှောက်ဘဝ၌ပင်လျှင် အမြိုက်နိဗ္ဗာန်သို့မရောက်နိုင်သေးပါမူ သုဂတိဘဝသို့လားရောက်ရ၏။

**၄၁။ ခန္ဓာကိုယ်တွင်းရှိ ဝါယောဓါတ်၆-မျိုးကို ဖော်ပြ၍ ထို ၆-ပါးတွင် အဘယ်ဝါယောဓါတ်သည် အဘယ်ကြောင့်ဖြစ်သည်ကို ခွဲပြဖော်ပြပြီးလျှင် သည်းခြေနှစ်မျိုးတို့၏တည်ရှိရာဌာနကိုလည်း ဖြေဆိုပါ။**

(၂၀၀၅၊ စမန ၁၄၁၊ ၁၅၁)

**အဖြေ** –(၁) ဥဒ္ဓင်္ဂမဝါယောဓါတ် – ပျို့အန်ခြင်း, ကြို့ထိုးခြင်းစသည်ကို ဖြစ်စေတတ်သော အထက်သို့ဆန်တက်သည့်လေ။

(၂) အဓောဂမဝါယောဓါတ် – ကျင်ကြီးကျင်ငယ်စသည်ကို ထုတ်ဆောင်တတ်သော အောက်သို့စုန်သည့်လေ၊

(၃) ကုစ္ဆိသယဝါယောဓါတ် – အူအပြင်ဘက် ဝမ်းတွင်း၌တည်သောလေ၊

(၄) ကောဋ္ဌာသယဝါယောဓါတ် – အူအတွင်း၌ တည်သောလေ၊

(၅) အင်္ဂမင်္ဂါနုသာရီဝါယောဓါတ် – အကြောကွန်ယက်ကို အစဉ်လျှောက်ပြီး တစ်ကိုယ်လုံးရှိ အင်္ဂါကြီးငယ်များသို့ပြန့်သွား၍ ကွေးခြင်း, ဆန့်ခြင်းကို ဖြစ်စေသောလေ။

(၆) အဿာသ ပဿာသဝါယောဓါတ် - ဝင်သက်လေ၊ ထွက်သက်လေ။

**ဝါယောဓါတ်တို့ကိုဖြစ်စေသော အကြောင်းတရားများ**

(၁) ဥဒ္ဓင်္ဂမဝါယောဓါတ်ကို ကံ, စိတ်, ဥတု, အာဟာရတို့က ဖြစ်စေ၏၊

(၂) အဓောဂမဝါယောဓါတ်ကို ကံ, စိတ်, ဥတု, အာဟာရတို့က ဖြစ်စေ၏၊

(၃) ကုစ္ဆိသယဝါယောဓါတ်ကို ကံ, စိတ်, ဥတု, အာဟာရတို့က ဖြစ်စေ၏၊

(၄) ကောဋ္ဌာသယဝါယောဓါတ်ကို ကံ, စိတ်, ဥတု, အာဟာရတို့က ဖြစ်စေ၏၊

(၅) အင်္ဂမင်္ဂါနုသာရီဝါယောဓါတ်ကို ကံ, စိတ်, ဥတု, အာဟာရတို့က ဖြစ်စေ၏၊

(၆) အဿာသ ပဿာသဝါယောဓါတ်ကို စိတ်က ဖြစ်စေ၏။

**သည်းခြေနှစ်မျိုးတို့၏ တည်ရာဌာန**

သည်းခြေနှစ်မျိုးတွင် အဗဒ္ဓသည်းခြေသည် ဇီဝိတိန္ဒြေနှင့်စပ်၍ တစ်ကိုယ်လုံးကို ပြန့်နှံ့လျက်တည်၏။ ဗဒ္ဓသည်းခြေသည် သည်းခြေအိမ်၌ တည်၏။ ဥပမာအားဖြင့် ဆီသည် မုန့်ကိုပြန့်နှံ့၍တည်နေသကဲ့သို့တည်း။

**၄၂။ မိမိတို့ နေ့စဉ်နေ့တိုင်း သုံးဆောင်စားသောက်နေသော အစာအာဟာရတို့၏ ဝင်ပုံထွက်ပုံတို့ကိုသဘာဝတရားပေါ်လွင်အောင်ပြဆိုထားသော ဆင်ခြင်ပုံ**

(၄)မျိုးတို့ကို ရေးသားဖော်ပြပါ။ *(၂၀၀၆၊ စမန ၁၃၅-၃၆)*

**အဖြေ** - *နံပါတ်(၄)အဖြေနှင့် တူပါသည်။*

**၄၃။ အစာအာဟာရတို့ကို သုံးဆောင်ရာ၌ ဖြစ်နိုင်သောဘေး၊ ထိုဘေးတို့မှ လွတ်မြောက်အောင် ဆင်ခြင်သုံးဆောင်ရမည့်ဥပမာတို့ကို ထင်ရှားစွာ ဖော်ပြပါ။** *(၂၀၀၆၊ ပုဒ်ဝက်၊ စမန ၁၃၀)*

**အဖြေ** – *အစာအာဟာရတို့ကို သုံးဆောင်ရာ၌ ဖြစ်နိုင်သောဘေးမှာ အရသာကိုနှစ်သက်တွယ်တာခြင်းဟူသော ရသတဏှာဘေး ဖြစ်၏။ ထိုဘေးမှ လွတ်မြောက်အောင် ဆင်ခြင်သုံးဆောင်ရမည့် ဥပမာမှာ အစာအာဟာရကိုသုံးဆောင်ရာ၌ သားငယ်၏အသားကို စားရသကဲ့သို့ ဆင်ခြင်စားသုံးရမည့် ဥပမာဖြစ်ပါသည်။*

**၄၄။ ဓါတ်ကြီးလေးပါးနှင့် မြွေကြီးလေးကောင်တို့ကို အစဉ်ကျကျတွဲစပ်ဖြေဆို၍၊ ဓါတ်ကြီးလေးပါး၏မြွေကြီးလေးကောင်ကိုက်ပုံနှင့် တူပုံတို့ကိုလည်း ရှင်းပြပါ။** *(၂၀၀၆၊ စမန ၁၆၃)*

**အဖြေ** – *ပထဝီဓါတ် = ကဋ္ဌမုခမြွေ၊ အာပေါဓါတ် = ပုတိမုခမြွေ*

*တေဇောဓါတ် = အဂ္ဂိမုခမြွေ၊ ဝါယောဓါတ် = သတ္ထမုခမြွေ*

***ဓါတ်ကြီးလေးပါး၏မြွေလေးကောင်ကိုက်ပုံနှင့်တူပုံ***

*(၁) ကဋ္ဌမုခမြွေအကိုက်ခံရသောခန္ဓာကိုယ်သည် ခက်မာကြမ်းတမ်းလျက် တောင့်တင်း၏။ ဤအတူပင် ပထဝီဓါတ်ဖောက်ပြန်ပျက်စီးသောအခါ ကဋ္ဌမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည် ခက်မာကြမ်းတမ်းလျက် တောင့်တင်း၏။*

*(၂) ပုတိမုခမြွေအကိုက်ခံရသော ကိုယ်သည် ပုပ်၏။ ဤအတူပင် အာပေါဓါတ်ဖောက်ပြန်ပျက်စီးသောအခါ ပုတိမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည်ပုပ်၏။*

*(၃) အဂ္ဂိမုခမြွေအကိုက်ခံရသောကိုယ်သည် ပြင်းစွာပူလောင်၏။ ဤအတူပင် တေဇောဓါတ်ဖောက်ပြန်ပျက်စီးသောအခါ အဂ္ဂိမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည် ပြင်းစွာပူလောင်၏။*

*(၄) သတ္ထမုခမြွေအကိုက်ခံရသောကိုယ်သည် အပိုင်းပိုင်းပြတ်၏။ ဤအတူပင် ဝါယောဓါတ်ဖောက်ပြန်ပျက်စီးသောအခါ သတ္ထမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည် အပိုင်းပိုင်းပြတ်၏။*

**၄၅။ ဓါတ်ကြီးလေးပါးတို့၏ သဘောသဘာဝလက္ခဏာတို့ကို တွဲစပ်ဖော်ပြ၍၊ မိမိတို့နှလုံးသားထဲ၌ ဆုံးဖြတ်နိုင်သော စိတ် စေတနာ ပါ/မပါ အကြောင်းနှင့်တကွ ဖြေဆိုပါ။** *(၂၀၀၇၊ စမန ၁၆၀၊ ၁၄၈)*

**အဖြေ** – *ပထဝီဓါတ်သည် ကြမ်းတမ်းခြင်း, ခက်မာခြင်း သဘောလက္ခဏာရှိပါသည်။*

*အာပေါဓါတ်သည် ယိုစီးခြင်း, ဖွဲ့စည်းခြင်း သဘောလက္ခဏာရှိပါသည်။*

တေဇောဓါတ်သည် ပူခြင်း, ကျက်စေခြင်း သဘောလက္ခဏာရှိပါသည်။
ဝါယောဓါတ်သည် ထောက်ကန်ခြင်း, ထောက်ပံ့ခိုင်စေခြင်း, တွန်းကန်ခြင်း သဘော လက္ခဏာရှိ၏။

**နှလုံးသားထဲ၌ ဆုံးဖြတ်နိုင်သောစိတ်, စေတနာ ပါ/မပါ အကြောင်းပြချက်**

နှလုံးသည် ကိုယ်တွင်း၌ ရင်ရိုးချိုင့်၏အလယ်ကိုမှီ၍ တည်၏။ ဥပမာအားဖြင့် ဆွေးမြွေနေသည့် သံလျင်းချိုင့်အတွင်း၌ သံလျင်းချိုင့်ကိုမှီ၍ သားတစ်ကိုထားသကဲ့သို့တည်း။ သံလျင်းချိုင့်အတွင်းရပ်သည် ငါ့ကိုမှီ၍ သားတစ်တည်သည်ကိုမသိ၊ သားတစ်ကလည်း ငါသည် သံလျင်းချိုင့်ကိုမှီ၍ တည်တည်ဟု မသိ။ ထို့အတူ ရင်ရိုးချိုင့်အတွင်းရပ်သည် ငါ့ကို မှီ၍ နှလုံးတည်သည်ဟုမသိ၊ နှလုံးကလည်း ငါသည် ရင်ရိုးချိုင့်ကို မှီ၍တည်သည်ဟု မသိပေ။

နှလုံးနှင့်ရင်ရိုးချိုင့်တို့သည် ရုပ်တရားသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း ဆင်ခြင်ခြင်း ကင်းကုန်၏။ နှလုံးမည်သည်မှာ ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏၊ စိတ်, စေတနာ မရှိပါ။ အဗျာကတတရားပေတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ခက်မာ, ကြမ်းတမ်းသောပထဝီဓါတ်ပေတည်းဟု နှလုံးသွင်းသိမြင်ရမည်ဟု စတုဓါတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို ရှုဆင်ခြင်ပုံ၌ ပြဆိုထားပါသည်။

ထို့ကြောင့် နှလုံးသားထဲ၌ ဆုံးဖြတ်နိုင်သော စိတ်, စေတနာမပါရှိပါ။

၄၆။ **အာဟာရေပဋိကူလသညာကို အဖန်တလဲလဲအားထုတ်သောယောဂီသူတော်စင်၏သန္တာန်၌ဖြစ်နိုင်သောစိတ်အစဉ်ကို ဥပမာနှင့်တကွဖော်ပြ၍၊ ထိုစက်ဆုပ်ရွံရှာဖွယ်သောအာဟာရေပဋိကူလသညာကိုအားထုတ်မှုကို အကြောင်းပြု၍ရရှိနိုင်သောအကျိုးအာနိသင်တို့ကိုလည်းဖော်ပြခဲ့ပါ။**

(၂၀၀၈၊ စမန ၁၃၆၊ ၁၃၇)

**အဖြေ** - ဆယ်ပါးသောအခြင်းအရာဖြင့် အစာအာဟာရ၏စက်ဆုပ်ဖွယ်အဖြစ်ကို ဆင်ခြင်သောယောဂီအား ကြံစည်မှုဝိတက်ဖြင့် ထုနှက်သလို၊ နှလုံးသွင်းခြင်း, အထူးကြံစည်မှုဖြင့် လှည့်ပတ်၍အဖန်ဖန်ထုနှက်သလို အဖန်တလဲလဲနှလုံးသွင်းခြင်းကို ပြုလတ်သော် စားမျိုအပ်သောအာဟာရသည် စက်ဆုပ်ဖွယ်အခြင်းအရာ၏ အစွမ်းအားဖြင့် ထင်ရှားပေါ်လွင်လာ၏။

ထိုယောဂီသည် ထိုစက်ဆုပ်ဖွယ်နိမိတ်ကို အဖန်ဖန်မှီဝဲ၏၊ ပွားစေ၏၊ အကြိမ်များစွာအလေ့အလာပြု၏။ ထိုအခါ နီဝရဏတို့ ကွာကုန်၏၊ ကဗဠီကာရအာဟာရ၏သဘာဝမေ့အဖြစ် နက်နဲသောကြောင့် အပ္ပနာသို့မရောက်ဘဲ ဥပစာရသမာဓိဖြင့်သာ စိတ်သည် ကောင်းစွာတည်ကြည်၏။

**အာဟာရေပဋိကူလသညာပွားများခြင်းမှ ရနိုင်သောအကျိုးများ**

စာမျက်နှာ ၁၃၇ တွင် ဖော်ပြထားသော အကျိုး (၇) ပါးကို ရေးပါ။

အခန်း(၁၂)

# ကြွဒ္ဓိဝိဓနိဒ္ဒေသ
# တန်ခိုးဖန်ဆင်းမှုအမျိုးမျိုးကို အကျယ်ပြခြင်း

**အဘိညာဉ်အကြောင်း ရှေးဦးစွာပြဆိုရခြင်းအကျိုး**

ရှေ့အခန်းဖြစ်သည့် သမာဓိနိဒ္ဒေသအခန်း၏အဆုံး၌ ဈာန်သမာဓိအထိထူထောင်ထားသည့် သမာဓိဘာဝနာ၏အကျိုးအာနိသင်ငါးပါးကို အောက်ပါအတိုင်းဖော်ပြခဲ့၏။

(၁)မျက်မှောက်ဘဝ၌ ဈာန်သမာပတ်ဖြင့် ချမ်းသာစွာနေရခြင်း၊

(၂)ဝိပဿနာကို ပရမတ်ဆိုက်အောင် မှန်ကန်စွာရှုပွားနိုင်ခြင်း၊

(၃)အဘိညာဉ်ဖြစ်ပွားရန် အကျိုးအာနိသင်ရှိခြင်း၊

(၄)ဗြဟ္မာဘဝစသည့် ဘဝအထူးကိုဖြစ်စေသော အကျိုးအာနိသင်ရှိခြင်း၊

(၅)နိရောဓသမာပတ်ဝင်စားရန် အကျိုးအာနိသင်ရှိခြင်းတို့ဖြစ်သည်။

ဗုဒ္ဓသာသနာတော်၏အနှစ်သာရဖြစ်သည့် သီလ-သမာဓိ-ပညာ သိက္ခာသုံးပါးကို အကျယ်ဖွင့်ပြသောဝိသုဒ္ဓိမဂ္ဂကျမ်းတွင် သီလသိက္ခာ, သမာဓိသိက္ခာတို့ကို ဖွင့်ပြပြီးသည့်နောက် ပညာသိက္ခာကို ဆက်လက်ဖော်ပြရန်ဖြစ်သော်လည်း အောက်ပါအကျိုးကျေးဇူးများအလို့ငှါ အဘိညာဉ်အကြောင်းကို ဆက်လက်ဖော်ပြပါသည်။

(၁)စတုတ္ထဈာန်သမာဓိကိုရပြီးသောယောဂီတို့အား သမာဓိဘာဝနာ၏အကျိုးအာနိသင်ဖြစ်သည့် လောကီအဘိညာဉ်များကို ဖြစ်ပေါ်ပြည့်စုံစေခြင်း၊

(၂)ရပြီးသောသမာဓိကို သာ၍မြဲမြံခိုင်ခံ့စေခြင်း၊

(၃)ပညာကိုတိုးပွားစေသည့် ပညာဘာဝနာကို အားထုတ်ရာ၌ချမ်းသာလွယ်ကူစွာပြည့်စုံပြီးမြောက်စေခြင်းတို့ဖြစ်ပါသည်။

**လောကီအဘိညာဉ်(၅) ပါး**

(၁)**ဣဒ္ဓိဝိဓအဘိညာဉ်** – မြေလျှိုး, မိုးပျံစသည့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်း၊

(၂)**ဒိဗ္ဗသောတအဘိညာဉ်**– နတ်နားကဲ့သို့ အလွန်တိုးသောအသံ, အလွန်ဝေးသောအသံတို့ကိုကြားနိုင်ခြင်း၊

(၃)**စေတောပရိယအဘိညာဉ်** – သူတစ်ပါးတို့၏အကြံများကို သိနိုင်ခြင်း၊

(၄)**ပုဗ္ဗေနိဝါသအဘိညာဉ်**– ရှေးရှေးဘဝများစွာကို ပြန်ပြောင်း၍အောက်မေ့နိုင်ခြင်း၊

(၅)**စုတူပပါတခေါ် ဒိဗ္ဗစက္ခုအဘိညာဉ်** – နတ်မျက်စိကဲ့သို့ နီးသောအဆင်း, အလွန်ဝေးသောအဆင်းများကို မြင်နိုင်သည့်အပြင် သေဆဲသတ္တဝါများနှင့်ဖြစ်ဆဲသတ္တဝါများကိုလည်း မြင်သိနိုင်ခြင်းတို့ဖြစ်သည်။

**အဘိညာဉ်ရရန် နည်း(၁၄)မျိုးဖြင့် စိတ်ကိုကြိုတင်ဆုံးမခြင်း**

ပြီးမြောက်မှု(ဣဒ္ဓိ)နှင့်တန်ခိုးအမျိုးမျိုးဖန်ဆင်းမှု(ဝိကုဗ္ဗန)တို့ကိုပြုလိုသော အားထုတ်ခါစယောဂီသည် ပထဝီကသိုဏ်းအစ ဩဒါတကသိုဏ်းအဆုံးရှိသောကသိုဏ်းရှစ်ပါးတို့၌ ဈာန်သမာပတ်ရှစ်ပါးစီထူထောင်ပြီးလျှင် အောက်ပါနည်း(၁၄) မျိုးဖြင့် လေ့ကျင့်အပ်၏။

(၁)**ကသိဏာနုလောမ** – ကသိုဏ်းတို့ကို အစဉ်အတိုင်း အနုလုံအားဖြင့်ဝင်စားခြင်း၊

(၂)**ကသိဏာပဋိလောမ** – ကသိုဏ်းတို့ကို အစဉ်ကိုပြန်သည့် ပဋိလုံအားဖြင့်ဝင်စားခြင်း။

(၃)**ကသိဏာနုလောမပဋိလောမ** – ကသိုဏ်းတို့ကို အပြန်အလှန် အနုလုံ-ပဋိလုံအားဖြင့်ဝင်စားခြင်း၊

(၄)**ဈာနအနုလောမ** – ဈာန်တို့ကို အစဉ်အတိုင်း အနုလုံအားဖြင့်ဝင်စားခြင်း၊

(၅)**ဈာနပဋိလောမ** – ဈာန်တို့ကို အစဉ်ကိုပြန်သည့် ပဋိလုံအားဖြင့်ဝင်စားခြင်း၊

(၆)**ဈာနအနုလောမ-ပဋိလောမ** – ဈာန်တို့ကို အပြန်အလှန် အနုလုံ-ပဋိလုံအားဖြင့်ဝင်စားခြင်း၊

(၇)**ဈာနုက္ကန္တိက** – ဈာန်အစဉ်ကိုခုန်ကျော်၍ ဈာန်ဝင်စားခြင်း၊

(၈)**ကသိဏုက္ကန္တိက** – ကသိုဏ်းအစဉ်ကိုခုန်ကျော်၍ ဈာန်ဝင်စားခြင်း၊

(၉)**ဈာနကသိဏုက္ကန္တိက** – ဈာန်အစဉ်, ကသိုဏ်းအစဉ်တို့ကို ခုန်ကျော်၍ ဈာန်ဝင်စားခြင်း၊

(၁၀) **အင်္ဂသင်္ကန္တိက** – ဈာန်အင်္ဂါတို့ကို ပြောင်းရွှေ့၍ ဈာန်ဝင်စားခြင်း၊

(၁၁) **အာရမ္မဏသင်္ကန္တိက** – အာရုံတို့ကိုပြောင်းရွှေ့၍ ဈာန်ဝင်စားခြင်း၊

(၁၂) **အင်္ဂါရမ္မဏသင်္ကန္တိက** – အင်္ဂါ, အာရုံတို့ကိုပြောင်းရွှေ့၍ ဈာန်ဝင်စားခြင်း၊

(၁၃) **အင်္ဂဝဝတ္ထာပန** – ဈာန်အင်္ဂါကို မှတ်ခြင်းအားဖြင့် ဈာန်ဝင်စားခြင်း၊

(၁၄) **အာရမ္မဏဝဝတ္ထာပန** – အာရုံကို မှတ်ခြင်းအားဖြင့် ဈာန်ဝင်စားခြင်းတို့ ဖြစ်သည်။

**(၁) ကသိုဏ်းအနုလုံအားဖြင့် လေ့ကျင့်ခြင်း**

ယောဂီပုဂ္ဂိုလ်သည် ပထဝီကသိုဏ်း၌ ရူပါဝစရဈာန်တစ်ပါးကို ဝင်စား၏၊ ထို့နောက် အာပေါကသိုဏ်း၌ ထိုဈာန်ကိုပင်ဝင်စား၏၊ ဤနည်းဖြင့် ကသိုဏ်းအစဉ်အတိုင်း ရှစ်ပါးသောကသိုဏ်းတို့၌ အကြိမ်အရာ, အထောင် ဈာန်ဝင်စား၏။

**(၂) ကသိုဏ်းပဋိလုံအားဖြင့် လေ့ကျင့်ခြင်း**

ယောဂီပုဂ္ဂိုလ်သည် ဩဒါတကသိုဏ်းမှ ပထဝီကသိုဏ်းအထိ ပဋိလုံ(နောက်ပြန်)အစဉ်အားဖြင့် အကြိမ်အရာအထောင် ဈာန်ကိုဝင်စား၏။

**(၃) ကသိုဏ်းအနုလုံ - ပဋိလုံအားဖြင့် လေ့ကျင့်ခြင်း**

ယောဂီပုဂ္ဂိုလ်သည် ပထဝီကသိုဏ်းမှစ၍ ဩဒါတကသိုဏ်းတိုင်အောင်၊ ဩဒါတကသိုဏ်းမှစ၍ ပထဝီကသိုဏ်းတိုင်အောင် အပြန်အလှန် အနုလုံ-ပဋိလုံအစွမ်းအားဖြင့် အဖန်တလဲလဲဈာန်ဝင်စား၏။

**(၄) ဈာန်အနုလုံအားဖြင့် လေ့ကျင့်ခြင်း**

ယောဂီပုဂ္ဂိုလ်သည် ရူပါဝစရပထမဈာန်မှစ၍ နေဝသညာနာသညာယတနဈာန်အထိ အစဉ်အတိုင်း ကြိမ်ဖန်များစွာ ဈာန်ဝင်စား၏။

**(၅) ဈာန်ပဋိလုံအားဖြင့် လေ့ကျင့်ခြင်း**

ယောဂီပုဂ္ဂိုလ်သည် နေဝသညာနာသညာယတနဈာန်မှစ၍ ရူပါဝစရပထမဈာန်တိုင်အောင် ပဋိလုံအစွမ်းအားဖြင့် အဖန်တလဲလဲဈာန်ဝင်စား၏။

**(၆) ဈာန်အနုလုံ-ပဋိလုံအားဖြင့် လေ့ကျင့်ခြင်း**

ယောဂီပုဂ္ဂိုလ်သည် ရူပါဝစရပထမဈာန်မှစ၍ နေဝသညာနာသညာယတနဈာန်တိုင်အောင်၊ နေဝသညာနာသညာယတနဈာန်မှ ရူပါဝစရပထမဈာန်တိုင်အောင် အနုလုံ-ပဋိလုံအစွမ်းအားဖြင့် အဖန်တလဲလဲဈာန်ဝင်စား၏။

**(၇) ဈာန်ကိုခုန်ကျော်ခြင်းဖြင့် လေ့ကျင့်ခြင်း**

ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီးလျှင် ထိုပထဝီကသိုဏ်း၌ပင် တတိယဈာန်ကို ဝင်စား၏၊ ထို့နောက် ပထဝီကသိုဏ်းနိမိတ်ကိုခွာ၍ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား၏၊ ထို့နောက် အာကိဉ္စညာယတနဈာန်ကို ဝင်စား၏၊ ဤနည်းဖြင့် ကသိုဏ်းကိုမခုန်ကျော်ဘဲ ဈာန်ကိုသာ တစ်ခုခြားခုန်ကျော်၍ လေ့ကျင့်၏။ ဤအတူပင် အာပေါကသိုဏ်းစသည်ကိုမှီတည်၍လည်း အဖန်တလဲလဲလေ့ကျင့်၏။

**(၈) ကသိုဏ်းတို့ကိုခုန်ကျော်၍ လေ့ကျင့်ခြင်း**

ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီးလျှင် ထိုပထမဈာန်ကိုပင် တေဇောကသိုဏ်း၌ဝင်စား၏၊ ထို့နောင် နီလကသိုဏ်း၌၊ ထို့နောင် လောဟိတကသိုဏ်း၌ ဝင်စား၏။ ဤနည်းဖြင့် ဈာန်ကိုမခုန်ကျော်ဘဲ ကသိုဏ်းကိုသာ တစ်ခုခြားစီခုန်ကျော်၍ အဖန်တလဲလဲလေ့ကျင့်၏။

**(၉) ဈာန်နှင့်ကသိုဏ်းတို့ကိုခုန်ကျော်၍ လေ့ကျင့်ခြင်း**

ပထဝီကသိုဏ်း၌ ပထမဈာန်ကိုဝင်စားပြီးလျှင် တေဇောကသိုဏ်း၌ တတိယဈာန်ကို ဝင်စား၏။ ထို့နောင် နီလကသိုဏ်းကိုခွါ၍ အာကာသာနဉ္စာယတနဈာန်ကိုဝင်စား၏။ ထို့နောင် လောဟိတကသိုဏ်းဖြင့် အာကိဉ္စညာယတနဈာန်ကို ဝင်စား၏။ ဤနည်းဖြင့် ဈာန်ကိုလည်းကောင်း၊ ကသိုဏ်းကိုလည်းကောင်း ခုန်ကျော်၍ အဖန်တလဲလဲလေ့ကျင့်၏။

**(၁၀) ဈာန်အင်္ဂါကို ပြောင်းရွှေ့၍ လေ့ကျင့်ခြင်း**

ပထဝီကသိုဏ်း၌ ပထမဈာန်ဝင်စားပြီးလျှင် ထိုပထဝီကသိုဏ်း၌ ဒုတိယဈာန်၊

ထို့နောင် တတိယစျာန်၊ ထို့နောင်စတုတ္ထစျာန်ကိုဝင်စား၏၊ ဤသို့ စျာန်အင်္ဂါကိုပြောင်းရွှေ့၍(ဝါ)လွှန်၍ အဖန်တလဲလဲလေ့ကျင့်၏။

**(၁၁) အာရုံကိုပြောင်းရွှေ့၍ လေ့ကျင့်ခြင်း**

ပထဝီကသိုဏ်း၌ ပထမစျာန်ကိုဝင်စားပြီးလျှင် ထိုပထမစျာန်ကိုပင် အာပေါကသိုဏ်း၊ တေဇောကသိုဏ်း။ ပ ။ ဩဒါတကသိုဏ်းအသီးသီးတို့၌ ဝင်စား၏။ ဤသို့ ကသိုဏ်းရှစ်ပါးလုံး၌ စျာန်တစ်ပါးတည်းကိုသာ ဝင်စားခြင်းကို အဖန်တလဲလဲလေ့ကျင့်၏။

**(၁၂) အင်္ဂါ, အာရုံတို့ကိုပြောင်းရွှေ့၍ လေ့ကျင့်ခြင်း**

ပထဝီကသိုဏ်း၌ ပထမစျာန်ကို ဝင်စားပြီးလျှင် အာပေါကသိုဏ်း၌ ဒုတိယစျာန်၊ တေဇောကသိုဏ်း၌ တတိယစျာန်ကို၊ ဝါယောကသိုဏ်း၌ စတုတ္ထစျာန်ကို၊ နီလကသိုဏ်းကိုခွါ၍ အာကာသာနဉ္စာယတနစျာန်ကို၊ ပီတကသိုဏ်းမှ ဝိညာဏဉ္စာယတနစျာန်ကို၊ လောဟိတကသိုဏ်းမှ အာကိဉ္စညာယတနစျာန်ကို၊ ဩဒါတကသိုဏ်းမှ နေဝသညာနာသညာယတနစျာန်ကို ဝင်စား၏၊ ဤသို့ အင်္ဂါနှင့်အာရုံတို့ကိုလွှန်၍ အဖန်တလဲလဲလေ့ကျင့်၏။

(၁၃) ပထမစျာန်၌အင်္ဂါ ၅-ပါး၊ ဒုတိယစျာန်၌ အင်္ဂါ ၃-ပါး၊ တတိယစျာန်၌ အင်္ဂါ ၂-ပါး၊ ထို့အတူ စတုတ္ထစျာန်, အာကာသာနဉ္စာယတနစျာန်, ဝိညာဏဉ္စာယတနစျာန်, အာကိဉ္စညာယတနစျာန်, နေဝသညာနာသညာယတနစျာန်အသီးသီး၌ အင်္ဂါ ၂-ပါးစီရှိသည်ကို မှတ်သား၏။ ဤသို့ စျာန်အင်္ဂါမျှကိုသာ မှတ်သား၍ အဖန်တလဲလဲလေ့ကျင့်၏။

(၁၄) ဤသည်ကား ပထဝီကသိုဏ်းတည်း၊ ဤသည်ကား အာပေါကသိုဏ်းတည်း။ပ။ ဤသည်ကား ဩဒါတကသိုဏ်းတည်းဟု မှတ်သား၏။ ဤသို့ အာရုံကိုသာ မှတ်သားခြင်းကို အဖန်တလဲလဲလေ့ကျင့်၏။

ဤ (၁၄)ပါးသောအခြင်းအရာတို့ဖြင့် စိတ်ကို ယဉ်ကျေးနူးညံ့အောင် ကြိုတင်ဆုံးမအပ် ၏။ ဤသို့ စိတ်ကို ကြိုတင်မဆုံးမဘဲ ရှေးကပွားစေပြီးသည့်ဘာဝနာမရှိသော(ဝါ) ဘာ ဝနာဓိကာရမရှိသော ယောဂီသည် တန်ခိုးဖန်ဆင်းနိုင်ဖို့ အကြောင်းမရှိပေ။

**ဘာဝနာတာဝန်ကြီးလေးမှု(၇)မျိုး**

(၁) အားထုတ်ခါစယောဂီသည် ဥဂ္ဂဟနိမိတ်ရသည်အထိ ကသိုဏ်းပရိကံပြုရန် တာဝန်ကြီးလေး၏။ တစ်ရာမှာတစ်ယောက်, တစ်ထောင်မှာတစ်ယောက်လောက်သာ စွမ်းနိုင်၏။

(၂) ကသိုဏ်းပရိကံပြုပြီးသောသူသည် ပဋိဘာဂနိမိတ်ကိုဖြစ်စေရန် ဝန်လေး၏။ တစ်ရာမှာ တစ်ယောက်, တစ်ထောင်မှာတစ်ယောက်သာလျှင် စွမ်းနိုင်၏။

(၃) ပဋိဘာဂနိမိတ်ရပြီးသောသူသည် ထိုနိမိတ်ကိုပွား၍ အပ္ပနာစျာန်ရအောင် အားထုတ်ရန် ဝန်လေး၏။ တစ်ရာမှာတစ်ယောက်, တစ်ထောင်မှာတစ်ယောက်သာ

လျှင် စွမ်းနိုင်၏။

(၄) အပ္ပနာစျာန်ကိုရပြီးသောသူသည် (၁၄)ပါးသောအခြင်းအရာဖြင့် စိတ်ကိုယဉ်ကျေးနူးညံ့အောင် ကြိုတင်ဆုံးမရန် ဝန်လေး၏။ တစ်ရာမှာတစ်ယောက်, တစ်ထောင်မှာတစ်ယောက်သာလျှင် စွမ်းနိုင်၏။

(၅) (၁၄)ပါးသောအခြင်းအရာဖြင့် စိတ်ကို ကြိုတင်ဆုံးမပြီးသောသူသည်လည်း တန်ခိုးဖန်ဆင်းရန်ဝန်လေး၏။ တစ်ရာမှာတစ်ယောက်, တစ်ထောင်မှာတစ်ယောက်သာလျှင် စွမ်းနိုင်၏။

(၆) တန်ခိုးဖန်ဆင်းခြင်းသို့ ရောက်ပြီးရပြီးသောသူသည်လည်း လျင်မြန်စွာဖန်ဆင်းနိုင်ရန် ဝန်လေး၏။ တစ်ရာမှာတစ်ယောက်, တစ်ထောင်မှာတစ်ယောက်သာလျှင် စွမ်းနိုင်၏။ **အရှင်ရက္ခိတမထေရ်**ကဲ့သို့တည်း။ ထေရဗ္ဗတ္တလိုဏ်၌နေသော **မဟာရောဟဏဂုတ္တမထေရ်**ကို သူနာပြုစုရန် တန်ခိုးရှင်မထေရ်သုံးသောင်းကြွလာကြ၏။ နဂါးမင်းသည် လူယောင်ဖန်ဆင်း၍ မထေရ်ကြီးအား ယာဂုကပ်ရန်လာသောအခါ ဂဠုန်မင်းက အဟုန်ပြင်းစွာထိုးဆင်းလာ၏။ ရှစ်ဝါသာရသေးသော အရှင်ရက္ခိတမထေရ်က ချက်ချင်းကျောက်တောင် ဖန်ဆင်း၍ ကာကွယ်လိုက်၏။ ဂဠုန်မင်းသည် ကျောက်တောင်နှင့်တိုက်မိ၍ ထွက်ပြေးလေ၏။ မဟာရောဟဏဂုတ္တမထေရ်ကြီးက "ငါ့ရှင်တို့ အကယ်၍သာ ရက္ခိတမရှိပါလျှင် နဂါးမင်းကို မစောင့်ရှောက်နိုင်ကြဘူးဟု ငါတို့အားလုံးပင် အကဲ့ရဲ့ခံကြလတ္တံ့၊ ထို့ကြောင့် အမြဲဆောင်ယူအပ်သောလက်နက်ဟူသမျှကို အညစ်အကြေးသုတ်သင်၍သာလျှင် ဆောင်ယူအပ်ပေ၏"ဟု မိန့်တော်မူ၏။ ထိုတန်ခိုးရှင်မထေရ်သုံးသောင်းတို့သည် မထေရ်ကြီး၏ဩဝါဒ၌တည်၍ လျင်မြန်စွာတန်ခိုးဖန်ဆင်းနိုင်သော **ခိပ္ပနိသန္တိ တပုဂ္ဂိုလ်များ**ဖြစ်ကြကုန်၏။

(၇) လျင်မြန်စွာတန်ခိုးဖန်ဆင်းနိုင်သောပုဂ္ဂိုလ်သည်လည်း သူတစ်ပါး၏ဆောက်တည်ရာ, အားကိုးရာဖြစ်ဖို့ရန် ဝန်လေးခက်ခဲလှပေ၏။ တစ်ရာမှာတစ်ယောက်, တစ်ထောင်မှာတစ်ယောက်လောက်သာ စွမ်းနိုင်၏။

အဘယ်ကဲ့သို့နည်းဟူမူ စေတီယတောင်နှင့်တကွ သီရိလင်္ကာတစ်ကျွန်းလုံး၌လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာထဲ၌ တစ်ယူဇနာအရပ်တိုင်အောင်လည်းကောင်း၊ ကြီးကျယ်စွာသောဆီမီးပူဇော်ပွဲဖြစ်သည့် **ဂိရိဘဏ္ဍဝါဟနပူဇော်ပွဲ**၌ မာရ်နတ်ကမီးကျီးမိုးရွာစေလတ်သော် ကောင်းကင်၌ မြေကြီးဖန်ဆင်း၍ မီးကျီးမိုးကိုကာကွယ်စောင့်ရှောက်ပေးသော **တန်ခိုးရှင်မထေရ်**ကဲ့သို့တည်း။

**စိတ်ကိုဆုံးမမှုဘာဝနာအစဉ်နှင့်ကင်း၍ တန်ခိုးဖန်ဆင်းနိုင်သူများ**

ရှေးဘဝတို့၌ အားထုတ်မှုအားကြီးကြကုန်သော(ဝါ) ပါရမီအဆောက်အဦအလွန်ကြီးမားကြကုန်သော ဗုဒ္ဓမြတ်စွာဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝကအစရှိသည့် ပုဂ္ဂိုလ်

မြတ်တို့သည် စိတ်ကို ဆုံးမမှုဘာဝနာအစဉ်နှင့်ကင်း၍ အရဟတ္တဖိုလ်ကို ရခြင်းဖြင့် သာလျှင် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သောစွမ်းရည်နှင့်တကွ ပဋိသမ္ဘိဒါဉာဏ် စသည့်ဂုဏ်ထူးများနှင့် ပြီးစီးပြည့်စုံကြကုန်၏။

**စိတ်ကိုယဉ်ကျေးနူးညံ့အောင် ကြိုတင်ဆုံးမအပ်ခြင်း**

ရှေးဘဝတို့၌ ဘာဝနာအားထုတ်မှု အားနည်းကြသောပုဂ္ဂိုလ်တို့သည် အဘိညာဉ် တန်ခိုးရရှိအောင် (၁၄)ပါးသောအခြင်းအရာတို့ဖြင့် စိတ်ယဉ်ကျေးနူးညံ့ရန် ကြိုတင် ဆုံးမအပ်၏။ အဆင်တန်ဆာအထူးကို ပြုလုပ်လိုသော ရွှေပန်းတိမ်ဆရာသည် ရွှေကို မီးဖြင့်မှုတ်ခြင်းစသည်တို့ဖြင့် နူးညံ့အောင် အမှု၌ခံ့အောင် သင့်လျော်အောင်ပြုပြီးမှ သာလျှင်ပြုလုပ်နိုင်သကဲ့သို့၊ အိုးလုပ်သမားသည် မြေညက်ကို ကောင်းစွာနယ်ပြီး၊ နူး ညံ့အောင်ပြုပြီးမှသာ အိုးခွက်အထူးကို ပြုလုပ်နိုင်သကဲ့သို့၊ ထို့အတူပင် အဘိညာဉ်ရ အောင် အားထုတ်ခါစယောဂီသည် (၁၄)ပါးသောအခြင်းအရာတို့ဖြင့် စိတ်ကို ယဉ် ကျေးနူးညံ့အောင် ကြိုတင်ဆုံးမအပ်၏။

ထို့နောက် ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသဟူသော အဓိပတိလေးပါးတွင် တစ်ပါးပါးကို ဦးစီးခေါင်းဆောင်ပြု၍ ဝင်စားခြင်းအစွမ်းဖြင့်လည်းကောင်း၊ အာဝဇ္ဇနဝသီဘော် စသည့် ဝသီဘော်ငါးပါးအစွမ်းဖြင့်လည်းကောင်း၊ စိတ်ကိုနူးညံ့အောင် တန်ခိုးဖန်ဆင်း ခြင်းအမှု၌ခံ့အောင်ပြု၍ အဘိညာဉ်ရဖို့ရာ ဘာဝနာပွားများအားထုတ်ခြင်းကို ပြုအပ်၏။

**တန်ခိုးဖန်ဆင်းမှုကိုပြီးစေနိုင်သော စိတ်၏အင်္ဂါ(၈)ပါး**

(၁) ရူပါဝစရစတုတ္ထဈာန်သမာဓိဖြင့် တည်ကြည်ခြင်း၊

(၂) ဥပေက္ခာကဖြစ်စေသည့် သတိ၏ထက်ဝန်းကျင်စင်ကြယ်ခြင်းကြောင့် ထက်ဝန်း ကျင် စင်ကြယ်ခြင်း၊

(၃) ထက်ဝန်းကျင်စင်ကြယ်ခြင်းကြောင့်ပင် ထက်ဝန်းကျင်ဖြူစင်ခြင်း(ဝါ) ပြိုးပြိုး ပြက် ပြက်တောက်ပသကဲ့သို့ ဖြစ်ခြင်း၊

(၄) သုခ၊ သောမနဿ၊ ဒုက္ခ၊ ဒေါမနဿတို့ကို ပယ်ထားသဖြင့် ရာဂ၊ ဒေါသဟူသည့် အင်္ဂဏခေါ် ကိလေသာတို့ကို ပယ်ပြီးဖြစ်ခြင်း၊

(၅) အင်္ဂဏမည်သော ကိလေသာကင်းခြင်းကြောင့်ပင်လျှင် ညစ်ညူးကြောင်းတရား များ ကင်းခြင်း၊

(၆) ဝသီဘော်မြောက်အောင် ကောင်းစွာပွားများထားသဖြင့် နူးညံ့စွာဖြစ်ခြင်း၊

(၇) နူးညံ့ခြင်းကြောင့်ပင်လျှင် တန်ခိုးဖန်ဆင်းခြင်းစသည့်အမှု၌ ခံ့ခြင်း၊ သင့်လျော်ခြင်း၊

(၈) စိတ်၏ထက်ဝန်းကျင်စင်ကြယ်ခြင်း၊ နူးညံ့၍အမှု၌ခံ့ခြင်း၊ သဒ္ဓါစသည်တို့က အား ပေးထောက်ပံ့ခြင်းတို့ကြောင့် စိတ်တည်တံ့၍ မတုန်လှုပ်ခြင်း၊ မှန်ပေ၏။

– သဒ္ဓါက အားပေးထောက်ပံ့အပ်သောစိတ်သည် မယုံကြည်ခြင်းကြောင့် မတုန်လှုပ်၊
– ဝီရိယက အားပေးထောက်ပံ့အပ်သောစိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်၊

– သတိက အားပေးထောက်ပံ့အပ်သောစိတ်သည် မေ့လျော့ခြင်းကြောင့်မတုန်လှုပ်၊
– သမာဓိက အားပေးထောက်ပံ့အပ်သောစိတ်သည် ဥဒ္ဓစ္စကြောင့်မတုန်လှုပ်၊
– ပညာက အားပေးထောက်ပံ့အပ်သောစိတ်သည် အဝိဇ္ဇာကြောင့်မတုန်လှုပ်၊
– ဉာဏ်အလင်းနှင့်တကွဖြစ်သောစိတ်သည် ကိလေသာအမှောင်ကြောင့်မတုန်လှုပ်၊
– ဤ (၆)ပါးသော တရားတို့က အားပေးထောက်ပံ့အပ်သောစိတ်သည် မတုန်လှုပ်၊

အထက်ပါအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသောစိတ်သည် ထူးသည့်ဉာဏ်ဖြင့် သိမြင်ထိုက်သောတရားတို့ကို ထူးသည့်ဉာဏ်ဖြင့် သိမြင်ရန် ကိုယ်တွေ့ဖြစ်ရန် ရှေးရှုဆောင်ရန် သင့်လျော်၏၊ ခံ့၏၊ အခြေခံပါဒကဖြစ်၍ တန်ခိုးဖန်ဆင်းခြင်းစသည်၏နီးသောအကြောင်း ဖြစ်ပေ၏။

**ဣဒ္ဓိ၏အဓိပ္ပါယ်**

(၁)ဣဒ္ဓိသည် ပြည့်စုံပြီးမြောက်ခြင်း, ရခြင်း, ရောက်ခြင်း အဓိပ္ပါယ်ရှိ၏။

ကာမဂုဏ်ကိုလိုချင်သည့် ကာမအလိုမှထွက်မြောက်မှု (နေက္ခမ္မ)သည် (ဣဇ္ဈတီတိ) ပြီးစီးပြည့်စုံတတ်, ရောက်အပ်, ရအပ်သောကြောင့် ဣဒ္ဓိမည်၏။

အရဟတ္တမဂ်သည် ပြီးစီးပြည့်စုံတတ်, ရောက်အပ်သောကြောင့် ဣဒ္ဓိမည်၏၊ ဆန့်ကျင်ဘက်ကို ပယ်တတ်သောကြောင့် (ပါဋိဟာရိယ) ပြာဋိဟာမည်၏ဟု ဟောတော်မူ၏။

(၂)ဣဒ္ဓိသည် ပြီးမြောက်စေသော အနက်အဓိပ္ပာယ်ရှိ၏၊ အကြောင်းကောင်းခြင်း၏ အမည်ဖြစ်၏။ အကြောင်းကောင်းနှင့်ပြည့်စုံခြင်းသည် အလိုရှိအပ်သည့်အကျိုးကို ဖြစ်စေတတ်, ပြီးမြောက်စေတတ်၏။

**စိတ္တသူကြွယ်**သည် သီလနှင့်ပြည့်စုံ၏၊ ကောင်းသောဂုဏ်ကျေးဇူးနှင့်ပြည့်စုံ၏၊ 'နောင်အခါ၌ စကြဝတေးမင်းဖြစ်ပါစေ'ဟု တောင့်တငြားအံ့၊ ထိုတောင့်တချက်သည် သူကြွယ်၏စိတ်စင်ကြယ်သောကြောင့် ပြည့်စုံပြီးမြောက်လတ္တံ့ဟု ဟောတော်မူ၏။

(၃)သတ္တဝါတို့၏ကြီးပွားခြင်း, မြင့်မြတ်တိုးတက်ခြင်းဟုဆိုအပ်သော ပြည့်စုံခြင်းကို ဖြစ်စေသောအကြောင်းတရားသည် ဣဒ္ဓိ(တန်ခိုး)မည်ပါသည်။

**တန်ခိုးဣဒ္ဓိ(၁၀)ပါး**

(၁) *အဓိဋ္ဌာနိဒ္ဓိ* – အဓိဋ္ဌာန်ဖန်ဆင်းခြင်းတန်ခိုး၊
(၂) *ဝိကုဗ္ဗနိဒ္ဓိ* – ပကတိအသွင်ကိုဖျောက်၍ တစ်မျိုးတစ်မည် ဖန်ဆင်းခြင်းတန်ခိုး၊
(၃) *မနောမယိဒ္ဓိ* – မိမိနှင့်ပုံတူ စိတ်ဖြင့်ဖန်ဆင်းခြင်းတန်ခိုး၊
(၄) *ဉာဏဝိပ္ဖါရိဒ္ဓိ – ဉာဏ်၏ပျံ့နှံ့ခြင်းကြောင့် ပြီးမြောက်သောတန်ခိုး၊*
(၅) *သမာဓိဝိပ္ဖါရိဒ္ဓိ – သမာဓိ၏ပျံ့နှံ့ခြင်းကြောင့် ပြီးမြောက်သောတန်ခိုး၊*
(၆) *အရိယိဒ္ဓိ– အရိယာတို့၌ ပြည့်စုံပြီးမြောက်သောတန်ခိုး၊*
(၇) *ကမ္မဝိပါကဇိဒ္ဓိ – ကံ၏အကျိုးကိုမှီ၍ ပြီးမြောက်သောတန်ခိုး၊*
(၈) *ပုညဝတောဣဒ္ဓိ ထူးခြားသည့်ကောင်းမှုရှင်တို့၌ ပြီးမြောက်ပြည့်စုံသောတန်ခိုး၊*

*(၉) ဝိဇ္ဇာမယိဒ္ဓိ – ဝိဇ္ဇာမန္တာန်ဖြင့် ပြီးသောတန်ခိုး၊*

*(၁၀) တတ္ထ တတ္ထ သမ္မာပယောဂပစ္စယိဒ္ဓိ –ထိုထိုအရာ၌ နည်းလမ်းမှန်စွာ အားထုတ်မှုကြောင့် ပြီးမြောက်သောတန်ခိုးတို့ဖြစ်သည်။*

**(၁) အဓိဋ္ဌာနိဒ္ဓိ** – အဓိဋ္ဌာန်ဖန်ဆင်းခြင်းတန်ခိုး

ပကတိအားဖြင့် တစ်ဦးတည်းဖြစ်ပါလျက် အများဖြစ်အောင် ဆင်ခြင်၏၊ တစ်ရာ, တစ်ထောင်, တစ်သိန်းစသည့် ဖြစ်စေလိုသောအရေအတွက်ကို ဆင်ခြင်ပြီးလျှင် "အများဖြစ်စေ"ဟု ဉာဏ်ဖြင့် အဓိဋ္ဌာန်၏၊ ဤသို့ အဓိဋ္ဌာန်ခြင်း၏အစွမ်းဖြင့် ပြီးမြောက်သောတန်ခိုးကို 'အဓိဋ္ဌာနိဒ္ဓိ'မည်၏။

အဘိညာဉ်ရပြီးသောပုဂ္ဂိုလ်သည် ကိုယ်ခွဲတစ်ထောင်ဖန်ဆင်းလိုလျှင် ပထဝီကသိုဏ်း၌ ရူပါဝစရစတုတ္ထစျာန်ကို ထူထောင်၏၊ စျာန်မှထကာ မိမိဖြစ်စေလိုသော ကိုယ်ခွဲတစ်ထောင်ကို ဆင်ခြင်၏၊ ပရိကံပြု၏၊ အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထစျာန်ကို တစ်ဖန်ဝင်စားပြီးလျှင် ထိုစျာန်မှထ၍ "ကိုယ်ခွဲတစ်ထောင်ဖြစ်စေ"ဟု အဓိဋ္ဌာန်၏။ အဓိဋ္ဌာန်စိတ်နှင့်အတူတကွပင်လျှင် ကိုယ်ခွဲတစ်ထောင် ဖြစ်ပေါ်၏။

**(၂) ဝိကုဗ္ဗနိဒ္ဓိ** – ပကတိအသွင်ကိုစွန့်၍ အခြားအသွင်ကို ဖန်ဆင်းခြင်းတန်ခိုး

အဘိညာဉ်ရပြီးသောပုဂ္ဂိုလ်သည် ပကတိအသွင်ကိုပယ်စွန့်၍ လုလင်ပျို့အသွင်ကို ဖန်ဆင်း၍ပြ၏၊ နဂါး, ဂဠုန်, ဘီလူး, သိကြား, နတ်, ဗြဟ္မာ, ကျား, မြင်း, ရထား, တောင်, စစ်တပ်စသည့်အသွင်ကို ဖန်ဆင်းပြသောတန်ခိုးသည် 'ဝိကုဗ္ဗနိဒ္ဓိ'မည်၏။

**(၃) မနောမယိဒ္ဓိ** – မိမိကိုယ်ထဲ၌ ပုံတူကိုယ်ကို အဘိညာဉ်စိတ်ဖြင့် ဖန်ဆင်းခြင်း

အဘိညာဉ်ရပြီးသောပုဂ္ဂိုလ်သည် မိမိ၏ပကတိကိုယ်ထဲ၌ အဘိညာဉ်စိတ်ဖြင့် အခြားပုံတူကိုယ်ကို ပြီးစီးဖြစ်ပေါ်စေ၏။ ဤသို့ အဘိညာဉ်စိတ်ဖြင့်ပြီးစီးဖြစ်ပေါ်စေသောတန်ခိုးသည် "မနောမယိဒ္ဓိ"မည်၏။

**(၄) ဉာဏဝိပ္ဖါရိဒ္ဓိ** – ဉာဏ်၏ပျံ့နှံ့ခြင်းကြောင့် ပြီးမြောက်သောတန်ခိုး

ဉာဏ်မဖြစ်ပေါ်မီ ရှေး၌ဖြစ်စေ၊ ဉာဏ်ဖြစ်ပေါ်ပြီး နောက်၌ဖြစ်စေ၊ ဉာဏ်ဖြစ်မော်ဆဲအခိုက်၌ဖြစ်စေ၊ ယင်းဉာဏ်အစွမ်းကြောင့် ဖြစ်ပေါ်လာသည့်ထူးခြားမှုများကို "ဉာဏဝိပ္ဖါရိဒ္ဓိ"ဟုခေါ်၏။

အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို ပယ်ခြင်းသဘောသည် ပြီးမြောက်၏၊ ထို့ကြောင့် ဉာဏဝိပ္ဖါရိဒ္ဓိမည်၏။ ပ ။ အရဟတ္တမဂ်ဖြင့် အလုံးစုံသောကိလေသာတို့ကို ပယ်ခြင်းသဘောသည် ပြီးမြောက်၏၊ ထို့ကြောင့် ဉာဏဝိပ္ဖါရိဒ္ဓိမည်၏။ အရှင်ဗာကုလ, အရှင်သံကိစ္စ, အရှင်ဘူတပါလတို့၏ ဉာဏဝိပ္ဖါရိဒ္ဓိတို့ကို သိအပ်၏။

**အရှင်ဗာကုလမထေရ်၏ဉာဏဝိပ္ဖါရိဒ္ဓိ**

အရှင်ဗာကုလသည် ၅-ရက်သားကလေးငယ်ဘဝက မင်္ဂလာနေ့ဝယ် မြစ်ထဲ၌

ရေချိုးပေးနေစဉ် ကလေးထိန်း၏ပေါ့ဆမှုကြောင့် ရေစီးကြောင်းထဲသို့ကျ၍မျော သွား၏၊ ထိုကလေးငယ်ကို ငါးကြီးတစ်ကောင်က မျို၍ ဗာရာဏသီဆိပ်ကမ်းသို့ ကူး သွား၏။ ထိုငါးကြီးကို တံငါတစ်ဦးက ဖမ်းမိ၍ သူဌေးကတော်အား ရောင်း၏။ သူဌေး ကတော်က ငါးကိုနှစ်သက်သဖြင့် ကိုယ်တိုင်ချက်မည်ဟု ကြံစည်ကာ ငါးဝမ်းဗိုက်ကို ခွဲလိုက်၏။ ရွှေရုပ်သဖွယ်တင့်တယ်သော သူငယ်ကို အသက်ရှင်လျက်တွေ့ရ၍ အလွန် ဝမ်းမြောက်ကာ သားအဖြစ်မွေးစား၏။ ကြီးပြင်းလာသည့်အခါ ရဟန္တာဖြစ်၍ 'အရှင် ဗာကုလမထေရ်'အဖြစ် ထင်ပေါ်ကျော်ကြား၏။

ဗာကုလကလေးငယ်၏ ငါးဝမ်းဗိုက်ထဲ၌ အနာရောဂါမရှိခြင်း, ဆင်းရဲကင်းခြင်း သည် ယင်းဘဝ၌ ထိုခန္ဓာကိုယ်ဖြင့်ပင် ရအပ်လတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏အစွမ်း အာနုဘော်ကြောင့်ဖြစ်သဖြင့် *ဉာဏဝိပ္ဖါရိဒ္ဓိ* မည်၏။ နောက်ဆုံးဘဝ၌ ရဟန္တာဖြစ်မည့် ပုဂ္ဂိုလ်ကို *'ပစ္ဆိမဘဝိက'* ပုဂ္ဂိုလ်ဟု ခေါ်၏။

**အရှင်သံကိစ္စမထေရ်၏ဉာဏဝိပ္ဖါရိဒ္ဓိ**

အရှင်သံကိစ္စမထေရ်လောင်းလျာဖြစ်သည့်သူငယ်ကို ကိုယ်ဝန်ဆောင်ထားသည့် အချိန်၌ မိခင်သည် ကွယ်လွန်၏။ ထိုမိန်းမ၏အလောင်းကို ထင်းပုံထက်သို့တင်၍ မီးရှို့သောအခါ တံစူးဝါးတို့ဖြင့် အလောင်းကိုထိုးရာ သူငယ်၏မျက်ထောင့်ကိုထိုးမိ သဖြင့် ကလေးငယ်သည် အသံပြု၏။ ကလေးအသက်ရှင်ကြောင်းသိကြသဖြင့် အ လောင်းကို ထင်းပုံမှချ၍ ဝမ်းဗိုက်ကိုခွဲ၏။ ကလေးငယ်ကို ထုတ်ယူပြီးလျှင် ကလေး၏ အဖွားထံအပ်နှံကြ၏။ အဖွားမွေးမြူ၍ ကလေးကြီးပြင်းလာသောအခါ ရှင်ရဟန်းပြု ပြီး ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်၏။

မိခင်၏အလောင်းကိုမီးရှို့စဉ် အရှင်သံကိစ္စ၏အနာရောဂါကင်းခြင်းသည် ယင်း ဘဝ၌ရအပ်လတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏အစွမ်းအာနုဘော်ကြောင့်ဖြစ်သဖြင့် *ဉာဏဝိပ္ဖါရိဒ္ဓိ* မည်၏။

**အရှင်ဘူတပါလထေရ်၏ဉာဏဝိပ္ဖါရိဒ္ဓိ**

ဘူတပါလမည်သောသူငယ်၏ဖခင်သည် ရာဇဂြိုဟ်မြို့၌ ထင်းရောင်းစားရသော ဆင်းရဲသားတစ်ဦးဖြစ်၏။ တစ်နေ့တွင် သားအဖနှစ်ဦးသည် လှည်းဖြင့်တောသို့သွား ၍ ထင်းခုတ်၏။ ထင်းများကိုလှည်းပေါ်တင်၍ ပြန်လာသောအခါ ညနေချမ်းအချိန်၌ မြို့အနီးသို့ရောက်၏။ ထိုအခါ အခြားနွားများ မြို့ထဲသို့ဝင်နေကြသည်ကိုမြင်သဖြင့် နွားနှစ်ကောင်သည် လှည်းထမ်းပိုးမှရုန်းထွက်ကာ မြို့တွင်းသို့ ပြေးဝင်သွားကြ၏။ ဖခင်သည် သားကို လှည်းအနီး၌ထိုင်နေစေပြီးလျှင် နွားတို့၏နောက်သို့လိုက်သွား၏။ ဖခင်ပြန်မလာမီ မြို့တံခါးပိတ်သွား၏။

ဘူတပါလသူငယ်သည် မြို့ပြင်ဘီလူးကြမ်းတို့၏ကျက်စားရာအရပ်၌ တစ်ညဥ့်လုံး တစ်ယောက်တည်း နေရသော်လည်း ဘေးရန်အန္တရာယ်ကင်း၏။ မိုးလင်းသည့်အခါ

ဖခင်နှင့် ပြန်တွေ့ရ၏။ ဤသို့ ကလေးငယ်၏ဘေးအန္တရာယ်ကင်းခြင်းသည် ကလေးငယ်က ပစ္ဆိမဘဝိကသားဖြစ်၍ လက်ရှိဘဝခန္ဓာကိုယ်ဖြင့် ကျိန်းသေရလတ္တံ့သော အရဟတ္တ မဂ်ဉာဏ်၏အစွမ်းအာနုဘော်ကြောင့်ဖြစ်သဖြင့် ဉာဏဝိပ္ဖါရိဒ္ဓိမည်၏။

**(၅) သမာဓိဝိပ္ဖါရိဒ္ဓိ** – သမာဓိပျံ့နှံ့ခြင်းကြောင့် ပြီးမြောက်သောတန်ခိုး

သမာဓိမဖြစ်ပေါ်မီရှေး၌ဖြစ်စေ၊ သမာဓိဖြစ်ပေါ်ပြီး နောက်၌ဖြစ်စေ၊ သမာဓိဖြစ်ပေါ်ဆဲအခိုက်၌ဖြစ်စေ၊ ယင်းသမာဓိအစွမ်းကြောင့်ဖြစ်ပေါ်လာသည့် ထူးခြားမှုများကို 'သမာဓိဝိပ္ဖါရိဒ္ဓိ'ဟု ခေါ်၏။

ပထမစျာန်ဖြင့် နီဝရဏတို့ကို ပယ်ခြင်းသဘောသည် ပြီးမြောက်၏၊ ထို့ကြောင့် သမာဓိဝိပ္ဖါရိဒ္ဓိမည်၏။ နေဝသညာ နာသညာယတနသမာပတ်ဖြင့် အာကိဉ္စညာယတနသညာကို ပယ်ခြင်းသဘောသည် ပြီးမြောက်၏။ ထို့ကြောင့် သမာဓိဝိပ္ဖါရိဒ္ဓိမည်၏။ အရှင်သာရိပုတ္တရာ, အရှင်သဉ္ဇိဝ, အရှင်ခါဏုကောဏ္ဍည, ဥတ္တရာနှင့် သာမာဝတီတို့၏ သမာဓိဝိပ္ဖါရိဒ္ဓိတို့ကို သိအပ်၏။

**အရှင်သာရိပုတ္တရာ၏သမာဓိဝိပ္ဖါရိဒ္ဓိ**

အခါတစ်ပါး၌ အရှင်သာရိပုတ္တရာမထေရ်သည် အရှင်မောဂ္ဂလာန်မထေရ်နှင့်အတူ ကပေါတမည်သောချောက်၌ လသာနေသည့်ညဥ့်အခါဝယ် ဟင်းလင်းပြင်တွင် သမာပတ်ဝင်စားနေကြ၏။ အရှင်သာရိပုတ္တရာသည် ဦးခေါင်းရိတ်ပြီးစဖြစ်သဖြင့် လရောင်ကြောင့် ဦးခေါင်းပြောင်လက်နေ၏။ ထိုအရပ်သို့ရောက်လာသော ဘီလူးဆိုးတစ်ယောက်သည် အဖော်ဘီလူးက တားမြစ်ပါလျက် အရှင်သာရိပုတ္တရာ၏ဦးခေါင်းကို ပြင်းထန်စွာ ပုတ်ခတ်၏။ ထိုပုတ်ခတ်သောအသံသည် မိုးချုန်းသကဲ့သို့ မည်၏။ အရှင်သာရိပုတ္တရာသည် ထိုပုတ်ခတ်မှုကြောင့် နာကျင်မှုတစ်စုံတစ်ခုမျှ မဖြစ်ပေ။ ဤသို့နာကျင်မှုမဖြစ်ခြင်းသည် သမာပတ်ဝင်စားသည့် သမာဓိ၏ပျံ့နှံ့ခြင်းကြောင့် ဖြစ်သဖြင့် 'သမာဓိဝိပ္ဖါရိဒ္ဓိ'မည်၏။

**အရှင်သဉ္ဇိဝမထေရ်၏သမာဓိဝိပ္ဖါရိဒ္ဓိ**

နိရောဓသမာပတ်ဝင်စားနေသော သဉ္ဇိဝမထေရ်ကို နွားကျောင်းသားများက ပျံလွန်တော်မူပြီထင်မှတ်၍ မြက်, ထင်းတို့ကိုစုပုံ၍ မီးရှို့ကြ၏။ သို့သော် မထေရ်၏ သင်္ကန်း၌ ချည်တစ်မျှင်မျှမီးမလောင်ချေ။ ဤသို့မီးမလောင်ခြင်းသည် ထိုမထေရ်၏ နိရောဓသမာပတ်အလို့ငှာ အစဉ်အတိုင်းစျာန်ဝင်စားသော သမာဓိတို့၏ပျံ့နှံ့ခြင်းကြောင့်ဖြစ်သော တန်ခိုးအာနုဘော်ဖြစ်သဖြင့် 'သမာဓိဝိပ္ဖါရိဒ္ဓိ'မည်၏။

**အရှင်ခါဏုကောဏ္ဍညမထေရ်၏သမာဓိဝိပ္ဖါရိဒ္ဓိ**

အရှင်ခါဏုကောဏ္ဍညမထေရ်သည် အကြောင်းထူးမရှိဘဲ သမာပတ်ဝင်စားလေ့ရှိ၏။ တစ်ညဥ့်၌ တောတစ်ခုဝယ် သမာပတ်ဝင်စားလျက် ထိုင်နေတော်မူ၏။ ခိုးသား

ငါးရာတို့သည် ပစ္စည်းဥစ္စာများစွာကိုယူ၍ ထွက်ပြေးလာကြပြီးလျှင် နောက်မှလိုက်လာသူမရှိမှန်းသိသဖြင့် အပန်းဖြေအနားယူရန် ခိုးထုပ်ခိုးထည်အားလုံးကို မထေရ်အားသစ်ငုတ်ထင်၍ မထေရ်အပေါ်၌ စုပုံချထား၏။

ခိုးသားတို့သည် အပန်းဖြေနားနေပြီးနောက် သွားကြမည်ပြုရာတွင် မထေရ်ပေါ်ချထားခဲ့သည့်ခိုးထုပ်ခိုးထည်များကို ပြန်ယူကြ၏။ ထိုအခိုက် မထေရ်သည် သမာပတ်ဝင်စားရန် အဓိဋ္ဌာန်ထားသည့်ကာလပြည့်သဖြင့် သမာပတ်မှထတော်မူ၏။ မထေရ်လှုပ်ရှားလာသည်ကိုမြင်သောအခါ ခိုးသားများကြောက်လန့်ကြပြီး ဟစ်အော်ထွက်ပြေးကြ၏။ မထေရ်မြတ်က မကြောက်ကြရန် မိန့်တော်မူပြီးလျှင် ဆုံးမစကားမိန့်ကြား၏။ ခိုးသားငါးရာတို့သည် မထေရ်ကို အလွန်ကြည်ညိုကြသဖြင့် မထေရ်ထံ၌ ရဟန်းပြုကြ၍ တရားအားထုတ်ကြသဖြင့် ပဋိသမ္ဘိဒါဉာဏ်နှင့်တကွ ရဟန္တာများဖြစ်ကြ၏။ ဤဝတ္ထု၌ ခိုးထုပ်ခိုးထည်ငါးရာတို့ဖြင့် အဖိခံရသော်လည်း အရှင်ခါဏုကောဏ္ဍည၏နာကျင်မှုမရှိခြင်းသည် သမာဓိဝိပ္ဖါရိဒ္ဓိပေတည်း။

## ဥတ္တရာ၏သမာဓိဝိပ္ဖါရိဒ္ဓိ

**ဥတ္တရာ**သည် ရာဇဂြိုဟ်ပြည်၌ ဦးပုဏ္ဏသူဌေး၏သမီးဖြစ်ပြီး သောတာပန်တစ်ဦးလည်းဖြစ်၏။ မိစ္ဆာဒိဋ္ဌိဖြစ်သောခင်ပွန်းအိမ်၌ နေထိုင်ရသဖြင့် မြတ်စွာဘုရားနှင့်သံဃာတော်ကို ဖူးမြင်ခွင့်မရပါ။ ဖခင်ပေးသော အသပြာ ၁၅၀၀၀ ဖြင့် အလှဘုရင်မဖြစ်သူ ပြည့်တန်ဆာ **သီရိမာ**ကို ၁၅-ရက်ငှားရမ်းပြီး မိမိ၏ခင်ပွန်းကို ဖျော်ဖြေစေ၏။ မြတ် စွာဘုရားနှင့်သံဃာကို ဆွမ်းလောင်းလှူရန် ခင်ပွန်းထံမှ ခွင့် ၁၅-ရက်တောင်းခံရာ ရရှိသဖြင့် မြတ်စွာဘုရားနှင့်သံဃာကို ပင့်လျှောက်ပြီးလျှင် ဥတ္တရာသည် ကိုယ်တိုင်မီးဖို ချောင်သို့ဝင်ကာ အခြွေအရံများနှင့်အတူ ကြော်လှော်ချက်ပြုတ်၏။

ဤသို့ဖြင့် ၁၅-ရက်မြောက်သည့်နံနက်ခင်း၌ ခင်ပွန်းသူဌေးသားသည် ပြတင်းပေါက်အနီး၌ရပ်၍ မီးဖိုချောင်ဘက်သို့လှမ်းကြည့်လိုက်ရာ ချွေးတလုံးလုံးပေပေကျံကျံနှင့် ဥတ္တရာကိုမြင်ရသဖြင့်. . .

"အင်း . . . အမိုက်မ၊ သူဌေးကတော်ဖြစ်ပြီး သူဌေးစည်းစိမ်မခံစားတတ်ဘူး၊ ဘာမဟုတ်တဲ့ဦးပြည်းကတုံးတွေအတွက် ပင်ပန်းနေရှာတယ်"ဟု ရယ်သွမ်းသွေး၍ လှည့်ထွက်သွား၏။

"ဘာကြောင့် ရယ်သွမ်းသွေးသလဲ"ဟု သိချင်သဖြင့် ပြတင်းမှ သီရိမာလှမ်းကြည့်ရာ ဥတ္တရာကိုမြင်လိုက်၏။ သီရိမာသည် သူဌေးသားနှင့်လင်မယားသဖွယ် ၁၅-ရက်ခန့် နေထိုင်ခဲ့ရသဖြင့် အိမ်ရှင်မစိတ်ပေါက်နေ၏။ ထို့ကြောင့် ဥတ္တရာအား မနာလိုစိတ်ဖြစ်ပြီး ဒေါသဖြစ်လာ၏။ သီရိမာသည် မီးဖိုချောင်သို့ဆင်းလာပြီးလျှင် အကြော်ဒယ်အိုးမှ ကျိုက်ကျိုက်ဆူနေသည့်ဆီကို ယောက်ချိုဇွန်းကြီးဖြင့် ခပ်ယူပြီးလျှင် ဥတ္တရာ၏ ဦးခေါင်းပေါ်သို့ လောင်းချ၏။

ဥတ္တရာသည် သီရိမာ၏ကျေးဇူးကြောင့် မြတ်စွာဘုရားနှင့် သံဃာကို မိမိဆွမ်းလောင်းခွင့်ရ နေသည်ကိုတွေး၍ "ချမ်းသာပါစေ. . ချမ်းသာပါစေ"ဟု မေတ္တာပွားပို့ကာ ချက်ချင်းစျာန်ဝင်စားနေလိုက်၏။ ထို့ကြောင့် ဆီပူတို့သည် ပိန်းကြာဖက်ပြင် ရေမတင်ဘဲ လျှောကျသွားသကဲ့သို့ လျှောကျသွား၏၊ ဥတ္တရာအားမပူလောင်စေပါ။ ဤသို့ ဥတ္တရာအား ဆီပူမလောင်နိုင်ခြင်းသည် မေတ္တာစျာန်၏ သမာဓိဝိပ္ဖါရိဒ္ဓိကြောင့်ပေတည်း။

**သာမာဝတီ၏သမာဓိဝိပ္ဖါရိဒ္ဓိ**

ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေနတွင် သာမာဝတီ, ဝါသုလဒတ္တာနှင့်မာဂဏ္ဍီအမည်ရသည့် မိဖုရားကြီးသုံးပါးရှိ၏။ သာမာဝတီသည် အဂ္ဂမဟေသီ မိဖုရားကြီးဖြစ်၍ မာဂဏ္ဍီမှာ မိဖုရားကြီးသုံးဦးတွင် အငယ်ဆုံးဖြစ်၏။ မာဂဏ္ဍီကိုမွေးစားသော ပုဏ္ဏားသည် မင်းကြီးနှင့်ရင်းနှီး၍ မိမိ၏မွေးစားသမီးကို မိဖုရားခေါင်ဖြစ်စေလို၏။

ဥတေနမင်းသည် မိဖုရားကြီးသုံးဦးတို့၏အဆောင်များကို ခုနှစ်ရက်လျှင် တစ်ဆောင်ကျ လှည့်ပြောင်း၍ စံနေလေ့ရှိ၏။ မာဂဏ္ဍီ၏အဆောင်မှ သာမာဝတီ၏ အဆောင်သို့ ဘုရင်ကူးပြောင်းရန်ရှိသောအခါ မာဂဏ္ဍီ၏မွေးစားဖခင်ပုဏ္ဏားသည် ဘုရင်အမြဲဆောင်ယူလေ့ရှိသောစောင်းထဲ၌ မြွေဆိုးကိုထည့်စေပြီးလျှင် အပေါက်ဝကို အဝတ်ပန်းလုံးဖြင့် ဆို့ပိတ်ထားစေ၏။ ဘုရင်အားလည်း သာမာဝတီမိဖုရားကြီးက သတ်ရန်ကြံစည်နေကြောင်း ကုန်းချောပြောဆို၏။

ဘုရင်အဆောင်ကူးသည့်အခါ မာဂဏ္ဍီမိဖုရားသည် အတင်းလိုက်ပါသွားပြီးလျှင် သာမာဝတီမိဖုရား တည်ခင်းကျွေးမွေးသည်တို့ကို ဘုရင်ပွဲတော်တည်ပြီး၍ စက်တော်ခေါ်သည့်အခါ မာဂဏ္ဍီသည် ဘုရင့်စောင်းဆီသို့ မယောင်မလည်သွား၍ အဝတ်ပန်းလုံးအဆို့ကို ဖွင့်လိုက်၏။ မြွေသည် ဆာလောင်မွတ်သိပ်နေသည်ဖြစ်၍ စောင်းမှထွက်လာပြီးလျှင် တရှူးရှူးမာန်ဖီလေတော့၏။ မာဂဏ္ဍီက အလန့်တကြားဟစ်အော်လိုက်သဖြင့် ဘုရင်လန့်နိုးကာ မာန်ဖီနေသောမြွေဆိုးကိုမြင်လျှင် အမျက်ခြောင်းခြောင်းထွက်လေတော့၏။ စောစောကပုဏ္ဏား၏ကုန်းချောစကားကို အမှတ်ရ၍ သာမာဝတီမိဖုရားကြီးအား အထင်မှားကာ အဆိပ်လူးမြားဖြင့်ပစ်သတ်ရန် လေးတင်ပြီးချိန်ထား၏။

သာမာဝတီမိဖုရားကြီးနှင့်အခြွေအရံ ငါးရာတို့သည် ပန်းအဝယ်တော် ခုဇ္ဇုတ္တရာမှတစ်ဆင့် မြတ်စွာဘုရား၏တရားတော်ကို နာကြားကြရသဖြင့် သောတာပန်များဖြစ်ကြ၏။ ထို့ကြောင့် ဥတေနမင်းအား စိတ်မဆိုးဘဲ မေတ္တာစျာန်ဖြင့် ပွားပို့နေကြ၏။ ဥတေနမင်းသည် မြားကိုပစ်လည်းမပစ်နိုင် ချလည်းမချနိုင်ဘဲ တုန်လှုပ်နေ၏။

သာမာဝတီမိဖုရားက "ပင်ပန်းနေသလားမင်းကြီး"ဟု မေးလိုက်၏။

"အေးပင်ပန်းနေပါတယ်"ဟု မင်းကြီးကဆို၏။

"ပင်ပန်းလျှင်လေးကိုချထားလိုက်ပါတော့"ဟု သာမာဝတီကဆို၏။

မြားသည် မင်း၏ခြေရင်းသို့ကျသွား၏။ ထိုအခါ သာမာဝတီမိဖုရားက "မင်းကြီး . . မပြစ်မှားတတ်သောသူကို မပြစ်မှားကောင်းဘူး"ဟု ဩဝါဒပေး၏။ ဤဖြစ်ရပ်၌ ဥတေနမင်း၏ မြားကိုပစ်လွှတ်ရန် မစွမ်းနိုင်ခြင်းသည် သာမာဝတီမိဖုရား၏ မေတ္တာ ဈာန်သမာဓိဝိပ္ဖါရိဒ္ဓိ တန်ခိုးကြောင့်ဖြစ်ပေ၏။

**(၆) အရိယိဒ္ဓိ** — အရိယာတို့၌ ပြည့်စုံပြီးမြောက်သောတန်ခိုး

စက်ဆုပ်ဖွယ်အာရုံစသည်တို့၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေခြင်းစ သော ပြီးမြောက်မှုတန်ခိုးသည် အရိယိဒ္ဓိမည်၏။

"အရိယာတို့၏ဥစ္စာဖြစ်သော ပြီးမြောက်မှုတန်ခိုးသည် အဘယ်နည်း။ ဤသာသနာ တော်၌ ရဟန်းသည် စက်ဆုပ်ဖွယ်အာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက် နေလိုငြားအံ့၊ ထိုအာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟုအမှတ်ရှိလျက် နေနိုင်၏။ ပ ။ စက် ဆုပ်ဖွယ်အာရုံ, စက်ဆုပ်ဖွယ်မဟုတ်သောအာရုံနှစ်မျိုးလုံးကို ကြဉ်ပယ်ပြီးလျှင် လျစ် လျူရှုကာ အမှတ်ရလျက် မှန်စွာသိလျက်နေလိုသည်ဟု အကယ်၍ အလိုရှိငြားအံ့၊ ထိုအာရုံ၌ လျစ်လျူရှုကာ အမှတ်ရလျက် မှန်စွာသိလျက် နေနိုင်၏"ဟု ပဋိသမ္ဘိဒါမဂ်၌ ဟောထား၏။

မှန်ပေ၏၊ ဤသို့အလိုရှိတိုင်းပြီးမြောက်ခြင်းသည် စိတ်၏ဝသီဘော်သို့ရောက်ကုန် သော အရိယာပုဂ္ဂိုလ်တို့အားသာလျှင် ဖြစ်သင့်သောကြောင့် အရိယိဒ္ဓိဟု ဆိုအပ်၏။

အရိယိဒ္ဓိနှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်သည်-

(၁) စက်ဆုပ်ဖွယ်ဖြစ်သောအနိဋ္ဌာရုံ၌ မေတ္တာဖြန့်ပွား၍ဖြစ်စေ ဓါတ်သဘောဟု နှလုံး သွင်း၍ဖြစ်စေ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေ၏။

(၂) စက်ဆုပ်ဖွယ်မဟုတ်သော ဣဋ္ဌာရုံ၌ အသုဘဟုဆင်ခြင်၍ဖြစ်စေ အနိစ္စဟုနှလုံး သွင်း၍ဖြစ်စေ စက်ဆုပ်ဖွယ်ဟု ရှုလျက်နေ၏။

(၃) စက်ဆုပ်ဖွယ်အာရုံ, စက်ဆုပ်ဖွယ်မဟုတ်သောအာရုံတို့၌ မေတ္တာဖြန့်ပွား၍ဖြစ်စေ ဓါတ်သဘောဟုနှလုံးသွင်း၍ဖြစ်စေ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေ၏။

(၄) စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ, စက်ဆုပ်ဖွယ်အာရုံတို့၌ အသုဘဟုဆင်ခြင်၍ ဖြစ်စေ အနိစ္စဟုနှလုံးသွင်း၍ဖြစ်စေ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက်နေ၏။

(၅) "မျက်စိဖြင့် အဆင်းကိုမြင်ပြီးလျှင် ဝမ်းမြောက်ခြင်းလည်း မဖြစ်၊ နှလုံးမသာခြင်း လည်းမဖြစ်၊ အမှတ်ရသည်, မှန်စွာသိသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏"ဟု ဟောထားသဖြင့် ဆဠင်္ဂုပေက္ခာကို ဖြစ်စေလျက် စက်ဆုပ်ဖွယ်အာရုံ, စက်ဆုပ်ဖွယ် မဟုတ်သောအာရုံ နှစ်မျိုးလုံးကိုကြဉ်ပယ်၍ လျစ်လျူရှုကာ အမှတ်ရသည်, မှန်စွာ သိသည်ဖြစ်၍ နေ၏။

**(၇) ကမ္မဝိပါကဇိဒ္ဓိ** – ကံ၏အကျိုးကိုမှီ၍ ပြီးမြောက်သောတန်ခိုး

(အဘိညာဉ်)စျာန်လည်းမရှိ, ဝိပဿနာလည်းမရှိပါဘဲလျက် ငှက်တို့၏ကောင်းကင်၌ ပျံသန်းနိုင်ခြင်း၊ နတ်တို့၏ကောင်းကင်၌သွားလာနိုင်ခြင်း၊ ကမ္ဘာဦးလူသားအချို့တို့သည်လည်းကောင်း၊ ပိယင်္ဂရ၏မိခင် မြေဘုတ်ဘီလူးမ, ဥတ္တရ၏မိခင် မြေဘုတ်ဘီလူးမ, ဖုဿမိတ္တာအမည်ရသော မြေဘုတ်ဘီလူးမ, ဓမ္မဂုတ္တာမည်သော မြေဘုတ်ဘီဘူးမစသည့်အချို့သောဝိနိပါတိကခေါ် မြေတည်နတ်များ၏ ကောင်းကင်၌သွားလာနိုင်ခြင်းတို့သည် ကံ၏အကျိုးကိုမှီ၍ ပြီးမြောက်သောတန်ခိုးများဖြစ်ခြင်းကြောင့် 'ကမ္မဝိပါကဇိဒ္ဓိ'မည်၏။

**(၈) ပုညဝတောဣဒ္ဓိ** – ထူးခြားသောကောင်းမှုရှင်တို့၌ ပြီးမြောက်ပြည့်စုံသောတန်ခိုး

**စကြဝတေးမင်း**သည် ဆင်ထိန်း, မြင်းထိန်း, အောက်ဆုံးပုဂ္ဂိုလ်များမှစ၍ အင်္ဂါလေးပါးရှိသည့် စစ်တပ်နှင့်တကွ ကောင်းကင်၌ သွားလာနိုင်၏။ ဤကား စကြဝတေးမင်း၏ထူးခြားသောကောင်းမှုကြောင့် ပြီးမြောက်ပြည့်စုံသောတန်ခိုး - ပုညဝတောဣဒ္ဓိဖြစ်၏။

ဇောတိကသူဌေး, ဇဋိလသူဌေး, ဃောသိတသူဌေး, မေဏ္ဍကသူဌေး, ဘုန်းကံကြီးမားသူ ငါးဦးတို့၏ ထူးထူးခြားခြားပြည့်စုံခြင်းသည် ပုညဝတောဣဒ္ဓိပေတည်း။

**သူဌေးကြီးလေးဦးတို့၏ပုညဝတောဣဒ္ဓိ**

**ဇောတိကသူဌေး**၏ပုညဝတောဣဒ္ဓိ(ကောင်းမှုတန်ခိုး)မှာ မြေကြီးကိုဖောက်ခွဲ၍ ပတ္တမြားပြာသာဒ်ထွက်ပေါ်ခြင်း၊ ပဒေသာပင်(၆၄)ပင်ပေါက်ခြင်းတို့ဖြစ်၏။

**ဇဋိလသူဌေး**၏ပုညဝတောဣဒ္ဓိမှာ အတောင်ရှစ်ဆယ်ရှိသည့် ရွှေတောင်ကြီးပေါ်ပေါက်လာခြင်းဖြစ်၏။

**ဃောသိတသူဌေး**၏ ပုညဝတောဣဒ္ဓိမှာ အရပ်ခုနစ်ဌာနတို့၌ သူ့အားသတ်ရန်လုပ်ကြံခဲ့သော်လည်း ဘေးအန္တရာယ်ကင်းခြင်း, သေဘေးကင်းခြင်းတို့ဖြစ်ပေ၏။

**မေဏ္ဍကသူဌေး**၏ပုညဝတောဣဒ္ဓိမှာ တစ်ပယ်မျှရှိသောအရပ်၌ ရတနာခုနစ်ပါးဖြင့်ပြီးသော ဆိတ်ကုလားခေါ် သိုးရုပ်များ ထင်ရှားစွာဖြစ်ပေါ်လာခြင်းဖြစ်၏။

**ဘုန်းကံကြီးမားသူငါးဦးတို့၏ပုညဝတောဣဒ္ဓိ**

ဘုန်းကံကြီးမားသူငါးဦးတို့မှာ မေဏ္ဍကသူဌေး၊ သူ၏သူဌေးကတော် စန္ဒပဒုမသီရိ၊ သူတို့၏သား - ဓနဥ္စယသူဌေး၊ ချွေးမ - သုမနာဒေဝီနှင့် ပုဏ္ဏအမည်ရှိသောကျွန်တို့ဖြစ်ကြ၏။

**မေဏ္ဍကသူဌေး**သည် ခေါင်းဆေးလျှော်ပြီး၍ ကောင်းကင်ကိုမော်ကြည့်သောအခါ၌ ကောင်းကင်မှ သလေးနီစပါးတို့ကျလာ၍ စပါးကျီ ၁၂၅၀၀ တို့ကို ပြည့်စေကုန်၏။

**သူဌေးကတော် စန္ဒပဒုမသီရိ**သည် တစလယ်ချက်မျှထမင်းကို သူ့လက်ဖြင့်ကိုင်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေ လူတို့ကိုကျွေးသော်လည်း ထမင်းသည် မကုန်ပေ။

**သားဖြစ်သူ ဓနဥ္စယသူဌေးသည်** ငွေတစ်ထောင်ထုပ်ကိုကိုင်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေလူတို့အား ဝေငှပေးသော်လည်း ငွေတို့သည် မကုန်ပေ။

**ချွေးမဖြစ်သူ သုမနာဒေဝီသည်** စပါးပြည့်နေသည့်ပြည်တောင်းတစ်ခုကိုကိုင်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေလူတို့အား ဝေငှပေးသော်လည်း စပါးသည် မကုန်ပေ။

**ကျွန်ဖြစ်သူပုဏ္ဏသည်** ထယ်တစ်ကြောင်းထိုးလျှင် လက်ဝဲဘက်ထယ်ခုနှစ်ကြောင်း လက်ယာဘက်ထယ်ခုနှစ်ကြောင်း၊ ထယ်ရေး(၁၄)ကြောင်း တစ်ပြိုင်တည်းဖြစ်၏။

**(၉) ဝိဇ္ဇာမယိဒ္ဓိ** – ဝိဇ္ဇာမန္တာန်ဖြင့်ပြီးမြောက်သောတန်ခိုး

ဝိဇ္ဇာဓိုရ်တို့သည် ဂန္ဓာရီဝိဇ္ဇာစသောမန္တာန်ကို ရွတ်ဖတ်၍ ကောင်းကင်သို့တက်သွားကြ၏၊ ရေးခြစ်၍မထင်သည့် ကောင်းကင်ပြင်၌ ဆင်တပ်ကိုလည်း ပြ၏၊ မြင်းတပ်ကိုလည်း ပြ၏၊ ရထားတပ်ကိုလည်း ပြ၏၊ ခြေလျင်တပ်ကိုလည်း ပြ၏၊ အမျိုးမျိုးသောစစ်တပ်အပေါင်းကိုလည်း ပြ၏။ ဤသည်တို့ကား ဝိဇ္ဇာမန္တာန်ဖြင့်ပြီးသောတန်ခိုး - ဝိဇ္ဇာမယိဒ္ဓိမည်၏။

**(၁၀) တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိ** – ထိုထိုအရာ၌ နည်းလမ်းမှန်စွာ အားထုတ်မှုကြောင့် ပြီးမြောက်သောတန်ခိုး

ကာမအလိုမှထွက်မြောက်မှု – နေက္ခမ္မဖြင့် ကာမဂုဏ်ကိုလိုချင်မှု – ကာမစ္ဆန္ဒကို ပယ်ခြင်းသည် ပြီးမြောက်၏။ ဤသို့ပြီးမြောက်ခြင်းသည် ထိုထိုအရာ၌ နည်းလမ်းမှန်စွာ အားထုတ်မှုကြောင့် ပြီးမြောက်သောတန်ခိုး(ဣဒ္ဓိ)ဖြစ်၏။

ပြစ်မှားမှု၏ဆန့်ကျင်ဘက် အဒေါသ – မေတ္တာဖြင့် ပြစ်မှားမှု – ဗျာပါဒကို ပယ်ခြင်းသဘောသည် ပြီးမြောက်၏။ ပ ။ ပထမစျာန်ဖြင့် နီဝရဏတို့ကို ပယ်ခြင်းသဘောသည် ပြီးမြောက်၏။ ဤသို့ပြီးမြောက်ခြင်းတို့သည် ထိုထိုအရာ၌ နည်းလမ်းမှန်စွာ အားထုတ်မှုကြောင့်ပြီးမြောက်သောတန်ခိုးဣဒ္ဓိတို့ မည်ပေ၏ဟု ပဋိသမ္ဘိဒါမဂ်၌ ဖော်ပြ၏။

အဋ္ဌကထာ၌မူ စစ်ဆင်ရေးအတတ်ပညာများ၊ သင်္ချာပညာ၊ ဆေးပညာ၊ ဗေဒင်ပညာ၊ ပိဋကတ်ပညာ၊ မွေးမြူရေးပညာ၊ စိုက်ပျိုးရေးပညာ (သိပ္ပံပညာ)စသည်တို့ကို နည်းလမ်းမှန်စွာလေ့လာအားထုတ်မှုကြောင့် ထိုထိုအလိုရှိအပ်သော အမှု၏ပြီးစီးပြည့်စုံခြင်းတို့သည်လည်း တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိတန်ခိုးပေတည်းဟု ဖော်ပြ၏။

**ပြီးမြောက်မှု – ဖန်ဆင်းမှု – တန်ခိုးဣဒ္ဓိ၏အခြေခံတရားများ**

(၁)ဘူမိခေါ် ဘုံအဆင့် ၄ ပါး၊
(၂)ပါဒဟူသောအခြေ ၄ ပါး၊
(၃)ပဒခေါ် တန်ခိုးဣဒ္ဓိသို့ရောက်ကြောင်း အသေးစိတ်အကြောင်းတရား ၈ ပါး၊
(၄)မူလခေါ် အမြစ်အရင်း ၁၆ ပါးတို့ဖြစ်၏။

### (၁) ဘူမိခေါ် ဘုံအဆင့်(၄)ပါး

ဘုံအဆင့် ၄ ပါးဟူသည်မှာ ရူပါဝစရဈာန် ၄ ပါးတို့ပင်တည်း။
၁။ ပထမဈာန်သည် နီဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ဝိဝေကဇဘုံတည်း၊
၂။ ဒုတိယဈာန်သည် ပီတိ, သုခကြောင့်ဖြစ်သော ပီတိသုခဘူမိတည်း၊
၃။ တတိယဈာန်သည် ဥပေက္ခာ, သုခကြောင့်ဖြစ်သော ဥပေက္ခာသုခဘူမိတည်း၊
၄။ စတုတ္ထဈာန်သည် အဒုက္ခ - ဒုက္ခလည်းမဟုတ်၊ မသုခ - သုခလည်းမဟုတ်သည့် ဥပေက္ခာကြောင့်ဖြစ်သော အဒုက္ခမသုခဘူမိတည်း။

ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့သည် စတုတ္ထဈာန်၏အကြောင်း အဆောက်အဦများဖြစ်သောကြောင့် ယင်းဈာန်သုံးပါးကို 'သမ္ဘာရဘူမိ' ဟု ခေါ်၏။

စတုတ္ထဈာန်သည် တန်ခိုးဣဒ္ဓိဖန်ဆင်းရန် ပင်ကိုပကတိဘုံဖြစ်သဖြင့် 'ပကတိဘူမိ' မည်၏။

### (၂) ပါဒခေါ် အခြေ(၄) ပါး

တန်ခိုးဣဒ္ဓိဖန်ဆင်းမှု၏အခြေခံအကြောင်းလေးပါးတို့သည် ဣဒ္ဓိပါဒ်လေးပါးဖြစ်၏။ ဣဒ္ဓိပါဒ်လေးပါးတို့မှာ -
၁။ဆန္ဒလွန်ကဲသောသမာဓိ (ဆန္ဒသမာဓိ)၊ ပြင်းစွာအားထုတ်မှုသင်္ခါရ (ပဓာနသင်္ခါရ) တို့နှင့်ပြည့်စုံသောဣဒ္ဓိပါဒ်၊
၂။ဝီရိယလွန်ကဲသောသမာဓိ (ဝီရိယသမာဓိ)၊ ပြင်းစွာအားထုတ်မှုသင်္ခါရ (ပဓာနသင်္ခါရ)တို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်၊
၃။စိတ်လွန်ကဲသောသမာဓိ (စိတ္တသမာဓိ)၊ ပြင်းစွာအားထုတ်မှုသင်္ခါရ (ပဓာနသင်္ခါရ) တို့နှင့်ပြည့်စုံသောဣဒ္ဓိပါဒ်၊
၄။ပညာလွန်ကဲသောသမာဓိ (ဝီမံသ သမာဓိ)၊ ပြင်းစွာအားထုတ်မှုသင်္ခါရ (ပဓာနသင်္ခါရ) တို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်၊

ဆန္ဒလွန်ကဲသောသမာဓိသည် **ဆန္ဒသမာဓိ**မည်၏၊ ပြုလိုခြင်းဟူသောဆန္ဒကို အကြီးအမှူးပြု၍ ရသောသမာဓိဖြစ်၏။ ဝီရိယသမာဓိစသည်ကို အလားတူသိပါ။

ပြင်းစွာအားထုတ်မှုဖြစ်သော သင်္ခါရတို့သည် **ပဓာနသင်္ခါရ**မည်၏၊ ဤအမည်သည် ကိစ္စလေးပါးကိုပြီးစေသော သမ္မပ္ပဓာန်လုံ့လ (ဝါ) ဝီရိယ၏အမည်ပေတည်း။

### ဣဒ္ဓိပါဒ်၏အဓိပ္ပါယ်

**ဣဒ္ဓိပါဒ်** ဟူသည်ကား ပြီးစီးခြင်း, ပြီးမြောက်ခြင်းအနက်သဘောကြောင့် 'ဣဒ္ဓိ' မည်၏၊ တစ်နည်းကား သတ္တဝါတို့၏ ကြီးပွားမြင့်မြတ်ကြောင်းဖြစ်သောကြောင့် 'ဣဒ္ဓိ' မည်၏။ ထိုဣဒ္ဓိမည်သော အဘိညာဉ်စိတ်နှင့်ယှဉ်သည့် ဆန္ဒသမာဓိနှင့် ပဓာနသင်္ခါရ တို့၏ တည်ရာအခြေခံအကြောင်းသည် 'ပါဒ'မည်၏။ တစ်နည်းအားဖြင့် ဣဒ္ဓိမည် သော သမာဓိ, ဝီရိယတို့နှင့်ယှဉ်သော အဘိညာဉ်စိတ်နှင့်စေတသိက်အပေါင်းသည်

ယင်းသမာဓိ, ဝီရိယတို့၏တည်ရာ အခြေခံအကြောင်းများဖြစ်ခြင်းကြောင့် 'ပါဒ' မည်၏။

ထို့ကြောင့် "ဣဒ္ဓိပါဒဟူသည်မှာ ပြီးမြောက်သောအခြင်းအရာအားဖြင့် ဖြစ်သောသူ၏ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာပေတည်း"ဟု ဝိဘင်းပါဠိ၌ ဟောတော်မူ၏။

**ဣဒ္ဓိပါဒ်၏အဓိပ္ပါယ်ရှင်းလင်းချက် နောက်တစ်နည်း**

ပြီးမြောက်ခြင်းသို့ရောက်ကြောင်း(ဝါ)ပြီးမြောက်ခြင်း၏အကြောင်းသည် ဣဒ္ဓိပါဒ် မည်၏။

*"ရဟန်းတို့ . . ရဟန်းသည် ဆန္ဒကိုမှီ၍ သမာဓိကို ရငြားအံ့၊ စိတ်၏ အာရုံတစ်ခု တည်းရှိသည့်အဖြစ် (စိတ္တေကဂ္ဂတာ)ကို ရငြားအံ့၊ ဤသမာဓိကို* ***'ဆန္ဒသမာဓိ'*** *ဟု ဆိုအပ်၏။ ထိုရဟန်းသည် မဖြစ်သေးသော ယုတ်ညံ့သည့် အကုသိုလ်တရားတို့ မဖြစ်ခြင်းငှာ အားထုတ်လိုခြင်း ဆန္ဒကို ဖြစ်စေ၏၊ လုံ့လဝီရိယဖြင့်အားထုတ်၏၊ ပြင်းစွာအားထုတ်၏၊ ဤပြင်းစွာအားထုတ်မှုတို့ကို* ***'ပဓာနသင်္ခါရ'*** *ဟု ဆိုအပ်၏။ ဤသို့လျှင် ဆန္ဒသည်လည်းကောင်း ဆန္ဒသမာဓိသည်လည်းကောင်း၊ ပဓာနသင်္ခါရသည်လည်းကောင်း ဖြစ်ကုန်၏။ ဤသဘောကို ဆန္ဒသမာဓိ, ပဓာနသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်ဟူ၍ ဆိုအပ်၏။ ကြွင်းသည့်ဣဒ္ဓိပါဒ်တို့၏အနက်ကိုလည်း ဤအတူပင်သိအပ်၏။"*

**(၃) ပဒခေါ် တန်ခိုးဣဒ္ဓိသို့ရောက်ကြောင်း အကြောင်း (၈) ပါး**

"ရဟန်းတို့ . . တန်ခိုးဣဒ္ဓိသို့ရောက်ကြောင်း ပဒရှစ်ပါးတို့ကား အဘယ်နည်း။ ရဟန်းသည် ဆန္ဒကိုမှီ၍ သမာဓိကိုရငြားအံ့၊ ဤသမာဓိကို ဆန္ဒသမာဓိဟုဆိုအပ်၏။ စိတ်၏အာရုံတစ်ခုတည်းရှိသည့်အဖြစ် (စိတ္တေကဂ္ဂတာ)ကို ရငြားအံ့၊ ဆန္ဒသည် သမာဓိမဟုတ်၊ သမာဓိသည် ဆန္ဒမဟုတ်၊ ဆန္ဒက တစ်ခြား၊ သမာဓိက တစ်ခြား ဖြစ်၏။ ထို့ကြောင့် ဆန္ဒနှင့်သမာဓိသည် တစ်စုံဖြစ်၏။

ရဟန်းသည် ဝီရိယကိုမှီ၍။ ပ ။ ထို့ကြောင့် ဝီရိယနှင့်သမာဓိသည် တစ်စုံဖြစ်၏။

ရဟန်းသည် စိတ်ကိုမှီ၍။ ပ ။ ထို့ကြောင့် စိတ္တနှင့်သမာဓိသည် တစ်စုံဖြစ်၏။

ရဟန်းသည် ဝီမံသခေါ် ပညာကိုမှီ၍။ ပ ။ ထို့ကြောင့် ဝီမံသနှင့်သမာဓိသည် တစ်စုံဖြစ်၏။

ဤလေးစုံရှစ်ပါး အကြောင်းတရားတို့သည် ပြီးမြောက်မှု - ဖန်ဆင်းမှု - တန်ခိုးဣဒ္ဓိကို ရခြင်းငှာ တန်ခိုးဖန်ဆင်းမှု၌ ရဲ့ရှားခြင်းကင်း၍ ရဲရင့်ခြင်းငှာ ဖြစ်ကုန်၏"ဟု ဟောတော်မူ၏။

**(၄) မူလခေါ် အမြစ်အရင်း (၁၆)ပါး**

ပြီးမြောက်မှု - တန်ခိုးဣဒ္ဓိ၏မတုန်လှုပ်ကြောင်း အမြစ်အရင်း (မူလ)တို့ကား

၁။ မတွန့်ဆုတ်သောစိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်၊

၂။ မပျံ့လွင့်သောစိတ်သည် ပျံ့လွင့်မှုကြောင့် မတုန်လှုပ်၊

၃။ ကပ်ငြိသောအားဖြင့် မညွတ်သောစိတ်သည် တပ်မက်မှု (ရာဂ)ကြောင့် မတုန်လှုပ်၊

၄။ မပြစ်မှားသောစိတ်သည် ပြစ်မှားမှု (ဗျာပါဒ)ကြောင့် မတုန်လှုပ်၊

၅။ ငါကောင်အနေဖြင့် မမှီသောစိတ်သည် အယူမှားမှု (ဒိဋ္ဌိ)ကြောင့် မတုန်လှုပ်၊

၆။ နှစ်သက်တပ်စွဲလျက် မဖွဲ့အပ်သောစိတ်သည် နှစ်သက်တပ်စွဲမှု (ဆန္ဒရာဂ)ကြောင့် မတုန်လှုပ်၊

၇။ လိုချင်တပ်မက်မှုမှ လွတ်မြောက်သောစိတ်သည် ကာမရာဂကြောင့် မတုန်လှုပ်၊

၈။ ကိလေသာနှင့်မယှဉ်သောစိတ်သည် ပူပန်ညစ်နွမ်းမှု (ကိလေသာ)ကြောင့် မတုန်လှုပ်၊

၉။ ကိလေသာအပိုင်းအခြားကင်းအောင်ပြုထားသောစိတ်သည် ကိလေသာဟူသော အပိုင်းအခြားကြောင့် မတုန်လှုပ်၊

၁၀။ ကိလေသာအဖော်မမှီးသဖြင့် တစ်ခုတည်းသဘော၌တည်သောစိတ်သည် အထူးထူးသဘောရှိသော ကိလေသာကြောင့် မတုန်လှုပ်၊

၁၁။ သဒ္ဓါက ချီးမြှောက်အပ်သောစိတ်သည် မယုံကြည်မှုကြောင့် မတုန်လှုပ်၊

၁၂။ ဝီရိယက ချီးမြှောက်အပ်သောစိတ်သည် ပျင်းရိမှုကြောင့် မတုန်လှုပ်၊

၁၃။ သတိက ချီးမြှောက်အပ်သောစိတ်သည် မေ့လျော့မှုကြောင့် မတုန်လှုပ်၊

၁၄။ သမာဓိက ချီးမြှောက်အပ်သောစိတ်သည် ပျံ့လွင့်မှုကြောင့် မတုန်လှုပ်၊

၁၅။ ပညာက ချီးမြှောက်အပ်သောစိတ်သည် မသိမှု-အသိမှားမှု(အဝိဇ္ဇာ)ကြောင့် မတုန်လှုပ်၊

၁၆။ ပညာအလင်းရောင်နှင့်တကွဖြစ်သော (ဝါ) ရှင်းလင်းပြတ်သားစွာသိသောစိတ်သည် အဝိဇ္ဇာအမှောင်ကြောင့် မတုန်လှုပ်၊

မတုန်လှုပ်ခြင်းသဘောသည် အနေဥ္စမည်၏။ ဤမူလ(၁၆)ပါးတို့သည် ပြီးမြောက်မှု ဖန်ဆင်းမှု - တန်ခိုး(ဣဒ္ဓိ)ကို ရခြင်းငှာ။ ပ ။ တန်ခိုးဖန်ဆင်းမှု၌ ရဲရင့်ခြင်းငှာ ဖြစ်ကုန်၏။

**တန်ခိုးဖန်ဆင်းမှု(ဣဒ္ဓိ)၏အစီအစဉ်**

(၁) တန်ခိုးရှင်ရဟန်းသည် တန်ခိုးဖန်ဆင်းမှု (ဣဒ္ဓိ)၏ ဘူမိ, ပါဒ, ပဒ, မူလတို့နှင့် ပြည့်စုံရမည်။

(၂) အဘိညာဉ်၏အခြေခံပါဒကဈာန်ဖြစ်သော ရူပါဝစရစတုတ္ထဈာန်ကို ဝင်စားရမည်။

(၃) ထိုဈာန်မှထ၍ ကိုယ်ခွဲတစ်ရာဖန်ဆင်းလိုလျှင် "ကိုယ်ခွဲတစ်ရာဖြစ်လို၏၊ တစ်ရာဖြစ်လို၏"ဟု ကြိုတင်ပြုမှု ပရိကံပြုရမည်။

(၄)ထို့နောက် အဘိညာဉ်၏အခြေခံပါဒကဈာန်ကို တစ်ဖန်ဝင်စားရမည်။
(၅)ထိုဈာန်မှထ၍"ကိုယ်ခွဲတစ်ရာဖြစ်စေ"ဟု အဓိဋ္ဌာန်ရမည်။

အဓိဋ္ဌာန်ပြုသောစိတ်နှင့် အတူတကွ တစ်ပြိုင်နက်ပင်လျှင် ကိုယ်ခွဲတစ်ရာဖြစ်၏။ ကိုယ်ခွဲတစ်ထောင်စသည်ကို အဓိဋ္ဌာန်ရာ၌လည်း ဤနည်းအတူပင်ဖြစ်၏။ အကယ်၍ အဓိဋ္ဌာန်သည့်အတိုင်း မပြီးမြောက်လျှင် တစ်ဖန်ပရိကံပြုပြီးနောက် နှစ်ကြိမ်မြောက်လည်း အဘိညာဉ်၏အခြေခံပါဒကဈာန်ကို ဝင်စား၍ ထိုဈာန်မှထကာ အဓိဋ္ဌာန်အပ်၏။

**တန်ခိုးဖန်ဆင်းမှု၌ ပါဝင်သည့်စိတ်တို့၏အာရုံများ**

(၁)အဘိညာဉ်၏အခြေခံပါဒကဈာန်ဖြစ်သော ရူပါဝစရစတုတ္ထဈာန်စိတ်သည် ကသိုဏ်းပဋိဘာဂ နိမိတ်ကို အာရုံပြု၏။
(၂)ပရိကံပြုသော ကာမာဝစရဇောစိတ်တို့သည် ဖန်ဆင်းလိုသော ကိုယ်ခွဲတစ်ရာ, တစ်ထောင်ကို အာရုံပြု၏။ ထိုတစ်ရာ, တစ်ထောင်သောကိုယ်တို့ကိုလည်း အဆင်း၏အစွမ်းအားဖြင့်သာ အာရုံပြုကုန်၏၊ ပညတ်၏အစွမ်းအားဖြင့် အာရုံပြုသည် မဟုတ်ပါ။
(၃)အဓိဋ္ဌာန်စိတ်သည်လည်း ထို့အတူပင် ကိုယ်ခွဲတစ်ရာ, တစ်ထောင်ကို အဆင်း၏အစွမ်းအားဖြင့် အာရုံပြု၏။ ထိုအဓိဋ္ဌာန်စိတ်သည် ဂေါတြဘူစိတ်၏အခြားမဲ့၌ ဖြစ်သော ရူပါဝစရစတုတ္ထဈာန်နှင့်ယှဉ်လျက် တစ်ကြိမ်တည်းသာဖြစ်၏။

**အဘိညာဉ်ဝီထိမှာ** - န-ဒ-မ-ပ-ဉ-နု-ဂေါ-ဘိ-ဘဝင်- (မန္ဒပညာပုဂ္ဂိုလ်)
န-ဒ-မ-ဉ-နု-ဂေါ-ဘိ-ဘဝင် (တိက္ခပညာပုဂ္ဂိုလ်)

ဖန်ဆင်းလိုသောကိုယ်ခွဲတစ်ရာအာရုံသည် မနောဒွါရမှာထင်လာသည့်အခါ ဘဝင်စလန(န), ဘဝင်ုပစ္ဆေဒ(ဒ)ဟု ဘဝင်နှစ်ကြိမ်လှုပ်ပြီးလျှင် ဘဝင်အစဉ်ပြတ်၏။ မနောဒွါရာဝဇ္ဇန်း(မ)က အာရုံကို ဆင်ခြင်ဆုံးဖြတ်၏။ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဥပေက္ခာသဟဂုတ်စိတ်က ပရိကံ (ပ), ဥပစာ(ဉ), အနုလုံ(နု), ဂေါတြဘူ(ဂေါ)ဟု လေးကြိမ် (တိက္ခပညာပုဂ္ဂိုလ်၌ ပရိကံမပါ သုံးကြိမ်)ဖြစ်ပြီးလျှင် အဘိညာဉ် (အထူးသိသည့်ဉာဏ်)နှင့်ယှဉ်၍ ရူပါဝစရစတုတ္ထဈာန်စိတ် (ဘိ)သည် တစ်ကြိမ်ဖြစ်၏။ ထို့နောက် ဘဝင်စိတ်များဖြစ်၏။

**အရှင်စူဠပန်ထက်ဝတ္ထု**

မဟာပန်နှင့်စူဠပန်ညီနောင်နှစ်ဦးတို့သည် လမ်း၌ဖွားမြင်ကြသဖြင့် 'ပန္ထက' (လမ်း)ဟူသောအမည်ကို ရကြ၏။ အကြီးသည် မဟာပန္ထက - မဟာပန်မည်၍ အငယ်က စူဠပန္ထက - စူဠပန်ဟု မည်၏။ **မဟာပန်သည်** ရဟန်းပြု၍ ပဋိသမ္ဘိဒါ ဉာဏ်နှင့်တကွ ရဟန္တာဖြစ်၏။ ထို့နောက် ညီ - စူဠပန်ကို ရှင်ပြုပေးပြီးလျှင် လေးပိုဒ် ပါသည့် ဂါထာတစ်ပုဒ်ကို သင်ပေး၏။

*ပဒုမံယထာ ကောကနဒံ သုဂန္ဓံ၊ ပါတော သိယာ ဖုလ္လမဝီတဂန္ဓံ။*

*အင်္ဂီရသံ ပဿ ဝိရောစမာနံ၊ တပန္တ မာဒိစ္စ မိဝန္တလိက္ခေ။*

**အဓိပ္ပါယ်မှာ** – ပဒုမ္မကြာသည် မွှေးကြိုင်သောအနံ့ရှိသကဲ့သို့လည်းကောင်း၊ နံနက်စောစော နေထွက်ချိန်၌ပွင့်လျက် မကင်းမပြယ်သေးသော အနံ့ရှိသကဲ့သို့လည်းကောင်း၊ သီလရနံ့စသည်တို့ဖြင့် မွှေးကြိုင်သည့်ရနံ့ရှိတော်မူသော အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တို့ဖြင့်ပွင့်လျက် ဘုရားအဖြစ်သို့ရောက်တော်မူသော မကင်းမပြယ်သော သီလစသည့်ရနံ့ရှိတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ပါလော့။ ပြိုးပြိုးပြက်ပြက် ကိုယ်တော်မှထွက်သည့်ရောင်ခြည်ရှိတော်မူ၍ တင့်တယ်သပ္ပါယ်တော်မူသော မြတ်စွာဘုရားကို ဖူးမြင်ပါလော့။ ကောင်းကင်၌ ထွန်းလင်းတောက်ပနေသော နေမင်းကြီးကဲ့သို့ ဉာဏ်တော်အရောင်တို့ဖြင့် ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားကို ဖူးမြင်ပါလော့။

စူဠပန်သည် ထိုဂါထာကို လေးလတိုင်တိုင် ကျက်မှတ်ပါသော်လည်း မရနိုင်ဘဲရှိ၏။ သို့ဖြစ်၍ နောင်တော်မဟာပန်က "သင်သည် သာသနာတော်၌ မကျွတ်ထိုက်သော **အဘဗ္ဗပုဂ္ဂိုလ်ဖြစ်သည်**"ဟုဆိုကာ ကျောင်းတော်မှ နှင်ထုတ်၏။ ထိုအခါ၌ မဟာပန်မထေရ်သည် ဆွမ်းညွှန်းပုဂ္ဂိုလ်ဖြစ်၏။ **သမားတော်ဇီဝက**သည် မဟာပန်မထေရ်ထံချဉ်းကပ်၍ "အရှင်ဘုရား . . နက်ဖြန်ခါ မြတ်စွာဘုရားနှင့် ရဟန်းငါးရာတို့ကို ပင့်ဆောင်၍ အကျွန်ုပ်တို့၏အိမ်၌ ဆွမ်းကိုခံယူဘုဉ်းပေးတော်မူကြပါ"ဟု လျှောက်၏။ မဟာပန်မထေရ်က "စူဠပန်ကိုချန်၍ ကျန်ရဟန်းတို့အတွက် လက်ခံပါသည်"ဟု မိန့်ဆို၏။

စူဠပန်သည် တံခါးမုခ်၌ရပ်၍ ငိုနေ၏။ မြတ်စွာဘုရားသည်ဒိဗ္ဗစက္ခုဖြင့်မြင်တော်မူ၍ စူဠပန်အနီးသို့ကြွလာ၏။ 'အဘယ့်ကြောင့်ငိုနေသနည်း'ဟု မေးတော်မူ၏။ စူဠပန်က ဂါထာတစ်ပုဒ်ကို ကျက်မှတ်၍မရသဖြင့် နောင်တော်က နှင်ထုတ်ကြောင်း လျှောက်ထား၏။

မြတ်စွာဘုရားက "*ရွတ်ဖတ်သရဇ္ဈာယ်မှုကိုပြုရန် မစွမ်းနိုင်သောကြောင့် ငါ၏သာသနာတော်မှာ မကျွတ်ထိုက်သော အဘဗ္ဗပုဂ္ဂိုလ်မဖြစ်ပေ၊ ရဟန်း၊ သင်မစိုးရိမ်လင့်*"ဟု အားပေးကာ စူဠပန်လက်မောင်းကိုဆွဲကိုင်လျက် ကျောင်းတော်သို့ဝင်ပြီးလျှင် တန်ခိုးဖြင့် ဖြူစင်သောအဝတ်ပိုင်းကို ဖန်ဆင်း၍ ပေးတော်မူ၏။

"ရဟန်း. . ဤအဝတ်ပိုင်းကိုဆုပ်နယ်လျက် 'ရဇောဟရဏံ၊ ရဇောဟရဏံ' (ချေးကို ဆောင်ယူတတ်သည့်အဝတ်၊ ချေးကိုဆောင်ယူတတ်သည့်အဝတ်)ဟု အဖန်တလဲလဲ ရွတ်ဆိုပါလော့"

စူဠပန်က မြတ်စွာဘုရားညွှန်ကြားတော်မူသည့်အတိုင်းပြုနေစဉ် ထိုအဝတ်ပိုင်းသည် မည်းညစ်လာ၏။ ထိုအခါ စူဠပန်သည် "အဝတ်က ထက်ဝန်းကျင်စင်ကြယ်ပေ

၏၊ ဤအဝတ်၌ အပြစ်မရှိပေ၊ စင်စစ်မှာမူ ဤအပြစ်သည် ခန္ဓာကိုယ်၏အပြစ်ပေတည်း"ဟု အမှတ်သညာကိုရပြီးလျှင် ခန္ဓာငါးပါး၌ ဉာဏ်ကိုသွင်း၍ ဝိပဿနာရှုပွားရာ ဥဒယဗ္ဗယဉာဏ်စသော ဉာဏ်စဉ်တက်၍ အနုလောမဉာဏ်အားဖြင့် ဂေါတြဘူဉာဏ်အနီးသို့ရောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ရောင်ခြည်တော်လွှတ်၍ အောက်ပါအဓိပ္ပါယ်ရှိသော ဂါထာတို့ကို ဟောတော်မူ၏။

*"တပ်စွဲမှုရာဂသည် ကြေးညှော်အညစ်အကြေးပေတည်း၊ မြူမှုန်ကို ကြေးညှော်အညစ်အကြေးဟု မဆိုအပ်။ ကြေးညှော်အညစ်အကြေးဟူသော အမည်သည် တပ်စွဲမှုရာဂ၏အမည်ပေ တည်း။ ပညာရှိတို့သည် တပ်စွဲမှုရာဂဟူသော ဤအညစ်အကြေးကို ပယ်စွန့်ကုန်၍ ကိလေသာမြူအညစ်အကြေးကင်းသော ဘုရားသာသနာ တော်၌ နေကြကုန်၏။*

*"စိတ်ဆိုးပြစ်မှားမှုဒေါသသည် ကြေးညှော်အညစ်အကြေးပေတည်း။ ပ ။ နေကြကုန်၏။*

*"အမှန်ကိုမသိမှု, အသိမှားမှုမောဟသည် ကြေးညှော်အညစ်အကြေးပေတည်း။ ပ ။ ပညာရှိတို့သည် မောဟဟူသော ဤအညစ် အကြေးကို ပယ်စွန့်ကုန်၍ ကိလေသာမြူအညစ်အကြေးကင်းသော ဘုရားသာသနာတော်၌ နေကြကုန်၏။"*

ထိုဂါထာသုံးပုဒ်အဆုံး၌ အရှင်စူဠပန်သည် ပဋိသမ္ဘိဒါလေးပါး, အဘိညာဉ်ခြောက်ပါးခြံရံသော မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်ဟူသည့် လောကုတ္တရာကိုးပါးကို ရလေ၏။

ဒုတိယနေ့၌ မြတ်စွာဘုရားသည် ရဟန်းသံဃာတော်များနှင့်အတူ ဇီဝကအိမ်သို့ ကြွတော်မူ၏။ မြတ်သောအလှူရေကို ပေးလှူသွန်းချပြီးသည့်နောက် ယာဂုကိုကပ်လှူရာ မြတ်စွာဘုရားသည် လက်ဖြင့်သပိတ်ကို ပိတ်ထားတော်မူ၏။ "အဘယ့်ကြောင့်ပါနည်း" ဟု ဇီဝကမေးလျှောက်သည့်အခါ "ကျောင်းတော်၌ ရဟန်းတစ်ပါးရှိသေးသည်"ဟု မိန့်တော်မူ၏။ သမားတော်ဇီဝကသည် ထိုရဟန်းကို ပင့်ဆောင်ရန် ယောကျ်ားတစ်ယောက်ကို စေလွှတ်လိုက်၏။

အရှင်စူဠပန်သည် မွေ့လျော်ဖွယ်ကောင်းသော သရက်ဥယျာဉ်ကျောင်းတိုက်၌ မိမိကိုယ်ကိုအပါးတစ်ထောင်ဖြစ်အောင် ဖန်ဆင်းပြီးနေတော်မူ၏။ စေလွှတ်လိုက်သော ယောကျ်ားရောက်လာ၍ ရဟန်းများစွာကို တွေ့မြင်ရသဖြင့် မည်သူအား ပင့်ဆောင်ရမည်ကိုမသိ၍ ဇီဝကထံပြန်သွား၏။ သမားတော်ဇီဝကက မြတ်စွာဘုရားကို အကြောင်းစုံမေးလျှောက်ထားရာ-

မြတ်စွာဘုရားက"သွားချေ၊ ရှေးဦးစွာမြင်တွေ့ရသော ရဟန်းကို သင်္ကန်းစွန်၌ဆွဲ၍၊

"မြတ်စွာဘုရားက အရှင်ဘုရားကို ခေါ်တော်မူသည်"ဟု ပြောဆို၍ပင့်ဆောင်ခဲ့"ဟု ထိုယောက်ျားကို မိန့်တော်မူ၏။

ထိုယောက်ျားသည် ထိုကျောင်းတိုက်သို့တစ်ဖန်သွား၍ အရှင်စူဠပန်၏သက်နီးစွန်း၌ပင် ဆွဲကိုင်လိုက်၏။ ထိုအခိုက်၌ပင်လျှင် ဖန်ဆင်းထားသည့် နိမ္မိတရဟန်းအားလုံးတို့သည် ကွယ်ပျောက်သွားကြ၏။ အရှင်စူဠပန်သည် "သင်သွားပေတော့"ဟု ယောက်ျားကိုလွှတ်လိုက်ပြီးလျှင် ကိုယ်လက်သုတ်သင်ခြင်းကိုပြုပြီးနောက် သမားတော်ဇီဝကအိမ်သို့ ထိုယောက်ျားမရောက်မီ အရှင်ရောက်နှင့်၍ မိမိအတွက်ခင်းထားသည့် နေရာ၌ ထိုင်နေ၏။

ဤသည်ကား အရှင်စူဠပန်၏ ကိုယ်ခွဲတစ်ထောင်ဖန်ဆင်းပုံသာကေတည်း။

**အထူးထူးသောအခြင်းအရာရှိအောင် ဖန်ဆင်းခြင်း**

ထိုသို့ ဖန်ဆင်းရာ၌ အထူးမသတ်မှတ်ဘဲ ဖန်ဆင်းလျှင် နိမ္မိတရုပ်ပွားအားလုံးတို့သည် ဖန်ဆင်းမှုတန်ခိုးရှင်နှင့် တူကြ၏၊ ထိုင်ခြင်း၊ ရပ်ခြင်း၊ ပြောဆိုခြင်း၊ ဆိတ်ဆိတ်နေခြင်းစသည်တို့တွင် တန်ခိုးရှင်ပြုတိုင်းပြုတိုင်းသောအမှုတို့ကိုသာလျှင် ပြုကြကုန်၏။

အကယ်၍ အထူးထူးသောအခြင်းအရာရှိအောင် ပြုလိုငြားအံ့၊ အချို့က ပထမအရွယ်၊ အချို့က မဇ္ဈိမအရွယ်၊ အချို့က ပစ္ဆိမအရွယ်၊ အချို့က ဆံပင်ရှည်၊ အချို့က ကတုံး၊ အချို့ကထက်ဝက်နီသောသင်္ကန်းနှင့်၊ အချို့ကဝါဖျော့သောသင်္ကန်းနှင့်၊ အချို့ကပါဠိရွတ်ဖတ်နေပုံ၊ အချို့က တရားဟောနေပုံ၊ အချို့က သာယာသောအသံဖြင့် တရား ရွတ်ဆိုနေပုံ၊ အချို့ကပြဿနာအမေးအဖြေပြုလုပ်နေပုံ၊ အချို့က ဆိုးရေကျို နေပုံ၊ အချို့က သင်္ကန်းဖွပ်လျှော်နေပုံ၊ အချို့က သင်္ကန်းချုပ်နေပုံစသည်ဖြင့် ပုံစံ အမျိုးမျိုးကို ဖန်ဆင်းလိုငြားအံ့၊ တန်ခိုးရှင်သည် ပါဒကစျာန်မှထ၍ ဤမျှသော ရဟန်းတို့သည် ပထမ အရွယ်ရှိသည် ဖြစ်ကြစေ၊ ဤသို့စသောနည်းဖြင့် ပရိကံပြုပြီးလျှင် တစ်ဖန် ပါဒကစျာန်ကို ဝင်စားပြီးနောက် ထိုစျာန်မှထ၍ အဓိဋ္ဌာန်အပ်၏၊ အဓိဋ္ဌာန်စိတ်နှင့်အတူ တစ်ပြိုင်နက်ပင်လျှင် အလိုရှိသောပုံအမျိုးမျိုးဖြင့် နိမ္မိတရဟန်းတို့သည် ဖြစ်ကြကုန်၏။

**အများဖြစ်လျက် တစ်ပါးတည်းဖြစ်ခြင်း**

တန်ခိုးရှင်ရဟန်းသည် အများဖြစ်အောင် ဖန်ဆင်းပြီး၍ တစ်ဖန်တစ်ပါးတည်း ပြန်ဖြစ်လိုလျှင် ပါဒကစျာန်ဖြစ်သည့် ရူပါဝစရစတုတ္ထစျာန်ကိုဝင်စားပြီးလျှင် ထိုစျာန်မှထ၍ "တစ်ပါးတည်းဖြစ်လို၏၊ တစ်ပါးတည်းဖြစ်ပါစေ"ဟု ပရိကံပြု၏၊ ထို့နောက် ပါဒကစျာန်ကို တစ်ဖန်ဝင်စား၍ ထိုစျာန်မှထကာ "တစ်ပါးတည်းဖြစ်စေ"ဟု အဓိဋ္ဌာန်၏။ အဓိဋ္ဌာန်စိတ်နှင့်အတူ တစ်ပြိုင်နက်ပင် တစ်ပါးတည်းဖြစ်၏။

ဤသို့မပြုပါမူကား ပိုင်းခြားထားသည့်ကာလ၏အစွမ်းအားဖြင့် အလိုလိုပင်

တစ်ပါးတည်း ပြန်ဖြစ်၏။

**မထင်ရှားသည်ကို ထင်ရှားအောင်ပြုခြင်း (*အာဝိဘာဝံ*)**

"*အာဝိဘာဝံ*"ဟူသည်ကား တစ်စုံတစ်ခုဖြင့် မတားဆီးခြင်း, မဖုံးကွယ်ခြင်း, ပွင့်လင်းခြင်း, ထင်ရှားခြင်းဖြစ်၏။ တန်ခိုးရှင်သည် မထင်ရှားသည်ကို ထင်ရှားအောင် ပြုလိုလျှင် အမိုက်မှောင်ကို အလင်းဖြစ်အောင်ပြု၏၊ ဖုံးကွယ်နေသည်ကို ဟင်းလင်းပွင့်အောင်ပြု၏၊ မထင်ပေါ်သည်ကို ထင်ပေါ်အောင်ပြု၏။

အဘယ်သို့ပြုသနည်းဟူမူ တန်ခိုးရှင်သည် ဖုံးကွယ်နေသောသူကို မြင်တွေ့ရအောင်၊ အဝေး၌တည်နေသူကို မြင်တွေ့ရအောင်၊ မိမိကိုမြင်အောင်၊ သူတစ်ပါးကို မြင်အောင် ပြုလိုလျှင် ပါဒကစျာန်ကို ဝင်စား၍ ထိုစျာန်မှထကာ 'ဤအမိုက်မှောင်သည် အလင်းဖြစ်စေ'ဟူ၍သော်လည်းကောင်း၊ 'ဤဖုံးကွယ်သောအရာသည် ဟင်းလင်းပွင့်စေ'ဟူ၍သော်လည်းကောင်း၊ ဆင်ခြင်လျက် ပရိကံပြု၏။

ထို့နောက် ပါဒကစျာန်ဝင်စားပြီးလျှင် ထိုစျာန်မှထကာ ဖြစ်စေလိုသည်ကို အဓိဋ္ဌာန်၏။ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် အဓိဋ္ဌာန်သည့်အတိုင်းဖြစ်၏။ အဝေး၌တည်နေကြပါလျက် တစ်ပါးသောပုဂ္ဂိုလ်များက မိမိကိုမြင်ကြ၏၊ မိမိကလည်း သူတစ်ပါးကိုမြင်၏။ မထင်ရှားသောအရာသည် လက်မှာတင်ထား ပတ္တမြားကဲ့သို့ ထင်ရှားပေါ်လွင်လာ၏။

**အာဝိဘာဝတန်ခိုးကိုပြခဲ့သူများ**

**(၁) မြတ်စွာဘုရား၏အာဝိဘာဝတန်ခိုး**

မြတ်စွာဘုရားသည် အနာထပိဏ်သူဌေး၏သမီးဖြစ်သူ **စူဠသုဘဒ္ဒါ**ပင့်လျှောက်သဖြင့် သာဝတ္ထိပြည်မှ ခုနစ်ယူဇနာဝေးကွာသော သာကေတမြို့သို့ ကြွတော်မူသောအခါ သာကေတမြို့နေလူတို့က သာဝတ္ထိမြို့နေလူတို့ကိုမြင်အောင် သာဝတ္ထိမြို့နေလူတို့ကလည်း သာကေတမြို့နေလူတို့ကိုမြင်အောင် အဓိဋ္ဌာန်ပြုတော်မူ၏။ သာကေတမြို့လယ်၌ ပြာသာဒ်ယာဉ်ပျံမှဆင်းတော်မူ၍ မြေကြီးကိုနှစ်ခြမ်းခွဲကာ မြို့နေလူတို့အား အဝီစိတိုင်အောင် မြင်စေတော်မူ၏၊ ကောင်းကင်ကိုလည်း နှစ်ဖြာခွဲ၍ ဗြဟ္မာ့ပြည်တိုင်အောင် မြင်စေတော်မူ၏။ ဤကား အာဝိဘာဝတန်ခိုးပေတည်း။

**(၂) အရှင်မဟာမောဂ္ဂလာန်၏ အာဝိဘာဝတန်ခိုး**

မြတ်စွာဘုရားသည် ရေမီးအစုံအစုံဖန်ဆင်းပြသော ယမိုက်ပြာဋိဟာကို ပြတော်မူ၍ ၈၄၀၀၀ သောသတ္တဝါတို့ကို ကိလေသာအနှောင်အဖွဲ့မှ လွတ်မြောက်စေပြီးလျှင် ရှေး ရှေးမြတ်စွာဘုရားတို့နည်းတူ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီးလျှင် စကြဝဠာတိုက်တစ်သောင်းတို့မှ နတ်အပေါင်းတို့အား **အဘိဓမ္မာဒေသနာတော်ကို ဝါတွင်းသုံး လပတ်လုံး မရပ်မနား ဟောကြားတော်မူ၏။**

နံနက်ဆွမ်းကြွချိန်၌ နိမ္မိတဘုရားရုပ်ပွားတော်ကို ဖန်ဆင်း၍ အဘိဓမ္မာတရား

ဆက်လက်ဟောကြားရန် အမိန့်ရှိတော်မူ၏။ ဘုရားရှင်ကိုယ်တိုင်ကမူ မြောက်ကျွန်း၌ ဆွမ်းကိုခံယူတော်မူ၍ အနောဝတတ်အိုင်အနီး၌ ဘုဉ်းပေးတော်မူ၏။ အရှင်သာရိပုတ္တရာသည် ထိုအရပ်သို့ကြွသွား၍ ဘုရားရှင်ကို ရှိခိုးကန်တော့၏။

မြတ်စွာဘုရားက "ယနေ့ဤမျှသောတရားကို ဟောခဲ့ပြီ"ဟု အရှင်သာရိပုတ္တရာအား နည်းပေးတော်မူ၏။ ဤနည်းဖြင့် ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာဒေသနာတော်ကို မြတ်စွာဘုရားက တာဝတိံသာနတ်ပြည်၌ ဟောကြားပြီး အရှင်သာရိပုတ္တရာက လူ့ပြည်၌ မိမိ၏တပည့်ငါးရာတို့အား ဟောကြား၏။ ထိုတရားတော်ကို နာကြားရ၍ **နတ်ပြဟ္မာကုဋေရှစ်ဆယ်တို့သည် သစ္စာလေးပါးတရားတော်ကို သိမြင်ပြီး အရိယာဖြစ်ကြ၏။**

ယမိုက်ပြာဋိဟာပြပွဲ၌ လာရောက်စုဝေးလျက်ရှိကြသော **အချင်း(၁၂)ယူဇနာရှိ လူထုပရိသတ်**သည် မြတ်စွာဘုရားကို ဖူးမြော်ပြီးမှသာလျှင် နေရပ်သို့ပြန်ကြမည်ဟု ကြံရွယ်ကာ သစ်တပ်ဖွဲ့၍နေကြ၏။ ထိုလူထုပရိသတ်ကို အနာထပိဏ်သူဌေးကြီး၏ညီ စူဠအနာထပိဏ်သူဌေးက လုပ်ကျွေး၏။ ထိုလူထုပရိသတ်သည် **အရှင်အနုရုဒ္ဓါ** မထေရ်အား "မြတ်စွာဘုရား ဘယ်အရပ်မှာနည်း"ဟု မေးလျှောက်ကြ၏။ မထေရ်က ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့်ကြည့်ရာ တာဝတိံသာနတ်ပြည် **ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်၌ ဝါကပ်တော်မူကြောင်း**မြင်သိ၍ ပရိသတ်အားပြောကြားတော်မူ၏။

ထိုလူထုပရိသတ်သည် မြတ်စွာဘုရားအားရှိခိုးကန်တော့ရန် **မဟာမောဂ္ဂလာန် မထေရ်**ကို တောင်းပန်ကြ၏။ မဟာမောဂ္ဂလာန်မထေရ်သည် ပရိသတ်အလယ်၌ပင်လျှင် **မဟာပထဝီမြေကြီး၌ ငုပ်လျှိုး၍ မြင်းမိုရ်တောင်ကို ဖောက်ထွင်းပြီးလျှင် မြတ်စွာဘုရား၏ခြေတော်ရင်း၌** မြတ်စွာဘုရား၏ခြေတော်တို့ကို ရှိခိုးလျက်သာလျှင် ပေါ်ထွက်၍ "ဇမ္ဗူဒိပ်ကျွန်းနေလူတို့သည် မြတ်စွာဘုရားကို ဖူးမြော်ကြပြီးမှသာလျှင် မိမိတို့၏နေရပ်သို့ ပြန်ကြမည်ဟု ဆိုကြပါသည် အရှင်ဘုရား"ဟု လျှောက်ထား၏။

မြတ်စွာဘုရားက "မောဂ္ဂလာန် သင်၏နောင်တော်သာရိပုတ္တရာသည် ယခု ဘယ်မှာနေသနည်း" ဟု မေးတော်မူ၏။ "**သင်္ကဿမြို့**မှာနေပါသည် အရှင်ဘုရား"ဟု လျှောက်၏။

"မောဂ္ဂလာန်၊ ငါ့ကိုဖူးမြော်လိုသောသူတို့သည် နက်ဖြန်ခါ သင်္ကဿမြို့သို့သွားကြစေ၊ နက်ဖြန်သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ သင်္ကဿမြို့သို့ ငါဆင်းသက်မည်"ဟု မြတ်စွာဘုရားမိန့်တော်မူ၏။

"ကောင်းပါပြီအရှင်ဘုရား"ဟု အရှင်မဟာမောဂ္ဂလာန်လျှောက်ထား၍ မြတ်စွာဘုရားကို ရှိခိုးကန်တော့ပြီးလျှင် လာခဲ့သောလမ်းဖြင့်ပင် သက်ဆင်း၍ လူထုထံမှောက်သို့ ရောက်လာ၏။ သူသွားစဉ်ပြန်လာစဉ်ကာလတို့၌ သူ့ကိုလူတို့မြင်အောင် အမိန့်ရှိပြု၏။ လူတို့လည်း သူ့ကိုမြင်ကြရ၏။ ဤသည်ကား အရှင်မဟာမောဂ္ဂလာန်

မထေရ်၏ **"အာဝိဘာဝတန်ခိုး"**ပြခြင်းပေတည်း။

**(၃) မြတ်စွာဘုရား၏လောကဝိဝရဏတန်ခိုး**

မြတ်စွာဘုရားသည် သိကြားမင်းအား သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ပြန်ကြွမည့်အကြောင်း မိန့်ကြား၏။ သိကြားမင်းသည် ဝိသကြုံနတ်သားအား ရွှေစောင်းတန်းတစ်ခု, ငွေစောင်းတန်းတစ်ခု, ပတ္တမြားစောင်းတန်းတစ်ခုဟူ၍ တာဝတိံသာမှလူ့ပြည်သို့ ဆင်းသက်ရန် စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းစေ၏။

*သီတင်းကျွတ်လပြည့်နေ့၌ မြတ်စွာဘုရားသည် မြင်းမိုရ်တောင်ထိပ်၌ ရပ်တော်မူလျက် အရှေ့လောကဓါတ်ကို ကြည့်ရှုတော်မူ၏။ တစ်ထောင်မက များစွာသောစကြဝဠာတို့သည် ဟင်းလင်းပွင့်ကုန်လျက် တစ်ပြင်တည်းကဲ့သို့ ထင်ပေါ်ကုန်၏။ ထို့အတူပင် အနောက်အရပ်, မြောက်အရပ်, တောင်အရပ်တို့သည်လည်း ဟင်းလင်းပွင့်၍ ထင်ပေါ်ကုန်၏။ အောက်ဘက်၌လည်း အဝီစိတိုင်အောင်၊ အထက်ဘက်၌လည်း အကနိဋ္ဌဘုံတိုင်အောင် မြင်ရလေ၏။*

ထိုနေ့၌ **တစ်သိန်းမက များစွာသော်စကြဝဠာလောကနှင့် သတ္တဝါတို့ကို ထင်ရှားပေါ်လွင်စေသော "လောကဝိဝရဏ"မည်သည့်တန်ခိုးဖန်ဆင်းခြင်းသည် ဖြစ်၏။** လူတို့သည် နတ်တို့ကို မြင်ကုန်၏။ နတ်တို့သည်လည်း လူတို့ကိုမြင်ကုန်၏။ ထိုသို့မြင်ရာ၌ လူတို့သည် အထက်သို့မော်ကြည့်ရသည်မဟုတ်၊ နတ်တို့ကလည်း အောက်သို့ ငုံ့ကြည့်ရသည်မဟုတ်၊ နတ်, လူအားလုံးတို့သည် မိမိတို့ရှေ့မျက်မှောက်၌သာလျှင် အချင်းချင်းမြင်ကြ၏။

မြတ်စွာဘုရားသည် ပတ္တမြားဖြင့်ပြီးသော အလယ်စောင်းတန်းဖြင့် ဆင်းသက်တော်မူ၏။ နတ်ပြည် (၆)ထပ်မှနတ်တို့သည် လက်ဝဲဘက်ရွှေစောင်းတန်းဖြင့် ဆင်းသက်ကြ၏၊ သုဒ္ဓါဝါသဗြဟ္မာများနှင့် မဟာဗြဟ္မာကြီးသည် လက်ျာဘက်ငွေစောင်းတန်းဖြင့် ဆင်းသက်ကြ၏။ သိကြားမင်းသည် ဘုရားရှင်၏သပိတ်နှင့်သင်္ကန်းကို ယူခဲ့၏။ သုယာမနတ်မင်းသည် သားမြီးယပ်ကိုကိုင်လျက် ပဉ္စသိခနတ်သားက ဗေလုဝနတ်စောင်းကိုကိုင်လျက် မြတ်စွာဘုရားကိုပူဇော်ကာ ဆင်းသက်ကြ၏။ ထိုနေ့၌ မြတ်စွာဘုရားကို ဖူးမြင်ကြရသောသူတို့တွင် ဘုရားဖြစ်ရန် မလိုချင်, မတောင့်တသောသူဟူ၍ တစ်ဦးမျှမရှိချေ။ ဤကား မြတ်စွာဘုရားဖန်ဆင်းသည့် ထင်ရှားစွာဖြစ်ခဲ့သော **လောကဝိဝရဏတန်ခိုးနှင့်အာဝိဘာဝတန်ခိုးတို့ပေတည်း။**

**(၄) ဓမ္မဒိန္နမထေရ်၏အာဝိဘာဝတန်ခိုး**

သီရိလင်္ကာကျွန်း၌ တလင်္ဂရကျောင်းနေ **ဓမ္မဒိန္နမထေရ်**သည် တိဿမဟာကျောင်းတိုက်၏ စေတီရင်ပြင်၌ထိုင်ပြီးလျှင် "သိက္ခာသုံးပါးနှင့်ပြည့်စုံသောရဟန်းသည် ကိန်းသေအကျင့်ကို ကျင့်သည်မည်၏"ဟု အစချီသော ***အပဏ္ဏကသုတ်ကို ဟောနေစဉ် ယပ်ကို အောက်သို့ရှေးရှုပြုလိုက်လျှင် အဝီစိတိုင်အောင် တစ်ပြင်တည်း***

**ဟင်းလင်းပွင့်လေ၏၊ ထို့နောက် ယပ်ကို အထက်သို့ရွေ့ရှုပြုလိုက်လျှင် ဖြတ္တာပြည် တိုင်အောင် တစ်ပြင်တည်းဟင်းလင်းပွင့်လေ၏။**

မထေရ်သည် ငရဲဘေးဖြင့်ခြိမ်းခြောက်၍လည်းကောင်း, နတ်ချမ်းသာဖြင့် ဖြား ယောင်း၍လည်းကောင်း တရားကိုဟောတော်မူ၏။ တရားနာသူအပေါင်းသည် အချို့ သောတာပန်၊ အချို့သကဒါဂါမ်၊ အချို့အနာဂါမ်၊ အချို့ရဟန္တာဖြစ်ကြ၏။

**ထင်ရှားသည်ကိုမထင်ရှားအောင်ပြုခြင်း (*တိရောဘာဝ*)**

"*တိရောဘာဝ*"ဟူသည်ကား တစ်စုံတစ်ခုဖြင့် တားဆီးခြင်း, ဖုံးကွယ်ခြင်း, ပိတ် ခြင်း, မှောက်ခြင်း, မထင်ရှားခြင်း ဖြစ်၏။ တန်ခိုးရှင်သည် ကွယ်ခြင်းကိုပြုလိုလျှင် အလင်းရောင်ကို အမိုက်မှောင်ဖြစ်အောင်ပြု၏၊ အဖုံးအကွယ်မရှိသည်ကိုလည်း ဖုံးကွယ်အောင်ပြု၏၊ ထင်ပေါ်သည်ကိုလည်း မထင်ပေါ်အောင်ပြု၏။

အဘယ်သို့ပြုသနည်းဟူမူ တန်ခိုးရှင်သည် အဖုံးအကွယ်မရှိသောသူကိုဖြစ်စေ၊ အနီး၌ရှိသောသူကိုဖြစ်စေ၊ မိမိကိုဖြစ်စေ၊ သူတစ်ပါးကိုဖြစ်စေ၊ မမြင်မတွေ့အောင်ပြု လိုလျှင် ပါဒကစျာန်ကိုဝင်စားရမည်၊ ထိုစျာန်မှထကာ "ဤအလင်းရှိရာဌာနသည် အမိုက်တိုက်ဖြစ်စေ"ဟူ၍သော်လည်းကောင်း၊ "ဤအဖုံးအကွယ်မရှိသောအရာသည် ဖုံးကွယ်အပ်သည်ဖြစ်စေ"ဟူ၍သော်လည်းကောင်း၊ "ဤထင်ပေါ်နေသောအရာသည် မထင်ပေါ်သည်ဖြစ်စေ"ဟူ၍သော်လည်းကောင်း၊ ဆင်ခြင်၍ ပရိကံပြု၏။

ထို့နောက် ပါဒကစျာန်ကို တစ်ဖန်ဝင်စားပြီးလျှင် ထိုစျာန်မှထကာ ဖြစ်စေလိုသည် ကို အဓိဋ္ဌာန်၏၊ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် အဓိဋ္ဌာန်သည့်အတိုင်းဖြစ်၏။ အနီး၌တည်နေပါလျက် မိမိကိုသူတစ်ပါးတို့မမြင်ကုန်၊ တန်ခိုးရှင်သည် သူတစ်ပါးတို့ ကို မမြင်လိုလျှင် မမြင်ရတော့ပေ။

**တိရောဘာဝတန်ခိုးကိုပြခဲ့သူများ**

**(၁) မြတ်စွာဘုရား၏ တိရောဘာဝတန်ခိုး**

မြတ်စွာဘုရားသည် မိမိ၏အနီး၌ထိုင်နေသော **ယသသတို့သားကို** သူ၏ဖခင် မမြင်အောင်ပြုတော်မူ၏။

ထို့အပြင် မြတ်စွာဘုရားသည် ယူဇနာ(၁၂၀)တိုင်အောင်ကြွချီ၍ **မဟာကပ္ပိနမင်း** နှင့် အမတ်တစ်ထောင်တို့ကို ကြိုဆိုပြီးလျှင် တရားဟောကြားတော်မူသဖြင့် မဟာကပ္ပိ နမင်းသည် အနာဂါမ်ဖြစ်၍ အမတ်တစ်ထောင်တို့သည် သောတာပန်များဖြစ်ကြ၏။

ထို့နောက် **အနောဇာဒေဝီမိဖုရားနှင့်အခြံအရံမိန်းမတစ်ထောင်တို့သည်** ထိုမင်း နှင့်အမတ်တို့လာခဲ့သည့်လမ်းအတိုင်း လိုက်လာကြ၍ ဘုရားထံရောက်သည့်အခါ မြတ်စွာဘုရားသည် အနီး၌ထိုင်နေကြသော မင်းနှင့်အမတ်တစ်ထောင်တို့ကို မိဖုရား နှင့် အခြံအရံများမမြင်တွေ့အောင် ပြုတော်မူ၏။

"မဟာကပ္ပိနမင်းကို တွေ့မြင်ပါသလားအရှင်ဘုရား"ဟု အနောဇာဒေဝီမေး

လျှောက်သည့်အခါ မြတ်စွာဘုရားက "မင်းကိုရှာခြင်းက ကောင်းမြတ်သလား၊ မိမိကိုယ်ကိုရှာခြင်းက ကောင်းမြတ်သလားဟု မေးတော်မူ၏။

"မိမိကိုယ်ကိုရှာခြင်းက ကောင်းမြတ်ပါသည် အရှင်ဘုရား"ဟု ဖြေကြား၏။

ထိုအခါ မြတ်စွာဘုရားတရားဟောကြားရာ အနောဇာဒေဝီနှင့်အခြံအရံတစ်ထောင်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြ၏။ အမတ်တစ်ထောင်တို့သည် အနာဂါမိဖိုလ်၌တည်ကြပြီးလျှင် မဟာကပ္ပိနမင်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။

## (၂) မဟိန္ဒမထေရ်၏တိရောဘာဝတန်ခိုး

အသောကမင်း၏သားဖြစ်သူ **မဟိန္ဒမထေရ်**သည် သီရိလင်္ကာကျွန်းသို့ ရောက်သောနေ့၌ မိမိနှင့်အတူလာကြသောအခြားပုဂ္ဂိုလ်တို့ကို **ဒေဝါနမ္ပိယတိဿမင်း**မမြင်အောင်ဖန်ဆင်းသော တိရောဘာဝတန်ခိုးကို ပြခဲ့ဖူး၏။

## ပါကဋပြာဋိဟာနှင့် အပါကဋပြာဋိဟာ

တစ်နည်းအားဖြင့် တန်ခိုးရှင်ထင်ရှားသော တန်ခိုးပြမှု (*ပါကဋပြာဋိဟာ*)အလုံးစုံတို့သည် အာဝိဘာဝတန်းခိုးမည်၏။ တန်ခိုးရှင်မထင်ရှားသော တန်ခိုးပြမှု (*အပါကဋပြာဋိဟာ*)သည် တိရောဘာဝတန်ခိုးမည်၏။

ထိုတန်ခိုးပြမှု (*ပြာဋိဟာ*) နှစ်မျိုးတွင် တန်ခိုးရှင်ထင်ရှားသောပြာဋိဟာ၌ ပြီးမြောက်မှုတန်ခိုးလည်းထင်ရှား၏၊ ယင်းတန်ခိုးပြာဋိဟာကို ယမိုက်ပြာဋိဟာဖြင့် ပြအပ်၏။

## (၁) မြတ်စွာဘုရား၏ယမိုက်ပြာဋိဟာ (*အာဝိဘာဝတန်ခိုး*)

"ဤလောက၌ မြတ်စွာဘုရားသည် သာဝကတို့နှင့်မသက်ဆိုင်သော ယမိုက်ပြာဋိဟာကိုပြု၏၊ အထက်ပိုင်းကိုယ်တော်မှ မီးလျှံအစုသည်ဖြစ်၏၊ အောက်ပိုင်းကိုယ်တော်မှ ရေအယဉ်သည် ဖြစ်၏" — ဤသို့စသည်ဖြင့် ရေမီးအစုံအစုံတန်ခိုးကို ပြရာတွင် တန်ခိုးရှင်ဖြစ်သော မြတ်စွာဘုရား၏ကိုယ်တော်လည်း ထင်ရှား၏၊ ရေမီးအစုံအစုံ ဟူသည့် တန်ခိုးပြမှုလည်း ထင်ရှား၏။

## (၂) အရှင်မဟာက၏အပါကဋပြာဋိဟာ (*တိရောဘာဝတန်ခိုး*)

အပါကဋပြာဋိဟာ၌ ပြီးမြောက်မှုတန်ခိုးသည်သာ ထင်ရှားပြီး တန်ခိုးရှင်မထင်ရှားချေ။ စိတ္တသူကြွယ်သည် **အရှင်မဟာကမထေရ်**အား လူသာမန်တို့ မပြုလုပ်နိုင်သော တန်ခိုးပြာဋိဟာကိုပြသရန် လျှောက်ထားသောအခါ မထေရ်သည် သူကြွယ်အား ကျောင်းဦးဆင်ဝင်၌ အပေါ်ရုံအဝတ်ကိုခင်း၍ မြက်စည်းကို ကြဲဖြန့်ထားရန် ညွှန်ကြား၏။ သူကြွယ်သည် ညွှန်ကြားသည့်အတိုင်း ပြုလုပ်၏။

အရှင်မဟာကသည် ကျောင်းထဲသို့ဝင်ပြီးလျှင် တန်ခိုးဖန်ဆင်းမှုကိုပြုလုပ်ရာ မီးတောက်မီးလျှံသည် သော့ပေါက်နှင့် တံခါးရွက်တို့၏အကြားတို့မှ ထွက်လာကာ မြက်

တို့ကိုလောင်ကျွမ်းစေ၏၊ အပေါ် ရုံအဝတ်ကိုကား မလောင်စေပါ။ ဤတန်ခိုးဖန်ဆင်းမှု၌ တန်ခိုးဖန်ဆင်းမှုကိုသာမြင်ရပြီး တန်ခိုးရှင်ကိုမမြင်ရချေ။

**(၃) မြတ်စွာဘုရား၏အပါကဋ္ဌပြာဋိဟာ (*တိရောဘာဝတန်ခိုး*)**

မြတ်စွာဘုရားသည် *ဗကဗြဟ္မာ*ကို ချေချွတ်ရန်အတွက် ပြဟ္မာပြည်သို့ကြွတော်မူ၍ မိမိ၏ကိုယ်ကိုဖျောက်၍ မိမိ၏ဂါထာတစ်ပုဒ်ရွတ်ဆိုသံကိုသာ ဗကဗြဟ္မာနှင့်ပရိသတ်များ၊ ပြဟ္မပါရိသဇ္ဇာပြဟ္မာများတို့ ကြားကြရ၏။ မြတ်စွာဘုရားကို မမြင်ကြချေ။ ထိုဂါထာ၏အဓိပ္ပါယ်မှာ -

*"ငါဘုရားသည် ဘဝသံသရာ၌ အိုခြင်း, နာခြင်း, သေခြင်းစသောဘေးတို့ကို မြင်သောကြောင့်သာလျှင်၊ ဘဝကင်းရာကို ရှာနေကြသည့်သူတို့၏ တွယ်တာမှုမကင်းသဖြင့် အဖန်တလဲလဲဖြစ်နေရခြင်းကိုလည်း မြင်သောကြောင့်သာလျှင်၊ တစ်ခုသောဘဝကိုမျှ မချီးမွမ်းသတည်း။ ဘဝ၌ နှစ်သက်ပျော်မွေ့မှု တဏှာကိုလည်း ဆွဲကိုင်မထားဘဲ ပြတ်စဲစွန့်လွှတ်လိုက်ပေသတည်း"*

**နံရံ, တံတိုင်း, တောင်တို့ကို ဖောက်ထွင်းသွားနိုင်သောတန်ခိုး**

နံရံ, တံတိုင်း, တောင်တို့ကို ဖောက်ထွင်း၍သွားလာသကဲ့သို့ ထိုနံရံ, တံတိုင်း, တောင်စသည်တို့နှင့် မထိမငြိဘဲ ဖြတ်သန်းသွားနိုင်သောတန်ခိုးကို ဖန်ဆင်းလိုသည့် တန်ခိုးရှင်သည် -

(၁) အာကာသကသိဏ်း၌ ပါဒကစျာန်ကိုဝင်စား၏။

(၂) ထိုပါဒကစျာန်မှထ၍ ထိုနံရံ, တံတိုင်း, တောင်စသည်ကို အပေါက်အခေါင်း အာကာသဖြစ်စေဟု ဆင်ခြင်လျက် ပရိကံပြု၏။

(၃) အာကာသကသိဏ်း၌ ပါဒကစျာန်ကို တစ်ဖန်ဝင်စား၍ ထိုစျာန်မှထကာ "အပေါက်အခေါင်းအာကာသဖြစ်စေ"ဟု အဓိဋ္ဌာန်၏။

ဤအဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ထိုနံရံ, တံတိုင်း, တောင်စသည်၌ အခေါင်းအပေါက်အာကာသ ဖြစ်လာ၏။ ထိုတန်ခိုးရှင်သည် အခေါင်းပေါက်ရှိနေသော ထိုနံရံ, တံတိုင်းစသည်ကို မငြိမထိဘဲ အခြားတစ်ဖက်သို့ ဖြတ်သန်းသွားနိုင်၏။

တောင်ထိပ်မှအောက်သို့ ဆင်းလိုသော် သို့မဟုတ် တောင်အောက်မှ အထက်သို့ တက်လိုသော် တောင်၌ အထက်အောက်အခေါင်းအပေါက်ရှိလာအောင် အဓိဋ္ဌာန်ပြီး မငြိမထိဘဲ ဆင်းနိုင်, တက်နိုင်၏။

အရှင်မဟာမောဂ္ဂလာန်သည် မြင်းမိုရ်တောင်၌ အခေါင်းအပေါက်အာကာသကို ဖန်ဆင်းပြီး အဆင်းအတက်ပြုသကဲ့သို့ပင်တည်း။

**တိပိဋကစူဠာဘယမထေရ်၏ဝေဖန်ချက်**

"ငါ့ရှင်တို့ . အာကာသဖန်ဆင်းဖို့အတွက် အာကာသကသိဏ်းကိုသာ ဝင်းစားရ

သလား၊ ဆင်မြင်းစသည်ကို ဖန်ဆင်းလိုလျှင် ဆင်ကသိုဏ်း, မြင်းကသိုဏ်းကို ဝင်စား ရသလား၊ ဈာန်သမာပတ်ရှစ်ပါးကို ဝသီဘော်မြောက်ခြင်းသည်သာ အဓိကမဟုတ်ဘူး လား၊ စင်စစ် မည်သည့်ကသိုဏ်းကိုမဆိုဝင်စားပြီး ကသိုဏ်းပရိကံပြု၍ ဖန်ဆင်းမှု အဓိဋ္ဌာန်ကိုပြုလျှင် မဖြစ်ဘူးလားစသည်ဖြင့် စောဒနာပြု၏။

ရဟန်းတော်တို့က ပါဠိတော်၌ အာကာသကို ဖန်ဆင်းလိုလျှင် အာကာသ ကသိုဏ်းကို ဝင်စားဖို့သာလာရှိကြောင်း၊ ထို့ကြောင့် အာကာသကို ဖန်ဆင်းရာ၌ အာ ကာသကသိုဏ်းကို ကေန်မချွတ် ဝင်စားရမည်ဟု လျှောက်ထားကြပြီး *ပဋိသမ္ဘိဒါမဂ် ပါဠိ*ကို တင်ပြကြ၏။ ထိုပါဠိ၏အဓိပ္ပါယ်မှာ -

*"ပကတိပင်ကိုအားဖြင့် အာကာသကသိုဏ်းကို နိုင်နင်းစွာရသူသည် နံရံ တစ်ဖက်, တံတိုင်းတစ်ဖက်, တောင်တစ်ဖက်ကို ဆင်ခြင်၏၊ ဆင်ခြင်ပြီး လျှင် 'အာကာသဖြစ်စေ'ဟု ဉာဏ်ဖြင့် အဓိဋ္ဌာန်၏၊ အာကာသသည် ဖြစ် ၏။ နံရံတစ်ဘက်, တံတိုင်းတစ်ဘက်, တောင်တစ်ဘက်သို့ မငြိမထိမူ၍ သွား၏။ တန်ခိုးမရှိသောလူတို့က တစ်စုံတစ်ခုဖြင့် မပိတ်မဆီးထားအပ် သော အကာအရံမရှိသည့် အရပ်၌ မငြိမထိကုန်ဘဲ သွားကြရသကဲ့သို့ သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်းသောထိုတန်ခိုးရှင်သည် နံရံတစ်ဘက်, တံတိုင်းတစ်ဘက်, တောင်တစ်ဘက်သို့ မငြိမ်မထိမူ၍ သွား၏၊ ကောင်း ကင်၌ သွားသကဲ့သို့ ပင်တည်း"*

ထိုရဟန်းသည် အဓိဋ္ဌာန်ပြု၍သွားနေစဉ် လမ်းခုလတ်၌ တောင်, သစ်ပင်စသည် ပေါ်ပေါက်လာငြားအံ့၊ တစ်ဖန် ပါဒကဈာန်ဝင်စား၍ အဓိဋ္ဌာန်ပြုသင့်သလားဟု စော ဒနာပြုငြားအံ့၊ တစ်ဖန်ဈာန်ဝင်စား၍ အဓိဋ္ဌာန်ပြုခြင်းသည် အပြစ်မရှိပေ၊ ဥပဇ္ဈာယ် ဆရာ့ထံ၌ နိဿယယည်းပြန်ယူသည်နှင့်တူ၏။

သို့သော်လည်း တန်ခိုးရှင်က "အာကာသဖြစ်စေ"ဟု အဓိဋ္ဌာန်ထားပြီးဖြစ်သော ကြောင့် ဟင်းလင်းပြင် အာကာသဖြစ်နေသည်သာတည်း။ ဤရှေးအဓိဋ္ဌာန်၏အစွမ်း ကြောင့် "လမ်းခုလတ်၌ ဥတုကြောင့်ဖြစ်သောတောင်, သစ်ပင်စသည် ပေါ်ပေါက် လာလိမ့်မည်"ဟူသော အခြင်းအရာသည် အခွင့်အကြောင်းမရှိပေ။ အခြားတန်ခိုးရှင် တစ်ဦးဦးက ဖန်ဆင်းလျှင်လည်း ပထမဖန်ဆင်းမှုက အားကြီး၍ နောက်ဖန်ဆင်းသူ၏ တောင်, သစ်ပင်စသည်တို့သည် ပထမဖန်ဆင်းထားသော အာကာသလမ်းကြောင်း၏ အထက်သို့ဖြစ်စေ အောက်သို့ဖြစ်စေ သွေဖည်သွားလိမ့်မည်။

**မြေကြီးထဲ၌ ငုတ်ခြင်း, ပေါ်ခြင်းတန်ခိုး**

မြေကြီးထဲ၌ ငုတ်ခြင်း, ပေါ်ခြင်းကို ပြုလိုသောတန်ခိုးရှင်သည်

(၁)အာပေါကသိုဏ်း၌ ပါဒကဈာန်ကို ဝင်စား၏။

(၂)ထိုဈာန်မှထ၍ ဤမျှသောအရပ်၌ မြေသည် ရေဖြစ်စေဟုပိုင်းခြားလျက် ပရိကံ

ပြု၏။

(၃)အာပေါကသိုဏ်း၌ ပါဒကစျာန်ကို တစ်ဖန်ဝင်စား၍ ထိုစျာန်မှထကာ "ဤမျှသောအရပ်၌ မြေသည် ရေဖြစ်စေ"ဟု အဓိဋ္ဌာန်၏။

ဤအဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ပိုင်းခြားထားသမျှအရပ်၌ မြေသည် ရေအတိသာလျှင် ဖြစ်၏။ ထိုတန်ခိုးရှင်သည် ထိုရေ၌ ငုပ်ခြင်း, ပေါ်ခြင်းကို ပြု၏။

ဤအကြောင်းနှင့်ပတ်သက်၍ ပဋိသမ္ဘိဒါမဂ်၌ ဖော်ပြထားသည်မှာ -

*"ပကတိပင်ကိုအားဖြင့် အာပေါကသိုဏ်းကို နိုင်နင်းစွာရထားသူသည် မြေကို ဆင်ခြင်၏၊ ဆင်ခြင်ပြီးလျှင် ရေဖြစ်စေဟု ဉာဏ်ဖြင့်အဓိဋ္ဌာန်၏၊ ရေဖြစ်၏၊ ထိုတန်ခိုးရှင်သည် ရေဖြစ်နေသောမြေထဲ၌ ငုတ်ခြင်း, ပေါ်ခြင်းကို ပြု၏။ တန်ခိုးမရှိသောလူတို့သည် ရေထဲ၌ ငုတ်ခြင်း, ပေါ်ခြင်းကို ပြုကြသကဲ့သို့ ထို့အတူပင် သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်းသောတန်ခိုးရှင်သည် ရေဖြစ်အောင် ဖန်ဆင်းထားသည့် မြေထဲ၌ ငုတ်ခြင်း, ပေါ်ခြင်းကိုပြု၏၊ ရေထဲ၌ ငုတ်ခြင်း, ပေါ်ခြင်းကို ပြုသကဲ့သို့ပင်တည်း"*

**ရေချိုးခြင်း, သောက်ခြင်း, ထောပတ်, ဆီစသည်ကို ဖန်ဆင်းခြင်း**

တန်ခိုးရှင်သည် ဖန်ဆင်းထားသည့်ရေ၌ ငုတ်ခြင်း, ပေါ်ခြင်းကို ပြုရုံသာမက ထိုရေကိုချိုးခြင်း, သောက်ခြင်း, မျက်နှာသစ်ခြင်း, သက်န်းလျှော်ခြင်း, သပိတ်ဆေးခြင်းစသည်တို့ကိုလည်း ပြုနိုင်၏။ သက်သက်ရေသာလျှင်ဖြစ်သည် မဟုတ်သေး။ ထောပတ်, ဆီ, ပျား, တင်လဲစသည်တို့တွင်လည်း အလိုရှိရာကို ဤမည်သောဝတ္ထုသည် ဤအရာဖြစ်စေဟု ဆင်ခြင်ပြီးလျှင် ပရိကံပြု၍ အဓိဋ္ဌာန်ပါက အဓိဋ္ဌာန်သည့်အတိုင်း ဖြစ်၏။ ယင်းထောပတ်, ဆီစသည်ကို အိုးထဲသို့ ကော်ခတ်ထည့်လျှင်လည်း ထောပတ်, ဆီစသည်ပင် ဖြစ်နေ၏၊ ရေသည် ရေပင်ဖြစ်နေ၏။

ထိုတန်ခိုးရှင်သည် ဖန်ဆင်းထားသည့်ရေ၌ စိုစွတ်စေလိုမှသာ စိုစွတ်၏၊ မစိုစွတ်စေလိုလျှင် မစိုစွတ်ချေ။ ထိုမြေအရပ်သည် ထိုဖန်ဆင်းသူအားသာလျှင် ရေဖြစ်၏၊ အခြားလူများအဖို့မူ မြေသာလျှင်ဖြစ်၏။ ထိုမြေ၌ လူတို့သည် ခြေလျင်သွားကြ၏၊ ယာဉ်များလည်း သွားကြ၏၊ ထွန်ယက်ခြင်းစသည်တို့ကိုလည်း ပြုကြ၏။

အကယ်၍ တန်ခိုးရှင်သည် အခြားသူတို့အဖို့လည်း ရေဖြစ်စေရန်အလိုရှိငြားအံ့၊ အလိုရှိသည့်အတိုင်း ဖြစ်သည်သာတည်း။ ပိုင်းခြားထားသည့်ကာလကို လွန်သောအခါ၌မူ ပိုင်းခြားဖန်ဆင်းထားသည့် ရေအရပ်ဌာနသည် မြေသာလျှင်ပြန်ဖြစ်၏။

**ရေပြင်၌ မြေပြင်ကဲ့သို့ သွားနိုင်သောတန်ခိုး**

ရေပြင်၌ မြေပြင်ကဲ့သို့ နင်းလျှောက်သွားလိုသောတန်ခိုးရှင်သည်-

(၁)ပထဝီကသိုဏ်း၌ ပါဒကစျာန်ကိုဝင်စား၏၊

(၂)ထိုစျာန်မှထ၍ ဤမျှသောအရပ်၌ ရေသည် မြေဖြစ်စေဟုပိုင်းခြားလျက် ပရိကံ

ပြု၏၊

(၃)ပထဝီကသိဏ်း၌ ပါဒကစျာန်တစ်ဖန်ဝင်စား၍ ထိုစျာန်မှထကာ "ဤမျှသော အရပ်၌ ရေသည်မြေဖြစ်စေ"ဟု အဓိဋ္ဌာန်၏။

ဤအဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ပိုင်းခြားထားသမျှအရပ်၌ ရေသည် မြေအတိသာဖြစ်၏။ ထိုတန်ခိုးရှင်သည် ထိုဖန်ဆင်းထားသောမြေပေါ်၌ နင်းလျှောက် သွားနိုင်၏။

ပဋိသမ္ဘိဒါမဂ်၌ အထက်ပါအတိုင်း တန်ခိုးဖန်ဆင်းနိုင်ကြောင်းကို ဖော်ပြထား၏၊ တန်ခိုးရှင်သည် ပကတိပင်ကိုအားဖြင့် ပထဝီကသိဏ်းသမာပတ်ကို နိုင်နင်းရမည်ဟု ဖော်ပြထား၏။

ထိုဖန်ဆင်းထားသည့်မြေပြင်၌ နင်းလျှောက်သွားရုံမျှသာ မဟုတ်သေး၊ အလိုရှိရာ ဣရိယာပုထ်ကိုလည်း ပြုနိုင်၏။ ထို့အပြင် ရေပြင်ကို မြေပြင်ဖြစ်အောင်သာ ပြုနိုင် သည်မဟုတ်သေး၊ ပတ္တမြား, ရွှေ, သစ်ပင်စသည်ကို ဖြစ်စေလိုလျှင်လည်း ဆိုခဲ့ပြီး သောနည်းဖြင့်ပင် ဆင်ခြင်၍အဓိဋ္ဌာန်၏။ အဓိဋ္ဌာန်သည့်အတိုင်းပင် ဖြစ်၏။

ထိုရေပြင်သည် ဖန်ဆင်းသူတန်ခိုးရှင်အားသာ မြေပြင်ဖြစ်နေ၏၊ အခြားလူများ အဖို့မှာမူ ရေပြင်သာလျှင်ဖြစ်နေ၏။ ငါး, လိပ်, ရေကျီးစသော သတ္တဝါတို့သည် ထိုရေ ထဲ၌ အလိုရှိတိုင်း သွားလာကျက်စားနေကြကုန်၏။

အကယ်၍ တန်ခိုးရှင်သည် အခြားသူတို့အားလည်း ထိုရေကို မြေဖြစ်အောင် ပြုလိုငြားအံ့၊ ပြုနိုင်သည်သာလျှင်တည်း။ ပိုင်းခြားထားသောကာလကို လွန်သော အခါ၌မူ ရေသည်သာလျှင် ပြန်ဖြစ်လေ၏။

**ကောင်းကင်၌ ငှက်ကဲ့သို့ထိုင်လျက် သွားနိုင်သည့်တန်ခိုး**

အတောင်ရှိသောငှက်ကဲ့သို့ ကောင်းကင်၌သွားခြင်းကို ပြုလိုသောတန်ခိုးရှင်သည်

(၁)ပထဝီကသိဏ်း၌ ပါဒကစျာန်ကို ဝင်စား၏၊

(၂)ထိုစျာန်မှထ၍ တင်ပလ္လင်ခွေ၍ ထိုင်လျက်သွားလိုလျှင် တင်ပလ္လင်ခွေပမာဏရှိ သောအရပ်ကို ပရိကံပြု၏၊ လဲလျောင်းလျက်သွားလိုလျှင် ညောင်စောင်းပမာဏရှိ သောအရပ်ကို ပရိကံပြု၏၊ အကယ်၍ ခြေလျင်သွားလိုလျှင် လမ်းပမာဏရှိသော အရပ်ကို ပရိကံပြု၏၊

(၃)ပထဝီကသိဏ်း၌ ပါဒကစျာန်ကို တစ်ဖန်ဝင်စား၍ ထိုစျာန်မှထကာ "ပိုင်းခြား ထားသောအရပ်သည် မြေပြင်ဖြစ်စေ"ဟု အဓိဋ္ဌာန်၏။

ဤအဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ပိုင်းခြားထားသောကောင်းကင်အရပ် သည် မြေပြင်ဖြစ်၏၊ ထိုမြေပြင်၌ တန်ခိုးရှင်သည် စင်္ကြံသွားနိုင်၏၊ ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းကိုလည်း ပြုနိုင်၏။

**ပဋိသမ္ဘိဒါမဂ်၌** ဖော်ပြထားသည်မှာ -

*"တန်ခိုးရှင်သည် ပကတိပင်ကိုအားဖြင့် ပထဝီကသိုဏ်းသမာပတ်ကို နိုင်နင်းသူဖြစ်၏၊ ထိုသူသည် ကောင်းကင်ကိုဆင်ခြင်၏၊ ဆင်ခြင်ပြီးလျှင် မြေဖြစ်စေဟု ဉာဏ်ဖြင့် အဓိဋ္ဌာန်၏၊ မြေဖြစ်၏၊ ထိုတန်ခိုးရှင်သည် အထက်ကောင်းကင်၌ စကြီလည်းသွား၏၊ ရပ်လည်းရပ်နေ၏၊ ထိုင်လည်း ထိုင်နေ၏၊ လျောင်းခြင်းကိုလည်း ပြု၏။ တန်ခိုးမရှိသော လူတို့သည် ပကတိမြေပေါ်၌ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်းကို ပြုကြသကဲ့သို့ ဤအတူပင် သမာပတ်ရှစ်ပါးစိတ်ကို နိုင်နင်းသောထိုတန်ခိုးရှင်သည် အထက်ကောင်းကင်၌ စင်္ကြံသွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း တို့ကို ပြုနိုင်၏"*

**ကောင်းကင်၌သွားသူသည် ဒိဗ္ဗစက္ခုရသင့်ပုံ**

ကောင်းကင်၌သွားလိုသော တန်ခိုးရှင်ရဟန်းသည် ဒိဗ္ဗစက္ခုကို ရသင့်၏။ အဘယ့်ကြောင့်နည်းဟူမူ လမ်းခုလတ်အကြား၌ ဥတုကြောင့်ဖြစ်သော တောင်, သစ်ပင်စသည်တို့သည် ရုတ်တရက်ပေါ်ပေါက်လာလျှင်သော်လည်းကောင်း၊ နဂါး, ဂဠုန်စသည်တို့ကလည်း မနာလို၍ တောင်, သစ်ပင်စသည့် အဟန့်အတားကို ဖန်ဆင်းထားလျှင်သော်လည်းကောင်း၊ ထိုအန္တရာယ်တို့ကို မြင်ရန်လိုသောကြောင့် ဖြစ်၏။

ထိုတောင်, သင်ပင်စသည်ကိုမြင်လျှင် အဘယ်သို့ပြုအပ်သနည်းဟူမူ ပါဒကစျာန်ကိုဝင်စားပြီးလျှင် ထိုစျာန်မှထကာ အာကာသဖြစ်စေဟု ပရိကံပြု၏၊ တစ်ဖန် ပါဒကစျာန်ကို ဝင်စား၍ထိုစျာန်မှထပြီးလျှင် "အာကာသဖြစ်စေ"ဟု အဓိဋ္ဌာန်အပ်၏။ ဤအဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ဟင်းလင်းပြင်ဖြစ်၏။ ယင်းဟင်းလင်းပြင်ဖြင့် တောင်, သစ်ပင်စသည်တို့ကို ဖောက်ထွင်းလျက် ဆက်လက်ကြွသွားနိုင်၏။

**တိပိဋကစူဠာဘယမထေရ်**က သမာပတ်တစ်ဖန်ဝင်စားရန်မလို၊ တန်ခိုးရှင်၏ တန်ခိုးပြာဋိဟာအစွမ်းဖြင့်ဖြစ်သောစိတ်သည် တည်ကြည်နေသဖြင့် ထိုစိတ်ဖြင့်ပင် တားဆီးသောအရာကို အာကာသဖြစ်စေဟုအဓိဋ္ဌာန်လျှင် ထိုအရာသည် အာကာသ အတိဖြစ်မည်ဟု ဆို၏။ ထိုသို့ဆိုငြားသော်လည်း **တိရောကုဋ္ဋပြာဋိဟာ**၌ ဖွင့်ဆိုချက်အရ ဆိုခဲ့သောအထက်ကနည်းဖြင့်ပင်လျှင် ပြုကျင့်အပ်၏။

ကောင်းကင်၌ ကြွသွားသောရဟန်းသည် သင့်တော်ရာအရပ်၌ ဆင်းသက်ရန်အတွက်လည်း ဒိဗ္ဗစက္ခုရရှိထားရန် လို၏။ သက်ဆင်းရာမသင့်သည့်အရပ်ဖြစ်သော ရေချိုးဆိပ်, ရွာတံခါးစသည်၌ ဆင်းသက်မိပါက လူအများမြင်တွေ့ပြီး ကောင်းကင်ခရီးဖြင့်ကြွလာသောရဟန်းဖြစ်ကြောင်း သိရှိသွားကြမည်၊ ပေါ်လွင်ထင်ရှားသွားလိမ့်မည်။ ထို့ကြောင့် ဒိဗ္ဗစက္ခုဖြင့်ကြည့်၍ မဆင်းသင့်သောအရပ်ကိုကြဉ်ရှောင်ကာ ဆင်းသင့်သောလူသူကင်းဆိတ်ရာအရပ်၌ ဆင်းနိုင်ပေ၏။

**လနှင့်နေတို့ကို လက်ဖြင့် သုံးသပ်သောတန်ခိုး**

လနှင့်နေတို့သည် ယူဇနာ ၄၂၀၀၀ မြင့်သော ကောင်းကင်၌သွားကြသဖြင့် တန်ခိုးကြီး၏။ ကျွန်းကြီးသုံးကျွန်းကို တစ်ပြိုင်နက် လင်းစေကြသဖြင့် အာနုဘော်ကြီး၏။ ထိုလနှင့်နေကို သုံးသပ်လို, ကိုင်လို, ပွတ်သပ်လိုသောတန်ခိုးရှင်သည် အဘိညာဉ်အခြေခံ ပါဒကျောန်၏အစွမ်းဖြင့်သာ ပြီးစီးနိုင်၏။ ဤတန်ခိုးအရာ၌ မည်သည့်ကသိုဏ်းကျောန်ကို အခြေခံဝင်စားရမည်ဟု ကသိုဏ်းသမာပတ်ကို သတ်မှတ်ခြင်းမရှိချေ။ **ပဋိသမ္ဘိဒါမဂ်**၌ ဖော်ပြထားသည်မှာ-

(၁)တန်ခိုးရှင်သည် ကျောန်သမာပတ်ရှစ်ပါးကို ကျွမ်းကျင်နိုင်နင်းရမည်၊

(၂)လနှင့်နေတို့ကို ဆင်ခြင်၍ တစ်ထောင့်ထွာ (ဟတ္ထပါသ်)အတွင်း၌ဖြစ်စေဟု ပရိကံပြုရမည်၊

(၃)ပါဒကကျောန်ကိုဝင်စား၍ ကျောန်မှထကာ "လနှင့်နေတို့သည် တစ်ထောင့်ထွာအတွင်း၌ဖြစ်စေ"ဟု အဓိဋ္ဌာန်ရမည်။

အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် လနှင့်နေတို့သည် တစ်ထောင့်ထွာအတွင်း၌ ဖြစ်၏။ ထိုတန်ခိုးရှင်သည် ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက်ဖြစ်စေ၊ လနှင့်နေတို့ကို လက်ဖြင့်သုံးသပ်၏၊ ပွတ်သပ်၏၊ တန်းခိုးမရှိသောလူတို့က တစ်ထောင့်ထွာအတွင်း၌ရှိသည့် ရုပ်ဝတ္ထုတို့ကို သုံးသပ်, ပွတ်သပ်ကြသကဲ့သို့ပင် တန်ခိုးရှင်သည် လနှင့်နေတို့ကို သုံးသပ်, ပွတ်သပ်နိုင်၏။

တန်ခိုးရှင်သည် လနှင့်နေတို့ကို သွား၍သုံးသပ်လိုလျှင် သွား၍သုံးသပ်နိုင်၏။ ဤလူ့လောက၌ ထိုင်လျက်ဖြစ်စေ, လျောင်းလျက်ဖြစ်စေ လ, နေတို့ကို သုံးသပ်လိုလျှင် တစ်ထောင့်ထွာ(ဟတ္ထပါသ်)အတွင်း၌ဖြစ်စေဟု အဓိဋ္ဌာန်၏။ အဓိဋ္ဌာန်အစွမ်းကြောင့် အညှာမှပြုတ်ကျသောထန်းသီးကဲ့သို့ တန်ခိုးရှင်၏တစ်ထောင့်ထွာအတွင်းသို့ ရောက်လာကြကုန်၏။ မိမိလက်ကို ပွားစေ, ရှည်စေခြင်းဖြင့်လည်း လနှင့်နေကို လှမ်း၍သုံးသပ်နိုင်၏။ ထိုသို့လက်ကိုပွားစေရာတွင် ဥပါဒိန္နကခေါ် ကိုယ်တွင်းရုပ်က ပွားသလော၊ အနုပါဒိန္နကခေါ် ကိုယ်ပရုပ်ကပွားသလောဟူမူ၊ ကိုယ်တွင်းရုပ်ကိုမှီ၍ ကိုယ်ပရုပ်ပွားသည်ဟု သိအပ်၏။

ဤစကားရပ်၌ **တိပိဋကစူဠနာဂမထေရ်**သည် "ကိုယ်တွင်းရုပ်က ငယ်နိုင်, ကြီးနိုင်သည်မဟုတ်လော၊ တန်ခိုးရှင်ရဟန်းက သော့ပေါက်မှထွက်သည့်အခါ၌ ကိုယ်တွင်းရုပ်သေးငယ်သွားပြီး အရှင်မဟာမောဂ္ဂလာန်ကဲ့သို့ ခန္ဓာကိုယ်ကြီးအောင်ပြုသည့်အခါ ကိုယ်တွင်းရုပ်သည် ကြီးလာသည်မဟုတ်လော"ဟု မိန့်ဆိုတော်မူ၏။

**နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမခြင်း**

အခါတစ်ပါး၌ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရား၏တရားဒေသနာကို နာကြားပြီးလျှင် "အရှင်ဘုရား၊ နက်ဖြန်ခါ ရဟန်းငါးရာနှင့်တကွ အကျွန်ုပ်တို့၏အိမ်၌ ဆွမ်းကိုခံယူဘုဥ်းပေးတော်မူကြပါ"ဟု ပင့်လျှောက်၏။ မြတ်စွာဘုရားက ဆိတ်ဆိတ်

နေကာ လက်ခံတော်မူ၏။

နောက်နေ့နံနက်မိုးသောက်ချိန်၌ တစ်သောင်းသောလောကဓါတ်ကို မြတ်စွာဘုရားကြည့်ရှုတော်မူရာ **နန္ဒောပနန္ဒမည်သောနဂါးမင်းသည်** ဉာဏ်တော်အဝ၌ ထင်ပေါ်လာ၏။ ထိုနဂါးမင်းသည် မိစ္ဆာအယူရှိ၍ ရတနာသုံးပါးကို မကြည်ညိုကြောင်း၊ မဟာမောဂ္ဂလာန်မထေရ်က နဂါးမင်းကို မိစ္ဆာအယူမှ ကင်းလွတ်စေနိုင်ကြောင်းကို ဆင်ခြင်မြင်သိလာ၏။ ထို့နောက် အရှင်အာနန္ဒာကို "နတ်ပြည်သို့ လှည့်လည်ရန် ဘုရား ကြွတော်မူမည့်အကြောင်းကို ရဟန်းငါးရာတို့အား ပြောကြားလော့"ဟု မိန့်တော်မူ၏။

ထိုနေ့၌ နန္ဒောပနန္ဒနဂါးမင်း၏စားသောက်ပွဲကို ခင်းကျင်းစီမံနေကြ၏။ နဂါးမင်းသည် ရတနာပလ္လင်ထက်၌နေ၍ ထီးဖြူဆောင်းမိုးထား၏။ ကချေသည်များနှင့် နဂါးပရိသတ်တို့က ခြံရံခစားနေကြ၏။

မြတ်စွာဘုရားသည် နဂါးမင်းမြင်အောင် ပြုတော်မူလျက် ထိုနဂါးမင်း၏ အထက်အရပ်ဖြင့်ပင်လျှင် ရဟန်းငါးရာတို့နှင့်တကွ တာဝတိံသာနတ်ပြည်သို့ ရှေးရှုကြွတော်မူ၏။ နဂါးမင်းက "ဤရဟန်းယုတ်တို့သည် ငါတို့ရဲ့အထက်မှ တာဝတိံသာနတ်ဘုံသို့ သွားကြ, ပြန်ကြ၏။ ဤရဟန်းတို့အား ငါတို့၏ဦးထိပ်ထက်၌ ခြေမှုမြေမှုန်တို့ကို ကြချလျက်သွားခြင်းငှာ ခွင့်မပေးတော့အံ့"ဟု ကြံစည်ပြီးလျှင် မြင်းမိုရ်တောင်သို့သွား၍ သူ၏ပကတိကိုယ်ကိုစွန့်၍ မြင်းမိုရ်တောင်ကို သူ၏ကိုယ်ဖြင့်ခုနှစ်ပတ်ရစ်ပတ်ကာ တာဝတိံသာနတ်ဘုံကို ပါးပျဉ်းကြီးဖြင့်အုပ်ထား၏။

ထိုအခါ အရှင်ရဋ္ဌပါလသည် မြတ်စွာဘုရားအား မြင်းမိုရ်တောင်, တာဝတိံသာနတ်ပြည်တို့ကို မမြင်ရခြင်းအကြောင်းကို မေးလျှောက်၏။ မြတ်စွာဘုရားက နန္ဒောပနန္ဒနဂါးမင်းသည် အမျက်ထွက်သောကြောင့် မြင်းမိုရ်တောင်ကို သူ၏ကိုယ်ဖြင့် ခုနှစ်ပတ်ရစ်ပတ်၍ အထက်၌ ပါးပျဉ်းဖြင့်ဖုံးအုပ်လျက် အမိုက်တိုက်ပြုလုပ်ထားကြောင်း မိန့်တော်မူ၏။

ထိုအခါ အရှင်ရဋ္ဌပါလ၊ အရှင်ဘဒ္ဒိယ၊ အရှင်ရာဟုလာ ဤသို့သောအစဉ်ဖြင့် ရဟန်းအားလုံးသည် နဂါးမင်းကို ဆုံးမခွင့်ပြုရန် မြတ်စွာဘုရားအားပန်ကြားကြရာ ဘုရားရှင်ကခွင့်မပြုချေ။ အရှင်မဟာမောဂ္ဂလာန်က ဆုံးမခွင့်ပြုရန်လျှောက်ထားသည့်အခါ၌မှ ဘုရားရှင်ခွင့်ပြုတော်မူ၏။

**အရှင်မဟာမောဂ္ဂလာန်**သည် ပကတိအသွင်ကိုစွန့်၍ ကြီးမားသောနဂါးအသွင်ကိုဖန်ဆင်းပြီးလျှင် နန္ဒောပနန္ဒနဂါးမင်း၏ကိုယ်ကို မိမိ၏ကိုယ်ဖြင့် (၁၄)ပတ်ရစ်ပတ်၍ နဂါးမင်း၏ပါးပျဉ်းအထက်၌ မိမိ၏ပါးပျဉ်းကိုထား၍ မြင်းမိုရ်တောင်နှင့်တကွ ဖိညှပ်၏။ နဂါးမင်းအခိုးလွှတ်၏၊ အရှင်မဟာမောဂ္ဂလာန်လည်း အခိုးလွှတ်၏။ နဂါးမင်း၏အခိုးသည် မထေရ်ကို မနှိပ်စက်နိုင်၊ မထေရ်၏အခိုးက နဂါးမင်းကို နှိပ်စက်၏၊

ထို့နောက် နဂါးမင်းသည် မီးလျှံလွှတ်၏၊ မထေရ်ကလည်း မီးလျှံလွှတ်၏။ နဂါးမင်း၏ မီးလျှံသည် မထေရ်ကို မနှိပ်စက်နိုင်။ မထေရ်၏မီးလျှံက နဂါးမင်းကို နှိပ်စက်၏။

ထိုအခါ နဂါးမင်းက "သင်မည်သူနည်း"ဟု မေး၏။ "နန္ဒောပနန္ဒ၊ ငါမောဂ္ဂလာန် တည်း"ဟု မထေရ်ဖြေကြား၏။

"အရှင်ဘုရား . . မိမိ၏ရဟန်းအသွင်ဖြင့် တည်ပါလော့"ဟု နဂါမင်းဆို၏။

အရှင်မဟာမောဂ္ဂလာန်သည် ဖန်ဆင်းထားသောနဂါးအသွင်ကိုစွန့်၍ သိမ်မွေ့သောကိုယ်ကိုဖန်ဆင်းပြီးလျှင် နဂါးမင်း၏လက်ျာနားပေါက်မှဝင်၍ လက်ဝဲနားပေါက်မှထွက်၏၊ လက်ဝဲနားပေါက်မှဝင်၍ လက်ျာနားပေါက်မှထွက်၏၊ လက်ျာနှာခေါင်းပေါက်မှဝင်၍ လက်ဝဲနှာခေါင်းပေါက်မှထွက်၏၊ လက်ဝဲနှာခေါင်းပေါက်မှဝင်၍ လက်ျာနှာခေါင်းပေါက်မှထွက်၏။

နဂါးမင်းသည် ခံတွင်းကိုဖွင့်လိုက်၏၊ မထေရ်သည် ခံတွင်းမှဝင်၍ဝမ်းထဲ၌ စင်္ကြံကြွ၏။ ထိုအခါ မြတ်စွာဘုရားသည် "မောဂ္ဂလာန်၊ သတိထားလော့၊ ဤနဂါးသည် တန်ခိုးကြီး၏"ဟု သတိပေးတော်မူ၏။ မဟာမေဂ္ဂလာန်က "တပည့်တော်သည် ဣဒ္ဓိပါဒ်လေးပါးကို အကြိမ်များစွာ ပွားထားပြီး၊ ကောင်းစွာလေ့ကျင့်၊ အားထုတ်ပြီး ဖြစ်ပါသည်၊ နန္ဒောပနန္ဒနှင့်တူသော နဂါးမင်းတစ်ရာ၊ တစ်ထောင်၊ တစ်သိန်းကိုသော်လည်း တပည့်တော်ဆုံးမနိုင်ပါသည်"ဟု လျှောက်ထား၏။

နဂါးမင်းသည် မထေရ်ကိုဝါးခြေမည်ကြံ၍ "ထွက်ပါအရှင်ဘုရား"ဟု ဆို၏။ မထေရ်ထွက်လာပြီးလျှင် အပြင်ပ၌ ရပ်တည်၏။ နဂါးမင်းသည် နှာခေါင်းလေဖြင့် ရှုတ်တရက်မှုတ်၏။ မထေရ်သည်လည်း စတုတ္ထဈာန်ကို ချက်ချင်းဝင်စားလိုက်သဖြင့် နှာခေါင်းလေသည် ကိုယ်အမွေးကိုမျှ မလှုပ်ရှားစေနိုင်ပါ။

ဘုရားရှင်နှင့်အတူလိုက်ပါလာကြသော အရှင်မဟာမောဂ္ဂလာန်မှအပ အခြားရဟန်းတို့သည် အရှင်မဟာမောဂ္ဂလာန်ပြသခဲ့သည့် တန်ခိုးပြာဋိဟာအားလုံးကို ပြုရန်စွမ်းနိုင်ကြသော်လည်း နဂါးမင်း၏နှာခေါင်းလေလွှတ်သောအရာ၌မူ အရှင်မဟာမောဂ္ဂလာန်ကဲ့သို့ စတုတ္ထဈာန်ကို လျင်မြန်စွာဝင်စားရန် မစွမ်းနိုင်ကြပေ။ သို့အတွက် ထိုရဟန်းတို့ကို နဂါးမင်းအားဆုံးမရန် ဘုရားခွင့်ပြုတော်မမူဘဲ အရှင်မဟာမောဂ္ဂလာန် ကိုသာ ခွင့်ပြုတော်မူခြင်းဖြစ်၏။

နဂါးမင်းသည် မိမိ၏နှာခေါင်းလေက အရှင်မဟာမောဂ္ဂလာန်၏ မွေးညှင်းကိုမျှ မလှုပ်ရှားစေနိုင်ကြောင်းကိုတွေ့ရ၍ "ဤရဟန်း တန်ခိုးကြီးပေစွ"ဟု ကြံမိပြီး ထွက်ပြေးရာ မထေရ်သည် ရဟန်းအသွင်ကိုစွန့်၍ ဂဠုန်အသွင်ဖန်ဆင်းပြီးလျှင် ပြင်းထန်သောဂဠုန်လေကို ပြုလျက် အစဉ်လိုက်လေ၏။ နဂါးမင်းသည် နဂါးကိုယ်ကိုစွန့်၍ လုလင်အသွင်ဖန်ဆင်းပြီးလျှင် -

"အရှင်ဘုရား၊ အရှင်ဘုရားတို့ကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါ၏"ဟု

လျှောက်ထား၍ မထေရ်ခြေတော်တို့ကို ရှိခိုးလေ၏။

အရှင်မဟာမောဂ္ဂလာန်သည် နဂါးမင်းကိုဆုံးမ၍ အဆိပ်အတောက်ကင်းအောင် ပြုပြီးလျှင် မြတ်စွာဘုရားထံသို့ ခေါ်ဆောင်သွားလေ၏။ နဂါးမင်းသည် မြတ်စွာဘုရားကို ရှိခိုး၍ "အရှင်ဘုရားတို့ကို ကိုးကွယ်ရာဟု ဆည်းကပ်ပါသည် အရှင်ဘုရား" ဟု လျှောက်၏။

မြတ်စွာဘုရားသည် "ချမ်းသာသည်ဖြစ်စေ နဂါးမင်း"ဟု မိန့်တော်မူပြီးလျှင် ရဟန်းအပေါင်းခြံရံလျက် အနာထပိဏ်သူဌေးအိမ်သို့ ဆွမ်းဘုဉ်းရန် ကြွတော်မူလေ၏။ အနာထပိဏ်သူဌေးသည် အရှင်မဟာမောဂ္ဂလာန်ကို ပူဇော်သက္ကာရပြုရန် အတွက် ဘုရားအမှူးရှိသော ရဟန်းငါးရာတို့ကို ခုနစ်ရက်ပတ်လုံး ကြီးစွာသော ပူဇော် သက္ကာရပြုလေ၏။

## လ,နေတို့နှင့်သက်ဆိုင်သောတန်ခိုးများ

တန်ခိုးရှင်တို့သည် လ, နေတို့ကို ကိုင်တွယ်, သုံးသပ်ရုံမျှသာမကသေး။ အလိုရှိလျှင် လ, နေတို့ကို ခြေပွတ်အိုး, အိုးခြမ်းကွဲပြု၍ ခြေတို့ကို တင်ထားနိုင်၏၊ အင်းပျဉ် ပြု၍ တက်ထိုင်နိုင်၏။ ညောင်စောင်းပြု၍ တက်လျောင်းနိုင်၏။ တန်ခိုးရှင်တစ်သိန်း တို့က ဤသို့ပြုလုပ်လိုလျှင် တစ်ပြိုင်တည်း ပြုလုပ်နိုင်ကြ၏။

ဤတန်ခိုးဖန်ဆင်းမှုတို့သည် လ, နေတို့၏ပကတိရွေ့ရှားသွားနေခြင်းကိုလည်း ကောင်း၊ အလင်းရောင်ဖြန့်ပေးနေခြင်းကိုလည်းကောင်း၊ အနှောင့်အယှက်မဖြစ်စေပါ။ ဥပမာပြရလျှင် ခွက်တစ်ထောင်တို့ကို ရေဖြည့်ထားလျှင် ခွက်အားလုံး၌ လဝန်းရိပ် ထင်သကဲ့သို့တည်း၊ လ၏သွားခြင်းနှင့် အလင်းရောင်ပြုခြင်းတို့သည် ပကတိအတိုင်း ပင်ဖြစ်နေကြသကဲ့သို့တည်း။

## ဗြဟ္မာ့ပြည်သို့ ထင်ရှားသောကိုယ်ဖြင့်သွားခြင်း

သမာပတ်ရှစ်ပါးကိုနိုင်နင်း၍ အဘိညာဉ်ရသောတန်ခိုးရှင်သည် ထင်ရှားမြင်ရ သော ကိုယ်ဖြင့် ဗြဟ္မာ့ပြည်သို့ သွားလိုငြားအံ့၊ ကိုယ်၏အစွမ်းဖြင့် စိတ်ကိုညွတ်စေ၏၊ တင်၏။ ကိုယ်၏အစွမ်းဖြင့် စိတ်ကိုအဓိဋ္ဌာန်၏။ ထိုသို့အဓိဋ္ဌာန်ပြီးလျှင် သုခသညာသို့ လည်းကောင်း လဟုသညာသို့လည်းကောင်း သက်ရောက်၍ ထင်ရှားမြင်ရသောကိုယ် ဖြင့် ဗြဟ္မာလောကသို့ သွား၏။

"ကိုယ်၏အစွမ်းဖြင့် စိတ်ကိုညွတ်စေ၏၊ တင်၏"ဟူသည် မဟာဘုတ်လေးပါးတို့နှင့် တကွဖြစ်သော ကရဇကိုယ်၏အစွမ်းဖြင့် စိတ်ကိုညွတ်စေသည်၊ ပါဒကစျာန်စိတ်ကို တင်သည်ကို ဆိုလို၏၊ ယင်းပါဒကစျာန်စိတ်ကို ရုပ်ကိုယ်နှင့်အလားတူ အစဉ်လိုက် ခြင်း, နှောင့်နှေးသွားခြင်းရှိအောင်ပြု၏။

**"သုခသညာ"**ဟူသည်မှာ ပါဒကစျာန်နှင့်ယှဉ်သောဥပေက္ခာကို ငြိမ်သက်သည်၏ အစွမ်းကြောင့် သုခဟုဆို၏၊ ထိုဥပေက္ခာနှင့်ယှဉ်သောသညာကို သုခသညာဟုဆို၏။

"လဟုသညာ"ဟူသည်မှာ ထိုသုခသညာကိုပင် ဆန့်ကျင်ဘက်နီဝရဏတို့မှလည်းကောင်း၊ ဝိတက်စသည့်ဆန့်ကျင်ဘက်တို့မှလည်းကောင်း လွတ်မြောက်၍ ပေါ့သည့်အဖြစ်ကြောင့် "လဟုသညာ"ဟုဆို၏။

ထိုသုခသညာ, လဟုသညာသို့ရောက်သော ပုဂ္ဂိုလ်၏ကရဇရုပ်ကိုယ်သည် ဝါဂွမ်းကဲ့သို့ လဲမှို့ကဲ့သို့ အလွန်ပေါ့၏။ လဲမှို့သည် လေအဟုန်ဖြင့် ပေါ့ပါးစွာလွင့်ပျံတက်သွားသကဲ့သို့ လဟုသညာသို့ရောက်သောတန်ခိုးရှင်၏ကိုယ်သည်လည်း အလွန်ပေါ့ပါးစွာ ထင်ထင်ရှားရှားမြင်ရလျက် ဗြဟ္မာ့ပြည်သို့ တက်သွားနိုင်၏။ တန်ခိုးရှင်သည် အလိုရှိလျှင် ပထဝီကသိုဏ်းစျာန်၏အစွမ်းဖြင့် ကောင်းကင်၌ လမ်းဖန်ဆင်း၍ ခြေဖြင့်သွားနိုင်၏။ ဝါယောကသိုဏ်းစျာန်၏အစွမ်းဖြင့် လေတိုက်ခတ်အောင် အဓိဋ္ဌာန်၍ လဲမှို့ကဲ့သို့ လေဖြင့်လွင့်၍ သွားနိုင်၏။ လေးသမားက ပစ်လိုက်သောမြားကဲ့သို့ အဓိဋ္ဌာန်အဟုန် ဖြင့်သွား၏။

### ဗြဟ္မာ့ပြည်သို့ မထင်ရှားသောကိုယ်ဖြင့်သွားခြင်း

သမာပတ်ရှစ်ပါးကိုနိုင်နင်း၍ အဘိညာဉ်ရသောတန်ခိုးရှင်သည် မထင်ရှား, မမြင်ရသောကိုယ်ဖြင့် ဗြဟ္မာလောကသို့ အကယ်၍သွားလိုငြားအံ့၊ စိတ်၏အစွမ်းအားဖြင့် ကိုယ်ကိုညွတ်စေ၏၊ တင်၏၊ စိတ်၏အစွမ်းအားဖြင့် ကိုယ်ကိုညွတ်စေ၏၊ တင်၏၊ စိတ်၏အစွမ်းအားဖြင့် ကိုယ်ကိုအဓိဋ္ဌာန်၏၊ စိတ်၏အစွမ်း ဖြင့် ကိုယ်ကိုညွတ်စေပြီး၍ အဓိဋ္ဌာန်ပြီး၍ သုခသညာသို့လည်းကောင်း၊ လဟုသညာ သို့လည်းကောင်းသက်ရောက်၍ မထင်ရှား, မမြင်ရသောကိုယ်ဖြင့် ဗြဟ္မာလောကသို့ သွား၏။

ထိုတန်ခိုးရှင်သည် ဗြဟ္မာတို့၏ရှေ့၌ အင်္ဂါအားလုံးပြည့်စုံ၍ ဣန္ဒြေရှိသော မနောမယရုပ်ကိုယ်ကိုဖန်ဆင်း၏။ အကယ်၍ ထိုတန်ခိုးရှင်သည် စင်္ကြံသွားလျှင် ထိုနိမ္မိတရုပ်ကိုယ်သည်လည်း ထိုဗြဟ္မလောက၌ စင်္ကြံသွား၏။ အကယ်၍တန်ခိုးရှင်သည် ရပ်တည်ငြားအံ့၊ ထိုင်ငြားအံ့၊ လျောင်းငြားအံ့၊ နိမ္မိတရုပ်ကိုယ်သည်လည်း ထိုအရပ်၌ ရပ်တည်၏၊ ထိုင်၏၊ လျောင်း၏။

အကယ်၍ တန်ခိုးရှင်သည် အခိုးလွှတ်ငြားအံ့၊ မီးလျှံလွှတ်ငြားအံ့၊ တရားဟောငြားအံ့၊ ပြဿနာမေးငြားအံ့၊ ပြဿနာမေးခံရ၍ ဖြေငြားအံ့၊ နိမ္မိတရုပ်ကိုယ်သည်လည်း ထိုအရပ်၌ အလားတူပြုမူ၏၊ ပြဿနာအမေးခံရလျှင် မေးသည့်ပြဿနာကို ဖြေ၏။ အကယ်၍ တန်ခိုးရှင်သည် ဗြဟ္မာနှင့်တကွ တည်နေငြားအံ့၊ ပြောဆိုငြားအံ့၊ ဆွေးနွေးငြားအံ့၊ နိမ္မိတရုပ်ကိုယ်သည်လည်း ထိုအရပ်၌ ထိုဗြဟ္မာနှင့်တကွ တည်နေ၏၊ ပြောဆို၏၊ ဆွေးနွေး၏။ တန်ခိုးရှင်သည် အကြင်အကြင်အမှုကိုပြု၏၊ ထိုထိုအမှုကိုပင် နိမ္မိတရုပ်သည် ပြု၏ဟူ၍ **ပဋိသမ္ဘိဒါမဂ်**တွင် ဖော်ပြ၏။

### ဝေးသောအရပ်ကို နီးအောင်ပြုခြင်း

သမာပတ်ရှစ်ပါးကိုနိုင်နင်း၍ အဘိညာဉ်ရသောတန်ခိုးရှင်သည် ပါဒကစျာန်ကို

ဝင်စားပြီးနောက် ဈာန်မှထ၍ အဝေး၌ရှိသည့် နတ်ပြည်ကိုလည်းကောင်း၊ ဗြဟ္မာ့ပြည် ကိုလည်းကောင်း၊ အနီး၌ဖြစ်စေဟု ဆင်ခြင်၏၊ ပရိကံပြု၏။ တစ်ဖန် ပါဒကဈာန်ကို ဝင်စားပြီး လျှင် ဈာန်မှထ၍ "အနီး၌ဖြစ်စေ"ဟု အဓိဋ္ဌာန်ပြု၏၊ အဓိဋ္ဌာန်စိတ်ဖြစ် သည်နှင့်တစ် ပြိုင်နက် ထိုနတ်ပြည်၊ ဗြဟ္မာ့ပြည်သည် အနီး၌ဖြစ်၏။

**မြတ်စွာဘုရားရှင်**သည် ဤတန်ခိုးပြာဋိဟာကို အလိုရှိသည့်အခါ၌ အသုံးပြု၏။ ရေမီးအစုံအစုံ ယမိုက်ပြာဋိဟာပြပွဲပြီးဆုံးသောအခါ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူလိုသဖြင့် ယုဂန္ဓိုရ်တောင်, မြင်းမိုရ်တောင်တို့ကို အနီး၌ဖြစ်အောင် ဖန်ဆင်းတော်မူ၏၊ ထို့နောက် မြေပြင်မှ တစ်ခုသောခြေတော်ကို ယုဂန္ဓိုရ်တောင်ထိပ် ၌ တည်စေပြီးလျှင် ဒုတိယခြေတော်ကို မြင်းမိုရ်တောင်ထိပ်၌ တည်စေတော်မူ၏။

**အရှင်မဟာမောဂ္ဂလာန်မထေရ်**သည် တာဝတိံသာမှ သင်္ကဿမြို့သို့မြတ်စွာ ဘုရားဆင်းသက်တော်မူသောနေ့၌ နံနက်စာစားပြီး၍ သာဝတ္ထိမြို့မှ သင်္ကဿမြို့သို့ သွားနေကြသည့် ၁၂-ယူဇနာပရိသတ်ကို ထိုခဏအတွင်း၌ပင် သင်္ကဿမြို့သို့ရောက် အောင် ယူဇနာသုံးဆယ်ခရီးကို ချုံ့ပေးတော်မူ၏။

သီရိလင်္ကာကျွန်း၌ **စူဠသမုဒ္ဒမထေရ်**သည်လည်း ဤတန်ခိုးကို ပြုဖူး၏။ ဒုဗ္ဘိက္ခန္တရကပ် ကျရောက်နေသည့်အခါကာလ၌ **ရဟန်းခုနစ်ရာ**တို့သည် ဆွမ်းခံ၍ မရကြသဖြင့် စူဠသမုဒ္ဒမထေရ်ထံသို့ နံနက်စောစောကပင် လာရောက်ကြ၏။ မထေရ်သည် "ဤမျှများပြားသော သံဃာရဟန်းများသည် အဘယ်အရပ်၌ ဆွမ်းခံနိုင်အံ့နည်း"ဟု ဆင်ခြင်ကြည့်လတ်သော် သီရိလင်္ကာတစ်ကျွန်းလုံး၌ ဆွမ်းခံ နိုင်မည့်နေရာကို မမြင်ရ ချေ၊ သမုဒ္ဒရာကိုဖြတ်သန်း၍ ဝေးလံလှသည့်**ပါဋလိပုတ်** ပြည်သို့ ကြွသွားမှသာလျှင် ဆွမ်းပြည့်စုံမည်ကို မြင်ရလေ၏။

ရဟန်းတို့ကို သပိတ်သင်္ကန်းယူစေပြီးလျှင် "ငါ့ရှင်တို့ လာကြလော့၊ ဆွမ်းခံသွားကြ အံ့"ဟု ခေါ်၍ မြေကိုချုံ့တော်မူ၏။ မကြာမီပင် ပါဋလိပုတ်ပြည်သို့ရောက်ကြသဖြင့် တိုက်ကြီးတာကြီးများနှင့် လူစည်ကား၍ ဆွမ်းလောင်းသူများစွာကို မြင်ရသည့်အခါ "ဤမြို့သည် အဘယ်မြို့ပါနည်းအရှင်ဘုရား"ဟု ရဟန်းတို့က မေးကြ၏။

"ငါ့ရှင်တို့. . ပါဋလိပုတ်မြို့ဖြစ်သည်"ဟု စူဠသမုဒ္ဒမထေရ်ဖြေကြား၏။

"ပါဋလိပုတ်မြို့သည်သီရိလင်္ကာမှ အလွန်ဝေးလှသည်မဟုတ်ပါလားဘုရား"

"ငါ့ရှင်တို့. . . မထေရ်အိုကြီးတို့မည်သည်မှာ အဝေး၌ရှိသည်ကို အနီး၌ဖြစ် အောင် ပြုတတ်ကြကုန်၏"

"မဟာသမုဒ္ဒရာက အဘယ်မှာပါနည်း အရှင်ဘုရား"

"ငါ့ရှင်တို့. . လမ်းခုလတ်မှာ ညိုသောမြောင်းငယ်တစ်ခုကို ကျော်ဖြတ်လာကြသည် မဟုတ်လား"

"မှန်ပါ၊ ကျော်ဖြတ်ခဲ့ကြပါသည်၊ သို့သော် သမုဒ္ဒရာဟူသည်ကား အလွန်

ကြီးကျယ်လှသည်မဟုတ်လား အရှင်ဘုရား"

"ငါ့ရှင်တို့ . မထေရ်အိုကြီးတို့သည် ကြီးသည့်အရာကို ငယ်အောင်ပြုတတ်ကုန်၏" ဟု မထေရ်အမိန့်ရှိလေ၏။

**တိဿဒတ္တမထေရ်**သည်လည်း စူဠသမုဒ္ဒမထေရ်ပြုသကဲ့သို့ပင် ညနေချမ်းအချိန်၌ ရေချိုးပြီးသော် ဧကေသီသက်န်းကို ရုံတော်မူ၍ မဟာဗောဓိပင်ကိုရှိခိုးမည်ဟုကြံစည်လျက် မဟာဗောဓိပင်ကို အနီး၌ဖြစ်အောင် ပြုတော်မူ၏။

**အနီးကို အဝေးဖြစ်အောင် ဖန်ဆင်ခြင်း**

တန်ခိုးရှင်သည် ပါဒကစျာန်ကိုဝင်စားပြီးနောက် ဈာန်မှထ၍ အနီး၌ရှိသည့် အရာဝတ္ထု, ပုဂ္ဂိုလ်စသည်ကို အဝေး၌ရှိစေရန် ဆင်ခြင်၏၊ ပရိကံပြု၏။ တစ်ဖန် ပါဒကစျာန်ကိုဝင်စားပြီးလျှင် ဈာန်မှထ၍ "အဝေး၌ဖြစ်စေ"ဟု အဓိဋ္ဌာန်ပြု၏။ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ထိုအရာဝတ္ထု, ပုဂ္ဂိုလ်စသည်တို့သည် အဝေး၌ဖြစ်၏။

**မြတ်စွာဘုရားသည် မိမိနှင့်အင်္ဂုလိမာလအကြား၌ရှိသောခရီးကို အနီးဖြစ်သော်လည်း အဝေးဖြစ်အောင် ပြုတော်မူ၏။**

**အများကို အနည်းဖြစ်အောင်ဖန်ဆင်းခြင်း**

တန်ခိုးရှင်သည် ပါဒကစျာန်ကိုဝင်စားပြီးနောက် ဈာန်မှထ၍ များသောအရာဝတ္ထုကို 'အနည်းဖြစ်စေ'ဟုဆင်ခြင်၏၊ ပရိကံပြု၏။ တစ်ဖန် ပါဒကစျာန်ကိုဝင်စားပြီးလျှင် ဈာန်မှထ၍ "အနည်းဖြစ်စေ"ဟု အဓိဋ္ဌာန်ပြု၏။ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် ထိုအရာဝတ္ထုသည် အနည်းဖြစ်၏။

အနည်းကို အများဖြစ်အောင် ဖန်ဆင်းလိုလျှင်လည်း အလားတူပြုလုပ်နိုင်၏။

**အရှင်မဟာကဿပမထေရ်**သည် အများကို အနည်းဖြစ်အောင် ပြုဖူး၏။ ရာဇဂြိုဟ်မြို့ဝယ်နက္ခတ်ပွဲသဘင်နေ့၌ **လုံမပျိုငါးရာ**တို့သည် **လမုန့်**တို့ကိုယူခဲ့၍ နက္ခတ်ပွဲသဘင်သို့ သွားကြသည့်အခါ လမ်းခုလတ်တွင် မြတ်စွာဘုရားကို ဖူးမြင်ကြသော်လည်း မုန့်မလှူကြချေ။ ဘုရားရှင်နောက်မှကြွလာသော အရှင်မဟာကဿပကို တွေ့မြင်ကြသည့်အခါ "ငါတို့၏မထေရ်ကြွလာသည်၊ မုန့်လှူကြမည်"ဆို၍ လုံမပျိုအားလုံးတို့သည် မုန့်ဝိုင်းလှူကြ၏။ **အရှင်မဟာကဿပမထေရ်သည် မိမိ၏သပိတ်ဖြင့် လုံမပျိုငါးရာတို့လှူသောမုန့်အားလုံးကို ခံယူ၍ မုန့်အားလုံးကို သပိတ်ပြည့်ရုံမျှ ပြုတော်မူ၏**။ မထေရ်သည် မုန့်တို့ကိုယူဆောင်၍ မြတ်စွာဘုရားအား ကပ်လှူလေ၏။

**အရှင်မဟာမောဂ္ဂလာန်**သည် **ဣလ္လိသသူဌေးဝတ္ထု**၌ အနည်းကို အများဖြစ်အောင် ပြုဖူး၏။ **မစ္ဆရိယကောသိယသူဌေး**လှူဒါန်းသောမုန့်တို့ကို အများဖြစ်အောင် ဖန်ဆင်း ပြီးလျှင် မြတ်စွာဘုရားအမှူးရှိသည့် သံဃာတော်တို့အား လောင်းလှူစေ၏။

**မြတ်စွာဘုရား**သည်လည်း **ကာကဝလိယဝတ္ထု**၌ အနည်းကို အများပြုတော်မူ၏။ ပြုပုံမှာ- **အရှင်မဟာကဿပမထေရ်**သည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်

စဉ်စားပြီးနောက် ဆင်းရဲသားတို့ကို ချီးမြှောက်လိုခြင်းကြောင့် အလွန်ဆင်းရဲမွဲတေသည့် ကာကဝလိယဇနီးမောင်နှံတို့၏အိမ်တံခါးဝ၌ ဆွမ်းရပ်တော်မူ၏။

ကာကဝလိယ၏ဇနီးသည် မထေရ်ကိုမြင်လျှင် ခင်ပွန်းအတွက်ချက်ပြုထားသည့် ဆားမပါသောဟင်းစပ်ယာဂုကို သပိတ်၌ လောင်းလှူလေ၏။ မထေရ်သည် ထိုယာဂုကိုခံယူ၍ မြတ်စွာဘုရားအား ဆက်ကပ်၏။ မြတ်စွာဘုရားသည် ထိုယာဂုကို များစွာသောရဟန်းတို့အတွက် လောက်ငအောင် ပရိကံပြုပြီးနောက် အဓိဋ္ဌာန်တော်မူ၏။ **သပိတ်တစ်လုံးတည်းဖြင့် ဆောင်ယူခဲ့သောယာဂုသည် ရဟန်းအားလုံးတို့အား လောက်ငလေ၏။**

ဤကောင်းမှုကုသိုလ်ကြောင့် ကာကဝလိယမောင်နှံတို့သည် ရွှေအိုးများရရှိကြသဖြင့် ခုနစ်ရက်မြောက်နေ့၌ မောင်ကာကသည်လည်း သူဌေးအရာကို ရလေ၏။

**အလိုရှိရာရာကို တန်ခိုးဖန်ဆင်းနိုင်ခြင်း**

အများကိုအနည်း, အနည်းကိုအများဖြစ်အောင် တန်ခိုးဖြင့် ဖန်ဆင်းနိုင်သည် မဟုတ်သေး၊ အချိုကို ချဉ်အောင် မချိုသည်ကိုချိုမြိန်အောင် မကောင်းသည်ကို ကောင်းအောင်စသည်ဖြင့် အလိုရှိရာရာအလုံးစုံသည် တန်ခိုးရှင်မှာ ပြီးမြောက်၏။

**မဟာအနုရုဒ္ဓမထေရ်**သည် များစွာသောရဟန်းတို့က ဆွမ်းခံလှည့်လည်ရာ၌ ဟင်းမပါဘဲ ဆွမ်းထမင်းသက်သက်ကိုသာရရှိကြသဖြင့် ဂင်္ဂါမြစ်ကမ်း၌ထိုင်လျက် ဘုဉ်းပေးနေကြသည်ကိုမြင်၏။ ထိုအခါ မထေရ်သည် ပါဒကစျာန်ဝင်စားပြီးနောက် စျာန်မှထ၍ **ဂင်္ဂါမြစ်ရေကို ထောပတ်ကြည်ဖြစ်စေ**ဟု ဆင်ခြင်ပြီးပရိကံပြု၏၊ တစ်ဖန် ပါဒကစျာန်ဝင်စားပြီးလျှင် ထိုစျာန်မှထ၍ ဂင်္ဂါမြစ်ရေကို "ထောပတ်အကြည်ဖြစ်စေ" ဟု အဓိဋ္ဌာန်၏။ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ဂင်္ဂါမြစ်ရေသည် ထောပတ်အကြည်ဖြစ်၏။

မထေရ်သည် သာမဏေတို့အား ထောပတ်ကိုမြင်အောင် အမှတ်သညာပေးလေ၏။ ထိုသာမဏေတို့သည် ခွက်ငယ်တို့ဖြင့် ထောပတ်ကိုဆောင်ယူ၍ ရဟန်းသံဃာအား ကပ်လှူကြ၏။ အားလုံးသောရဟန်းသာမဏေတို့သည် ချိုမြိန်ကောင်းမြတ်သည့် ထောပတ်ကြည်နှင့်ဆွမ်းဘုဉ်းပေးကြရလေ၏။

**ဝေါဟာရတို့၏အဓိပ္ပါယ်ရှင်းလင်းချက်**

**"စိတ်၏အစွမ်းဖြင့် ကိုယ်ကိုညွတ်စေ၏"ဟူသည့်အဓိပ္ပါယ်**

"စိတ်၏အစွမ်းဖြင့် ကိုယ်ကိုညွတ်စေ၏"ဟူရာ၌ ရုပ်ကိုယ်ကိုယူ၍ ပါဒကစျာန်စိတ်၌ တင်၏၊ စိတ်နှင့်အလားတူမြန်သောသွားခြင်းရှိအောင်ပြု၏၊ စိတ်၏သွားခြင်းသည် မြန်၏၊ စိတ်၏သွားခြင်းနှင့်တူသောသွားခြင်းရှိသည် ဖြစ်၏။

**"မနောမယ"၏အဓိပ္ပါယ်**

"မနောမယ"ဟူရာ၌ အဓိဋ္ဌာန်သောအဘိညာဉ်စိတ်ဖြင့် ဖန်ဆင်းအပ်သည် ဖြစ်ခြင်းကြောင့် မနောမယစိတ်ဖြင့် ပြီးသည်မည်၏။

**"မယုတ်လျော့သောဣန္ဒြေရှိခြင်း"**

ဖန်ဆင်းသောနိမ္မိတရုပ်၏ မျက်စိ, နားစသည်တို့၏ပုံသဏ္ဍာန်တည်ကြည်ခြင်းကို ဆိုလို၏။ သို့သော် ဖန်ဆင်းသည့်နိမ္မိတရုပ်၌ ကံကြောင့်ဖြစ်သည့် ပသာဒရုပ်များ မရှိချေ။ "အကယ်၍ တန်ခိုးရှင်သည် စင်္ကြံသွားငြားအံ့၊ ဖန်ဆင်းထားသောနိမ္မိတရုပ် ကိုယ်သည်လည်း စင်္ကြံသွား၏"စသည်ဖြင့် နိမ္မိတရုပ်သည် တန်ခိုးရှင်ပြုသမျှကို ထပ်တူလိုက်ပြု၏။ မြတ်စွာဘုရားဖန်ဆင်းသော နိမ္မိတရုပ်သည်ကား မြတ်စွာဘုရားပြုသည့် ထိုထိုအမှုကိုလည်းပြု၏၊ မြတ်စွာဘုရား၏အလိုတော်အစွမ်းဖြင့် အခြားအမှုကို လည်းပြု၏။

**"ကိုယ်ဖြင့် အလိုသို့လိုက်စေပုံ"ကိုရှင်းပြခြင်း**

တန်ခိုးရှင်သည် ဤလူ့ပြည်၌သာတည်လျက် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ဗြဟ္မာ အဆင်းကိုမြင်၏၊ ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ဗြဟ္မာ့အသံကိုကြား၏၊ စေတောပရိယ အဘိညာဉ်ဖြင့် ဗြဟ္မာ့စိတ်ကိုသိ၏။ ဤသို့ မြင်, ကြား, သိရုံမျှဖြင့် ကိုယ်ဖြင့်အလိုသို့ လိုက်စေသည်မမည်သေး။

ထို့ပြင်လည်း တန်ခိုးရှင်သည် ဤလူ့ပြည်၌သာတည်လျက် ထိုဗြဟ္မာနှင့်တကွ တည်၏၊ ပြောဆို၏၊ ဆွေးနွေး၏။ ဤမျှဖြင့်လည်း ကိုယ်ဖြင့် အလိုသို့လိုက်စေသည် မမည်သေး။

ထို့ပြင်လည်း "အဝေး၌ရှိသည်ကို အနီး၌ဖြစ်အောင် အဓိဋ္ဌာန်၏" ဤသို့စသော အဓိဋ္ဌာန်ခြင်းကို တန်ခိုးရှင်သည် ပြု၏။ ဤမျှဖြင့်လည်း ကိုယ်ဖြင့် အလိုသို့လိုက်စေ သည် မမည်သေး။

စင်စစ်သော်ကား "ထိုတန်ခိုးရှင်သည် ဗြဟ္မာ၏ရှေ့၌ ရုပ်ကိုယ်ကို ဖန်ဆင်း၏" ဤသို့စသောနည်းဖြင့်သာလျှင် ကိုယ်ဖြင့် အလိုသို့ လိုက်စေသည် မည်ပေ၏။

**ဝိကုဗ္ဗနတန်ခိုးနှင့် မနောမယတန်ခိုးတို့၏ထူးခြားကွဲပြားပုံ**

**ဝိကုဗ္ဗနတန်ခိုး** (၀၊) ဝိကုဗ္ဗနဣဒ္ဓိဖြင့်ဖန်ဆင်းရာ၌ တန်ခိုးရှင်သည် ပကတိ အသွင်ကိုစွန့်၍ သူငယ်အသွင်, နဂါးအသွင်, ဂဠုန်အသွင်, နတ်, သိကြား, ဗြဟ္မာ အသွင် စသည်ဖြင့် အလိုရှိရာအသွင်သဏ္ဍာန်အမျိုးမျိုးကို ဖန်ဆင်းခြင်းဖြစ်၏။

သူငယ်အသွင်ကိုဖန်ဆင်းလိုလျှင် တန်ခိုးရှင်သည် ပထဝီကသိုဏ်းစသည့် ကသိုဏ်းတစ်ပါးပါး၌ ရူပါဝစရစတုတ္ထဈာန်ဟူသည့် ပါဒကဈာန်ကို ဝင်စားပြီးလျှင် ဈာန်မှထ၍ သူငယ်အသွင်ကို ဆင်ခြင်၍ ပရိကံပြု၏၊ တစ်ဖန် ပါဒကဈာန်ကို ဝင်စား ပြီးလျှင် ထိုဈာန်မှထ၍ "သူငယ်ဖြစ်စေ"ဟု အဓိဋ္ဌာန်၏၊ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်

တစ်ပြိုင်နက် သူငယ်အသွင်ဖြစ်၏။

ဥပမာအားဖြင့် **အရှင်ဒေဝဒတ်သည် မင်းသားငယ်အသွင် ဖန်ဆင်း၍ အဇာတသတ်မင်းသားထံသို့ သွားသကဲ့သို့တည်း။**

(မှတ်ချက် - အဓိဋ္ဌာနိဒ္ဓိသည် ပကတိအသွင်ကိုမစွန့်ဘဲ ကိုယ်ခွဲတစ်ရာ, တစ်ထောင်စသည် ဖန်ဆင်းခြင်းဖြစ်၏။ ဝိကုဗ္ဗနဣဒ္ဓိနှင့်မမှားစေနှင့်)

**မနောမယဣဒ္ဓိ**ဟူသော စိတ်တန်ခိုးဖြင့် မနောမယရုပ်ကိုယ် (ဝါ) စိတ်တန်ခိုးဖြင့်ပြီးသောကိုယ်ကို ဖန်ဆင်းရာ၌ တန်ခိုးရှင်သည် ပထဝီကသိုဏ်းစသည့် ကသိုဏ်းတစ်မျိုးမျိုးတွင် ပါဒကစျာန်ကိုဝင်စားပြီးလျှင် ထိုစျာန်မှထ၍ မိမိ၏ကိုယ်ကို အခေါင်းအဖြစ် ဆင်ခြင်၍ အခေါင်းဖြစ်စေဟု ပရိကံပြု၏။ တစ်ဖန် ပါဒကစျာန်ကို ဝင်စားပြီးလျှင် ထိုစျာန်မှထ၍ "ဤကိုယ်သည် အခေါင်းဖြစ်စေ"ဟု အဓိဋ္ဌာန်၏။ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် မိမိ၏တစ်ကိုယ်လုံး အခေါင်းဖြစ်၏။

ထိုအခါ ထိုကိုယ်၏အတွင်းအခေါင်းထဲ၌ ဖန်ဆင်းလိုသော ရုပ်ကိုယ်ကို ဆင်ခြင်၍ ပရိကံပြု၏။ ထို့နောက် ဆိုခဲ့သောနည်းဖြင့် ပါဒကစျာန်ဝင်စားပြီးနောက် စျာန်မှထ၍ "ဖန်ဆင်းလိုသည့်ကိုယ်ဖြစ်စေ"ဟု အဓိဋ္ဌာန်၏၊ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင် နက် ကိုယ်၏အတွင်းအခေါင်းထဲ၌ ဖန်ဆင်းသည့်ရုပ်ကိုယ်သည် ဖြစ်၏။

ထိုတန်ခိုးရှင်သည် ထိုတန်ခိုးဖြင့်ပြီးသောကိုယ် (ဝါ) နိမ္မိတကိုယ်ကို အပြင်ပသို့ ထုတ်၏။ ဥပမာအားဖြင့် ဖြူဆံမြက်ပင်မှ ဖြူဆံညှောက်ကို ထုတ်သကဲ့သို့လည်းကောင်း သန်လျက်အိမ်, ဓားအိမ်မှ သန်လျက်, ဓားကို ထုတ်ယူသကဲ့သို့လည်းကောင်း၊ မြွေပခြုတ်မှ (ဝါ) မြွေရေခွံမှ မြွေကို ထုတ်သကဲ့သို့လည်းကောင်း ထုတ်ယူခြင်းဖြစ်၏။

ဖြူဆံညှောက်စသည်တို့သည် ဖြူဆံမြက်ပင်စသည်တို့နှင့်တူကုန်သကဲ့သို့ ဤအတူပင် မနောမယကိုယ်သည် တန်ခိုးရှင်၏ရုပ်ကိုယ်နှင့် တစ်ထပ်တည်းတူသည်သာဖြစ်၏။ ဤကား မနောမယိဒ္ဓိ (ဝါ) မနောမယဣဒ္ဓိပင်တည်း။

### * ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ

**၁။ အရဟတ္တမဂ်ဉာဏ်တန်ခိုး၏ အာနုဘော်ကြီးမားပုံကို အနာမဲ့သူရှင်ဗာကုလကို စံထား၍ ရေးပြပါ။** *(၁၉၈၄၊ စမန ၁၉၈၊ ၁၉၉)*

***အဖြေ*** *— အရဟတ္တမဂ်ဉာဏ်မဖြစ်ပေါ်မီရှေး၌ဖြစ်စေ၊ ဉာဏ်ဖြစ်ပေါ်ပြီးနောက်၌ဖြစ်စေ၊ ဉာဏ်ဖြစ်ပေါ်ဆဲအခိုက်၌ဖြစ်စေ၊ ယင်းဉာဏ်အစွမ်းကြောင့်ဖြစ်ပေါ်လာသည့် ထူးခြားမှုများသည် ဉာဏဝိပ္ဖါရိဒ္ဓိမည်၏။*

*အရှင်ဗာကုလသည် ၅-ရက်သားကလေးငယ်ဘဝက မင်္ဂလာနေ့ဝယ် မြစ်ထဲ၌ ရေချိုးပေးနေစဉ် ကလေးထိန်း၏ပေါ့ဆမှုကြောင့် ရေစီးကြောင်းထဲသို့ကျ၍ မျောပါသွား၏။ ထိုကလေးငယ်ကို ငါးကြီးတစ်ကောင်ကမျို၍ ဗာရာဏသီဆိပ်ကမ်းသို့ ကူးသွား၏။ တံငါတစ်*

ဦးက ထိုငါးကြီးကို ဖမ်းမိ၍ သူဌေးကတော်အားရောင်း၏။ သူဌေးကတော်သည် ငါးကိုနှစ်သက်သဖြင့် ကိုယ်တိုင်ချက်မည်ဟုကြံစည်ကာ ငါးဝမ်းဗိုက်ကိုခွဲလိုက်၏။ ရွှေရုပ်သဖွယ် တင့်တယ်သောကလေးငယ်ကို အသက်ရှင်လျက်တွေ့ရ၍ အလွန်ဝမ်းမြောက်ကာ သားအဖြစ်မွေးစား၏။ ကြီးပြင်းလာသောအခါ ရဟန္တာဖြစ်၍ "အရှင်ဗာကုလမထေရ်"အဖြစ် ထင်ပေါ်ကျော်ကြား၏။

ဗာကုလကလေးငယ်၏ ငါးဝမ်းဗိုက်ထဲ၌ အနာရောဂါမရှိခြင်း, ဆင်းရဲကင်းခြင်းသည် ယင်းဘဝ၌ လက်ရှိခန္ဓာကိုယ်ဖြင့်ပင် ရအံ့လတံ့သောအရဟတ္တမဂ်ဉာဏ်၏ အစွမ်းအာနုဘော်ကြောင့်ဖြစ်သဖြင့် ဉာဏဝိပ္ဖါရိဒ္ဓိမည်၏။ အရဟတ္တမဂ်ဉာဏ်တန်ခိုး၏ အာနုဘော်ကြီးမားပုံကို ဖော်ပြခြင်းပေတည်း။

**၂။ ငှက်များ, စကြဝတေးမင်းများ ကောင်းကင်၌ ပျံသန်းသွားလာနိုင်ကြခြင်းမှာ တန်ခိုးကြောင့်ချည်းဖြစ်ကြရာ တန်ခိုးချင်းတူ-မတူရှင်းလင်းဖြေဆို၍ ယခုခေတ်လူသားတို့ လေယာဉ်, အာကာသယာဉ်တို့ဖြင့် သွားလာနိုင်ကြခြင်း၏အရင်းခံတန်ခိုးကိုလည်း ဖြေဆိုပါ။** *(၁၉၈၅၊ စမန ၂၀၄၊ ၂၀၅)*

***အဖြေ*** *– ငှက်များ ကောင်းကင်၌ ပျံသန်းသွားလာနိုင်ကြခြင်းမှာ ကံ၏အကျိုးကိုမှီ၍ ပြီးမြောက်သောတန်ခိုးဖြစ်ခြင်းကြောင့်* ***"ကမ္မဝိပါကဇိဒ္ဓိ"****မည်၏။*

*စကြဝတေးမင်းများ ကောင်းကင်၌ ပျံသန်းသွားလာနိုင်ကြခြင်းမှာ စကြဝတေးမင်းတို့၏ ထူးခြားသောကောင်းမှုကြောင့် ပြီးမြောက်ပြည့်စုံသောတန်ခိုး –* ***ပုညဝတောဣဒ္ဓိ****၏ အစွမ်းကြောင့်ဖြစ်၏။*

*ထို့ကြောင့် ငှက်များ, စကြဝတေးမင်းများ ကောင်းကင်၌ပျံသန်းသွားလာနိုင်ကြခြင်းမှာ တန်ခိုးကြောင့်ချည်းဖြစ်သော်လည်း တန်ခိုးချင်း မတူပါ။*

*ယခုခေတ် လူသားတို့ လေယာဉ်, အာကာသယာဉ်တို့ဖြင့် သွားလာနိုင်ကြခြင်း၏ အရင်းခံတန်ခိုးမှာ ထိုထိုအရာတို့၌ နည်းလမ်းမှန်စွာအားထုတ်မှုကြောင့် အောင်မြင်ပြီးမြောက်သောတန်ခိုး -* ***"တတ္ထ တတ္ထ သမ္မယောဂပစ္စယိဒ္ဓိ"****ဖြစ်ပါသည်။*

**၃။ ယခုစာဖြေနေသူသည် ဝိသုဒ္ဓိမဂ်စာမေးပွဲကို အလွန်သန့်ရှင်းစင်ကြယ်စွာ ထူးထူးခြားခြား အောင်မြင်ခဲ့သော တန်ခိုးရှင်ဟု ဆိုထိုက် မဆိုထိုက် စိစစ်ဖြေဆိုပါ။**

*(၁၉၈၅၊ စမန ၂၀၅)*

***အဖြေ*** *– ယခုစာဖြေနေသူသည် ဝိသုဒ္ဓိမဂ်စာမေးပွဲကို အလွန်သန့်ရှင်းစင်ကြယ်စွာ ထူးထူးခြားခြားအောင်မြင်ခဲသော် တန်ခိုးရှင်ဟု ဆိုထိုက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အဌကထာ၌ စစ်ဆင်ရေးအတတ်ပညာများ၊ သင်္ချာပညာ၊ ဆေးပညာ၊ ဗေဒင်ပညာ၊* ***ပိဋကတ်ပညာ****၊ မွေးမြူရေးပညာ၊ စိုက်ပျိုးရေးပညာစသည်တို့ကို နည်းလမ်းမှန်စွာ လေ့လာအားထုတ်မှုကြောင့် ထိုထိုအလိုရှိအပ်သောအမှု၏ ပြီးစီးပြည့်စုံခြင်းတို့သည်* ***"တတ္ထ တတ္ထ သမ္မာပယောဂပစ္စယိဒ္ဓိ"****တန်ခိုးပေတည်းဟု ဖော်ပြထားသောကြောင့် ဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ်ပညာသည် ပိဋကတ်ပညာတွင် ပါဝင်ပါသည်။*

*(၁၉၈၃၊ ၁၉၈၆၊ ၁၉၈၇၊ ၁၉၈၈ ခုနှစ်များ၌ မမေးပါ)*

**၄။ မော်ကြည့်လျှင် ကောင်းကင်မှ စပါးမိုးရွာသွန်းဖြိုးစေသူ မေဏ္ဍကသူဌေး၏ဘုန်းတန်ခိုးအမျိုးအစားကို ထုတ်ဖော်ပြပြီးလျှင်၊ သူဌေးကတော်ကြီး စန္ဒပဒုမသီရိ၏အံ့ဖွယ်တန်ခိုးကိုလည်း တင်ပြခဲ့ပါ။**

*(၁၉၈၉၊ စမန ၂၀၄)*

**အဖြေ** –*မော်ကြည့်လျှင် ကောင်းကင်မှ စပါးမိုးရွာသွန်းဖြိုးစေသူ* ***မေဏ္ဍကသူဌေး****၏ဘုန်းတန်ခိုးအမျိုးအစားမှာ ပုညဝတောဣဒ္ဓိ - ထူးခြားသည့်ကောင်းမှုရှင်တို့၌ ပြီးမြောက်ပြည့်စုံသောတန်ခိုးဖြစ်ပါသည်။*

*သူဌေးကတော်ကြီး* ***စန္ဒပဒုမသီရိ****၏အံ့ဖွယ်တန်ခိုးမှာ တစ်စလယ်ချက်မျှထမင်းကို သူ့လက်ဖြင့်ကိုင်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေလူတို့ကို ကျွေးသော်လည်း ထမင်းသည်မကုန်ပေ။ ဤတန်ခိုးသည်လည်း* ***ပုညဝတောဣဒ္ဓိ*** *ဖြစ်ပါသည်။*

**၅။ စာဖြေသူအပါအဝင် လူသားအများစုသည် ဘုန်းတန်ခိုးကြီးမားလိုသူပင် ဖြစ်လေရာ ဘုန်းတန်ခိုးကြီးမားကြောင်း (တန်ခိုးဖြစ်ကြောင်း)ရှစ်ပါးကို စနစ်တကျရေးပါပြ။**

*(၁၉၈၉၊ စမန ၂၀၇)*

**အဖြေ** – *"ရဟန်းတို့ . . တန်ခိုးဣဒ္ဓိသို့ရောက်ကြောင်း (တန်ခိုးဖြစ်ကြောင်း)ပဒရှစ်ပါးတို့ကား အဘယ်နည်း၊ ရဟန်းသည် ဆန္ဒကိုမှီ၍ သမာဓိကို ရငြားအံ့၊ စိတ်၏အာရုံတစ်ခုတည်းရှိသည့်အဖြစ် (စိတ္တေကဂ္ဂတာ)ကို ရငြားအံ့၊ ဆန္ဒသည် သမာဓိမဟုတ်၊ သမာဓိသည် ဆန္ဒမဟုတ်၊ ဆန္ဒကတစ်ခြား၊ သမာဓိကတစ်ခြားဖြစ်၏၊ ထို့ကြောင့် ဆန္ဒနှင့် သမာဓိသည် တစ်စုံဖြစ်၏။*

*ရဟန်းသည် ဝီရိယကိုမှီ၍။ ပ ။ ထို့ကြောင့် ဝီရိယနှင့် သမာဓိသည် တစ်စုံဖြစ်၏။*

*ရဟန်းသည် စိတ်ကိုမှီ၍။ ပ ။ ထို့ကြောင့် စိတ္တနှင့်သမာဓိသည် တစ်စုံဖြစ်၏။*

*ရဟန်းသည် ဝီမံသ (ပညာ)ကိုမှီ၍ ။ ပ ။ ထို့ကြောင့် ဝီမံသနှင့် သမာဓိသည် တစ်စုံဖြစ်၏။*

*ဤလေးစုံရှစ်ပါး အကြောင်းတရားတို့သည် ပြီးမြောက်မှု-ဖန်ဆင်းမှု-တန်ခိုးဣဒ္ဓိကို ရခြင်းငှာ တန်ခိုးဖန်ဆင်းခြင်း၌ ရွံ့ရှားခြင်းကင်း၍ ရဲရင့်ခြင်းငှာ ဖြစ်ကုန်၏"ဟု ဟောတော်မူသဖြင့် ယင်းတရားရှစ်ပါးသည် ဘုန်းတန်ခိုးကြီးမားကြောင်း(တန်ခိုးဖြစ်ကြောင်း)ရှစ်ပါး ဖြစ်ပါသည်။*

**၆။ အောက်ပါပုဂ္ဂိုလ်တို့ မသေနိုင်ခြင်းသည် အဘယ်တန်ခိုး၏အစွမ်းကြောင့် ဖြစ်ပါသနည်း၊ ရှင်းလင်းဖြေဆိုပါ။**

**(က) ငါးအမျိုခံရပါလျက် မသေသောဗာကုလသူငယ်၊**

**(ခ) သီရိမာက ဆီပူဖြင့်လောင်းအပ်ပါလျက် ဆီပူမလောင်သော မယ်ဥတ္တရာ။**

*(၁၉၉၀၊ စမန ၁၉၈၊ ၁၉၉၊ ၂၀၁၊ ၂၀၂)*

**အဖြေ** – *(က) ငါးအမျိုခံရပါလျက် မသေသော* ***ဗာကုလသူငယ်****၏တန်ခိုးသည် ယင်းဘဝ၌ ကြီးပြင်းလာသောအခါ ရရှိမည့် အရဟတ္တမဂ်ဉာဏ်၏အစွမ်းအာနုဘော်ကြောင့်ဖြစ်သော* ***"ဉာဏဝိပ္ဖါရဣဒ္ဓိ"****၏ အစွမ်းကြောင့်ဖြစ်ပါသည်။*

*(ခ) သီရိမာက ဆီပူဖြင့်လောင်းအပ်ပါလျက် ဆီပူမလောင်သောမယ်* ***ဥတ္တရာ****၏ တန်ခိုးသည်* ***"သမာဓိဝိပ္ဖါရိဣဒ္ဓိ"****ဖြစ်ပါသည်။ မယ်ဥတ္တရာသည် သီရိမာ၏ကျေးဇူးကြောင့် မြတ်စွာဘုရားနှင့် သံဃာကို မိမိဆွမ်းလောင်းခွင့်ရနေသည်ကိုတွေး၍ "ချမ်းသာပါစေ၊ ချမ်းသာ*

*ပါစေ"ဟု မေတ္တာပွားပို့ကာ ချက်ချင်းစျာန်ဝင်စားနေလိုက်၏။ ထိုမေတ္တာစျာန်၏ သမာဓိဝိပ္ပါရိဒ္ဓိတန်ခိုးကြောင့် ဆီပူတို့သည် ပိန်းကြာဖက်ပြင် ရေမတင်ဘဲ လျှောကျသွားသကဲ့သို့ လျှောကျသွား၍ မယ်ဥတ္တရာကို မပူလောင်စေပါ။*

**၇။ မြတ်စွာဘုရားသည် သက်တော်ထင်ရှားရှိစဉ်အခါ၌ လူတိုင်းအံ့ဩလောက်အောင် ဘုန်းကံကြီးမားကုန်သော (က) ဇောတိက (ခ) ဇဋိလ (ဂ) ယောသက (ဃ) မေဏ္ဍက သူဌေးကြီးတို့၏ပုညဝတောကမ္မဋ္ဌ်များကို အသီးသီးဖော်ပြခဲ့ပါ။** *(၁၉၉၀၊ စမန ၂၀၄)*

**အဖြေ** – *(က) ဇောတိကသူဌေး၏ပုညဝတောကမ္မဋ္ဌ်မှာ မြေကြီးကိုဖောက်ခွဲ၍ ပတ္တမြားပြသာဒ် ထွက်ပေါ်ခြင်း၊ ပဒေသာပင် (၆၄)ပင် ပေါက်ခြင်းတို့ ဖြစ်ပါသည်။*

*(ခ) ဇဋိလသူဌေး၏ ပုညဝတောကမ္မဋ္ဌ်မှာ အတောင်ရှစ်ဆယ်ရှိသည့် ရွှေတောင်ကြီးပေါ် ပေါက်လာခြင်း ဖြစ်ပါသည်။*

*(ဂ) ယောသကသူဌေး၏ပုညဝတောကမ္မဋ္ဌ်မှာ အရပ်ခုနစ်ဌာနတို့၌ သူ့အားသတ်ရန် လုပ်ကြံခဲ့သော်လည်း ဘေးအန္တရာယ်ကင်းခြင်း, သေဘေးကင်းခြင်းတို့ဖြစ်ပါသည်။*

*(ဃ) မေဏ္ဍကသူဌေး၏ပုညဝတောကမ္မဋ္ဌ်မှာ တစ်ပယ်မျှရှိသောအရပ်၌ ရတနာခုနစ်ပါးဖြင့် ပြီးသော ဆိတ်ကုလားခေါ် သိုးရုပ်များထင်ရှားစွာဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။*

**၈။ စစ်ပညာကျွမ်းကျင်ခြင်း၊ ဆေးပညာတတ်မြောက်ခြင်းသည် မည်သည့်တန်ခိုးမျိုးဖြစ်သည်ကို ညွှန်ပြ၍ တန်ခိုးနှင့်ပြည့်စုံရန် လိုအပ်သောအချက်အလက်(၈)မျိုးကိုလည်း အစဉ်မပျက် တင်ပြခဲ့ပါ။** *(၁၉၉၀၊ စမန ၂၀၅၊ ၂၀၇)*

**အဖြေ** – *စစ်ပညာကျွမ်းကျင်ခြင်း၊ ဆေးပညာတတ်မြောက်ခြင်းသည် ထိုထိုအရာတို့၌ နည်းလမ်းမှန်စွာအားထုတ်မှုကြောင့် အောင်မြင်ပြီးမြောက်သောတန်ခိုး – တတ္ထတတ္ထ သမ္မာပယောဂပစ္စယိဒ္ဓိဖြစ်ပါသည်။*

*တန်ခိုးနှင့်ပြည့်စုံရန်လိုအပ်သော အချက်အလက်(၈)မျိုးတို့မှာ-*

*ဆန္ဒသမာဓိ၌ရှိသော ဆန္ဒနှင့်သမာဓိတစ်စုံ၊*

*ဝီရိယသမာဓိ၌ရှိသော ဝီရိယနှင့် သမာဓိတစ်စုံ၊*

*စိတ္တသမာဓိ၌ရှိသော စိတ္တနှင့် သမာဓိတစ်စုံ၊*

*ဝီမံသသမာဓိ၌ရှိသော ဝီမံသနှင့် သမာဓိတစ်စုံ၊*

*ဤလေးစုံရှစ်ပါး အကြောင်းတရားတို့သည် တန်ခိုးနှင့်ပြည့်စုံရန် လိုအပ်သောအချက်(၈)မျိုးတို့ဖြစ်ပါသည်။ (နံပါတ် ၅ အဖြေနှင့်တိုက်ကြည့်ပါ)*

**၉။ တားဆီးလျက်ရှိသော ရေမတောင်ကြီး၏ဟိုဘက်သို့ တစ်ခဏချင်းဖောက်ထွင်းသွားလိုသော တန်ခိုးရှင်ပုဂ္ဂိုလ်အနေဖြင့် မည်သို့မည်ပုံပြုလုပ်ရမည်ကို ဖော်ပြပါ။** *(၁၉၉၀၊ ၂၀၈)*

**အဖြေ** – *တားဆီးလျက်ရှိသောရေမတောင်ကြီး၏ဟိုဘက်သို့ တစ်ခဏချင်းဖောက်ထွင်းသွားလိုသောတန်ခိုးရှင်ပုဂ္ဂိုလ်သည်-*

*(၁) အာကာသကသိုဏ်း၌ ရူပါဝစရစတုတ္ထစျာန်ကို ဝင်စားရမည်၊*

*(၂) ထိုပါဒကစျာန်မှထ၍ ထိုတောင်ကြီးကို "အပေါက်အခေါင်းအာကာသဖြစ်စေ"ဟု ဆင်ခြင်၍ ပရိကံပြုရမည်။*

(၃) ထို့နောက် ပါဒကစျာန်ကိုတစ်ဖန်ဝင်စား၍ ထိုစျာန်မှထကာ "အပေါက်အခေါင်း အာကာသဖြစ်စေ"ဟု အဓိဋ္ဌာန်ရမည်။

ဤအဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ထိုဇရာမတောင်ကြီး၌ အပေါက်အခေါင်း အာကာသဖြစ်လာ၏။ ထိုတန်ခိုးရှင်သည် အပေါက်အခေါင်းအာကာသဖြစ်နေသော ထိုဇရာမ တောင်ကြီး၏ဟိုဘက်သို့ တစ်ခဏချင်း မငြိမထိဘဲ ဖောက်ထွင်းသွားနိုင်၏။

**၁၀။ စျာန်ကိုကျေညက်အောင် အင်္ဂါနှင့်အာရုံပြောင်းရွှေ့ဝင်စားပုံ(၂)မျိုးကို ဖော်ပြပြီးလျှင် ညဦးအခါ ဘီလူးသားရဲသောင်းကျန်းသောမြို့အပြင်၌ ဘူတပါလသူငယ်သည် အဘယ် တန်ခိုးအစွမ်းဖြင့် ဘေးမသီရန်မခနေခဲ့ရသည်ကိုလည်း ဖော်ပြပါ။**

(၁၉၉၂၊ စမန ၁၉၃၊ ၁၉၄၊ ၁၉၉)

**အဖြေ** — စျာန်ကိုကျေညက်အောင် အင်္ဂါနှင့်အာရုံပြောင်းရွှေ့ဝင်စားပုံ (၂)မျိုးမှာ-

(၁) ပထဝီကသိုဏ်း၌ ပထမစျာန်ကိုဝင်စားပြီးလျှင် ထိုပထဝီကသိုဏ်း၌ပင် ဒုတိယစျာန်၊ ထို့နောင် တတိယစျာန်၊ ထို့နောင် စတုတ္ထစျာန်ကို ဝင်စား၏။ ဤသို့ဝင်စားခြင်းသည် စျာန်အင်္ဂါကို ပြောင်းရွှေ့၍ဝင်စားခြင်းဖြစ်၏။

(၂) ပထဝီကသိုဏ်း၌ ပထမစျာန်ကိုဝင်စားပြီးလျှင် ထိုပထမစျာန်ကိုပင် အာပေါကသိုဏ်း၊ တေဇောကသိုဏ်း။ ပ ။ ဩဒါတကသိုဏ်းအသီးသီးတို့၌ ဝင်စား၏။ ဤသို့ ကသိုဏ်းရှစ်ပါး လုံး၌ စျာန်တစ်ပါးတည်းကိုသာ အဖန်တလဲလဲဝင်စားခြင်းသည် အာရုံပြောင်းရွှေ့၍ ဝင်စားခြင်းဖြစ်၏။

ညဦးအခါ ဘီလူးသားရဲသောင်းကျန်းသောမြို့အပြင်၌ **ဘူတပါလသူငယ်**သည် ဘေး မသီရန်မခနေခဲ့ရခြင်းမှာ ဘူတပါလသူငယ်သည် ပစ္ဆိမဘဝိကသားဖြစ်၍ လက်ရှိဘဝခန္ဓာ ကိုယ်ဖြင့် ကျိန်းသေရလတ့်သော အရဟတ္တမဂ်ဉာဏ်၏အစွမ်းအာနုဘော်ကြောင့်ဖြစ်သော **ဉာဏဝိပ္ဖါရိဒ္ဓိ**တန်ခိုးအစွမ်းကြောင့် ဖြစ်ပါသည်။

**၁၁။ မနောမယိဒ္ဓိမည်သောတန်ခိုးဖန်ဆင်းပုံ အစီအစဉ်ကို ဖော်ပြပါ။**

(၁၉၉၂၊ စမန ၁၉၈၊ ၂၃၂)

**အဖြေ** — မနောမယိဒ္ဓိမည်သော တန်ခိုးဖန်ဆင်းပုံအစီအစဉ်မှာ -

(၁) ပထဝီကသိုဏ်းစသည့်ကသိုဏ်းတစ်မျိုးမျိုး၌ ပါဒကစျာန်ကိုဝင်စား၏။

(၂) ထိုပါဒကစျာန်မှထ၍ မိမိ၏ကိုယ်ကို အခေါင်းအဖြစ်ဆင်ခြင်၍ အခေါင်းဖြစ်စေရန် ပရိကံပြု၏။

(၃) တစ်ဖန် ပါဒကစျာန်ကို ဝင်စားပြီးလျှင် ထိုစျာန်မှထ၍ "ဤကိုယ်သည် အခေါင်းဖြစ် စေ"ဟု အဓိဋ္ဌာန်၏၊ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် မိမိ၏တစ်ကိုယ်လုံး အခေါင်းဖြစ်၏။

(၄) ထိုကိုယ်၏အတွင်း အခေါင်းထဲ၌ အခြားဖန်ဆင်းလိုသောကိုယ်ကိုဆင်ခြင်၍ ပရိကံ ပြု၏။

(၅) တစ်ဖန် ပါဒကစျာန်ကိုဝင်စားပြီးလျှင် ထိုစျာန်မှထ၍ "ဖန်ဆင်းလိုသည့်ကိုယ်ဖြစ်စေ" ဟု အဓိဋ္ဌာန်ပြု၏။ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့် တစ်ပြိုင်နက် ကိုယ်၏အတွင်း အခေါင်း

ထဲ၌ ဖန်ဆင်းသည့်ကိုယ်ဖြစ်လာ၏။

(၆) ထိုတန်ခိုးရှင်သည် ထိုတန်ခိုးဖြင့်ပြီးသောကိုယ် (ဝါ) နိမ္မိတကိုယ်ကို အပြင်ပသို့ ထုတ်၏။ ဥပမာအားဖြင့် ဖြူဆံမြက်ပင်မှ ဖြူဆံညှောက်ကို ထုတ်ယူသကဲ့သို့လည်းကောင်း သန်လျက်အိမ်, ဓားအိမ်မှ သန်လျက်, ဓားကို ထုတ်ယူသကဲ့သို့လည်းကောင်း ဖြစ်၏။

ဖြူဆံညှောက်စသည်တို့သည် ဖြူဆံမြက်ပင်စသည်တို့နှင့် တူကုန်သကဲ့သို့ ဤအတူပင် နိမ္မိတရုပ်ကိုယ်သည် တန်ခိုးရှင်၏ရုပ်ကိုယ်နှင့် တစ်ထပ်တည်းတူညီလေ၏။ ဤကား မနောမယိဒ္ဓိမည်သော တန်ခိုးဖန်ဆင်းပုံဖြစ်၏။

**၁၂။ ရဟန္တာပုဂ္ဂိုလ်တို့ သမာဓိဘာဝနာ၏ရနိုင်သော အကျိုးအာနိသင်ကို ဖော်ပြပြီးလျှင် အဘယ်သည် အရိယာတို့၏တန်ခိုးဖြစ်သည်ကိုလည်း ဖော်ပြပါ။**

(၁၉၉၃၊ စမန ၁၇၀၊ ၁၇၁၊ ၂၀၃)

အဖြေ — ရဟန္တာပုဂ္ဂိုလ်တို့သည် "ဈာန်ဝင်စား၍ တည်ကြည်သောစိတ်ဖြင့် တစ်နေ့ပတ်လုံး ချမ်းသာစွာနေအံ့"ဟုရည်ရွယ်လျက် ဈာန်သမာဓိကို ပွားစေကြ၏။ ထို့ကြောင့် ရဟန္တာတို့၏အပ္ပနာဘာဝနာသည် မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းအကျိုး ဒိဋ္ဌဓမ္မသုခဝိဟာရ — အကျိုးအာနိသင်ရှိ၏။

ထို့အပြင် နိရောဓသမာပတ်ဝင်စားရန် အကျိုးအာနိသင် — နိရောဓအာနိသံသ — လည်းရှိ၏။ ရဟန္တာတို့သည် ဈာန်သမာပတ်ရှစ်ပါးကို ဖြစ်စေပြီးလျှင် "နိရောဓသမာပတ်ကို ဝင်စား၍ (၇)ရက်ပတ်လုံးစိတ်မရှိသည်ဖြစ်လျက် မျက်မှောက်ကိုယ်ဖြင့်ချုပ်ခြင်းဟူသော အငြိမ်းဓါတ်သို့ရောက်၍ ချမ်းသာစွာနေအံ့"ဟု ရည်ရွယ်၍ အပ္ပနာသမာဓိကို ဖြစ်စေကြ၏။ ထိုရဟန္တာတို့၏အပ္ပနာသမာဓိဘာဝနာသည် နိရောဓသမာပတ်ဟူသော အကျိုးအာနိသင်လည်း ရှိ၏။

**အရိယာတို့၏တန်ခိုး (အရိယိဒ္ဓိ)**ဟူသည်မှာ စက်ဆုပ်ဖွယ်အာရုံစသည်တို့၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေခြင်းစသော ပြီးမြောက်မှုတန်ခိုးသည် အရိယာတို့၌ ပြည့်စုံပြီးမြောက်သောတန်ခိုးဖြစ်၏။ မှန်ပေ၏၊ ဤသို့အလိုရှိတိုင်း ပြီးမြောက်ခြင်းသည် စိတ်၏ ဝသီဘော်သို့ရောက်ကုန်သော အရိယာပုဂ္ဂိုလ်တို့အားသာလျှင် ဖြစ်သင့်သောကြောင့် အရိယိဒ္ဓိဟု ဆိုအပ်၏။

အရိယိဒ္ဓိနှင့်ပြည့်စုံသောရဟန္တာပုဂ္ဂိုလ်သည် -

(၁) စက်ဆုပ်ဖွယ်ဖြစ်သောအနိဋ္ဌာရုံ၌ မေတ္တာဖြန့်ပွား၍ဖြစ်စေ၊ ဓါတ်သဘောဟု နှလုံးသွင်း၍ ဖြစ်စေ၊ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေ၏။

(၂) စက်ဆုပ်ဖွယ်မဟုတ်သောဣဋ္ဌာရုံ၌ အသုဘဟုဆင်ခြင်၍ဖြစ်စေ၊ အနိစ္စဟုနှလုံးသွင်း၍ဖြစ်စေ စက်ဆုပ်ဖွယ်ဟု ရှုလျက်နေ၏။

(၃) စက်ဆုပ်ဖွယ်အာရုံ, စက်ဆုပ်ဖွယ်မဟုတ်သောအာရုံတို့၌ မေတ္တာဖြန့်ပွား၍ဖြစ်စေ၊ ဓါတ်သဘောဟုနှလုံးသွင်း၍ဖြစ်စေ၊ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်ရှိလျက်နေ၏။

(၄) စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ, စက်ဆုပ်ဖွယ်အာရုံတို့၌ အသုဘဟုဆင်ခြင်၍ဖြစ်စေ၊ အနိစ္စဟုနှလုံးသွင်း၍ဖြစ်စေ၊ စက်ဆုပ်ဖွယ်ဟု အမှတ်ရှိလျက်နေ၏။

(၅) "မျက်စိဖြင့်အဆင်းကိုမြင်ပြီးလျှင်ဝမ်းမြောက်ခြင်းလည်းမဖြစ်၊ နှလုံးမသာခြင်းလည်း

မဖြစ်၊ အမှတ်ရသည် မှန်စွာသိသည်ဖြစ်၍ လျစ်လျူရှုလျက်နေ၏"ဟု ဟောထားသဖြင့်ဆင့်ပေက္ခာကို ဖြစ်စေလျက် စက်ဆုပ်ဖွယ်အာရုံ၊ စက်ဆုပ်ဖွယ်မဟုတ်သောအာရုံ နှစ်မျိုးလုံးကိုကြဉ်ပယ်၍ လျစ်လျူရှုကာ အမှတ်ရသည် မှန်စွာသိသည်ဖြစ်၍ နေ၏။

ဤသို့ စိတ်အလိုအတိုင်း နေနိုင်ခြင်းကို အရိယာတို့၏တန်ခိုးဟုခေါ်၏။

**၁၃။ ရေပြင်မှာ ခြေလျင်သွားလိုသောတန်ခိုးရှင်သည် မည်သည့်ကသိဏစျာန်ကိုဝင်စား၍ မည်သို့အဓိဋ္ဌာန်ရသည်ကို ဖော်ပြပါ။** *(၁၉၉၃၊ စမန ၂၂၀၊ ၂၂၁)*

*အဖြေ — ရေပြင်မှာ ခြေလျင်သွားလိုသော တန်ခိုးရှင်သည် -*

*(၁) ပထဝီကသိဏ၌ ရူပါဝစရစတုတ္ထစျာန်ဟူသော ပါဒကစျာန်ကိုဝင်စား၏၊*

*(၂) ထိုစျာန်မှထ၍ ဤမျှသောအရပ်၌ ရေသည် မြေဖြစ်စေဟု ပိုင်းခြားလျက် ပရိကံပြု၏၊*

*(၃) ပထဝီကသိဏ၌ ပါဒကစျာန်ကို တစ်ဖန်ဝင်စား၍ ထိုစျာန်မှထကာ "ဤမျှသောအရပ်၌ ရေသည် မြေဖြစ်စေ"ဟု အဓိဋ္ဌာန်ပြု၏။*

*ဤအဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ပိုင်းခြားထားသမျှအရပ်၌ ရေသည် မြေအတိသာ ဖြစ်၏။ ထိုတန်ခိုးရှင်သည် ထိုဖန်ဆင်းထားသောမြေပေါ်၌ ခြေလျင်သွားနိုင်၏။*

**၁၄။ တန်ခိုးအဘိညာဉ်ရခြင်းအကြောင်းကို ပြည့်စုံအောင်ဖော်ပြပါ။**

*(၁၉၉၄၊ စမန ၂၀၅ မှ ၂၀၈အထိ)*

*အဖြေ — တန်ခိုးအဘိညာဉ်ရခြင်းအကြောင်းများမှာ -*

*(၁) ဘူမိလေးပါး (၂) ပါဒလေးပါး (၃) ပဒရှစ်ပါး (၄) မူလ ၁၆-ပါးတို့နှင့် ပြည့်စုံခြင်းဖြစ်၏။*

*(၁) **ဘူမိလေးပါးဟူသည်မှာ** ရူပါဝစရစျာန် ၄-ပါးပင်တည်း၊*

*၁။ ပထမစျာန်သည် နီဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ဝိဝေကဇဘုံဖြစ်၏၊*

*၂။ ဒုတိယစျာန်သည် ပီတိ, သုခကြောင့်ဖြစ်သော ပီတိသုခဘူမိတည်း၊*

*၃။ တတိယစျာန်သည် ဥပေက္ခာ, သုခကြောင့်ဖြစ်သော ဥပေက္ခာသုခဘူမိတည်း၊*

*၄။ စတုတ္ထစျာန်သည် အဒုက္ခ, မသုခဟူသည့် ဥပေက္ခာကြောင့်ဖြစ်သော အဒုက္ခမသုခဘူမိတည်း။*

*(၂) **ပါဒလေးပါးဟူသည်မှာ** တန်ခိုးဖန်ဆင်းမှု၏အခြေခံအကြောင်းဖြစ်သည့် ဣဒ္ဓိပါဒ် ၄-ပါးတို့တည်း၊*

*၁။ ဆန္ဒလွန်ကဲသောသမာဓိ (ဆန္ဒသမာဓိ)၊ ပြင်းစွာအားထုတ်မှုသင်္ခါရ(ပဓာနသင်္ခါရ)တို့နှင့် ပြည့်စုံသောဣဒ္ဓိပါဒ်၊*

*၂။ ဝီရိယသမာဓိ၊ ပဓာနသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်၊*

*၃။ စိတ္တသမာဓိ၊ ပဓာနသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်၊*

*၄။ ဝီမံသသမာဓိ၊ ပဓာနသင်္ခါရတို့နှင့်ပြည့်စုံသော ဣဒ္ဓိပါဒ်တို့ ဖြစ်ပါသည်။*

*(၃) **ပဒရှစ်ပါးဟူသည်ကား***

*"ရဟန်းတို့ . . တန်ခိုးဣဒ္ဓိသို့ရောက်ကြောင်း (တန်ခိုးဖြစ်ကြောင်း)ပဒရှစ်ပါးတို့ကား အဘယ်နည်း၊ ဆန္ဒကိုမှီ၍သမာဓိရငြားအံ့၊ စိတ်၏အာရုံတစ်ခုတည်းရှိသည့်အဖြစ် (စိတ္တေကဂ္ဂတာ)ကို ရငြားအံ့၊ ဆန္ဒသည်သမာဓိမဟုတ်၊ သမာဓိသည် ဆန္ဒမဟုတ်၊ ဆန္ဒက*

*တစ်ခြား၊ သမာဓိကတစ်ခြားဖြစ်၏။ ထို့ကြောင့် ဆန္ဒနှင့်သမာဓိသည် တစ်စုံဖြစ်၏။*
*ရဟန်းသည် ဝီရိယကိုမှီ၍။ ပ ။ ထို့ကြောင့် ဝီရိယနှင့်သမာဓိသည် တစ်စုံဖြစ်၏။*
*ရဟန်းသည် စိတ်ကိုမှီ၍။ ပ ။ ထို့ကြောင့် စိတ္တနှင့်သမာဓိသည် တစ်စုံဖြစ်၏။*
*ရဟန်းသည် ဝီမံသ (ပညာ)ကိုမှီ၍။ ပ ။ ထို့ကြောင့် ဝီမံသ နှင့် သမာဓိသည် တစ်စုံဖြစ်၏။*

*ဤလေးစုံရှစ်ပါး အကြောင်းတရားတို့သည် ပြီးမြောက်မှု-ဖန်ဆင်းမှု-တန်ခိုးကဣဒ္ဓိကို ရခြင်းငှာ တန်ခိုးဖန်ဆင်းခြင်း၌ ရွံ့ရှားခြင်းကင်း၍ ရဲရင့်ခြင်းငှာဖြစ်ကုန်၏"ဟု ဟောတော်မူသဖြင့် ယင်းတရားရှစ်ပါးသည် တန်ခိုးဖြစ်ကြောင်းတရားရှစ်ပါးဖြစ်၏။*

*(၄) **မူလ ၁၆-ပါး**ဟူသည်မှာ ပြီးမြောက်မှု-တန်ခိုးကဣဒ္ဓိ၏ မတုန်လှုပ်ကြောင်း အမြစ်အရင်း (မူလ)တို့ဖြစ်ကြ၏။ ၎င်းတို့မှာ-*
*၁။ မတွန့်ဆုတ်သောစိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်၊*
*၂။ မပျံ့လွင့်သောစိတ်သည် ပျံ့လွင့်ခြင်းကြောင့် မတုန်လှုပ်၊*
*၃။ ကပ်ငြိသောအားဖြင့် မညွတ်သောစိတ်သည် တပ်မက်မှု(ရာဂ)ကြောင့်မတုန်လှုပ်၊*
*၄။ မပြစ်မှားသောစိတ်သည် ပြစ်မှားမှု (ဗျာပါဒ)ကြောင့် မတုန်လှုပ် စသည်တို့တည်း။*

**၁၅။ (က) စက်ဆုပ်ဖွယ်အနိဋ္ဌာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်သညာရှိအောင် နေတော်မူသောရဟန္တာအရှင်မြတ်၏ပြည့်စုံရမည့်တန်ခိုးနှင့် ပြုလုပ်ရမည့် အစီအစဉ်ကို ဖော်ပြပြီး (ခ) ယင်းတန်ခိုး၏ဘုံအဆင့်များကိုလည်း ဖော်ပြပါ။** *(၁၉၉၅၊ စမန ၂၀၃၊ ၂၀၆)*

***အဖြေ*** *– (က) စက်ဆုပ်ဖွယ်အနိဋ္ဌာရုံ၌ စက်ဆုပ်ဖွယ်မဟုတ်ဟု အမှတ်သညာရှိအောင် နေတော်မူသောရဟန္တာအရှင်သူမြတ်၏ပြည့်စုံရမည့်တန်ခိုးမှာ "**အရိယိဒ္ဓိ**"ဖြစ်ပါသည်။ **ပြုလုပ်ရမည့် အစီအစဉ်**မှာ စက်ဆုပ်ဖွယ်အနိဋ္ဌာရုံ၌ မေတ္တာဖြန့်ပွား၍ဖြစ်စေ၊ ဓါတ်သဘောဟု နှလုံးသွင်း၍ဖြစ်စေ၊ စက်ဆုပ်ဖွယ်မဟုတ်ဟူသောအမှတ်သညာဖြင့် နှလုံးသွင်း၍ နေရပါမည်။*

*(ခ) **အရိယိဒ္ဓိတန်ခိုး၏ဘုံအဆင့်များ**မှာ ရူပါဝစရဈာန် ၄-ပါးတို့ပင်တည်း၊*
*၁။ ပထမဈာန်သည် နီဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ဝိဝေကဇဘုံတည်း၊*
*၂။ ဒုတိယဈာန်သည် ပီတိ, သုခကြောင့်ဖြစ်သော ပီတိသုခဘူမိတည်း၊*
*၃။ တတိယဈာန်သည် ဥပေက္ခာ, သုခကြောင့်ဖြစ်သော ဥပေက္ခာသုခဘူမိတည်း၊*
*၄။ စတုတ္ထဈာန်သည် အဒုက္ခ, မသုခဟူသော ဥပေက္ခာကြောင့်ဖြစ်သည့် အဒုက္ခမသုခဘူမိတည်း၊ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့သည် 'သမ္ဘာရဘူမိ'များဖြစ်ကြ၏။ စတုတ္ထဈာန်သည် တန်ခိုးဖန်ဆင်းရန် ပင်ကိုပကတိဘုံဖြစ်၍ 'ပကတိဘူမိ' မည်၏။*

**၁၆။ မဟာအနုဋ္ဌမထေရ်၏အံ့ဩဖွယ်ဖြစ်ရပ်ကို ဖော်ပြ၍ ဒိဗ္ဗစက္ခုသည် အဘယ့်ကြောင့် အယူစင်ကြယ်ခြင်း ဝိသုဒ္ဓိဖြစ်ရသည်ကို ဖြေဆိုပါ။** *(၁၉၉၀၊ စမန ၂၂၀)*

***အဖြေ*** *– မဟာအနုဋ္ဌမထေရ်သည် များစွာသောရဟန်းတို့က ဆွမ်းခံလှည့်လည်ရာ၌ ဟင်းမပါဘဲ ဆွမ်းထမင်းသက်သက်ကိုသာ ရရှိကြသဖြင့် ဂင်္ဂါမြစ်ကမ်း၌ထိုင်လျက် ဘုဉ်းပေးနေကြ*

*သည်ကို မြင်၏။ ထိုအခါ မထေရ်သည် ပါဒကစျာန်ကိုဝင်စားပြီးနောက် ထိုစျာန်မှထ၍ ဂင်္ဂါမြစ်ရေကို ထောပတ်ကြည်ဖြစ်စေဟု ဆင်ခြင်ပြီး ပရိကံပြု၏။ တစ်ဖန်ပါဒကစျာန်ဝင်စား၍ ထိုစျာန်မှထကာ ဂင်္ဂါမြစ်ရေကို "ထောပတ်ကြည်ဖြစ်စေ"ဟုအဓိဋ္ဌာန်၏၊ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ဂင်္ဂါမြစ်ရေသည် ထောပတ်ကြည်ဖြစ်၏။*

*မထေရ်သည် သာမဏေတို့အား ထောပတ်ကိုမြင်အောင် အမှတ်သညာပေး၏။ ထိုသာမဏေတို့သည် ခွက်ငယ်တို့ဖြင့် ထောပတ်ကိုဆောင်ယူ၍ ရဟန်းသံဃာအားကပ်လှူ၏၊ အားလုံးသောရဟန်းသာမဏေတို့သည် ချိုမြိန်ကောင်းမြတ်သည့်ထောပတ်ကြည်နှင့် ဆွမ်းဘုဉ်းကြရ၏၊ ဤကား မဟာအနုဠမထေရ်၏အံ့ဩဖွယ်ဖြစ်ရပ်ပေတည်း။*

*(မေးခွန်းဒုတိယပိုင်းသည် နောက်အခန်းနှင့်သက်ဆိုင်၏။)*

**၁၇။ (က)အဘယ်တရားများကို ဆန္ဒသမာဓိ၊ ပဓာနသင်္ခါရခေါ် သည်ကို ဖြေဆိုပြီးလျှင် (ခ) မြတ်စွာဘုရားသည် ပြဟ္မာများမမြင်အောင် ကိုယ်တော်ကို ကွယ်ပျောက်စေလျက် ရွတ်ဆိုဟောကြားအပ်သော ပါဠိဂါထာ၏မြန်မာစကားပြေကို ရေးသားပြပါ။**

*(၁၉၉၆၊ စမန ၂၀၆၊ ၂၁၈)*

**အဖြေ** – *(က) **ဆန္ဒသမာဓိ**ဟူသည်မှာ ဆန္ဒလွန်ကဲသောသမာဓိ (ဝါ) ပြုလိုခြင်းဆန္ဒကို အကြီးအမှူးပြု၍ ရသောသမာဓိဖြစ်ပါသည်။*

*ပဓာနသင်္ခါရဟူသည်မှာ ပြင်းစွာအားထုတ်မှုဖြစ်သော သင်္ခါရတို့ဖြစ်ပါသည်။ ဤပဓာနသင်္ခါရဟူသောအမည်သည် ကိစ္စလေးပါးကိုပြီးစေသော သမ္မပ္ပဓာန်ဝီရိယ၏ အမည်ပေတည်း။*

*(ခ) မြတ်စွာဘုရားသည် ပြဟ္မာများမမြင်အောင် ကိုယ်တော်ကို ကွယ်ပျောက်စေလျက် ရွတ်ဆိုဟောကြားအပ်သော ပါဠိဂါထာ၏မြန်မာစကားပြေမှာ -*

*"ငါဘုရားသည် ဘဝသံသရာ၌ အိုခြင်း, နာခြင်း, သေခြင်းစသောဘေးတို့ကို မြင်သောကြောင့်သာလျှင်၊ ဘဝကင်းရာကို ရှာနေကြသည့်သူတို့၏တွယ်တာမှုမကင်းသဖြင့် အဖန်ဖန်မြင်နေရခြင်းကိုလည်း မြင်သောကြောင့်သာလျှင်၊ တစ်ခုသောဘဝကိုမျှ မချီးမွမ်းသတည်း။ ဘဝ၌ နှစ်သက်ပျော်မွေ့မှုတဏှာကိုလည်း ဆွဲကိုင်မထားဘဲ ပြတ်စဲစွန့်လွှတ်လိုက်ပေသတည်း" ဖြစ်ပါသည်။*

**၁၈။ လဝိမာန်ကို လက်ဖြင့်လှမ်း၍ဆွဲကိုင်သော တန်ခိုးရှင်၏ရှည်ထွက်လာသောလက်ကြီးသည် မည်သည့်ရုပ်အမျိုးအစားဖြစ်သည်ကို ဖော်ပြပါ။** *(၁၉၉၆၊ စမန ၂၂၄)*

**အဖြေ** –*လဝိမာန်ကို လက်ဖြင့်လှမ်း၍ဆွဲကိုင်သော တန်ခိုးရှင်၏ရှည်ထွက်လာသော လက်ကြီးသည် ဥပဒိန္နကခေါ် ကိုယ်တွင်းရုပ်ကိုမှီ၍ ပွားလာသော အနုပါဒိန္နကခေါ် ကိုယ်ပရုပ်အမျိုးအစားဖြစ်ပါသည်။*

**၁၉။ အဘိညာဉ်၏အခြေခံ စတုတ္ထစျာန်ရရှိသူတို့၏စိတ်သည် အဘကြောင့် ယိမ်းယိုင်လှုပ်ရှားမှုမရှိပါသနည်း၊ ယင်းစျာန်မရှိသူတို့၏စိတ်ကား အဘယ်တရားများကြောင့် ယိမ်းယိုင်လှုပ်ရှားပါသနည်း၊ ဖြေဆိုပါ။** *(၁၉၉၇၊ စမန ၁၉၆၊ ၁၉၇)*

**အဖြေ** – *အဘိညာဉ်၏အခြေခံ စတုတ္ထစျာန်ရရှိသူတို့၏စိတ်သည် ထက်ဝန်းကျင်စင်ကြယ်ခြင်း၊ နူးညံ့၍အမှု၌ခံ့ခြင်း၊ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, ဉာဏ်အလင်းတို့က*

*အားပေးထောက်ပံ့ခြင်းတို့ကြောင့် စိတ်တည်တံ့၍ ယိမ်းယိုင်လှုပ်ရှားမှုမရှိခြင်း ဖြစ်ပါသည်။*

*စတုတ္ထစျာန်မရှိသူတို့၏စိတ်ကား မယုံကြည်ခြင်း (အဿဒ္ဓိယ)၊ ပျင်းရိခြင်း (ကောသဇ္ဇ)၊ မေ့လျော့ခြင်း (ပမာဒ)၊ ပျံ့လွင့်ခြင်း (ဥဒ္ဓစ္စ)၊ မသိမိုက်မဲခြင်း (အဝိဇ္ဇာ)၊ ကိလေသာအမှောင်နှင့် နီဝရဏတို့ကြောင့် ယိမ်းယိမ်းလှုပ်ရှားပါသည်။*

**၂၀။ ဓမ္မဒိန္နမထေရ်အရှင်မြတ်သည် တိဿမဟာကျောင်းတိုက် စေတီရင်ပြင်၌နေ၍ တရားဟောတော်မူရာ တရားနာပုဂ္ဂိုလ်များ သောတာပန်အချို့ သကဒါဂါမ်အချို့ စသည်ဖြစ်ကြရာ၌ အဘယ်နည်း - အဘယ်ပုံတရားဟောသည်ကို စုံလင်စွာဖြေဆိုပါ။**

*(၁၉၉၇၊ စမန ၂၀၅၊ ၂၀၆)*

**အဖြေ** — *ဓမ္မဒိန္နမထေရ်အရှင်မြတ်သည် တိဿမဟာကျောင်းတိုက်၏စေတီရင်ပြင်၌နေ၍ တရားဟောတော်မူရာတွင် "သိက္ခာသုံးပါးနှင့်ပြည့်စုံသောရဟန်းသည် ကိန်းသေအကျင့်ကို ကျင့်သည်မည်၏"ဟုအစရှိသော အပဏ္ဏကသုတ်ကို ဟောကြားစဉ် ယပ်ကို အောက်သို့ ရှေးရှုပြုလိုက်လျှင် အဝီစိတိုင်အောင် တစ်ပြင်တည်းဟင်းလင်းပွင့်လေ၏၊ ထို့နောက် ယပ်ကို အထက်သို့ရှေးရှုပြုလိုက်လျှင် ဗြဟ္မာ့ပြည်တိုင်အောင် တစ်ပြင်တည်း ဟင်းလင်းပွင့်လေ၏။*

*ဓမ္မဒိန္နမထေရ်သည် ငရဲဘေးဖြင့် ခြိမ်းခြောက်၍လည်းကောင်း၊ နတ်ချမ်းသာဖြင့် ဖြားယောင်း၍လည်းကောင်း တရားကို ဟောတော်မူ၏။ တရားနာသူအပေါင်းသည် အချို့သောတာပန်၊ အချို့သကဒါဂါမ်၊ အချို့အနာဂါမ်၊ အချို့ ရဟန္တာဖြစ်ကြလေ၏။*

**၂၁။ အလျှင်အမြန်ဝင်စားနိုင်သော (ခိပ္ပနိသန္တိ)တန်ခိုးရှင်ပေါင်းထောင်သောင်းထဲမှ တစ်ယောက်နှစ်ယောက်လောက်မျှသာ စွမ်းစွမ်းတမံထမ်းဆောင်နိုင်သောဝန်ဟူသည်မှာ အဘယ်နည်း။ အဘယ်ပုဂ္ဂိုလ်သည် ထိုတာဝန်ကို အဘယ်သို့ အဘယ်ပုံ အံ့ဖွယ်ဘနန်း ထမ်းဆောင်ခဲ့ပါသနည်း ဖြေဆိုပါ။** *(၁၉၉၈၊ စမန ၁၉၅)*

**အဖြေ** — *အလျှင်အမြန်ဝင်စားနိုင်သော (ခိပ္ပနိသန္တိ) တန်ခိုးရှင်ပေါင်း ထောင်သောင်းထဲမှ တစ်ယောက်နှစ်ယောက်လောက်မျှသာ စွမ်းစွမ်းတမံထမ်းဆောင်နိုင်သောဝန်ဟူသည်မှာ သူတစ်ပါးတို့၏ထောက်တည်ရာ အားကိုးရာဖြစ်ဖို့ရန် စွမ်းစွမ်းတမံဆောင်ရွက်ခြင်း ဖြစ်ပါသည်။*

*ထိုတာဝန်ကို အံ့ဖွယ်ဘနန်းထမ်းဆောင်ခဲ့သောပုဂ္ဂိုလ်မှာ* ***အရှင်ရက္ခိတမထေရ်****ဖြစ်ပါသည်။ ထေရမ္ဗတ္ထလိုဏ်၌နေသော* ***မဟာရောဟဏဂုတ္တမထေရ်****ကို သူနာပြုစုရန် တန်ခိုးရှင်မထေရ်သုံးသောင်းကြွလာကြ၏။ နဂါးမင်းသည် လူယောင်ဖန်ဆင်း၍ မထေရ်ကြီးအား ယာဂုကပ်ရန်လာသောအခါ ဂဠုန်မင်းက အဟုန်ပြင်းစွာ ထိုးဆင်းလာ၏။ ရှစ်ဝါသာရှိသေးသောအရှင်ရက္ခိတမထေရ်သည် ချက်ချင်းကျောက်တောင်ဖန်ဆင်း၍ ကာကွယ်လိုက်၏။ ဂဠုန်မင်းသည် ကျောက်တောင်နှင့်တိုက်မိ၍ ထွက်ပြေးလေ၏။ မဟာရောဟဏမထေရ်ကြီးက "ငါ့ရှင်တို့ . . အကယ်၍သာ ရက္ခိတမရှိပါလျှင် 'နဂါးမင်းကို မစောင့်ရှောက်နိုင်ကြဘူး'ဟု ငါတို့အားလုံးပင် အကဲ့ရဲ့ခံကြရလတံ့။ ထို့ကြောင့် အမြဲဆောင်ယူအပ်သော လက်နက်ဟူသမျှကို အညစ်အကြေးသုတ်သင်၍သာလျှင် ဆောင်ယူအပ်ပေ၏"ဟု မိန့်*

တော်မူ၏။

တစ်ဖန် စေတီယတောင်နှင့်တကွ သီရိလင်္ကာတစ်ကျွန်းလုံး၌လည်းကောင်း၊ ပင်လယ်သမုဒ္ဒရာထဲ၌ တစ်ယူဇနာအရပ်တိုင်အောင်လည်းကောင်း၊ ကြီးကျယ်စွာသော ဆီမီးပူဇော်ပွဲဖြစ်သည့် **ဂိရိဘဏ္ဍဝါဟနပူဇော်ပွဲ၌** မာရ်နတ်က မီးကျီးမိုးရွာစေလတ်သော် တန်ခိုးရှင်မထေရ်တစ်ပါးသည် ကောင်းကင်ဝယ် မြေကြီးဖန်ဆင်း၍ မီးကျီးမိုးကို ကာကွယ်စောင့်ရှောက်ပေးလိုက်ပါသည်။

**၂၂။ မြေလျှိုးလိုသောတန်ခိုးရှင်သည် အဘယ်ကသိဏစျာန်ကို ဝင်စားရသည် အဘယ်သို့ အဓိဋ္ဌာန်ရသည်ကို ဖြေဆိုပါ။** *(၁၉၉၈၊ စမန ၂၁၉၊ ၂၂၀)*

***အဖြေ*** *– မြေလျှိုးလိုသောတန်ခိုးရှင်သည် အာပေါကသိဏစတုတ္ထစျာန်ကို ဝင်စားရပါသည်။ ထိုတန်ခိုးရှင်သည်*

*(၁) အာပေါကသိုဏ်း၌ ရူပါဝစရစတုတ္ထစျာန်ကို ဝင်စား၏၊*

*(၂) ထိုစျာန်မှထ၍ ဤမျှသောအရပ်၌ မြေသည် ရေဖြစ်စေဟု ပိုင်းခြားလျက် ပရိကံပြု၏၊*

*(၃) အာပေါကသိုဏ်း၌ ပါဒကစျာန်ကို တစ်ဖန်ဝင်စား၍ ထိုစျာန်မှထကာ "ဤမျှသောအရပ်၌မြေသည်ရေဖြစ်စေ"ဟု အဓိဋ္ဌာန်၏။*

*ဤအဓိဋ္ဌာန်စိတ်သည်ဖြစ်သည်နှင့်တစ်ပြိုင်နက် ပိုင်းခြားထားသမျှအရပ်၌ မြေသည် ရေအတိဖြစ်၏။ တန်ခိုးရှင်သည် ထိုရေ၌ ငုပ်ခြင်းပေါ်ခြင်းကိုပြု၏။*

**၂၃။ ပုဂ္ဂိုလ်တစ်ဦးတည်းက ပုဂ္ဂိုလ်တစ်ရာဖြစ်လိုလျှင် အဘယ်လုပ်ငန်းအစီအစဉ်များကို ပြုလုပ်ပြီးမှ ပုဂ္ဂိုလ်တစ်ရာဖြစ်လာသည်ကို ဖြေဆိုပြီးလျှင် ယင်းအစီအစဉ်ပြုလုပ်ရာ၌ အဘယ်စိတ်က အဘယ်ကို အာရုံပြုသည်ကိုလည်း ဖော်ပြပါ။** *(၁၉၉၉၊ စမန ၂၀၈၊ ၂၀၉)*

***အဖြေ*** *– ပုဂ္ဂိုလ်တစ်ဦးတည်းက ပုဂ္ဂိုလ်တစ်ရာဖြစ်လိုလျှင် ပြုလုပ်ရမည့်လုပ်ငန်းအစီအစဉ်မှာ*

*(၁) တန်ခိုးရှင်ပုဂ္ဂိုလ်သည် တန်ခိုးဖန်ဆင်းမှု(ဣဒ္ဓိ)၏ ဘူမိ, ပါဒ, ပဒ, မူလတို့နှင့် ပြည့်စုံရမည်၊*

*(၂) အဘိညာဉ်၏အခြေခံပါဒကစျာန်ဖြစ်သော ရူပါဝစရစတုတ္ထစျာန်ကို ဝင်စားရမည်၊*

*(၃) ထိုစျာန်မှထ၍ ပုဂ္ဂိုလ်တစ်ရာဖြစ်လိုလျှင် "ပုဂ္ဂိုလ်တစ်ရာဖြစ်လို၏"ဟု ဆင်ခြင်၍ ပရိကံပြုရမည်၊*

*(၄) ထို့နောက် အဘိညာဉ်၏အခြေခံပါဒကစျာန်ကို တစ်ဖန်ဝင်စား၍ ထိုစျာန်မှထကာ "ပုဂ္ဂိုလ်တစ်ရာဖြစ်စေ"ဟု အဓိဋ္ဌာန်ရမည်။*

*ဤအဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ပုဂ္ဂိုလ်တစ်ရာဖြစ်၏။*

***ယင်းအစီအစဉ်ပြုလုပ်ရာ၌ စိတ်တို့၏အာရုံကို*** *ဖော်ပြရသော် -*

*(၁) အဘိညာဉ်၏အခြေခံပါဒကစျာန်ဖြစ်သော ရူပါဝစရစတုတ္ထစျာန်သည် ကသိုဏ်း, ပဋိဘာဂနိမိတ်ကို အာရုံပြု၏။*

*(၂) ပရိကံပြုသော ကာမာဝစရဇောစိတ်တို့သည် ဖန်ဆင်းသည့်ပုဂ္ဂိုလ်တစ်ရာကို အာရုံပြု၏၊ အဆင်း၏အစွမ်းအားဖြင့်သာ အာရုံပြု၏၊ ပညတ်၏အစွမ်းဖြင့် အာရုံမပြုပါ။*

*(၃) အဓိဋ္ဌာန်စိတ်သည်လည်း ထို့အတူပင် ဖန်ဆင်းသည့်ပုဂ္ဂိုလ်တစ်ရာကို အဆင်း၏*

*အစွမ်းအားဖြင့် အာရုံပြု၏။*

**၂၄။ ရာဇဂြိုဟ်မြို့အပြင်ဘက်၌ ညဥ့်သုံးယာမ်ပတ်လုံး ဘီလူးသားရဲမြောက်များစွာသွားလာကျက်စားရာဌာန၌ တစ်ယောက်တည်းရှိနေသော "ဘူတပါလ"မည်သော သူငယ်၏ ဘေးရန်ကင်းကွာ ချမ်းသာစွာနေရခြင်းသည် အဘယ်မည်သောတန်ခိုး(ကဒ္ဒိ)ဖြစ်သည်ကို ဖြေဆိုပြီး၊ ကောင်းကင်ခရီးဖြင့် သွားလိုသောတန်ခိုးရှင်အတွက် အပိုဆောင်ထားရမည့် အဘိညာဉ်ကိုလည်း ဖော်ပြပါ။** *(၂၀၀၀၊ စမန ၁၉၉-၂၀၀၊၂၂၂)*

**အဖြေ** – *ရာဇဂြိုဟ်မြို့အပြင်ဘက်၌ ညဥ့်သုံးယာမ်ပတ်လုံး ဘီလူးသားရဲမြောက်များစွာ သွားလာကျက်စားရာဌာန၌ တစ်ယောက်တည်းရှိနေသော* ***"ဘူတပါလ"****မည်သောသူငယ်၏ ဘေးရန်ကင်းကွာချမ်းသာစွာနေရခြင်းမှာ ဘူတပါလသူငယ်သည် ပစ္ဆိမဘဝိကသားဖြစ်၍ လက်ရှိဘဝခန္ဓာကိုယ်ဖြင့် ကိုန်းသေရလတ့်သော အရဟတ္တမဂ်ဉာဏ်၏အစွမ်းအာနုဘော်ကြောင့်ဖြစ်သည့်* ***"ဉာဏဝိပ္ဖါရိဒ္ဓိတန်ခိုး"*** *အစွမ်းကြောင့် ဖြစ်ပါသည်။*

*ကောင်းကင်ခရီးဖြင့်သွားလိုသောတန်ခိုးရှင်အတွက် အပိုဆောင်ထားရမည့်အဘိညာဉ်မှာ* ***ဒိဗ္ဗစက္ခုအဘိညာဉ်****ဖြစ်ပါသည်။ အကြောင်းမှာ လမ်းခုလတ်အကြား၌ ဥတုကြောင့်ဖြစ်သော တောင်, သစ်ပင်စသည်တို့ ရုတ်တရက်ပေါ် ပေါက်လာလျှင်သော်လည်းကောင်း၊ နဂါး, ဂဠုန်စသည်တို့က မနာလို၍ တောင်, သစ်ပင်စသည့်အဟန့်အတားကို ဖန်ဆင်းထားလျှင်သော်လည်းကောင်း ထိုအန္တရာယ်တို့ကို မြင်ရန်လိုသောကြောင့် ဖြစ်၏။ ထို့အပြင် ဆင်းသက်ရာ၌ ရေချိုးဆိပ်, ရွာတံခါးစသည့် မဆင်းသင့်သောအရပ်ကို ရှောင်ကြဉ်ကာ ဆင်းသင့်သော လူသူကင်းဆိတ်ရာအရပ်၌ ဆင်းသက်နိုင်ရန်အတွက်လည်း ဒိဗ္ဗစက္ခုအဘိညာဉ်ကို လိုအပ်၏။*

**၂၅။ အဘယ်ကဒ္ဒိ(တန်ခိုး)ကို "ဝိကုဗ္ဗနကဒ္ဒိ၊ မနောမယကဒ္ဒိ"ဟုခေါ်သည်ကို ဖော်ပြပြီး၊ ခါကုကောဏ္ဍညထေရ်၏ထူးခြားသောဖြစ်ကြောင်းနှင့် ထိုမထေရ်ရှင်မှာ အနာဒဏ်ရာမဖြစ်ခြင်း၏အကြောင်းကိုလည်း ဖော်ပြပါ။** *(၂၀၀၁၊ စမန ၂၃၁-၂၃၂၊ ၂၀၀-၂၀၁)*

**အဖြေ** – ***ဝိကုဗ္ဗနကဒ္ဒိ****ဟူသည်မှာ တန်ခိုးရှင်သည် မိမိ၏ပကတိအသွင်ကိုစွန့်၍ သူငယ်အသွင်, နဂါးအသွင်, ဂဠုန်အသွင်, နတ်, သိကြား, ဗြဟ္မာအသွင်စသည်ဖြင့် အလိုရှိရာ အသွင်အမျိုးမျိုးကို ဖန်ဆင်းသည့်တန်ခိုးဖြစ်ပါသည်။*

***မနောမယကဒ္ဒိ****ဟူသည်မှာ စိတ်တန်ခိုးဖြင့်ပြီးသော မနောမယရုပ်ကိုယ်ကို ဖန်ဆင်းသည့်တန်ခိုးဖြစ်၏။ တန်ခိုးရှင်သည် ပထဝီကသိုဏ်းစသည့် ကသိုဏ်းတစ်မျိုးမျိုး၌ ပါဒကစျာန်ကို ဝင်စားပြီးလျှင် ထိုစျာန်မှထ၍ မိမိ၏ကိုယ်ကို အခေါင်းအဖြစ်ဆင်ခြင်၍ ပရိကံပြု၏။ ပါဒကစျာန်ကို တစ်ဖန်ဝင်စား၍ ထိုစျာန်မှထကာ "ဤကိုယ်သည် အခေါင်းဖြစ်စေ" ဟု အဓိဋ္ဌာန်၏၊ တစ်ကိုယ်လုံးအခေါင်းဖြစ်၏။*

*ထိုမိမိကိုယ်၏အတွင်းအခေါင်းထဲ၌ ဖန်ဆင်းလိုသောရုပ်ကိုယ်ကို ဆင်ခြင်၍ ပရိကံပြု၏။ ပါဒကစျာန်ကို တစ်ဖန်ဝင်စား၍ စျာန်မှထကာ "ဖန်ဆင်းလိုသည့် ရုပ်ကိုယ်ဖြစ်စေ" ဟု အဓိဋ္ဌာန်၏။ ကိုယ်၏အတွင်းအခေါင်းထဲ၌ ဖန်ဆင်းသည့်ရုပ်ကိုယ်ဖြစ်၏။ ထို့နောက် ထိုနိမ္မိတရုပ်ကိုယ်ကို အပြင်ပသို့ထုတ်၏၊ ဖြူဆံမြက်ပင်မှ ဖြူဆံမြက်ကို ထုတ်သကဲ့သို့တည်း။ ဖြူဆံညောက်သည် ဖြူဆံမြက်ပင်နှင့် တူသကဲ့သို့ ဖန်ဆင်းသည့်မနောမယရုပ်*

ကိုယ်သည် တန်ခိုးရှင်၏ ရုပ်ကိုယ်နှင့် တစ်ထပ်တည်း တူ၏။ ဤကား မနောမယက္ကဒ္ဓိ ဖြစ်၏။

**ခါဏုကောဏ္ဍညထေရ်**သည် တစ်ညဉ့်၌ တောတစ်ခုဝယ် သမာပတ်ဝင်စားလျက် ထိုင်နေတော်မူ၏။ ခိုးသားငါးရာတို့သည် ပစ္စည်းဥစ္စာများစွာကို ခိုးယူ၍ပြေးလာပြီးလျှင် နောက်မှလိုက်လာသူမရှိမှန်းသိသဖြင့် အပန်းဖြေအနားယူရန် ခိုးထုပ်ခိုးထည်အားလုံးကို မထေရ်အား သစ်ငုတ်ထင်၍ မထေရ်အပေါ်၌ စုပုံချထားကြ၏။

ခိုးသားတို့သည် အပန်းဖြေနားနေပြီးနောက် သွားကြမည်ပြုရာတွင် မထေရ်ပေါ် ချထားခဲ့သည့်ခိုးထုပ်ခိုးထည်များကို ပြန်ယူကြ၏။ ထိုအခိုက် မထေရ်သည် သမာပတ်ဝင်စားရန် အဓိဋ္ဌာန်ထားသည့်ကာလပြည့်သဖြင့် သမာပတ်မှထတော်မူ၏။ မထေရ်လှုပ်ရှားလာသည်ကို မြင်သောအခါ ခိုးသားများကြောက်လန့်ကြပြီး ဟစ်အော်ထွက်ပြေးကြ၏။ မထေရ်က မကြောက်ကြရန် မိန့်တော်မူပြီး ဆုံးမစကား မိန့်ကြား၏။ ခိုးသားငါးရာတို့သည် မထေရ်အား အလွန်ကြည်ညိုကြသဖြင့် မထေရ်ထံ၌ ရဟန်းပြု၍တရားအားထုတ်ကြသဖြင့် ပဋိသမ္ဘိဒါ ဉာဏ်နှင့်တကွ ရဟန္တာများဖြစ်ကြ၏။ ဤကား မထေရ်၏ထူးခြားသောဖြစ်ရပ်ဖြစ်၏။

ထိုမထေရ်မှာ ခိုးထုပ်ခိုးထည်ငါးရာတို့ဖြင့် အဖိခံရသော်လည်း နာကျင်မှုမရှိခြင်း, အနာဒဏ်ရာမရခြင်းမှာ မထေရ်၏**သမာဓိဝိပ္ဖါရိဒ္ဓိတန်ခိုးကြောင့်**ပေတည်း။

**၂၆။ ဥတေနမင်းက သာမာဝတီမိဖုရားကို မြားဖြင့်မပစ်နိုင်အောင် အဘယ်တန်ခိုးဣဒ္ဓိက တာကွယ်ထားသည်ကို ဖော်ပြပါ။** (၂၀၀၂၊ စမန ၂၀၂-၂၀၃)

**အဖြေ** – ဥတေနမင်းသည် သာမာဝတီ၏အဆောင်၌ ပွဲတော်တည်၍ စက်တော်ခေါ်နေသည့် အခါ မာဂဏ္ဍီမိဖုရားက ဘုရင့်စောင်း၏အပေါက်ဝကိုဆို့ပိတ်ထားသည့် အဝတ်ပန်းလုံးကို ဖွင့်လိုက်၏၊ စောင်းထဲ၌ ထည့်သွင်းထားသော မြွေဆိုးထွက်လာပြီး မာန်ဖီလေ၏။ မာဂဏ္ဍီမိဖုရား အလန့်တကြားဟစ်အော်သဖြင့် ဘုရင်လန့်နိုးလာပြီးလျှင် မာန်ဖီနေသော မြွေဆိုးကိုမြင်သဖြင့် သာမာဝတီမိဖုရားက မိမိအားလုပ်ကြံသည်ဟု အထင်မှားကာ စိတ်ဆိုး၏။ သာမာဝတီမိဖုရားအား မြားဖြင့်ပစ်ရန် လေးတင်ပြီးချိန်ထား၏။

သာမာဝတီမိဖုရားခေါင်နှင့် အခြွေအရံငါးရာတို့သည် သောတာပန်များဖြစ်ကြသဖြင့် ဥတေနမင်းအားစိတ်မဆိုးဘဲ မေတ္တာဈာန်ဖြင့် ပွားပို့နေကြ၏။ ဥတေနမင်းသည် မြားကို ပစ်လည်းမပစ်နိုင်၊ ချလည်းမချနိုင်ဘဲ တဆတ်ဆတ်တုန်လှုပ်နေ၏။ ဤသို့မြားဖြင့် မပစ်နိုင်ခြင်းမှာ သာမာဝတီမိဖုရား၏ **မေတ္တာဈာန်သမာဓိဝိပ္ဖါရိဒ္ဓိတန်ခိုးကြောင့်** ဖြစ်ပါသည်။

(၂၀၀၃ခုနှစ် မမေးပါ)

**၂၇။ အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို ပယ်ခြင်းကိစ္စနှင့် ပဌမဈာန်ဖြင့် နီဝရဏတို့ကို ပယ်ခြင်းကိစ္စတို့ ပြီးစီးထမြောက်ပါက တန်ခိုး(ဣဒ္ဓိ)ဆယ်မျိုးတို့တွင် အဘယ်တန်ခိုးတို့ ဖြစ်သည်ကို ဖော်ပြပြီးလျှင်၊ ထိုတန်ခိုးတို့သည် အဘယ်အရှင်မြတ်တို့၌ ကိုယ်တွေ့မြင်ခဲ့ သည်ကို ဝိသုဒ္ဓိမဂ်အတိုင်းဖော်ပြပါ။** (၂၀၀၄၊ စမန ၁၉၈-၁၉၉၊ ၂၀၀-၂၀၂)

**အဖြေ** –အနိစ္စာနုပဿနာဖြင့် နိစ္စသညာကို ပယ်ခြင်းကိစ္စပြီးစီးထမြောက်ပါက **ဉာဏဝိပ္ဖါရိဒ္ဓိ တန်ခိုးဖြစ်၏။** ဉာဏ်မဖြစ်ပေါ်မီ ရှေး၌ဖြစ်စေ၊ ဉာဏ်ဖြစ်ပေါ်ပြီးနောက်၌ဖြစ်စေ၊ ဉာဏ်ဖြစ်

ပေါ်ဆဲအခိုက်၌ဖြစ်စေ ယင်းဉာဏ်အစွမ်းကြောင့် ဖြစ်ပေါ်လာသည့်ထူးခြားမှုများကို "ဉာဏဝိပ္ပါရိဒ္ဓိ"ခေါ်ပါသည်။

ဤဉာဏဝိပ္ပါရိဒ္ဓိတန်ခိုးကို အရှင်ဗာကုလ၊ အရှင်သံကိစ္စ, အရှင်ဘူတပါလတို့၌ ကိုယ်တွေ့ဖြစ်ခဲ့ပါသည်။

- **အရှင်ဗာကုလ**သည် ၅-ရက်သားကလေးဘ၀မှ ငါးကြီးမျိုလိုက်သော်လည်း အနာရောဂါမရှိချေ၊
- **အရှင်သံကိစ္စ**သည် မိမိကို ကိုယ်ဝန်ဆောင်ထားစဉ် မိခင်ကွယ်လွန်၍ အလောင်းကို မီးရှို့သောအခါ အနာရောဂါမရပေ၊
- **အရှင်ဘူတပါလ**သည် သူငယ်ဘ၀က ဘီလူး, သားရဲတို့ကျက်စားသည့်မြို့ပြင်၌ တစ်ညဥ့်လုံးတစ်ယောက်တည်းနေရသော်လည်း ဘေးအန္တရာယ်မဖြစ်ချေ။

ဤဖြစ်ရပ်တို့သည် ဤအရှင်မြတ်တို့၏လက်ရှိဘ၀အသီးသီး၌ ရအပ်လတ့်သော အရဟတ္တမဂ်ဉာဏ်၏အစွမ်းအာနုဘော်ကြောင့် ဖြစ်သဖြင့် ဉာဏဝိပ္ပါရိဒ္ဓိမည်ပါသည်။

**ပထမဈာန်ဖြင့် နီဝရဏတို့ကို ပယ်ခြင်းကိစ္စပြီးစီးထမြောက်ခြင်းသည် သမာဓိဝိပ္ပါရိဒ္ဓိ တန်ခိုးဖြစ်၏။** သမာဓိမဖြစ်ပေါ်မီရှေ့၌ဖြစ်စေ၊ သမာဓိဖြစ်ပေါ်ပြီးနောက်၌ဖြစ်စေ၊ သမာဓိ ဖြစ်ပေါ်ဆဲအခိုက်၌ဖြစ်စေ၊ ယင်းသမာဓိအစွမ်းကြောင့် ဖြစ်ပေါ်လာသည့်ထူးခြားမှုများကို 'သမာဓိဝိပ္ပါရိဒ္ဓိ'ဟုခေါ်၏။

ဤသမာဓိဝိပ္ပါရိဒ္ဓိတန်ခိုးကို အရှင်သာရိပုတ္တရာ၊ အရှင်သဉ္စိ၀၊ အရှင်ခါဏုကောဏ္ဍည တို့၌ ကိုယ်တွေ့ဖြစ်ခဲ့ပါသည်။

— **အရှင်သာရိပုတ္တရာ**သည် သမာပတ်ဝင်စားနေစဉ် ဘီလူးဆိုးက မထေရ်၏ဦးခေါင်းကို ပြင်းထန်စွာပုတ်ခတ်သော်လည်း နာကျင်မှုတစ်စုံတစ်ခုမျှ မဖြစ်ပေ။

— **အရှင်သဉ္စိ၀မထေရ်**သည် နိရောဓသမာပတ်ဝင်စားနေစဉ် နွားကျောင်းသားများက မြက်, ထင်းတို့ကို မထေရ်ကိုယ်ပေါ်စုပုံ၍ မီးရှို့သော်လည်း သင်္ကန်းချည်တစ်မျှင်ပင် မီးမလောင်ချေ။

— **အရှင်ခါဏုကောဏ္ဍည**သည် တောထဲ၌သမာပတ်ဝင်စားနေစဉ် ခိုးသား၀ါးရာတို့က ခိုးထုပ်ခိုးထည်များကို မထေရ်ပေါ် ချထားကြသော်လည်း မထေရ်နာကျင်မှု မရှိချေ။

ဤဖြစ်ရပ်တို့သည် မထေရ်တို့ဝင်စားနေသော သမာပတ်အသီးသီး၏ သမာဓိဝိပ္ပါရိဒ္ဓိ တန်ခိုးများဖြစ်ပါသည်။

**၂၈။ ငှက်သွင်အလား ကောင်းကင်တွင် ဈာန်ခရီးကြွလိုသောရဟန်းသည် မည်သည့် အဘိညာဉ်ကို ရရှိထားသင့်ပါသနည်း။ ပြည့်စုံလောက်သော အကြောင်းပြချက်များဖြင့် ဖြေဆိုပါ။** *(၂၀၀၅၊ စမန ၂၂၈-၂၂၉)*

**အဖြေ** — *ငှက်အသွင်အလားကောင်းကင်တွင် ဈာန်ခရီးကြွလိုသောရဟန်းသည် ဒိဗ္ဗစက္ခု အဘိညာဉ်ကို ရရှိထားသင့်ပါသည်။ (အကြောင်းပြချက်မှာ နံပါတ် ၂၄ ဒုတိယပိုင်းအဖြေ အတိုင်းဖြစ်သည်)*

**၂၉။ (က) မနောမယသူငွေး၊ (ခ) သုမနဒေဝီ၊ (ဂ) မောင်ပုဏ္ဏတို့၏ (ပုညဝတောက္ကန္တိ)**

**ကောင်းမှုကြောင့်ပြီးသည့် တန်ခိုးကြီးမားပုံများကို ဖြေဆို၍ ဈေးကဖြစ်ဖူးသောခန္ဓာအစဉ်ကိုအောက်မေ့နိုင်သူတို့ကိုလည်း ညွှန်ပြခဲ့ပါ။** *(၂၀၀၆၊ စမန ၂၀၅)*

**အဖြေ** – *(က) နေဥ္စယသူဌေး၏ကောင်းမှုကြောင့်ပြီးသည့် တန်ခိုးကြီးပုံမှာ အသပြာငွေတစ်ထောင်ထုပ်ကိုကိုင်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေ လူတို့အား ပေးကမ်းသော်လည်း ငွေတို့သည် မကုန်ချေ။*

*(ခ) သုမနဒေဝီ၏ပုညဝတောက္ကဒ္ဓိမှာ စပါးပြည့်နေသည့်ပြည်တောင်းတစ်ခုကိုကိုင်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေ လူတို့အား ဝေငှပေးသော်လည်း စပါးမကုန်ခြင်းဖြစ်ပါသည်။*

*(ဂ) မောင်ပုဏ္ဏ၏ ပုညဝတောက္ကဒ္ဓိမှာ ထယ်တစ်ကြောင်းထိုးလျှင် လက်ဝဲဘက် ထယ်ခုနစ်ကြောင်း၊ လက်ယာဘက်ထယ်ခုနစ်ကြောင်း၊ ထယ်ရေး(၁၄)ကြောင်း တစ်ပြိုင်တည်းဖြစ်ခြင်းဖြစ်၏။*

*(မေးခွန်းဒုတိယပိုင်းမှာ နောက်အခန်းနှင့် သက်ဆိုင်၏)*

**၃၀။ ပုညဝတက္ကဒ္ဓိတန်ခိုးကြောင့်ဖြစ်ပေါ်လာသော ဘုန်းကံကြီးမားသူဆွေမျိုးငါးဦးတို့ကို သူတို့၏ဘုန်းကံတို့နှင့်တကွ တွဲစပ်ဖော်ပြပါ။** *(၂၀၀၇၊ စမန ၂၀၄-၂၀၅)*

**အဖြေ** – *ပုညဝတက္ကဒ္ဓိတန်ခိုးကြောင့် ဖြစ်ပေါ်လာသော ဘုန်းကံကြီးမားသူဆွေမျိုးငါးဦးတို့မှာ မေဏ္ဍကသူဌေး၊ သူဌေးကတော်စန္ဒပဒုမသီရိ၊ သူဌေးသား - နေဥ္စယသူဌေး၊ ချွေးမ - သုမနာဒေဝီနှင့်ငင်းတို့၏ ကျွန် - ပုဏ္ဏတို့ဖြစ်ပါသည်။*

*(၁) မေဏ္ဍကသူဌေး၏ဘုန်းကံမှာ သူဌေးခေါင်းလျှော်ပြီး၍ ကောင်းကင်ကိုမော်ကြည့်သောအခါ၌ ကောင်းကင်မှ သလေးနီစပါးတို့ကျလာ၍ စပါးကျီ ၁၂၅၀၀တို့ကို ပြည့်စေခြင်းဖြစ်၏။*

*(၂) သူဌေးကတော်စန္ဒပဒုမသီရိ၏ဘုန်းကံမှာ တစ်စလယ်ချက်မျှထမင်းကို သူ့လက်ဖြင့်ကိုင်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေ လူတို့ကို ကျွေးသော်လည်း ထမင်းမကုန်ခြင်းဖြစ်၏။*

*(၃) သားဖြစ်သူနေဥ္စယသူဌေး၏ဘုန်းကံမှာ အသပြာငွေတစ်ထောင်ထုပ်ကိုကိုင်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေလူတို့အား ပေးကမ်းသော်လည်း ငွေမကုန်ခြင်းဖြစ်၏။*

*(၄) ချွေးမဖြစ်သူသုမနာဒေဝီ၏ဘုန်းကံမှာ စပါးပြည့်နေသည့်ပြည်တောင်းတစ်ခုကိုကိုင်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေလူတို့အား ဝေငှပေးသော်လည်း စပါးမကုန်ခြင်းဖြစ်၏။*

*(၅) ကျွန်ဖြစ်သူ မောင်ပုဏ္ဏ၏ဘုန်းကံမှာ ထယ်တစ်ကြောင်းထိုးလျှင် လက်ဝဲဘက်ထယ်ခုနစ်ကြောင်း၊ လက်ယာဘက်ထယ်ခုနစ်ကြောင်း၊ ထယ်ရေး(၁၄)ကြောင်းတစ်ပြိုင်တည်းဖြစ်ခြင်းဖြစ်ပါသည်။*

**၃၁။ အရှင်ဗာကုလမထေရ်လောင်းလျာ၏ရေထဲသို့ကျ၍ ငါးဝမ်းဗိုက်ထဲသို့ရောက်ပြီး မသေသောဉာဏဝိပ္ဖါရိဒ္ဓိတန်ခိုးကြီးမားပုံနှင့်သီရိမာသည် မယ်ဥတ္တရာ၏ဦးခေါင်းထက်သို့ ဆီပူလောင်းချသော်လည်းမည်သို့မျှမဖြစ်နိုင်သောသမာဓိဝိပ္ဖါရိဒ္ဓိတန်ခိုးကြီးမားပုံတို့ကို ပေါ်လွင်အောင်ရေးသားခဲ့ပါ။** *(၂၀၀၈၊ စမန ၂၀၀၊ ၂၀၃)*

**အဖြေ** – *အရှင်ဗာကုလမထေရ်လောင်းလျာ – နံပါတ် (၁) တွင်ဖြေထားပါသည်။*

*မယ်ဥတ္တရာ၏သမာဓိဝိပ္ဖါရိဒ္ဓိ – နံပါတ် ၆(ခ) တွင် ဖြေထားပါသည်။*

အခန်း(၁၃)

# အဘိညာနိဒ္ဒေသ
# အဘိညာဉ်တို့ကို အကျယ်ပြခြင်း

## ၁ ဒိဗ္ဗသောတအဘိညာဉ်

ဒိဗ္ဗသောတအဘိညာဉ်သည် သာမန်လူတို့၏နားထက်သာလွန်သော ဒိဗ္ဗသောတဓါတ်နှင့် နတ်ပြည်၌ဖြစ်သည့်အသံ, လူ့ပြည်၌ဖြစ်သည့်အသံ, ဝေးသောအသံ, နီးသောအသံ, အကြွင်းမဲ့ အသံအားလုံးကို ကြားနိုင်သော အထူးသိသည့်ဉာဏ်ဖြစ်၏။

**ဒိဗ္ဗမည်ပုံ**

**'ဒိဗ္ဗသောတဓါတ်'**၌ နတ်နားနှင့်တူသောကြောင့် 'ဒိဗ္ဗ'မည်၏၊ နတ်တို့၏နားသည် ကောင်းမှုကံကြောင့်ဖြစ်ပေါ်လာသဖြင့် သည်းခြေ, သလိပ်, သွေးစသည်တို့က ပိတ်ပင်နှောင့်ယှက်ခြင်း မရှိပေ။ ညစ်ညူးကြောင်းအညစ်အကြေးတို့မှကင်းလွတ်သောကြောင့် ဝေးသောအသံအာရုံကို ခံယူနိုင်, ကြားနိုင်၏။

ဒိဗ္ဗသောတအဘိညာဉ်ရသည့်ရဟန်း၏ဝီရိယဖြင့် ပွားစေအပ်သည့်သမာဓိစွမ်းအားကြောင့် ဖြစ်သော အဘိညာဉ်သောတဓါတ်သည်လည်း နတ်တို့၏နားနှင့်တူသောကြောင့် 'ဒိဗ္ဗ'မည်၏။ တစ်နည်းအားဖြင့်, ဒိဗ္ဗဝိဟာရခေါ် ဈာန်လေးပါးတို့၏အစွမ်းဖြင့် ရအပ်သည့်အဖြစ်ကြောင့် လည်း 'ဒိဗ္ဗ'မည်၏။ မိမိကိုယ်တိုင်လည်း အင်္ဂါရှစ်ပါးနှင့်ပြည့်စုံ၍ အထွတ်အထိပ်သို့ရောက် သည့် ပါဒကဈာန်ဟူသော ဒိဗ္ဗဝိဟာရကိုမှီ၍ဖြစ်သည့်အတွက်ကြောင့်လည်း 'ဒိဗ္ဗ'မည်၏။

**သောတဓါတ်မည်ပုံ**

ကြားခြင်း(ဝါ)သဒ္ဒါရုံကို ယူတတ်ခြင်းအနက်သဘောကြောင့်လည်းကောင်း၊ အသက်ဇီဝ မဟုတ်ခြင်း(နိဇ္ဇီဝ)အနက်သဘောကြောင့်လည်းကောင်း၊ 'သောတဓါတ်'မည်၏။ တစ်နည်းအား ဖြင့် သောတဓါတ်ခေါ် နား၏ကြားခြင်းကိစ္စကိုပြုသဖြင့် သောတဓါတ်နှင့်တူသောကြောင့်လည်း 'သောတဓါတ်'မည်၏။

**ဒိဗ္ဗသောတဓါတ်မည်ပုံ**

နတ်တို့၏နားနှင့်တူသော အဘိညာဉ်သောတဓါတ်ဖြစ်သောကြောင့် 'ဒိဗ္ဗသောတဓါတ်' မည်၏။ ဤ 'ဒိဗ္ဗသောတဓါတ်'ဟူသောအမည်သည် 'ဒိဗ္ဗသောတအဘိညာဉ်'ဟူသော အမည် ပေတည်း။

**ဒိဗ္ဗသောတအဘိညာဉ်ကိုဖြစ်စေပုံ**

ဒိဗ္ဗသောတအဘိညာဉ်ကို ထူထောင်လိုသောယောဂီပုဂ္ဂိုလ်သည် -

(၁) အဘိညာဉ်၏အခြေခံဖြစ်သော ရူပါဝစရစတုတ္ထစျာန်ကို ဝင်စား၏။
(၂) ထိုပါဒကစျာန်မှထ၍ ပရိကံသမာဓိစိတ်ဖြင့် ပကတိနားဖြင့်ကြားနိုင်လောက်သည့် တောထဲကခြသေ့်ဟောက်သံစသော ကြမ်းတမ်း ကျယ်လောင်သောအသံတို့ကို နှလုံးသွင်း၏၊ ဆင်ခြင်၏။
(၃) ထို့နောက် ကျောင်းတိုက်မှ ခေါင်းလောင်းသံ, စည်သံ, ခရုသင်းသံ, သာမဏေနှင့်ရဟန်းငယ်တို့၏စာရွတ်ဆိုသံ, ပကတိစကားပြောသံ, ငှက်သံ, လေသံ, ခြေနင်းသံ, ရေနွေးပွက်ပွက်ဆူသံ, နေပူထဲ၌ထန်းရွက်ခြောက်တို့၏တဖျစ်ဖျစ်မြည်သံ, ပုရွက်ဆိတ်, ခြကောင်တို့၏မြည်သံများကို နှလုံးသွင်း၏၊ ဆင်ခြင်၏။
(၄) ဤသို့ဖြင့် အကြမ်းဆုံးအကျယ်ဆုံးအသံမှစ၍ အစဉ်အတိုင်းသိမ်မွေ့သောအသံတို့ကို နှလုံးသွင်း၏၊ ဆင်ခြင်၏။ အရှေ့အရပ်၌ အသံတို့၏သဒ္ဒနိမိတ်ကိုနှလုံးသွင်း၏၊ အနောက်အရပ်, မြောက်အရပ်, တောင်အရပ်, အရှေ့တောင်အရပ်, အနောက်မြောက်အရပ်, အရှေ့မြောက်အရပ်, အနောက်တောင်အရပ်, အောက်အရပ်, အထက်အရပ် အသီးသီး၌ အသံတို့၏သဒ္ဒနိမိတ်ကို နှလုံးသွင်း၏။ ထိုသို့နှလုံးသွင်းသောယောဂီပုဂ္ဂိုလ်မှာ ထိုအသံတို့သည် ပကတိစိတ်အားလည်း ထင်ရှားကုန်၏။ ပရိကံပြုသောသမာဓိစိတ်အားမူကား အလွန်ပင်ထင်ရှားကုန်၏။
(၅) ဤသို့နှလုံးသွင်းနေသောယောဂီအား ဒိဗ္ဗသောတအဘိညာဉ်ဖြစ်တော့မည့်ခဏ၌ ထိုအသံတို့တွင် တစ်ပါးပါးသောအသံကိုအာရုံပြု၍ မနောဒွါရာဝဇ္ဇန်းခေါ် နှလုံးသွင်း, ဆင်ခြင်သည့်စိတ်ဖြစ်၏၊ ထို့နောက် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘူဟုအမည်ရသော ကာမဝစရကုသိုလ်ဇောစိတ်လေးကြိမ် (တိက္ခပညာပုဂ္ဂိုလ်၌ ပရိကံကြဉ်သည့် ကာမာဝစရကုသိုလ်ဇောစိတ်သုံးကြိမ်)ဖြစ်၏။ ထို့နောက်၌ သောတအဘိညာဉ်နှင့်ယှဉ်သည့် ရူပါဝစရစတုတ္ထစျာန်စိတ်ဟူသော အဘိညာဉ်အပ္ပနာစိတ်သည် တစ်ကြိမ်ဖြစ်၍ချုပ်ပြီးလျှင် ဘဝင်စိတ်များဆက်လက်ဖြစ်ပေါ်၏။ အဘိညာဉ်အပ္ပနာစိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ဒိဗ္ဗသောတအဘိညာဉ်ဖြစ်ပေါ်၏။
(၆) ထိုဒိဗ္ဗသောတအဘိညာဉ်ကို အားကောင်းအောင်ပြုလိုသောယောဂီသည် "ဤမျှအတွင်း၌အသံကိုကြားလို၏"ဟု လက်တစ်သစ်မျှအရပ်ကို ပိုင်းခြား၍ ပါဒကစျာန်၏အာရုံကိုပွားစေအပ်၏၊ ထို့နောက် လက်နှစ်သစ်, လေးသစ်, ရှစ်သစ်, တစ်ထွာ, တစ်တောင်, အခန်းတွင်း, ကျောင်းဦးမျက်နှာစာ, ပြာသာဒ်, ပရိဝုဏ်, သံဃာ့အာရာမ်, ဆွမ်းခံရွာ, ဇနပုဒ်ခေါ် မြို့နယ်စသည်ဖြင့် စကြဝဠာအဆုံးထိဖြစ်စေ၊ ထို့ထက်လွန်၍ဖြစ်စေ၊ ပိုင်းခြား, ပိုင်းခြား၍ပွားစေအပ်၏။
(၇) ဤသို့ ဒိဗ္ဗသောတအဘိညာဉ်ကို ထူထောင်ထားသောယောဂီပုဂ္ဂိုလ်သည် ပါဒကစျာန်၏အာရုံဖြစ်သော ကသိုဏ်းနိမိတ်ထိရာ ပြန့်ရာအရပ်အတွင်း၌ တည်ရှိသည့်အသံတို့ကို ပါဒကစျာန်ကို တစ်ဖန်မဝင်စားဘဲ အဘိညာဉ်ဉာဏ်ဖြင့်ကြားနိုင်၏။ ဤသို့ကြားရာ၌လည်း ဗြဟ္မာ့ပြည်တိုင်အောင် ခရုသင်းသံ, စည်ကြီးသံ, ထက်စည်သံစသည်တို့ဖြင့် တစ်ပေါင်းတည်း အုတ်အုတ်ကျက်ကျက်ဆူပွက်နေစေကာမူ အသီးသီးပိုင်းခြား၍ကြားရန်

အလိုရှိပါက ဤကားခရုသင်းသံ, ဤကားစည်ကြီးသံစသည်ဖြင့် ပိုင်းခြား၍သိနိုင်၏။ အဝေးမှအသံကိုကြားရာ၌ အခြားစကြဝဠာမှအသံကိုပင် ကြားနိုင်၏။ အနီးမှအသံကိုကြားရာ၌ မိမိကိုယ်တွင်းရှိ ပိုးကောင်ကလေးများ၏အသံကိုပင် ကြားနိုင်၏။

## ၂ စေတောပရိယအဘိညာဉ်

စေတောပရိယအဘိညာဉ်ခေါ် စေတောပရိယဉာဏ်သည် မိမိ၏စိတ်ဖြင့် အခြားပုဂ္ဂိုလ်သတ္တဝါတို့၏စိတ်ကို ပိုင်းခြား၍ အထူးထူးအပြားပြားအားဖြင့် သိနိုင်သောစွမ်းရည်ဖြစ်၏။

**စေတောပရိယဉာဏ်မည်ပုံ**

စေတောပရိယအဘိညာဉ် (ဝါ) စေတောပရိယဉာဏ်ကို ပြဆိုရာတွင် (စေတော)စိတ်ကို (ပရိယ)ပိုင်းခြားတတ်သောကြောင့် 'စေတောပရိယ'မည်၏၊ (စေတောပရိယ)စိတ်ကို ပိုင်းခြားတတ်သည့်အပြင် (ဉာဏ)သိတတ်သောကြောင့် 'စေတောပရိယဉာဏ်'မည်၏။ ထို့ကြောင့် စေတောပရိယဉာဏ်သည် အခြားပုဂ္ဂိုလ်သတ္တဝါတို့၏စိတ်အသီးသီးကို (သရာဂ)တပ်မက်မှုနှင့်တကွဖြစ်သည်စသည်ဖြင့် အထူးထူးအပြားပြားအားဖြင့် သိသောဉာဏ်အထူးဖြစ်၏။

**စေတောပရိယအဘိညာဉ်ကို ဖြစ်စေပုံ**

စေတောပရိယဉာဏ်သည် ဒိဗ္ဗစက္ခုဉာဏ်၏အစွမ်းဖြင့် ပြီးမြောက်ပြည့်စုံ၏။ ဒိဗ္ဗစက္ခုဉာဏ်သည် စေတောပရိယဉာဏ်၏ပရိကံ (ကြိုတင်ပြင်ဆင်မှု)ပေတည်း။ ထို့ကြောင့် စေတောပရိယအဘိညာဉ်ကို ထူထောင်လိုသော ယောဂီပုဂ္ဂိုလ်သည် -

(၁) အာလောကကသိုဏ်း (အလင်းကသိုဏ်း)ကို ပွားများ၍ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ထူထောင်၏။

(၂) ထို့နောက် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သူတစ်ပါး၏နှလုံးသား(ရုပ်)ကိုမှီ၍ဖြစ်နေသော သွေး၏အဆင်းကိုကြည့်ရှု၍ စိတ်ကိုရှာအပ်၏၊ ရှာ၍သိနိုင်ပုံမှာ -

- ရွှင်လန်းဝမ်းသာသည့်စိတ်ဖြစ်နေသောအခါ၌ နှလုံးသွေးသည် နီ၏၊ ပညောင်သီးမှည့်အဆင်းရှိ၏၊
- နှလုံးမသာသည့်စိတ်ဖြစ်နေသောအခါ၌ နှလုံးသွေးသည် မည်းနက်၏၊ သပြေသီးမှည့်အဆင်းရှိ၏၊
- မရွှင်မညိုး, အလယ်အလတ်စိတ်ဖြစ်နေသောအခါ၌ နှလုံးသွေးသည် ကြည်၏၊ နှမ်းဆီအဆင်းရှိ၏၊ ထို့ကြောင့်
- နီသောနှလုံးသွေးသည် ဝမ်းသာမှု — သောမနဿဖြေကြောင့် ဖြစ်၏၊
- မည်းနက်သောနှလုံးသွေးသည် နှလုံးမသာမှု — ဒေါမနဿဖြေကြောင့် ဖြစ်၏၊
- ကြည်လင်သောနှလုံးသွေးသည် မရွှင်မညိုး — ဥပေက္ခာဖြေကြောင့် ဖြစ်၏ဟူ၍

သူတစ်ပါး၏နှလုံးသွေးရုပ်ကို ကြည့်ရှုကာ သူတစ်ပါး၏စိတ်ကိုရှာလျက် စေတောပရိယဉာဏ်ကို အားရှိအောင်ပြုအပ်၏။

(၃) ဤသို့ပြု၍ စေတောပရိယဉာဏ် အားရှိလတ်သော် အစဉ်အတိုင်းတိုးတက်၍ နှလုံးသွေးရုပ်ကို မကြည့်ရှုဘဲ စိတ်တစ်ခုမှတစ်ခုသို့ပြောင်းလျက် ကာမာဝစရစိတ်အားလုံး, ရူပါဝစရစိတ်နှင့်အရူပါဝစရစိတ်အားလုံးတို့ကို အပြားအားဖြင့် သိနိုင်၏။ မှန်ပေ၏၊ ရှေးအဋ္ဌကထာ၌ အောက်ပါစကားကို ဆိုထားပေ၏—

"အရူပဘုံ၌ အဘယ်သူ၏နှလုံးသားရုပ်ကို ကြည့်ရှုရသေးသနည်း၊ အဘယ်သူ၏ က္ခန္ဓြေဖောက်ပြန်ပုံကို ကြည့်ရှုရသေးသနည်းဟုမေးလျှင် တစ်စုံတစ်ယောက်၏နှလုံးသား ရုပ်နှင့် ကန္ဓြေဖောက်ပြန်ပုံကိုမျှ မကြည့်ရှုရတော့ပါ။ အမှတ်မရှိ တစ်ပါးပါးသောဘုံ၌ တစ်စုံတစ်ယောက်၏စိတ်ကို နှလုံးသွင်း, ဆင်ခြင်လျှင် ၁၆-ပါးအပြားရှိသောစိတ်တို့ကို သိခြင်းသည် စေတောပရိယအဘိညာဉ်တန်ခိုးနှင့်ပြည့်စုံသော ယောဂီ၏အရာပေတည်း။ ယခုဆိုခဲ့သော နှလုံးသွေးရုပ်ကိုကြည့်၍ စိတ်ရှာပုံစကားသည် စေတောပရိယအဘိညာဉ်၌ နှလုံးသွင်းလေ့လာမှုကို မပြုဖူးသေးသော အားထုတ်ခါစပုဂ္ဂိုလ်အတွက် ဖြစ်ပေ၏"

**သိအပ်သောစိတ်(၁၆)မျိုး**

၁။ သရာဂစိတ် (တပ်မက်မှုနှင့်တကွဖြစ်သောစိတ်) – လောဘမူစိတ်

၂။ ဝီတရာဂစိတ် (တပ်မက်မှုကင်းသောစိတ်) – ကြွင်းသောကုသိုလ်စိတ်, အဗျာကတ (ဝိပါက် + ကြိယာ) စိတ်များ၊ (ဒေါသမူစိတ် ၂-ပါးနှင့် မောဟမူစိတ် ၂-ပါးတို့သည် သရာဂစိတ်လည်းမဟုတ်၊ ဝီတရာဂစိတ်လည်းမဟုတ်၊ ဝီတရာဂစိတ်မဟုတ်ခြင်းမှာ ရာဂ၏ဆန့်ကျင်ဘက်မဟုတ်သောကြောင့်တည်း)

၃။ သဒေါသစိတ် (စိတ်ဆိုးမှုနှင့်တကွဖြစ်သောစိတ်) – ဒေါသမူစိတ် ၂-ပါး၊

၄။ ဝီတဒေါသစိတ် (ဒေါသကင်းသောစိတ်) – ကြွင်းသောကုသိုလ်စိတ်, အဗျာကတစိတ်များ၊ (ကြွင်းသောအကုသိုလ်စိတ် ၁၀-ပါး = လောဘမူစိတ် ၈ + မောဟမူ ၂ တို့သည် အဒေါသစိတ်လည်းမဟုတ်၊ ဝီတဒေါသစိတ်လည်း မဟုတ်ပေ၊ ဒေါသ၏ဆန့်ကျင်ဘက်မဟုတ်သောကြောင့်တည်း)

၅။ သမောဟစိတ် (မောဟနှင့်တကွဖြစ်သောစိတ်) – အကုသိုလ်စိတ် ၁၂-ပါး၊ (အကုသိုလ်စိတ် ၁၂ ပါး လုံးတွင် မောဟယှဉ်သောကြောင့်တည်း)

၆။ ဝီတမောဟစိတ် (မောဟကင်းသောစိတ်) – ကြွင်းသောကုသိုလ်စိတ်, အဗျာကတစိတ်များ၊

၇။ သံခိတ္တစိတ် (ကျုံ့သောစိတ် – တွန့်ဆုတ်သောစိတ်) – ထိနမိဒ္ဓသို့အစဉ်လိုက်၍ ပျင်းရိလျော့လျည်းသောစိတ်၊

၈။ ဝိက္ခိတ္တစိတ် (ပျံ့လွင့်သောစိတ်) – ဥဒ္ဓစ္စအစဉ်လိုက်သော ပျံ့လွင့်သည့်စိတ်၊

၉။ မဟာဂ္ဂုတ်စိတ် - ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂-ပါး၊

၁၀။ အမဟာဂ္ဂုတ်စိတ် (မဟဂ္ဂုတ်မဟုတ်သောစိတ်) – ကာမာဝစရစိတ် ၅၄-ပါး၊ လောကုတ္တရာစိတ် ၈ ပါး၊

၁၁။ သဥတ္တရစိတ် (သူ့ထက်လွန်မြတ်မှုရှိသောစိတ်) – ကာမာဝစရစိတ် ၅၄-ပါး၊ ရူပါဝစရစိတ် ၁၅-ပါး၊ အရူပါဝစရစိတ် ၁၂-ပါး၊

၁၂။ အနုတ္တရစိတ် (သူ့ထက်လွန်မြတ်မှုမရှိသောစိတ်) – လောကုတ္တရာစိတ် ၈-ပါး၊

၁၃။ သမာဟိတစိတ် (တည်ကြည်သောစိတ်) – ဥပစာသို့ရောက်သည့် စိတ်များ၊ အပ္ပနာသို့ရောက်သည့်စိတ်များ

၁၄။ အသမာဟိတစိတ် (မတည်ကြည်သောစိတ်) – ဥပစာနှင့်အပ္ပနာသို့မရောက်သောစိတ်များ၊

၁၅။ ဝိမုတ္တိစိတ် (လွတ်မြောက်သောစိတ်) – တဒင်္ဂအားဖြင့်လွတ်ခြင်း, ဝိက္ခမ္ဘနအားဖြင့်,

သမုစ္ဆေဒအားဖြင့်, ပဋိပဿဒ္ဓိအားဖြင့်, နိဿရဏအားဖြင့်လွတ်ခြင်းသို့ ရောက်သော စိတ်များ၊

၁၆။ အဝိမုတ္တိစိတ် (မလွတ်မြောက်သောစိတ်) – ဆိုခဲ့သည့်လွတ်ခြင်းငါးပါးသို့ မရောက်သော စိတ်များ၊

ဤဆိုခဲ့သည့်အတိုင်း စေတောပရိယအဘိညာဉ်ကိုရသောရဟန်းသည် ရာဂနှင့်တကွဖြစ်သောစိတ်ကို သရာဂစိတ်ဟုစသည်ဖြင့် မလွတ်သောစိတ်ကိုလည်း အဝိမုတ္တိစိတ်ဟူ၍ အလုံးစုံသောစိတ်တို့ကို အပြားအားဖြင့်သိ၏။

## ၃ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်

ဤအဘိညာဉ်သည် ရှေး၌ဖြစ်ခဲ့ဖူးသော ဘဝများစွာကို ပြန်ပြောင်းအောက်မေ့အမှတ်ရသည့် 'ပုဗ္ဗေနိဝါသာနုဿတိဉာဏ်'ဖြစ်သည်။

**ပုဗ္ဗေနိဝါသမည်ပုံ**

ရှေးအတိတ်ဘဝများ၌ နေခဲ့ဖူးသောခန္ဓာတို့သည် 'ပုဗ္ဗေနိဝါသ'မည်၏။

**အနုဿရတိမည်ပုံ**

ခန္ဓာအစဉ်၏အစွမ်းအားဖြင့်လည်းကောင်း၊ စုတိ, ပဋိသန္ဓေ၏အစွမ်းအားဖြင့်လည်းကောင်း အစဉ်လိုက်၍အောက်မေ့ဆင်ခြင်ခြင်းသည် '*အနုဿရတိ*'မည်၏။

**ပုဗ္ဗေနိဝါသာနုဿတိမည်ပုံ**

ရှေးအတိတ်ဘဝများ၌နေခဲ့ဖြစ်ခဲ့ဖူးသော ခန္ဓာကိုယ်တို့ကို ခန္ဓာအစဉ်ကိုလိုက်၍လည်းကောင်း၊ စုတိပဋိသန္ဓေအစွမ်းဖြင့်လည်းကောင်း၊ အောက်မေ့မှု, အမှတ်ရမှုသတိသည် 'ပုဗ္ဗေနိဝါသာနုဿတိ'မည်၏။

**ပုဗ္ဗေနိဝါသာနုဿတိဉာဏ်**

ရှေးအတိတ်ဘဝများ၌ နေခဲ့, ဖြစ်ခဲ့ဖူးသောခန္ဓာတို့ကို ခန္ဓာအစဉ်ကိုလိုက်၍လည်းကောင်း၊ စုတိပဋိသန္ဓေအစွမ်းဖြင့်လည်းကောင်း၊ အောက်မေ့မှု, အမှတ်ရမှု သတိနှင့် ယှဉ်သည့် အသိဉာဏ်အထူးကို '*ပုဗ္ဗေနိဝါသာနုဿတိဉာဏ်*' (ဝါ) '*ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်*'ဟုခေါ်၏။

**ရှေးဘဝခန္ဓာအစဉ်ကို အောက်မေ့နိုင်သောပုဂ္ဂိုလ်(၆)မျိုး**

ရှေးဘဝခန္ဓာအစဉ်ကို အောက်မေ့အမှတ်ရနိုင်သော ပုဂ္ဂိုလ် ၆-မျိုးရှိ၏။

(၁) သာသနာပရသေ့ (တိတ္ထိ)များ – နာမ်ရုပ်ကို ပိုင်းခြားတတ်သောဉာဏ်ကင်းသောကြောင့် ပညာအားနည်းသဖြင့် ကမ္ဘာလေးဆယ်သာလျှင်အောက်မေ့နိုင်ကြ၏။

(၂) ပကတိသာဝကများ – နာမ်ရုပ်ကို ပိုင်းခြားတတ်သောဉာဏ်ရှိသဖြင့် ပညာအားကောင်းသောကြောင့် ကမ္ဘာတစ်ရာမှ ကမ္ဘာတစ်ထောင်အထိ အောက်မေ့နိုင်ကြ၏။

(၃) မဟာသာဝကများ – ပါရမီဖြည့်ရာကာလဖြစ်သော ကမ္ဘာတစ်သိန်းတိုင်အောင် အောက်မေ့နိုင်ကြ၏။

(၄) အဂ္ဂသာဝကများ– ပါရမီဖြည့်ရာကာလဖြစ်သောကမ္ဘာတစ်သင်္ချေနှင့်တစ်သိန်းတိုင်အောင် အောက်မေ့နိုင်ကြ၏။

(၅) ပစ္စေကဗုဒ္ဓါများ – ပါရမီဖြည့်ရာကာလဖြစ်သော ကမ္ဘာပေါင်းနှစ်သင်္ချေနှင့် တစ်သိန်းတိုင်အောင် အောက်မေ့နိုင်ကြ၏။

(၆) သမ္မာသမ္ဗုဒ္ဓဘုရားရှင်များ – ကမ္ဘာအပိုင်းအခြားမရှိ အလိုရှိသမျှ အောက်မေ့နိုင်ကြ၏။

**ရှေးဘဝခန္ဓာအစဉ်ကို အောက်မေ့နိုင်သောအခြင်းအရာ**

(၁) သာသနာပရသေ့ (တိတ္ထိ)များသည် ရှေးရှေးဘဝခန္ဓာအစဉ်ကိုသာလျှင် အောက်မေ့နိုင်ကြ၏။ ခန္ဓာအစဉ်ကိုလွှတ်၍ စုတိပဋိသန္ဓေအလိုအားဖြင့် အောက်မေ့ရန်မစွမ်းနိုင်ကြပါ။ ဥပမာအားဖြင့် သူကန်းတို့သည် တုတ်, တောင်ဝှေးတို့ကို လက်ကမလွှတ်ဘဲသာလျှင် သွားရသကဲ့သို့ တိတ္ထိတို့သည်လည်း ခန္ဓာတို့၏အစဉ်ကို မလွှတ်ဘဲသာလျှင် အောက်မေ့နိုင်ကြ၏။ သူကန်းတို့သည် မိမိတို့အလိုအလျောက် လိုရာအရပ်သို့ မသွားနိုင်သကဲ့သို့ ထို့အတူ သာသနာပတိတ္ထိတို့သည် အလိုရှိရာခန္ဓာတို့ကို ခုန်ကျော်၍ အောက်မေ့ခြင်းငှာ မစွမ်းနိုင်ကြချေ။

(၂) ပကတိသာဝကများသည် ရှေးရှေးဘဝခန္ဓာအစဉ်ကိုလည်း အောက်မေ့နိုင်ကြ၏။ စုတိနှင့် ပဋိသန္ဓေအစွမ်းအားဖြင့်လည်း ပြောင်းရွှေ့၍ အောက်မေ့နိုင်ကြ၏။

(၃) မဟာသာဝကရှစ်ကျိပ်တို့လည်း ပကတိသာဝကများကဲ့သို့ပင် အောက်မေ့နိုင်ကြ၏။

(၄) အဂ္ဂသာဝကနှစ်ပါးတို့သည် ရှေးရှေးဘဝခန္ဓာအစဉ်ဖြင့် ပြဖွယ်ကိစ္စမရှိပြီ၊ တစ်ခုသောဘဝ၏စုတိကိုမြင်ပြီးလျှင် ပဋိသန္ဓေကိုလည်း မြင်၏၊ တစ်ဖန် အခြားဘဝ၏ စုတိကိုမြင်ပြီးလျှင် ပဋိသန္ဓေကိုလည်း မြင်၏။ ဤသို့ စုတိနှင့် ပဋိသန္ဓေအလိုအားဖြင့်သာလျှင် ပြောင်းရွှေ့၍ အောက်မေ့နိုင်ကြ၏။

(၅) ပစ္စေကဗုဒ္ဓါတို့သည်လည်း အဂ္ဂသာဝကနှစ်ပါးကဲ့သို့ အောက်မေ့နိုင်ကြ၏။

(၆) သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့မှာမူကား ခန္ဓာအစဉ်ဖြင့် ပြဖွယ်ကိစ္စလည်းမရှိ၊ စုတိနှင့်ပဋိသန္ဓေအလိုအားဖြင့် ပြောင်းရွှေ့၍ဆင်ခြင်ဖွယ်လည်းမရှိ၊ ထိုဘုရားရှင်တို့သည် ကုဋေပေါင်းများစွာသောကမ္ဘာတို့ဝယ် အောက်၌ဖြစ်စေ အထက်၌ဖြစ်စေ၊ အလိုရှိရာဌာနသည် ထင်ရှားသည်သာတည်း။ ထို့ကြောင့် ကုဋေပေါင်းများစွာသောကမ္ဘာတို့ကိုလည်း ပေယျာလမြှုပ်ထားသည့်ပါဠိကဲ့သို့ ချုံး၍ ထိုထိုအလိုရှိရာ၌သာလျှင် ဉာဏ်ဖြင့်သက်ရောက်လျက် ခြင်္သေ့ခုန်သွားပုံကဲ့သို့ အောက်မေ့သွားနိုင်၏။

ဥပမာအားဖြင့် ဘုရားအလောင်းတော် သရဘင်္ဂပညာရှင်ကဲ့သို့ ကျွမ်းကျင်သည့် လေးသမား၏ ပစ်လိုက်သောမြားသည် အကြား၌ သစ်ပင်, နွယ်စသည်တို့နှင့် မငြိမတွယ်မူ၍ ပစ်ကွင်းကိုထိမှန်ကျရောက်သကဲ့သို့ ထို့အတူပင် ဘုရားရှင်တော်တို့၏ဉာဏ်တော်သည် အကြားအကြားဘဝတို့၌ မငြိမတွယ်, မလွဲမချော်ဘဲ အလိုရှိရာဘဝကို အောက်မေ့နိုင်, သိနိုင်ပေ၏။

**ရှေးဘဝခန္ဓာအစဉ်ကို အောက်မေ့ရာ၌ မြင်ပုံအလင်းရောင်ဥပမာ**

ထို့အပြင် ရှေး၌နေခဲ့ဖူးသောခန္ဓာအစဉ်ကို အောက်မေ့ကြသောပုဂ္ဂိုလ် ၆-မျိုးတို့တွင်

(၁) တိတ္ထိ၏ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝခန္ဓာအစဉ်ကိုမြင်ခြင်းသည် ပိုးစုန်းကြူး အရောင်နှင့် တူသည်ဖြစ်၍ထင်၏။

(၂) ပကတိသာဝကတို့၏ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝခန္ဓာအစဉ်ကိုမြင်ခြင်းသည် ဆီမီးရောင်နှင့်တူသည်ဖြစ်၍ ထင်၏။

(၃) မဟာသာဝကတို့၏ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝခန္ဓာအစဉ်ကို မြင်ခြင်းသည် မီးရှူးတန်ဆောင်အရောင်နှင့် တူသည်ဖြစ်၍ ထင်၏။

(၄) အဂ္ဂသာဝကတို့၏ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝခန္ဓာအစဉ်ကိုမြင်ခြင်းသည် သောက်ရှူးကြယ်ရောင်နှင့် တူသည်ဖြစ်၍ ထင်၏။

(၅) ပစ္စေကဗုဒ္ဓါတို့၏ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝခန္ဓာအစဉ်ကို မြင်ခြင်းသည် လရောင်နှင့်တူသည်ဖြစ်၍ ထင်၏။

(၆) မြတ်စွာဘုရားတို့၏ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝခန္ဓာအစဉ်ကိုမြင်ခြင်းသည် ရောင်ခြည်တစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော နေဝန်း၏အလင်းရောင်နှင့်တူသည်ဖြစ်၍ ထင်၏။

**ရှေးဘဝခန္ဓာအစဉ်ကို အောက်မေ့ရာ၌ မြင်ပုံကွာခြားသည့်ဥပမာများ**

(၁) တိတ္ထိတို့၏ ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်းသည် သူကန်းတို့၏တောင်ဝှေးစွန်းဖြင့် ထောက်၍ စမ်း၍ သွားခြင်းနှင့်တူ၏။

(၂) ပကတိသာဝကတို့၏ ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်းသည် တစ်ခုတည်းသောသစ်တုံး ခင်းထားသည့် ချောင်းငယ်တံတားကို ဖြတ်ကူးသွားခြင်းနှင့်တူ၏။

(၃) မဟာသာဝကတို့၏ ပုဗ္ဗေနိဝါသကိုအောက်မေ့ခြင်းသည် လူလေးငါးယောက်သွားလောက်သည့် ပျဉ်ခင်းတံတားကို ဖြတ်ကူးသွားခြင်းနှင့်တူ၏။

(၄) အဂ္ဂသာဝကတို့၏ ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်းသည် လှည်းလမ်းတံတားကို ဖြတ်ကူးသွားခြင်းနှင့်တူ၏။

(၅) ပစ္စေကဗုဒ္ဓါတို့၏ ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်းသည် ကုန်သည်လူအများသွားရာလမ်းမပေါ်၌ သွားနေခြင်းနှင့်တူ၏။

(၆) မြတ်စွာဘုရားတို့၏ပုဗ္ဗေနိဝါသကို အောက်မေ့ခြင်းသည် လှည်းအစီးနှစ်ဆယ်သုံးဆယ် တစ်ပြိုင်တည်းသွားလောက်သည့် လှည်းလမ်းမကြီးပေါ်၌ သွားနေသည်နှင့်တူ၏။

**ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ထူထောင်ပုံ**

(၁) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ထူထောင်လိုသောယောဂီရဟန်းသည် ဆွမ်းစားပြီးချိန်၌ ဆွမ်းစားရာမှ ဖဲခွာခဲ့ပြီးလျှင် ဆိတ်ငြိမ်ရာသို့ကပ်ရောက်လျက် ပြင်ပအာရုံများမှ ဖဲခွာကာ ကမ္မဋ္ဌာန်း၌ အာရုံစူးစိုက်၍ ရူပါဝစရစျာန်လေးပါးကို အစဉ်အတိုင်းဝင်စား၏။

(၂) အဘိညာဉ်၏အခြေခံဖြစ်သော စတုတ္ထစျာန်မှထ၍ နောက်ဆုံးဖြစ်သော ထိုင်နေခြင်းကို နှလုံးသွင်းဆင်ခြင်အပ်၏၊ ထို့နောက် ထိုင်ဖို့နေရာခင်းခြင်း၊ ကျောင်းခန်းသို့ဝင်ခဲ့ခြင်း၊ သပိတ်သင်္ကန်းသိမ်းထားခဲ့ခြင်း၊ ဆွမ်းစားခဲ့ခြင်း၊ ဆွမ်းခံရွာမှ ပြန်လာခဲ့ခြင်း၊ ရွာထဲ၌ဆွမ်းခံလှည့်လည်ခြင်း၊ ရွာသို့ဆွမ်းခံရန်ဝင်ခဲ့ခြင်း၊ ကျောင်းမှထွက်ခဲ့ခြင်း၊ စေတီတော်နှင့်ဗောဓိပင်တို့ကို ရှိခိုးခဲ့ခြင်း၊ သပိတ်ကိုဆေးကျောခဲ့ခြင်း၊ သပိတ်ယူဆောင်သည်မှစ၍ မျက်နှာသစ်ခဲ့ခြင်း၊ မိုးသောက်ယာမ်၌ ပြုခဲ့သောကိစ္စ၊ သန်းခေါင်ယာမ်၌ ပြုခဲ့သောကိစ္စ၊ ညဦးယာမ်

၌ ပြုခဲ့သောကိစ္စတို့ကို နောက်ပြန်အစဉ်အားဖြင့် နှလုံးသွင်းဆင်ခြင်၏၊ ဤမျှအထိကို ပကတိစိတ်ရှိသူအားလည်း ထင်ရှား၏။ ပရိကံသမာဓိစိတ်ရှိသောသူအားမူ အလွန်ပင် ထင်ရှား၏။

(၃) အကယ်၍ ဤဆိုခဲ့သောကိစ္စတို့တွင် တစ်စုံတစ်ခုသည် မထင်ရှားဘဲရှိငြားအံ့၊ တစ်ဖန် ပါဒကစျာန်ကိုဝင်စားပြီးနောက် ထိုစျာန်မှထကာ နှလုံးသွင်းဆင်ခြင်အပ်၏။ ထိုအခါ အမှောင်ထဲ၌ မီးထွန်းလိုက်သလို ထင်ရှားလာတော့၏။

(၄) ဆိုခဲ့ပြီးသည့်နောက်ပြန်အစဉ်ဖြင့်ပင်လျှင် ဒုတိယနေ့၌ပြုခဲ့သောကိစ္စများကို နှလုံးသွင်း ဆင်ခြင်အပ်၏၊ တတိယနေ့, စတုတ္ထနေ့, ပဉ္စမနေ့ . . . ဆယ်ရက်မြောက်နေ့ . . . လွန်ခဲ့သောလခွဲ . . . တစ်လ . . . . တစ်နှစ်တိုင်အောင် ပြုခဲ့သောကိစ္စများကို နှလုံးသွင်းဆင်ခြင်အပ်၏။ ဤနည်းဖြင့်ပင်လျှင် ဆယ်နှစ်တို့ပတ်လုံး . . . အနှစ်နှစ်ဆယ်တို့ပတ်လုံး . . . စသည်ဖြင့် ဤဘဝ၌မိမိ၏ပဋိသန္ဓေကာလတိုင်အောင် ပြုခဲ့သောကိစ္စများကို နှလုံးသွင်း ဆင်ခြင်အပ်၏။

(၅) ထို့နောက် အခြားမဲ့အတိတ်ဘဝ၏စုတိခဏ၌ဖြစ်ခဲ့သောနာမ်ရုပ်ကို နှလုံးသွင်းဆင်ခြင်၏။

**ပညာထက်သောယောဂီပုဂ္ဂိုလ်**သည် ပထမအကြိမ်ဖြင့်ပင်လျှင် ပဋိသန္ဓေစိတ်ကို ကျော်လွန်၍ စုတိစိတ်ခဏ၌ဖြစ်သောနာမ်ရုပ်ကို အာရုံပြုနိုင်၏။

**ပညာအားနည်းသောယောဂီပုဂ္ဂိုလ်**ဖြစ်ပါက ထိုအတိတ်ဘဝစုတိဌာနသည် ထူထဲစွာဖုံးကွယ်ပိတ်လှောင်ထားသည့်နေရာကဲ့သို့ အမိုက်မှောင်အတိဖြစ်နေပြီးလျှင် မြင်နိုင်ခဲ၏။ အကြောင်းမှာ အတိတ်ဘဝနာမ်ရုပ်သည် အကြွင်းမဲ့ချုပ်ခဲ့ပြီးဖြစ်သည့်အပြင် ယခုဘဝ၌ ကံအသစ်ကြောင့် အခြားနာမ်ရုပ်များဖြစ်ပေါ်နေသောကြောင့်တည်း။

သို့ရာတွင် ပညာအားနည်းသောပုဂ္ဂိုလ်သည် "အတိတ်နာမ်ရုပ်ကို ငါမရှုနိုင်"ဟု စိတ်လျှော့ခြင်း, လက်မြှောက်ခြင်းကို မပြုအပ်၊ ပါဒကစျာန်ကိုအဖန်တလဲလဲဝင်စား၍ ထိုစျာန်မှထကာ ထိုစုတိဌာနကို နှလုံးသွင်းဆင်ခြင်အပ်၏။ ထိုသို့ နှလုံးသွင်းဆင်ခြင်ရာ၌လည်း ထပ်ခါထပ်ခါ ဆင်ခြင်နေသည့်အတွက် မကြာမီပင် ပဋိသန္ဓေကိုကျော်လွန်၍ အတိတ်ဘဝစုတိခဏ၌ဖြစ်ခဲ့သော နာမ်ရုပ်ကို အာရုံပြုနိုင်လာ၏။

ဥပမာသော်ကား အားကောင်းသောယောကျ်ားသည် အိမ်ဆောက်ရန်အတွက် အလွန်ကြီးမားသည့်သစ်ပင်တစ်ပင်ကို ခုတ်ဖြတ်နေသည်ဆိုပါစို့။ အကိုင်းအခက်အချို့ကို ခုတ်ဖြတ်နေစဉ်ပင်လျှင် ပုဆိန်သွားပျက်စီးသွားသဖြင့် ပင်လုံးကြီးကိုမခုတ်နိုင်သည့်အတွက် စိတ်လျှော့လက်မြှောက်ခြင်းကို မပြုသင့်ပေ။ ပန်းပဲရုံသို့သွား၍ ပုဆိန်သွားကို ထက်အောင်ပြုပြင်စေပြီးလျှင် သစ်ပင်ကြီးကို ဆက်လက်ခုတ်ဖြတ်ရမည်၊ ပုဆိန်သွားတစ်ဖန်ပျက်စီးသွားလျှင်လည်း ပန်းပဲရုံသို့သွား၍ ပုဆိန်သွားကို ထက်အောင်ပြုပြင်စေပြီးလျှင် သစ်ပင်ကြီးကို ဆက်လက်ခုတ်ရမည်။ ခုတ်ပြီးသောအကိုင်းအခက်များကို တစ်ဖန်ခုတ်ရန်မလိုတော့သဖြင့် သစ်ပင်ကြီးကိုသာတွင်တွင် ခုတ်ဖြတ်နေသည့်အတွက်နောက်ဆုံးတွင် သစ်ပင်ကြီးလဲပြိုကျပြီး အလိုရှိရာသစ်ကို ရရှိသကဲ့သို့တည်း။

(ထင်းခွဲသူ, ခေါင်းရိတ်သူစသည့် ဥပမာများဖြင့်လည်း ဖော်ပြနိုင်၏)

### (၆) ပရိကံသမာဓိဉာဏ်နှင့် ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြစ်ပေါ်ခြင်း

အထက်ပါအဆင့် (၂) မှ (၄) အထိ ဆိုခဲ့သည့်အတိုင်း နောက်ဆုံးထိုင်နေခြင်းမှစ၍ ပဋိသန္ဓေတိုင်အောင် နာမ်ရုပ်ကိုအာရုံပြု၍ ဖြစ်သောဉာဏ်သည် ပုဗ္ဗေနိဝါသဉာဏ်မဟုတ်သေး။ ယင်းဉာဏ်သည် ပရိကံသမာဓိနှင့်ယှဉ်သောဉာဏ် (ဝါ) **ပရိကံသမာဓိဉာဏ်** မည်၏။ အချို့ဆရာတို့က ဤဉာဏ်ကို 'အတီတံသဉာဏ်' (အတိတ်အဖို့၌ဖြစ်သည့်ဉာဏ်)ဟု ဆိုကြ၏။ ဤအဆိုသည် ရူပါဝစရဉာဏ်ကို ရည်ရွယ်လျှင် မသင့်လျော်ပေ။

ထိုယောဂီရဟန်းသည် ပဋိသန္ဓေကိုကျော်လွန်၍ အတိတ်ဘဝစုတိခဏ၌ဖြစ်သော နာမ်ရုပ်ကို အာရုံပြုလျက် မနောဒွါရာဝဇ္ဇန်းစိတ်ဖြစ်၏။ ထိုစိတ်ချုပ်လတ်သော် ထိုစုတိနာမ်ရုပ်ကိုပင် အာရုံပြု၍ ဉာဏသမ္ပယုတ်မဟာကုသိုလ်စိတ်သည် မန္ဒပညာပုဂ္ဂိုလ်၌လေးကြိမ်၊ တိက္ခပညာပုဂ္ဂိုလ်၌သုံးကြိမ်၊ (ပရိကံ)ဥပစာ, အနုလုံ, ဂေါတြဘူဟုအမည်ရသော ဥပစာရသမာဓိဇော ဖြစ်၏။ ထို့နောက် ရူပါဝစရဈာန်သည် အဘိဉာဏ်နှင့်ယှဉ်လျက် အပ္ပနာဇောအဖြစ် တစ်ကြိမ်ဖြစ်၍ချုပ်၏။ ဤအပ္ပနာစိတ်နှင့်ယှဉ်သော အဘိဉာဏ်သည် **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်** (ဝါ) **ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်**ပေတည်း။ ထိုဉာဏ်နှင့်ယှဉ်သောသတိဖြင့် ရှေး၌နေခဲ့ဖူးသောခန္ဓာအစဉ်ကို အစဉ်လိုက်၍ အောက်မေ့နိုင်၏။

ဤကား ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ဖြစ်ပုံပေတည်း။

### အတိတ်ဘဝများ၏ခန္ဓအစဉ်ကို အောက်မေ့ပုံ

ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ် (ဝါ) ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နှင့်ယှဉ်သောသတိဖြင့် အတိတ်ဘဝများ၏ခန္ဓာအစဉ်ကို အောက်မေ့ပုံမှာ ဘဝတစ်ခုကို အောက်မေ့ခြင်း၊ ဘဝနှစ်ခု, သုံးခုစသည်ဖြင့် ဘဝတစ်ဆယ်, နှစ်ဆယ်, တစ်ရာ, တစ်ထောင်, တစ်သိန်း, သံဝဋ္ဋကပ်များစွာ, ဝိဝဋ္ဋကပ်များစွာ, သံဝဋ္ဋ-ဝိဝဋ္ဋကပ်များစွာတို့ကို အောက်မေ့၏။

*"ဤမည်သောဘဝ၌ ငါသည် ဤသို့သောအမည်ရှိခဲ့၏၊ ဤအမျိုးအနွယ်၌ဖြစ်ခဲ့၏၊ ဤသို့သောအဆင်းရှိခဲ့၏၊ ဤသို့သောအစာအာဟာရကို မှီဝဲခဲ့၏၊ ဤသို့သော ချမ်းသာ, ဆင်းရဲကို ခံစားခဲ့၏၊ ဤမျှအသက်ရှည်ခဲ့၏။ ထိုငါသည် ယင်းဘဝမှစုတေခဲ့၍ ဤမည်သောဘဝ၌ ဖြစ်ခဲ့ပြန်၏၊ ထိုဘဝ၌လည်း ဤသို့သောအမည်, အမျိုးအနွယ်, အဆင်း, အစားအသောက်, ချမ်းသာ, ဆင်းရဲ, အသက်အပိုင်းအခြားရှိခဲ့၏"*

ဤသို့စသည်ဖြင့် ညွှန်ပြစရာ အမည်, အနွယ်, စသည်တို့နှင့်တကွ များပြားလှစွာသော အတိတ်ခန္ဓာအစဉ်ကို အစဉ်လိုက်၍ အောက်မေ့နိုင်၏။

[**ဘဝတစ်ခု** ဟူသည်မှာ ပဋိသန္ဓေမှစ၍စုတိအဆုံးရှိသော ဘဝတစ်ခု၌အတွင်းဝင်သည့် ရုပ်နာမ်ဖြစ်ပျက်အစဉ်တစ်ခုဖြစ်၏။ သံဝဋ္ဋကပ်စသည်၏အဓိပ္ပါယ်ကို အောက်တွင်ရှင်းပြထား၏]

### မဟာကပ် (ဝါ) တစ်ကမ္ဘာ

မဟာကပ်တစ်ခု၌ သံဝဋ္ဋကပ်စသည့် အသင်္ချေယျကပ် ၄-ပါးရှိ၏၊

(၁) သံဝဋ္ဋကပ် — ဆုတ်ယုတ်ပျက်စီးနေသောကပ်ကာလ၊

(၂) ဝိဝဋ္ဋကပ် — တိုးပွားဖြစ်ထွန်းနေသောကပ်ကာလ၊
(၃) သံဝဋ္ဋဌာယီကပ် — သံဝဋ္ဋကပ်ဖြင့် ကမ္ဘာပျက်စီးပြီးနောက် ဟင်းလင်းပြင်ဖြစ်လျက် တည်နေသောကာလ၊
(၄) ဝိဝဋ္ဋဌာယီကပ် — ဝိဝဋ္ဋကပ်ဖြင့်ကမ္ဘာဖြစ်ထွန်းပြီးနောက် ကမ္ဘာတည်နေဆဲကပ်ကာလ။

*"ရဟန်းတို့. . . အသင်္ချေယျကပ်တို့သည် ဤလေးပါးတို့ပေတည်း၊ အဘယ်လေးပါးတို့နည်း။ သံဝဋ္ဋကပ်, သံဝဋ္ဋဌာယီကပ်, ဝိဝဋ္ဋကပ်, ဝိဝဋ္ဋဌာယီကပ်တို့ပေတည်း" ဟု ဟောတော်မူ၏။*

**ကမ္ဘာပျက်ပုံ (၃) မျိုး**

သံဝဋ္ဋကပ် (ဝါ) ကမ္ဘာပျက်ပုံသုံးမျိုးရှိ၏။
(၁) တေဇောသံဝဋ္ဋကပ် — မီးဖြင့် ကမ္ဘာပျက်သောကပ်၊
(၂) အာပေါသံဝဋ္ဋကပ် — ရေဖြင့် ကမ္ဘာပျက်သောကပ်၊
(၃) ဝါယောသံဝဋ္ဋကပ် — လေကြောင့်ကမ္ဘာပျက်သောကပ်၊

မီးဖြင့်ကမ္ဘာပျက်သောအခါ အာဘဿရာဘုံ၏အောက်ဘက်ရှိ ပဌမစျာန်သုံးဘုံအထိ မီးလောင်၍ ပျက်စီး၏။

ရေဖျက်၍ ကမ္ဘာပျက်သည့်အခါ သုဘကိဏှာဘုံ၏အောက်ဘက်ရှိ ဒုတိယစျာန်သုံးဘုံအထိ ရေတိုက်စား၍ ပျက်စီး၏။

လေဖျက်၍ ကမ္ဘာပျက်သည့်အခါ ဝေဟပ္ဖိုလ်ဘုံ၏အောက်ဘက်ရှိ တတိယစျာန်သုံးဘုံအထိ လေတိုက်ခတ်၍ ကြေပျက်ပျောက်လွင့်၏။

**ဗုဒ္ဓခေတ် (၃)ပါး**

ဗုဒ္ဓခေတ်ဟူသည်မှာ (၁) ဇာတိခေတ်၊ (၂) အာဏာခေတ်၊ (၃) ဝိသယခေတ်ဟူ၍ သုံးပါး အပြားရှိ၏။

(၁) **ဇာတိခေတ်**သည် စကြဝဠာတစ်သောင်းအပိုင်းအခြားရှိ၏၊ ပစ္ဆိမဘဝိကာဘုရားအလောင်းတော်ပဋိသန္ဓေယူသည့်အခါစသည်တို့၌ ဇာတိခေတ်တစ်ခုလုံးတုန်လှုပ်၏။

(၂) **အာဏာခေတ်**သည် စကြဝဠာကုဋေတစ်သိန်းအပိုင်းအခြားရှိ၏၊ ယင်းအာဏာခေတ်၌ ရတနသုတ်ပရိတ်, ခန္ဓပရိတ်, ဓဇဂ္ဂပရိတ်, အာဋာနာဋိယပရိတ်, မောရပရိတ်ဟူသော ပရိတ်တော်တို့၏အာနုဘော်သက်ရောက်၏။

(၃) **ဝိသယခေတ်**သည် အဆုံးအပိုင်းအခြားမရှိပေ။ ယင်းဝိသယခေတ်ကို "အကြင်မျှလောက် ဘုရားရှင်အလိုရှိလျှင် ထိုမျှလောက် အသံဖြင့်သိစေနိုင်၏"ဟု မိန့်တော်မူ၏။ ယင်းဝိသယခေတ်၌ မြတ်စွာဘုရားသည် အလိုရှိရာကို သိတော်မူ၏။

ဗုဒ္ဓခေတ်သုံးမျိုးတွင် အာဏာခေတ်ပျက်စီးလျှင် အာဏာခေတ်၌အကျုံးဝင်သော ဇာတိခေတ်သည်လည်း တစ်ပြိုင်တည်း ပျက်စီး၏။ အာဏာခေတ်နှင့် ဇာတိခေတ်တို့သည် ပျက်စီးလျှင်လည်း တစ်ပြိုင်နက် အတူတူပျက်စီးကြ၏၊ ဖြစ်လျှင်လည်း တပြိုင်နက်အတူဖြစ်ကြ၏။

**မီးဖြင့်ကမ္ဘာပျက်ပုံ**

မီးဖျက်၍ ကမ္ဘာပျက်ခါနီးအချိန်တွင် ကမ္ဘာဖျက်မိုးကြီးသည် စကြဝဠာကုဋေတစ်သိန်း၌ တစ်စပ်တည်း မိုးကြီးအဖြစ်သည်းထန်စွာရွာသွန်း၏။ လူတို့သည် ဝမ်းမြောက်ရွှင်လန်းကြလျက်

အလုံးစုံသောမျိုးစေ့တို့ကို ထုတ်၍ စိုက်ပျိုးကြ၏။ သို့သော် ကောက်ပင်တို့သည် နွားစားလောက်ရုံမျှ ရှင်သန်လာကြသည့်အခါ မြည်းသံကဲ့သို့ မြည်ဟည်းလျက် မိုးရေတစ်ပေါက်မျှ မရွာတော့ချေ။ မိုးလုံးဝပြတ်စဲပြီး နှစ်တစ်ထောင်, တစ်သိန်းတို့ပတ်လုံး မိုးမရွာတော့ချေ။

မိုးရေကိုမှီ၍အသက်ရှင်ကြရသော သတ္တဝါတို့သည် သေကြကုန်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကြ၏။ ပန်း, သစ်သီးတို့ကိုမှီ၍အသက်ရှင်ကြသော နတ်တို့သည်လည်း စုတေကြ၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကြ၏။ အဓွန့်ရှည်စွာ မိုးခေါင်လတ်သော် ထိုထိုအရပ်၌ ရေခန်းခြောက်သဖြင့် ငါးလိပ်တို့လည်း သေကြပြီးလျှင် ဗြဟ္မာ့ပြည်၌ဖြစ်ကြ၏၊ ငရဲသားတို့လည်း သေကြ၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကြ၏။ အချို့သော(ဧကေ)ဆရာတို့က ခုနစ်စင်းမြောက်နေထွက်ပေါ်သောအခါမှ ပျက်စီးကြသည်ဟုဆိုကုန်၏။

**ဈာန်မရဘဲ ဗြဟ္မာ့ပြည်၌ မဖြစ်**

ဒွိဟိတ်ပုဂ္ဂိုလ်များ, ငါးလိပ်များ, ငရဲသားများသည် ဒုဋ္ဌိကွန္တရကပ်ဘေးစသည်ကြောင့် သေကြသည့်အခါ နတ်ပြည်၌ဖြစ်ပြီးလျှင် နတ်ဘဝ၌ဈာန်ရ၍ ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းပေ တည်း။ ဈာန်မရဘဲ ဗြဟ္မာ့ပြည်၌ ဖြစ်ခြင်းမည်သည် မရှိချေ။

ဖြစ်နိုင်ပုံမှာ လောကဗျူဟာမည်သော ကာမာဝစရနတ်တို့သည် ဆံပင်ဖရိုဖရဲပြန့်ကြလျက် ငိုယိုမြည်တမ်းကာ လက်ဖြင့်မျက်ရည်သုတ်၍ နီရဲသည့်အဝတ်ကို ဝတ်ဆင်လျက် အလွန်ဖောက်ပြန်သည့် ကြောက်ဖွယ်အသွင်ကိုဖန်ဆင်းလျက် လူတို့ကြားသိအောင် လှည့်လည် ကြွေးကြော်ကုန်၏။

"အချင်းတို့. . . ယခုအခါမှစ၍ အနှစ်တစ်သိန်းလွန်သည့်အခါ ကမ္ဘာကြီးပျက်စီးလိမ့်မည်၊ မဟာသမုဒ္ဒရာသည်လည်း ခန်းခြောက်သွားလိမ့်မည်၊ ဤကမ္ဘာမြေကြီးရော မြင်းမိုရ်တောင်ရော မီးလောင်ပျက်စီးလိမ့်မည်။ အချင်းတို့. . . မေတ္တာပွားကြပါ။ ကရုဏာ, မုဒိတာ, ဥပေက္ခာတို့ကို ပွားကြပါ၊ မိခင်, ဖခင်တို့ကို ပြုစုလုပ်ကျွေးကြပါ၊ အသက်ကြီးသူတို့ကို အရိုအသေပြုကြပါ"ဟု ကြွေးကြော်ကြ၏။

လောကဗျူဟာနတ်တို့၏ကြွေးကြော်သံကြောင့် အများအားဖြင့် လူများနှင့်ဘုမ္မဇိုဝ်းနတ်များသည် ထိတ်လန့်ကာ သံဝေဂဖြစ်ကြလျက် အချင်းချင်းနူးညံ့သောစိတ်ရှိကြကာ မေတ္တာပွားခြင်းစသည့် ကောင်းမှုများပြုကြသဖြင့် သေလွန်သည့်အခါ နတ်ပြည်၌ဖြစ်ကြ၏၊ နတ်ပြည်၌ နတ်သုဓာဘောဇဉ်ကိုစားကြ၍ ဝါယောကသိုဏ်း၌ ပရိကံပြုကြသဖြင့် ဈာန်ရကြကုန်၏၊ ထို့ကြောင့် နတ်ဘဝမှစုတေကြသည့်အခါ ဗြဟ္မာ့ပြည်၌ဖြစ်ကြရ၏။

အပါယ်ဘုံသားများသည်ကား အပရာပရိယဝေဒနီယကံဖြင့် နတ်ပြည်၌ဖြစ်ကြ၏၊ မှန်ပေ၏ – သံသရာ၌ ကျင်လည်နေသောသတ္တဝါမည်သည် အပရာပရိယကံကင်းသူမရှိချေ။ ထိုသတ္တဝါတို့သည်လည်း ထိုနတ်ပြည်၌ ထို့အတူပင် ဈာန်ရကြ၏။ နတ်ပြည်၌ ဈာန်၏အစွမ်းဖြင့် ဗြဟ္မာ့ပြည်၌ ဖြစ်ရခြင်းဖြစ်ပေ၏။

**နေခုနစ်စင်းထွက်လာ၍ ကမ္ဘာမီးလောင်ပုံ**

ကမ္ဘာဖျက်မိုးပြတ်စဲ၍ မိုးခေါင်သည့်ကာလ အဓွန့်ရှည်စွာကြာမြင့်သည့်အခါ **ဒုတိယနေ** တစ်စင်းသည် ထင်ရှားစွာထွက်ပေါ်လာ၏။ နေတစ်စင်းဝင်လျှင် နေတစ်စင်းထွက်သဖြင့် နေ့

နှင့်ညဥ့်ဟူ၍ ပိုင်းခြားမှုမရှိတော့ချေ။

ပကတိနေ၌ နေနတ်သားရှိသကဲ့သို့ ကမ္ဘာဖျက်နေ၌ နေနတ်သားမရှိပေ။ ပကတိနေထွက်သည့်အခါ ကောင်းကင်၌ တိမ်တိုက်နှင့် အခိုးအညွန့်တို့ လှုပ်ရှားသွားလာကုန်၏။ ကမ္ဘာဖျက်နေထွက်သည့်အခါ ကောင်းကင်မှာ တိမ်တိုက်နှင့်အခိုးတို့ မရှိပေ။ ကြေးမုံဝန်းကဲ့သို့ အညစ်အကြေးကင်း၏။ မြစ်ကြီးငါးသွယ်မှတစ်ပါး မြစ်ငယ်များစသည်၌ ရေခန်းခြောက်၏။

အဓွန့်ရှည်သောကာလလွန်မြောက်သည့်အခါ **တတိယနေတစ်စင်း** အထင်အရှားထွက်ပေါ်လာပြန်၏၊ ထိုအခါ မြစ်ကြီးတို့လည်း ခန်းခြောက်ကုန်၏။

ထို့နောင်လည်း ရှည်သောအဓွန့်ကာလ ကုန်လွန်သောအခါ **စတုတ္ထနေတစ်စင်း** ထင်ရှားစွာထွက်ပေါ်လာပြန်၏။ ထိုအခါ ဟိမဝန္တာ၌ မြစ်ကြီးငါးသွယ်တို့၏ဖြစ်ဖျားခံရာဖြစ်ကြသော **သီဟပပါတအိုင်, ဟံသပါတနအိုင်, ကဏ္ဏမုဏ္ဍအိုင်, ရထကာရအိုင်, အနောတတ္တအိုင်, ဆဒ္ဒန္တအိုင်, ကုဏာလအိုင်**ဟူသည့် အိုင်ကြီးခုနစ်အိုင်တို့သည် ရေခန်းခြောက်ကြကုန်၏။

ထို့နောင်လည်း ရှည်သောအဓွန့်ကာလကုန်လွန်သောအခါ **ပဉ္စမနေတစ်စင်း** ထင်ရှားစွာဖြစ်ပေါ်လာပြန်၏။ ထိုအခါ သမုဒ္ဒရာရေသည် တဖြည်းဖြည်းကုန်ခန်း၍ လက်တစ်ဆစ်စိုစွတ်ရုံမျှသော်လည်း ရေမရှိတော့ချေ။

ထို့နောင်လည်း ရှည်သောအဓွန့်ကာလ ကုန်လွန်သောအခါ **ဆဋ္ဌမနေတစ်စင်း** ထင်ရှားစွာဖြစ်ပေါ်လာပြန်၏။ ထိုအခါ စကြာဝဠာတစ်တိုက်လုံးသည် အခိုးအငွေ့ပြည့်လျက်ရှိ၏။ ဤအခိုးအငွေ့ကြောင့် အစိုဓါတ်ကုန်ခန်းသွား၏။ ဤစကြာဝဠာကဲ့သို့ပင် စကြာဝဠာကုဋေတစ်သိန်းတို့သည် နည်းတူဖြစ်လေ၏။

ထို့နောင်လည်း ရှည်သောအဓွန့်ကာလကုန်လွန်သောအခါ **သတ္တမနေတစ်စင်း** ထင်ရှားစွာဖြစ်ပေါ်လာပြန်၏။ **ဤစကြာဝဠာနှင့်တကွ ကုဋေတစ်သိန်းသောစကြာဝဠာတို့သည် တစ်စပ်တည်းမီးတောက်လောင်တော့၏။** မြင်းမိုရ်တောင်၏တောင်ထွတ်တို့သည် ပြိုပျက်၍ ကောင်းကင်၌ပင် ကွယ်ပျောက်ကုန်၏။

ထိုမီးလျှံသည် အထက်သို့တက်၍ စတုမဟာရာဇ်နတ်ဘုံကို လောင်စေ၏၊ ထိုနတ်ဘုံ၌ ရွှေဗိမာန်, ရတနာဗိမာန်, ပတ္တမြားဗိမာန်တို့ကို လောင်ကျွမ်းစေပြီးလျှင် တာဝတိံသာနတ်ဘုံကို စွဲလောင်၏။ ဤနည်းဖြင့် နတ်ပြည် ၆-ထပ်လောင်ကျွမ်းပြီးလျှင် ပထမဈာန်သုံးဘုံဟူသော ဗြဟ္မာပြည်တိုင်အောင် လောင်ကျွမ်းလေ၏။

ထိုမီးလျှံသည် အဏုမြူမျှ ရုပ်သင်္ခါရရှိနေသေးလျှင် မငြိမ်းသေး၊ ရုပ်သင်္ခါရအားလုံးကုန်သောအခါ ထောပတ်ဆီကိုမီးလောင်သည့်ပမာ ပြာပင်မကြွင်းမကျန်စေဘဲလောင်စေပြီးလျှင် ငြိမ်းသွား၏။ အောက်ကောင်းကင်နှင့် အထက်ကောင်းကင်တို့သည် တစ်စပ်တည်းဖြစ်လျက် အမိုက်မှောင်အတိ ဖြစ်လေ၏။

**ကမ္ဘာဖြစ်ထွန်းပုံ**

ကမ္ဘာမီးလောင်ပြီးနောက် သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်ဟူသည့် ရှည်စွာသောအဓွန့်ကာလကုန်လွန်သောအခါ မိုးတိမ်တိုက်ကြီးဖြစ်ထွန်းလာပြီးလျှင် ကမ္ဘာပြုမိုးတဖွဲဖွဲစရွာ၏၊ မိုးပေါက်များတဖြည်းဖြည်းကြီးလာပြီးလျှင် မိုးရေယဉ်သည် ကုမုဒ္ဒရာကြာရိုးအရွယ်, ကျည်ပွေ့အရွယ်,

ထန်းလုံးအရွယ်ဖြစ်လာ၏၊ ဆက်တိုက်မိုးရွာရာ မီးလောင်ထားသည့် စကြာဝဠာကုဋေတစ်သိန်း အရပ်ကို ရေပြည့်စေပြီးလျှင် မိုးရပ်စဲသွား၏။

ထိုရေ၏အောက်ဘက်နှင့် ထက်ဝန်းကျင်ပတ်လည်တို့မှ လေထုကြီးဖြစ်ပေါ်လာပြီးလျှင် ထိုရေကို တစ်လုံးတစ်ခဲတည်းဖြစ်စေ၏။ ပဒုမ္မာကြာဖက်ပေါ် ရှိရေပေါက်ကဲ့သို့ တစ်လုံးတစ်ခဲ တည်းဖြစ်၏။ အဘဿရာဗြဟ္မာပြည်အနီးသို့ ရောက်သည့်တိုင်အောင် ကြီးမားလှသောရေထု ကို မည်သို့ တစ်ပေါင်းတည်းပြုသနည်းဟူမူ ထိုလေထုသည် ထိုရေထုအား ထိုထိုအရပ်၌ အကြားအပေါက်ကို ပေးသောအားဖြင့် တစ်လုံးတစ်ခဲတည်းဖြစ်အောင်ပြု၏။

ထိုရေထုသည် အစဉ်အတိုင်းကုန်၍ လျော့၍ အောက်သို့သက်၏။ ရေသည်လျော့၍ သက်လတ်သော် ပဌမဈာန်သုံးဘုံတည်ရာဌာန ဗြဟ္မာ့ဘုံတို့ဖြစ်လာကြ၏၊ ယာမာနတ်ပြည်တိုင် အောင် အထက်ကာမာဝစရနတ်ပြည်ဌာနတို့၌ နတ်ဘုံများ ထင်ရှားစွာဖြစ်ပေါ်ကြ၏။

ရေထုတဖြည်းဖြည်းလျော့ဆင်း၍ ရှေးကကမ္ဘာမြေကြီးတည်ရာဌာနသို့ရောက်သည့်အခါ အားကြီးသောလေဖြစ်ပေါ်၍ ထိုရေထုကို အထက်မှလေပေါက်ကိုပိတ်ထားသည့် ဓမ္မကရိုဏ် ရေစစ်၌ တည်သောရေကဲ့သို့ တည်စေ၏။ ထိုရေထုသည် ချိုမြိန်၍ တဖြည်းဖြည်းကုန်ခမ်းလာ သည့်အခါ အပေါ်ယံ၌ **ရသပထဝီ**ခေါ် မြေဆီလွှာကို ဖြစ်စေ၏၊ ထိုရသပထဝီသည် အဆင်း, အနံ့, အရသာနှင့်ပြည့်စုံ၏၊ ရေမရောသော နို့ဂဏာ၏အပေါ်ယံမလိုင်လွှာနှင့် တူ၏။

**ကမ္ဘာဦးလူသားများဖြစ်ပေါ်လာပုံ**

ထိုအခါ အာဘဿရာဗြဟ္မာ့ပြည်မှ သက်တမ်းကုန်ဆုံးသောဗြဟ္မာတို့ စုတေကြသည့်အခါ လူ့ပြည်၌ လူဖြစ်လာကြ၏၊ ဤကမ္ဘာဦးလူသားတို့သည် မိမိတို့၏ကိုယ်ရောင်ဖြင့်လင်းလျက် မြင်နိုင်ကြ၏၊ ကောင်းကင်၌ သွားလာနိုင်ကြ၏၊ သူတို့သည် မြေဆီကိုလျက်ကာ မြည်းစမ်းကြ ရာမှ အရသာကိုတပ်မက်ကြသဖြင့် အလုပ်အလွေးပြု၍စားကြ၏။ ထိုအခါ သူတို့၏ကိုယ်ရောင် ပျောက်ကွယ်၍အမှောင်ကျသွားလေ၏၊ အမိုက်မှောင်ကို သူတို့ကြောက်ရွံ့ကြ၏။

**နေ, လ, နက္ခတ်နှင့် ကြယ်တို့ ဖြစ်ပေါ်လာပုံ**

ကမ္ဘာဦးလူသားတို့၏ကြောက်ရွံ့ခြင်းကို ပယ်ဖျောက်ကာ ရဲရင့်ခြင်းကိုဖြစ်စေသော **နေဝန်း** သည် အချင်းယူဇနာ၄၉ဆယ်ရှိလျက် ထင်ရှားစွာဖြစ်ပေါ်လာ၏။ ကမ္ဘာဦးလူသားတို့သည် နေကိုမြင်ရသဖြင့် ရွှင်လန်းဝမ်းမြောက်ကြကုန်လျက် မိမိတို့၏ကြောက်ရွံ့ခြင်းကိုပယ်ဖျောက် ကာ ရဲရင့်ခြင်းကိုဖြစ်စေသောကြောင့် နေကို **"သူရိယ"**ဟု အမည်ပေးကြ၏။

နေဝန်းသည် တစ်နေ့လုံးအလင်းပေးဆောင်ပြီးနောက် နေဝင်သွားသောအခါ အမှောင် ကျရောက်လာသဖြင့် လူတို့ကြောက်ရွံ့ကြပြန်၏။ "အခြားအလင်းရောင်ကိုရလျှင် ကောင်းလေ စွ"ဟု လူတို့၏စိတ်အကြံကိုသိ၍ ပေါ်လာသကဲ့သို့ အချင်း ၄၉ ယူဇနာရှိသော **လဝန်း**သည် ထင်ရှားစွာဖြစ်ပေါ်လာ၏။ ကမ္ဘာဦးလူတို့သည် လကိုမြင်ရသည့်အခါ အတိုင်းထက်အလွန် ရွှင်လန်းဝမ်းမြောက်ကြလျက် သူတို့၏ဆန္ဒကို ဖြည့်ဆည်းပေးသောလဝန်းကို **"စန္ဒ"**ဟု အမည် ပေးကြ၏။

နေနှင့်လတို့ ထင်ရှားစွာဖြစ်ပေါ်လတ်သော် နက္ခတ်များနှင့် ကြယ်တာရာများသည်လည်း ထင်ရှားစွာဖြစ်ပေါ်လာကြကုန်၏။ ထိုအခါမှစ၍ နေ့နှင့်ညဉ့်တို့ပုံမှန်ဖြစ်လာပြီးလျှင် ပက္ခ, လ,

ဥတု, နှစ်တို့သည်လည်း ဖြစ်ပေါ်လာကြ၏။

နေ, လတို့ထင်ရှားဖြစ်ပေါ်သောနေ့၌ပင် မြင်းမိုရ်တောင်, စကြာဝဠာတောင်, ဟိမဝန္တာတောင်တို့သည်လည်း ထင်ရှားစွာဖြစ်ပေါ်လာကြ၏။ ဆတ်ဆန်ထမင်းကိုချက်သည့်အခါ တစ်ပြိုင်နက်ပင် အပွက်များတက်လာကြ၍ အချို့နေရာများ၌ မြင့်တက်လျက် အချို့နေရာများ၌နိမ့်ကျကာ အချို့နေရာများ၌ အညီအမျှဖြစ်ကုန်သကဲ့သို့ ထို့အတူပင် ကမ္ဘာမြေပြင်၌ တောင်များ, ချိုင့်ဝှမ်းများ, ပင်လယ်သမုဒ္ဒရာများ, ကျွန်းများဖြစ်လာကြ၏။

**သလေးဆန်, သလေးထမင်းဖြစ်လာပုံ**

ကမ္ဘာဦးလူတို့တွင် အချို့က အဆင်းလှ၍ အချို့က အဆင်းမလှချေ။ အဆင်းလှသူတို့သည် အဆင်းမလှသူတို့ကို မထီမဲ့မြင်ပြုကြ၏။ ထိုသူတို့၏ အလွန်မာန်တက်၍ မထီမဲ့မြင်ပြုသည့်အကြောင်းကြောင့် မြေဆီအရသာသည် ကွယ်ပျောက်၏။ ထိုအခါ **မြေဆီမြေလွှာ**ဖြစ်ပေါ်လာ၏။ ထို့နောက် လူတို့၏လှခြင်း, မလှခြင်း, မာန်မူခြင်းအကြောင်းကြောင့်ပင်လျှင် မြေဆီမြေလွှာ သည်လည်း ကွယ်ပျောက်ပြန်၏။ ထို့နောက် **"ပဒါလတာ"**မည်သောနွယ်သည် ထင်ရှားဖြစ်ပေါ် လာပြီးလျှင် ယခင်နည်းဖြင့်ပင်လျှင် ကွယ်ပျောက်သွား၏။

ထို့နောက် မထွန်ယက်, မစိုက်ပျိုးဘဲ အလိုလိုပေါက်ရောက်၍ ရင့်ကျက်သည့်သလေးဆန် ထင်ရှားဖြစ်ပေါ်လာ၏။ ယင်းသလေးဆန်သီးသည် အခွံ, အကာ, ဖွဲနု, ဖွဲကြမ်းမပါဘဲ ဖြူစင်၍ မွှေးကြိုင်သောအနံ့ရှိ၏။ ထို့နောက် ထမင်းအိုးဖြစ်ပေါ်လာသဖြင့် သလေးဆန်ကို အိုး၌ထည့်၍ ကျောက်ဖျာပေါ်တင်ထားလျှင် အလိုလိုပင် မီးလျှံတက်လာ၍ ထိုဆန်ကိုချက်၏၊ သလေးထမင်းဖြစ်လာပြီးလျှင် ထိုထမင်းသည် မြတ်လေးပန်းငုံသဖွယ် တင့်တယ်ဖြူစင်၏။ ထိုထမင်းကို ဟင်းလျာနှင့်ရောဖက်ရန်မလိုပေ။ အချို, အချဉ်, အဆိမ့်စသည့် စားလိုသောအရသာသည် ဖြစ်ပေါ်လာ၏။

**ယောကျ်ား, မိန်းမဖြစ်ပေါ်လာပုံ**

ကမ္ဘာဦးလူတို့အတွက် ထိုသလေးထမင်းသည် ကြမ်းတမ်းရုန့်ရင်းသောအာဟာရဟူ၍ ဆိုရပေမည်။ ထိုကြမ်းတမ်းသောထမင်းအာဟာရကို စားသုံးကြသောလူတို့တွင် ကျင်ကြီးကျင်ငယ်ဖြစ်ပေါ်လာသဖြင့် ကျင်ကြီးကျင်ငယ်ထွက်ဖို့ရာ အမာဝတို့သည် ပေါက်ကွဲဖြစ်ပေါ်ကုန်၏။ ယောကျ်ားတွင် ယောကျ်ားအင်္ဂါဖြစ်ပေါ်လာပြီး မိန်းမတွင်မိန်းမအင်္ဂါဖြစ်ပေါ်လာ၏၊ ယောကျ်ား မိန်းမဟူသည့် ကွဲပြားသောအသွင်သဏ္ဌာန်များလည်း ဖြစ်ပေါ်လာ၏။

ထိုအခါ မိန်းမသည် ယောကျ်ားကို၊ ယောကျ်ားသည်လည်း မိန်းမကို ကြည့်ရှုကြည့်စဉ်ထက် ကြာမြင့်စွာ တစိမ့်စိမ့်စူးစိုက်၍ ကြည့်ရှု၏၊ ထိုသို့ကြည့်ရှုခြင်းကြောင့် ရာဂစိတ်များထကြွလာပြီးလျှင် မေထုန်အမှုကို ပြုကျင့်ကြ၏၊ အသဒ္ဓမ္မခေါ် သူမြတ်တရားမဟုတ်သည့် မေထုန်အမှုကို ပြုကျင့်ကြသူတို့အား ပညာရှိတို့ကကဲ့ရဲ့ကြ၏၊ မြေမှုန့်, နွားချေးတို့ဖြင့် ပက်ကြ, ပေါက်ကြ၏၊ ညဉ်းဆဲကြ၏။

ထို့ကြောင့် ထိုအသဒ္ဓမ္မကို ဖုံးကွယ်ရန်အတွက် အိမ်တို့ကို ဆောက်လုပ်ကြ၏၊ ထိုလူတို့သည် အိမ်၌နေကြလျက် ကြာမြင့်လာသောအခါ ပျင်းရိသူတစ်ယောက်ကို အတုလိုက်၍ အစာအာဟာရစသည်ကို သိုမှီးသိမ်းဆည်းလာကြ၏၊ ထိုအခါမှစ၍ ဖွဲနု, ဖွဲကြမ်းတို့သည် သလေး

ဆန်ကို မြေးယူက်လာကြ၏၊ ရိတ်ပြီးသောအရပ်၌လည်း သလေးဆန်တို့ ပြန်မပေါက်တော့ချေ။

**အုပ်ချုပ်ရေးစနစ် ပေါ်ပေါက်လာပုံ**

ထိုလူတို့သည် စည်းဝေးကြပြီး ညည်းညူကြ၏- "အချင်းတို့. . . သတ္တဝါတို့၌ ယုတ်မာသော တရားများ ဖြစ်ပေါ်လာကြပြီတကား၊ ရှေးအခါက ငါတို့သည် ဥပပါတ်ပဋိသန္ဓေဖြင့် လူဖြစ်လာပြီးလျှင် စိတ်အလိုရှိသမျှပြီးပြည့်စုံ၏၊ အစာမစားရဘဲ ပီတိဖြင့်နေခဲ့၏။" ဤသို့ **အဂ္ဂညသုတ်**၌ ဟောထားသောနည်းဖြင့် ချဲ့၍သိအပ်၏။

ထို့နောက် သလေးအခင်းများကို သူ့အခင်း, ငါ့အခင်းဟူ၍ ပိုင်းခြားကြ၏။ ထိုအခါ လူတစ်ယောက်သည် အခြားလူ၏သလေးခင်းမှ သလေးဆန်ကို ခိုးယူ၏၊ ထိုခိုးသူကို နှစ်ကြိမ်တိုင်တိုင် ပြောဆိုကြ၍ သုံးကြိမ်မြောက်ခိုးသောအခါ လက်တို့ဖြင့်၊ ခဲ, တုတ်တို့ဖြင့် ရိုက်နှက်ကြ၏။

ဤသို့ ခိုးခြင်း, ကဲ့ရဲ့ရှုတ်ချခြင်း, လိမ်ပြောခြင်း, ရိုက်နှက်ခြင်း, တုတ်လက်နက်စွဲကိုင်ခြင်းတို့ ဖြစ်ပေါ်လာသည့်အခါ လူတို့စည်းဝေးကြပြီးလျှင် "အချင်းတို့. . . ငါတို့သည် တစ်ဦးသောသူကို အကြီးအမှူးအဖြစ် သမုတ်ထားကြရလျှင် ကောင်းပေလိမ့်မည်၊ ထိုအကြီးအမှူးသည် ငါတို့ထဲက သင့်လျော်မှန်ကန်စွာ ရှုတ်ချသင့်သူကို ရှုတ်ချရာ၏၊ ကဲ့ရဲ့ထိုက်သူကို ကဲ့ရဲ့ရာ၏၊ နှင်ထုတ်သင့်သူတို နှင်ထုတ်ရာ၏။ ငါတို့ကမူ ထိုအကြီးအမှူးအား ဆယ်ဖို့တစ်ဖို့သော သလေးစပါးကို ပေးဆက်ကြကုန်အံ့"ဟု ဆွေးနွေးကြ၏။

ထိုလူအပေါင်းတွင် ဘုရားအလောင်းတော်သည် ဘုန်းကံကြီးသူ, အဆင်းအလှဆုံးရှုချင်ဖွယ်ကောင်းသူ, အခြံအရံများ၍ ဘုန်းတန်ခိုးအကြီးမားဆုံးသူဖြစ်သည့်အပြင် အသိဉာဏ်ပညာနှင့်ပြည့်စုံ၏၊ နှိပ်ချမှု, ချီးမြှောက်မှုကိုပြုနိုင်စွမ်းရှိ၏။ ထို့ကြောင့် ဘုရားလောင်းထံ ချဉ်းကပ်, တောင်းပန်၍ အကြီးအမှူးအဖြစ် သမုတ်ကြ၏။ ထိုလူအပေါင်းက အကြီးအမှူး 'မင်း'ဟု သမုတ်အပ်သောကြောင့် ဘုရားလောင်းသည် **"မဟာသမ္မတ"**မည်၏။ လယ်တို့၏ အရှင်ဖြစ်သောကြောင့် **"ခတ္တိယ"**မည်၏၊ တရားဥပဒေနှင့်လျော်ညီစွာ တိုင်းသူပြည်သားတို့အား ချမ်းသာစေ, နှစ်သက်စေတတ်သောကြောင့် **"ရာဇာ-မင်း"**မည်၏။ ဤသို့ သုံးမျိုးဖြင့် ထင်ရှားခဲ့ပေ၏။

မှန်ပေ၏၊ လောက၌ အကြင်အံ့ဖွယ်ဌာနဖြစ်ခဲ့လျှင် ထိုအံ့ဖွယ်ဌာန၌ ဘုရားလောင်းသည် သာလျှင် အစဆုံးပုဂ္ဂိုလ်ဖြစ်၏။ ဤသို့ ဘုရားလောင်းကိုအစပြု၍ ခတ္တိယခေါ် မင်းမျိုးအသိုက်အဝန်းဖြစ်ပေါ်လာ၏။ ထို့နောက် အစဉ်အားဖြင့် ဗြာဟ္မဏ-ပုဏ္ဏားမျိုးစသည့်အမျိုးတို့သည် ဖြစ်ပေါ်လာကြကုန်၏။

**မီးဖျက်သည့်ကမ္ဘာ၌ ကပ်လေးပါးပိုင်းခြားပုံ**

(၁) ကမ္ဘာဖျက်မိုးကြီးရွာသွန်းသည်မှစ၍ မီးလျှံပြတ်စဲသည့်တိုင်အောင် ကြာမြင့်သောအသင်္ချေယျကပ်ကို '**သံဝဋ္ဋကပ်**'ဟု ခေါ်ဆိုအပ်၏။

(၂) ကမ္ဘာဖျက်မီးလျှံ ပြတ်စဲသည့်အခါမှစ၍ စကြဝဠာကုဋေတစ်သိန်းကို ပြည့်စေသည့် ကမ္ဘာပြုမိုးကြီးရွာသွန်းသည့်တိုင်အောင် ကြာမြင့်သောအသင်္ချေယျကပ်ကို '**သံဝဋ္ဋဋ္ဌာယီကပ်**'ဟု ခေါ်ဆိုအပ်၏။

(၃) ကမ္ဘာပြုမိုးကြီး ပြည့်စုံစွာရွာသွန်းသည့်အခါမှစ၍ နေ, လတို့ ထင်ရှားဖြစ်ပေါ်လာသည့်တိုင်အောင် ကြာမြင့်သောအသင်္ချေယျကပ်ကို '**ဝိဝဋ္ဋကပ်**'ဟု ခေါ်ဆိုအပ်၏။

(၄) နေ, လတို့ ထင်ရှားဖြစ်ပေါ်လာသည့်အခါမှစ၍ တစ်ဖန်ကမ္ဘာဖျက်မိုးကြီးရွာသွန်းသည့်တိုင်အောင် ကြာမြင့်သောအသင်္ချေယျကပ်ကို '**ဝိဝဋ္ဋဋ္ဌာယီကပ်**'ဟု ခေါ်ဆိုအပ်၏။ ဤကပ်လေးကပ်ကို "**မဟာကပ်**" တစ်ကပ် (ဝါ) "**တစ်ကမ္ဘာ**" (ဝါ) "**မဟာကမ္ဘာကြီးတစ်ခု**"ဟု ခေါ်ဆို၏။

**ရေဖြင့်ကမ္ဘာပျက်ပုံ**

ရေဖြင့်ကမ္ဘာပျက်သောအခါ ကမ္ဘာဖျက်မိုးကြီးရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ သတ္တဝါတို့သေခြင်း၊ ကောင်းမှုကြောင့်နတ်ပြည်၌ဖြစ်ခြင်း၊ နတ်ဘဝ၌ဈာန်ရ၍ စုတေသည့်အခါ ဗြဟ္မာ့ပြည်၌ဖြစ်ခြင်းတို့သည် မီးဖြင့်ကမ္ဘာပျက်ပုံ၌ဖော်ပြခဲ့သည်နှင့် တူညီ၏။ ထူးခြားချက်မှာ မီးဖြင့်ကမ္ဘာပျက်ရာ၌ နေခုနစ်စင်းထွက်၍ ကမ္ဘာမီးလောင်သောကြောင့် ကမ္ဘာပျက်၏၊ ရေဖြင့်ကမ္ဘာပျက်ရာတွင် ရေငန်မိုးများရွာသွန်းသောကြောင့် ကမ္ဘာပျက်ခြင်းဖြစ်၏။

**ရေငန်မိုးများရွာသွန်း၍ ကမ္ဘာပျက်ခြင်း**

ကမ္ဘာကိုပျက်စေတတ်သော ရေငန်မိုးကြီးသည် အစ၌ မိုးရေပေါက်သေးသေးငယ်ငယ်ဖြင့်ရွာသွန်း၏၊ မိုးရေပေါက်များ တဖြည်းဖြည်းကြီးမားလာပြီးလျှင် ကြီးစွာသောမိုးပေါက်အယဉ်တို့ဖြင့် **စကြာဝဠာကုဋေတစ်သိန်းပြည့်လျှံသွားအောင် ရွာသွန်း၏**။ အလွန်ငန်သောမိုးရေဖြစ်သဖြင့် ဤရေနှင့်ထိတွေ့ရာ မြေကြီး, တောင်စသည်တို့သည် ကြေမွပျက်စီးကြ၏။ ထိုရေကိုပတ်ဝန်းကျင်မှလေတို့က ထိန်းဆောင်ပေးထား၏။ အလွန်ငန်သောမိုးရေသည် ကမ္ဘာမြေပြင်မှဒုတိယဈာန်ဗြဟ္မာ့ဘုံသုံးဘုံအထိ ရောက်၏၊ ဒုတိယဈာန်သုံးဘုံဖြစ်သော ပရိတ္တာဘာဘုံ, အပ္ပမာဏာဘာဘုံ, အာဘဿရာဘုံတို့သည် ကြေမွကုန်၏။ မိုးငန်ရေသည် သုဘကိဏှာဘုံအပိုင်းအခြားရှိသည့် တတိယဈာန်ဘုံအနီးအထိ ဆိုက်ရောက်၏။

မိုးငန်ရေသည် အဏုမြူမျှသေးငယ်လှသည့် ရုပ်သင်္ခါရကိုပင် ဖျက်ဆီးသဖြင့် မိုးငန်ရေလွှမ်းမိုးနေသည့်အရပ်အားလုံး၌ ရှိသမျှရုပ်သင်္ခါရတရားအလုံးစုံကို လွှမ်းမိုးဖျက်ဆီးပြီးသောအခါ မိုးငန်ရေသည် ရုတ်တရက်လျင်မြန်စွာ ခန်းခြောက်ကွယ်ပျောက်သွားလေ၏။ အောက်ကောင်းကင်နှင့် အထက်ကောင်းကင်တို့သည် တစ်စပ်တည်းဖြစ်လျက် အမိုက်မှောင်အတိဖြစ်လေ၏။

**ကမ္ဘာသစ်ဖြစ်ထွန်းလာပုံ**

ရေဖြင့်ကမ္ဘာပျက်သည်းပြီးနောက် သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ် ဟူသည့် ရှည်စွာသောအခွင့်ကာလကုန်လွန်သောအခါ မိုးတိမ်တိုက်ကြီးဖြစ်ထွန်းလာပြီးလျှင် ကမ္ဘာပြုမိုးတဖွဲဖွဲစရွာ၏။ မိုးပေါက်များတဖြည်းဖြည်းကြီးလာပြီးလျှင် ထန်းလုံးအရွယ်ထိ ကြီးလာ၏။ မိုးဆက်တိုက်ရွာသွန်းရာ စကြာဝဠာကုဋေတစ်သိန်းအရပ်ကို ရေပြည့်စေပြီးလျှင် မိုးရပ်စဲသွား၏။

ထိုရေ၏အောက်ဘက်နှင့် ထက်ဝန်းကျင်တို့မှ လေထုကြီးဖြစ်ပေါ်လာပြီးလျှင် ထိုရေကိုတစ်လုံးတစ်ခဲတည်းဖြစ်စေ၏။ ထိုရေထုသည် အစဉ်အတိုင်းခန်း၍ လျော့၍ အောက်သို့သက်၏။ ထိုအခါ **အာဘဿရာဘုံ**မှစ၍ **ဒုတိယဈာန်သုံးဘုံ**ဖြစ်ပေါ်လာ၏။ ထို့နောက်ယာမာနတ်ပြည်တိုင်အောင် **အထက်နတ်ပြည်လေးထပ်ဖြစ်ပေါ်**၏။

ရေထုတဖြည်းဖြည်းလျော့ဆင်း၍ ရှေးက ကမ္ဘာမြေကြီးတည်ရာဌာနသို့ရောက်သည့်အခါ

အားကြီးသောလေဖြစ်ပေါ်၍ ထိုရေထုကို အထက်မှလေပေါက်ကိုပိတ်ထားသည့် ဓမ္မကရိုဏ် ရေစစ်၌တည်သောရေကဲ့သို့ တည်စေ၏။ ထိုရေထုသည် ချိုမြိန်၍တဖြည်းဖြည်းကုန်ခန်းလာ သောအခါ အပေါ်ယံ၌ **ရသပထဝီ**ခေါ် မြေဆီလွှာကို ဖြစ်စေ၏။

သုဘာကိဏှာဘုံမှ ဗြဟ္မာများ သက်တမ်းကုန်၍စုတေကြသည့်အခါ အာဘဿရာဘုံစသည် တို့၌ ဖြစ်ကြ၏။ ထို့နောက် ကမ္ဘာဦးလူသားများဖြစ်လာပုံ၊ နေ, လ, နက္ခတ်နှင့်ကြယ်တာရာများ ဖြစ်လာပုံစသည်တို့သည် ရှေ့ပိုင်း၌ဖော်ပြခဲ့သည်တို့နှင့် တူညီ၏။

**ရေဖျက်သည့်ကမ္ဘာ၌ ကပ်လေးပါးပိုင်းခြားပုံ**

(၁) ကမ္ဘာဖျက်မိုးကြီး ရွာသွန်းသည်မှစ၍ ဒုတိယဈာန်သုံးဘုံအထိ ဗြဟ္မာဘုံများ, နတ်ဘုံများ, ကမ္ဘာမြေကြီးအကြွင်းမဲ့ပျက်စီး၍ မိုးငန်ရေခန်းခြောက်ကွယ်ပျောက်သွားသည့်တိုင်အောင် ကြာမြင့်သည့် အသင်္ချေယျကပ်ကို **'သံဝဋ္ဋကပ်'**ဟု သတ်မှတ်၏။

(၂) ကမ္ဘာဖျက်ရေခန်းခြောက်သည်မှစ၍ စကြဝဠာကုဋေတစ်သိန်းကို ရေပြည့်စေသည့် ကမ္ဘာ ပြုမိုးကြီးရွာသွန်းသည့်တိုင်အောင် ကြာမြင့်သော အသင်္ချေယျကပ်ကို **'သံဝဋ္ဋဋ္ဌာယီကပ်'**ဟု သတ်မှတ်၏။

(၃) ကမ္ဘာပြုမိုးကြီး ပြည့်စုံစွာရွာသွန်းပြီးသည့်အခါမှစ၍ နေ, လတို့ ထင်ရှားဖြစ်ပေါ်လာသည့် တိုင်အောင် ကြာမြင့်သောအသင်္ချေယျကပ်ကို **'ဝိဝဋ္ဋကပ်'**ဟုခေါ်၏။

(၄) နေ, လတို့ ထင်ရှားဖြစ်ပေါ်လာပြီးသည့်အခါမှစ၍ တစ်ဖန် ကမ္ဘာဖျက်မိုးကြီးရွာသွန်းသည့် တိုင်အောင် ကြာမြင့်သောအသင်္ချေယျကပ်ကို **'ဝိဝဋ္ဋဋ္ဌာယီကပ်'**ဟုခေါ်၏။

ဤလေးခုသောအသင်္ချေယျကပ်တို့သည် တစ်ခုသော**မဟာကပ်** (မဟာကမ္ဘာကြီး)ဖြစ်၏။

**လေကြောင့် ကမ္ဘာပျက်ပုံ**

လေကြောင့် ကမ္ဘာကြီးပျက်စီးသောအခါ ကမ္ဘာဖျက်မိုးကြီးရွာသွန်းခြင်း၊ မိုးခေါင်ခြင်း၊ ဝတ်မွတ်ခေါင်းပါးခြင်း၊ သတ္တဝါတို့သေခြင်း၊ ကောင်းမှုကြောင့်နတ်ပြည်၌ဖြစ်ခြင်း၊ နတ်ဘဝ၌ ဈာန်ရ၍စုတေသည့်အခါ ဗြဟ္မာ့ပြည်၌ဖြစ်ခြင်းတို့သည် မီးဖြင့် ကမ္ဘာပျက်ပုံ၌ ဖော်ပြခဲ့သည်နှင့် တူညီ၏။ ထူးခြားချက်မှာ မီးဖြင့် ကမ္ဘာပျက်ရာ၌ နေခုနစ်စင်းထွက်သောကြောင့် ကမ္ဘာမီး လောင်ပျက်စီး၏၊ လေကြောင့်ကမ္ဘာပျက်ရာတွင် လေများပြင်းထန်စွာတိုက်ခတ်သောကြောင့် ကမ္ဘာပျက်၏။

မီးဖျက်သောကမ္ဘာ၌ ဒုတိယနေဝန်းပေါ်လာသကဲ့သို့ လေဖျက်သောကမ္ဘာ၌ လေပြင်း မုန်တိုင်းဖြစ်ပေါ်လာ၏။ ထိုလေသည် အစ၌ ကြမ်းသောမြူမှုန်များကို လွင့်တက်စေ၏။ ထို့ နောက် သိမ်မွေ့သောသဲလုံးများ, ကြမ်းသောသဲလုံးများ, ကျောက်စရစ်ခဲ, ကျောက်တုံးစသည်တို့ ကို လွင့်တက်စေ၏၊ ထို့နောက် ကျောက်တုံးကြီး, ကျောက်ဖျာကြီးများ, ချောက်ကမ်းပါးနှင့် မညီညွတ်သောအရပ်၌တည်ရှိသောသစ်ပင်ကြီးငယ်များကို လွင့်တက်စေ၏။ ယင်းသို့ ကောင်း ကင်သို့လွင့်တက်ကြသည့် ကျောက်တုံး, ကျောက်ဖျာများနှင့် သစ်ပင်ကြီးငယ်များသည် အောက်သို့ပြန်မကျလာတော့ဘဲ ကောင်းကင်၌သာလျှင် အမှုန့်အမှုန့်ဖြစ်၍ ကွယ်ပျောက်ကြ ကုန်၏။

ထို့နောက်လေမုန်တိုင်းသည် ပို၍ပြင်းထန်လာပြီးလျှင် ကမ္ဘာကြီးကို အထက်အောက်

ပြောင်းပြန်လှန်၍ ကောင်းကင်သို့ ပစ်လွှင့်၏၊ ယူဇနာတစ်ရာ, နှစ်ရာ, သုံးရာ, လေးရာ, ငါးရာ မျှကြီးမားသော မြေစိုင်ကြီးများ ကွဲအက်ပဲ့ထွက်၍ ကောင်းကင်၌သာလျှင် အမှုန့်အမှုန့်ဖြစ်ပြီး ကွယ်ပျောက်ကြ၏၊ စကြဝဠာတောင်ကိုလည်းကောင်း၊ မြင်းမိုရ်တောင်ကိုလည်းကောင်း၊ လေက ပင့်မြှောက်၍ ကောင်းကင်သို့ပစ်လွှင့်ကာ အမှုန့်အမှုန့်ဖြစ်စေကာ ကြေမွကွယ်ပျောက်စေ၏။

ဆက်လက်၍ **ကာမာဝစရနတ်ပြည် ၆-ထပ်ကို ပျက်စီးစေပြီးလျှင် စကြဝဠာကုဋေ တစ်သိန်းကို ပျက်စီးစေ၏။** ထိုအခါ၌ စကြဝဠာအချင်းချင်း၊ ဟိမဝန္တာတောင်အချင်းချင်း၊ မြင်းမိုရ်တောင်အချင်းချင်း တွေ့ဆုံထိတိုက်ကြ၍ အမှုန့်အမှုန့်ဖြစ်ကာ ပျက်စီးကြ၏။ ကမ္ဘာ မြေပြင်မှ **တတိယဈာန်သုံးဘုံပြဟ္မာ့ပြည်တိုင်အောင် လေသည် တိုက်ခတ်ဖျက်ဆီး၏။** ဝေဟပ္ဖိုလ်ဘုံသို့ ဆိုက်လျက်တည်၏။ ဤသို့ ရုပ်သင်္ခါရတရားအလုံးစုံကို ဖျက်ဆီးပြီးလျှင် လေသည် ပျောက် ကွယ် သွား၏။ အောက်ကောင်းကင်နှင့်အထက်ကောင်းကင်တို့သည် တစ်စပ်တည်းဖြစ်လျက် အမိုက်မှောင်အတိ ဖြစ်လေ၏။

**ကမ္ဘာသစ်ဖြစ်ထွန်းလာပုံ**

ကမ္ဘာပြုမိုးကြီးရွာသွန်းသည်မှစ၍ ကမ္ဘာသစ်ဖြစ်ထွန်းလာပုံသည် မီးဖြင့်ကမ္ဘာပျက်ပြီး နောက် ကမ္ဘာသစ်ဖြစ်ပေါ်လာခြင်းနှင့် တူပါသည်။ ဤတွင် ထူးသည့်အချက်ကား တတိယ ဈာန်သုံးဘုံအနက် **သုဘကိဏှာပြဟ္မာပြည်ကိုအစပြု၍ ကမ္ဘာသစ်ထင်ရှားဖြစ်ပေါ်လာ၏။ ထို့ အပြင် ဝေဟပ္ဖိုလ်ဘုံမှ ပြဟ္မာများစုတေ၍** အောက်ပြဟ္မာ့ပြည်, နတ်ပြည်, လူ့ပြည်စသည်တို့၌ သတ္တဝါများ ဖြစ်ပေါ်လာကြကုန်၏။

**လေဖျက်သည့်ကမ္ဘာ၌ ကပ်လေးပါးပိုင်းခြားပုံ**

(၁) ကမ္ဘာဖျက်မိုးကြီးရွာသွန်းသည်မှစ၍ တတိယဈာန်သုံးဘုံအထိ ပြဟ္မာ့ဘုံများ, နတ်ဘုံများ, ကမ္ဘာမြေကြီး အကြွင်းမဲ့ပျက်စီး၍ ကမ္ဘာဖျက်လေရပ်စဲပျောက်ကွယ်သွားသည့်တိုင်အောင် ကြာမြင့်သည့်အသင်္ချေယျကပ်ကို **'သံဝဋ္ဋကပ်'**ဟုခေါ်၏။

(၂) ကမ္ဘာဖျက်လေရပ်စဲပျောက်ကွယ်သွားသည်မှစ၍ စကြဝဠာကုဋေတစ်သိန်းကို ရေပြည့် စေသည့် ကမ္ဘာပြုမိုးကြီးရွာသွန်းသည့်တိုင်အောင် ကြာမြင့်သောအသင်္ချေယျကပ်ကို **'သံဝဋ္ဋဋ္ဌာယီကပ်'**ဟု ခေါ်၏။

(၃) ကမ္ဘာပြုမိုးကြီး ပြည့်စုံစွာရွာသွန်းပြီးသည်မှစ၍ နေ, လတို့ထင်ရှားဖြစ်ပေါ်လာသည့်တိုင် အောင် ကြာမြင့်သောအသင်္ချေယျကပ်ကို **'ဝိဝဋ္ဋကပ်'**ဟုခေါ်သည်။

(၄) နေ, လတို့ထင်ရှားဖြစ်ပေါ်လာပြီးသည့်အခါမှစ၍ တစ်ဖန် ကမ္ဘာဖျက်မိုးကြီးရွာသွန်းသည့် တိုင်အောင် ကြာမြင့်သောအသင်္ချေယျကပ်ကို **'ဝိဝဋ္ဋဋ္ဌာယီကပ်'**ဟု ခေါ်၏။

ဤလေးခုသောအသင်္ချေယျကပ်တို့သည် တစ်ခုသော**မဟာကပ်** (မဟာကမ္ဘာကြီး)ဖြစ်၏။

**ကမ္ဘာပျက်ရခြင်းအကြောင်း**

အဘယ်အကြောင်းကြောင့် ကမ္ဘာလောကကြီး ပျက်စီးရသနည်းဟူမူ **"အကုသိုလ်မူလ"**ဟူ သော အကြောင်းကြောင့် ပျက်စီးရ၏။ အကုသိုလ်မူလသုံးပါးတို့ လွန်ကဲလာသောအခါ ကမ္ဘာ လောကပျက်စီးရ၏။ ဤတွင် တပ်စွဲမှုရာဂလွန်ကဲများပြားလာသောအခါ မီးဖြင့်ကမ္ဘာပျက်၏။ ဒေါသလွန်ကဲများပြားလာသောအခါ ရေဖြင့်ကမ္ဘာပျက်၏။ (အချို့သောကေစီဆရာတို့က

ဒေါသလွန်ကဲသောအခါ မီးဖြင့်ကမ္ဘာပျက်၍ ရာဂလွန်ကဲသောအခါ ရေဖြင့်ကမ္ဘာပျက်၏ဟု ဆိုကြ၏) မောဟလွန်ကဲများပြားလာသောအခါ လေဖျက်၍ ကမ္ဘာလောကပျက်စီး၏။

ဤသို့ပျက်ရာ၌လည်း မီးဖြင့်ခုနစ်ကြိမ်တိုင်တိုင် ကမ္ဘာပျက်ပြီးသည့်နောက် ရှစ်ကြိမ်မြောက်၌ရေဖျက်၍ ကမ္ဘာပျက်၏။ ဤသို့မီးခုနစ်ကြိမ်၊ ရေတစ်ကြိမ်၊ အလှည့်အကြိမ်အတိုင်း ၆၃-ကြိမ် ကမ္ဘာပျက်ပြီးသည့်နောက် ၆၄-ကြိမ်မြောက်သောအခါ လေဖျက်၍ကမ္ဘာပျက်၏။

မီးဖြင့် ကမ္ဘာပျက်သည့်အခါ ပထမဈာန်သုံးဘုံပြဟ္မာ့ပြည်များအထိ ပျက်စီး၏။

ရေဖြင့် ကမ္ဘာပျက်သည့်အခါ ဒုတိယဈာန်သုံးဘုံအထိ ပျက်စီး၏။

လေဖြင့် ကမ္ဘာပျက်သည့်အခါ တတိယဈာန်သုံးဘုံအထိ ပျက်စီး၏။

## ၄ စုတူပပါတအဘိညာဉ် ခေါ် ဒိဗ္ဗစက္ခုအဘိညာဉ်

**'စုတူပပါတအဘိညာဉ်'**ဟူသည်မှာ သတ္တဝါတို့၏ဘဝဟောင်းမှရွေ့လျောခြင်း, သေခြင်းဟူသော စုတိကိုလည်းကောင်း၊ ဘဝသစ်သို့ကပ်ရောက်ခြင်း, ဖြစ်ခြင်းဟူသော ပဋိသန္ဓေကိုလည်းကောင်း အထူးသိသောဉာဏ်ဖြစ်၏။

### ဒိဗ္ဗမည်ပုံ

နတ်တို့၏မျက်စိနှင့်တူသောကြောင့် 'ဒိဗ္ဗ'မည်၏၊ နတ်တို့၏ပသာဒရုပ်မျက်စိသည် ကုသိုလ်ကံကြောင့်ဖြစ်သဖြင့် သည်းခြေ, သလိပ်, သွေးစသည်တို့ဖြင့် မနှောင့်ယှက်အပ်သောကြောင့် အညစ်အကြေးကင်း၏၊ သို့အတွက် အဝေး၌ရှိသောအာရုံကို မြင်ခြင်းငှာစွမ်းနိုင်၏။

ဒိဗ္ဗစက္ခုခေါ်သောဉာဏ်မျက်စိသည် ဝီရိယဘာဝနာ၏ခွန်အားအစွမ်းဖြင့်ဖြစ်သောကြောင့် နတ်မျက်စိနှင့်တူ၏။ တစ်နည်းအားဖြင့် '*ဒိဗ္ဗဝိဟာရ*'မည်သော ဈာန်၏အစွမ်းဖြင့်ရအပ်သောကြောင့်လည်းကောင်း၊ မိမိကိုယ်တိုင်ကလည်း ဒိဗ္ဗဝိဟာရကို မှီသောကြောင့်လည်းကောင်း၊ 'ဒိဗ္ဗ' မည်ပေ၏။

အာလောကကသိုဏ်း၏အလင်းကို သိမ်းယူခြင်းဖြင့် ကြီးကျယ်သောအရောင်အလင်းရှိသောကြောင့်လည်း 'ဒိဗ္ဗ' မည်၏။ နံရံတစ်ဘက်စသည်တို့၌တည်သောအဆင်းကို မြင်နိုင်သဖြင့် အံ့ဖွယ်သွားခြင်း, ဖြစ်ခြင်းရှိသောကြောင့်လည်း 'ဒိဗ္ဗ' မည်၏။

### စက္ခုမည်ပုံ

မြင်တတ်သောအနက်သဘောကြောင့် '*စက္ခု*' မည်၏။ တစ်နည်းကား မျက်စိ၏မြင်ခြင်းကိစ္စပြုသဖြင့် မျက်စိနှင့်တူသောကြောင့်လည်း '*စက္ခု*' မည်၏။

### ဒိဗ္ဗစက္ခုမည်ပုံ

နတ်တို့၏မျက်စိနှင့်တူသော အထူးသိသည့်ဉာဏ်မျက်စိဖြင့်မြင်တတ်သောကြောင့် '*ဒိဗ္ဗစက္ခု*' မည်၏။

### ဝိသုဒ္ဓမည်ပုံ

စုတေခြင်း(သေခြင်း)နှင့် ဘဝသစ်၌ဖြစ်ခြင်း (ပဋိသန္ဓေနေခြင်း)တို့ကိုမြင်သဖြင့် အယူစင်ကြယ်ခြင်း၏အကြောင်းဖြစ်သောကြောင့် စင်ကြယ်ခြင်း '*ဝိသုဒ္ဓ*' မည်၏။ သေခြင်းကိုသာမြင်၍ ဘဝသစ်ဖြစ်ခြင်းကိုမမြင်သောသူသည် သေပြီးလျှင်ဘဝပြတ်စဲသွားသည်ဟုယူဆသော

ဥစ္ဆေဒဒိဋ္ဌိကိုယူ၏၊ ဘဝသစ်ဖြစ်ခြင်းမျှကိုသာမြင်၍ ဘဝဟောင်းကသေခဲ့ခြင်းကို မမြင်သောသူသည် သတ္တဝါအသစ်ဖြစ်ပေါ်ခြင်းသည် မမြင်ရသောတန်ခိုးရှင်တစ်ဦးက ဖန်ဆင်း၍ဖြစ်၏စသောအယူမှားကို ယူ၏။

ဘဝဟောင်းမှသေခဲ့ခြင်းနှင့် ဘဝသစ်၌ဖြစ်ခြင်းဟူသော နှစ်ပါးလုံးကို မြင်သောသူသည်ကား ဆိုခဲ့သည့်မိစ္ဆာအယူမှားနှစ်ပါးလုံးကို ကျော်လွှန်နိုင်၏။ ထို့ကြောင့် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် စုတိ, ပဋိသန္ဓေကိုမြင်သောဉာဏ်သည် အယူစင်ကြယ်ခြင်း၏အကြောင်းဖြစ်ပေ၏။ ထို့ကြောင့် "စုတေခြင်း-သေခြင်းနှင့် ဘဝသစ်၌ဖြစ်ခြင်း - ပဋိသန္ဓေနေခြင်းတို့ကိုမြင်သဖြင့် အယူစင်ကြယ်ခြင်းအကြောင်းဖြစ်သောကြောင့် 'ဝိသုဒ္ဓ' မည်ပေ၏။

**'အတိက္ကန္တမာနုသက'မည်ပုံ**

သာမန်လူတို့မြင်နိုင်သောအရပ်နှင့် မြင်နိုင်ကောင်းသောရုပ်ကြမ်းတို့ကို ကျော်လွန်၍ ဝေးသောအဆင်း, ဖုံးလွှမ်းခြားကွယ်ထားသည့်အဆင်း, သိမ်မွေ့သောနတ်အဆင်းတို့ကို ဒိဗ္ဗစက္ခုဖြင့် မြင်နိုင်ခြင်းကြောင့် လူတို့၏မြင်နိုင်ရာနယ်ပယ်ကိုလွန်၍ မြင်နိုင်သည်မည်၏။ တစ်နည်းကား လူတို့၏ပကတိမျက်စိကို ကျော်လွန်သောကြောင့် *'အတိက္ကန္တမာနုသက'*-လူတို့၏ မျက်စိအမြင်ကို ကျော်လွန်သည်မည်၏။

**စုတေဆဲသတ္တဝါ, ပဋိသန္ဓေနေဆဲသတ္တဝါတို့ကိုမြင်ပုံ**

စုတေခါနီးဖြစ်၍ ယခုပင်လျှင် စုတေလတ္တံ့သောသတ္တဝါသည် 'စုတေဆဲသတ္တဝါ'မည်၏။ ပဋိသန္ဓေတည်ပြီးဖြစ်၍ ယခုပင်လျှင် ပဋိသန္ဓေတည်နေပြီးစသတ္တဝါကို 'ပဋိသန္ဓေနေဆဲသတ္တဝါ' မည်၏။ ဤသို့ စုတေဆဲသတ္တဝါ, ပဋိသန္ဓေနေဆဲသတ္တဝါတို့ကို စုတူပပါတအဘိညာဉ်ခေါ် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် မြင်နိုင်၏။ သို့သော် ဤအဘိညာဉ်ဖြင့် စုတိစိတ်ဖြင့်သေဆဲခဏ (စုတိခဏ)နှင့် ပဋိသန္ဓေစိတ်ဖြင့် ပဋိသန္ဓေတည်ဆဲခဏ(ပဋိသန္ဓေခဏ)တို့၌ သတ္တဝါကို မမြင်နိုင်ချေ။

**ဒိဗ္ဗစက္ခုဖြင့်မြင်နိုင်သောသတ္တဝါများ**

(၁) စုတေဆဲသတ္တဝါ (၂) ပဋိသန္ဓေနေဆဲသတ္တဝါ (၃) ယုတ်သောသတ္တဝါ
(၄) မြတ်သောသတ္တဝါ (၅) အဆင်းလှသောသတ္တဝါ (၆) အဆင်းမလှသောသတ္တဝါ
(၇) သုဂတိသို့ရောက်သောသတ္တဝါ (၈) ဒုဂ္ဂတိသို့ရောက်သောသတ္တဝါ
(၉) ကံအားလျော်စွာဘဝသစ်ဖြစ်ကြရသောသတ္တဝါတို့ ဖြစ်ကြ၏။

**ယုတ်သောသတ္တဝါ** – မောဟ၏အကျိုးဆက်နှင့်ယှဉ်သောကြောင့် ယုတ်ညံ့သောအမျိုးဓါတ်, စည်းစိမ်ဥစ္စာစသည်တို့၏အစွမ်းဖြင့် ရှုတ်ချအပ်, မထီမဲ့မြင်ပြုအပ်သောသတ္တဝါဖြစ်၏။

**မြတ်သောသတ္တဝါ** – အမောဟ၏အကျိုးဆက်နှင့်ယှဉ်သောကြောင့်မြတ်သောအမျိုးဓါတ်, စည်းစိမ်ဥစ္စာစသည်တို့၏အစွမ်းဖြင့် မရှုတ်ချအပ်, ချီးမွမ်းအပ်သောသတ္တဝါဖြစ်၏။

**အဆင်းလှသောသတ္တဝါ** – အဒေါသ၏အကျိုးဆက်နှင့်ယှဉ်သောကြောင့် နှစ်သက်မြတ်နိုးဖွယ်အဆင်းနှင့်ပြည့်စုံသောသတ္တဝါဖြစ်၏။

**အဆင်းမလှသောသတ္တဝါ** – ဒေါသ၏အကျိုးဆက်နှင့်ယှဉ်သောကြောင့် မနှစ်သက်ဖွယ် မုန်းဖွယ်အဆင်းနှင့်ပြည့်စုံသောသတ္တဝါဖြစ်၏။

**သုဂတိသို့ရောက်သောသတ္တဝါ** – အလောဘ၏အကျိုးဆက်နှင့်ယှဉ်သောကြောင့် သုဂတိဘဝသို့ ရောက်သောသတ္တဝါ (ဝါ) ကြွယ်ဝချမ်းသာဥစ္စာများစွာရှိသောသတ္တဝါဖြစ်၏။
**ဒုဂ္ဂတိသို့ရောက်သောသတ္တဝါ** – လောဘ၏အကျိုးဆက်နှင့်ယှဉ်သောကြောင့် ဒုဂ္ဂတိဘဝသို့ ရောက်သောသတ္တဝါ (ဝါ) ဆင်းရဲနွမ်းပါးစားသောက်ဖွယ်ရှားပါးသောသတ္တဝါဖြစ်၏။
**ကံအားလျော်စွာဘဝသစ်ဖြစ်ကြရသောသတ္တဝါ** – မိမိပြုလုပ်ဆည်းပူးခဲ့သောကံ၏အကျိုးကြောင့် ဘဝသစ်သို့ကပ်ရောက်ရသောသတ္တဝါဖြစ်၏။

**ဒိဗ္ဗစက္ခုဉာဏ်နှင့် ယထာကမ္မုပဂဉာဏ်**

စုတေဆဲသတ္တဝါ, ပဋိသန္ဓေနေဆဲသတ္တဝါစသည်ကိုမြင်ခြင်းသည် ဒိဗ္ဗစက္ခုဉာဏ်၏ကိစ္စဖြစ်၏။ ကံအားလျော်စွာ ဘဝအသစ်ဖြစ်ကြရသောသတ္တဝါတို့ကိုမြင်ခြင်းသည် ယထာကမ္မုပဂဉာဏ်၏ကိစ္စဖြစ်၏။

ဒိဗ္ဗစက္ခုအဘိညာဉ်ရသောရဟန်းသည်အောက်ဘက်၌ ငရဲပြည်သို့အလင်းရောင် ဖြေးရှုပွားစေ၍ ဆင်းရဲကြီးစွာခံစားနေကြရသော ငရဲသတ္တဝါတို့ကိုမြင်ခြင်းသည် ဒိဗ္ဗစက္ခုဉာဏ်၏ကိစ္စဖြစ်၏။ ထိုရဟန်းသည် "အဘယ်သို့သောကံအသီးသီးကို ပြုခဲ့ကြသဖြင့် ဤငရဲသားတို့သည် ဆင်းရဲကြီးစွာခံစားကြရသနည်း"ဟု နှလုံးသွင်း၏။ ထိုအခါ "ဤမည်သောမကောင်းမှုကံအသီးသီးကို ပြုခဲ့ကြသောကြောင့် ဆင်းရဲကြီးစွာ ခံစားကြရ၏" ဟု သိမြင်လာ၏။ ထိုသို့ ငရဲသားတစ်ဦးစီ ပြုလုပ်ခဲ့သောကံကို သိမြင်ခြင်းသည် ယထာကမ္မုပဂဉာဏ်၏ကိစ္စဖြစ်၏။

ထို့အတူပင် အထက်ဘက်၌နတ်ပြည်သို့ ရဟန်းက အလင်းရောင်ဖြေးရှုပွားစေ၍ကြီးစွာသော စည်းစိမ်ကိုခံစားနေကြရသည့်နတ်တို့ကိုမြင်ခြင်းသည် ဒိဗ္ဗစက္ခုဉာဏ်၏ ကိစ္စဖြစ်၏။ ထိုရဟန်းသည် "အဘယ်သို့သောကံအသီးသီးကိုပြုခဲ့ကြသဖြင့် ဤနတ်တို့သည် စည်းစိမ်ကြီးစွာခံစားကြရသနည်း"ဟု နှလုံးသွင်း၏။ ထိုအခါ "ဤမည်သောကောင်းမှုကံအသီးသီးကို ပြုခဲ့ကြသဖြင့် ဤနတ်တို့သည် စည်းစိမ်ကြီးစွာ ခံစားကြရ၏"ဟု သိမြင်လာ၏။ ဤသို့သိမြင်ခြင်းသည် ယထာကမ္မုပဂဉာဏ်၏ ကိစ္စဖြစ်၏။

ယထာကမ္မုပဂဉာဏ်သည် ဒိဗ္ဗစက္ခုဉာဏ်နှင့်ကင်း၍ အသီးအခြားပြုရသောပရိကံမရှိပေ။ ထို့အတူ အနာဂတ်အဖြစ်အပျက်တို့ကိုသိမြင်နိုင်သော **အနာဂတံသဉာဏ်**သည်လည်း ဒိဗ္ဗစက္ခုဉာဏ်နှင့်ကင်း၍အသီးအခြားပရိကံမရှိချေ။ ယထာကမ္မုပဂဉာဏ်နှင့် အနာဂတံသဉာဏ်တို့သည် ဒိဗ္ဗစက္ခုဉာဏ်သာလျှင် အခြေခံရှိကုန်၏၊ ဒိဗ္ဗစက္ခုဉာဏ်နှင့်အတူတကွသာလျှင် ပြီးစီးပြည့်စုံကြကုန်၏။

**ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနောဒုစရိုက်**

ဆိုးသွမ်းစွာပြုကျင့်သောမကောင်းမှုသည် (ဒုစ္စရိတ) ဒုစရိုက်မည်၏။ တစ်နည်းကား ကိလေသာအပုပ်ရှိသောကြောင့် ပျက်စီးသောအကျင့်သည် ဒုစရိုက်မည်၏။

ကိုယ်ဖြင့်ပြုသည့်မကောင်းမှုသည် ကာယဒုစရိုက်မည်၏။ တစ်နည်းကား ကာယဒွါရမှ ဖြစ်ပေါ်သောဒုစရိုက်သည် ကာယဒုစရိုက်မည်၏။

ဝစီဒုစရိုက်, မနောဒုစရိုက်စသည်တို့ကို ဤနည်းအတိုင်းသိအပ်၏။

**အရိယူပဝါဒကံ – အရိယာကိုစွပ်စွဲခြင်း**

မြတ်စွာဘုရား, ပစ္စေကဗုဒ္ဓါနှင့်ဘုရားတပည့်ဖြစ်ကြသောအရိယာတို့ကိုဖြစ်စေ အောက်ထစ်ဆုံးအားဖြင့် လူဝတ်ကြောင်သောတာပန်ကိုဖြစ်စေ အကျိုးမဲ့ကိုဖြစ်စေလို၍ အန္တိမဝတ္ထုခေါ် သီလပျက်ကြောင်းအမှုဖြင့်သော်လည်းကောင်း၊ ဈာန်, မဂ်, ဖိုလ်စသည်တို့၏ဂုဏ်ကို ဖျက်ဆီးခြင်းဖြင့်သော်လည်းကောင်း၊ စွပ်စွဲခြင်း၊ ဆဲရေးခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်းတို့သည် အရိယာကိုစွပ်စွဲခြင်းဖြစ်ပြီး **အရိယူပဝါဒကံထိုက်၏။**

"ဤပုဂ္ဂိုလ်၌ ရဟန်းအကျင့်သီလမရှိ၊ ဤသူသည် ရဟန်းစစ်မဟုတ်"စသည်ဖြင့် စွပ်စွဲ, ကဲ့ရဲ့ခြင်းသည် အန္တိမဝတ္ထုခေါ် သီလပျက်ကြောင်းအမှုဖြင့်စွပ်စွဲခြင်းမည်၏။

"ဤသူတို့မှာ ဈာန်, ဝိမောက္ခ, မဂ်, ဖိုလ်တရားတို့မရှိ"စသည်ဖြင့် ပြောဆိုခြင်းသည် ဈာန်, မဂ်, ဖိုလ်စသည်တို့၏ဂုဏ်ကို ဖျက်ဆီးခြင်းမည်၏။

အရိယာပုဂ္ဂိုလ်မှန်း သိလျက်ဖြစ်စေ၊ မသိ၍ဖြစ်စေ ကဲ့ရဲ့စွပ်စွဲမိလျှင် အရိယူပဝါဒကံထိုက်သည်သာဖြစ်၏။ **ဤကံသည် ပဉ္စာနန္တရိယကံနှင့်အလားတူစွာ ဝန်လေးသောကံပေတည်း။** နတ်ရွာကိုလည်းတားမြစ်တတ်၏၊ မဂ်ကိုလည်းတားမြစ်တတ်၏၊ သို့သော်အပြစ်ကိုဖော်ပြ၍ တောင်း ပန်ဝန်ချလျှက်သည်းခံစေခြင်းဖြင့် ကုစားကောင်း၏။

သာမဂေဝတ္ထုမှာ ရွာတစ်ရွာ၌ရဟန္တာတစ်ပါးနှင့်ရဟန်းငယ်တစ်ပါးတို့ ဆွမ်းခံဝင်ကြရာ ပထမအိမ်၌ပင် ပူနွေးသောယာဂုတစ်မှုတ်စီရကြ၏။ ရဟန္တာမထေရ်ကြီးသည် လေရောဂါထ၍ ဝမ်းထဲနာကျင်လှသဖြင့် သစ်တုံးတစ်ခုပေါ် တွင်ထိုင်ကာ ယာဂုကိုသောက်၏။ ဤအပြုအမူကို ရဟန်းငယ်က စက်ဆုပ်သဖြင့် "ကိုယ်တော်ကြီးသည် ဆာလောင်ငတ်မွတ်လွန်းစွတကား၊ ငါတို့အား ရှက်ဖွယ်ဖြစ်အောင်ပြုဘိ၏"ဟုဆို၏။

ဆွမ်းခံပြီး၍ ကျောင်းသို့ပြန်ရောက်ကြသည့်အခါ မထေရ်ကြီးသည် ရဟန်းငယ်အား "ငါ့ရှင် . . ဤသာသနာ၌ သင့်မှာထောက်တည်ရာရှိပြီလား"ဟုမေး၏။

"မှန်ပါအရှင်ဘုရား အကျွန်ုပ်သောတာပန်ဖြစ်ပါပြီ"ဟု ရဟန်းငယ်လျှောက်၏။

"ငါ့ရှင် . . သို့ဖြစ်လျှင် အထက်မဂ်ကိုရအောင်အားမထုတ်နှင့်တော့"

"အရှင်ဘုရား . . အဘယ်ကြောင့်နည်း"ဟုရဟန်းငယ်ကမေး၏။

"အိုငါ့ရှင် . . သင်သည်ရဟန္တာကိုစွပ်စွဲမိပြီ"ဟု မထေရ်ကြီးမိန့်ဆို၏။

ထိုအခါရဟန်းငယ်သည် မထေရ်ကြီးကို ကန်တော့တောင်းပန်၏၊ ထို့ကြောင့် ရဟန်းငယ်၏ အရိယူပဝါဒကံသည် အပြစ်မရှိတော့ဘဲ ပကတိအတိုင်းပြန်ဖြစ်လေ၏။

သို့အတွက် အရိယာကိုကဲ့ရဲ့စွပ်စွဲမိသောသူသည် ထေရ်ကြီးဖြစ်ပါမူ အရိယာပုဂ္ဂိုလ်ထံသွား၍ ဆောင့်ကြောင့်ထိုင်လျက် "ငါသည် ငါ့ရှင်ကိုဤသို့သောစကားကိုပြောဆိုမိ၏၊ ငါ့အား ထိုအပြစ်ကိုသည်းခံပါလော့"ဟု ကန်တော့တောင်းပန်အပ်၏။ အကယ်၍ စွပ်စွဲမိသူက သီတင်းငယ်ဖြစ်ပါမူ အရိယာပုဂ္ဂိုလ်အားရှိခိုးပြီးလျှင် ဆောင့်ကြောင့်ထိုင်၍လက်အုပ်ချီလျက် "အရှင်ဘုရား အကျွန်ုပ်သည် အရှင်တို့ကို ဤမည်သောစကားဖြင့် စွပ်စွဲပြောဆိုမိပါ၏၊ အကျွန်ုပ်အား ထိုအပြစ်ကို သည်းခံတော်မူပါလော့"ဟု ကန်တော့တောင်းပန်အပ်၏။

အကယ်၍အရိယာပုဂ္ဂိုလ်သည် အရပ်တစ်ပါးသို့ ကြွသွားငြားအံ့၊ ကိုယ်တိုင်သွား၍ဖြစ်စေ

တပည့်တို့ကို စေလွှတ်၍ဖြစ်စေ ကန်တော့တောင်းပန်အပ်၏။ အကယ်၍ ကိုယ်တိုင်လည်း မသွားနိုင်၊ တပည့်စသည်ကိုလည်း မလွှတ်နိုင်လျှင် ထိုအရိယာပုဂ္ဂိုလ်၏ကျောင်း၌ရှိနေသော ရဟန်းတို့ထံသွား၍ "အရှင်ဘုရားတို့. . . အကျွန်ုပ်သည် ဤအမည်ရှိသောအရှင်ကို ဤသို့သောစကားဖြင့်စွပ်စွဲပြောဆိုမိပါ၏၊ ထိုအရှင်သည် အကျွန်ုပ်အားသည်းခံပါစေ"ဟု ကန်တော့တောင်းပန်အပ်၏။ မျက်မှောက်၌သည်းမခံသူ၌လည်း ဤမျက်ကွယ်ကန်တော့တောင်းပန်ခြင်းမျိုးကိုသာ ပြုအပ်၏။

အကယ်၍ အရိယာပုဂ္ဂိုလ်သည် တစ်ပါးတည်းလှည့်လည်သောရဟန်း (ဝါ) ဧကစာရီ အကျင့်ရှိသူဖြစ်ပြီး သူ၏နေရာဌာနသည် မထင်ရှားပြားအံ့၊ စွပ်စွဲမိသောရဟန်းသည် ပညာရှိ ရဟန်းတစ်ပါးထံချဉ်းကပ်၍ "အရှင်ဘုရား အကျွန်ုပ်သည် ဤမည်သော အရိယာအရှင်ကို ဤမည်သောစကားကို ပြောဆိုမိပါ၏၊ ထိုစကားကိုအမှတ်ရလျက် နှလုံးမသာခြင်းဖြစ်နေပါ၏၊ အဘယ်သို့လုပ်ရပါမည်နည်း"ဟု မေးလျှောက်အပ်၏။

ထိုပညာရှိရဟန်းက "အိုင့်ါရှင်. . မစိုးရိမ်မကြောင့်ကြလင့်၊ အရိယာအရှင်မြတ်သည် သင်တို့အား သည်းခံပါ၏၊ နှလုံးမသာခြင်းဒေါမနဿနှင့်ယှဉ်သောစိတ်ကို ငြိမ်းစေပါလော့"ဟု ဆိုလတ္တံ့။

ထိုပြစ်မှားမိသောရဟန်းသည် အရိယာပုဂ္ဂိုလ်သွားရာအရပ်ဆီသို့ ရှေးရှု၍ လက်အုပ်ချီပြီး "သည်းခံတော်မူပါ"ဟု ဆိုအပ်၏၊ ထိုအရိယာပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန်ပြုသွားပြီးဖြစ်လျှင် ပရိနိဗ္ဗာန်ပြုရာညောင်စောင်းသို့သွား၍ သို့မဟုတ် သင်္ဂြိုဟ်ရာသုသာန်သို့သွား၍ ကန်တော့တောင်းပန်အပ်၏။

ဤသို့ပြုလျှင် နတ်ရွာကိုတားမြစ်ခြင်း မဖြစ်တော့ပြီ၊ မဂ်ကိုတားမြစ်ခြင်းမဖြစ်တော့ပြီ၊ ပကတိအတိုင်း အပြစ်ကင်းရှင်းလေတော့၏။

**မိစ္ဆာဒိဋ္ဌိ – ဖောက်ပြန်မှားယွင်းသောအယူအမြင်**

*မိစ္ဆာဒိဋ္ဌိကာ – ဖောက်ပြန်မှားယွင်းသောအယူအမြင်ရှိသောသူ* သည် မိစ္ဆာအယူ၏အစွမ်းဖြင့် ဆောက်တည်ပြုလုပ်သည့်ကံ အမျိုးမျိုးရှိ၏၊ မိစ္ဆာဒိဋ္ဌိလျှင် အကြောင်းရင်းရှိသော ကာယကံ, ဝစီကံ, မနောကံတို့၌ သူတစ်ပါးတို့အားလည်း ဆောက်တည်ပြုလုပ်ရန်တိုက်တွန်း၏။ ထိုသို့ တိုက်တွန်းသောသူသည် *မိစ္ဆာဒိဋ္ဌိကမ္မသမာဒါန* မည်၏။

အရိယာကိုစွပ်စွဲသော *အရိယူပဝါဒကံ* သည် ဝစီဒုစရိုက်တွင် အကျုံးဝင်၏၊ အရိယူပဝါဒကံသည် အနန္တရိယကံနှင့်တူသောကြောင့် ကြီးမားသောအပြစ်ရှိ၏။ မြတ်စွာဘုရား ဟောကြားထားသည်မှာ -

"သာရိပုတ္တရာ. . အရဟတ္တမဂ်သီလ, သမာဓိ, ပညာနှင့်ပြည့်စုံသောရဟန်းသည် မျက်မှောက်ဘဝ၌ပင်အရဟတ္တဖိုလ်ကိုပြီးစေသကဲ့သို့ ဤအရိယူပဝါဒကံကို မချွတ်စင်စစ် အပါယ်ပဋိသန္ဓေဖြစ်ခြင်းရှိ၏ဟု ငါဘုရားဟောတော်မူ၏။ ထိုစွပ်စွဲသောစကားကို မပယ်လျှင် ထိုပြစ်မှားသောစိတ်ကို မပယ်လျှင် ထိုမိစ္ဆာအယူကို မပယ်စွန့်လျှင် ဆောင်ယူခဲ့သည့်ဝန်ထုပ်ကို ပစ်ချလိုက်သလို ထိုအရိယူပဝါဒကံက ပစ်မှားသူကို ငရဲ၌ပစ်ချလေတော့၏"

**မိစ္ဆာဒိဋ္ဌိထက်ပို၍အပြစ်ကြီးသောအကုသိုလ်ကံမရှိ**

မြတ်စွာဘုရားဟောကြားထားသည်မှာ – "*ရဟန်းတို့ . . ဤမိစ္ဆာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိကဲ့သို့ အပြစ်ကြီးမားသော တစ်ပါးသောအကုသိုလ်ကံကို ငါဘုရားမြင်တော်မမူ၊ ရဟန်းတို့ အပြစ်ဟူသမျှတို့တွင် မိစ္ဆာဒိဋ္ဌိလျှင် အကြီးအမှုးဖြစ်ပေ၏*"

**ငရဲသည် အပါယ, ဒုဂ္ဂတိ, ဝိနိပါတ, နိရယမည်ပုံ**

ငရဲသည် နတ်ရွာ, နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သောကောင်းမှုဟူသည့် 'အယ'မှကင်းသောကြောင့် '*အပါယ*' မည်၏၊ ချမ်းသာအပေါင်းတို့၏ဖြစ်ခြင်း, လာခြင်းဟူသည့် '*အာယ*'မရှိခြင်းကြောင့်လည်း '*အပါယ*'မည်၏၊ ဆင်းရဲ၏တည်ရာဖြစ်သောကြောင့် '*ဒုဂ္ဂတိ*'မည်၏။ တစ်နည်း – အကုသိုလ်ကံကြောင့် လားရောက်ရသောဂတိဖြစ်သောကြောင့် '*ဒုဂ္ဂတိ*' မည်၏။ မကောင်းမှုပြုသူတို့ အလိုမရှိပါဘဲ ကျရောက်ရသည့်ဘုံဖြစ်၍ '*ဝိနိပါတ*' မည်၏၊ တစ်နည်း – ကိုယ်အင်္ဂါကြီး ငယ်တို့ပျက်စီးလျက်ကျရောက်ရာဖြစ်သောကြောင့် '*ဝိနိပါတ*' မည်၏၊ သာယာဖွယ်ချမ်းသာ ဟူသော '*အယ*' မရှိသောကြောင့် '*နိရယ*' မည်၏။

**အပါယ်ဘုံဟူသည်မှာ**

အပါယ်ဘုံသည် အပါယသဒ္ဒါမှဆင်းသက်သဖြင့် ငရဲဘုံကိုလည်းပြ၏၊ တိရိစ္ဆာန်ဘုံကိုလည်းပြ၏။ တိရစ္ဆာန်ဘုံသည် နတ်လူဟူသောသုဂတိမှကင်းသောကြောင့် အပါယ – အပါယ်မည်၏။ တိရစ္ဆာန်တို့ထဲ၌ တန်ခိုးကြီးသောနဂါးမင်းစသည်တို့ရှိနိုင်သောကြောင့် တိရစ္ဆာန်ဘုံသည် ဆင်းရဲ၏တည်ရာ '*ဒုဂ္ဂတိ*' ကား မမည်ပေ။ ထို့ကြောင့် တိရစ္ဆာန်ဘုံသည် အပါယ်သာမည်၍ ဒုဂ္ဂတိမမည်ပေ။

**ပြိတ္တာဘုံသည် အပါယ်, ဒုဂ္ဂတိမည်ပုံ**

ပြိတ္တာဘုံ (ဝါ)-ပြိတ္တာလောကသည် နတ်လူဟူသည့် သုဂတိမှကင်းကွာသောကြောင့် '*အပါယ – အပါယ်*' လည်း မည်၏၊ ဆင်းရဲ၏တည်ရာဖြစ်သောကြောင့် '*ဒုဂ္ဂတိ*'လည်း မည်၏၊ သို့သော်အသူရကာယ်ကဲ့သို့ ပျက်စီး၍ကျရာမဟုတ်သောကြောင့် '*ဝိနိပါတ*' ကား မမည်ပေ။

**အသူရကာယ်ဘုံဟူသည်မှာ**

အသူရကာယ်ဘုံသည် နတ်လူဟူသောသုဂတိမှကင်းသောကြောင့် '*အပါယ - အပါယ်*' လည်း မည်၏၊ ဆင်းရဲ၏တည်ရာဖြစ်သောကြောင့် '*ဒုဂ္ဂတိ*' လည်း မည်၏၊ နတ်လူအလုံးစုံတို့ စည်းစိမ်ချမ်းသာအပေါင်းမှ ပျက်စီးဆုံးရှုံး၍ ကျရောက်ရာဖြစ်သောကြောင့် '*ဝိနိပါတ*'လည်း ဆိုအပ်၏။

'*နိရယ*' အမည်ဖြင့် အဝီစိစသော ငရဲဘုံများကိုသာ ပြဆို၏။

**သုဂတိ, သဂ္ဂ, လောကတို့၏အနက်အဖွင့်**

**သုဂတိ** – ကောင်းသောလားရောက်ရာဖြစ်ခြင်းကြောင့် '*သုဂတိ*'မည်၏၊ သုဂတိအရ လူ့ဂတိ, လူ့ဘုံကိုယူအပ်၏။

**သဂ္ဂ** – ရူပါရုံစသောအာရုံတို့ဖြင့် ကောင်းသောတည်ရာအဖို့ဖြစ်သောကြောင့် '*သဂ္ဂ*' မည်၏၊ သဂ္ဂအရနတ်ဂတိ, နတ်ဘုံကို ယူအပ်၏။

**လောက** – ပျက်စီးတတ်သောကြောင့် '*လောက*'မည်၏။ ထိုသုဂတိနှင့်သဂ္ဂအလုံးစုံသည်ပင်

ပျက်စီးတတ်သောကြောင့် 'လောက'မည်၏။

**သင်္ခါရလောက** – ကောင်းသောလားရောက်ရာဖြစ်သည့် လူ့ဘုံသည် ပျက်စီးတတ်သော ကြောင့် 'သုဂတိလောက' မည်ပါသည်။

**သတ္တလောက** – ရူပါရုံစသည့်အာရုံတို့ဖြင့် ကောင်းသောတည်ရာအဖို့ဖြစ်သောနတ်ဘုံသည် ပျက်စီးတတ်သောကြောင့် 'သတ္တလောက' မည်ပါသည်။

**ဒိဗ္ဗစက္ခုဉာဏ်ဖြစ်ပေါ်ပုံ**

ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ရှုမြင်လိုသောအားထုတ်ခါစအမျိုးသားသည် ကသိုဏ်းရှစ်ပါးတွင် တစ်ပါးပါးလျှင်အာရုံရှိသော အဘိညာဉ်၏အခြေခံဖြစ်သည့် ရူပါဝစရစတုတ္ထစျာန်ကို ခပ်သိမ်း သောအခြင်းအရာဖြင့် ဒိဗ္ဗစက္ခုအဘိညာဉ်သို့ စိတ်ကိုစေလွှတ်ခြင်းငှာ ခံ့အောင်ပြု၏။ ထို့ နောက် တေဇောကသိုဏ်း, ဩဒါတကသိုဏ်း, အာလောကကသိုဏ်းသုံးပါးတို့တွင် တစ်ပါးပါး ကို ဒိဗ္ဗစက္ခုဉာဏ်ဖြစ်ခြင်း၏ နီးစွာသောအကြောင်းဖြစ်အောင် ဥပစာရစျာန်၏ အာရုံပြုကာ ပွားစေအပ်၏။ အကယ်၍ အပ္ပနာကိုဖြစ်စေလျှင် ပါဒကစျာန်၏မှီရာ ဖြစ်လာ၍ ပရိကံ၏မှီရာ မဖြစ်တော့ပေ။

ထိုကသိုဏ်းသုံးခုတွင် အာလောကကသိုဏ်းသည် အကောင်းအမြတ်ဆုံးဖြစ်၏။ ထို့ကြောင့် အာလောကကသိုဏ်းကိုဖြစ်စေ တေဇောကသိုဏ်း, ဩဒါတကသိုဏ်းနှစ်ခုတွင် တစ်ခုခုကို ဖြစ်စေ ဥပစာရစျာန်၌ သာလျှင်တည်၍ ပွားစေအပ်၏။

ကသိုဏ်းပဋိဘာဂနိမိတ်ကို ပွားများဖြန့်ကျက်ထားရာ အရပ်အတွင်း၌သာ အဆင်းကို ရှုကြည့်အပ်၏။ အကယ်၍ထိုအရပ်၏ပြင်ပရှိအဆင်းကိုကြည့်လျှင် ပရိကံပြုရန်အလှည့် အကြိမ်ကျော်လွန်သွား၏။ ထို့ကြောင့်အလင်းရောင်ကွယ်သွားပြီးလျှင် ထိုအလင်းရောင်အတွင်း ရှိခဲ့သည့် အဆင်းရူပါရုံကို မမြင်ရတော့ချေ။

ထိုသို့ဖြစ်လျှင် ယောဂီသည် အဘိညာဉ်၏အခြေခံဖြစ်သည့် ပါဒကစျာန်(စတုတ္ထစျာန်)ကို အဖန်တလဲလဲဝင်စားပြီးလျှင် ထိုစျာန်မှထကာ အလင်းရောင်ကို ဖြန့်အပ်၏။ ဤသို့ထပ်ခါ ဖန်ဖန်ပြုလုပ်သော် အလင်းရောင်သည် အားကောင်းလာ၏။ ထို့ကြောင့် "ဤအရပ်၌ အလင်း ဖြစ်စေ"ဟု အကြင်မျှလောက်သောအရပ်ကိုပိုင်းခြား၍ ပရိကံပြုခြားအံ့၊ ထိုမျှလောက်အရပ်၌ အလင်းရောင်တည်လေတော့၏။ တစ်နေ့ပတ်လုံးသော်လည်းယောဂီသည် ထိုင်ရှုနေလျှင် အဆင်းကို မြင်နေရ၏။

ဥပမာသော်ကား ယောကျ်ားတစ်ယောက်သည် ညဉ့်အခါ၌ မြက်မီးရှူးဖြင့် ခရီးသွား သတတ်။ ထိုမြက်မီးရှူးငြိမ်းသွားသောအခါ ထိုယောကျ်ားသည် မြေညီသောအရပ်, မညီသော အရပ်တို့ကို မမြင်ရတော့ချေ။ ထိုယောကျ်ားသည် ထိုမီးရှူးကိုမြေ၌ပွတ်တိုက်၍ တစ်ဖန် တောက်စေ၏၊ ထိုမီးရှူးသည် ယခင်ထက်ပို၍တောက်ပကာ ပိုကြီးသောအလင်းရောင်ကို ပြု၏။ ဤ နည်းဖြင့် ငြိမ်းငြိမ်းသွားသောမီးရှူးကို အဖန်ဖန်တောက်စေရာ နောက်ဆုံး၌ နေထွက် လာ၏။ ထိုအခါ မီးရှူးကိုပြုဖွယ်မရှိတော့သဖြင့် မီးရှူးကိုစွန့်၍ နေအလင်းရောင်ဖြင့် တစ်နေ့လုံး သော်လည်း ခရီးသွားလေ၏။

ဤဥပမာ၌ မီးရှူးအရောင်ကဲ့သို့ ပရိကံပြုစဉ်၌ ကသိုဏ်းအရောင်ကိုသိအပ်၏၊ မီးငြိမ်းသော

အခါ မြေညီသည်, မညီသည်ကို မမြင်ရခြင်းသည် ပရိကံပြုရန်အလှည့်အကြိမ်ကျော်လွန်သွားသဖြင့် အလင်းရောင်ကွယ်ပျောက်သွားပြီးလျှင် အဆင်းရူပါရုံကို မမြင်ရခြင်းနှင့်တူ၏။ မီးရှူးကို မြေ၌အကြိမ်ကြိမ်ပွတ်တိုက်ခြင်းကဲ့သို့ ပါဒကစျာန်ကိုအဖန်တလဲလဲဝင်စားခြင်းကို မှတ်အပ်၏။ မီးရှူး သည် ရှေးအလင်းရောင်ထက် ပိုကြီးမားသောအလင်းရောင်ကိုပြုခြင်းကဲ့သို့ တစ်ဖန်ပရိကံပြုသောယောဂီသည် "ဤမျှလောက်သောအရပ်၌ အလင်းဖြစ်စေ"ဟု ပရိကံပြုသဖြင့် ထိုပိုင်းခြားသောအရပ်၌ အလင်းရောင်တည်နေအောင် ပြုခြင်းနှင့်တူ၏။ တစ်ဖန်မီးရှူးကိုစွန့်၍ တစ်နေ့လုံးသော်လည်း ခရီးသွားခြင်းကဲ့သို့ မတည်မြဲသော သေးငယ်သည့်အလင်းကိုစွန့်ခွါ၍ ကြာရှည်စွာတည်မြဲ၍ ပိုအားကြီးသောအလင်းဖြင့် တစ်နေ့လုံးအဆင်းရူပါရုံကို ရှုမြင်ခြင်းနှင့် တူ၏။

**ဒိဗ္ဗစက္ခုဖြင့်အဆင်းကိုမြင်ပုံ**

ဒိဗ္ဗစက္ခုဖြင့်အဆင်းများကို ရှုမြင်ရာ၌ မံသစက္ခုအားမထင်နိုင်သော ကိုယ်ထဲဝမ်းထဲရှိ ကိုယ်အင်္ဂါအဆင်းများ၊ မြေအောက်ရှိအရာဝတ္ထုများ၊ ဟဒယဝတ္ထုကိုမှီသောအဆင်း၊ နံရံ၏ တစ်ဘက်, တောင်၏တစ်ဘက်, တံတိုင်း၏တစ်ဘက်၌တည်သော အဆင်းများ၊ အခြားစကြဝဠာ၌ တည်သောအဆင်းများစသည်တို့သည် ဉာဏ်မျက်စိ(*ဉာဏစက္ခု*)၌ ထင်လာ၏၊ မံသမျက်စိဖြင့် မြင်ရသကဲ့သို့မြင်ရ၏။ ထိုအခါ၌ ဒိဗ္ဗစက္ခုဉာဏ်ဖြစ်သည်ဟု သိအပ်၏။ ဤရှုကြည့်သော စိတ်တို့တွင် (ဝါ) ရူပါရုံကိုအကြောင်းပြု၍ ဖြစ်သောစိတ်တို့တွင် ထိုဒိဗ္ဗစက္ခုဉာဏ်သာလျှင် အဆင်းကိုမြင်ခြင်းငှာစွမ်းနိုင်၏၊ အာဝဇ္ဇန်း, ပရိကံဟူသောပုဗ္ဗဘာဂစိတ် – ရှေးအဖို့စိတ်တို့ သည် အဆင်းကိုမြင်ခြင်းငှါမစွမ်းနိုင်ကုန်။

**ဒိဗ္ဗစက္ခု၏ဘေးရန်အန္တရာယ်**

ဒိဗ္ဗစက္ခုသည် ပုထုဇဉ်ပုဂ္ဂိုလ်၌ဘေးရန်အန္တရာယ်ဖြစ်စေတတ်၏။ အဘယ့်ကြောင့်နည်း။ ပုထုဇဉ်သည် ဤမျှလောက်သောအရပ်၌ အရောင်အလင်းဖြစ်စေဟု အဓိဋ္ဌာန်လိုက်သည်နှင့် တစ်ပြိုင်နက် ထိုအဓိဋ္ဌာန်ပြုရာအရပ်၌ မြေ,သမုဒ္ဒရာ, တောင်တို့ကိုဖောက်ထွင်း၍ တစ်စပ်တည်း အလင်းရောင်ဖြစ်လာ၏။ ထိုအခါ ကြောက်မက်ဖွယ်ကောင်းသော ဘီလူး, ရက္ခိုသ် စသည်တို့၏ အဆင်းတို့ကိုမြင်ရသဖြင့် ထိုပုထုဇဉ်သည် ကြောက်လန့်ကာစိတ်ပျံ့လွင့်ဖောက်ပြန်ခြင်းသို့ရောက်၍ ဈာန်လျှောကျသွားတတ်၏၊ ရူးသွားတတ်၏။ ထို့ကြောင့် ဒိဗ္ဗစက္ခုဖြင့် အဆင်းကိုမြင်ရာ၌ မမေ့မလျော့သည် ဖြစ်ရာ၏။

**ဒိဗ္ဗစက္ခုအဘိညာဉ်ဖြစ်ပေါ်သော စိတ်အစဉ် – ဝီထိပုံ**

(ဉာဏ်နုံ့သူ) န - ဒ - မ - ပ - ဥ - နု - ဂေါ - ဈာန် (ဘိ) - ဘဝင် -

(ဉာဏ်ထက်သူ) န - ဒ - မ - ဥ - နု - ဂေါ - ဈာန် (ဘိ) - ဘဝင် -

ဆိုခဲ့ပြီးသောအဆင်းရူပါရုံသည် မနောဒွါရ၌ ထင်လာသည့်အခါ ဘဝင်စလန(န), အဝင်္ဂုပစ္ဆေဒ (ဒ) ဟု ဘဝင်စိတ်နှစ်ကြိမ်လှုပ်၍ ဘဝင်စိတ်အစဉ်ပြတ်၏။ ထို့နောက် ထိုအဆင်းကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ်(မ)ဖြစ်၍ချုပ်လတ်သော် ထိုအဆင်းကိုပင် အာရုံပြုလျက် ဉာဏ်နုံ့သူ၌ ဇောစိတ်ငါးကြိမ်၊ ဉာဏ်ထက်သူဖြစ်လျှင် ဇောစိတ်လေးကြိမ်ဖြစ်၏။

အထက်တွင်ရေးပြထားသောအဘိညာဉ်ဝီထိ၌ ပရိကံ (ပ), ဥပစာ (ဥ), အနုလုံ (နု),

ဂေါတြဘု (ဂေါ)တို့သည် ကာမာဝစရဇောစိတ်တို့ပေတည်း။ ငါးကြိမ်မြောက်သို့မဟုတ် လေးကြိမ်မြောက်သောဇောစိတ်သည် ဒိဗ္ဗစက္ခုဉာဏ် (အဘိညာဉ်)နှင့်ယှဉ်သော ရူပါဝစရ စတုတ္ထဈာန်စိတ်ပေတည်း။ ထိုဈာန်စိတ်နှင့် ယှဉ်ဖြစ်သောဉာဏ်သည် သတ္တဝါတို့၏စုတိ, ပဋိသန္ဓေကိုမြင်သိသော *'စုတုပပါတဉာဏ်'*ဟူ၍လည်းကောင်း *'ဒိဗ္ဗစက္ခုဉာဏ်'*ဟူ၍လည်း ကောင်း ခေါ်ဆိုအပ်၏။

**ပြီးပွဲမ်းပြဆိုချက်**

စုတူပပါတဉာဏ်ဟုလည်းအမည်ရသောဒိဗ္ဗစက္ခုဉာဏ်တွင် အနာဂတံသဉာဏ်နှင့် ယထာ ကမ္မုပဂဉာဏ်ဟူသည့် အာရုံဉာဏ်နှစ်ပါးရှိ၏။ ဤဉာဏ်နှစ်ပါးနှင့် ဣဒ္ဓိဝိဓစသောဉာဏ်ငါးပါး နှင့် ပေါင်းသော် အဘိညာဉ်ဉာဏ်တို့သည် (၇)ပါးဖြစ်လာ၏။

**အဘိညာဉ်(၇)ပါး**

(၁) *ဣဒ္ဓိဝိဓအဘိညာဉ်* — မြေလျှိုး, မိုးပျံစသည့်တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော အသိ ဉာဏ်အထူး၊
(၂) *ဒိဗ္ဗသောတအဘိညာဉ်* — နတ်နားကဲ့သို့ကြားနိုင်သော အသိဉာဏ်အထူး၊
(၃) *စေတောပရိယအဘိညာဉ်* — သူတစ်ပါးတို့၏စိတ်ကိုအထူးထူးအပြားပြားအားဖြင့် သိသည့် ဉာဏ်အထူး၊
(၄) *ပုဗ္ဗေနိဝါသအဘိညာဉ်* — ရှေးဘဝများစွာကို အောက်မေ့အမှတ်ရသည့် အသိဉာဏ်အထူး၊
(၅) *ဒိဗ္ဗစက္ခုအဘိညာဉ်* — နတ်မျက်စိကဲ့သို့မြင်နိုင်သောအသိဉာဏ်အထူး၊
(၆) *အနာဂတံသအဘိညာဉ်* — အနာဂတ်ဖြစ်ရပ်များကိုသိမြင်နိုင်သောအသိဉာဏ်အထူး၊
(၇) *ယထာကမ္မုပဂအဘိညာဉ်* — ကံအားလျော်စွာဘဝသစ်ဖြစ်ကြရသည်သတ္တဝါများကို မြင်သိ နိုင်သော အသိဉာဏ်အထူး။

**အာရမ္မဏတိက် (၄) ပါး**

အဘိညာဉ်ဉာဏ်တို့၏အာရုံကို ဝေဖန်ခွဲခြားရာ၌ မတွေဝေရန်အလို့ငှါ မြတ်စွာဘုရားသည် အာရမ္မဏတိက်လေးပါးကို ဟောကြားထားပေ၏။

(၁) ပရိတ္တာရမ္မဏတိက် (၂) မဂ္ဂါရမ္မဏတိက်
(၃) အတီတာရမ္မဏတိက် (၄) အဇ္ဈတ္တာရမ္မဏတိက်တို့တည်း။

**ဣဒ္ဓိဝိဓအဘိညာဉ်၏အာရုံများ**

ဣဒ္ဓိဝိဓဉာဏ်သည် ကာမအာရုံ, မဟာဂ္ဂုတ်အာရုံ, အတိတ်အာရုံ, အနာဂတ်အာရုံ, ပစ္စုပ္ပန် အာရုံ, အဇ္ဈတ္တအာရုံ, ဗဟိဒ္ဓအာရုံဟူ၍ အာရုံ(၇)မျိုးတို့၌ဖြစ်၏။

**(၁) ကာမအာရုံ (ပရိတ္တာရုံ)**

အကြင်အခါ၌ ရုပ်ကိုယ်ကို စိတ်၌မှီသည်ကိုပြု၍ မထင်ရှားသောကိုယ်ဖြင့် သွားလိုသော် ပါဒကဈာန်စိတ်၏အစွမ်းဖြင့်ရုပ်ကိုယ်ကိုညွတ်စေ၏၊ မဟဂ္ဂုတ်စိတ်၌ ပေါင်း၏၊ ကောင်းစွာ တင်၏။ ထိုအခါ ရုပ်ကိုယ်သည် အာရုံဖြစ်၏။ ရုပ်ကိုယ်လျှင်အာရုံရှိရကား ဣဒ္ဓိဝိဓဉာဏ်သည် ပရိတ္တခေါ် ကာမအာရုံကို အာရုံပြု၏။

**(၂) မဟဂ္ဂုတ်အာရုံ**

အကြင်အခါ၌ စိတ်ကို ရုပ်ကိုယ်၌မှီသည်ကိုပြု၍ ထင်ရှားသောကိုယ်ဖြင့်သွားလိုသော်ရုပ်ကိုယ်၏အစွမ်းအားဖြင့် ပါဒကဇျာန်စိတ်ကိုညွတ်စေ၏၊ ရုပ်ကိုယ်၌ပေါင်း၏၊ ကောင်းစွာတင်၏။ ထိုအခါ ပါဒကဇျာန်စိတ်သည် အာရုံဖြစ်၏။ ထို့ကြောင့် ပါဒကဇျာန်စိတ် (ဝါ) မဟဂ္ဂုတ်ဈာန်စိတ်လျှင် အာရုံရှိရကား ဣဒ္ဓိဝိဓဉာဏ်သည် မဟဂ္ဂုတ်အာရုံကို အာရုံပြု၏။

**(၃) အတိတ်အာရုံ**

ထို့အပြင် ဣဒ္ဓိဝိဓဉာဏ်သည် ချုပ်လေပြီးသောအတိတ်အာရုံဖြစ်သည့် ထိုပါဒကဈာန်ကို အာရုံပြုသဖြင့် အတိတ်အာရုံကို အာရုံပြုသည်ဟုဆိုရ၏။

**(၄) အနာဂတ်အာရုံ**

အရှင်မဟာကဿပမထေရ်စသည်တို့၏ဓါတ်တော်မြတ်တို့ကို အကြီးအကျယ်ဌာပနာသောအခါ၌ အဓိဋ္ဌာန်ခြင်းကဲ့သို့ အနာဂတ်ကိုအာရုံပြု၍ အဓိဋ္ဌာန်ပြုသူတို့၏ဣဒ္ဓိဝိဓဉာဏ်သည် အနာဂတ်တရားလျှင်အာရုံရှိ၏။

**အရှင်မဟာကဿပမထေရ်**သည် မြတ်စွာဘုရား၏ဓါတ်တော်တို့ကို အကြီးအကျယ်ဌာပနာသည့်အခါ၌ "*နောင်အခါ ၂၁၈-နှစ်ကာလတို့ပတ်လုံး ဤနံ့သာတို့သည်မခြောက်သွေ့ပါစေကုန် သတည်း၊ ဤပန်းတို့သည် မညှိုးစေပါကုန်သတည်း၊ ဤဆီမီးတို့သည် မငြိမ်းပါစေကုန်သတည်း*" ဟု အဓိဋ္ဌာန်တော်မူ၏။ ဓိဋ္ဌာန်သည့်အတိုင်းအလုံးစုံဖြစ်၏။

**အဿဂုတ္တမထေရ်**သည် ဝတ္တနိယကျောင်း၌ ဆွမ်းဟင်းမပါဘဲ ဆွမ်းထမင်းသက်သက်ကို ဘုဉ်းပေးနေကြသောရဟန်းသံဃာကိုမြင်လျှင် "*ဤကျောက်ရေကန် (ထုံးအိုင်ရေ)သည် နေ့စဉ်နံနက်ပိုင်း၌ နို့ဓမ်းအရသာရှိသည်ဖြစ်စေ*"ဟု ဓိဋ္ဌာန်တော်မူ၏။ ဓိဋ္ဌာန်သည့်အတိုင်း နံနက်ပိုင်း၌ခပ်ယူလျှင် နို့ဓမ်းရည်ဖြစ်၏၊ ညနေပိုင်း၌ခပ်ယူလျှင် ပကတိရေပင်ဖြစ်၏။

**(၅) ပစ္စုပ္ပန်အာရုံ**

ရုပ်ကိုယ်ကို စိတ်၌မှီသည်ကိုပြု၍ မထင်ရှားသောကိုယ်ဖြင့် သွားသောကာလ၌ ဣဒ္ဓိဝိဓဉာဏ်သည် ပစ္စုပ္ပန်အာရုံကို အာရုံပြု၏။

**(၆) အဇ္ဈတ္တအာရုံ**

ရုပ်ကိုယ် (ရူပကာယ)၏ အစွမ်းဖြင့် ပါဒကဈာန်ကို ညွတ်စေသောကာလ၊ ပါဒကဈာန်စိတ်၏အစွမ်းဖြင့် ရုပ်ကိုယ်ကိုညွတ်စေသောကာလ၊ မိမိကိုယ်ကို သူငယ်သဏ္ဌာန်စသည်ကို ဖန်ဆင်းသောကာလအသီးသီးတို့၌ မိမိ၏ရုပ်ကိုယ်, စိတ်တို့ကိုအာရုံပြုခြင်းကြောင့် ဣဒ္ဓိဝိဓဉာဏ်သည် အဇ္ဈတ္တတရားလျှင် အာရုံရှိ၏။

**(၇) ဗဟိဒ္ဓအာရုံ**

မိမိကိုယ်ပြင်ပ၌ ဆင်ရုပ်, မြင်းရုပ်စသည်တို့ကို ဖန်ဆင်း၍ပြသည့်ကာလများ၌ ဗဟိဒ္ဓတရားကိုအာရုံပြု၏၊ ထို့ကြောင့် ဣဒ္ဓိဝိဓဉာဏ်သည် ဗဟိဒ္ဓတရားကိုလည်း အာရုံပြု၏။

**ဒိဗ္ဗသောတအဘိညာဉ်၏အာရုံများ**

ဒိဗ္ဗသောတဉာဏ်သည် ကာမအာရုံ, ပစ္စုပ္ပန်အာရုံ, အဇ္ဈတ္တအာရုံ, ဗဟိဒ္ဓအာရုံဟူ၍ အာရုံ (၄) မျိုးတို့၌ ဖြစ်၏။

**(၁) ကာမအာရုံ**

ဒိဗ္ဗသောတဉာဏ်သည် အသံဟူသည့်သဒ္ဒါရုံကိုအာရုံပြု၏၊ အသံသည် ကာမတရားဖြစ်ခြင်းကြောင့် ကာမတရားလျှင်အာရုံရှိ၏။

**(၂) ပစ္စုပ္ပန်အာရုံ**

ဒိဗ္ဗသောတဉာဏ်သည် ထင်ရှားရှိဆဲအသံကိုသာလျှင် အာရုံပြု၍ဖြစ်ခြင်းကြောင့် ပစ္စုပ္ပန်တရားလျှင် အာရုံရှိပေ၏။

**(၃) အဇ္ဈတ္တအာရုံ**

ဒိဗ္ဗသောတဉာဏ်သည် မိမိ၏ဝမ်းထဲမှအသံကိုကြားသောအခါ၌ အဇ္ဈတ္တတရားလျှင် အာရုံရှိ၏။

**(၄) ဗဟိဒ္ဓအာရုံ**

ဒိဗ္ဗသောတဉာဏ်သည် သူတစ်ပါးတို့၏အသံ, ပြင်ပအသံတို့ကို ကြားသောအခါ၌ ဗဟိဒ္ဓတရားသာလျှင် အာရုံရှိ၏။

**စေတောပရိယအဘိညာဉ်၏အာရုံများ**

စေတောပရိယဉာဏ်သည် ကာမ, မဟဂ္ဂုတ်, အပ္ပမာဏ, မဂ်, အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ဗဟိဒ္ဓအာရုံတို့အလိုအားဖြင့် အာရုံ(၈)မျိုးတို့၌ဖြစ်၏။

**(၁) ကာမအာရုံ**

စေတောပရိယဉာဏ်သည် သူတစ်ပါးတို့၏ကာမာဝစရစိတ်ကို သိသောအခါ၌ ကာမတရားလျှင်အာရုံရှိ၏။

**(၂) မဟဂ္ဂုတ်အာရုံ**

သူတစ်ပါးတို့၏ရူပါဝစရစိတ်, အရူပါဝစရစိတ်ကိုသိသောအခါ၌ မဟဂ္ဂုတ်အာရုံရှိ၏။

**(၃) (၄) အပ္ပမာဏအာရုံ, မဂ်အာရုံ**

စေတောပရိယဉာဏ်သည် သူတစ်ပါးတို့၏မဂ်, ဖိုလ်တို့ကို သိသောကာလ၌ အပ္ပမာဏတရားလျှင်အာရုံရှိ၏၊ မဂ်စိတ်ကိုသိသောကာလ၌ မဂ်လျှင်အာရုံရှိ၏။

ဤအရာ၌ပုထုဇဉ်သည် သောတာပန်စိတ်ကိုမသိနိုင်၊ သောတာပန်သည် သကဒါဂါမ်၏စိတ်ကိုမသိနိုင်၊ သကဒါဂါမ်သည် အနာဂါမ်၏စိတ်ကို မသိနိုင်၊ အနာဂါမ်သည် ရဟန္တာ၏စိတ်ကိုမသိနိုင်၊ ရဟန္တာသည်ကား အားလုံးသောစိတ်တို့ကိုသိနိုင်၏။ အထက်ဖြစ်သော အခြားပုဂ္ဂိုလ်သည်လည်း အောက်ပုဂ္ဂိုလ်၏စိတ်ကိုသိနိုင်၏။ ဤတွင်စိတ်ဆိုရာ၌ မဂ်ဖိုလ်စိတ်ကိုဆိုလို၏။

**(၅) (၆) အတိတ်အာရုံ, အနာဂတ်အာရုံ**

စေတောပရိယဉာဏ်သည် အကြင်အခါ၌ အတိတ်ခုနစ်ရက်အတွင်း၌လည်းကောင်း၊ အနာဂတ်ခုနစ်ရက်အတွင်း၌လည်းကောင်း သူတစ်ပါးတို့၏စိတ်ကိုသိလျှင်၊ ထိုအခါ၌ အတိတ်အာရုံရှိသည်, အနာဂတ်အာရုံရှိသည်ဟု ဆိုရ၏။

**(၇) ပစ္စုပ္ပန်အာရုံ**

ပစ္စုပ္ပန်မည်သည်မှာ (၁) ခဏပစ္စုပ္ပန်၊ (၂) သန္တတိပစ္စုပ္ပန်၊ (၃) အဒ္ဓါပစ္စုပ္ပန်ဟူ၍ သုံးမျိုးရှိ

၏။ ထိုတွင် ဥပါဒ်, ဌီ, ဘင်သို့ရောက်ဆဲတရားသည် '*ခဏပစ္စုပ္ပန်*' မည်၏။

ရုပ်၏သန္တတိဝါရတစ်ခု, နှစ်ခု၌ အကျုံးဝင်သောတရားသည် '*သန္တတိပစ္စုပ္ပန်*' မည်၏။ သန္တတိပစ္စုပ္ပန်နှင့်ပတ်သက်၍ **မဇ္ဈိမနိကာယ်ဆောင်ဆရာတို့**က ရုပ်သန္တတိဝါရသုံးမျိုးကို ထုတ်ပြ၏။

(က) အမှောင်၌ကြာမြင့်စွာနေပြီး၍ အလင်းရှိရာအရပ်သို့သွားသောသူအား ရုတ်တရက် အာရုံမထင်ရှားမီမှ အာရုံထင်ရှားသည့်တိုင်အောင် ကြာသည့်ကာလအတွင်း၌ဖြစ်သော ရုပ်သန္တတိဝါရတို့သည် ရုပ်သန္တတိဝါရတစ်ခု, နှစ်ခုမည်ကုန်၏။

(ခ) အလင်း၌ကြာမြင့်စွာနေပြီး၍ တိုက်ခန်းအတွင်းသို့ဝင်လာသောသူအားလည်း ရုတ်တရက်အာရုံမထင်ရှားမီမှ အာရုံထင်ရှားလာသည့်တိုင်အောင် ကြာသည့်ကာလအတွင်း၌ဖြစ်သော ရုပ်သန္တတိဝါရတို့သည် ရုပ်သန္တတိဝါရတစ်ခု, နှစ်ခုမည်ကုန်၏။

(ဂ) ဝေးသောအရပ်ရှိ ခဝါသည်တို့၏လက်အမူအရာများ၊ ခေါင်းလောင်း, စည်ကြီးတို့ကို တီးခတ်နေသူတို့၏အမူအရာများကို မြင်ရသော်လည်း အသံတို့ကိုမကြားရသေးချေ။ ထိုမြင်သောခဏမှ ထိုအသံကိုကြားရသည့်တိုင်အောင် ကြာသည့်ကာလအတွင်း၌ဖြစ်သော ရုပ်သန္တတိဝါရတို့ကို ရုပ်သန္တတိဝါရတစ်ခု, နှစ်ခုဟု မှတ်အပ်၏။

**သံယုတ္တနိကာယ်ဆောင်ဆရာတို့**ကမူ '*သန္တတိပစ္စုပ္ပန်*'သည် ရုပ်သန္တတိ, နာမ်သန္တတိဟူ၍ နှစ်မျိုးရှိသည်ဟု ဆိုကြ၏။ ၎င်းတို့မှာ -

(က) ရေကိုနင်းသွားသောသူ၏ကမ်းစပ်၌ နင်းခဲ့သည့်နေရာတွင် ရေနောက်ကျိနေရာမှ ရေမကြည်လင်သေးမီကာလသည်လည်းကောင်း၊ ခရီးဝေးမှလာခဲ့သောသူ၏ ကိုယ်အပူငွေ့ မငြိမ်းသေးမီကာလသည်လည်းကောင်း၊ နေပူထဲမှလာ၍တိုက်ခန်းတွင်းသို့ဝင်သောသူအား အမှောင်မကင်းသေးမီကာလသည်လည်းကောင်း၊ အခန်းထဲ၌ နေ့အခါကမ္မဋ္ဌာန်းနှလုံးသွင်းပြီးလျှင် ပြူတင်းကိုဖွင့်၍ကြည့်သောသူအား မျက်စိတို့၏ရီဝေဝေဖြစ်ခြင်း မငြိမ်းသေးမီကာလသည်လည်းကောင်း၊ ဤသို့သောကာလသည် '*ရုပ်သန္တတိ*' – ရုပ်၏မျိုးတူအစဉ်မည်၏။

(ခ) ဇဝနဝါရ၌ ဇောဝီထိနှစ်ခု, သုံးခုတို့သည် '*နာမ်သန္တတိ*' – နာမ်၏မျိုးတူအစဉ်မည်၏။

ထိုရုပ်သန္တတိ, နာမ်သန္တတိနှစ်မျိုးလုံးကို "သန္တတိပစ္စုပ္ပန်မည်သည်"ဟု ဆိုကြ၏။

(ဂ) တစ်ခုသောဘဝ (ဝါ) ပဋိသန္ဓေ-စုတိဖြင့် ပိုင်းခြားအပ်သောရုပ်နာမ်အပေါင်းသည် '*အဒ္ဓါပစ္စုပ္ပန်*' မည်၏။ ဤအဒ္ဓါပစ္စုပ္ပန်ကိုရည်၍ **ဘဒ္ဒေကရတ္တသုတ်**၌ –

"ငါ့ရှင်တို့. . . မနမည်သောစိတ်နှင့်အာရုံသဘောတရားတို့သည် ကြံသိဆဲခဏ၌ထင်ရှား၍ ပစ္စုပ္ပန်တရားတို့ဖြစ်ကြ၏။ ဤမနနှင့်ဓမ္မဟူသောနှစ်ပါးစုံသည် အဒ္ဓါပစ္စုပ္ပန်မည်၏။ ထို မန, ဓမ္မဟူသော ပစ္စုပ္ပန်တရား၌ အာရုံကိုသိမှု - စိတ်ဝိညာဏ်ကိုဆန္ဒရာဂဖွဲ့ချည်ထားခြင်းကြောင့် ထိုပစ္စုပ္ပန်တရားကို နှစ်သက်၏။ ထိုပစ္စုပ္ပန်တရားကိုနှစ်သက်သောသူသည် ပစ္စုပ္ပန်တရားတို့၌ တဏှာ, ဒိဋ္ဌိဖြင့် ဆွဲငင်ခံရ၏"ဟူ၍ ဟောထား၏။

**ကေစိဆရာတို့၏ယူဆချက်**

ကေစိဆရာတို့က "ခဏပစ္စုပ္ပန်စိတ်သည် စေတောပရိယဉာဏ်၏အာရုံဖြစ်သည်"ဟု ဆိုကြ၏။ အဘယ့်ကြောင့်နည်းဟူမူ တန်ခိုးရှင်၏စိတ်နှင့်အခြားသူ၏စိတ်တို့သည် တစ်ခုသော

ခဏာ၌ပြိုင်တူဖြစ်ကြသည်ဟုဆို၏။ ဥပမာပေးပုံမှာ ပန်းတစ်ဆုပ်ကို ကောင်းကင်၌ ပစ်တင်လိုက်လျှင် ပန်းတစ်ပွင့်၏အညှာသည် အခြားပန်းတစ်ပွင့်၏အညှာနှင့် ကေန်စွပ်မိသကဲ့သို့ ဤအတူပင် "သူတစ်ပါး၏စိတ်ကိုသိအံ့"ဟု စိတ်အစု၏အစွမ်းဖြင့် လူအများ၏စိတ်ကို နှလုံးသွင်းလိုက်လျှင် တစ်ယောက်၏စိတ်ကို တစ်ခုသောစိတ်ဖြင့် ဥပါဒ်ခဏာ၌ဖြစ်စေ, ဌီခဏာ၌ဖြစ်စေ, ဘင်ခဏာ၌ဖြစ်စေ ကေန်ပင်ထိုးထွင်း၍သိရာ၏ဟု ကေစိဆရာတို့ဆိုကြ၏။

ဤကေစိဆရာတို့၏စကားကို မသင့်ဟူ၍ရှေးအဋ္ဌကထာတို့၌ ပယ်အပ်လေပြီ။ အနှစ်တစ်ရာ, တစ်ထောင်တို့ပတ်လုံးနှလုံးသွင်းဆင်ခြင်သူသည် အကြင်အာဝဇ္ဇန်းစိတ်ဖြင့်နှလုံးသွင်း၍ အကြင်အဘိညာဥ်ဇောစိတ်ဖြင့်သိ၏။ ထိုစိတ်နှစ်ခုတို့၏တစ်ပေါင်းတည်းမတည်ခြင်းကြောင့်လည်းကောင်း၊ အာဝဇ္ဇန်းစိတ်နှင့်ဇောစိတ်တို့သည် မဂ်ဖိုလ်ဝီထိတို့မှတစ်ပါး အလိုမရှိအပ်သောအရာ၌အာရုံကွဲပြားခြင်းကြောင့်လည်းကောင်း၊ တန်ခိုးရှင်၏စိတ်နှင့်အခြားသူ၏စိတ်တို့သည် ခဏတစ်ခု၌အတူတကွဖြစ်၏ဟုဆိုခြင်းသည် မသင့်ပါဟူ၍ ပယ်မြစ်ထား၏။

**မှတ်ချက်** — မဂ်ဝီထိ၌ အာဝဇ္ဇန်းနှင့်ပရိကံ, ဥပစာ, အနုလုံဇောတို့က လောကီရုပ်နာမ်ကို အာရုံပြု၏၊ ဂေါတြဘူနှင့်မဂ်, ဖိုလ်ဇောတို့သည် နိဗ္ဗာန်ကိုအာရုံပြုကြ၏။ ဖိုလ်ဝီထိ၌အာဝဇ္ဇန်းနှင့်ပရိကံ, ဥပစာ, အနုလုံဇောတို့က လောကီရုပ်နာမ်ကို အာရုံပြု၏၊ ဖိုလ်ဇောက နိဗ္ဗာန်ကိုအာရုံပြု၏။

ဤသို့လျှင် မဂ်ဖိုလ်ဝီထိတို့၌သာ အာဝဇ္ဇန်း, အခြေခံဇောတို့နှင့် မဂ်ဖိုလ်ဇောတို့အာရုံကွဲပြားနိုးရှိ၏။ အခြားဝီထိများ၌ ကွဲပြားနိုးမရှိချေ။ ထိုသို့ကွဲပြားနိုးမရှိဘဲ အာရုံကွဲပြားသည်ဆိုသောကြောင့် မသင့်ဟုဆိုလို၏။

**သင့်မြတ်သောယူဆချက်**

အသင့်အားဖြင့်မူကား သန္တတိပစ္စုပ္ပန်စိတ်နှင့် အဒ္ဓါပစ္စုပ္ပန်စိတ်တို့သည် စေတောပရိယဉာဏ်၏အာရုံဖြစ်သည်ဟု သိအပ်၏။ ထိုပစ္စုပ္ပန်နှစ်ပါးတို့တွင် ဖြစ်ဆဲဇောဝီထိမှ နှစ်ဝီထိ, သုံးဝီထိအတိုင်းအရှည်ရှိသည့်အတိတ်, အနာဂတ်ကာလ၌ သူတစ်ပါး၏အကြင်စိတ်သည်ရှိ၏၊ ထိုစိတ်အားလုံးသည် သန္တတိပစ္စုပ္ပန်မည်၏။ အဒ္ဓါပစ္စုပ္ပန်ကိုမူ ဇောဝါရဖြင့်ပြအပ်သည်ဟု **သံယုတ်အဋ္ဌကထာ**၌ ဆို၏၊ ထိုစကားသည် ကောင်းစွာဆိုအပ်သောစကားပေတည်း။

**သူတစ်ပါး၏ပစ္စုပ္ပန်စိတ်ကိုသိပုံ**

စေတောပရိယအဘိညာဥ်တန်ခိုးရှင်သည် သူတစ်ပါး၏စိတ်ကိုသိလို၍ နှလုံးသွင်းဆင်ခြင်၏။ နှလုံးသွင်းသော အာဝဇ္ဇန်းစိတ်သည် သူတစ်ပါး၏ ခဏပစ္စုပ္ပန်စိတ်ကို အာရုံပြု၍ ထိုစိတ်နှင့်ပင်ပြိုင်တူချုပ်၏၊ ထို့နောင် လေးကြိမ်, ငါးကြိမ်သော ဇောတို့ဖြစ်ကုန်၏၊ ယင်းဇောတို့တွင် နောက်ဆုံးဇောသည် သူတစ်ပါး၏စိတ်ကိုသိသည့် စေတောပရိယအဘိညာဉ်စိတ် (ဣဒ္ဓိစိတ်) ဖြစ်၏။ ရှေ့ဇောသုံးကြိမ်, လေးကြိမ်ဇောတို့သည် ကာမာဝစရဇောတို့ဖြစ်ကြ၏။

အာဝဇ္ဇန်းနှင့်ပြိုင်တူချုပ်သော သူတစ်ပါး၏စိတ်သည်ပင် ထိုအလုံးစုံသောဇောလေးခု, ငါးခုတို့၏အာရုံဖြစ်၏။ ထိုအာဝဇ္ဇန်းနှင့်ဇောတို့သည် အာရုံမကွဲပြားကုန်။ အကြောင်းမှာ အဒ္ဓါအလိုအားဖြင့် ပစ္စုပ္ပန်အာရုံရှိသောကြောင့်ပေတည်း။ တစ်ခုတည်းသောအာရုံရှိခြင်း၌ တူငြား

သော်လည်း အဘိညာဉ်စိတ်သည်သာလျှင် သူတစ်ပါး၏စိတ်ကိုသိ၏၊ အခြားစိတ်တို့သည် မသိကုန်။ ဥပမာပြရလျှင် စက္ခုဒွါရဝီထိ၌ စက္ခုဝိညာဏ်သည်သာလျှင် အဆင်းကိုမြင်၍ အခြားစိတ်တို့က မသိကုန်သကဲ့သို့တည်း။

သို့ဖြစ်၍ အဘိညာဉ်စိတ်သည် သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်တို့၏ အစွမ်းအားဖြင့် ပစ္စုပ္ပန်စိတ်လျှင် အာရုံရှိပေ၏။ တစ်နည်းဆိုရသော် သန္တတိပစ္စုပ္ပန်သည် အဒ္ဓါပစ္စုပ္ပန်၌အတွင်းဝင်သဖြင့် အဘိညာဉ်စိတ်သည် အဒ္ဓါပစ္စုပ္ပန်၏အစွမ်းအားဖြင့် ပစ္စုပ္ပန်စိတ်ကို အာရုံပြုသည်ဟု သိအပ်ပေ၏။ သူတစ်ပါး၏စိတ်ကိုအာရုံပြုသောကြောင့်ပင်လျှင် ဗဟိဒ္ဓအာရုံရှိပေ၏။

**ပုဗ္ဗေနိဝါသအဘိညာဉ်၏အာရုံများ**

ပုဗ္ဗေနိဝါသဉာဏ်သည် ကာမ, မဟဂ္ဂုတ်, အပ္ပမာဏ, မဂ်, အတိတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, နဝတ္တဗ္ဗအာရုံဟူ၍ အာရုံ (၈)မျိုးတို့၌ ဖြစ်၏။

ပုဗ္ဗေနိဝါသဉာဏ်သည် ကာမာဝစရခန္ဓာတို့ကို အောက်မေ့သည့်ကာလ၌ **ကာမအာရုံ**ရှိ၏။ ရူပါဝစရခန္ဓာ, အရူပါဝစရခန္ဓာတို့ကို အောက်မေ့သောကာလ၌ **မဟဂ္ဂုတ်အာရုံ**ရှိ၏၊ အတိတ်ကာလ၌မိမိနှင့်သူတစ်ပါးတို့ကိုလည်းကောင်း၊ ပွားစေအပ်ပြီးသောမဂ်ကိုလည်းကောင်း၊ မျက်မှောက်ပြုပြီးသောဖိုလ်ကိုလည်းကောင်း အောက်မေ့သောကာလ၌ **အပ္ပမာဏအာရုံ** ရှိ၏။ ပွားစေအပ်ပြီးသောမဂ်ကိုသာလျှင် အောက်မေ့သောကာလ၌ **မဂ်အာရုံ** ရှိ၏။ ကိန်းသေအားဖြင့်ကား ပုဗ္ဗေနိဝါသဉာဏ်သည် **အတိတ်**ကိုသာလျှင် အာရုံပြု၏။

ထိုမှတစ်ပါး ပုဗ္ဗေနိဝါသဉာဏ်သည် မိမိ၏ခန္ဓာတို့ကို အောက်မေ့သည့်ကာလ၌ **အဇ္ဈတ္တအာရုံ**ရှိ၏၊ သူတစ်ပါး၏ခန္ဓာတို့ကို အောက်မေ့သောကာလ၌ **ဗဟိဒ္ဓအာရုံ**ရှိ၏။ "အတိတ်ကာလ၌ ဝိပဿီမြတ်စွာဘုရားသည် ပွင့်တော်မူလေပြီ၊ ထိုဘုရား၏မယ်တော်သည် ဗန္ဓုမတီမည်၏၊ ခမည်းတော်သည် ဗန္ဓုမာမည်၏"ဟု ဤသို့စသောနည်းဖြင့် အမည်, အနွယ်, ပထဝီကသိုဏ်း နိမိတ်စသည်ကို အောက်မေ့သောကာလ၌ **နဝတဗ္ဗတရား**လျှင် အာရုံရှိ၏။

**ဒိဗ္ဗစက္ခုအဘိညာဉ်၏အာရုံများ**

ဒိဗ္ဗစက္ခုဉာဏ်သည် ကာမ, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓဟူ၍ အာရုံ (၄) မျိုးတို့၌ဖြစ်၏။

ဒိဗ္ဗစက္ခုဉာဏ်သည် ကာမတရားဖြစ်သောအဆင်းကိုအာရုံပြုသဖြင့် **ကာမအာရုံ**ရှိ၏၊ တည်ရှိဆဲအဆင်းကိုသာအာရုံပြုသောကြောင့် **ပစ္စုပ္ပန်အာရုံ**ရှိ၏။ မိမိ၏ဝမ်းစသည်၌တည်သောအဆင်းကို မြင်သည့်အခါ၌ **အဇ္ဈတ္တ**အာရုံရှိ၏၊ သူတစ်ပါး၏အဆင်းကိုမြင်သောအခါ၌ **ဗဟိဒ္ဓအာရုံ**ရှိ၏။

**အနာဂတံသအဘိညာဉ်၏အာရုံများ**

အနာဂတံသဉာဏ်သည် ကာမ, မဟဂ္ဂုတ်, အပ္ပမာဏ, မဂ်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, နဝတ္တဗ္ဗအာရုံဟူ၍ အာရုံ (၈) ပါး၌ဖြစ်၏။

အနာဂတံသဉာဏ်သည် "ဤသူသည် နောင်အခါ၌ ကာမာဝစရဘုံမှာဖြစ်လိမ့်မည်"ဟု သိသောကာလ၌ **ကာမအာရုံ**ရှိ၏၊ "ရူပါဝစရဘုံသို့မဟုတ်အရူပါဝစရဘုံ၌ ဖြစ်လိမ့်မည်"ဟု သိသောကာလ၌ **မဟဂ္ဂုတ်အာရုံ**ရှိ၏။ "မဂ်ကိုပွားစေလိမ့်မည်၊ ဖိုလ်ကို မျက်မှောက်ပြုလိမ့်မည်"ဟု သိသောအခါ၌ **အပ္ပမာဏအာရုံ**ရှိ၏။ "မဂ်ကိုပွားစေလိမ့်မည်" ဟူ၍သာ သိသော

အခါ၌ **မဂ်အာရုံ**ရှိ၏။

အနာဂတံသညာဏ်သည် "ငါသည် ဤမည်သောဘဝ၌ ဖြစ်ရအံ့"ဟု သိသောအခါ၌ **အဇ္ဈတ္တ အာရုံ**ရှိ၏၊ "ဤမည်သောသူသည် ဤမည်သောဘဝ၌ ဖြစ်လိမ့်မည်"ဟု သိသောအခါ၌ **ဗဟိဒ္ဓ အာရုံ**ရှိ၏၊ "နောင်အခါ၌ မေတ္တေယျမည်သောဘုရားသည် ပွင့်တော်မူလတ္တံ့၊ ထိုဘုရား၏ခမည်း တော်သည် သုဗြဟ္မာမည်သောပုဏ္ဏားဖြစ်လတ္တံ့၊ မယ်တော်သည် ဗြဟ္မဝတီမည်သော ပုဏ္ဏေးမ ဖြစ်လတ္တံ့" ဤသို့ အမည်, အနွယ်တို့ကို သိသောအခါ၌ **နဝတ္တဗ္ဗ အာရုံ**ရှိ၏။

ကိန်းသောအားဖြင့်မူကား အနာဂတံသညာဏ်သည် အနာဂတ်အာရုံရှိ၏၊ အနာဂတ်ကာလ၌မသိနိုင်သောအာရုံမည်သည်မရှိပေ။

(စေတောပရိယညာဏ်သည် အနာဂတ်ခုနစ်ရက်အတွင်းရှိ စိတ်ကိုသာလျှင် အာရုံပြုနိုင်၏)

**ယထာကမ္မူပဂအဘိညာဉ်၏အာရုံများ**

ယထာကမ္မူပဂညာဏ်သည် ကာမ, မဟဂ္ဂုတ်, အတိတ်, အဇ္ဈတ္တ, ဗဟိဒ္ဓဟူ၍ အာရုံ(၅)မျိုး၌ ဖြစ်၏။

ယထာကမ္မူပဂညာဏ်သည် ကာမာဝစရကံကိုသိသောအခါ၌ **ကာမတရားလျှင် အာရုံရှိ၏။** ရူပါဝစရ, အရူပါဝစရကံကိုသိသောအခါ၌ **မဟဂ္ဂုတ်အာရုံရှိ၏၊** အတိတ်တရားကိုသာသိတတ်သောကြောင့် **အတိတ်အာရုံ**ရှိ၏၊ မိမိ၏ကံကိုသိသောအခါ၌ **အဇ္ဈတ္တအာရုံ**ရှိ၏၊ သူတစ်ပါး၏ကံကို သိသောအခါ၌ **ဗဟိဒ္ဓအာရုံ**ရှိ၏။

**စေတောပရိယညာဏ်၊ ယထာကမ္မူပဂညာဏ်၊ ပုဗ္ဗေနိဝါသညာဏ်တို့၏ ခြားနားချက်**

(၁) စေတောပရိယညာဏ်သည် ခုနစ်ရက်အတွင်း အတိတ်ကာလ၌ဖြစ်သောစိတ်ကိုသာလျှင် အာရုံပြုနိုင်၏။ မှန်၏ - ထိုစေတောပရိယညာဏ်သည် စိတ်မှတစ်ပါးသောခန္ဓာကိုလည်းကောင်း၊ ခန္ဓာနှင့်စပ်သောတရားကိုလည်းကောင်း မသိနိုင်ပေ။ ထို့အပြင် မဂ်နှင့်ယှဉ်သည့်စိတ်ကို အာရုံပြုသောကြောင့်သာလျှင် ပရိယာယ်အားဖြင့် မဂ်အာရုံရှိသည်ဟု ဆိုရပေ၏။

(၂) ယထာကမ္မူပဂညာဏ်၏အာရုံသည် အတိတ်စေတနာ (ကံ) မျှသာလျှင်ဖြစ်၏

(၃) ပုဗ္ဗေနိဝါသညာဏ်သည် ကိန်းသေအားဖြင့် အတိတ်ကိုသာလျှင်အာရုံပြု၏။ အတိတ်ခန္ဓာတို့သည်လည်းကောင်း ထိုခန္ဓာတို့နှင့်စပ်သောတစ်စုံတစ်ခုသည်လည်းကောင်း၊ ပုဗ္ဗေနိဝါသညာဏ်၏အာရုံမဖြစ်သည် မည်သည်မရှိပေ။ ဤအရာတို့ကို သဗ္ဗညုတညာဏ်နှင့် အလားတူစွာ သိ၏။

*** ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ**

**၁။ မဟာသမ္မတမင်းဟူသည် မည်သည့်မင်းမျိုးကိုဆိုလိုပါသနည်း။ မဟာသမ္မတမင်းဖြစ်ထိုက်သည့် အင်္ဂါလက္ခဏာများကို ဖော်ပြပါ။** *(၁၉၈၃၊ စမန ၂၆၁)*

***အဖြေ*** *—ကမ္ဘာဦးလူ့လောက၌ ခိုးခြင်း, ကဲ့ရဲ့ရှုတ်ချခြင်း, လိမ်ပြောခြင်း, ရိုက်နှက်ခြင်းစသည်တို့ ဖြစ်ပေါ်လာသည့်အခါ လူတို့စည်းဝေးကြ၏။ "အချင်းတို့ . ငါတို့သည် တစ်ဦးသောသူကို အကြီးအမှူးအဖြစ်သမုတ်ထားကြရလျှင် ကောင်းပေလိမ့်မည်၊ ထိုအကြီးအမှူးသည်*

သင့်လျော်မှန်ကန်စွာ အုပ်ချုပ်ရာ၏၊ ငါတို့ကမူ ထိုအကြီးအမှူးအား ဆယ်ဖို့တစ်ဖို့သော သလေးစပါးကို ပေးဆက်ကြကုန်အံ့”ဟု ဆွေးနွေးကြ၏။

ထိုလူအပေါင်းသည် ဘုရားလောင်းထံချဉ်းကပ်တောင်းပန်၍ အကြီးအမှူးအဖြစ် သမုတ်ကြ၏၊ ထိုလူအပေါင်းကအကြီးအမှူး “မင်း”ဟု သမုတ်အပ်သောကြောင့် ဘုရားလောင်းသည် “မဟာသမ္မတမင်း”မည်၏။ ထို့ကြောင့် မဟာသမ္မတမင်းဟူသည် လူအပေါင်းက အကြီးအမှူးအဖြစ် ရွေးကောက်တင်မြှောက်သူဖြစ်၏။

**မဟာသမ္မတမင်းဖြစ်ထိုက်သည့် အင်္ဂါလက္ခဏာများမှာ**ဘုရားအလောင်းတော်ကဲ့သို့ ဘုန်းကံကြီးမားသူ, အဆင်းအလှဆုံး ရှုချင်စဖွယ်ကောင်းသူ, အခြံအရံများ၍ ဘုန်းတန်ခိုးအကြီးမားဆုံးပုဂ္ဂိုလ်ဖြစ်သည့်အပြင် အသိဉာဏ်ပညာနှင့်ပြည့်စုံရ၏။ ထို့အပြင် နှိပ်ကွပ်မှု, ချီးမြှောက်မှု, အုပ်ချုပ်မှုတို့ကို ပြုနိုင်သောစွမ်းရည်ရှိရ၏။

**၂။ အကုသိုလ်ကံဟူမျှတို့တွင် အပြစ်အကြီးဆုံးကံသည် မည်သည့်ကံဖြစ်ပါသနည်း။ အဘယ့်ကြောင့်အပြစ်အကြီးဆုံးဖြစ်ရသည်ကို ရှင်းပြပါ။** *(၁၉၈၃၊ စမန ၂၆၉၊ ၂၇၀)*

**အဖြေ** – *အကုသိုလ်ကံဟူသမျှတို့တွင် အပြစ်အကြီးဆုံးကံသည် မိစ္ဆာဒိဋ္ဌိကံဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် – “ရဟန်းတို့ . . ဤမိစ္ဆာဒိဋ္ဌိ, မိစ္ဆာဒိဋ္ဌိကံကဲ့သို့ အပြစ်ကြီးမားသော တစ်ပါးသောအကုသိုလ်ကံကို ငါဘုရားမြင်တော်မမူ။ ရဟန်းတို့ . . အပြစ်ဟူသမျှတို့တွင် မိစ္ဆာဒိဋ္ဌိလျှင် အကြီးအမှူးဖြစ်ပေ၏”ဟု မြတ်စွာဘုရားဟောကြားတော်မူသည်။*

**၃။ လူသားတစ်ယောက်၏နှလုံးသွေးအရောင်အဆင်းကိုခွဲခြား၍ စိတ်နေစိတ်ထားအကဲခတ်ဆုံးဖြတ်နိုင်သည့်ဉာဏ်အမြင်နှင့်ဆုံးဖြတ်နည်းကို ဗုဒ္ဓမြတ်စွာ၏အဘိဓမ္မာဒေသနာနည်းအရ ရှင်းပြပါ။** *(၁၉၈၄၊ စမန ၂၄၉)*

**အဖြေ** – *လူသားတစ်ယောက်၏နှလုံးသွေးအရောင်အဆင်းကိုခွဲခြား၍ စိတ်နေစိတ်ထားအကဲခတ်ဆုံးဖြတ်နိုင်သည့်ဉာဏ်အမြင်မှာ ဒိဗ္ဗစက္ခုဉာဏ်၏အစွမ်းဖြင့် ပြီးမြောက်ပြည့်စုံသော စေတောပရိယဉာဏ်အမြင်ဖြစ်ပါသည်။*

*ထိုဉာဏ်အမြင်ဖြင့် ဆုံးဖြတ်နည်းမှာ -*

*(၁) အလောကကသိုဏ်းကို ပွားများ၍ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ထူထောင်ရမည်။*

*(၂) ထို့နောက်ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် သူတစ်ပါး၏နှလုံးသား(ရုပ်)ကို မှီ၍ဖြစ်နေသော သွေး၏အဆင်းကိုကြည့်ရှု၍ စိတ်ကိုရှာအပ်၏၊ ရှာ၍သိနိုင်သောနည်းမှာ -*

- *နှလုံးသွေးသည် ပဉောင်သီးမှည့်အဆင်းနှင့်တူစွာ အနီရောင်ရှိလျှင်သောမနဿစိတ်ဖြစ်၏။*
- *နှလုံးသွေးသည် သပြေသီးမှည့်အဆင်းနှင့်တူစွာမည်းနက်သည့်အရောင်ရှိလျှင် ဒေါမနဿစိတ်ဖြစ်၏။*
- *နှလုံးသွေးသည် နှမ်းဆီအဆင်းနှင့်တူစွာကြည်နေလျှင် ဥပေက္ခာစိတ်ဖြစ်၏။*

*ဤသို့လျှင် ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သူတစ်ပါး၏နှလုံးသွေးရုပ်ကို ကြည့်ရှုကာ သူတစ်ပါး၏ စိတ်နေစိတ်ထားကို စေတောပရိယဉာဏ်ဖြင့် အကဲခတ်ဆုံးဖြတ်နိုင်ပါသည်။*

**၄။ ယခုအခါ ကမ္ဘာတစ်ဝန်းလုံး မီးဘေး, ရေဘေး, လေဘေး အန္တရာယ်များတွေ့ကြုံနေကြ**

**ရာ ယင်းအန္တရာယ်များဖြစ်ပွားရခြင်းအကြောင်းအရင်းနှင့်တကွ လက်ရှိကမ္ဘာလူသား တို့၏ အခြေအနေကို ပရမတ္ထသဘာဝအားဖြင့် စိစစ်ပြပါ။** *(၁၉၈၄၊ စမန ၂၈၇)*

***အဖြေ*** *— ယခုအခါ ကမ္ဘာတစ်ဝန်းလုံး မီးဘေး, ရေဘေး, လေဘေးအန္တရာယ်များတွေ့ကြုံနေကြရာ ယင်းအန္တရာယ်များဖြစ်ပွားရခြင်းအကြောင်းရင်းမှာ* ***"အကုသိုလ်မူလ"*** *ဟူသော အကြောင်းကြောင့်ဖြစ်ပါသည်။ လောဘ, ဒေါသ, မောဟဟူသော အကုသိုလ်မူလသုံးပါး တို့လွန်ကဲလာသောအခါ ဘေးအန္တရာယ်များကျရောက်၍ ကမ္ဘာလောကပျက်စီးရပါသည်။*

*(၁) တပ်စွဲမှုရာဂ (လောဘ) လွန်ကဲလာသောအခါ ကမ္ဘာလောက၌ မီးဘေးကျရောက်၏၊ မီးဖျက်၍ကမ္ဘာပျက်နိုင်၏။*

*(၂) ဒေါသလွန်ကဲများပြားလာသောအခါ ကမ္ဘာတစ်ဝန်းလုံး၌ ရေဘေးကျရောက်၏၊ ရေဖျက်၍ ကမ္ဘာပျက်နိုင်၏။*

*(၃) မောဟလွန်ကဲများပြားလာသောအခါ ကမ္ဘာတစ်ဝန်းလုံး၌ လေဘေးအန္တရာယ်ကျရောက်၏၊ လေဖျက်၍ ကမ္ဘာပျက်နိုင်၏။*

*ဤကား အဋ္ဌကထာအလိုအရဖြစ်ပြီး ကေစိဆရာတို့၏အလိုအရမူ -*

*(၁) ဒေါသလွန်ကဲသောအခါ မီးဘေးအန္တရာယ်ကျရောက်ပြီး မီးဖျက်၍ကမ္ဘာပျက်နိုင်၏၊*

*(၂) ရာဂလွန်ကဲသောအခါ ရေဘေးအန္တရာယ်ကျရောက်ပြီး ရေဖျက်၍ ကမ္ဘာပျက်နိုင်၏၊*

*(၃) မောဟလွန်ကဲသောအခါ လေဘေးအန္တရာယ်ကျရောက်ပြီးလေဖျက်၍ကမ္ဘာပျက်နိုင်၏။*

**၅။ ခန္ဓ, မောရစသော ပရိတ်တော်တို့၏ တန်ခိုးအာနုဘော်ကြီးမားလှပုံကို သိသာစေရန် ယင်းတို့၏ အာနုဘော်ပျံ့နှံ့ရာခေတ်နှင့်တွဲဖက်လျက်ဖြေဆိုပါ။** *(၁၉၈၅၊ စမန ၂၅၆)*

***အဖြေ*** *— ခန္ဓ, မောရစသောပရိတ်တော်တို့၏တန်ခိုးအာနုဘော်ပျံ့နှံ့ရာခေတ်သည် အာဏာခေတ်ဖြစ်၏၊ ထိုအာဏာခေတ်သည် စကြာဝဠာကုဋေတစ်သိန်းအပိုင်းအခြားရှိ၏။*

**၆။ ရှေးရှေးဘဝတို့ကိုမြင်နိုင်သူ (၆) ဦးတို့ကို မြင်နိုင်ရာကာလနှင့်တွဲစပ်၍ သေသပ်စွာ ဖြေဆိုပါ။** *(၁၉၈၆၊ စမန ၂၅၁)*

***အဖြေ*** *— ရှေးရှေးဘဝကိုမြင်နိုင်သူ (၆)ဦးနှင့် မြင်နိုင်ရာကာလတို့မှာ -*

*(၁) သာသနာပရသေ့ (တိတ္ထိ) — ကမ္ဘာ (၄၀)သာလျှင် အောက်မေ့နိုင်၏၊*

*(၂) ပကတိသာဝက — ကမ္ဘာ (၁၀၀) မှ (၁၀၀၀)အထိ အောက်မေ့နိုင်၏၊*

*(၃) မဟာသာဝက — ကမ္ဘာတစ်သိန်းတိုင်အောင် အောက်မေ့နိုင်၏၊*

*(၄) အဂ္ဂသာဝက — ကမ္ဘာပေါင်းတစ်သင်္ချေနှင့်တစ်သိန်းတိုင်အောင် အောက်မေ့နိုင်၏၊*

*(၅) ပစ္စေကဗုဒ္ဓါ — ကမ္ဘာပေါင်းနှစ်သင်္ချေနှင့်တစ်သိန်းတိုင်အောင် အောက်မေ့နိုင်၏၊*

*(၆) သမ္မာသမ္ဗုဒ္ဓဘုရား — ကမ္ဘာအပိုင်းအခြားမရှိ အလိုရှိသမျှ အောက်မေ့နိုင်၏။*

**၇။ အနန္တရိယကံနှင့် အပြစ်ကြီးပုံတူမျှသောကံကို ဖော်ပြ၍၊ အကုသိုလ်ကံဟူသမျှတို့တွင် အပြစ်အကြီးဆုံးဖြစ်သောကံကို ရေးပြခဲ့ပါ။** *(၁၉၈၆၊ စမန ၂၆၈၊ ၂၆၉-၂၇၀)*

***အဖြေ*** *— အနန္တရိယကံနှင့် အပြစ်ကြီးပုံတူမျှသောကံမှာ အရိယူပဝါဒကံဖြစ်ပါသည်။ ဤကံသည် ဘုရား, ပစ္စေကဗုဒ္ဓါနှင့်အရိယာပုဂ္ဂိုလ်တို့ကို စွပ်စွဲခြင်း, ဆဲရေးခြင်း, ကဲ့ရဲ့ခြင်း, ပြစ်မှားခြင်းဖြစ်ပါသည်။အကုသိုလ်ကံဟူသမျှတို့တွင် အပြစ်အကြီးဆုံးဖြစ်သောကံမှာ*

*မိစ္ဆာဒိဋ္ဌိကံဖြစ်ပါသည်။ "ရဟန်းတို့. . . ဤမိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိကံကဲ့သို့အပြစ်ကြီးမားသော တစ်ပါးသောအကုသိုလ်ကံကို ငါဘုရားမြင်တော်မမူ။ ရဟန်းတို့. . . အပြစ်ဟူသမျှတွင် မိစ္ဆာဒိဋ္ဌိလျှင် အကြီးအမှူးဖြစ်ပေ၏"ဟု မြတ်စွာဘုရားဟောတော်မူသည်။*

**၈။ နှလုံးသွေးအရောင်အဆင်းနှင့်စိတ်ဖြစ်ပေါ်ပုံတို့၏ ဆက်စပ်လျက်ရှိပုံကို ဝိသုဒ္ဓိမဂ်ကျမ်းလာအရ ခွဲခြားဖော်ပြပါ။** *(၁၉၈၇၊ စမန ၂၄၉)*

**အဖြေ** – *နှလုံးသွေးအရောင်အဆင်းနှင့် စိတ်ဖြစ်ပေါ်ပုံတို့၏ ဆက်စပ်လျက်ရှိပုံမှာ -*

– *နှလုံးသွေးသည် ပဒ္မောင်သီးမှည့်အဆင်းကဲ့သို့ အနီရောင်ရှိလျှင် ရွှင်လန်းဝမ်းသာသည့် သောမနဿစိတ်ဖြစ်ပေါ်၏၊*

– *နှလုံးသွေးသည် သပြေသီးမှည့်အဆင်းကဲ့သို့ မည်းနက်သည့်အရောင်ရှိလျှင် နှလုံးမသာသည့် ဒေါမနဿစိတ်ဖြစ်ပေါ်၏။*

– *နှလုံးသွေးသည် နှမ်းဆီအဆင်းကဲ့သို့ ကြည်သောအရောင်ရှိလျှင် မရွှင်မညှိုး အလယ်အလတ်ဖြစ်သည့် ဥပေက္ခာစိတ်ဖြစ်ပေါ်၏။*

**၉။ အဘိညာဉ်ရချင်းတူပါလျက် တိတ္ထိတို့နှင့် ဗုဒ္ဓဘာသာပကတိသာဝကတို့ရှေးရှေးခန္ဓာအစဉ်ကိုအောက်မေ့ကြရာ၌ ထူးခြားပုံကို အကြောင်းနှင့်တကွတင်ပြခဲ့ပါ။**

*(၁၉၈၈၊ စမန ၂၅၁)*

**အဖြေ** – *တိတ္ထိတို့နှင့် ဗုဒ္ဓဘာသာပကတိသာဝကတို့သည် ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ရချင်းတူပါလျက် ခန္ဓာအစဉ်ကို အောက်မေ့ကြရာ၌ ကွာခြားကြပါသည်။*

*တိတ္ထိတို့သည် နာမ်ရုပ်ကိုပိုင်းခြားတတ်သောဉာဏ်ကင်းမဲ့၍ ပညာအားနည်းသောကြောင့် ကမ္ဘာ(၄၀)သာလျှင် အောက်မေ့နိုင်ကြ၏။*

*ဗုဒ္ဓဘာသာပကတိသာဝကတို့သည် နာမ်ရုပ်ကိုပိုင်းခြားတတ်သောဉာဏ်ရှိပြီးလျှင် ပညာအားကောင်းသောကြောင့် ကမ္ဘာတစ်ရာမှ ကမ္ဘာတစ်ထောင်အထိ အောက်မေ့နိုင်ကြ၏။*

**၁၀။ မီး, ရေ, လေတို့ကြောင့် ကမ္ဘာပျက်လတ်သော် အနန္တစကြဝဠာတို့တွင် အဘယ်မျှပျက်ကြသည်ကိုဖော်ပြ၍ မဟာသမ္မတ, ခတ္တိယ, ရာဇာဟု ခေါ်ရခြင်းအကြောင်းကိုလည်း အသီးသီးတင်ပြခဲ့ပါ။** *(၁၉၈၈၊ စမန ၂၅၈၊ ၂၆၂၊ ၂၆၄၊ ၂၆၀)*

**အဖြေ – မီးဖျက်၍** *ကမ္ဘာပျက်သည့်အခါ ဤစကြဝဠာနှင့်တကွ ကုဋေတစ်သိန်းသော စကြဝဠာတို့ပျက်စီးကြ၏၊ နတ်ပြည် (၆)ထပ်နှင့်တကွ ပဌမစျာန်သုံးဘုံဟူသော ဗြဟ္မာပြည်တိုင်အောင် လောင်ကျွမ်းပျက်စီး၏။*

**ရေဖျက်၍** *ကမ္ဘာပျက်သည့်အခါ ဤစကြဝဠာနှင့်တကွ ကဋေတစ်သိန်းသော စကြဝဠာတို့ပျက်စီးကြ၏၊ နတ်ပြည် (၆)ထပ်နှင့်တကွ ဒုတိယစျာန်ဗြဟ္မာဘုံသုံးဘုံအထိ ပျက်စီး၏။*

**လေဖျက်၍** *ကမ္ဘာပျက်သည့်အခါ ဤစကြဝဠာနှင့်တကွ ကုဋေတစ်သိန်းသော စကြဝဠာတို့ပျက်စီး၏။ နတ်ပြည် (၆)ထပ်နှင့်တကွ တတိယစျာန်ဗြဟ္မာသုံးဘုံအထိ ပျက်စီး၏။*

***မဟာသမ္မတဟုခေါ်ရခြင်းအကြောင်း***

*ကမ္ဘာဦးလူ့လောက၌ ခိုးခြင်း, ကဲ့ရဲ့ရှုတ်ချခြင်း, လိမ်ပြောခြင်း, ရိုက်နှက်ခြင်းစသည်တို့ ဖြစ်ပေါ်လာသည့်အခါ လူအပေါင်းသည် ဘုရားလောင်းထံချဉ်းကပ်တောင်းပန်၍ အကြီးအမှူးအဖြစ် သမုတ်ကြ၏၊ ထိုလူအပေါင်းက အကြီးအမှူး "မင်း"ဟု သမုတ်အပ်သောကြောင့် ဘုရားလောင်းသည် "မဟာသမ္မတမင်း"ဟု အမည်တွင်၏။*

***ခတ္တိယဟုခေါ်ရခြင်းအကြောင်း***

*ခတ္တိယဆိုသည်မှာ လယ်တို့၏အရှင်, လယ်တို့ကိုအစိုးရသောကြောင့် "ခတ္တိယ"မည်၏၊*

***ရာဇာဟုခေါ်ရခြင်းအကြောင်း***

*ရာဇာဆိုသည်မှာ တရားဥပဒေနှင့်လျော်ညီစွာ တိုင်းသူပြည်သားတို့အား ချမ်းသာစေ, နှစ်သက်စေတတ်သောကြောင့် "ရာဇာ"မည်၏။ ဘုရားလောင်းသည် "မဟာသမ္မတမင်း"၊ 'ခတ္တိယ'၊ 'ရာဇာ'ဟု သုံးမည်ရ၏။*

**၁၁။ စကြဝဠာတစ်သိန်းအာနုဘော်ပျံ့နှံ့သော သုတ်တော်, ပရိတ်တော်များကို ထုတ်ဖော်ပြ၍ ကမ္ဘာကြီးသည် အပျက်ကြီးမပျက်သေးသော်လည်း အပျက်ကလေးများတရစပ်ဖြစ်နေလေရာ ယင်းသို့ဖြစ်ရခြင်းသည် အဘယ်အကုသိုလ်လွှမ်းကဲ၍ အဘယ်အရာဝတ္ထုမျိုးဖြင့် ပျက်ရတတ်ပါသနည်း၊ တွဲစပ်ဖြေဆိုပါ။** *(၁၉၈၉၊ စမန ၂၅၆၊ ၂၈၇)*

***အဖြေ*** *— စကြဝဠာတစ်သိန်းအာနုဘော်ပျံ့နှံ့သောသုတ်သော်, ပရိတ်တော်များမှာ ရတနသုတ်ပရိတ်တော်, ခန္ဓပရိတ်တော်, ဓဇဂ္ဂပရိတ်တော်, အာဋာနာဋိယပရိတ်တော်, မောရပရိတ်တော်တို့ဖြစ်ပါသည်။*

*ကမ္ဘာကြီး၌ အပျက်ကလေးများတရစပ်ဖြစ်နေရခြင်းအကြောင်းမှာ "အကုသိုလ်မူလ" ဟူသောအကြောင်းကြောင့်ဖြစ်ပါသည်။ လောဘ, ဒေါသ, မောဟဟူသော အကုသိုလ်မူလသုံးပါးတို့လွှမ်းကဲလာသောအခါ အပျက်ကလေးများတရစပ်ဖြစ်ပေါ်၍ အပျက်ကြီးအထိဖြစ်ပေါ်လာနိုင်သည်။*

*(၁) တပ်စွဲမှုရာဂ (လောဘ) လွှမ်းကဲလာသောအခါ မီးဘေးကျရောက်၍ ကမ္ဘာပျက်၏၊*

*(၂) ဒေါသလွှမ်းကဲများပြားလာသောအခါ ရေဘေးကျရောက်၍ ကမ္ဘာပျက်၏၊*

*(၃) မောဟလွှမ်းကဲများပြားလာသောအခါ လေဘေးကျရောက်၍ ကမ္ဘာပျက်၏၊*

*ဤကား အဋ္ဌကထာအလိုအရဖြစ်၏၊ ကေစိဆရာတို့၏ အလိုအရမူ -*

*(၁) ဒေါသလွှမ်းကဲသောအခါ မီးဘေးအန္တရာယ်ကျရောက်၍ ကမ္ဘာပျက်၏၊*

*(၂) ရာဂလွှမ်းကဲသောအခါ ရေဘေးအန္တရာယ်ကျရောက်၍ ကမ္ဘာပျက်၏၊*

*(၃) မောဟလွှမ်းကဲသောအခါ လေဘေးအန္တရာယ်ကျရောက်၍ ကမ္ဘာပျက်၏။*

**၁၂။ စာဖြေပုဂ္ဂိုလ်အပါအဝင်သူသူငါငါရုပ်ဆင်းလှပစွာဖြင့် ဘဝအဆင့်အတန်းမြင့်မြင့်နေလိုသူချည်းဖြစ်ရာ ယင်းအတွက်သိရှိရန်လိုအပ်လှသော ရုပ်ဆိုး, ရုပ်လှ၊ အဆင့်အတန်းနိမ့်ခြင်း, မြင့်ခြင်းတို့၏လက်သည်အကြောင်းတရားကို အသီးသီးတင်ပြခဲ့ပါ။**

*(၁၉၈၉၊ စမန ၂၆၆)*

***အဖြေ*** *— ရုပ်ဆိုးခြင်း၏လက်သည်အကြောင်းတရားမှာ ဒေါသ၏အကျိုးဆက်နှင့် ယှဉ်ခြင်းဖြစ်ပါသည်။*

*ရုပ်လှခြင်း၏လက်သည်အကြောင်းတရားမှာ အဒေါသ၏အကျိုးဆက်နှင့် ယှဉ်ခြင်းဖြစ်၏။*
*အဆင့်အတန်းနိမ့်ခြင်း၏လက်သည့်အကြောင်းတရားမှာ မောဟ၏ အကျိုးဆက်နှင့် ယှဉ်ခြင်းဖြစ်ပါသည်။*
*အဆင့်အတန်းမြင့်ခြင်း၏လက်သည် အကြောင်းတရားမှာ အမောဟ၏အကျိုးဆက်နှင့် ယှဉ် ခြင်းဖြစ်ပါသည်။*

**၁၃။ အောက်ပါပုဂ္ဂိုလ်တို့၏ပုဗ္ဗေနိဝါသအောက်မေ့ပုံထူးခြားချက်ကို ဖော်ပြခဲ့ပါ။**

**(က) တိတ္ထိ (ခ) ပကတိသာဝက (ဂ)မဟာသာဝက** *(၁၉၉၀၊ စမန ၂၅၁)*

*အဖြေ – (က) တိတ္ထိတို့သည် နာမ်ရုပ်ကိုပိုင်းခြားတတ်သောဉာဏ်ကင်း၍ ဉာဏ်ပညာအားနည်းသောကြောင့် ကမ္ဘာ (၄၀)သာလျှင် အောက်မေ့နိုင်ကြ၏။*
*(ခ) ပကတိသာဝကတို့သည် နာမ်ရုပ်ကိုပိုင်းခြားတတ်သောဉာဏ်ရှိပြီးပညာအားကောင်းသောကြောင့် ကမ္ဘာ (၁၀၀) မှ ကမ္ဘာ (၁၀၀၀)အထိ အောက်မေ့နိုင်ကြ၏။*
*(ဂ) မဟာသာဝကများသည် မိမိတို့ပါရမီဖြည့်ရာကာလဖြစ်သော ကမ္ဘာတစ်သိန်းတိုင်အောင် အောက်မေ့နိုင်ကြ၏။*

**၁၄။ ကမ္ဘာဦးအခါ၌ ဗြဟ္မာကြီး (၄)ယောက် လူ့ပြည်ကိုဆင်းသက်လာကြရာ ယင်းတို့မှ ပေါက်ဖွားလာကာ လူများဖြစ်ပေါ်လာကြသည်ဟူသော ဆိုရိုးစကား၏မှားယွင်းပုံကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် ဖြေရှင်းခဲ့ပါ။** *(၁၉၉၀၊ စမန ၂၅၉၊ ၂၆၀)*

*အဖြေ – မီး, ရေ, လေတစ်မျိုးမျိုးဖြင့် ကမ္ဘာပျက်ပြီးနောက် ကမ္ဘာကြီးပြန်လည်ဖြစ်ထွန်းလာသည့်အခါ အာဘဿရာဗြဟ္မာ့ပြည်မှ သက်တမ်းကုန်ဆုံးသောဗြဟ္မာတို့စုတေကြသည့်အခါ ဥပပတ်ပဋိသန္ဓေဖြင့် လူဖြစ်လာကြ၏။ ဤကမ္ဘာဦးလူသားတို့သည် မိမိတို့၏ကိုယ်ရောင်ဖြင့်လင်းလျက် မြင်နိုင်ကြ၏၊ ကောင်းကင်၌ သွားလာနိုင်ကြ၏။*

*သူတို့သည် မြေဆီကိုစား၍အရသာကိုတပ်မက်ကြသဖြင့် ကိုယ်ရောင်ပျောက်ကွယ်သွားကြ၏။ ထို့နောက် မြေဆီမြေလွှာ, ပဒါလတာခေါ် နွယ်, သလေးဆန်ထမင်းတို့ကို အဆင့်ဆင့်စားကြရမှ ကျင်ကြီးကျင်ငယ်ထွက်ဖို့ရာ အမာဝများပေါက်ကွဲဖြစ်ပေါ်လာကြ၏။ ယောက်ျားအင်္ဂါ, မိန်းမအင်္ဂါတို့ဖြစ်ပေါ်လာပြီးလျှင် ယောက်ျားနှင့်မိန်းမပေါင်းသင်းဆက်ဆံကြရာမှ ပဋိသန္ဓေတည်ကာ လူသားများကို မွေးဖွားလာကြ၏။ ဤသို့ အဂ္ဂညသုတ်နှင့် ဝိသုဒ္ဓိမဂ်ကျမ်းတို့၌ ဖော်ပြထားသဖြင့် ကမ္ဘာဦးအခါ၌ ဗြဟ္မာကြီး(၄)ယောက် လူ့ပြည်ကိုဆင်းသက်လာပြီး ယင်းတို့မှပေါက်ဖွားလာကာ လူများဖြစ်ပေါ်လာကြသည်ဟူသော ဆိုရိုးစကားသည် မှားယွင်းပါသည်။*

**၁၅။ ရှေးဘဝခန္ဓာဖြစ်သော ပုဗ္ဗေနိဝါသကိုအောက်မေ့ဆင်ခြင်နိုင်သောပုဂ္ဂိုလ် (၆)ဦးကို ဖော်ပြပြီးလျှင် ဇာတိခေတ်၏အတိုင်းအတာပမာဏကိုလည်း ဖော်ပြပါ။**

*(၁၉၉၁၊ စမန ၂၅၁၊ ၂၅၆)*

*အဖြေ – ရှေးဘဝဖြစ်သော ပုဗ္ဗေနိဝါသကို အောက်မေ့ဆင်ခြင်နိုင်သော ပုဂ္ဂိုလ် (၆) ဦးမှာ*
*(၁) သမ္မာသမ္ဗုဒ္ဓဘုရားရှင် (၂) ပစ္စေကဗုဒ္ဓါ (၃) အဂ္ဂသာဝက (၄) မဟာသာဝက*
*(၅) ပကတိသာဝက (၆) သာသနာပတိတ္ထိရသေ့တို့ ဖြစ်ကြပါသည်။*

*ဇာတိခေတ်၏အတိုင်းအတာပမာဏမှာ စကြာဝဠာတစ်သောင်းအပိုင်းအခြားရှိ၏။*

**၁၆။ ယထာကမ္မုပဂဉာဏ်သည် အဘယ်အခါ၌ မိမိ၏ကိုယ်တွင်းအဇ္ဈတ္တကို အာရုံပြု၍ အဘယ်အခါ၌ သူတစ်ပါး၏ကိုယ်တွင်းဗဟိဒ္ဓကို အာရုံပြုသည်ကို ခွဲခြားဖော်ပြပါ။**

*(၁၉၉၁၊ စမန ၂၇၉)*

**အဖြေ** — *ယထာကမ္မုပဂဉာဏ်သည် မိမိ၏ကံကိုသိသောအခါ မိမိ၏ကိုယ်တွင်းအဇ္ဈတ္တကို အာရုံပြု၍ သူတစ်ပါး၏ကံကိုသိသောအခါ၌ သူတစ်ပါး၏ကိုယ်တွင်းဗဟိဒ္ဓကို အာရုံပြု၏။*

**၁၇။ ဒိဗ္ဗသောတအဘိညာဉ်၏အာရုံ (၄)မျိုးကို ဖော်ပြပါ။** *(၁၉၉၂၊ စမန ၂၇၄-၂၇၅)*

**အဖြေ** — *ဒိဗ္ဗသောတအဘိညာဉ်၏အာရုံ (၄)မျိုးမှာ (၁) ကာမအာရုံ (၂) ပစ္စုပ္ပန်အာရုံ (၃) အဇ္ဈတ္တအာရုံ (၄) ဗဟိဒ္ဓအာရုံတို့ဖြစ်ပါသည်။*

*ဒိဗ္ဗသောတဉာဏ်သည် အသံဟူသည့်ကာမတရားကို အာရုံပြုသည့်အခါ ကာမအာရုံရှိ၏။*

*ထင်ရှားဆဲအသံကိုသာလျှင် အာရုံပြု၍ဖြစ်ခြင်းကြောင့် ပစ္စုပ္ပန်အာရုံရှိ၏။*

*မိမိ၏ဝမ်းထဲမှအသံကို ကြားသောအခါ၌ အဇ္ဈတ္တအာရုံကို အာရုံပြု၏။*

*သူတစ်ပါးတို့၏အသံ, ပြင်ပအသံတို့ကိုကြားသောအခါ၌ ဗဟိဒ္ဓအာရုံကို အာရုံပြု၏။*

**၁၈။ အဘယ်ကို သံခိတ္တ (တွန့်ဆုတ်သော) စိတ်ခေါ်သည်ကို ဖြေဆိုပြီးလျှင်၊ သံဝဋ္ဋစသော ကပ်(၄)မျိုးတို့တွင် ယခုအခါ အဘယ်ကပ်အတွင်းရောက်နေသည်ကိုလည်း ဖြေဆိုပါ။**

*(၁၉၉၂၊ စမန ၂၅၀)*

**အဖြေ** — *ထိနမိဒ္ဓသို့ အစဉ်လိုက်၍ ပျင်းရိလျော့နည်းသော အကုသိုလ်သသင်္ခါရိကစိတ်(၅)ပါး ကို သံခိတ္တ(တွန့်ဆုတ်သော)စိတ်ဟု ခေါ်ပါသည်။*

*သံဝဋ္ဋစသောကပ် (၄)မျိုးတွင် ယခုအခါ ဝိဝဋ္ဋဋ္ဌာယီကပ်အတွင်း ရောက်နေပါသည်။*

**၁၉။ သောမနဿစိတ်၊ ဒေါမနဿစိတ်၊ ဥပေက္ခာစိတ်များဖြစ်ပေါ်လာပါက နှလုံးသွေး အခြေအနေမည်သို့ရှိနေသည်ကို ဖော်ပြပါ။** *(၁၉၉၃၊ စမန ၂၄၉)*

**အဖြေ** — *သောမနဿစိတ်ဖြစ်ပေါ်လာပါက နှလုံးသွေးသည် နီလာ၏၊ ပဉ္စောင်သီးမှည့် အဆင်းရှိ၏။ ဒေါမနဿစိတ်ဖြစ်ပေါ်လာပါက နှလုံးသွေးသည် မည်းနက်လာ၏၊ သပြေ သီးမှည့်အဆင်းရှိ၏။ ဥပေက္ခာစိတ်ဖြစ်ပေါ်လာပါက နှလုံးသွေးသည် ကြည်လာ၏၊ နှမ်းဆီ အဆင်းရှိ၏။*

**၂၀။ ဗုဒ္ဓခေတ် (ဘုရားနယ်ပယ်) သုံးမျိုးတို့၏အပိုင်းအခြားတို့ကို ဖော်ပြပြီးလျှင် အဘယ် အရာသည် အပြစ်ကြီးလေးဆုံးဖြစ်သည်ကို ဖြေဆိုပါ။** *(၁၉၉၃၊ စမန ၂၅၆၊ ၂၆၉-၂၇၀)*

**အဖြေ** — *ဗုဒ္ဓခေတ်သုံးမျိုးတို့၏ အပိုင်းအခြားများမှာ -*

*(၁) **ဇာတိခေတ်**သည် စကြာဝဠာတစ်သောင်းအပိုင်းအခြားရှိ၏။*

*(၂) **အာဏာခေတ်**သည် စကြာဝဠာတစ်သိန်းအပိုင်းအခြားရှိ၏။*

*(၃) **ဝိသယခေတ်**သည် အဆုံးအပိုင်းအခြားမရှိပေ။ ၎င်းဝိသယခေတ်ကို "အကြင်မျှ လောက်ဘုရားရှင်အလိုရှိလျှင် ထိုမျှလောက် အသံဖြင့်သိစေနိုင်၏"ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ အပြစ်ကြီးလေးဆုံးအရာမှာ **မိစ္ဆာဒိဋ္ဌိ**ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော်*

*“ရဟန်းတို့. . ဤမိစ္ဆာဒိဋ္ဌိကဲ့သို့ အပြစ်ကြီးမားသော တစ်ပါးသောအကုသိုလ်ကံကို ငါဘုရားမြင်တော်မမူ”ဟု မြတ်စွာဘုရားဟောကြားပါသည်။*

**၂၁။ အရှင်အဿဂုတ္တမထေရ်သည် မည်သို့အဓိဋ္ဌာန်တော်မူသည်ကို အတ္တူပနီတအကြောင်းတရားနှင့်တကွပြဆိုပြီးလျှင် မြင်သိစိတ် (စက္ခုဝိညာဏ်)၏ လက္ခဏာကိုလည်း ဖော်ပြပါ။** *(၁၉၉၃၊ စမန ၂၇၄)*

***အဖြေ*** *– အရှင်အဿဂုတ္တမထေရ်သည် ဝတ္တနိယကျောင်း၌ ဆွမ်းဟင်းမပါဘဲ ဆွမ်းထမင်းသက်သက်ကို ဘုဉ်းပေးနေကြသော ရဟန်းသံဃာကိုမြင်လျှင် “ဤကျောက်ရေကန် (ထုံးအိုင်ရေ) သည် နေ့စဉ်နံနက်ပိုင်း၌ နို့ဓမ်းအရသာရှိသည်ဖြစ်စေ”ဟု ဓိဋ္ဌာန်တော်မူ၏။ ဓိဋ္ဌာန်သည့်အတိုင်း ကျောက်ရေကန်မှရေသည် နံနက်ပိုင်း၌ခပ်ယူလျှင် နို့ဓမ်းရည်ဖြစ်၏၊ ညနေပိုင်း၌ ခပ်ယူလျှင် ပကတိရေပင်ဖြစ်၏။*

*မြင်သိစိတ် (စက္ခုဝိညာဏ်)၏ လက္ခဏာမှာ စက္ခုဝတ္ထု(စက္ခုပသာဒ)ကိုမှီ၍ ရူပါရုံကို မြင်ခြင်းဖြစ်၏။ (ခန္ဓနိဒ္ဒေသပိုင်း)*

**၂၂။ လူသားတစ်ယောက်၏နှလုံးသွေးအရောင်အဆင်းကိုကြည့်၍ စိတ်နေစိတ်ထားအကဲဖြတ်ပုံဉာဏ်အမြင်ကိုလည်း ဗုဒ္ဓအဘိဓမ္မာနည်းအရ ညွှန်ကြားပြခဲ့ပါ။** *(၁၉၉၄၊ စမန ၂၄၉)*

***အဖြေ*** *– နံပါတ်(၃)အဖြေနှင့် တူပါသည်။*

**၂၃။ ကြောက်မက်ဖွယ်ကောင်းလှစွာသော ကမ္ဘာဖျက်ရပ်လက်နက်ဘေးတို့မှ ကင်းလွတ်ရာ အစဦးဆုံးဘုံဌာနတို့ကို အသီးသီးရေးပြပြီးလျှင်၊ ယခုခေတ်ကမ္ဘာတစ်ဝှမ်း မီးဘေး, ရေဘေး, လေဘေး အန္တရာယ်များဖြစ်ပွားရခြင်းအကြောင်းရင်းကိုလည်း ညွှန်ပြခဲ့ပါ။** *(၁၉၉၄၊ စမန ၂၆၅၊ ၂၆၄)*

***အဖြေ*** *– ကြောက်မက်ဖွယ်ရာကမ္ဘာဖျက်ရပ်လက်နက်တို့မှာ မီး, ရေ, လေတို့ဖြစ်ပါသည်။*

- ***မီးဖျက်၍ကမ္ဘာပျက်သည့်အခါ*** *ပထမဈာန်သုံးဘုံအထိပျက်စီးသဖြင့် ထိုမီးဘေးမှ ကင်းလွတ်ရာအစဦးဆုံးဘုံတို့မှာ ဒုတိယဈာန်သုံးဘုံ (ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာတို့ဖြစ်ပါသည်။*
- ***ရေဖျက်၍ကမ္ဘာပျက်သည့်အခါ*** *ဒုတိယဈာန်သုံးဘုံအထိပျက်စီးသဖြင့် ထိုရေဘေးမှ ကင်းလွတ်ရာအစဦးဆုံးဘုံတို့မှာ တတိယဈာန်သုံးဘုံ (ပရိတ္တသုဘာ,အပ္ပမာဏာသုဘာ, သုဘကိဏှာ)တို့ဖြစ်သည်။*
- ***လေဖျက်၍ကမ္ဘာပျက်သည့်အခါ*** *တတိယဈာန်သုံးဘုံအထိပျက်စီးသဖြင့် ထိုလေဘေးမှ ကင်းလွတ်ရာ အစဦးဆုံးဘုံတို့မှာ အသညသတ်ဘုံနှင့် ဝေဟပ္ဖိုလ်ဘုံတို့ ဖြစ်ကြသည်။*

*ယခုခေတ် ကမ္ဘာတစ်ဝှမ်း မီးဘေး, ရေဘေး, လေဘေးအန္တရာယ်များဖြစ်ပွားရခြင်း အကြောင်းရင်းမှာ* ***“အကုသိုလ်မူလ”****ခေါ် တပ်စွဲမှုရာဂ (လောဘ), ဒေါသ, မောဟတို့ လွန်ကဲများပြားသောကြောင့်ဖြစ်ပါသည်။*

**၂၄။ (က) မဟာအနုရုဒ္ဓမထေရ်၏အံ့ဩဖွယ်ရာဖြစ်ရပ်ကိုဖော်ပြ၍ (ခ) ဒိဗ္ဗစက္ခုသည် အဘယ့်ကြောင့် အယူစင်ကြယ်ကြောင်း ဝိသုဒ္ဓိဖြစ်ရသည်ကို ဖြေဆိုပါ။** *(၁၉၉၅၊ စမန ၂၆၅၊ ၂၆၆)*

***အဖြေ*** *– (က) ဤစာအုပ်စာမျက်နှာ ၂၃၉ နံပါတ် ၁၆ တွင် ဖြေဆိုထားပါသည်။*

*(ခ) ဒိဗ္ဗစက္ခုသည် စုတေခြင်းနှင့် ပဋိသန္ဓေနေခြင်းတို့ကိုမြင်သဖြင့် အယူစင်ကြယ်ခြင်း၏*

*အကြောင်းဖြစ်သောကြောင့် ဝိသုဒ္ဓမည်၏။*

*သေခြင်းစုတိကိုသာမြင်၍ ဘဝသစ်ဖြစ်ခြင်း - ပဋိသန္ဓေကိုမမြင်သောသူသည် သတ္တဝါသေလျှင် ဘဝပြတ်စဲသည်ဟူသော ဉစ္ဆေဒဒိဋ္ဌိကို ယူ၏။ ဘဝအသစ်ဖြစ်ခြင်းကို သာမြင်၍ ဘဝဟောင်းကသေခြင်းကို မမြင်သောသူသည် သတ္တဝါအသစ်ဖြစ်ပေါ်ခြင်းသည် မမြင်ရသောတန်ခိုးရှင်တစ်ဦးက ဖန်ဆင်း၍ဖြစ်၏စသော အယူမှားကို ယူ၏။ ဒိဗ္ဗစက္ခုသည် ဘဝဟောင်းမှသေခဲ့ခြင်းနှင့် ဘဝသစ်၌ဖြစ်ခြင်းဟူသောနှစ်ပါးလုံးကိုမြင်သဖြင့် ဆိုခဲ့သည့် မိစ္ဆာအယူမှားနှစ်မျိုးလုံးကို ကျော်လွန်နိုင်၏။ ထို့ကြောင့် စုတိ, ပဋိသန္ဓေတို့ကို မြင်သော ဒိဗ္ဗစက္ခုဉာဏ်သည် အယူစင်ကြယ်ခြင်း၏အကြောင်း ဖြစ်ပေ၏။ ထို့ကြောင့် ဒိဗ္ဗစက္ခုသည် ဝိသုဒ္ဓမည်၏။*

**၂၅။ (က) ကံကိုချည်းအာရုံပြုသော ယထာကမ္မူပဂဉာဏ်သည် မိမိကံနှင့် သူတစ်ပါးကံကို သိသောအခါ သိပုံချင်း မည်သို့ထူးခြားသည်ကို ဖော်ပြပြီးလျှင် (ခ) စက္ခုဝိညာဏ်၏ လက္ခဏာနှင့် ရသတို့ကိုလည်းဖော်ပြပါ။** *(၁၉၉၅၊ စမန ၂၇၉)*

**အဖြေ** – *(က) ကံကိုချည်းအာရုံပြုသော ယထာကမ္မူပဂဉာဏ်သည် မိမိကံကိုသိသောအခါ မိမိ၏ကိုယ်တွင်းအဇ္ဈတ္တကို အာရုံပြုသဖြင့် အဇ္ဈတ္တအာရုံရှိ၏။ သူတစ်ပါး၏ကံကိုသိသော အခါ၌ သူတစ်ပါး၏ကိုယ်တွင်းဟူသည့် ဗဟိဒ္ဓကိုအာရုံပြုသဖြင့် ဗဟိဒ္ဓအာရုံရှိ၏။*

*(ခ) ခန္ဓနိဒ္ဒေသပိုင်းနှင့်ဆိုင်ပါသည်။*

**၂၆။ စေတောပရိယအဘိညာဉ်သည် အဘယ်စိတ်ကို အာရုံပြုသည်ကို ထိုအာရုံနှင့်အတူ ချုပ်ပျောက်သွားသောစိတ်နာမည်နှင့် ယှဉ်တွဲလျက် ဖော်ပြပါ။** *(၁၉၉၆၊ စမန ၂၇၇)*

**အဖြေ** – *စေတောပရိယအဘိညာဉ်တန်ခိုးရှင်သည် သူတစ်ပါး၏စိတ်ကိုသိလို၍ နှလုံးသွင်းဆင်ခြင်၏။ နှလုံးသွင်းသော အာဝဇ္ဇန်းစိတ်သည် သူတစ်ပါး၏ခဏပစ္စုပ္ပန်စိတ်ကို အာရုံပြု၍ ထိုစိတ်နှင့်ပင် ပြိုင်တူချုပ်၏။ ထို့နောင် လေးကြိမ်, ငါးကြိမ်သောဇောတို့ ဖြစ်ကုန်၏။ ယင်းဇောတို့တွင် နောက်ဆုံးဇောသည် သူတစ်ပါး၏စိတ်ကိုသိသော စေတောပရိယ အဘိညာဉ်စိတ်ဖြစ်၏၊ ရှေ့သုံးကြိမ်, လေးကြိမ်ဇောတို့သည် ကာမာဝစရဇောတို့ဖြစ်ကြ၏။*

*အာဝဇ္ဇန်းနှင့်ပြိုင်တူချုပ်သော သူတစ်ပါး၏စိတ်သည်ပင် ထိုအလုံးစုံသော ဇောလေးခု, ငါးခုတို့၏အာရုံဖြစ်၏။ ထိုအာဝဇ္ဇန်းနှင့်ဇောတို့သည် အာရုံမကွဲပြားကုန်။ အာရုံတူသော်လည်း အဘိညာဉ်ဇောစိတ်သာလျှင် သူတစ်ပါး၏စိတ်ကိုသိ၏။*

*ထို့ကြောင့် စေတောပရိယအဘိညာဉ်သည် သူတစ်ပါး၏ခဏပစ္စုပ္ပန်စိတ်ကို အာရုံပြု၏။ ထိုအာရုံနှင့်အတူ ချုပ်ပျောက်သွားသောစိတ်သည် အာဝဇ္ဇန်းစိတ်ဖြစ်၏။*

**၂၇။ ကမ္ဘာပျက်ခါနီး၌ အပါယ်ဘုံသားတို့ အဘယ်နည်းဖြင့်ပြဟ္မာဘုံသို့ ရောက်ကြသည်ကို ဝိသုဒ္ဓိမဂ်အတိုင်း ဖြေဆိုပြီးလျှင် နိရယ (ငရဲ)ကို အပါယ (အပါယ်)ဟု ခေါ်ဆိုရသည်ကို လည်း ဖြေဆိုပါ။** *(၁၉၉၆၊ စမန ၂၅၇၊ ၂၇၇၊ ၂၇၀)*

**အဖြေ** – *ကမ္ဘာပျက်ခါနီး၌ အပါယ်ဘုံသားများသည် သေလွန်ကြသည့်အခါ သံသရာကျင်လည်နေရသောသတ္တဝါများနှင့် မကင်းသည့် အပရာပရိယဝေဒနီယကံတို့၏အစွမ်းဖြင့် နတ်ပြည်၌ဖြစ်ကြ၏။ နတ်ပြည်၌ နတ်သုဓါဘောဇဉ်ကိုစားကြ၍ ဝါယောကသိုဏ်း၌*

ပရိက်ပြုကြ၊ ပွားများကြသဖြင့် ရျာန်ရကြ၏။ နတ်ဘဝမှစုတေကြသည့်အခါ ထိုရျာန်ကုသိုလ်ကံအစွမ်းဖြင့် ဗြဟ္မာ့ဘုံ၌ ဖြစ်ကြရ၏။

နိရယ (ငရဲ)သည် နတ်ရွာ၊ နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော ကောင်းမှုဟူသည့် အယမှ ကင်းသောကြောင့် 'အပါယ' (အပါယ်)မည်၏၊ ချမ်းသာအပေါင်းတို့၏ဖြစ်ခြင်း၊ လာခြင်းဟူသည့် အာယမရှိခြင်းကြောင့်လည်း 'အပါယ' (အပါယ်)မည်ပါသည်။

၂၈။ ကမ္ဘာဦးကာလ ဘုရားအလောင်းတော်အား မဟာသမ္မတ၊ ခတ္တိယ၊ ရာဇာဟူ၍ ပြည်သူလူထုက ဘွဲ့တံဆိပ်သုံးထပ်ဆက်ကပ်ကြရာ၌ မည်သို့သောဆိုလိုရင်းအဓိပ္ပါယ်ရှိသည်ကို ဖြေဆိုပြီးလျှင်၊ အနာဂတံသဉာဏ်သည် အပ္ပမာဏတရားကို မည်သို့မည်ပုံ အာရုံပြုသည်ကိုလည်း ဖော်ပြပါ။ (၁၉၉၇၊ စမန ၂၆၀၊ ၂၇၈)

အဖြေ :–'မဟာသမ္မတ' သည် ပြည်သူလူထုက သမုတ်အပ်သော အကြီးအမှူး 'မင်း'ဟု ဆိုလိုရင်းအဓိပ္ပာယ်ရှိပါသည်။

'ခတ္တိယ'သည် လယ်တို့၏အရှင်ဟု ဆိုလိုရင်းအဓိပ္ပါယ်ရှိပါသည်။

'ရာဇာ'သည် တရားဥပဒေနှင့်လျော်ညီစွာ တိုင်းသူပြည်သားတို့အားချမ်းသာစေ နှစ်သက်စေတတ်သောမင်းဟု ဆိုလိုရင်းအဓိပ္ပါယ်ရှိပါသည်။

အနာဂတံသဉာဏ်သည် "ဤသူသည် နောင်အခါ၌ မဂ်ကိုပွားစေလိမ့်မည်၊ ဖိုလ်ကိုမျက်မှောက်ပြုလိမ့်မည်"ဟု သိသောအခါ၌ အပ္ပမာဏတရားကို အာရုံပြုပါသည်။

၂၉။ စုတေဆဲခဏ၊ ပဋိသန္ဓေနေဆဲခဏ၌ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မမြင်စကောင်းသည်ဖြစ်ပါလျက် စုတေဆဲ၊ ပဋိသန္ဓေနေဆဲသတ္တဝါတို့ကို မြင်ရ၏ဟူသော စကားကို အဘယ်သို့ အဓိပ္ပါယ်ယူရပါမည်နည်း။ (၁၉၉၈၊ စမန ၂၆၆)

အဖြေ – စုတေဆဲခဏ၊ ပဋိသန္ဓေနေဆဲခဏ၌ရှိသောသတ္တဝါတို့ကို ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မမြင်စကောင်းပါ။ 'စုတေဆဲသတ္တဝါ'ဟူသည်မှာ စုတေခါနီးဖြစ်၍ ယခုပင်လျှင် စုတေလတ္တံ့သောသတ္တဝါကို ဆိုလို၏။ 'ပဋိသန္ဓေနေဆဲသတ္တဝါ'ဟူသည်မှာ ပဋိသန္ဓေတည်ပြီးဖြစ်၍ ယခုပင်လျှင် ပဋိသန္ဓေတည်ပြီးစသတ္တဝါကို ဆိုလို၏။ ဤသို့စုတေဆဲသတ္တဝါ၊ ပဋိသန္ဓေနေဆဲသတ္တဝါတို့ကို စုတူပပါတအဘိညာဉ်ခေါ် ဒိဗ္ဗစက္ခုဉာဏ်ဖြင့်မြင်ရပါသည်။ ဤသို့ အဓိပ္ပါယ်ယူရပါမည်။

၃၀။ သာသနာပတိတ္ထိနှင့် ပကတိသာဝကတို့သည် ရှေးရှေးဘဝပေါင်း မဟာကပ်လေးဆယ်၊ တစ်ရာ၊ တစ်ထောင်တို့ကို မည်သို့မည်ပုံအောက်မေ့နိုင်သော စွမ်းရည်သတ္တိရှိကြ၊ မရှိကြပုံကို ဖြေဆိုပြီးလျှင်၊ မြတ်စွာဘုရား၏အာဏာခေတ်ပျံ့နှံ့ရာအရပ်ကိုလည်း ဖော်ပြပါ။ (၁၉၉၉၊ စမန ၂၅၂၊ ၂၅၆)

အဖြေ - သာသနာပတိတ္ထိတို့သည် ရှေးရှေးဘဝခန္ဓာအစဉ်ကိုသာလျှင် အောက်မေ့နိုင်ကြ၏၊ ခန္ဓာအစဉ်ကိုလွှတ်၍ စုတိပဋိသန္ဓေအလိုအားဖြင့် အောက်မေ့ရန် မစွမ်းနိုင်ကြပါ။

ဥပမာအားဖြင့် သူကန်းတို့သည် တုတ်၊ တောင်ဝှေးတို့ကို လက်ကမလွှတ်ဘဲသာလျှင် သွားရသကဲ့သို့ တိတ္ထိတို့သည်လည်း ခန္ဓာတို့၏အစဉ်ကို မလွှတ်ဘဲသာလျှင် အောက်မေ့နိုင်ကြ၏။ သူကန်းတို့သည် မိမိတို့အလိုအလျောက် လိုရာအရပ်သို့မသွားနိုင်သကဲ့သို့

*ထို့အတူ သာသာနာပတိတ္ထိတို့သည် အလိုရှိရာခန္ဓာတို့ကို ခုန်ကျော်၍ အောက်မေ့ခြင်းငှာ မစွမ်းနိုင်ကြချေ။*

*ပကတိသာဝကများသည် ရှေးရှေးဘဝခန္ဓာအစဉ်ကိုလည်း အောက်မေ့နိုင်ကြ၏၊ စုတိနှင့်ပဋိသန္ဓေအစွမ်းအားဖြင့်လည်း ပြောင်းရွှေ့၍အောက်မေ့နိုင်ကြ၏။*

*ဤသို့ အောက်မေ့နိုင်သောစွမ်းရည်သတ္တိ ကွာခြားကြပါသည်။*

*မြတ်စွာဘုရား၏အာဏာတော်ပျံ့နှံ့ရာအရပ်သည် စကြဝဠာကုဋေတစ်သိန်းအပိုင်းအခြား ရှိပါသည်။*

**၃၁။ ပျက်ဆဲကပ် (သံဝဋ္ဋကပ်)နှင့် ပျက်ပြီးအတိုင်း တည်ရှိဆဲကပ် (သံဝဋ္ဋဋ္ဌာယီကပ်)တို့၏ ကာလအပိုင်းအခြားကိုဖော်ပြပြီးလျှင်၊ စေတောပရိယဉာဏ်, ယထာကမ္မုပဂဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်တို့သည် အတိတ်တို့ကိုပြန်ပြောင်းသိကြရာ၌ ကွဲပြားခြားနားချက်ကို ဖော်ပြပါ။** *(၁၉၉၉၊ စမန ၂၆၁၊ ၂၆၃၊ ၂၆၄၊ ၂၇၉)*

**အဖြေ** — *ကမ္ဘာဖျက်မိုးကြီးရွာသွန်းသည်မှစ၍ မီးလျှံပြတ်စဲသည့်တိုင်အောင် (မိုးငန်ရေခန်းခြောက်သွားသည့်တိုင်အောင်၊ ကမ္ဘာဖျက်လေ ရပ်စဲပျောက်ကွယ်သွားသည့်တိုင်အောင်) ကြာမြင့်သော အသင်္ချေယျကပ်ကို 'သံဝဋ္ဋကပ်'ဟု ခေါ်ဆို၏။*

*ကမ္ဘာဖျက်မီးလျှံပြတ်စဲသည်မှစ၍ (ကမ္ဘာဖျက်ရေခန်းခြောက်သည်မှစ၍၊ ကမ္ဘာဖျက်လေရပ်စဲပျောက်ကွယ်သွားသည်မှစ၍) စကြဝဠာကုဋေတစ်သိန်းကိုပြည့်စေသည့် ကမ္ဘာပြုမိုးကြီးရွာသွန်းသည့်တိုင်အောင် ကြာမြင့်သော အသင်္ချေယျကပ်ကို "သံဝဋ္ဋဋ္ဌာယီ"ဟု ခေါ်ဆို၏။*

***စေတောပရိယဉာဏ်**သည် ခုနစ်ရက်အတွင်း အတိတ်ကာလ၌ဖြစ်သော စိတ်ကိုသာလျှင် အာရုံပြုနိုင်၏။ စိတ်မှတစ်ပါးသောခန္ဓာကိုလည်းကောင်း၊ ခန္ဓာနှင့်စပ်သောတရားတို့ကိုလည်းကောင်း မသိနိုင်ပေ။*

***ယထာကမ္မုပဂဉာဏ်**သည် အတိတ်စေတနာ(ကံ)မျှကိုသာလျှင် အာရုံပြုနိုင်၏။*

***ပုဗ္ဗေနိဝါသဉာဏ်**သည် အတိတ်ခန္ဓာတို့ကိုလည်းကောင်း၊ ထိုခန္ဓာတို့နှင့်စပ်သော တစ်စုံတစ်ခုကိုလည်းကောင်း၊ သဗ္ဗညုတဉာဏ်နှင့် အလားတူစွာ အထူးသိ၏။*

**၃၂။ (က) စုတိကိုသာမြင်၍ ပဋိသန္ဓေမမြင်အံ့ (ခ) ပဋိသန္ဓေကိုသာမြင်၍ စုတိကိုမမြင်အံ့၊ အဘယ်သို့ဖြစ်လာနိုင်ပါသနည်း၊ ဖြေဆိုပါ။** *(၂၀၀၀၊ စမန ၂၆၅၊ ၂၆၆)*

**အဖြေ** — *(က) သေခြင်း-စုတိကိုသာမြင်၍ ဘဝအသစ်ဖြစ်ခြင်း - ပဋိသန္ဓေကိုမမြင်လျှင် သတ္တဝါသေလျှင် ဘဝပြတ်စဲသည်ဟူသော ဉစ္ဆေဒဒိဋ္ဌိဖြစ်လာနိုင်၏။*

*(ခ) ပဋိသန္ဓေကိုသာမြင်၍ ဘဝဟောင်းကစုတိကိုမမြင်လျှင် သတ္တဝါအသစ်ဖြစ်ပေါ်လာခြင်းခြင်းသည် မမြင်ရသော တန်ခိုးရှင်တစ်ဦးက ဖန်ဆင်း၍ဖြစ်၏စသော ဝိသမဟေတုကဒိဋ္ဌိ ဖြစ်လာနိုင်၏။*

**၃၃။ ယထာကမ္မုပဂဉာဏ်သည် အဘယ်အခါ၌ ကာမအာရုံကို အာရုံပြုသည်ကို ဖြေဆိုပါ။** *(၂၀၀၀၊ စမန ၂၇၉)*

**အဖြေ** - *ယထာကမ္မုပဂဉာဏ်သည် ကာမာဝစရကံကို သိသောအခါ၌ ကာမအာရုံကို အာရုံ*

*ပြုပါသည်။*

**၃၄။ မီး, ရေ, လေတို့ကြောင့် ကမ္ဘာပျက်ပုံအသီးသီးရှိရာ အဘယ်အဘယ်ဘုံဌာန၏အောက်ဘုံများပျက်သည်ကို တစ်ခုစီခွဲခြားဖြေဆိုပြီးလျှင်၊ ကြွဒ္ဓိဝိဉာဏ်၏ကာမတရားအာရုံပြုပုံနှင့် အရှင်မဟာကဿပ၏ ကြွဒ္ဓိဝိဉာဏ် အသုံးပြုပုံကိုလည်း ဖော်ပြပါ။**

*(၂၀၀၀၊ စမန ၂၅၈၊ ၂၆၂၊ ၂၆၄၊ ၂၇၄)*

***အဖြေ*** *— မီးကြောင့် ကမ္ဘာပျက်ရာ၌ အာဘဿရာဘုံဌာန၏အောက်ဘုံများ ပျက်၏။*
*ရေကြောင့် ကမ္ဘာပျက်ရာ၌ သုဘကိဏှာဘုံဌာန၏အောက်ဘုံများ ပျက်၏။*
*လေကြောင့် ကမ္ဘာပျက်ရာ၌ ဝေဟပ္ဖိုလ်ဘုံဌာန၏အောက်ဘုံများ ပျက်၏။*

***ကြွဒ္ဓိဝိဉာဏ်***ရှိသည့် တန်ခိုးရှင်သည် အကြင်အခါ၌ ရုပ်ကိုယ်ကို စိတ်၌မှီသည်ကိုပြု၍ မထင်ရှားသောကိုယ်ဖြင့်သွားလိုသော် ပါဒကဈာန်၏အစွမ်းဖြင့် ရုပ်ကိုယ်ကို ညွတ်စေ၏။ မဟဂ္ဂုတ်စိတ်၌ ပေါင်း၏၊ ကောင်းစွာတင်၏။ ထိုအခါ ရုပ်ကိုယ်သည် အာရုံဖြစ်၏။ ရုပ်ကိုယ်လျှင် အာရုံရှိပြီး ရုပ်ကိုယ်သည် ကာမတရားဖြစ်ခြင်းကြောင့် ထိုအခါ၌ ကြွဒ္ဓိဝိဉာဏ်သည် ကာမတရားကို အာရုံပြုပါသည်။*

***အရှင်မဟာကဿပ***သည် မြတ်စွာဘုရား၏ ဓါတ်တော်တို့ကို အကြီးအကျယ်ဌာပနာသည့်အခါ၌ ၂၁၈-နှစ်ကာလတို့ပတ်လုံး ဤနံ့သာတို့သည် မခြောက်သွေ့ပါစေကုန်သတည်း၊ ဤပန်းတို့သည် မညှိုးနွမ်းပါစေကုန်သတည်း၊ ဤဆီမီးတို့သည် မငြိမ်းပါစေကုန်သတည်း"ဟု ဓိဋ္ဌာန်တော်မူ၏။ ဤကား အရှင်မဟာကဿပ၏ကြွဒ္ဓိဝိဉာဏ်ကို အသုံးပြုပုံဖြစ်၏။*

**၃၅။ ဒိဗ္ဗစက္ခုအဘိညာဉ်သည် အဘယ်အခိုက်အတန့်ကာလ၌ မြင်စွမ်းနိုင်မှုရှိသည်နှင့် မရှိသည်ကို ခွဲခြားဖော်ပြပြီးလျှင်၊ ပုဗ္ဗေနိဝါသနုဿတိဉာဏ်သည် အဘယ်အခါ၌ နာမပညတ်ကို အာရုံပြုသည်ကို ဝိသုဒ္ဓိမဂ်လာ နမူနာတစ်ခုဖြင့် ဖော်ပြပါ။**

*(၂၀၀၂၊ စမန ၂၆၆၊ ၂၇၈)*

***အဖြေ*** *— ဒိဗ္ဗစက္ခုအဘိညာဉ်သည် စုတေဆဲခဏ (စုတိခဏ)နှင့် ပဋိသန္ဓေနေဆဲခဏ (ပဋိသန္ဓေခဏ)တို့၌ရှိသောသတ္တဝါတို့ကို မြင်နိုင်စွမ်းမရှိပါ။*

*စုတေခါနီးဖြစ်၍ ယခုပင်လျှင်စုတေလတ္တံ့သော စုတေဆဲသတ္တဝါနှင့် ပဋိသန္ဓေတည်ပြီးဖြစ်၍ ယခုပင်လျှင်ပဋိသန္ဓေတည်ပြီးစဖြစ်သော ပဋိသန္ဓေနေဆဲသတ္တဝါတို့ကိုသာ မြင်နိုင်စွမ်းရှိပါသည်။*

***ပုဗ္ဗေနိဝါသာနုဿတိဉာဏ်***သည် "အတိတ်ကာလ၌ ဝိပဿီမြတ်စွာဘုရားသည် ပွင့်တော်မူလေပြီ၊ ထိုဘုရား၏မယ်တော်သည် ဗန္ဓုမတီမည်၏၊ ခမည်းတော်သည် ဗန္ဓုမာမည်၏"ဟု ဤသို့စသောနည်းဖြင့် အမည်ကို အောက်မေ့သောအခါ၌ နာမပညတ်ကို အာရုံပြုပါသည်။*

**၃၆။ ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် စုတိ, ပဋိသန္ဓေနှစ်မျိုးလုံးကို မြင်ခြင်းကြောင့် အဘယ်သို့သော အယူမှားကို လွန်မြောက်သည်ကို ဖြေဆိုပါ။** *(၂၀၀၃၊ စမန ၂၆၅၊ ၂၆၆)*

***အဖြေ*** *— နံပါတ် ၃၂ အဖြေနှင့်တူပါသည်။*

**၃၇။ ခြောက်စင်းမြောက်နေထွက်ပေါ်လာသောအခါ စကြဝဠာအပေါင်း မည်ရွေ့မည်မျှ မည်သို့မည်ပုံဖောက်ပြန်သွားသည်ကို ဖော်ပြပြီးလျှင်၊ မည်သည့်အချိန်မှ မည်သည့်အချိန် အထိ ဝိဝဋ္ဋအသင်္ချေယျကပ်သတ်မှတ်သည်ကိုလည်း ဖော်ပြပါ။**

*(၂၀၀၄၊ စမန ၂၅၈၊ ၂၆၃)*

**အဖြေ** – *ခြောက်စင်းမြောက်နေထွက်ပေါ်လာသောအခါ စကြဝဠာတစ်တိုက်လုံးသည် အခိုး အငွေ့ပြည့်လျက်ရှိ၏။ ဤအခိုးအငွေ့ကြောင့် အစိုဓါတ်ကုန်ခန်းသွား၏။ ဤစကြဝဠာကဲ့သို့ ပင် စကြဝဠာကုဋေတစ်သိန်းတို့သည် နည်းတူဖြစ်လေ၏။*

*ကမ္ဘာပြုမိုးကြီး ပြည့်စုံစွာရွာသွန်းပြီးသည်မှစ၍ နေ, လတို့ထင်ရှားစွာဖြစ်ပေါ်လာသည့် တိုင်အောင် ကြာမြင့်သောအသင်္ချေယျကပ်ကို "ဝိဝဋ္ဋအသင်္ချေယျကပ်"ဟု သတ်မှတ်၏။*

**၃၈။ ယခုခေတ်ကမ္ဘာတစ်ဝန်းတွင် မီးဘေး၊ ရေဘေး၊ လေဘေးစသော အန္တရာယ်များ ကြုံတွေ့နေကြရာ ယင်းအန္တရာယ်များပေါ်ပေါက်ခြင်း၏အကြောင်းရင်းတို့ကိုလည်း ညွှန်ပြခဲ့ပါ။** *(၂၀၀၅၊ စမန ၂၈၇)*

**အဖြေ** – *နံပါတ် ၄ အဖြေနှင့် တူပါသည်။*

**၃၉။ အငွေ့မြင်လျှင် အပင်သိသကဲ့သို့ သွေးမြင်လျှင် စိတ်သိနိုင်သောနည်းကို ဖြေဆိုပြီးလျှင်၊ ပုဗ္ဗေနိဝါသဉာဏ်ကို အောက်မေ့နိုင်သောပုဂ္ဂိုလ်များကို အောက်မေ့နိုင်သောအတိုင်း အတာနှင့်တကွ တွဲစပ်ဖော်ပြပါ။** *(၂၀၀၅၊ စမန ၂၄၉၊ ၂၅၁)*

**အဖြေ** – *ပထမပိုင်းအဖြေသည် နံပါတ် (၃) အဖြေနှင့်တူပါသည်။*

*ဒုတိယပိုင်းအဖြေသည် နံပါတ် (၆)အဖြေနှင့် တူပါသည်။*

**၄၀။ လောကကြီးပျက်စီးရခြင်းအကြောင်းကိုလည်း ဖျက်ဆီးသောအရာဝတ္ထုတို့နှင့်တကွ တွဲစပ်ဖော်ပြပါ။** *(၂၀၀၆၊ စမန ၂၈၇)*

**အဖြေ** – *ကမ္ဘာလောကကြီးပျက်စီးရခြင်း အကြောင်းရင်းမှာ "အကုသိုလ်မူလ"ဟူသော လောဘ, ဒေါသ, မောဟတို့ လွန်ကဲများပြားလာခြင်းဖြစ်ပါသည်။*

*(၁) တပ်စွဲမှုရာဂ (လောဘ) လွန်ကဲလာသောအခါ ကမ္ဘာလောက၌ မီးဘေးကျရောက်ကာ မီးဖျက်၍ ကမ္ဘာပျက်စီး၏။*

*(၂) နံပါတ် (၄) အဖြေအတိုင်း ဆက်ဖြေပါ။*

**၄၁။ ရှေးကဖြစ်ဖူးသောခန္ဓာအစဉ်ကိုအောက်မေ့နိုင်သူတို့ကို ဖော်ပြပါ။** *(၂၀၀၆၊ စမန ၂၅၁)*

**အဖြေ** – *နံပါတ် (၆) အဖြေတွင် အဖြေပါဝင်သည်။*

**၄၂။ အရိယာကိုစွပ်စွဲသောကံ၏ (က) တားမြစ်ရာဘုံ (ခ) တားမြစ်သည့်တရားကို ဖြေဆို၍၊ အပြစ်အကြီးမားဆုံးဖြစ်သော အကုသိုလ်ကံကိုလည်း ညွှန်ပြခဲ့ပါ။**

*(၂၀၀၆၊ စမန ၂၆၈၊ ၂၆၉-၂၇၀)*

**အဖြေ** – *အရိယာကိုစွပ်စွဲသောကံ (ဝါ) အရိယူပဝါဒကံသည် ပဉ္စာနန္တရိယကံနှင့်အလားတူစွာ ဝန်လေးသောကံဖြစ်ပြီးလျှင် နတ်ရွာကိုလည်း တားမြစ်တတ်၏၊ မဂ်ကိုလည်း တားမြစ် တတ်၏။ ထို့ကြောင့်*

*(က) အရိယာကိုစွပ်စွဲသောကံ တားမြစ်ရာဘုံသည် နတ်ဘုံများဖြစ်၏။*

(ခ) တားမြစ်သည့်တရားမှာ လောကုတ္တရာမဂ်တရားဖြစ်ပါသည်။

အပြစ်အကြီးဆုံး အကုသိုလ်ကံမှာ မိစ္ဆာဒိဋ္ဌိကံဖြစ်ပါသည်။ (နံပါတ် ၂ ကြည့်)။

**၄၃။ အဘယ်ကိုတစ်ဘဝဟုခေါ်ဆိုရသည်ကို ဖြေဆို၍၊ ဗုဒ္ဓခေတ်သုံးပါးကိုလည်း ပိုင်းခြား၍ ဖော်ပြပါ။** (၂၀၀၇၊ စမန ၂၅၅၊ ၂၅၆)

**အဖြေ** – တစ်ဘဝဟူသည်မှာ ပဋိသန္ဓေမှစ၍ စုတိအဆုံးရှိသော ဘဝတစ်ခု၌ အတွင်းဝင်သည့် ရုပ်နာမ်ဖြစ်ပျက်အစဉ် တစ်ခုဖြစ်၏။

**ဗုဒ္ဓခေတ်သုံးပါးမှာ** (၁) ဇာတိခေတ် (၂) အာဏာခေတ် (၃) ဝိသယခေတ်တို့ဖြစ်၏။

(၁) **ဇာတိခေတ်**သည် စကြဝဠာတိုက်တစ်သောင်း အပိုင်းအခြားရှိ၏၊

(၂) **အာဏာခေတ်**သည် စကြဝဠာကုဋေတစ်သိန်း အပိုင်းအခြားရှိ၏၊

(၃) **ဝိသယခေတ်**သည် အဆုံးအပိုင်းအခြားမရှိပေ။ ယင်းဝိသယခေတ်ကို "အကြင်မျှလောက်ဘုရားရှင်အလိုရှိလျှင် ထိုမျှလောက် အသံဖြင့်သိစေနိုင်၏"ဟု မိန့်တော်မူ၏။ ယင်းဝိသယခေတ်၌ မြတ်စွာဘုရားသည် အလိုရှိရာကို သိတော်မူ၏။

**၄၄။ ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်သောပုဂ္ဂိုလ်တို့၏မိမိဉာဏ်အလိုက် မြင်ပုံချင်းမတူ ကွဲပြားခြားနားပုံတို့ကို ဥပမာနှင့်တကွ ပေါ်လွင်အောင် တွဲစပ်ဖော်ပြပါ။** (၂၀၀၈၊ စမန ၂၅၂-၂၅၃)

**အဖြေ** – (၁)တိတ္ထိတို့၏ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝခန္ဓာအစဉ်ကိုမြင်ခြင်းသည် ပိုးစုန်းကြူးအရောင်နှင့် တူသည်ဖြစ်၍ထင်၏။

(၂) ပကတိသာဝကတို့၏ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝခန္ဓာအစဉ်ကိုမြင်ခြင်းသည် ဆီမီးရောင်နှင့်တူသည်ဖြစ်၍ ထင်၏။

(၃) မဟာသာဝကတို့၏ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝခန္ဓာအစဉ်ကိုမြင်ခြင်းသည် မီးရှူးတန်ဆောင်အရောင်နှင့် တူသည်ဖြစ်၍ ထင်၏။

(၄) အဂ္ဂသာဝကတို့၏ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝခန္ဓာအစဉ်ကိုမြင်ခြင်းသည် သောက်ရှူးကြယ်အရောင်နှင့်တူသည်ဖြစ်၍ ထင်၏။

(၅) ပစ္စေကဗုဒ္ဓါတို့၏ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝခန္ဓာအစဉ်ကိုမြင်ခြင်းသည် လရောင်နှင့်တူသည်ဖြစ်၍ ထင်၏။

(၆) မြတ်စွာဘုရားတို့၏ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ဖြင့် ရှေးဘဝခန္ဓာအစဉ်ကိုမြင်ခြင်းသည် ရောင်ခြည်တစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော နေဝန်း၏အလင်းရောင်နှင့်တူသည်ဖြစ်၍ ထင်၏။

**၄၅။ အပါယ၊ ဒုဂ္ဂတိ၊ ဝိနိပါတ၊ နတ်ပြည်ဟု ခေါ်ဆိုရခြင်းအကြောင်းတို့ကို ဖော်ပြခဲ့ပါ။** (၂၀၀၈၊ စမန ၂၇၀)

**အဖြေ** – ငရဲသည် နတ်ရွာ, နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော ကောင်းမှုဟူသည့် 'အယ'မှ ကင်းသောကြောင့် 'အပါယ'မည်၏၊ ချမ်းသာအပေါင်းတို့၏ဖြစ်ခြင်း, လာခြင်းဟူသည့် 'အာယ'မရှိခြင်းကြောင့်လည်း '**အပါယ**'မည်၏။

ပြိတ္တာဘုံသည်လည်း 'အယ'မှကင်းသောကြောင့် 'အပါယ'မည်၏။

ငရဲသည် ဆင်းရဲ၏တည်ရာဖြစ်သောကြောင့် '**ဒုဂ္ဂတိ**' မည်၏၊ တစ်နည်း - အကုသိုလ်ကံကြောင့် လားရောက်ရသောဂတိဖြစ်သောကြောင့် 'ဒုဂ္ဂတိ'မည်၏။ ပြိတ္တာဘုံသည်လည်း ဆင်းရဲ၏တည်ရာဖြစ်သောကြောင့် 'ဒုဂ္ဂတိ'မည်၏။ ငရဲသည် မကောင်းမှုပြုသူတို့ အလိုမရှိပါဘဲ ကျရောက်ရသည့်ဘုံဖြစ်၍ '**ဝိနိပါတ**'မည်၏၊ တစ်နည်းကိုယ်အင်္ဂါကြီးငယ်တို့ပျက်စီးလျက် ကျရောက်ရာဖြစ်သောကြောင့် '**ဝိနိပါတ**'မည်၏။

အသူရကာယ်ဘုံသည် နတ်လူဟူသောသုဂတိမှကင်းသောကြောင့် '**အပါယ**' မည်၏၊ ဆင်းရဲ၏တည်ရာဖြစ်သောကြောင့် '**ဒုဂ္ဂတိ**'လည်းမည်၏၊ နတ်လူအလုံးစုံတို့၏ စိတ်ချမ်းသာအပေါင်းမှ ပျက်စီးဆုံးရှုံး၍ ကျရောက်ရာဖြစ်သောကြောင့် 'ဝိနိပါတ'လည်း မည်၏။

ရှုပါရုံစသောအာရုံတို့ဖြင့် ကောင်းသောတည်ရာအဖို့ဖြစ်သောကြောင့် '**သဂ္ဂ = နတ်ပြည်**'ဟု ခေါ်ပါသည်။

အခန်း (၁၄)

# ခန္ဓနိဒ္ဒေသ
# ခန္ဓာတို့ကိုအကျယ်ပြခြင်း

## ၁ ပညာအကြောင်း

"သီလ-သမာဓိ-ပညာ"တို့သည် ဗုဒ္ဓသာသနာတော်၏ အနှစ်သာရဖြစ်သည်ဟု ဆိုခြင်းမှာ သီလကျင့်စဉ်-သမာဓိကျင့်စဉ်-ပညာကျင့်စဉ်တို့ဖြင့် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော ကိလေသာတရားတို့ကို အမြစ်ပြတ်ပယ်သတ်နိုင်ပြီးလျှင် ထာဝရချမ်းသာဖြစ်သည့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ပြီးခဲ့သောရှေ့အခန်း (၁၃)ခန်းတွင် သီလကျင့်စဉ် (သီလသိက္ခာ)နှင့် သမာဓိကျင့်စဉ် (သမာဓိသိက္ခာ)တို့ကို ပြည့်စုံစွာ ဖော်ပြခဲ့ပြီးဖြစ်၍ ယခုဤအခန်းမှစ၍ ပညာကျင့်စဉ် (ပညာသိက္ခာ)အကြောင်းကို အပြည့်အစုံ ဖော်ပြသွားမည်ဖြစ်သည်။

**ပညာဟူသည်အဘယ်နည်း။**

ကုသိုလ်ပညာ၊ သုတမယပညာစသည်ဖြင့် ပညာအထူးထူးအပြားပြားရှိရာ ပဓာနလိုရင်းဖြစ်သောပညာကို ထုတ်ဆောင်ရသော် "ပညာဟူသည်မှာ ကုသိုလ်စိတ်နှင့်ယှဉ်သော ဝိပဿနာဉာဏ်ဖြစ်၏"ဟု မှတ်သားအပ်၏။ ကုသိုလ်စိတ်ဟူသည်မှာ ကာမာဝစရ ကုသိုလ်စိတ်၊ မဟဂ္ဂုတ်ကုသိုလ်စိတ်၊ လောကုတ္တရာကုသိုလ်စိတ်တို့ဖြစ်သည်။

**အဘယ်အနက်သဘောကြောင့် ပညာမည်သနည်း**

"*ပဇာနနဋ္ဌေန ပညာ*" ဟူသည်နှင့်အညီ "*အထူးထူးအပြားပြားအားဖြင့် သိခြင်းအနက်သဘောကြောင့် ပညာမည်ပါသည်။*"

အထူးထူးအပြားပြားအားဖြင့် သိခြင်းဟူသည်ကား အဘယ်နည်း။ သညာနှင့် ဝိညာဏ်တို့လည်း အာရုံကိုသိကြ၏။ **ပညာသိ**သည် ထို**သညာသိ**၊ **ဝိညာဏ်သိ**တို့နှင့် မည်သို့ကွာခြားသနည်း။

**ပညာသိ၊ သညာသိ၊ ဝိညာဏ်သိတို့ကွာခြားပုံ**

**သညာသည်** "အညို၊ အရွှေ၊ အရှည်၊ အတို" စသည်ဖြင့် အာရုံကို မှတ်မိရုံမျှသာ သိ၏၊ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ"ဟု လက္ခဏာသုံးပါးကို ထိုးထွင်း၍သိရန်မူ မစွမ်းနိုင်ချေ။

**ဝိညာဏ်သည်** "အညို၊ အရွှေ၊ အရှည်၊ အတို" စသည်ဖြင့် အာရုံကိုလည်းသိ၏၊ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ"ဟု လက္ခဏာသုံးပါးကို ထိုးထွင်း၍သိရန်လည်း စွမ်းနိုင်၏၊

သို့သော် ဝိပဿနာ ဉာဏ်စဉ်အဆင့်ဆင့်တက်၍ အရိယမဂ်ဖြစ်ပေါ်ခြင်းသို့ ရောက်စေရန်ကား မစွမ်းနိုင်ပေ။

**ပညာသည်**ကား "အညို၊ အရွှေ၊ အရှည်၊ အတို" စသည်ဖြင့် အာရုံကိုလည်း သိ၏၊ လက္ခဏာသုံးပါးကို ထိုးထွင်း၍သိရန်လည်း စွမ်းနိုင်၏၊ ဝိပဿနာ ဉာဏ်စဉ် အဆင့်ဆင့်တက်၍ အရိယမဂ်ဖြစ်ပေါ်ခြင်းသို့ ရောက်စေရန်လည်း စွမ်းနိုင်၏။

**ဥပမာပြရသော်** ရာဖြတ်ပွဲမင်းစားပွဲပေါ်၌ တင်ထားသောငွေအသပြာအစုအပုံကို အသိဉာဏ်မပြည့်စုံသေးသည့်ကလေး၊ တောသားလူကြီးနှင့် ရာဖြတ်ပွဲမင်းတို့ မြင်သိပုံချင်း ကွာခြားသည်နှင့် တူ၏။

**အသိဉာဏ်မပြည့်စုံသေးသည့်ကလေး**သည် ငွေအသပြာတို့၏ အရောင်အဆင်းနှင့် ပုံသဏ္ဍာန်ဆန်းကြယ်ပုံ တို့ကိုသာသိ၏။ လူတို့၏အတွင်းအပ အသုံးအဆောင်ရတနာဖြစ်ကြောင်းကိုကား မသိချေ။

**တောသားလူကြီး**သည် ငွေအသပြာတို့၏ အရောင်အဆင်းနှင့် ပုံသဏ္ဍာန် ဆန်းကြယ်ပုံတို့ကိုလည်းသိ၏။ လူတို့၏ အတွင်း၊ အပ အသုံးအဆောင် ရတနာဖြစ်ကြောင်းကိုလည်းသိ၏။ သို့သော် ထိုငွေအသပြာတို့သည် ငွေအစစ်လော၊ ငွေအတုလော၊ ငွေသားမည်မျှပါသည် စသည်တို့ကို မသိချေ။

**ရာဖြတ်ပွဲမင်း**ကား ငွေအသပြာတို့၏ အရောင်အဆင်း၊ ပုံသဏ္ဍာန်တို့ကိုလည်း သိ၏၊ လူတို့၏အတွင်းအပ အသုံးအဆောင် ရတနာဖြစ်ကြောင်းကိုလည်းသိ၏။ ထိုငွေအသပြာတို့သည် အစစ် သို့မဟုတ် အတုဖြစ်ကြောင်း၊ ငွေသားမည်မျှပါကြောင်း စသည့်အလုံးစုံကိုသိ၏။ သိပုံမှာ ငွေအသပြာတို့ကို ကြည့်ရှုစစ်ဆေးခြင်း၊ တီးခေါက်၍ အသံကိုနားထောင်ခြင်း၊ အနံ့ကို နမ်းရှုခြင်း၊ အရသာကိုလျက်ကြည့်ခြင်း၊ လက်ဖြင့် ချိန်ဆကြည့်ခြင်းတို့ဖြင့် သိ၏၊ မည်သည့်ဌာန ၌ပြုလုပ်သော ငွေအသပြာတို့ ဖြစ်သည်ကိုလည်း သိ၏။ ဤမည်သော ဆရာပြုလုပ် သောငွေဟူ၍လည်း သိ၏။

ဤဥပမာတွင် သညာသိသည် အသိဉာဏ်မပြည့်စုံသေးသောကလေး၏သိခြင်းနှင့်တူ၏။ ဝိညာဏ်သိသည် ရွာသားလူကြီး၏ သိခြင်းနှင့်တူ၏။ ပညာသိသည် ရာဖြတ်ပွဲမင်း၏သိခြင်းနှင့် တူပါသည်။

ထိုပညာသည် သညာ၊ ဝိညာဏ်တို့ပါရှိသော စိတ္တုပ္ပါဒ် (စိတ်စေတသိက်အပေါင်းအစု)တိုင်း၌ ဧကန်ပါရှိမည်မဟုတ်ပေ။ သို့သော် ပညာပါရှိသော စိတ္တုပ္ပါဒ်တိုင်း၌ သညာ၊ ဝိညာဏ်တို့လည်း ပါရှိကြ၏။ ထိုသညာ၊ ဝိညာဏ်တို့မှ ထိုပညာကို ခွဲခြား သိရန် ခက်ခဲ၏။ "ဤကားသညာ၊ ဤကားဝိညာဏ်၊ ဤကားပညာ"ဟု အသီးအခြား ခွဲခြမ်း၍ မရနိုင်ပေ၊ အလွန်သိမ်မွေ့၍ မြင်နိုင်ခဲသောကြောင့်တည်း။

ထို့ကြောင့် **အရှင်နာဂသိန်**သည် "မြတ်သောမင်းကြီး၊ မြတ်စွာဘုရားသည်

ခဲယဉ်းလှစွာသောအမှုကို ပြုခဲ့ပေ၏”ဟု မိန့်ဆို၏။

“အရှင်ဘုရား. . . မြတ်စွာဘုရားသည် အဘယ်သို့ ခဲယဉ်းလှစွာသောအမှုကို ပြုခဲ့သနည်း”

“မြတ်သောမင်းကြီး- အာရုံတစ်ခုတည်း၌ဖြစ်ကြသော ရုပ်သဘောအထည်ဒြပ် မရှိကြသော စိတ်စေတသိက်တို့၏ ကွဲပြားကြခြင်းကို ဤကား ဖဿတည်း၊ ဤကား ဝေဒနာတည်း၊ ဤကား စေတနာတည်း၊ . . . ဤကား စိတ်တည်းဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပေ၏။ ဤသို့ ခဲယဉ်းလှစွာသောအမှုကို မြတ်စွာဘုရားပြုတော်မူခဲ့ပေ၏”ဟု မိန့်တော်မူ၏။

**ပညာ၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်**

(၁) ပညာသည် ရုပ်နာမ်တရားတို့၏ သဘောမှန်ကို ထိုးထွင်းသိခြင်းလက္ခဏာ ရှိ၏။

(၂) ပညာသည် ရုပ်နာမ်တရားတို့၏ သဘောမှန်ကို ဖုံးလွှမ်းတတ်သော မောဟ ဟူသည့် အမိုက်မှောင်ကို ဖျက်ဆီးခြင်းကိစ္စ (ရသ)ရှိ၏။

(၃) ပညာသည် ရုပ်နာမ်တရားတို့၏ သဘောမှန်ကို မတွေမဝေသိခြင်းဟူသော ပစ္စုပဋ္ဌာန် (ဉာဏ်၌ ရှေးရှုထင်သော အခြင်းအရာ)ရှိ၏။

(၄) “*သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ = စိတ်တည်ကြည်သော သူသည် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိမြင်၏*”ဟု ဟောတော်မူသည်နှင့်အညီ သမာဓိ (စိတ်တည်ကြည်ခြင်း)သည် ပညာ၏ ပဒဋ္ဌာန် (နီးသော အကြောင်း)ဖြစ်၏။

**ပညာသည် အဘယ်မျှအပြားရှိသနည်း**

ပညာသည် ရုပ်နာမ်တရားတို့၏သဘောမှန်ကို ထိုးထွင်း၍သိခြင်းလက္ခဏာ အားဖြင့် အကွဲအပြားမရှိချေ။ သို့သော် လောကီပညာ၊ လောကုတ္တရာပညာစသည် တို့၏အစွမ်းအားဖြင့် ကွဲပြားမှုရှိ၏။

*** ဒုကပညာခေါ် နှစ်ပါးစီအပြားရှိသည့် ပညာများ**

(၁) **လောကီပညာနှင့် လောကုတ္တရာပညာ**

လောကီမဂ်နှင့် ယှဉ်သောပညာသည် လောကီပညာမည်၏။

လောကုတ္တရာမဂ်နှင့်ယှဉ်သောပညာသည် လောကုတ္တရာပညာမည်၏။

(၂) **သာသဝပညာနှင့် အနာသဝပညာ**

အာသဝေါတရားတို့၏ အာရုံဖြစ်သောပညာသည် အာသဝပညာမည်၏၊ လောကီပညာနှင့်တူ၏။ အာသဝေါတရားတို့၏ အာရုံမဟုတ်သောပညာသည် အနာသဝပညာမည်၏၊ လောကုတ္တရာပညာနှင့်တူ၏။

**(၃) နာမဝဝတ္ထာပနပညာနှင့် ရူပဝဝတ္ထာပနပညာ**

ဝိပဿနာအားထုတ်လိုသောပုဂ္ဂိုလ်၏ နာမက္ခန္ဓာလေးပါးကို ပိုင်းခြားသိသောပညာသည် နာမဝဝတ္ထာပနပညာမည်၏။ ရူပက္ခန္ဓာကို ပိုင်းခြားသိသောပညာသည် ရူပဝဝတ္ထာပနပညာမည်၏။

**(၄) သောမနဿသဟဂုတ်ပညာနှင့် ဥပေက္ခာသဟဂုတ်ပညာ**

သောမနဿသဟဂုတ် ကာမာဝစရကုသိုလ်စိတ် ၂-ခုတို့နှင့်ယှဉ်သော ပညာ၊ ပဉ္စကနည်းအရ သောမနဿသဟဂုတ်ဈာန်လေးပါးနှင့်ယှဉ်သော မဂ်စိတ် ၁၆-ခုတို့၌ပါရှိသော ပညာတို့သည် သောမနဿသဟဂုတ်ပညာမည်၏။

ဥပေက္ခာသဟဂုတ် ကာမာဝစရကုသိုလ်စိတ် ၂-ခုတို့နှင့်ယှဉ်သော ပညာ၊ ပဉ္စမဈာန်နှင့်ယှဉ်သော မဂ်စိတ် ၄-ခုတို့၌ပါရှိသောပညာတို့သည် ဥပေက္ခာသဟဂုတ်ပညာမည်၏။

**(၅) ဒဿနဘူမိပညာနှင့် ဘာဝနာဘူမိပညာ**

ပထမမဂ်စိတ်နှင့်ယှဉ်သောပညာသည် ဒဿနဘူမိပညာ (နိဗ္ဗာန်ကိုမြင်သောဘုံပညာ)မည်၏။ အထက်မဂ်စိတ်သုံးပါးနှင့် ယှဉ်သောပညာသည် ဘာဝနာဘူမိပညာ(ပွားစေအပ်သောဘုံပညာ)မည်၏။

*** တိကပညာခေါ် သုံးပါးစီအပြားရှိသောပညာများ**

**(၁) စိန္တာမယပညာ၊ သုတမယပညာ၊ ဘာဝနာမယပညာ**

သူတစ်ပါးထံမှ ကြားနာရခြင်းမရှိဘဲ နည်းမရဘဲ မိမိ၏ကြံစည်မှုမျှ အစွမ်းအားဖြင့် ပြီးမြောက်သောပညာသည် **စိန္တာမယပညာမည်၏။**

သူတစ်ပါးထံမှ ကြားနာ၍ နည်းရ၍ သိရှိသောပညာသည် ကြားဖူးသည့် သုတ၏အစွမ်းအားဖြင့် ပြီးမြောက်သောကြောင့် **သုတမယပညာမည်၏။**

သူတစ်ပါးထံမှ ကြားနာရသည်ဖြစ်စေ မကြားနာရသည်ဖြစ်စေ မိမိ၏ ပွားများအားထုတ်မှု ဘာဝနာအစွမ်းဖြင့် ပြီးမြောက်သော အပ္ပနာသို့ရောက်သော ပညာသည် **ဘာဝနာမယပညာ**မည်၏။

(၂) **ပရိတ္တာရမ္မဏပညာ** - ကာမာဝစရတရားတို့ကို အာရုံပြု၍ဖြစ်သောပညာ

**မဟဂ္ဂတာရမ္မဏပညာ** - ရူပါဝစရ၊ အရူပါဝစရတရားတို့ကို အာရုံပြု၍ ဖြစ်သောပညာ

**အပ္ပမာဏာရမ္မဏပညာ** - နိဗ္ဗာန်ကို အာရုံပြု၍ဖြစ်သောပညာ။

(၃) **အာယကောသလ္လပညာ** - အာယဟူသည် ကြီးပွားခြင်းဖြစ်၏။ ထိုကြီးပွားခြင်းသည် အကျိုးမဲ့၏ဆုတ်ယုတ်ခြင်း၊ အကျိုးစီးပွား၏ဖြစ်ခြင်းဟူ၍ နှစ်မျိုးရှိ၏။ အကျိုးမဲ့၏ဆုတ်ယုတ်ခြင်း ဟူသည်မှာ မဖြစ်သေးသောအကုသိုလ်

တရားတို့မဖြစ်ခြင်း၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ ပျောက်ကင်းခြင်း ပင်တည်း။ အကျိုးစီးပွား၏ဖြစ်ခြင်းဟူသည်မှာ မဖြစ်သေးသော ကုသိုလ် တရားတို့ ဖြစ်ပေါ်လာခြင်း၊ ဖြစ်ပြီးသောကုသိုလ်တရားတို့ လွန်စွာ တိုးပွား ခြင်းပင်တည်း။ ဤကြီးပွားခြင်းနှစ်မျိုး၌ ကျွမ်းကျင်လိမ္မာခြင်းသည် **အာယကောသလ္လပညာ** မည်၏။

**အပါယကောသလ္လပညာ**- *အပါယ*ဟူသည် မကြီးပွားခြင်း၊ ပျက်စီးခြင်း ပင်တည်း။ ထိုပျက်စီးခြင်းသည်လည်း အကျိုးစီးပွား၏ဆုတ်ယုတ်ခြင်း၊ အကျိုးမဲ့၏ဖြစ်ပေါ်ခြင်းအားဖြင့် နှစ်မျိုးရှိ၏။ အကျိုးစီးပွား၏ ဆုတ်ယုတ် ခြင်းဟူသည်မှာ မဖြစ်သေးသော ကုသိုလ်တရားတို့ မဖြစ်ပေါ်ခြင်း၊ ဖြစ် ပြီးသော ကုသိုလ်တရားတို့ ပျောက်ကင်းခြင်းပင်တည်း။ အကျိုးမဲ့၏ဖြစ် ပေါ်ခြင်းဟူသည်မှာ မဖြစ်သေးသောအကုသိုလ်တရားတို့ ဖြစ်ပေါ်လာခြင်း၊ ဖြစ်ပြီးသော အကုသိုလ်တရားတို့ တိုးပွားလာခြင်းပင်တည်း။ ဤပျက်စီး ခြင်းနှစ်မျိုး၌ ကျွမ်းကျင်လိမ္မာခြင်းသည် **အပါယကောသလ္လပညာ**မည်၏။

**ဥပါယကောသလ္လပညာ** - အလုံးစုံသောကိစ္စတို့၌ အကျိုးစီးပွားချမ်းသာ ဖြစ်ကြောင်း နည်းလမ်းကောင်းတို့ကို '*ဥပါယ*' မည်၏။ ထိုဥပါယမည်သော နည်းလမ်းတို့၌ တစ်ခဏချက်ချင်းဖြစ်ပေါ်လာသည့် ကျွမ်းကျင်လိမ္မာသော အသိဉာဏ်သည် **ဥပါယကောသလ္လပညာ** မည်၏။

(၄) **အဇ္ဈတ္တာဘိနိဝေသပညာ** - မိမိ၏ခန္ဓာတို့ကို ရှုလျက် အားထုတ်စပြုသော ဝိပဿနာပညာ၊

**ဗဟိဒ္ဓါဘိနိဝေသပညာ** - သူတစ်ပါး၏ ခန္ဓာတို့ကိုသော်လည်းကောင်း၊ ခန္ဓာမှပြင်ပဖြစ်သော ဣန္ဒြေနှင့်မစပ်သည့် အနိန္ဒြိယဗဒ္ဓရုပ်ကိုသော်လည်း ကောင်း ရှုလျက် အားထုတ်သော ဝိပဿနာပညာသည် ဗဟိဒ္ဓါဘိနိဝေသ ပညာမည်၏။

**အဇ္ဈတ္တဗဟိဒ္ဓါဘိနိဝေသပညာ** - အဇ္ဈတ္တ၊ ဗဟိဒ္ဓနှစ်ပါးစုံကို ရှုလျက် အားထုတ်သော ဝိပဿနာပညာ။

* **စတုက္ကပညာခေါ် လေးပါးစီအပြားရှိသောပညာ**

(၁) **ဒုက္ခဉာဏ်** - ဒုက္ခသစ္စာကို အာရုံပြု၍ ဖြစ်သောဉာဏ်၊

**ဒုက္ခသမုဒယဉာဏ်** - ဒုက္ခသမုဒယသစ္စာကို အာရုံပြု၍ ဖြစ်သောဉာဏ်၊

**ဒုက္ခနိရောဓဉာဏ်** - ဒုက္ခနိရောဓသစ္စာကို အာရုံပြု၍ ဖြစ်သောဉာဏ်၊

**ဒုက္ခနိရောဓဂါမိနိပဋိပဒါဉာဏ်** - ဒုက္ခနိရောဓသို့ ဆိုက်ရောက်ကြောင်း ဖြစ်သည့် မဂ္ဂသစ္စာကို အာရုံပြု၍ ဖြစ်သောဉာဏ်၊

(၂) **အတ္ထပဋိသမ္ဘိဒါဉာဏ်** - 'အတ္ထ'ဟူသည်မှာ အကျဉ်းအားဖြင့် အကြောင်း၏ အကျိုးဖြစ်သောတရားတည်း။ အကျယ်အားဖြင့်မူ (၁) အကြောင်းတရားကြောင့်ဖြစ်သော အကျိုးတရား (၂) နိဗ္ဗာန် (၃) ဟောဆိုသောပါဠိ၏အနက် (၄) ဝိပါက် (၅) ကိရိယာဟူသော တရားငါးပါးကို အတ္ထမည်၏။ ထိုအတ္ထ (အကျိုး)ကို ဆင်ခြင်၍ ထိုအကျိုးအတ္ထ၌ အထူးထူးအပြားပြားကို သိသော ဉာဏ်သည် **အတ္ထပဋိသမ္ဘိဒါဉာဏ်** မည်၏။

**ဓမ္မပဋိသမ္ဘိဒါဉာဏ်** - 'ဓမ္မ'ဟူသည် အကျဉ်းအားဖြင့် အကြောင်းတရား၏ အမည်တည်း။ အကျယ်အားဖြင့်မူ (၁) အကျိုးကိုဖြစ်စေသောအကြောင်းတရား (၂) အရိယမဂ် (၃) ဟောဆိုသောပါဠိ (၄) ကုသိုလ် (၅) အကုသိုလ်ဟူသော အကြောင်းတရားငါးပါးကို ဓမ္မဟုသိအပ်၏။ ထိုဓမ္မ (အကြောင်းတရားကိုဆင်ခြင်၍ အကြောင်းတရား၌ အထူးထူးအပြားပြားကို သိသော ဉာဏ်သည် **ဓမ္မပဋိသမ္ဘိဒါဉာဏ်** မည်၏။

"ဒုက္ခ၌သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏။
ဒုက္ခသမုဒယ၌သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏။
အကြောင်း၌သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏။
အကြောင်း၏အကျိုး၌သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏။

ဇရာ၊ မရဏကိုသိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏။
ဇရာ၊ မရဏ၏ဖြစ်ကြောင်းဖြစ်သော ဇာတိကိုသိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏။
သင်္ခါရတို့၏ချုပ်ခြင်းကို သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏။
သင်္ခါရတို့၏ချုပ်ခြင်းသို့ ဆိုက်ရောက်သောအကျင့်ကို သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏။
ဓမ္မ၊ သုတ္တ၊ ဂေယျစသောတရားတော်၏ အင်္ဂါတို့ကို သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏။
ဟောအပ်သောတရားတော်၏အနက်ကို သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏။
ကုသိုလ်တရားတို့ကို သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါမည်၏။
ကုသိုလ်တရားတို့၏အကျိုး ဝိပါက်ကို သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါမည်၏။"

ဤသို့စသောနည်းဖြင့် ဝေဖန်၍ ပြတော်မူ၏။

**နိရုတ္တိပဋိပဒါဉာဏ်** - အကျိုးတရားဖြစ်သည့် အနက်အဓိပ္ပါယ်အတ္ထ၌လည်းကောင်း၊ အကြောင်းတရားဖြစ်သည့် ပါဠိဓမ္မ၌လည်းကောင်း၊ သဘာဝနိရုတ္တိခေါ် ဧကန်မှန်သည့် ဝေါဟာရသဒ္ဒါကို ရွတ်ရာပြောဆိုရာ၌ အသံကိုကြားလျှင်ပင် "ဤကား မှန်ကန်သောသဒ္ဒါ - သဘာဝနိရုတ္တိတည်း၊ ဤကား မှန်ကန်သောသဒ္ဒါ- သဘာဝနိရုတ္တိမဟုတ်" ဟု သတ္တဝါအားလုံး၏ မူလဘာသာဖြစ်သည့် မာဂဓဘာသာ၏ အထူးအပြားကို သိသောဉာဏ်သည် **နိရုတ္တိပဋိသမ္ဘိဒါဉာဏ်**မည်၏။ သာဓကအားဖြင့် "ဖဿော ဝေဒနာ" စသည့် ပြောဆိုသံကိုကြားလျှင်ပင် "ဤကားသဘာဝနိရုတ္တိတည်း" ဟု သိ၏။ "ဖဿာ ဝေဒနာ" စသည့် ပြောဆိုသံကိုကြားလျှင်ပင် "ဤကား သဘာဝနိရုတ္တိမဟုတ်" ဟု သိ၏။

**ပဋိဘာနပဋိသမ္ဘိဒါဉာဏ်** - အကျိုးကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ်၊ အကြောင်းကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်၊ သဒ္ဒါကိုသိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တို့ကို အာရုံပြု၍ ဆင်ခြင်သောပုဂ္ဂိုလ်အား ဉာဏ်လျှင်အာရုံရှိသည့် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် ဖြစ်၏။ တစ်နည်းအားဖြင့် ဆိုခဲ့သောဉာဏ်တို့၌ ကျက်စားရာအာရုံတို့နှင့်တကွ ကိစ္စစသည်၏အစွမ်းအားဖြင့် အကျယ်ဝိတ္ထာရကို သိသောဉာဏ်သည် **ပဋိဘာနပဋိသမ္ဘိဒါဉာဏ်**မည်၏။

**ပဋိသမ္ဘိဒါဉာဏ်တို့၏ဌာန(၂)ပါး**

ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့သည် သေက္ခဘုံအဆင့်၊ အသေက္ခဘုံအဆင့်ဟူသော ဌာနနှစ်ပါးတို့၌ အထူးအပြားကိုသိခြင်းသို့ ရောက်ကုန်၏။

အဂ္ဂသာဝက၊ မဟာသာဝကတို့အား အသေက္ခဘုံ (ရဟန္တာအဖြစ်)၌ အထူးအပြားကိုသိခြင်းသို့ရောက်၏။ အရှင်အာနန္ဒာ၊ စိတ္တသူကြွယ်၊ ဓမ္မိကဥပါသကာ၊ ဥပါလိသူကြွယ်၊ ခုဇ္ဇုတ္တရာဥပါသိကာမ စသည်တို့အား သေက္ခဘုံ (သေက္ခပုဂ္ဂိုလ်အဖြစ်)၌ အထူးအပြားကို သိခြင်းသို့ရောက်ကုန်၏။

**ပဋိသမ္ဘိဒါဉာဏ်သန့်ရှင်းထက်မြက်ခြင်းအကြောင်း (၅) ပါး**

(၁) အဓိဂမ - အရဟတ္တဖိုလ်သို့ရောက်ခြင်းဟူသောတရားအထူးကို ရခြင်း၊
(၂) ပရိယတ္တိ - မြတ်စွာဘုရား၏တရားတော်ကို သင်ယူခြင်း၊
(၃) သဝန - သူတော်ကောင်းတရားကို စီးပွားကဲ့သို့နှလုံးသွင်း၍ ရိုသေစွာနာကြားခြင်း၊
(၄) ပရိပုစ္ဆာ - ပါဠိ၊ အဋ္ဌကထာစသည်တို့၌ အနက်အဓိပ္ပာယ်အသိခက်သည့်ပုဒ်တို့၏အဆုံးအဖြတ်ကို အဖန်ဖန်မေးမြန်းခြင်း၊
(၅) ပုဗ္ဗယောဂ - ရှေးရှေးဘုရားရှင်တို့၏သာသနာ၌ ဂတပစ္စာဂတ (ဆွမ်းခံအသွားအပြန် ကမ္မဋ္ဌာန်းအားထုတ်ခြင်း) ကျင့်ဝတ်ရှိ၍ ဝိပဿနာကို

ဝေါဒြဘူအနီး အနုလောမဉာဏ်တိုင်အောင် အားထုတ်ဖူးခြင်း။

မြတ်စွာဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့သည် ပုဗ္ဗယောဂနှင့် အဓိဂမတို့ကိုမှီ၍ ပဋိသမ္ဘိဒါဉာဏ်သို့ရောက်ကုန်၏။ တပည့်သာဝကတို့သည် အကြောင်းအလုံးစုံတို့ကို မှီ၍ ပဋိသမ္ဘိဒါ ဉာဏ်သို့ ရောက်ကုန်၏။ သို့သော် ပဋိသမ္ဘိဒါ ဉာဏ်သို့ ရောက်ရန် အသီးအခြား ကမ္မဋ္ဌာန်းဘာဝနာကို အားထုတ်ရခြင်းမည်သည် မရှိချေ။ သေက္ခပုဂ္ဂိုလ်တို့အား သေက္ခဖိုလ်ဟူသည့် ဝိမောက္ခ၏အဆုံး၌ပင်လျှင် ပဋိသမ္ဘိဒါသို့ ရောက်ခြင်း ကိစ္စပြီး၏။ ရဟန္တာတို့အား အရဟတ္တဖိုလ်ဟူသော ဝိမောက္ခ၏အဆုံး၌ပင်လျှင် ပဋိသမ္ဘိဒါသို့ ရောက်ခြင်းကိစ္စပြီး၏။

**ပညာ၏ဘူမိ-မူလ-သရီရ**

**"ပညာကို အဘယ်သို့ ပွားစေအပ်သနည်း"** ဟူသောမေးခွန်း၌ ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်စသည် အပြားရှိသောတရားတို့သည် (ဝိပဿနာ) ပညာ၏ဖြစ်ရာဘုံ **(ဘူမိ)** ဖြစ်၏။

သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိတို့သည် (ဝိပဿနာ)ပညာ၏ အခြေအမြစ် **(မူလ)** ဖြစ်၏။

ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိဟူသော ဝိသုဒ္ဓိငါးပါးတို့သည် ပညာ၏ကိုယ်ထည် **(သရီရ)** ဖြစ်၏။

ဝိပဿနာပညာ၏ဖြစ်ရာဘုံ (ဘူမိ) ဟူသော ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်စသည့် တရားတို့တွင် **ခန္ဓာ**ဟူသည်မှာ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူသော ခန္ဓာငါးပါးဖြစ်၏။

## ၂ ရူပက္ခန္ဓာအကြောင်း

**ရူပက္ခန္ဓာဟူသည်အဘယ်နည်း**

အအေးအပူစသည်တို့ကြောင့် ဖောက်ပြန်ခြင်းလက္ခဏာရှိသော ရုပ်တရား အားလုံးကို ဉာဏ်ဖြင့်တစ်ပေါင်းတည်းပြု၍ ရူပက္ခန္ဓာ (ရုပ်အစု) ဟု သိအပ်၏။

ထိုရူပက္ခန္ဓာဟူသောရုပ်အစုသည် ဖောက်ပြန်ခြင်းလက္ခဏာအားဖြင့် တစ်မျိုးတည်းဖြစ်သော်လည်း ဘူတရုပ်၊ ဥပါဒါရုပ်ဟူ၍ နှစ်မျိုးကွဲပြား၏။

**ဘူတရုပ်(၄)ပါး**

ဘူတရုပ်သည် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်ဟူ၍ ၄ ပါး အပြားရှိ၏။ ဤဓာတ်လေးပါးတို့၏လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်တို့ကို စတုဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းပြဆိုရာ၌ စာမျက်နှာ ၁၆၀ တွင်ဖော်ပြခဲ့ပေပြီ။ ပဒဋ္ဌာန်အားဖြင့်

မူကား ထိုဓာတ်လေးပါးတို့သည် ကြွင်းသောဓာတ်သုံးပါးလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိကုန်၏။ ဥပမာ ပထဝီဓာတ်၏ပဒဋ္ဌာန်သည် အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တို့ ဖြစ်၏။

**ဥပါဒါရုပ်(၂၄)ပါး**

ဥပါဒါရုပ်ထက် ပို၍ကြီးကျယ်ထင်ရှားသော ဘူတရုပ် (၄)ပါးကို မှီတွယ်၍ ဖြစ်ကြသော ဥပါဒါရုပ်သည် (၂၄) ပါးအပြားရှိ၏။ ဘူတရုပ် (၄) ပါး + ဥပါဒါရုပ် (၂၄)ပါး အားဖြင့် စုစုပေါင်းရုပ် (၂၈) ပါးရှိပါသည်။ ဥပါဒါရုပ် (၂၄) ပါးတို့မှာ-

(၁) စက္ခုပသာဒ - မျက်စိအကြည်ရုပ်၊
(၂) သောတပသာဒ - နားအကြည်ရုပ်၊
(၃) ဃာနပသာဒ - နှာခေါင်းအကြည်ရုပ်၊
(၄) ဇိဝှာပသာဒ - လျှာအကြည်ရုပ်၊
(၅) ကာယပသာဒ - ကိုယ်အကြည်ရုပ်၊
(၆) ရူပါရုံ - အဆင်းရုပ်၊
(၇) သဒ္ဒါရုံ - အသံရုပ်၊
(၈) ဂန္ဓာရုံ - အနံ့ရုပ်၊
(၉) ရသာရုံ - အရသာရုပ်၊
(၁၀)ဣတ္ထိန္ဒြေ - အမဖြစ်ရန်အစိုးရသောရုပ် (ဣတ္ထိဘာဝရုပ်)
(၁၁)ပုရိသိန္ဒြေ - အဖိုဖြစ်ရန်အစိုးရသောရုပ် (ပုမ္ဘာဝရုပ်)
(၁၂)ဇီဝိတိန္ဒြေ - အသက်ရှင်ရန်အစိုးရသောရုပ် (ဇီဝိတရုပ်)
(၁၃)ဟဒယဝတ္ထုရုပ် - စိတ်နှလုံးမှီရာရုပ်၊
(၁၄)ကာယဝိညတ်ရုပ် - ကိုယ်အမူအရာအထူး၊
(၁၅)ဝစီဝိညတ်ရုပ် - နှုတ်အမူအရာအထူး၊
(၁၆)အာကာသဓာတ် - ကလာပ်မှုန်ကိုပိုင်းခြားတတ်သော ပရိစ္ဆေဒရုပ်၊
(၁၇)လဟုတာရုပ် - ရုပ်အစစ်၏ပေါ့ပါးခြင်းသဘော၊
(၁၈)မုဒုတာရုပ် - ရုပ်အစစ်၏နူးညံ့ခြင်းသဘော၊
(၁၉)ကမ္မညတာရုပ် - ရုပ်အစစ်၏ကောင်းမွန်ခန့်ညားခြင်းသဘော၊
(၂၀)ဥပစယရုပ် - ဥပါဒ်ခဏ၌ရှိသည့် ရုပ်အစစ်တို့၏ အစဦးဖြစ်ခြင်းသဘော၊
(၂၁)သန္တတိရုပ်-ဥပါဒ်ခဏ၌ရှိသည့် ရုပ်အစစ်တို့၏ ဆက်ကာဖြစ်ခြင်းသဘော၊
(၂၂)ဇရတာရုပ် - ဌီခဏ၌ရှိသော ရုပ်အစစ်တို့၏ ရင့်ရော်ခြင်းသဘော၊
(၂၃)အနိစ္စတာရုပ် - ဘင်ခဏ၌ရှိသော ရုပ်အစစ်တို့၏ ပျက်ခြင်းသဘော၊
(၂၄)ကဗဠီကာရ - အစားအစာ၌ပါသော အဆီအနှစ်အစေး ဩဇာရုပ် တို့တည်း။

**ပသာဒရုပ်တို့၏လက္ခဏာ၊ ရသစသည်**

**မျက်စိအကြည်ရုပ် - စက္ခုပသာဒသည်**

(က) အဆင်းထင်ထိုက်သော ဘူတရုပ်တို့၏ကြည်လင်ခြင်း လက္ခဏာရှိ၏။ တစ်နည်းကား မြင်လိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့် ဖြစ်သော ဘူတရုပ်တို့၏ ကြည်ခြင်းလက္ခဏာရှိ၏။

(ခ) အဆင်းရူပါရုံများဆီသို့ ဆွဲပို့ခြင်းကိစ္စ (ရသ) ရှိ၏။

(ဂ) စက္ခုဝိညာဏ်ခေါ် မြင်သိစိတ်၏တည်ရာအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏ (ပစ္စုပဋ္ဌာန်)။

(ဃ)မြင်လိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့သည် နီးသောအကြောင်း (ပဒဋ္ဌာန်) ဖြစ်၏။

**သောတပသာဒခေါ် နားအကြည်ရုပ်သည်**

(က) အသံထင်ထိုက်သော ဘူတရုပ်တို့၏ကြည်လင်ခြင်း လက္ခဏာရှိ၏။ တစ်နည်းကား ကြားလိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့် ဖြစ်သော ဘူတရုပ်တို့၏ကြည်ခြင်း လက္ခဏာရှိ၏။

(ခ) အသံ- သဒ္ဒါရုံများဆီသို့ ဆွဲပို့ခြင်းကိစ္စ (ရသ) ရှိ၏။

(ဂ) သောတဝိညာဏ်ခေါ် ကြားသိစိတ်၏တည်ရာအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။ (ပစ္စုပဋ္ဌာန်)

(ဃ)ကြားလိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့သည် နီးသောအကြောင်း (ပဒဋ္ဌာန်) ဖြစ်၏။

**ဃာနပသာဒခေါ် နှာခေါင်းအကြည်ရုပ်သည်**

(က) အနံ့ထင်ထိုက်သော ဘူတရုပ်တို့၏ကြည်လင်ခြင်း လက္ခဏာရှိ၏။ တစ်နည်းကား နံလိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့် ဖြစ်သော ဘူတရုပ်တို့၏ကြည်ခြင်း လက္ခဏာရှိ၏။

(ခ) အနံ့- ဂန္ဓာရုံများဆီသို့ ဆွဲပို့ခြင်းကိစ္စ (ရသ) ရှိ၏။

(ဂ) ဃာနဝိညာဏ်ခေါ် နံသိစိတ်၏တည်ရာအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ)နံလိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့သည် နီးသောအကြောင်း (ပဒဋ္ဌာန်) ဖြစ်၏။

**ဇိဝှာပသာဒခေါ် လျှာအကြည်ရုပ်သည်**

(က) အရသာထင်ထိုက်သော ဘူတရုပ်တို့၏ကြည်ခြင်း လက္ခဏာရှိ၏။ တစ်နည်းကား အရသာခံစားလိုသည့် တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ကြည်ခြင်း လက္ခဏာရှိ၏။

(ခ) အရသာ- ရသာရုံများဆီသို့ ဆွဲပို့ခြင်းကိစ္စ (ရသ) ရှိ၏။
(ဂ) ဇိဝှာဝိညာဏ်ခေါ် အရသာသိစိတ်၏ တည်ရာအဖြစ်ဖြင့် ဉာဏ်အားရှေးရှု ထင်၏။ (ပစ္စုပဋ္ဌာန်)
(ဃ)အရသာခံစားလိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့သည် နီးသောအကြောင်း (ပဒဋ္ဌာန်) ဖြစ်၏။

**ကာယပသာဒခေါ် ကိုယ်အကြည်ရုပ်သည်**

(က) တွေ့ထိစရာ ဖောဋ္ဌဗ္ဗာရုံထင်ထိုက်သော ဘူတရုပ်တို့၏ကြည်လင်ခြင်း လက္ခဏာရှိ၏။ တစ်နည်းကား တွေ့ထိလိုသည့်တဏှာလျှင် အကြောင်း ရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ကြည်ခြင်း လက္ခဏာရှိ၏။
(ခ) တွေ့ထိစရာ ဖောဋ္ဌဗ္ဗာရုံများဆီသို့ ဆွဲပို့ခြင်းကိစ္စ (ရသ) ရှိ၏။
(ဂ) ကာယဝိညာဏ်ခေါ် ထိသိစိတ်၏တည်ရာအဖြစ်ဖြင့် ဉာဏ်အားရှေးရှု ထင်၏။ (ပစ္စုပဋ္ဌာန်)
(ဃ)တွေ့ထိလိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်ကုန်သော ဘူတရုပ်တို့သည် နီးသောအကြောင်း (ပဒဋ္ဌာန်) ဖြစ်၏။

**အသမ္ပတ္တ ဝိသယဂါဟကရုပ် (၂) ပါး**

ပသာဒရုပ်ငါးပါးတွင် စက္ခုပသာဒနှင့် သောတပသာဒတို့သည် မိမိထံသို့ မရောက်လာသောအာရုံကို ယူတတ်ကြ၏။ အဘယ့်ကြောင့်ဆိုသော် မိမိ၏မှီရာ ဘူတရုပ်ကို မကပ်ငြိသည့် မှီရာရှိသည်သာလျှင် ဖြစ်သောအာရုံ၌ အသိဝိညာဏ်ဖြစ် ခြင်း၏အကြောင်းဖြစ်သောကြောင့်တည်း။ ထို့ကြောင့် စက္ခုပသာဒနှင့် သောတ ပသာဒတို့သည် အသမ္ပတ္တဝိသယဂါဟကရုပ်များ ဖြစ်ကြ၏။

**သမ္ပတ္တ ဝိသယဂါဟကရုပ် (၃) ပါး**

ဃာနပသာဒ၊ ဇိဝှာပသာဒ၊ ကာယပသာဒရုပ်တို့သည် မိမိထံသို့ရောက်လာ သောအာရုံကို ယူတတ်ကြ၏။ အကြောင်းမှာ ထိုပသာဒရုပ်တို့သည် မှီရာမဟာဘုတ် တို့၏အစွမ်းအားဖြင့်လည်းကောင်း၊ ဖောဋ္ဌဗ္ဗရုပ်ကိုယ်တိုင်သည်လည်းကောင်း၊ နှာခေါင်း၊ လျှာ၊ ကိုယ်ထည်ဟူသော မိမိ၏မှီရာမဟာဘုတ်ကို ငြိကပ်မှုရှိသည့်အာရုံ၌ ဝိညာဏ်ဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ မိမိထံသို့ရောက်လာ သောအာရုံကို ယူကြခြင်းဖြစ်၏။ ထို့ကြောင့် ထိုပသာဒရုပ်သုံးခုသည် သမ္ပတ္တ ဝိသယ ဂါဟကရုပ်များ ဖြစ်ကြ၏။

**ပသာဒရုပ်တို့၏တည်နေရာ**

မျက်တောင်မွေးအညိုတို့ဖြင့်ဝန်းရံလျက် မျက်နက်ဝန်း၊ မျက်ဖြူဝန်းတို့ဖြင့် ဆန်းကြယ်သော ကြာညိုပွင့်ချပ်နှင့်တူသည့်အသားစိုင်ကို **"မျက်စိ"** ဟု လောက၌

ခေါ်ဆိုကြ၏။ အခြားရုပ်အပေါင်းဟူသော အဆောက်အအုံတို့နှင့်တကွဖြစ်၍ **"သသမ္ဘာရစက္ခု"** ဟုလည်းခေါ်၏။ ထိုသသမ္ဘာရစက္ခုမည်သော မျက်စိ၏မျက်နက်ဝန်းအလယ်၌ မျက်စိရှေ့ရှိ အရာဝတ္ထု၏ပုံရိပ်ထင်၏။ ထိုပုံရိပ်ထင်ရာအရပ်၌ မျက်လွှာခုနှစ်ခုတို့ကိုပြန့်နှံ့လျက် **စက္ခုပသာဒ**တည်၏။ ဂွမ်းလွှာခုနှစ်ထပ်၌ သွန်းလောင်းထည့်လိုက်သည့်ဆီက ပြန့်နှံ့၍တည်သကဲ့သို့တည်း။ စက္ခုပသာဒ၏ ပမာဏမှာ သန်းဦးခေါင်းမျှသာရှိ၏။

အထိန်းတော်လေးယောက်တို့က ချီပိုး၊ ရေချိုး၊ တန်ဆာဆင်၊ ရပ်ခပ်ပေးကြသော မင်းသားကဲ့သို့ ဓာတ်လေးပါးတို့က ခံဆောင်၊ စိုဖွဲ့၊ ရင့်ကျက်၊ လှုပ်ရှားခြင်းကိစ္စတို့ဖြင့် ကျေးဇူးပြုခံရသော စက္ခုပသာဒသည် ဥတု၊ စိတ်၊ အာဟာရတို့က ထောက်ပံ့ပြီး၊ ဇီဝိတိန္ဒြေက စောင့်ရှောက်ပေးကာ အတူဖြစ်ကြသည့် အဆင်း၊ အနံ့၊ အရသာစသော ရုပ်တို့ကခြံရံလျက် စက္ခုဝိညာဏ်၏ ဝတ္ထုအဖြစ် ဒွါရအဖြစ်ကို ပြီးစေ၍ တည်၏။

ကျန်ပသာဒရုပ်လေးခုတို့သည်လည်း အလားတူပင် ဓာတ်လေးပါးတို့က ကျေးဇူးပြုလျက် ဥတု၊ စိတ်၊ အာဟာရတို့ကထောက်ပံ့ပြီး ဇီဝိတိန္ဒြေက စောင့်ရှောက်ကာ အတူဖြစ်ကြသည့် အဆင်း၊ အနံ့၊ အရသာစသောရုပ်တို့ကခြံရံလျက် သောတဝိညာဏ်၊ ဃာနဝိညာဏ်စသည်၏ ဝတ္ထုအဖြစ် ဒွါရအဖြစ်ကို ပြီးစေ၍ တည်ကြ၏။

**သောတပသာဒ**ခေါ် နားအကြည်သည် သသမ္ဘာရသောတခေါ် နားပေါက်အတွင်း၌ နီသည့်အမွေးတို့ စီရရီပေါက်ရောက်ရာ လက်စွပ်ကွင်းသဏ္ဌာန်ရှိသော အရပ်၌တည်၏။

**ဃာနပသာဒ**မည်သည့် နှာခေါင်းအကြည်သည် သသမ္ဘာရဃာနခေါ် နှာခေါင်းပေါက်အတွင်း၌ ဆိတ်ခွါသဏ္ဌာန်ရှိသောအရပ်၌ တည်၏။

**ဇိဝှာပသာဒ**မည်သည့် လျှာအကြည်သည် သသမ္ဘာရဇိဝှာခေါ် လျှာအလယ်၏ အထက် အပေါ်ယံတွင် ကြာပွင့်ချပ်၏အဖျားပိုင်းသဏ္ဌာန်ရှိသောအရပ်၌ တည်၏။

**ကာယပသာဒ**ခေါ် ကိုယ်အကြည်သည် ဥပါဒိန္နရုပ်မည်သည့် ကမ္မဇရုပ်ရှိရာ အလုံးစုံသောအရပ်တို့၌ ဝါဂွမ်းလွှာတွင် ဆီပြန့်နှံ့သကဲ့သို့ ပြန့်နှံ့လျက် တည်၏။

ဤပသာဒရုပ် ၅-ပါးတို့သည် ရူပါရုံ၊ သဒ္ဒါရုံစသည့် မိမိတို့၏ကျက်စားရာ အာရုံအသီးသီးဆီသို့ ညွတ်ကိုင်းလျက်တည်ကြ၏။ ဥပမာအားဖြင့် မြွေသည် တောင်ပို့ခေါင်းသို့၊ မိကျောင်းသည် ရေနက်ရာသို့၊ ငှက်သည် ကောင်းကင်သို့၊ ခွေးသည် ရွာသို့၊ မြေခွေးသည် သုသာန်သို့ မိမိတို့၏ကျက်စားရာအသီးသီးဆီသို့ ညွတ်ကိုင်းနေကြသကဲ့သို့တည်း။

**ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံတို့၏ လက္ခဏာစသည်**

**ရူပါရုံခေါ် အဆင်းသည်**

(က) မျက်စိအကြည်၌ ထိခိုက်၊ ထင်ပေါ်ခြင်း လက္ခဏာရှိ၏။
(ခ) စက္ခုဝိညာဏ်ခေါ် မြင်သိစိတ်၏ အာရုံဖြစ်ခြင်းကိစ္စ (ရသ) ရှိ၏။
(ဂ) စက္ခုဝိညာဏ်၏ကျက်စားရာအာရုံအဖြစ် ထင်သောအခြင်းအရာ ရှိ၏။
(ဃ)မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။
(င) အညို၊ အရွှေစသည့် အရောင်အစွမ်းဖြင့် များသောအပြားရှိ၏။

**သဒ္ဒါရုံခေါ် အသံသည်**

(က) နားအကြည်၌ ထိခိုက်၊ ထင်ပေါ်ခြင်း လက္ခဏာရှိ၏။
(ခ) သောတဝိညာဏ်ခေါ် ကြားသိစိတ်၏ အာရုံဖြစ်ခြင်းကိစ္စ (ရသ) ရှိ၏။
(ဂ) သောတဝိညာဏ်၏ကျက်စားရာအာရုံအဖြစ်ထင်သော အခြင်းအရာ ရှိ၏။
(ဃ)မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။
(င) စည်ကြီးသံ၊ မရိုးစည်သံစသည်ဖြင့် များသောအပြားရှိ၏။

**ဂန္ဓာရုံခေါ် အနံ့သည်**

(က) နှာခေါင်းအကြည်၌ ထိခိုက်၊ ထင်ပေါ်ခြင်း လက္ခဏာရှိ၏။
(ခ) ဃာနဝိညာဏ်ခေါ် နံသိစိတ်၏ အာရုံဖြစ်ခြင်းကိစ္စ (ရသ) ရှိ၏။
(ဂ) ဃာနဝိညာဏ်၏ကျက်စားရာအာရုံအဖြစ်ထင်သော (ပစ္စုပဋ္ဌာန်) ရှိ၏။
(ဃ)မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။
(င) အမြစ်နံ့၊ အနှစ်နံ့ စသည်ဖြင့် များသောအပြားရှိ၏။

**ရသာရုံခေါ် အရသာသည်**

(က) လျှာအကြည်၌ ထိခိုက်၊ ထင်ပေါ်ခြင်း လက္ခဏာရှိ၏။
(ခ) ဇိဝှာဝိညာဏ်ခေါ် စားသိစိတ်၏ အာရုံဖြစ်ခြင်းကိစ္စ (ရသ) ရှိ၏။
(ဂ) ဇိဝှာဝိညာဏ်၏ကျက်စားရာအာရုံအဖြစ်ထင်သော အခြင်းအရာ ရှိ၏။
(ဃ)မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။
(င) အမြစ်အရသာ၊ ပင်စည်အရသာစသည်ဖြင့် များသောအပြားရှိ၏။

**ဘာဝရုပ် (၂) ပါး၏ လက္ခဏာစသည်**

**ဣတ္ထိဘာဝရုပ်ခေါ် ဣတ္ထိန္ဒြေသည်**

(က) မိန်းမစသည့် အမသတ္တဝါဖြစ်ကြောင်း လက္ခဏာရှိ၏။
(ခ) မိန်းမစသည့် အမသတ္တဝါဖြစ်သည်ဟု ပြခြင်းကိစ္စ (ရသ) ရှိ၏။
(ဂ) ဣတ္ထိလိင်၊ ဣတ္ထိနိမိတ္တ၊ ဣတ္ထိကုတ္တ၊ ဣတ္ထိအာကပ္ပတို့၏ အကြောင်းအဖြစ် ရှေးရှုထင်သော အခြင်းအရာ ရှိ၏။

(ဃ)မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။

**မှတ်ချက်** - ***ကက္ခဠလိင်***ဟူသည်မှာ လုံးသော့ပွခုံး၊ မသန့်ရှင်း၊ မခန့်ညားသည့် လက်ခြေစသည်ရှိခြင်းဟူသော မိန်းမ၏သဏ္ဌာန်မည်၏။

***ကက္ခဠနိမိတ္တ***သည် သားမြတ်ကြီးခြင်း၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး မရှိခြင်း၊ ဆံပင် ထုံးပုံ၊ ထမီဝတ်ပုံစသည့် မိန်းမဟု မှတ်သိရသော အကြောင်း နိမိတ်ဖြစ်၏။

***ကက္ခဠကုတ္တ***သည် ငယ်စဉ်အခါက ဇန်းအတု၊ ကျည်ပွေ့အတု စသည်တို့ဖြင့် ကစားခြင်းစသော မိန်းမ၏အပြုအမူဖြစ်၏။

***ကက္ခဠအာကပ္ပ***သည် မခန့်ညားသောရပ်ပုံ၊ သွားပုံ၊ ဆီးစွန့်ပုံစသည့် မိန်းမ၏ အခြင်းအရာဖြစ်၏။

**ပုရိသဘာဝရုပ်ခေါ် ပုရိသိန္ဒြေသည်**

(က) ယောကျ်ားစသည့် အထီးသတ္တဝါဖြစ်ကြောင်း လက္ခဏာရှိ၏။

(ခ) ယောကျ်ားစသည့် အထီးသတ္တဝါဖြစ်သည်ဟု ပြခြင်းကိစ္စ (ရသ) ရှိ၏။

(ဂ) ပုရိသလိင်၊ ပုရိသနိမိတ္တ၊ ပုရိသကုတ္တ၊ ပုရိသအာကပ္ပတို့၏ အကြောင်း အဖြစ်ရှေးရှုထင်သောအခြင်းအရာ (ပစ္စုပဋ္ဌာန်) ရှိ၏။

(ဃ)မှီရာမဟာဘုတ်လေးပါးလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။

**မှတ်ချက်**- ဘာဝရုပ်နှစ်ပါးလုံးပင် ကာယပသာဒကဲ့သို့ တစ်ကိုယ်လုံးကို ပြန့်နှံ့၍ တည်၏။ သို့သော် ကာယပသာဒတည်ရာအရပ်၌တည်၏ သို့မဟုတ် ကာယပသာဒ မတည်ရာအရပ်၌တည်၏ဟု မဆိုအပ်ပါ။ အဆင်းရုပ်နှင့် အရသာရုပ်စသည် တို့ကဲ့သို့ အချင်းချင်းရောယှက်ခြင်းမရှိပါ။

**ဇီဝိတိန္ဒြေ၏လက္ခဏာစသည်**

(က) အတူဖြစ်ဖက် ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်းလက္ခဏာရှိ၏။

(ခ) အတူဖြစ်ဖက် ကမ္မဇရုပ်တို့ကို ဖြစ်မြဲတိုင်းဖြစ်သွားစေခြင်း၊ မျှတစေခြင်း (ကိစ္စ) ရှိ၏။

(ဂ) အတူဖြစ်ဖက် ကမ္မဇရုပ်တို့ကို တည်မြဲတိုင်း တည်စေသည့်အနေအားဖြင့် ရှေးရှုထင်သော အခြင်းအရာရှိ၏။

(ဃ)ဖြစ်စေအပ်၊ မျှတစေအပ်သည့် ဘူတရုပ်တို့လျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်**-*(၁) ဇီဝိတိန္ဒြေခေါ် ဇီဝိတရုပ်သည် အတူဖြစ်ဖက်ကမ္မဇရုပ်တို့၏ ရှိဆဲခဏ၌သာလျှင် ၎င်းကမ္မဇရုပ်တို့ကို စောင့်ရှောက်တတ်၏။ ဥပမာအားဖြင့် ရေသည် ကြာစသည်တို့ကို ကြာစသည်ရှိဆဲ ခဏ၌သာ စောင့်ရှောက်သကဲ့သို့ တည်း။*

*(၂) အတူဖြစ်ဖက် ကမ္မဇရုပ်များနှင့် ဇီဝိတရုပ်တို့သည်ဆိုင်ရာ အကြောင်းကံ၏ အကျိုးဖြစ်ကြသော်လည်း ထိုအကျိုးရုပ်တရားတို့ကို ဇီဝိတရုပ်က စောင့်ရှောက်၏။ အထိန်းတော်က သူတစ်ပါး၏သားဖြစ်သောသူငယ်ကို စောင့်ရှောက်သကဲ့သို့တည်း။*

*(၃) မိမိကဖြစ်မြဲဖြစ်သွားစေအပ်၊ မျှတစေအပ်သော အတူဖြစ်ဖက် ကမ္မဇရုပ်တို့နှင့် ဆက်စပ်၍သာလျှင် မိမိသည်လည်း ဖြစ်မြဲဖြစ်သွား၏။ မျှတ၏။ လှေသူကြီးသည် မိမိလှော်ခတ်သောလှေနှင့် အတူသွားသကဲ့သို့တည်း။*

*(၄) ဘင်ခဏ၌မူ အတူဖြစ်ဖက်ရုပ်တို့ကို မတည်စေနိုင်ပေ။ အကြောင်းမှာ မိမိကိုယ်တိုင် ပျက်ဆဲဖြစ်ခြင်းကြောင့်ပင်တည်း။ ဥပမာအားဖြင့် ကုန်ဆဲဖြစ်သော မီးစာနှင့် ဆီသည် မီးလျှံကို မတည်စေနိုင်သကဲ့သို့တည်း။ ဘင်ခဏ၏နောက်၌ကား ဇီဝိတရုပ်သည် ဖြစ်မသွားတော့၊ မမျှတတော့ချေ။ အကြောင်းမှာ မိမိရော မိမိဖြစ်သွားစေအပ်၊ မျှတစေအပ်သည့် ရုပ်တို့ရော မရှိတော့ခြင်းကြောင့်ပင်တည်း။*

**ဟဒယဝတ္ထုရုပ်၏လက္ခဏာစသည်**

(က) ဟဒယဝတ္ထုသည် မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏မှီရာ လက္ခဏာ ရှိ၏။

(ခ) မနောဓာတ်၊ မနောဝိညာဏဓာတ်တို့၏ တည်ရာကိစ္စ (ရသ) ရှိ၏။

(ဂ) အဆိုပါ ဓာတ်နှစ်ပါးကို ထမ်းရွက်နေသည့် အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်၏။

(ဃ) နှလုံးသား၏အတွင်း၌ သွေးကိုမှီ၍ ခံဆောင်ထားခြင်းစသည့် ကိစ္စရှိကြသော ဘူတရုပ်တို့က ကျေးဇူးပြုထား၍ ကံကဖြစ်စေပြီး ဥတု၊ စိတ်၊ အာဟာရတို့က ထောက်ပံ့အပ်သည်ဖြစ်၍ ဇီဝိတိန္ဒြေက စောင့်ရှောက်အပ်သည်ဖြစ်၍ မနောဓာတ် မနောဝိညာဏဓာတ်တို့နှင့်တကွ ယှဉ်ဖက်စေတသိက်တို့၏ တည်ရာဝတ္ထုအဖြစ်ကို ပြီးစေလျက်တည်၏။

**ကာယဝိညတ်ရုပ်၏လက္ခဏာစသည်**

(က) ရှေ့သို့သွားခြင်းစသည်တို့ကို ဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်၏ အတူဖြစ်ဖက် ရုပ်အပေါင်းကိုယ်ကို တောင့်တင်းစေခြင်း၊ ကောင်းစွာတည်စေခြင်း၊ လှုပ်ရှားစေခြင်းအားဖြင့် ကျေးဇူးပြုသော (ဝါ) ကိုယ်လှုပ်ရှားစေခြင်းတို့၏ အကြောင်း အထောက်အပံ့ဖြစ်သော ကိုယ်အမူအရာ အထူးသည် ကာယဝိညတ်မည်၏။

(ခ) ကာယဝိညတ်သည် ကိုယ်အမူအရာ အထူးပြုသူ၏ အလိုကို ပြခြင်းကိစ္စရှိ၏။

(ဂ) ကိုယ်လှုပ်ရှားခြင်းအကြောင်းအဖြစ်ဖြင့် ရှုသိသောဉာဏ်အား ရှေးရှုထင်၏။

(ဃ)စိတ္တဇဝါယောဓာတ်လျှင် နီးသောအကြောင်း (ပဒဋ္ဌာန်)ရှိ၏။

**မှတ်ချက်**-*(၁) ကာယဝိညတ်သည် ကိုယ်၏လှုပ်ရှားခြင်းဖြင့် လှုပ်ရှားသူ၏ အလိုကို သိစေသည့်အကြောင်းဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဝိညတ်ရုပ်ဟူသော မိမိကိုယ်တိုင်ကိုလည်း ကိုယ်၏လှုပ်ရှားခြင်း ဟူသော(ဝါ) လှုပ်သောကိုယ်ဟုဆိုအပ်သော ကာယဖြင့် သိအပ်သောကြောင့်လည်းကောင်း ၎င်းကို ကာယဝိညတ်ဟုခေါ်ဆိုအပ်၏။*

*(၂) ကာယဝိညတ်ကလှုပ်ရှားစေသည့် စိတ္တဇရုပ်တို့နှင့် ဆက်စပ်ကုန်သော ဥတုဇရုပ်စသည်တို့လည်း လှုပ်ရှားခြင်းကြောင့် ရှေ့သို့သွားခြင်းစသောအမှုတို့သည် မပြတ်ဖြစ်နေကြသည်ဟု သိအပ်၏။*

**ဝစီဝိညတ်ရုပ်၏လက္ခဏာစသည်**

(က) နှုတ်မြွက်ပြောဆိုခြင်းကို ဖြစ်စေတတ်သော စိတ္တဇပထဝီဓာတ်၏ ကမ္မဇပထဝီဓာတ်ကို ထိတိုက်မှုအားကျေးဇူးပြုသော နှုတ်မြွက်ပြောဆိုသံဖြစ်ပေါ်လာစေသည့် နှုတ်အမူအရာအထူးသည် ဝစီဝိညတ်မည်၏။

(ခ) ဝစီဝိညတ်သည် ပြောဆိုသူ၏အလိုကို ပြခြင်းကိစ္စ (ရသ) ရှိ၏။

(ဂ) နှုတ်ဖြင့်ပြောဆိုသံ၏အကြောင်းအဖြစ်ဖြင့် ရှုသိဉာဏ်အား ရှေးရှုထင်၏။

(ဃ)စိတ္တဇပထဝီဓာတ်လျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။

**မှတ်ချက်**-*(၁) ဝစီဝိညတ်သည် နှုတ်မြွက်ပြောဆိုသောစကားသံဖြင့် ပြောသူ၏ အလိုကို သိစေတတ်သည့် အကြောင်းဖြစ်ခြင်းကြောင့် လည်းကောင်း၊ ဝိညတ်ရုပ်ဟူသော မိမိကိုယ်တိုင်ကိုလည်း နှုတ်မြွက်သံဟူသည့် ထိုစကားဖြင့် သိအပ်သောကြောင့်လည်းကောင်း၊ ၎င်းကို ဝစီဝိညတ်ဟုခေါ်ဆိုအပ်၏။*

*(၂) ဥပမာပြရလျှင် တောထဲ၌ စိုက်ထူ ဖွဲ့ချည်ထားသော နွားခေါင်းရိုးစသည့် ရေရရှိကြောင်းပြသော နိမိတ်ကိုမြင်၍ ဤအရပ်၌ ရေရှိသည်ကို သိရသကဲ့သို့ ဤအတူပင် ကိုယ်၏လှုပ်ရှားခြင်း၊ နှုတ်မြွက်ပြောဆိုခြင်းတို့ကို သိပြီးလျှင် ကာယဝိညတ်၊ ဝစီဝိညတ်တို့ကိုလည်း သိရကုန်၏။*

**အာကာသဓာတ်ခေါ် ပရိစ္ဆေဒရုပ်၏လက္ခဏာစသည်**

(က) အာကာသဓာတ်သည် ရုပ်တို့ကို ပိုင်းခြားခြင်းလက္ခဏာရှိ၏၊ (ဝါ) ရုပ်တို့၏အပိုင်းအခြားလက္ခဏာဖြစ်၏။

(ခ) ရုပ်ကလာပ်တို့၏ အဆုံးအစွန်းအပိုင်းအခြားကို ပြခြင်းကိစ္စရှိ၏။

(ဂ) ရုပ်ကလာပ်တို့၏နယ်ဆုံးအပိုင်းအခြားအနေဖြင့် ရှုသိဉာဏ်အား ရှေးရှုထင်၏၊ (ဝါ) မတွေ့ထိအပ်သည်အဖြစ်၊ အပေါက်အကြားအဖြစ်ဖြင့် ရှေးရှုထင်၏။

(ဃ) ပိုင်းခြားအပ်သောကလာပ်ရုပ်လျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်-** အာကာသဓာတ်ဖြင့် ပိုင်းခြားအပ်သောကြောင့် ကလာပ်ရုပ်တို့၌ ဤကလာပ်ရုပ်သည် ဤကလာပ်ရုပ်မှ အထက်ကျသည်၊ အောက်ကျသည်၊ ရှေ့နောက်ဝဲယာ ဖီလာကျသည်ကို သိနိုင်ပေ၏။

**လဟုတာ၊ မုဒုတာ၊ ကမ္မညတာရုပ်တို့၏လက္ခဏာစသည်**

(က) နိပ္ဖန္နရုပ်၏ ပေါ့ပါးသည့်အဖြစ်ဟူသော **လဟုတာရုပ်**သည် ပေါ့ပါးခြင်း၊ လျင်မြန်ခြင်းလက္ခဏာရှိ၏။

(ခ) နိပ္ဖန္နရုပ်၏ လေးသည့်အဖြစ်ကို ပျောက်ကင်းစေခြင်း ကိစ္စရှိ၏။

(ဂ) လျင်မြန်စွာပြန်လှန်နိုင်သည်အဖြစ်ဖြင့် ရှုသိဉာဏ်အား ရှေးရှုထင်၏။

(ဃ) ပေါ့ပါးသော နိပ္ဖန္နရုပ်လျှင် နီးသောအကြောင်းရှိ၏။

(က) နိပ္ဖန္နရုပ်၏ နူးညံ့သည့်အဖြစ်ဟူသော **မုဒုတာရုပ်**သည် ကြမ်းတမ်းခက်တရော်မှုမရှိသည့်အဖြစ်၊ နူးညံ့သည့်အဖြစ်လျှင် လက္ခဏာရှိ၏။

(ခ) နိပ္ဖန္နရုပ်၏ ကြမ်းတမ်းခက်တရော်မှုကို ပျောက်ကင်းစေခြင်း ကိစ္စရှိ၏။

(ဂ) အလုံးစုံသော ပြုလုပ်ပြောဆိုခြင်းဟူသည့် ကိုယ်နှုတ်အမူအရာတို့နှင့် မဆန့်ကျင်သည်၏အဖြစ်ဖြင့် ရှုသိဉာဏ်အား ရှေးရှုထင်၏။

(ဃ)နူးညံ့သော နိပ္ဖန္နရုပ်လျှင် နီးသောအကြောင်းရှိ၏။

(က) နိပ္ဖန္နရုပ်၏အမှု၌ ခံသည့်အဖြစ်ဟူသော **ကမ္မညတာရုပ်**သည် ကိုယ်ဖြင့်ပြုအပ်သော အမှုကိစ္စတို့အား လျော်သည်၏အဖြစ်ဟုဆိုအပ်သော အမှု၌ခံ့ကျန်းခြင်း လက္ခဏာရှိ၏။

(ခ) အမှု၌မခံ့ကျန်းခြင်းကို ပျောက်ကင်းစေခြင်း ကိစ္စရှိ၏။

(ဂ) အားမနည်းခြင်း၊ သန်စွမ်းခြင်းအနေဖြင့် ရှုသိဉာဏ်အား ရှေးရှုထင်၏။

(ဃ)အမှု၌ခံ့ကျန်းသော နိပ္ဖန္နရုပ်လျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။

**မှတ်ချက်**-(၁) စေတသိက်များ၌ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ **စိတ္တ**ကမ္မညတာတို့ပါရှိသလို လဟုတာစသည့်ရုပ်တို့ကိုလည်း ရူပဿလဟုတာ၊ ရူပဿမုဒုတာ၊ ရူပဿကမ္မညတာဟု ခေါ်ဆိုနိုင်၏။

(၂) လဟုတာ၊ မုဒုတာ၊ ကမ္မညတာ ရုပ်သုံးပါးသည် အချင်းချင်း မစွန့်ကြဘဲ ပူးတွဲလျက်ပင် ဖြစ်ကြ၏။ ဤသို့တစ်ပေါင်းတည်း ပူးတွဲလျက်ဖြစ်ကြသော်လည်း ရောဂါမရှိ ပကတိကျန်းမာသောသူ၏ ကိုယ်လက်ပေါ့ပါးခြင်းကဲ့သို့ ပေါ့ပါးသည့်အဖြစ်၊ မလေးလံသည့်အဖြစ်၊ လျင်မြန်စွာပြောင်းရွှေ့ပြန်လှန်နိုင်သည့်အဖြစ်၊ ရုပ်တို့ကို လေးလံအောင်ပြုတတ်သည့် ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်း

ကြောင့်ဖြစ်သော အကြင်ရုပ်တို့၏ အမူအရာအထူးသည်ရှိ၏။ ထိုအမူအရာအထူးသည် နိပ္ဖန္နရုပ်၏ပေါ့ပါးသည့်အဖြစ်ဟူသော **လဟုတာရုပ်**ပေတည်း။

(၃) ထို့အပြင် ကောင်းစွာနယ်ပြီးသည့် သားရေ၏နူးညံ့ခြင်းကဲ့သို့ ရုပ်၏ နူးညံ့ခြင်း၊ အလုံးစုံသောကိုယ်အမူအရာအထူးတို့၌ အလိုအတိုင်းဖြစ်ခြင်း၊ နူးညံ့သည့်ရုပ်တို့ကို ကြမ်းတမ်းခက်တရော် ရှိအောင်ပြုတတ်သည့် ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းဖြစ်ခြင်း၊ ဤအကြောင်းတို့ကြောင့်ဖြစ်သော ရုပ်တို့၏ အမူအရာအထူးသည်ရှိ၏။ ထိုအမူအရာအထူးသည် နိပ္ဖန္နရုပ်၏နူးညံ့သည့်အဖြစ်ဟူသော **မုဒုတာရုပ်**ပေတည်း။

(၄) တစ်ဖန် ကောင်းစွာလော်ပြီး ဦးပြီးသောရွှေစင်၏ အလိုရှိရာပြုရန် ခံခြင်း၊ လျော်ခြင်းကဲ့သို့ ရုပ်တို့၏ခံခြင်း၊ လျော်ခြင်းဟူသော ကိုယ်အမူအရာများဖြစ်ခြင်း၊ ကိုယ်အမူအရာတို့အား မလျော်အောင်ပြုတတ်သည့် ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းဖြစ်ခြင်း၊ ဤအကြောင်းတို့ကြောင့်ဖြစ်သော ရုပ်တို့၏ အမူအရာအထူးသည်ရှိ၏။ ထိုအမူအရာအထူးသည် နိပ္ဖန္နရုပ်၏ အမှု၌ ခံသည်၏ အဖြစ်ဟူသော ကမ္မညတာရုပ်ပေတည်း။

ဤသို့လျှင် ဤရုပ်သုံးပါးတို့၏ ထူးခြားခြင်းကို သိအပ်၏။

**ဥပစယရုပ်၊ သန္တတိရုပ်တို့၏လက္ခဏာစသည်**

(က) နိပ္ဖန္နရုပ်၏ရှေးဦးစွာဖြစ်ခြင်းဟူသော **ဥပစယရုပ်**သည် ရှေးဦးစွာဖြစ်ခြင်း လက္ခဏာရှိ၏။

(ခ) မဖြစ်ပေါ်လာသေးမီ ရှေးအဖို့-အနာဂတ်အဖို့မှ ရုပ်တို့ကိုဖြစ်ပေါ်လာစေသကဲ့သို့ ဖြစ်ခြင်းကိစ္စရှိ၏။

(ဂ) "ဤသည်တို့ကား ရုပ်တို့ပင်တည်း"ဟု အပ်နှင်းသကဲ့သို့ ဉာဏ်အား ရှေးရှုထင်၏။

(ဃ)ဖြစ်ပွါးသောရုပ်လျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ဖြစ်၏။

(က) နိပ္ဖန္နရုပ်၏ အဆက်မပြတ်ဖြစ်ခြင်းဟူသော **သန္တတိရုပ်**သည် အဆက်မပြတ်ဖြစ်ခြင်း လက္ခဏာရှိ၏။

(ခ) ရုပ်ကို ရှေ့နောက်မပြတ် ဆက်စပ်စေခြင်း ကိစ္စရှိ၏။

(ဂ) ရှေ့နောက်မပြတ် ဆက်စပ်သည့်အနေအားဖြင့် ဉာဏ်အားထင်သော အခြင်းအရာရှိ၏။

(ဃ)ရှေ့နောက်မပြတ် ဆက်စပ်သောရုပ်အပေါင်းလျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်**-(၁) ဥပစယရုပ်နှင့် သန္တတိရုပ်တို့ကိုပေါင်း၍ **ဇာတိရုပ်**ဟုလည်း ခေါ်၏။

(၂) ဥပစယနှင့် သန္တတိရုပ်နှစ်ပါးလုံးပင် ရုပ်တို့၏ဥပါဒ်ဟူသော ဇာတိရုပ်သာလျှင် ဖြစ်ကြ၏။ သို့သော် ရှေးဦးစွာဖြစ်ခြင်း၊ အဆက်မပြတ်ထပ်၍ ဖြစ်ခြင်းဟူသော ဖြစ်ပုံအခြင်းအရာကွဲပြားခြင်းကြောင့်လည်းကောင်း၊ ဝေနေယျတို့၏ အလိုအဇ္ဈာသယအားဖြင့်လည်းကောင်း၊ ဥပစယရုပ်၊ သန္တတိရုပ်ဟူ၍ ဟောတော်မူ၏။ ထိုသို့ဟောသော်လည်း ဤရုပ်နှစ်ပါးသည် အနက်အဓိပ္ပာယ်အားဖြင့် မကွဲပြားပေ။

ဤရုပ်တို့ကို အကျယ်ဟောပြရာ၌ "ရုပ်အာယတနတို့၏ အကြင်ရှေးဦးစွာဖြစ်ခြင်း **အာစယ**သည်ရှိ၏။ ထို**အာစယ**သည် နိပ္ဖန္နရုပ်၏ ရှေးဦးစွာဖြစ်ခြင်း၊ ပွါးခြင်းဟူသည့် **ဥပစယ**ပေတည်း။ ထိုဥပစယ၏နောက်၌ နိပ္ဖန္နရုပ်၏ အဆက်မပြတ်ဖြစ်ခြင်း၊ ပွါးခြင်းဟူသည့် ဥပစယသည်ရှိ၏။ ၎င်းသည် နိပ္ဖန္နရုပ်၏ ဖြစ်စဉ် **သန္တတိ**ပေတည်း" ဟူ၍ ဟောတော်မူ၏။

အဋ္ဌကထာ၌လည်း "**အာစယ**မည်သည်ကား နိပ္ဖန္နရုပ်၏ ရှေးဦးစွာဖြစ်ပေါ်ခြင်း- နိဗ္ဗတ္တိပေတည်း။ **ဥပစယ**မည်သည်ကား နိပ္ဖန္နရုပ်၏တိုးပွားခြင်း-ဝမိပေတည်း၊ သန္တတိမည်သည်ကား နိပ္ဖန္နရုပ်၏အဆက်မပြတ်ဖြစ်ခြင်း - ပဝတ္တိပေတည်း" ဟု ဖွင့်ဆိုပြီးလျှင် အောက်ပါဥပမာကိုပေး၏-

"မြစ်ကမ်းသောင်ပြင်၌ လက်ယက်တွင်းငယ်မှာ ရေထွက်လာသည့်အခါကဲ့သို့ နိဗ္ဗတ္တိခေါ် ရှေးဦးစွာဖြစ်ပေါ်ခြင်း**အာစယ** ကိုမှတ်အပ်၏။ တွင်းငယ်၌ ရေတိုးပွား၍ ရေပြည့်လာသောအခါကဲ့သို့ ဝမိ-ပွားခြင်းဟူသော **ဥပစယ**ကို သိအပ်၏။ ရေကျော်လွန်လျှံတက်သွားသောအခါကဲ့သို့ ပဝတ္တိ-အဆက်မပြတ်ဖြစ်ခြင်းဟူသော သန္တတိကိုသိအပ်၏။

**ဇရတာရုပ်၊ အနိစ္စတာရုပ်တို့၏လက္ခဏာစသည်**

(က) နိပ္ဖန္နရုပ်၏ ရင့်ရော်အိုမင်းသည့်အဖြစ်ဟူသော **ဇရတာရုပ်**သည် နိပ္ဖန္နရုပ်တို့၏ ရင့်ကျက်ခြင်းလက္ခဏာရှိ၏။

(ခ) နိပ္ဖန္နရုပ်တို့၏ ပျက်ခြင်းဘင်ခဏဆီသို့ ဆောင်ပို့ခြင်းကိစ္စရှိ၏။

(ဂ) စပါး၏ဟောင်းလာခြင်းကဲ့သို့ ခက်မာခြင်းစသည့် သဘောမကင်းကွာသေးသော်လည်း အသစ်အဖြစ်မှ ကင်းကွာခြင်းအနေဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ)ရင့်ရော်ဆဲရုပ်တို့သျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်** - သွားကျိုးခြင်း၊ ဆံဖြူခြင်းကဲ့သို့ ဖောက်ပြန်ခြင်းကို တွေ့မြင်ရသဖြင့် ထင်ရှားသည့် အိုမင်းရင့်ရော်ခြင်းကို **ပါကဋဇရာ**ဟုခေါ်၏။ ဤပါကဋဇရာကိုရည်၍ ဇရတာရုပ်ကို ဟောတော်မူ၏။

နာမ်တရားတို့မှာမူ **ပဋိစ္ဆန္နဇရာ**မည်သော ဖုံးကွယ်သည့်

အိုမင်းရင့်ရော်ခြင်းသည် ရှိ၏။ ၎င်း၌ ပါကဋဇရာကဲ့သို့ ဖောက်ပြန်ခြင်း သဘော မရှိချေ။ ကမ္ဘာမြေ၊ ရေ၊ တောင်၊ လ၊ နေ စသည်တို့၌လည်း အပိုင်းအခြားမထင်သော **အဝီစိဇရာ**မည်သည် ရှိ၏။ ထိုဇရာ၌လည်း ဤသို့ဖောက်ပြန်ခြင်းသဘော မရှိချေ။

(က) နိပ္ဖန္နရုပ်၏ မမြဲသည့်အဖြစ်ဟူသော **အနိစ္စတာရုပ်**သည် လုံးဝပျက်ခြင်း လက္ခဏာရှိ၏။

(ခ) နစ်မြုပ်သွားသကဲ့သို့ ကွယ်ပျောက်စေခြင်း ကိစ္စရှိ၏။

(ဂ) နိပ္ဖန္နရုပ်၏ ကုန်ဆုံးပျောက်ကွယ်ခြင်းအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) ပျက်ဆဲရုပ်တို့လျှင် နီးသောအကြောင်းရှိ၏။

**အာဟာရရုပ်၏လက္ခဏာစသည်**

(က) ကဗဠီကာရခေါ် အာဟာရရုပ်သည် အဆီအနှစ်ဩဇာ လက္ခဏာရှိ၏။

(ခ) အာဟာရဇရုပ်တို့ကို ဆောင်ခြင်း - ဖြစ်စေခြင်း ကိစ္စရှိ၏။

(ဂ) ရုပ်ကိုယ်ကို ထောက်ပံ့သည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) အလုပ်အလွေပြု၍ စားမျိုအပ်သောဝတ္ထုလျှင် နီးသောအကြောင်းရှိ၏။

မှတ်ချက် - (၁) သတ္တဝါတို့သည် အကြင်ဩဇာဖြင့် အသက်ရှည်မြဲရှည်၍ သွားမြဲ သွားကာ မျှတကြကုန်၏။ ကဗဠီကာရ အာဟာရဟူသောအမည် သည် ထိုမျှတနိုင်ကြောင်း ဩဇာ၏အမည်ပေတည်း။

(၂) ပြဆိုခဲ့သော ရုပ် ၂၈ ပါးတို့သည် အဘိဓမ္မာပါဠိတော်၌ လာသော ရုပ်တို့ ဖြစ်ကြ၏။ အဋ္ဌကထာ၌ ဗလရုပ်၊ သမ္ဘဝရုပ်၊ ဇာတိရုပ်၊ ရောဂရုပ်တို့ကိုလည်း ဆောင် ပြ၏။

- အမှန်တွင် ဇရတာရုပ်၊ အနိစ္စတာရုပ်တို့ကို ယူသဖြင့် ရောဂရုပ်ကို ယူပြီး ဖြစ်၏။
- ဥပစယရုပ်၊ သန္တတိရုပ်တို့ကို ယူခြင်းဖြင့် ဇာတိရုပ်ကို ယူပြီးဖြစ်၏။
- အာပေါဓာတ်ကိုယူသဖြင့် သမ္ဘဝခေါ် သုက်ရုပ်ကို ယူပြီးဖြစ်၏။
- ဝါယောဓာတ်ကိုယူသဖြင့် ဗလခေါ် ခွန်အားရုပ်ကို ယူပြီးသားဖြစ်၏။

ထို့ကြောင့် ရုပ် (၂၈) ပါးတိတိ မယုတ်မလွန်ရှိပေ၏။

**ရုပ်သည် အဘယ်မျှအပြားရှိသနည်း**

ရုပ် ၂၈ ပါးလုံးသည်ပင် - နဟေတု - ဟိတ်မမည်ပါ။
အဟေတုက - ဟိတ်မရှိပါ။
ဟေတုဝိပ္ပယုတ္တ - ဟိတ်တို့နှင့်မယှဉ်ပါ၊

သပ္ပစ္စယ - ကံစသောအကြောင်းရှိ၏၊
လောကိယ - လောကီတရားသာဖြစ်၏၊
သာသဝ - အာသဝေါတရားတို့၏အာရုံသာဖြစ်၏၊
ဤသို့စသောနည်းဖြင့် ရုပ်တွင်အကွဲအပြားမရှိ၊ ရုပ်တစ်ပါးတည်းသာရှိ၏။

*** ဒုကရုပ်ခေါ် နှစ်ပါးစီအပြားရှိသောရုပ်များ**

(၁) **အဇ္ဈတ္တိကရုပ်**(ကိုယ်တွင်းရုပ်)-အတ္တဘောကိုစွဲမှီ၍ဖြစ်သောပသာဒရုပ်၅-ပါး၊

**ဗာဟိရရုပ်** (ကိုယ်ပြင်ပရုပ်)- အဇ္ဈတ္တိကမှအပဖြစ်သောကြွင်းသည့်ရုပ်၂၃-ပါး

(၂) **ဩဠာရိကရုပ်**(ကြမ်းသောရုပ်)- ပသာဒရုပ်၅-ပါးနှင့် ဂေါစရရုပ် ၇-ပါး ဟူသည့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ဖောဋ္ဌဗ္ဗာရုံဖြစ်သည့် ပထဝီဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်၊ ဤရုပ် ၁၂-ပါးတို့သည် စက္ခုပသာဒ(မျက်စိ)နှင့် အဆင်းစသည် အချင်းချင်းထိတိုက်ခြင်း အားဖြင့်သိအပ်သောကြောင့် သိလွယ်၍ ကြမ်းသောရုပ်-ဩဠာရိကရုပ်မည်၏။

**သုခုမရုပ်** - ကြွင်းသောရုပ် ၁၆-ပါးသည် အချင်းချင်းထိတိုက်ခြင်းမရှိ သဖြင့် အသိခက်သောကြောင့် သိမ်မွေ့သောရုပ်-သုခုမရုပ် မည်၏။

(၃) **သန္တိကေရုပ်** - ဩဠာရိကရုပ်သည် သုခုမရုပ်နှင့် နှိုင်းစေလျှင် ရုန့်ကြမ်း၍ သိလွယ်သဖြင့် ဉာဏ်နှင့်နီးသောကြောင့် နီးသောရုပ် သန္တိကေရုပ်မည်၏။

**ဒူရေရုပ်** - သုခုမရုပ် ၁၆-ပါးသည် အလွန်သိမ်မွေ့၍ သိနိုင်ခဲသည့် သဘော ရှိသဖြင့် ဉာဏ်နှင့်ဝေးသောကြောင့် ဝေးသောရုပ် - ဒူရေရုပ်မည်၏။

(၄) **နိပ္ဖန္နရုပ်** - ဓာတ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာဟူသော ဂေါစရရုပ် ၄-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဇီဝိတရုပ်၊ ဟဒယဝတ္ထု၊ အာဟာရရုပ်ဟူသော ရုပ် ၁၈-ပါးတို့သည် အခြားရုပ်တို့၏အပိုင်းအခြားမျှအဖြစ်၊ အမူအရာထူးအဖြစ် မှတ်ကြောင်းလက္ခဏာမျှအဖြစ်တို့ကို လွန်မြောက်၍ မိမိ၏ ခက်မာခြင်းစသည့် သဘောအားဖြင့်ပင်လျှင် ဉာဏ်ဖြင့်ပိုင်းခြား၍ ယူအပ်-သိမ်းဆည်းအပ်-သိအပ်သောကြောင့် နိပ္ဖန္နရုပ်-မိမိသဘောဖြင့် ပြီးစီးသောရုပ်မည်၏။ နိပ္ဖန္နရုပ် ၁၈-ပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဖြစ်စေသောရုပ်အစစ် တို့ဖြစ်ကြ၏။

**အနိပ္ဖန္နရုပ်** - ကာယဝိညတ်၊ ဝစီဝိညတ်ဟူသော ဝိညတ်ရုပ် ၂-ပါး၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာရုပ် သုံးပါးဟူသည့် လဟုတာဒိရုပ် ၃-ပါး၊ လက္ခဏရုပ် ၄-ပါးနှင့် အာကာသဓာတ်ဟူသောရုပ် ၁၀-ပါးသည် အမူအရာအထူးအဖြစ် မှတ်ကြောင်း လက္ခဏာမျှအဖြစ်၊ အခြားရုပ်တို့၏ အပိုင်းအခြားမျှအဖြစ်၌သာတည်၍ မိမိသဘောအားဖြင့် မပြီးသောကြောင့် အနိပ္ဖန္နရုပ်မည်၏။ အနိပ္ဖန္နရုပ် ၁၀-ပါးသည်

ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသည့် အကြောင်း ၄-ပါးက မဖြစ်စေသောရုပ်တို့တည်း။

(၅) **ပသာဒရုပ်** - မျက်စိအကြည်စသော ပသာဒရုပ် ၅-ပါးသည် အဆင်းရူပါရုံ စသည်တို့ကိုယူရာ၌ အထောက်အပံ့အဖြစ်ဖြင့် ကြေးမုံပြင်ကဲ့သို့ ကြည်လင်သောကြောင့် ပသာဒရုပ်မည်၏။

**နပသာဒရုပ်** - ပသာဒရုပ် ၅-ပါးမှအပ ကြွင်းသောရုပ် ၂၃-ပါးသည် ထိုမှအပြန်ဖြစ်၍ မကြည်လင်သောကြောင့် နပသာဒရုပ်မည်၏။

(၆) **ဣန္ဒြိယရုပ်** - ပသာရုပ် ၅-ပါး၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေဟူသော ရုပ်၈-ပါးသည် မိမိတို့ဆိုင်ရာ၌ ကြီးမှူးအစိုးရခြင်းအနက်သဘောကြောင့် ဣန္ဒြိယရုပ်-အစိုးရသောရုပ်မည်၏။

**အနိန္ဒြိယရုပ်** - ကြွင်းသောရုပ် ၂၀-ပါးတို့သည် ထိုမှအပြန်ဖြစ်၍ အစိုးမရသောကြောင့် အနိန္ဒြိယရုပ်မည်၏။

(၇) **ဥပါဒိန္နရုပ်** - ပသာဒရုပ် ၅-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယဝတ္ထုရုပ်၊ ဇီဝိတရုပ်ဟူသော ရုပ် ၉-ပါးတို့သည် ကံအကြောင်းတစ်မျိုးတည်းက ဖြစ်စေသော **ကမ္မဇေကန်ရုပ်များ** ဖြစ်ကြ၏။ ဓာတ် ၄-ပါး၊ အဆင်း၊ အနံ့၊ အရသာ၊ အာဟာရ (ဩဇာရုပ်) ဟူသော ရုပ် ၈-ပါးသည် ခွဲခြမ်းစိတ်ဖြာ၍ မရသဖြင့် **အဝိနိဗ္ဘောဂရုပ်** မည်၏။ ဤ အဝိနိဗ္ဘောဂရုပ် ၈-ပါးနှင့် အာကာသဓာတ်ဟူသော ရုပ် ၉-ပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်း ၄-ပါးလုံးက ဖြစ်စေသောကြောင့် **စတုဇအနေကန်ရုပ်**များဟုခေါ်၏။ ကမ္မဇေကန်ရုပ် ၉-ပါး၊ ကမ္မဇအနေကန်ရုပ် ၉-ပါး ဟူသော **ကမ္မဇရုပ် ၁၈-ပါး**တို့သည် တဏှာ၊ ဒိဋ္ဌိတို့က ကပ်အပ်၊ အာရုံပြုအပ်သော လောကီကံက သူ၏ အကျိုးအဖြစ် ယူအပ်သောကြောင့် ဥပါဒိန္နရုပ်မည်၏။

**အနုပါဒိန္နရုပ်** - ကြွင်းသောရုပ် ၁၀-ပါးတို့သည် ထိုမှအပြန်ဖြစ်၍ လောကီကံ၏ အကျိုးမဟုတ်သောကြောင့် အနုပါဒိန္နရုပ်မည်၏။

*** တိကရုပ်ခေါ် သုံးပါးစီအပြားရှိသောရုပ်များ**

(၁) **သနိဒဿန သပ္ပဋိဃရုပ်** - အဆင်းရူပါရုံသည် မြင်အပ်၊ ထိခိုက်တတ်သောရုပ်မည်၏။

**အနိဒဿန သပ္ပဋိဃရုပ်** - ကြွင်းသောဩဠာရိကရုပ် ၁၁-ပါးသည် မမြင်အပ်၊ ထိခိုက်တတ်သောရုပ်မည်၏။

**အနိဒဿန အပ္ပဋိဃရုပ်** - သုခုမရုပ် ၁၆-ပါးသည် မမြင်အပ်၊ မထိခိုက်တတ်သောရုပ်မည်၏။

(၂) **ကမ္မဇရုပ်** - ကံကြောင့်ဖြစ်သောရုပ်သည် ကမ္မဇရုပ်မည်၏။
**အကမ္မဇရုပ်** - စိတ်၊ ဥတု၊ အာဟာရအကြောင်းကြောင့်ဖြစ်သောရုပ်တည်း။
တစ်နည်း - ကံကြောင့်မဖြစ်သောရုပ်သည် အကမ္မဇရုပ်မည်၏။
**နေဝကမ္မဇ နာကမ္မဇရုပ်** - တစ်စုံတစ်ခုသောအကြောင်းကြောင့် မဖြစ်သော ရုပ်တည်း။ နကုတောစိရုပ် ၄-ပါးဟူသော လက္ခဏာရုပ် ၄-ပါးတည်း။

(၃) **စိတ္တဇရုပ်** - စိတ်ကြောင့်ဖြစ်သောရုပ်သည် စိတ္တဇရုပ်မည်၏။
**အစိတ္တဇရုပ်** - ကံ၊ ဥတု၊ အာဟာရအကြောင်းကြောင့်ဖြစ်သောရုပ်တည်း။ စိတ်ကြောင့်မဖြစ်။
**နေဝစိတ္တဇ နာစိတ္တဇရုပ်** - တစ်စုံတစ်ခုသောကြောင်းကြောင့် မဖြစ်သော နကုတောစိရုပ် ၄-ပါးတည်း။

(၄) **အာဟာရဇရုပ်** - အာဟာရကြောင့်ဖြစ်သောရုပ်သည် အာဟာရဇရုပ်မည်၏။
**နအာဟာရဇရုပ်** - ကံ၊ စိတ်၊ ဥတု အကြောင်းကြောင့်ဖြစ်သောရုပ်တည်း။ အာဟာရကြောင့်မဖြစ်။
**နေဝအာဟာရဇ နအာဟာရဇရုပ်** - တစ်စုံတစ်ခုသောအကြောင်းကြောင့် မဖြစ်သော နကုတောစိရုပ် ၄-ပါးတည်း။

(၅) **ဥတုဇရုပ်** - ဥတုကြောင့်ဖြစ်သောရုပ်တည်း။
**အနုတုဇရုပ်** - ကံ၊ စိတ်၊ အာဟာရအကြောင်းကြောင့်ဖြစ်သောရုပ်တည်း။ ဥတုကြောင့်မဖြစ်။
**နေဝဥတုဇ နအနုတုဇရုပ်** - တစ်စုံတစ်ခုသောအကြောင်းကြောင့် မဖြစ်သော ရုပ်တည်း။

**စတုတ္ထရုပ်ခေါ် လေးပါးစီအပြားရှိသောရုပ်များ**

(၁) **ဒိဋ္ဌရုပ်** - ရူပါယတနခေါ် အဆင်းရုပ်သည် မြင်အပ်သည့်အာရုံဖြစ်သောကြောင့် ဒိဋ္ဌရုပ်မည်၏။
**သုတရုပ်** - သဒ္ဒါယတနခေါ် အသံရုပ်သည် ကြားအပ်သည့်အာရုံဖြစ်သောကြောင့် သုတရုပ်မည်၏။
**မုတရုပ်** - ဂန္ဓာယတနခေါ် ဂန္ဓာရုံ၊ ရသာယတနခေါ် ရသာရုံ၊ ဖောဋ္ဌဗ္ဗာယတနခေါ် ဖောဋ္ဌဗ္ဗာရုံတို့သည် ရောက်လာသောအာရုံကို ယူတတ်သည့် ဣန္ဒြေတို့၏ အာရုံဖြစ်သောကြောင်း မုတရုပ်-ရောက်အပ်သောရုပ်မည်၏။

**ဝိညာတရုပ်** - ကြွင်းသောရုပ် ၂၁-ပါးတို့သည် မနောဝိညာဏ်၏အာရုံသာ လျှင်ဖြစ်သောကြောင့် ဝိညာတရုပ် - ကြံသိအပ်သောရုပ်မည်၏။

(၂) **ရူပရုပ်** - နိပ္ဖန္နရုပ် ၁၈ ပါးသည် ရုပ်အစစ်ဖြစ်၍ ဖောက်ပြန်တတ်သော ကြောင့် ရူပရုပ်မည်၏။

**ပရိစ္ဆေဒရုပ်** - အာကာသဓာတ်သည် ရုပ်ကလာပ်ကို ပိုင်းခြားတတ်သော ကြောင့် ပရိစ္ဆေဒရုပ်မည်၏။

**ဝိကာရရုပ်** - ဝိညတ်ရုပ် ၂-ပါး၊ လဟုတာဒိရုပ် ၃-ပါး၊ ပေါင်း ၅-ပါးသည် နိပ္ဖန္နရုပ်တို့၏ အမူအရာအထူး (ဝါ) ဖောက်ပြန်တတ်သော အမူအရာမျှဖြစ်သောကြောင့် ဝိကာရရုပ်မည်၏။

**လက္ခဏာရုပ်** - ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာရုပ် ၄-ပါးသည် နိပ္ဖန္နရုပ် တို့ကို မှတ်ကြောင်းလက္ခဏာဖြစ်သောကြောင့် လက္ခဏာရုပ် မည်၏။

(၃) **ဝတ္ထုအဒွါရရုပ်** - ဟဒယဝတ္ထု (နှလုံးရုပ်) သည် စိတ်၏တည်ရာဖြစ်သော ကြောင့် ဝတ္ထုမည်၏။ ဝီထိစိတ်တို့၏ဖြစ်ကြောင်း မဟုတ်သော ကြောင့် ဒွါရမမည်။ ထို့ကြောင့် **ဝတ္ထုအဒွါရရုပ်**မည်၏။

**ဒွါရအဝတ္ထုရုပ်** - ကာယဝိညတ်၊ ဝစီဝိညတ်နှစ်ပါးသည် ကာယကံ၊ ဝစီကံ ဖြစ်ရာ အကြောင်းဌာနဖြစ်သောကြောင့် ဒွါရမည်၏။ စိတ်၏ တည်ရာမဖြစ်သောကြောင့် **ဝတ္ထု**မမည်။ ထို့ကြောင့် ဒွါရအဝတ္ထု ရုပ်မည်၏။

**ဝတ္ထုဒွါရရုပ်** - ပသာဒရုပ် ၅-ပါးသည် **ဝတ္ထု**လည်းဖြစ်၏၊ ဒွါရလည်းဖြစ်၏။ ထို့ကြောင့် **ဝတ္ထု**ဒွါရရုပ်မည်၏။

**အဝတ္ထုအဒွါရရုပ်** - ကြွင်းသောရုပ် ၂၀-ပါးသည် **ဝတ္ထု**လည်းမမည်။ ဒွါရ လည်း မမည်၊ ထို့ကြောင့် **အဝတ္ထု**အဒွါရရုပ်မည်၏။

*** ပဉ္စကရုပ်ခေါင်းပါးအပြားရှိသည့်ရုပ်များ**

(၁) **ဧကဇရုပ်** - ကံကြောင့်သာဖြစ်သောရုပ် ၉-ပါး (ဟဒယ**ဝတ္ထု**နှင့် ဣန္ဒြိယရုပ် ၈-ပါး)၊ စိတ်ကြောင့်သာဖြစ်သော ဝိညတ်ရုပ် ၂-ပါး၊ ပေါင်း ၁၁-ပါးသည် အကြောင်း တစ်ပါးတည်းကြောင့်ဖြစ်သဖြင့် ဧကဇရုပ်မည်၏။

**ဒွိဇရုပ်** - အသံသဒ္ဒါရုံသည် စိတ်ကြောင့်လည်းကောင်း၊ ဥတုကြောင့်လည်း ကောင်း၊ အကြောင်းနှစ်ပါးကြောင့်ဖြစ်သဖြင့် ဒွိဇရုပ်မည်၏။

**တိဇရုပ်** - လဟုတာ၊ မုဒုတာ၊ ကမ္မညတာဟူသော လဟုတာဒိရုပ်သုံးပါး

သည် ဥတု၊ စိတ်၊ အာဟာရဟူသော အကြောင်းသုံးပါးကြောင့် ဖြစ်သဖြင့် တိဇရုပ်မည်၏။

**စတုဇရုပ်** - ဘူတရုပ် ၄-ပါးနှင့် အဆင်း၊ အနံ့၊ အရသာ၊ ဩဇာ၊ အာကာသဓာတ်ဟူသော ရုပ် ၉-ပါးသည် အကြောင်းလေးပါးကြောင့် ဖြစ်သဖြင့် စတုဇရုပ်မည်၏။

**နကုတောစိရုပ်** - လက္ခဏာရုပ် ၄-ပါးသည် တစ်စုံတစ်ခုသောအကြောင်းကြောင့်မျှ မဖြစ်သည့်အတွက် နကုတောစိရုပ်မည်၏။ (ဥပစယနှင့် သန္တတိရုပ်နှစ်ပါးသည် ရုပ်အစစ်တို့၏ ဥပါဒ်ခဏာ၌ရှိသော ရုပ်တည်း၊ ဇရတာရုပ်သည် ရုပ်အစစ်တို့၏ဌီခဏာ၌ရှိသောရုပ်တည်း၊ အနိစ္စတာရုပ်သည် ရုပ်အစစ်တို့၏ဘင်ခဏာ၌ရှိသော ရုပ်တည်း။)

**မှတ်ချက်-(၁) အဝိနိဗ္ဘောဂရုပ်** - ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ (အဆင်း)၊ ဂန္ဓ (အနံ့)၊ ရသ(အရသာ)၊ ဩဇာ (အာဟာရ)ဟူသော ရုပ် ၈-ပါးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရအကြောင်းတို့ကြောင့် အမြဲတစ်ပေါင်းတည်းဖြစ်၍ ခွဲခြမ်းစိတ်ဖြာ၍မရကောင်းသောကြောင့် အဝိနိဗ္ဘောဂရုပ်မည်၏။

(၂) **ကမ္မဇရုပ်** - ပသာဒရုပ် ၅-ပါး၊ ဘာဝရုပ် ၂-ပါး၊ ဟဒယဝတ္ထုနှင့် ဇီဝိတရုပ်ဟူသော ရုပ် ၉-ပါးသည် ကံအကြောင်းတစ်မျိုးကြောင့်ဖြစ်သဖြင့် ကမ္မဇဧကန်ရုပ်မည်၏။ အဝိနိဗ္ဘောဂရုပ် ၈-ပါးနှင့် အာကာသဓာတ်တို့သည် ကံကြောင့်လည်းဖြစ်၊ စိတ်, ဥတု, အာဟာရတို့ကြောင့်လည်းဖြစ်သည့် ကမ္မဇအနေကန်ရုပ် ၉-ပါး၊ စိတ္တဇအနေကန်ရုပ် ၉-ပါး၊ ဥတုဇအနေကန်ရုပ် ၉-ပါး၊ အာဟာရဇ အနေကန်ရုပ် ၉-ပါးဟုခေါ်၏။

(၃) **စိတ္တဇရုပ်** - ဝိညတ်ရုပ်နှစ်ပါးသည် စိတ်အကြောင်းတစ်ပါးတည်းကြောင့်သာဖြစ်သဖြင့် စိတ္တဇဧကန်ရုပ်မည်၏။ အထက်၌ပြခဲ့သော စတုဇစိတ္တဇအနေကန်ရုပ် ၉-ပါး၊ လဟုတာဒိရုပ် ၃-ပါး၊ အသံသဒ္ဒရုပ်၊ ပေါင်း စိတ္တဇအနေကန်ရုပ် ၁၃-ပါးရှိ၏။ စိတ္တဇဧကန်ရုပ် ၂-ပါးနှင့် စိတ္တဇအနေကန်ရုပ်၁၃-ပါးကိုပေါင်းလျှင် စိတ္တဇရုပ် ၁၅-ပါးရ၏။

(၄) **ဥတုဇရုပ်** - ဥတုဇဧကန်ရုပ်မရှိပါ။ အထက်၌ပြခဲ့သည့် စတုဇ ဥတုဇ အနေကန်ရုပ် ၉-ပါး၊ လဟုတာဒိရုပ် ၃-ပါး၊ အသံသဒ္ဒရုပ်ဟူ၍ ဥတုဇအနေကန်ရုပ် (ဝါ) ဥတုဇရုပ် ၁၃-ပါးရှိ၏။

(၅) **အာဟာရဇရုပ်** - အာဟာရဇဧကန်ရုပ် မရှိပါ။ အထက်၌ ပြခဲ့သည့် စတုဇအာဟာရဇရုပ် ၉-ပါး၊ လဟုတာဒိရုပ် ၃-ပါးဟူ၍ အာဟာရဇအနေကန်ရုပ်

(ဝါ) အာဟာရဇရုပ် ၁၂-ပါးရှိ၏။

## ၃ ဝိညာဏက္ခန္ဓာအကြောင်း

**နာမ်ခန္ဓာ (၄)ပါး**

(၁) **ဝေဒနာက္ခန္ဓာ** - ခံစားခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်ဖြင့်တစ်ပေါင်းတည်းပြု၍ ဝေဒနာက္ခန္ဓာ (ဝေဒနာအဖို့အစု)ဟုခေါ်၏။ တရားကိုယ်မှာ ဝေဒနာစေတသိက်ဖြစ်၏။

(၂) **သညာက္ခန္ဓာ** - မှတ်သားခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်ဖြင့်တစ်ပေါင်းတည်းပြု၍ သညာက္ခန္ဓာ(သညာအဖို့အစု)ဟုခေါ်၏။ တရားကိုယ်မှာ သညာစေတသိက်ဖြစ်၏။

(၃) **သင်္ခါရက္ခန္ဓာ** - ပြုလုပ်ခြင်း၊ ကြောင့်ကြစိုက်ခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်ဖြင့်တစ်ပေါင်းတည်းပြု၍ သင်္ခါရက္ခန္ဓာ (သင်္ခါရအဖို့အစု)ဟုခေါ်၏။ တရားကိုယ်မှာ ဝေဒနာ၊ သညာတို့မှကြွင်းသော စေတသိက် ၅၀ ဖြစ်၏။

(၄) **ဝိညာဏက္ခန္ဓာ** - အာရုံကိုအထူးသိခြင်း လက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်ဖြင့်တစ်ပေါင်းတည်းပြု၍ ဝိညာဏက္ခန္ဓာ (ဝိညာဏ်အဖို့အစု)ဟုခေါ်၏။ တရားကိုယ်မှာ စိတ်အကျဉ်း ၈၉ ပါး၊ စိတ်အကျယ် ၁၂၁ ပါးဖြစ်၏။

ထိုနာမ်ခန္ဓာ ၄-ပါးတို့တွင် ဝိညာဏက္ခန္ဓာကို သိနားလည်လျှင် ကျန်ခန္ဓာ ၃-ပါးကို လွယ်ကူစွာနားလည်နိုင်သဖြင့် ဝိညာဏက္ခန္ဓာကို အစပြု၍ ဖွင့်ဆိုပြခြင်း ဖြစ်၏။

**ဝိညာဏ်ဟူသည် အဘယ်နည်း**

အာရုံကို အထူးသိခြင်းလက္ခဏာရှိသော သဘောတရားကို ဝိညာဏ်ဟုခေါ်၏။ ဝိညာဏ်၏ အာရုံသိခြင်းသည် သညာ၏အမှတ်ပြု၍ သိခြင်း၊ မှတ်သားခြင်းထက် ပို၍ထူး၏၊ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ"ဟူသော လက္ခဏာသုံးပါးကို ထိုးထွင်း၍ သိရန်လည်း စွမ်းနိုင်၏။ ဝိညာဏ်၊ စိတ်၊ မနောဟူသော အမည်သုံးခုသည် အနက်သဘောအရအားဖြင့် တစ်ပါးတည်းပေတည်း။

ထိုဝိညာဏ်ဟူသောစိတ်သည် အထူးသိခြင်းလက္ခဏာအားဖြင့် တစ်ပါးတည်းသာဖြစ်သော်လည်း အမျိုးဇာတ်အားဖြင့် (၁) ကုသိုလ်စိတ် (၂) အကုသိုလ်စိတ် (၃) အဗျာကတစိတ်ဟူ၍ သုံးပါးအပြားရှိ၏။

**ကုသိုလ်စိတ် (၂၁) ပါး**

အပြစ်ကင်း၍ကောင်းကျိုးပေးသောစိတ်ကို ကုသိုလ်စိတ်ဟုခေါ်၏။ ကုသိုလ်စိတ်

သည် အလောဘ၊ အဒေါသ၊ အမောဟဟူသည့် ကုသိုလ်ဟိတ်တို့နှင့်ယှဉ်သော စိတ်များဖြစ်၏။ ကုသိုလ်စိတ်သည် ဖြစ်ရာဘုံ၏ကွဲပြားမှုကြောင့် (၁) ကာမဝစရကုသိုလ်စိတ် (၂) ရူပါဝစရကုသိုလ်စိတ် (၃) အရူပါဝစရကုသိုလ်စိတ် (၄) လောကုတ္တရာကုသိုလ်စိတ်ဟူ၍ လေးမျိုးကွဲပြား၏။

တစ်ဖန် ကာမာဝစရကုသိုလ်စိတ်သည် သောမနဿ၊ ဥပေက္ခာ၊ ဉာဏ် (ပညာ)၊ သင်္ခါရ (စေတနာ)တို့၏ယှဉ်ခြင်း၊ မယှဉ်ခြင်း၊ ထက်ခြင်း၊ မထက်ခြင်းတို့ကိုလိုက်၍ ၈-မျိုးကွဲပြား၏။

**ကာမာဝစရကုသိုလ်စိတ် (၈) ပါး**

(၁) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ပါး၊
(၂) သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ပါး၊
(၃) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁-ပါး၊
(၄) သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁-ပါး၊
(၅) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ပါး၊
(၆) ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ပါး၊
(၇) ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁-ပါး၊
(၈) ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁-ပါး၊

ဤတွင် သောမနဿသဟဂုတ် - စိတ်ရွှင်မှု သောမနဿနှင့်တကွဖြစ်သော
ဥပေက္ခာသဟဂုတ် - မရွှင်မညိုး ဥပေက္ခာနှင့်တကွဖြစ်သော
ဉာဏသမ္ပယုတ် - ကံ၊ ကံ၏အကျိုးကိုသိသော ဉာဏ်နှင့်ယှဉ်သော
ဉာဏဝိပ္ပယုတ် - ကံ၊ ကံ၏အကျိုးကိုသိသော ဉာဏ်နှင့်မယှဉ်သော
အသင်္ခါရိကစိတ် - ဆုတ်နစ်လျော့လျည်းခြင်းမရှိဘဲ မိမိသို့မဟုတ် သူတစ်ပါးတို့က မတိုက်တွန်းရဘဲ အလိုလိုဖြစ်သော စေတနာဒထက်သည့်စိတ်
သသင်္ခါရိကစိတ် - ဆုတ်နစ်လျော့လျည်းလျက် မိမိ သို့မဟုတ် သူတစ်ပါးတို့က တိုက်တွန်း၍ဖြစ်သော စေတနာ မထက်သည့်စိတ်

"သင်္ခါရ" ဟူသည်မှာ မိမိကိုယ်တိုင်ဖြစ်စေ သူတစ်ပါးတို့ကဖြစ်စေ ရှေးအဖို့က တိုက်တွန်းမှုဟူသော ပုဗ္ဗပယောဂ၏အမည်ပေတည်း။

**ကမာဝစရကုသိုလ်စိတ်များဖြစ်ပုံ**

(၁) အကြောင်းအခါ၌ လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့၏ပြည့်စုံကောင်းမွန်ခြင်းကို စွဲမှီ၍ဖြစ်စေ၊ တစ်ပါးသော သောမနဿဖြစ်ကြောင်းကြောင့်ဖြစ်စေ၊

ရွှင်လန်းဝမ်းသာလျက် "ပေးလှူခြင်းသည် အကျိုးရှိ၏"ဟု သိသော ကမ္မသကတာသမ္မာဒိဋ္ဌိကို ရှေ့သွားပြု၍ ဆုတ်နစ်လျော့လျည်းမရှိဘဲ သူတစ်ပါးတို့ မတိုက်တွန်းရဘဲ ပေးလှူခြင်းစသည့် ကောင်းမှုကိုပြု၏။ ထိုအခါ ပြုသူ၌ "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်" သည် ဖြစ်၏။

(၂) အကြင်အခါ၌ ဆိုခဲ့ပြီးသောနည်းဖြင့် ရွှင်လန်းဝမ်းမြောက်လျက် သမ္မာဒိဋ္ဌိကိုရှေ့သွားပြု၍ ဆုတ်နစ်လျော့လျည်း၍ဖြစ်စေ၊ သူတစ်ပါးတို့က တိုက်တွန်း၍ဖြစ်စေ ပေးလှူခြင်းစသည့် ကောင်းမှုကိုပြု၏။ ထိုအခါ ပြုသူမှာ "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက ကာမာဝစရ ကုသိုလ်စိတ်"သည် ဖြစ်၏။

(၃) အကြင်အခါ၌ မိဘ၊ ဆွေမျိုးများ၏ ပြုကျင့်ပုံကို မြင်ရသဖြင့် အလေ့အကျင့်ရနေကြသော ကလေးသူငယ်တို့သည် ရဟန်းများကိုမြင်လျှင် ရွှင်လန်းဝမ်းသာကြလျက် လက်၌ရှိသည့် တစ်စုံတစ်ခုကိုပင် အဆောတလျင် ပေးလှူကြ၏၊ သို့မဟုတ် ရှိခိုးကြ၏။ ထိုအခါ ထိုသူငယ်တို့မှာ သမ္မာဒိဋ္ဌိမရှိသေး၍ "သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်" ဖြစ်၏။

(၄) အကြင်အခါ၌ မိဘ၊ ဆွေမျိုးတို့က "လှူကြ၊ ရှိခိုးကြ"ဟုတိုက်တွန်း၍ သူငယ်တို့က ရွှင်လန်းဝမ်းမြောက်စွာ လှူကြ၊ ရှိခိုးကြလျှင် သူငယ်တို့၌ "သောမနဿသဟဂုတ်ဉာဏဝိပ္ပယုတ် သသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်" ဖြစ်၏။

(၅-၈) အထက်ဥပမာ ၄-ခု၌ ရွှင်လန်းဝမ်းမြောက်မှုမဖြစ်ဘဲ မရွှင်မညိုး ဥပေက္ခာစိတ်နှင့် ကောင်းမှုကိုပြုလျှင် ကြွင်းသော ဥပေက္ခာသဟဂုတ်စိတ် ၄-ပါးတို့ ဖြစ်ကုန်၏။

**မှတ်ချက်**- (၁) ကုသိုလ်ကောင်းမှုပြုသည့်အခါ ကုသိုလ်စိတ်ကုဋေသိန်းပေါင်းများစွာဖြစ်၍ ချုပ်ကြ၏။ ချုပ်ကြသည့်အခါ ကုသိုလ်ကံများကို စိတ်အစဉ်၌ ချန်ရစ်ခဲ့ကြ၏။ ဤကုသိုလ်ကံများ အကျိုးပေးသည့်အခါ အကျိုးဝိပါက်စိတ်များ ဖြစ်ပေါ်၏။ **ကာမာဝစရဝိပါက်စိတ်** ၈-ပါးတို့၏အမည်များသည် ကာမာဝစရကုသိုလ်စိတ် ၈-ပါးတို့၏အမည်များအတိုင်းပင် ဖြစ်ကြ၏။ ကုသိုလ်စိတ်အစား ဝိပါက်စိတ်ဟု ဆိုခြင်းသာထူး၏။

(၂) ကိလေသာကင်းစင်ကြသည့် ရဟန္တာပုဂ္ဂိုလ်များ ကောင်းမှုပြုကြသည့်အခါ ကုသိုလ်စိတ်အစား ကံသတ္တိမရှိသော ကိရိယာ

စိတ်များဖြစ်ပေ၏။ **ကာမာဝစရကိရိယာစိတ်** ၈-ပါးတို့၏ အမည်များသည်လည်း ကာမာဝစရကုသိုလ်စိတ် ၈-ပါးတို့၏ အမည်များအတိုင်းပင် ဖြစ်ကြ၏။ ကုသိုလ်စိတ်အစား ကိရိယာစိတ်ဟုဆိုခြင်းသာ ထူးခြား၏။

**ရူပါဝစရကုသိုလ်စိတ် (၅) ပါး**

ရူပါဝစရကုသိုလ်စိတ်သည် ဈာန်အင်္ဂါတို့နှင့်ယှဉ်ခြင်း ၅-မျိုးကိုလိုက်၍ ၅-ပါး အပြားရှိ၏။ ဈာန်အင်္ဂါ ၅-ပါးမှာ အောက်ပါစေတသိက် ၅-ပါးတို့ ဖြစ်ကြ၏။

(၁) ဝိတက် - အာရုံပေါ်သို့ စိတ်ကိုရှေးရှုတင်ပေးခြင်းသဘော၊

(၂) ဝိစာရ - အာရုံကို ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်ခြင်းသဘော၊

(၃) ပီတိ - အာရုံကို နှစ်သက်ဝမ်းမြောက်ခြင်းသဘော၊

(၄) သုခ - အာရုံ၏အရသာကို ချမ်းချမ်းသာသာ ခံစားခြင်းသဘော၊

ဥပေက္ခာ - အာရုံ၏အရသာကို မရွှင်မညှိုး ရိုးရိုးခံစားခြင်းသဘော၊

(၅) ဧကဂ္ဂတာ - အာရုံတစ်ခုတည်းပေါ်သို့ စိတ်စုစည်းကျရောက်၍ တည်ငြိမ်နေခြင်းသဘော။ သမာဓိဟူ၍လည်း အမည်ရ၏။

**မှတ်ချက်** - သုခနှင့် ဥပေက္ခာတို့သည် ဝေဒနာစေတသိက် ဖြစ်ကြ၏။

**ရူပါဝစရကုသိုလ်စိတ် (၅) ပါး**တို့မှာ -

(၁) ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါငါးပါးနှင့်ယှဉ်သော ရူပါဝစရ ပဌမဈာန်စိတ်၊

(၂) ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါလေးပါးနှင့်ယှဉ်သော ရူပါဝစရ ဒုတိယဈာန်စိတ်၊

(၃) ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါသုံးပါးနှင့်ယှဉ်သော တတိယဈာန်စိတ်၊

(၄) သုခ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါနှစ်ပါးနှင့်ယှဉ်သော စတုတ္ထဈာန်စိတ်၊

(၅) ဥပေက္ခာ၊ ဧကဂ္ဂတာ၊ ဈာန်အင်္ဂါနှစ်ပါးနှင့်ယှဉ်သော ပဉ္စမဈာန်စိတ်၊

**မှတ်ချက်** - ရူပါဝစရဝိပါက်စိတ် (၅) ပါးနှင့် ရူပါဝစရကိရိယာစိတ် ၅-ပါးတို့သည်လည်း အထက်ပါအတိုင်း အမည်ရကြ၏။ ဝိပါက် သို့မဟုတ် ကိရိယာ ထည့်ပေးရန်သာ ကွာခြားကြ၏။

**အရူပါဝစရကုသိုလ်စိတ် (၄) ပါး**

အရူပါဝစရဈာန် ၄-ပါးကို အခန်း (၁၀) ၌ ဖော်ပြခဲ့၏။ အရူပါဝစရဈာန် ၄-ပါးလုံးသည် ဥပေက္ခာ၊ ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါနှစ်ပါးနှင့်ယှဉ်ကြ၏။

(၁) အာကာသာနဉ္စာယတနဈာန်နှင့်ယှဉ်သော ပဌမအရူပါဝစရဈာန်စိတ်၊

(၂) ဝိညာဏဉ္စာယတနဈာန်နှင့်ယှဉ်သောဒုတိယအရူပါဝစရဈာန်ကုသိုလ်စိတ်၊

(၃) အာကိဉ္စညာယတနဈာန်နှင့်ယှဉ်သော တတိယအရူပါဝစရဈာန်စိတ်၊
(၄)နေဝသညာ နာသညာယတနဈာန်နှင့်ယှဉ်သောစတုတ္ထအရူပါဝစရဈာန်စိတ်၊
**မှတ်ချက်**- အရူပါဝစရဝိပါက်စိတ် ၄-ပါးနှင့် အရူပါဝစရကိရိယာစိတ် ၄-ပါးတို့ကိုလည်း အထက်ပါအတိုင်းအမည်ပေး၏။

**လောကုတ္တရာကုသိုလ်စိတ် (၄)ပါး**

လောကုတ္တရာကုသိုလ်စိတ်သည် မဂ်လေးပါးအသီးသီးနှင့်ယှဉ်ခြင်းဖြင့် လေးပါးအပြားရှိ၏။

(၁) သောတာပတ္တိမဂ်နှင့်ယှဉ်သော သောတာပတ္တိမဂ်စိတ်၊
(၂) သကဒါဂါမိမဂ်နှင့်ယှဉ်သော သကဒါဂါမိမဂ်စိတ်၊
(၃) အနာဂါမိမဂ်နှင့်ယှဉ်သော အနာဂါမိမဂ်စိတ်၊
(၄) အရဟတ္တမဂ်နှင့်ယှဉ်သော အရဟတ္တမဂ်စိတ်။
**မှတ်ချက်**- လောကုတ္တရာဝိပါက်စိတ်လေးပါးဖြစ်သော ဖိုလ်စိတ်လေးပါးကို အထက်ပါအတိုင်း အမည်ပေး၏။ မဂ်နေရာတွင် ဖိုလ်ထည့်ပေးရမည်။

**အကုသိုလ်စိတ် (၁၂) ပါး**

အပြစ်ရှိပြီး မကောင်းကျိုးပေးသောစိတ်ကို အကုသိုလ်စိတ်ဟုခေါ်၏။ အကုသိုလ်စိတ်သည် လောဘ၊ ဒေါသ၊ မောဟဟူသည့် အကုသိုလ်ဟိတ်များနှင့်ယှဉ်သောစိတ်များဖြစ်၏။ အကုသိုလ်စိတ်သည် ဘုံအားဖြင့် ကာမာဝစရစိတ်တစ်ပါးသာ ရှိ၏။ လောဘ၊ ဒေါသ၊ မောဟဟူသော အကုသိုလ်ဟိတ် (ဝါ) အကုသိုလ်မူလနှင့်ယှဉ်ခြင်းကိုလိုက်၍ လောဘမူစိတ်၊ ဒေါသမူစိတ်၊ မောဟမူစိတ်ဟူ၍ ၃-ပါးအပြားရှိ၏။

လောဘမူစိတ်သည် သောမနဿ၊ ဥပေက္ခာ၊ ဒိဋ္ဌိ၊ သင်္ခါရတို့၏အပြားအားဖြင့် ၈-ပါးအပြားရှိ၏။

**လောဘမူစိတ် (၈) ပါး**

(၁) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ပါး၊
(၂) သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ပါး၊
(၃) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁-ပါး၊
(၄) သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁-ပါး၊
(၅) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ပါး၊
(၆) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ပါး၊
(၇) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ် ၁-ပါး၊
(၈) ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ် ၁-ပါး၊

**လောဘမူစိတ်များဖြစ်ပုံ**

(၁) အကြင်အခါ၌ "ကာမဂုဏ်တို့၌ အပြစ်မရှိ" စသည့်နည်းဖြင့် အယူမှား-မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ရွှင်လန်းဝမ်းမြောက်လျက် တိုက်တွန်းပေးရခြင်း မရှိဘဲ မိမိအလိုလိုပင် ထက်သန်သောစိတ်ဖြင့် ကာမဂုဏ်ကို သုံးဆောင်ခံစား၏။ ဒိဋ္ဌမင်္ဂလာစသည်တို့ကိုလည်း အနှစ်သာရအစစ်အမှန်ဟု ယုံကြည်၏။ ထိုအခါ၌ "သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကလောဘမူစိတ်" ဖြစ်၏။

(၂) အကြင်အခါ၌ မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြု၍ ရွှင်လန်းဝမ်းမြောက်လျက် မထက်သန်သောစိတ်ဖြင့် ကာမဂုဏ်ကို ခံစား၏၊ ဒိဋ္ဌမင်္ဂလာစသည်တို့ကိုလည်း ယုံကြည်၏။ ထိုအခါ၌ "သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိက လောဘမူစိတ်" ဖြစ်၏။

(၃) အကြင်အခါ၌ မိစ္ဆာဒိဋ္ဌိကို ရှေ့သွားမပြုဘဲ သက်သက်ရွှင်လန်းပျော်မွေ့လို၍ တိုက်တွန်းပေးရခြင်းမရှိဘဲ မိမိအလိုလိုပင် ထက်သန်သောစိတ်ဖြင့် မေထုန်မှီဝဲခြင်းကိုပြု၏၊ သူတစ်ပါးစည်းစိမ်ကို ရလို၍ကြံစည်၏၊ သူတစ်ပါးဥစ္စာကိုလည်း ခိုးယူ၏။ ထိုအခါတို့၌ "သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကလောဘမူစိတ်" ဖြစ်၏။

(၄) အကြင်အခါ၌ မထက်သန်သောစိတ်၊ တိုက်တွန်းပေးရသောစိတ်ဖြင့် ထိုသို့သောအမှုကိုပြု၏၊ ကြံ၏။ ထိုအခါ "သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကလောဘမူစိတ်" ဖြစ်၏။

(၅-၈) အကြင်အခါ၌ ကာမဂုဏ်မပြည့်စုံခြင်းကြောင့်ဖြစ်စေ၊ အခြားသောမနဿဖြစ်ကြောင်းတို့ မရှိခြင်းကြောင့်ဖြစ်စေ ဆိုခဲ့ပြီးသော အကုသိုလ်စိတ်ဖြစ်ပုံ ၄-ချက်တို့၌ စိတ်ရွှင်လန်းခြင်းမရှိဘဲ ပြုမူကြံစည်လျှင် ဥပေက္ခာသဟဂုတ် လောဘမူစိတ် ၄-ပါးတို့ ဖြစ်ပေါ်၏။

**ဒေါသမူစိတ် (၂)ပါး**

ဒေါသမူလဖြစ်သော ဒေါသမူစိတ်၌ နှလုံးမသာမှုဒေါမနဿနှင့် အမျက်ဒေါသဟူသည့် ပဋိဃယှဉ်၏။ ထို့ကြောင့် ဒေါသမူစိတ် ၂-ပါးမှာ

(၁) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ် ၁-ပါး၊

(၂) ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ် ၁-ပါး။

သတ္တဝါကိုသတ်ခြင်းစသည်တို့၌ စိတ်အားထက်သန်လျှင် အသင်္ခါရိကစိတ်၊ စိတ်အားမထက်သန်လျှင် သသင်္ခါရိကစိတ်ဖြစ်၏။

**မောဟမူစိတ် (၂)ပါး**

မသိတွေဝေမှုသဘော မောဟမူလဖြစ်သည့် စိတ်နှစ်ပါးရှိ၏။ အာရုံကိုမဆုံးဖြတ်နိုင်သည့်အခါ ဘုရား၊ တရား၊ သံဃာ၌ ယုံမှားသံသယရှိသောအခါ၌ ဝိစိကိစ္ဆာ (ယုံမှားသံသယဖြစ်ခြင်းသဘော) ယှဉ်၏။ စိတ်ပျံ့လွင့်နေသည့်အခါ ဥဒ္ဓစ္စ (ပျံ့လွင့်ခြင်းသဘော) ယှဉ်၏။ မောဟမူစိတ် ၂-ပါး၏အမည်တို့မှာ-

(၁) ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ် မောဟမူစိတ် ၁-ပါး၊

(၂) ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် မောဟမူစိတ် ၁-ပါး၊

သို့ဖြစ်၍ လောဘမူစိတ် ၈-ပါး+ဒေါသမူစိတ် ၂-ပါး+ မောဟမူစိတ် ၂ပါးဟူ၍ အကုသိုလ်စိတ် ၁၂-ပါးရှိသည်။

**အဗျာကတစိတ် (၅၆) ပါး**

အဗျာကတစိတ်သည် ဇာတိဘေဒအားဖြင့် (ဝါ) အမျိုးဇာတ်အားဖြင့် ဝိပါက်စိတ်နှင့် ကိရိယာစိတ်ဟူ၍ နှစ်မျိုးရှိ၏။ ဝိပါက်စိတ်သည် ကုသိုလ်ကံ၊ အကုသိုလ်ကံတို့၏ အကျိုးဖြစ်သည့် စိတ်များဖြစ်ကြ၏။ ဝိပါက်စိတ်တွင် ကံသတ္တိမရှိချေ။ ကိရိယာစိတ်သည်လည်း ပြုခါမျှသဘောဖြစ်သော စိတ်ဖြစ်သဖြင့် ကံသတ္တိမရှိချေ။ ဝိပါက်စိတ်နှင့် ကိရိယာစိတ်တို့သည် ကံသတ္တိမရှိကြသည့်အတွက်လည်းကောင်း၊ ကုသိုလ်၊ အကုသိုလ်အဖြစ်ဖြင့် မဟောအပ်သောကြောင့်လည်းကောင်း၊ အဗျာကတဟုဆို၏။

ဝိပါက်စိတ်တွင် ဘူမိဗေဒအားဖြင့် ကာမာဝစရဝိပါက်စိတ်၊ ရူပါဝစရဝိပါက်စိတ်၊ အရူပါဝစရဝိပါက်စိတ်၊ လောကုတ္တရာဝိပါက်စိတ်ဟူ၍ ၄-မျိုးကွဲပြား၏။ ထို့တွင် ကာမာဝစရဝိပါက်စိတ်သည် ကုသလဝိပါက်၊ အကုသလဝိပါက်ဟူ၍ ၂-မျိုးကွဲပြား၏။ ကုသလဝိပါက်စိတ်သည် အဟိတ်စိတ် (ဟိတ်မရှိသောစိတ်)၊ သဟစိတ် (ဟိတ်ရှိသောစိတ်)ဟူ၍ ၂-မျိုးကွဲပြား၏။

**အဟိတ်ကုသလဝိပါက်စိတ် (၈) ပါး**

(၁) ဥပေက္ခာသဟဂုတ် စက္ခုဝိညာဏ်စိတ် (မြင်သိစိတ်)

(၂) ဥပေက္ခာသဟဂုတ် သောတဝိညာဏ်စိတ် (ကြားသိစိတ်)

(၃) ဥပေက္ခာသဟဂုတ် ဃာနဝိညာဏ်စိတ် (နံသိစိတ်)

(၄) ဥပေက္ခာသဟဂုတ် ဇိဝှာဝိညာဏ်စိတ် (စားသိစိတ်)

(၅) သုခသဟဂုတ် ကာယဝိညာဏ်စိတ် (ထိသိစိတ်)

(၆) ဥပေက္ခာသဟဂုတ် သမ္ပဋိစ္ဆိုန်းစိတ် (အာရုံလက်ခံသောစိတ်)

(၇) ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် (အာရုံကိုစုံစမ်းသောစိတ်)

(၈) သောမနဿသဟဂုတ် သန္တီရဏစိတ် (အာရုံကိုစုံစမ်းသောစိတ်)

**အဟိတ်ကုသလဝိပါက်စိတ်တို့၏လက္ခဏာစသည်**

(၁) **စက္ခုဝိညာဏ်စိတ်သည်**

(က) မျက်စိအကြည်ကိုမှီ၍ အဆင်းကိုမြင်သိခြင်း လက္ခဏာရှိ၏။
(ခ) အဆင်းမျှသာ အာရုံပြုခြင်းကိစ္စ (ရသ) ရှိ၏။
(ဂ) အဆင်းသို့ ရှေးရှုပြုနေသည်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
(ဃ)အဆင်းလျှင်အာရုံရှိသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ကင်းခြင်းလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။

(၂) **သောတဝိညာဏ်သည်**

(က) နားအကြည်ကိုမှီ၍ အသံကိုကြားသိခြင်း လက္ခဏာရှိ၏။
(ခ) အသံမျှသာ အာရုံပြုခြင်းကိစ္စ (ရသ) ရှိ၏။
(ဂ) အသံသို့ ရှေးရှုပြုနေသည်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
(ဃ)အသံလျှင်အာရုံရှိသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ကင်းခြင်းလျှင် နီးသောအကြောင်းရှိ၏။

(၃) **ဃာနဝိညာဏ်စိတ်သည်**

(က) နှာခေါင်းအကြည်ကိုမှီ၍ အနံ့ကိုနံသိခြင်း လက္ခဏာရှိ၏။
(ခ) အနံ့မျှကိုသာ အာရုံပြုခြင်းကိစ္စ (ရသ) ရှိ၏။
(ဂ) အနံ့သို့ ရှေးရှုပြုနေသည်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
(ဃ)အနံ့လျှင်အာရုံရှိသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ကင်းခြင်းလျှင် နီးသောအကြောင်းရှိ၏။

(၄) **ဇိဝှာဝိညာဏ်စိတ်သည်**

(က) လျှာအကြည်ကိုမှီ၍ အရသာကိုစားသိခြင်း လက္ခဏာရှိ၏။
(ခ) အရသာမျှကိုသာ အာရုံပြုခြင်းကိစ္စ ရှိ၏။
(ဂ) အရသာသို့ ရှေးရှုပြုနေသည်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
(ဃ)အရသာလျှင်အာရုံရှိသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ကင်းခြင်းလျှင် နီးသောအကြောင်းရှိ၏။

(၅) **ကာယဝိညာဏ်စိတ်သည်**

(က) ကိုယ်အကြည်ကိုမှီ၍ အထိအတွေ့ကိုသိခြင်း လက္ခဏာရှိ၏။
(ခ) အထိအတွေ့မျှကိုသာ အာရုံပြုခြင်းကိစ္စ ရှိ၏။
(ဂ) အထိအတွေ့သို့ ရှေးရှုပြုနေသည်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
(ဃ)အထိအတွေ့လျှင်အာရုံရှိသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ကင်းခြင်းလျှင် နီးသောအကြောင်းရှိ၏။

(၆) **သမ္ပဋိစ္ဆိုန်းစိတ်သည်**

(က) စက္ခုဝိညာဏ်စသည်တို့၏အခြားမဲ့၌ အဆင်းစသည်ကို သိခြင်း လက္ခဏာရှိ၏။

(ခ) အဆင်းစသည်ကို လက်ခံခြင်းကိစ္စ (ရသ) ရှိ၏။

(ဂ) အဆင်းစသည်ကို လက်ခံသည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ)စက္ခုဝိညာဏ်စသည်တို့၏ ကင်းခြင်းလျှင် နီးသောအကြောင်းဖြစ်၏။

(၇) **သန္တီရဏစိတ်နှစ်ပါးသည်**

(က) အာရုံ ၆-ပါးကို သိခြင်း လက္ခဏာရှိ၏။

(ခ) အာရုံ ၆-ပါးကို စူးစမ်းခြင်းကိစ္စ (ရသ) ရှိ၏။

(ဂ) ထိုသို့သောကိစ္စများရှိသည်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ)ဟဒယဝတ္ထုရုပ်လျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။

**မှတ်ချက်**-(၁) **သောမနဿသန္တီရဏစိတ်**သည် ဣဋ္ဌာရုံအစစ်၌သာ ဖြစ်ခြင်းရှိသောကြောင့် သောမနဿနှင့်ယှဉ်၏။ ပဥ္စဝိညာဏ်ဌာန၊ တဒါရုံဌာနဟူသော ဌာနနှစ်ပါး၌ဖြစ်၏။

**ဥပေက္ခာသန္တီရဏစိတ်**သည် ဣဋ္ဌမဇ္ဈတ္တာရုံခေါ် သာမန်ဣဋ္ဌာရုံ၌ဖြစ်ခြင်းရှိသောကြောင့် ဥပေက္ခာနှင့်ယှဉ်၏။ သန္တီရဏကိစ္စ၊ တဒါရုံကိစ္စ၊ ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စတို့ကိုဆောင်ရွက်သဖြင့် ငါးဌာန၌ဖြစ်၏။ ဤနည်းဖြင့် သန္တီရဏစိတ် ၂-ပါးကို ခွဲခြားနိုင်၏။

(၂) အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးတွင် စက္ခုဝိညာဏ်စသော ပဥ္စဝိညာဏ်စိတ် ငါးပါးသည် အစဉ်အတိုင်း အဆင်းအာရုံစသည်တို့၌သာဖြစ်ခြင်းကြောင့် ကိန်းသေမြဲသောအာရုံရှိကြ၏။ ကြွင်းသောဝိညာဏ်သုံးပါးသည် ကိန်းသေမြဲသောအာရုံမရှိ မမြဲသော အာရုံရှိကြ၏။ မနောဓာတ်ခေါ် သမ္ပဋိစ္ဆိုန်းစိတ်သည် အဆင်းစသော ပဥ္စာရုံတို့၌ဖြစ်၏။ မနောဝိညာဏဓာတ်ခေါ် သန္တီရဏစိတ် ၂-ပါးသည် အာရုံ ၆-ပါးတို့၌ဖြစ်၏။

(၃) ကာယဝိညာဏ်သည် သုခနှင့်ယှဉ်၏။ သောမနဿသန္တီရဏစိတ်သည် သောမနဿနှင့်ယှဉ်၏။ ကြွင်းသောဝိညာဏ် ၆-ပါးသည် ဥပေက္ခာနှင့်ယှဉ်၏။

**ကာမာဝစရသဟိတ်ကုသလဝိပါက်စိတ် (၈) ပါး**

ဤစိတ်တို့၏အမည်များသည် ကာမာဝစရကုသိုလ်စိတ် ၈-ပါးအတိုင်းပင်ဖြစ်၏

အထူးကား ကုသိုလ်စိတ်သည် ဒါနစသည်၏အစွမ်းအားဖြင့် အာရုံ ၆-ပါးတို့၌ ဖြစ်သကဲ့သို့ ဤဝိပါက်စိတ်တို့သည် ထို့အတူမဖြစ်ပေ။ ဤဝိပါက်စိတ်တို့သည် ပဋိသန္ဓေကိစ္စ၊ ဘဝင်ကိစ္စ၊ စုတိကိစ္စ၊ တဒါရုံကိစ္စတို့၏ အစွမ်းအားဖြင့် ကာမအာရုံ ၆-ပါးတို့၌ ဖြစ်ကြ၏။

ထို့အပြင် ဝိပါက်စိတ်တို့၏ အကျိုးပေးသောကံအသီးသီးက ဖြစ်စေအပ်သော ကြောင့် ကြေးမုံပြင်တွင် မျက်နှာရိပ်ထင်သကဲ့သို့ အားထုတ်မှုမရှိခြင်းသဘောရှိ၏။ ကုသိုလ်စိတ်တို့မှာ မျက်နှာရိပ်၏ပိုင်ရှင်ကဲ့သို့ အားထုတ်ခြင်းသဘောရှိကြ၏။

**အကုသလဝိပါက်စိတ် (၇)ပါး**

အကုသလဝိပါက်စိတ်တို့၏ အမည်များသည် အဟိတ်ကုသလဝိပါက် ပထမစိတ် ၇-ပါးတို့၏ အမည်များအတိုင်းပင်ဖြစ်ကြ၏။ နှစ်သက်ဖွယ်မရှိသည့် မကောင်းသောအဆင်းစသည့်အာရုံများနှင့် ဆုံတွေ့သည့်အခါ အကုသလ်ဝိပါက် စက္ခုဝိညာဏ်စသည့် ပဉ္စဝိညာဏ်တို့ဖြစ်ကြ၏။ သမ္ပဋိစ္ဆိုန်းစိတ်သည် အာရုံလက်ခံသည့် ကိစ္စကိုဆောင်ရွက်ပြီး သန္တီရဏစိတ်သည် အာရုံစုံစမ်းသည့်ကိစ္စကို ဆောင်ရွက်၏။ အကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ်သည် အပါယ်ဘုံသားများ ၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်များဖြစ်ကြ၏။ ကုသလဝိပါက် ဥပေက္ခာ သန္တီရဏစိတ်သည် အဟိတ်လူပုဂ္ဂိုလ်နှင့် အဟိတ်နတ်တို့၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်အဖြစ် ဆောင်ရွက်ကြ၏။

**မှတ်ချက်**-(၁) ဒွိဟိတ်လူပုဂ္ဂိုလ်များနှင့် ဒွိဟိတ်နတ်များ၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည် ကာမာဝစရ ဉာဏဝိပ္ပယုတ်ကုသလ ဝိပါက်စိတ် ၄-ပါးဖြစ်ကြ၏။

(၂) ထိဟိတ်လူပုဂ္ဂိုလ်များနှင့် ထိဟိတ်နတ်များ၏ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်တို့သည် ကာမာဝစရ ဉာဏသမ္ပယုတ် ကုသလဝိပါက် စိတ် ၅-ပါးဖြစ်ကြ၏။

**ရူပါဝစရဝိပါက်စိတ် (၅) ပါး**

ရူပါဝစရဝိပါက်စိတ် ၅-ပါးတို့၏ အမည်များသည် ရူပါဝစရကုသိုလ်စိတ် ၅-ပါးတို့၏ အမည်များအတိုင်းပင် ဖြစ်ကြ၏။ ရူပါဝစရကုသိုလ်စိတ် သည် ရူပဈာန်ရသောအခါနှင့် ရူပဈာန်သမာပတ်ဝင်စားသည့်အခါတို့တွင် ဇောဝီထိ ၌ ဖြစ်ကြ၏။ ရူပါဝစရဝိပါက်စိတ်တို့သည် ရူပါဝစရကုသိုလ်ကံတို့၏အကျိုးပေးရာ ရူပပြဟ္မာဘဝတို့၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်များအဖြစ် ဖြစ်ပေါ်ကြ၏။

**အရူပါဝစရဝိပါက်စိတ် (၄)ပါး**

အရူပါဝစရဝိပါက်စိတ် ၄-ပါးတို့၏ အမည်များသည် အရူပါဝစရကုသိုလ်စိတ် ၄-ပါးတို့၏ အမည်များအတိုင်းပင် ဖြစ်ကြ၏။ အရူပါဝစရ ကုသိုလ်စိတ်သည် အရူပစျာန်ရသောအခါနှင့် အရူပစျာန်သမာပတ်ဝင်စားသည့်အခါ တို့တွင် ဇောဝီထိ၌ဖြစ်ကြ၏။ အရူပါဝစရဝိပါက်စိတ်တို့သည် အရူပါဝစရကုသိုလ်ကံတို့၏အကျိုးပေးရာ အရူပဖြဟ္မာဘဝတို့၌ ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်၊ စုတိစိတ်များအဖြစ် ဖြစ်ပေါ်ကြ၏။

**လောကုတ္တရာဝိပါက်စိတ်ခေါ် ဖိုလ်စိတ် (၄) ပါး**

လောကုတ္တရာဝိပါက်စိတ်သည် မဂ်စိတ် ၄-ပါး၏အကျိုးဖြစ်သောကြောင့် ၄-ပါးအပြားရှိ၏။ ဖိုလ်စိတ်တို့သည် မဂ်ဝီထိ၌လည်းကောင်း၊ ဖလသမာပတ်ဝင်စားသည့်အခါ၌လည်းကောင်း၊ ဇောစိတ်အဖြစ် ဖြစ်ပေါ်ကြ၏။

**မှတ်ချက်**-(၁) အကုသလဝိပါက်စိတ် ၇-ပါး၊ အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး၊ သဟိတ်ကုသလဝိပါက်စိတ် ၈-ပါးဟူ၍ ကာမာဝစရဝိပါက်စိတ် ၂၃-ပါးရှိ၏။

(၂) ကာမာဝစရဝိပါက်စိတ် ၂၃-ပါး+ရူပါဝစရဝိပါက်စိတ် ၅-ပါး+အရူပါဝစရဝိပါက်စိတ် ၄-ပါး+လောကုတ္တရာဝိပါက်စိတ် ၄-ပါးဟူ၍ ဝိပါက်စိတ်ပေါင်း ၃၆-ပါးရှိ၏။

**ကိရိယာစိတ် (၂၀) ပါး**

ကိရိယာစိတ်သည် ဘူမိဘေဒအားဖြင့် ကာမာဝစရကိရိယာစိတ်၊ ရူပါဝစရကိရိယာစိတ်၊ အရူပါဝစရကိရိယာစိတ်ဟူ၍ ၃-ပါးအပြားရှိ၏။ ထိုတွင် ကာမာဝစရကိရိယာစိတ်သည် အဟိတ်စိတ်နှင့် သဟစိတ်ဟူ၍ နှစ်မျိုးကွဲပြား၏။

**ကာမာဝစရအဟိတ်ကိရိယာစိတ် (၃) ပါး**

(၁) ဥပေက္ခာသဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁-ပါး၊
(၂) ဥပေက္ခာသဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ် ၁-ပါး၊
(၃) သောမနဿသဟဂုတ် ဟသိတုပ္ပါဒ်စိတ် ၁-ပါး။

**ပဉ္စဒွါရာဝဇ္ဇန်းစိတ်ခေါ် မနောဓာတ်၏လက္ခဏာစသည်**

(က) စက္ခုဝိညာဏ်စသည်တို့၏ရှေ့သွားဖြစ်၍ အဆင်းစသည်တို့ကို သိခြင်းလက္ခဏာရှိ၏။
(ခ) မျက်စိစသည်တို့၌ (ပဉ္စဒွါရတို့၌) ထင်လာသောအာရုံတို့ကို ဘာပါလိမ့်ဟု နှလုံးသွင်းဆင်ခြင်ခြင်းကိစ္စရှိ၏။
(ဂ) အဆင်းစသောအာရုံဆီသို့ရှေးရှုပြုသည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
(ဃ)ဘဝင်စိတ်အစဉ်၏ ပြတ်စဲခြင်းလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။

**မနောဒွါရာဝဇ္ဇန်းစိတ်ခေါ် မနောဝိညာဏဓာတ်၏လက္ခဏာစသည်**

(က) အာရုံ ၆-ပါးတို့ကို သိခြင်းလက္ခဏာရှိ၏။

(ခ) ပဉ္စဒွါရ၌ ဝုဋ္ဌောကိစ္စရှိပြီးလျှင် မနောဒွါရ၌ ဝုဋ္ဌောကိစ္စနှင့် အာဝဇ္ဇန်းကိစ္စရှိ၏။

(ဂ) ထိုဝုဋ္ဌောကိစ္စ၊ အာဝဇ္ဇန်းကိစ္စရှိသည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) သန္တီရဏနှင့် ဘဝင်စိတ်တို့တွင် တစ်ပါးပါး၏ချုပ်ကင်းခြင်းလျှင် နီးသော အကြောင်းရှိ၏။

**မှတ်ချက်** - မနောဒွါရာဝဇ္ဇန်းစိတ်နှင့် ဟသိတုပ္ပါဒ်စိတ်နှစ်ပါးလုံးပင် မနောဝိညာဏဓာတ်တွင် ပါဝင်ကြ၏။ ကိရိယာမနောဝိညာဏဓာတ်သည် အများနှင့်ဆိုင်သော သာဓာရဏစိတ်နှင့် အများနှင့်မဆိုင်သော အသာဓာရဏစိတ်ဟူ၍ နှစ်မျိုးကွဲပြား၏။ ထိုတွင် မနောဒွါရာဝဇ္ဇန်းစိတ်သည် သာဓာရဏစိတ်ဖြစ်၏။ ဟသိတုပ္ပါဒ်စိတ်သည် အသာဓာရဏစိတ်ဖြစ်၏။

**ဟသိတုပ္ပါဒ်စိတ်ခေါ် အသာဓာရဏစိတ်၏လက္ခဏာစသည်**

(က) အာရုံ ၆-ပါးတို့ကို သိခြင်းလက္ခဏာရှိ၏။

(ခ) ရဟန္တာတို့အား မရွှန်းရင်းသောအာရုံဝတ္ထုတို့၌ ပြုံးခြင်းကိုဖြစ်စေသည့် ကိစ္စရသရှိ၏။

(ဂ) ထိုသို့ဖြစ်စေသည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) ဧကန်ပင် ဟဒယဝတ္ထုလျှင် နီးသောအကြောင်းရှိ၏။

**ကာမာဝစရသဟိတ်ကိရိယာစိတ် (၈) ပါး**

ကာမာဝစရကိရိယာသဟိတ်စိတ် ၈-ပါးတို့၏ အမည်တို့သည် ကာမာဝစရ ကုသိုလ်စိတ် ၈-ပါးတို့၏ အမည်အတိုင်းပင် ဖြစ်ကြ၏။ အထူးမှာ ကုသိုလ်စိတ်သည် ပုထုဇဉ် နှင့် သေက္ခပုဂ္ဂိုလ်များ၌ ဖြစ်၏။ ဤသဟိတ်ကိရိယာစိတ်တို့သည် ရဟန္တာတို့၌သာ ဖြစ်၏။

ကာမာဝစရအဟိတ်စိတ် ၃-ပါးနှင့် ကာမာဝစရသဟိတ်စိတ် ၈-ပါးဟူ၍ ကာမာဝစရကိရိယာစိတ်သည် ၁၁-ပါးအပြားရှိ၏။

**ရူပါဝစရကိရိယာစိတ် (၅) ပါး၊ အရူပါဝစရကိရိယာစိတ် (၄) ပါး**

ရူပါဝစရကိရိယာစိတ် (၅) ပါးရှိရာ ၎င်းတို့၏အမည်များသည် ရူပါဝစရကုသိုလ်စိတ် ၅-ပါးတို့၏ အမည်များအတိုင်းပင် ဖြစ်ကြ၏၊ အရူပါဝစရကိရိယာစိတ်တို့သည်လည်း အရူပါဝစရကုသိုလ်စိတ် ၄-ပါးအတိုင်းပင် ၄-ပါးရှိရာ အမည်များလည်း တူကြ၏၊ ဤတွင်လည်း ရူပါဝစရ, အရူပါဝစရ ကုသိုလ်စိတ်တို့သည် ဈာန်ရသော ပုထုဇဉ်နှင့် သေက္ခပုဂ္ဂိုလ်တို့၌ဖြစ်ကြပြီးလျှင် ရူပါဝစရ,

အရူပါဝစရကိရိယာစိတ်တို့သည် ရျာန်ရကြသည့် ရဟန္တာများ၌သာ ဖြစ်ကြ၏။ ဤကား အထူးတည်း။

ကာမာဝစရကိရိယာစိတ် ၁၁-ပါး+ရူပါဝစရကိရိယာစိတ် ၅-ပါး+အရူပါဝစရ ကုသိုလ်စိတ် ၄-ပါးဟူ၍ ဘုံသုံးပါးတို့၌ ကိရိယာစိတ်တို့သည် (၂၀)အပြားရှိ၏။

ဝိပါက်စိတ် ၃၆-ပါး+ကိရိယာစိတ် ၂၀ပါးဟူ၍ အဗျာကတစိတ် ၅၆ပါးရှိ၏။

ကုသိုလ်စိတ် ၂၁-ပါး + အကုသိုလ်စိတ် ၁၂-ပါး + ဝိပါက်စိတ် ၃၆-ပါး + ကိရိယာစိတ် ၂၀-ပါးဟူ၍ **စုစုပေါင်း စိတ်-ဝိညာဏ်တို့သည် ၈၉-ပါး (ဝါ) တစ်ခု ယုတ်ကိုးဆယ်** ဖြစ်ကုန်၏။

**စိတ်တို့ဆောင်ရွက်ကြသော ကိစ္စ (၁၄) ပါး**

(၁) ပဋိသန္ဓေကိစ္စ - ဘဝဟောင်းနှင့်ဘဝသစ်ကို ဆက်စပ်ပေးခြင်းကိစ္စ၊
(၂) ဘဝင်္ဂ-ဘဝင်ကိစ္စ - ဘဝ၏အစိတ်အပိုင်းကိစ္စ၊
(၃) အာဝဇ္ဇန-အာဝဇ္ဇန်းကိစ္စ - နှလုံးသွင်းဆင်ခြင်ခြင်းကိစ္စ၊
(၄) ဒဿနကိစ္စ - မြင်သိခြင်းကိစ္စ၊
(၅) သဝနကိစ္စ - ကြားသိခြင်းကိစ္စ၊
(၆) ဃာယနကိစ္စ - နံသိခြင်းကိစ္စ၊
(၇) သာယနကိစ္စ - လျက်ခြင်း၊ အရသာသိခြင်းကိစ္စ၊
(၈) ဖုသနကိစ္စ - ထိသိခြင်းကိစ္စ၊
(၉) သမ္ပဋိစ္ဆနကိစ္စ - အာရုံကိုလက်ခံခြင်းကိစ္စ၊
(၁၀)သန္တီရဏကိစ္စ - အာရုံကိုစူးစမ်းခြင်းကိစ္စ၊
(၁၁)ဝေါဋ္ဌဗ္ဗန-ဝုဋ္ဌောကိစ္စ - အာရုံကိုဆုံးဖြတ်ခြင်းကိစ္စ၊
(၁၂)ဇဝန-ဇောကိစ္စ - လျင်သောအဟုန်ဖြင့်ဖြစ်ခြင်းဟူသောဇောကိစ္စ၊
(၁၃)တဒါရမ္မဏ-တဒါရုံကိစ္စ - ဇော၏အာရုံကို ဆက်လက်ယူခြင်းကိစ္စ၊
(၁၄)စုတိကိစ္စ - စုတေရွေ့လျားခြင်းဟူသော သေခြင်းကိစ္စ။

**ပဋိသန္ဓေကိစ္စဆောင်ရွက်ပုံ**

သတ္တဝါတို့သည် ကာမကုသိုလ်ကံ၏ အစွမ်းအာနုဘော်ကြောင့် နတ်ဘုံ၊ လူ့ဘုံ၌ ဖြစ်ကြ၏။ ထိုသတ္တဝါတို့ သေခါနီးကာလ၌ နောက်ဘဝဖြစ်ရန် အကျိုးပေးမည့် ကုသိုလ်ကံ၏အစွမ်းကြောင့် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့တွင် တစ်ပါးပါးထင်လာ၏။ ထိုထင်လာသော နိမိတ်ကိုပင်အာရုံပြု၍ သဟိတ်ကာမာဝစရဝိပါက်တို့သည်လည်း ကောင်း၊ လူ့လောက၌ ပဏ္ဍုက်စသည့်အဖြစ်သို့ ရောက်မည့် ပုဂ္ဂိုလ်တို့အား အားနည်း သည့် ဒွိဟိတ်ကုသိုလ်ကံ၏အကျိုးဖြစ်သော ဥပေက္ခာသဟဂုတ် မနောဝိညာဏဓာတ် (သန္တီရဏစိတ်)သည်လည်းကောင်း၊ ဤ ၉-ပါးသောဝိပါက်စိတ်တို့သည် ဘဝသစ်၌

ပဋိသန္ဓေစိတ်အဖြစ် ဖြစ်ကုန်၏။

ရူပါဝစရကုသိုလ်ကံ၊ အရူပါဝစရကုသိုလ်ကံတို့၏ အစွမ်းအာနုဘော်ကြောင့် သတ္တဝါတို့သေလွန်ကြသည့်အခါ ရူပဘဝ၊ အရူပဘဝတို့၌ဖြစ်ကုန်၏။ ဤသတ္တဝါတို့ သေခါနီးကာလ၌ အကျိုးပေးမည့် ထိုဈာန်ကုသိုလ်ကံတို့၏အစွမ်းကြောင့် ကမ္မနိမိတ် ထင်လာ၏။ ထိုထင်လာသောနိမိတ်ကို အာရုံပြု၍ ရူပါဝစရ, အရူပါဝစရဝိပါက်စိတ် ၉-ပါးတို့သည် ဘဝသစ်၌ ပဋိသန္ဓေစိတ်အဖြစ် ဖြစ်ကြ၏။

အကြင်အခါ၌ အကုသိုလ်ကံ၏အစွမ်းအာနုဘော်ကြောင့် သတ္တဝါတို့ သေလွန်ကြသည့်အခါ အပါယ်ဘုံ၌ ဖြစ်ကြရ၏။ ထိုအခါ သတ္တဝါတို့ သေခါနီးကာလ၌ ထိုအကုသိုလ်ကံတို့၏အစွမ်းကြောင့် ထင်ပေါ်လာသည့် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့တွင် တစ်ပါးပါးကို အာရုံပြု၍ အကုသလဝိပါက် အဟိတ်မနောဝိညာဏဓာတ် (သန္တီရဏစိတ်)သည် ဘဝသစ်၌ ပဋိသန္ဓေစိတ်အဖြစ် ဖြစ်၏။

ဤသို့လျှင် ဥပေက္ခာသန္တီရဏစိတ် ၂-ပါး + ကာမာဝစရသဟေတုဝိပါက်စိတ် ၈-ပါး + ရူပါဝစရဝိပါက်စိတ် ၅-ပါး + အရူပါဝစရဝိပါက်စိတ် ၄-ပါးဟူ၍ ဝိပါက်စိတ် ၁၉-ပါးတို့၏အစွမ်းဖြင့် ပဋိသန္ဓေဖြစ်ပုံကို သိအပ်၏။ ဤဝိပါက်စိတ် ၁၉-ပါးတို့သည် ပဋိသန္ဓေကိစ္စကို ဆောင်ရွက်နေသည့်အခါ ပဋိသန္ဓေစိတ်မည်ကြ၏။

## ဘဝင်ကိစ္စဆောင်ရွက်ပုံ

ဘဝသစ်၌ ပဋိသန္ဓေစိတ်တစ်ကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ပဋိသန္ဓေစိတ်သို့အစဉ်လိုက်၍ ထိုပဋိသန္ဓေစိတ်ကိုဖြစ်စေသည့် ကံ၏အကျိုးဖြစ်သော ပဋိသန္ဓေစိတ်နှင့်တူညီသည့် ဝိပါက်စိတ်သည် ပဋိသန္ဓေစိတ်၏ အာရုံကိုပင်ယူလျက် ဘဝင်စိတ် အမည်ဖြင့်ဖြစ်၏။ ဤနည်းဖြင့် ဘဝင်စိတ်တို့သည် ဘဝင်အစဉ်ကိုပြတ်စေတတ်သော ဝီထိစိတ်တို့ မဖြစ်ပေါ်လျှင် မြစ်ရေအယဉ်ကဲ့သို့ မပြတ်မစဲဖြစ်နေ၏။ အိပ်မက်မမြင်မက်ဘဲ အိပ်မောကျနေသည့်ကာလစသည်တို့၌လည်း ဘဝင်စိတ်တို့သည် မရေတွက်နိုင်အောင် မပြတ်မစဲဖြစ်နေသည်သာတည်း။

ပဋိသန္ဓေကိစ္စကို ဆောင်ရွက်ကြသော ဝိပါက်စိတ် ၁၉-ပါးတို့ပင်လျှင် ဘဝသစ်တို့၌ ဘဝင်ကိစ္စကို ဆက်လက်ဆောင်ရွက်ကြ၏။ ထိုသို့ဘဝင်ကိစ္စကို ဆောင်ရွက်နေသည့်အခါ၌ ထိုဝိပါက်စိတ် ၁၉-ပါးကို ဘဝင်စိတ်ဟု ခေါ်ဆို၏။

## အာဝဇ္ဇာန်းကိစ္စဆောင်ရွက်ပုံ

ဘဝင်စိတ်အစဉ် မပြတ်ဖြစ်နေစဉ် အကြင်အခါ၌ စက္ခုဒွါရခေါ် မျက်စိအကြည်အား အဆင်းရူပါရုံတစ်ခုထိပါး တိုက်ခိုက်လာ၏။ မျက်စိအကြည်၌ ထိုအာရုံထင်လာသောအခါ ဘဝင်နှစ်ကြိမ် တုန်လှုပ်ပြီး ဘဝင်အစဉ်ပြတ်၏။ တုန်လှုပ်သောဘဝင်ကို

ဘဝင်္ဂစလနဟုခေါ်၍ ပြတ်စဲသောဘဝင်ကို ဘဝင်္ဂုပစ္ဆေဒဟုခေါ်၏။ ဘဝင်အစဉ် ပြတ်လတ်သော် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် ထိုထင်လာသော အဆင်းကို အာရုံပြု၍ ဘဝင်အစဉ်ကို ဖြတ်ဘိသကဲ့သို့ တစ်ကြိမ်ဖြစ်၍ အာရုံကိုနှလုံးသွင်းဆင်ခြင်မှု - အာဝဇ္ဇန်းကိစ္စကိုပြု၏။ သောတဒွါရစသည်တို့၌ အသံစသည့်အာရုံတို့ ထိတိုက်လာလျှင်လည်း နည်းတူဖြစ်၏။

မနောဒွါရ၌ကား အာရုံ ၆-ပါးအနက် တစ်ပါးပါးထင်လျှင် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်နှစ်ကြိမ်လှုပ်ပြီးပြတ်၏။ ထို့နောက် မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စကိုလည်းကောင်း၊ အာရုံကောင်းမကောင်းဆုံးဖြတ်သည့် ဝုဋ္ဌောကိစ္စကိုလည်းကောင်း ပြီးစေလျက် တစ်ကြိမ်ဖြစ်၍ ချုပ်၏။

ဤသို့လျှင် ပဉ္စဒွါရာဝဇ္ဇန်း၊ မနောဒွါရာဝဇ္ဇန်းတို့၏ အာဝဇ္ဇန်းကိစ္စဆောင်ရွက်ပုံကို သိအပ်၏။

**ပဉ္စဝိညာဏ်တို့၏ကိစ္စဆောင်ရွက်ပုံ**

စက္ခုဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်းချုပ်ပြီးသည်၏ အခြားမဲ့၌ မြင်မှု-ဒဿနကိစ္စကို ပြီးစေလျက် မျက်စိအကြည် (စက္ခုဝတ္ထု)ကို မှီ၍ စက္ခုဝိညာဏ်စိတ်သည် တစ်ကြိမ်ဖြစ်၍ ချုပ်၏။ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရ၊ ကာယဒွါရတို့၌လည်း အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့တို့ အသီးသီးထိတိုက်ပြီး ထင်လာသောအခါ၌လည်း အာရုံကို နှလုံးသွင်းဆင်ခြင်ရန် ပဉ္စဒွါရာဝဇ္ဇန်းတစ်ကြိမ်ဖြစ်၍ ချုပ်ပြီးနောက် ကြားခြင်းကိစ္စ၊ နံခြင်းကိစ္စ၊ အရသာသိခြင်းကိစ္စ၊ ထိသိခြင်းကိစ္စအသီးသီးကို ပြီးမြောက်စေရန် သောတဝိညာဏ်၊ ဃာနဝိညာဏ်၊ ဇိဝှာဝိညာဏ်၊ ကာယဝိညာဏ်တို့သည် တစ်ကြိမ်စီဖြစ်၍ ချုပ်ကြ၏။

ယင်း ပဉ္စဝိညာဏ်စိတ်တို့တွင် ဣဋ္ဌာရုံ၊ ဣဋ္ဌမဇ္ဈတ္တာရုံတို့ထင်သည့်အခါ ကုသလဝိပါက်ပဉ္စဝိညာဏ်စိတ်တို့ဖြစ်ကြ၏။ အနိဋ္ဌာရုံ၊ အနိဋ္ဌမဇ္ဈတ္တာရုံတို့ထင်သည့်အခါ အကုသလဝိပါက်ပဉ္စဝိညာဏ်စိတ်တို့ဖြစ်ကြ၏။ ဤသို့လျှင် ဒွေပဉ္စဝိညာဏ်ခေါ် ဝိပါက်စိတ် ၁၀-ပါးတို့သည် ဒဿနကိစ္စ၊ သဝနကိစ္စ၊ ဃာယနကိစ္စ၊ သာယနကိစ္စ၊ ဖုသနကိစ္စတို့၏ အစွမ်းအားဖြင့် ဖြစ်ပုံကို သိအပ်၏။

**သမ္ပဋိစ္ဆိုန်းကိစ္စဆောင်ရွက်ပုံ**

ပဉ္စဝိညာဏ်စိတ်ဖြစ်၍ ချုပ်သည်၏အခြားမဲ့၌ ထိုဝိညာဏ်အားလျော်စွာဖြစ်သော သမ္ပဋိစ္ဆိုန်းစိတ်ဟူသော မနောဓာတ်သည် ပဉ္စဝိညာဏ်၏အာရုံကိုပင် လက်ခံယူလျက် တစ်ကြိမ်ဖြစ်၍ချုပ်၏။ ကုသလဝိပါက်ပဉ္စဝိညာဏ်၏အခြားမဲ့၌ ကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ်ဖြစ်၏၊ အကုသလဝိပါက်ပဉ္စဝိညာဏ်၏အခြားမဲ့၌ အကုသလဝိပါက် သမ္ပဋိစ္ဆိုန်းစိတ်ဖြစ်၏။ ဤသို့လျှင် နှစ်ပါးသောမနောဓာတ် - ဝိပါက်ဝိညာဏ်

တို့၏သမ္ပဋိစ္ဆနကိစ္စအစွမ်းဖြင့် ဖြစ်ပုံကို သိအပ်၏။

**သန္တီရဏကိစ္စဆောင်ရွက်ပုံ**

သမ္ပဋိစ္ဆိုန်းစိတ် (မနောဓာတ်)ဖြစ်၍ ချုပ်သည်၏အခြားမဲ့၌ သမ္ပဋိစ္ဆိုန်းစိတ် လက်ခံခဲ့သောအာရုံကိုပင်လျှင် စူးစမ်းဆင်ခြင်လျက် သန္တီရဏစိတ်ဟူသော အဟိတ်မနောဝိညာဏဓာတ်ဖြစ်၍ချုပ်၏။ ဤတွင်လည်း အကုသလဝိပါက်မနောဓာတ်၏ အခြားမဲ့၌ အကုသလဝိပါက်မနောဝိညာဏဓာတ်ဖြစ်၏။ ကုသလဝိပါက်မနောဓာတ်၏ အခြားမဲ့၌ ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်လျှင် ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြစ်၍ ဣဋ္ဌာရုံဖြစ်လျှင် သောမနဿသဟဂုတ် သန္တီရဏစိတ်ဖြစ်၏။ ဤသို့လျှင် သုံးပါးသော သန္တီရဏစိတ်တို့၏အစွမ်းအားဖြင့် ဖြစ်ပုံကိုသိအပ်၏။

**ဝုဋ္ဌောကိစ္စဆောင်ရွက်ပုံ**

သန္တီရဏစိတ်ဖြစ်၍ ချုပ်ပြီး အခြားမဲ့၌ ထိုစူးစမ်းပြီးအာရုံကိုပင်လျှင် ပိုင်းခြားဆုံးဖြတ်လျက် မနောဒွါရာဝဇ္ဇန်းစိတ် (ဥပေက္ခာသဟဂုတ် ကိရိယာအဟိတ်မနောဝိညာဏဓာတ်) သည် တစ်ကြိမ်ဖြစ်၍ချုပ်၏။ ဤကား ဝုဋ္ဌောကိစ္စကို ဆောင်ရွက်ပုံတည်း။

**ဇောကိစ္စဆောင်ရွက်ပုံ**

ဝုဋ္ဌော၏အခြားမဲ့၌ ထိုပိုင်းခြားဆုံးဖြတ်ပြီးသောအာရုံကိုယူလျက် ကာမဇော ၂၉ ပါးအနက်မှ တစ်ပါးပါးသည် အာရုံ၏အရသာကိုခံစား၍ ဇောကိစ္စကိုပြီးစေလျက် ပုံမှန်အားဖြင့် ၇-ကြိမ် လျှင်သောအဟုန်ဖြင့် ဖြစ်၍ချုပ်၏။ **ကာမဇော ၂၉-ပါးမှာ** ကာမာဝစရကုသိုလ်စိတ် ၈-ပါး၊ အကုသိုလ်စိတ် ၁၂-ပါး၊ ကာမာဝစရကိရိယာစိတ် ၉-ပါးတို့တည်း။ ဤကား ပဥ္စဒွါရ၌ ဇောကိစ္စဆောင်ရွက်ပုံပေတည်း။

မနောဒွါရ၌ကား အာရုံ ၆-ပါးစလုံးထင်နိုင်၏။ သာမန်အာရုံကို သိရှိခံစားသောအခါ၌ မနောဒွါရာဝဇ္ဇန်းစိတ်၏အခြားမဲ့တွင် ကာမဇောစိတ် ၂၉ ပါးအနက်မှ တစ်ပါးပါးသည် ဇောကိစ္စကိုပြီးစေလျက် လျှင်သောအဟုန်ဖြင့် ၇-ကြိမ်ဖြစ်ရိုးရှိ၏။ ဈာန်၊ မဂ်၊ ဖိုလ်တစ်မျိုးမျိုးဖြစ်ပေါ်သည့်အခါ၌မူ ဉာဏသမ္ပယုတ် ကာမာဝစရကုသိုလ်စိတ် တစ်ပါးပါးသည် မနောဒွါရာဝဇ္ဇန်းစိတ်၏အခြားမဲ့၌ ပရိကံ၊ ဥပစာ၊ အနုလုံ၊ ဂေါတြဘူဟုလေးကြိမ် သို့မဟုတ် ပရိကံမပါဘဲ သုံးကြိမ် ဇောကိစ္စကိုပြီးစေလျက် လျှင်သောအဟုန်ဖြင့် ဖြစ်၍ချုပ်၏။ ထို့နောက် ဂေါတြဘူ၏ အခြားမဲ့၌ **အပ္ပနာဇော ၂၆ ပါး** အနက်မှ တစ်ပါးပါးသည် ဇောကိစ္စကိုပြီးစေလျက် ဖြစ်၍ချုပ်၏။ အပ္ပနာဇော ၂၆-ပါးမှာ ရူပါဝစရကုသိုလ်စိတ် ၅-ပါးနှင့် ကိရိယာစိတ် ၅ ပါးဟူ၍ ပေါင်း ၁၀ ပါး၊ အရူပါဝစရကုသိုလ်စိတ် ၄ ပါးနှင့် ကိရိယာစိတ် ၄ ပါးဟူ၍ ပေါင်း ၈ ပါး၊ မဂ်စိတ်

၄ ပါး၊ ဖိုလ်စိတ် ၄ ပါးတို့ဖြစ်ပါသည်။ ဈာန်သမာပတ်ဝင်စားသောအခါ ဈာန်စိတ်သည် အကြိမ်များစွာဖြစ်၏။ ဖလသမာပတ်ဝင်စားသောအခါ ဖိုလ်စိတ်သည် အကြိမ်များ စွာဖြစ်၏။

ဤသို့လျှင် ကာမဇော ၂၉ ပါး၊ အပ္ပနာဇော ၂၆ ပါး၊ ပေါင်း ဇောစိတ် ၅၅ ပါးတို့၏ ဇောကိစ္စအစွမ်းအားဖြင့် ဖြစ်ပုံကို သိအပ်၏။

**တဒါရုံကိစ္စဆောင်ရွက်ပုံ**

ပဉ္စဒွါရတွင် အတိမဟန္တာရုံ (အလွန်ပြင်းအားကြီးသောအာရုံ)ထင်လျှင် သို့မဟုတ် မနောဒွါရတွင် အတိဝိဘူတာရုံ (အလွန်ထင်ရှားသောအာရုံ) ထင်လျှင် ကာမဇောစိတ်၏ အခြားမဲ့၌ ကာမဘုံသားသတ္တဝါတို့အား တဒါရုံစိတ်သည် တဒါရုံကိစ္စကိုပြီးစေလျက် ၂-ကြိမ်ဖြစ်၍ချုပ်၏။ တဒါရုံကိစ္စကိုဆောင်ရွက်သော **တဒါရုံ စိတ် ၁၁-ပါး**ရှိရာ ၎င်းတို့မှာ သန္တီရဏစိတ် ၃-ပါးနှင့် ကာမာဝစရသဟိတ် ဝိပါက်စိတ် ၈-ပါးတို့ဖြစ်ကြ၏။ တဒါရုံကိစ္စသည် ဇောနောက်ကိုလိုက်၍ အာရုံကိုရယူခံစားခြင်း ဖြစ်၏။

**စုတိကိစ္စဆောင်ရွက်ပုံ**

တဒါရုံ၏အဆုံး၌ ဘဝင်စိတ်တို့သာလျှင် အစဉ်မပြတ်ဖြစ်ပေါ်၏။ ဒွါရတစ်ပါးပါး၌အာရုံထင်လာသည့်အခါ ဘဝင်အစဉ်ပြတ်၍ အာဝဇ္ဇန်းစသည့် ဝီထိစိတ်အစဉ်တို့ဖြစ်ကြ၏။ ဤသို့လျှင် စိတ်တို့၏ကိန်းသေဖြစ်စဉ်ဟူသော **စိတ္တနိယာမ**အရ ဘဝင်စိတ်အစဉ်၊ ဝီထိစိတ်အစဉ်တို့သည် ဘဝတစ်ခု၌ ဘဝ၏ကုန်ခြင်းဟူသော စုတိတိုင်အောင် ဖြစ်ပျက်သွားကြ၏။ ထိုနောက်ဆုံးဘဝင်စိတ်ကို ထိုဘဝမှရွေ့လျောကြောင်းဖြစ်သောကြောင့် စုတိစိတ်ဟု ခေါ်၏။ သို့အတွက် ထိုစုတိကိစ္စဆောင်ရွက်သော **စုတိစိတ်**သည်လည်း ဘဝင်စိတ်ကဲ့သို့ပင် **၁၉ ပါး**အပြားရှိပေ၏။

**သံသရာကျင်လည်ပုံ**

ဘဝတစ်ခုမှ စုတိပြီးသည်နောက် ပြုစုပျိုးထောင်ထားသော ကုသိုလ်ကံ၊ အကုသိုလ်ကံများစွာတို့အနက်မှ ကံတစ်ကံ အကျိုးပေးထောက်ပံ့သဖြင့် နောက်ဘဝသစ်တွင် ပဋိသန္ဓေစိတ်၊ ဘဝင်စိတ်အစဉ်တို့ဖြစ်ပေါ်၍ ဒွါရနှင့် အာရုံတို့ ဆုံတွေ့သည့်အခါ ဝီထိစိတ်အစဉ်များဖြစ်ပေါ်၏။ ဤသို့စသောအခြင်းအရာဖြင့် သတ္တဝါတို့သည် ဘဝသုံးပါး၊ ဂတိငါးပါး၊ ဝိညာဏဋ္ဌိတိခုနစ်ပါး၊ သတ္တာဝါသကိုးပါးတို့၌ ပြောင်းရွှေ့ကျင်လည်နေကြကုန်၏။ အာသဝေါတရားမကုန်ခန်းသမျှကာလပတ်လုံး ကံအသစ်များကိုပြုစုပျိုးထောင်နေသဖြင့် ဘဝသစ်တို့သည်လည်း ကံအကျိုးပေးရာဘုံဌာနအမျိုးမျိုးတွင် ဖြစ်ကြရ၏။

အကြင်သတ္တဝါတို့သည် မဂ္ဂင်ရှစ်ပါးဟူသော သမ္မာပဋိပတ်အကျင့်လမ်းမှန်ကို ကျင့်ကြံအားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်၏။ ထိုပုဂ္ဂိုလ်တို့၏စိတ်အစဉ်သည် စုတိစိတ်ချုပ်ပြီးသော် အပြီးတိုင်ချုပ်ငြိမ်းပြတ်လေတော့၏။

## ၄ ဝေဒနာက္ခန္ဓာအကြောင်း

**ဝေဒနာက္ခန္ဓာဟူသည်မှာ**

ခံစားခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်ဖြင့်တစ်ပေါင်းတည်းပြု၍ ဝေဒနာက္ခန္ဓာ (ဝေဒနာအဖို့အစု) ဟုခေါ်၏။ ခံစားခြင်းလက္ခဏာရှိသော သဘောတရားဟူသည်မှာ ဝေဒနာစေတသိက်ပင်ဖြစ်၏။

**ဝေဒနာ (၃)မျိုး**

ထိုဝေဒနာသည် ခံစားခြင်းလက္ခဏာဟူသော သဘောအားဖြင့် တစ်ပါးတည်းသာဖြစ်၏။ သို့သော် အမျိုးဇာတ် (ဇာတိဘေဒ) ၏အစွမ်းအားဖြင့် ကုသိုလ်ဝေဒနာ၊ အကုသိုလ်ဝေဒနာ၊ အဗျာကတဝေဒနာဟူ၍ သုံးပါးအပြားရှိ၏။

**ကုသိုလ်ဝေဒနာ**သည် ကာမာဝစရကုသိုလ်စိတ် ၈-ပါး၊ ရူပါဝစရကုသိုလ်စိတ် ၅-ပါး၊ အရူပါဝစရကုသိုလ်စိတ် ၄-ပါး၊ လောကုတ္တရာကုသိုလ်စိတ် ၄-ပါးဟူသော ကုသိုလ်စိတ်ပေါင်း ၂၁ ပါး၌ယှဉ်သည့် ဝေဒနာဖြစ်၏။

**အကုသိုလ်ဝေဒနာ**သည် အကုသိုလ်စိတ် ၁၂ ပါးနှင့်ယှဉ်သော ဝေဒနာဖြစ်၏။

**အဗျာကတဝေဒနာ**သည် ဝိပါက်၊ ကိရိယာဟူသော အဗျာကတစိတ် ၅၆ နှင့်ယှဉ်သော ဝေဒနာဖြစ်၏။

**ဝေဒနာ (၅)မျိုး**

ထို ၈၉ ပါးသောဝေဒနာသည် သဘာဝအပြားအားဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ သောမနဿဝေဒနာ၊ ဒေါမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာဟူ၍ ၅ ပါး အပြားရှိ၏။

**သုခဝေဒနာ**သည် ကုသလဝိပါက် ကာယဝိညာဏ်နှင့်ယှဉ်သော ဝေဒနာဖြစ်၏။

**ဒုက္ခဝေဒနာ**သည် အကုသလဝိပါက် ကာယဝိညာဏ်နှင့်ယှဉ်သော ဝေဒနာဖြစ်၏။

**သောမနဿဝေဒနာ**သည် သောမနဿသဟဂုတ်စိတ် ၆၂ ပါးနှင့်ယှဉ်သော ဝေဒနာဖြစ်၏။

**ဒေါမနဿဝေဒနာ**သည် ဒေါသမူစိတ် ၂ ပါးနှင့်ယှဉ်သော ဝေဒနာဖြစ်၏။

**ဥပေက္ခာဝေဒနာ**သည် ဥပေက္ခာသဟဂုတ်စိတ် ၅၅ ပါးနှင့်ယှဉ်သည့် ဝေဒနာဖြစ်၏။

**သောမနဿသဟဂုတ်စိတ် ၆၂ ပါး**တွင် လောဘမူသောမနဿစိတ် ၄ ပါး၊

ကာမာဝစရသောမနဿကုသိုလ်စိတ် ၄ ပါး၊ ကာမာဝစရသောမနဿဝိပါက်စိတ် ၄ ပါး၊ ကာမာဝစရသောမနဿကိရိယာစိတ် ၄ ပါး၊ သောမနဿသန္တီရဏစိတ်၊ ဟသိတုပ္ပါဒ်စိတ်ဟူ၍ စုစုပေါင်း ကာမသောမနဿစိတ် ၁၈ ပါးပါဝင်၏။ တစ်ဖန် ရူပါဝစရစိတ် ၁၅ ပါးတွင် ပဉ္စမဈာန်စိတ် ၃ ပါးကိုဖယ်၍ ကျန်ကုသိုလ်စိတ် ၄ ပါး၊ ဝိပါက်စိတ် ၄ ပါး၊ ကိရိယာစိတ် ၄ ပါးဟူ၍ သောမနဿသဟဂုတ် ရူပစိတ် ၁၂ ပါးပါဝင်၏။ ထို့အပြင် လောကုတ္တရာစိတ်သည်ကား ဈာန်နှင့်မယှဉ်သည်ဟူ၍မရှိ။ လောကုတ္တရာစိတ် ၈ ပါးကို ရူပါဝစရသောမနဿကုသိုလ်စိတ် ၄ ပါးနှင့်မြှောက်ပွား၍ရသော လောကုတ္တရာသောမနဿသဟဂုတ်စိတ် ၃၂ ပါးတို့လည်း ပါဝင်၏။ ကာမာဝစရသောမနဿစိတ် ၁၈ ပါး + ရူပါဝစရသောမနဿစိတ် ၁၂ ပါး + လောကုတ္တရာသောမနဿစိတ် ၃၂ ပါးတို့ကိုပေါင်းသော် သောမနဿစိတ်ပေါင်း ၆၂ ပါးရပါသည်။

**ဉပေက္ခာသဟဂုတ်စိတ် ၅၅ ပါး**တွင်ကား လောဘမူဉပေက္ခာစိတ် ၄ ပါး၊ မောဟမူဉပေက္ခာစိတ် ၂ ပါး၊ အကုသလဝိပါက်ဉပေက္ခာစိတ် ၆ ပါး၊ အဟိတ်ကုသလဝိပါက် ဉပေက္ခာစိတ် ၆ ပါး၊ အာဝဇ္ဇန်းစိတ် ၂ ပါး၊ ကာမာဝစရ သောမနဿကုသိုလ်စိတ် ၄ ပါး၊ သောမနဿသဟိတ်ဝိပါက်စိတ် ၄ ပါး၊ သောမနဿသဟိတ်ကိရိယာစိတ် ၄ ပါးဟူ၍ စုစုပေါင်း ကာမဉပေက္ခာသဟဂုတ်စိတ် ၃၂ ပါး ပါဝင်၏။ ရူပါဝစရ ပဉ္စမဈာန်စိတ် ၃ ပါးနှင့် အရူပါဝစရစိတ် ၁၂ ပါးဟူ၍ မဟဂ္ဂုတ်ဉပေက္ခာစိတ် ၁၅ ပါးပါဝင်၏။ ထို့အပြင် ပဉ္စမဈာန်နှင့်ယှဉ်သည့် လောကုတ္တရာစိတ် ၈ ပါးလည်းပါဝင်၏။ ထို့ကြောင့် ကာမာဝစရဉပေက္ခာစိတ် ၃၂ ပါး၊ ရူပ-အရူပဟူသော မဟဂ္ဂုတ်ဉပေက္ခာစိတ် ၁၅ ပါး၊ လောကုတ္တရာဉပေက္ခာစိတ် ၈ ပါးဟူ၍ စုစုပေါင်း ဉပေက္ခာဝေဒနာနှင့်ယှဉ်သည့်စိတ် ၅၅ ပါးဖြစ်၏။

**ဝေဒနာ ၅မျိုးတို့၏လက္ခဏာစသည်**

(၁) **သုခဝေဒနာသည်**

(က)ဣဋ္ဌဖောဋ္ဌဗ္ဗာရုံခေါ် ကောင်းသောအတွေ့ကို ခံစားခြင်းလက္ခဏာရှိ၏။

(ခ) ယှဉ်ဖက်စိတ်စေတသိက်များဟူသော သမ္ပယုတ်တရားတို့ကို ပွားစေခြင်း၊ သန်စွမ်းဖွံ့ထွားစေခြင်းကိစ္စ (ရသ) ရှိ၏။

(ဂ) ကိုယ်၌ဖြစ်သည့် သာယာဖွယ်ဟု ဉာဏ်အားရှေးရှုထင်၏။ (ပစ္စုပဋ္ဌာန်)

(ဃ)ကိုယ်အကြည်ရုပ်ဟူသောကာယိန္ဒြေလျှင်နီးသောအကြောင်းပဒဋ္ဌာန်ရှိ၏။

(၂) **ဒုက္ခဝေဒနာသည်**

(က)အနိဋ္ဌဖောဋ္ဌဗ္ဗာရုံခေါ် မကောင်းသောအတွေ့ကို ခံစားခြင်းလက္ခဏာရှိ၏။

(ခ)ယှဉ်ဖက်သမ္ပယုတ်တရားတို့အား ညှိုးနွမ်း၊ အားလျော့စေခြင်းကိစ္စရှိ၏။

(ဂ)ကိုယ်၌ဖြစ်သော နှိပ်စက်၊ ခံခက်သည့်သဘောဟု ဉာဏ်အား ရှေးရှုထင်၏။
(ဃ)ကိုယ်အကြည်ရုပ်ဟူသော ကာယိန္ဒြေလျှင် နီးသောအကြောင်းရှိ၏။

(၃) **သောမနဿဝေဒနာသည်**

(က)ဣဋ္ဌာရုံခေါ် အလိုရှိအပ်သောအာရုံကောင်းကို ခံစားခြင်းလက္ခဏာရှိ၏။
(ခ) ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ ဣဋ္ဌာရုံကို အလိုရှိအပ်၊ ကောင်းမြတ်သောအခြင်းအရာအားဖြင့် သုံးဆောင်ခြင်းကိစ္စရှိ၏။
(ဂ) စိတ်၌ဖြစ်သော သာယာဖွယ်ဟု ဉာဏ်အားရှေးရှုထင်၏။
(ဃ)ကိုယ်စိတ်၏ငြိမ်းအေးမှုဟူသော ပဿဒ္ဓိလျှင် နီးသောအကြောင်းရှိ၏။

(၄) **ဒေါမနဿဝေဒနာသည်**

(က) အနိဋ္ဌာရုံခေါ် အလိုမရှိအပ်သော အာရုံကို ခံစားခြင်းလက္ခဏာရှိ၏။
(ခ) ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ အနိဋ္ဌာရုံကို အလိုမရှိအပ်၊ မကောင်းမြတ်သောအခြင်းအရာအားဖြင့် သုံးဆောင်ခြင်းကိစ္စရှိ၏။
(ဂ) စိတ်၌ဖြစ်သော နှိပ်စက်၊ ခံခက်သည့်သဘောဟု ဉာဏ်အားရှေးရှုထင်၏။
(ဃ)ကေန်ပင် ဟဒယဝတ္ထုလျှင် နီးသောအကြောင်း ပဒဋ္ဌာန်ရှိ၏။

(၅) **ဥပေက္ခာဝေဒနာသည်**

(က) မကောင်းမဆိုး အလယ်အလတ်သဘောရှိသော အာရုံကို ခံစားခြင်းလက္ခဏာရှိ၏။
(ခ) ယှဉ်ဖက်သမ္ပယုတ်တရားတို့ မရွှင်၊ မညှိုးစေခြင်းကိစ္စရှိ၏။
(ဂ) ငြိမ်သက်သည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
(ဃ)ပီတိကင်းသောစိတ်လျှင် နီးသောအကြောင်း ပဒဋ္ဌာန်ရှိ၏။

## ၅ သညာက္ခန္ဓာအကြောင်း

**သညာက္ခန္ဓာဟူသည်မှာ**

မှတ်သားခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်ဖြင့် တစ်ပေါင်းတည်းပြု၍ သညာက္ခန္ဓာ (သညာအဖို့အစု)ဟုခေါ်၏။ မှတ်သားခြင်းလက္ခဏာရှိသော သဘောတရားဟူသည်မှာ သညာစေတသိက်ပင်ဖြစ်၏။

**သညာ (၃)မျိုး**

ထိုသညာသည် မှတ်သားခြင်းလက္ခဏာဟူသော သဘောအားဖြင့် တစ်ပါးတည်းသာဖြစ်၏။ သို့သော် အမျိုးဇာတ်၏အစွမ်းဖြင့် ကုသိုလ်သညာ၊ အကုသိုလ်သညာ၊ အဗျာကတသညာဟူ၍ သုံးပါးအပြားရှိ၏။

ထိုသုံးပါးတွင် ကုသိုလ်စိတ် ၂၁ ပါးနှင့်ယှဉ်သောသညာသည် **ကုသိုလ်သညာ**

မည်၏။

အကုသိုလ်စိတ် ၁၂ ပါးနှင့်ယှဉ်သောသညာသည် **အကုသိုလ်သညာ** မည်၏။

(ဝိပါက်၊ ကိရိယာ) အဗျာကတစိတ် ၅၆ ပါးနှင့်ယှဉ်သောသညာသည် **အဗျာကတသညာ**မည်၏။

**သညာ၏လက္ခဏာစသည်**

(က) သညာသည် အာရုံကို မှတ်သားခြင်းလက္ခဏာရှိ၏။

(ခ) "ဤအရာသည် ယခင်တွေ့ဖူးသောထိုအရာပဲ" ဟု တစ်ဖန်မှတ်မိခြင်း၏ အကြောင်းနိမိတ်ကိုပြုခြင်းကိစ္စ (ရသ) ရှိ၏။ ဥပမာအားဖြင့် သစ်တုံးကို ရွေခုတ်သူသည် သစ်တုံး၌အမှတ်အသားနိမိတ်ကို ပြုသကဲ့သို့တည်း။

(ဂ) မှတ်မိတိုင်းသောနိမိတ်၏အစွမ်းအားဖြင့် မြဲမြံစွာနှလုံးသွင်းခြင်းကို ပြုသည့် အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။ ဥပမာအားဖြင့် ဆင်ကို လက်ဖြင့် စမ်းကြသည့် သူကန်းကဲ့သို့ပင်တည်း။

(ဃ)ထင်တိုင်းသောအာရုံလျှင် နီးသောအကြောင်းရှိ၏။ ဥပမာ မြက်ဖြင့်ပြုလုပ်ထားသော လူရုပ်ကို သမင်ငယ်တို့မြင်သောအခါ လူ-ဟု မှတ်ထင်ခြင်းကဲ့သို့တည်း။

## ၆ သင်္ခါရက္ခန္ဓာအကြောင်း

**သင်္ခါရက္ခန္ဓာဟူသည်မှာ**

ပြုလုပ်ခြင်း၊ အားထုတ်ခြင်း၊ ကြောင့်ကြစိုက်ခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်ဖြင့်တစ်ပေါင်းတည်းပြု၍ သင်္ခါရက္ခန္ဓာ (သင်္ခါရအဖို့အစု) ဟု ခေါ်၏။

သင်္ခါရဟူသည်မှာ အညီအညွတ်ပေါင်းစု၍ ပြုလုပ်တတ်သောတရားများဖြစ်၏။ တရားကိုယ်အားဖြင့်မူ ဝေဒနာ၊ သညာကြဉ်သော စေတနာစသည့် စေတသိက် ၅၀ သည် သင်္ခါရတို့မည်ကုန်၏။

**သင်္ခါရတို့၏လက္ခဏာစသည်**

(က) သင်္ခါရတို့သည် စုပေါင်းပေးခြင်း၊ စုပေါင်း၍ပြုခြင်း (အဘိသင်္ခါရဏ) လက္ခဏာရှိ၏။

(ခ) စုပေါင်းခြင်း၊ အားထုတ်ခြင်း (အာယူဟန) ကိစ္စရှိ၏။

(ဂ) (ဝိပ္ဖါရ) လှုပ်လှုပ်ရှရှကြောင့်ကြစိုက်သည့် အနေအားဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ)ကြွင်းသောခန္ဓာသုံးပါးအပေါင်းလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်)ရှိ၏။

**သင်္ခါရ (၃)မျိုး**

သင်္ခါရတို့သည် ပြုလုပ်ခြင်း၊ အားထုတ်ခြင်း၊ ကြောင့်ကြစိုက်ခြင်းလက္ခဏာအားဖြင့် တစ်မျိုးတည်းဖြစ်သော်လည်း အမျိုးဇာတ်အားဖြင့်မူ ကုသိုလ်သင်္ခါရ၊ အကုသိုလ်သင်္ခါရ၊ အဗျာကတသင်္ခါရဟူ၍ သုံးပါးအပြားရှိ၏။

ကုသိုလ်စိတ် ၂၁-ပါးနှင့်ယှဉ်သောသင်္ခါရတို့သည် **ကုသိုလ်သင်္ခါရ** မည်၏။

အကုသိုလ်စိတ် ၁၂-ပါးနှင့်ယှဉ်သောသင်္ခါရတို့သည် **အကုသိုလ်သင်္ခါရ** မည်၏။

(ဝိပါက်၊ ကိရိယာ) အဗျာကတစိတ် ၅၆ ပါးနှင့်ယှဉ်သောသင်္ခါရတို့သည် **အဗျာကတသင်္ခါရ**မည်၏။

**ကာမာဝစရပထမကုသိုလ်စိတ်နှင့်ယှဉ်သောသင်္ခါရ (၂) မျိုး**

ကာမာဝစရပထမကုသိုလ်စိတ်နှင့်ယှဉ်ကုန်သောသင်္ခါရတို့သည် နိယတသင်္ခါရ၊ အနိယတသင်္ခါရအားဖြင့် ၂-ပါးအပြားရှိ၏။

**နိယတသင်္ခါရ**သည် ပထမကာမာဝစရကုသိုလ်စိတ်နှင့် ယှဉ်ပုံမြဲကြသော ဝေဒနာသညာကြဉ်သည့် အညသမာန်းစေတသိက် ၁၁ ပါး၊ သောဘဏသာဓာရဏ စေတသိက် ၁၉ ပါး၊ အမောဟခေါ် ပညာစေတသိက် ၁ ပါး၊ ပေါင်း စေတသိက် ၃၁ ပါးဖြစ်၏။ ဤစေတသိက်တို့တွင် ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာတို့သည် **ယေဝါပနကသင်္ခါရ**တို့ဖြစ်ကြ၏။ ယေဝါပနဖြင့်ဟောထား၍ ယေဝါပနက မည်၏။

**အနိယတသင်္ခါရ**သည် ပထမကာမာဝစရကုသိုလ်စိတ်နှင့် ယှဉ်ပုံမမြဲကြသော ဝိရတိစေတသိက် ၃-ပါးနှင့် အပ္ပမညာစေတသိက် ၂-ပါးဟူ၍ စေတသိက် ၅ ပါး ဖြစ်၏။ ဤငါးပါးတို့သည် ကုသိုလ်စိတ်၌ တစ်ခါတစ်ရံသာဖြစ်ကြ၏။ ဖြစ်လျှင်လည်း တစ်ပေါင်းတည်းမဖြစ်ဘဲ တစ်ပါးချင်းသာဖြစ်ကြ၏။ ထို့ကြောင့် အနိယတသင်္ခါရ မည်၏။

ဝေဒနာ,သညာကြဉ်သည့် **အညသမာန်းစေတသိက် ၁၁-ပါး**မှာ ဖဿ၊ စေတနာ၊ ဧကဂ္ဂတာခေါ် သမာဓိ၊ ဇီဝိတ၊ မနသိကာရ၊ ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒတို့ဖြစ်ကြ၏။

**သောဘဏသာဓာရဏစေတသိက် ၁၉ ပါး**မှာ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြမဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယုဇုကတာ၊ စိတ္တုဇုကတာတို့ဖြစ်ကြ၏။

**ဝိရတိစေတသိက် ၃-ပါး**မှာ သမ္မာဝါစာခေါ် ကာယဒုစ္စရိတဝိရတိ၊

သမ္မာကမ္မန္တခေါ် ဝစီဒုစ္စရိတဝိရတိ၊ သမ္မာအာဇီဝခေါ် မိစ္ဆာဇီဝဝိရတိတို့ဖြစ်ကြ၏။

**အပ္ပမညာစေတသိက် ၂-ပါးမှာ** ကရုဏာနှင့် မုဒိတာတို့ဖြစ်ကြ၏။

**ကုသိုလ်သင်္ခါရတို့၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်**

(၁) **ဖဿ** - အာရုံကို ထိတွေ့တတ်သောကြောင့် ဖဿမည်၏။ အာရုံ၌ တွေ့ထိသောအခြင်းအရာအားဖြင့်သာလျှင်ဖြစ်၏။

(က) ဖဿသည် အာရုံကို ထိတွေ့ခြင်းလက္ခဏာရှိ၏။

(ခ) ဒွါရ (ဝတ္ထု)နှင့် အာရုံကို ထိတိုက်စေခြင်းကိစ္စ (ရသ) ရှိ၏။

(ဂ) ဒွါရ-အာရုံ-ဝိညာဏ်ဟူသော ဤသုံးပါးတို့ပေါင်းဆုံမိသည့်အနေအားဖြင့် ဉာဏ်အားရှေးရှုထင်၏။ (ပစ္စုပဋ္ဌာန်)

(ဃ)ထင်ပေါ်လာသောအာရုံလျှင် နီးသောအကြောင်း (ပဒဋ္ဌာန်) ရှိ၏။

**မှတ်ချက်**- ဖဿသည် ရုပ်မဟုတ်သည့် နာမ်တရားဖြစ်သော်လည်း အာရုံ၌ တွေ့ထိသော အခြင်းအရာအားဖြင့်သာလျှင် ဖြစ်၏။ ထို့အပြင် တစ်စိတ်တစ်ဒေသအားဖြင့် ထိငြိခြင်းမရှိသော်လည်း ဖဿသည် စိတ်နှင့်အာရုံတို့ကို ထိခိုက်တတ်၏။ ဒွါရ-အာရုံ-ဝိညာဏ် သုံးပါးအပေါင်း၏ဆုံမိခြင်းဟု ဆိုအပ်သော မိမိအကြောင်း၏ အစွမ်းအားဖြင့် သိစေအပ်သည့်အဖြစ်ကြောင့် ထိုပေါင်းဆုံခြင်းလျှင်ဉာဏ်အားရှေးရှုထင်၏။

ထိုဖဿအား လျော်သောနှလုံးသွင်းမှု (အာဝဇ္ဇန်း)နှင့် စက္ခုပသာဒစသည့် က္ကန္ဒြေကပြုပြင်ပေးသောအာရုံ၌ အန္တရာယ်မရှိဘဲ ဧကန်ပင် ဖဿဖြစ်ခြင်းကြောင့် ထင်ပေါ်လာသောအာရုံလျှင် နီးသောအကြောင်းရှိ၏ဟုဆိုအပ်၏။ ဥပမာအားဖြင့် ဖဿသည် ဝေဒနာ၏တည်ရာဖြစ်သောကြောင့် အရေမရှိသော နွားမကဲ့သို့ မှတ်အပ်၏။

(၂) **စေတနာ** - မိမိနှင့်တကွ မိမိ၏ယှဉ်ဖက်စိတ်စေတသိက်တို့ကို အာရုံ၌ ဆက်စပ်၊ စေ့ဆော်၊ တိုက်တွန်းပေးတတ်သောကြောင့်စေတနာမည်၏။

(က)စေတနာသည်ယှဉ်ဖက်တရားတို့ကိုစေ့ဆော်တိုက်တွန်းခြင်းလက္ခဏာရှိ၏။

(ခ) သမ္ပယုတ်တရားတို့ကို မိမိတို့၏ကိစ္စများ၌ ဖရိုဖရဲ မကွဲပြားအောင် စုရုံးစေ့စပ်ခြင်း၊ အားထုတ်ခြင်း၊ ကြောင့်ကြပြုခြင်း ကိစ္စရှိ၏။

(ဂ) စီမံတတ်သည့်တရားဟု ဉာဏ်အားရှေးရှုထင်၏။ အဘယ်ကဲ့သို့နည်းဟူမူ မိမိကိုယ်တိုင် ကြောင့်ကြပြု၍ မိမိ၏ကိစ္စ၊ သူတစ်ပါးတို့၏ကိစ္စကိုပြီးစေသော တပည့်ကြီး, လက်သမားဆရာကြီးတို့ကဲ့သို့တည်း။

(ဃ)ဝတ္ထု၊ အာရုံ၊ သမ္ပယုတ်တရားတို့တွင် တစ်မျိုးမျိုးသောတရားသည် နီးသောအကြောင်း (ပဒဋ္ဌာန်) ဖြစ်၏။

**မှတ်ချက်**- ဝိတက်၊ ဝိစာရ၊ ပီတိတို့၌ ဆိုသင့်သောစကားတို့ကို ဝိသုဒ္ဓိမဂ္ဂ အလင်းပြ အတွဲ(၁) အခန်း(၄) ပထမဈာန်အဖွင့်၌ ဆိုခဲ့ပြီးဖြစ်၏။

(၃) **ဝီရိယ** - ပြုလုပ်ရန် ရဲရင့်သည်၏အဖြစ်သည် ဝီရိယမည်၏။

(က) ဝီရိယသည် ထိုထိုကိစ္စကိုဆောင်ရွက်ရန် အားထုတ်ခြင်းလက္ခဏာရှိ၏။

(ခ) အတူဖြစ်ဖက်တရားတို့အား ထောက်ပံ့အားပေးခြင်းကိစ္စ ရသရှိ၏။

(ဂ) မဆုတ်နစ်သည်၏အဖြစ်ဖြင့် ဉာဏ်အားရှေး့ရှုထင်၏။ (ပစ္စုပဋ္ဌာန်)

(ဃ)ထိတ်လန့်မှု-သံဝေဂလျှင် နီးသောအကြောင်း ပဒဋ္ဌာန်ရှိ၏။

"ထိတ်လန့်မှု-သံဝေဂရသူသည် အကြောင်းမှန်၊ နည်းမှန်အားဖြင့် အားထုတ်၏" ဟု ဟောတော်မူ၏။

**မှတ်ချက်**- ကောင်းမွန်မှန်ကန်စွာအားထုတ်သော ဝီရိယသည် အလုံးစုံသော ပြည့်စုံခြင်း-စည်းစိမ်ချမ်းသာတို့၏အရင်းမူလဖြစ်သည်ဟု မှတ်အပ်၏။

(၄) **ဇီဝိတ** - ယှဉ်ဖက်တရားတို့၏ အသက်ရှင်ကြောင်းသဘောသည် ဇီဝိတ မည်၏။ တစ်နည်းကား အသက်ရှင်တတ်သောသဘောသည် ဇီဝိတမည်၏။ တစ်နည်းကား အသက်ရှင်ခြင်းမျှသဘောသည် ဇီဝိတမည်၏။

(က) ဇီဝိတိန္ဒြေခေါ် ဇီဝိတသည် ယှဉ်ဖက်စိတ်စေတသိက်တို့ အသက်ရှင်ကြောင်း စောင့်ရှောက်ခြင်းလက္ခဏာရှိ၏။

(ခ) အတူဖြစ်ဖက် စိတ်စေတသိက်တို့ကို ဖြစ်မြဲတိုင်းဖြစ်သွားစေခြင်း၊ မျှတစေခြင်းကိစ္စရှိ၏။

(ဂ) အတူဖြစ်ဖက် စိတ်စေတသိက်တို့ကို တည်မြဲတိုင်းတည်စေသည့်အနေအားဖြင့် ဉာဏ်အားရှေး့ရှုထင်၏။

(ဃ)ဖြစ်စေအပ်၊ မျှတစေအပ်သည့် သမ္ပယုတ်တရားတို့လျှင် နီးသောအကြောင်းရှိ၏။

(၅) **စေဂ္ဂတာမည်သောသမာဓိ** - အာရုံ၌ စိတ်ကို အညီအညွတ် ကောင်းစွာထားတတ်သောသဘောသည် သမာဓိမည်၏။

(က) သမာဓိသည် အာရုံတစ်ပါးသို့ မရွေ့ရှား၊ မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။ တစ်နည်းကား ယှဉ်ဖက်တရားတို့ကို မပျံ့လွင့်စေခြင်း လက္ခဏာရှိ၏။

(ခ) အတူဖြစ်ဖက် စိတ်စေတသိက်တို့ကို ပေါင်းစုစေခြင်းကိစ္စရှိ၏။ ရေက ဆပ်ပြာမှုန့်တို့ကို ပေါင်းစုလုံးခဲစေသကဲ့သို့ပင်တည်း။

(ဂ) ငြိမ်သက်သည့်အနေဖြင့် ဉာဏ်အားရှေး့ရှုထင်၏။ လေငြိမ်ရာအရပ်၌

ဆီမီးတို့၏ တည်ငြိမ်ခြင်းကဲ့သို့ စိတ်၏တည်ကြည်ငြိမ်သက်ခြင်းကို မှတ်အပ်၏။

(ဃ)သုခလျှင် နီးသောအကြောင်း ပဒဋ္ဌာန်ရှိ၏။

(၆) **သဒ္ဓါ**- ယှဉ်ဖက်တရားတို့၏ကြည်လင်ကြောင်းဖြစ်သောတရားသည် သဒ္ဓါမည်၏။ တစ်နည်းကား ကြည်လင်တတ်, ယုံကြည်တတ်သောတရားသည် သဒ္ဓါမည်၏။

(က) သဒ္ဓါသည် ရတနာသုံးတန်နှင့် ကံ, ကံ၏အကျိုးကို ယုံကြည်ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏။ တစ်နည်းကား သက်ဝင်၍ကြံစည်ခြင်း, ယုံကြည်ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏။

(ခ) ယှဉ်ဖက်တရားတို့ကိုကြည်လင်စေခြင်းကိစ္စရှိ၏။ ရေကိုကြည်လင်စေတတ်သော ပတ္တမြားရတနာကဲ့သို့တည်း။ တစ်နည်းကားယုံကြည်ဖွယ်၌ ပြေးဝင်ခြင်းကိစ္စရှိ၏။ မိကျောင်းရှိသောရေယဉ်ကိုမကြောက်မရွံ့, မတွန့်မဆုတ် ကူးခတ်ဝံ့သောသူကဲ့သို့တည်း။

(ဂ) မနောက်မကျုသည့်အနေအားဖြင့် ဉာဏ်အားရှေးရှုထင်၏။ တစ်နည်းကား ယုံကြည်ဆုံးဖြတ်ခြင်းအနေဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ)ယုံကြည်ဖွယ်ဝတ္ထုလျှင် နီးသောအကြောင်းရှိ၏။ တစ်နည်းကား ရတနာသုံးပါး, ကံ,ကံ၏အကျိုးဟူသော သဒ္ဒေယျဝတ္ထုလျှင် နီးသောအကြောင်းရှိ၏။ တစ်နည်းကား သောတာပတ္တိယင်္ဂလေးပါးလျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်**- သဒ္ဓါသည် ကုသိုလ်တရားတို့ကိုယူခြင်း၌ လက်နှင့်တူ၏။ အလုံးစုံသော စည်းစိမ်ကို ပြီးစီးပြည့်စုံစေခြင်း၌ ဥစ္စာနှင့်တူ၏။ အမြိုက် နိဗ္ဗာန်ကိုသိစေခြင်း၌ မျိုးစေ့နှင့်တူ၏။

**သောတာပတ္တိယင်္ဂခေါ်** သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ကြောင်း အင်္ဂါ ၄-ပါးကား

(၁) *သပ္ပုရိသသေဝ* - သူတော်ကောင်းကိုမှီဝဲခြင်း။

(၂) *သဒ္ဓမ္မဿဝန* - သူတော်ကောင်းတရားကို နာကြားခြင်း။

(၃) *ယောနိသောမနသိကာရ* - အသင့်လမ်းမှန်အားဖြင့်နှလုံးသွင်းခြင်း။

(၄) *ဓမ္မာနုဓမ္မပ္ပဋိပတ္တိ* - လောကုတ္တရာတရားအားလျော်သောအကျင့်ကို ကျင့်ခြင်းတို့တည်း။

(၇) **သတိ**- ယှဉ်ဖက်တရားတို့ အောက်မေ့အမှတ်ရကြောင်းသဘောသည် သတိမည်၏။ တစ်နည်းကား အောက်မေ့တတ်, အမှတ်ရတတ်

သောသဘောသည် သတိမည်၏။ တစ်နည်းကား အောက်မေ့ခြင်း, အမှတ်ရခြင်းမျှသဘောသည် သတိမည်၏။

(က) သတိသည် မိမိ၏အာရုံအဖြစ်မှ မပေါ်မထွက်စေခြင်း (အဝိလာပန) လက္ခဏာရှိ၏။ သမ္ပယုတ်တရားတို့ကို ဗူးတောင်းကဲ့သို့ ရေ၌မပေါ် မမျောစေ အပြင်သို့မထွက်စေဘဲ ကျောက်ဖျာကဲ့သို့ မလှုပ်မရှား မြဲစွာအောက်မေ့စေခြင်း လက္ခဏာရှိ၏။

(ခ) မေ့လျော့မှုကိုဖျက်ဆီးခြင်း, မမေ့စေခြင်း ကိစ္စရှိ၏။

(ဂ) စိတ်ကို စောင့်ရှောက်တတ်သောတရားဟု ဉာဏ်အားရှေးရှုထင်၏။ တစ်နည်းကား အာရုံဆီသို့ရှေ့ရှုပြုနေသည့်အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏။

(ဃ) ခိုင်မြဲသောအမှတ်သညာလျှင် နီးသောအကြောင်းရှိ၏။ တစ်နည်းကား သတိပဋ္ဌာန်အာရုံလျှင် နီးသောအကြောင်းရှိ၏။ ဥပမာအားဖြင့် အာရုံ၌မြဲမြံစွာတည်သောကြောင့် မြို့ပေါက်ဝ၌ စိုက်ထူထားသည့် တံခါးတိုင်ကဲ့သို့ စက္ခုဒွါရစသည်ကို စောင့်ရှောက်တက်သောကြောင့် တံခါးစောင့်ကဲ့သို့ မှတ်အပ်၏။

(၈) **ဟိရီ**- ကာယဒုစရိုက်စသည့်မကောင်းမှုတို့မှ ရှက်တတ်သောကြောင့် ဟိရီမည်၏။ ဤအမည်သည် ရှက်ခြင်းသဘော၏ အမည်ပေတည်း။

(က) ဟိရီသည် မကောင်းမှုမှ စက်ဆုပ်ခြင်းလက္ခဏာရှိ၏။

(ခ) ရှက်သောအခြင်းအရာအားဖြင့် မကောင်းမှုတို့ကိုမပြုခြင်းကိစ္စရှိ၏။

(ဂ) ရှက်သည့်အခြင်းအရာအားဖြင့်ပင်လျှင် မကောင်းမှုမှ တွန့်ဆုပ်သည့် အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) မိမိကိုယ်ကိုအလေးပြုခြင်းလျှင် နီးသောအကြောင်းရှိ၏။ မိမိကိုယ်ကို အလေးပြု၍ ဟိရီဖြင့် မကောင်းမှုကိုပယ်စွန့်၏။ အမျိုးသမီးချွေးမ ကဲ့သို့တည်း။

(၉) **ဩတ္တပ္ပ** - ကာယဒုစရိုက်စသည့် မကောင်းမှုတို့မှ ကြောက်လန့်တတ်သောကြောင့် ဩတ္တပ္ပမည်၏။ ဤအမည်သည် မကောင်းမှုမှ ထိတ်လန့်ခြင်း၏ အမည်ပေတည်း။

(က) ဩတ္တပ္ပသည် မကောင်းမှုမှကြောက်လန့်ခြင်းလက္ခဏာရှိ၏။

(ခ) ကြောက်တတ်သောအခြင်းအရာအားဖြင့် မကောင်းမှုတို့ကို မပြုခြင်း ကိစ္စရှိ၏။

(ဂ) ကြောက်လန့်သောအခြင်းအရာအားဖြင့်ပင်လျှင် မကောင်းမှုမှတွန့်ဆုတ်

သည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) သူတစ်ပါးကိုအလေးပြုခြင်းလျှင် နီးသောအကြောင်းရှိ၏။ သူတစ်ပါးကို အလေးပြု၍ ဩတ္တပ္ပဖြင့် မကောင်းမှုကို ပယ်စွန့်၏။ ပြည့်တန်ဆာမ နှင့်တူ၏။

**မှတ်ချက်**- ဟိရီနှင့်ဩတ္တပ္ပတို့သည် လောကကို စောင့်ရှောက်တတ်သော **လောကပါလတရား**တို့ဟူ၍ မှတ်အပ်၏။

(၁၀) **အလောဘ**- ယှဉ်ဖက်တရားတို့၏မလိုချင်,မငြိကပ်ကြောင်းသဘောသည် အလောဘမည်၏။ တစ်နည်းကား မလိုချင်တတ်, မမက်မော တတ်သောသဘောသည် အလောဘမည်၏။ တစ်နည်းကား မလိုချင်ခြင်း, မမက်မောခြင်းမျှ သဘောသည် အလောဘမည်၏။

(က) အလောဘသည် အာရုံ၌ စိတ်၏မလိုချင်, မတပ်မက်ခြင်းလက္ခဏာ ရှိ၏။ တစ်နည်းကား မကပ်ငြိခြင်းလက္ခဏာရှိ၏။ ကြာရွက်၌ ရေပေါက်မကပ်ငြိသကဲ့သို့တည်း။

(ခ) ငါ့ဥစ္စာဟုစွဲလမ်းသောအားဖြင့် မသိမ်းပိုက်ခြင်းကိစ္စရှိ၏။ ဥပမာ ကိလေသာမှလွတ်ပြီးသော ရဟန္တာက ဘယ်အရာကိုမျှ ငါ့ဥစ္စာဟု မသိမ်းပိုက်ခြင်းနှင့်တူ၏။

(ဂ) မငြိတွယ်သည်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။ မစင်တွင်း၌ကျသော သူသည် မစင်၌ မငြိတွယ်သကဲ့သို့တည်း။

(ဃ)ဝတ္ထု,အာရုံနှင့် သမ္ပယုတ်တရားတို့သည် နီးသောကြောင်းဖြစ်၏။ တစ်နည်းကား ယောနိသောမနသိကာရသည် နီးသောအကြောင်းဖြစ်၏။

(၁၁) **အဒေါသ**- စိတ်မခက်ထန်, မကြမ်းတမ်းခြင်းသဘောသည် အဒေါသ မည်၏။

(က) အဒေါသသည် မကြမ်းတမ်းခြင်း, နူးညံ့ခြင်းလက္ခဏာရှိ၏။ တစ်နည်း ကား အရာရာ၌ လိုက်လျောတတ်သော မိတ်ဆွေကောင်းကဲ့သို့ မဆန့်ကျင်ခြင်းလက္ခဏာရှိ၏။

(ခ) ရန်ငြိုးကို ပယ်ဖျောက်ခြင်းကိစ္စရှိ၏။ တစ်နည်းကား ဒေါသအပူကို ငြိမ်းစေခြင်းကိစ္စရှိ၏။ စန္ဒကူးသည် အပူကိုငြိမ်းစေသကဲ့သို့တည်း။

(ဂ) အေးချမ်းသည်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။ လပြည့်ဝန်း ကဲ့သို့တည်း။

(ဃ) ဝတ္ထု,အာရုံနှင့်သမ္ပယုတ်တရားတို့သည် နီးသောအကြောင်းဖြစ်၏။ တစ်နည်းကား ယောနိသောမနသိကာရသည် နီးသောအကြောင်း

ဖြစ်၏။

**မှတ်ချက်**- သတ္တဝါတို့ကို ဘေးရန်ကင်းပြီးချမ်းသာစေလိုသော မေတ္တာနှင့် သည်းခံခြင်းခန္တီတို့သည် အဒေါသစေတသိက်ဖြစ်၏။

(၁၂) **အမောဟ**- အာရုံ၏သဘောမှန်ကို ထိုးထွင်း၍သိတတ်သော ပညိန္ဒြေ ခေါ် ပညာစေတသိက်ပင်တည်း။

(က) အမောဟသည် သဘောမှန်အတိုင်း ထိုးထွင်းသိခြင်းလက္ခဏာရှိ၏။ တစ်နည်းကား မချွတ်မလွဲထိုးထွင်းသိခြင်းလက္ခဏာရှိ၏။ ကျွမ်းကျင်သောလေးသမားက ပစ်လိုက်သောမြား၏ တည့်တည့် မတ်မတ် ထိမှန်ဖောက်ထွင်းခြင်းကဲ့သို့တည်း။

(ခ) ဆီမီးကဲသို့ အာရုံကိုထင်လင်းစေခြင်း ကိစ္စရှိ၏။

(ဂ) တွေဝေမှုကင်းသောအားဖြင့် ဉာဏ်အားရှေးရှုထင်၏။ တောကျွမ်းသော သူက ခရီးလမ်းမှန်ကို ကောင်းစွာညွှန်ပြသကဲ့သို့တည်း။

(ဃ) "တည်ကြည်သောသမာဓိရှိသူသည် မဖောက်မပြန်ဟုတ်တိုင်းမှန်စွာ သိမြင်၏" ဟု ဘုရားရှင်ဟောကြားတော်မူသောကြောင့် သမာဓိ သည် နီးစွာသောအကြောင်းဖြစ်၏။

(၁၃, ၁၄) **ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ**

စေတသိက်အပေါင်း(ကာယ)၏ငြိမ်းအေးခြင်းသည် ကာယပဿဒ္ဓိ မည်၏။ စိတ်၏ငြိမ်းအေးခြင်းသည် စိတ္တပဿဒ္ဓိမည်၏။

(ကာယသည် စေတသိက်နာမ်ခန္ဓာသုံးပါးပင်တည်း။)

(က) ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိတို့သည် တစ်ပေါင်းတည်းဖြစ်၍ စေတသိက် အပေါင်းကိုယ်နှင့် စိတ်၏ပူပန်ခြင်းကို ငြိမ်းအေးစေခြင်းလက္ခဏာ ရှိကြ၏။

(ခ) ကိုယ်နှင့်စိတ်တို့၏ပူပန်ခြင်းကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စရှိကုန်၏။

(ဂ) ကိုယ်နှင့်စိတ်တို့၏ ပူပန်တုန်လှုပ်ခြင်းကင်း၍ အေးချမ်းသည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) အေးငြိမ်းသောကိုယ်နှင့်စိတ်လျှင် နီးသောအကြောင်းရှိကုန်၏။

**မှတ်ချက်**- ကိုယ်နှင့်စိတ်တို့၏မငြိမ်သက်ခြင်းကိုပြုတတ်သော ဥဒ္ဓစ္စစသည့် ကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်ကြသည်ဟု မှတ်အပ်၏။

(၁၅, ၁၆) **ကာယလဟုတာ, စိတ္တလဟုတာ**

စေတသိက်အပေါင်း (ကာယ) ၏ပေါ့ပါးသည့်အဖြစ်သည်ကာယ လဟုတာမည်၏။ စိတ်၏ပေါ့ပါးသည့်အဖြစ်သည် စိတ္တလဟုတာမည်၏။

(က) ကာယလဟုတာ, စိတ္တလဟုတာတို့သည် ကိုယ်နှင့်စိတ်တို့၏လေးလံ ထိုင်းမှိုင်းခြင်းကို ငြိမ်းစေခြင်းလက္ခဏာရှိကြ၏။

(ခ) ကိုယ်နှင့်စိတ်တို့၏ထိုင်းမှိုင်းလေးလံခြင်းကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စ ရှိကုန်၏။

(ဂ) ကိုယ်နှင့်စိတ်တို့၏မနုံ့နှေးသည်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်ကုန်၏။

(ဃ) ပေါ့ပါးသောကိုယ်နှင့်စိတ်လျှင် နီးသောအကြောင်းရှိကုန်၏။

**မှတ်ချက်**- ကိုယ်နှင့်စိတ်တို့၏လေးလံထိုင်းမှိုင်းခြင်းကို ပြုတတ်သော ထိနမိဒ္ဓစသည့် ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်ကြသည် ဟုမှတ်အပ်၏။

(၁၇, ၁၈) **ကာယမုဒုတာ, စိတ္တမုဒုတာ**

စေတသိက်အပေါင်း (ကာယ) ၏နူးညံ့သည့်အဖြစ်သည် ကာယ မုဒုတာမည်၏။စိတ်၏နူးညံ့သည့်အဖြစ်သည် စိတ္တမုဒုတာမည်၏။

(က) ကာယမုဒုတာ, စိတ္တမုဒုတာတို့သည် ကိုယ်နှင့်စိတ်တို့၏ ခက်ထန်တောင့်တင်းခြင်းကို ငြိမ်းစေခြင်းလက္ခဏာရှိကြ၏။

(ခ) ကိုယ်စိတ်တို့၏ခတ်ထန်တောင့်တင်းခြင်းကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စ ရှိကုန်၏။

(ဂ) တစ်စုံတစ်ခုသောအာရုံ၌မထိပါးသောအားဖြင့် ဉာဏ်အားရှေးရှုထင်၏။ တစ်နည်းကား ယှဉ်ဖက်တရားတို့ကို အာရုံ၌မထိပါးခြင်းကို ရှေးရှု ဖြစ်စေတတ်ကုန်၏။

(ဃ) နူးညံ့သောကိုယ်နှင့်စိတ်လျှင် နီးသောအကြောင်းရှိကုန်၏။

**မှတ်ချက်**- ကိုယ်နှင့်စိတ်တို့၏ခက်ထန်တောင်တင့်ခြင်းကိုပြုတတ်သည့် ဒိဋ္ဌိ, မာနစသော ကိလေသာတို့၏ဆန့်ကျင်ဘက် ဖြစ်ကြသည် ဟုမှတ်အပ်၏။

(၁၉, ၂၀) **ကာယကမ္မညတာ, စိတ္တကမ္မညာတာ**

စေတသိက်အပေါင်း (ကာယ) ၏အမှု၌ကောင်းသည်၏အဖြစ်, လျော်သည်၏အဖြစ်သည် ကာယကမ္မညတာမည်၏။ စိတ်၏အမှု၌ ကောင်းသည်၏အဖြစ်, လျော်သည်၏အဖြစ်သည် စိတ္တကမ္မညတာ မည်၏။

(က) ကာယကမ္မညတာ,စိတ္တညယတာတို့သည် ကိုယ်နှင့်စိတ်တို့၏အမှု၌ မကောင်းခြင်း, မလျော်ခြင်းကို ငြိမ်းစေခြင်းလက္ခဏာရှိကုန်၏။

(ခ) ကိုယ်နှင့်စိတ်တို့၏အမှု၌ မကောင်းခြင်း, မလျော်ခြင်းကို နှိမ်နင်း

ဖျက်ဆီးခြင်း ကိစ္စရှိကုန်၏။

(ဂ) ကိုယ်နှင့်စိတ်တို့၏ အာရုံပြုမှုပြည်စုံခြင်း, ကောင်းခြင်းကို ရှေးရှု ဖြစ်စေတတ်ကုန်၏။

(ဃ) အမှု၌ကောင်းသော လျော်သောကိုယ်နှင့်စိတ်လျှင် နီးသောအကြောင်း ရှိကုန်၏။

**မှတ်ချက်**- ကိုယ်နှင့်စိတ်အမှု၌ မကောင်းခြင်း, မလျော်ခြင်းကို ပြုတတ်သော နီဝရဏစသည့် အကုသိုလ်တရားတို့၏ ဆန့်ကျင်ဘက် ဖြစ်ကြ၏။ ကြည်ညိုဖွယ်ဝတ္ထုတို့၌ ကြည်ညိုခြင်းဆောင်တတ်ကြ၏။ ရွှေစင်ကဲ့သို့ပင် အကျိုးစီးပွါးကိုပြုမှုတို့၌ခံခြင်း, သင့်လျော်ခြင်းကို ဆောင်တတ်ကြ၏ဟုမှတ်အပ်၏။

(၂၁, ၂၂) **ကာယပါဂုညတာ, စိတ္တပါဂုညတာ**

ကိုယ်၏လေ့လာသန်စွမ်းခြင်း, ခံ့ကျန်းခြင်းသည် ကာယပါဂုညတာ မည်၏။ စိတ်၏လေ့လာသန်စွမ်းခြင်း, ခံ့ကျန်းခြင်းသည် စိတ္တပါဂုညတာမည်၏။

(က) ကာယပါဂုညတာ, စိတ္တပါဂုညတာတို့သည်ကိုယ်နှင့်စိတ်တို့၏ ကျန်းမာသည့်အဖြစ်ဟုဆိုအပ်သော ကျန်းမာခြင်းလက္ခဏာရှိကုန်၏။

(ခ) ကိုယ်နှင့်စိတ်တို့၏မကျန်းမာကြောင်းဖြစ်သော အဿဒ္ဓိယစသည့် အကုသိုလ်တရားတို့ကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စရှိ၏။

(ဂ) မကျန်းမာခြင်းဟူသည့် အပြစ်ကင်းသောအားဖြင့် ဉာဏ်အားရှေးရှု ထင်ကုန်၏။

(ဃ)ကျန်းမာသန်စွမ်းသောကိုယ်နှင့်စိတ်လျှင် နီးသောအကြောင်းရှိကုန်၏။

**မှတ်ချက်**- ကိုယ်နှင့်စိတ်တို့၏မကျန်းမာခြင်းကိုပြုတတ်သော မယုံကြည်ခြင်း စသည့်အကုသိုလ်တရားတို့၏ ဆန့်ကျင်ဘက် ဖြစ်ကြ၏ဟု မှတ်အပ်၏။

(၂၃, ၂၄) **ကာယုဇုကတာ, စိတ္တုဇုကတာ**

ကိုယ်၏ဖြောင့်မတ်သည်အဖြစ်သည် ကာယုဇုကတာမည်၏။ စိတ်၏ဖြောင့်မတ်သည်၏အဖြစ်သည် စိတ္တုဇုကတာ မည်၏။

(က) ကာယုဇုကတာ, စိတ္တုဇုကတာတို့သည် ကိုယ်နှင့်စိတ်တို့၏ ဖြောင့်မတ်ခြင်းလက္ခဏာရှိကုန်၏။

(ခ) ကိုယ်နှင့်စိတ်တို့၏ကောက်ကျစ်ခြင်းကို နှိမ်နင်းဖျက်ဆီးခြင်းကိစ္စရှိကြ၏။

(ဂ) ကိုယ်နှင့်စိတ်တို့၏ အကောက်အကျစ်ကင်းသောအားဖြင့် ဉာဏ်အား ရှေးရှုထင်ကုန်၏။

(ဃ) ဖြောင့်မတ်သောကိုယ်နှင့်စိတ်လျှင် နီးသောအကြောင်းရှိကြ၏။

**မှတ်ချက်**- ကိုယ်နှင့်စိတ်တို့၏ကောက်ကျစ်ခြင်းကို ပြုတတ်သော မာယာ, သာဌေယျစသည်တို့၏ဆန့်ကျင်ဘက်ဖြစ်ကြသည်ဟု မှတ်အပ်၏။

(၂၅) **ဆန္ဒ**- ဆန္ဒသည် ပြုရန်အလိုရှိသည့်အဖြစ်- ပြုလိုခြင်းသဘောဖြစ်၏။

(က) ဆန္ဒသည် ပြုလိုခြင်းလက္ခဏာရှိ၏။

(ခ) အာရုံကို ရှာခြင်းကိစ္စရှိ၏။

(ဂ) အာရုံကို အလိုရှိသည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) ထိုအလိုရှိသောအာရုံသည်ပင် ဆန္ဒ၏နီးသောအကြောင်းပဒဌာန် ဖြစ်၏။

**မှတ်ချက်**- ဆန္ဒ၏ပြုလိုခြင်း, ပြုရန်အလိုရှိခြင်းဟူသည် အာရုံကိုရယူလိုကာမျှသာဖြစ်၏။ တဏှာ၏အလိုရှိခြင်းနှင့်မတူပေ။ စိတ်၏အာရုံကိုယူရာ၌ ဤဆန္ဒသည် လက်ဆန့်ခြင်းနှင့်တူသည်ဟု မှတ်အပ်၏။

(၂၆) **အဓိမောက္ခ**- အာရုံကိုဆုံးဖြတ်ခြင်းသဘောသည် အဓိမောက္ခမည်၏။

(က) အဓိမောက္ခသည် အာရုံကို ဆုံးဖြတ်ခြင်းလက္ခဏာရှိ၏။

(ခ) မဆုံးဖြတ်နိုင်သော လှုပ်ရှားခြင်းသံသယ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်းကိစ္စရှိ၏။

(ဂ) အာရုံကိုဆုံးဖြတ်သောတရားဟု ဉာဏ်အား ရှေးရှုထင်၏။

(ဃ) ဆုံးဖြတ်အပ်သောအာရုံတရားလျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်**- အာရုံကိုဆုံးဖြတ်ရာ၌ လှုပ်ရှားခြင်းကင်းသည်၏အဖြစ်သည် လေတိုက်၍မတုန်လှုပ်သော တံခါးတိုင်နှင့်တူ၏ဟု မှတ်အပ်၏။

(၂၇) **မနသိကာရ** - မနသိ - စိတ်၌၊ ကာရ - အာရုံကိုပြုခြင်း, နှလုံးသွင်းခြင်းသည် မနသိကာရမည်၏။

(က) မနသိကာရသည် ယှဉ်ဖက်တရားတို့ကို အာရုံသို့သွားစေခြင်းလက္ခဏာရှိ၏။

(ခ) ယှဉ်ဖက်တရားတို့ကို အာရုံ၌ ယှဉ်စေခြင်းကိစ္စရှိ၏။

(ဂ) အာရုံသို့ ရှေးရှုပြုနေသည်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) အာရုံလျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်** - အာရုံ၌သွားစေတတ်သည်အဖြစ်ဖြင့် ယှဉ်ဖက်တရားတို့ကို မောင်းနှင်သူ (ရထားထိန်း) နှင့်တူ၏။

**မနသိကာရ (၃)မျိုး**

(၁) **အာရမ္မဏပဋိပါဒက-** စိတ်၌အာရုံကိုစီရင်တတ်, ထင်စေတတ်သော မနသိကာရတည်း၊ တရားကိုယ်မှာမနသိကာရ စေတသိက်ဖြစ်၏။

(၂) **ဝီထိပဋိပါဒက-** ဝီထိစိတ်အစဉ်ကို ဖြစ်စေတတ်, စီရင်တတ်သော မနသိကာရတည်း၊ တရားကိုယ်မှာ ပဉ္စဒွါရာဝဇ္ဇန်း စေတသိက်ဖြစ်၏။

(၃) **ဇဝနပဋိပါဒက-** ဇောကိုဖြစ်စေတတ်, စီရင်တတ်သော မနသိကာရ ဖြစ်၏။ တရားကိုယ်မှာ မနောဒွါရာဝဇ္ဇန်းစေတသိက် ဖြစ်၏။ ဤအရာ၌ မနသိကာရစေတသိက်ကိုသာ ယူအပ်၏။ အာဝဇ္ဇန်းနှစ်ပါးကို မယူအပ်။

(၂၈) **တတြမဇ္ဈတ္တတာ- တတြ-** ယှဉ်ဖက်စိတ်စေတသိက်တို့၌+ **မဇ္ဈတ္တတာ-** အလတ်သဘောရှိသည့်အဖြစ်သည် တတြမဇ္ဈတ္တတာမည်၏။

(က) တတြမဇ္ဈတ္တတာသည် ယှဉ်ဖက်စိတ်တသိက်တို့ကိုအညီအမျှ ဆောင်ခြင်း, ဖြစ်စေခြင်းလက္ခဏာရှိ၏။

(ခ) လျော့ခြင်း, လွန်ခြင်းကိုတားမြစ်ခြင်းကိစ္စရှိ၏။ တစ်နည်းကား တစ်ဘက် သတ်လိုက်ခြင်း, ဘက်လိုက်ခြင်းကို ပယ်ဖြတ်ခြင်းကိစ္စရှိ၏။

(ဂ) အလယ်အလတ်သဘောရှိသည်၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှုထင်၏။ တစ်နည်း ယှဉ်ဖက်စိတ်စေတသိက်တို့ကို အညီအမျှလျစ်လျူရှုသည့် အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။ အညီအမျှပြေးနေသောအာဇာ နည်မြင်းတို့ကို လျစ်လျူရှုနေသောရထားမောင်းသမားကဲ့သို့ မှတ်အပ်၏။

**မှတ်ချက်-** ဗြဟ္မဝိဟာရတရားတစ်ပါးဖြစ်သော ဥပေက္ခာသည် တရား ကိုယ်အားဖြင့် တတြမဇ္ဈတ္တတာစေတသိက်ပင်ဖြစ်၏။

(၂၉) **ကာယဒုစ္စရိတဝိရတိခေါ် သမ္မာကမ္မန္တ**

ကာယဒုစရိုက်တို့မှရှောင်ကြဉ်ခြင်းသည် ကာယဒုစ္စရိတဝိရတိ မည်၏။

(က) ကာယဒုစရိုက်ဝတ္ထုခေါ် သူ့အသက်, သူ့ဥစ္စာ, သူ့မယားတို့ကို မကျူးလွန်ခြင်း, မနင်းနယ်ခြင်းလက္ခဏာရှိ၏။

(ခ) ကာယဒုစရိုက်မှ တွန့်ဆုတ်ခြင်းကိစ္စရှိ၏။

(ဂ) ကာယဒုစရိုက်တို့ကို မပြုခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

(ဃ) ဟိရီ, သြတ္တပ္ပ, အပ္ပိစ္ဆတာ(အလိုနည်းခြင်း) စသော ဂုဏ်တို့လျှင် နီးသောအကြောင်းရှိ၏။

(၃၀) **ဝစီဒုစ္စရိတခေါ် သမ္ဘာဝါစာ**

ဝစီဒုစရိုက်လေးပါးမှ ရှောင်ကြဉ်ခြင်းသည် ဝစီဒုစရိတဝိရတိမည်၏။

(က) ဝစီဒုစရိုက်လေးပါးကို မကျူးလွန်ခြင်း, မနင်းနယ်ခြင်းလက္ခဏာရှိ၏။

(ခ) ဝစီဒုစရိုက်မှတွန့်ဆုတ်ခြင်းကိစ္စရှိ၏။

(ဂ) ဝစီဒုစရိုက်တို့ကို မကျူးလွန်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

(ဃ) ဟိရီ, ဩတ္တပ္ပ, အပ္ပိစ္ဆတာစသည့်ဂုဏ်တို့လျှင် နီးသောအကြောင်းရှိ၏။

(၃၁) **မိစ္ဆာဇီဝဝိရတိခေါ် သမ္မာအာဇီဝ**

မှားယွင်းသောအသက်မွေးဝမ်းကြောင်းမှ ရှောင်ကြဉ်ခြင်းသည် မိစ္ဆာဇီဝ ဝိရတိမည်၏။

(က) မှားယွင်းသောအသက်မွေးခြင်းကို မလွန်ကျူးခြင်း လက္ခဏာရှိ၏။

(ခ) မှားယွင်းစွာအသက်မွေးခြင်းမှ တွန့်ဆုတ်ခြင်းကိစ္စရှိ၏။

(ဂ) မှားယွင်းစွာအသက်မွေးခြင်းကို မပြုခြင်းသဘောဟု ဉာဏ်အားရှေးရှု ထင်၏။

(ဃ) ဟိရီ, ဩတ္တပ္ပ, အပ္ပိစ္ဆတာစသောဂုဏ်တို့လျှင်နီးသောအကြောင်းရှိ၏။

**မှတ်ချက်**- ဝိရတိသုံးပါးတို့သည် မကောင်းမှုကိုပြုခြင်းမှ စိတ်၏ မျက်နှာလွှဲခြင်းသဘောများဖြစ်ကြသည်ဟု မှတ်အပ်၏။

ကရုဏာနှင့် မုဒိတာဟူသော အပ္ပမညာစေတသိက်နှစ်ပါးအကြောင်းကို ဗြဟ္မဝိဟာရနိဒ္ဒေသ၌ ဆိုခဲ့ပြီ။ ဝိတက်, ဝိစာရ, ပီတိတို့၏အကြောင်းကို ပထမဈာန် အဖွင့်၌ဆိုခဲ့ပြီ။

ဤဆိုခဲ့ပြီးသောစေတသိက် ၃၆ ပါးတို့သည် **ကုသိုလ်သင်္ခါရ**ဟုအမည်ရ၏။ အဘယ့်ကြောင့်ဆိုသော် ကာမာဝစရကုသိုလ်စိတ် ၈ ပါး, မဟဂ္ဂုတ်ကုသိုလ်စိတ် ၉ ပါး, လောကုတ္တရာကုသိုလ်စိတ် ၄ ပါး, ပေါင်းကုသိုလ်စိတ် ၂၁ ပါးတို့၌ ယှဉ်ကြသော စေတသိက်စုစုပေါင်းမှာ ဤစေတသိက် ၃၆ ပါးပင်ဖြစ်သောကြောင့်တည်း။

## အကုသိုလ်သင်္ခါရ

အကုသိုလ်စိတ် ၁၂ ပါးနှင့်ယှဉ်ကြသော စေတသိက်တို့သည် အကုသိုလ် သင်္ခါရမည်၏။ အကုသိုလ်စိတ်တို့တွင် လောဘမူ ပထမအကုသိုလ်စိတ်၌ နိယတသင်္ခါရ (၁၃) ပါးနှင့် ယေဝါပနက သင်္ခါရ (၄) ပါးဟူ၍ သင်္ခါရ ၁၇ ပါး ယှဉ်ပါသည်။

**နိယတသင်္ခါရ ၁၃ ပါး**- ဖဿ, စေတနာ, ဝိတက်, ဝိစာရ, ပီတိ, ဝီရိယ, ဇီဝိတ, သမာဓိ,အဟိရိက, အနောတ္တပ္ပ, လောဘ, မောဟ, မိစ္ဆာဒိဋ္ဌိ။

**ယေဝါပနကသင်္ခါရ ၄ ပါး**- ဆန္ဒ, အဓိမောက္ခ, ဥဒ္ဓစ္စ, မနသိကာရ။

လောဘမူဒုတိယအကုသိုလ်စိတ်၌ အထက်ပါသင်္ခါရ (၁၇) ပါးနှင့် ထိန, မိဒ္ဓတို့ ယှဉ်ပါသည်။ တတိယနှင့်စတုတ္ထလောဘမူစိတ်၌ မိစ္ဆာဒိဋ္ဌိအစား မာန ယှဉ်ခြင်းသည်သာထူး၏။ ကြွင်းသောလောဘမူစိတ် ၄ ပါး၌မူ သောမနဿ ဝေဒနာအစား ဥပေက္ခာဝေဒနာယှဉ်ခြင်းသာ ထူး၏။

ဒေါသမူစိတ်၂-ပါးတွင် ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ ယှဉ်လာခြင်းသည် ထူးခြား၏။ မောဟမူစိတ်၂ ပါးတွင် ဝိစိကိစ္ဆာနှင့်ဥဒ္ဓစ္စတို့ ယှဉ်လာခြင်းသည် ထူးခြား၏။

**အကုသိုလ်သင်္ခါရတို့၏လက္ခဏာစသည်**

(၁) **အဟိရိက** - မကောင်းမှု၌မရှက်တတ်သောသူ၏ဖြစ်ကြောင်းသဘောသည် အဟိရိကမည်၏။

(က) အဟိရိကသည် ကာယဒုစရိုက်စသည်တို့ကို မစက်ဆုပ်ခြင်းလက္ခဏာရှိ၏။ တစ်နည်း- မရှက်ခြင်းလက္ခဏာရှိ၏။

(ခ) မရှက်တတ်သောအခြင်းအရာအားဖြင့် မကောင်းမှုတို့ကိုပြုခြင်းကိစ္စရှိ၏။

(ဂ) မရှက်သည့်အခြင်းအရာအားဖြင့်ပင်လျှင် မကောင်းမှုမှမတွန့်ဆုတ်သည့် အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) မိမိကိုယ်ကို အလေးမပြုခြင်းလျှင် နီးသောအကြောင်းရှိ၏။

(၂) **အနောတ္တပ္ပ**- မကောင်းမှုမှ မကြောက်လန့်တတ်သောသဘောသည် အနောတ္တပ္ပမည်၏။

(က) အနောတ္တပ္ပသည် မကောင်းမှုဒုစရိုက်တို့မှ မကြောက်ရွံ့ခြင်း, မထိတ်လန့်ခြင်း လက္ခဏာရှိ၏။

(ခ) မကြောက်တတ်သောအခြင်းအရာအားဖြင့် မကောင်းမှုတို့ကို ပြုခြင်းကိစ္စရှိ၏။

(ဂ) မကြောက်လန့်သောအခြင်းအရာအားဖြင့်ပင်လျှင်မကောင်းမှုမှမတွန့် ဆုတ်သည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) သူတစ်ပါးကို အလေးမပြုခြင်းလျှင် နီးသောအကြောင်းရှိ၏။

(၃) **လောဘ** - လိုချင်မက်မောကြောင်းသဘောသည် လောဘမည်၏။
တစ်နည်း - လိုချင်တပ်မက်သောသဘောသည် လောဘမည်၏။
တစ်နည်း - လိုချင်ခြင်း, မက်မောခြင်းမျှသည် လောဘမည်၏။

(က) လောဘသည် အာရုံကို သိမ်းယူခြင်းလက္ခဏာရှိ၏။

(ခ) မျောက်နှဲစေးကဲ့သို့ အာရုံ၌ ရှေးရှုငြိကပ်ခြင်းလက္ခဏာရှိ၏။

(ဂ) အိုးကင်းပူ၌ပစ်ချလိုက်သော သားတစ်ကဲ့သို့ပင် မစွန့်လွှတ်နိုင်သည့်

အနေအားဖြင့် ဉာဏ်အားရှေးရှုထင်၏။ ဆီမင်စွန်းခြင်းကဲ့သို့ပင်။

(ဃ) သံယောဇဉ်ကြီး၏ ချည်တိုင်အာရုံတို့၌ သာယာဖွယ်ဟုမြင်ခြင်းလျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်**- လောဘသည် တဏှာမြစ်အဖြစ် တိုးပွားလတ်သော် လျင်သော ရေယဉ်ရှိသည့်မြစ်သည် သမုဒ္ဒရာသို့ ဆောင်သွားသကဲ့သို့ အပါယ်သို့သာလျှင် ဆောင်ယူသွား၏။

(၄)**မောဟ**- တွေဝေကြောင်း, အမှားကိုသိကြောင်းသဘောသည် မောဟမည်၏။ တစ်နည်း- တွေဝေခြင်း, အမှန်ကိုမသိခြင်း, အမှားကိုသိခြင်းမျှသဘောသည် မောဟမည်၏။

(က) မောဟသည် စိတ်၏ဉာဏ်မြင်ကန်းခြင်းလက္ခဏာရှိ၏။ တစ်နည်း- အမှန်မသိခြင်း, အမှားသိခြင်း လက္ခဏာရှိ၏။

(ခ) ထိုးထွင်း၍မသိခြင်းကိစ္စရှိ၏။ တစ်နည်း- အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်းကိစ္စရှိ၏။

(ဂ) အမှန်မသွား, အမှားမြင်သည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။ တစ်နည်း - ဉာဏ်မြင်ကန်းအောင်ပြုသည့် အမိုက်တိုက်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) အယောနိသောမနသိကာရလျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်**-မောဟသည် အကုသိုလ်အားလုံးတို့၏အရင်းမူလဟု မှတ်အပ်၏။

(၅) **မိစ္ဆာဒိဋ္ဌိ** - မှားယွင်းစွာမြင်ကြောင်းသဘော, မှားယွင်းစွာမြင်တတ်သော သဘောသည် မိစ္ဆာဒိဋ္ဌိမည်၏။ တစ်နည်း-မှားယွင်းစွာမြင်ခြင်းမျှသည် မိစ္ဆာဒိဋ္ဌိမည်၏။

(က) မိစ္ဆာဒိဋ္ဌိသည် မသင့်မမှန်သောအကြောင်း နည်းလမ်းဖြင့် နှလုံးသွင်းခြင်း လက္ခဏာရှိ၏။

(ခ) အမှန်ကိုကျော်လွန်၍ အမှားအားဖြင့်သုံးသပ်ခြင်းကိစ္စရှိ၏။

(ဂ) မှားယွင်းစွာ အခိုင်အမာနှလုံးသွင်းသူ စွဲယူနေသည်ဟု ဉာဏ်အားရှေးရှုထင်၏။

(ဃ) အရိယာတို့ကို မဖူးမြင်လိုခြင်း, သူတော်ကောင်းတရားကို မနာလိုခြင်း, မနာကြားရခြင်းစသည်တို့သည် နီးသောအကြောင်းရှိ၏။

**မှတ်ချက်**- မောဟသည် အနိစ္စ, ဒုက္ခ, အနတ္တတို့ကို ပကတိသိနေကျအတိုင်း နိစ္စ, သုခ, အတ္တဟု မှားယွင်းစွာသိ၏။ ဒိဋ္ဌိသည် အတ္တမဟုတ်သော ရုပ်နာမ်တရားတို့ကို အတ္တဟုမှားယွင်းစွာသိ၏။ ယင်းအတ္တ

သည် မပျက်ဘဲ အမြဲတည်နေသည်ဟူ၍လည်းကောင်း၊ သို့တည်း မဟုတ် သေသောအခါ လုံးဝပျောက်ပျက်သွားသည်ဟူ၍ လည်း ကောင်း၊ ကံ, ကံ၏အကျိုးမရှိဟူ၍လည်းကောင်း မှားယွင်းစွာ ထင်မြင်စွဲလမ်း၏။ ဤသို့လျှင်မောဟနှင့်ဒိဋ္ဌိတို့ အလွဲသိမြင်ပုံချင်းကွဲပြား၏။

(၆) **ဥဒ္ဓစ္စ**- အာရုံ၌မစူးစိုက်နိုင်ဘဲ တက်ကြွပျံ့လွင့်သည်၏အဖြစ်သည် ဥဒ္ဓစ္စမည်၏။

(က) ဥဒ္ဓစ္စသည် မငြိမ်သက်ခြင်းလက္ခဏာရှိ၏။ လေတိုက်ခတ်၍ လှုပ်နေသော ရေနှင့်တူ၏။

(ခ) မတည်တံ့ခြင်း, လှုပ်ရှားခြင်းကိစ္စရှိ၏။ လေတိုက်ခတ်၍လှုပ်ရှားနေသော တံခွန်အလံနှင့်တူ၏။

(ဂ) ချာချာလည်သည်၏အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။ ကျောက်ခဲကျ လာ၍ခတ်မိသဖြင့် ပျံ့တက်နေသောပြာနှင့်တူ၏။

(ဃ) စိတ်မငြိမ်သက်အောင် မသင့်တော်စွာနှလုံးသွင်းခြင်းလျှင် နီးသော အကြောင်းရှိ၏။

**မှတ်ချက်** - စိတ်ကိုပစ်လွှတ်ခြင်းသဘော (ဝါ) စိတ်၏ပျံ့လွင့်ခြင်းသဘောဟု မှတ်အပ်၏။ ကြွင်းသောဖဿစသည်တို့ကို ကုသိုလ်သခ်ါရ၌ ဆိုခဲ့ သောနည်းဖြင့် သိအပ်၏။ အကုသိုလ်မျှအဖြစ်သည်လည်းကောင်း၊ အကုသိုလ်ဖြစ်သောကြောင့် ယုတ်ညံ့သောအဖြစ်သည် လည်း ကောင်း၊ အကုသိုလ်ဖဿစသည်တို့သည် ကုသိုလ်ဖဿစသည်တို့မှ ထူးခြား၏။

(၇) **ထိန**- တွန့်ဆုတ်ခြင်း, ပျင်းရိခြင်းသည် ထိနမည်၏။ အားထုတ်ခြင်းမရှိဘဲ တွန့်ဆုတ်ခြင်းသည် ထိန၏အနက်ဖြစ်၏။

(က) ထိနသည် အားမထုတ်ခြင်း, အားထုတ်မှုကင်းခြင်းလက္ခဏာရှိ၏။

(ခ) လုံ့လဝီရိယကို ပယ်ဖျောက်ခြင်းကိစ္စရှိ၏။

(ဂ) တွန့်ဆုတ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။ တစ်နည်း မှိန်းခြင်း, အိပ်ငိုက်ခြင်းကိုဖြစ်စေတတ်၏။

(ဃ) ကုသိုလ်အလုပ်၌မပျော်ခြင်း, ကိုယ်လက်တို့ကို ပစ်နွဲ့ခြင်းစသည်ဖြစ် အောင် မသင့်မတင့်နှလုံးသွင်းမှု- အယောနိသောမနသိကာရလျှင် နီးသောအကြောင်း ရှိ၏။

(၈) **မိဒ္ဓ** - ထိုင်းမှိုင်းခြင်း, ငိုင်နေခြင်းသည် မိဒ္ဓမည်၏။ စွမ်းဆောင်နိုင်ခြင်း ကင်းလျက် ပင်ပန်းခြင်းသည် မိဒ္ဓ၏အနက်ဖြစ်၏။

(က) မိဒ္ဓသည် အမှု၌မကောင်းခြင်း, မလျော်ခြင်းလက္ခဏာရှိ၏။

(ခ) စက္ခုဒွါရဝီထိစသည် မဖြစ်နိုင်အောင် စိတ်အားလျော့စေခြင်းကိစ္စရှိ၏။
(ဂ) တွန့်ဆုတ်သည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။ တစ်နည်း မှိန်းခြင်း, အိပ်ငိုက်ခြင်းကို ဖြစ်စေတတ်၏။
(ဃ)ကုသိုလ်အလုပ်၌မပျော်ခြင်း, ကိုယ်လက်တို့ကိုပစ်နွဲခြင်းစသည် ဖြစ်အောင် မသင့်မတင့်နှလုံးသွင်းမှု-အယောနိသောမနသိကာရလျှင် နီးသောအကြောင်းရှိ၏။

(၉) **မာန** - ထောင်လွှားဝင့်ကြွားခြင်းသဘောသည် မာနမည်၏။
(က) မာနသည် တက်ကြွထောင်လွှားခြင်းလက္ခဏာရှိ၏။
(ခ) ကိုယ့်ကိုယ်ကိုချီးမြှောက်ခြင်းကိစ္စရှိ၏။
(ဂ) တံခွန်ကဲ့သို့ မြင့်တက်ပလွှားလိုသည်၏အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
(ဃ) ဒိဋ္ဌိဝိပ္ပယုတ်လောဘလျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်** - မာနသည် ရူးသွပ်ခြင်းနှင့်တူသည်ဟုမှတ်အပ်၏။

(၁၀) **ဒေါသ** - ဖျက်ဆီးကြောင်းသဘောသည် ဒေါသ မည်၏။ တစ်နည်း- ဖျက်ဆီးတတ်သောသဘောသည်ဒေါသမည်၏။ တစ်နည်း-ဖျက်ဆီးခြင်း, ပြစ်မှားခြင်း, စိတ်ဆိုးခြင်းမျှသည် ဒေါသမည်၏။
(က) ဒေါသသည် အမျက်ထွက်ခြင်း, ကြမ်းတမ်းခြင်းလက္ခဏာရှိ၏။ တုတ်ဖြင့် ပုတ်ခတ်ခံရသော မြွေဆိုးမြွေဟောက်နှင့်တူ၏။
(ခ) မိမိဖြစ်ပုံအားဖြင့်လည်းကောင်း၊ အနိဋ္ဌာရုပ်တို့ကို ဖြစ်စေခြင်းဖြင့် လည်းကောင်း၊ ဖောက်ပြန်စွာ ပြန့်သွားခြင်းကိစ္စရှိ၏။ တစ်နည်း- ကိုယ်ကိုတုန်လှုပ်စေခြင်းကိစ္စရှိ၏။ ကိုယ်တွင်အဆိပ်ကျရောက်၍ ပြန့်နှံ့သွားသကဲ့သို့ဖြစ်၏။ တစ်နည်း-တောမီးလောင်သကဲ့သို့ မိမိ၏မှီရာရုပ်ကို လောင်ခြင်း ကိစ္စရှိ၏။
(ဂ) မိမိနှင့်သူတစ်ပါးတို့ကို ဖျက်ဆီးတတ်သည့်အနေဖြင့် ဉာဏ်အား ရှေးရှုထင်၏။ အခွင့်ရသောရန်သူကဲ့သို့ဖြစ်၏။
(ဃ) ရန်ငြိုးဖွဲ့ကြောင်းအာဃာတဝတ္ထုလျှင်နီးသောအကြောင်းရှိ၏။

**မှတ်ချက်** - ဒေါသသည် အဆိပ်နှင့်ရောထားသောကျင်ငယ်ရေပုပ်နှင့်တူ၏။

(၁၁) **ဣဿာ** - ငြူစူခြင်းသည် ဣဿာမည်၏။ ကိုယ့်ထက်သာ မနာလိုသည့် သဘောဖြစ်၏။
(က) ဣဿာသည် သူတစ်ပါး၏စည်းစိမ်ကို ငြူစူခြင်း, မနာလိုခြင်းလက္ခဏာ ရှိ၏။

(ခ) သူတစ်ပါး၏စည်းစိမ်၌ပင်လျှင် မပျော်မွေ့ခြင်းကိစ္စရှိ၏။
(ဂ) သူတစ်ပါး၏စည်းစိမ်မှ မျက်နှာလွှဲသည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။
(ဃ) သူတစ်ပါးစည်းစိမ်လျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်** - ဣဿာသည် သံယောဇဉ်နှောင်ကြိုးတစ်ချောင်းဖြစ်၏။

(၁၂) **မစ္ဆရိယ** - ဝန်တိုသူဖြစ်ကြောင်းသဘောသည် မစ္ဆရိယမည်၏။
(က) မစ္ဆရိယသည် ရပြီး, ရလတ့်ဖြစ်ကုန်သောမိမိ၏စည်းစိမ်ဥစ္စာတို့ကို လျှို့ဝှက်ခြင်းလက္ခဏာရှိ၏။
(ခ) မိမိ၏စည်းစိမ်တို့နှင့် သူတစ်ပါးတို့ဆက်ဆံခြင်းကို သည်းမခံနိုင်ခြင်းကိစ္စရှိ၏။
(ဂ) မိမိ၏စည်းစိမ်တို့နှင့် သူတစ်ပါးတို့ဆက်ဆံခြင်းကို မနှစ်သက်သည့်အနေဖြင့် တွန့်ဆုတ်ခြင်းလျှင် ဉာဏ်အားရှေးရှုထင်၏။ တစ်နည်း- ခါးစပ်သော အခြင်းအရာအားဖြင့် ရှေးရှုထင်ခြင်းပစ္စုပဋ္ဌာန်ရှိ၏။
(ဃ) မိမိ၏စည်းစိမ်လျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်** - မစ္ဆရိယသည် စိတ်၏မလှပခြင်း, ဖောက်ပြန်ခြင်းသဘောဟု မှတ်အပ်၏။

(၁၃) **ကုက္ကုစ္စ** - ပြုမိပြီးသောမကောင်းမှု, မပြုမိခဲ့သည့်ကောင်းမှုတို့ကို အာရုံယူ၍ နောင်တတစ်ဖန် ပူပန်ခြင်းသဘောသည် ကုက္ကုစ္စမည်၏။
(က) ကုက္ကုစ္စသည် နောင်တတစ်ဖန် ပူပန်ခြင်းလက္ခဏာရှိ၏။
(ခ) ပြုမိသောမကောင်းမှု, မပြုမိသောကောင်းမှုကို ပြန်လည်အောက်မေ့လျက် စိုးရိမ်ပူပန်ခြင်းကိစ္စရှိ၏။
(ဂ) နှလုံးမသာယာသည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။ (ပစ္စုပဋ္ဌာန်)
(ဃ) ပြုမိသောမကောင်းမှု, မပြုမိသောကောင်းမှုလျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်** - ကုက္ကုစ္စသည် ကျွန်၏အဖြစ်ကဲ့သို့ မှတ်အပ်၏။

(၁၄) **ဝိစိကိစ္ဆာ** - ဝိ= ကင်းသော+ စိကိစ္ဆာ= ကုစားခြင်း (ဝါ) ကုစားရန်ခဲယဉ်းသော သဘောသည် ဝိစိကိစ္ဆာမည်၏။
(က) ဝိစိကိစ္ဆာသည် ယုံကြည်သင့်သောဘုရားစသည်တို့၌ ယုံမှားခြင်းလက္ခဏာရှိ၏။
(ခ) တုန်လှုပ်ခြင်းကိစ္စရှိ၏။
(ဂ) မဆုံးဖြတ်နိုင်ခြင်း နှလုံးနှစ်ခွဖြစ်ခြင်းကို ဖြစ်စေတတ်၏။ တစ်နည်း-

အာရုံ၌ ဧကန်မဟုတ်သည့်အထူးထူးသောသဘောကို ယူသည့်အနေဖြင့် ဉာဏ်အား ရှေးရှုထင်၏။

(ဃ) ယုံမှားမှုဖြစ်အောင် မသင့်သောနှလုံးသွင်းမှု - အယောနိသောမနသိကာရလျှင် နီးသောအကြောင်းရှိ၏။

**မှတ်ချက်** - အကျင့်ပဋိပတ်၏အန္တရာယ်ကို ပြုတတ်သောတရားဟုမှတ်အပ်၏။ သမာဓိသည် ဝိစိကိစ္ဆာထက် ဥဒ္ဓစ္စသမ္ပယုတ်စိတ်တွင် ပို၍အားရှိ၏။

**အဗျာကတသင်္ခါရ**

အဗျာကတသင်္ခါရတွင် ဝိပါက်အဗျာကတသင်္ခါရနှင့် ကိရိယာအဗျာကတသင်္ခါရတို့ ပါဝင်ကြ၏။ ဝိပါက်အဗျာကတသင်္ခါရတွင် အဟိတ်ဝိပါက် အဗျာကတသင်္ခါရနှင့် သဟိတ်ဝိပါက်အဗျာကတသင်္ခါရတို့ ပါဝင်ကြ၏။ အဟိတ်ဝိပါက်စိတ်များဖြစ်ကြသော ဒွေပဉ္စဝိညာဏ် ၁၀ ပါးတွင် ဝေဒနာ, သညာကြဉ်သော သဗ္ဗစိတ္တသာဓာရဏစေတသိက် ၅ ပါးဟူသည့် ဖဿ, စေတနာ, ဇီဝိတ, ဧကဂ္ဂတာ (စိတ္တဋ္ဌိတိ) နှင့်မနသိကာရတို့ယှဉ်ကြ၏။ သမ္ပဋိစ္ဆိန်းစိတ် ၂ ပါးတွင် ဤစေတသိက် ၅ ပါးနှင့် ဝိတက်, ဝိစာရ, အဓိမောက္ခဟူ၍ စေတသိက် ၈ ပါးယှဉ်ကြ၏။ သန္တီရဏစိတ် ၃ ပါးတွင်လည်း ဤစေတသိက် ၈ ပါးပင် ယှဉ်ကြ၏။ သောမနဿ သန္တီရဏစိတ်တွင်မူ ပီတိပါဝင်လာဖြင့် စေတသိက် ၉ ပါးယှဉ်၏။ ဤအဟိတ် ဝိပါက်စိတ်တို့နှင့် ယှဉ်ကြသောစေတသိက်တို့ကို အဟိတ်ဝိပါက်အဗျာကတသင်္ခါရဟုခေါ်၏။

သဟိတ်ကာမာဝစရဝိပါက်စိတ် ၈ ပါးတွင်ယှဉ်သော စေတသိက်တို့သည် ကာမာဝစရကုသိုလ်စိတ် ၈ ပါးတွင်ယှဉ်ကြသော စေတသိက်တို့နှင့်တူ၏။ ကုသိုလ်တရားဖြစ်ကြသော ဝိရတိ ၃ ပါးနှင့် အပ္ပမညာ ၂ ပါး (ကရုဏာ, မုဒိတာ) တို့ မယှဉ်ခြင်းသာထူး၏။ ရူပါဝစရ, အရူပါဝစရ, လောကုတ္တရာဝိပါက်စိတ်တို့တွင်ယှဉ်ကြသောစေတသိက်တို့သည်လည်း ရူပါဝစရ, အရူပါဝစရ လောကုတ္တရာကုသိုလ်စိတ်တို့တွင် ယှဉ်ကြသည့် စေတသိက်များနှင့်တူကြ၏။ ဤဝိပါက်စိတ်တို့၌ ယှဉ်ကြသော စေတသိက်တို့ကို သဟိတ်ဝိပါက်အဗျာကတသင်္ခါရဟုခေါ်၏။

ကိရိယာအဗျာကတသင်္ခါရတို့သည်လည်း အဟိတ်, သဟိတ်ဟူ၍ ၂ မျိုးရှိ၏။ အဟိတ်ကိရိယာစိတ်ဖြစ်သည့် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၌ယှဉ်သောစေတသိက်တို့သည် ဥပေက္ခာသန္တီရဏစိတ်တို့၌ယှဉ်ကြသည့်စေတသိက် ၈ ပါးတို့ပင်တည်း။ မနောဒွါရာဝဇ္ဇန်းစိတ်တွင် ဤစေတသိက်၈ပါးနှင့် ဝီရိယတို့ယှဉ်ကြ၏။ ဟသိတုပ္ပါဒ် တွင် ပီတိထပ်မံပါဝင်လာသဖြင့် စေတသိက် ၁၀ ပါးယှဉ်ကြ၏။ ဤစေတသိက်တို့ကို အဟိတ်ကိရိယာအဗျာကတသင်္ခါရဟုခေါ်၏။

သဟိတ်ကာမာဝစာရစိတ် ၈ ပါးနှင့်ယှဉ်ကြသောစေတသိက်တို့သည် သဟိတ်

ကာမာဝစရကုသိုလ်ဇပါးနှင့်ယှဉ်ကြသည့်စေတသိက်များနှင့်တူ၏။ ဝိရတိ ၃ ပါး မပါခြင်းသာထူး၏။ ရူပါဝစရ, အရူပါဝစရကိရိယာစိတ်တို့နှင့် ယှဉ်ကြသော စေတသိက်တို့သည်လည်း ရူပါဝစရ, အရူပါဝစရကုသိုလ်စိတ်တို့နှင့်ယှဉ်ကြသော စေတသိက်များနှင့်တူကြ၏။ ဤကိရိယာစိတ်တို့၌ ယှဉ်ကြသောစေတသိက်တို့ကို သဟိတ်ကိရိယာအဗျာကတသင်္ခါရဟုခေါ်၏။

**၇ ခန္ဓာငါးပါးကို အတိတ်စသည့်ဖြင့်ဝေဖန်ခြင်း**

**ခန္ဓာငါးပါးကို အတိတ်စသည်ဖြင့်ဝေဖန်ပုံ**

ရူပက္ခန္ဓာကို ဟောကြားရာ၌ ရုပ် ၂၈ ပါးလုံးကို အတိတ်, ပစ္စုပ္ပန်, အနာဂတ်, အဇ္ဈတ္တ(ကိုယ်တွင်း), ဗဟိဒ္ဓ(ကိုယ်ပြင်ပ), ဩဠာရိက(ကြမ်းတမ်းသော), သုခုမ (သိမ်မွေ့သော), ပဏီတ(ကောင်းမြတ်သော), ဟီန(ယုတ်ညံ့သော), ဒူရေ(ဉာဏ်နှင့်ဝေးသော), သန္တိကေ(ဉာဏ်နှင့်နီးသော) ဟူသည့် အခြင်းအရာ ၁၁ မျိုးဖြင့် သိမ်းယူ၍ တစ်ပေါင်းတည်းစု၍ ရူပက္ခန္ဓာ - ရုပ်အစုဟု ခေါ်ဆိုအပ်၏ဟု ဟောတော်မူ၏။ 'တစ်ပေါင်းတည်းစု၍' ဟူသည်ကား ထိုရုပ်အလုံးစုံသည် ဖောက်ပြန်ခြင်းလက္ခဏာရှိသည့်အဖြစ်ကြောင့် တစ်ပါးတည်းအဖို့ရှိသည်ဟု ပညာဖြင့်ပေါင်းစုယူခြင်းကိုဆိုလို၏။

အလားတူပင် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာစသည်ကို ဟောကြားရာ၌လည်း ဝေဒနာအားလုံး, သညာအားလုံးစသည်ကို အဆိုပါအခြင်းအရာ ၁၁ မျိုးဖြင့် သိမ်းရုံး၍, တစ်ပေါင်းတည်းစု၍ယူရမည်ဟု ဟောကြားတော်မူ၏။

**ရူပက္ခန္ဓာကို အဒ္ဓါ, သန္တတိ, သမယ, ခဏ အလိုအားဖြင့်ဝေဖန်ပုံ**

ရုပ်သည် အဒ္ဓါ(အခွန့်), သန္တတိ(အစဉ်), သမယ(အချိန်), ခဏသုံးပါးတို့၏ အလိုအားဖြင့်အတိတ်ရုပ်, ပစ္စုပ္ပန်ရုပ်, အနာဂတ်ရုပ်ဟူ၍ သတ်မှတ်၏။

**အဒ္ဓါအလိုအားဖြင့် ဝေဖန်ပုံ**

ပုဂ္ဂိုလ်တစ်ဦးအား ဘဝတစ်ခု၌ဖြစ်သောရုပ်တို့တွင်

(၁) ပဋိသန္ဓေမှ ရှေး၌ဖြစ်ခဲ့သောရုပ်များသည် **အတိတ်ရုပ်**မည်၏။

(၂) စုတိမှနောက်၌ ဖြစ်ကြသည့်ရုပ်များသည် အနာဂတ်ရုပ်မည်၏။

(၃) ပဋိသန္ဓေနှင့်စုတိအကြား၌ ဖြစ်ကြသောရုပ်များသည် ပစ္စုပ္ပန်ရုပ်မည်၏။

**သန္တတိအလိုအားဖြင့် ဝေဖန်ပုံ**

သန္တတိအလိုအားဖြင့် သဘောတူသည့် တစ်မျိုးတည်းသောဥတုကြောင့် ဖြစ်သော ရုပ်အစဉ်နှင့် တစ်ခုတည်းသောအာဟာရကြောင့်ဖြစ်သော ရုပ်အစဉ် တို့သည် ရှေ့နောက်ကျသည့်အလိုအားဖြင့်ဖြစ်ငြားသော်လည်း ပစ္စုပ္ပန်ရုပ်မည်၏။

ထိုမှရှေး၌သဘောတူသည့် ဥတု, အာဟာရတို့ကြောင့်ဖြစ်သောရုပ်များသည် အတိတ်ရုပ်မည်၏။ ထိုပစ္စုပ္ပန်မှနောက်၌ သဘောမတူသည့် ဥတု, အာဟာရတို့ ကြောင့်ဖြစ်သောရုပ်များသည် အနာဂတ်ရုပ်မည်၏။

**စိတ္တဇရုပ်**တို့တွင် ပဉ္စဒွါရဝီထိတစ်ခု, မနောဒွါရဇောဝီထိတစ်ခု, သမာပတ် တစ်ခုအသီးသီးတို့ကြောင့်ဖြစ်သောရုပ်အစဉ်များကို ပစ္စုပ္ပန်ရုပ်ဟုခေါ်၏။ ထိုမှ ရှေး၌ဖြစ်သောရုပ်များသည် အတိတ်ရုပ်မည်၏။ ထိုပစ္စုပ္ပန်မှ နောက်၌ဖြစ်သော ရုပ်များသည် အနာဂတ်ရုပ်မည်၏။

**ကမ္မဇရုပ်**သည် သီးခြားသန္တတိအလိုအားဖြင့် အတိတ်စသည် ကွဲပြားခြင်း မရှိချေ။ ဥတုဇရုပ်, အာဟာရဇရုပ်, စိတ္တဇရုပ်တို့၏အထောက်အပံ့အလိုအားဖြင့် ကမ္မဇရုပ်၏အတိတ်စသည့်အဖြစ်ကို သိအပ်၏။

**သမယအလိုအားဖြင့် ဝေဖန်ပုံ**

တစ်မုဟုတ်, တစ်နံနက်ခင်း, တစ်ညဦး, တစ်နေ့စသည့် အခါသမယတစ်ခုစီ၌ အစဉ်မပြတ်ဖြစ်သောရုပ်များသည် ပစ္စုပ္ပန်ရုပ်မည်၏။ ထိုမှရှေး၌ဖြစ်သော ရုပ်များသည် အတိတ်ရုပ်မည်၍ နောက်၌ဖြစ်သောရုပ်များသည် အနာဂတ်ရုပ် မည်၏။

**ခဏအလိုအားဖြင့် ဝေဖန်ပုံ**

ရုပ်တစ်ခု၏ဖြစ်ဆဲဥပါဒ်ခဏ, တည်ဆဲဌီခဏ, ပျက်ဆဲဘင်ခဏဟူသော ခဏ သုံးပါး၌အတွင်းဝင်သောရုပ်သည် ရုပ်၏ရှိဆဲခဏဖြစ်၍ ရုပ်၏အသက်တမ်းပင် ဖြစ်၏။ ထိုရုပ်ကို ပစ္စုပ္ပန်ရုပ်ဟုခေါ်၏။ ထိုခဏသုံးပါးသို့ မရောက်သေးသော ရုပ်များကို အနာဂတ်ရုပ်မည်၏။ ထိုခဏသုံးပါးကိုလွန်ပြီးသော ရုပ်များသည် အတိတ်ရုပ်မည်၏။

တစ်နည်းအားဖြင့် ဖြစ်စေတတ်သည့်ဟေတုအကြောင်းကိစ္စ, ထောက်ပံ့တတ် သည့် ပစ္စယအကြောင်းကိစ္စတို့ကို လွန်ခဲ့ပြီးသောရုပ်သည် အတိတ်ရုပ်မည်၏ ဟေတုကိစ္စပြီးစီး၍ ပစ္စယကိစ္စမပြီးသေးသောရုပ်သည် ပစ္စုပ္ပန်ရုပ်မည်၏။ ယင်း ကိစ္စနှစ်ပါးလုံးသို့မရောက်သေးသောရုပ်သည် အနာဂတ်ရုပ်မည်၏။

တစ်နည်းအားဖြင့် မိမိကိစ္စကို ပြုဆဲခဏ၌ဖြစ်သောရုပ်သည် ပစ္စုပ္ပန်ရုပ်မည်၏။ မိမိကိစ္စကိုပြုပြီး၍ချုပ်ပြီးသောရုပ်သည် အတိတ်ရုပ်မည်၏။ မိမိကိစ္စကို မပြုရ သေးသောရုပ်သည် အနာဂတ်ရုပ်မည်၏။

**မှတ်ချက်**- ရုပ်တို့ကို အတိတ်, ပစ္စုပ္ပန်, အနာဂတ်ဟုခွဲခြားရာ၌ ခဏအကြောင်း, ကိစ္စအကြောင်းတို့သာလျှင် မုချအကြောင်းဖြစ်၏။ ကြွင်းသော အဒ္ဓါ, သန္တတိ, သမယအကြောင်းတို့သည် မုချလိုရင်းမဟုတ်,

ပရိယာယ်အကြောင်းတို့ဖြစ်၏ဟု မှတ်အပ်၏

**အဇ္ဈတ္တ, ဗဟိဒ္ဓအားဖြင့် ဝေဖန်ပုံ**

အတ္တဘောကိုစွဲမှီ၍ဖြစ်သော ပသာဒရုပ်ငါးပါးကို အဇ္ဈတ္တိကရုပ်ဟုခေါ်၍ ကြွင်းသည့်ရုပ်၂၃ ပါးကို ဗာဟိရရုပ်ဟုခေါ်ခဲ့၏။ သို့သော်ဤအရာ၌ ပုဂ္ဂိုလ်အသီးသီး၏သန္တာန်၌ဖြစ်သော ရုပ်ဟူသမျှသည် အဇ္ဈတ္တ-ကိုယ်တွင်းရုပ်မည်၏။ အခြားသူ၏သန္တာန်၌ဖြစ်သောရုပ်ဟူသမျှသည် ဗဟိဒ္ဓ-ပြင်ပရုပ်မည်၏ဟူ၍ သိအပ်၏။

**မှတ်ချက်**- ကြမ်းတမ်းသောဩဠာရိကရုပ်နှင့် သိမ်မွေ့သောသုခုမရုပ်တို့ကွဲပြားပုံကိုလည်း ဆိုခဲ့ပြီးသောနည်းအတိုင်းဖြစ်သည်ဟု သိအပ်၏။

**ဟီန, ပဏီတအားဖြင့် ဝေဖန်ပုံ**

ရုပ်သည် ကောင်းမြတ်သောပဏီတရုပ်, ယုတ်ညံ့သောဟီနရုပ်ဟူ၍ ပရိယာယ်အားဖြင့်နှစ်ပါးကွဲပြား၏။ ဤတွင် အကနိဋ္ဌဗြဟ္မာတို့၏ရုပ်နှင့်နှိုင်းစာလျှင် သုဒဿီ ဗြဟ္မတို့၏ရုပ်သည် ယုတ်ညံ့၏။ ထိုသုဒဿီဗြဟ္မာတို့၏ ရုပ်သည်ပင်လျှင် သုဒဿာဗြဟ္မာရုပ်ထက် ကောင်းမြတ်၏။ ဤနည်းအားဖြင့် ငရဲသတ္တဝါတို့၏ ရုပ်တိုင်အောင် ပရိယာယ်အားဖြင့်ယုတ်ညံ့သည့်အဖြစ်, ကောင်းမြတ်သည့်အဖြစ်တို့ကို သိအပ်၏။

မုချအားဖြင့်မူ အကုသလဝိပါက်စိတ်က အာရုံပြုလျက်ဖြစ်သောရုပ်သည် ယုတ်ညံ့သည့်ရုပ်ဖြစ်၏။ ကုသလဝိပါက်စိတ်ကအာရုံပြုလျက်ဖြစ်သောရုပ်သည် ကောင်းမြတ်သည့်ရုပ်ဖြစ်၏ဟု သိအပ်၏။

**ဒူရေ, သန္တိကေအားဖြင့် ဝေဖန်ပုံ**

ဩဠာရိက- ကြမ်းတမ်းသောရုပ် ၁၂ ပါးသည် သိလွယ်၍ အသိဉာဏ်နှင့် နီးသောသဘောရှိသောကြောင့် သန္တိကေ- နီးသောရုပ်၊ သိမ်မွေ့သောသုခမရုပ် ၁၆ ပါးသည် အသိခက်၍ အသိဉာဏ်နှင့်ဝေးသောသဘောရှိသောကြောင့် ဒူရေ- ဝေးသောရုပ်ဟုသတ်မှတ်ခဲ့၏။ သို့သော် ဤအရပ်၌ အချင်းချင်းထောက်ဆ၍ တည်ရာဝေးသောရုပ်ကို ဒူရေရုပ်၊ တည်ရာနီးသောရုပ်ကို သန္တိကေရုပ်ဟူ၍ သိအပ်၏။

**ဝေဒနာက္ခန္ဓာဖွဲ့စည်းပုံ**

ရူပက္ခန္ဓာကဲ့သို့ပင် ဝေဒနာက္ခန္ဓာကိုစုဖွဲ့ရာ၌ ဝေဒနာ ၅ ပါးကို အတိတ်, ပစ္စုပ္ပန်, အနာဂတ်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ပဏီတ, ဟီန, ဒူရေ, သန္တိကေဟူသည့် အခြင်းအရာ ၁၁ မျိုးဖြင့်သိမ်းယူ၍ တစ်ပေါင်းတည်းစု၍ ဝေဒနာက္ခန္ဓာ - ဝေဒနာအစုဟု ခေါ်ဆိုအပ်၏။ 'တစ်ပေါင်းတည်းစု၍' ဟူသည်ကား ထိုဝေဒနာအလုံးစုံ သည် ခံစားခြင်းလက္ခဏာရှိသည့်အဖြစ်ကြောင့် တစ်ပေါင်းတည်းအဖို့ရှိသည်ဟု

ပညာဖြင့်ပေါင်းစုယူခြင်းကိုဆိုလို၏။ သညာ၏ခန္ဓာစသည်တို့ကိုလည်း ဝေဒနာက္ခန္ဓကဲ့သို့ပင်ဖွဲ့စည်းနိုင်၏။

**အတိတ်, ပစ္စုပ္ပန်, အနာဂတ်အားဖြင့်ဝေဖန်ပုံ**

ဝေဒနာစသည်ကို အတိတ်, အနာဂတ်, ပစ္စုပ္ပန်အားဖြင့် ဝေဖန်ရာ၌ သန္တတိ, ခဏစသည်တို့၏အလိုအားဖြင့် သိအပ်၏။

(၁) သန္တတိအလိုအားဖြင့်ဝေဖန်ပုံမှာ တစ်ခုသောပဥ္စဒွါရဇောဝီထိ, တစ်ခုသောသမာပတ်အတွင်းဝင်သောဝေဒနာတို့သည်လည်းကောင်း၊ တစ်ခုတည်းသောအာရုံ၌ကောင်းစွာယှဉ်လျက် ဖြစ်နေသောဝေဒနာတို့သည်လည်းကောင်း၊ ပစ္စုပ္ပန်ဝေဒနာမည်၏။ ထိုမှ ရှေး၌ဖြစ်သောဝေဒနာတို့သည် အတိတ်ဝေဒနာမည်၏။ ထိုမှနောက်၌ ဖြစ်သောဝေဒနာတို့သည် အနာဂတ်ဝေဒနာမည်၏။

(၂) ခဏစသည့်အလိုအားဖြင့် ဝေဖန်ပုံမှာ ဝေဒနာတစ်ခု၏ဖြစ်ဆဲဥပါဒ်ခဏ, တည်ဆဲဌီခဏ, ပျက်ဆဲဘင်ခဏဟူသည့်ခဏသုံးပါး၌အတွင်းဝင်သော ရှေးအဖို့နောက်အဖို့တို့၏အလယ်၌တည်သော မိမိကိစ္စကိုလည်းပြုဆဲဖြစ်သောဝေဒနာသည် ပစ္စုပ္ပန်ဝေဒနာမည်၏။ ထိုမှရှေး၌ ခဏသုံးပါးသို့ရောက်ပြီး၍ မိမိကိစ္စကိုလည်း ပြုပြီးသောဝေဒနာသည် အတိတ်ဝေဒနာမည်၏။ ထိုမှနောက်၌ ခဏသုံးပါးသို့မရောက်သေးဘဲ မိမိကိစ္စကိုလည်းမပြုရသေးသောဝေဒနာသည် အနာဂတ်ဝေဒနာမည်၏။

**ဝေဒနာက္ခန္ဓာကို အဇ္ဈတ္တ, ဗဟိဒ္ဓခွဲခြားပုံ**

(၁) နိယကဇ္ဈတ္တခေါ် ပုဂ္ဂိုလ်အသီးသီး၏သန္တာန်၌ဖြစ်သော ဝေဒနာဟူသမျှသည် အဇ္ဈတ္တဝေဒနာမည်၏။

(၂) အခြားသူတို့၏သန္တာန်၌ဖြစ်သော ဝေဒနာဟူသမျှသည် ဗဟိဒ္ဓဝေဒနာမည်၏။

**ဝေဒနာက္ခန္ဓာကို ဩဠာရိက, သုခုမခွဲခြားပုံ**

(က) **ဇာတ်အလိုအားဖြင့် ဝေဖန်ပုံ**

(၁) အကုသိုလ်ဝေဒနာသည် အပြစ်ရှိသည့်အမှုကိုပြုခြင်း၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ ကိလေသာအပူရှိခြင်းကြောင့်လည်းကောင်း၊ မငြိမ်သက်သောဖြစ်ခြင်းရှိသဖြင့် ကုသိုလ်ဝေဒနာထက်ပိုကြမ်းတမ်း၏။ ထို့ကြောင့် အကုသိုလ်ဝေဒနာသည် ဩဠာရိက ဝေဒနာဖြစ်ပြီး ကုသိုလ်ဝေဒနာသည် အပြန်အားဖြင့် သုခုမဝေဒနာဖြစ်၏။

(၂) အကုသိုလ်ဝေဒနာသည် ကြောင့်ကြဗျာပါရရှိသောကြောင့်လည်းကောင်း၊ အားထုတ်မှုရှိသောကြောင့်လည်းကောင်း၊ အကျိုးဝိပါက်ကို ဖြစ်စေတတ်

သောကြောင့်လည်းကောင်း၊ ကိလေသာအပူရှိခြင်းကြောင့်လည်းကောင်း၊ အပြစ်ရှိသောကြောင့်လည်းကောင်း၊ ဝိပါက်အဗျာကတဝေဒနာထက် ပိုကြမ်းတမ်း၏။ထို့ကြောင့် အကုသိုလ်ဝေဒနာသည် သြဠာရိက ဝေဒနာမည်၍ဝိပါက်အဗျာကတဝေဒနာသည်အပြန်အားဖြင့်သုခုမဝေဒနာမည်၏။

(၃) တစ်ဖန်အကုသိုလ်ဝေဒနာသည် အကျိုးဝိပါက်ကိုဖြစ်စေတတ်သော ကြောင့်လည်းကောင်း၊ ကိလေသာအပူရှိခြင်း ကြောင့်လည်းကောင်း၊ ကိလေသာဆင်းရဲရှိခြင်းကြောင့် လည်းကောင်း၊ အပြစ်ရှိသောကြောင့်လည်းကောင်း၊ ကိရိယာအဗျာကတဝေဒနာထက်ပို၍ကြမ်းတမ်း၏။ ထို့ကြောင့် အကုသိုလ်ဝေဒနာသည် သြဠာရိကဝေဒနာမည်၍ ကိရိယာအဗျာကတဝေဒနာထက် ပိုကြမ်းတမ်း၏။ထို့ကြောင့် အကုသိုလ်ဝေဒနာသည် သြဠာရိကဝေဒနာမည်၍ ကိရိယာအဗျာကတဝေဒနာသည် အပြန်အားဖြင့်သုခုမဝေဒနာမည်၏။

(၄) ကုသိုလ်ဝေဒနာ, အကုသိုလ်ဝေဒနာတို့သည် ကြောင့်ကြဗျာပါရရှိသောကြောင့်လည်းကောင်း၊ အားထုတ်မှုရှိသောကြောင့်လည်းကောင်း၊ အကျိုးဝိပါက်ကို ဖြစ်စေတတ်သောကြောင့်လည်းကောင်း၊ ဝိပါက်, ကိရိယာအဗျာကဝေဒနာတို့နှင့်နှိုင်းယှဉ်သော် ပို၍ကြမ်းတမ်း၏။ ထို့ကြောင့် ကုသိုလ်, အကုသိုလ်ဝေဒနာတို့သည် သြဠာရိကဝေဒနာမည်၍ ဝိပါက်, ကိရိယာအဗျာကတ ဝေဒနာတို့သည် အပြန်အားဖြင့် သုခုမဝေဒနာမည်၏။

**(ခ) သဘာဝ - သဘောအလိုအားဖြင့် ဝေဖန်ပုံ**

(၁) သဘောအလိုအားဖြင့်မူကား ဒုက္ခဝေဒနာသည် သာယာဖွယ်ကင်းသောကြောင့်လည်းကောင်း၊ လှုပ်လှုပ်ရှရှ ပြန့်ကားထကြွခြင်း ရှိသောကြောင့်လည်းကောင်း၊ ချောက်ချားခြင်းကိုပြုတတ်သောကြောင့်လည်းကောင်း၊ ထိတ်လန့်ဖွယ်ဖြစ်သောကြောင့်လည်းကောင်းလွှမ်းမိုးနှိပ်စက်တတ်သောကြောင့်လည်းကောင်း သုခဝေဒနာ, ဥပေက္ခဝေဒနာတို့ထက်ပို၍ကြမ်းတမ်းသဖြင့် သြဠာရိကဝေဒနာမည်၏။

(၂) သုခဝေဒနာ, ဥပေက္ခာဝေဒနာတို့သည် သာယာဖွယ်ဖြစ်သောကြောင့်လည်းကောင်း၊ ငြိမ်သက်သောကြောင့်လည်းကောင်း၊ မွန်မြတ်သောကြာင့်လည်းကောင်း၊ စိတ်နှလုံးကိုပွါးစေတတ်သောကြောင့်လည်းကောင်း(ဝါ) မြတ်နိုးဖွယ်ဖြစ်သောကြောင့်လည်းကောင်း၊ အလယ်အလတ်သဘောရှိသောကြောင့်လည်းကောင်း၊ ဒုက္ခဝေဒနာထက် ပိုသိမ်မွေ့ကြသဖြင့် သုခုမဝေဒနာမည်၏။

(၃) သုခဝေဒနာ, ဒုက္ခဝေဒနာတို့သည် လှုပ်လှုပ်ရွရွ ပြန့်ကားထကြွခြင်း ရှိသောကြောင့်လည်းကောင်း၊ ချောက်ချားခြင်းကို ပြုတတ်သောကြောင့် လည်းကောင်း၊ ထင်ရှားသောကြောင့်လည်းကောင်း၊ ဥပေက္ခာဝေဒနာနှင့် နှိုင်းယှဉ်လျှင် ပို၍ကြမ်းတမ်းကြသဖြင့် ဩဠာရိကဝေဒနာမည်၏။ ဥပေက္ခာဝေဒနာသည် အပြန်အားဖြင့် သုခုမဝေဒနာမည်၏။

(ဂ) **ပုဂ္ဂိုလ်အလိုအားဖြင့် ဝေဖန်ပုံ**

(၁) ပုဂ္ဂိုလ်အလိုအားဖြင့် သမာပတ်မဝင်စားသောပုဂ္ဂိုလ်၏ဝေဒနာသည် အာရုံအမျိုးမျိုး၌ပျံ့လွင့်သောကြောင့် သမာပတ်ဝင်စားသည့်ပုဂ္ဂိုလ်၏ ဝေဒနာထက် ပို၍ကြမ်းတမ်းသဖြင့် ဩဠာရိကဝေဒနာမည်၏။

(၂) သမာပတ်ဝင်စားသည့်ပုဂ္ဂိုလ်၏ဝေဒနာသည် အာရုံအမျိုးမျိုး၌ မပျံ့လွင့်သောကြောင့် သမာပတ်မဝင်စားသည့်ပုဂ္ဂိုလ်၏ဝေဒနာထက် ပို၍ သိမ်မွေ့သဖြင့် သုခုမဝေဒနာမည်၏။

(ဃ) **လောကီ, လောကုတ္တရာအားဖြင့် ဝေဖန်ပုံ**

(၁) အာသဝေါတရားတို့၏အာရုံဖြစ်နိုင်သောကြောင့် သာသဝမည်သော ဝေဒနာသည် လောကီဝေဒနာမည်၏။ ထိုလောကီဝေဒနာသည် အာသဝေါတရားတို့ဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း၊ ဩဃ, ယောဂ, ဂန္ထ, နီဝရဏ, ဥပါဒါန်တို့၏အာရုံဖြစ်သောကြောင့် လည်းကောင်း၊ ပူပန်စေတတ်သောကိလေသာတို့၏ အာရုံဖြစ်သော ကြောင့်လည်းကောင်း၊ ပုထုဇဉ်တို့နှင့်ဆက်ဆံသောကြောင့်လည်းကောင်း၊ အနာသဝမည်သော လောကုတ္တရာဝေဒနာထက် ပို၍ကြမ်းတမ်းသဖြင့် ဩဠာရိကဝေဒနာမည်၏။

(၂) အာသဝေါတရားတို့၏အာရုံမဖြစ်သောကြောင့် အနာသဝမည်သော လောကုတ္တရာ ဝေဒနာသည် ဆိုခဲ့ပြီးသည်မှပြန်သောအားဖြင့် သာသဝ မည်သည့် လောကီဝေဒနာထက် ပို၍သိမ်မွေ့သဖြင့် သုခုမဝေဒနာ မည်၏။

**ဝေဒနာတို့ကို ဩဠာရိက, သုခုမခွဲရာ၌ ရောယှက်မှုမဖြစ်သင့်ပုံ**

ဝေဒနာတို့ကို ဩဠာရိက, သုခုမခွဲရာ၌ ဇာတ်စသည်အလိုအားဖြင့် ရောယှက်ခြင်းကိုရှောင်အပ်၏။ ဥပမာ အကုသလဝိပါက်ကာယဝိညာဏ်နှင့်ယှဉ်သော ဒုက္ခဝေဒနာသည် ဇာတ်အလိုအားဖြင့်အဗျာကတဖြစ်သောကြောင့် သိမ်မွေ့သည့် သုခုမဖြစ်သော်လည်း သဘောစသည်အလိုအားဖြင့် ကြမ်းတမ်းသည့် ဩဠာရိက ဖြစ်၏။ မှန်၏- "*အဗျာကတဝေဒနာသည် သိမ်မွေ့၏။ ဒုက္ခဝေဒနာသည် ကြမ်းတမ်း*

*၏။ သာသာဝဝေဒနာသည် ကြမ်းတမ်း၏။ အနာသာဝဝေဒနာသည် သိမ်မွေ့၏" ဟု* ဟောတော်မူ၏။

ထို့အတူ သုခဝေဒနာစသည်တို့သည် ဇာတ်အလိုအားဖြင့် ဩဠာရိက ဖြစ်သော်လည်း သဘောစသည်တို့၏အလိုအားဖြင့် သုခုမဖြစ်ကုန်၏။ ထိုကြောင့် ဇာတ်စသည်တို့၏အလိုအားဖြင့် ရောယှက်ခြင်းမဖြစ်အောင် ဝေဒနာတို့၏ ဩဠာရိက, သုခုမအဖြစ်ကိုသိအပ်၏။ သိပုံမှာ အဗျာကတဝေဒနာသည် ဇာတ်အလိုအားဖြင့်, ကုသိုလ်, အကုသိုလ်ဝေဒနာတို့ထက်ပို၍သိမ်မွေ့၏။ ဤသို့ဆိုရာ၌ ထိုအဗျာကတဝေဒနာသည် ဒုက္ခဝေဒနာလော၊ သုခဝေဒနာလော၊ သမာပတ် ဝင်စားသူ၏ ဝေဒနာလော၊ မဝင်စားသူ၏ဝေဒနာလောစသည်ဖြင့် မစူးစမ်း အပ်ပေ။

တစ်နည်းကား *"ထိုထိုဝေဒနာကိုထောက်၍ ထောက်၍ ဝေဒနာကို ဩဠာရိက, သုခုမဟုမှတ်အပ်၏။"* ဟု ဟောတော်မူသောကြောင့် အကုသိုလ်ဝေဒနာစသည်တို့၌လည်း ဒေါသမူဝေဒနာသည် မီးကဲ့သို့ မိမိ၏မှီရာကို လောင်တတ်သောကြောင့် လောဘမူဝေဒနာထက် ပိုကြမ်းတမ်း၍ လောဘမူဝေဒနာသည် သိမ်မွေ့၏။

တစ်ဖန် **ဒေါသမူဝေဒနာသည်** အနန္တရိယကံနှင့်ယှဉ်၍ နိယတဖြစ်မူ ကြမ်းတမ်း၏၊ အနိယတဖြစ်မူ သိမ်မွေ့၏။ နိယတဝေဒနာသည်လည်း တစ်ကပ်ပတ်လုံး အဝီစိ၌ တည်စေသော ကံနှင့်ယှဉ်သည့် ကပ္ပဋ္ဌိတိကဝေဒနာဖြစ်မူ ကြမ်းတမ်း၏။ သို့မဟုတ် ပါမူ သိမ်မွေ့၏။ ထိုကပ္ပဋ္ဌိတိကတို့တွင်လည်း အသင်္ခါရိကဖြစ်လျှင် ကြမ်းတမ်း၏။ သသင်္ခါရိကဖြစ်လျှင် သိမ်မွေ့၏။

**လောဘမူဝေဒနာသည်ကား** ဒိဋ္ဌိနှင့်ယှဉ်လျှင် ကြမ်းတမ်း၏။ ဒိဋ္ဌိနှင့် မယှဉ်လျှင် သိမ်မွေ့၏။ ထိုဝေဒနာသည်လည်း နိယတကပ္ပဋ္ဌိတိက အသင်္ခါရိက ဖြစ်လျှင်ကြမ်းတမ်း၏။ သို့မဟုတ်လျှင် သိမ်မွေ့၏။

***သာမညအားဖြင့်မူကား*** *အကုသိုလ်ဝေဒနာသည် အကျိုးဝိပါက်များလျှင် ကြမ်းတမ်း၏။ အကျိုးဝိပါက်နည်းလျှင် သိမ်မွေ့၏။ ကုသိုလ်ဝေဒနာသည်ကား အကျိုးဝိပါက်နည်းလျှင် ကြမ်းတမ်း၏။ အကျိုးဝိပါက်များလျှင်သိမ်မွေ့၏။*

**ထောက်ဆယူပုံတစ်နည်းကား** ကာမဝစရကုသိုလ်ဝေဒနာသည် ကြမ်းတမ်း၍ ဩဠာရိကဝေဒနာဖြစ်၏၊ ရူပဝစရကုသိုလ်ဝေဒနာသည် သိမ်မွေ့၍ သုခုမဝေဒနာဖြစ်၏။ ထို့ထက် အရူပါဝစရကုသိုလ်ဝေဒနာသည် ပိုသိမ်မွေ့၏။ ထို့ထက် လောကုတ္တရာကုသိုလ်ဝေဒနာသည် ပိုသိမ်မွေ့၏။

**ကာမာစရကုသိုလ်ဝေဒနာ**တို့တွင် ဒါနမယဝေဒနာသည် ကြမ်းတမ်း၏။ သီလမယဝေဒနာသည် သိမ်မွေ့၏။ ထို့ထက် ဘာဝနာမယဝေဒနာသည် ပိုသိမ်မွေ့၏။

ဘာဝနာဝယဝေဒနာသည်လည်း ဒွိဟိတ်သည် ကြမ်းတမ်း၏။ တိဟိတ်သည် သိမ်မွေ့၏။ တိဟိတ်ဝေဒနာသည်လည်း သသင်္ခါရိကသည် ကြမ်းတမ်း၏။ အသင်္ခါရိက သည်သိမ်မွေ့၏။

**ရူပါဝစရဝေဒနာသည်လည်း** ပဌမဈာန်ဝေဒနာသည် ကြမ်းတမ်း၏။ ဒုတိယ ဈာန်ဝေဒနာသည် သိမ်မွေ့၏။ ပဉ္စမဈာန်ဝေဒနာသည် ပိုသိမ်မွေ့၏။

**အရူပါဝစရဝေဒနာသည်လည်း** အာကာသာနဉ္စာယတနဝေဒနာသည် ကြမ်းတမ်း၏။ ဝိညာဏဉ္စာယတနဝေဒနာသည် သိမ်မွေ့၏။ ပ ။ နေဝသညာနာ သညာယတနဝေဒနာသည် ပိုသိမ်မွေ့၏။

**လောကုတ္တရာဝေဒနာသည်လည်း** သောတာပတ္တိမဂ်ဝေဒနာသည် ကြမ်းတမ်း ၏။ သကဒါဂါမိမဂ်ဝေဒနာသည် သိမ်မွေ့၏။ ပ။ အရဟတ္တမဂ်ဝေဒနာသည် ပိုသိမ်မွေ့၏။

ဤဆိုခဲ့သောနည်းကို ထိုထိုဘုံဆိုင်ရာ ဝိပါက်ဝေဒနာ ကိရိယာဝေဒနာတို့၌ လည်းကောင်း၊ ဒုက္ခစသည်, သမ္မာပတ်ဝင်စားသူစသည်, သာသဝစသည်တို့ အလိုအားဖြင့် ဆိုခဲ့သောဝေဒနာတို့၌လည်းကောင်း သိအပ်၏။

**တည်ရာဩကာသအလိုအားဖြင့်လည်း** ငရဲဘုံ၌ ဒုက္ခသည် ကြမ်းတမ်း၏။ တိရစ္ဆာန်ဘုံ၌ဒုက္ခသည် သိမ်မွေ့၏။ ပ ။ ပရနိမ္မိတ ဝသဝတ္တိဘုံ၌ ဒုက္ခသည် သာ၍ သိမ်မွေ့သည်သာတည်း။ ထို့အတူပင် သုခကိုလည်း အလုံးစုံသော တည်ရာ ဘုံဌာန တို့၌ ထိုက်သည်အားလျော်စွာ ယှဉ်စေအပ်၏။

**အာရုံပြု၍ဖြစ်ရာဝတ္ထုအလိုအားဖြင့်လည်း** ယုတ်ညံ့သောဝတ္ထုရှိသည့် အမှတ်မရှိ တစ်စုံတစ်ခုသော ဝေဒနာသည် ကြမ်းတမ်း၏။ ကောင်းမြတ်သော ဝတ္ထုရှိသည့် ဝေဒနာသည် သိမ်မွေ့၏။

**ယုတ်ညံ့သောဝေဒနာ, ကောင်းမြတ်သောဝေဒနာအပြား၌** ကြမ်းတမ်း သောဝေဒနာကို ယုတ်ညံ့သည် ဟူ၍လည်းကောင်း၊ သိမ်မွေ့သောဝေဒနာကို ကောင်းမြတ်သည်ဟူ၍လည်းကောင်း၊ မှတ်အပ်၏။

**အဝေး, အနီးဟူသည့် ဒူရေ, သန္တိကေအစွမ်းအားဖြင့်** အကုသိုလ် ဝေဒနာသည် ကုသိုလ်ဝေဒနာ, အဗျာကတဝေဒနာတို့နှင့် ဇာတိစသည်အားဖြင့် ကွဲပြားသောအဖို့ရှိသောကြောင့်လည်းကောင်း၊ မတူသောကိစ္စရှိ၍မနီးနှော သောကြောင့်လည်းကောင်း၊ မတူသည့်သဘောလက္ခဏာရှိသောကြောင့်လည်းကောင်း၊ ကုသိုလ်ဝေဒနာ, အဗျာကတဝေဒနာတို့မှ ဝေး၏။ ထို့အတူပင် ကုသိုလ်, အဗျာ ကတဝေဒနာတို့သည် အကုသိုလ်ဝေဒနာမှ ဝေးကုန်၏။

ထို့အပြင် အကုသိုလ်ဝေဒနာတို့သည် ဇာတိစသည်အားဖြင့် တူသည့်အဖို့

ရှိသောကြောင့်လည်းကောင်း၊ တူသည့်ကိစ္စရှိ၍ အချင်းချင်းနီးနှောသောကြောင့် လည်းကောင်း၊ တူသည့်သဘောလက္ခဏာရှိသောကြောင့်လည်းကောင်း၊ အကုသိုလ် ဝေဒနာနှင့် နီးကုန်၏။

*ထို့မှတစ်ပါး ထိုထိုဝေဒနာတို့နှင့် ယှဉ်ကုန်သော သညာ, သင်္ခါရ, ဝိညာဏ်တို့၏ ကြမ်းတမ်း, သိမ်မွေ့သည့်အဖြစ်ကိုလည်း ဤဝေဒနာနည်းတူပင် သိအပ်၏။*

**၈ အစဉ်စသည့်အဆုံးအဖြတ်ကိုပြခြင်း**

ခန္ဓာငါးပါးတို့၌ ဉာဏ်အထူးဖြစ်ပွားရန်အလို့ငှာ -

(၁) အစဉ်အားဖြင့်ဆုံးဖြတ်ချက်၊ (၂) ထူးခြားခြင်းအားဖြင့်ဆုံးဖြတ်ချက်၊
(၃) ငါးပါးမှမယုတ်မလွန်ခြင်းဆုံးဖြတ်ချက်၊ (၄) ဥပမာအားဖြင့်ဆုံးဖြတ်ချက်၊
(၅) ရှုအပ်သောနည်းအားဖြင့် ဆုံးဖြတ်ချက်နှင့် ထိုသို့ရှုသဖြင့် အကျိုးပြီးသော အားဖြင့် ဆုံးဖြတ်နည်းတို့ကို သိအပ်ပေ၏။

(၁) **အစဉ်အားဖြင့်ဆုံးဖြတ်ချက်**

**၁။ ဥပတ္တိက္ကမ = ဖြစ်စဉ်**

"ရှေးဦးစွာ ကလလခေါ် ရေကြည်ဖြစ်၏။ ထို့နောက် အဗ္ဗုဒခေါ် အမြှုပ်ဖြစ်၏" စသည်ဖြင့် သန္ဓေသားကလေးဖြစ်ပုံ အစဉ်ကိုပြဆိုခြင်းသည် ဥပတ္တိက္ကမဖြစ်စဉ်မည်၏။

**၂။ ပဟာနက္ကမ = ပယ်စဉ်**

"ဒဿနမည်သည့် သောတပတ္တိမဂ်ဉာဏ်ဖြင့် ပယ်အပ်သောတရားများ၊ ဘာဝနာမည်သော အထက်မဂ်ဉာဏ်သုံးပါးဖြင့် ပယ်အပ်သောတရားများ" စသည်ဖြင့် ပြဆိုသော ကိလေသာပယ်သည့်အစဉ်သည် ပဟာနက္ကမ - ပယ်စဉ်မည်၏။

**၃။ ပဋိပတ္တိက္ကမ = ကျင့်စဉ်**

"သီလဝိသုဒ္ဓိ = သီလစင်ကြယ်ခြင်း၊ စိတ္တဝိသုဒ္ဓိ - စိတ်စင်ကြယ်ခြင်း" စသည်ဖြင့် ပြဆိုသောကျင့်ပုံအစဉ်သည် ပဋိပတ္တိက္ကမ - ကျင့်စဉ်မည်၏။

**၄။ ဘူမိက္ကမ = ဘုံစဉ်**

"ကာမာဝစရတရားများ၊ ရူပါဝစရတရားများ" စသည်ဖြင့် ဘုံစဉ်အတိုင်းပြဆိုသော အစဉ်သည် ဘူမိက္ကမ - ဘုံစဉ်မည်၏။

**၅။ ဒေသနာက္ကမ = ဒေသနာအစဉ်**

"သတိပဋ္ဌာန်းလေးပါး၊ သမ္မပ္ပဓာန်လေးပါး"ဟူ၍လည်းကောင်း၊ "ဒါနကထာ, သီလကထာ" ဟူ၍လည်းကောင်း၊ ဤသို့စသည်ဖြင့် ပြဆိုသော အစဉ်သည်

ဒေသနာက္ကမ - ဒေသနာအစဉ် (ဟောစဉ်) မည်၏။

၁။ အထက်ပါအစဉ်တို့တွင် "ဥပတ္တိက္ကမ = ဖြစ်စဉ်" သည် မသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ကလလ - ရေကြည်စသည်တို့ကဲ့သို့ ခန္ဓာတို့သည် ရှေ့ - နောက်အပိုင်းအခြားအားဖြင့် မဖြစ်ခြင်းကြောင့်ပေတည်း။

၂။ "ပဟာနက္ကမ = ပယ်စဉ်" သည်လည်းမသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ကုသိုလ်, အဗျာကတခန္ဓာတို့ကို မပယ်အပ်သောကြောင့်ပေတည်း။

၃။ "ပဋိပတ္တိက္ကမ = ကျင့်စဉ်" သည်လည်း မသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် အကုသိုလ်ခန္ဓာတို့ကို မကျင့်အပ်သောကြောင့်တည်း။

၄။ "ဘူမိက္ကမ = ဘုံစဉ်" သည်လည်း မသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် ဝေဒနာစသည်တို့သည် ဘုံလေးပါး၌ အတွင်းဝင်သောကြောင့်တည်း။

၅။ "ဒေသနာက္ကမ = ဒေသနာစဉ်" - ဟောစဉ်သည်သာသင့်ပေ၏။ ခန္ဓာငါးပါးအစဉ်သည် ဒေသနာတော်ဟောစဉ်ဖြစ်သောကြောင့်တည်း။ **သင့်ပုံကိုချဲ့၍ပြအံ့**

- ခန္ဓာငါးပါးကို တစ်ပေါင်းတည်းယူသဖြင့် အတ္တစွဲ - အယူမှားကို စွဲလမ်းဆုပ်ကိုင်ထားကြသည့် ဝေနေယျသတ္တဝါအပေါင်းအား တစ်လုံးတစ်ခဲတည်း, တစ်ယောက်တည်းဟု ထင်ရသော ရုပ်နာမ်အပေါင်း (သမူဟဃန) ၏ အသီးသီးကွဲပြားကြခြင်းကိုပြသဖြင့် အတ္တစွဲမှကျွတ်လွတ်စေလိုသောကြောင့် မြတ်စွာဘုရားသည်-
- သတ္တဝါတို့အလွယ်တကူ မှတ်ယူနိုင်ခြင်းအကျိုးငှာ မျက်စိစသည်တို့၏ အာရုံဖြစ်၍ ကြမ်းတမ်းထင်ရှားသော ရူပက္ခန္ဓာကို ရှေးဦးစွာ ဟောတော်မူ၏။
- ထို့နောက် ဣဋ္ဌရုပ် အနိဋ္ဌရုပ်ကို ခံစားတတ်သော ဝေဒနာက္ခန္ဓာကို ဟောတော်မူ၏။
- ထို့နောက် "အကြင်အာရုံကို ခံစား၏၊ ထိုအာရုံကို မှတ်သား၏" ဟူသည်နှင့်အညီ ခံစားရသောအခြင်းအရာကို မှတ်သားတတ်သော သညာက္ခန္ဓာကို ဟောတော်မူ၏။
- တစ်ဖန် အမှတ်သညာ၏အစွမ်းဖြင့် ပြုလုပ်တတ်ကုန်သော သင်္ခါရတို့ကို ဟောတော်မူ၏။
- ထို့နောက် ထိုဝေဒနာစသည်တို့၏ မှီရာဖြစ်၍ ၎င်းတို့၏ အကြီးအမှူးလည်းဖြစ်သော ဝိညာဏက္ခန္ဓာကို ဟောတော်မူ၏။ ဤသို့သောအစဉ်ဖြင့် ဆုံးဖြတ်သည့်နည်းကို သိအပ်၏။

**(၂) ထူးခြားခြင်းအားဖြင့်ဆုံးဖြတ်ချက်**

ထူးခြားခြင်းဟူသည်မှာ ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာတို့၏ထူးခြားခြင်းဖြစ်၏။ ထူးခြားပုံမှာ ခန္ဓာငါးပါးကို သာမညအားဖြင့် ဟောတော်မူ၏။ ဥပါဒါနက္ခန္ဓာငါးပါးကိုမူ အာသဝေါတရားတို့၏အာရုံ (သာသဝ) အဖြစ်၊ ဥပါဒါန်တို့၏အာရုံ (ဥပါဒါနိယ) အဖြစ်ဖြင့် အထူးပြု၍ ဟောတော်မူ၏။ ဟောကြားပုံမှာ-

*"ရဟန်းတို့-* ***ငါးပါးကုန်သောခန္ဓာ*** *တို့သည် အဘယ်နည်းဟူမူကား အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရေ၊ သန္တိကေဖြစ်သော အလုံးစုံသောရုပ်သည်ရှိ၏၊ ဤအလုံးစုံသောရုပ်ကို* ***ရူပက္ခန္ဓာ*** *ဟုခေါ်ဆိုအပ်၏။*

*"အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရေ၊ သန္တိကေ ဖြစ်သော အလုံးစုံသောဝေဒနာသည်လည်းရှိ၏၊ ဤအလုံးစုံသော ဝေဒနာကို* ***ဝေဒနာက္ခန္ဓာ*** *ဟု ခေါ်ဆိုအပ်၏။*

*"အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရေ၊ သန္တိကေ ဖြစ်သော အလုံးစုံသောသညာသည်လည်းရှိ၏၊ ဤအလုံးစုံသော သညာကို* ***သညာက္ခန္ဓာ*** *ဟု ခေါ်ဆိုအပ်၏။*

*"အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရေ၊ သန္တိကေ ဖြစ်သော အလုံးစုံသောသင်္ခါရသည်လည်းရှိ၏၊ ဤအလုံးစုံသော သင်္ခါရတို့ကို* ***သင်္ခါရက္ခန္ဓာ*** *ဟု ခေါ်ဆိုအပ်၏။*

*"အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရေ၊ သန္တိကေ ဖြစ်သောအလုံးစုံသောဝိညာဏ်သည်လည်းရှိ၏၊ ဤအလုံးစုံသောဝိညာဏ်ကို* ***ဝိညာဏက္ခန္ဓာ*** *ဟု ခေါ်ဆိုအပ်၏။*

*ဤတရားတို့ကို ငါးပါးကုန်သောခန္ဓာတို့ဟူ၍ သိအပ်၏။ "*

*"ရဟန်းတို့-* ***ငါးပါးကုန်သောဥပါဒါနက္ခန္ဓာ*** *တို့သည် အဘယ်နည်းဟူမူကား အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရေ၊ သန္တိကေဖြစ်သော သာသဝ၊ ဥပါဒါနိယဖြစ်သော အလုံးစုံသောရုပ်သည်ရှိ၏။ ဤအလုံးစုံသောရုပ်ကို* ***ရူပုပါဒါနက္ခန္ဓာ*** *ဟု ခေါ်ဆိုအပ်၏။*

*"အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ၊ ဒူရေ၊ သန္တိကေဖြစ်သော သာသဝ၊ ဥပါဒါနိယဖြစ်သော အလုံးစုံသော ဝေဒနာသည်ရှိ၏။ ဤအလုံးစုံသောဝေဒနာကို* ***ဝေဒနုပါဒါနက္ခန္ဓာ*** *ဟု ခေါ်ဆိုအပ်၏။*

*"အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရေ, သန္တိကေဖြစ်သော သာသဝ, ဥပါဒါနိယဖြစ်သော အလုံးစုံသော သညာသည်ရှိ၏။ ဤအလုံးစုံသောသညာကို* **သညုပါဒါနက္ခန္ဓာ** *ဟု ခေါ်ဆိုအပ်၏။*

*"အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရေ, သန္တိကေဖြစ်သော သာသဝ, ဥပါဒါနိယဖြစ်သော အလုံးစုံသော သင်္ခါရသည်ရှိ၏။ ဤအလုံးစုံသောသင်္ခါရတို့ကို* **သင်္ခါရုပါဒါနက္ခန္ဓာ** *ဟု ခေါ်ဆိုအပ်၏။*

*"အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရေ, သန္တိကေဖြစ်သော သာသဝ, ဥပါဒါနိယဖြစ်သော အလုံးစုံသော ဝိညာဏ်သည်ရှိ၏။ ဤအလုံးစုံသောဝိညာဏ်ကို* **ဝိညာဏုပါဒါနက္ခန္ဓာ** *ဟု ခေါ်ဆိုအပ်၏။*

*"ရဟန်းတို့- သာသဝ, ဥပါဒါနိယဖြစ်သောဤတရားတို့ကို ငါးပါးကုန်သော* **ဥပါဒါနက္ခန္ဓာ** *ဟူ၍ ခေါ်ဆိုအပ်၏။"*

**မှတ်ချက်** - ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့တွင် အာသဝေါတရားတို့၏ အာရုံဖြစ်သော သာသဝတရားများပါရှိသလို အာသဝေါတရားတို့၏ အာရုံ မဟုတ်သော အနာသဝတရားများလည်းပါရှိ၏။ အာသဝနာမ်တရားများမှာ လောကီစိတ်စေတသိက်များဖြစ်ကြ၏။ အနာသဝနာမ်တရားများမှာ လောကုတ္တရာစိတ်စေတသိက်များဖြစ်ကြ၏။

ရုပ်သည်ကား အနာသဝရုပ်တရားဟူ၍မရှိဘဲ သာသဝရုပ်တရားသာရှိ၏။ သို့သော်လည်း ထိုရုပ်သည် အစုဟူသောအနက်အားဖြင့် ခန္ဓာအဖြစ်သည် လည်းသင့်၏။ ထို့အပြင် အစုဟူသောအနက်အားဖြင့်လည်းကောင်း၊ အာသဝေါ တရားတို့၏ အာရုံ(သာသဝ)ဟူသော အနက်အားဖြင့်လည်းကောင်း၊ ဥပါဒါနက္ခန္ဓာ အဖြစ်သည်လည်းသင့်၏။

မြတ်စွာဘုရားသည် စကြဝဠာ၌အမှန်ရှိသော ပရမတ်ရုပ်နာမ်များ အားလုံးကို သာသဝ,အနာသဝဟု မခွဲခြားဘဲ သာမညအားဖြင့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော အစုအပုံငါးမျိုးသာရှိသည်ကိုပြလို၍ ခန္ဓာငါးပါးကို ဟောကြားတော်မူ၏။

ဝိပဿနာရှုပွားရာတွင် လောကီရုပ်နာမ်တရားများကိုသာ အာရုံပြု၍ လောကုတ္တရာနာမ်တရားများကို အာရုံမပြုသဖြင့် အာသဝေါတရားနှင့် ဥပါဒါန်တရားတို့၏အာရုံဖြစ်သော လောကီရုပ်နာမ်တရားတို့ကိုသာ ငါးစုခွဲ၍ ဥပါဒါနက္ခန္ဓာငါးပါးကို ဟောကြားတော်မူ၏။ ထို့ကြောင့်-

(၁)လောကုတ္တရာ နာမ်ခန္ဓာလေးပါးသည် ခန္ဓာသာမည်၍ ဥပါဒါနက္ခန္ဓာ မမည်ပေ။ "ရူပက္ခန္ဓာ သာသဝေါဓမ္မာ" ဟူသည်နှင့်အညီ ရုပ်တရားသည် ခန္ဓာလည်းမည်၏၊ ဥပါဒါနက္ခန္ဓာလည်းမည်၏။

(၂) နာမ်ခန္ဓာလေးပါးသည် ဥပါဒါန်, အာသဝေါတရားတို့၏အာရုံမဟုတ်လျှင် ခန္ဓာသာမည်၏။ ဥပါဒါနက္ခန္ဓာမမည်ပေ။

(၃) နာမ်ခန္ဓာလေးပါးသည် ဥပါဒါန်, အာသဝေါတရားတို့၏အာရုံဖြစ်လျှင် ဥပါဒါနက္ခန္ဓာမည်၏။ ဥပါဒါနက္ခန္ဓာဟူသည်မှာ ဥပါဒါန်တို့၏အာရုံဖြစ်သော ခန္ဓာမည်၏။ ဤဝိသုဒ္ဓိမဂ်အရာ၌မူ ထိုအလုံးစုံသောသာသဝ, အနာသဝတရားတို့ကို တစ်ပေါင်းတည်းပြု၍ ခန္ဓာတို့ဟု အလိုရှိအပ်၏။

**(၃) ငါးပါးမှ မယုတ်မလွန်ခြင်းအားဖြင့်ဆုံးဖြတ်ချက်**

မြတ်စွာဘုရားသည် ခန္ဓာတို့ကို မယုတ်မလွန်ငါးပါးအတိအကျဟောတော်မူ၏။ အကြောင်းမှာအလုံးစုံသောတရားတို့ကိုသဘောလက္ခဏာတူရာသိမ်းယူစုပေါင်း လိုက်လျှင် ခန္ဓာငါးပါးသာရခြင်းကြောင့်လည်းကောင်း၊ ငါဟုစွဲယူ သော အတ္တစွဲ ခေါ် ဒိဋ္ဌိနှင့် ငါ့ဥစ္စာ, ငါ့ကိုယ်စသည်ဖြင့်စွဲယူသော အတ္တနိယစွဲခေါ် တဏှာတို့၏ တည်ရာဝတ္ထုသည် ဤခန္ဓာငါးပါးမျှ အတိုင်းအရှည် ရှိသောကြောင့်လည်းကောင်း၊ သီလက္ခန္ဓာစသောအခြားခန္ဓာတို့သည်လည်း ခန္ဓာငါးပါး၌ အတွင်းဝင်သော ကြောင့်လည်းကောင်း၊ ခန္ဓာငါးပါးကိုသာ အတိအကျဟောတော်မူခြင်းဖြစ်၏။

**အကျယ်ချဲ့ပြရသော်** များသောအပြားရှိသည့် သင်္ခတတရားတို့တွင် ဖောက်ပြန်ခြင်းရုပ္ပနသဘောလက္ခဏာရှိသော ရုပ်တရားအားလုံးကို သိမ်းယူစုပေါင်းလိုက်လျှင် ရူပက္ခန္ဓာတစ်ပါးကိုသာရ၏။ ခံစားခြင်း ဝေဒယိတ သဘောလက္ခဏာရှိသော ဝေဒနာအားလုံးကို သိမ်းယူစုပေါင်းလိုက်လျှင် ဝေဒနာက္ခန္ဓာတစ်ပါးကိုသာရ၏။ ထို့အတူ သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုလည်း ဆိုင်ရာသဘောလက္ခဏာဖြင့် တူရာကိုသိမ်းယူစုပေါင်းလိုက်လျှင် သညာက္ခန္ဓာ တစ်ပါး, သင်္ခါရက္ခန္ဓာတစ်ပါး, ဝိညာဏက္ခန္ဓာတစ်ပါးတို့ကိုသာ ရ၏။ သို့ဖြစ်၍ **ခပ်သိမ်းကုန်သော သင်္ခတတရားတို့ကို သဘောလက္ခဏာတူရာ သိမ်းယူ စုပေါင်းလိုက်လျှင် ခန္ဓာငါးပါးသာ အတိအကျရပေ၏။ ထို့ကြောင့် ခန္ဓာငါးပါးကိုသာ ဟောကြားတော်မူ၏။**

တစ်ဖန် အတ္တစွဲ, အတ္တနိယစွဲတို့၏ဝတ္ထုသည် ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသော တရားတို့သာလျှင် အတိုင်းအရှည်ရှိ၏။

*"ရဟန်းတို့-ရုပ်ရှိလျှင်ရုပ်ကိုအစွဲပြု၍ ရုပ်ကိုနှလုံးသွင်း၍ " ဤရုပ်သည်*

ငါ့ဥစ္စာတည်း၊ ဤရုပ်သည် ငါဖြစ်၏၊ ဤရုပ်သည် ငါ၏အတ္တတည်း" ဟူသော အယူမှားသည်ဖြစ်၏။ ဝေဒနာရှိလျှင်။ပ။ သညာရှိလျှင်။ပ။ သင်္ခါရတို့ရှိလျှင်။ပ။ ဝိညာဏ်ရှိလျှင် ဝိညာဏ်ကိုအစွဲပြု၍ ဝိညာဏ်ကို နှလုံးသွင်း၍ "ဤဝိညာဏ်သည် ငါ့ဥစ္စာတည်း၊ ဤဝိညာဏ်သည် ငါဖြစ်၏၊ ဤဝိညာဏ်သည် ငါ၏အတ္တတည်း"ဟူသော အယူမှားသည်ဖြစ်၏" ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

ဤသို့ အတ္တစွဲ, အတ္တနိယစွဲတို့၏ တည်ရာအကြောင်းထွေသည် ခန္ဓာငါးပါးသာလျှင် အတိုင်းအရှည်ရှိသောကြောင့်လည်း ခန္ဓာငါးပါးကိုသာ ဟောကြားတော်မူ၏။

ထို့အပြင် အခြားတစ်ပါးကုန်သော သီလက္ခန္ဓာ, သမာဓိက္ခန္ဓာ, ပညာက္ခန္ဓာ, ဝိမုတ္တိခန္ဓာ, ဝိမုတ္တိဉာဏဒဿနခန္ဓာတို့ကလည်း ရှိပေသေး၏။ ဤငါးပါးစုတရားတို့သည် သင်္ခါရက္ခန္ဓာ၌ အတွင်းဝင်ကြသဖြင့် ထိုခန္ဓာငါးပါးတို့၌ သက်ဝင်ကြကုန်၏။ ထို့ကြောင့်လည်း မြတ်စွာဘုရားသည် ရူပက္ခန္ဓာစသည့်ခန္ဓာငါးပါးကိုသာ ဟောကြားခြင်း ဖြစ်ပေသည်။

**(၄) ဥပမာအားဖြင့် ဆုံးဖြတ်ချက်**

၁။ **ရုပ်ဥပါဒါနက္ခန္ဓာ** (ရူပုပါဒါနက္ခန္ဓာ) သည် **သူနာရုံ-ဆေးရုံနှင့်တူ၏၊** အကြောင်းမှာ သူနာနှင့်တူသော ဝိညာဏ်ဥပါဒါနက္ခန္ဓာ (ဝိညာဏုပါဒါနက္ခန္ဓာ) ၏ တည်ရာ, ဒွါရ, အာရုံအလိုအားဖြင့် နေရာဌာနဖြစ်သောကြောင့်တည်း။

၂။ **ဝေဒနာဥပါဒါနက္ခန္ဓာ** (ဝေဒနုပါဒါနက္ခန္ဓာ) သည် **အနာရောဂါနှင့်တူ၏၊** အကြောင်းမှာ ဒုက္ခဒုက္ခ (တကယ်ဆင်းရဲ)၊ ဝိပရိဏာမဒုက္ခ (ဖောက်ပြန်ဆင်းရဲ)၊ သင်္ခါရဒုက္ခ (ပြုပြင်ဆင်းရဲ) တို့သည် အနာရောဂါကဲ့သို့ အမြဲတစေ ညှဉ်းဆဲနှိပ်စက်တတ်သောကြောင့်တည်း။

၃။ **သညာဥပါဒါနက္ခန္ဓာ** (သညုပါဒါနက္ခန္ဓာ) သည် **အနာရောဂါဖြစ်ကြောင်း သမုဋ္ဌာန်နှင့် တူ၏၊** အကြောင်းမှာ ကာမသညာစသည်၏ အစွမ်းအားဖြင့် ရာဂစသည်နှင့် ယှဉ်သောဝေဒနာ၏ ဖြစ်သင့်ခြင်းကြောင့်ပေတည်း။

၄။ **သင်္ခါရဥပါဒါနက္ခန္ဓာ** (သင်္ခါရုပါဒါနက္ခန္ဓာ) သည် **မသင့်လျော်သောဥတု, အစာစသည်ကို မှီဝဲခြင်းနှင့်တူ၏၊** အကြောင်းမှာ သင်္ခါရသည် ဝေဒနာဟူသည့် အနာရောဂါ၏ အကြောင်းရင်းဖြစ်သောကြောင့်တည်း၊ မှန်၏ -

**"ခံစားမှုဝေဒနာကို ခံစားမှုအကျိုးငှာ သင်္ခါရတို့က ပြုပြင်စီမံ**

***တတ်ကုန်၏" ဟူ၍လည်းကောင်း၊ " အကုသိုလ်ကံကို ပြုအပ်ပြီး ဆည်းပူးအပ်ပြီးဖြစ်ခြင်းကြောင့် အကျိုးဖြစ်သော ဒုက္ခသဟဂုတ် ကာယဝိညာဏ်သည် ဖြစ်ပေါ်၏ "***ဟူ၍လည်းကောင်း ဟောတော်မူ၏။

၅။ **ဝိညာဏ်ဥပါဒါနက္ခန္ဓာသည် သူနာနှင့်တူ၏၊** အကြောင်းမှာ ဝေဒနာ ဟူသော အနာရောဂါမှ မလွတ်ကင်းသောကြောင့်ပေတည်း။

**တစ်နည်းသော်ကား-**

ရုပ်ဥပါဒါနက္ခန္ဓာသည် နှောင်အိမ်ထောင်နှင့်တူ၏။

ဝေဒနာဥပါဒါနက္ခန္ဓာသည် ၃၂-မျိုးသော ဆင်းရဲမှုနှင့်တူ၏။

သညာဥပါဒါနက္ခန္ဓာသည် ကျူးလွန်သည့်ပြစ်မှုနှင့်တူ၏။

သင်္ခါရဥပါဒါနက္ခန္ဓာသည် ညှဉ်းဆဲသည့်အာဏာသားနှင့်တူ၏။

ဝိညာဏ်ဥပါဒါနက္ခန္ဓာသည် ပြစ်မှုရှိသူနှင့်တူ၏။

**တစ်နည်းသော်ကား-**

ရုပ်ဥပါဒါနက္ခန္ဓာသည် စားခွက်နှင့်တူ၏။

ဝေဒနာဥပါဒါနက္ခန္ဓာသည် ဘောဇဉ်နှင့်တူ၏။

သညာဥပါဒါနက္ခန္ဓာသည် ဟင်းကောင်းနှင့်တူ၏။

သင်္ခါရဥပါဒါနက္ခန္ဓာသည် ကျွေးမွေးသူနှင့်တူ၏။

ဝိညာဏ်ဥပါဒါနက္ခန္ဓာသည် စားသူနှင့်တူ၏။

## (၅) ရှုအပ်သောနည်းအားဖြင့်ဆုံးဖြတ်ချက်

ခန္ဓာငါးပါးကို အကျဉ်းအားဖြင့်ရှုအပ်ပုံနှင့် အကျယ်အားဖြင့်ရှုအပ်ပုံဟူ၍ ရှုအပ်သည့်နည်း ၂ မျိုးရှိ၏။

**အကျဉ်းအားဖြင့် ရှုအပ်ပုံမှာ** ဥပါဒါနက္ခန္ဓာငါးပါးတို့ကို-

အာသီဝိသောပမသုတ်၌ ခုတ်သတ်ရန်ချိမိုးထားသည့် သန်လျက်ဓားရှိသော ရန်သူအနေအားဖြင့် ရှုအပ်၏။

ဘာရသုတ်၌ လေးလံသောဝန်ထုပ်ဝန်ပိုးအနေအားဖြင့် ရှုအပ်၏။

ခဇ္ဇနီယဒေသနာ၌ စားဝါးတတ်သောဘီလူးအနေဖြင့် ရှုအပ်၏။

ယမကသုတ်၌ အနိစ္စ, ဒုက္ခ, အနတ္တ, သင်္ခတ (ပြုပြင်အပ်သည့်) တရား သူသတ်သမားအဖြစ်ဖြင့် ရှုအပ်၏ဟု ဟောကြားထားတော်မူ၏။

**အကျယ်အားဖြင့်ရှုအပ်ပုံမှာ** ဤခန္ဓာငါးပါးတို့တွင်

၁။ **ရုပ်ကို** အနှိပ်အနယ်မခံသောကြောင့် **ရေမြှုပ်စိုင်ကဲ့သို့**ရှုအပ်၏။

၂။ **ဝေဒနာကို** တစ်ခဏမျှသာမွေ့လျော်ဖွယ်ရှိသောကြောင့် **ရေပွက်**

(ရေပူဖောင်း) ကဲ့သို့ ရှုအပ်၏။

၃။ **သညာ**ကို အမှားမှာအယွင်းယွင်းပြောစေတတ်သောကြောင့် **တံလျှပ်**ကဲ့သို့ ရှုအပ်၏။

၄။ **သင်္ခါရ**တို့ကို အနှစ်မဲ့သောကြောင့် **ငှက်ပျောတုံး**ကဲ့သို့ ရှုအပ်၏။

၅။ **ဝိညာဏ်**ကို လှည့်စားတတ်သောကြောင့် **မျက်လှည့်**ကဲ့သို့ ရှုအပ်၏။

**အထူးအားဖြင့်မူကား** ဤခန္ဓာငါးပါးတို့တွင်

၁။ အလွန်ကောင်းမြတ်သော်ငြားလည်း ကိုယ်တွင်း**ရုပ်**ကို **အသုဘ** - စက်ဆုပ်ဖွယ်မတင့်တယ်ဟု ရှုအပ်၏။

၂။ ဒုက္ခဒုက္ခ - တကယ်ဆင်းရဲ၊ ဝိပရိဏာမဒုက္ခ - ဖောက်ပြန်ဆင်းရဲ၊ သင်္ခါရဒုက္ခ - ပြုပြင်ရသည့်ဒုက္ခဟူသော သုံးမျိုးသောဆင်းရဲတို့မှ မလွတ်ကင်းသောကြောင့် **ဝေဒနာ**ကို ဒုက္ခဆင်းရဲဟု ရှုအပ်၏။

၃။ **သညာ**နှင့် **သင်္ခါရ**တို့ကို **အနတ္တ** - အတ္တမဟုတ်သော သဘောတရားမျှဟု ရှုအပ်၏။

၄။ ဖြစ်ခြင်းပျက်ခြင်းသဘောရှိသောကြောင့် **ဝိညာဏ်**ကို **အနိစ္စ** - မမြဲဟု ရှုအပ်၏။

**ခန္ဓာငါးပါးကို အကျဉ်းနည်း, အကျယ်နည်းဖြင့် ရှုခြင်း၏အကျိုးအာနိသင်**

၁။ ဥပါဒါနက္ခန္ဓာ ငါးပါးကို ခုတ်သတ်ရန် သန်လျက်ချိမိုးထားသည့်ရန်သူ၊ လေးလံသည့်ဝန်ထုပ်၊ စားဝါးတတ်သောဘီလူး၊ အနိစ္စ, ဒုက္ခ, အနတ္တ, သင်္ခတ, သူသတ်သမားများ ဟူ၍ အကျဉ်းနည်းဖြင့် ရှုသောသူသည် ခန္ဓာတို့ကြောင့် မပင်ပန်းရတော့ချေ။ အကျယ်အားဖြင့် ရုပ်ကို ရေမြှုပ်စိုင်ကဲ့သို့, ဝေဒနာကို ရေပွက်ကဲ့သို့၊ သညာကို တံလျှပ်ကဲ့သို့၊သင်္ခါရတို့ကို ငှက်ပျောတုံးကဲ့သို့၊ ဝိညာဏ်ကို မျက်လှည့်ကဲ့သို့ ရှုသောသူသည် အနှစ်မဲ့သည့်ခန္ဓာတို့၌ အနှစ်ရှိသည်ဟု ထင်မြင်လေ့မရှိတော့ပေ။

၂။ ကိုယ်တွင်းရုပ် - အဇ္ဈတ္တရုပ်ကို အသုဘဟုရှုသောသူသည် အလုပ်အလွေ့ ပြု၍စားမျိုအပ်သော အာဟာရကို ပိုင်းခြား၍သိ၏။ မတင့်တယ်သောရုပ်(အသုဘ)၌ တင့်တယ်သည် (သုဘ)ဟု ထင်မှားသော ဝိပလ္လာသကို ပယ်၏။ ကာမောဃခေါ် ကာမဂုဏ်တပ်မက်သည့်တဏှာဝဲဩဃကို ကျော်လွှန်နိုင်၏။ ကာမယောဂနှင့် မယှဉ်စပ်တော့၊ ကာမာသဝဖြင့် ယိုစီးမှု-အာသဝေါကင်း၏။ အာရုံကို ရှေးရှု ကြံစည်လိုချင်ခြင်းသဘော လောဘဟူသည့် အဘိဇ္ဈာကာယဂန္ထကို ဖျက်ဆီး၏။ ကာမဂုဏ်၌ ပြင်းထန်စွာ စွဲလမ်းတပ်မက်သည့် တဏှာလောဘဟူသော ကာမုပါဒါန်

ကို မစွဲမှီတော့ပေ။

၃။ ဝေဒနာကို ဒုက္ခဟုရှုသောသူသည် ဖဿဟူသည့်အာဟာရကို ပိုင်းခြား၍သိ၏။ ဆင်းရဲဒုက္ခ၌ ချမ်းသာသုခဟု ထင်မှားသောဝိပလ္လာသကို ပယ်၏။ ဘဝေါဃခေါ် ဈာန်ချမ်းသာကို နှစ်သက်တွယ်တာသည့်တဏှာကို ကျော်လွန်၏။ ဘဝယောဂနှင့် မယှဉ်စပ်တော့။ ဘဝါသဝဖြင့် ယိုစီးမှု-အာသဝေါကင်း၏။ ဗျာပါဒကာယဂန္ထခေါ် အမျက်ဒေါသကို ဖျက်ဆီး၏။ သီလဗ္ဗတုပါဒါန်-သီလဗ္ဗတပရာမာသအကျင့်၌ ပြင်းထန်ခိုင်မြဲစွာစွဲလမ်းသော အယူမှားဒိဋ္ဌိကို မစွဲမှီတော့ချေ။

၄။ သညာနှင့်သင်္ခါရတို့ကို အနတ္တဟုရှုသောသူသည် စေတနာဟူသော မနောသဉ္စေတနာဟာရကို ပိုင်းခြား၍သိ၏။ အတ္တမဟုတ်သည်၌ အတ္တဟု ထင်မှားသောဝိပလ္လာသကို ပယ်၏။ ဒိဋ္ဌောဃအယူမှားဟူသည့် ဝဲဩဃကို ကျော်လွန်၏။ ဒိဋ္ဌိယောဂနှင့်မယှဉ်တော့၊ ဒိဋ္ဌာသဝဖြင့် ယိုစီးမှုအာသဝေါကင်း၏။ ဣဒံသစ္စာဘိနိဝေသကာယဂန္ထ "ဤငါ၏အယူအကျင့်သာမှန်၏" ဟု မိစ္ဆာ အယူအကျင့်ကို ပြင်းထန်စွာစွဲယူသည့် ဒိဋ္ဌိကိုဖျက်ဆီး၏။ "အတ္တရှိ၏" ဟု ပြင်းထန်စွာ စွဲလမ်းသော အတ္တဂါဒုပါဒါန်ကို မစွဲမှီတော့ပေ။

၅။ ဝိညာဏ်ကို အနစ္စဟုရှုသောသူသည် စိတ်ဟူသောဝိညာဏာဟာရကို ပိုင်းခြား၍သိ၏။ အနိစ္စ-မမြဲသည်၌ နိစ္စ-မြဲသည်ဟုထင်မှားသောဝိပလ္လာသကို ပယ်၏။ အဝိဇ္ဇောဃခေါ် အာရုံ၏သဘောမှန်ကို မသိမှုမောဟကို ကျော်လွန်၏။ အဝိဇ္ဇာယောဂနှင့်မယှဉ်တော့၊ အဝိဇ္ဇာသဝဖြင့် ယိုစီးမှု-အာသဝေါကင်း၏။ သီလဗ္ဗတပရာမာသကာယဂန္ထကို ဖျက်ဆီး၏။ ဒိဋ္ဌုပါဒါန်ခေါ် မိစ္ဆာဒိဋ္ဌိအမျိုးမျိုးကို မစွဲမှီတော့ပေ။

ဤဆိုခဲ့သည့်အတိုင်း သူသတ်သမား, အသုဘ, ဒုက္ခ, အနတ္တ, အနိစ္စ စသည်ဖြင့် ရှုခြင်းသည် ကြီးမားသောအကျိုးအာနိသင်ရှိပေ၏။ ထို့ကြောင့် ပညာရှိသည် ခန္ဓာတို့ကို သူသတ်သမားစသည်အလိုအားဖြင့် ရှုပွားရာ၏။

*** ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ**

**၁။ သမာဓိသိပ်ကောင်းတဲ့သူပဲဟု ပြောဆိုရာ၌ သမာဓိ၏ သဘောတရားကိုဖော်ပြ၍ လက်နှင့်တူသောတရား၏အမည်ကို ဖော်ပြပါ။**

*( ၁၉၈၃၊ စမန ၃၄၂၊ ၃၄၃)*

***အဖြေ - သမာဓိသည် အာရုံ၌ စိတ်ကို အညီအညွတ်ကောင်းစွာထားတတ်သော သဘောဖြစ်၏။ တရားကိုယ်မှာ ဧကဂ္ဂတာစေတသိက်ဖြစ်၏။***

- *သမာဓိသည် အာရုံတစ်ပါးသို့ မရွေ့ရှား မပျံ့လွင့်ခြင်းလက္ခဏာရှိ၏။ တစ်နည်းကား ယှဉ်ဖက်တရားတို့ကို မပျံ့လွင့်စေခြင်းလက္ခဏာရှိ၏။*
- *အတူဖြစ်ဖက်စိတ်စေတသိက်တို့ကို ပေါင်းစုစေခြင်းကိစ္စရှိ၏။*
- *ငြိမ်သက်သည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။*
- *သုခလျှင် နီးသောအကြောင်းပဒဋ္ဌာန်ရှိ၏။*

*လက်နှင့်တူသောတရား၏အမည်သည် "သဒ္ဓါ" ဖြစ်၏။ သဒ္ဓါသည် ကုသိုလ်တရားတို့ကိုယူခြင်း၌ လက်နှင့်တူ၏။*

**၂။ လူ့ယဉ်ကျေးလောကကိုဖြစ်စေတတ်သော လောကစောင့် (လောကပါလ) တရား(၂)ပါးကို ထူးခြားချက်များနှင့်တကွ ဖော်ပြပါ။** *(၁၉၈၃၊ စမန ၃၄၄)*

**အဖြေ** - *လူ့ယဉ်ကျေးလောကကိုဖြစ်စေတတ်သော လောကစောင့်(လောကပါလ) တရား(၂)ပါးမှာ ဟိရီနှင့်ဩတ္တပ္ပတို့ဖြစ်၏။*

*ဟိရီသည် ကာယဒုစရိုက်စသည့် မကောင်းမှုတို့မှရှက်တတ်သောသဘော ဖြစ်၏။*

*ဟိရီသည် မကောင်းမှုမှ စက်ဆုပ်ခြင်းလက္ခဏာရှိ၏။*

*ရှက်သောအခြင်းအရာအားဖြင့် မကောင်းမှုတို့ကိုမပြုခြင်းကိစ္စရှိ၏။*

*ရှက်သောအခြင်းအရာအားဖြင့်ပင်လျှင် မကောင်းမှုမှတွန့်ဆုတ်သည့် အနေဖြင့်ဉာဏ်အားရှေးရှုထင်၏။*

*မိမိကိုယ်ကိုအလေးပြုခြင်းလျှင် နီးသောအကြောင်းရှိ၏။*

*ဥပမာ-အမျိုးကောင်းသမီးချွေးမကဲ့သို့တည်း။*

*ဩတ္တပ္ပသည် ကာယဒုစရိုက်စသည့်မကောင်းမှုတို့မှ ကြောက်လန့်တတ်သော သဘောဖြစ်၏။*

*ဩတ္တပ္ပသည် မကောင်းမှုမှကြောက်လန့်ခြင်း လက္ခဏာရှိ၏။*

*ကြောက်တတ်သောအခြင်းအရာအားဖြင့် မကောင်းမှုတို့ကို မပြုခြင်းကိစ္စရှိ၏။*

*ကြောက်လန့်သောအခြင်းအရာအားဖြင့်ပင်လျှင် မကောင်းမှုမှ တွန့်ဆုတ်သည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။*

*သူတစ်ပါးကိုအလေးပြုခြင်းလျှင် နီးသောအကြောင်းရှိ၏။*

*ဥပမာ-ပြည့်တန်ဆာမနှင့်တူ၏။*

**၃။ မိမိအိမ်သို့ကြွလာသောရဟန်းတော်အား ရှိခိုးပူဇော်ဖူးမြော်သော ဖော်ပြပါ မိသားစုအား ဖြစ်ပေါ်သောစိတ်တို့ကိုဖော်ထုတ်ရန် ထင်ရှားအောင် ရေးပြပါ။**

*(၁၉၈၄၊ စမန ၃၂၀, ၃၂၁)*

**အဖြေ** - *မိမိအိမ်သို့ကြွလာသောရဟန်းတော်အား ရှိခိုးပူဇော်ဖူးမြော်သော မိသားစုအား ကာမာဝစရကုသိုလ်စိတ်(၈)ပါး ဖြစ်ပါသည်။*

*(၁) လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ်တို့၏ပြည့်စုံကောင်းမွန်ခြင်းကို စွဲမှီ၍ဖြစ်စေ၊ တစ်ပါးသော သောမနဿဖြစ်ကြောင်းကြောင့်ဖြစ်စေ၊ ရွှင်လန်းဝမ်းသာလျက် "ရှိခိုးပူဇော်ဖူးမြော်ခြင်းသည်အကျိုးရှိ၏" ဟုသိသော ကမ္မဿကတာသမ္မာဒိဋ္ဌိကို ရှေ့သွားပြု၍ မဆုတ်နစ်ဘဲ သူတစ်ပါးတို့မတိုက်တွန်းဘဲ ပေးလှူ၏၊ ရှိခိုး၏၊ ကောင်းမှုပြု၏။ ထိုမိသားစုအား "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်"သည် ဖြစ်၏။*

*(၂) အကြင်အခါ၌ ရွှင်လန်းဝမ်းမြောက်လျက် သမ္မာဒိဋ္ဌိကိုရှေ့သွားပြု၍ ဆုတ်နစ်လျော့လျည်း၍ဖြစ်စေ သူတစ်ပါးတိုက်တွန်း၍ဖြစ်စေ ပေးလှူခြင်း၊ ရှိခိုးခြင်းစသည့် ကောင်းမှုတို့ကိုပြု၏။ ထိုအခါပြုသူမှာ "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်" သည်ဖြစ်၏။*

*(၃) အကြင်အခါ၌ မိဘ, ဆွေမျိုးများ၏ပြုကျင့်ပုံကိုမြင်ရသဖြင့် အလေ့အကျင့် ရနေကြသောကလေးသူငယ်တို့သည် ရဟန်းများကိုမြင်လျှင် ရွှင်လန်းဝမ်းသာ ကြလျက် ရှိခိုးကြ၏။ လက်၌ရှိသည့်တစ်စုံတစ်ခုကိုပင် အဆောတလျင်ပေး လှူကြ၏။ ထိုအခါ ထိုသူငယ်တို့မှာ သမ္မာဒိဋ္ဌိမရှိသေး၍ "သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်" ဖြစ်၏။*

*(၄) အကြင်အခါ၌ မိဘ, ဆွေမျိုးတို့က "လှူကြ ရှိခိုးကြ" ဟု တိုက်တွန်းသဖြင့် သူငယ်တို့က ရွှင်လန်းဝမ်းမြောက်စွာ လှူကြ ရှိခိုးကြ၏။ ထိုအခါ သူငယ်တို့၌ "သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ကာမာဝစရ ကုသိုလ်စိတ်" ဖြစ်၏။*

*(၅-၈) အထက်ပါဥပမာလေးခု၌ ရွှင်လန်းဝမ်းမြောက်မှုမဖြစ်ဘဲ မရွှင်မညှိုး ဥပေက္ခာစိတ်နှင့် ကောင်းမှုကိုပြုလျှင် ကြွင်းသောဥပေက္ခာသဟဂုတ်စိတ်၄-ပါးတို့ ဖြစ်ကုန်၏။*

*ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်*
*ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်*
*ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်*
*ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်*

**၄။ လူသားတို့၌ ယုံကြည်ချက်အမျိုးမျိုးရှိကြရာ သဒ္ဓါကြည်လင် ပါရမီရှင် ဖြစ်သောဗုဒ္ဓဘာသာဝင် သူတော်စင်တို့၌သာဖြစ်သော ယုံကြည်ချက် (၅)ပါးကိုဖော်ပြ၍ အများနားလည်အောင်ရှင်းပြပါ။** (၁၉၈၄၊ စမန ၃၄၃)

**အဖြေ** - သဒ္ဓါကြည်လင် ပါရမီရှင်ဖြစ်သော ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၌သာ ဖြစ်သောယုံကြည်ချက်(၅)ပါးမှာ-

(၁) သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားနှင့်ဘုရား၏ဂုဏ်တော်တို့ကို ယုံကြည်ခြင်း၊

(၂) ထိုမြတ်စွာဘုရား၏တရားတော်နှင့် တရားဂုဏ်တော်တို့ကိုယုံကြည်ခြင်း၊

(၃) ထိုဘုရား၏တပည့်သာဝကသံဃာတော်နှင့်သံဃာဂုဏ်တော်တို့ကို ယုံကြည်ခြင်း၊

(၄) ကောင်းမှုပြုလျှင် ကုသိုလ်ကံဖြစ်၍ မကောင်းမှုပြုလျှင် အကုသိုလ်ကံ ဖြစ်သည်ကို ယုံကြည်ခြင်း၊

(၅) ကုသိုလ်ကံသည် သုဂတိဘဝသည့်ကောင်းကျိုးချမ်းသာဖြစ်စေ၍ အကုသိုလ်ကံသည် ဒုဂ္ဂတိဘဝသည့် မကောင်းကျိုး ဆင်းရဲကို ဖြစ်စေသည်ကို ယုံကြည်ခြင်းတို့ဖြစ်ပါသည်။

**၅။ ဝိညာဉ်ဟူသည် အသက်လိပ်ပြာကောင် အတ္တတည်းဟူသော အဆို၏ မှားယွင်းပုံကို ဝိညာဏက္ခန္ဓာဒေသနာအရဝေဖန်ပါ။** (၁၉၈၅၊ စမန ၃၁၉)

**အဖြေ** - ဝိညာဏက္ခန္ဓာဒေသနာအရ အာရုံကို အထူးသိခြင်းလက္ခဏာရှိသော သဘောတရားအလုံးစုံကို ဉာဏ်ဖြင့် တစ်ပေါင်းတည်းပြု၍ ဝိညာဏက္ခန္ဓာ ဟုခေါ်၏။ ထို့ကြောင့် ဝိညာဏ်(ဝါ) ဝိညာဉ်သည် အာရုံကို အထူးသိခြင်းလက္ခဏာရှိသော သဘောတရားဖြစ်၏။ ဝိညာဏ်၏အာရုံသိခြင်းသည် သညာ၏အမှတ်ပြု၍သိခြင်း, မှတ်သားခြင်းထက် ပို၍ထူး၏။ "အနိစ္စ, ဒုက္ခ, အနတ္တ" ဟူသောလက္ခဏာသုံးပါးကို ထိုးထွင်း၍သိနိုင်စွမ်းရှိ၏။

ထိုဝိညာဉ်ဟူသောစိတ်သည် အထူးသိခြင်း လက္ခဏာအားဖြင့် တစ်ပါးတည်း သာဖြစ်သော်လည်း အမျိုးဇာတ်အားဖြင့် (၁)ကုသိုလ်စိတ်၊ (၂) အကုသိုလ်စိတ်၊ (၃) အဗျာကတစိတ်ဟူ၍ သုံးပါးအပြားရှိ၏။ စိတ်အရေအတွက်စုစုပေါင်းမှာ အကျဉ်း(၈၉)ပါး, အကျယ် (၁၂၁)ပါးဖြစ်၏။ ထို့ကြောင့် ဝိညာဉ်ဟူသည် အသက်လိပ်ပြာကောင်အတ္တတည်းဟူသောအဆိုသည် မှားယွင်းပါသည်။

**၆။ ဘိုးတော်၊ မယ်တော်အမျိုးမျိုးနှင့် အစိမ်းသေ၊ နတ်မိစ္ဆာတို့ကို ယုံကြည်စွာ ပူဇော်ပသနေကြသူတို့အား ကုသိုလ်သဒ္ဓါတရားဖြစ်-မဖြစ်စိစစ်ပြ၍ သဒ္ဓါစစ် မဖြစ်လျှင် မည်သည့်အကုသိုလ်မျိုးဖြစ်နေကြောင်းဖြေဆိုပါ။** (၁၉၈၂၊ စမန ၃၄၃)

**အဖြေ** - ကုသိုလ်သဒ္ဓါတရားသည် သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရား၊ ထိုဘုရား၏ တရားတော်, သံဃာတော်နှင့်ကံ, ကံ၏အကျိုးဟူသော သဒ္ဓေယျဝတ္ထုကို ယုံကြည်

ဆုံးဖြတ်ခြင်း လက္ခဏာရှိ၏။ ထိုသဒ္ဓေယျဝတ္ထု၌ ပြေးဝင်ခြင်းကိစ္စ၊ ယှဉ်ဖက်စိတ်စေတသိက်တို့ကို ကြည်လင်စေခြင်းကိစ္စရှိ၏။ ယုံကြည်ဖွယ် သဒ္ဓေယျဝတ္ထုလျှင် နီးသောအကြောင်း-ပဒဋ္ဌာန်ရှိ၏။

ဘိုးတော်၊မယ်တော်အမျိုးမျိုးနှင့် အစိမ်းသေ နတ်မိစ္ဆာတို့က သဒ္ဓေယျဝတ္ထု မဟုတ်ကြပါ။ သဒ္ဓေယျဝတ္ထု၏ဆန့်ကျင်ဘက် အသဒ္ဓိယမိစ္ဆာဝိမုတ္တိဖြစ်၏။ ထို့ကြောင့် ဘိုးတော်၊ မယ်တော်၊ နတ်မိစ္ဆာတို့ကို ယုံကြည်စွာ ပူဇော်ပသနေကြသူတို့အား ကုသိုလ်သဒ္ဓါတရားမဖြစ်ပါ။ မိစ္ဆာအဓိမောက္ခဟူသည့် မှားယွင်းစွာသက်ဝင်ယုံကြည်ဆုံးဖြတ်ခြင်းဟူသော သဒ္ဓါအတုသာဖြစ်၏။ ထိုသို့မှားယွင်းစွာ သက်ဝင်ယုံကြည်၍ ပူဇော်ပသနေသည့်အခါ၌ ဒိဋ္ဌိဂတသမ္ပယုတ်လောဘမူစိတ်စေတသိက်များဟူသည့် အကုသိုလ်တရားတို့ ဖြစ်နေကြလိမ့်မည်။

**၇။ အောက်ပါပညာ(၃)မျိုးတို့၏သဘောကို ရေးပြခဲ့ပါ။ (က)စိန္တာမယပညာ (ခ) သုတမယပညာ (ဂ) ဘာဝနာမယပညာ** (၁၉၈၅၊ စမန ၂၉၇)

**အဖြေ** - *(က)သူတစ်ပါးထံမှကြားနာရခြင်းမရှိဘဲ နည်းမရဘဲ မိမိ၏ကြံစည်မှုမျှအစွမ်းအားဖြင့် ပြီးမြောက်သောပညာသည် စိန္တာမယပညာမည်၏။*

*(ခ)သူတစ်ပါးထံမှကြားနာ၍ နည်းရ၍ သိရှိသောပညာသည် ကြားဖူးသည့်သုတ၏အစွမ်းအားဖြင့် ပြီးမြောက်သောကြောင့် သုတမယပညာမည်၏။*

*(ဂ) သူတစ်ပါးထံမှကြားနာရသည်ဖြစ်စေ မကြားနာရသည်ဖြစ်စေ မိမိ၏ပွားများအားထုတ်မှုဘာဝနာအစွမ်းဖြင့် ပြီးမြောက်သော အပ္ပနာသို့ရောက်သောပညာသည် ဘာဝနာမယပညာမည်၏။*

**၈။ ဘဝင်နောင် အာဝဇ္ဇန်း၊ အာဝဇ္ဇန်းနောင် ဝိညာဉ်စသည်ဖြင့် သံသရာစက်ရဟတ်တရစပ်လည်ပတ်နေခြင်းသည် တန်ခိုးရှင်စသူတို့ကြောင့် ဟုတ်-မဟုတ် အကြောင်းပြဖြေဆိုပါ။** (၁၉၈၆၊ စမန ၃၃၂-၃၃၅)

**အဖြေ** - *ဘဝင်နောင် အာဝဇ္ဇန်း၊ အာဝဇ္ဇန်းနောင် ဝိညာဉ်စသည်ဖြင့် သံသရာစက်ရဟတ်တရစပ်လည်ပတ်နေခြင်းသည် တန်ခိုးရှင်စသူတို့ကြောင့် မဟုတ်ပါ။ သတ္တဝါတစ်ဦး၌ အာရုံမသိသည့်အခါ ဘဝင်စိတ်အစဉ်ဖြစ်နေ၏။ စက္ခုဒွါရတွင် အဆင်းရူပါရုံ ထိတိုက်၍ အာရုံထင်လာသောအခါ ဘဝင်စိတ်နှစ်ကြိမ်လှုပ်၍ ဘဝင်အစဉ်ပြတ်၏။ ဘဝင်နောင် ပဉ္စဒွါရာဝဇ္ဇန်းစိတ်သည် အာရုံကို ဆင်ခြင်နှလုံးသွင်း၍ ချုပ်၏။ အာဝဇ္ဇန်းနောင် စက္ခုဝိညာဏ်စိတ်သည် အာရုံကိုမြင်ပြီး ချုပ်၏။ ဝိညာဏ်နောင် အာရုံလက်ခံသည့် သမ္ပဋိစ္ဆိုန်းစိတ်သည် ဖြစ်၏။*

*သောတဒွါရစသည်၌ အသံစသည့်အာရုံထိတိုက်သောအခါ၌လည်း အလားတူ*

*စိတ်အစဉ်တို့ဖြစ်၏။ ဤသို့သံသရာစက်ရဟတ်လည်ပတ်နေခြင်းသည် စိတ္တနိယာမအစွမ်းကြောင့်သာဖြစ်၏။ တန်ခိုးရှင်စသူတို့ကြောင့်မဟုတ်ပါ။*

**၉။ တိုင်းပြုပြည်ပြု သာသနာပြုလုပ်ငန်းတို့၌ မုချကေန်ပါဝင်ရမည့် ပိသုကာကြီးနှင့်တူသော သဘောတရားတစ်ခုကို ယင်း၏လက္ခဏာကိစ္စနှင့် တကွ တွဲဖက်ဖော်ပြပါ။** *(၁၉၈၆၊ စမန ၃၄၁)*

**အဖြေ** - *တိုင်းပြုပြည်ပြု သာသနာပြုလုပ်ငန်းတို့၌ မုချကေန်ပါဝင်ရမည့် ပိသုကာကြီးနှင့်တူသော သဘောတရားမှာ စေတနာစေတသိက် ဖြစ်ပါသည်။*

*စေတနာသည် ယှဉ်ဖက်စိတ်စေတသိက်တို့ကို စေ့ဆော်တိုက်တွန်းခြင်းလက္ခဏာရှိ၏။ မိမိ၏ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို မိမိတို့၏ကိစ္စများ၌ ဖရိုဖရဲမကွဲပြားအောင် စုရုံးစေ့ဆော်ခြင်း, အားထုတ်ခြင်း, ကြောင့်ကြပြုခြင်းကိစ္စရှိ၏။*

**၁၀။ ယခုစာဖြေသူပုဂ္ဂိုလ်၏ရုပ်ခန္ဓာကို အဓွန့်(အဒ္ဓါ)၏ အစွမ်းအားဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ခွဲခြား၍ လူသားတို့၏ရုပ်အဆင်းကိုအယုတ်အမြတ်ယူ၍ မုချအားဖြင့် ခွဲခြားနည်းကိုလည်း ရေးပြခဲ့ပါ။** *(၁၉၈၇၊ စမန ၃၅၉-၃၆၀)*

**အဖြေ** - *ရုပ်ခန္ဓာကိုအဓွန့်(အဒ္ဓါ)၏အစွမ်းဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ခွဲခြားပုံမှာ*

*(၁) ယခုဘဝပဋိသန္ဓေမှ ရှေး၌ဖြစ်ခဲ့သောရုပ်များသည် အတိတ်ရုပ်မည်၏။*
*(၂) ယခုဘဝ၏စုတိနောက်၌ ဖြစ်ကြမည့်ရုပ်များသည် အနာဂတ်ရုပ်မည်၏။*
*(၃) ယခုဘဝ၏ပဋိသန္ဓေနှင့် စုတိအကြား၌ဖြစ်ကြသော ရုပ်များသည် ပစ္စုပ္ပန်ရုပ်မည်၏။*

*လူသားတို့၏ရုပ်အဆင်းသည် နတ်၊ ဗြဟ္မာတို့၏ရုပ်အဆင်းနှင့်နှိုင်းစာလျှင် ယုတ်ညံ့၏။ အပါယ်လေးဘုံရှိသတ္တဝါတို့၏ရုပ်အဆင်းနှင့်နှိုင်းစာလျှင် ကောင်းမြတ်၏။*

*မုချအားဖြင့်မူ အကုသလဝိပါက်စိတ်အာရုံပြုလျက် ဖြစ်သောရုပ်သည် ယုတ်ညံ့သောဟီနရုပ်ဖြစ်၏။ ကုသလဝိပါက်စိတ်အာရုံပြု၍ဖြစ်သောရုပ်သည် မြတ်သောပဏီတရုပ်ဖြစ်၏။*

**၁၁။ ဗလရုပ်၊ သမ္ဘဝရုပ်၊ ဇာတိရုပ်၊ ရောဂရုပ်တို့ကို ရှင်းပြ၍ ထိုရုပ်တို့သည် ရုပ် (၂၈)ပါး၌ ပါဝင်ခြင်းရှိ-မရှိကိုလည်း ဖြေဆိုပါ။** *(၁၉၈၇၊ စမန ၃၁၃)*

**အဖြေ** - *ဗလရုပ်သည် ခွန်အားရုပ်ဖြစ်ပြီး ဝါယောဓာတ်၌ အကျုံးဝင်၏။*
*သမ္ဘဝရုပ်သည် သုက်ရုပ်ဖြစ်ပြီး အာပေါဓာတ်၌အကျုံးဝင်၏။*

ဇာတိရုပ်သည် ရုပ်အစစ်တို့၏ ဥပါဒ်ခိုက်၌ရှိသောရုပ် ဖြစ်ပြီးလျှင် ဥပစယရုပ်, သန္တတိရုပ် နှစ်ပါးတို့ပင်ဖြစ်ပါသည်။

ရောဂရုပ်သည် ရုပ်အစစ်တို့၏ ဌီအခိုက်, ဘင်အခိုက်တို့၌ရှိသော ရုပ်ဖြစ်သဖြင့် ဇရတာရုပ်, အနိစ္စတာရုပ် နှစ်ပါးနှင့်တူပါသည်။

ထို့ကြောင့် ဗလရုပ်, သမ္ဘဝရုပ်, ဇာတိရုပ်, ရောဂရုပ်တို့သည် ရုပ်(၂၈)ပါး၌ ပါဝင်ကြပါသည်။

**၁၂။ လူတောသူတောမတိုးဝံ့အောင် ရှက်ကြောက်တတ်သူကို ဟိရီ၊ ဩတ္တပ္ပ နှင့်ပြည့်စုံသူဟုဆိုသင့်၊ မဆိုသင့် အကြောင်းပြ၍ဖြေဆိုပါ။ ယင်း(၂) ပါး တို့၏ အထူးကို ဥပမာနှင့်တကွ ပြပြီးလျှင် ယင်း(၂)ပါးတို့၏ သီးခြား နာမည်ထူးကိုပါ ရေးသားခဲ့ပါ။** *(၁၉၈၇၊ စမန ၃၄၄-၃၄၅)*

**အဖြေ** - ဟိရီသည် ကာယဒုစရိုက်စသည့်မကောင်းမှုတို့မှ ရှက်တတ်သော သဘော ဖြစ်၏။ မကောင်းမှုမှ စက်ဆုပ်ခြင်းလက္ခဏာရှိ၏။ ရှက်သောအခြင်းအရာအားဖြင့် မကောင်းမှုကို မပြုခြင်းကိစ္စရှိ၏။ ရှက်သည့်အခြင်းအရာအားဖြင့်ပင်လျှင် မကောင်း မှုမှတွန့်ဆုတ်သည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။ မိမိကိုယ်ကို အလေးပြုခြင်း လျှင် နီးသောအကြောင်းရှိ၏။

ဩတ္တပ္ပသည် ကာယဒုစရိုက်စသည့်မကောင်းမှုတို့မှ ကြောက်လန့်တတ်သော သဘောဖြစ်၏။ မကောင်းမှုမှ ကြောက်လန့်ခြင်းလက္ခဏာရှိ၏။ ကြောက်တတ်သော အခြင်းအရာအားဖြင့် မကောင်းမှုတို့ကို မပြုခြင်းကိစ္စရှိ၏။ ကြောက်တတ်သော အခြင်းအရာအားဖြင့်ပင်လျှင် မကောင်းမှုမှမတွန့်ဆုတ်သည့် အနေဖြင့် ဉာဏ်အား ရှေးရှုထင်၏။ သူတစ်ပါးကို အလေးပြုခြင်းလျှင် နီးသောအကြောင်းရှိ၏။

ထို့ကြောင့် လူတောသူတောမတိုးဝံ့အောင် ရှက်ကြောက်တတ်သူကို ဟိရီ, ဩတ္တပ္ပနှင့် ပြည့်စုံသူဟု မဆိုသင့်ပါ။

ဟိရီ, ဩတ္တပ္ပတို့၏အထူးမှာ ဟိရီသည် မိမိကိုယ်ကိုအလေးပြု၍ မကောင်းမှုကို ပယ်စွန့်၏။ ဥပမာ အမျိုးကောင်းသမီးချွေးမကဲ့သို့ ဖြစ်ပါသည်။

ဩတ္တပ္ပသည် သူတစ်ပါးကို အလေးပြု၍ မကောင်းမှုကို ပယ်စွန့်ပါသည်။ ဥပမာအားဖြင့် ပြည့်တန်ဆာမကဲ့သို့ဖြစ်၏။

ဟိရီ, ဩတ္တပ္ပတို့၏သီးခြားနာမယ်ထူးမှာ **"လောကပါလတရား"** လောကကို စောင့်ရှောက်တတ်သောတရားဖြစ်ပါသည်။

**၁၃။ ယခုစာဖြေပုဂ္ဂိုလ်၏သန္တာန်၌ အစိုးတရရုပ်၊ အစိုးမရရုပ် (၂)မျိုးရှိလေရာ ယင်းသရုပ်ကို သိသာရုံမျှဖော်ပြပါ။** *(၁၉၈၈၊ စမန ၃၁၅)*

**အဖြေ** - *ပသာဒရုပ်၅ပါး၊ ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ၊ ဇီဝိတိန္ဒြေတည်းဟူသော ရုပ်၈-ပါး သည် မိမိတို့ဆိုင်ရာ၌ ကြီးမှူးအစိုးရခြင်း အနက်သာဘောကြောင့် ဣန္ဒြိယရုပ် • အစိုးရသောရုပ် (ဝါ) အစိုးတရရုပ်မည်ပါသည်။*

*ထိုရုပ်၈-ပါးမှအပဖြစ်သော ကြွင်းသောရုပ် ၂၀-ပါးတို့သည် အနိန္ဒြိယရုပ်-အစိုးမရသောရုပ်များ မည်ပါသည်။*

**၁၄။"စေတနာမှန်က အလုပ်ကိစ္စဟန်ကျမည်" ဟု အဆိုရှိလေရာ ယင်း စေတနာ၏ သဘောတရား၊ အမှတ်အသား၊ လုပ်ငန်းတို့ကိုအသီးသီး တင်ပြပါ။** *(၁၉၈၈၊ စမန ၃၄၁)*

**အဖြေ** - စေတနာသည် မိမိနှင့်တကွ မိမိယှဉ်ဖက်သမ္ပယုတ်တရားဖြစ်ကြသော *စိတ်စေတသိက်တို့ကို အာရုံ၌ ဆက်စပ်, စေ့ဆော်, တိုက်တွန်းပေးတတ်သော သဘောတရားဖြစ်၏။*

*စေတနာသည် သမ္ပယုတ်တရားတို့ကို စေ့ဆော်တိုက်တွန်းခြင်းလက္ခဏာ အမှတ်အသားရှိ၏။ စီမံတတ်သောတရားဟု ဉာဏ်အားရှေးရှုထင်၏။ အဘယ်ကဲ့ သို့နည်းဟူမူ မိမိကိုယ်တိုင်ကြောင့်ကြပြု၍ မိမိ၏ကိစ္စ, သူတစ်ပါးတို့၏ကိစ္စတို့ကို ပြီးစီးစေသော တပည့်ကြီး၊ လက်သမားဆရာကြီးကဲ့သို့တည်း။*

*စေတနာ၏လုပ်ငန်းကိစ္စမှာ သမ္ပယုတ်တရားတို့ကို မိမိတို့၏လုပ်ငန်းကိစ္စများ၌ ဖရိုဖရဲမကွဲပြားအောင် စုရုံးစေ့စပ်ခြင်း, အားထုတ်ခြင်း, ကြောင့်ကြပြုခြင်းတို့ဖြစ်၏။*

**၁၅။ ဥပါဒါနက္ခန္ဓာတို့တွင် တံယျှပ်နှင့်တူသောခန္ဓာ၊ ငှက်ပျောတုံးနှင့် တူသောခန္ဓာ တို့ကို ရှင်းလင်းချက်နှင့်တကွ ဖြေဆိုခဲ့ပါ။** *(၁၉၈၈၊ စမန ၃၄၃)*

**အဖြေ** - *ဥပါဒါနက္ခန္ဓာတို့တွင် တံလျှပ်နှင့်တူသောခန္ဓာမှာ သညုပါဒါနက္ခန္ဓာ ဖြစ်ပါသည်။ အကြောင်းမှာ သညာသည် အမှားမှားအယွင်းယွင်းကို ပြောစေတတ် သောကြောင့်တည်း။*

*ငှက်ပျောတုံးနှင့်တူသောခန္ဓာမှာ သင်္ခါရုပါဒါနက္ခန္ဓာဖြစ်ပါသည်။ အကြောင်းမှာ သင်္ခါရတို့သည် ငှက်ပျောတုံးကဲ့သို့ အနှစ်မဲ့သောကြောင့်ဖြစ်ပါသည်။*

**၁၆။ ဆုတောင်းခြင်းနှင့်ဆန္ဒပြုခြင်း တူ-မတူ သိသာရအောင် ဆန္ဒ၏အမှတ် အသား၊ လုပ်ငန်း၊ ဥပမာတို့ကိုဖြေဆိုခဲ့ပါ။** *(၁၉၈၉၊ စမန ၃၄၉)*

**အဖြေ** - *ဆန္ဒသည် ပြုရန်အလိုရှိသည့်အဖြစ်-ပြုလိုခြင်းသဘောဖြစ်၏။ ထို့ ကြောင့်ဆန္ဒ၏အမှတ်အသားမှာ ပြုလိုခြင်းလက္ခဏာဖြစ်၏။ အာရုံကိုအလိုရှိ သည့်အဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။*

*ဆန္ဒ၏လုပ်ငန်းမှာ အာရုံကိုရှာခြင်းကိစ္စဖြစ်၏၊*

*ဥပမာမှာ စိတ်၏အာရုံကိုယူရာ၌ ဆန္ဒသည် လက်ဆန့်ခြင်းနှင့်တူ၏။*

*ထို့ကြောင့် ဆန္ဒပြုခြင်းသည် ပြုလိုကာမျှ, အာရုံကို ရယူလိုကာမျှသာဖြစ်၍ တဏှာ၏လိုချင်မက်မော ငြိကပ်တွယ်တာမှုသဘော မပါချေ။ သို့ဖြစ်၍ မင်္ဂဖိုလ် နိဗ္ဗာန်ကို မျက်မှောင်ပြုလို၏စသည့် တဏှာမပါသော ဆုတောင်းခြင်းသည် ဆန္ဒပြုခြင်းနှင့် တူနိုင်သော်လည်း လူ့စည်းစိမ်ချမ်းသာ, နတ်စည်းစိမ်ချမ်းသာကို ရလို၏ဟု တဏှာဖြင့် ဆုတောင်းခြင်းကား ဆန္ဒပြုခြင်းနှင့် မတူပါ။*

**၁၇။ လူတို့၏စက္ခု, သောတပသာဒစသည်တို့ အချင်းချင်းမတူ ထူးခြားကွဲပြားခြင်း၊ ယင်းပသာဒတို့၏ ဖြစ်ခြင်းအကြောင်းများကို တင်ပြ၍ (က) နေဝကမ္မဇ နာကမ္မဇရုပ် (ခ) နေဝစိတ္တဇ နာစိတ္တဇရုပ်များကိုညွှန်ပြပါ။**(*၁၉၉၀၊ စမန ၃၁၆*)

**အဖြေ** - အဆင်းကို မြင်လိုသည့် တဏှာလျှင်အကြောင်းရှိသော ကံကြောင့်ဖြစ်သည့် ဘူတရုပ်တို့၏ အဆင်းထင်ထိုက်ရန် ကြည်လင်ခြင်းနှင့် စက္ခုပသာဒဖြစ်ခြင်းတို့ ဖြစ်လာကြ၏။

အသံကိုကြားလိုသည့် တဏှာလျှင်အကြောင်းရှိသော ကံကြောင့်ဖြစ်သည့် ဘူတရုပ်တို့၏ အသံထင်ထိုက်ရန် ကြည်လင်ခြင်းနှင့် သောတပသာဒဖြစ်ပေါ်ခြင်းတို့ ဖြစ်လာကြ၏။

ဤသည်ကား လူတို့၏ စက္ခု, သောတပသာဒ စသည်တို့ အချင်းချင်း ထူးခြားကွဲပြားခြင်း၊ ယင်းပသာဒတို့၏ဖြစ်ခြင်းအကြောင်းများပေတည်း။

(က) နေဝကမ္မဇ နာကမ္မဇရုပ်သည် တစ်စုံတစ်ခုသောအကြောင်းကြောင့် မဖြစ်သော လက္ခဏာရုပ် ၄ ပါးပင် ဖြစ်၏။

(ခ) နေဝစိတ္တဇ နာစိတ္တဇရုပ်သည်လည်း တစ်စုံတစ်ခုသောအကြောင်းကြောင့် မဖြစ်သည့် လက္ခဏာရုပ် ၄ ပါးပင် ဖြစ်၏။

**၁၈။ (က) ယေဝါပနသင်္ခါရ (ခ) အနိယတသင်္ခါရတို့ကို အစဉ်ကျကျထုတ်ပြ၍ အနိယတသင်္ခါရတို့၏ အနိယတမည်ရခြင်းအကြောင်းကို ဖော်ပြပါ။**

(*၁၉၉၀၊ စမန ၃၄၀၊ ၃၄၁*)

**အဖြေ** - (က) ဆန္ဒ၊ အဓိမောက္ခ၊ မနသိကာရ၊ တတြမဇ္ဈတ္တတာ၊ ဥဒ္ဓစ္စတို့သည် ယေဝါပနသင်္ခါရမည်ပါသည်။

(ခ) မာန၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ ဝိရတိ ၃-ပါး၊ အပ္ပမညာ ၂-ပါး တို့သည် အနိယတသင်္ခါရမည်ပါသည်။ ဝိရတိ ၃-ပါးမှာ ကာယဒုစ္စရိတဝိရတိ၊ ဝစီဒုစ္စရိတဝိရတိ၊ မိစ္ဆာဇီဝဝိရတိတို့ဖြစ်ပါသည်။ အပ္ပမညာ ၂-ပါးမှာ

*ကရဏာနှင့်မုဒိတာဖြစ်ပါသည်။*

*အနိယတသဒ်ါရတို့၏ အနိယတမည်ရခြင်းအကြောင်းမှာ အနိယတသဒ်ါရတို့သည် မိမိတို့ယှဉ်သင့်သောစိတ်များ၌ အမြဲမယှဉ်ဘဲ ယှဉ်သင့်သည့်အခါ၌သာယှဉ်ကြသောကြောင့် ဖြစ်၏။ ထိုသို့ တစ်ခါတစ်ရံသာယှဉ်ရာ၌လည်း တစ်ပေါင်းတည်းမယှဉ်ဘဲ တစ်ပါးချင်းသာယှဉ်၏။*

**၁၉။ ရုပ်ဟူသမျှ (က) အတိတ်ရုပ် (ခ) အနာဂတ်ရုပ် (ဂ) ပစ္စုပ္ပန်ရုပ်ဟု ကွဲပြားလေရာ ယင်းသို့ကွဲပြားရခြင်းကို ခဏ၏အစွမ်းဖြင့် နည်း(၃) နည်းဖြင့် စနစ်တကျခွဲခြားပြပါ။** *(၁၉၉၀၊ စမန ၃၅၉)*

**အဖြေ** - *(၁)ရုပ်တစ်ခု၏ဖြစ်ဆဲဥပါဒ်ခဏ, တည်ဆဲဌီခဏ, ပျက်ဆဲဘင်ခဏဟူသော ဥပါဒ်,ဌီ, ဘင် ခဏသုံးပါး၌ အတွင်းဝင်သောရုပ်သည် ပစ္စုပ္ပန်ရုပ်မည်၏။*
*ထိုခဏသုံးပါးသို့ မရောက်သေးသောရုပ်သည် အနာဂတ်ရုပ်မည်၏။*
*ထိုခဏသုံးပါးကို လွန်ပြီးသောရုပ်သည် အတိတ်ရုပ်မည်၏။*

*(၂) တစ်နည်းအားဖြင့် ဖြစ်စေတတ်သည့်ဟေတုအကြောင်းကိစ္စ (ဟေတုကိစ္စ) ၊ ထောက်ပံ့တတ်သည့် ပစ္စယအကြောင်းကိစ္စ (ပစ္စယကိစ္စ)တို့ကို လွန်ခဲ့ပြီးသောရုပ်သည် အတိတ်ရုပ်မည်၏။*
*ဟေတုကိစ္စပြီးစီး၍ ပစ္စယကိစ္စမပြီးသေးသောရုပ်သည် ပစ္စုပ္ပန်ရုပ်မည်၏။*
*ယင်းကိစ္စနှစ်ပါးလုံးသို့ မရောက်သေးသောရုပ်သည် အနာဂတ်ရုပ်မည်၏။*

*(၃) တစ်နည်းအားဖြင့် မိမိကိစ္စကိုပြုဆဲခဏ၌ဖြစ်သောရုပ်သည် ပစ္စုပ္ပန်ရုပ်မည်၏။*
*မိမိကိစ္စကိုပြုပြီး၍ ချုပ်ပြီးသောရုပ်သည် အတိတ်ရုပ်မည်၏။*
*မိမိကိစ္စကို မပြုရသေးသောရုပ်သည် အနာဂတ်ရုပ်မည်၏။*

**၂၀။ ပြုရန်မလွယ်ကူသောအမှုကိစ္စကို မြတ်စွာဘုရားပြုတော်မူသည်ဟူ၍ အရှင်နာဂသေနမိန့်ဆိုရာ၌ အဘယ်အမှုကိစ္စဖြစ်သည်ကို ဖော်ပြပါ။**

*(၁၉၉၁၊ စမန ၂၉၅၊ ၂၉၆)*

**အဖြေ** - *"မြတ်သောမင်းကြီး၊ အာရုံတစ်ခုတည်း၌ဖြစ်ကြသော ရုပ်သဘောအထည်ဒြပ်မရှိကြသော စိတ်စေတသိက်တို့၏ကွဲပြားကြခြင်းကို ဤကားဖဿတည်း၊ ဤကားဝေဒနာတည်း၊ ဤကားစေတနာတည်း၊ ဤကားစိတ်တည်းဟူ၍ မြတ်စွာဘုရားဟောကြားတော်မူခဲ့ပေ၏။ ဤသို့ခဲယဉ်းလှစွာသောအမှုကို မြတ်စွာဘုရားပြုတော်မူခဲ့ပေ၏" ဟု အရှင်နာဂသေနသည် မိလိန္ဒမင်းကို မိန့်ဆိုခဲ့ပေ၏။*

**၂၁။ အတ္ထပဋိသမ္ဘိဒါနှင့် ဓမ္မပဋိသမ္ဘိဒါတို့သည် မည်သည့်အတ္ထနှင့် ဓမ္မတို့ကို ခွဲခြားသည်ကို ပြည့်စုံစွာဖော်ပြပါ။** (၁၉၉၁၊ စမန ၂၉၉)

**အဖြေ - အတ္ထပဋိသမ္ဘိဒါ၌ "အတ္ထ"သည် အကျဉ်းအားဖြင့် အကြောင်း၏အကျိုး** ဖြစ်သော တရားတည်း။ အကျယ်အားဖြင့်မူ-

(၁) အကြောင်းတရားကြောင့်ဖြစ်သောအကျိုးတရား၊ (၂) နိဗ္ဗာန်၊

*(၃) ဟောဆိုသောပါဠိ၏အနက်၊ (၄) ဝိပါက်*

*(၅) ကိရိယာဟူသောတရားငါးပါးသည် အတ္ထမည်၏။*

*ထိုအတ္ထ-အကျိုးကိုဆင်ခြင်၍ ထိုအတ္ထ-အကျိုး၌ အထူးထူးအပြားပြား ခွဲခြား၍ သိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ်မည်၏။*

**ဓမ္မပဋိသမ္ဘိဒါ၌** *"ဓမ္မ"သည် အကျဉ်းအားဖြင့် အကြောင်းတရား၏ အမည် တည်း။ အကျယ်အားဖြင့်မူ-*

*(၁) အကျိုးကိုဖြစ်စေတတ်သောအကြောင်းတရား (၂) အရိယမဂ်*

*(၃) ဟောဆိုသောပါဠိ၊ (၄) ကုသိုလ်၊ (၅) အကုသိုလ် ဟူသော အကြောင်းတရား ငါးပါးကို ဓမ္မဟုသိအပ်၏။*

*ထိုဓမ္မဟူသောအကြောင်းတရားကို ဆင်ခြင်၍ ထိုဓမ္မ အကြောင်းတရား၌ အထူးထူးအပြားပြားခွဲခြား၍ သိသောဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ်မည်၏။*

**၂၂။ လောကီခန္ဓာ(၅)ပါးတို့ကို မည်သည့်အကြောင်းကြောင့် မည်သည့် အရာဝတ္ထုကဲ့သို့ ရှုရမည်ဆိုသည်ကို ခန္ဓာတစ်ခုစီ တစ်ခုစီခွဲခြားဖြေဆိုပါ။** *(၁၉၉၁၊ စမန ၃၃၃)*

**အဖြေ** - *ရုပ်ဥပါဒါနက္ခန္ဓာကို အနှိပ်အနယ်မခံသောကြောင့် ရေမြှုပ်စိုင်ကဲ့သို့ ရှုမှတ်ရမည်။*

*ဝေဒနာဥပါဒါနက္ခန္ဓာကို တစ်ခဏမျှသာ မွေ့လျော်ဖွယ်ရှိသောကြောင့် ရေပွက် (ရေပူဖောင်း)ကဲ့သို့ရှုမှတ်ရမည်။*

*သညာဥပါဒါနက္ခန္ဓာကို အမှားမှားအယွင်းယွင်းပြောစေတတ်သောကြောင့် တံလျှပ်ကဲ့သို့ ရှုမှတ်ရမည်။*

*သင်္ခါရဥပါဒါနက္ခန္ဓာကို အနှစ်မဲ့သောကြောင့် ငှက်ပျောတုံးကဲ့သို့ ရှုမှတ်ရမည်။*

*ဝိညာဏ်ဥပါဒါနက္ခန္ဓာကို လှည့်စားတတ်သောကြောင့် မျက်လှည့်ကဲ့သို့ ရှုမှတ်ရမည်။*

**၂၃။ အတွင်း (အဇ္ဈတ္တ)ကိုရှုသည်၊ အပြင်(ဗဟိဒ္ဓ)ကိုရှုသည် ဟူသောစကား၏ ဆိုလိုရင်းကိုဖြေဆိုပြီးလျှင် အဘယ်ကို ဝိပဿနာပညာ၏ဘုံနှင့်အခြေ အမြစ် ဟုခေါ်သည်ကိုလည်းဖော်ပြပါ။** (၁၉၉၂၊ စမန ၃၀၁)

**အဖြေ** - *ဝိပဿနာအရာ၌ ပုဂ္ဂိုလ်အသီးသီး၏သန္တာန်အသီးသီး၌ ဖြစ်သော ရုပ်နာမ်ဟူသမျှသည် အဇ္ဈတ္တ-ကိုယ်တွင်းရုပ်နာမ်တရားမည်၏။ အခြားသူတို့၏သန္တာန်အသီးသီး၌ဖြစ်သော ရုပ်နာမ်ဟူသမျှသည် ဗဟိဒ္ဓ ပြင်ပရုပ်နာမ်တရားမည်၏။*

*သို့အတွက် မိမိ၏ကိုယ်တွင်းရုပ်နာမ်များ၏ ခဏမစဲဖြစ်ပျက်နေသည့်ကို အာရုံပြု၍ အနိစ္စ, ဒုက္ခ, အနတ္တတစ်လှည့်စီ ဝိပဿနာရှုခြင်းကို အတွင်း(အဇ္ဈတ္တ)ကို ရှုသည်မည်၏။ သူတစ်ပါးတို့၏ကိုယ်တွင်းရုပ်နမ်များ ဖြစ်ပျက်နေသည်ကိုအာရုံပြု၍ ဝိပဿနာရှုခြင်းကို အပြင်(ဗဟိဒ္ဓ)ကို ရှုသည်မည်၏။*

*ဝိပဿနာပညာ၏ဘုံ( ဘူမိ)ဟူသည်မှာ ခန္ဓာ, အာယတန, ဓာတ်, ဣန္ဒြေ, သစ္စာ, ပဋိစ္စသမုပ္ပါဒ် စသည့်တရားတို့ ဖြစ်ပါသည်။*

*ဝိပဿနာပညာ၏အခြေအမြစ်(မူလ) ဟူသည်မှာ သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိ ဖြစ်ပါသည်။*

**၂၄။ မြင်သိစိတ် (စက္ခုဝိညာဏ်)၏လက္ခဏာကိုလည်း ဖော်ပြပါ။**

*(၁၉၉၃၊ စမန ၃၂၆)*

**အဖြေ** - *မြင်သိစိတ် (စက္ခုဝိညာဏ်)သည် စက္ခုပသာဒခေါ် မျက်စိအကြည်ကိုမှီ၍ အဆင်းရူပါရုံကို မြင်သိခြင်းလက္ခဏာရှိပါသည်။*

**၂၅။ သမာဓိသည် မည်သည့်လုပ်ငန်းကိစ္စပြုသည်ကို ဥပမာနှင့်တကွ ပြဆိုပြီးလျှင် ယောဂီပုဂ္ဂိုလ်ဉာဏ်၌ အဓိမောက္ခသည် မည်သို့မည်ပုံ ဖြစ်ပေါ်လာသည်ကိုလည်း ဖြေဆိုပါ။** *(၁၉၉၃၊ စမန ၃၄၂ ၃၄၉)*

**အဖြေ** - *သမာဓိ(ဧကဂ္ဂတာ)သည် အတူဖြစ်ဖက်စိတ် စေတသိက်တို့ကို ပေါင်းစုစေခြင်းဟူသော လုပ်ငန်းကိစ္စကို ပြုပါသည်။ ဥပမာအားဖြင့် ရေက ဆပ်ပြာမှုန့်တို့ကို ပေါင်းစုလုံးခဲစေသကဲ့သို့ဖြစ်၏။*

*ယောဂီပုဂ္ဂိုလ်၏ဉာဏ်၌ အဓိမောက္ခသည် အာရုံကိုဆုံးဖြတ်သောတရားဟု ရှေးရှုထင်ပေါ်လာပါသည်။ အာရုံကိုဆုံးဖြတ်ရာ၌ လှုပ်ရှားခြင်းကင်းသည်၏ အဖြစ်သည် လေတိုက်၍မတုန်လှုပ်သော တံခါးတိုင်နှင့်တူသည်ဟုထင်ပေါ်လာ၏။*

**၂၆။ သဒ္ဓါစေတသိက်၏ (က)လက် (ခ) ဥစ္စာ (ဂ) မျိုးစေ့နှင့်တူပုံကို ဖြေဆို၍**

*(၁၉၉၄၊ စမန ၃၄၃)*

**အဖြေ** - (က) *သဒ္ဓါသည် ကုသိုလ်တရားတို့ကိုယူခြင်း၌ လက်နှင့်တူပါသည်။*

(ခ) *အလုံးစုံသောစည်းစိမ်ကို ပြီးစီးပြည့်စုံစေခြင်း၌ ဥစ္စာနှင့်တူပါသည်။*

(ဂ) *အမြိုက်နိဗ္ဗာန်ကို သိစေခြင်း၌ မျိုးစေ့နှင့်တူပါသည်။*

**၂၇။ မူလဝိသုဒ္ဓိနှင့် သရီရဝိသုဒ္ဓိတို့ကို အသီးသီးအကြောင်းပြခွဲခြားပြပြီးလျှင် မိမိစိတ်ဆန္ဒအတိုင်း ဝမ်းသာအားရယုံကြည်ချက်အပြည့်ဖြင့်ရွှေတိဂုံ စေတီတော်ဘက်စုံမွမ်းမံပြင်ဆင်ရာ၌ ငွေတစ်သိန်းလှူဒါန်းသော ဗုဒ္ဓဘာသာဝင် သူတော်စင်သန္တာန်၌ ဖြစ်ပေါ်နေသောစိတ်အစဉ်ကိုလည်း တိကျစွာဖော်ပြပါ။** *(၁၉၉၄၊ စမန ၃၀၁၊ ၃၂၁)*

**အဖြေ** - *သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိတို့သည် ဝိပဿနာပညာ၏အခြေအမြစ်(မူလ) ဖြစ်ကြသဖြင့် မူလဝိသုဒ္ဓိမည်ပါသည်။*

*ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိဟူသော ဝိသုဒ္ဓိငါးပါးတို့သည် ပညာ၏ကိုယ်ထည် (သရီရ) ဖြစ်ကြသဖြင့် သရီရဝိသုဒ္ဓိမည်ပါသည်။*

*မိမိ၏စိတ်ဆန္ဒအတိုင်း ဝမ်းသာအားရ ယုံကြည်ချက်အပြည့်ဖြင့် ရွှေတိဂုံစေတီတော်ဘက်စုံမွမ်းမံပြင်ဆင်ရာ၌ ငွေတစ်သိန်းလှူဒါန်းသော ဗုဒ္ဓဘာသာဝင်သူတော်စင်သန္တာန်၌ "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်အစဉ်" ဖြစ်ပေါ်နေပါသည်။*

**၂၈။ (က) ပဿဒ္ဓိစေတသိက်တို့၏ ဆန့်ကျင်ဘက်တရားများကို ဖော်ပြပြီးလျှင် ----** *(၁၉၉၅၊ စမန ၃၄၆)*

**အဖြေ** - (က)*စေတသိက်အပေါင်း(ကာယ)၏ငြိမ်းအေးခြင်းသည် ကာယပဿဒ္ဓိ မည်၏။ စိတ်၏ငြိမ်းအေးခြင်းသည် စိတ္တပဿဒ္ဓိမည်၏။*

*ပဿဒ္ဓိစိတ်စေတသိက်တို့၏ဆန့်ကျင်ဘက်တရားများမှာ ကိုယ်နှင့်စိတ်တို့၏ မငြိမ်သက်ခြင်းကိုပြုတတ်သော ဥဒ္ဓစ္စစသည့်ကိလေသာတရားများဖြစ်ကြ၏။*

**၂၉။ စက္ခုဝိညာဏ်၏လက္ခဏာနှင့်ရသတို့ကို ဖော်ပြပါ။** *(၁၉၉၅၊ စမန ၃၂၆)*

**အဖြေ** - *စက္ခုဝိညာဏ်၏လက္ခဏာသည် မျက်စိအကြည် (စက္ခုပသာဒ)ကိုမှီ၍ အဆင်းရူပါရုံကို မြင်သိခြင်းဖြစ်၏။*

*စက္ခုဝိညာဏ်၏ရသသည် ရူပါရုံအဆင်းမျှကိုသာ အာရုံပြုခြင်းကိစ္စဖြစ်၏။*

**၃၀။ စိတ္တံ ပညဉ္စ ဘာဝယံ၌ဖော်ပြအပ်သော ပညာ၏ဖြစ်ပေါ်လာကြောင်းတရား (ပဒဋ္ဌာန်)ကို ဖြေဆိုပြီးလျှင် ထိုပညာသည် အဘယ်နည်းဖြင့် လေးမျိုး လေးစား ကွဲပြားရသည်ကိုလည်း ဖော်ပြပါ။** *(၁၉၉၆၊ စမန ၂၉၆၊ ၂၉၈)*

**အဖြေ** - စိတ္တံ ပညဉ္စ ဘာဝယံ၌ ဖော်ပြအပ်သော ပညာ၏ဖြစ်ပေါ်လာကြောင်းတရား *(ပဒဋ္ဌာန်)သည် စိတ်တည်ကြည်ခြင်း - သမာဓိဖြစ်ပါသည်။*

*"သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ = စိတ်တည်ကြည်သောသူသည် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိမြင်၏ " ဟု မြတ်စွာဘုရားဟောတော်မူ၏။*

*ထိုပညာသည် သစ္စာလေးပါးကို အာရုံပြု၍ဖြစ်ပေါ်လာသည့်အစွမ်းဖြင့် (၄)မျိုးကွဲပါသည်။*

*(၁) ဒုက္ခဉာဏ် - ဒုက္ခသစ္စာကို အာရုံပြု၍ဖြစ်သောဉာဏ်၊*

*(၂) ဒုက္ခသမုဒယဉာဏ်-ဒုက္ခသမုဒယသစ္စာကို အာရုံပြု၍ဖြစ်သောဉာဏ်၊*

*(၃) ဒုက္ခနိရောဓဉာဏ်- ဒုက္ခနိရောဓသစ္စာကို အာရုံပြု၍ဖြစ်သောဉာဏ်၊*

*(၄) ဒုက္ခနိရောဓဂါမိနီပဋိပဒါဉာဏ်-ဒုက္ခနိရောဓသို့ ဆိုက်ရောက်ကြောင်းဖြစ်သည့် မဂ္ဂသစ္စာကို အာရုံပြု၍ဖြစ်သောဉာဏ်။*

*ပညာသည်ပဋိသမ္ဘိဒါလေးပါးအနေဖြင့်လည်း လေးမျိုးလေးစား ကွဲပြားပါသည်။*

**၃၁။ သစ္စာလေးပါးတို့တွင် အဘယ်သစ္စာကို အဘယ်ပဋိသမ္ဘိဒါဉာဏ်က သိသည်ကိုဖြေဆိုပြီးလျှင် ၊ ဥပါဒါနက္ခန္ဓာတို့ကို အကျဉ်းချုပ်ရှုပုံရှုနည်းကိုလည်း ဆိုင်ရာသုတ္တန်များဖြင့် ခွဲခြားပြပါ။** *(၁၉၉၆၊ စမန ၂၉၉၊ ၃၇၂)*

**အဖြေ** - *သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာနှင့်နိရောဓသစ္စာတို့ကို အတ္ထပဋိသမ္ဘိဒါဉာဏ်ကသိပါသည်။ သမုဒယသစ္စာနှင့် မဂ္ဂသစ္စာတို့ကို ဓမ္မပဋိသမ္ဘိဒါဉာဏ်က သိပါသည်။*

*ဥပါဒါနက္ခန္ဓာတို့ကို အကျဉ်းချုပ်ရှုပုံရှုနည်းမှာ-*

*(၁) အာသီဝိသောပမသုတ်၌ ခုတ်သတ်ရန် ချိန်ရွယ်ထားသည့် သန်လျက်ရှိသောရန်သူအနေအားဖြင့် ရှုအပ်၏။*

*(၂) ဘာရသုတ်၌ လေးလံသောဝန်ထုပ်ဝန်ပိုးအနေအားဖြင့် ရှုအပ်၏။*

*(၃) ခဇ္ဇနီယဒေသနာ၌ စားဝါးတတ်သောဘီလူးအနေအားဖြင့် ရှုအပ်၏။*

*(၄) ယမကသုတ်၌ အနိစ္စ,ဒုက္ခ,အနတ္တ,သင်္ခတ(ပြုပြင်အပ်သည့်)တရား, လူသတ်သမားအဖြစ်ဖြင့် ရှုအပ်၏ ဟု ဟောကြားထားပါသည်။*

**၃၂။ (က)အမျိုးမျိုးအစားစား အပြားအားဖြင့်သိခြင်း(ပဇာနန) အနက်ကြောင့် ပညာဟုခေါ်ဆိုရာ၌ ထိုပဇာနနဟူသည် အဘယ်နည်း။**

**(ခ) ဤကား ပညာ၊ ဤကားသညာ၊ ဤကားဝိညာဏ်ဟု ခွဲခြားသိရန် အဘယ်အခါမှာ ခက်ခဲပါသနည်း။ဖြေဆိုပါ။** *(၁၉၉၇၊ စမန ၂၉၄၊ ၂၉၅)*

**အဖြေ** - *(က)အမျိုးမျိုးအစားစား အပြားအားဖြင့်သိခြင်း(ပဇာနန) အနက်ကြောင့် ပညာဟုခေါ်ဆိုရာ၌ ထိုပဇာနနသည် သညာ၏သဉ္ဇာနန-အမှတ်ပြု၍သိခြင်းနှင့် ဝိညာဏ်၏ဝိဇာနန-အထူးသိခြင်းတို့ထက် လွန်ကဲထူးမြတ်သော အထူးထူး*

*အပြားပြားအားဖြင့် သိခြင်းဖြစ်၏။ ထပ်၍ရှင်းပြရသော်-*

*သညာသည် "အညို, အရွှေ, အရှည်, အတို" စသည်ဖြင့် အာရုံကို မှတ်သိရုံမျှသာသိ၏။ "အနိစ္စ, ဒုက္ခ, အနတ္တ" ဟု လက္ခဏာသုံးပါးကို ထိုးထွင်း၍ မသိနိုင်ချေ။*

*ဝိညာဏ်သည် "အညို, အရွှေ, အရှည်,အတို" စသည်ဖြင့် အာရုံကိုလည်းသိ၏။ "အနိစ္စ, ဒုက္ခ, အနတ္တ" ဟု လက္ခဏာသုံးပါးကို ထိုးထွင်း၍သိရန်လည်း စွမ်းနိုင်၏။ သို့သော် ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်တက်၍ အရိယာမဂ်ဖြစ်ပေါ်ခြင်းသို့ ရောက်စေရန်ကား မစွမ်းနိုင်ပေ။*

*ပညာသည်ကား "အညို, အရွှေ, အရှည်,အတို" စသည်ဖြင့် အာရုံကိုလည်းသိ၏။ "အနိစ္စ, ဒုက္ခ, အနတ္တ" ဟု လက္ခဏာသုံးပါးကို ထိုးထွင်း၍သိရန်လည်း စွမ်းနိုင်၏။ ဝိပဿနာဉာဏ်စဉ်အဆင့်ဆင့်တက်၍ အရိယာမဂ်ဖြစ်ပေါ်ခြင်းသို့ ရောက်စေရန်လည်း စွမ်းနိုင်၏။*

*(ခ) ပညာပါရှိသောစိတ္တုပါဒ်တိုင်း၌ သညာ, ဝိညာဏ်တို့လည်းပါရှိကြ၏။ ထိုသညာ, ဝိညာဏ်တို့မှ ထိုပညာကို ခွဲခြားသိရန် ပညာဖြင့်ဆင်ခြင်သော အခါ ခက်ခဲ၏။ " ဤကားသညာ၊ ဤကားဝိညာဏ်၊ ဤကားပညာ" ဟု အသီးအခြားခွဲခြမ်း၍ သိရန်ခက်ခဲ၏။ အဘယ့်ကြောင့်ဆိုသော် စိတ္တုပ္ပါဒ်နှင့် စိတ်,စေတသိက်တို့သည် အလွန်သိမ်မွေ့၍ မြင်နိုင်ခဲသောကြောင့်တည်း။ မြတ်စွာဘုရားသာ ထိုခက်ခဲသောအမှုကို ပြုနိုင်၏။*

**၃၃။ ပဋိသမ္ဘိဒါလေးပါးတို့သည် အဘယ်မည်သောဘုံအဆင့်နှစ်မျိုးတို့၌ ထူးခြားကွဲပြားစွာ သိနိုင်သောအခြေအနေသို့ရောက်သည်ကို ဖြေဆိုပြီးလျှင် အဘယ်သည် အညံ့စားရုပ်၊ အဘယ်သည်အမြတ်စားရုပ်ခေါ်သည်ကိုလည်း မုချပရိယာယ်နှစ်သွယ်ဖြင့် ခွဲခြားဖော်ပြပါ။** *(၁၉၉၇၊ စမန ၃၀၀၊ ၃၆၀)*

**အဖြေ** - ပဋိသမ္ဘိဒါလေးပါးတို့သည် သေက္ခဘုံအဆင့်, အသေက္ခဘုံအဆင့်ဟူသော ဌာနနှစ်ပါးတို့၌ အထူးအပြားကိုသိခြင်းသို့ ရောက်ကုန်၏။

အဂ္ဂသာဝက, မဟာသာဝကတို့အား အသေက္ခဘုံ (ရဟန္တာအဖြစ်)၌ အထူးအပြားကိုသိခြင်းသို့ရောက်၏။ အရှင်အာနန္ဒာ, စိတ္တသူကြွယ်, ဓမ္မိကဥပါသကာ, *ဥပါလိသူကြွယ်, ခုဇ္ဇုတ္တရာဥပါသိကာမ စသည်တို့အား သေက္ခဘုံ (သေက္ခပုဂ္ဂိုလ်အဖြစ်)၌ အထူးအပြားကို သိခြင်းသို့ရောက်၏။*

*အညံ့စားရုပ် (ဟီနရုပ်)နှင့် အမြတ်စားရုပ် (ပဏီတရုပ်)ဟူ၍ ခွဲခြားပုံမှာ မုချအားဖြင့် အကုသလဝိပါက်စိတ်အာရုံပြုလျက်ဖြစ်သောရုပ်သည် အညံ့စား ရုပ်ဖြစ်၏။*

*ကုသလဝိပါက်စိတ်အာရုံပြုလျက်ဖြစ်သောရုပ်သည် အမြတ်စားရုပ်ဖြစ်သည်။*

*ပရိယာယ်အားဖြင့်မူ အကနိဋ္ဌဗြဟ္မာတို့၏ရုပ်နှင့်နှိုင်းစာလျှင် သုဒဿီဗြဟ္မာတို့၏ရုပ်သည်ယုတ်ညံ့၏။ ထိုသုဒဿီဗြဟ္မာတို့၏ရုပ်သည်ပင်လျှင်သုဒဿာဗြဟ္မာတို့၏ရုပ်နှင့်နှိုင်းစာလျှင် အမြတ်စားရုပ်ဖြစ်၏။ ဤနည်းဖြင့် ငရဲသတ္တဝါတို့၏ရုပ်တိုင်အောင် ပရိယာယ်အားဖြင့် အညံ့စားရုပ်, အမြတ်စားရုပ်တို့ကို သိအပ်၏။*

**၃၄။ ရုပ်ဇီဝိတိန္ဒြေက အတူတကွဖြစ်ဖက်ရုပ်တို့ကို စောင့်ရှောက်ခြင်းသည် ရေကကြာကိုစောင့်ရှောက်ပုံနှင့်တူသည်ဟုဆိုရာ၌ အဘယ်သို့တူသည်ကို ဖြေဆိုပြီးလျှင် အဇ္ဈတ္တိကရုပ်ဟုခေါ်ဆိုရခြင်း၏အကြောင်းကိုဖော်ပြပါ။**

*( ၁၉၉၈၊ စမန ၃၀၇၊ ၃၁၄)*

**အဖြေ** - *ရုပ်ဇီဝိတိန္ဒြေခေါ် ဇီဝိတရုပ်သည် အတူတကွဖြစ်ဖက်ကမ္မဇရုပ်တို့ကို စောင့်ရှောက်ရာ၌ ထိုကမ္မဇရုပ်တို့၏ ရှိဆဲခဏ၌သာလျှင် ထိုကမ္မဇရုပ်တို့ကို စောင့်ရှောက်တတ်၏။ ဥပမာအားဖြင့် ရေသည် ကြာကို စောင့်ရှောက်ရာ၌ ကြာရှိဆဲအခိုက်သာလျှင် ကြာကို ရေကစောင့်ရှောက်သည်နှင့်တူ၏။*

*ပသာဒရုပ်၅-ပါးသည် အတ္တဘောကိုစွဲမှီ၍ဖြစ်သောကြောင့် အဇ္ဈတ္တိကရုပ် (ကိုယ်တွင်းရုပ်)ဟုခေါ်ပါသည်။*

**၃၅။သသင်္ခါရိကစိတ်ဟုဆိုရာ၌အဘယ်ကိုသင်္ခါရဟုဆိုသည်ကိုဖော်ပြပြီးလျှင် မနောဓာတ်၏နီးကပ်သောအကြောင်း (ပဒဋ္ဌာန်)ကို ဖော်ပြပါ။**

*(၁၉၉၈၊ စမန ၃၂၀၊ ၃၂၉)*

**အဖြေ** - *သသင်္ခါရိကစိတ်ဟုဆိုရာ၌ ဆုတ်နစ်လျော့လျည်းလျက် မိမိ သို့မဟုတ် သူတစ်ပါးက တိုက်တွန်း၍ဖြစ်သော စေတနာမထက်သည့်စိတ်ကို ဆိုလို၏။*

*"သင်္ခါရ" ဟူသည်မှာ မိမိကိုယ်တိုင်ဖြစ်စေ သူတစ်ပါးတို့ကဖြစ်စေ ရှေးအဖို့က တိုက်တွန်းမှုဟူသော ပုဗ္ဗပယောဂ၏အမည်ပေတည်း။*

*မနောဓာတ်ခေါ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်၏နီးကပ်သောအကြောင်း (ပဒဋ္ဌာန်)မှာ ဘဝင်စိတ်အစဉ်ပြတ်စဲခြင်းဖြစ်၏။*

**၃၆။ "ယံကိဉ္စိရူပံ၊ အတီတာနာဂတပစ္စုပ္ပန္နံ" ၌အချိန်ကာလ(အဒ္ဓါ)အနေအားဖြင့်အတိတ်, အနာဂတ်, ပစ္စုပ္ပန်ခွဲခြားပြပြီးလျှင် ခန္ဓာငါးပါးတို့၌ ဖြစ်ပုံအစဉ်နှင့် ပယ်ပုံအစဉ်ကိုလည်း ဖော်ပြပါ။** *(၁၉၉၈၊ စမန ၃၅၈၊ ၃၆၆)*

**အဖြေ** - *ပုဂ္ဂိုလ်တစ်ဦးအား ဘဝတစ်ခု၌ဖြစ်သောရုပ်တို့တွင်*

*(၁) ပဋိသန္ဓေမှရှေး၌ဖြစ်ခဲ့သောရုပ်များသည် အတိတ်ရုပ်မည်၏။*

*(၂) စုတိမှနောက်၌ ဖြစ်ကြမည့်ရုပ်များသည် အနာဂတ်ရုပ်မည်၏။*

*(၃) ပဋိသန္ဓေနှင့် စုတိအကြား၌ ဖြစ်ကြသောရုပ်များသည် ပစ္စုပ္ပန်ရုပ်မည်၏။*

*ခန္ဓာငါးပါးတို့၌ ဖြစ်ပုံအစဉ်မှာ "ရှေးဦးစွာ ကလလခေါ် ရေကြည်ဖြစ်၏။ ထို့နောက် အဗ္ဗုဒခေါ် အမြှုပ်ဖြစ်၏" စသည်ဖြင့် သန္ဓေသားကလေး ဖြစ်ပုံအစဉ် ဖြစ်၏။*

*ခန္ဓာငါးပါးတို့၌ ပယ်ပုံအစဉ်မှာ "ဒဿနမည်သည့်သောတာပတ္တိမဂ်ဉာဏ်ဖြင့် ပယ်အပ်သောတရားများ၊ ဘာဝနာမည်သော အထက်မဂ်ဉာဏ်သုံးပါးဖြင့် ပယ်အပ်သောတရားများ" စသည်ဖြင့် ပြဆိုသော ကိလေသာပယ်သည့်အစဉ် ဖြစ်၏။*

**၃၇။ သစ္စာလေးပါးတို့တွင် အဘယ်သစ္စာကို အဘယ်ပဋိသမ္ဘိဒါဉာဏ်က သိသည်ကို ဖော်ပြပြီးလျှင် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် အဘယ်ကို သိသော ဉာဏ်ဖြစ်ပါသနည်း။ ဖြေဆိုပါ။** *(၁၉၉၉၊ စမန ၂၉၉၊ ၃၀၀)*

**အဖြေ** - သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာနှင့် နိရောဓသစ္စာတို့ကို အတ္ထပဋိသမ္ဘိဒါဉာဏ်က သိပါသည်။ သမုဒယသစ္စာနှင့် မဂ္ဂသစ္စာတို့ကို ဓမ္မပဋိသမ္ဘိဒါဉာဏ်က သိပါသည်။

ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် အကျိုးကိုသိသော အတ္ထပဋိသမ္ဘိဒါဉာဏ်, အကြောင်းကိုသိသော ဓမ္မပဋိသမ္ဘိဒါဉာဏ်, သဒ္ဒါကိုသိသော နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တို့ကို ဆင်ခြင်သောဉာဏ်ဖြစ်၏။ တစ်နည်းအားဖြင့် ပဋိဘာနပဋိသမ္ဘိဒါဉာဏ်သည် ဆိုခဲ့သော ပဋိသမ္ဘိဒါဉာဏ်သုံးပါးတို့၌ ကျက်စားရာ အာရုံတို့နှင့်တကွ ကိစ္စစသည်၏ အစွမ်းဖြင့် အကျယ်ဝိတ္ထာရကို သိသောဉာဏ်ဖြစ်ပါသည်။

**၃၈။ ဝိညတ်ရုပ်နှစ်ပါးတွင် အဘယ်ရုပ်သည် (က) အဘယ်ဓာတ်၏ အမူအရာထူးဖြစ်သည် (ခ) အဘယ်၏အကြောင်းပစ္စည်းဖြစ်သည်ကို ခွဲခြားပြပါ။** (၁၉၉၉၊ စမန ၃၀၈၊ ၃၀၉)

**အဖြေ** - ကာယဝိညတ်သည် (က) ကိုယ်ကိုလှုပ်ရှားစေသည့် စိတ္တဇဝါယောဓာတ်၏ အမူအရာထူးဖြစ်၏။ (ခ) စိတ္တဇဝါယောဓာတ်သည် အတူဖြစ်ဖက် ရုပ်အပေါင်းကိုယ်ကို တောင့်တင်းစေခြင်း, ကောင်းစွာတည်စေခြင်း, လှုပ်ရှားစေခြင်းအားဖြင့် ကျေးဇူးပြုသဖြင့် ကိုယ်လှုပ်ရှားမှု၏ အကြောင်းပစ္စည်းဖြစ်ပါသည်။

ဝစီဝိညတ်သည် (က) နှုတ်မြွက်ပြောဆိုခြင်းကို ဖြစ်စေတတ်သော စိတ္တဇ ပထဝီဓာတ်၏ အမူအရာထူးဖြစ်၏။ (ခ) စိတ္တဇပထဝီဓာတ်၏ ကမ္မဇပထဝီဓာတ်ကို ထိတိုက်မှုအား ကျေးဇူးပြုသဖြင့် နှုတ်မြွက်ပြောဆိုသံ၏ အကြောင်းပစ္စည်းဖြစ်ပါသည်။

**၃၉။ ရဟန္တမဖြစ်မီကပင် ပဋိသမ္ဘိဒါဉာဏ်ရရှိသော အမျိုးသမီးနာမည်ကို ဖော်ပြပါ။** (၂၀၀၀၊ စမန၃၀၀)

**အဖြေ** - *ရဟန္တာမဖြစ်မီကပင် ပဋိသမ္ဘိဒါဉာဏ်ရရှိသောအမျိုးသမီးနာမည်မှာ ခုဇ္ဇုတ္တရာဥပါသိကာမ ဖြစ်ပါသည်။*

**၄၀။ ပဋိသမ္ဘိဒါဉာဏ်ထက်မြက်သန့်ရှင်းအောင် ရှေးဘဝက မည်သည့်ကောင်းမှုကို မည်မျှအတိုင်းအတာအထိ အားထုတ်ရမည်ကို ဖော်ပြပြီးလျှင် "ဗလရုပ်"ကို အဘယ်၌ထည့်သွင်းရမည်ကိုလည်းဖော်ပြပါ။**

(၂၀၀၀၊ စမန ၃၀၀၊ ၃၁၃)

**အဖြေ** - *ပဋိသမ္ဘိဒါဉာဏ်ထက်မြက်သန့်ရှင်းအောင် ရှေးဘဝ၌ အောက်ပါကောင်းမှုတို့ကို အားထုတ်ခဲ့ရပါသည်။*

*(၁) ပရိယတ္တိ - မြတ်စွာဘုရားတရားတော်ကို သင်ယူဖူးခြင်း၊*

*(၂) သဝန - သူတော်ကောင်းတရားကို စီးပွားကဲ့သို့နှလုံးသွင်း၍ရိုသေစွာနာကြားခြင်း၊*

*(၃) ပရိပုစ္ဆာ - ပါဠိ၊အဋ္ဌကထာစသည်တို့၌ အနက်အဓိပ္ပါယ်အသိခက်သည့်ပုဒ်တို့၏အဆုံးအဖြတ်ကို အဖန်ဖန်မေးမြန်းခြင်း၊*

*(၄) ပုဗ္ဗယောဂ - ရှေးရှေးဘုရားရှင်တို့၏သာသနာ၌ ဂတပစ္စာဂတ (ဆွမ်းခံအသွားအပြန်ကမ္မဋ္ဌာန်းအားထုတ်ခြင်း) ကျင့်ဝတ်ရှိ၍ ဝိပဿနာကို ဂေါတြဘူအနီး အနုလောမဉာဏ်တိုင်အောင် အားထုတ်ဖူးခြင်းတို့ ဖြစ်ပါသည်။*

*(ခ) "ဗလရုပ်"ခေါ် ခွန်အားရုပ်ကို ဝါယောဓာတ်၌ ထည့်သွင်းရပါမည်။*

**၄၁။ (က)ဝတ္ထုသာမည်၍ ဒွါရမမည်သောရုပ်၊ (ခ)ဒွါရသာမည်၍ ဝတ္ထု မမည်သောရုပ်၊ (ဂ)ဝတ္ထုလည်းမည် ဒွါရလည်းမည်သောရုပ်၊ (ဃ)နှစ်မျိုးစလုံးမမည်သောရုပ်တို့ကို ဖော်ပြပါ။** (၂၀၀၀၊ စမန ၃၁၄)

**အဖြေ** - *(က)ဝတ္ထုသာမည်၍ ဒွါရမမည်သောရုပ်မှာ ဟဒယဝတ္ထုရုပ်ဖြစ်၏။*

*(ခ) ဒွါရသာမည်၍ ဝတ္ထုမမည်သောရုပ်တို့မှာ ကာယဝိညတ်ရုပ်နှင့် ဝစီဝိညတ်ရုပ်တို့ဖြစ်ပါသည်။*

*(ဂ) ဝတ္ထုလည်းမည်၊ ဒွါရလည်းမည်သောရုပ်တို့မှာ စက္ခုပသာဒ၊ သောတပသာဒ၊ဃာနပသာဒ၊ဇိဝှာပသာဒ၊ ကာယပသာဒတို့ ဖြစ်ပါသည်။*

*(ဃ)နှစ်မျိုးစုံမမည်သောရုပ်တို့မှာ ကြွင်းသောရုပ် (၂၀)တို့ဖြစ်ပါသည်။*

**၄၂။ ဃာနပသာဒ၏တည်နေရာကိုဖော်ပြပါ။** (၂၀၀၀၊ စမန ၃၀၅)
**အဖြေ** - *ဃာနပသာဒခေါ် နှာခေါင်းအကြည်ရုပ်သည် သသမ္ဘာရဃာနမည်သော နှာခေါင်းပေါက်အတွင်း၌ ဆိတ်ခွာသဏ္ဌာန်ရှိသည့်အရပ်၌ တည်ရှိပါသည်။*

**၄၃။ "မဟာရာဇ၊ ဘုန်းတော်ကြီးသောမြတ်စွာဘုရားသည် ခက်ခဲသော အမှုကို ပြုတော်မူ၏" ဟူသော အရှင်နာဂသေန မိန့်ခွန်းစကား၌ အဘယ်ကို ခက်ခဲသောအမှုဟု ဆိုပါသနည်း။ဖြေဆိုပါ။** (၂၀၀၀၊ စမန ၂၉၅၊ ၂၉၆)
**အဖြေ** - *နံပါတ် ၁၉ အဖြေနှင့်တူပါသည်၊*

**၄၄။ ကာယဝိညတ်၊ ဝစီဝိညတ်ရုပ်တို့ကို အဘယ်အမှတ်အသားဖြင့် သိရသည်ကို ဥပမာနှင့်တကွ ဖော်ပြပြီးလျှင် အာစယ, ဥပစယ, သန္တတိရုပ်တို့၏ သဘောကိုလည်း ဥပမာပြဖြေဆိုပါ။** (၂၀၀၁၊ စမန၃၀၈၊ ၃၀၉၊ ၃၁၁)
**အဖြေ** - *ရှေ့သို့သွားခြင်း စသည်တို့ကိုဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ် ၏ အတူဖြစ်ဖက် ရုပ်အပေါင်းကိုယ်ကို တောင့်တင်းစေခြင်း, ကောင်းစွာတည်စေခြင်း, လှုပ်ရှားစေခြင်းအားဖြင့် ကျေးဇူးပြုသော (ဝါ) ကိုယ်လှုပ်ရှားခြင်းတို့၏ အကြောင်းအထောက်အပံ့ဖြစ်သော ကိုယ်အမူအရာ အထူးသည် ကာယဝိညတ်ရုပ်ကို သိရသည့်အမှတ်အသားဖြစ်၏။*

*နှုတ်ဖြင့်ပြောဆိုခြင်းကိုဖြစ်စေတတ်သော စိတ္တဇပထဝီဓာတ်၏ ကမ္မဇ ပထဝီဓာတ်ကိုထိတိုက်မှုအားကျေးဇူးပြုသော နှုတ်မြွက်ပြောဆိုသံဖြစ်ပေါ်စေသည့် နှုတ်အမူအရာအထူးသည် ဝစီဝိညတ်ရုပ်ကို သိရသော အမှတ်အသားဖြစ်ပါသည်။*

*ဥပမာပြရလျှင်တောထဲ၌စိုက်ထူဖွဲ့ချည်ထားသော နွားခေါင်းရိုးစသည့် ရေကြောင်းပြနိမိတ်ကိုမြင်၍ ဤအရပ်၌ ရေရှိသည်ကိုသိရသကဲ့သို့ ဤအတူပင် ကိုယ်၏လှုပ်ရှားခြင်း, နှုတ်မြွက်ပြောဆိုခြင်းတို့ကိုသိပြီးလျှင် ကာယဝိညတ်, ဝစီဝိညတ်တို့ကိုလည်း သိရပါသည်။*

*"အာစယ"သည် နိပ္ဖန္နရုပ်၏ရှေးဦးစွာဖြစ်ပေါ်ခြင်း-နိဗ္ဗတ္တိဖြစ်၏။ ဥပမာအားဖြင့် မြစ်ကမ်းသောင်ပြင်၌ လက်ယက်တွင်းယယ်တွင် ရေထွက်လာသကဲ့သို့ နိဗ္ဗတ္တိခေါ် ရှေးဦးစွာဖြစ်ပေါ်ခြင်း "အာစယ"ကို မှတ်အပ်၏။*

*"ဥပစယ" သည် နိပ္ဖန္နရုပ်၏တိုးပွားခြင်း-ဝမိ ဖြစ်၏။ ဥပမာအားဖြင့် လက်ယက်တွင်းယယ်၌ ရေတိုးပွား၍ ရေပြည့်လာသကဲ့သို့တည်း။*

*"သန္တတိ"သည် နိပ္ဖန္နရုပ်၏အဆက်မပြတ်ဖြစ်ခြင်း-ပဝတ္တိပေတည်း။ ဥပမာအားဖြင့် လက်ယက်တွင်းယယ်၌ ရေကျော်လွန်လျှံတက်သောအခါကဲ့သို့ ပဝတ္တိ-အဆက်မပြတ်ဖြစ်ခြင်းဟူသော "သန္တတိ"ကို သိအပ်၏။*

**၄၅။ ဉာဏ်ပညာဖြစ်ပေါ်လာရန် အနီးကပ်ဆုံးအကြောင်း (ပဒဋ္ဌာန်)ကို ဖော်ပြပြီးလျှင် ဝိပဿနာပညာ၏အခြေအမြစ် (မူလ)နှင့် ကိုယ်ထည် (သရီရ) တို့ကိုလည်းဖော်ပြပါ။** *(၂၀၀၂၊ စမန ၂၉၆၊ ၃၀၁)*

**အဖြေ** -*"သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ= စိတ်တည်ကြည်သောသူသည် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိ၏" ဟု ဟောတော်မူသည်နှင့်အညီ သမာဓိ (စိတ်တည်ကြည်ခြင်း)သည် ဉာဏ်ပညာဖြစ်ပေါ်လာရန် အနီးကပ်ဆုံး (ပဒဋ္ဌာန်)ဖြစ်ပါသည်။*

*ဝိပဿနာပညာ၏အခြေအမြစ်(မူလ)သည် သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိတို့ဖြစ်၏။*

*ဝိပဿနာပညာ၏ကိုယ်ထည်(သရီရ)သည် ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿန ဝိသုဒ္ဓိတို့ဖြစ်ပါသည်။*

**၄၆။ အဝေးရုပ်(ဒူရေရုပ်)၊ အနီးရုပ် (သန္တိကေရုပ်)ဟု ခေါ်ရာ၌ အဘယ့်ကြောင့် ဝေးသည် နီးသည်ကို ဖြေဆိုပြီးလျှင်၊ အဘယ်ကိုရည်ညွှန်း၍ (က)အမျိုးကောင်းသမီးချွေးမနှင့်တူသောတရား (ခ) ပြည့်တန်ဆာမနှင့်တူသောတရားဟု ဆိုသည်ကို အကြောင်းယုတ္တိသွင်း၍ ရှင်းလင်းဖော်ပြပါ။**

*(၂၀၀၂၊ စမန၃၁၄၊ ၃၄၄)*

**အဖြေ** - *သုခုမရုပ်၁၆-ပါးသည် အလွန်သိမ်မွေ့၍ သိနိုင်ခဲသည့်သဘောရှိသဖြင့် ဉာဏ်နှင့်ဝေးသောကြောင့် အဝေးရုပ်(ဒူရေရုပ်)မည်၏။*

*ဩဠာရိကရုပ်၁၂-ပါးသည် သုခုမရုပ်နှင့်နှိုင်းစာလျှင် ရှုန့်ကြမ်း၍ သိလွယ်သဖြင့် အနီးရုပ်(သန္တိကေရုပ်)မည်၏။*

*(က) အမျိုးကောင်းသမီးချွေးမနှင့်တူသောတရားသည်ဟိရီစေတသိက်ဖြစ်ပါသည်။ ဟိရီသည် မိမိကိုယ်ကိုအလေးပြု၍ ကာယဒုစရိုက်စသည့် မကောင်းမှုတို့ကို ပြုရန်ရှက်ပြီး မကောင်းမှုကို ပယ်စွန့်၏။ အမျိုးကောင်းသမီးချွေးမက မိမိဂုဏ်ကိုငဲ့၍ မကောင်းမှုပြုရန်ရှက်ပြီး မကောင်းမှုကို ပယ်စွန့်သည်နှင့်တူ၏။*

*(ခ) ပြည့်တန်ဆာမနှင့်တူသောတရားသည် ဩတ္တပ္ပစေတသိက်ဖြစ်၏။ ဩတ္တပ္ပသည် သူတစ်ပါးတို့ကိုအလေးပြု၍ ကာယဒုစရိုက်စသည့်မကောင်းမှုတို့ကိုပြုရန် တွန့်ဆုတ်ကြောက်လန့်၍ မကောင်းမှုကို ပယ်စွန့်၏။ ပြည့်တန်ဆာမသည်သူတစ်ပါးနှင့်ပတ်ဝန်းကျင်ကိုအလေးပြု၍ မကောင်းမှုပြုရန် တွန့်ဆုတ်ကြောက်လန့်ကာ မကောင်းမှုကိုပယ်စွန့်ခြင်းနှင့်တူ၏။*

**၄၇။ အဇ္ဈတ္တနှင့်ဗဟိဒ္ဓိတရား(ကိုယ်တွင်းတရားနှင့် ကိုယ်အပြင်ပတရား) တို့ ကိုနှလုံးသွင်းသောပညာဟူသည် အဘယ်ကိုဆိုလိုသည်ကို ထိုတရား နှစ်မျိုး တစ်ခုစီကွဲပြားအောင် ခွဲခြားဖြေဆိုပါ။** *(၂၀၀၃၊ စမန ၃၀၁)*

**အဖြေ** - *အဇ္ဈတ္တနှင့်ဗဟိဒ္ဓတရားတို့ကို နှလုံးသွင်းသောပညာသည် ဝိပဿနာပညာဖြစ်ပါသည်။ နံပါတ် (၂၂) အဖြေပထမပိုင်းအတိုင်းဆက်ဖြေပါ။*

**၄၈။ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တော်ပိုင်ရှင်သည် အသံကြားရုံမျှဖြင့် အမှားအမှန် ခွဲခြား၍ မည်သို့မည်ပုံသိသည်ကို ဖြေဆိုပြီးလျှင် မေတ္တာနှင့် ဥပေက္ခာကို အနိယတယောဂီစေတသိက်ဟုဆိုပါက လုံးဝမှားယွင်းကြောင်းကို ပေါ်လွင်ထင်ရှားအောင် ရှင်းလင်းပြပါ။** *(၂၀၀၃၊ စမန၃၀၀၊ ၃၄၆၊ ၃၅၀)*

**အဖြေ** - *နိရုတ္တိပဋိသမ္ဘိဒါဉာဏ်တော်ပိုင်ရှင်သည် အကျိုးတရားဖြစ်သည့် အနက် အဓိပ္ပါယ်အတ္တ၌လည်းကောင်း၊ အကြောင်းတရားဖြစ်သည့် ပါဠိဓမ္မ၌လည်းကောင်း၊ သဘာဝနိရုတ္တိခေါ် ဧကန်မှန်သည့်ဝေါဟာရသဒ္ဒါကို ရွတ်ရာပြောဆိုရာ၌ အသံကိုကြားလျှင်ပင် အမှားအမှန်ကိုခွဲခြား၍သိရန် မူလဘာသာဖြစ်သည့် မာဂဓဘာသာ၏အထူးအပြားကိုလည်းကောင်း သိ၏။ ဥပမာအားဖြင့် "ဖဿော ဝေဒနာ"စသည့် ပြောဆိုသံကိုကြားလျှင်ပင် "ဤကား သဘာဝနိရုတ္တိတည်း" ဟု သိ၏။ "ဖဿာ ဝေဒနာ"စသည့် ပြောဆိုသံကိုကြားလျှင်ပင်" "ဤကား သဘာဝ နိရုတ္တိမဟုတ်" ဟု သိ၏။*

*မေတ္တာနှင့်ဥပေက္ခာကို အနိယတယောဂီစေတသိက်ဟုဆိုလျှင် လုံးဝမှားယွင်း ပါသည်။ အကြောင်းမှာ မေတ္တာသည် တရားကိုယ်အားဖြင့် အဒေါသစေတသိက် ဖြစ်၏။ ဥပေက္ခာသည် တရားကိုယ်အားဖြင့် တတြမဇ္ဈတ္တတာစေတသိက်ဖြစ်၏။ ဤစေတသိက်နှစ်ပါးသည် သောဘနသာ ဓာရဏစေတသိက်များဖြစ်၍ သောဘန စိတ်ဖြစ်တိုင်း အမြဲယှဉ်ပါသည်။ ယှဉ်ပုံမမြဲသော အနိယတ ယောဂီမဟုတ်ပါ။*

**၄၉။ ဥဒ္ဒစ္စ၏လက္ခဏာနှင့် ရသတို့ကို ဥပမာနှင့်တကွတွဲစပ်ဖော်ပြပါပြီးလျှင် အဘယ်ကိုအတိတ်ရုပ်၊ အနာဂတ်ရုပ်၊ ပစ္စုပ္ပန်ရုပ်ခေါ်သည်ကို ရှည်သော ကာလအစွန့်(အဒ္ဓါ)အားဖြင့် ခွဲခြားပြပါ။** *(၂၀၀၃၊ စမန၃၅၄၊ ၃၅၈)*

**အဖြေ** - *ဥဒ္ဒစ္စသည် မငြိမ်သက်ခြင်း လက္ခဏာရှိ၏။ ဥပမာအားဖြင့်လေတိုက်ခတ်၍ လှုပ်နေသောရေနှင့်တူ၏။*

*ဥဒ္ဒစ္စသည် မတည်တံ့ခြင်း၊ လှုပ်ရှားခြင်းကိုစရသရှိ၏။ ဥပမာ လေတိုက်ခတ်၍ လှုပ်ရှားနေသော တံခွန်အလံနှင့်တူ၏။*

*အစွန့်(အဒ္ဓါ)အားဖြင့်ရုပ်ခွဲခြားပုံ- နံပါတ် (၁၀)တွင် ဖြေပြထား၏။*

**၅၀။ အလောဘ၏လက္ခဏာနှင့်ရသ(ကိစ္စ)ကို ဥပမာနှင့်တကွဖော်ပြပြီးလျှင် အဝိမောက္ခစေတသိက်ကို အဘယ်အရာဝတ္ထုနှင့်ခိုင်းနှိုင်းထားသည်ကို အကြောင်းယုတ္တိနှင့်တကွ ဖော်ပြပါ။** *(၂၀၀၄၊ စမန ၃၄၅၊ ၃၄၉)*

*အဖြေ - အလောဘသည် အာရုံ၌ စိတ်၏မလိုချင် မတပ်မက်ခြင်း, မကပ်ငြိခြင်း လက္ခဏာရှိ၏။ ဥပမာ ကြာရွက်၌ ရေပေါက်မကပ်ငြိခြင်းနှင့်တူပါသည်။*

*အလောဘသည် ငါ့ဥစ္စာဟု စွဲလမ်းသောအားဖြင့် မသိမ်းပိုက်ခြင်း ကိစ္စရသရှိ၏။ ဥပမာ ကိလေသာမှ လွတ်ပြီးသောရဟန္တာက ဘယ်အရာကိုမျှ ငါ့ဥစ္စာဟုမသိမ်းပိုက်ခြင်းနှင့်တူ၏။*

*အဝိမောက္ခသည် အာရုံကိုမတုန်မလှုပ် သံသယကင်းစွာ ဆုံးဖြတ်တတ်သဖြင့် အဝိမောက္ခ၏အာရုံကိုဆုံးဖြတ်ရာ၌ လှုပ်ရှားခြင်းကင်း သည်၏အဖြစ်သည် လေတိုက်၍မတုန်လှုပ်သောတံခါးတိုင်နှင့် တူသည်ဟု ခိုင်းနှိုင်းထားပါသည်။*

**၅၁။ ရုပ်ဥပါဒါနက္ခန္ဓာသည် လူနာရုံနှင့်တူလျှင် ဝေဒနာ၊ သညာ၊ သင်္ခါရ ဟူသော ဥပါဒါနက္ခန္ဓာတို့သည် အဘယ်အဘယ်နှင့်တူသည်ကို အကြောင်းပြချက် အသီးသီးဖြင့် တွဲစပ်ဖော်ပြပါ။**

*(၂၀၀၄၊ စမန ၃၇၀၊ ၃၇၂)*

**အဖြေ** - ရုပ်ဥပါဒါနက္ခန္ဓာသည် လူနာရုံနှင့်တူလျှင် ဝေဒနာဥပါဒါနက္ခန္ဓာသည် အနာရောဂါနှင့်တူ၏။ အကြောင်းမှာ ဒုက္ခဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရ ဒုက္ခတို့သည် အနာရောဂါကဲ့သို့ အမြဲတစေညှဉ်းပန်းနှိပ်စက်တတ်သောကြောင့် တည်း။ *သညာဥပါဒါနက္ခန္ဓာသည် အနာရောဂါဖြစ်ကြောင်း သမုဋ္ဌာန်နှင့်တူ၏။ အကြောင်းမှာ ကာမသညာစသည်၏အစွမ်းဖြင့် ရာဂစသည်နှင့်ယှဉ်သော ဝေဒနာ၏ ဖြစ်ခြင်းကြောင့်ပေတည်း။*

*သင်္ခါရဥပါဒါနက္ခန္ဓာသည် မသင့်လျော်သော ဥတု, အစာ စသည်ကို မှီဝဲခြင်းနှင့်တူ၏။ အကြောင်းမှာ သင်္ခါရသည် ဝေဒနာဟူသည့် အနာရောဂါ၏အကြောင်းရင်းဖြစ်သောကြောင့်တည်း။ "ခံစားမှုဝေဒနာကို ခံစားမှုအကျိုးငှာ သင်္ခါရတို့ကပြုပြင်စီမံတတ်ကုန်၏" ဟူ၍လည်းကောင်း၊ "အကုသိုလ်ကံကိုပြုအပ်ပြီး, ဆည်းပူးအပ်ပြီးဖြစ်ခြင်းကြောင့် အကျိုးဖြစ်သော ဒုက္ခသဟဂုတ် ကာယဝိညာဏ် သည် ဖြစ်ပေါ်၏" ဟူ၍လည်းကောင်း ဟောတော်မူပါသည်။*

**၅၂။ အတ္တပဋိသမ္ဘိဒါ၊ ဓမ္မပဋိသမ္ဘိဒါတို့သည် မည်သည့်အတ္ထ၊ ဓမ္မတို့ကို ခွဲခြားသိသည်ကို ဖြေဆို၍ ရုပ်(၂၈)ပါးတွင်ပါဝင်သော ရောဂရုပ်၊ သမ္ဘဝရုပ်၊ ဗလရုပ်တို့ကို ဖြေဆိုပါ။** *(၂၀၀၅၊ စမန ၂၉၉၊ ၃၀၃)*

**အဖြေ** - *ပထမပိုင်းအဖြေသည် နံပါတ် (၂၀)အဖြေနှင့်တူပါသည်။*
*ဒုတိယပိုင်းအဖြေသည် နံပါတ် (၁၁)အဖြေတွင်ပါဝင်၏။*

**၅၃။ ဒေါသ၏လက္ခဏာနှင့် ရသကို ဥပမာနှင့်တကွ ဖော်ပြပြီးလျှင် အဘယ်ကို ဟီနရုပ်, ပဏီတရုပ်ခေါ်သည်ကို ပရိယာယ်နည်း၊ မုချနည်းအားဖြင့် ပိုင်းခြားပြပါ။** *(၂၀၀၅၊ စမန၃၅၅-၃၆၀)*

**အဖြေ** - *ဒေါသသည် အမျက်ထွက်ခြင်း, ကြမ်းတမ်းခြင်းလက္ခဏာရှိ၏။ ဥပမာ တုတ်ဖြင့်ပုတ်ခတ်ခံခဲ့ရသောမြွေဆိုး, မြွေဟောက်နှင့်တူ၏။*

*ဒေါသသည် မိမိ၏ဖြစ်ပုံအားဖြင့်လည်းကောင်း၊ အနိဋ္ဌာရုပ်တို့ကို ဖြစ်စေခြင်းဖြင့်လည်းကောင်း ၊ ဖောက်ပြန်စွာပြန့်သွားခြင်းကိစ္စ, ကိုယ်ကို တုန်လှုပ်စေခြင်းကိစ္စ (ရသ)ရှိ၏။ ဥပမာ ကိုယ်တွင်အဆိပ်ကျရောက်၍ ပြန့်နှံ့ သွားသကဲ့သို့တည်း။*

*တစ်နည်း-တောမီးလောင်သကဲ့သို့ မိမိ၏မှီရာရုပ်ကိုလောင်ခြင်းကိစ္စရသရှိ၏။*

**ဟီနရုပ်, ပဏီတရုပ်**-နံပါတ် (၃၂)တွင် ဖြေဆိုထားပါသည်။

**၅၄။ နာမ်ခန္ဓာလေးပါးတို့ကို အနိစ္စစသော လက္ခဏာသုံးပါးဖြင့် အကြောင်းပြလျက် ပိုင်းခြားပြပါ။** *(၂၀၀၅၊ စမန ၃၇၃)*

**အဖြေ** - *(၁)ဒုက္ခဒုက္ခ - တကယ့်ဆင်းရဲ၊ ဝိပရိဏာမဒုက္ခ - ဖောက်ပြန်ဆင်းရဲ၊ သင်္ခါရဒုက္ခ - ပြုပြင်ရသည့်ဆင်းရဲဟူသော သုံးမျိုးသောဆင်းရဲတို့မှ မလွတ်ကင်းသောကြောင့် ဝေဒနာက္ခန္ဓာကို ဒုက္ခဆင်းရဲဟု ပိုင်းခြားရှုမှတ်ရမည်။*

*(၂)ပြုပြင်စီရင်ခြင်းငှာ မတတ်ကောင်းသည့်အဖြစ်, အစိုးမရသည့် အဖြစ်တို့ကြောင့် သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ကို အနတ္တ - အတ္တမဟုတ်သော သဘောတရားမျှဟူ၍ ပိုင်းခြားရှုမှတ်ရမည်။*

*(၃) ဖြစ်ခြင်း, ပျက်ခြင်းသဘောရှိသောကြောင့် ဝိညာဏက္ခန္ဓာကို အနိစ္စ-မမြဲဟု ပိုင်းခြားရှုမှတ်ရမည်။*

**၅၅။ လူတွေနှင့်သစ်ပင်တွေကို အသက်ရှင်စေတတ်သော ပရမတ္ထသဘောတရားကို ဖော်ပြ၍ စက္ကုစသောပသာဒငါးပါး၏ ရုပစသောအာရုံသို့ ညွတ်ကိုင်းရာ၌ ဥပမာဖြင့် ထင်ရှားစွာဖြေဆိုပါ။** *(၂၀၀၆၊ စမန ၃၀၇၊ ၃၄၂၊ ၃၀၅)*

**အဖြေ** - *လူတို့ကို အသက်ရှင်စေတတ်သောပရမတ္ထသဘောတရားမှာ နာမ်အသက်ခေါ် နာမ်ဇီဝိတိန္ဒြေ (ဝါ) ဇီဝိတိန္ဒြေစေတသိက်နှင့် ရုပ်အသက်ခေါ် ရုပ်ဇီဝိတိန္ဒြေ (ဝါ) ရုပ်ဇီဝိတတို့ဖြစ်ကြ၏။*

သစ်ပင်တို့ကို အသက်ရှင်စေတတ်သော ပရမတ္ထသဘောတရားမှာ ရုပ်ဇီဝိတိန္ဒြေ (ဝါ)ဇီဝိတရုပ်ဖြစ်ပါသည်။ သို့သော်လည်း သစ်ပင်တွင်ကမ္မဇရုပ်မရှိဘဲ ဥတုဇရုပ်သာရှိပါသည်။ ထို့ကြောင့်ဥတုဇရုပ်ကလာပ်တို့ ဋ္ဌီအခိုက်သို့ ရောက်သည့် အခါ ဥတုဇရုပ်ကလာပ်သစ်တို့ကို ခဏမစဲဖြစ်စေသည့် ပရမတ္ထသဘောတရားက သစ်ပင်တို့ကို အသက်ရှင်စေသည်ဟု ဆိုနိုင်ပါသည်။

စက္ခုစသောပသာဒရုပ်ငါးပါးသည် ရူပါရုံ၊ သဒ္ဒါရုံ စသည့် မိမိတို့၏ ကျက်စားရာအာရုံအသီးသီးဆီသို့ ကိုင်းညွတ်လျက်တည်ကြ၏။ ဥပမာအားဖြင့် မြွေသည် တောင်ပို့ခေါင်းသို့၊ မိကျောင်းသည် ရေနက်ရာသို့၊ ငှက်သည် ကောင်းကင်သို့၊ ခွေးသည် ရွာသို့၊ မြေခွေးသည် သုသာန်သို့၊ မိမိတို့ ကျက်စားရာ အသီးသီးသို့ ညွတ်ကိုင်းနေကြသကဲ့သို့တည်း။

**၅၆။ သညာသိ၊ ဝိညာဏ်သိ၊ ပညာသိဟူသော အသိတရားသုံးမျိုးတို့၏ ထူးခြားပုံကို ဥပမာနှင့်တကွ ထင်ရှားအောင်ဖော်ပြခဲ့ပါ။**

(၂၀၀၆၊ စမန ၂၉၅၊ ၂၉၆)

**အဖြေ** - သညာ၊ ဝိညာဏ်နှင့် ပညာတို့၏အသိတရားထူးခြားပုံကို နံပါတ် ၃၁ (က) အဖြေအတိုင်း ဖြေဆိုနိုင်ပါသည်။

**ဥပမာပြရသော်** ရာဖြတ်ပွဲမင်းစားပွဲပေါ်၌ တင်ထားသောငွေအသပြာ အစုအပုံကို အသိဉာဏ်မပြည့်စုံသေးသည့်ကလေး၊ တောသားလူကြီးနှင့် ရာဖြတ်ပွဲမင်းတို့ မြင်သိပုံခြင်းကွာခြားသည်နှင့်တူ၏။

အသိဉာဏ်မပြည့်စုံသေးသည့်ကလေးသည် ငွေအသပြာတို့၏ အရောင် အဆင်းနှင့်ပုံသဏ္ဌာန်ဆန်းကြယ်ပုံတို့ကိုသာ သိ၏။ လူတို့၏အတွင်းအပ အသုံးအဆောင်ရတနာဖြစ်ကြောင်း မသိချေ။

တောသားလူကြီးသည် ငွေအသပြာတို့၏ အရောင်အဆင်းနှင့် ပုံသဏ္ဌာန်ဆန်းကြယ်ပုံတို့ကိုလည်း သိ၏။ လူတို့၏အတွင်းအပ အသုံးအဆောင် ရတနာဖြစ်ကြောင်းကိုလည်း သိ၏။ သို့သော် ထိုငွေအသပြာတို့သည် ငွေအစစ်လော အတုလော ငွေသားမည်မျှပါသည် စသည်ကိုမသိပါ။

ရာဖြတ်ပွဲမင်းကား ငွေအသပြာတို့၏အရောင်အဆင်းနှင့် ပုံသဏ္ဌာန်၊ အသုံးအဆောင်ရတနာဖြစ်ကြောင်းတို့ကိုလည်း သိ၏။ ငွေအစစ် (သို့မဟုတ်) အတုဖြစ်ကြောင်း ၊ ငွေသားမည်မျှပါကြောင်းစသည့် အလုံးစုံကိုလည်းသိ၏။ မည်သည့်ဌာန၌ပြုလုပ်သော ငွေအသပြာတို့ဖြစ်သည်ကိုလည်း သိ၏။

*ဤဥပမာတွင် သညာသိသည် အသိဉာဏ်မပြည့်စုံသေးသည့်ကလေး၏ သိခြင်းနှင့်တူ၏။ ဝိညာဏ်သိသည် ရွာသားလူကြီး၏သိခြင်းနှင့်တူ၏။ ပညာသိသည် ရာဖြတ်ပွဲမင်း၏သိခြင်းနှင့်တူ၏။*

**၅၇။ ဉာဏ်အမြင်စင်ကြယ်ခြင်း၏အကြောင်း(၅)ပါးတို့ကို ဖော်ပြ၍ က်, က်၏ အကျိုးကိုယုံကြည်၍ ဝမ်းမြောက်ဝမ်းသာ မိမိကိုယ်တိုင် ပေးလှူသူ၏သန္တာန်၌ ဖြစ်နိုင်သောစိတ်ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။** *(၂၀၀၇၊ ၃၀၀၊ ၃၂၀-၁)*
*အဖြေ - ဉာဏ်အမြင်စင်ကြယ်ခြင်း၏အကြောင်း(၅)ပါး - နံပါတ် ၃၉ ပထမ ပိုင်း၌ဖြေပြထား၏။*

*က်, က်အကျိုးကိုယုံကြည်၍ ဝမ်းမြောက်ဝမ်းသာ မိမိကိုယ်တိုင် ပေးလှူသူ ၏စိတ်သည် "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကာမာဝစရ ကုသိုလ်စိတ်" ဖြစ်ပါသည်။*

**၅၈။ လောကကြီးကို စောင့်ရှောက်နေသောတရားနှစ်ပါးကို ဖော်ပြ၍ ထို တရားနှစ်ပါးတို့၏ သဘောလက္ခဏာနှင့် ကိစ္စတို့ကိုလည်း တွဲစပ် ဖော်ပြပါ။**
*(၂၀၀၇၊ စမန ၃၄၄-၃၄၅)*
*အဖြေ - လောကကြီးကို စောင့်ရှောက်နေသောတရားနှစ်ပါးမှာ ဟိရီနှင့် ဩတ္တပ္ပ တို့ဖြစ်ပါသည်။ 'လောကပါလတရား'ဟု အမည်ရကြ၏။*

***ဟိရီ**သည် ဒုစရိုက်မကောင်းမှုကိုပြုလုပ်ရန်ရှက်ခြင်းသဘောဖြစ်၏။*
*(က) ဟိရီသည် ဒုစရိုက်မကောင်းမှုတို့မှ စက်ဆုပ်ခြင်းလက္ခဏာရှိ၏။*
*(ခ) ရှက်သောအခြင်းအရာအားဖြင့် မကောင်းမှုတို့ကို မပြုခြင်း ကိစ္စရသရှိ၏။*
***ဩတ္တပ္ပ**သည် ဒုစရိုက်မကောင်းမှုကိုပြုလုပ်ရန် ကြောက်လန့်ခြင်း သဘောဖြစ်၏။*
*(က) ဩတ္တပ္ပသည် ဒုစရိုက်မကောင်းမှုမှ ကြောက်လန့်ခြင်းလက္ခဏာရှိ၏။*
*(ခ) ကြောက်တတ်သောအခြင်းအရာအားဖြင့် မကောင်းမှုတို့ကို မပြုခြင်းကိစ္စရသရှိ၏။*

**၅၉။ လူတို့၏အသက်ရှင်နေပုံနှင့် သစ်ပင်တို့၏အသက်ရှင်နေပုံထူးခြားမှုကို ဖော်ပြ၍ ဒုက္ခသစ္စာ၏သဘောလေးချက်တို့ကိုလည်း ဖော်ပြခဲ့ပါ။**
*( ၂၀၀၈၊ စမန ၃၀၇၊ ၄၂၂ )*

**အဖြေ** - *ပထမပိုင်းအဖြေသည် နံပါတ် (၅၄)ပထမပိုင်းအဖြေနှင့်တူပါသည်။*

ဒုက္ခသစ္စာ၏သဘော(၄)ချက်မှာ *(အခန်း (၁၄)နှင့်သက်ဆိုင်၏။)*

(၁) *ပီဠန* = နှိပ်စက်ခြင်းသဘော၊

(၂) *သင်္ခတ* = ပေါင်းစုပြုခြင်းသဘော၊

(၃) *သန္တာပ* = ပူလောင်စေခြင်းသဘော၊

(၄) *ဝိပရိဏာမ* = ဖောက်ပြန်ခြင်းသဘောတို့ ဖြစ်သည်။

## အခန်း(၁၅)

# အာယတန, ဓာတုနိဒ္ဒေသ
# အာယတန, ဓာတ်တို့ကို အကျယ်ပြခြင်း

### * အာယတနကိုအကျယ်ပြခြင်း

**အာယတန(၁၂)ပါး**

အတွင်းအာယတန ၆-ပါးနှင့် အပြင်အာယတန ၆-ပါးဟူ၍ အာယတန ၁၂ ပါး ရှိ၏။ ၎င်းတို့ကို တရားကိုယ်နှင့်တကွ အောက်တွင်ဖော်ပြထား၏။

| အဇ္ဈတ္တိကာယတန ၆-ပါး | ဗာဟိရာယတန ၆-ပါး |
|---|---|
| ၁။ စက္ခာယတန = စက္ခုပသာဒ | ၁။ ရူပါယတန = ရူပါရုံ (အဆင်း) |
| ၂။ သောတာယတန = သောတပသာဒ | ၂။ သဒ္ဒါယတန = သဒ္ဒါရုံ (အသံ) |
| ၃။ ဃာနာယတန = ဃာနပသာဒ | ၃။ ဂန္ဓာယတန = ဂန္ဓာရုံ (အနံ့) |
| ၄။ ဇိဝှာယတန = ဇိဝှာပသာဒ | ၄။ ရသာယတန = ရသာရုံ (အရသာ) |
| ၅။ ကာယာယတန = ကာယပသာဒ | ၅။ ဖောဋ္ဌဗ္ဗာယတန = ဖောဋ္ဌဗ္ဗာရုံ(အထိတွေ့) |
| ၆။ မနာယတန = စိတ်အကျဉ်း ၈၉-ပါး၊ စိတ်အကျယ် ၁၂၁ ပါး | ၆။ ဓမ္မာယတန = ဓမ္မာရုံ (စေတသိက်၅၂ သုခုမရုပ်၁၆၊ နိဗ္ဗာန်) |

**အာယတန(၁၂)ပါး၌ အဆုံးအဖြတ်**

(၁) သဒ္ဒါအနက်အားဖြင့် (၂)လက္ခဏာအားဖြင့် (၃) ၁၂-ပါးသာရှိခြင်းအားဖြင့် (၄)အစဉ်အားဖြင့် (၅) အကျဉ်းအားဖြင့် (၆) အကျယ်အားဖြင့် (၇) ရှုအပ်သည့်အဖြစ်အားဖြင့် အဆုံးအဖြတ်တို့ကို သိအပ်၏။

**(၁) သဒ္ဒါအနက်အားဖြင့် အဆုံးအဖြတ်**

**စက္ခု** - အဆင်းရူပါရုံကို သာယာတတ်, ထင်ရှားစွာပြတတ်သောကြောင့် စက္ခု (မျက်စိ)မည်၏။

**ရူပ** - ပြတတ်သောကြောင့် ရူပ-အဆင်းမည်၏။ (ဝဏ္ဏ=အဆင်းမည်၏။) အဆင်းသည် ရှင်ခြင်း, ညှိုးခြင်း, နီမြန်းခြင်းစသည်ဖြင့် ဖောက်ပြန်တတ်ပြီး နှလုံး၌တည်သောစိတ်အလိုကို ပြတတ်၏။

**သောတ** - ကြားတတ်သောကြောင့် သောတ = နားမည်၏။

**သဒ္ဒ** - ရွတ်ဆိုအပ်သောကြောင့် သဒ္ဒ = အသံမည်၏။

**ယာန** - နမ်းရှုတတ်သောကြောင့် ယာန = နှာခေါင်းမည်၏။
**ဇိဝှာ** - မိမိ၏တည်ရာဝတ္ထုကိုပြတတ်သောကြောင့် ဂန္ဓ = အနံ့မည်၏။
**ဇိဝှာ** - အသက်ရှင်ခြင်း၏အကြောင်းဖြစ်သော အာဟာရရသကို ခေါ်သကဲ့သို့ ဖြစ်တတ်သောကြောင့် ဇိဝှာ = လျှာမည်၏။
**ရသ** - ထိုအာရုံကို သတ္တဝါတို့သာယာတတ်သောကြောင့် ထိုအာရုံသည် ရသ = အရသာမည်၏။
**ကာယ** - စက်ဆုပ်ဖွယ်အာသဝတရားတို့၏ ဖြစ်ရာအရပ်ဖြစ်သောကြောင့် ကာယ = ကိုယ်မည်၏။
**ဖောဋ္ဌဗ္ဗ** - တွေ့ထိအပ်သောကြောင့် ဖောဋ္ဌဗ္ဗ = အထိအတွေ့မည်၏။
**မန** - အာရုံကိုသိတတ်သောကြောင့် မန = စိတ်မည်၏။
**ဓမ္မာ** - မိမိ၏သဘောလက္ခဏာကိုဆောင်တတ်သောကြောင့် ဓမ္မာ = သဘောအာရုံမည်၏။

**အာယတနာမည်ပုံ**

(၁) ဒွါရနှင့်အာရုံဆုံတွေ့ကြသည့်အခါ စိတ်စေတသိက်များဖြစ်ပေါ်လာကြ၏။ ဤစိတ်စေတသိက်တို့သည် မိမိတို့၏ဆိုင်ရာကိစ္စကို ဆောင်ရွက်ရန်အားထုတ်ကြ၏။ ထိုသို့စိတ်စေတသိက်တို့၏ အားထုတ်ရာ ဖြစ်သောကြောင့် ဒွါရနှင့်အာရုံတို့ကို **"အာယတန"**ဟုခေါ်၏။

(၂) ဒွါရနှင့်အာရုံတို့၌ ဖြစ်ကြသောကြောင့် ထိုစိတ်စေတသိက်တို့သည် အာယမည်၏။ အာယမည်သော ထိုစိတ်စေတသိက်တို့ကို ကျယ်ပြန့်ကြီးပွားချဲ့ထွင်တတ်သောကြောင့် ထိုဒွါရနှင့်အာရုံတို့သည် **"အာယတန"** မည်ကြ၏။

(၃) အစမထင်သောသံသရာ၌ အလွန်ရှည်သောသံသရာဆင်းရဲကို ဆောင်တတ်ကြ, ဖြစ်စေတတ်သောကြောင့် ဒွါရနှင့်အာရုံတို့သည် **"အာယတန"** မည်ကြ၏။

(၄) တစ်နည်းအားဖြင့် **နေရာဌာန**ဟူသောအနက်၊ **ပြွမ်းရာတည်ရာ** ဟူသော အနက်၊ **စုဝေးရာ**ဟူသောအနက်၊ **အကြောင်း**ဟူသော အနက်အသီးသီး ကြောင့် ဒွါရနှင့်အာရုံတို့သည် " **အာယတန**" မည်သည်ဟု သိအပ်၏။ ချဲ့၍ပြရလျှင် လောက၌ "ဣဿရာယတနံ=ဣဿရနတ်၏နေရာ၊ ဝါသုဒေဝါယတနံ - ဝါသုဒေဝနတ်၏နေရာ" စသည့်စကားတို့၌ နေရာဌာနကို အာယတန ဟုဆိုအပ်၏။

"သုဝဏ္ဏာယတနံ = ရွှေ၏ပြွမ်းရာတည်ရာ၊ ရာဇတာယတနံ = ငွေ၏ပြွမ်းရာတည်ရာ" စသောစကားတို့၌ ပြွမ်းရာတည်ရာကို အာယတနဟု ဆိုအပ်၏။

သာသနာတော်၌ "နှလုံးမွေ့လျော်ဖွယ်ကောင်းသော (အာယတနေ) စုဝေးရာ၌

အကိုင်း, အခက်, အရွက်, အသီးနှင့်ပြည့်စုံသောထိုညောင်ပင်ကြီးကို ငှက်တို့သည် မှီဝဲကုန်၏" စသည့်စကားတို့၌ စုဝေးရာဌာနကို အာယတနဟု ဆိုအပ်၏။

"ဒက္ခိဏာပထအရပ်သည် နွားတို့၏ဖြစ်ပွားရာ (အာယတန)ပေတည်း" စသည့်စကားတို့၌ ဖြစ်ရာအရပ်ကို အာယတနဟု ဆိုအပ်၏။

" (သတိ သတိ အာယတနေ)အကြောင်းရှိတိုင်းရှိတိုင်း (ဉာဏ်ထူးဖြင့် မျက်မှောက်ပြုအပ်သော) ထိုထိုတရား၌ပင်လျှင် မျက်မြင် ကိုယ်တွေ့ဖြစ်ခြင်းသို့ ရောက်၏ " စသည့်စကားတို့၌ အကြောင်းကို အာယတနဟုဆိုအပ်၏။

သာဝကနှင့်နှီးနှောပြုရလျှင် မြင်သိစိတ်စသော စိတ်နှင့်စေတသိက်တို့သည် (စက္ခုဓာတ်) မျက်စိနှင့် (ရူပဓာတ်) အဆင်း စသည့်ဒွါရနှင့် အာရုံထိတွေ့ သည့် နေရာ၌ဖြစ်ခြင်းကြောင့် စက္ခုဓာတ်, ရူပဓာတ် စသည်၌ နေသည်မည်ကုန်၏။ ထို့ကြောင့် စက္ခုဓာတ်, ရူပဓာတ် စသည်တို့သည် မြင်သိစိတ် စသည့် စိတ် စေတသိက်တို့၏ ပြွမ်းရာတည်ရာ နေရာဌာနဖြစ်ကြ၏။

ထို့အပြင် စက္ခုဓာတ် (စက္ခုဝတ္ထု) စသည့်ဝတ္ထုတို့ကို မှီကြသောကြောင့်-လည်းကောင်း၊ အဆင်းစသည့်အာရုံတို့ကို အာရုံပြုသောကြောင့်လည်းကောင်း ၊ စိတ်စေတသိက်တို့သည် ဒွါရ - ဝတ္ထု - အာရုံတို့နှင့် ရောပြွမ်း၍တည်ရှိကြ၏။ ထို့ကြောင့်စက္ခုဓာတ်နှင့် ရူပဓာတ်စသည်တို့သည် စိတ်စေတသိက်တို့၏ ပြွမ်းရာတည်ရာ နေရာဌာနဖြစ်ကြ၏။

ထို့အပြင် ထိုတည်ရာဝတ္ထု-ဒွါရ-အာရုံတို့၌ စိတ်စေသတိက်တို့ စုဝေးကြသဖြင့် ဒွါရနှင့်အာရုံတို့သည် စိတ်စေတသိက်တို့၏ စုဝေးရာဌာနလည်းဖြစ်ကြ၏။

ဒွါရနှင့်အာရုံထိတွေ့မှုကြောင့် စိတ်စေတသိက်တို့ဖြစ်ပေါ်လာကြပြီးလျှင် ထိုဒွါရ (ဝတ္ထု)-အာရုံတို့ပင်လျှင် မှီရာ-အာရုံရှိကြသဖြင့် ဒွါရနှင့်အာရုံတို့သည် စိတ်စေတသိက်တို့၏ ဖြစ်ရာနေရာဌာနပေတည်း။

ထိုစက္ခုဒွါရစသည်နှင့် အာရုံတို့မရှိလျှင် မထိတွေ့ကြလျှင် စိတ်စေတသိက်တို့ မရှိနိုင်, မဖြစ်နိုင်ခြင်းကြောင့် ထိုစက္ခုဒွါရစသည်နှင့်အာရုံတို့သည် စိတ်စေတသိက် တို့ကိုဖြစ်စေသော အကြောင်းတရားတို့ပေတည်း။

အထက်ပါအကြောင်းတို့ကြောင့် စက္ခု-ရူပါရုံစသောတရားတို့ကို အာယတနဟု ခေါ်ဆိုအပ်ကုန်၏။ စက္ခုပသာဒသည် စက္ခု-မျက်စိလည်းဟုတ်၏။ အာယတန လည်းဟုတ်၏။ ဤ(၂)ပါးသောအကြောင်းကြောင့် စက္ခာယတနမည်၏။ ပ။ ဓမ္မာရုံခေါ်စေတသိက် ၅၂-ပါး၊ သုခုမရုပ် ၁၆-ပါး၊ နိဗ္ဗာန်တို့သည် သဘောတရား ဓမ္မလည်းဟုတ်၏၊ အာယတနလည်းဟုတ်၏၊ ထို့ကြောင့် ဓမ္မာယတနမည်၏။

**(၂) လက္ခဏာအားဖြင့် အဆုံးအဖြတ်**

စက္ခုစသည်တို့၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ခန္ဓနိဒ္ဒေသ (အခန်း၁၄)တွင်ဖော်ပြခဲ့ပြီးဖြစ်၏။

**(၃) ၁၂-ပါးသာရှိခြင်းအားဖြင့် အဆုံးအဖြတ်**

အာယတနတို့သည် ၁၂-ပါးသာအတိအကျရှိခြင်းနှင့် ပတ်သက်၍ စက္ခု-မျက်စိစသည်တို့သည် (ဓမ္မ) သဘောတရားတို့သာဖြစ်ကြသဖြင့် အာယတန အားလုံးကို ဓမ္မာယတနဟူ၍သာမဟောဘဲ အဘယ့်ကြောင့် အာယတန၁၂-ပါးဟူ၍ ဟောရသနည်းဟု မေးဖွယ်ရာရှိ၏။

ထိုသို့မေးလျှင် ၆-ပါးသောဝိညာဏကာယ = ဝိညာဏ်အပေါင်းတို့၏ဖြစ်ရာ ဒွါရ-၆ ပါးနှင့် အာရုံ ၆-ပါးတို့ကို ပိုင်းခြား၍ပြတော်မူလိုသောကြောင့် အာယတန ၁၂-ပါးဟု ဟောကြားခြင်းဖြစ်သည် ဟု ပြောဆိုအပ်၏။

ထပ်မံရှင်းပြရလျှင် စက္ခုဝိညာဏဝီထိ၌ အတွင်းဝင်သော ဝိညာဏ ကာယ= ဝိညာဏ်အပေါင်း၏ဖြစ်ရာဒွါရသည် စက္ခာယတနခေါ် စက္ခုဒွါရ သာလျှင်ဖြစ်၏။ အာရုံသည်လည်း အဆင်းရူပါရုံသာလျှင်ဖြစ်၏။ သောတ ဝိညာဏ ဝီထိ၌ အတွင်းဝင်သော ဝိညာဏ်အပေါင်း၏ဖြစ်ရာဒွါရသည်လည်း သောတာယတန ခေါ်သောတဒွါရသာဖြစ်ပြီးလျှင် အာရုံသည်လည်း အသံ - သဒ္ဒါရုံသာဖြစ်၏။

ထို့အတူ ဃာနဝိညာဏဝီထိ, ဇိဝှာဝိညာဏဝီထိ, ကာယဝိညာဏဝီထိအသီးသီး တို့၌ အတွင်းဝင်သော ဝိညာဏ်အပေါင်းတို့၏ ဖြစ်ရာဒွါရနှင့်အာရုံတို့သည် ဃာန ဒွါရနှင့် အနံ့=ဂန္ဓာရုံစသည်တို့သာလျှင်ဖြစ်ကြ၏။ အထူးမှာ မနောဝိညာဏဝီထိ၌ အတွင်း ဝင်သော ဆဋ္ဌဝိညာဏကာယ၏ဖြစ်ရာဒွါရသည် ဘဝင်စိတ်ခေါ် မနာယတနစိတ် သာလျှင်ဖြစ်၏။ အာရုံသည်လည်း စက္ခုဝိညာဏ်စသည်တို့နှင့် မဆက်ဆံသော ဓမ္မာယတနသာလျှင်ဖြစ်၏။

ဤသို့ ၆-ပါးသောဝိညာဏကာယတို့၏ဖြစ်ရာဒွါရနှင့် အာရုံတို့ကို ပိုင်းခြား ခြင်းကြောင့် အာယတန ၁၂-ပါးဟု ဟောတော်မူခြင်းဖြစ်သည်။

**(၄) အစဉ်အားဖြင့် အဆုံးအဖြတ်**

ဤအရာ၌ ရှေ့ခန္ဓနိဒ္ဒေသ၌ဆိုခဲ့သည့်အတိုင်း ဒေသနာက္ကမ - ဒေသနာ အစဉ် သည်သာလျှင် သင့်ပေ၏။ သင့်ပုံမှာ အဇ္ဈတ္တိကာအာယတန ၆-ပါးတွင် မြင်ရ ခြင်းလည်းရှိ၊ ထိပါးတိုက်ခိုက်ခြင်းလည်းရှိသည့် အဆင်းလျှင် အာရုံ ရှိသောကြောင့် စက္ခာယတနသည် ထင်ရှား၏။ ထို့ကြောင့် စက္ခာယတနကို ရှေးဦးစွာ ဟော၏။

ထို့နောက် မြင်ရခြင်းမရှိဘဲ ထိပါးတိုက်ခိုက်ခြင်းရှိသည့် အသံစသည်လျှင် အာရုံရှိကုန်သော သောတာယတနစသည်တို့ကို ဟော၏။ တစ်နည်းကား

အမြတ်ဆုံးမြင်ခြင်း, အမြတ်ဆုံးကြားခြင်းတို့၏အကြောင်းအဖြစ်ဖြင့် ကျေးဇူးများသောကြောင့် စက္ခာယတန, သောတာယတနတို့ကို ရှေးဦးစွာဟော၏။ ထို့နောင် ဃာနာယတန, ဇိဝှာယတန, ကာယာယတနတို့ကို ဟော၏။

စက္ခာယတနစသော အာယာယတနငါးပါးလုံးတို့၏ ကျက်စားရာအာရုံရှိသောကြောင့် မနာယတနာကို အဆုံး၌ဟော၏။ ထို့အပြင် စက္ခာယတနစသည်တို့၏ကျက်စားရာအာရုံဖြစ်သောကြောင့် ဗာဟိရအာယတနတို့တွင် ရူပါယတနစသည်တို့ကို ထိုထိုစက္ခာယတနစသည်၏အခြားမဲ့၌ ဟောကြား၏။

တစ်နည်းသော်ကား ဝိညာဏ်၆-ပါးဖြစ်ခြင်း၏အကြောင်းတို့ကို ပိုင်းခြားသောအားဖြင့်လည်း အာယတနတို့၏အစဉ်ကိုသိအပ်၏။

မျက်စိနှင့်အဆင်းတို့ကိုစွဲမှီ၍ စက္ခုဝိညာဏ်သည် ဖြစ်၏။
နားနှင့်အသံတို့ကိုစွဲမှီ၍ သောတဝိညာဏ်သည် ဖြစ်၏။
နှာခေါင်းနှင့်အနံ့တို့ကိုစွဲမှီ၍ ဃာနဝိညာဏ်သည် ဖြစ်၏။
လျှာနှင့်အရသာတို့ကိုစွဲမှီ၍ ဇိဝှာဝိညာဏ်သည် ဖြစ်၏။
ကိုယ်နှင့်အတွေ့တို့ကိုစွဲမှီ၍ ကာယဝိညာဏ်သည် ဖြစ်၏။
ဘဝင်စိတ်ဟူသောမနနှင့် ဓမ္မသဘောတို့ကို စွဲမှီ၍ မနောဝိညာဏ်သည် ဖြစ်၏။

သို့အတွက် အာယာတနတို့ကို "စက္ခာယတန၊ ရူပါယတန၊ သောတာယတန၊ သဒ္ဒါယတန ။ပ။ မနာယတန၊ ဓမ္မာယတန" အစဉ်အတိုင်း ဟောကြားတော်မူ၏။

## (၅) အကျဉ်းအားဖြင့် အဆုံးအဖြတ်

အာယတန၁၂-ပါးတွင် မနာယတနနှင့် ဓမ္မာယတနတစ်စိတ်ကို နာမ်ဖြင့်၊ ကြွင်းသည့် အာယတနတို့ကို ရုပ်ဖြင့် သိမ်းယူအပ်သောကြောင့် အာယတန ၁၂-သည် နာမ်နှင့်ရုပ်မျှသာဖြစ်ကုန်၏။

## (၆) အကျယ်အားဖြင့် အဆုံးအဖြတ်

အဇ္ဈတ္တိကာယတနတို့တွင် စက္ခာယတနသည် အမျိုးဇာတ်အလိုအားဖြင့် စက္ခုပသာဒမျှသာဖြစ်၏။ အကြောင်း, ဂတိ, နိကာယ, ပုဂ္ဂိုလ်တို့ဖြင့် ခွဲခြားလျှင် အနန္တအပြားရှိ၏။ သောတာယတန, ဃာနာယတန, ဇိဝှာယတန, ကာယယတနတို့လည်း ထို့အတူပင်။

မနာယတနသည် ကုသိုလ်, အကုသိုလ်, ဝိပါက်, ကိရိယာ, ဝိညာဏ်တို့၏အပြားအားဖြင့် စိတ်အကျဉ်း၈၉-ပါး (တစ်ခုယုတ်ကိုးဆယ်), စိတ်အကျယ်၁၂၁-ပါးရှိ၏။ စက္ခုစသောဝတ္ထု၊ ဒုက္ခစသော ပဋိပဒါ (ဈာန်,အဓိပတိ,ဘုံ,အာရုံ)

စသည်တို့၏အပြားအားဖြင့်မူ အနန္တအပြားရှိ၏။

ရူပါယတန, သဒ္ဒါယတန, ဂန္ဓာယတန, ရသာယတနတို့သည် ဝိသဘာဂ, ကံစသောအကြောင်းတို့၏အပြားအားဖြင့် အနန္တအပြားရှိ၏။

ဖောဋ္ဌဗ္ဗာယတနသည် ပထဝီ, တေဇော, ဝါယောဓာတ်တို့၏ အလိုအားဖြင့် သုံးပါးကွဲပြား၏။ အကြောင်းစသည်တို့ဖြင့် ခွဲခြားလျှင် များသောအပြားရှိ၏။

ဓမ္မာယတနသည် ဝေဒနာ, သညာ, သင်္ခါရက္ခန္ဓာ, သုခုမရုပ်, နိဗ္ဗာန်တို့၏သဘောအပြား,ထူးခြားခြင်းအပြားအားဖြင့် များစွာသောအပြားရှိ၏။

## (၇) ရှုအပ်သည့်အဖြစ်အားဖြင့် အဆုံးအဖြတ်

### (က) မလာခြင်း, မသွားခြင်းအားဖြင့်ရှုပုံ

သင်္ခတတရားများဖြစ်ကြသော အာယတနတို့သည် ဖြစ်သည်မှရှေး၌ တစ်စုံတစ်ခုသောအရပ်မှ လာကြသည်မဟုတ်၊ ပျက်သည်မှနောက်၌ တစ်စုံတစ်ခုသောအရပ်သို့ သွားကြသည်မဟုတ်ကုန်။ စင်စစ်သော်ကား မဖြစ်သေးမီအခါ၌ မိမိ၏သဘောကို မရသေးဘဲရှိကြ၏။ ပျက်သည်မှနောက်၌ မိမိ၏သဘော အထည်ကိုယ် လုံးဝပျက်စီးကွယ်ပျောက်သွားကြ၏။ မဖြစ်သေးသောရှေးအဖို့နှင့် ကွယ်ပျောက်သွားသောနောက်အဖို့တို့၏အလယ်၌ အကြောင်းအားလျော်စွာ ဖြစ်ကြသဖြင့် တစ်စုံတစ်ယောက်၏အလိုနှင့်မပတ်သက်ဘဲ ဖြစ်ကြကုန်၏။ ထို့ကြောင့် သင်္ခတအာယတနတို့ကို တခြားမှမလာသော အားဖြင့်လည်းကောင်း တခြားသို့ မသွားသောအားဖြင့်လည်းကောင်း ရှုအပ်၏။

### (ခ) အားထုတ်မှု, ကြောင့်ကြဗျာပါရကင်းသောအားဖြင့်ရှုပုံ

မျက်စိနှင့်အဆင်းစသောဒွါရနှင့်အာရုံတို့သည် "ငါတို့အညီအညွတ် ဆုံမိကြလျှင် စက္ခုဝိညာဏ်စသောဝိညာဏ်တို့ဖြစ်ပါမူ "ကောင်းလေစွ" ဟု ဤသို့ကြံစည်မှု,ကြောင့်ကြစိုက်မှုတို့မရှိကြပေ။ စက္ခုနှင့်ရူပါရုံစသော အာယတနတို့သည် ဒွါရအဖြစ်, တည်ရာဝတ္ထုအဖြစ်, အာရုံအဖြစ်ဖြင့် ဝိညာဏ်တို့ဖြစ်ပေါ်ရန် ငါတို့အားထုတ်ကြမည်, ကြောင့်ကြစိုက်ကြ မည်ဟူ၍ မရှိကုန်။ စင်စစ်သော်ကား စက္ခုနှင့်ရူပါရုံစသည်တို့ အညီအညွတ်ဆုံမိကြလျှင် စက္ခုဝိညာဏ်စသည်တို့ဖြစ်ပေါ်ကြကုန်၏။ ဤသို့ဖြစ်ပေါ်ခြင်းသည် ဖြစ်မြဲရိုးရာဓမ္မတာသာလျှင်ဖြစ်၏။ ထို့ကြောင့် သင်္ခတအာယတနတို့ကို အားထုတ်မှုကင်းသောအားဖြင့် ကြောင့်ကြဗျာပါရ ကင်းသောအားဖြင့် ရှုအပ်၏။

### (ဂ) ဥပမာများဖြင့်ရှုအပ်ပုံ

အဇ္ဈတ္တိကာယတန ၆-ပါးတို့ကို **ရွာပျက်**ကဲ့သို့ ရှုအပ်၏။ အကြောင်းမှာ

ခိုင်မြဲသည့်အဖြစ် တင့်တယ်သည့်အဖြစ် ၊ ချမ်းသာသည့်အဖြစ်၊ အတ္တအဖြစ်တို့မှ ကင်းကြသောကြောင့်တည်း။ ဗာဟိရာယတန ၆-ပါးတို့ကို ရွာကိုလုယက်ဖျက်ဆီးသော ခိုးသူတို့ကဲ့သို့ ရှုအပ်၏။ အကြောင်းမှာ အဇ္ဈတ္တိကာယတနတို့ကို ထိပါးတိုက်ခိုက်တတ်သောကြောင့်ပင်တည်း။ မှန်ပေ၏။ "ရဟန်းတို့ -မျက်စိကို နှစ်သက်ဖွယ် အဆင်း, မနှစ်သက်ဖွယ်အဆင်းတို့က နှိပ်စက်ကြ၏" စသောစကားကို ဘုရားရှင် ဟောတော်မူအပ်၏။

တစ်ဖန် အဇ္ဈတ္တိကာယတန ၆-ပါးတို့ကို မြွေ, မိကျောင်း, ငှက် , ခွေး, မြေခွေး, မျောက် ဟူသောသတ္တဝါ ၆-ကောင်တို့ကဲ့သို့ ရှုအပ်၏။ ဗာဟိရာယတန ၆-ပါးတို့ကို ထိုသတ္တဝါ ၆-ကောင်တို့၏ ကျက်စားရာအရပ်ကဲ့သို့ ရှုအပ်၏။ ဤသို့လျှင် အာယာတနတို့၌ ရှုအပ်သည့် အဖြစ်အားဖြင့် အဆုံးအဖြတ်ကို သိအပ်၏။

## * ဓာတ်တို့ကို အကျယ်ပြဆိုချက်

### ဓာတ် ၁၈-ပါး

| ဒွါရ ၆-ပုံ<br>အခံဓာတ်) | အာရုံ ၆-တန်<br>(အတိုက်ဓာတ်) | ဝိညာဏ်<br>၆-သွယ်<br>(အပွင့်ဓာတ်) |
|---|---|---|
| စက္ခုဓာတ်- စက္ခုပသာဒ<br>သောတဓာတ်-သောတပသာဒ<br>ဃာနဓာတ်- ဃာနပသာဒ<br>ဇိဝှာဓာတ် - ဇိဝှာပသာဒ<br>ကာယဓာတ်- ကာယပသာဒ<br>မနောဓာတ်- ပဉ္စဒွါရာဝဇ္ဇန်း၊<br>သမ္ပဋိစ္ဆိုန်းဒွေ | ရူပဓာတ် - ရူပါရုံ<br>သဒ္ဒဓာတ် - သဒ္ဒါရုံ<br>ဂန္ဓဓာတ် - ဂန္ဓာရုံ<br>ရသဓာတ် - ရသာရုံ<br>ဖောဋ္ဌဗ္ဗဓာတ်- ဖောဋ္ဌဗ္ဗာရုံ<br>ဓမ္မဓာတ် - ဓမ္မာရုံ | စက္ခုဝိညာဏဓာတ်<br>သောတဝိညာဏဓာတ်<br>ဃာနဝိညာဏဓာတ်<br>ဇိဝှာဝိညာဏဓာတ်<br>ကာယဝိညာဏဓာတ<br>မနောဝိညာဏဓာတ်<br>(စိတ် ၇၆ ပါး) |

**ဓာတ်၁၈-ပါး၌အဆုံးအဖြတ်**

(၁) သဒ္ဒါအနက်အားဖြင့် (၂)လက္ခဏာအားဖြင့် (၃) အစဉ်အားဖြင့် (၄)ဓာတ်-၁၈ပါးသာရှိခြင်းအားဖြင့် (၅) ခေါ်ဆိုရေတွက်ခြင်းအားဖြင့် (၆) ကျေးဇူးပြုခြင်း(ပစ္စည်း)အားဖြင့် (၇) ရှုမှတ်သောအားဖြင့် အဆုံးအဖြတ်တို့ကို သိအပ်၏။

**(၁) သဒ္ဒါအနက်အားဖြင့်**

**၁။ စီရင်တတ်သောကြောင့် ဓာတု-ဓာတ်မည်ပုံ**

စက္ခု,သောတစသောလောကီဓာတ်တို့သည် သံသရာဆင်းရဲ အမျိုးမျိုးတို့၏ အကြောင်းအသီးသီးအဖြစ် သီးခြားတည်ကြလျက် များပြားလှစွာသော

သံသရာဆင်းရဲကို စီရင်တတ်, ဖြစ်စေတတ်ကြ၏။ ရွှေကျောက်, ငွေကျောက် စသောဓာတ်တို့က ရွှေ,ငွေစသည်ကို ဖြစ်စေသကဲ့သို့တည်း။ ဤသို့သံသရာ ဆင်းရဲကို စီရင်တတ်သောကြောင့် စက္ခုစသည်ကို ဓာတ် ဟုခေါ်၏။

**၂။ ဆောင်အပ်သောကြောင့် ဓာတ်မည်ပုံ**

ဝန်ထမ်းသမားများသည် ဝန်ထုပ်ဝန်ပိုးများကိုထမ်းဆောင်ကြရသကဲ့သို့ သတ္တဝါတို့သည် စက္ခု, သောတစသည့်ဓာတ်တို့ကို ထမ်းဆောင်ကြရ၏။ စက္ခုစသည်တို့သည် ဝန်ထုပ်ပမာထမ်းဆောင်ရသောတရားများဖြစ်သောကြောင့် စက္ခုစသည်ကို ဓာတ်ဟုခေါ်၏။

**၃။ စီရင်ခြင်းသဘောသည် ဓာတ်မည်ပုံ**

စက္ခုစသည်တို့သည် သတ္တဝါတို့၏အလိုဆန္ဒအတိုင်း မလိုက်မလျောဘဲ ဆင်းရဲကိုစီရင်ခြင်းမျှသာဖြစ်ကြ၏။ ဤသို့ ဆင်းရဲကိုစီရင်ခြင်းမျှသာ ဖြစ်သောကြောင့် စက္ခုစသည်ကို ဓာတ်ဟုခေါ်၏။

**၄။ စီရင်ကြောင်းဖြစ်သောကြောင့် ဓာတ်မည်ပုံ**

သတ္တဝါတို့သည် စက္ခုစသောဓာတ်သဘောတို့ဖြင့် သံသရာဆင်းရဲကို စီရင်ကြကုန်၏။ ဤသို့ စက္ခုစသည်တို့သည် သံသရာဆင်းရဲကို စီရင်ကြောင်း တရားများဖြစ်ကြသောကြောင့် ဓာတု-ဓာတ်ဟု မည်ပါသည်။

**၅။ ထားရာဖြစ်ခြင်းကြောင့် ဓာတ်မည်ပုံ**

သတ္တဝါတို့သည် မိမိတို့စီရင်အပ်ပြီးသောဆင်းရဲတို့ကို စက္ခုစသည့် ဓာတ်သဘောတို့၌ ထားကြ၏။ ဤသို့သံသရာဆင်းရဲ၏ထားရာဖြစ်ခြင်းကြောင့် စက္ခုစသည်တို့သည် ဓာတ်မည်ကြ၏။

**၆။ မိမိ၏သဘောကိုဆောင်တတ်သောကြောင့် ဓာတ်မည်ပုံ**

ရူပဓာတ်ဟူသောရူပါရုံသည် မိမိ၏အဆင်းကိုပြတတ်သည့်သဘောကို ဆောင်၏။ စက္ခုဓာတ်ဟူသောစက္ခုပသာဒသည် အဆင်းထင်လောက်အောင် ကြည်လင်ခြင်းသဘောကို ဆောင်၏။ ဤသို့ မိမိ၏သဘောအသီးသီးကို ဆောင်တတ်သောကြောင့် စက္ခုစသည်တို့သည် ဓာတု-ဓာတ်မည်ကြပါသည်။

**၇။ ကျောက်ဓာတ်နှင့်တူသောကြောင့် ဓာတ်ဟုမည်ပုံ**

လောက၌ ဆန်းကြယ်ကုန်သောဆေးဒန်းမြင်းသီလာစသည့် ကျောက်၏ အစိတ်တို့ကို ဓာတ်ဟုခေါ်ကြ၏။ ထို့အတူပင် ဉေ ယျတရား တို့၏အစိတ်ဖြစ်ကုန် သော စက္ခုစသည့်သဘောတို့သည် ဆေးဒန်းမြင်းသီလာကဲ့သို့ ဆန်းကြယ်ကြကုန်၏။ ဤသို့ ကျောက်ဓာတ်နှင့်တူသောကြောင့် စက္ခုစသည်တို့သည် ဓာတ်မည်၏။

**၈။ ဓာတ်ဟုအမည်သတ်မှတ်ခေါ်ဆိုအပ်သောကြောင့် ဓာတ်မည်ပုံ**

အစာအာဟာရမှဖြစ်ကုန်သော အရည်, အဆီ, သွေး စသည်တို့ကို အရည်ဓာတ်, အဆီဓာတ်, သွေးဓာတ်စသည်ဖြင့် ဓာတ်အမည်သတ်မှတ်၍ ခေါ်ဆိုသကဲ့သို့ ခန္ဓာကိုယ်အတ္တဘော၏အစိတ်ဖြစ်ကုန်သော စက္ခု, သောတ စသည်တို့သည် ကွဲပြားသောလက္ခဏာရှိကြသဖြင့် ၎င်းတို့ကို ဓာတ်ဟုသတ်မှတ်၍ စက္ခုဓာတ်, သောတဓာတ်စသည်ဖြင့်ခေါ်ဝေါ်ကြ၏။

**၉။ ဇီဝခေါ်အသက်ကောင်မဟုတ်သော သဘောတရားမျှသာဖြစ်၍ ဓာတ်မည်ပုံ**

ဓာတု-ဓာတ်ဟူသောအမည်သည် ဇီဝခေါ်အသက်ကောင်မဟုတ်သော သဘောတရားမျှ၏ (ဝါ) သက်မဲ့သဘောတရားမျှ၏ အမည်ဖြစ်၏။ ထို့ကြောင့်ပင် မြတ်စွာဘုရားသည် " ရဟန်း-ဤယောက်ျားသည် (ပထဝီ,အာပေါ,တေဇော,ဝါယော, အာကာသဓာတ်,ဝိညာဏဓာတ်ဟူသည့်) ဓာတ်၆-ပါးမျှသာရှိ၏" အစရှိသည့် ဒေသနာ၌ အသက်ကောင်ဟုထင်မှတ်မှု-ဇီဝသညာကို ပယ်နှုတ်ခြင်း အကျိုးငှာ ဓာတ်တရားကို ဟောကြားတော်မူ၏။ သက်ရှိသက်မဲ့ လောကအလုံးစုံ၌ စက္ခု,သောတစသည့်ဓာတ် ၁၈ ပါးသာရှိခြင်းကို ဟောကြားခြင်းဖြင့် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, အတ္တ, ဇီဝတို့မရှိကြောင်းကို ထင်ရှားစေပါသည်။

**(၂) လက္ခဏာအားဖြင့်အဆုံးအဖြတ်**

ခန္ဓနိဒ္ဒေသ၌ ရုပ်,စိတ်,စေတသိက်တို့၏လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ဖော်ပြခဲ့ရာ၌ ဓာတ် ၁၈ ပါးတို့၏လက္ခဏာ,ရသစသည်တို့လည်း ပါဝင်ခဲ့ပြီးဖြစ်ပေ၏။

**(၃)အစဉ်အားဖြင့်အဆုံးအဖြတ်**

ဤအရာ၌လည်း အကြောင်းအကျိုးကိုအစဉ်အတိုင်း ပိုင်းခြားပြသောဒေသနာ အစဉ်သာ သင့်လျော်ပေ၏။ အမြွက်မျှပြရလျှင် စက္ခုဓာတ်ဟူသော စက္ခုပသာဒ (အခံဓာတ်)ကို ရူပဓာတ်ခေါ် ရူပါရုံ(အတိုက်ဓာတ်)က ထိတိုက်သည့်အတွက် စက္ခုဝိညာဏဓာတ်ခေါ် မြင်သိစိတ် (အပွင့်ဓာတ်)ဖြစ်ပေါ်လာ၏။ သို့အတွက် စက္ခုဓာတ်နှင့် ရူပဓာတ်တို့သည် အကြောင်းပစ္စည်းဖြစ်ပြီးလျှင် စက္ခုဝိညာဏဓာတ် သည် အကျိုးပစ္စယုပ္ပန်ဖြစ်၏။ ဓာတ် ၁၈-ပါးဇယားတွင် ဤအကြောင်းအကျိုး အစီအစဉ်အတိုင်း ဓာတ် ၁၈-ပါးကို ဖော်ပြထားပါသည်။

**(၄) ဓာတ် ၁၈-ပါးသာရှိခြင်း အဆုံးအဖြတ်**

သုတ္တန်,အဘိဓမ္မာ,ပါဠိတော်တို့၌ အာဘာဓာတ်, သုဘဓာတ်, အာကာသနဉ္စာယတနဓာတ်, ကာမဓာတ်,နေက္ခမ္မဓာတ်, ဗျာပါဒဓာတ်, ဝိဟိံသဓာတ်,

ဟီနဓာတ်, မဇ္ဈိမဓာတ်, ပဏီတဓာတ်, ပထဝီဓာတ်, တေဇောဓာတ်, ဝါယောဓာတ်, သင်္ခတဓာတ်, အသင်္ခတဓာတ် စသည်ဖြင့် ဓာတ်အမျိုးမျိုးရှိပါလျက် ထိုဓာတ်တို့ကို မဟောဘဲ အဘယ်ကြောင့် စက္ခုစသောဓာတ် ၁၈ ပါးကိုသာ ဟောတော်မူပါသနည်း ဟု မေးဖွယ်ရာရှိ၏။

အဖြေမှာ ပရမတ္ထအားဖြင့် ထင်ရှားရှိကုန်သောဓာတ်အားလုံးတို့သည် စက္ခုဓာတ်, ရူပဓာတ် စသည့်ဓာတ် ၁၈ ပါး၌ အတွင်းဝင်သောကြောင့် ဓာတ် ၁၈-ပါးကိုသာ ဟောတော်မူ၏။

**အာဘာဓာတ်, သုဘဓာတ် စသည်တို့သည် ဓာတ်၁၈-ပါး၌အတွင်းဝင်ပုံ**

**(က) အာဘာဓာတ်**(အလင်းဓာတ်)သည် ရူပဓာတ် -အဆင်း၌ အတွင်းဝင်၏။

**(ခ) သုဘဓာတ်** (တင့်တယ်သောဓာတ်)သည် ရူပဓာတ်နှင့်စပ်၏။ တင့်တယ်သည်ဟုထင်ရသော သုဘနိမိတ်သည် သုဘဓာတ်မည်၏။ ထိုသုဘ နိမိတ်သည် ရူပဓာတ်စသည်မှမလွတ်ပေ။ အကြောင်းမှာ ကုသလဝိပါက်၏အာရုံဖြစ်ကုန်သော ရူပဓာတ်, သဒ္ဒဓာတ်စသည်တို့သည် သုဘဓာတ် ဖြစ်သောကြောင့်တည်း။ ထို့ကြောင့် သုဘဓာတ်သည် ရူပဓာတ် စသည်သာဖြစ်၏။

**(ဂ) အာကာသာနဉ္စာယတနဓာတ်**စသည်တို့၌ စိတ်သည် မနောဝိညာဏဓာတ်ဖြစ်၏။ ထိုစိတ်နှင့်ယှဉ်သောစေတသိက်တို့သည် ဓမ္မဓာတ်သာလျှင်ဖြစ်၏။

**(ဃ) သညာဝေဒယိတနိရောဓဓာတ်**သည်ကား ပရမတ္ထအားဖြင့်မရှိပေ။ ယင်းဓာတ်သည် မနောဝိညာဏဓာတ်, ဓမ္မဓာတ်ဟူသော ဓာတ်၂-ပါးတို့၏ ချုပ်ခြင်းမျှသာဖြစ်၏။

**(င) ကာမဓာတ်**သည် ဓမ္မဓာတ်မျှသည်မူလည်း ဖြစ်၏။ ဤအဆိုနှင့်အညီ ဘုရားဟောတော်မူသည်မှာ "ကာမဓာတ်ဟူသည် အဘယ်နည်း ၊ ကာမာအာရုံကို လိုချင်နှစ်သက်မှုနှင့်ယှဉ်သောကြံခြင်း၊ အထူးကြံခြင်း၊ မှားယွင်းစွာကြံခြင်း - မိစ္ဆာသင်္ကပ္ပပေတည်း" ဟူ၍ဖြစ်၏။ တစ်နည်း-၁၈ပါးသောဓာတ်တို့သည်လည်း ကာမဓာတ်မည်၏။ မြတ်စွာဘုရားဟောကြားသည်မှာ " အောက်တွင် အဝီစိငရဲ, အထက်တွင် ပရနိမ္မိတဝသဝတ္တီနတ်ပြည်တို့ပါဝင်သော ကာမဘုံအတွင်း၌ ခန္ဓာ, ဓာတ်,အာယတနတို့သည်လည်းကောင်း၊ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့သည်လည်းကောင်း ရှိကုန်၏။ ဤခန္ဓာ စသည်ကို ကာမဓာတ်ဟု ဆိုအပ်၏။"

**(စ) နေက္ခမ္မဓာတ်**ဟူသည် ဓမ္မဓာတ်ပေတည်း "ကုသိုလ်တရားအားလုံးတို့ သည်လည်း နေက္ခမ္မဓာတ်မည်၏"ဟု ဟောတော်မူသဖြင့် မနောဝိညာဏ ဓာတ်သည်လည်း **နေက္ခမ္မဓာတ်မည်သေး၏။**

**(ဆ) ဗျာပါဒဓာတ်၊ ဝိဟိံသာဓာတ်** (ညှဉ်းဆဲလိုသောဆန္ဒ)၊ **အဗျာပါဒဓာတ်၊** အဝိဟိံသဓာတ်(ကရုဏာ),သုခဓာတ်၊ ဒုက္ခဓာတ်၊ သောမနဿ၊ဒေါမနဿ၊ ဥပေက္ခာဓာတ်၊ အဝိဇ္ဇာဓာတ်၊ အာရမ္ဘဓာတ်၊ နိက္ကမဓာတ်၊ ပရက္ကမဓာတ်တို့သည် ဓမ္မဓာတ်သာလျှင်ဖြစ်ကြ၏။

**(ဇ)** ဟီနဓာတ်, မဇ္ဈိမဓာတ်, ပဏီတဓာတ်တို့သည် ဓာတ်၁၈-ပါးသာ ဖြစ်ကြ၏။ ရှင်းပြရသော် ယုတ်ညံ့သောစက္ခုစသည့်ဓာတ်သည် ဟီနမည်၏။ အလယ်အလတ်, အမြတ်တို့သည် မဇ္ဈိမဓာတ်နှင့် ပဏီတဓာတ်မည်ကုန်၏။ မုချအားဖြင့်မူကား အကုသိုလ်ဖြစ်ကြသော ဓမ္မဓာတ်နှင့် မနောဝိညာဏဓာတ်တို့သည် ဟီနဓာတ် မည်ကုန်၏။ လောကီကုသိုလ် အဗျာကတဖြစ်ကုန်သော ဓမ္မနှင့် မနောဝိညာဏဓာတ် ၂-ပါး၊ စက္ခုစသောဓာတ်တို့သည် မဇ္ဈိမဓာတ်မည်၏။ လောကုတ္တရာဓမ္မဓာတ်နှင့် မနောဝိညာဏဓာတ်တို့သည် ပဏီတမည်၏။

**(ဈ)** ပထဝီဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့သည် ဖောဋ္ဌဗ္ဗဓာတ်ဖြစ်၏။

**(ည)** အာပေါဓာတ်နှင့် အာကာသဓာတ်သည် ဓမ္မဓာတ်ဖြစ်၏။

**(ဋ)** ဝိညာဏဓာတ်သည် စက္ခုဝိညာဏ်စသောဝိညာဏဓာတ်၇-ပါးတို့၏စုပေါင်းအမည်တည်း။

**(ဌ)** သင်္ခတဓာတ်သည် ဓမ္မဓာတ်မှတစ်ပါး ကျန်ဓာတ်၁၇-ပါးနှင့် နိဗ္ဗာန်ကြဉ်သည့်ဓမ္မဓာတ်တစ်စိတ်ဖြစ်၏။ အသင်္ခတဓာတ်သည် နိဗ္ဗာန်ဖြစ်၍ ဓမ္မဓာတ်တွင် ပါဝင်၏။

**မှတ်ချက်**-ဓာတ်၁၈-ပါးတွင် ရုပ်၂၈-ပါး၊ စိတ်၈၉-ပါး (ဝါ) ၁၂၁-ပါး၊ စေတသိက်၅၂-ပါး၊ နိဗ္ဗာန်ဟူသည့်ပရမတ်တရားအားလုံးပါဝင်၏။ အာယတန ၁၂ ပါးတွင်လည်း ပရမတ်တရားအားလုံးပါဝင်၏။ အသက်ကောင်, သတ္တဝါကောင်ဟု အမှတ်မှားမှုဇီဝသညာကို နှုတ်ပယ်တော်မူလို၍ အာယတန၁၂-ပါး ၊ ဓာတ်၁၈-ပါးကို မြတ်စွာဘုရားဟောကြားတော်မူသည်။

**(၅) ခေါ်ဆိုရေတွက်ခြင်းအားဖြင့် အဆုံးအဖြတ်**

**စက္ခုဓာတ်**သည် အမျိုးဇာတ်အားဖြင့် စက္ခုပသာဒတစ်ပါးတည်းကိုသာ ခေါ်ဆိုရေတွက်ခြင်းသို့ရောက်၏။ သောတ, ဃာန, ဇိဝှာ, ကာယဓာတ်တို့သည် လည်းကောင်း ၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသဓာတ်တို့သည်လည်းကောင်း ၊ တရားတစ်ပါးစီကိုသာ ခေါ်ဆိုရေတွက်ခြင်းသို့ရောက်ကုန်၏။

ဖောဋ္ဌဗ္ဗဓာတ်သည် ပထဝီ, တေဇော, ဝါယောဟူသော တရား၃-ပါးကို ခေါ်ဆိုရေတွက်၏။

**စက္ခုဝိညာဏဓာတ်**သည် ကုသလဝိပါက်စက္ခုဝိညာဏ်, အကုသလဝိပါက်

စက္ခုဝိညာဏ်တို့ကို ခေါ်ဆိုရေတွက်ခြင်းသို့ရောက်၏။ သောတ, ဃာန, ဇိဝှာ, ကာယဝိညာဏဓာတ်တို့သည် ထို့အတူပင်။

မနောဓာတ်သည် ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်း၂-ပါး၊ ပေါင်း ၃-ပါးကို ခေါ်ဆိုရေတွက်၏။

မနောဝိညာဏဓာတ်သည် ဒွေပဉ္စဝိညာဏ်၁၀-ပါးနှင့် မနောဓာတ်၃-ပါးကြဉ်သော စိတ် ၇၆-ပါးကို ခေါ်ဆိုရေတွက်၏။ ထိုစိတ် ၇၆-ပါးတွင် ကုသိုလ်စိတ် ၂၁-ပါး၊ အကုသိုလ်စိတ် ၁၂-ပါး အဗျာကတာစိတ် ၄၃-ပါးတို့ပါဝင်ကြ၏။

**(၆) ကျေးဇူးပြုခြင်း (ပစ္စယ) အားဖြင့်အဆုံးအဖြတ်**

**(က)** ပဉ္စဒွါရ၌ဓာတ်အချင်းချင်းကျေးဇူးပြုပုံ

" တိ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဇ-ဒါ-ဒါ-ဘဝင်-

၁။ စက္ခုဓာတ် (စက္ခုပသာဒ)သည် စက္ခုဝိညာဏဓာတ်အား ဝိပ္ပယုတ္တ, ပုရေဇာတ, အတ္ထိ, အဝိဂတ, နိဿယ, ဣန္ဒြိယပစ္စည်းတို့အလိုအားဖြင့် ၆-ပါးသောပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။ သောတဓာတ်စသည်တို့လည်း သောတဝိညာဏဓာတ်စသည်ကို အလားတူကျေးဇူးပြု၏။

၂။ ရူပဓာတ်(အဆင်း)သည် စက္ခုဝိညာဏဓာတ်အား ပုရေဇာတ, အတ္ထိ, အဝိဂတ, အာရမ္မဏပစ္စည်းတို့အလိုအားဖြင့် ၄-ပါးသောပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

သဒ္ဒဓာတ်စသည်တို့လည်း သောတဝိညာဏဓာတ်စသည်ကို အလားတူ ကျေးဇူးပြု၏။

၃။ ပဉ္စဒွါရဝဇ္ဇန်း-မနောဓာတ်သည် ပဉ္စဝိညာဏဓာတ်အား အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အနန္တရူပနိဿယပစ္စည်းတို့အလိုအားဖြင့် ၅-ပါးသော ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြု၏။

၄။ ပဉ္စဝိညာဏဓာတ်သည် သမ္ပဋိစ္ဆိုန်း-မနောဓာတ်အား ထို့အတူပင် ၅-ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

၅။ သမ္ပဋိစ္ဆိုန်း-မနောဓာတ်သည် သန္တီရဏ-မနောဝိညာဏဓာတ်အား ထို့အတူပင် ၅-ပါးသောပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

၆။ သန္တီရဏ-မနောဝိညာဏဓာတ်သည် ဝုဋ္ဌော-မနောဝိညာဏဓာတ်အား ထို့အတူပင် ၅-ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

၇။ ဝုဋ္ဌောသည် ဇော-မနောဝိညာဏဓာတ်အား ထို့အတူပင်ကျေးဇူးပြု၏။

၈။ ဇောမနောဝိညာဏဓာတ်သည် အခြားမဲ့ဇောမနောဝိညာဏဓာတ်အား ထို ၅ ပစ္စည်းနှင့် အာသေဝနပစ္စည်းဟူသော ၆-ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

**(ခ) မနောဒွါရ၌ ဓာတ်အချင်းချင်းကျေးဇူးပြုပုံ**

"န-ဒ-မ-ဓ-ဓ-ဓ-ဓ-ဓ-ဓ-ဓ-ဒါ-ဒါ-"ဘဝင်-

၁။ ဘဝင်-မနောဝိညာဏဓာတ်သည် မနောဒွါရာဝဇ္ဇန်း-မနောဝိညာဏဓာတ်အား အနန္တရ, သမနန္တရ, နတ္ထိ, ဝိဂတ, အနန္တရူပ နိဿယပစ္စည်း တို့အလိုအားဖြင့် ၅-ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြု၏။

၂။ မနောဒွါရာဝဇ္ဇန်းသည် ဇောမနောဝိညာဏဓာတ်အား ထို့အတူ ၅-ပစ္စည်းဖြင့် ကျေးဇူးပြု၏။

၃။ ဓမ္မဓာတ်သည် ဝိညာဏဓာတ် ၇-ပါးတို့အား သဟဇာတ, အညမည, နိဿယ, သမ္ပယုတ္တ, အတ္ထိ, အဝိဂတ စသည့် များစွာသောပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။

၄။စက္ခုဓာတ်စသည်တို့နှင့် အချို့သောဓမ္မဓာတ်တို့သည် အချို့သော မနောဝိညာဏဓာတ်အား အာရမ္မဏပစ္စည်း စသည်တို့ဖြင့်လည်း အသီးသီး ကျေးဇူးပြုကြ၏။

၅။ စက္ခုဝိညာဏဓာတ်စသည်တို့အား စက္ခုဓာတ်, ရူပဓာတ်တို့ သက်သက်သာလျှင် ကျေးဇူးပြုကြသည်မဟုတ်၊ အလင်းရောင်စသည်တို့လည်း ကျေးဇူးပြုကြသေး၏။ ထို့ကြောင့်ရှေးဆရာတို့က အောက်ပါအတိုင်း မိန့်ဆိုကြ၏-

**ရှေးဆရာတို့၏ ဝိညာဏဓာတ်ဖြစ်ပုံမိန့်ဆိုချက်**

၁။ စက္ခုပသာဒ, ရူပါရုံ,အလင်းရောင်, မနသိကာရ (နှလုံးသွင်းမှု)တို့ကို အကြောင်းပြု၍ (စွဲမှီ၍) စက္ခုဝိညာဏဓာတ် (စက္ခုဒွါရဝီထိ) ဖြစ်၏။

၂။ သောတပသာဒ, သဒ္ဒါရုံ, အပေါက်အကြား (နားပေါက်), မနသိကာရတို့ကို အကြောင်းပြု၍ သောတဝိညာဏဓာတ် (သောတဒွါရဝီထိ) ဖြစ်၏။

၃။ ဃာနပသာဒ, ဂန္ဓာရုံ, အနံ့ဆောင်သောလေ, မနသိကာရတို့ကို အကြောင်းပြု၍ ဃာနဝိညာဏဓာတ် (ဃာနဒွါရဝီထိ) ဖြစ်၏။

၄။ ဇိဝှာပသာဒ, ရသာရုံ, လျှာအရည်အစိုဓာတ်, မနသိကာရတို့ကို အကြောင်းပြု၍ ဇိဝှာဝိညာဏဓာတ် (ဇိဝှာဒွါရဝီထိ) ဖြစ်၏။

၅။ ကာယပသာဒ, ဖောဋ္ဌဗ္ဗာရုံ, ပထဝီဓာတ်, မနသိကာရတို့ကို အကြောင်းပြု၍ ကာယဝိညာဏဓာတ် (ကာယဒွါရဝီထိ) ဖြစ်၏။

၆။ ဘဝင်စိတ် (မန), ဓမ္မာရုံ, ဟဒယဝတ္ထု, မနသိကာရတို့ကို အကြောင်းပြု၍ မနောဝိညာဏဓာတ် (မနောဒွါရဝီထိ) ဖြစ်၏။

**မှတ်ချက်**- အလင်းရောင်ဟူသည် နေရောင်စသည်ပင်၊ ၎င်းသည် သုတ္တန်နည်းအားဖြင့် ဥပနိဿယပစ္စည်းဖြစ်သည်ဟု သိအပ်၏။

## (၇) ရှုအပ်သောအားဖြင့် အဆုံးအဖြတ်

သဉ်တဓာတ်အားလုံးကို ခဏသုံးပါးမှ ရှေးအဖို့ နောက်အဖို့တို့၌ ကင်းဆိတ်သောအားဖြင့်လည်းကောင်း၊ ခိုင်မြဲခြင်း (နိစ္စ), တင့်တယ်ခြင်း(သုဘ), ချမ်းသာခြင်း(သုခ), အတ္တ (ပုဂ္ဂိုလ်,သတ္တဝါ,ငါ) အဖြစ်တို့မှ ဆိတ်သုဉ်းခြင်းအားဖြင့်လည်းကောင်း ၊ အကြောင်းတို့နှင့်စပ်၍ဖြစ်ရခြင်းအားဖြင့်လည်းကောင်း ရှုအပ်ကုန်၏။

**အထူးအားဖြင့်မူ-**

၁။ **စက္ခုဓာတ်**ကို စည်၏မျက်နှာပြင်၊ **ရူပဓာတ်** (အဆင်း)ကို တီးခေါက်စရာတုတ်၊ **စက္ခုဝိညာဏဓာတ်**(မြင်သိစိတ်)ကို ထွက်ပေါ်လာသော အသံကဲ့သို့ ရှုအပ်၏။

၂။ ထို့အပြင် စက္ခုဓာတ်ကို ကြေးမုံပြင် (ကြည့်မှန်)၊ ရူပဓာတ်ကို မျက်နှာ၊ စက္ခုဝိညာဏဓာတ်ကို မှန်၌ထင်သောမျက်နှာရိပ်ကဲ့သို့ ရှုအပ်၏။

၃။ တစ်နည်းကား စက္ခုဓာတ်ကို ကြံမျှား (နှမ်းစေ့များ) ၊ ရူပဓာတ်ကို ကြံညှစ်စက် (ဆီကြိတ်ဆုံ)တို့၌ ဖိညှပ်ကြိတ်သည့်တုတ်တံ(ကျည်ပွေ့)၊ စက္ခုဝိညာဏဓာတ်ကို ကြံရည် (ဆီ)တို့ကဲ့သို့ ရှုအပ်၏။

၄။ တစ်နည်းကား **စက္ခုဓာတ်**ကို မီးပွတ်ခုံ၊ **ရူပဓာတ်**ကို မီးပွတ်တံ၊ **စက္ခုဝိညာဏဓာတ်**ကို မီးကဲ့သို့ ရှုအပ်၏။

၅။ **သောတဓာတ်**စသည်တို့၌လည်း ဤနည်းပင်ရှုအပ်၏။

၆။ **မနောဓာတ်**(ပဉ္စဒွါရာဝဇ္ဇန်းနှင့်သမ္ပဋိစ္ဆိုန်း)တို့ကို စက္ခုဝိညာဏဓာတ်စသည်တို့၏ ရှေ့သွားနောက်လိုက်ကဲ့သို့ ရှုအပ်၏။

၇။ ဓမ္မဓာတ်ထဲမှ **ဝေဒနာက္ခန္ဓာ**ကို မြားငြောင့်ကဲ့သို့ တံကျင်ကဲ့သို့ ရှုအပ်၏။

သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာတို့ကို ဝေဒနာဟူသော မြားငြောင့်, တံကျင်တို့နှင့်ယှဉ်ခြင်းကြောင့် နာကျင်နေသူတို့ကဲ့သို့ ရှုအပ်၏။

၈။ တစ်နည်းကား သညာကို မရနိုင်သည်ကို တောင့်တခြင်း ဆင်းရဲကို ဖြစ်စေတတ်သောကြောင့် အချည်းနှီးလက်ဆုပ်ကဲ့သို့လည်းကောင်း မဟုတ်မှန်သည့်အမှတ်နိမိတ်ကို ယူတတ်သောကြောင့် တောသမင်ကဲ့သို့ လည်းကောင်း ရှုအပ်၏။

၉။ **သင်္ခါရ**တို့ကို ပဋိသန္ဓေ၌ပစ်ချတတ်သောကြောင့် မီးကျီတွင်းသို့ပစ်ချတတ်သည့် ယောကျ်ားတို့ကဲ့သို့လည်းကောင်း၊ ဇာတိဒုက္ခလိုက်ပါလာသောကြောင့် ရဲသားတို့လိုက်၍ ပြေးနေရသော ခိုးသူတို့ကဲ့သို့လည်းကောင်း၊ အကျိုးမဲ့ဟူသမျှကို ဆောင်လာတတ်သည့် ခန္ဓာအစဉ်၏အကြောင်းဖြစ်သောကြောင့် အဆိပ်ပင်၏မျိုးစေ့တို့ကဲ့သို့လည်းကောင်း ရှုမှတ်အပ်၏။

၁၀။ **သုခုမရုပ်**သည် အမျိုးမျိုးကပ်၍နှိပ်စက်တတ်သည့် ဥပဒ္ဒဝေါတို့၏အကြောင်းနိမိတ်ဖြစ်သောကြောင့် ပဒုမ္မာကြာအသွင်ထင်ရသော သင်ခုန်းစက်ကဲ့သို့ ရှုမှတ်အပ်၏။

၁၁။ **အသင်္ခတဓာတ်** (နိဗ္ဗာန်)ကို အသေကင်းသောအားဖြင့်၊ ငြိမ်သက်ငြိမ်းအေးသောအားဖြင့်၊ ဘေးငြိမ်းသောအားဖြင့် ရှုမှတ်အပ်၏။ အကြောင်းမှာ အကျိုးမဲ့အလုံးစုံကို ဆောင်တတ်, ဖြစ်စေတတ်သော သင်္ခတဒုက္ခအပေါင်းရာဂစသောကိလေသာဒုက္ခအပေါင်း၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်ပေတည်း။

၁၂။ **မနောဝိညာဏဓာတ်**ကို အာရုံတို့၌ တည်တံ့ခြင်းမရှိသောကြောင့် တောမျောက်ကဲ့သို့၊ ဆုံးမနိုင်ခဲသော မြင်းယုတ်မြင်းဆိုးကဲ့သို့၊ အလိုရှိရာအာရုံများ၌ ကျရောက်တတ်သောကြောင့် ကောင်းကင်သို့မြှောက်တင်လိုက်သောတုတ်ကဲ့သို့၊ လောဘ,ဒေါသ စသည့်ကိလေသာအမျိုးမျိုးတို့၏အသွင်နှင့်ယှဉ်သောကြောင့် ကပြရာပွဲသဘင်၌ အသွင်အမျိုးမျိုးကိုဆောင်သည့် ကခြေသည်ကဲ့သို့ ရှုမှတ်အပ်၏။

*** ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့် အဖြေမှန်များ**

**၁။ ထောပတ်ထမင်း၊ ကြက်သားဟင်း၊ ခွေးတောက်ဟင်းချိုတို့ကို မြိန်ယှက်စွာစားနေရသည်ဟု အိပ်မက်မြင်မက်သူအား ဇိဝှာဝိညာဏ် စိတ်ဖြစ်မဖြစ်အကြောင်းပြစိစစ်ခဲ့ပါ။** (၁၉၈၇၊ စမန ၄၁၂)

**အဖြေ** - *ထောပတ်ထမင်း၊ ကြက်သားဟင်း ၊ ခွေးတောက်ဟင်းချိုတို့ကို မြိန်ယှက်စွာစားနေရသည် ဟု အိပ်မက်မြင်မက်သူအား ဇိဝှာဝိညာဏ်စိတ်မဖြစ်ပါ။ အကြောင်းမှာ ဇိဝှာဝိညာဏ်စိတ်ဖြစ်ပေါ်ရန် ဇိဝှာဓာတ်ခေါ် ဇိဝှာပသာဒ, ရသာရုံ, လျှာအရည်အစိုဓာတ်, မနသိကာရ-နှလုံးသွင်းမှုဟူသော အကြောင်းလေးပါးတို့ပြည့်စုံရပါသည်။ ဤအကြောင်း၄-ပါး မပြည့်စုံသောကြောင့် ဇိဝှာဝိညာဏ်စိတ်မဖြစ်ပေါ်ပါ။*

**၂။ ဝိသုဒ္ဓိမဂ္ဂသင်တန်းဆရာထံမှပို့ချချက်ကို နာယူရာ၌ မြင်သိစိတ်, ကြားသိစိတ်များဖြစ်ရာဝယ် ယင်းစိတ်တို့၏စွဲမှီဖြစ်ပေါ်ရာ အချက် အလက်များကို အသီးသီးတင်ပြပါ။** *(၁၉၈၉၊ စမန ၄၁၂)*

**အဖြေ** - *စက္ခုဝိညာဏ်စိတ် (မြင်သိစိတ်) စွဲမှီဖြစ်ပေါ်ရာ အချက်အလက်များမှာ စက္ခုဓာတ်ခေါ် စက္ခုပသာဒ, ရူပဓာတ်ခေါ် အဆင်း, အလင်းရောင်နှင့် မနသိကာရခေါ် နှလုံးသွင်းမှုတို့ဖြစ်ပါသည်။*

*သောတဝိညာဏ်စိတ် (ကြားသိစိတ်) စွဲမှီဖြစ် ပေါ်ရာအချက်အလက်များမှာ သောတဓာတ်ခေါ် သောတပသာဒ, သဒ္ဒဓာတ်ခေါ် အသံ, အပေါက်အကြား*

(နားပေါက်)နှင့် မနသိကာရခေါ် နှလုံးသွင်းမှု တို့ဖြစ်ပါသည်။

(၁၉၉၀၊ ၁၉၉၁၊ ၁၉၉၂၊ ၁၉၉၃၊ ၁၉၉၄ခုနှစ်တို့၌ မမေးပါ)

**၃။ နေရာဌာနကို " အာယတန"ဟုခေါ်ရာ၌ မည်သည့်တရားတို့၏ နေရာဖြစ်သည်ကို ဖြေဆိုပါ။** (၁၉၉၅၊ စမန ၄၀၂)

**အဖြေ** - မြင်သိစိတ်စသော စိတ်နှင့်စေတသိက်တို့သည် စက္ခုဓာတ် (မျက်စိ)နှင့် ရူပဓာတ် (အဆင်း) စသည့် ဒွါရနှင့်အာရုံထိတွေ့သည့်နေရာ၌ ဖြစ်ပေါ်ခြင်းကြောင့် စက္ခုဓာတ်, ရူပဓာတ်စသည်၌ နေသည်မည်ကုန်၏။ ထို့ကြောင့် စက္ခုဓာတ်, ရူပဓာတ်စသည်တို့သည် မြင်သိစိတ်စသည်နှင့် ယှဉ်ဖက်စေတသိက်တို့၏နေရာဌာနဖြစ်ကြ၏။ ထို့ကြောင့် အာယတနမည်၏။

ထို့အပြင် စက္ခုဓာတ် (စက္ခုဝတ္ထု)စသည့် ဝတ္ထုတို့ကို မှီကြသောကြောင့်လည်းကောင်း၊ အဆင်းစသည့်အာရုံတို့ကို အာရုံပြုကြသောကြောင့်လည်းကောင်း၊ စိတ်စေတသိက်တို့သည် ဒွါရ-ဝတ္ထု-အာရုံတို့နှင့်ရောပြွမ်း၍တည်ရှိကြ၏။ ထို့ကြောင့် စက္ခုဓာတ်, ရူပဓာတ် စသည်တို့သည် စိတ်စေတသိက်တို့၏ ပြွမ်းရာတည်ရာ နေရာဌာနတို့ဖြစ်ကြ၏။ သို့အတွက် စက္ခုဓာတ်, ရူပဓာတ် စသည်တို့သည် အာယတနမည်ကြ၏။

(၁၉၉၆၊ ၁၉၉၇၊ ၁၉၉၈၊ ၂၀၀၀၊ ၂၀၀၁ခုနှစ်တို့၌ မမေးပါ)

**၄။ စက္ခုပသာဒစသည်တို့သည်လည်း ဓမ္မသဘာဝဖြစ်၍ ဓမ္မာယတန၌ ထည့်သွင်းသင့်ပါလျက် မထည်းသွင်းမူ၍ အဘယ့်ကြောင့် အာယတန (၁၂)မျိုးခွဲခြား ဟောတော်မူသည်ကို ဖြေဆိုပါ။** (၂၀၀၂၊ စမန ၄၀၃)

**အဖြေ** - စက္ခုပသာဒစသည်တို့သည်လည်း ဓမ္မသဘာဝပင်ဖြစ်၍ ဓမ္မာယတန၌ ထည့်သွင်းသင့်ပါလျက် မထည့်သွင်းမူဘဲ အာယတန၁၂-မျိုးခွဲခြား ဟောတော်မူခြင်းမှာ ၆ ပါးသောဝိညာဏကာယ = ဝိညာဏ်အပေါင်းတို့၏ဖြစ်ရာ ဒွါရ ၆-ပါးနှင့် အာရုံ ၆-ပါးတို့ကို ပိုင်းခြား၍ပြတော်မူလိုသောကြာင့် အာယတန ၁၂ ပါး-ဟု ဟောတော်မူခြင်းဖြစ်သည်။

ထပ်မံ၍ရှင်းပြရလျှင် စက္ခုဝိညာဏဝီထိ၌အတွင်းဝင်သော ဝိညာဏကာယ=ဝိညာဏ်အပေါင်း၏ဖြစ်ရာဒွါရသည် စက္ခာယတနခေါ် စက္ခုဒွါရသာလျှင်ဖြစ်၏။ အာရုံသည်လည်း အဆင်းရူပါရုံခေါ် ရူပါယတနသာဖြစ်၏။ ထို့အတူ သောတဝိညာဏဝီထိ, ဃာနဝိညာဏဝီထိ, ဇိဝှာဝိညာဏဝီထိ, ကာယဝိညာဏဝီထိအသီးသီးတို့၌ အတွင်းဝင်သော ဝိညာဏကာယ = ဝိညာဏ်အပေါင်း၏ဖြစ်ရာဒွါရသည် သောတာယတန, ဃာနာယတန စသည့်ဒွါရတို့သာ ဖြစ်ကြ၏။

*အာရုံတို့သည်လည်း အသံသဒ္ဒါရုံခေါ် သဒ္ဒါယတန စသည်တို့သာဖြစ်ကြ၏။*

*အထူးမှာ မနောဝိညာဏဝီထိ၌ အတွင်းဝင်သော ဆဋ္ဌဝိညာဏကာယ၏ ဖြစ်ရာဒွါရသည် ဘဝင်စိတ်ခေါ် မနာယတနစိတ်သာလျှင်ဖြစ်၏။ အာရုံသည်လည်း စက္ခုဝိညာဏ်စသည်တို့နှင့်မဆက်ဆံသော ဓမ္မာယတနသာလျှင်ဖြစ်၏။*

*ဤသို့ ၆ပါးသော ဝိညာဏကာယတို့ဖြစ်ရာဒွါရနှင့် အာရုံတို့ကို ပိုင်းခြား၍ပြတော်မူလိုသောကြောင့် အာယတန ၁၂-ပါးဟုဟောတော်မူခြင်းဖြစ်သည်။*

**၅။ အာဘာဓာတ်, သုဘဓာတ်စသောမြောက်မြားလှစွာသော ဓာတ်များသည်လည်းရှိနေပါလျက် အဘယ်ကြောင့်ဓာတ် ၁၈ ပါးဟု ကန့်သတ်ထားသည်ကို ဖြေဆိုပြီးလျှင် အဘယ်ကို "နေက္ခမ္မဓာတ်" ဟုခေါ်သည်ကို အဋ္ဌကထာ ပြသမျှ စုံအောင်ဖော်ပြပါ။** *(၂၀၀၃၊ စမန၄၀၅၊ ၄၀၆)*

**အဖြေ** - *အာဘာဓာတ်, သုဘဓာတ်စသောမြောက်မြားလှစွာသော ဓာတ်များသည်လည်းရှိနေပါလျက် ဓာတ်၁၈-ပါး ဟုကန့်သတ်ထားသည်မှာ ပရမတ္ထအားဖြင့် ထင်းရှားရှိကုန်သော ဓာတ်အားလုံးတို့သည် စက္ခုဓာတ်, ရူပဓာတ် စသည့်ဓာတ် ၁၈ ပါးတို့၌သာလျှင် အတွင်းဝင်သောကြောင့်ဖြစ်ပါသည်။ ဥပမာ အာဘာဓာတ် (အလင်းဓာတ်)နှင့်သုဘဓာတ်(တင့်တယ်သောဓာတ်) တို့သည် ရူပဓာတ်-အဆင်း၌ အတွင်းဝင်ကြ၏။*

*"နေက္ခမ္မဓာတ်" ဟူသည်မှာ ဓမ္မဓာတ်ပင်တည်း "ကုသိုလ်တရားအားလုံးတို့သည်လည်း နေက္ခမ္မဓာတ်မည်၏" ဟု ဟောတော်မူသောကြောင့် မနောဝိညာဏဓာတ်သည်လည်း နေက္ခမ္မဓာတ် မည်သေး၏။*

*(၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈ခုနှစ်တို့၌မမေးပါ)*

## အခန်း(၁၆)

# ဣန္ဒြိယ, သစ္စနိဒ္ဒေသ
# ဣန္ဒြေ, သစ္စာတို့ကို အကျယ်ပြခြင်း

### * ဣန္ဒြေကိုအကျယ်ပြခြင်း

### ဣန္ဒြေ (၂၂)ပါး

ဣန္ဒြေ (၂၂)ပါးကို ၎င်းတို့၏တရားကိုယ်များနှင့်တကွ အောက်တွင်ဖော်ပြထား၏။

၁။ စက္ခုန္ဒြေ=စက္ခုပသာဒ
၂။ သောတိန္ဒြေ=သောတပသာဒ
၃။ ဃာနိန္ဒြေ=ဃာနပသာဒ
၄။ ဇိဝှိန္ဒြေ = ဇိဝှာပသာဒ
၅။ ကာယိန္ဒြေ=ကာယပသာဒ
၆။ မနိန္ဒြေ= စိတ်၈၉ပါး၊၁၂၁ ပါး
၇။ ဣတ္ထိန္ဒြေ = ဣတ္ထိဘာဝရုပ်
၈။ ဇီဝိတိန္ဒြေ = ဇီဝိတရုပ်နှင့်
ဇီဝိတိန္ဒြေစေတသိက်
၁၀။ သုခိန္ဒြေ = သုခဝေဒနာ
၁၁။ ဒုက္ခိန္ဒြေ=ဒုက္ခဝေဒနာ
၁၂။ သောမနဿိန္ဒြေ = သောမနဿဝေဒနာ
၁၃။ ဒေါမနဿိန္ဒြေ = ဒေါမနဿဝေဒနာ
၁၄။ဥပေက္ခိန္ဒြေ = ဥပေက္ခာဝေဒနာ
၁၅။ သဒ္ဓိန္ဒြေ = သဒ္ဓါစေတသိက်
၁၆။ ဝီရိယိန္ဒြေ = ဝီရိယစေတသိက်
၁၇။ သတိန္ဒြေ = သတိစေတသိက်
၁၈။ သမာဓိန္ဒြေ = ဧကဂ္ဂတာစေတစိက်
၁၉။ ပညိန္ဒြေ =ပညာစေတသိက်
၂၀။ အနညာတညဿာမီတိန္ဒြေ =
သောတာပတ္တိမဂ်စိတ်နှင့်ယှဉ်သောပညာ
၂၁။ အညိန္ဒြေ=အထက်မဂ်၃-ပါးနှင့်အောက်ဖိုလ် ၃-ပါး၌ရှိသောပညာ
၂၂။ အညာတာဝိန္ဒြေ=အရဟတ္တဖိုလ်၌ရှိသောပညာ

### ဣန္ဒြေ(၂၂)ပါး၌ အဆုံးအဖြတ်

(၁) သဒ္ဒါအနက်အားဖြင့် (၂)လက္ခဏာအားဖြင့် (၃) အစဉ်အားဖြင့် (၄) ကွဲပြားခြင်းရှိ မရှိအားဖြင့် (၅) ကိစ္စအားဖြင့် (၆) ဘုံအားဖြင့် အဆုံးအဖြတ်တို့ကို သိအပ်၏။

### (၁) သဒ္ဒါအနက်အားဖြင့်အဆုံးအဖြတ်

**၁။ အနညာတညဿာမီတိန္ဒြေမည်ပုံ**

အရိယမဂ်၏ရှေ့အဖို့၌ မသိရသေး၍ "အနညာတ" မည်သော အမြိုက်နိဗ္ဗာန်ကို၊ တစ်နည်း သစ္စာလေးပါးတရားကို သိရပေလိမ့်မည် ဟုရည်ရွယ်၍

ကျင့်သောသူအား ဖြစ်သင့်သောကြောင့်လည်းကောင်း၊ အစိုးရခြင်းအနက်၏ ဖြစ်သင့်သောကြောင့်လည်းကောင်း၊ "အနညာတညဿာမီတိန္ဒြေ" မည်၏။

**၂။ အညိန္ဒြေမည်ပုံ**

ပထမမဂ်ဖြင့်သိပြီးသောအပိုင်းအခြားဖြင့် သိသောကြောင့်လည်းကောင်း၊ ဣန္ဒြိယဋ္ဌ-အစိုးရခြင်းအနက်၏ဖြစ်သင့်သောကြောင့်လည်းကောင်း၊ " အညိန္ဒြေ" မည်၏။

**၃။ အညာတာဝိန္ဒြေမည်ပုံ**

သစ္စာလေးပါးတို့၌ပြီးမြောက်သောသိခြင်းကိစ္စရှိသည်ဖြစ်၍ အညာတာဝီ-သိပြီးမည်သောရဟန္တာပုဂ္ဂိုလ်အား ဖြစ်သောကြောင့်လည်းကောင်း၊ ဣန္ဒြိယဋ္ဌ-အစိုးရခြင်းအနက်၏ဖြစ်သင့်သောကြောင့်လည်းကောင်း "အညာတာဝိန္ဒြေ"မည်၏။

**၄။ ဣန္ဒ - အစိုးရသူနှစ်မျိုး**

ကိုယ်တိုင်မှန်စွာသိတော်မူသောမြတ်စွာဘုရားသည် ကိုယ်တော်နှင့် စိတ်တော်ကို အလွန်အကဲအစိုးရခြင်းကြောင့် ဣန္ဒ- အစိုးရသူမည်ပေ၏။

ကုသိုလ်ကံ,အကုသိုလ်ကံသည်လည်း ဣန္ဒ - အစိုးရသောတရားမည်ပေ၏။ အကြောင်းမှာ ကံတို့၌ မည်သူမျှအစိုးမရသောကြောင့်ပေတည်း။ (ကံကို မည်သူမျှမစိုးမိုး မခြယ်လှယ်နိုင်)

**၅။ ဣန္ဒြေမည်ပုံ**

(က) ကံကြောင့်ဖြစ်ကုန်သော စက္ခုန္ဒြေ-စက္ခုပသာဒစသောဣန္ဒြေတို့သည် သူတို့၏အကြောင်းဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံကို ပြတတ်ကုန်၏။ ထိုကုသိုလ်ကံ, အကုသိုလ်ကံတို့ကလည်း ဖြစ်စေအပ်ကုန်၏။ ထို့ကြောင့် အစိုးရသောကံကို ပြတတ်သောအနက်သဘောကြောင့်လည်းကောင်း၊ အစိုးမရသောကံက ဖြစ်စေအပ်သောအနက်သဘောကြောင့်လည်းကောင်း ဣန္ဒြိယ-ဣန္ဒြေမည်ကုန်၏။

(ခ) ထိုမှတစ်ပါး ထိုဣန္ဒြေအားလုံးတို့ကို မြတ်စွာဘုရားသည် ဟုတ်တိုင်းမှန်စွာ ပြတော်မူ၏။ ထိုးထွင်း၍လည်း သိတော်မူ၏။ ထို့ကြောင့် အစိုးရသော မြတ်စွာဘုရားက ပြအပ်သောအနက်သဘောကြောင့်လည်းကောင်း၊ မြတ်စွာဘုရား သိမြင်အပ်သောအနက်သဘောကြောင့်လည်းကောင်း၊ ဣန္ဒြိယ မည်ကုန်၏။

(ဂ) မြတ်စွာဘုရားသည်ပင်လျှင် အချို့ဣန္ဒြေတို့ကို အာရုံပြုလျက် မှီဝဲခြင်းဖြင့် အချို့ ဣန္ဒြေတို့ကို ပွားစေလျက် မှီဝဲခြင်းဖြင့် မှီဝဲတော်မူ၏။ ထို့ကြောင့် အစိုးရသောမြတ်စွာဘုရားမှီဝဲအပ်သောအနက်သဘောကြောင့်လည်း ဣန္ဒြိယ-ဣန္ဒြေမည်၏။

(ဃ) အကြီးအမှူးအဖြစ်ဟုဆိုအပ်သော အစိုးရခြင်းအနက်သဘောကြောင့် ယင်းစက္ခုစသည်တို့သည် ဣန္ဒြိယ - ဣန္ဒြေမည်ကုန်၏။ မှန်ပေ၏။ မြင်သိမှု-စက္ခုဝိညာဏ်စသည်တို့ဖြစ်ရာ၌ စက္ခု-မျက်စိ စသည်တို့၏ကြီးမှူးအုပ်စိုးခြင်းသည် ထင်ရှား၏။ အဘယ့်ကြောင့်ဆိုသော် ထိုစက္ခု-မျက်စိတို့ ထက်မြက်အားကောင်းလျှင် မြင်မှုစသည်တို့ ထက်မြက်အားကောင်းခြင်းကြောင့်လည်းကောင်း၊ ၎င်းတို့ နုံ့ညံ့အားနည်းလျှင် မြင်မှုစသည်တို့ နုံ့ညံ့အားနည်းခြင်းကြောင့်လည်းကောင်း ဖြစ်ပေ၏။ ဤဆိုခဲ့သောစကားသည် ဣန္ဒြေတို့၌ ရှေးဦးစွာ သဒ္ဒါအနက်အားဖြင့် အဆုံးအဖြတ်ပေတည်း။

**(၂) လက္ခဏာအားဖြင့် အဆုံးအဖြတ်**

စက္ခုစသည်တို့၏လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ကို ခန္ဓနိဒ္ဒေသ၌ ဆိုခဲ့ပြီးဖြစ်၏။ မှန်၏။ ပညိန္ဒြေအစရှိသော နောက်ဆုံးဣန္ဒြေ ၄-ပါးတို့သည် အမောဟပင်ဖြစ်ကြ၏။ ကြွင်းသော ဣန္ဒြေတရားကိုယ်တို့သည် ခန္ဓနိဒ္ဒေသ၌ သရုပ်အားဖြင့်ပင် လာကုန်၏။

**(၃) အစဉ်အားဖြင့် အဆုံးအဖြတ်**

ဤအစဉ်သည်လည်း ဒေသနာအစဉ်သာဖြစ်၏။ ဣန္ဒြေ၂၂ပါးတို့တွင်-

(က) အဇ္ဈတ္တတရားတို့ကို ပိုင်းခြား၍သိခြင်းဖြင့် အရိယာဘုံ အရိယဖိုလ်ကို ရခြင်းဖြစ်၏။ ထို့ကြောင့် အတ္တဘော၌ အတွင်းဝင်ကုန်သော စက္ခုန္ဒြေတို့ကို ရှေးဦးစွာဟောတော်မူ၏။

(ခ) ထိုအတ္တဘောသည် အကြင်တရားကိုစွဲမှီ၍ အမဟူ၍လည်းကောင်း၊ အဖိုဟူ၍လည်းကောင်း ခေါ်ဆိုရေတွက်ခြင်းသို့ရောက်၏။ အမ-အဖိုဖြစ်ကြောင်း အကြင်တရားကား ဤရုပ်ပင်ဖြစ်သည်ဟုပြခြင်းငှာ ထို့နောင် ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့ကို ဟောတော်မူ၏။

(ဂ)ထိုဣန္ဒြေ ၂ ပါးသည်လည်း ဇီဝိတိန္ဒြေနှင့်စပ်၍ ဖြစ်ရသည်ဟု သိစေခြင်းငှာ ထို့နောင် ဇီဝိတိန္ဒြေကို ဟောတော်မူ၏။

(ဃ) ဇီဝိတိန္ဒြေမပြတ်ဖြစ်နေသမျှကာလပတ်လုံး ခံစားမှုဝေဒနာတို့၏ ဆုတ်နစ်ရပ်စဲခြင်းမည်သည်မရှိ။ ယင်းခံစားမှုဝေဒနာအားလုံးသည်လည်း ဆင်းရဲချည်းသာဟုသိစေခြင်းငှာ ထို့နောင် သုခိန္ဒြေစသည့်ဝေဒနာ ၅ ပါးကို ဟောတော်မူ၏။

(င) ထိုခံစားမှုဝေဒနာချုပ်ငြိမ်းရန်အတွက် ဤတရားတို့ကို ဖြစ်ပွားစေအပ်သည်ဟု အကျင့်ပဋိပတ်ကိုပြခြင်းငှာ ထို့နောင် သဒ္ဒါစသော ဣန္ဒြေ ၅ ပါးကို ဟောတော်မူ၏။

(စ) သဒ္ဓါစသည်ကို ပွားစေသောဤအကျင့်ဖြင့် ရနိုင်သော အကျိုးတရားကိုပြခြင်းငှာ ထို့နောင် အနညာတညဿာမီတိန္ဒြေကို ဟောတော်မူ၏။

(ဆ) အနညာတညဿာမီတိန္ဒြေ၏အကျိုးဖြစ်သောကြောင့်လည်းကောင်း ၊ ယင်းဣန္ဒြေ၏နောက်၌ ဆက်လက်ပွားများထိုက်သော ဣန္ဒြေဖြစ်သောကြောင့်လည်းကောင်း၊ ထို့နောင် အညိန္ဒြေကို ဟောတော်မူ၏။

(ဇ)ထိုမှနောက်၌ ဘာဝနာဆက်လက်ပွားများမှုနှင့် ဤဣန္ဒြေကိုရသည်၊ ဤဣန္ဒြေကိုရလျှင်လည်း ထိုထက်အလွန်ပြုဖွယ်ကိစ္စတစ်စုံတစ်ခုမျှမရှိတော့ပြီကို သိစေခြင်းငှာ အမြတ်ဆုံးသက်သာရာဖြစ်သည့် အညာတာဝိန္ဒြေကို အဆုံး၌ ဟောတော်မူ၏။

**(၄) ကွဲပြားခြင်းရှိမရှိသောအားဖြင့် အဆုံးအဖြတ်**

ဤအရာ၌ ဇီဝိတိန္ဒြေတစ်ခုသာလျှင် ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေဟူ၍ ၂-ပါးကွဲပြား၏။ ကြွင်းသောဣန္ဒြေတို့မှာ အကွဲအပြားမရှိဘဲ တစ်ပါးစီသာဖြစ်ကြ၏။

**(၅) ကိစ္စအားဖြင့် အဆုံးအဖြတ်**

**စက္ခုန္ဒြေစသည်၏ကိစ္စ** - "စက္ခာယတနသည် စက္ခုဝိညာဏ်နှင့် ၎င်း၏ယှဉ်ဖက်စေတသိက်တို့ကို ဣန္ဒြိယပစ္စည်းဖြင့်ကျေးဇူးပြု၏" ဟု ဟောတော်မူသောကြောင့် စက္ခုန္ဒြေသည် မိမိ၏ထက်ခြင်း, နုံ့ခြင်းစသည်ဖြင့် စက္ခုဝိညာဏ်နှင့် ၎င်း၏ယှဉ်ဖက်စေတသိက်တို့ကို ထက်စေ, နုံ့စေခြင်းဟူသော မိမိ၏အခြင်းအရာသို့ အစဉ်လိုက်စေခြင်းသည် စက္ခုန္ဒြေ၏လုပ်ငန်းကိစ္စဖြစ်၏။

သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေတို့၏လုပ်ငန်းကိစ္စသည် ထို့အတူပင်ဖြစ်၏။

**မနိန္ဒြေ၏ကိစ္စ** - မနိန္ဒြေသည်အတူဖြစ်ဖက်တရားတို့ကို မိမိအလိုသို့လိုက်စေခြင်းကိစ္စကို ဆောင်ရွက်၏။

**ဇီဝိတိန္ဒြေ၏ကိစ္စ** - အတူဖြစ်ဖက်တရားတို့ကို စောင့်ရှောက်ခြင်းသည် ဇီဝိတိန္ဒြေ၏ကိစ္စဖြစ်၏။

**ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၏ကိစ္စ** - အမ-အဖိုတို့၏လိင်သဏ္ဌာန်, သိကြောင်းနိမိတ်, အပြုအမူ, အသွင်အပြင်, အခြင်းအရာတို့ကို ဖြစ်စေခြင်းသည် ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၏ကိစ္စ ဖြစ်၏။

**ဝေဒနာဣန္ဒြေတို့၏ကိစ္စ** - သုခိန္ဒြေ, ဒုက္ခိန္ဒြေ, သောမနဿိန္ဒြေ, ဒေါမနဿိန္ဒြေတို့သည် အတူဖြစ်ဖက်တရားတို့ကို လွှမ်းမိုး၍ မိမိတို့နှင့်ဆိုင်သည့် ရုန့်ရင်းသော အခြင်းအရာသို့ရောက်စေခြင်းကိစ္စကို ဆောင်ရွက်ကြ၏။ ဥပေက္ခိန္ဒြေသည် အတူဖြစ်ဖက်တရားတို့ကိုလွှမ်းမိုး၍ ငြိမ်သက်ကောင်းမြတ်သော

အလယ်အလတ်အခြင်းအရာသို့ရောက်စေခြင်းကိစ္စကို ဆောင်ရွက်၏။

**သဒ္ဓါစသောဣန္ဒြေတို့၏ကိစ္စ** - သဒ္ဓိန္ဒြေစသည်တို့သည် ဆန့်ကျင်ဘက်တရားတို့ကို လွှမ်းမိုးခြင်း၊ ယှဉ်ဖက်တရားတို့ကို ကြည်လင်သောအခြင်းအရာစသည်နှင့် ပြည့်စုံစေခြင်းကိစ္စတို့ကို ဆောင်ရွက်၏။

**အနညာတညဿာမီတိန္ဒြေ၏ကိစ္စ** - ဤဣန္ဒြေသည် သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ ဟူသော သံယောဇဉ်သုံးပါးကိုပယ်ခြင်း၊ ယင်းသံယောဇဉ်တို့ကိုပယ်ရန် ယှဉ်ဖက်တရားတို့အား ရှေးရှုဖြစ်အောင် ပြုခြင်းကိစ္စတို့ကို ဆောင်ရွက်၏။

**အညိန္ဒြေ၏ကိစ္စ** - အညိန္ဒြေသည် ကာမရာဂ, ဗျာပါဒစသည်တို့ကို ခေါင်းပါးစေခြင်း, ပယ်ခြင်း၊ အတူဖြစ်ဖက်တရားတို့ကို မိမိအလိုသို့လိုက်စေခြင်း ကိစ္စတို့ကိုဆောင်ရွက်၏။

(သကဒါဂါမိမဂ်အညိန္ဒြေသည် ကာမရာဂ, ဗျာပါဒတို့ကို ခေါင်းပါးစေ၏။ အနာဂါမိမဂ်အညိန္ဒြေသည် ကာမရာဂ, ဗျာပါဒတို့ကို အကြွင်းမဲ့ပယ်၏။ အရဟတ္တမဂ်အညိန္ဒြေသည် ကျန်သံယောဇဉ်နှင့် ကိလေသာတို့ကိုအကြွင်းမဲ့ပယ်၏။)

**အညာတာဝိန္ဒြေ၏ကိစ္စ** - အညာတာဝိန္ဒြေသည် ကိစ္စအားလုံးတို့၌ ကြောင့်ကြစိုက်မှုကို ပယ်ခြင်း၊ ယှဉ်ဖက်တရားတို့၏အမြိုက်နိဗ္ဗာန်သို့ ရှေးရှုဖြစ်စေခြင်းကိစ္စတို့ကို ဆောင်ရွက်၏။

(၆) **ဘုံအားဖြင့် အဆုံးအဖြတ်**

စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, ဣတ္ထိ, ပုရိသ, သုခ, ဒုက္ခ, ဒေါမနဿ ဟူသောဣန္ဒြေတို့သည် ကာမာဝစရတို့သာတည်း (ကာမဘုံ၌သာဖြစ်ကြ၏)

မနိန္ဒြေ, ဇီဝိတိန္ဒြေ, ဥပေက္ခိန္ဒြေ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ-ဣန္ဒြေတို့သည် ကာမဘုံ, ရူပဘုံ, အရူပဘုံ, လောကုတ္တရာဘုံဟူသော ဘုံလေးပါး၌ အတွင်းဝင်ကြ၏။

အဆုံးဣန္ဒြေသုံးပါးတို့သည် လောကုတ္တရာဣန္ဒြေများဖြစ်သောကြောင့် လောကုတ္တရာဘုံ၌သာ အတွင်းဝင်ကြ၏။

ဤသို့သောဘုံအဆုံးအဖြတ်ကို သိသောရဟန်းသည် ထိတ်လန့်မှု သံဝေဂအဖြစ်များ၍ ဣန္ဒြေတို့ကို စောင့်စည်းခြင်း - ဣန္ဒြိယသံဝရ၌တည်လျက် ဣန္ဒြေတို့ကို ပိုင်းခြားသိ၍ ဆင်းရဲ၏အဆုံး အရဟတ္တဖိုလ်ကို ပြုပေလတ္တံ့။ ဤသို့သော အကျိုးတရားကို ရရှိပေ၏။

### * သစ္စာတို့ကိုအကျယ်ပြခြင်း

**အရိယသစ္စာ(၄)ပါး**

၁။ ဒုက္ခအရိယသစ္စာ - ဇာတိ, ဇရာ, မရဏ စသည်နှင့် ဥပါဒါနက္ခန္ဓာငါးပါးသည် ဆင်းရဲခြင်းဖြစ်သည် ဟူသော အမှန်တရား၊

၂။ ဒုက္ခသမုဒယအရိယသစ္စာ - တဏှာ (လောဘ)သည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သည်ဟူသော အမှန်တရား၊

၃။ ဒုက္ခနိရောဓအရိယသစ္စာ - ဒုက္ခဆင်းရဲချုပ်ငြိမ်းမှု-နိဗ္ဗာန်ရှိသည်ဟူသော အမှန်တရား၊

၄။ ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ (မဂ္ဂသစ္စာ) - ဒုက္ခချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ဟူသော အမှန်တရား။

**အရိယသစ္စာ(၄)ပါး၌အဆုံးအဖြတ်**

(၁) ဝေဖန်သောအားဖြင့် (၂) သဒ္ဒါအနက်အားဖြင့် (၃) လက္ခဏာအားဖြင့်
(၄) အတ္ထနှင့်အနက်တို့ကို ထုတ်ပြသောအားဖြင့် (၅) မယုတ်မလွန်သောအားဖြင့်
(၆) အစဉ်အားဖြင့် (၇) ဇာတိစသည်ကို ဆုံးဖြတ်သောအားဖြင့်
(၈) ဉာဏ်၏ကိစ္စအားဖြင့် (၉) အတွင်းဝင်သောတရားအပြားအားဖြင့်
(၁၀) ဥပမာအားဖြင့် (၁၁) လေးချက်စု(စတုက္က)အားဖြင့် (၁၂) သုညအားဖြင့်
(၁၃) ကေဝိစသည်အပြားအားဖြင့် (၁၄) တူသောအဖို့ ကွဲပြားသောအဖို့အားဖြင့်
အဆုံးအဖြတ်တို့ကို သိအပ်၏။

**(၁) ဝေဖန်သောအားဖြင့်အဆုံးအဖြတ်**

**ဒုက္ခသစ္စာ၏အနက်သဘော(၄)ချက်**

၁။ *ပီဠန* - နှိပ်စက်ခြင်းသဘော၊

၂။ *သင်္ခတ* - ပေါင်းစု၍ပြုအပ်သောသဘော၊

၃။ *သန္တာပ* - ပူလောင်စေခြင်းသဘော၊

၄။ *ဝိပရိဏာမ* - ဖောက်ပြန်ခြင်းသဘော

ဤလေးပါးသောဒုက္ခသစ္စာ၏အနက်သဘောတို့သည် မှန်ကန်၏။ မချွတ်ယွင်းကုန်၊ အခြားအခြင်းအရာမရှိကုန်။

**သမုဒယသစ္စာ၏အနက်သဘော(၄)ချက်**

၁။ *အာယူဟန* - အားထုတ်ခြင်းသဘော၊

၂။ *နိဒါန* - ဆင်းရဲ၏အကြောင်းသဘော၊

၃။ *သံယောဂ* - ဆင်းရဲနှင့်ယှဉ်စေခြင်းသဘော၊

၄။ *ပလိဗောဓ* - နှောင့်ယှက်တားမြစ်ခြင်းသဘော။

**နိရောဓသစ္စာ၏အနက်သဘော (၄) ချက်**

၁။ *နိဿရဏ* - ထွက်မြောက်ခြင်းသဘော၊

၂။ *ဝိဝေက* - သင်္ခါရတို့မှ ကင်းဆိတ်ခြင်းသဘော၊

၃။ *အသင်္ခတ* - မပြုမပြင်အပ်သောသဘော၊

၄။ *အမတ* - မသေမပျက်စီးခြင်းသဘော။

**မဂ္ဂသစ္စာ၏အနက်သဘော (၄) ချက်**

၁။ *နိယျာန* - ထွက်မြောက်ကြောင်းသဘော၊

၂။ *ဟေတု* - နိဗ္ဗာန်ရောက်ကြောင်းသဘော၊

၃။ *ဒဿန* - နိဗ္ဗာန်ကိုမျက်မှောက်မြင်ခြင်းသဘော၊

၄။ *အဓိပတေယျ* - အကြီးအမှူးဖြစ်ခြင်းသဘော။

မဂ္ဂသစ္စာ၏ဤလေးပါးသော အနက်သဘောတို့သည် မှန်ကန်၏။ မချွတ်ယွင်းကုန်၊ အခြားအခြင်းအရာမရှိကုန်။

**(၂) သဒ္ဒါအနက်အားဖြင့် အဆုံးအဖြတ်**

**ဒုက္ခ၏သဒ္ဒါအနက်** - ဒုက္ခဟူသောပုဒ်၌ ဒု-သဒ္ဒါသည် စက်ဆုပ်ဖွယ် အနက်ကိုဟော၏။ ဥပမာ စက်ဆုပ်ဖွယ်သော သားဆိုးကို "ဒုပုတ္တ"ဟုဆိုကြ၏။ ခံ-သဒ္ဒါသည် အချည်းနှီးဟူသောအနက်ကို ဟော၏။ ဥပမာ အချည်းနှီးသော ကောင်းကင်ကို "ခံ" ဟုဆိုကြ၏။

ဒုက္ခသစ္စာသည်လည်း များစွာသောဥပဒ္ဒဝေါတို့၏တည်ရာဖြစ်သောကြောင့် စက်ဆုပ်ဖွယ်ကောင်း၏။ မသိမလိမ္မာသူတို့ကြံဆထားသော ခိုင်မြဲခြင်း, တင့်တယ်ခြင်း, ချမ်းသာခြင်း, အတ္တအဖြစ်တို့မှ ကင်းခြင်းကြောင့် အချည်းနှီးဖြစ်၏။ ထိုသို့စက်ဆုပ်ဖွယ်ကောင်းခြင်း,အချည်းနှီးဖြစ်ခြင်း, ဆင်းရဲခြင်း အနက်သဘောကြောင့် ဒုက္ခဟုဆိုအပ်၏။

**သမုဒယ၏သဒ္ဒါအနက်** - သမုဒယဟူသောပုဒ်၌ သံ-သဒ္ဒါသည် "ယှဉ်ခြင်း" အနက်ကို ဟော၏။ ဥပမာ "သမာဂမော-တွေ့ဆုံခြင်း" "သမေတံ - တကွဖြစ်ခြင်း စသည်၌ "သံ-ယှဉ်ခြင်း "ကိုပြသကဲ့သို့တည်း။

ဥ-သဒ္ဒါသည် "ဖြစ်ခြင်း" အနက်ကိုဟော၏။ ဥပမာ " ဥပ္ပန္နံ-ဖြစ်သည်" "ဥဒိတံ - ဖြစ်သည်" စသည်၌ "ဥ - ဖြစ်ခြင်း" ကို ပြသကဲ့သို့တည်း။

အယ-သဒ္ဒါသည် "အကြောင်း"ကို ဟော၏။

သမုဒယသစ္စာသည် တဏှာမှကြွင်းသော (ကုသိုလ်ကံ, အကုသိုလ်ကံ) အကြောင်းနှင့် ယှဉ်ခြင်းရှိလျှင် ဒုက္ခသစ္စာဖြစ်ခြင်း၏အကြောင်း ဖြစ်လာ၏။ ဤသို့ အခြားအကြောင်းနှင့်ယှဉ်လျှင် ဒုက္ခဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့် 'ဒုက္ခသမုဒယ'ဟု ဆိုခြင်းဖြစ်၏။

**နိရောဓ၏သဒ္ဒါအနက်**-နိရောဓဟူသောပုဒ်၌ နိ-သဒ္ဒါသည် 'မရှိခြင်း'ကိုပြ၏။ ရောဓ- သဒ္ဒါသည် နှောင်အိမ်-ထောင်ကိုပြ၏။

နိဗ္ဗာန်၌ ဂတိအားလုံးဆိတ်သုဉ်းသောကြောင့် သံသရာနှောင်အိမ်ဟု ဆိုအပ်သော ဒုက္ခနိရောဓ-ဆင်းရဲထောင်မရှိချေ။ ဤအကြောင်းကြောင့် တတိယအရိယ သစ္စာကို 'ဒုက္ခနိရောဓ'ဟူ၍ဆိုအပ်၏။

တစ်နည်းကား ထိုနိဗ္ဗာန်ကိုရလျှင် သိမြင်လျှင် သံသရာနှောင်အိမ်ဟု ဆိုအပ်သော ဒုက္ခနိရောဓ=ဒုက္ခထောင်၏မရှိခြင်း, ကင်းခြင်းသည် ဖြစ်၏။ ဤအကြောင်းကြောင့် တတိယသစ္စာကို 'ဒုက္ခနိရောဓ'ဟူ၍ ဆိုအပ်၏။

တစ်နည်းကား ဒုက္ခ၏မဖြစ်ခြင်း, ဒုက္ခချုပ်ခြင်း၏အကြောင်းဖြစ်သောကြောင့် တတိယသစ္စာသည် 'ဒုက္ခနိရောဓ'မည်၏။

**ဒုက္ခနိရောဓဂါမိနီပဋိပဒါ၏သဒ္ဒါအနက်**

ဒုက္ခနိရောဓ - ဒုက္ခ၏ချုပ်ရာသို့ + ဂါမိနီ-သွားရောက်သော + ပဋိပဒါ - (ပုဂ္ဂိုလ်၏)ရောက်ကြောင်းအကျင့်ဖြစ်သောအရိယသစ္စာ။ မဂ္ဂသစ္စာသည် သူကိုယ်တိုင်က နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် သွားရောက်၏။ သူ့ကိုပွားစေသောပုဂ္ဂိုလ်၏ နိဗ္ဗာန်ရောက်ကြောင်းအကျင့်လည်းဖြစ်၏။ ထို့ကြောင့် 'နိရောဓဂါမိနီပဋိပဒါ' မည်၏။

**အရိယသစ္စာမည်ပုံ**

၁။ သစ္စာလေးပါးကို ဘုရားအစရှိသော အရိယာတို့သည် ထိုးထွင်း၍သိကုန်၏။ ထို့ကြောင့် အရိယသစ္စာတို့ဟူ၍ဆိုအပ်၏။

၂။ တစ်နည်းကား အရိယမည်သောမြတ်စွာဘုရား၏သစ္စာများဖြစ်သောကြောင့်လည်း အရိယသစ္စာမည်ကုန်၏။

၃။ တစ်နည်းကား ဤသစ္စာလေးပါးတို့ကို ထိုးထွင်း၍သိပြီးဖြစ်လျှင် အရိယာအဖြစ်သို့ ရောက်ပြီးဖြစ်သောကြောင့်လည်း အရိယသစ္စာတို့ဟူ၍ ဆိုအပ်၏။

"*ရဟန်းတို့-ဤလေးပါးသောအရိယာသစ္စာတို့ကို ဟုတ်တိုင်းမှန်စွာ သိပြီးဖြစ်သောကြောင့် ပူဇော်အထူးကိုခံထိုက်သော မှန်စွာကိုယ်တိုင်သိသော ရှေးဘုရားတို့နှင့် အလားတူဖြစ်သော ငါဘုရားကို အရိယဟူ၍ ဆိုအပ်၏*"ဟု ဟောတော်မူ၏။

၄။ တစ်နည်းကား အရိယ-မချွတ်မယွင်း မှန်ကန်သောသစ္စာတို့ဖြစ်သောကြောင့်

လည်း အရိယသစ္စာမည်ကုန်၏။

*"ရဟန်းတို့-ဤလေးပါးသောအရိယသစ္စာတို့သည် မှန်ကန်၏၊ မချွတ်ယွင်းကုန်၊ အခြားအခြင်းအရာမရှိကုန်၊ ထို့ကြောင့် အရိယသစ္စာတို့ဟူ၍ ဆိုအပ်ကုန်၏"*ဟု ဟောတော်မူ၏။

(၃) လက္ခဏာ, ရသစသည်အားဖြင့် အဆုံးအဖြတ်

၁။ **ဒုက္ခသစ္စာ**သည် (က) နှိပ်စက်ခြင်းလက္ခဏာရှိ၏၊ (လက္ခဏာ)

(ခ) ပူလောင်စေခြင်းကိစ္စရှိ၏၊ (ရသ)

(ဂ) ဆင်းရဲမပြတ်ဖြစ်နေခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။ (ပစ္စုပဋ္ဌာန်)

ဒုက္ခသစ္စာသည် ကိုယ်စိတ်၏ဆင်းရဲခြင်းဖြင့်လည်း နှိပ်စက်တတ်၏၊ ထိုဆင်းရဲများကို ဖြစ်စေလျက်လည်း နှိပ်စက်တတ်၏၊ ဖြစ်ခြင်းပျက်ခြင်းဖြင့်လည်း နှိပ်စက်တတ်၏၊ ထို့ကြောင့် နှိပ်စက်ခြင်းလက္ခဏာရှိ၏။

၂။ **သမုဒယသစ္စာ**သည် (က) ဆင်းရဲ၏အစဖြစ်ခဲ့ရာအကြောင်းလက္ခဏာရှိ၏၊ (တဏှာမှ စ၍ ဆင်းရဲသည် စ၍ဖြစ်ခဲ့၏၊ ထိုတဏှာသည် အမွန်အစအကြောင်း ဖြစ်၏-ဋီကာ)

(ခ) ဒုက္ခမပြတ်စဲအောင် ပြုပြင်ခြင်းကိစ္စရှိ၏၊(ဆင်းရဲကိုအဖန်ဖန်ဖြစ်စေခြင်းသည် ဒုက္ခမပြတ်စဲအောင် ပြုခြင်းမည်၏-ဋီကာ)

(ဂ) နှောင့်ယှက်တားမြစ်သည့်အနေအားဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဘဝမှထွက်မြောက်ခြင်းကို တားမြစ်ခြင်းဖြစ်၏-ဋီကာ)

၃။ **နိရောဓသစ္စာ**သည် (က)ငြိမ်းအေးခြင်းလက္ခဏာရှိ၏၊ (ကိလေသာဆင်းရဲ, ဝဋ်ဆင်းရဲ အားလုံး၏ငြိမ်းခြင်းကို သန္တိလက္ခဏာဟုဆို၏-ဋီကာ)

(ခ) မရွေ့လျောခြင်း, မသေမပျက်ခြင်းဟူသော ပြည့်စုံသောဂုဏ်ရှိ၏ (ဝါ) မသေမပျက် ခြင်းကိစ္စရှိ၏၊ (ဤ၌ရွေ့လျားမှု, သေပျက်မှုမရှိခြင်းကို ကိစ္စကဲ့သို့ပြု၍ ပရိယာယ်အားဖြင့်ဆို၏-ဋီကာ)

(ဂ) ပုံသဏ္ဌာန်အရိပ်နိမိတ်ကင်းသောအားဖြင့် ရှုသိဉာဏ်အား ရှေးရှုထင်၏၊ (ခန္ဓာငါးပါး ဟူသောနိမိတ်ကင်းသည့်အဖြစ်ကြောင့် အထည်, ဒြပ်, ပုံသဏ္ဌာန်ကင်းသည်ဖြစ်၏-ဋီကာ)

၄။ **မဂ္ဂသစ္စာ**သည် (က)ထွက်မြောက်ကြောင်းလက္ခဏာရှိ၏၊ (သံသရာနှောင်အိမ်မှ ထွက်မြောက်ကြောင်းအဖြစ်သည် ထွက်မြောက်ကြောင်းမည်၏-ဋီကာ)

(ခ) ကိလေသာကိုပယ်ခြင်းကိစ္စရှိ၏၊ (ကိလေသာအလုံးစုံကို မဖြစ်စေခြင်းဟူသောချုပ်စေခြင်းသည် ကိလေသာပယ်ခြင်းကိုပြုသည်မည်၏-ဋီကာ)

(ဂ) အထမြောက်သည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏၊ (ဤ၌သင်္ခါရကို ရှုနေရာမှ မဂ်စိတ်ဖြစ်သောအခါ သင်္ခါရကိုအာရုံမပြုတော့ဘဲ **နိဗ္ဗာန်အာရုံပြုသည်ကို** နိမိတ်မှ ထသည်ဟုဆို၏၊ သမုဒယကိုပယ်သောအား**ဖြင့် နောင်ဖြစ်မည့်အကျိုးဝိပါက်** ခန္ဓာအစဉ် ပယ်ခြင်းကို မပြတ်ဖြစ်နေသောအကျိုး**ဝိပါက်ခန္ဓာအစဉ်မှ ထသည်ဟုဆို၏**-ဋီကာ)

**တစ်နည်းသော်ကား** သစ္စာလေးပါးသည် အစဉ်အတိုင်း မပြတ်ဖြစ်နေခြင်း (ပဝတ္တိ)၊ မပြတ်ဖြစ်စေတတ်ခြင်း(ပဝတ္တန)၊ ဆုတ်နစ်ရပ်စဲခြင်း(နိဝတ္တိ)၊ ဆုတ်နစ်ရပ်စဲစေတတ်ခြင်း (နိဝတ္တန)လက္ခဏာရှိကုန်၏။

ထို့အတူ သစ္စာလေးပါးသည် အစဉ်အတိုင်း သင်္ခတလက္ခဏာ၊ တဏှာ လက္ခဏာ၊ အသင်္ခတလက္ခဏာ၊ နိဗ္ဗာန်ကိုမြင်ခြင်း-ဒဿနလက္ခဏာရှိကုန်၏။

ဤသို့လျှင် သစ္စာလေးပါး၌ လက္ခဏာစသောအဆုံးအဖြတ်ကို သိအပ်၏။

## (၄) အတ္ထနှင့်အနက်တို့ကို ထုတ်ပြသောအားဖြင့် အဆုံးအဖြတ်

သစ္စာ၏အနက်သဘောဟူသည် အဘယ်နည်း။သစ္စာဟူသည် မျက်လှည့်ကဲ့သို့ ဖောက်ပြန်မှားယွင်းတတ်သည့် သဘောမျိုးလည်းမဟုတ်၊တံလျှပ်ကဲ့သို့ ချွတ်ယွင်းစေတတ်သည့်သဘောမျိုးလည်းမဟုတ်၊တိတ္ထိတို့ကြံဆထားသည့် အတ္တကဲ့သို့ မရအပ်သည့်သဘောအထည်ကိုယ်ရှိသည်လည်းမဟုတ်။စင်စစ်သော်ကား နှိပ်စက်ခြင်း, အမွန်အစအကြောင်း,ငြိမ်းအေးခြင်း,ထွက်မြောက်ကြောင်းအဖြစ်ဖြင့် မှန်သောသဘောတရား,မဖောက်ပြန်သောသဘောတရား,အဟုတ်ရှိသည့်သဘောတရားတို့အဖြစ်ဖြင့် အရိယဉာဏ်၏ကျက်စားရာအာရုံဖြစ်သည်သာတည်း။

ဤမှန်သော မဖောက်ပြန်သော အဟုတ်ရှိသောသဘောကို သစ္စာ၏အနက်သဘောဟူ၍ဆိုအပ်၏။ ဤအဆိုနှင့်အညီ မြတ်စွာဘုရားဟောထားသည်မှာ "*ရဟန်းတို့-ဤသည်ကား ဆင်းရဲတည်းဟူသောသဘောသည် မှန်၏၊ ဤသဘောသည် မချွတ်မယွင်း၊ ဤသဘောတွင် အခြားအခြင်းအရာမရှိချေ။*"

### ဒုက္ခကိုသစ္စာဟုသိအပ်ပုံ

ဒုက္ခသည် နှိပ်စက်တတ်သည်သာတည်း၊မနှိပ်စက်တတ်သည်မရှိ။ဒုက္ခမှ တစ်ပါးသောတရားသည် မနှိပ်စက်တတ်၊ ဒုက္ခသည်သာ နှိပ်စက်တတ်၏။ ထို့ကြောင့် ဒုက္ခ၌ နှိပ်စက်ခြင်း၏ကိန်းသေမြဲခြင်း၊နှိပ်စက်ခြင်း၌ ဒုက္ခ၏ကိန်းသေမြဲခြင်းအားဖြင့် ဒုက္ခကို သစ္စာ - အမှန်တရားဟု သိအပ်၏။

### တဏှာကို သစ္စာဟု သိအပ်ပုံ

တဏှာကိုကြဉ်၍ အခြားတရားကြောင့် ဒုက္ခသည်မဖြစ်၊ တဏှာကြောင့်သာ

ဒုက္ခဖြစ်၏။ ထိုဒုက္ခသည်လည်း ထိုတဏှာကြောင့်မဖြစ်သည်မဟုတ်၊ ဖြစ်သည်သာတည်း။ ထို့ကြောင့် တဏှာ၌ ဒုက္ခ၏အကြောင်းဖြစ်ခြင်း၏ကိန်းသေမြဲခြင်း၊ ဒုက္ခ၏အကြောင်းဖြစ်ခြင်း၌ တဏှာ၏ကိန်းသေမြဲခြင်းအားဖြင့် တဏှာကို သစ္စာ-အမှန်တရားဟု သိအပ်၏။

**နိဗ္ဗာန်ကိုသစ္စာဟုသိအပ်ပုံ**

နိဗ္ဗာန်မှတစ်ပါး ငြိမ်းအေးခြင်းမည်သည်မရှိ၊ နိဗ္ဗာန်သည်သာ ငြိမ်းအေး၏။ ထိုနိဗ္ဗာန်သည်လည်း မငြိမ်းအေးသည်မဟုတ်၊ ငြိမ်းအေးသည်သာတည်း။ထို့ကြောင့် နိဗ္ဗာန်၌ ငြိမ်းအေးခြင်း၏ကိန်းသေမြဲခြင်း၊ငြိမ်းအေးခြင်း၌ နိဗ္ဗာန်၏ကိန်းသေမြဲခြင်းအားဖြင့် နိဗ္ဗာန်ကို သစ္စာ-အမှန်တရားဟု သိအပ်၏။

**အရိယမဂ်ကို သစ္စာဟုသိအပ်ပုံ**

အရိယာမဂ်မှတစ်ပါး သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းမည်သည်မရှိ၊ အရိယမဂ်သည်သာ ထွက်မြောက်ကြောင်းဖြစ်၏။ ထိုအရိယမဂ်သည်လည်း ထွက်မြောက်ကြောင်းမဖြစ်သည်မဟုတ်၊ ထွက်မြောက်ကြောင်းဖြစ်သည်သာတည်း။ ဤသို့ မချွတ်ဧကန် ဟုတ်မှန်သောထွက်မြောက်ကြောင်းဖြစ်ခြင်းကြောင့် အရိယမဂ်ကို သစ္စာ-အမှန်တရားဟု သိအပ်၏။

**သစ္စ-သဒ္ဒါ၌ ရသင့်သောအနက်တို့ကို ထုတ်ပြခြင်း**

သစ္စ-သဒ္ဒါကို အနက်အမျိုးမျိုးဖြင့် ပြောဆိုသုံးစွဲနေကြသည်ကို တွေ့ရ၏။ သာဓကများကို ဖော်ပြရသော်-

၁။ "အမှန်(သစ္စာ)ကို ပြောဆိုရာ၌ အမျက်မထွက်ရာ"စသည်၌ သစ္စ-သဒ္ဒါကို စကားမှန်၌တွေ့ရ၏။ 'ဝါစာသစ္စာ'(စကားသစ္စာ)အနက်ဖြင့် သုံးစွဲထား၏။

၂။ "အမှန်သစ္စာ၌တည်ကုန်သော သမဏဗြာဟ္မဏတို့သည် ဇာတိ, မရဏ၏ တစ်ဘက်ကမ်းသို့ ကူးမြောက်ကုန်၏" စသည်၌ သစ္စ-သဒ္ဒါကို မုသာဝါဒမှ ရှောင်ကြဉ်ခြင်းဟူသော 'ဝိရတိသစ္စာ'အနက်ဖြင့် သုံးစွဲထား၏။

၃။ "တတ်သိကျွမ်းကျင်ကြပါသည်ဟု ဝန်ခံပြောဆိုကြသော ဝါဒရှင်တို့သည် အမျိုးမျိုး ကွဲပြားသော အမှန်(သစ္စာ)တို့ကို အဘယ့်ကြောင့်ပြောဟောကြကုန်သနည်း"စသည်၌ သစ္စ-သဒ္ဒါကို မိစ္ဆာဒိဋ္ဌိဟူသောအမှန်သစ္စာ (ဝါ) 'ဒိဋ္ဌိသစ္စာ'အနက်ဖြင့် သုံးစွဲထား၏။

[ဣဒမေဝသစ္စံ-ဤအယူသာမှန်၏၊ မောဃမညံ-အခြားအယူသည် အချည်းနှီးသာတည်းဟုဆိုသော မိစ္ဆာဒိဋ္ဌိသည် မှန်သည်ဟု မြဲမြံစွာနှလုံးသွင်း၍ဖြစ်ခြင်းကြောင့် ဒိဋ္ဌိသစ္စာမည်၏။ (ဋီကာ)]

၄။ "အမှန်(သစ္စာ)သည် တစ်ပါးတည်းသာရှိ၏။ နှစ်ခုမြောက်မရှိပေ"စသည်၌

အမြတ်ဆုံးအမှန်တရားဖြစ်၍ ပရမသစ္စာမည်သောနိဗ္ဗာန်၌လည်းကောင်း၊ အရိယမဂ်၌လည်းကောင်း ပြောဆိုသုံးစွဲသည်ကို တွေ့ရ၏။

၅။ "လေးပါးကုန်သော အရိယသစ္စာတို့တွင် ကုသိုလ်တို့သည် အဘယ်မျှနည်း"စသည်၌ သစ္စ-သဒ္ဒါကို အရိယသစ္စာဟူသောအနက်ဖြင့် သုံးစွဲထားသည်ကို တွေ့ရ၏။ ဤသစ္စနိဒ္ဒေသ၌ "အရိယသစ္စာ"ဟူသော အနက်အဓိပ္ပါယ်သည်သာလျှင် သင့်မြတ်၏။

## (၅) မယုတ်မလွန်သောအားဖြင့် အဆုံးအဖြတ်

၁။ အရိယသစ္စာတို့ကို အဘယ့်ကြောင့် မယုတ်မလွန် လေးပါးကိုသာ ဟောတော်မူခဲ့သနည်းဟုမေးလျှင် သစ္စာလေးပါးတို့မှတစ်ပါး အခြားသစ္စာတစ်ပါးဟူ၍ မရှိသင့်၊ မဖြစ်သင့်သောကြောင့်လည်းကောင်း၊ သစ္စာလေးပါးထဲမှ မည်သည့်သစ္စာကိုမျှ မနုတ်မပယ်အပ်သောကြောင့်လည်းကောင်း၊ သစ္စာလေးပါးတို့ကိုသာ ဟောတော်မူခြင်းဖြစ်သည်ဟု ဖြေအပ်၏။ မြတ်စွာဘုရားဟောကြားထားသည်မှာ-

*"ရဟန်းတို့. . . ဤလောက၌ သမဏဖြစ်စေ၊ ဗြဟ္မဏဖြစ်စေ 'ဤဇာတိအစရှိသောတရားသည် ဒုက္ခအရိယသစ္စာမဟုတ်၊ ဒုက္ခအရိယသစ္စာသည် အခြားတစ်ပါးသာတည်း။ ငါသည် ဤဇာတိစသော အရိယသစ္စာကို ပယ်ထား၍ အခြားဒုက္ခအရိယသစ္စာကို ပညတ်ဟောကြားမည်'ဟု ပြောဆို၍ လာရာ၏။ ဤသို့လာခြင်း၏အကြောင်းသည် မရှိပေ။"*

*"ရဟန်းတို့. . . သာမဏဖြစ်စေ ဗြဟ္မဏဖြစ်စေ တစ်စုံတစ်ယောက်သောသူသည် 'ရဟန်းဂေါတမဟောထားသော ဤဒုက္ခသစ္စာသည် ပထမဒုက္ခအရိယသစ္စာမဟုတ်၊ အခြားတစ်ပါးသော ပထမဒုက္ခအရိယသစ္စာကို ပညတ်ဟောကြားမည်'ဟု ပြောဆိုရာ၏။ ဤသို့ပြောဆိုခြင်း၏အကြောင်းသည် မရှိပေ။"*

## တစ်နည်း သစ္စာ(၄)ပါးသာဟောရခြင်းအကြောင်း

၂။ သံသရာဝဋ်ဆင်းရဲမပြတ်ဖြစ်နေခြင်း(ပဝတ္တိ)ကို ဟောကြားတော်မူသော မြတ်စွာဘုရားသည် အကြောင်း(သမုဒယ)နှင့်တကွ ဟောကြားတော်မူ၏။သံသရာဝဋ်ဆင်းရဲဆုတ်နစ်ရပ်စဲခြင်း(နိဝတ္တိ)ကိုလည်း ရောက်ကြောင်း(ဥပါယ)နှင့်တကွ ဟောကြားတော်မူ၏။ သို့ဖြစ်၍ ပဝတ္တိနှင့်ယင်း၏အကြောင်း(သမုဒယ)၊ နိဝတ္တိနှင့် ယင်းသို့ရောက်ကြောင်း(ဥပါယ)၊ ဤအကြောင်းအကျိုးနှစ်စုံမျှသာ အတိုင်းအရှည်ရှိအပ်သောကြောင့် သစ္စာလေးပါးတို့ကိုသာလျှင် ဟောတော်မူခဲ့ခြင်းဖြစ်၏။

၃။ ထို့အတူပင် (ပရိညေယျ)ပိုင်းခြား၍သိအပ်သောတရား၊ (ပဟာတဗ္ဗ) ပယ်အပ်သောတရား၊ (သစ္ဆိကာတဗ္ဗ)မျက်မှောက်ပြုအပ်သောတရား၊ (ဘာဝေတဗ္ဗ)ပွါးစေအပ်

သောတရားတို့၏အလိုအားဖြင့် ဤမျှသာရှိအပ်သောကြောင့် သစ္စာလေးပါးတို့ကိုသာ ဟောတော်မူခဲ့ပေ၏။

၄။ တစ်ဖန် တဏှာ၏အာရုံ,တဏှာ,တဏှာချုပ်ရာ,ယင်းချုပ်ရာသို့ရောက်ကြောင်း တို့အလိုအားဖြင့် လည်းကောင်း၊ တွယ်တာစရာအာရုံ,ထိုအာရုံ၌ပျော်မွေ့ခြင်း,တွယ်တာစရာကိုအကြွင်းမဲ့ပယ်ရာ,ထိုပယ်ရာသို့ရောက်ကြောင်းအကျင့်တို့အလိုအားဖြင့်လည်းကောင်း၊ ဤမျှသာရှိအပ်သောကြောင့် သစ္စာလေးပါးတို့ကိုသာလျှင် ဟောတော်မူခဲ့ပေ၏။

## (၆) အစဉ်အားဖြင့် အဆုံးအဖြတ်

သစ္စာလေးပါးဟောစဉ်သည် ဒေသနာအစဉ်ပင် ဖြစ်၏။

၁။ သစ္စာလေးပါးတွင် ကြမ်းတမ်းထင်ရှားပြီး သတ္တဝါအားလုံးနှင့်သက်ဆိုင်သောကြောင့် ဒုက္ခသစ္စာသည် သိလွယ်၏။ ထို့ကြောင့် ဒုက္ခသစ္စာကို ရှေးဦးစွာဟောတော်မူ၏။

၂။ ဒုက္ခသစ္စာ၏အကြောင်းကိုပြခြင်းငှာ သမုဒယသစ္စာကို ဒုတိယဟောတော်မူ၏။

၃။ အကြောင်းချုပ်ခြင်းကြောင့် အကျိုးချုပ်သည်ကိုသိစေခြင်းငှာ ထို့နောင် နိရောဓသစ္စာကို ဟောတော်မူ၏။

၄။ နိရောဓသစ္စာ၏အကြောင်းကိုပြခြင်းငှာ အဆုံး၌ မဂ္ဂသစ္စာကို ဟောတော်မူ၏။

**တစ်နည်းအားဖြင့်ကား-**

၁။ ဘဝချမ်းသာကို သာယာမက်မောကြကုန်သောသတ္တဝါတို့အား ထိတ်လန့်မှုသံဝေဂဖြစ်စေခြင်းငှာ ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောတော်မူ၏။

၂။ ထိုဒုက္ခသည် မိမိမပြုလုပ်ဘဲ အလိုလိုဖြစ်လာသည်မဟုတ်၊ ဣဿရဘုရားသခင် ဖန်ဆင်းခြင်းကြောင့် ဖြစ်လာသည်လည်းမဟုတ်၊ တဏှာသမုဒယကြောင့် ဖြစ်လာသည်ကို သိစေခြင်းငှာသမုဒယသစ္စာကို ဒုတိယသစ္စာအဖြစ် ဟောတော်မူ၏။

၃။ ထို့နောင် အကြောင်းတဏှာနှင့်တကွ ဒုက္ခနှိပ်စက်သဖြင့် ထိတ်လန့်သည့်စိတ်ရှိကြလျက် ဒုက္ခမှထွက်မြောက်ရာကို ရှာမှီးသောသတ္တဝါတို့အား ထွက်မြောက်ရာကို မြင်၍ သက်သာရာရစေခြင်းငှာ နိရောဓသစ္စာကို ဟောတော်မူ၏။

၄။ ထို့နောင် နိရောဓကိုရရန်အတွက် နိရောဓသို့ရောက်ကြောင်းဖြစ်သော မဂ္ဂသစ္စာကို ဟောတော်မူ၏။

## (၇) ဇာတိစသည်တို့ကိုဆုံးဖြတ်သောအားဖြင့် အရိယသစ္စာတို့ကိုအကျယ်ပြခြင်း

### (က) ဒုက္ခသစ္စာကိုအကျယ်ပြခြင်း

ဒုက္ခကိုအကျယ်ပြဆိုရာ၌ တရား(၁၂)မျိုးသည် ဒုက္ခဖြစ်ကြောင်းဟောတော်မူ၏။

၁။ ဇာတိ - ဘဝသစ်ဖြစ်ခြင်း၊ ၂။ ဇရာ - အိုခြင်း၊

၃။ မရဏ - သေခြင်း၊ ၄။ သောက - စိုးရိမ်ပူဆွေးခြင်း၊

၅။ ပရိဒေဝ - ငိုကြွေးခြင်း၊ ၆။ ဒုက္ခ - ကိုယ်ဆင်းရဲခြင်း၊
၇။ ဒေါမနဿ - နှလုံးမသာယာခြင်း၊ ၈။ ဥပါယာသ - ပြင်းစွာပူပန်ခြင်း၊
၉။ အပ္ပိယသမ္ပယောဂ - မချစ်ခင်မနှစ်သက်သောပုဂ္ဂိုလ်ဝတ္ထုတို့နှင့် ပေါင်းဖက်ရခြင်း၊
၁၀။ ပိယဝိပ္ပယောဂ - ချစ်ခင်နှစ်သက်သောပုဂ္ဂိုလ်ဝတ္ထုတို့နှင့်ကွဲကွာရခြင်း၊
၁၁။ ဣစ္ဆိတာလာဘ - လိုချင်တာကိုမရခြင်း၊ မရနိုင်တာကိုလိုချင်ခြင်း၊
၁၂။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ - အကျဉ်းအားဖြင့် လောကီခန္ဓာငါးပါးသည် ဆင်းရဲဖြစ်ခြင်း၊

## (၁) ဇာတိ-ဘဝသစ်ဖြစ်ခြင်းအကြောင်း

### ဒုက္ခသစ္စာ၌ ဇာတိသဒ္ဒါ၏အနက်

ဒုက္ခသစ္စာကို အကျယ်ပြရာ၌ ဇာတိသဒ္ဒါသည် အမိဝမ်း၌ကိန်းအောင်းရသော ဂဗ္ဘသေယျကသတ္တဝါတို့အား ပဋိသန္ဓေတည်သည်မှစ၍ မွေးဖွားသည့်ကာလတိုင်အောင် ဖြစ်ကုန်သောခန္ဓာတို့ကို ဟော၏။ သံသေဒဇသတ္တဝါ, ဥပပါတ်သတ္တဝါတို့အား ပဋိသန္ဓေခန္ဓာ(ဘဝတစ်ခု၌ ရှေးဦးစွာဖြစ်သော ရုပ်နာမ်ခန္ဓာ)ကိုသာ ဇာတိအဖြစ် ဟော၏။ ဤအဆိုသည် ပရိယာယ်စကားသာတည်း။ မုချအားဖြင့်မူ ထိုထိုဘဝတစ်ခု၌ ရှေးဦးစွာဖြစ်ကြသောခန္ဓာတို့၏ဖြစ်ဆဲ-ဥပါဒ်ခဏသာလျှင် ဇာတိ-ဘဝအသစ်ဖြစ်ခြင်း မည်၏။

### ဇာတိလက္ခဏာစသည်

(က) ထိုထိုဘဝတစ်ခု၌ ခန္ဓာတို့၏ရှေးဦးစွာဖြစ်ပေါ်ခြင်းလက္ခဏာရှိ၏။
(ခ) ထိုဘဝတစ်ခုလုံး၏ခန္ဓာတို့ကို ထိုသတ္တဝါအား အပ်နှင်းခြင်းကိစ္စရှိ၏။
(ဂ) အတိတ်ဘဝမှ ဤပစ္စုပ္ပန်ဘဝ၌ ခန္ဓာပေါ်လာသည့်အနေဖြင့် ဉာဏ်အား ရှေးရှုထင်၏။ တစ်နည်း ဆန်းကြယ်သောဒုက္ခအပေါင်းကို ရှေးရှုဖြစ်စေတတ်၏ဟု ဉာဏ်အားထင်၏။

### ဇာတိသည် ဒုက္ခ-ဆင်းရဲမည်ခြင်း

ဇာတိသည် များစွာသောဆင်းရဲတို့၏တည်ရာအကြောင်းဖြစ်သောကြောင့် ဒုက္ခမည်၏။ ကိုယ်စိတ်ဆင်းရဲ၏တည်ရာအကြောင်းဖြစ်သောကြောင့် 'ပရိယာယ ဒုက္ခ'မည်၏။

### ဒုက္ခ(၇)မျိုး

၁။ ဒုက္ခ-ဒုက္ခ - ကိုယ်ထဲ၌ဖြစ်သည့်မခံသာမှုဆင်းရဲ(ကာယိကဒုက္ခ)၊ စိတ်၌ဖြစ်သော မခံသာမှုဆင်းရဲ(စေတသိကဒုက္ခ)ကို ခံစားမှု-ဝေဒနာသဘောအားဖြင့်

ဆင်းရဲသောကြောင့်လည်းကောင်း၊ အမည်အားဖြင့် ဒုက္ခ-ဆင်းရဲမည်သောကြောင့် လည်းကောင်း၊ 'ဒုက္ခဒုက္ခ'(ဆင်းရဲသည့်ဆင်းရဲ)မည်ပါသည်။

၂။ *ဝိပရိဏာမဒုက္ခ* - သုခဝေဒနာသည် ဖောက်ပြန်ပျောက်ကွယ်ခြင်းဖြင့် ဆင်းရဲဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့် 'ဝိပရိဏာမဒုက္ခ'မည်၏။

၃။ *သင်္ခါရဒုက္ခ* - ဥပေက္ခာဝေဒနာနှင့် ကြွင်းသောတေဘူမကသင်္ခါရတရား(ဘုံသုံးပါးရှိရုပ်နာမ်တရား)တို့သည် ဖြစ်ခြင်းပျက်ခြင်းဖြင့် အမြဲမပြတ်အနှိပ်စက်ခံနေကြရသောကြောင့် 'သင်္ခါရဒုက္ခ'မည်၏။

၄။ *ပဋိစ္ဆန္နဒုက္ခ* - နားကိုက်,သွားနာ,ရာဂကြောင့်ပူလောင်မှု,ဒေါသကြောင့်ပူလောင်မှုစသော ကိုယ်ထဲစိတ်ထဲ၌ဖြစ်သည့် ကျင်နာခံခက်နှိပ်စက်ခြင်းသဘောသည် မေးမြန်းကြည့်မှ သိနိုင်သောကြောင့်လည်းကောင်း၊ နှိပ်စက်မှုဗျာပါရ၏မထင်ရှားခြင်းကြောင့် လည်းကောင်း၊ 'ပဋိစ္ဆန္နဒုက္ခ' (ဖုံးကွယ်သောဆင်းရဲ)မည်၏။

၅။ *အပ္ပဋိစ္ဆန္နဒုက္ခ* - ၃၂ပါးသောကံကြမ္မာတို့ ညှဉ်းဆဲခြင်းကြောင့်ဖြစ်သောနာကျင်ခြင်း (အနာရောဂါ) သည် မမေးမြန်းဘဲသိနိုင်သောကြောင့်လည်းကောင်း၊ နှိပ်စက်မှုဗျာပါရ၏ထင်ရှားခြင်းကြောင့်လည်းကောင်း၊ 'အပ္ပဋိစ္ဆန္နဒုက္ခ' မည်၏။

၆။ *ပရိယာယဒုက္ခ* - ဒုက္ခဒုက္ခမှကြွင်းသော သစ္စဝိဘင်းလာ ဇာတိစသည့်ဆင်းရဲအားလုံးသည် ကိုယ်စိတ်ဆင်းရဲမှု၏တည်ရာအကြောင်းဖြစ်သောကြောင့် 'ပရိယာယဒုက္ခ' (ပရိယာယ်ဆင်းရဲ) မည်၏။

၇။ *နိပ္ပရိယာယဒုက္ခ* - ဒုက္ခဒုက္ခသည် မုချဆင်းရဲဖြစ်သောကြောင့် 'နိပ္ပရိယာယဒုက္ခ' မည်၏။

**ဇာတိဒုက္ခကိုအကျယ်ပြခြင်း**

**၁။ အမိဝမ်းတွင်းသို့ သက်ဆင်းခြင်းအရင်းခံရှိသည့်ဆင်းရဲ**

အမိဝမ်းတွင်း၌ ပဋိသန္ဓေနေရခြင်းသည် ပဒုမ္မာကြာစသည့်၌ ဖြစ်ရခြင်းမျိုးမဟုတ်၊ အစာသစ်အိမ်၏အောက် အစာဟောင်းအူမကြီး၏အထက် ဝမ်းရေလွှာနှင့်ကျောက်ဆူးရိုးတို့၏အလယ် အလွန်ကျဉ်း၍ မှောင်မိုက်နေသည့်ဝမ်းအရပ်၌ အပုပ်ညှီနံ့နှင့်ထုံအပ်သဖြင့် အနံ့ဆိုးသောလေတို့သွားလာရာ အလွန်စက်ဆုပ်ဖွယ်ကောင်းသောဝမ်းအရပ်၌ ငါးပုပ်, မုန့်သိုး, တံစီးအိုင်စသည်၌ ပိုးလောက်ဖြစ်ရသကဲ့သို့ ဖြစ်ရ၏။

အမိဝမ်း၌ ဆယ်လတို့ပတ်လုံး ဝမ်းအပူငွေ့ဖြင့် ဖက်ထုပ်မုန့်ကျက်သကဲ့သို့ ကျက်ရလျက် မုန့်ညက်စိုင်ကဲ့သို့ ပြုတ်ဖျော်ခံရလျက် ကွေးခြင်း, ဆန့်ခြင်းစသည် ကင်းလျက် လွန်ကဲသည့်ဆင်းရဲကိုခံစားရ၏။ ဤကား ရှေးဦးစွာ အမိဝမ်းတွင်းသို့ သက်ဆင်းခြင်းအရင်းခံသည့်ဆင်းရဲတည်း။

**၂။ ကိုယ်ဝန်ဆောင်ခြင်းလျှင် အကြောင်းရင်းရှိသည့်ဆင်းရဲ**

ကိုယ်ဝန်ဆောင်မိခင်၏ရုတ်တရက်ချော်လဲခြင်း၊ ရုတ်တရက်ထခြင်း,ထိုင်ခြင်း, သွားခြင်း,ပြန်လှန်ခြင်းစသည်တို့၌ သေသောက်ကြူးလက်ထဲရောက်သည့် သိုးငယ်ကဲ့သို့ အလမ္ပာယ်လက်ထဲရောက်သော မြွေငယ်ကဲ့သို့ ရှေးရှုဆွဲငင်ခြင်း, ပတ်လည်လှည့်ခြင်း, အောက်သို့ခါချခြင်း,ဘေးသို့ခါခြင်းစသည်နှင့်တူသော အမူအရာဖြင့် လွန်ကဲသည့် ဆင်းရဲကို ခံစားရ၏။

ထို့အပြင် မိခင်က ရေအေးကိုသောက်သည့်အခါ လောကန္တရိက်ခေါ် ရေအေးငရဲ၌ဖြစ်ရသကဲ့သို့ အေးစိမ့်ရ၏။ မိခင်က ယာဂုပူ,ထမင်းပူစသည်ကို စားမျိုသောအခါ မီးကျီးမိုးရွာချသလို ပူလောင်ရ၏။မိခင်ကအငန်,အချဉ်စသည့်အစာကို စားမျိုသောအခါ ပဲခွပ်ဖြင့်ရွေ၍အငန်ရေပက်ဖျန်းခံရသကဲ့သို့ ထက်မြက်ပြင်းထန်သောဆင်းရဲကို ခံစားရ၏။

**၃။ ကိုယ်ဝန်ပျက်ခြင်းအရင်းခံရှိသောဆင်းရဲ**

မိခင်၏ကိုယ်ဝန်ဖောက်ပြန်၍ မီးမဖွားနိုင်သဖြင့် ချစ်ကျွမ်းဝင်သူတို့သည်ပင် မမြင်ထိုက်သော သားအိမ်ကိုခွဲခြင်း, ဖြတ်ခြင်းပြုလုပ်သောအခါ ကလေးငယ်သည် မိခင်နှင့် တူစွာ ကြီးစွာသောဆင်းရဲကို ခံစားရ၏။

**၄။ မွေးဖွားခြင်းလျှင် အရင်းခံရှိသောဆင်းရဲ**

ဖွားမြင်သောမိခင်၏ ကမ္မဇလေလှုပ်ရှားသောအခါ ကလေးငယ်သည် အလွန်ကြောက်မက်ဖွယ်ကောင်းသော နရက်ချောက်သို့ ဇောက်ထိုးပြောင်းပြန်ကျရောက်သကဲ့သို့ မိခင်၏ယောနိလမ်းကြောင်းသို့ ကျရောက်၏။ အလွန်ကျဉ်းမြောင်းသော ယောနိဝမှ ဆွဲငင်အထုတ်ခံရသောအခါ၌ ကလေးငယ်သည် သံကောက်ပေါက်မှ ဆွဲထုတ်ခံရသောဆင်ကြီးကဲ့သို့ တောင်တို့ဖြင့် မှုန်မှုန်ကြေအောင် ကြိတ်ခြေခံရသော သင်္ဃာတငရဲသားကဲ့သို့ ကြီးစွာသောဆင်းရဲကို မချိမဆန့် ခံစားရ၏။

**၅။ ဝမ်းအပြင်သို့ထွက်ခြင်းလျှင် အရင်းခံရှိသောဆင်းရဲ**

ဖွားမြင်ပြီးစကလေးငယ်၏ကိုယ်သည် အသားနုတက်စ အသားကဲ့သို့ အလွန်နူးညံ့သိမ်မွေ့၏။ ထိုကလေးအား ကိုင်ခြင်း,ရေချိုးပေးခြင်း,အညစ်အကြေးဆေးကြောပေးခြင်း, အဝတ်ဖြင့်သုတ်ခြင်းစသောကာလတို့၌ အပ်ဖျား,သင်ဓုန်းသွားတို့ဖြင့် ထိုးခြင်း, ခွဲခြားနှင့်တူစွာ စူးရှသောဆင်းရဲကို ကလေးငယ်ခံစားရ၏။

**၆။ မိမိပယောဂလျှင် အရင်းခံရှိသောဆင်းရဲ**

ပဋိသန္ဓေစိတ်၏အခြားမဲ့၌ ပထမဘဝင်စိတ်မှစုတိတိုင်အောင်သောပဝတ္တိကာလ၌ စိုးရိမ်ပူဆွေးခြင်း,ငိုကြွေးခြင်း,ခေါင်းထုခြင်းစသည့် မိမိကို မိမိကိုယ်တိုင်နှိပ်စက်သောသူ၊ အဝတ်မဝတ်ဘဲ ကိုယ်တုံးလုံးနေ၍ တစ်ရက်ခြား,နှစ်ရက်ခြားစသည်စားခြင်းစသည့်

အစေလကအကျင့်ရှိသူ၊ နေအပူ,ငါးပါးသောအပူဖြင့် ပူစေသောအကျင့်စသည်ကို ကျင့်သူ၊ စိတ်ဆိုး၍မစားဘဲနေသူ၊ ကြိုးဆွဲချ၍သေသူစသည်တို့အား ဆင်းရဲဒုက္ခ ဖြစ်ရခြင်းသည် မိမိပယောဂလျှင် အကြောင်းရင်းရှိသည့်ဆင်းရဲကို ခံစားရခြင်းဖြစ်၏။

**၇။ သူတစ်ပါး၏ပယောဂလျှင် အကြောင်းရင်းရှိသောဆင်းရဲ**

သူတစ်ပါးတို့၏လှည့်စားလိမ်ညာခြင်း၊ အနိုင်ကျင့်ခြင်း၊ နှောင်ဖွဲ့ခြင်း၊ နှိပ်စက် ညှဉ်းပန်းခြင်း၊ သတ်ခြင်းစသည်တို့ကြောင့် ခံစားရသောဆင်းရဲသည် သူတစ်ပါး၏ ပယောဂလျှင် အကြောင်းရင်းရှိသောဆင်းရဲဖြစ်၏။

သို့ဖြစ်၍ ဘဝသစ်ဖြစ်ခြင်းဟူသောဇာတိသည် ဤဆိုခဲ့သောဆင်းရဲအလုံးစုံ၏ တည်ရာအကြောင်းဝတ္ထုဧကန်ပင်ဖြစ်ပေ၏။ မြတ်စွာဘုရားသည် အောက်ပါအဓိပ္ပါယ် ရှိသောဂါထာတို့ကို မိန့်ဆိုတော်မူ၏။

၈။ ငရဲဘုံ၌မဖြစ်လျှင် ငရဲမီးဖြင့်လောင်ကျွမ်းခံရခြင်းစသည့် ဆင်းရဲများမရှိပေ။ ထို့ကြောင့် ငရဲ၌ဖြစ်ရသောဇာတိသည် ငရဲဆင်းရဲ၏တည်ရာအကြောင်းဖြစ်၏။

၉။ ကြိမ်လုံး,နှင်တံ,တုတ်စသည်ဖြင့် ရိုက်နှက်ခံရခြင်း,ခိုင်းစေခံရခြင်းစသော တိရစ္ဆာန်တို့၏ဆင်းရဲသည် တိရစ္ဆာန်ဘုံ၌ဖြစ်ရသောဇာတိလျှင် အကြောင်းရင်းရှိပေ၏။

၁၀။ ပြိတ္တာဘုံတို့၌ ဆာလောင်ခြင်း,ရေငတ်ခြင်း,လေ,နေပူစသည်ကြောင့်ဖြစ်သော ဆန်းကြယ်များပြားလှသောဆင်းရဲတို့သည် ပြိတ္တာဘုံ၌ဖြစ်ခြင်းဇာတိနှင့်ကင်း၍ မဖြစ်နိုင်။ ထို့ကြောင့် ဇာတိသည် ဆင်းရဲဒုက္ခမည်ပေ၏။

၁၁။ ထုထဲစွာမှောင်မိုက်၍ အေးလွန်းလှသည့် ရေရှိသောလောကန္တရိက်ငရဲနှင့် အသူရကာယ်ဘုံတို့၌ များပြားလှသောဆင်းရဲသည်ရှိ၏။ ဤဆင်းရဲတို့သည်လည်း ထိုဘုံတို့၌ဖြစ်ရသောဇာတိမရှိလျှင် မဖြစ်နိုင်သည်သာ။ ထို့ကြောင့် ဇာတိသည် ဆင်းရဲ ဒုက္ခဧကန်ပင်ဖြစ်၏။

၁၂။ လောက၌ တစ်စုံတစ်ခုသောအရပ်တွင် အကြင်ဆင်းရဲရှိသည်ဆိုလျှင် ထို ဆင်းရဲသည် ဘဝသစ်ဖြစ်မှု ဇာတိနှင့်ကင်း၍ မရှိနိုင်၊ ဇာတိကြောင့်သာရှိရ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အားလုံးတို့၏ရှေးဦးစွာ "ဇာတိပိဒုက္ခာ"-ဇာတိသည် ဆင်းရဲပေတည်းဟု ဟောတော်မူ၏။

**(၂) ဇရာ-အိုခြင်းအကြောင်း**

ဇရာ-အိုခြင်းသည် ၂-မျိုးရှိ၏။

၁။ ရုပ်နာမ်တရားတို့၏တည်ဆဲခဏ-ဌီဟူသော သင်္ခတလက္ခဏာသည် ဇရာ မည်၏။

၂။ ဆံဖြူ, သွားကျိုး, အရေတွန့်ခြင်းစသည်ဖြင့် သမုတ်အပ်သော တစ်ဘဝတည်း၌

အတွင်းဝင်သော ခန္ဓာတို့၏ ရင့်ယော်အိုမင်းသည့်အဖြစ်သည်လည်း ဇရာမည်၏။ ဤဇရာကို ဤသစ္စနိဒ္ဒေသ၌ အလိုရှိအပ်၏။

**ဇရာ၏လက္ခဏာစသည်**

(က) ဇရာသည် ခန္ဓာတို့၏ရင့်ရော်ဟောင်းနွမ်းခြင်းလက္ခဏာရှိ၏။

(ခ) သေခြင်းဆီသို့ ဆောင်ပို့ခြင်းကိစ္စရှိ၏။

(ဂ) နုပျိုသောအရွယ်၏ပျက်စီးခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

**ဇရာသည် ဆင်းရဲဒုက္ခဖြစ်ခြင်း**

၁။ ဇရာသည် သင်္ခါရဒုက္ခဖြစ်ခြင်း၊ ကိုယ်စိတ်ဆင်းရဲ၏တည်ရာအကြောင်းဝတ္ထု ဖြစ်ခြင်းတို့ကြောင့် ဆင်းရဲဒုက္ခမည်၏။

၂။ ချဲ့၍ပြရလျှင် အင်္ဂါကြီးငယ်တို့၏အားနည်းလာခြင်း၊ မျက်စိစသောဣန္ဒြေတို့ မှုန်ထိုင်းဖောက်ပြန်ခြင်း၊ အရေပိန်ချိုင့်ရှုံ့တွ၍ အဆင်းမလှခြင်း၊ အရွယ်ပျက်ခြင်း၊ ခွန်အားဆုတ်ယုတ်ခြင်း၊ သတိပညာကင်းကွာခြင်း၊ သူငယ်ပြန်ခြင်း၊ သူတစ်ပါးတို့က 'အဘိုးကြီး, အမယ်ကြီး'စသည်ဖြင့် ခေါ်ဝေါ်ရှုတ်ချခြင်းစသည့် များစွာသော အကြောင်းတို့ကြောင့် ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲဖြစ်ရ၏။ အိုခြင်း-ဇရာသည် ထိုဆင်းရဲတို့၏တည်ရာအကြောင်းဝတ္ထုပေတည်း။

**(၃) မရဏ-သေခြင်းအကြောင်း**

မရဏ-သေခြင်းသည်လည်း ၂-မျိုးရှိ၏။

၁။ ရုပ်နာမ်တရားတို့၏ပျက်ဆဲခဏ-ဘင်ဟူသော သင်္ခတလက္ခဏာသည် မရဏ မည်၏။

၂။ တစ်ဘဝတည်း၌အတွင်းဝင်သော ဇီဝိတိန္ဒြေအစဉ်၏ပြတ်စဲခြင်းသည်လည်း မရဏမည်၏။ ဤဒုတိယမရဏကို သစ္စနိဒ္ဒေသ၌ အလိုရှိအပ်၏။ ***ဤသေခြင်းသည်လည်း ၅-မျိုးရှိ၏။***

၁။ ဘဝသစ်ဖြစ်ခြင်း-ဇာတိဟူသောအကြောင်းကြောင့် သေခြင်း၊

၂။ သေကြောင်းပြုမှုပယောဂကြောင့် သေခြင်း၊

၃။ သူ့အလိုလိုသေခြင်း၊

၄။ သက်တမ်းကုန်၍သေခြင်း (အာယုက္ခယမရဏ)၊

၅။ ကံစွမ်းကုန်၍သေခြင်း (ပုညက္ခယမရဏ)တို့ဖြစ်၏။

**မရဏ၏လက္ခဏာစသည်**

(က) တစ်ဘဝဟုပိုင်းခြားအပ်သော ခန္ဓာအစဉ်ဘဝဟောင်းမှ စုတေရွေ့လျောခြင်း လက္ခဏာရှိ၏။

(ခ) ပြည့်စုံသောဘဝခန္ဓာတို့မှကင်းစေခြင်းကိစ္စရှိ၏။ တစ်နည်း-သက်ဆိုင်ရာ သတ္တဝါသင်္ခါရတို့နှင့် ကင်းကွာစေခြင်းကိစ္စရှိ၏။

(ဂ) ဖြစ်ဆဲဂတိမှကွေကွင်းသည့်အနေအားဖြင့် ဉာဏ်အားရှေးရှုထင်၏။

**မရဏသည် ဆင်းရဲဒုက္ခဖြစ်ကြောင်း**

၁။ ကိုယ်စိတ်ဆင်းရဲ၏တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့် ဆင်းရဲဒုက္ခမည်၏။

၂။ သေအံ့ဆဲဆဲဖြစ်သောမကောင်းမှုရှိသူမှာ အကုသိုလ်ကံ,အကုသိုလ်နိမိတ်, အကုသိုလ်အကျိုး, အပါယ်ဂတိနိမိတ်ကို မပြတ်တွေ့မြင်နေရသဖြင့် စိတ်ဆင်းရဲခြင်းဖြစ်၏။

၃။ သေအံ့ဆဲဆဲဖြစ်သောကောင်းမှုရှိသူမှာ ချစ်ဖွယ်သောပုဂ္ဂိုလ်, ဝတ္ထုတို့နှင့် ကွေကွင်းရခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ စိတ်ဆင်းရဲခြင်းဖြစ်၏။

၄။ အလုံးစုံသောသူတို့မှာ အစပ်အဖွဲ့တို့ကိုဖြတ်တတ်သောလေတို့က အသည်းနှလုံးစသည့် သေတွင်းအရပ်ကို ထိုးဆွနှိပ်စက်ခြင်းကိုခံကြရ၏။ အစပ်အဖွဲ့ စသည်တို့၏ပြတ်ခြင်းကြောင့်ဖြစ်သော သည်းမခံနိုင်လောက်သည့် မကုစားနိုင်ကောင်းသော ကိုယ်ဆင်းရဲသည်လည်း ဖြစ်၏။

ထို့ကြောင့် သေခြင်း-မရဏသည် စိတ်ဆင်းရဲ, ကိုယ်ဆင်းရဲတို့၏တည်ရာအကြောင်းဝတ္ထုပေတည်း၊ သို့ဖြစ်၍ သေခြင်း-မရဏကို ဒုက္ခဟုဟောတော်မူ၏။

**(၄)သောက-စိုးရိမ်ပူဆွေးခြင်းအကြောင်း**

ဉာတိဗျသန-ဆွေမျိုးတို့ပျက်စီးခြင်းစသည်ဖြင့် တွေ့ထိနှိပ်စက်ခံရသောသူမှာ စိတ်၏ပူပန်ခြင်းဖြစ်၏။ ဤစိတ်၏ပူပန်ခြင်းသဘောသည် သောက-စိုးရိမ်ပူဆွေးခြင်းမည်၏။ သောက၏တရားကိုယ်သည် ဒေါမနဿဖြစ်ငြားသော်လည်း ဤသောကသည် ဒေါမနဿအထူးဖြစ်သောကြောင့် သီးခြားလက္ခဏာရှိ၏။

(က) သောကသည် အတွင်း၌ကြံတွေးလျက် ပူဆွေးခြင်းလက္ခဏာရှိ၏။

(ခ) စိတ်ကို ထက်ဝန်းကျင်ပူလောင်စေခြင်းကိစ္စရှိ၏။

(ဂ) ပြန်လည်ဆင်ခြင်၍ အဖန်တလဲလဲစိုးရိမ်ပူဆွေးသည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။

သောကသည် ဒုက္ခဒုက္ခခေါ် ဆင်းရဲအစစ်ဖြစ်သောကြောင့်လည်းကောင်း၊ ဆင်းရဲအစစ်၏တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့်လည်းကောင်း ဒုက္ခမည်၏။

*"သောကသည် သတ္တဝါတို့၏နှလုံးကို အဆိပ်လူးမြားကဲ့သို့ ထိုးဆွနှိပ်စက်တတ်၏။*

*မီးရဲရဲပူလောင်သော စဥ်းသွားမြားကဲ့သို့ လွန်စွာအဖန်ဖန်လောင်စေတတ်၏။*

*နာခြင်း,အိုခြင်း,သေခြင်းစသောဆင်းရဲအမျိုးမျိုးကိုလည်း လွန်စွာ ဆောင်ပေးတတ် ဖြစ်စေတတ်၏။ ထို့ကြောင့် သောကကို ဒုက္ခဟု ဆိုအပ်၏"ဟု ဟောတော်မူသည်။*

**(၈)ပရိဒေဝ-ငိုကြွေးခြင်းအကြောင်း**

ဉာတိဗျသနစသည်တို့ဖြင့် တွေ့ထိနှိပ်စက်ခံရသောသူသည် နှုတ်ဖြင့် ရောက်တတ်ရာရာပြောဆိုမြည်တမ်းခြင်းကို ပရိဒေဝဟုခေါ်၏။

(က) ပရိဒေဝသည် အဖန်ဖန်မြည်တမ်းပြောဆိုခြင်းလက္ခဏာရှိ၏။

(ခ) ဂုဏ်ကျေးဇူးနှင့် အပြစ်တို့ကို ကြွေးကြော်ပြောဆိုခြင်းကိစ္စရှိ၏။

(ဂ) ချာချာလည်နေသောစကားဟု ဉာဏ်အားရှေးရှုထင်၏။

ပရိဒေဝသည် သင်္ခါရဒုက္ခဖြစ်သောကြောင့်လည်းကောင်း၊ ကိုယ်စိတ်ဆင်းရဲ၏ တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့်လည်းကောင်း၊ဒုက္ခမည်၏။

*"သောကမြားငြောင့်စူးဝင်နှိပ်စက်သောကြောင့် ငိုကြွေးသောသူသည် လည်ချောင်း,နှုတ်ခမ်း,အာစောက်ဝန်းကျင်အရပ်တို့၏ခြောက်သွေ့ခြင်းကြောင့် လွန်ကဲပြင်းထန်သောဆင်းရဲကို နောက်ထပ်တစ်ဖန် ရပြန်၏။ ထို့ကြောင့် ပရိဒေဝကို ဒုက္ခဟုဟောတော်မူ၏။"*

**(၆) ဒုက္ခ-ကိုယ်ဆင်းရဲခြင်းအကြောင်း**

ကိုယ်ထဲ၌ဖြစ်သောဆင်းရဲကို ဒုက္ခဟုခေါ်၏။ ကာယိကဒုက္ခဟုလည်း ခေါ်၏။

(က) ဒုက္ခသည် ကိုယ့်ကို နှိပ်စက်ခြင်းလက္ခဏာရှိ၏။

(ခ) ပညာမဲ့သူတို့အား နှလုံးမသာခြင်းကို ပြုခြင်းကိစ္စရှိ၏။

(ဂ) ကိုယ်ထဲ၌ဖြစ်သည့်နာကျင်ခံခက် နှိပ်စက်တတ်သောအနာဟု ဉာဏ်အား ရှေးရှုထင်၏။

ဒုက္ခသည် ဒုက္ခဒုက္ခခေါ် ဆင်းရဲအစစ်ဖြစ်သောကြောင့်လည်းကောင်း၊စိတ်ဆင်းရဲကိုဆောင်ပေးတတ်,ဖြစ်စေတတ်သောကြောင့်လည်းကောင်း ဒုက္ခမည်၏။

**(၇) ဒေါမနဿ-စိတ်ဆင်းရဲခြင်းအကြောင်း**

စိတ်ထဲ၌ဖြစ်သော နှလုံးမသာခြင်းဆင်းရဲသည် ဒေါမနဿမည်၏။

(က) ဒေါမနဿသည် စိတ်ကိုနှိပ်စက်ခြင်းလက္ခဏာရှိ၏။

(ခ) စိတ်ကိုပင်ပန်းစေခြင်းကိစ္စရှိ၏။

(ဂ) စိတ်ထဲ၌ဖြစ်သော နာကျင်ခံခက် နှိပ်စက်သောအနာဟု ဉာဏ်အားရှေးရှုထင်၏။

ဒေါမနဿသည် ဒုက္ခဒုက္ခခေါ် ဆင်းရဲအစစ်ဖြစ်ပြီးလျှင် ကိုယ်ဆင်းရဲကို ဆောင်တတ်-ဖြစ်စေတတ်သောကြောင့် ဒုက္ခမည်၏။

မှန်၏-စိတ်ဆင်းရဲသူတို့သည် ဆံပင်ဖြန့်ကြဲ၍ ငိုကြွေးမြည်တမ်း၏၊ ရင်ဘတ်ကို ထု၏၊ ရှေ့သို့နောက်သို့ လူးလိမ့်၏၊ ဇောက်ထိုးလဲကျ၏၊ အမြင့်မှခုန်ဆင်း၏၊ ဓားလက်နက်ဖြင့် မိမိကိုယ်ကို ထိုးခုတ်၏၊ အဆိပ်ကိုစား၏၊ ကြိုးဆွဲချ၏၊ မီးပုံထဲခုန်ဆင်း၏။ ဤသို့သော ကိုယ်ဆင်းရဲအထူးထူးအပြားပြားကို ခံစားရကုန်၏။ ထို့ကြောင့် ဒေါမနဿကင်းကုန်သော ဘုရား, ရဟန္တာတို့သည် ဒေါမနဿကို ဒုက္ခဟု မိန့်တော်မူကြ၏။

**(၈) ဥပါယာသ-ပြင်းစွာပူပန်ခြင်းအကြောင်း**

ဥပါယာသသည် ဉာတိဗျသနစသည်ဖြင့် တွေ့ထိနှိပ်စက်ခံရသောသူမှာ အလွန်အမင်း စိတ်ဆင်းရဲခြင်းကြောင့်ဖြစ်သော ဒေါသပင်တည်း။

(က) ဥပါယာသသည် စိတ်ကို ထက်ဝန်းကျင်ပူလောင်စေခြင်းလက္ခဏာရှိ၏။

(ခ) ညည်းတွားခြင်းကိုပြုသောကိစ္စရှိ၏။

(ဂ) ကိုယ်စိတ်တို့ကို နစ်ကျစေတတ်သောသဘောဟု ဉာဏ်အားရှေးရှုထင်၏။

ဥပါယာသသည် သင်္ခါရဒုက္ခဖြစ်ပြီးလျှင် ကိုယ်ကိုနစ်ကျစေ,ပင်ပန်းစေတတ်သောကြောင့် ဒုက္ခမည်၏။

*"ဥပါယာသသည် စိတ်ကိုပူလောင်စေခြင်း၊ ကိုယ်ကို နစ်ကျ, ပင်ပန်းစေခြင်းတို့ဖြင့် လွန်ကဲသောကိုယ်စိတ်ဆင်းရဲကို ဖြစ်စေတတ်၏။ ထို့ကြောင့် ၎င်းကို ဒုက္ခဟုဟောတော်မူ၏။"*

**သောက၊ ပရိဒေဝ၊ ဥပါယာသတို့၏ထူးခြားချက်**

မီးနည်းနည်းဖြင့် အိုးထဲ၌ ဆီ၊ထောပတ်စသည်၏ကျက်ခြင်းကဲ့သို့ သောကကို မှတ်အပ်၏။ မီးပြင်းပြင်းဖြင့်ချက်သောအခါ အိုးထဲမှ ဆီ၊ထောပတ်စသည် ဝေလျှံထွက်ခြင်းကဲ့သို့ ပရိဒေဝကိုမှတ်အပ်၏။ ဝေလျှံထွက်ပြီးနောက် အိုး၌ကျန်ရစ်သော ဆီ၊ထောပတ်စသည်ကို အိုးအတွင်း၌သာ ခြောက်ခန်း၍ကုန်သွားသည့်တိုင်အောင် ကျက်ခြင်းကဲ့သို့ ဥပါယာသကို မှတ်အပ်၏။

**(၉) အပ္ပိယသမ္ပယောဂအကြောင်း**

မနှစ်သက် မမြတ်နိုးအပ်-မုန်းအပ်ကုန်သောသတ္တဝါ,သင်္ခါရတို့နှင့် ပေါင်းဆုံခြင်းသည် အပ္ပိယသမ္ပယောဂမည်၏.

(က) အပ္ပိယသမ္ပယောဂသည် အလိုမရှိအပ်သည့် အနိဋ္ဌာရုံနှင့် တွေ့ကြုံပေါင်းဆုံခြင်းလက္ခဏာရှိ၏။

(ခ) စိတ်၏ပင်ပန်းခြင်းကို ပြုခြင်းကိစ္စရှိ၏။

(ဂ) အကျိုးမဲ့ခြင်းအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏။

အပ္ပိယသမ္ပယောဂသည် ဆင်းရဲအစစ်ဒုက္ခ၏တည်ရာအကြောင်းဖြစ်သောကြောင့် ဒုက္ခမည်၏။

*"ဤလောက၌ မချစ်မနှစ်လိုအပ်သော ပုဂ္ဂိုလ်,အာရုံတို့ကို မြင်ကာမျှဖြင့်ပင်လျှင် ရှေးဦးစွာ စိတ်ဆင်းရဲ၏။ ထို့နောက် ထိုပုဂ္ဂိုလ်, အာရုံတို့၏ ပယောဂကြောင့် ကိုယ်ဆင်းရဲသည် ဖြစ်၏။*

*ထိုသို့ ဒုက္ခ ၂-ပါးလုံး၏တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့် ထိုမချစ်မနှစ်လိုအပ်သော ပုဂ္ဂိုလ်, အာရုံတို့နှင့် ပေါင်းဆုံခြင်းကို ဒုက္ခဟု ဟောတော်မူ၏။"*

**(၁၀) ပိယဝိပ္ပယောဂအကြောင်း**

နှစ်သက်မြတ်နိုးအပ်, ချစ်အပ်ကုန်သော သတ္တဝါ, သင်္ခါရတို့နှင့် ကွေကွင်းကွဲကွာရခြင်းသည် ပိယဝိပ္ပယောဂမည်၏။

(က) ပိယဝိပ္ပယောဂသည် အလိုရှိအပ်သော ဣဋ္ဌာရုံတို့နှင့် ကင်းကွာရခြင်း လက္ခဏာရှိ၏။

(ခ) သောက-စိုးရိမ်ပူဆွေးခြင်းကို ဖြစ်စေခြင်းကိစ္စရှိ၏။

(ဂ) ပျက်စီးခြင်း-ဗျသနတရားဟု ဉာဏ်အားရှေးရှုထင်၏။

ပိယဝိပ္ပယောဂသည် သောက-စိုးရိမ်ပူဆွေးခြင်းဆင်းရဲ၏တည်ရာအကြောင်းဝတ္ထုဖြစ်ခြင်းကြောင့် ဒုက္ခမည်၏။

*"မလိမ္မာသောသူတို့သည် ဆွေမျိုးဉစ္စာစသည်တို့နှင့် ကွေကွင်းကွဲကွာရသည့်အခါ သောကမြားစူးဝင်သည်ဖြစ်၍ အထိုးအဆွခံရသကဲ့သို့ နာကျင်ကြကုန်၏။ ထို့ကြောင့် ပိယဝိပ္ပယောဂကို ဒုက္ခဟုသိအပ်၏။"*

**(၁၁) ဣစ္ဆိတာလာဘအကြောင်း**

*"ငါတို့သည် ပဋိသန္ဓေနေခြင်းသဘောမရှိပါမူ ကောင်းလေစွ"ဟု တောင့်တ၍ မရနိုင်ကောင်းသောအရာကို တောင့်တခြင်းသည် "ယမ္ပိစ္ဆံ န လဘတိ တမ္ပိဒုက္ခံ-အကြင်လိုချင်သည့်အရာကိုမရ၊ ထိုမရနိုင်သည်ကို လိုချင်ခြင်းသည်လည်းဆင်းရဲတည်း"ဟု ဘုရားဟောတော်မူ၏။*

(က) ထိုအလို-ဣစ္ဆာသည် တောင့်တ၍မရကောင်းသောဝတ္ထုကို လိုချင်တောင့်တခြင်းလက္ခဏာရှိ၏။

(ခ) ထိုမရနိုင်သည်ကိုပင် ရှာခြင်းကိစ္စရှိ၏။

(ဂ) ထိုမရနိုင်သောဝတ္ထုများကို မရခြင်းသဘောအဖြစ် ဉာဏ်အားရှေးရှုထင်၏။

ဣစ္ဆိတာလာဘသည် ဆင်းရဲအစစ်၏တည်ရာအကြောင်းဝတ္ထုဖြစ်သောကြောင့် ဒုက္ခမည်၏။

*"ဤလောက၌ ထိုထိုမရနိုင်ကောင်းသည့်အရာကို လိုချင်တောင့်တသောသူတို့အား ထိုထိုတောင့်တသည့်အရာကို မရခြင်းကြောင့်စိတ်ပင်ပန်း၍ စိတ်ပင်ပန်းခြင်းကြောင့် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ပေါ်လာ၏။ ထိုစိတ်ဆင်းရဲ, ကိုယ်ဆင်းရဲ၏အကြောင်းကား မရနိုင်သောဝတ္ထုကို လိုချင်တောင့်တခြင်းပင်တည်း။ ထို့ကြောင့် ဣစ္ဆိတာလာဘသည် ဒုက္ခဟု ဟောတော်မူ၏။"*

## (၁၂) သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာအကြောင်း

အကျဉ်းအားဖြင့် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့သည် ဆင်းရဲတို့ပေတည်း။

ဆင်းရဲအလုံးစုံသည် ဥပါဒါနက္ခန္ဓာတို့နှင့်ကင်း၍ မရှိနိုင် မဖြစ်နိုင်ပေ။ ထို့ကြောင့် ဥပါဒါနက္ခန္ဓာတို့ကို ဒုက္ခဟု ဟောတော်မူ၏။ ဤစကားကိုချဲ့ပြရလျှင်-

မီးသည် လောင်စာကိုနှိပ်စက်သကဲ့သို့ မြားစသောလက်နက်တို့သည် လက်မှန်တိုင်ကို နှိပ်စက်ကုန်သကဲ့သို့ မှက်,ခြင်စသည်တို့သည် နွားအပေါင်းကို နှိပ်စက်သကဲ့သို့ ကောက်ရိတ်သမားတို့သည် လယ်ခင်းကို ရိတ်ဖြတ်နှိပ်စက်သကဲ့သို့ ဓားပြတို့သည် ရွာကို နှိပ်စက်ကုန်သကဲ့သို့ ဇာတိစသည်တို့သည် ဥပါဒါနက္ခန္ဓာငါးပါးကိုသာလျှင် အထူထူးအပြားပြားအားဖြင့် နှိပ်စက်ကြကုန်၏။ ထိုသို့နှိပ်စက်ကြပြီးလျှင် ဥပါဒါနက္ခန္ဓတို့၌ပင်ပြန်ဖြစ်ကြကုန်၏။ ဥပမာအားဖြင့် မြက်, နွယ်စသည်တို့သည် မြေ၌ပေါက်ကုန်သကဲ့သို့ အပွင့်,အသီး,အရွက်တို့သည် သစ်ပင်တို့၌ဖြစ်ကုန်သကဲ့သို့တည်း။

## ဥပါဒါနက္ခန္ဓာငါးပါး၌ ဇာတိစသည့် ဆင်းရဲအလုံးစုံပါဝင်ပုံ

၁။ ဥပါဒါနက္ခန္ဓာတို့၏ အစဖြစ်သောဆင်းရဲသည် **ဇာတိ**ပေတည်း။

၂။ ဥပါဒါနက္ခန္ဓာတို့၏ အလယ်ဖြစ်သောဆင်းရဲသည် **ဇရာ**ဖြစ်၏။

၃။ ဥပါဒါနက္ခန္ဓာတို့၏ အဆုံးဖြစ်သောဆင်းရဲသည် **မရဏ**ဖြစ်၏။

၄။ သေခါနီး၌ဖြစ်သောဆင်းရဲတို့က နှိပ်စက်ခြင်းကြောင့်ဖြစ်သော စိတ်ပူလောင်ခြင်းဆင်းရဲသည် **သောက**ပေတည်း။

၅။ ထိုသောကကို သည်းမခံနိုင်ခြင်းကြောင့်ဖြစ်သော မြည်တမ်းငိုကြွေးခြင်းဆင်းရဲသည် **ပရိဒေဝ**တည်း။

၆။ မြည်တမ်းငိုကြွေးခြင်းကြောင့် (ဝါ) ဓာတ်ချောက်ချားခြင်းဟူသော အနိဋ္ဌအတွေ့အာရုံနှင့် တွေ့ဆုံခြင်းကြောင့်ဖြစ်လာသော ကိုယ်၏နာကျင်ခံခက်သည့်

ဆင်းရဲသည် **ဒုက္ခ**ပေတည်း။

၇။ ထိုကာယိကဒုက္ခ၌ အမျက်ထွက်သောကြောင့် စိတ်၏နာကျင်ခံခက်နှိပ်စက်တတ်သည့်ဆင်းရဲဟူသော **ဒေါမနဿ**ဖြစ်ပေါ်လာ၏။

၈။ သောကစသည်တို့ တိုးပွားခြင်းကြောင့်ဖြစ်ပေါ်လာသော ပင်ပန်းနွမ်းနယ်ခြင်း, စိတ်ဓာတ်ကျခြင်းရှိကုန်သောသူတို့၏အတွင်း၌ ပြင်းပြစွာလောင်ကျွမ်းခြင်းဆင်းရဲသည်ကား **ဥပါယာသ**ပေတည်း။

၉။ စိတ်အလိုပျက်စီးကုန်သောသူတို့၏ အလို၏ဖျက်စီးခြင်းဆင်းရဲသည် **ဣစ္ဆိတာလာဘ**ပေတည်း။

ဤသို့ အထူးထူးအပြားပြားအားဖြင့် ရှုဆင်ခြင်ကြည့်လျှင် ဥပါဒါနက္ခန္ဓာငါးပါးတို့သာလျှင် ဆင်းရဲဒုက္ခဖြစ်သည်ကို တွေ့မြင်ရ၏။ သို့ဖြစ်၍ အကြင်ဆင်းရဲအပေါင်းကို တစ်ခုစီပြဆိုနေပါက ကပ်ကမ္ဘာဆုံးသော်လည်း ကုန်နိုင်ဖွယ်ရာမရှိချေ။ သမုဒ္ဒရာရေတစ်ပေါက်၌ရှိသောအရသာဖြင့် သမုဒ္ဒရာရေအားလုံး၏အရသာကို သိနိုင်သကဲ့သို့ ထိုဆင်းရဲအလုံးစုံကို ဥပါဒါနက္ခန္ဓာငါးပါး၌ ချုံး၍ပြခြင်းငှာ "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ = အကျဉ်းအားဖြင့် ငါးပါးကုန်သော ဥပါဒါနက္ခန္ဓာတို့သည် ဆင်းရဲပင်တည်း"ဟု မြတ်စွာဘုရားဟောကြားတော်မူ၏။

**သမုဒယသစ္စာကို အကျယ်ပြခြင်း**

သမုဒယနိဒ္ဒေသ၌ '*ယာယံတဏှာ*'-'*အကြင်တဏှာ*'ဟူသည်ကား

တစ်ဖန်ဘဝသစ်ကို ဖြစ်အောင်ပြုလေ့ရှိသောကြောင့် '*ပေါနောဗ္ဘဝိကာ*'မည်၏။

'*တတြတတြာဘိနန္ဒိနီ*'ဟူသည်ကား အကြင်အကြင်ဘဝ, ယောနိစသည်၌ဖြစ်စေ။ ထိုထို ဖြစ်ရာဘဝ, ယောနိစသည်၌ဖြစ်စေ နှစ်သက်ပျော်မွေ့လေ့ရှိသည်ဟု ဆိုလို၏။

'*သေယျထိဒံ*' - ထိုတဏှာသည် အဘယ်နည်းဟု မေးငြားအံ့-

*ကာမတဏှာ*, *ဘဝတဏှာ*, *ဝိဘဝတဏှာ*ဟူသော သုံးပါးအပြားရှိသည့် ဤတဏှာကို ဒုက္ခသစ္စာကိုဖြစ်စေတတ်သော အကြောင်းအနက်အားဖြင့် တစ်ခုတည်းအဖြစ်သို့ ဆောင်ထည့်၍ ဒုက္ခသမုဒယအရိယသစ္စာဟူ၍ ဟောတော်မူ၏။

ကာမတဏှာ = လိုချင်စရာကာမဂုဏ်ကို လိုချင်နှစ်သက်မှု။

ဘဝတဏှာ = အမြဲရှိသည့်အနေဖြင့် ဘဝကိုလိုချင်နှစ်သက်မှု။

ဝိဘဝတဏှာ = သေပြီးနောက် ဘဝပြတ်စဲခြင်းကို လိုချင်နှစ်သက်မှု။

**နိရောဓသစ္စာကိုအကျယ်ပြခြင်း**

နိရောဓသစ္စာကို ဟောကြားရာ၌ "ယောတဿယေဝ တဏှာယ အသေသဝိရာဂနိရောဓော"-'ထိုတဏှာ၏ပင်လျှင် အကြွင်းမဲ့ဖျက်ပြယ်ခြင်း ချုပ်ငြိမ်းခြင်းသဘောသည်

ရှိ၏၊ ဤသဘောသည် နိရောဓပေတည်းဟု လာရှိ၏။ ၎င်းကို အဘယ့်ကြောင့် ဟောသနည်းဟူမူ - သမုဒယ(တဏှာ)၏ချုပ်ခြင်းကြောင့် ဒုက္ခ၏ချုပ်ခြင်းသည် ပြီးစီးခြင်းကြောင့်ပေတည်း။

မှန်ပေ၏။ အကြောင်းတရားဖြစ်သော တဏှာ၏ချုပ်ခြင်းကြောင့် အကျိုးတရား ဖြစ်သည့် ဒုက္ခ-ဆင်းရဲခြင်းသည် ချုပ်၏၊ အခြားအကြောင်းကြောင့် ဆင်းရဲချုပ်ခြင်း မဟုတ်ပေ။ သို့အတွက် အောက်ပါဂါထာကို ဟောတော်မူ၏-

*"အမြစ်တို့သည် ဘေးရန်မရှိဘဲ ခိုင်မြဲအားရှိနေလျှင် သစ်ပင်သည် ခုတ်ဖြတ်ထားပြီးဖြစ်သော်လည်း တစ်ဖန်ပေါက်ရောက်စည်ပင်သည်သာဖြစ် သကဲ့သို့ ဤအတူပင် တဏှာအနုသယကို မပယ်မနုတ်ရသေးလျှင် ဤဆင်းရဲအပေါင်းသည် အဖန်ဖန်ပြန်၍ဖြစ်နေတော့၏။"*

ဤသို့အမြစ်နှင့်တူသော သမုဒယချုပ်ခြင်းကြောင့်သာလျှင် အပင်နှင့်တူသော ဆင်းရဲဒုက္ခချုပ်ငြိမ်း၏။ **မြတ်စွာဘုရားတို့သည် ခြင်္သေ့နှင့်တူသော ပြုကျင့်ခြင်းရှိကုန်၏။** ဆင်းရဲ၏ချုပ်ခြင်း-ဒုက္ခနိရောဓကို ဟောတော်မူကုန်သည်ရှိသော် အကြောင်း၌ ကျင့်တော်မူကုန်၏၊ အကျိုး၌ မကျင့်ကုန်။

**တိတ္ထိတို့သည်ကား ခွေးနှင့်တူသောကျင့်ခြင်းရှိကုန်၏။** ထိုတိတ္ထိတို့သည် ဒုက္ခ၏ ချုပ်ခြင်းကို ဟောကုန်သည်ရှိသော် ကိုယ်ဆင်းရဲပင်ပန်းအောင်ကျင့်ခြင်းကို ဟောခြင်းဖြင့် အကျိုး၌ကျင့်ကုန်၏၊ အကြောင်း၌ မကျင့်ကုန်။ ဤသို့လျှင် ရှေးဦးစွာ သမုဒယနိရောဓ၏အစွမ်းအားဖြင့် ဒုက္ခနိရောဓကို ဟောခြင်း၏အကျိုးကို သိအပ်၏။

**ပုဒ်များ၏အနက်အဖွင့်**

'*တဿာယေဝတဏှာယ*'-ထိုတဏှာ၏ပင်လျှင်

သမုဒယသစ္စာ၌ဆိုခဲ့သည့် 'တစ်ဖန်ဘဝသစ်ကိုဖြစ်စေတတ်သောကာမတဏှာ' စသည်ကိုရည်ညွှန်းသောကြောင့် 'ထိုတဏှာ၏ပင်လျှင်'ဟု ဆိုထားခြင်းဖြစ်၏။

'*ဝိရာဂ*'-လိုချင်တပ်မက်မှုကင်းခြင်း၊ ပျက်ပြယ်ခြင်း၊ ပယ်ခြင်း။

'*ဝိရာဂ*'ကို မဂ်ဟုဆိုအပ်၏။ တပ်မက်ကင်းမှု-ဝိရာဂကြောင့် လွတ်မြောက်မှု-ဖိုလ်ဖြစ်၏ဟု ဟောတော်မူ၏။

'*ဝိရာဂနိရောဓ*'-ဝိရာဂမည်သောမဂ်ဖြင့် ချုပ်ခြင်းသည်

'*အသေသဝိရာဂနိရောဓ*'-အကြွင်းမရှိသောပျက်ပြယ်ခြင်း, ပယ်ခြင်း, ချုပ်ခြင်း၊ နိဗ္ဗာန်ကိုအရကောက်၏။

**ပရမတ္ထအားဖြင့် နိဗ္ဗာန်ကို 'ဒုက္ခနိရောဓအရိယသစ္စာ'ဟု ဆိုအပ်၏။**

ထိုနိဗ္ဗာန်ကို မဂ်ဖြင့်ရောက်၍ တဏှာသည် ပျက်လည်းပျက်ပြယ်၏၊ ချုပ်လည်း ချုပ်၏။ ထိုသို့ပျက်ပြယ်ကြောင်း, ချုပ်ကြောင်းဖြစ်သောကြောင့် **နိဗ္ဗာန်သည် 'ဝိရာဂ' လည်းဆိုအပ်၏၊ 'နိရောဓ'ဟု လည်းဆိုအပ်၏။**

တစ်ဖန် နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့်အာရုံပြုသောအားဖြင့် ရောက်၍ တဏှာကို ပယ်စွန့်၏။ ထို့အပြင် နိဗ္ဗာန်၌ ကာမဂုဏ်ဟူသောတွယ်တာရာ-အာလယနှင့် တဏှာဟူသောတွယ်တာတတ်သည့်အာလယတို့ တစ်ခုမျှမရှိချေ။ ထို့ကြောင့် နိဗ္ဗာန်ကို စာဂေါ-စွန့်ရာ၊ ပဋိနိဿဂ္ဂေါ-ဝေးစွာစွန့်ရာ၊ မုတ္တိ-လွတ်ရာ၊ အနာလယော-တွယ်တာမှုကင်းရာ ဟူ၍လည်းဆိုအပ်၏။

## နိဗ္ဗာန်၏လက္ခဏာစသည်

(က)နိဗ္ဗာန်သည် ငြိမ်းအေးခြင်းလက္ခဏာရှိ၏ (သန္တိလက္ခဏံ)။

(ခ) မရွေ့လျောခြင်း, မသေမပျက်ခြင်းဟူသော ပြည့်စုံသောဂုဏ်ရှိ၏(အစ္စုတိရသံ) (ဝါ) မသေမပျက်ခြင်းကိစ္စရှိ၏။

- တစ်နည်းကား (သံသရာဝဋ်ဆင်းရဲ၌ငြီးငွေ့သူအား)သက်သာခြင်းကို ပြုသည့်ကိစ္စရှိ၏ (ဝါ) သက်သာရာရစေခြင်းကိစ္စရှိ၏။

(ဂ) ပုံသဏ္ဌာန်, အရိပ်နိမိတ်ကင်းသောအားဖြင့် ဉာဏ်အားရှေးရှုထင်၏ (အနိမိတ္တပစ္စုပဋ္ဌာနံ)။

- တစ်နည်းကား (တဏှာ,မာန,ဒိဋ္ဌိဟူသော)သံသရာနယ်ချဲ့ ပပဉ္စတရားကင်းစေခြင်းဟူသော ပစ္စုပဋ္ဌာန်ရှိ၏။

## နိဗ္ဗာန်ဆိုင်ရာစောဒနာများကို ဖြေရှင်းခြင်း

၁။ **"နိဗ္ဗာန်သည် ယုန်ချိုကဲ့သို့ မရနိုင်ကောင်းသောကြောင့် မရှိပါ"**ဟု စောဒနာပြုလာလျှင် ထိုအဆိုသည် မမှန်ပါ။ အဘယ့်ကြောင့်ဆိုသော် သမ္မာပဋိပတ်အကျင့်မြတ်ဖြင့် နိဗ္ဗာန်ကို ရအပ်,ရနိုင်,သိနိုင်သောကြောင့်ဖြစ်၏။ စေတောပရိယဉာဏ်ဖြင့် သူတစ်ပါး၏ လောကုတ္တရာစိတ်ကို သိနိုင်သကဲ့သို့ နိဗ္ဗာန်နှင့် သင့်လျော်သောအကျင့်မြတ်ဖြစ်သည့် သမ္မာပဋိပတ်(မဂ္ဂင်ရှစ်ပါး)ကျင့်စဉ်ကို ပွားများအားထုတ်လျှင် မဂ်ဉာဏ်ကိုရသောအခါ နိဗ္ဗာန်ကို သိနိုင်,မြင်နိုင်ပေ၏။

သို့ဖြစ်၍ နိဗ္ဗာန်ကို မိမိမရနိုင်, မသိနိုင်သောကြောင့် နိဗ္ဗာန်မရှိဟုမဆိုထိုက်ပါ။ အကြောင်းမှာ ဗာလပုထုဇဉ်တို့သည် နိဗ္ဗာန်ကို မသိနိုင်ပါ၊ မိမိတို့ မရနိုင်,မသိနိုင်သော အရာကို မရှိဟုဆိုတတ်ကြ၏။ ထိုသူတို့ဆိုတိုင်း မရှိဟု မမှတ်ယူထိုက်ပါ။ ထို့ကြောင့် မရရုံ, မသိရုံမျှဖြင့် နိဗ္ဗာန်မရှိဟု မဆိုအပ်ပါ။

၂။ **တစ်နည်းအားဖြင့် "နိဗ္ဗာန်သည်မရှိ"ဟု မဆိုအပ်။** အဘယ့်ကြောင့်နည်း။ နိဗ္ဗာန်မရှိလျှင် နိဗ္ဗာန်ရောက်ကြောင်းအကျင့်၏မြဲသည့်အဖြစ်၊ အကျိုးမရှိသည့်အဖြစ်သို့ ရောက်သွားခြင်းကြောင့်တည်း။ အမှန်မှာမူ သမ္မာဒိဋ္ဌိရှေ့သွားရှိသော သီလ-သမာဓိ-ပညာ သိက္ခာသုံးပါးဟုဆိုအပ်သော သမ္မာပဋိပတ်သည် မမြဲပါ။ အဘယ့်ကြောင့်ဆိုသော် နိဗ္ဗာန်သို့ရောက်စေတတ်သောကြောင့်တည်း။ မြတ်စွာဘုရားကိုယ်တော်တိုင်နှင့် အရိယာမြောက်မြားစွာတို့သည် ဤပဋိပတ်အကျင့်မြတ်ဖြင့် နိဗ္ဗာန်ကို မြင်သိခဲ့ကြပြီး ဖြစ်ပေ၏။ ထို့ကြောင့် 'နိဗ္ဗာန်သည်မရှိ'ဟု မဆိုသင့်ပါ။

၃။ **"ပဋိပတ်အကျင့်သည်(အဘာဝ)မရှိခြင်းသို့ ရောက်စေတတ်သောကြောင့် မမြဲပါ"**ဟု စောဒနာပြုလျှင်လည်း ဤအဆိုသည် မမှန်ပါ။ အဘယ့်ကြောင့်နည်း။ အဘာဝသို့ရောက်စေတတ်သောကြောင့်ဟု ဆိုခြင်းဖြင့် ခန္ဓာတို့၏မရှိခြင်းကိုပင် နိဗ္ဗာန်ဟု မှတ်ယူရာရောက်သဖြင့် ဤစကားသည် မသင့်ပါ။ အကြောင်းမှာ အတိတ်, အနာဂတ်ခန္ဓာတို့မရှိခြင်းသည် နိဗ္ဗာန်မဟုတ်ပါ။ အတိတ်, အနာဂတ်ခန္ဓာတို့ မရှိခြင်းဖြင့်လည်း နိဗ္ဗာန်သို့ မရောက်သောကြောင့်ပင်တည်း။

၄။ **"ဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာတို့မပါရှိခြင်းသည် နိဗ္ဗာန်ဖြစ်သည်"**ဟု ဆိုပြားအံ့။ ဤအဆိုသည်လည်း မသင့်ပါ။ အကြောင်းမှာ ဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာတို့၏မရှိခြင်းသည် မဖြစ်သင့်သောအရာဖြစ်သောကြောင့်လည်းကောင်း၊ ပစ္စုပ္ပန်ခန္ဓာတို့ မရှိပါမူ ဖြစ်ဆဲပစ္စုပ္ပန်ခန္ဓာမဟုတ်သည့်အဖြစ်သို့ ရောက်ခြင်းကြောင့်လည်းကောင်း၊ ဖြစ်ဆဲခန္ဓာတို့ကို မှီသော မဂ်ခဏ၌ သဉပါဒိသေသနိဗ္ဗာနဓာတ်သို့ ရောက်ခြင်းမရှိဟူသောအပြစ် ရှိသောကြောင့်လည်းကောင်း ဖြစ်သည်။

၅။ **"မဂ်ခဏ၌ ကိလေသာတို့၏ဖြစ်ဆဲ မဟုတ်ခြင်းကြောင့် အပြစ်မရှိ"**ဟု ဆိုပြားအံ့။ ထိုအဆိုလည်းမသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် အရိယမဂ်၏အကျိုး မရှိသည့်အဖြစ်သို့ ရောက်ခြင်းကြောင့်တည်း။ မှန်၏။ ပရဝါဒီပုဂ္ဂိုလ်ဆိုသည့်အတိုင်း ဟုတ်ပါမူ အနုလုံ, ဂေါတြဘူစသည့်ခဏတို့၌လည်း ကိလေသာတို့မရှိကြကုန်။ သို့အတွက် အရိယမဂ်၏ကိလေသာကိုပယ်ခြင်းအကျိုးသည် မရှိသည့်အဖြစ်သို့ ရောက်၏။ ထို့ကြောင့် မသင့်ပါ။

(အမှန်မှာ ပုထုဇဉ်တို့၏စိတ်အားလုံးတွင် အနုသယကိလေသာတို့ အမြဲကိန်းအောင်းလိုက်ပါနေကြသည်။ အရဟတ္တမဂ်က အနုသယကိလေသာအားလုံးကို အမြစ်ပြတ်ပယ်လိုက်သဖြင့် ရဟန္တာအဖြစ်သို့ရောက်ခြင်းဖြစ်သည်။ ဤအကြောင်းကို ပရဝါဒီတို့မသိနားမလည်၍ စောဒကတက်ခြင်းဖြစ်၏။)

၆။ **"ငါ့ရှင် ဇမ္ဗုခါဒကပရိဗိုဇ်-အကြင်ရာဂ၏ကုန်ခြင်း (ရာဂက္ခယ)၊ ဒေါသ၏ကုန်ခြင်း (ဒေါသက္ခယ)၊ မောဟ၏ကုန်ခြင်း (မောဟက္ခယ)သည်ရှိ၏၊ ဤသဘောကို နိဗ္ဗာန်ဟုဆိုအပ်၏"** စသည်ကို မြတ်စွာဘုရားဟောတော်မူ၏။ ထို့ကြောင့် 'ရာဂစသည်ကုန်ခြင်းသည် နိဗ္ဗာန်'ဟု ဆိုငြားအံ့။ ဤအဆိုသည် မသင့်ပါ။ အဘယ့်ကြောင့်ဆိုသော် အရဟတ္တဖိုလ်သည်လည်း ကုန်ခြင်းမျှအဖြစ်သို့ ရောက်သောကြောင့်တည်း။ မှန်၏-အရဟတ္တဖိုလ်ကိုလည်း "ငါ့ရှင်-အကြင်ရာဂက္ခယ, ဒေါသက္ခယ, မောဟက္ခယသည် ရှိ၏။ ဤသဘောကို အရဟတ္တဖိုလ်ဟု ဆိုအပ်၏"ဟုဟောတော်မူ၏။

တစ်ဖန် နိဗ္ဗာန်သည် ရာဂစသည်၏ကုန်ခြင်းမျှဖြစ်ခဲ့လျှင် နိဗ္ဗာန်၏တိုသောကာလရှိခြင်းသို့ ရောက်သောအပြစ်ရှိ၏။ ထို့အပြင် သင်္ခတလက္ခဏာအဖြစ်သို့လည်းကောင်း၊ သမ္မာဝါယာမနှင့်ကင်း၍ ရနိုင်ကောင်းသည့်အဖြစ်သို့လည်းကောင်းရောက်၏။ တစ်ဖန် သင်္ခတလက္ခဏာရှိသည့်အကြောင်းကြောင့်ပင် သင်္ခတတရားဌအတွင်းဝင်၏။ သင်္ခတလက္ခဏာရှိသည့်အကြောင်းကြောင့်ပင်လျှင် ရာဂစသည့်မီးတို့လောင်အပ်၏။ လောင်အပ်သောကြောင့် ဒုက္ခလည်းမည်၏။ ဤသို့သော အပြစ်ရှိသောကြောင့် မသင့်ပါ။

၇။ **"ကုန်ခြင်း၏နောက်ကာလ၌ ဖြစ်ခြင်းမည်သည်မရှိ၊ ထိုသို့ အပြီးအပြတ်ကုန်ခြင်းသည် နိဗ္ဗာန်ဖြစ်၏"ဟုဆိုငြားအံ့၊ ဤအဆိုသည်လည်း မသင့်ပါ၊** အကြောင်းမှာ ထိုသို့ အပြီးအပြတ်ကုန်ခြင်းသဘောသည် မရှိခြင်း၊ ရှိခဲ့သော် ထိုကုန်ခြင်းမျှ နိဗ္ဗာန်ဟု ဆိုခဲ့သောအပြစ်များရှိခြင်း၊ အရိယမဂ်၏နိဗ္ဗာန်အဖြစ်သို့ ရောက်ခြင်းတို့ကြောင့်ပေတည်း။

အရိယမဂ်သည် ရာဂစသည့်အပြစ်တို့ကို ကုန်စေတတ်၏။ ထို့ကြောင့် အရိယမဂ်ကို 'ခယ'ဟု ဆိုအပ်၏။ ထိုခယမည်သောမဂ်၏နောက်၌ ရာဂစသည့်အပြစ်တို့၏နောက်ထပ်ဖြစ်ခြင်းသည် မရှိတော့ပေ။

**နိဗ္ဗာန်ကို ခယ-ကုန်ခြင်းဟု ဟောတော်မူသည့်အကြောင်း**

စင်စစ်သော်ကား အရိယမဂ်၏အစွမ်းကြောင့် ကိလေသာတို့၏မဖြစ်ခြင်းကိုပင် 'နိရောဓ-ချုပ်ခြင်း'ဟူ၍လည်းကောင်း၊ 'ခယ-ကုန်ခြင်း'ဟူ၍လည်းကောင်း ဆိုင်၏။ ထိုကုန်ခြင်း-ခယသည် မဂ်အစွမ်းဖြင့်ပြီးသကဲ့သို့ မဂ်၏အာရုံနိဗ္ဗာန်ကြောင့်လည်း ပြီး၏။ ထို့ကြောင့် မဂ်၏အာရုံဖြစ်သော နိဗ္ဗာန်သည် ကိလေသာမဖြစ်ခြင်းဟူသော ခယ-ကုန်ခြင်း၏ပရိယာယ်အားဖြင့် ဥပနိဿယ-မှီရာအကြောင်းဖြစ်၏။ ထိုကုန်ခြင်း၏အနီး၌ဖြစ်သော (ဖလူပစာဝေါဟာရဖြင့်) နိဗ္ဗာန်ကို ခယ-ကုန်ခြင်းဟု ဟောတော်မူ၏။

နိဗ္ဗာန်သည် အလွန်သိမ်မွေ့၍ မဂ်ဉာဏ်မျက်စိဖြင့် မြင်အပ်သောတရားဖြစ်၏။

**နိဗ္ဗာန်၏ဂုဏ်ထူးများ**

၁။ နိဗ္ဗာန်သည် အရိယမဂ်နှင့်ပြည့်စုံသော အရိယာပုဂ္ဂိုလ်သည်သာလျှင် ရောက်အပ်သောကြောင့် အများနှင့်မဆိုင်သော **'အသာဓာရဏတရား'**ဖြစ်၏။

၂။ မည်သည့် ဘုရားလက်ထက်ကစ၍ ဖြစ်ခဲ့သည်ဟု ဤသို့ရှေးအစွန်း၏မရှိခြင်းကြောင့် အမွန်အစမရှိသော **'အပ္ပဘဝတရား'**မည်၏။

၃။ **"မဂ်ရှိလျှင် နိဗ္ဗာန်ရှိခြင်းကြောင့် အပ္ပဘဝမဟုတ်"ဟု ဆိုငြားအံ့။ နိဗ္ဗာန်သည် မဂ်ကဖြစ်စေသည်မဟုတ်သောကြောင့် ထိုသို့မဆိုသင့်။** မှန်၏-ဤနိဗ္ဗာန်ကို မဂ်သည် ရောက်ခြင်းသည်သာလျှင် ဆိုအပ်၏။ မဂ်က ဖြစ်စေသည် မဟုတ်ပေ။ နိဗ္ဗာန်ကို ဖြစ်စေသော အကြောင်းတရားလည်း မရှိပေ။ ထို့ကြောင့် နိဗ္ဗာန်သည် အမွန်အစမရှိ-အပ္ပဘဝသာဖြစ်၏။

၄။ **အမွန်အစမရှိသော အပ္ပဘဝဖြစ်ခြင်းကြောင့် နိဗ္ဗာန်၌ အိုခြင်း, သေခြင်း မရှိ။ စ၍ဖြစ်ခြင်း, အိုခြင်း, သေခြင်းတို့မရှိခြင်းကြောင့် နိဗ္ဗာန်သည် ထာဝရတည်မြဲသော 'နိစ္စတရား' ဖြစ်၏။**

"နိဗ္ဗာန်၏မြဲသည့်အဖြစ်ကဲ့သို့ အဏုပကတိစသည်တို့လည်း မြဲသည့်အဖြစ်သို့ ရောက်၏"ဟု ဆိုငြားအံ့။ အကြောင်းသာဓကမရှိခြင်းကြောင့် ထိုစကားသည် မသင့်ပါ။ အဏုပကတိစသည်တို့လည်း မပြီးစီးခြင်း, ထင်ရှားမရှိခြင်းကြောင့်လည်း ထိုစကားကို မဆိုသင့်ပါ။

၅။ နိဗ္ဗာန်သည် ရုပ်သဘောကိုကျော်လွန်ခြင်းကြောင့် **'အရူပတရား'**မည်၏။

၆။ နိဗ္ဗာန်သည် ရုပ်နာမ်သင်္ခါရတို့မှကင်းဆိတ်သောကြောင့် **'သုညတနိဗ္ဗာန်'** မည်၏။

၇။ နိဗ္ဗာန်သည် ရုပ်နာမ်သင်္ခါရနိမိတ်တို့မှ ကင်းစင်သောကြောင့် **'အနိမိတ္တနိဗ္ဗာန်'** မည်၏။

၈။ နိဗ္ဗာန်၌ တဏှာလည်းမရှိ၊ တဏှာတောင့်တစရာလည်းမရှိ၊ တဏှာတောင့်တခြင်းကင်းစင်သောကြောင့် နိဗ္ဗာန်သည် **'အပ္ပဏိဟိတနိဗ္ဗာန်'**လည်း မည်၏။

၉။ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်သို့ရောက်သောရဟန္တာပုဂ္ဂိုလ်သည် ကိလေသာငြိမ်း၏၊ သို့သော် ဥပါဒိ-စွဲလမ်းအပ်သော အကျိုးဝိပါက်ခန္ဓာအကြွင်းကား ရှိသေး၏၊ ဤသို့ဖြစ်သည်ကို သိစေအပ်သောနိဗ္ဗာန်သည် **'သဉပါဒိသေသနိဗ္ဗာန်'** မည်၏။ ရဟန္တာတို့အသက်ရှင်စဉ် သိရှိခံစားရသော နိဗ္ဗာန်ဖြစ်၏။

၁၀။ သမုဒယကို အကြွင်းမဲ့ပယ်ခြင်းဖြင့် နောင်အခါ၌ဖြစ်ထိုက်သောကံ၏အကျိုး

ကို ပယ်ပြီးသောရဟန္တာပုဂ္ဂိုလ်၌ နောက်ဆုံးပရိနိဗ္ဗာန်စုတိစိတ်၏နောက်တွင် ပဝတ္တိခန္ဓာ (ကံကြောင့်မပြတ်ဖြစ်သောရုပ်နာမ်ခန္ဓာ)တို့၏ မဖြစ်ခြင်းကြောင့် လည်းကောင်း၊ ပရိနိဗ္ဗာန်စုတိတိုင်အောင် ဖြစ်ပြီးသောခန္ဓာတို့၏ကွယ်ပျောက်ခြင်း, ချုပ်ခြင်းကြောင့်လည်းကောင်း၊ အကြင်ဥပါဒိမည်သည့်ခန္ဓာအကြွင်း၏ မရှိခြင်းကိုစွဲ၍ ပညတ်အပ်, သိစေအပ်သောကြောင့် နိဗ္ဗာန်သည် **'အနုပါဒိသေသနိဗ္ဗာန်'**လည်း မည်၏။

၁၁။ လျော့လျည်းခြင်းမရှိဘဲ တင်းတင်းရင်းရင်းအားထုတ်ခြင်းကြောင့် အရိယမဂ်ဉာဏ်ဖြင့် သိအပ်သောကြောင့်လည်းကောင်း၊ အလုံးစုံကိုသိသော မြတ်စွာဘုရားဟောတော်မူသောကြောင့်လည်းကောင်း၊ နိဗ္ဗာန်သည် ပရမတ္ထသဘောအားဖြင့် မရှိသည်မဟုတ်။ ရှိသည်သာတည်း။

*"ရဟန်းတို့-အကြောင်းညီညွတ်၍ ဖြစ်သည်မဟုတ်သော အကြောင်းမဲ့ အလိုလိုဖြစ်ပေါ်လာသည်လည်းမဟုတ်သော အကြောင်းတစ်စုံတစ်ခုက ပြုအပ်သည်လည်းမဟုတ်သော အသင်္ခတတရား-နိဗ္ဗာန်သည်ရှိပေ၏"*

ဟု ဟောတော်မူ၏။ ဤ၌ အကြောင်းတစ်စုံတစ်ခုက မပြုအပ်သောကြောင့် နိဗ္ဗာန်ကို **'အသင်္ခတတရား'**ဟု ဟောတော်မူ၏။

**မဂ္ဂသစ္စာကိုအကျယ်ပြခြင်း** (မဂ္ဂနိဒ္ဒေသကထာ)

မဂ္ဂသစ္စာအရာ၌ တစ်ခုတည်းသော မဂ်ခဏ၌ဖြစ်ကုန်သော မဂ္ဂင်ရှစ်ပါးတရားတို့၏အထူးကို ဤတွင်ဖော်ပြမည်ဖြစ်၏။

၁။ **သမ္မာဒိဋ္ဌိ**-မှန်စွာသိမြင်ခြင်း

သစ္စာလေးပါးကို ထိုးထွင်း၍သိရန် ကျင့်ကြံအားထုတ်သောယောဂီအား မဂ်စိတ်ခဏ၌ နိဗ္ဗာန်ကိုအာရုံပြုလျက် အဝိဇ္ဇာနုသယကို အကြွင်းမဲ့နုတ်ခွာ, ပယ်သတ်တတ်သော ပညာမျက်စိသည် 'သမ္မာဒိဋ္ဌိ'မည်၏။

(က) သမ္မာဒိဋ္ဌိသည် မှန်စွာသိမြင်ခြင်းလက္ခဏာရှိ၏။ (လက္ခဏာ)

(ခ) ဓာတ်သဘောကို ထင်ရှားပြခြင်း (ဝါ) သစ္စာလေးပါးကိုထင်ရှားပြခြင်းကိစ္စရှိ၏။ (ရသ)

(ဂ) အဝိဇ္ဇာအမိုက်မှောင်ကို ဖျက်ဆီးခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။ (ပစ္စုပဋ္ဌာန်)

၂။ **သမ္မာသင်္ကပ္ပ**-မှန်စွာကြံစည်ခြင်း

အဝိဇ္ဇာနုသယကို နုတ်ခွါပယ်သတ်သော သမ္မာဒိဋ္ဌိနှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်၏ ထိုသမ္မာဒိဋ္ဌိနှင့်ယှဉ်သော၊ မိစ္ဆာသင်္ကပ္ပကို အကြွင်းမဲ့ပယ်သတ်တတ်သော၊ စိတ်ကို

နိဗ္ဗာန်အာရုံသို့ရှေးရှုတင်ပေးတတ်သောသဘောသည် 'သမ္မာသင်္ကပ္ပ'မည်၏။
(က) သမ္မာသင်္ကပ္ပသည် စိတ်ကိုအာရုံသို့ မှန်စွာရှေးရှုတင်ပေးခြင်းလက္ခဏာရှိ၏။
(ခ) နိဗ္ဗာန်အာရုံသို့ရောက်စေခြင်း, သက်ဝင်စေခြင်း ကိစ္စရှိ၏။
(ဂ) မိစ္ဆာသင်္ကပ္ပကို ပယ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

၃။ **သမ္မာဝါစာ**-မှန်စွာပြောဆိုခြင်း
သမ္မာဒိဋ္ဌိဖြင့် မှန်စွာမြင်သိပြီး သမ္မာသင်္ကပ္ပဖြင့် မှန်စွာကြံစည်သောပုဂ္ဂိုလ်၏ ထိုကြံသည့်ဝိတက်နှင့်ယှဉ်သော၊ ဝစီဒုစရိုက်ကို အကြွင်းမဲ့နှုတ်ခွါပယ်သတ်တတ်သော၊ မိစ္ဆာဝါစာမှ ကြဉ်ရှောင်ခြင်းသဘောသည် 'သမ္မာဝါစာ'မည်၏။
(က) သမ္မာဝါစာသည် ကြားနာသူနှင့် ယှဉ်ဖက်တရားတို့ကို သိမ်းဆည်းခြင်း လက္ခဏာရှိ၏။
(ခ) မိစ္ဆာဝါစာမှ ကြဉ်ရှောင်ခြင်းကိစ္စရှိ၏။
(ဂ) မိစ္ဆာဝါစာကို ပယ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

၄။ **သမ္မာကမ္မန္တ**-မှန်စွာပြုလုပ်ခြင်း
သမ္မာဒိဋ္ဌိ, သမ္မာဝါစာတို့၏ယှဉ်ဖက်ဖြစ်သော၊ မိစ္ဆာကမ္မန္တကို အကြွင်းမဲ့နှုတ်ခွါပယ်သတ်တတ်သော၊ ပါဏာတိပါတစသည်မှ ကြဉ်ရှောင်ခြင်းသဘောသည် **'သမ္မာကမ္မန္တ'**မည်၏။
(က) သမ္မာကမ္မန္တသည် အပြစ်ကင်းသောအမှုကို ဖြစ်စေခြင်းလက္ခဏာရှိ၏။
(ခ) မိစ္ဆာကမ္မန္တမှ ကြဉ်ရှောင်ခြင်းကိစ္စရှိ၏။
(ဂ) မိစ္ဆာကမ္မန္တကို ပယ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

၅။ **သမ္မာအာဇီဝ**-မှန်စွာအသက်မွေးခြင်း
သမ္မာဝါစာ, သမ္မာကမ္မန္တတို့နှင့်ပြည့်စုံသောပုဂ္ဂိုလ်၏ ထိုသမ္မာဝါစာ, သမ္မာကမ္မန္တတို့၏အထူးစင်ကြယ်ကြောင်းဖြစ်သော ၎င်းတို့နှင့်ပင်ယှဉ်သော အံ့ဖွယ်ပြုခြင်းကုဟနစသည်ကို အကြွင်းမဲ့ပယ်ဖြတ်တတ်သော မိစ္ဆာဇီဝမှကြဉ်ရှောင်ခြင်းသဘောသည် သမ္မာအာဇီဝမည်၏။
(က) သမ္မာအာဇီဝသည် ကိုယ်နှုတ်တို့ကို စင်ကြယ်စေခြင်းလက္ခဏာရှိ၏။
(ခ) သင့်လျော်သောအသက်မွေးမှုကို ဖြစ်စေခြင်းကိစ္စရှိ၏။
(ဂ) မိစ္ဆာဇီဝကို ပယ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

၆။ **သမ္မာဝါယာမ**-မှန်စွာအားထုတ်ခြင်း
သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟု ဆိုအပ်သော သီလမြေ၌ ကြံ့ကြံ့

တည်သော ပုဂ္ဂိုလ်၏ သမ္မာဝါစာစသည်တို့နှင့်လျော်သော ထိုသမ္မာဝါစာစသည်တို့နှင့် ပင်ယှဉ်သော ပျင်းရိခြင်းကို အကြွင်းမဲ့ပယ်ဖြတ်တတ်သော လုံ့လအားထုတ်မှုသည် သမ္မာဝါယာမမည်၏။

(က) သမ္မာဝါယာမသည် သမ္ပယုတ်တရားတို့ကို ချီးမြှောက်အားပေးခြင်းလက္ခဏာ ရှိ၏။

(ခ) မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းစသော ကိစ္စရှိ၏။

(ဂ) မိစ္ဆာဝါယာမကို ပယ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

၇။ **သမ္မာသတိ-မှန်စွာမမေ့မလျော့အမှတ်ရခြင်း**

မှန်စွာအားထုတ်သောပုဂ္ဂိုလ်၏ ထိုသမ္မာဝါယာမနှင့်ပင်ယှဉ်သော မိစ္ဆာသတိကို ခါထုတ်ပယ်ဖျောက်တတ်သော စိတ်၏မမေ့မလျော့ခြင်းသဘောသည် သမ္မာသတိ မည်၏။

(က) သမ္မာသတိသည် အာရုံ၌ကပ်၍တည်ခြင်း (ဝါ) အာရုံ၌ထင်ခြင်းလက္ခဏာ ရှိ၏။

(ခ) အာရုံကို မမေ့မပျောက်စေခြင်းကိစ္စရှိ၏။

(ဂ) မိစ္ဆာသတိကို ပယ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

၈။ **သမ္မာသမာဓိ-မှန်စွာစူးစိုက်တည်ကြည်ခြင်း**

အလွန်အကဲမရှိ အမြတ်ဆုံးဖြစ်သော သမ္မာသတိက ကောင်းစွာစောင့်ရှောက် အပ်သည့်စိတ်ရှိသောသူ၏ ထိုသမ္မာသတိနှင့်ယှဉ်၍ မိစ္ဆာသမာဓိကို ဖျက်ဆီးတတ်သော စိတ္တေကဂ္ဂတာခေါ် စိတ်တည်ကြည်ခြင်းသဘောသည် 'သမ္မာသမာဓိ'မည်၏။

(က) သမ္မာသမာဓိသည် စိတ်ကိုမပျံ့လွင့်စေခြင်း, မိမိကိုယ်တိုင်မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။

(ခ) စိတ်ကို အာရုံ၌ အညီအညွတ်ကောင်းစွာထားခြင်းကိစ္စရှိ၏။

(ဂ) မိစ္ဆာသမာဓိကို ပယ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

**သစ္စဉာဏ်၏ကိစ္စအားဖြင့်အဆုံးအဖြတ်**

သစ္စာတို့ကို အာရုံပြု၍ဖြစ်သော သစ္စဉာဏ်သည် အနုဗောဓဉာဏ်နှင့် အနုဝေဓ ဉာဏ်ဟူ၍ နှစ်ပါးရှိ၏။

၁။ အနုဗောဓဉာဏ်သည် လောကီဉာဏ်ဖြစ်၏။ တစ်ဆင့်ကြားစသည် အစွမ်းအားဖြင့် နိရောဓသစ္စာကိုလည်း သိ၏၊ မဂ္ဂသစ္စာကိုလည်း သိ၏။

၂။ ပဋိဝေဓဉာဏ်သည် လောကုတ္တရာဉာဏ်ဖြစ်၏။ နိဗ္ဗာန်ကိုအာရုံပြု၍ ပိုင်းခြား သိခြင်း, ပယ်ခြင်းစသော ကိစ္စပြီးသောအားဖြင့် သစ္စာလေးပါးကို ထိုးထွင်း၍သိ၏။

ဤအဆိုနှင့်အညီ ဘုရားဟောထားသည်မှာ-

*"ရဟန်းတို့-အကြင်ပုဂ္ဂိုလ်သည် ဒုက္ခကိုမြင်၏။ ထိုပုဂ္ဂိုလ်သည် ဒုက္ခသမုဒယကိုလည်း မြင်၏။ ဒုက္ခနိရောဓကိုလည်း မြင်၏။ ဒုက္ခနိရောဓသို့ ဆိုက်ရောက်သောအကျင့် မဂ္ဂသစ္စာကိုလည်း မြင်၏။"*

**လောကီသစ္စာဉာဏ်(၄)ပါးတို့၏ကိစ္စ**

ရုပ်နာမ်သစ္စာတရားတို့ကို လေ့လာသင်ကြား၍ ကောင်းစွာသဘောပေါက်သည့်သူသည် ထိုလေ့လာသည့်အစွမ်းဖြင့် ဒုက္ခ,သမုဒယ,နိရောဓ,မဂ္ဂတို့ကိုသိနားလည်၏။

၁။ ဒုက္ခကိုသိသောဉာဏ်(ဒုက္ခဉာဏ်)သည် ထကြွဖြစ်ပေါ်ကာ လွှမ်းမိုးသည့်အလိုအားဖြင့်ဖြစ်သော သက္ကာယဒိဋ္ဌိကို ဆုတ်နစ်စေ, ရပ်တန့်စေတတ်၏။

၂။ သမုဒယကိုသိသောဉာဏ်(သမုဒယဉာဏ်)သည် ထကြွဖြစ်ပေါ်ကာ လွှမ်းမိုးသည့်အလိုအားဖြင့်ဖြစ်သော ဥစ္ဆေဒဒိဋ္ဌိကို ဆုတ်နစ်စေတတ်၏။

၃။ နိရောဓကိုသိသောဉာဏ်(နိရောဓဉာဏ်)သည် ထကြွဖြစ်ပေါ်ကာ လွှမ်းမိုးသည့်အလိုအားဖြင့်ဖြစ်သော သဿတဒိဋ္ဌိကို ဆုတ်နစ်စေတတ်၏။

၄။ မဂ္ဂကိုသိသောဉာဏ် (မဂ္ဂဉာဏ်)သည် ထကြွဖြစ်ပေါ်ကာ လွှမ်းမိုးသည့် အလိုအားဖြင့်ဖြစ်သော အကိရိယဒိဋ္ဌိကို ဆုတ်နစ်စေတတ်၏။

(သက္ကာယဒိဋ္ဌိသည် ရုပ်နာမ်တရားတို့ကို ပုဂ္ဂိုလ်,သတ္တဝါ,ငါဟု ထင်မြင်ယူဆသောအယူမှားဖြစ်၏။ ဥစ္ဆေဒဒိဋ္ဌိသည် သေလျှင်ဘဝပြတ်သည်ဟု ယူဆသောအယူမှားဖြစ်၏။ သဿတဒိဋ္ဌိသည် ထာဝရတည်မြဲသောအသက်ကောင်,လိပ်ပြာကောင်ရှိသည်ဟု ယုံကြည်သောအယူမှားဖြစ်၏။ အကိရိယဒိဋ္ဌိသည် ကုသိုလ်ပြုသော်လည်း ကုသိုလ်မဖြစ်စသည်ကို ယုံကြည်သောအယူမှားဖြစ်၏။)

**တစ်နည်းအားဖြင့်**

၁။ ဒုက္ခဉာဏ်သည် မြဲခြင်း, တင့်တယ်ခြင်း, ချမ်းသာခြင်း, အတ္တကင်းသောခန္ဓာတို့၌ မြဲသည်, တင့်တယ်သည်, ချမ်းသာသည်, အတ္တဟုထင်မှတ်ခြင်းဟုဆိုအပ်သောအကျိုး၌ ဖောက်ပြန်စွာကျင့်ခြင်း, အသိမှားခြင်းကို ဆုတ်နစ်စေတတ်၏။

၂။ သမုဒယဉာဏ်သည် ဣဿရခေါ်ဖန်ဆင်းရှင်, ပဓာနခေါ် ပကတိစသည့်အကြောင်းတို့ကြောင့် လောကဖြစ်သည်ဟု အကြောင်း မဟုတ်သည်၌အကြောင်း ဟုအမှတ်မှားသောအားဖြင့်ဖြစ်သော အကြောင်း၌ ဖောက်ပြန်စွာကျင့်ခြင်း, အသိမှားခြင်းကို ဆုတ်နစ်စေတတ်၏။

၃။ နိရောဓဉာဏ်သည် အရူပလောက၏အထွတ်ဖြစ်သော အသညသတ်ဘုံ (နေဝသညာနာသညာယတနဘုံ)စသည်၌ အပဝဂ္ဂခေါ် ဆင်းရဲကင်းရာနိဗ္ဗာန်

ဟု စွဲယူခြင်းဟူသော နိရောဓဉ်ဖောက်ပြန်စွာကျင့်ခြင်း, အသိမှားခြင်းကို ဆုတ်နစ်စေတတ်၏။

၄။ မဂ္ဂဉာဏ်သည် ကာမသုခလ္လိကာနုယောဂ, အတ္တကိလမထာနုယောဂစသည့် စင်ကြယ်ရာစင်ကြယ်ကြောင်း နိဗ္ဗာန်၏အကျင့်လမ်းမဟုတ်ရာ၌ နိဗ္ဗာန်၏ အကျင့်လမ်းဟု စွဲယူသည့် အစွမ်းအားဖြင့် ဖြစ်သော ရောက်ကြောင်း၌ ဖောက်ပြန်စွာ ကျင့်ခြင်း, အသိမှားခြင်းကို ဆုတ်နစ်စေ၏။ ထို့ကြောင့် အောက်ပါဂါထာကို ဆိုအပ်၏-

*"သတ္တဝါတို့သည် အမှန်တရားတို့ကို အကြင်မျှလောက်ကာလပတ်လုံး မသိသေး။ ထိုမျှလောက်ကာလပတ်လုံး လောကခေါ်သော ဒုက္ခသစ္စာ၌လည်းကောင်း၊ လောက၏အကြောင်းဟုဆိုအပ်သော သမုဒယသစ္စာ၌လည်းကောင်း၊ လောက၏ချုပ်ရာဟုဆိုအပ်သော နိဗ္ဗာန်၌လည်းကောင်း၊ ထိုနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်၌လည်းကောင်း၊ ပြင်းစွာဖောက်ပြား, သိမှားတွေဝေလျက် ရှိကြ၏။"*

### သစ္စာလေးပါးတွင် ပါဝင်သောတရားများ

#### ၁။ ဒုက္ခသစ္စာ၌ အတွင်းဝင်သောတရားများ

တဏှာနှင့်လောကုတ္တရာတရားတို့ကို ချန်လှပ်၍ ကြွင်းသောတရားအလုံးစုံ (လောကီစိတ် ၈၁ ပါး၊ လောဘကြဉ်လောကီစေတသိက် ၅၁ ပါး၊ ရုပ် ၂၈ ပါး)တို့သည် ဒုက္ခသစ္စာ၌ အတွင်းဝင်ကြ၏။

#### ၂။ သမုဒယသစ္စာ၌ အတွင်းဝင်သောတရားများ

တဏှာဝိစရိုက် ၃၆ ပါး တို့သည် သမုဒယသစ္စာ၌ အတွင်းဝင်ကြ၏။

(အာယတန ၁၂ ပါးတို့တွင် ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာဟူ၍ တဏှာသုံးပါးစီပါရှိသဖြင့် စုစုပေါင်း တဏှာဝိစရိုက် ၁၂ × ၃ = ၃၆ ပါးဖြစ်၏။)

#### ၃။ နိရောဓသစ္စာ၌ အတွင်းဝင်သောတရား

နိရောဓသစ္စာသည် အခြားနှင့်ရောနှောခြင်းမရှိ၊ နိဗ္ဗာန်တစ်ပါးတည်းသာဖြစ်၏။

#### ၄။ မဂ္ဂသစ္စာ၌ အတွင်းဝင်သောတရား

- သမ္မာဒိဋ္ဌိကို ပဓာနပြု၍ ဝီမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေ၊ ပညာဗိုလ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်တို့သည် မဂ္ဂသစ္စာ၌အတွင်းဝင်ကြ၏။
- သမ္မာသင်္ကပ္ပကို ညွှန်ပြခြင်းဖြင့် နေက္ခမ္မဝိတက်, အဗျာပါဒဝိတက်, အဝိဟိံသဝိတက်တို့သည် မဂ္ဂသစ္စာ၌အတွင်းဝင်ကြ၏။

-သမ္မာဝါစာကို ညွန်ပြခြင်းဖြင့် ဝစီသုစရိုက်လေးပါးတို့သည် မဂ္ဂသစ္စာ၌အတွင်းဝင်ကြ၏။
-သမ္မာကမ္မန္တကို ညွန်ပြခြင်းဖြင့် ကာယသုစရိုက်သုံးပါးတို့သည် မဂ္ဂသစ္စာ၌အတွင်းဝင်ကြ၏။
-သမ္မာအာဇီဝကို အမှူးပြုသဖြင့် အလိုနည်းခြင်း (အပ္ပိစ္ဆတာ)နှင့် ရောင့်ရဲလွယ်ခြင်း (သန္တုဋ္ဌိတာ)တို့သည် မဂ္ဂသစ္စာ၌အတွင်းဝင်ကြ၏။
-တစ်နည်းအားဖြင့် သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့သည် အရိယကန္တသီလဖြစ်သောကြောင့်လည်းကောင်း၊ ယင်းသီလကိုလည်း သဒ္ဓါတည်းဟူသောလက်ဖြင့် ခံယူအပ်သောကြောင့်လည်းကောင်း၊ ထိုသမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ရှိလျှင် ရှိမြဲဖြစ်သောကြောင့်လည်းကောင်း၊ သဒ္ဓိန္ဒြေ, သဒ္ဓါဗိုလ်, ဆန္ဒိဒ္ဓိပါဒ်တို့သည် မဂ္ဂသစ္စာ၌အတွင်းဝင်ကြ၏။
-သမ္မာဝါယာမကို ညွှန်ပြခြင်းဖြင့် သမ္မပ္ပဓာန်လေးပါး, ဝီရိယိန္ဒြေ, ဝီရိယသမ္ဗောဇ္ဈင်တို့သည် မဂ္ဂသစ္စာ၌အတွင်းဝင်ကြ၏။
-သမ္မာသတိကို ညွှန်ပြခြင်းဖြင့် သတိပဋ္ဌာန်လေးပါး, သတိန္ဒြေ, သတိဗိုလ်, သတိသမ္ဗောဇ္ဈင်တို့သည် မဂ္ဂသစ္စာ၌အတွင်းဝင်ကြ၏။
-သမ္မာသမာဓိကိုညွှန်ပြခြင်းဖြင့် သဝိတက္ကသဝိစာရသမာဓိအစရှိသော သမာဓိသုံးပါး, စိတ္တိဒ္ဓိပါဒ်ဆိုင်ရာစိတ္တသမာဓိ, သမာဓိန္ဒြေ, သမာဓိဗိုလ်, ပီတိသမ္ဗောဇ္ဈင်, ပဿဒ္ဓိ-သမာဓိ-ဥပေက္ခာသမ္ဗောဇ္ဈင်တို့သည် မဂ္ဂသစ္စာ၌အတွင်းဝင်ကြ၏။

## သစ္စာလေးပါးကို ဥပမာများဖြင့်ဝေဖန်ပြခြင်း

၁။ ဒုက္ခသစ္စာကို ဝန်ထုပ်ကဲ့သို့ မှတ်အပ်၏။
သမုဒယသစ္စာကို ဝန်ထမ်းဆောင်ခြင်းကဲ့သို့ မှတ်အပ်၏။
နိရောဓသစ္စာကို ဝန်ထုပ်ချခြင်းကဲ့သို့ မှတ်အပ်၏။
မဂ္ဂသစ္စာကို ဝန်ထုပ်ချကြောင်းနည်းလမ်းကဲ့သို့ မှတ်အပ်၏။
၂။ **တစ်နည်း**-ဒုက္ခသစ္စာကို ရောဂါကဲ့သို့ မှတ်အပ်၏။
သမုဒယသစ္စာကို ရောဂါ၏အကြောင်းရင်းကဲ့သို့ မှတ်အပ်၏။
နိရောဓသစ္စာကို ရောဂါပျောက်ကြောင်းကဲ့သို့ မှတ်အပ်၏။
မဂ္ဂသစ္စာကို ဆေးကဲ့သို့ မှတ်အပ်၏။
၃။ **တစ်နည်း**-ဒုက္ခသစ္စာကို အစာရှားပါးခြင်းကဲ့သို့ မှတ်အပ်၏။
သမုဒယသစ္စာကို မိုးခေါင်ခြင်းကဲ့သို့ မှတ်အပ်၏။
နိရောဓသစ္စာကို အစာရေစာဝပြောခြင်းကဲ့သို့ မှတ်အပ်၏။

**မဂ္ဂသစ္စာကို မိုးကောင်းခြင်းကဲ့သို့ မှတ်အပ်၏။**

၄။ **တစ်နည်း**-ဒုက္ခသစ္စာကို ရန်သူကဲ့သို့ မှတ်အပ်၏။
သမုဒယသစ္စာကို ရန်စကဲ့သို့ မှတ်အပ်၏။
နိရောဓသစ္စာကို ရန်ငြိမ်းခြင်းကဲ့သို့ မှတ်အပ်၏။
မဂ္ဂသစ္စာကို ရန်ငြိမ်းကြောင်းကဲ့သို့ မှတ်အပ်၏။

၅။ **တစ်နည်း**-ဒုက္ခသစ္စာကို အဆိပ်ပင်ကဲ့သို့ မှတ်အပ်၏။
သမုဒယသစ္စာကို အဆိပ်ပင်၏အမြစ်ကဲ့သို့ မှတ်အပ်၏။
နိရောဓသစ္စာကို အဆိပ်ပင်၏အမြစ်ပြတ်ခြင်းကဲ့သို့ မှတ်အပ်၏။
မဂ္ဂသစ္စာကို အဆိပ်ပင်၏အမြစ်ပြတ်ကြောင်းကဲ့သို့ မှတ်အပ်၏။

၆။ **တစ်နည်း**-ဒုက္ခသစ္စာကို ဘေးကဲ့သို့ မှတ်အပ်၏။
သမုဒယသစ္စာကို ဘေး၏အကြောင်းရင်းကဲ့သို့ မှတ်အပ်၏။
နိရောဓသစ္စာကို ဘေးကင်းခြင်းကဲ့သို့ မှတ်အပ်၏။
မဂ္ဂသစ္စာကို ဘေးကင်းခြင်းကိုရကြောင်းကဲ့သို့ မှတ်အပ်၏။

၇။ **တစ်နည်း**-ဒုက္ခသစ္စာကို ဤမှာဘက်ကမ်းကဲ့သို့ မှတ်အပ်၏။
သမုဒယသစ္စာကို ကြီးစွာသောရေယာဉ်ကဲ့သို့ မှတ်အပ်၏။
နိရောဓသစ္စာကို ဟိုဘက်ကမ်းကဲ့သို့ မှတ်အပ်၏။
မဂ္ဂသစ္စာကို ထိုဟိုဘက်ကမ်းသို့ရောက်ကြောင်း အားထုတ်ခြင်းကဲ့သို့ မှတ်အပ်၏။

### သစ္စာလေးပါးကို လေးချက်စုအားဖြင့် ဝေဖန်ဆုံးဖြတ်ခြင်း

သစ္စာလေးပါးတို့တွင် ဒုက္ခသာမည်၍ အရိယသစ္စာမမည်သောတရားသည်ရှိ၏။ အရိယသစ္စာမည်၍ ဒုက္ခမမည်သောတရားလည်းရှိ၏။ ဒုက္ခလည်းမည် အရိယသစ္စာလည်းမည်သောတရားသည် ရှိ၏။ ဒုက္ခလည်းမမည်၊ အရိယသစ္စာလည်းမမည်သောတရားလည်း ရှိ၏။ ကျန်သစ္စာတို့၌လည်း ဤနည်းတူပင်။

**၁။ ဒုက္ခသစ္စာ၌လေးချက်စု**

(က) ထိုတွင် မဂ်နှင့်ယှဉ်သောတရားများ (မဂ်စိတ္တုပ္ပါဒ် ၂၉ ပါး)နှင့် သာမညဖိုလ်စိတ္တုပ္ပါဒ် ၃၇ ပါးတို့သည် "ယဒနိစ္စံ တံ ဒုက္ခံ = အကြင်တရားသည်မမြဲ၊ ထိုတရားသည် ဆင်းရဲတည်း"ဟု ဟောတော်မူခြင်းကြောင့်လည်းကောင်း၊ သင်္ခါရဒုက္ခဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဒုက္ခ-ဆင်းရဲကားမည်၏၊ အရိယသစ္စာကား မမည်ပေ။

(ခ) နိရောဓမမည်သောနိဗ္ဗာန်သည် အရိယသစ္စာမည်၍ ဒုက္ခမမည်ပေ။

သမုဒယသစ္စာ(တဏှာ)နှင့် မဂ္ဂသစ္စာ(မဂ္ဂင်ရှစ်ပါး)တို့သည် မမြဲသောကြောင့် ဒုက္ခမည်သည်ဖြစ်ရာ၏။ သို့သော် "အကြင်ဒုက္ခကို ပိုင်းခြား၍သိရန် မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးအပ်၏"ဟု ဟောတော်မူသဖြင့် ပိုင်းခြားသိအပ်သည့် ပရိညေယျအဖြစ်ဖြင့်ကား ဒုက္ခမမည်ပေ။ ထို့ကြောင့် သမုဒယသစ္စာနှင့်မဂ္ဂသစ္စာတို့သည် အရိယသစ္စာသာမည်၍ ဒုက္ခမမည်ပေ။

(ဂ) တဏှာကြွင်းသော ဥပါဒါနက္ခန္ဓာငါးပါးသည် ခပ်သိမ်းသောအခြင်းအရာအားဖြင့် ဒုက္ခလည်းမည်၏၊ အရိယသစ္စာလည်းမည်၏။

(ဃ) မဂ်နှင့်ယှဉ်သောတရားတို့နှင့် သာမညဖိုလ်တို့သည် "အကြင်ဒုက္ခကို ပိုင်းခြား၍သိရန် မြတ်စွာဘုရားထံ၌မြတ်သောအကျင့်ကို ကျင့်သုံးအပ်၏"ဟု ဟောချက်အရ ပရိညေယျအဖြစ်ဖြင့်ကား ဒုက္ခမမည်ပေ။ ထို့ကြောင့် အဆိုပါတရားတို့သည် ဒုက္ခလည်းမမည်။ အရိယသစ္စာလည်းမမည်ပေ။

## ၂။ သမုဒယသစ္စာ၌ လေးချက်စု

(က) တဏှာမှကြွင်းသော ကိလေသာစသည်တို့သည် သမုဒယသာမည်၏၊ အရိယသစ္စာမမည်ပါ။

(ခ) နိရောဓ(နိဗ္ဗာန်)သည် အရိယသစ္စာမည်၏၊ သမုဒယမမည်ပါ။

ဒုက္ခသစ္စာနှင့် မဂ္ဂသစ္စာတို့သည် မိမိအကျိုးအား ကျေးဇူးပြုသောအနက်သဘောကြောင့် သမုဒယမည်သည်ဖြစ်နိုင်၏။ သို့သော် "အကြင်သမုဒယကိုပယ်ရန် မြတ်စွာဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏"ဟု ဟောတော်မူသဖြင့် ပယ်အပ်သည့်ပဟာတဗ္ဗအဖြစ်ကား သမုဒယမမည်ပေ။ ထို့ကြောင့် ဒုက္ခသစ္စာနှင့် မဂ္ဂသစ္စာတို့သည် အရိယသစ္စာမည်၍ သမုဒယမမည်ပေ။

(ဂ) ခပ်သိမ်းသောအခြင်းအရာအားဖြင့် တဏှာသည် သမုဒယလည်းမည်၏၊ အရိယသစ္စာလည်းမည်၏။

(ဃ) မဂ်နှင့်ယှဉ်သောတရားတို့နှင့် သာမညဖိုလ်စိတ္တုပ္ပါဒ်တို့သည် "အကြင်သမုဒယကို ပယ်ရန် ဘုရားထံ၌ အကျင့်မြတ်ကို ကျင့်သုံးအပ်၏"ဟု ဟောချက်အရ ပဟာတဗ္ဗအဖြစ်အားဖြင့် သမုဒယလည်းမမည်၊ အရိယသစ္စာလည်းမမည်ပေ။

ဤပုံဤနည်းဖြင့် ကျန်သစ္စာနှစ်ပါး၌ လေးချက်စုတို့ကိုလည်း သိအပ်၏။

**သစ္စာလေးပါးကို သုညအားဖြင့် ဝေဖန်ဆုံးဖြတ်ခြင်း**

သစ္စာလေးပါးကို သုည(ဝါ)သုညတအားဖြင့် ဝေဖန်ဆုံးဖြတ်ရာတွင်

၁။ သစ္စာအားလုံးတို့သည် ပရမတ္ထအားဖြင့် ခံစားသူ, ပြုသူ, ငြိမ်းသူ, သွားရောက်သူတို့၏မရှိခြင်းကြောင့် ခံစားသူစသည်တို့မှ ဆိတ်သုဉ်း၏။ ထို့ကြောင့် အောက်ပါဂါထာကို ဆိုအပ်၏-

*"ဆင်းရဲသာရှိ၏၊ ဆင်းရဲကိုခံစားသူမရှိ၊*
*ပြုခြင်းမျှသာရှိ၏၊ ပြုသူမရှိ၊*
*ငြိမ်းအေးခြင်း(နိဗ္ဗာန်)သာရှိ၏၊ ငြိမ်းအေးသူမရှိ၊*
*နိဗ္ဗာန်သို့သွားရန် အကျင့်လမ်းသာရှိ၏၊ သွားသူကား မရှိပေ။"*

၂။ **တစ်နည်း**-ဒုက္ခသစ္စာနှင့်သမုဒယသစ္စာတို့သည် မြဲခြင်း, တင့်တယ်ခြင်း, ချမ်းသာခြင်း, အတ္တအဖြစ်တို့မှ ဆိတ်သုဉ်း၏။
- အမြိုက်နိဗ္ဗာန်(နိရောဓသစ္စာ)သည် အတ္တမှဆိတ်သုဉ်း၏။
- အရိယမဂ်(မဂ္ဂသစ္စာ)သည် မြဲခြင်း, ချမ်းသာခြင်း, အတ္တအဖြစ်မှ ဆိတ်သုဉ်း၏။ ဤသို့ သစ္စာလေးပါးတို့၌ သုညတာ-ဆိတ်သုဉ်းသည့်အဖြစ်ကို သိအပ်၏။

၃။ **တစ်နည်း**-ဒုက္ခသစ္စာ,သမုဒယသစ္စာ,မဂ္ဂသစ္စာတို့သည်နိရောဓမှဆိတ်သုဉ်း၏။
- နိရောဓသစ္စာသည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, မဂ္ဂသစ္စာတို့မှ ဆိတ်သုဉ်း၏။

၄။ **တစ်နည်း**-သမုဒယသစ္စာ, မဂ္ဂသစ္စာဟူသော အကြောင်းသစ္စာနှစ်ပါးသည် အကျိုးသစ္စာ (ဒုက္ခ၊နိရောဓ) နှစ်ပါးမှ ဆိတ်သုဉ်း၏။ အဘယ့်ကြောင့်ဆိုသော် သမုဒယ၌ ဒုက္ခမရှိခြင်း၊ မဂ္ဂ၌ နိရောဓမရှိခြင်းတို့ကြောင့် ဖြစ်ပေ၏။ (သမုဒယ၌ဒုက္ခမရှိခြင်းဟူသည်မှာ တဏှာဖြစ်ခိုက်၌ ဘဝသစ်တစ်ဖန်ဖြစ်ခြင်း မရှိသေးခြင်းကိုဆို၏)
- အကျိုးသစ္စာနှစ်ပါးသည်လည်း အကြောင်းသစ္စာနှစ်ပါးမှ ဆိတ်သုဉ်း၏။ အဘယ့်ကြောင့်ဆိုသော် ဒုက္ခနှင့် သမုဒယတို့သည် အတူတကွ တစ်ပေါင်းတည်းမဖြစ်ကြ။ နိရောဓနှင့် မဂ္ဂတို့သည်လည်း အတူတကွ တစ်ပေါင်းတည်း မဖြစ်ကြသောကြောင့်တည်း။ ထို့ကြောင့် အောက်ပါဂါထာကို ဆိုအပ်၏။

*"သုံးပါးအပေါင်းက နိရောဓမှဆိတ်၏။ နိဗ္ဗာန်ကလည်း ထိုသုံးပါးမှ ဆိတ်၏။*

*အကြောင်းသစ္စာက အကျိုးမှဆိတ်၏။ အကျိုးကလည်း ထိုအကြောင်းမှဆိတ်၏။"*

**သစ္စာလေးပါးကို ဧကဝိဓစသည်ဖြင့် ဝေဖန်ဆုံးဖြတ်ခြင်း**

၁။ **ဒုက္ခသစ္စာ၏ဧကဝိဓစသည်**

- ဒုက္ခသစ္စာသည် မပြတ်ဖြစ်နေသောအကျိုးရုပ်နာမ်အစဉ် (ပဝတ္တိ) အားဖြင့် တစ်ပါးသာရှိ၏။ (ဧကဝိဓ)
- နာမ်နှင့်ရုပ်အားဖြင့် နှစ်ပါးအပြားရှိ၏။ (ဒွိဝိဓ)
- ကာမ,ရူပ,အရူပ-ဟူသော ဥပပတ္တိဘဝအားဖြင့် သုံးပါးရှိ၏။ (တိဝိဓ)
- အာဟာရလေးပါးအပြားအားဖြင့် လေးပါးရှိ၏။ (စတုဗ္ဗိဓ)
- ဥပါဒါနက္ခန္ဓာငါးပါးအပြားအားဖြင့် ငါးပါးရှိ၏။ (ပဉ္စဝိဓ)

## ၂။ သမုဒယသစ္စာ၏ဧကဝိဓစသည်

- သမုဒယသစ္စာသည်မပြတ်ဖြစ်စေတတ်သည့်သဘောအားဖြင့်တစ်ပါးသာရှိ၏။
- ဒိဋ္ဌိနှင့်ယှဉ်, မယှဉ်သောအားဖြင့် နှစ်ပါးအပြားရှိ၏။
- ကာမတဏှာ,ဘဝတဏှာ,ဝိဘဝတဏှာအားဖြင့် သုံးပါးအပြားရှိ၏။
- မဂ်လေးပါးတို့ဖြင့် ပယ်သောအားဖြင့် လေးပါးအပြားရှိ၏။
- ရူပါရုံကို နှစ်သက်တပ်မက်သောတဏှာစသည်အားဖြင့် ငါးပါးအပြားရှိ၏။
- တဏှာကာယ ၆-ပါး၏အစွမ်းအားဖြင့် ၆-ပါးအပြားရှိ၏။

## ၃။ နိရောဓသစ္စာ၏ဧကဝိဓစသည်

- နိရောဓသစ္စာသည် အသင်္ခတဓာတ်အဖြစ်အားဖြင့် တစ်ပါးတည်းသာရှိ၏။
- ပရိယာယ်အားဖြင့်မူ သဉပါဒိသေသ, အနုပါဒိသေသအားဖြင့် နှစ်ပါးရှိ၏။
- ဘဝသုံးပါး၏ငြိမ်းခြင်းအားဖြင့် သုံးပါးအပြားရှိ၏။
- မဂ်လေးပါးအားဖြင့် ရအပ်, သိအပ်သောအားဖြင့် လေးပါးအပြားရှိ၏။
- ရူပါရုံကို နှစ်သက်တပ်မက်သောတဏှာစသည်တို့၏ ငြိမ်းခြင်းအားဖြင့် ငါးပါးရှိ၏။
- တဏှာကာယ ၆-ပါးတို့၏ငြိမ်းခြင်း,ကုန်ခြင်းအားဖြင့် ၆-ပါးအပြားရှိ၏။

## ၄။ မဂ္ဂသစ္စာ၏ဧကဝိဓစသည်

- မဂ္ဂသစ္စာသည် ပွားစေအပ်သည့်ဘာဝေတဗ္ဗအလိုအားဖြင့် တစ်ပါးသာရှိ၏။
- သမထနှင့် ဝိပဿနာအပြားအားဖြင့် နှစ်ပါးအပြားရှိ၏။
  ဒဿနမဂ်, ဝိပဿနာမဂ်အပြားအားဖြင့်လည်း နှစ်ပါးရှိ၏။
- သီလက္ခန္ဓာ,သမာဓိက္ခန္ဓာ,ပညာက္ခန္ဓာတို့၏ခန္ဓာအပြားအားဖြင့် သုံးပါးရှိ၏။
  မှန်၏။ အရိယမဂ်သည် လောကုတ္တရာမျှသာဖြစ်သော်လည်း လောကီမဂ် အကြွင်းရှိသေးသောကြောင့် လောကီမဂ်, လောကုတ္တရာမဂ်တို့အကုန်ပါဝင်၍ အကြွင်းမရှိအောင် အကြွင်းမရှိသော သီလစသည့် ခန္ဓာသုံးပါးဖြင့် ရေတွက်အပ်၏။ မြို့ကို တိုင်းပြည်ဖြင့် သိမ်းယူရေတွက်သကဲ့သို့တည်း။ ဤအဆိုနှင့်အညီ ဟောထားသည်မှာ-

*"ဒကာဝိသာခ-အင်္ဂါရှစ်ပါးရှိသော အရိယမဂ်ဖြင့် သုံးပါးသောခန္ဓာတို့ကို ရေတွက်အပ်သည်မဟုတ်၊ စင်စစ်မှာမူ သုံးပါးသောခန္ဓာတို့ဖြင့် အင်္ဂါရှစ်ပါးသောအရိယမဂ်ကို ရေတွက်အပ်၏။ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့သည်ရှိ၏။ ဤတရားတို့ကို သီလက္ခန္ဓာဖြင့် ရေတွက်အပ်၏။ သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိတို့သည်ရှိကုန်၏။ ဤတရားတို့ကို သမာဓိက္ခန္ဓာဖြင့် ရေတွက်အပ်၏။ အကြင်သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတို့လည်း ရှိကုန်၏။ ဤတရားတို့ကို ပညာက္ခန္ဓာဖြင့် ရေတွက်အပ်၏။"*

**ခန္ဓာသုံးပါးဖြင့် အရိယမဂ်ကိုရေတွက်ပုံ**

မဂ္ဂင်ရှစ်ပါးတွင် **သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ**တို့သည် သီလချည်းပင် ဖြစ်ကြ၏။ ထို့ကြောင့် ၎င်းတို့ကို တူသောသီလဇာတ်အရ **သီလက္ခန္ဓာ**ဖြင့် ရေတွက်အပ်၏။

**သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ**ဟူသော မဂ္ဂင်သုံးပါးတို့တွင် သမာဓိသည် မိမိအလိုအားဖြင့် အာရုံ၌တစ်ခုတည်းအာရုံပြုသည်အဖြစ်ဖြင့် သက်ဝင်ခြင်းငှာ မစွမ်းနိုင်။ ဝီရိယက ပင့်မြှောက်အားပေးခြင်းကိစ္စကိုပြီးစေ၍ သတိက မပေါ်ထွက်ခြင်း, မမေ့လျော့ခြင်းကိစ္စကိုပြီးစေမှသာလျှင် သမာဓိသည် ကျေးဇူးပြုမှု, ထောက်ပံ့မှုကိုရ၍ အာရုံ၌ သက်ဝင်စွမ်းနိုင်၏။

**ဥပမာကား** သူငယ်ချင်းသုံးယောက်သည် နက္ခတ်ပွဲကိုဆင်နွှဲရန် ဥယျာဉ်သို့ဝင်ရာ တစ်ယောက်က စကားပန်းကိုမြင်၍ ခူးချင်သဖြင့် လက်လှမ်းရာ မမှီဘဲရှိ၏။ ဒုတိယ သူငယ်ချင်းက ကျောကုန်းပေးသဖြင့် ကျောကုန်းပေါ်တက်၍ခူးရာ တုန်ခါနေသောကြောင့် မခူးနိုင်ဘဲရှိပြန်၏။ တတိယသူငယ်ချင်းက ပခုံးစွန်းကို ကပ်ညွှတ်ပေးလိုက်ရာ ပထမလူသည် ကျောကုန်း၌တည်၍ ပခုံးစွန်းကိုထောက်လျက် အလိုရှိတိုင်း စကားပန်းကိုခူး၍ပန်ဆင်ကာ နက္ခတ်ပွဲကိုဆင်နွှဲနိုင်၏။

**ဥပမာဥပမေယျနှီးနှောပြရသော်** ဥယျာဉ်ထဲသို့ သူငယ်ချင်းသုံးယောက် တစ်ပေါင်းတည်းဝင်လာသကဲ့သို့ သမ္မာဝါယာမစသောတရားသုံးပါးတို့ တစ်ပေါင်းတည်း ဖြစ်ခြင်းကို မှတ်အပ်၏။ စကားပန်းကဲ့သို့ အာရုံကိုမှတ်အပ်၏။ စကားပန်းကိုခူးရန် မစွမ်းနိုင်သောသူငယ်ချင်းကဲ့သို့ အာရုံ၌ တစ်ခုတည်းအာရုံပြု၍ သက်ဝင်ရန်မစွမ်းနိုင်သော သမာဓိကိုမှတ်အပ်၏။ ကျောကုန်းပေးသောသူငယ်ချင်းကဲ့သို့ သမ္မာဝါယာမကို မှတ်အပ်၏။ ပခုံးစွန်းကိုကပ်ညွှတ်ပေးသောသူငယ်ချင်းကဲ့သို့ သမ္မာသတိကိုမှတ်အပ်၏။

ပန်းခူးသူသည် ကျောကုန်းပေါ်၌တည်လျက် ပခုံးစွန်းကိုထောက်၍ အလိုရှိတိုင်း ပန်းကိုခူးနိုင်သကဲ့သို့ ဤအတူပင် ဝီရိယက ပင့်မြှောက်အားပေးခြင်းကိစ္စကိုပြီးစေ၍

သတိက မပေါ်ထွက်ခြင်း, မမေ့လျော့ခြင်းကိစ္စကိုပြီးစေသဖြင့် သမာဓိသည် ကျေးဇူး ပြုမှု, ထောက်ပံ့မှုကိုရသည်ဖြစ်၍ အာရုံ၌ တစ်ခုတည်းအာရုံပြုသည့်အဖြစ်ဖြင့် သက်ဝင်ခြင်းငှာစွမ်းနိုင်၏။ ထို့ကြောင့် ဤမဂ္ဂင်သုံးပါးတို့ကို တူသောသမာဓိဇာတ်အရ **သမာဓိက္ခန္ဓာ**ဖြင့်ရေတွက်အပ်၏။

**သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ**တို့တွင် ပညာသည် မိမိအလိုလို အနိစ္စ, ဒုက္ခ, အနတ္တ အာရုံကို ဆုံးဖြတ်ခြင်းငှာ မစွမ်းနိုင်။ ဝိတက်က ထုန္ဒက်သလို ကြံကြံပေးမှသာလျှင် စွမ်းနိုင်၏။

**ဥပမာသော်ကား** ရွှေငွေရာပြတ်ပွဲမင်းသည် အသပြာငွေကို လက်ပေါ်တင်၍ အလုံးစုံသောအဖို့တို့၌ကြည့်ရှုလိုသော်လည်း မျက်စိ, မျက်လွှာပြင်ဖြင့်သာ ထက်အောက် ဘယ်ညာ ပြန်လှန်ကြည့်ခြင်းငှာမစွမ်းနိုင်။ လက်ချောင်းတို့ဖြင့် လှည့်လှည့်ပေးမှသာ ကြည့်ရှုခြင်းငှာစွမ်းနိုင်သကဲ့သို့ ဤအတူပင်လျှင် ပညာသည် မိမိအလိုလို အနိစ္စစသည့် အစွမ်းဖြင့် အာရုံကိုဆုံးဖြတ်ရန်မစွမ်းနိုင်၊ ဝိတက်က စ၍ခေါက်ခြင်း, လှည့်ပတ်၍ ခေါက်ခြင်း, သမ္ပယုတ်တရားတို့ကို အာရုံသို့တင်ပေးခြင်းကိစ္စတို့ကို ဆောင်ရွက်၍ ကြံစည်သောအားဖြင့် ယူ၍ယူ၍ပေးအပ်သောအာရုံကိုသာလျှင် ပညာက ဆုံးဖြတ်ခြင်းငှာစွမ်းနိုင်၏။

ထို့ကြောင့် ဤ**ပညာက္ခန္ဓာ**အရာ၌ သမ္မာဒိဋ္ဌိကိုသာလျှင် တူသောပညာဇာတ်အရ ပညာက္ခန္ဓာဖြင့်ရေတွက်အပ်၏။ သမ္မာသင်္ကပ္ပကိုမူ ပညာနှင့်တူသောကိစ္စအရ ပညာ က္ခန္ဓာဖြင့် ရေတွက်အပ်ပေ၏။

## သစ္စာလေးပါးလုံး၏ကေဝိစေသည်

(က) သစ္စာအားလုံးတို့သည်ပင် မချွတ်မယွင်းမှန်သည့်အဖြစ်ကြောင့်လည်း ကောင်း၊ ထူးသည့်ဉာဏ်ဖြင့်သိအပ်သော အဘိသမေယျတရား၏ အဖြစ် ကြောင့်လည်းကောင်း၊ တစ်ပါးတည်းသာဖြစ်ကုန်၏။

(ခ) လောကီသစ္စာ, လောကုတ္တရာသစ္စာအားဖြင့်လည်းကောင်း၊ သင်္ခတ, အသင်္ခတအားဖြင့်လည်းကောင်း၊ နှစ်ပါးအပြားရှိကုန်၏။

(ဂ) ဒဿနဖြင့်ပယ်အပ်သောတရား၊ ဘာဝနာဖြင့်ပယ်အပ်သောတရား၊ ယင်းနှစ် မျိုးလုံးဖြင့် မပယ်အပ်သောတရားအားဖြင့် သုံးပါးအပြားရှိကုန်၏။

(ဃ) ပရိညေယျအစရှိသောအပြားအားဖြင့် လေးပါးအပြားရှိကုန်၏။

## သဘာဂ, ဝိသဘာဂအားဖြင့် ဝေဖန်ဆုံးဖြတ်ခြင်း

### (က) သဘာဂ=တူသောအဖို့ရှိခြင်း

သစ္စာအားလုံးတို့သည် မချွတ်မယွင်းမှန်သောအားဖြင့်လည်းကောင်း၊ အတ္တမှဆိတ်သုဉ်းသောအားဖြင့်လည်းကောင်း၊ ထိုးထွင်းသိရန်ခဲယဉ်းသောအားဖြင့်လည်းကောင်း၊ တူသောအဖို့ရှိကုန်၏။ ဤအဆိုနှင့်အညီ ဟောတော်မူသည်မှာ-

"အာနန္ဒာ-လူတစ်ယောက်သည် အဝေးဌ်ရပ်တည်၍ အလွန်ကျဉ်းသော သံကောက်ပေါက် (သော့ပေါက်)ထဲသို့ မြားကိုမချွတ်မလွဲစေဘဲ အဆင့်ဆင့်ပစ်သွင်းနိုင်ရာ၏။ အခြားလူတစ်ယောက်သည်ကား အစိတ်တစ်ရာခွဲစိတ်ထားသော သားမြီးမျှင်၏အစွန်းတစ်ခုကို မြှားဖျားဌ်တပ်၍ အခြားသားမြီးစွန်းတစ်ခုကို တေ့စပ်မိအောင်ပစ်ရာ၏။ ထိုလေးသည်ကျော်နှစ်ဦးအနက် မည်သူ၏အလုပ်က ပြုလုပ်ရန် သာ၍ခဲယဉ်းပါသနည်း။"

"အရှင်ဘုရား-ဒုတိယလေးသည်ကျော်၏အမှုက ပြုလုပ်ရန် ပိုခဲယဉ်းပါသည်"

"အာနန္ဒာ-အကြင်သူတို့သည် ဤသည်ကား ဒုက္ခဟုဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်၏။ ဤသည်ကား ဒုက္ခနိရောဓဂါမိနီပဋိပဒါဟု ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍ သိကုန်၏။ ထိုသို့သိသော ပုဂ္ဂိုလ်တို့သည် ထိုသားမြီးမျှင်ထိပ်ချင်းထိမှန်အောင် မြှားပစ်နိုင်သူထက် သာ၍ထိုးထွင်းသိနိုင်ခဲသည်ကို ထိုးထွင်း၍သိကြကုန်၏။"

## (ခ) ဝိသဘာဂ=ကွဲပြားသောအဖို့ရှိခြင်း

ဒုက္ခသစ္စာသည် နှိပ်စက်ခြင်းလက္ခဏာရှိ၏။ သမုဒယသစ္စာသည် ဆင်းရဲ၏အစဖြစ်ခဲ့ရာအကြောင်းလက္ခဏာရှိ၏။ နိရောဓသစ္စာသည် ငြိမ်းအေးခြင်းလက္ခဏာရှိ၏။ မဂ္ဂသစ္စာသည်ထွက်မြောက်ကြောင်းလက္ခဏာရှိ၏။ ဤသို့ သစ္စာလေးပါးတို့၏ကိုယ်ပိုင်လက္ခဏာဖြင့် ပိုင်းခြားသော် သစ္စာလေးပါးတို့သည် ကွဲပြားသောအဖို့ရှိကြ၏။

## (ဂ) တူသောအဖို့, ကွဲပြားသောအဖို့ရှိခြင်း

- ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတို့သည် သက်ဝင်နိုင်ခဲသောအနက်သဘောအားဖြင့် နက်နဲသောကြောင့်လည်းကောင်း၊ လောကီဖြစ်သောကြောင့်လည်းကောင်း၊ သာသဝဖြစ်သောကြောင့်လည်းကောင်း၊ တူသောအဖို့ရှိကုန်၏။ အကျိုးနှင့် အကြောင်း ကွဲပြားသောအားဖြင့်လည်းကောင်း၊ ပရိညေယျနှင့် မဟာတဗ္ဗ အားဖြင့်လည်းကောင်း၊ ကွဲပြားသောအဖို့ရှိကုန်၏။
- နိရောဓသစ္စာနှင့်မဂ္ဂသစ္စာတို့သည် နက်နဲသောအနက်သဘောအားဖြင့် သက်ဝင်နိုင်ခဲသောကြောင့်လည်းကောင်း၊ လောကုတ္တရာဖြစ်သောကြောင့်လည်းကောင်း၊ အနာသဝဖြစ်သောကြောင့်လည်းကောင်း၊ တူသောအဖို့ရှိကုန်၏။ အာရုံနှင့် အာရုံပြုသည့်တရား အကွဲအပြားအားဖြင့်လည်းကောင်း၊ သစ္ဆိကာတဗ္ဗနှင့် ဘာဝေတဗ္ဗအားဖြင့်လည်းကောင်း ကွဲပြားသောအဖို့ရှိကုန်၏။

- ဒုက္ခသစ္စာနှင့်နိရောဓသစ္စာ (ပထမနှင့်တတိယသစ္စာ)တို့သည် အကျိုးဟူသွန်ပြသောအားဖြင့် တူသောအဖို့ရှိကုန်၏။ သင်္ခတ, အသင်္ခတအားဖြင့် ကွဲပြားသောအဖို့ရှိကုန်၏။
- သမုဒယသစ္စာနှင့်မဂ္ဂသစ္စ (ဒုတိယနှင့်စတုတ္ထသစ္စာ)တို့သည် အကြောင်းဟူသွန်ပြသောအားဖြင့် တူသောအဖို့ရှိကုန်၏။ ကုသိုလ်, အကုသိုလ်အားဖြင့် ကွဲပြားသောအဖို့ရှိကုန်၏။
- ဒုက္ခသစ္စာနှင့်မဂ္ဂသစ္စာ (ပထမနှင့်စတုတ္ထသစ္စာ)တို့သည် သင်္ခတအဖြစ်အားဖြင့် တူသောအဖို့ရှိကုန်၏။ လောကီ, လောကုတ္တရာအားဖြင့် ကွဲပြားသောအဖို့ရှိကုန်၏။
- သမုဒယသစ္စာနှင့် နိရောဓသစ္စာ (ဒုတိယနှင့်တတိယသစ္စာ)တို့သည် သေက္ခပုဂ္ဂိုလ်တို့၏ဉစ္စာလည်းမဟုတ်၊ အသေက္ခ-ရဟန်းတို့၏ဉစ္စာလည်းမဟုတ်သည့်အဖြစ်အားဖြင့် တူသောအဖို့ရှိကုန်၏။ အာရုံပြုတတ်သည့်တရား, အာရုံမပြုတတ်သည့်တရားအားဖြင့် ကွဲပြားသောအဖို့ရှိကုန်၏။

*** ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များ***

**၁။ ဒုက္ခသစ္စာ၌ပါဝင်သော ဒု/ခ သဒ္ဒါတို့အရ သိအပ်သော အနက်အဓိပ္ပါယ်အသီးသီးကို ရှင်းပြပါ။** *(၁၉၈၃၊ စမန ၄၂၃)*

***အဖြေ*** *- ဒုက္ခသစ္စာ၌ပါဝင်သော ဒု-သဒ္ဒါသည် စက်ဆုပ်ဖွယ်အနက်ကို ဟော၏။ ခ-သဒ္ဒါသည် အချည်းနှီးဟူသောအနက်ကို ဟော၏။*

*ဒုက္ခသစ္စာသည် များစွာသောဥပဒ္ဒဝေါတို့၏တည်ရာဖြစ်သောကြောင့် စက်ဆုပ်ဖွယ်ကောင်း၏။ မသိမလိမ္မာသူတို့ကြံဆထားသော ခိုင်မြဲခြင်း, တင့်တယ်ခြင်း, ချမ်းသာခြင်း, အတ္တအဖြစ်တို့မှကင်းခြင်းကြောင့် အချည်းနှီးဖြစ်၏။ ထိုသို့ စက်ဆုပ်ဖွယ်ကောင်းခြင်း, အချည်းနှီးဖြစ်ခြင်း, ဆင်းရဲခြင်းအနက်သဘောကြောင့် ဒုက္ခဟုဆိုအပ်၏။*

**၂။ နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကောင်းဖြစ်သော မဂ္ဂင်(၈)ပါးတရားတော်မြတ်ကို သီလ,သမာဓိ,ပညာအားဖြင့် ပိုင်းခြားဝေဖန်ပါ။** *(၁၉၈၃၊ စမန ၄၅၇၊ ၄၅၈)*

***အဖြေ*** *- မဂ္ဂင်(၈)ပါးတွင် (၁)သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝတို့သည် သီလချည်းပင်ဖြစ်၍ ၎င်းတို့ကို တူသောသီလဇာတ်အရ **သီလက္ခန္ဓာ**ဖြင့် ရေတွက်အပ်၏။ (၂)သမ္မာဝါယာမ,သမ္မာသတိ,သမ္မာသမာဓိဟူသော မဂ္ဂင်သုံးပါးတို့တွင် သမာဓိသည် မိမိအလိုအားဖြင့် အာရုံ၌တစ်ခုတည်းအာရုံပြုသည်အဖြစ်ဖြင့် သက်ဝင်ခြင်းငှာမစွမ်းနိုင်၊ ဝီရိယက ပင့်မြှောက်အားပေးခြင်းကိစ္စကိုပြီးစေ၍ သတိက မပေါ်ထွက်ခြင်း,မမေ့မလျော့*

ခြင်းကိစ္စကို ပြီးစေမှသာလျှင် သမာဓိသည် ကျေးဇူးပြုမှု,ထောက်ပံ့မှုကိုရ၍ အာရုံ၌ သက်ဝင်နိုင်စွမ်း၏။ ထို့ကြောင့် ဤမဂ္ဂင်သုံးပါးတို့ကို တူသောသမာဓိဇာတ်အရ **သမာဓိက္ခန္ဓာ**ဖြင့် ရေတွက်အပ်၏။ သမ္မာဝါယာမနှင့် သမ္မာသတိတို့သည် သမာဓိကိုကျေးဇူးပြုသော လျော်သောကိစ္စအရ သမာဓိက္ခန္ဓာ၌အတွင်းဝင်၏။

(၃) သမ္မာဒိဋ္ဌိနှင့်သမ္မာသင်္ကပ္ပမဂ္ဂင်နှစ်ပါးတွင် ပညာသည် မိမိအလိုလို အနိစ္စ,ဒုက္ခ, အနတ္တအာရုံကို ဆုံးဖြတ်ခြင်းငှာမစွမ်းနိုင်၊ ဝိတက်က ထုနှက်သလို ကြံကြံပေးမှသာလျှင် အာရုံကိုဆုံးဖြတ်ခြင်းငှာ စွမ်းနိုင်၏။ ထို့ကြောင့် ဤမဂ္ဂင်နှစ်ပါးကို တူသော ပညာဇာတ်အရ **ပညာက္ခန္ဓာ**ဖြင့်ရေတွက်အပ်၏။ သမ္မာသင်္ကပ္ပသည် ပညာနှင့် တူသောကိစ္စအရ ပညာက္ခန္ဓာဖြင့်ရေတွက်အပ်၏။

**၃။ ဖန်ဆင်းရှင်၏ဒဏ်ခတ်ခံရမှုကြောင့် ဆင်းရဲဒုက္ခဖြစ်သည်ဟူသော အဆိုနှင့်ပတ်သက်၍ မှန်မမှန် သစ္စနိဒ္ဒေသဒေသနာနည်းအရ ဝေဖန်ရှင်းလင်းဖော်ပြပါ။**

(၁၉၈၄၊ စမန ၄၂၅၊ ၄၂၆၊ ၄၂၇)

**အဖြေ** - သစ္စနိဒ္ဒေသဒေသနာနည်းအရ ဖန်ဆင်းရှင်၏ဒဏ်ခတ်ခံရမှုကြောင့် ဆင်းရဲဒုက္ခဖြစ်သည်ဟူသောအဆိုသည်မမှန်ပါ။ သမုဒယသစ္စာအရ ဆင်းရဲဒုက္ခဟူသမျှသည် တဏှာကြောင့်သာဖြစ်၏။ တဏှာကိုကြဉ်၍ အခြားတရားကြောင့် ဒုက္ခသည်မဖြစ်၊ တဏှာကြောင့်သာ ဒုက္ခဖြစ်၏။ ထို့ကြောင့် တဏှာ၌ဒုက္ခ၏အကြောင်းဖြစ်ခြင်း၏ ကိန်းသေမြဲခြင်း၊ ဒုက္ခ၏အကြောင်းဖြစ်ခြင်း၌ တဏှာ၏ကိန်းသေမြဲခြင်းအားဖြင့် တဏှာကို သစ္စာ-အမှန်တရားဟုသိအပ်၏။ ထို့ကြောင့် သမုဒယသစ္စာသည် ဆင်းရဲဖြစ်ကြောင်းအမှန်တရားဖြစ်၏။

ထိုသမုဒယသစ္စာသည်-(၁)ဆင်းရဲ၏အစဖြစ်ခဲ့ရာအကြောင်းလက္ခဏာရှိ၏။ တဏှာသည်ဆင်းရဲဒုက္ခ၏အမွန်အစအကြောင်းဖြစ်၏။

(၂) ဒုက္ခမပြတ်စေအောင်ပြုခြင်းကိစ္စရှိ၏။ ဆင်းရဲကိုအဖန်ဖန်ဖြစ်စေ၏။

(၃) တဏှာသည် 'ပေါနောဗ္ဘဝိကာ'-တစ်ဖန်ဘဝသစ်ကို ပြုလေ့ရှိ၏။ ဘဝသစ်ကို အဖန်ဖန်ဖြစ်စေ၏။ ဘဝသစ်ဖြစ်လျှင် ဥပါဒါနက္ခန္ဓာငါးပါးဖြစ်လာပြီးလျှင် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောက၊ ပရိဒေဝစသော ဒုက္ခဒုက္ခတို့သည်လည်းကောင်း၊ ဝိပရိဏာမဒုက္ခနှင့် သင်္ခါရဒုက္ခတို့သည်လည်းကောင်း၊ ပူးတွဲဖြစ်ပေါ်လာကြ၏။

ထို့ကြောင့် ဆင်းရဲဟူသမျှသည် တဏှာအကြောင်းကြောင့်သာဖြစ်၏။ ဖန်ဆင်းရှင်၏ဒဏ်ခတ်ခံရမှုကြောင့်မဟုတ်ပါ။

**၄။ လောက၌ စစ်ဘေးဒုက္ခ၊ ရေဘေးဒုက္ခ၊ လျှင်ဘေးဒုက္ခ၊ ငတ်မွတ်ခေါင်းပါးဒုက္ခဖြင့် ဒုက္ခပေါင်းပေါ်များလှပေရာ ယင်းဒုက္ခဟူသမျှတို့၏အကြောင်းတရားကို**

**ရှာဖွေဖော်ပြ၍ ယင်းဒုက္ခတို့မှလွတ်မြောက်အောင် ဆောင်ရွက်ရမည့်နည်းလမ်းကိုလည်း ဖော်ပြပါ။** *(၁၉၈၅၊ စမန ၄၂၆၊ ၄၂၇၊ ၄၄၀၊ ၄၄၁)*

**အဖြေ** - *သမုဒယသစ္စာအရ ဒုက္ခဟူသမျှသည် တဏှာကြောင့်သာဖြစ်၏။ တဏှာကိုကြဉ်၍ အခြားတရားကြောင့် ဒုက္ခသည်မဖြစ်။ (နံပါတ်-၃ အဖြေအတိုင်းဆက်ဖြေပါ)*

*ယင်းဒုက္ခတို့မှ လွတ်မြောက်အောင်ဆောင်ရွက်ရမည့်နည်းလမ်းမှာ ဆင်းရဲ၏အကြောင်းတရားဖြစ်သည့်တဏှာကို အကြွင်းမဲ့ပယ်သတ်နိုင်ရန် မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားကို ကျင့်ကြံပွားများရပါမည်။ မဂ်ဉာဏ်လေးတန်ဖြင့် တဏှာကို အကြွင်းမဲ့ပယ်သတ်နိုင်သောအခါ ဆင်းရဲဟူသမျှချုပ်ငြိမ်းသဖြင့် ဒုက္ခအားလုံးမှလွတ်မြောက်၏။*

*နိရောဓသစ္စာကိုဟောကြားရာ၌ "ထိုတဏှာ၏ပင်လျှင် အကြွင်းမဲ့ပျက်ပြယ်ခြင်း၊ ချုပ်ငြိမ်းခြင်းသဘောသည်ရှိ၏။ ဤသဘောသည် နိရောဓပင်တည်း။" ဤသဘောကို အဘယ့်ကြောင့်ဟောသနည်းဟူမူ သမုဒယ(တဏှာ)၏ချုပ်ခြင်းကြောင့် ဒုက္ခ၏ချုပ်ခြင်းသည် ပြီးစီးခြင်းကြောင့်ပေတည်း။ မှန်၏-အကြောင်းတရားဖြစ်သော တဏှာ၏ချုပ်ခြင်းကြောင့် အကျိုးတရားဖြစ်သည့် ဒုက္ခဆင်းရဲသည်ချုပ်၏။ အခြားအကြောင်းကြောင့် ဆင်းရဲချုပ်ခြင်းမဟုတ်ပေ။*

**၅။ ဇာတိဒုက္ခပေါ်လွင်အောင် မိခင်ကရေခဲရေ သောက်သောအခါ ထမင်းပူပူစားသောအခါ ငရုတ်သီးစပ်စပ်စားရာအခါတို့၌ ဝမ်းတွင်းရှိသူငယ်၏ဆင်းရဲဒုက္ခခံစားရပုံကို ဥပမာအသီးသီးပြ၍ ဖြေဆိုပါ။** *(၁၉၈၇၊ စမန ၄၃၂)*

**အဖြေ** - *ဝမ်းတွင်းရှိကလေးသူငယ်၏ခံစားရပုံမှာ-*

*မိခင်က ရေခဲရေသောက်သောအခါ လောကန္တရိက်ငရဲ၌ ဖြစ်ရသကဲ့သို့ အေးစိမ့်ရ၏။*

*မိခင်က ထမင်းပူပူစားသောအခါ မီးကျီးမိုးရွာချသလို ပူလောင်ရ၏။*

*မိခင်က ငရုတ်သီးစပ်စပ်ကိုစားသောအခါ ပဲခွပ်ဖြင့်ရွေ၍ အငန်ရေပက်ဖျန်းခံရသကဲ့သို့ ထက်မြက်ပြင်းထန်သောဆင်းရဲကို ခံစားရ၏။*

**၆။ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ပန်းတိုင်ဖြစ်သောနိဗ္ဗာန်သို့ မဂ္ဂင်(၈)တန်လမ်းစဉ်မှန်ဖြင့်သာ ဝင်ရောက်နိုင်သည်ဖြစ်လေရာ ယင်းမဂ္ဂင်တို့ကို သီလ၊ သမာဓိ၊ ပညာအတွင်းသို့ ဇာတ်အားဖြင့်ဖြစ်စေ၊ ကိစ္စအားဖြင့်ဖြစ်စေ သင့်လျော်သလို ထည့်သွင်းရေးပြပါ။** *(၁၉၈၈၊ စမန ၄၅၇၊ ၄၅၈)*

**အဖြေ** - *နံပါတ်(၂)အဖြေနှင့်တူပါသည်။*

**၇။ လောကဇာတ်ခုံပေါ်၌ ကပြရသူတိုင်း စိုးရိမ်၊ ငိုကြွေး၊ ပူဆွေးရမှု (သောက၊ ပရိဒေဝ၊ ဥပါယာသ)တို့နှင့် အနည်းအများ တွေ့ကြုံကြရသည်ချည်းဖြစ်ကြရာ**

**ယင်း ၃-မျိုးတို့၏ထူးခြားချက်ကို ဥပမာစွက်၍ အချက်ကျကျဖြေပြခဲ့ပါ။**

*(၁၉၈၉၊ စမန ၄၃၅၊ ၄၃၆၊ ၄၃၇)*

***အဖြေ* - *သောက,ပရိဒေဝ,ဥပါယာသတို့၏ထူးခြားချက်***

*မီးနည်းနည်းဖြင့် အိုးထဲ၌ ဆီ၊ထောပတ်စသည်၏ကျက်ခြင်းကဲ့သို့ သောကကို မှတ်အပ်၏။ မီးပြင်းပြင်းဖြင့်ချက်သောအခါ အိုးထဲမှ ဆီ၊ ထောပတ်စသည် ဝေလျှံထွက်ခြင်းကဲ့သို့ ပရိဒေဝကိုမှတ်အပ်၏။ ဝေလျှံထွက်ပြီးနောက် အိုး၌ကျန်ရစ်သော ဆီ၊ထောပတ်စသည်ကို အိုးအတွင်း၌သာ ခြောက်ခန်း၍ကုန်သွားသည့်တိုင်အောင် ကျက်ခြင်းကဲ့သို့ ဥပါယာသကိုမှတ်အပ်၏။*

၈။ **ယုန်ချိုကဲ့သို့ မရနိုင်မသိနိုင်ကောင်းသောကြောင့် နိဗ္ဗာန်သည် တကယ် မရှိသောတရားဖြစ်သည်ဟု တစ်ဦးတစ်ယောက်က ပြောဆိုလာလျှင် မည်ကဲ့သို့ ပြန်လည်ချေပပြောဆိုရမည်ကို အကျဉ်းချုပ်မျှ ဖြေဆိုပါ။** *(၁၉၉၁၊ စမန ၄၄၂)*

***အဖြေ*** *-ယုန်ချိုကဲ့သို့ မရနိုင်မသိနိုင်ကောင်းသောကြောင့် နိဗ္ဗာန်သည် တကယ် မရှိသောတရားဖြစ်သည်ဟု တစ်ဦးတစ်ယောက်ကပြောဆိုလာလျှင် ထိုပြောဆိုချက် သည် မမှန်ပါ။ အဘယ့်ကြောင့်ဆိုသော် သမ္မာပဋိပတ်အကျင့်မြတ်ဖြင့် နိဗ္ဗာန်ကို ရအပ်, ရနိုင်,သိနိုင်သောကြောင့် နိဗ္ဗာန်သည် အမှန်တကယ်ရှိသည့်တရားဖြစ်၏။ စေတောပရိယဉာဏ်ဖြင့် သူတစ်ပါး၏လောကုတ္တရာစိတ်ကို သိနိုင်သကဲ့သို့ နိဗ္ဗာန်နှင့်လျော်သော အကျင့်မြတ်ဖြစ်သည့် သမ္မာပဋိပတ် (မဂ္ဂင်ရှစ်ပါး) ကျင့်စဉ်ကို ပွားများအားထုတ်လျှင် မဂ်ဉာဏ်ကိုရသောအခါ နိဗ္ဗာန်ကို သိနိုင်,မြင်နိုင်ပေ၏။*

*သို့ဖြစ်၍ နိဗ္ဗာန်ကို မိမိမရနိုင်, မသိနိုင်သောကြောင့် နိဗ္ဗာန်မရှိဟုမဆိုထိုက်ပါ။ အကြောင်းမှာ ဗာလပုထုဇဉ်တို့သည် နိဗ္ဗာန်ကိုမသိနိုင်ပါ။ မိမိတို့ မရနိုင်၊ မသိနိုင်သောအရာကို မရှိဟုဆိုတတ်ကြ၏။ ထိုသူတို့ဆိုတိုင်း မရှိဟုမမှတ်ယူထိုက်ပါ။ ထို့ကြောင့် မရရုံ,မသိရုံမျှဖြင့် နိဗ္ဗာန်မရှိဟု မဆိုအပ်ပါဟုပြန်လည်ချေပရှင်းလင်းပါမည်။*

၉။ **“ဇာတိပိဒုက္ခာ”၌ (က)ပရိယာယ်မဟုတ်သော မုချဖြစ်သောဇာတိ၊ (ခ)ဆင်းရဲသည့်ဆင်းရဲ၊ (ဂ)ဖောက်ပြန်ပြောင်းလဲသောဆင်းရဲ၊ (ဃ)ပေါ်လွင်သောဆင်းရဲ၊ (င) ပရိယာယ်ဖြစ်သောဆင်းရဲတို့ကိုဖော်ပြပါ။** *(၁၉၉၂၊ စမန ၄၃၀၊ ၄၃၁)*

***အဖြေ*** *-(က)“ဇာတိပိဒုက္ခာ”၌ ပရိယာယ်မဟုတ်သောမုချဖြစ်သောဇာတိဟူသည်မှာ ထိုထိုဘဝတစ်ခု၌ ရှေးဦးစွာဖြစ်ကြသောခန္ဓာတို့၏ဖြစ်ဆဲ-ဥပါဒ်ခဏသာလျှင် ဇာတိ-ဘဝအသစ်ဖြစ်ခြင်းမည်၏။*

*(ခ) ကိုယ်ထဲ၌ဖြစ်သော မခံသာမှုဆင်းရဲ(ကာယိကဒုက္ခ)၊ စိတ်၌ဖြစ်သော မခံသာမှု ဆင်းရဲ(စေတသိကဒုက္ခ)ကို ခံစားမှု-ဝေဒနာသဘောအားဖြင့် ဆင်းရဲသောကြောင့်*

*လည်းကောင်း၊ အမည်အားဖြင့် ဒုက္ခ-ဆင်းရဲမည်သောကြောင့်လည်းကောင်း၊ ဒုက္ခဒုက္ခ-ဆင်းရဲသည့်ဆင်းရဲမည်ပါသည်။*

*(ဂ) သုခဝေဒနာသည် ဖောက်ပြန်ပျောက်ကွယ်ခြင်းဖြင့် ဆင်းရဲဖြစ်ခြင်း၏အကြောင်း ဖြစ်သောကြောင့် 'ဝိပရိဏာမဒုက္ခ'-ဖောက်ပြန်ပြောင်းလဲသောဆင်းရဲမည်၏။*

*(ဃ) ၃၂-ပါးသောကာံကြမ္မာတို့ညှဉ်းဆဲခြင်းကြောင့်ဖြစ်သော နာကျင်ခြင်း(အနာရောဂါ)သည် မမေးမြန်းဘဲ သိနိုင်သောကြောင့်လည်းကောင်း၊ နှိပ်စက်မှုဗျာပါရ၏ ထင်ရှားခြင်းကြောင့်လည်းကောင်း၊ 'အပ္ပဋိစ္ဆန္နဒုက္ခ'-ပေါ်လွင်သော ဆင်းရဲမည်ပါသည်။*

(င) ဒုက္ခဒုက္ခမှကြွင်းသော သစ္စဝိဘင်းလာ ဇာတိစသည့်ဆင်းရဲအားလုံးသည် ကိုယ်စိတ်ဆင်းရဲ၏တည်ရာအကြောင်းဖြစ်သောကြောင့် 'ပရိယာယဒုက္ခ'-ပရိယာယ်ဆင်းရဲမည်၏။

**၁၀။ (က)ဒုက္ခသာမည်၍ အရိယာသစ္စာမမည်သောတရား (ခ)အရိယသစ္စာမည်၍ ဒုက္ခမမည်သောတရား(ဂ)နှစ်မျိုးစုံမည်သောတရား(ဃ)နှစ်မျိုးစုံမမည်သောတရားတို့ကို ခွဲခြားဖော်ပြပါ။** *(၁၉၉၂၊ စမန ၄၅၂၊ ၄၅၃)*

***အဖြေ*** *-(က)မဂ်နှင့်ယှဉ်သောတရားများ (မဂ်စိတ္တုပ္ပါဒ် ၂၉ ပါး)နှင့် သာမညဖိုလ်စိတ္တုပ္ပါဒ်-၃၇ပါးတို့သည် 'ယဒနိစ္စံ တံ ဒုက္ခံ' = အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲတည်း'ဟု ဟောတော်မူခြင်းကြောင့်လည်းကောင်း၊ သင်္ခါရဒုက္ခဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဒုက္ခ-ဆင်းရဲကားမည်၏။ အရိယာသစ္စာကား မမည်ပေ။*

*(ခ) နိရောဓမည်သောနိဗ္ဗာန်သည် အရိယသစ္စာသာမည်၍ ဒုက္ခမမည်သောတရား ဖြစ်၏။*

*(ဂ) တဏှာကြဉ်သောဥပါဒါနက္ခန္ဓာ၅ပါးသည် ခပ်သိမ်းသောအခြင်းအရာအားဖြင့် ဒုက္ခလည်းမည်၏၊ အရိယသစ္စာလည်းမည်၏။*

*(ဃ) မဂ်နှင့်ယှဉ်သောတရားတို့နှင့် သာမညဖိုလ်တို့သည် 'အကြင်ဒုက္ခကို ပိုင်းခြား၍ သိရန် မြတ်စွာဘုရားထံ၌ မြတ်သောအကျင့်ကို ကျင့်သုံးအပ်၏'ဟုဟောချက်အရ ပရိညေယျအဖြစ်ဖြင့်ကား ဒုက္ခမမည်ပေ။ ထို့ကြောင့်အဆိုပါတရားတို့သည် ဒုက္ခလည်း မမည်၊ အရိယသစ္စာလည်းမမည်ပေ။*

**၁၁။ (က)အဘယ်တရားကို ဥပါယာသ(ပြင်းထန်စွာပူပန်ခြင်း)ဟုဆိုပါသနည်း။**
**(ခ) သောက၊ပရိဒေဝ၊ဥပါယာသတို့၏သဘောကို မည်သို့မှတ်သားရမည်ကို ဖြေဆိုပါ။** *(၁၉၉၃၊ စမန ၄၃၇)*

***အဖြေ*** *-(က)ဥပါယာသသည် ဉာတိဗျသနစသည်ဖြင့် တွေ့ထိနှိပ်စက်ခံရသောသူမှာ အလွန်အမင်းစိတ်ဆင်းရဲခြင်းကြောင့်ဖြစ်သော ဒေါသပင်တည်း။*

- ဥပါယာသသည် စိတ်ကို ထက်ဝန်းကျင်ပူလောင်စေခြင်း လက္ခဏာရှိ၏။
- ညည်းတွားခြင်းကို ပြုသောကိစ္စရှိ၏။
- ကိုယ်စိတ်တို့ကို နှစ်ကျစေတတ်သောသဘောဟု ဉာဏ်အားရှေးရှုထင်၏။

ဥပါယာသသည် သင်္ခါရဒုက္ခဖြစ်၏။ ကိုယ်ကိုနှစ်ကျစေ, ပင်ပန်းစေတတ်သော ကြောင့် ဒုက္ခမည်၏။

(ခ) နံပါတ်(၇)အဖြေအတိုင်းပင်။

**၁၂။ အနညာတညဿာမိတိန္ဒြေ၏သဘောကိုလည်း ဣန္ဒြိယနိဒ္ဒေသလာအတိုင်း တိကျစွာဖော်ပြခဲ့ပါ။** *(၁၉၉၄၊ စမန ၄၁၇၊ ၄၁၈၊ ၄၂၁)*

**အဖြေ** - အရိယာမဂ်၏ရှေ့အဖို့၌ မသိရသေး၍'အနညာတ'မည်သော အမြိုက်နိဗ္ဗာန်ကို၊ တစ်နည်း သစ္စာလေးပါးတရားကို သိရလိမ့်မည်ဟုရည်ရွယ်၍ ကျင့်သောသူအား ဖြစ်သင့်သောကြောင့်လည်းကောင်း၊ အစိုးရခြင်းအနက်၏ဖြစ်သင့်သောကြောင့် လည်းကောင်း၊ 'အနညာတညဿာမိတိန္ဒြေ'မည်၏။

အနညာတညဿာမိတိန္ဒြေသည် သောတာပတ္တိမဂ်စိတ်နှင့်ယှဉ်သော ပညာ ဖြစ်၏။ ယင်းဣန္ဒြေသည် သက္ကာယဒိဋ္ဌိ,ဝိစိကိစ္ဆာ,သီလဗ္ဗတပရာမာသဟူသော သံယောဇဉ်သုံးပါးကို ပယ်ခြင်း၊ ယင်းသံယောဇဉ်တို့ကိုပယ်ရန် ယှဉ်ဖက်တရားတို့အား ရှေးရှုဖြစ်အောင်ပြုခြင်းကိစ္စတို့ကို ဆောင်ရွက်၏။

**၁၃။ ဖုံးလွှမ်းသည်ဖြစ်၍ ထင်ရှားမရှိသော ပဋိစ္ဆန္နဒုက္ခသဘောကို ဖြေဆိုပြီးလျှင်၊ ဆင်းရဲဒုက္ခမှန်သမျှတို့၏အကြောင်းရင်းဖြစ်သောတရားကိုလည်း ဥပမာနှင့်တကွ ထင်ရှားအောင်ဖော်ပြခဲ့ပါ။** *(၁၉၉၄၊ စမန ၄၃၁၊ ၄၂၅၊ ၄၄၀၊ ၄၃၀)*

**အဖြေ** - နားကိုက်,သွားနာ,ရာဂကြောင့်ပူလောင်မှု,ဒေါသကြောင့်ပူလောင်မှုစသော ကိုယ်ထဲစိတ်ထဲ၌ဖြစ်သည့် ကျင်နာခံခက်နှိပ်စက်ခြင်းသဘောသည် မေးမြန်းကြည့်မှ သိနိုင်သောကြောင့်လည်းကောင်း၊ နှိပ်စက်မှုဗျာပါရ၏မထင်ရှားခြင်းကြောင့် လည်းကောင်း၊ ဖုံးလွှမ်းသည်ဖြစ်၍ ထင်ရှားမရှိသော ပဋိစ္ဆန္နဒုက္ခသဘောမည်ပါသည်။

**မြတ်စွာဘုရားသည်သမုဒယသစ္စာကိုဟောကြားရာ၌ ဆင်းရဲဒုက္ခမှန်သမျှ တို့၏ အကြောင်းရင်းဖြစ်သောတရားသည် တဏှာ(လောဘ)ဖြစ်သည်ဟု ဟောကြားတော်မူ၏။**

- ထိုတဏှာသည် ဆင်းရဲ၏အစဖြစ်ခဲ့ရာ အကြောင်းလက္ခဏာရှိ၏။
- ဒုက္ခမပြတ်စဲအောင် အဖန်ဖန်ဖြစ်စေခြင်း, ပြုခြင်းကိစ္စရှိ၏။
- ဘဝမှထွက်မြောက်ခြင်းကို နှောင့်ယှက်တားမြစ်သည့်အားဖြင့် ဉာဏ်အားရှေးရှု ထင်၏။

*ထိုတဏှာသည် တစ်ဖန်ဘဝသစ်ကို ဖြစ်အောင်ပြုလေ့ရှိသောကြောင့် 'ပေါနော ဗ္ဘဝိကာ'မည်၏။ ဘဝသစ်ဖြစ်လာခြင်းသည် ဥပါဒါနက္ခန္ဓာငါးပါးနှင့်တကွ ဇာတိ၊ဇရာ၊ ဗျာဓိ၊မရဏ၊သောက၊ပရိဒေဝ၊ဒုက္ခ၊ဒေါမနဿ၊ဥပါယာသစသော ဆင်းရဲအလုံးစုံကို ဖြစ်စေပါသည်။*

***ဇာတိဖြစ်ခြင်းကြောင့်*** *မှောင်မိုက်ပုပ်ညှီနေသည့်ဝမ်းကြာတိုက်၌ ငါးပုပ်,မုန့်သိုး, တံစီးအိုင်စသည်၌ ပိုးလောက်ဖြစ်ရသကဲ့သို့ ဖြစ်ရ၏။ မွေးဖွားသည့်အခါ ကျဉ်းမြောင်းသည့်ယောနိဝမှ ဆွဲငင်အထုတ်ခံရသောအခါ၌ ကလေးငယ်သည် သံကောက်ပေါက်မှ ဆွဲထုတ်ခံရသော ဆင်ကြီးကဲ့သို့၊ တောင်တို့ဖြင့်မှုန့်မှုန့်ကြေအောင် ကြိတ်ခြေခံရသော သယ်ာတငရဲသားကဲ့သို့ ကြီးစွာသောဆင်းရဲကို မချိမဆန့်ခံစားရ၏။ ငရဲဘုံ၌ဖြစ်လျှင် ငရဲမီးဖြင့်လောင်ကျွမ်းခံရ၏။ ပြိတ္တာဘုံ၌ဖြစ်လျှင် ဆာလောင်ခြင်း,ရေငတ်ခြင်း,လေ,နေပူ စသည်ကြောင့်ဖြစ်သော ဆန်းကြယ်များပြားလှသောဆင်းရဲကိုခံရ၏။*

*လောက၌ တစ်စုံတစ်ခုသောအရပ်တွင် အကြင်ဆင်းရဲရှိသည်ဆိုလျှင် ထိုဆင်းရဲသည် ဘဝသစ်ဖြစ်မှု-ဇာတိနှင့်ကင်း၍မရှိနိုင်၊ ဇာတိကြောင့်သာရှိရ၏။*

**၁၄။ ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ပန်းတိုင်ဖြစ်သောနိဗ္ဗာန်ကို ယခုခေတ်သိပ္ပံပညာရှင်တို့ မြင်နိုင်စွမ်းရှိမရှိအကြောင်းပြရှင်းလင်း၍ မဂ္ဂင်ရှစ်ပါးကိုလည်း သီလ၊ သမာဓိ၊ပညာအားဖြင့် အသီးသီးခွဲခြားပြခဲ့ပါ။***(၁၉၉၄၊ စမန ၄၄၅၊ ၄၄၂၊ ၄၅၇-၈)*

**အဖြေ** *-နိဗ္ဗာန်ကို ယခုခေတ်သိပ္ပံပညာရှင်တို့ မြင်နိုင်စွမ်းမရှိပါ။ အကြောင်းမှာ ယခုခေတ်သိပ္ပံပညာရှင်တို့သည် ရုပ်မဟုတ်သော နာမ်တရားဖြစ်သည့် စိတ်စေတသိက်တို့ကိုပင် မြင်နိုင်စွမ်းမရှိပါ။ နိဗ္ဗာန်သည် ရုပ်သဘောကိုကျော်လွန်ခြင်းကြောင့် 'အရူပတရား'မည်၏။ ရုပ်နာမ်သင်္ခါရတို့မှကင်းဆိတ်သောကြောင့် 'သုညတနိဗ္ဗာန်'မည်၏။ ရုပ်နမ်သင်္ခါရနိမိတ်ကင်းစင်သောကြောင့် 'အနိမိတ္တနိဗ္ဗာန်'မည်၏။ ထို့ကြောင့် ခေတ်သိပ္ပံပညာရှင်တို့ မမြင်နိုင်ပါ။*

*တစ်ဖန် သမ္မာပဋိပတ် မဂ္ဂင်ရှစ်ပါးအကျင့်မြတ်ကို ပွားများအားထုတ်သဖြင့် မဂ်ဉာဏ်ကိုရသောအခါ နိဗ္ဗာန်ကိုသိနိုင်မြင်နိုင်၏။ နိဗ္ဗာန်ကို မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် သိနိုင်မြင်နိုင်၏။ ဤဉာဏ်တို့ကိုမရရှိသော ခေတ်သိပ္ပံပညာရှင်တို့ မမြင်နိုင်ကြပါ။*

*မဂ္ဂင်(၈)ပါးကို သီလ၊သမာဓိ၊ပညာဖြင့်ခွဲခြားရသော်*

*သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝမဂ္ဂင်သုံးပါးသည် သီလက္ခန္ဓာ(ဝါ)သီလသိက္ခာမည်၏။*

*သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိမဂ္ဂင်သုံးပါးသည် သမာဓိက္ခန္ဓာ (ဝါ) သမာဓိသိက္ခာမည်၏။*

*သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပမဂ္ဂင်နှစ်ပါးသည် ပညာက္ခန္ဓာ(ဝါ)ပညာသိက္ခာမည်၏။*

**၁၅။ (က)ရောဓသဒ္ဒါကို "နှောင်အိမ်၊ အကျဉ်းထောင်"ဟု ခေါ်ဆိုလျှင် အဘယ်နည်းဖြင့် ဒုက္ခနိရောဓအမည်ရသည်ကို ဖော်ပြပြီးလျှင် (ခ)အဘယ်ကို "ဝိပရိဏာမဒုက္ခ"ခေါ်သည်ကိုလည်း ဖြေဆိုပါ။** *(၁၉၉၅၊ စမန ၄၂၄၊ ၄၃၁)*

***အဖြေ*** *-(က)'ရောဓ'သဒ္ဒါသည် "နှောင်အိမ်၊ အကျဉ်းထောင်"ဟုခေါ်ဆို၍ 'နိ'သဒ္ဒါသည် "မရှိခြင်း"ကိုပြသဖြင့် "ဒုက္ခနိရောဓ"သည် "ဒုက္ခနှောင်အိမ်မရှိ၊ ဒုက္ခအကျဉ်းထောင်မရှိ"ဟု အနက်ရ၏။ နိဗ္ဗာန်၌ ဆင်းရဲဒုက္ခအားလုံးချုပ်ငြိမ်းသဖြင့် ဒုက္ခနှောင်အိမ်မရှိပါ၊ ဒုက္ခအကျဉ်းထောင်လည်းမရှိပါ။ ထို့ကြောင့် နိဗ္ဗာန်သည် "ဒုက္ခနိရောဓ"မည်၏။*

*(ခ) သုခဝေဒနာသည် ဖောက်ပြန်ပျောက်ကွယ်ခြင်းဖြင့် ဆင်းရဲဖြစ်ခြင်း၏အကြောင်း ဖြစ်သောကြောင့် 'ဝိပရိဏာမဒုက္ခ"မည်ပါသည်။*

**၁၆။ သစ္စာလေးပါးတို့တွင် ပထမသစ္စာ၌ စက်ဆုပ်ဖွယ်အနက်ဟော ဒု-သဒ္ဒါနှင့် အချည်းနှီးအနက်ဟော ခ-သဒ္ဒါတို့ကို ပေါင်းစပ်၍ ဒုက္ခအမည်ခေါ်တွင်သည်ဟု ဖွင့်ဆိုရာ၌ ဘာကြောင့် ယင်းသို့သောအနက်များဟောရသည်ကို ဖော်ပြပါ။** *(၁၉၉၈၊ စမန ၄၂၃)*

***အဖြေ*** *- နံပါတ်(၁)အဖြေနှင့်တူပါသည်။*

**၁၇။ "ဥပါယာသ"ဟူသည် အဘယ်အဖြစ်ဆိုးနှင့်တွေ့ကြုံ၍ အဘယ်နည်း အဘယ်ပုံခံစားနေရခြင်းကြောင့်ဖြစ်ပေါ်နေသော အဘယ်တရားပါနည်း ဖြေဆိုပါ။** *(၁၉၉၉၊ စမန ၄၃၇)*

***အဖြေ*** *- "ဥပါယာသ"ဟူသည် ဉာတိဗျသနစသည်ဖြင့် တွေ့ထိနှိပ်စက်ခံရသောသူမှာ အလွန်အမင်းစိတ်ဆင်းရဲခြင်းကို ခံစားနေရခြင်းကြောင့် ဖြစ်ပေါ်နေသော* ***ဒေါသတရား*** *ဖြစ်ပါသည်။*

- *ဥပါယာသသည် စိတ်ကိုထက်ဝန်းကျင်ပူလောင်စေခြင်းလက္ခဏာရှိ၏။*
- *ညည်းတွားခြင်းကိုပြုသော ကိစ္စရှိ၏။*
- *ကိုယ်စိတ်ကို နှစ်ကျစေတတ်သောသဘောဟုဉာဏ်၌ ရှေးရှုထင်၏။*
- *စိတ်ကိုပူလောင်စေခြင်း၊ ကိုယ်ကိုနှစ်ကျပင်ပန်းစေခြင်းတို့ဖြင့် လွန်ကဲသော ကိုယ်စိတ်ဆင်းရဲကို ဖြစ်တတ်သောကြောင့် ဥပါယာသကို ဒုက္ခတရားဟု ခေါ်၏။*

**၁၈။ "ဇာတိဒုက္ခာ"၌ အဘယ်ကို "ဇာတိ"ခေါ်သည်ကို မုချ၊ ပရိယာယ်နည်း နှစ်သွယ်ဖြင့် ခွဲခြားဖော်ပြပါ။** *(၂၀၀၀၊ စမန ၄၃၀)*

**အဖြေ** -"ဇာတိဒုက္ခာ"၌ **မုချအားဖြင့်** ထိုထိုဘဝတစ်ခု၌ ရှေးဦးစွာဖြစ်ကြသော ခန္ဓာတို့၏ ဖြစ်ဆဲဥပါဒ်ခဏသာလျှင် ဇာတိ-ဘဝသစ်ဖြစ်ခြင်းမည်၏။

ပရိယာယ်အားဖြင့်မူ အမိဝမ်းတွင်း၌ကိန်းအောင်းရသော ဂဗ္ဘသေယျက သတ္တဝါတို့အား ပဋိသန္ဓေတည်သည်မှစ၍ မွေးဖွားသည့်ကာလတိုင်အောင် ဖြစ်ကုန်သောခန္ဓာတို့ကို ဇာတိ-ဘဝအသစ်ဖြစ်ခြင်းဟု ဟော၏။ သံသေဒဇသတ္တဝါ, ဥပပါတ်သတ္တဝါတို့အား ပဋိသန္ဓေခန္ဓာ (ဘဝတစ်ခု၌ ရှေးဦးစွာဖြစ်သောရုပ်နာမ်ခန္ဓာ)ကိုသာ ဇာတိ-ဘဝအသစ်ဖြစ်ခြင်းဟု ဟောတော်မူ၏။

၁၉။ **"ဇာတိပိဒုက္ခာ"၌ အဘယ်ကိုဇာတိခေါ်သည်ကို ပရိယာယ်၊ မုချနှစ်မျိုး ပြဆိုပြီးလျှင်၊ သောက၊ ပရိဒေဝ၊ ဥပါယာသတို့၏ ထူးခြားပုံကိုလည်း ဥပမာပြ၍ ဖြေဆိုပါ။** (၂၀၀၁၊ စမန ၄၃၀၊ ၄၃၅၊ ၄၃၆-၇)

**အဖြေ** -ပထမပိုင်းအဖြေသည် နံပါတ်(၁၈)အဖြေနှင့်တူ၏။

ဒုတိယပိုင်းအဖြေသည် နံပါတ်(၇)အဖြေနှင့်တူ၏။

၂၀။ **အဘယ်ကို ဖုံးကွယ်သောဒုက္ခဟုဆိုရသည်၊ အဘယ်ကြောင့် ယင်းဒုက္ခကို ဖုံးကွယ်သော မထင်ရှားသောဒုက္ခဟု ဆိုရသည်ကို ဖြေဆိုပြီးလျှင်၊ နိဗ္ဗာန်ဟူသည် ယုန်ချို၊ လိပ်မွေးစသည်တို့ကဲ့သို့ တကယ်မရှိသောတရားဟု လူဗာလတို့ ဆိုစကားကို ဝိသုဒ္ဓိမဂ်အတိုင်း ဥပမာအကြောင်းယုတ္တိများဖြင့် ပယ်ရှားပြပါ။** (၂၀၀၂၊ စမန ၄၃၀၊ ၄၆၃)

**အဖြေ** -ပထမပိုင်းအဖြေသည် နံပါတ်(၁၃)ပထမပိုင်းအဖြေနှင့်တူ၏။

ဒုတိယပိုင်းအဖြေသည် နံပါတ်(၈)အဖြေနှင့်တူပါသည်။

၂၁။ **မနိန္ဒြေသည် အဘယ်လုပ်ငန်းကိစ္စကို လုပ်ဆောင်သည်ကို ဖော်ပြပြီးလျှင်၊ စက်ဆုပ်ဖွယ်လည်းဖြစ်၊ အချည်းနှီးလည်းဖြစ်သောကြောင့် ဒုက္ခဟု ခေါ်ဆို သမုတ်ရာ၌ အဘယ်ကြောင့်ယင်းသို့သော အဖြစ်နှစ်မျိုးကြုံရသည်ကို ဖြေဆိုပါ။** (၂၀၀၄၊ စမန ၄၂၀၊ ၄၂၃)

**အဖြေ** -မနိန္ဒြေသည် အတူဖြစ်ဖက်တရားတို့ကို မိမိအလိုသို့လိုက်စေခြင်းလုပ်ငန်းကိစ္စကို ဆောင်ရွက်၏။

ဒုက္ခ၌ပါဝင်သော ဒု-သဒ္ဒါသည် စက်ဆုပ်ဖွယ်အနက်ကို ဟော၏။

ခ-သဒ္ဒါသည် အချည်းနှီးဟူသောအနက်ကို ဟော၏။

ဒုက္ခသစ္စာသည် များစွာသော ဥပဒ္ဒဝေါတို့၏တည်ရာဖြစ်သောကြောင့် စက်ဆုပ်ဖွယ်ကောင်း၏။ မသိမလိမ္မာသူတို့ ကြံဆထားသော ခိုင်မြဲခြင်း, တင့်တယ်ခြင်း, ချမ်းသာခြင်း,အတ္တအဖြစ်တို့မှကင်းခြင်းကြောင့် အချည်းနှီးဖြစ်၏။ ထိုသို့ စက်ဆုပ်ဖွယ်

ကောင်းခြင်း၊ အချည်းနှီးဖြစ်ခြင်းအနက်သဘောနှစ်မျိုးကြောင့် ဒုက္ခဟုခေါ် ဆိုသမုတ်ရာ၌ ယင်းသို့သောအဖြစ်နှစ်မျိုးကြုံရခြင်းဖြစ်ပါသည်။

၂၂။ **နိဗ္ဗာန်သည် မပျက်စီးနိုင်သော နိစ္စတရားဖြစ်သည်ဟူသော အဆို၏ ခိုင်လုံသောအကြောင်းပြချက်ကိုလည်း ရေးသားဖော်ပြပါ။** *(၂၀၀၅၊ စမန ၄၄၅၊ ၄၄၆)*

***အဖြေ*** *- လျော့လျည်းခြင်းမရှိဘဲ တင်းတင်းရင်းရင်းအားထုတ်ခြင်းကြောင့် အရိယမဂ်ဉာဏ်ဖြင့် သိရသောကြောင့်လည်းကောင်း၊ အလုံးစုံကိုသိသော မြတ်စွာဘုရားဟောတော်မူသောကြောင့်လည်းကောင်း၊ နိဗ္ဗာန်သည် ပရမတ္ထသဘောအားဖြင့် မရှိသည်မဟုတ်၊ ရှိသည်သာတည်း။*

*မည်သည့်ဘုရားလက်ထက်ကစ၍ဖြစ်ခဲ့သည်ဟု ဤသို့ရှေးအစွန်း၏မရှိခြင်းကြောင့် နိဗ္ဗာန်သည် အမွန်အစမရှိသော 'အပ္ပဘဝတရား' မည်၏။*

*'မဂ်ရှိလျှင် နိဗ္ဗာန်ရှိခြင်းကြောင့် နိဗ္ဗာန်သည် အပ္ပဘဝမဟုတ်'ဟု ဆိုငြားအံ့။ နိဗ္ဗာန်သည်မဂ်ကဖြစ်စေသည်မဟုတ်သောကြောင့် ထိုသို့ မဆိုသင့်၊ မှန်၏-ဤနိဗ္ဗာန်ကို မဂ်သည် ရောက်ခြင်းသာလျှင် ဆိုအပ်၏။ မဂ်ကဖြစ်စေသည်မဟုတ်ပေ။ နိဗ္ဗာန်ကိုဖြစ်စေသော အကြောင်းတရားလည်းမရှိ။ ထို့ကြောင့်နိဗ္ဗာန်သည် အမွန်အစမရှိ၊ အပ္ပဘဝသာဖြစ်၏။*

*နိဗ္ဗာန်သည် ရုပ်နာမ်သင်္ခါရတို့မှ ကင်းဆိတ်သောကြောင့် 'သုညတနိဗ္ဗာန်' မည်၏။ ရုပ်နာမ်သင်္ခါရနိမိတ်တို့မှ ကင်းစင်သောကြောင့် 'အနိမိတ္တနိဗ္ဗာန်'မည်၏။ နိဗ္ဗာန်ကို အကြောင်းတစ်စုံတစ်ခုက မဖြစ်စေသောကြောင့် နိဗ္ဗာန်သည် 'အသင်္ခတတရား'ဖြစ်၏။*

*ဤသို့ ရုပ်နာမ်တရားတို့မှကင်းဆိတ်သော အသင်္ခတရားဖြစ်သော အမွန်အစမရှိသော အပ္ပဘဝဖြစ်သောကြောင့် နိဗ္ဗာန်သည် အိုခြင်း၊ သေခြင်းမရှိ၊ စ၍ဖြစ်ခြင်း၊ အိုခြင်း၊နာခြင်း၊သေခြင်းတို့ မရှိခြင်းကြောင့် နိဗ္ဗာန်သည် မပျက်စီးနိုင်သော ထာဝရတည်မြဲသော 'နိစ္စတရား'ဖြစ်၏။*

၂၃။ **သောက၊ ပရိဒေဝ၊ ဥပါယာသတို့၏ထူးခြားပုံကို ဥပမာနှင့်တကွဖော်ပြပါ။** *(၂၀၀၇၊ စမန ၄၃၅၊ ၄၃၆၊ ၄၃၇)*

***အဖြေ*** *- နံပါတ်(၇)အဖြေအတိုင်းဖြစ်ပါသည်။*

၂၄။ **မဂ္ဂင်ရှစ်ပါးတို့ကို သီလ,သမာဓိ,ပညာသုံးပါးတို့ဖြင့် တွဲစပ်ဖော်ပြ၍၊ နိဗ္ဗာန်သည် ခပ်သိမ်းသောပုထုဇဉ်တို့နှင့် ဆက်ဆံမှုရှိ/မရှိကိုလည်း အကြောင်းနှင့်တကွဖော်ပြပါ။** *(၂၀၀၇၊ စမန ၄၅၇၊ ၄၅၈၊ ၄၄၅)*

***အဖြေ*** *-ပထမပိုင်းအဖြေသည် နံပါတ်(၁၄)ဒုတိယပိုင်းအဖြေနှင့်တူ၏။*

*နိဗ္ဗာန်သည် ခပ်သိမ်းသောပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် ဆက်ဆံမှုမရှိပါ။ အဘယ့်ကြောင့်ဆိုသော် အရိယမဂ်နှင့်ပြည့်စုံသော အရိယာပုဂ္ဂိုလ်တို့သာလျှင် သိအပ်, မြင်အပ်,ရောက်အပ်သောကြောင့် နိဗ္ဗာန်သည် အများနှင့်မဆိုင်သော အရိယာတို့နှင့်သာဆိုင်သော 'အသာဓာရဏတရား' ဖြစ်သောကြောင့်တည်း။*

## ကျမ်းကိုးစာရင်း

၁။ ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ ပြန်ဆိုသော ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ မြန်မာပြန်ဒုတိယတွဲ။

၂။ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား ရေးသားစီရင်သော ဝိသုဒ္ဓိမဂ်မြန်မာပြန် ဒုတိယတွဲနှင့် တတိယတွဲ။

၃။ သုတ္တန်ပိဋကတ်ပါဠိတော်မြန်မာပြန်ကျမ်းများ။

## * နောက်ဆုံးနှစ်များမှ စာမေးပွဲအမေးအဖြေများ *

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန
### ဝိသုဒ္ဓိမဂ်စာမေးပွဲ ဒုတိယဆင့် ၂၀၀၉ ခုနှစ်
(မေးခွန်း ၁၀ ပုဒ်၊ ခွင့်ပြုချိန် ၄ နာရီ)

**၁။ ဘုရားလောင်းရသေ့၏ မိမိ၏ကိုယ်အင်္ဂါကြီးငယ်တို့ကို ဖြတ်တောက်ပြုလုပ်နေပါသော်လည်း မေတ္တာပွား၍ သည်းခံပုံကို ခန္တီဝါဒဇာတ်လာအတိုင်း အများနားလည်အောင် တင်ပြ၍၊ မေတ္တာပွားများအားထုတ်ရသဖြင့် နတ်တို့စောင့်ရှောက်ပုံကိုလည်း ဖော်ပြခဲ့ပါ။** (စာမျက်နှာ ၃၉၊ ၅၁)

**အဖြေ** – ကာသိတိုင်းကြီးကိုအုပ်စိုးသော ပညာမဲ့သည့်ကာလာဗုမင်းသည် ဘုရားလောင်းရသေ့အား ''ရှင်ရဟန်း သင်သည် အဘယ်အယူရှိသနည်း''ဟုမေး၏။ ''ငါသည် သည်းခံခြင်းအယူရှိသဖြင့် ခန္တီဝါဒီမည်ပါသည်''ဟု ဖြေကြားသော် ထိုမင်းက သံဆူးတပ်ထားသောကြိမ်တို့နှင့် ရိုက်နှက်စေပြီးလျှင် ကိုယ်အင်္ဂါကြီးငယ်တို့ကို ဖြတ်တောက်စေ၏။ ခန္တီဝါဒီရသေ့သည် သည်းခံခြင်းသည်မြတ်၏ဟု နှလုံးသွင်း၍ အမျက်ထွက်ခြင်းကို မျှ မပြုခဲ့ပေ။ ထိုမင်းကို အမျက်မထွက်ဘဲ ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ချမ်းချမ်းသာသာနှင့် မိမိကိုယ်ကို ရွက်ဆောင်နိုင်ပါစေ''ဟု မေတ္တာပွားများနေ၏။

– **မေတ္တာပွားများအားထုတ်ရသဖြင့် နတ်တို့စောင့်ရှောက်ပုံမှာ** – မိဘတို့သည်သားကို စောင့်ရှောက်ကြသကဲ့သို့ မေတ္တာပွားသူကို နတ်တို့စောင့်ရှောက်ကြ၏။

**၂။ ချစ်တတ်သောကြောင့် မေတ္တာဟုဆိုရာ၌ မည်သို့ချစ်မှ မေတ္တာစစ်ဖြစ်နိုင်သည်ကို ရှင်းပြ၍၊ မေတ္တာတရား၏ဆောင်ရွက်နိုင်သောကိစ္စ၊ နီးစွာသောအကြောင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။** (စမန ၆၀)

**အဖြေ** – ချစ်တတ်သောကြောင့် မေတ္တာဟုဆိုရာ၌ အောက်ပါအတိုင်းချစ်မှ မေတ္တာစစ်ဖြစ်နိုင်၏။

(က) အစီးအပွားကို ပြုလိုသောအားဖြင့် (ဝါ) ချမ်းသာစေလိုသောအားဖြင့် ချစ်တတ်ပါမှ မေတ္တာစစ်မည်၏။ (ခ) ချစ်အပ်သောပိယပုဂ္ဂိုလ်ဟူသော မိတ္တခေါ် မိတ်ဆွေ၌ဖြစ်တတ်သောကြောင့် မေတ္တာမည်၏။

(ဂ) အစီးအပွားကိုလိုလားသော မိတ်ဆွေ၏ချစ်ခြင်းအစွမ်းဖြင့် ဤသဘောတရားသည် ဖြစ်၏၊ ထို့ကြောင့် မေတ္တာမည်၏။

(ဃ) မေတ္တာစစ်သည် သတ္တဝါတို့၏အကျိုးစီးပွားကို ကျင့်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏။

---

မှတ်ချက် – ''စမန'' သည် ''ဝိသုဒ္ဓိမဂ္ဂအလင်းပြ နိဗ္ဗာန်လမ်းမကြီး''မှစာမျက်နှာဖြစ်၏။

(င) **သတ္တဝါတို့၏အကျိုးစီးပွားကို ကပ်၍ဆောင်ခြင်း ကိစ္စရသရှိ၏။**
(စ) **မေတ္တာ၏နီးစွာသောအကြောင်းမှာ** သတ္တဝါတို့၏နှစ်သက်မြတ်နိုးဖွယ်အဖြစ်ကိုရှုသော ယောနိသောမနသိကာရဖြစ်၏။

**၃။ ''စားခဲတော့ပြုံးပြုံး၊ စွန့်တော့မုန်း၊ အသုံးမကျ အာဟာရ''ဟူသောစကားအရ ပြုံးရွှင်စွာ စားသောက်ကြပုံနှင့် မုန်းတီးစွာစွန့်ရပုံတို့ကို အများနားလည်အောင် ရှင်းပြပါ။** (စမန ၁၃၅၊ ၁၃၆)

**အဖြေ** – ''စားတော့ပြုံးပြုံး၊ စွန့်တော့မုန်း၊ အသုံးမကျ အာဟာရ''ဟူသောစကားအရ ပြုံးရွှင်စွာစားသောက်ကြပုံနှင့် မုန်းတီးစွာစွန့်ရပုံတို့ကို ရှင်းပြရသော် –
(စမန ၁၃၅–၁၃၆ ''နံပါတ် (၉) အပိုဒ်ကို စာသားအစအဆုံး ရေးဖြေပါ။'')

**၄။ နှလုံးသား၏တည်ရာအရပ်ကို ဖော်ပြ၍၊ ထိုနှလုံးသားဖြစ်ပေါ်လာရခြင်းအကြောင်းတို့ကို ဖော်ပြခဲ့ပါ။** (စမန ၁၄၈)

**အဖြေ** – နှလုံးသားသည် ကိုယ်တွင်း၌ ရင်ရိုးချိုင့်၏အလယ်ကိုမှီ၍ တည်၏။
(စမန ၁၄၈ နံပါတ် (၁၁) အပိုဒ်စာသားများကို အစအဆုံးဆက်ရေးဖြေပါ။)
– ထိုနှလုံးသားဖြစ်ပေါ်လာရခြင်းအကြောင်းတို့မှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ဖြစ်ကြ၏။ လက်ရှိဘဝကိုဖြစ်စေသောကံသည် ပဋိသန္ဓေစိတ်၏ ဥပါဒ်အခါမှစ၍ ကမ္မဇရုပ်များကို ခဏမစဲဖြစ်စေခြင်းဖြင့် နှလုံးသားစသည့် သီးခြားကောဋ္ဌာသတို့ကို ဖြစ်ပေါ်စေ၏။ ဥတုဇရုပ်များနှင့် အာဟာရဇရုပ်များက ပံ့ပိုးပေးကြ၏။ စိတ္တဇရုပ်များက နှလုံးသားကို လှုပ်ရှား၍ အလုပ်လုပ်စေ၏။

**၅။ တန်ခိုး၏ဖြစ်ရာ ဘုံလေးပါးနှင့် ချာန်တို့ကို တွဲစပ်ဖော်ပြ၍ တန်ခိုး၏အခြေပါဒတို့ကိုလည်း ဖော်ပြခဲ့ပါ။** (စမန ၂၀၆)

**အဖြေ** – တန်ခိုး၏ဖြစ်ရာ ဘုံလေးပါးသည် ရူပါဝစရဈာန်လေးပါးတို့ပင်တည်း။
တန်ခိုး၏ ဖြစ်ရာ ဘုံလေးပါးနှင့် ဈာန်တို့ကို တွဲစပ်ဖော်ပြရသော် –
(စမန ၂၀၆ နံပါတ် (၁) မှ ၁၊ ၂၊ ၃၊ ၄ တို့ကို ဆက်ရေးဖြေပါ။)
– **တန်ခိုး၏အခြေပါဒတို့သည် ဣဒ္ဓိပါဒ်လေးပါးဖြစ်၏။**
(စမန ၂၀၆ နံပါတ် (၂) မှ ၁၊ ၂၊ ၃၊ ၄ တို့ကို ဆက်ရေးဖြေပါ။)

**၆။ မြတ်စွာဘုရားသည် နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမရာ၌ အရှင်မဟာမောဂ္ဂလာန် မထေရ်ကိုသာ ခွင့်ပြုတော်မူရခြင်းအကြောင်းကို ဖော်ပြ၍၊ ကမ္မာကြီးပျက်စီးကြောင်းနှင့် ပျက်ရာဌာနတို့ကိုလည်း တွဲစပ်ဖော်ပြခဲ့ပါ။** (စမန ၂၂၄–၂၂၆၊ ၂၆၄–၂၆၅)

**အဖြေ** – မြတ်စွာဘုရားသည် နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမရာ၌ အရှင်မဟာမောဂ္ဂလာန် မထေရ်ကိုသာ ခွင့်ပြုတော်မူရခြင်းအကြောင်းမှာ နဂါးမင်းသည် အလွန်တန်ခိုးကြီးသဖြင့်

တန်ခိုးအဘိညာဉ်အရာ၌ အသာလွန်ဆုံးတေဒဂ်ဘွဲ့ရတော်မူသော အရှင်မဟာမောဂ္ဂလာန် မထေရ်ကသာ ဘေးကင်းစွာဆုံးမနိုင်မည်ဖြစ်ပြီး အခြားတပည့်ရဟန္တာများက မဆုံးမနိုင်ကြောင်းကို သိတော်မူသောကြောင့်ဖြစ်၏။

အရှင်မဟာမောဂ္ဂလာန်သည် ပကတိအသွင်ကိုစွန့်၍ ကြီးမားသောနဂါးအသွင်ကို ဖန်ဆင်းပြီးလျှင် နန္ဒောပနန္ဒနဂါးမင်း၏ကိုယ်ကို မိမိ၏ကိုယ်ဖြင့် (၁၄) ပတ်ရစ်ပတ်၍ နဂါးမင်း၏ပါးပျဉ်းအထက်၌ မိမိ၏ပါးပျဉ်းကိုထား၍ မြင်းမိုရ်တောင်နှင့်တကွ ဖိညှပ်၏။ နဂါးမင်းအခိုးလွှတ်၏။ အရှင်မဟာမောဂ္ဂလာန်သည်လည်း အခိုးလွှတ်၏။ နဂါးမင်း၏အခိုးသည် မထေရ်ကို မနှိပ်စက်နိုင်၊ မထေရ်၏အခိုးက နဂါးမင်းကို နှိပ်စက်၏။

(စမန ၂၂၅ စာသားတစ်မျက်နှာလုံးကို ဆက်ရေးဖြေပါ။)

**– ကမ္ဘာကြီးပျက်စီးကြောင်းနှင့် ပျက်ရာဌာနတို့ကို တွဲစပ်ဖော်ပြရသော် –**

(စမန ၂၆၄–၂၆၅ **"ကမ္ဘာပျက်စီးရခြင်းအကြောင်း"** ခေါင်းစဉ်၏စာပိုဒ်တစ်ခုလုံးကို ဖြေပါ။)

**၇။ လနှင့်နေတို့၏အတိုင်းအတာပမာဏကို သိသာရုံမျှဖော်ပြ၍၊ မည်သူတစ်ဦးတစ်ယောက်မျှ တိုက်တွန်းမှုမပါဘဲ ဝမ်းမြောက်စွာ ကုသိုလ်, အကုသိုလ်ပြုလုပ်နေကြသော သူငယ်ချင်းနှစ်ယောက်တို့၏ သန္တာန်၌ဖြစ်ပေါ်နိုင်သောစိတ်တို့ကိုလည်း တိကျစွာ ကောက်ပြခဲ့ပါ။** (စမန ၂၅၉၊ ၃၂၀၊ ၃၂၃)

**အဖြေ** – လသည် အချင်း ၄၉ ယူဇနာအတိုင်းအတာ ပမာဏရှိ၏။ နေသည် အချင်း ၅၀ ယူဇနာအတိုင်းအတာ ပမာဏရှိ၏။

– တိုက်တွန်းမှုမပါဘဲ ဝမ်းမြောက်စွာ ကုသိုလ်ပြုနေသော သူငယ်ချင်း၏သန္တာန်၌ ဖြစ်ပေါ်နိုင်သောစိတ်တို့မှာ ကံ ကံအကျိုးကိုသိလျှင် "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်"

ကံ ကံ၏အကျိုးကို မသိလျှင် "သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက မဟာကုသိုလ်စိတ်" ဖြစ်ပါသည်။

– တိုက်တွန်းမှုမပါပဲ ဝမ်းမြောက်စွာ အကုသိုလ်ပြုသူ၌ ဖြစ်နိုင်သောစိတ်တို့မှာ – ကံ ကံ၏အကျိုးကိုသိလျှင် "သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ်အသင်္ခါရိကလောဘမူစိတ်"

ကံ ကံ၏အကျိုးကို မသိလျှင် "သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်"တို့ ဖြစ်ပေါ်မည်။

**၈။ ဒုက္ခသစ္စာကို ရှေးဦးစွာ ဟောတော်မူရခြင်းအကြောင်းကို ဖော်ပြ၍၊ သစ္စာလေးပါးတို့ကိုလည်း အကြောင်းအကျိုးတွဲစပ်ဖော်ပြခဲ့ပါ။** (စမန ၄၂၉၊ ၄၂၂–၄၂၃)

**အဖြေ – ဒုက္ခသစ္စာကိုသာ ရှေးဦးစွာ ဟောတော်မူရခြင်းအကြောင်းမှာ** "သစ္စာလေးပါးတွင် ကြမ်းတမ်းထင်ရှား၍ သတ္တဝါအားလုံးနှင့် သက်ဆိုင်သောကြောင့် ဒုက္ခသစ္စာသည် သိလွယ်၏။ ထို့ကြောင့် ဒုက္ခသစ္စာကို ရှေးဦးစွာဟောတော်မူ၏။"

တစ်နည်းအားဖြင့်က ''ဘ၀ချမ်းသာကို သာယာမက်မောကြကုန်သော သတ္တဝါတို့အား ထိတ်လန့်မှု သံဝေဂဖြစ်စေခြင်းငှာ ဒုက္ခသစ္စာကို ရှေးဦးစွာဟောတော်မူ၏။''

**– သစ္စာလေးပါးကို အကြောင်းအကျိုးတွဲစပ်ဖော်ပြရသော် –**

သမုဒယသစ္စာသည် အကြောင်းဖြစ်ပြီး ဒုက္ခသစ္စာသည် အကျိုးဖြစ်၏။

မဂ္ဂသစ္စာသည် အကြောင်းဖြစ်ပြီး နိရောဓသစ္စာသည် အကျိုးဖြစ်၏။

**၉။ စိုးရိမ်ပူပန်ခြင်းသောကကို ဒုက္ခဟုအဘယ်ကြောင့် ခေါ်ဆိုရသည်ကို ဖြေဆိုရ၍ မိမိချစ်သူနှင့် ကွေကွင်းရာ၌လည်း အဘယ်ကြောင့် ဆင်းရဲဒုက္ခဟုဆိုပါသနည်း။ ဖြေဆိုခဲ့ပါ။** (စမန ၄၃၅၊ ၄၃၈)

**အဖြေ – စိုးရိမ်ပူပန်ခြင်းသောကကို ဒုက္ခဟုခေါ်ဆိုရခြင်းအကြောင်းမှာ –**

(စမန ၄၃၅၊ နံပါတ် (၄) ''သောက–စိုးရိမ်ပူဆွေးခြင်းအကြောင်း'' ၏စာသားအားလုံးကို ဖြေပါ။

**– မိမိချစ်သူနှင့်ကွေကွင်းရာ၌လည်း ဆင်းရဲဒုက္ခဟုဆိုရခြင်းအကြောင်းမှာ –**

(စမန ၄၃၈၊ နံပါတ် (၁၀) ''ပိယဝိပ္ပယောဂအကြောင်း'' ၏စာသားအားလုံးကို ဖြေပါ။

**၁၀။ နိဗ္ဗာန်၏လက္ခဏာကိုဖော်ပြ၍ လက်ဆုပ်လက်ကိုင်မပြနိုင်၍ နိဗ္ဗာန်ကိုမရှိဟုဆိုခဲ့သော် သင်တို့သည် မည်သို့မည်ပုံ ပြန်လည်၍ ရှင်းပြသင့်ပါသနည်း။ ဖြေဆိုခဲ့ပါ။** (စမန ၄၄၂၊ ၄၄၃)

**အဖြေ –** နိဗ္ဗာန်သည် သန္တိလက္ခဏံဟူသော ငြိမ်းအေးခြင်းလက္ခဏာရှိ၏။

– လက်ဆုပ်လက်ကိုင်မပြနိုင်၍ နိဗ္ဗာန်ကို မရှိဟုဆိုခဲ့သော် အောက်ပါအတိုင်းရှင်းပြသင့်ပါသည်။

(စမန ၄၄၂–၄၄၃ မှ ''နိဗ္ဗာန်ဆိုင်ရာ စောဒနာများကို ဖြေရှင်းခြင်း'' ခေါင်းစဉ်အောက်ရှိ နံပါတ် ၁ နှင့် ၂ တို့ကို ဖြေဆိုပါ။)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ဝိသုဒ္ဓိမဂ်စာမေးပွဲ ဒုတိယဆင့် ၂၀၁၀ ခုနှစ်

**၁။ မိမိအပေါ်မနာလိုမုန်းထားသော ရန်သူ၏နှစ်သက်ဝမ်းသာကြောင်း တရား (၇) ပါးတို့ကို အကျဉ်းမျှဖော်ပြ၍ ထိုရန်သူ၌ မိမိက တစ်ဖန် ပြန်၍ဒေါသအမျက်မပြေခဲ့သော် အဘယ်သို့ နှလုံးသွင်းဆင်ခြင်သင့်သည်ကိုလည်း ရေးသားခဲ့ပါ။** (စာမျက်နှာ ၃၅)

**အဖြေ – မိမိအပေါ်မနာလိုမုန်းထားသော ရန်သူ၏နှစ်သက်ဝမ်းသာကြောင်း တရား (၇) ပါး**

(စမန ၃၅ နံပါတ် (၂) ''ရန်သူနှစ်သက်ဝမ်းသာကြောင်းတရား (၇) ပါး'' ကို (၁) မှ (၇) အထိ ရေးပါ။)

**– ထိုရန်သူ၌ မိမိက တစ်ဖန် ပြန်၍ဒေါသအမျက် မပြေခဲ့သော်** အောက်ပါအတိုင်း နှလုံးသွင်းဆင်ခြင်သင့်၏။

(စမန ၃၆၊ နံပါတ် (၇) အောက်ရှိ စာပိုဒ်သုံးပိုဒ်ကို ဖြေဆိုပါ။)

**၂။ မပြစ်မှားထိုက်သူကို ပြစ်မှားပါက ရောက်ရှိလာမည့်အပြစ်ကို ဥပမာနှင့်တကွဖော်ပြ၍ ဘုရားအလောင်းတော်မျောက်မင်း၏ တောင်ကမ်းပါးချောက်ကြားမှ ကယ်တင်ခဲ့သောယောက်ျားက မိမိဦးခေါင်းကို ကျောက်ခဲဖြင့် ပေါက်ခွဲခဲ့သော်လည်း ထိုယောက်ျားအပေါ် အပြစ်မမြင်ဘဲ သည်းခံခွင့်လွှတ်၍ မည်သို့ပြောဆိုပြုလုပ်ခဲ့ပုံကိုလည်း ရေးသားခဲ့ပါ။** (စမန ၃၈–၃၉၊ ၄၀)

**အဖြေ** – မပြစ်မှားထိုက်သူကို ပြစ်မှားပါက ရောက်ရှိလာမည့်အပြစ်ကို ဥပမာနှင့်တကွဖော်ပြရန် မိမိနှင့်သူတစ်ပါးတို့၏ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိသည့်အဖြစ်ကို ဆင်ခြင်ရာ၏။ ရှေးဦးစွာ မိမိ၏ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိပုံကို ဤသို့ဆင်ခြင်အပ်၏ –

(စမန ၃၈–၃၉ နံပါတ် ၅ (၁) ဒုတိယပိုဒ်မှ အဆုံးပိုဒ်အထိ ရေးဖြေပါ။)

– ဘုရားအလောင်းတော်မျောက်မင်း၏ တောင်ကမ်းပါးချောက်ကြားမှ ကယ်တင်ခဲ့သောယောက်ျားက မိမိဦးခေါင်းကို ကျောက်ခဲဖြင့် ပေါက်ခွဲခဲ့သော်လည်း ထိုယောက်ျားအပေါ် မပြစ်မမြင်ဘဲ သည်းခံခွင့်လွှတ်၍ ပြောဆိုပြုလုပ်ခဲ့ပုံမှာ –

မျောက်မင်းသည် မျက်ရည်ပြည့်သည့်မျက်စိဖြင့် ထိုယောက်ျားကိုကြည့်လျက် မိမိစိတ်ကို မပြစ်မှားစေမူဘဲ မိမိ၏ဆင်းရဲကိုလည်း မစဉ်းစားဘဲ –

''အို–အရှင်ကောင်း၊ သင်သည် ငါ၏အရှင်ဖြစ်ပါလျက် ဤသို့သောအမှုကို မပြုသင့်ဘဲ ပြုဘိ၏၊ သင်သည် သူတစ်ပါးကို ဤသို့သောအမှုကိုပြုခြင်းမှ တားမြစ်ထိုက်ပါ၏၊ သင်သည် ငါ့ကြောင့် အသက်ရှင်သည် မဟုတ်ပါလော''

ဟုဆို၍ ထိုယောက်ျားကို ဘေးကင်းရာ လူတို့၏နယ်မြေအရပ်သို့ ပို့ဆောင်ပေး၏။

**၃။ မေတ္တာပွားများမှုကြောင့် ချမ်းသာစွာနိုးရပုံနှင့် လူတို့ချစ်ခင်ကြပုံတို့ကို အများနားလည်အောင် ရှင်းပြခဲ့ပါ။** (စမန ၄၉၊ ၅၀)

**အဖြေ** – မေတ္တာပွားများမှုကြောင့် ချမ်းသာစွာနိုးရပုံနှင့် လူတို့ချစ်ခင်ကြပုံမှာ –

**(က) ချစ်ခင်စွာနိုးရပုံ**

မေတ္တာပွားများမှုမရှိသူတို့သည် ညည်းတွား၊ လူးလိမ့်၊ လိမ်ကော့ကောက်ကွေး၍ အစာဝသောမြွေက တလွန့်လွန့်လူးလဲသကဲ့သို့ ဆင်းရဲစွာနိုးရ၏။ မေတ္တာစေတောဝိမုတ္တိ (မေတ္တာဈာန်) ပွားများသူတို့သည် ဤသို့ဆင်းရဲငြီးငြင်စွာ မနိုးရဘဲ နေရောင်ခြည်ထိတွေ့၍ ပဒုမ္မာကြာပန်းပွင့်လာသကဲ့သို့ ကိုယ်၏ဖောက်ပြန်ခြင်းမရှိဘဲ ချမ်းသာစွာနိုးရ၏။

**(ခ) လူတို့ချစ်ခင်ကြပုံ**

လည်၌ဆွဲထားသည့်ပုလဲသွယ်ကဲ့သို့၊ ဦးခေါင်း၌ပန်ဆင်ထားသည့်ပန်းကဲ့သို့၊ မြင်သူ၊ ကြားသူ၊ အောက်မေ့သူအပေါင်းတို့က မေတ္တာဈာန်ပွားသူကို ချစ်ခင်နှစ်သက်ကြ၏။

**၄။ စားတော့ပြုံးပြုံး၊ စွန့်တော့မှုန်း၊ အသုံးမကျအာဟာရ''ဟူသော ဆိုရိုးစကားကို အများနားလည်အောင် ရှင်းပြ၍ အသည်းနှလုံး၏တည်ရာအရပ်ကိုလည်း ဖော်ပြခဲ့ပါ။**

(စမန ၁၃၅–၁၃၆၊ ၁၄၈)

**အဖြေ** – စားတော့ပြုံးပြုံး၊ စွန့်တော့မှုန်း၊ အသုံးမကျအာဟာရ''ဟူသော ဆိုရိုးစကားကို အများနားလည်အောင် ရှင်းပြရသော် –

(စမန ၁၃၅–၁၃၆ ''နံပါတ် (၉) အပိုဒ်''ကို စာသားအစအဆုံးရေးဖြေပါ။)

– **အသည်း၏တည်နေရာသည်** ကိုယ်တွင်း၌ သားမြတ်နှစ်ခုတို့၏အကြားဝယ် လက်ျာနံပါးကိုမှီ၍ တည်၏။ ဥပမာအားဖြင့် အိုးကင်းနံပါး၌ ကပ်နေသော အသားစိုင်တစ်စုံကဲ့သို့တည်း။

– **နှလုံး၏တည်နေရာမှာ** ကိုယ်တွင်း၌ ရင်ရိုးချိုင့်၏အလယ်ကိုမှီ၍ တည်၏။ ဥပမာအားဖြင့် ဆွေးမြည့်နေသည့်သံလျင်းချိုင့် (သံလှောင်ချိုင့်) အတွင်း၌ သံလျင်းချိုင့်ကိုမှီ၍ သားတစ်ကို ထားသကဲ့သို့တည်း။

**၅။ မိမိဝမ်း၌တည်နေသော လေအမျိုးအစားတို့ကို သိသာရုံမျှ ဖော်ပြ၍၊ အရိယာပုဂ္ဂိုလ်တို့သည် မည်သို့နေလို၍ နိရောဓသမာပတ်ကို ဝင်စားကြပါသနည်း။**

(စမန ၁၅၆၊ ၁၇၁–၁၇၂)

**အဖြေ** – မိမိဝမ်း၌တည်နေသော လေအမျိုးအစားတို့ကို သိသာရုံမျှဖော်ပြရသော် –

(၁) ဥဒ္ဓင်္ဂမဝါယောသည် အထက်သို့ဆန်တက်သောလေဖြစ်ပြီး သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏။

(၂) အဓောဂမဝါယောသည် အောက်သို့စုန်ဆင်းသောလေဖြစ်ပြီး သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏။

(၃) ကုစ္ဆိသယဝါယောသည် ဝမ်းတွင်း၌တည်သောလေဖြစ်ပြီး သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏။

(၄) ကောဋ္ဌာသယဝါယောသည် အူတွင်း၌တည်သောလေဖြစ်ပြီး သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏။

(၅) အင်္ဂမင်္ဂါနုသာရီဝါယောသည် အင်္ဂါကြီးငယ်သို့လျှောက်သောလေဖြစ်ပြီး သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏။

(၆) အဿာသ ပဿာသဝါယောသည် ဝင်သက်လေ ထွက်သက်လေဖြစ်ပြီး သီးခြားကောဋ္ဌာသတစ်ခုဖြစ်၏။

– **အရိယာပုဂ္ဂိုလ်တို့သည်** မည်သို့နေလို၍ နိရောဓသမာပတ်ကို ဝင်စားကြသနည်းဟူမူ ''နိရောဓသမာပတ်ကိုဝင်စား၍ (၇) ရက်ပတ်လုံး စိတ်မရှိကြသည်ဖြစ်လျက် မျက်မှောက်ကိုယ်ဖြင့် ချုပ်ခြင်းဟူသော အငြိမ်းဓာတ်သို့ရောက်၍ ချမ်းသာစွာနေအံ့''ဟု ရည်ရွယ်၍ နိရောဓသမာပတ်ကို ဝင်စားကြပါသည်။

**၆။ စကြဝတေးမင်းစသော လူတို့၏ကောင်းကင်သို့ သွားလာနိုင်ခြင်းသည်လည်းကောင်း၊**

**အရှင်သံကိစ္စမထေရ်လောင်းလျာအား အမိဝမ်း၌ မီးသဂြိုဟ်ရာဝယ် မသေခြင်းသည် လည်းကောင်း၊ မည်သည့်တန်ခိုးကြောင့်ဖြစ်သည်ကိုဖော်ပြပါ။** (စမန ၂၀၄၊ ၁၉၉)

**အဖြေ** – စကြဝတေးမင်းစသော လူတို့၏ကောင်းကင်သို့ သွားလာနိုင်ခြင်းသည် **ပုညဝတော ဣဒ္ဓိ**ခေါ် ထူးခြားသည့်ကောင်းမှုရှင်တို့၌ ပြီးမြောက်ပြည့်စုံသောတန်ခိုးကြောင့်ဖြစ်၏။

– အရှင်သံကိစ္စမထေရ်လောင်းလျာ၏ အမိဝမ်း၌ မီးသဂြိုဟ်ရာဝယ် မသေခြင်းသည် ယင်းဘဝ၌ရအံ့လတံ့သော အရဟတ္တမဂ်ဉာဏ်၏အစွမ်းအာနုဘော်ကြောင့်ဖြစ်သဖြင့် **ဉာဏဝိပ္ဖါရိဒ္ဓိ**တန်ခိုးမည်၏။

**၇။ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ အဘိဓမ္မာတရားဟောကြားတော်မူပြီး၍ စောင်းတန်းသုံးသွယ်ဖြင့် သက်ဆင်းကြွလာတော်မူပုံကို လိုက်ပါပို့ဆောင် ပူဇော်ကြသော ပုဂ္ဂိုလ်တို့နှင့်တကွ အများတကာမှန်းဆ၍ ကြည်ညိုနိုင်အောင် တင်ပြခဲ့ပါ။** (စမန ၂၁၅)

**အဖြေ** – မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာတရားဟောကြားတော်မူပြီး၍ သိကြားမင်းအား သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ပြန်ကြွမည့်အကြောင်း မိန့်ကြား၏။ သိကြားမင်းသည် ဝိသကြုံနတ်သားအား ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းဟူ၍ တာဝတိံမှ လူ့ပြည်သို့ဆင်းသက်ရန် စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းစေ၏။

(စမန ၂၁၅ ''နံပါတ် (၃) မြတ်စွာဘုရား၏လောကဝိဝရဏတန်ခိုး''စာပိုဒ်များကို ဒုတိယပိုဒ်မှစ၍ပြီးဆုံးအောင် ဆက်ရေးသားဖြေဆိုပါ။)

**၈။ နောက်အနှစ်တစ်သိန်းလွန်လျှင် ကမ္ဘာကြီးပျက်မည်ဟု သိကြကုန်သော လောကဗျူဟာနတ်တို့၏ လူတို့အား သတိသံဝေဂနှိုးဆော်ပြောကြားသောစကားရပ်တို့ကို ဖော်ပြခဲ့ပါ။** (စမန ၂၅၇)

**အဖြေ** – (စမန ၂၅၇ ''ဈာန်မရဘဲဗြဟ္မာ့ပြည်၌ မဖြစ်''ခေါင်းစဉ်အောက်ရှိ တတိယ စာပိုဒ်ကို ရေးဖြေပါ။)

**၉။ လောကကြီးပျက်စီးရခြင်း၏အကြောင်းအရင်းကို ဖော်ပြ၍၊ သညာ၊ ဝိညာဉ်၊ ပညာသိခြင်းသုံးမျိုးတို့၏သိပုံအခြင်းအရာ ထူးခြားပုံတို့ကိုလည်း အများနားလည် အောင် ဥပမာဆောင်၍တင်ပြခဲ့ပါ။** (စမန ၂၆၄–၅၊ ၂၉၄–၅)

**အဖြေ** – (စမန ၂၆၄–၂၆၅ ''ကမ္ဘာပျက်ရခြင်းအကြောင်း''ကို ရေးသားဖြေဆိုပါ။)

(စမန ၂၉၄–၂၉၅ ''ပညာသိ၊ သညာသိ၊ ဝိညာဏ်သိတို့ကွာခြားပုံ''တို့ကို ရေးသားဖြေ ဆိုပါ။)

**၁၀။ ဒုစရိုက်၏အဓိပ္ပါယ်ကို စုံလင်အောင်ဖော်ပြ၍၊ မချစ်မနှစ်သက်သောသူတို့နှင့်**

**အတူတကွနေရခြင်းသည် ''ဒုက္ခ''ဟု မြတ်စွာဘုရားဟောကြားတော်မူရခြင်း အကြောင်းကိုလည်း ဖော်ပြပါ။** (စမန ၂၆၇၊ ၄၃၇-၄၃၈)

**အဖြေ** - (စမန ၂၆၇ အောက်ဆုံးစာပါးကြောင်းကို ရေးသားဖြေဆိုပါ။)
(စမန ၄၃၇-၄၃၈ ''နံပါတ် (၉) အပ္ပိယသမ္ပယောဂအကြောင်း''အားလုံးကို ရေးသားဖြေဆိုပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ဝိသုဒ္ဓိမဂ်စာမေးပွဲ ဒုတိယဆင့် ၂၀၁၁ ခုနှစ်

**၁။ မေတ္တာဘာဝနာကို ပွားများအားထုတ်လိုသောပုဂ္ဂိုလ်သည် ရှေးဦးစွာဆင်ခြင်ပြုလုပ်ရမည့်အစီအစဉ်ကို ဖော်ပြ၍ ထိုသို့ဆင်ခြင်ပြုလုပ်မှုကြောင့် ရရှိနိုင်သောအကျိုးတို့ကိုလည်းဖော်ပြပါ။** (စာမျက်နှာ ၂၉၊ ၃၀)

**အဖြေ** - မေတ္တာဘာဝနာကို ပွားများအားထုတ်လိုသောယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ အမျက်ဒေါသထွက်ခြင်း၏အပြစ်နှင့် သည်းခံခြင်း၏အကျိုးအာနိသင်တို့ကို ဆင်ခြင်ရမည်။

**အမျက်ထွက်ခြင်း၏အပြစ်ကိုဆင်ခြင်ပုံ** (စမန ၂၉ တွင် ပြထားသည့်အတိုင်းဖြေပါ)

**သည်းခံရခြင်း၏အကျိုးအာနိသင်ကိုဆင်ခြင်ပုံ** (စမန ၃၀ တွင် ပြထားသည့်အတိုင်းဖြေပါ)

**ထိုသို့ဆင်ခြင်ပြုလုပ်မှုကြောင့် ရရှိသောအကျိုးတို့မှာ** -

မေတ္တာဘာဝနာဖြင့် အမျက်ဒေါသထွက်ခြင်းကို ပယ်နိုင်၏။ သည်းခံခြင်းဂုဏ်ကိုလည်း ရနိုင်၏။ အမျက်ထွက်ခြင်း၏အပြစ်ကို မသိမြင်ထားလျှင် အမျက်ထွက်ခြင်းကို ပယ်ခြင်းငှာ မတတ်နိုင်ပါ။ သည်းခံခြင်း၏အကျိုးအာနိသင်တို့ကို မသိမြင်ထားလျှင်လည်း ထိုအကျိုးတရားတို့ကို ရယူခြင်းငှာမတတ်နိုင်ပါ။ ထို့ကြောင့် ကြိုတင်ဆင်ခြင်အပ်၏။

အမျက်ဒေါသသည် မေတ္တာဟူသည့်အဒေါသစေတသိက်၏ဆန့်ကျင်ဘက်ဖြစ်ပြီးလျှင် သည်းခံခြင်းခန္တီသည် မေတ္တာကဲ့သို့ အဒေါသစေတသိက်၏အာနိသင်ပင်ဖြစ်၏။ ထို့ကြောင့် အမျက်ဒေါသမှ စိတ်ကိုခွါ၍ သည်းခံခြင်းနှင့်စိတ်ကိုယှဉ်စေနိုင်လျှင် မေတ္တာကို ပွားနိုင်မည်ဖြစ်၏။

ထို့ကြောင့် အထက်ပါအကျိုးတို့ကို ရရှိမည်ဖြစ်သည်။

**၂။ မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာဘာဝနာကို ပွားများရပုံအစီအစဉ်ကို ဖော်ပြ၍ မေတ္တာပွားများမှုကြောင့် မျက်နှာအဆင်းကြည်လင်ရပုံကိုလည်း ဖော်ပြပါ။** (စမန ၃၁-၃၃၊ ၄၉-၅၂)

**အဖြေ - မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာဘာဝနာကို ပွားများရပုံအစီအစဉ်**

ခပ်သိမ်းသောပုဂ္ဂိုလ်အပေါင်းတို့တွင် မိမိကိုသာ ရှေးဦးစွာ မေတ္တာပွားအပ်၏။ မေတ္တာ

ပွားပုံမှာ –

အဟံ သုခိတော ဟောမိ နိဒ္ဒုက္ခော – ငါသည် ချမ်းသာလို၏၊ ဆင်းရဲကင်းလို၏၊
အဟံ အဝေရော ဟောမိ – ငါသည် ဘေးရန်ကင်းသည် ဖြစ်လို၏၊
အဗျာ ပဇ္ဇော ဟောမိ – စိတ်ဆင်းရဲကင်းသည် ဖြစ်လို၏၊
အနီဃော ဟောမိ – ကိုယ်ဆင်းရဲကင်းသည် ဖြစ်လို၏၊
သုခီ အတ္တာနံ ပရိဟရာမိ – ချမ်းသာနှင့်ပြည့်စုံသည်ဖြစ်၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ပါစေ။

အထက်ပါနည်း ၅ မျိုးတွင် တစ်မျိုးဖြင့် မိမိကိုယ်၌ အဖန်တလဲလဲ မေတ္တာပွားအပ်၏။ အဘိဓမ္မာဝိဘင်းပါဠိတော်၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ မေတ္တာသုတ်ပါဠိတော်တို့၌ မိမိကိုယ်ကို မေတ္တာပွားရန် မဟောခဲ့ပေ။ ထို့ကြောင့် ''မဆန့်ကျင်ဘူးလား''ဟု မေးဖွယ်ရာရှိ၏။ မဆန့်ကျင်ပါ။ အကြောင်းမှာ ထိုပါဠိစကားသုံးရပ်ကို အပ္ပနာဈာန်ကိုဆောင်တတ်သော ဘာဝနာ၏အစွမ်းဖြင့် ဟောထားသောကြောင့် ဖြစ်ပေ၏။ မိမိကိုယ်ကို ''ငါသည် ချမ်းသာလို၏၊ ဆင်းရဲကင်းလို၏''ဟု အနှစ်တစ်ရာပတ်လုံး မေတ္တာပွားများစေကာမူ ဈာန်မရနိုင်ပါ။

**ဝိသုဒ္ဓိမဂ်**၌ ''မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွားအပ်၏''ဟူသောစကားကို သက်သေထားရန်အတွက် ဆိုထားခြင်းဖြစ်ပေ၏။ ငါသည် ချမ်းသာလို၏၊ ဆင်းရဲကို စက်ဆုပ်၏၊ အသက်ရှည်လို၏၊ သေခြင်းကို အလိုမရှိပါ။ ထို့အတူ ငါမှတစ်ပါးသော အခြားသတ္တဝါတို့လည်း ဤအတူပင်ဟု မိမိကိုယ်ကို သက်သေပြု၍ (ဝါ) ကိုယ်ချင်းစာနာ၍ အခြားသော သတ္တဝါတို့၏စီးပွားချမ်းသာကို လိုလားခြင်းသည် ဖြစ်ပေါ်လာ၏။

မြတ်စွာဘုရားသည်လည်း – ''အလုံးစုံသောအရပ်မျက်နှာများသို့ စိတ်ဖြင့်လှည့်လည်၍ ရှာဖွေကြည့်သော်လည်း မိမိထက်သာ၍ချစ်အပ်သောသူကို မမြင်တွေ့လေရာ။ မိမိမှတစ်ပါးသော အခြားသူတို့သည်လည်း သူတို့၏ကိုယ်အသီးသီးကို ဤအတူပင် ချစ်အပ်ပေ၏။ ထို့ကြောင့် မိမိ၏စီးပွားချမ်းသာကို အလိုရှိသောသူသည် သူတစ်ပါးကို မညှဉ်းဆဲရာ''ဟူ၍ ဟောတော်မူလျက် မိမိကိုယ်ကိုသက်သေပြု၍ မေတ္တာပွားသောနည်းကို ပြတော်မူပေ၏။

**မေတ္တာပွားများမှုကြောင့် မျက်နှာအဆင်းကြည်လင်ရပုံမှာ –**

မေတ္တာပွားများမှုကြောင့် ချမ်းသာစွာအိပ်ရ၏၊ ချမ်းသာစွာနိုးရ၏၊ ယုတ်ညံ့သောအိပ်မက်ဆိုးကို မမြင်မက်ရ၊ လူတို့ကချစ်၏၊ နတ်တို့က ချစ်၏၊ နတ်တို့က စောင့်ရှောက်ကြ၏။

ထို့ကြောင့် လျင်မြန်စွာစိတ်တည်ကြည်၍ မျက်နှာအဆင်းကြည်လင်၏။ အညှာမှကြွေကျသော ထန်းသီးမှည့်ကဲ့သို့ မေတ္တာပွားသူ၏မျက်နှာသည် အထူးသဖြင့် ကြည်လင်သော အဆင်းရှိ၏။

**၃။ မေတ္တာဘာဝနာပွားများရာ၌ အနောဓိသမေတ္တာနှင့် ဩဓိသမေတ္တာတို့ကို သိသာရုံမျှ ခွဲခြားပြ၍၊ ကရုဏာ၏သဘောတရားကိုလည်း အများနားလည်အောင် ရှင်းပြခဲ့ပါ။**

(စမန ၄၆–၄၇၊ ၆၁)

**အဖြေ – အနောဓိသမေတ္တာစေတောဝိမုတ္တိ (၅) ပါးရှိရာ ၎င်းတို့မှာ –**

(စမန ၄၆ မှ အနောဓိသမေတ္တာစေတောဝိမုတ္တိ (၅) ပါးကို ရေးပါ)

– **ဒြဒိသမေတ္တာစေတောဝိမုတ္တိ (၇) ပါးရှိရာ ၎င်းတို့မှာ –**

(စမန ၄၆–၄၇ မှ ဒြဒိသမေတ္တာစေတောဝိမုတ္တိ (၇) ပါးကို ရေးပါ)

– **ကရုဏာ၏သဘောတရားများမှာ –**

(စမန ၆၁ မှ ကရုဏာ၏အနက်အဓိပ္ပါယ်သုံးချက်နှင့် ကရုဏာ၏လက္ခဏာ, ရသစသည့် လေးချက်ကို ရေးပါ)

**၄။ မိမိတို့ ရှေးဘဝကပြုခဲ့ကြသော ကုသိုလ်ကောင်းမှုများကြောင့် ဤဘဝမှာဘုန်းကံကြီးမားစွာခံစားရသော ပုဂ္ဂိုလ် ၅ ဦးတို့၏ဘုန်းကံကြီးမားပုံကို အကြောင်းအရာနှင့်တကွ ဖော်ပြခဲ့ပါ။** (စမန ၂၀၄)

**အဖြေ** – ရှေးဘဝကပြုခဲ့ကြသော ကုသိုလ်ကောင်းမှုများကြောင့် ဤဘဝမှာ ဘုန်းကံကြီးမားစွာ ခံစားကြရသော ပုဂ္ဂိုလ် ၅ ဦးတို့၏ဘုန်းကံကြီးမားပုံမှာ –

(စမန ၂၀၄–၂၀၅ မှ ဘုန်းကံကြီးမားသူငါးဦးတို့၏ပုညဝတော်ဣဒ္ဓိကို ရေးပါ)

**၅။ တန်ခိုး၏ဖြစ်ရာဘုံ ၄ ပါးကို ဖော်ပြ၍၊ ဦးကျောက်၏တည်ရာဌာနကို ဖော်ပြပြီးလျှင် တစ်စုံတစ်ခုသောအကြောင်းအရာဖြစ်ပေါ်လာပါက ထိုဦးကျောက်ဖြင့် ဆုံးဖြတ်နိုင်မှုရှိ/မရှိကိုလည်း အကြောင်းပြ၍ဆုံးဖြတ်ပြခဲ့ပါ။** (စမန ၂၀၆၊ ၂၅၀)

**အဖြေ** – တန်ခိုး၏ဖြစ်ရာဘုံ ၄ ပါးကား – ရူပါဝစရဈာန် ၄ ပါးတို့ပင်တည်း

(စမန ၂၀၆ မှ ဘူမိခေါ်ဘုံအဆင့် ၄ ပါးကို ရေးပါ)

– ဦးကျောက်သည် ဦးခေါင်းခွံအတွင်း၌ တည်၏။ ဥပမာအားဖြင့် ဟောင်းနွမ်းသောဗူးခွံအတွင်း၌ မုန့်ညက်စိုင်ကို ထည့်ထားသကဲ့သို့တည်း။

ဗူးခွံသည် ငါ၌ မုန့်ညက်စိုင်တည်သည်ဟုမသိ။ မုန့်ညက်စိုင်ကလည်း ငါသည် ဗူးခွံထဲ၌ တည်သည်ဟုမသိ။ ထို့အတူပင် ဦးခေါင်းခွံ၏အတွင်းအရပ်သည် ငါ၌ ဦးကျောက်တည်သည်ဟု မသိ။ ဦးကျောက်ကလည်း ငါသည် ဦးခေါင်းခွံအတွင်း၌ တည်သည်ဟုမသိပေ။

ဦးကျောက်နှင့် ဦးခေါင်းခွံတို့သည် ရုပ်တရားချည်းသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းကင်းကုန်၏။ ဦးကျောက်သည် စိတ်, စေတနာမရှိ၊ အဗျာကတတရားတည်း၊ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ပထဝီဓာတ်သာဖြစ်၏။ ထို့ကြောင့် တစ်စုံတစ်ခုသောအကြောင်းအရာဖြစ်လာပါက ထိုဦးကျောက်ဖြင့် ဆုံးဖြတ်နိုင်မှုမရှိပါ။

**၆။ ရှေးကဖြစ်ဖူးသောခန္ဓာအစဉ်ကို အောက်မေ့နိုင်သောပုဂ္ဂိုလ်တို့ကို မိမိတို့အောက်မေ့နိုင်သောအပိုင်းအခြားတို့နှင့်တကွ အသီးအသီးခွဲခြားဖြေဆိုခဲ့ပါ။**(စမန ၂၅၁–၂၅၂)

**အဖြေ** – (စမန ၂၅၁–၂၅၂ ရှေးဘဝခန္ဓာအစဉ်ကို အောက်မေ့နိုင်သောပုဂ္ဂိုလ် (၆) မျိုးကို ရေးပါ)

**၇။ ကမ္ဘာကြီးကို ပျက်အောင်ပြုစွမ်းနိုင်သော ရေ–မီး–လေ–ဟူသော သုံးမျိုးတို့၏**

**စွမ်းအားကို သိသာရုံမျှဖော်ပြ၍ ကာယဒုစရိုက်၏သဘောကိုလည်း ဖြေဆိုခဲ့ပါ။**
(စမန ၂၅၆၊ ၂၆၇)

**အဖြေ** – ကမ္ဘာကြီးကို ပျက်အောင်ပြုစွမ်းနိုင်သော ရေ–မီး–လေ–ဟူသော သုံးမျိုးတို့၏ စွမ်းအားတို့မှာ –

– မီးဖြင့် ကမ္ဘာပျက်သောအခါ အာဘဿရာဘုံ၏အောက်ဘက်ရှိ ပထမဈာန်သုံးဘုံအထိ မီးလောင်၍ ပျက်စီး၏။

– ရေဖျက်၍ ကမ္ဘာပျက်သည့်အခါ သုဘကိဏှာဘုံ၏အောက်ဘက်ရှိ ဒုတိယဈာန်သုံးဘုံအထိ ရေတိုက်စား၍ ပျက်စီး၏။

– လေဖျက်၍ ကမ္ဘာပျက်သည့်အခါ ဝေဟပ္ဖိုလ်ဘုံ၏အောက်ဘက်ရှိ တတိယဈာန်သုံးဘုံ အထိ လေတိုက်ခတ်၍ ကြေပျက်ပျောက်လွင့်၏။

– **ကာယဒုစရိုက်၏သဘောကို ဖော်ပြရသော်** ဆိုးသွမ်းစွာပြုကျင့်သောမကောင်းမှုသည် (ဒုစ္စရိတ) ဒုစရိုက်မည်၏၊ တစ်နည်းကား ကိလေသာအပုပ်ရှိသောကြောင့် ပျက်စီးသော အကျင့်သည် ဒုစရိုက်မည်၏။

– ကိုယ်ဖြင့်ပြုသည့်မကောင်းမှုသည် ကာယဒုစရိုက်မည်၏။ တစ်နည်းကား ကာယဒွါရမှ ဖြစ်ပေါ်သော ဒုစရိုက်သည် ကာယဒုစရိုက်မည်၏။

**၈။ မည်သူတစ်ဦးတစ်ယောက်ကမျှ မတိုက်တွန်းဘဲ မှန်သည် ဟုတ်သည်ဟု ဝမ်းမြောက် ဝမ်းသာ ကောင်းမှု/မကောင်းမှုပြုလုပ်နေကြသော သူနှစ်ဦးတို့၏သန္တာန်၌ ဖြစ်နိုင်သော စိတ်ကို တိကျစွာဖော်ပြ၍ ထိုသူနှစ်ဦးတို့၏လားရာဂတိတို့ကိုလည်း ခွဲခြားဖြေဆိုခဲ့ပါ။**
(စမန ၃၇၅–၃၇၆ နံပါတ် ၃)

**အဖြေ** – မည်သူမျှမတိုက်တွန်းဘဲ မှန်သည်ဟုတ်သည်ဟု ဝမ်းမြောက်ဝမ်းသာကောင်းမှု ပြုသူ၏သန္တာန်၌ ဖြစ်နိုင်သောစိတ်သည် "သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက ကာမာဝစရကုသိုလ်စိတ်"ဖြစ်၏။ ဤပုဂ္ဂိုလ်၏လားရာဂတိသည် ကာမသုဂတိဘုံခေါ် လူဘုံ သို့မဟုတ် နတ်ဘုံဖြစ်၏။

– မည်သူမျှမတိုက်တွန်းဘဲ မှန်သည်ဟုတ်သည်ဟု ဝမ်းမြောက်ဝမ်းသာ မကောင်းမှုပြုသူ၏ သန္တာန်၌ "သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက လောဘမူစိတ်"ဖြစ်၏။ ဤပုဂ္ဂိုလ်၏လားရာဂတိသည် အပါယ်ဘုံခေါ် ပြိတ္တာဘုံဖြစ်၏။

**၉။ စေတနာ+သဒ္ဓါ+ဟိရီတို့၏အဓိပ္ပါယ်ကို ဖော်ပြ၍ ထိုတရားတို့၏သဘောလက္ခဏာ တို့ကိုလည်း အသီးသီးခွဲခြားဖြေဆိုခဲ့ပါ။** (စမန ၃၄၁၊ ၃၄၃၊ ၃၄၄)

**အဖြေ** – စေတနာ+သဒ္ဓါ+ဟိရီတို့၏အဓိပ္ပါယ်များမှာ –

– **စေတနာ**သည် မိမိနှင့်တကွ မိမိ၏ယှဉ်ဖက်စိတ်စေတသိက်တို့ကို အာရုံ၌ ဆက်စပ်စေ ဆော်၊ တိုက်တွန်းပေးတတ်သောကြောင့် စေတနာမည်၏။

– **သဒ္ဓါ**သည် ယှဉ်ဖက်တရားတို့၏ကြည်လင်ကြောင်း ဖြစ်သောတရားဖြစ်၏။ တစ်နည်းကား

ကြည်လင်တတ်, ယုံကြည်တတ်သောတရားသည် သဒ္ဓါမည်၏။
- **ဟိရီသည်** ကာယဒုစရိုက်စသည့် မကောင်းမှုတို့မှရှက်တတ်သောကြောင့် ဟိရီမည်၏။ ဤအမည်သည် ရှက်ခြင်းသဘော၏အမည်ပေတည်း။
- **ထိုတရားတို့၏သဘောလက္ခဏာတို့မှာ** –
- **စေတနာသည်** ယှဉ်ဖက်တရားတို့ကို စေ့ဆော်တိုက်တွန်းခြင်းလက္ခဏာရှိ၏။
- **သဒ္ဓါသည်** ရတနာသုံးပါးနှင့် ကံ, ကံ၏အကျိုးကို ယုံကြည်ဆုံးဖြတ်ခြင်းလက္ခဏာရှိ၏။ တစ်နည်းကား သက်ဝင်၍ ကြဲစည်ခြင်း, ယုံကြည်ဆုံးဖြတ်ခြင်းလက္ခဏာရှိ၏။
- **ဟိရီသည်** မကောင်းမှုမှစက်ဆုပ်ခြင်းလက္ခဏာရှိ၏။

**၁၀။ မိမိချစ်ခင်နှစ်သက်အပ်သောသူတို့နှင့် ကွေကွင်းရခြင်း, အိုမင်းရင့်ရော်ရခြင်း, အလိုရှိအပ်သောဝတ္ထုကို မရခြင်းဟူသော သုံးမျိုးတို့တွင် မြတ်စွာဘုရားသည် ဒုက္ခဟု ဟောတော်မူရပုံကိုလည်း အများနားလည်အောင် တင်ပြခဲ့ပါ။**

(စမန ၄၃၈၊ ၄၃၄၊ ၄၃၈)

**အဖြေ** – (စမန ၄၃၈ နံပါတ် (၁၀) ပိယဝိပ္ပယောဂအကြောင်း၊ စမန ၄၃၄ မှ ဇရာသည် ဆင်းရဲဒုက္ခဖြစ်ခြင်း၊ စမန ၄၃၈ နံပါတ် (၁၀) ဣစ္ဆိတာလာဘအကြောင်းတို့ကို ရေးဖြေပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ဝိသုဒ္ဓိမဂ်စာမေးပွဲ ဒုတိယဆင့် ၂၀၁၂ ခုနှစ်

**၁။ မေတ္တာတရား စ၍မပွားသင့်သောပုဂ္ဂိုလ်တို့ကို ဖော်ပြ၍ ထိုပုဂ္ဂိုလ်တို့ကို အဘယ့်ကြောင့် မေတ္တာတရား စ၍မပွားရခြင်းအကြောင်းကိုလည်း ဖော်ပြခဲ့ပါ။**

(စာမျက်နှာ ၃၀၊ ၃၁)

**အဖြေ** – (စမန ၃၀ ရှေးဦးစွာမေတ္တာမပွားပို့သင့်သောပုဂ္ဂိုလ် (၄) ဦး၊ စမန ၃၁ ထိုပုဂ္ဂိုလ်လေးဦးကို ရှေးဦးစွာ မေတ္တာမပွားပို့သင့်သည့်အကြောင်းတို့ကို ရေးဖြေပါ။)

**၂။ အမျက်ထွက်သောပုဂ္ဂိုလ်၏ထံသို့ မကောင်းသောအပြစ်များကျရောက်တတ်ပုံကို ဝိသုဒ္ဓိမဂ်၌ ညွှန်ပြထားသော ရန်သူတို့သာပြုသည့် ရန်သူ့အကြိုက်တရား (၇) ပါးကို ရေတွက်ပြ၍၊ ဗြဟ္မဝိဟာရအမည်ရခြင်းအကြောင်းကိုလည်း ရှင်းပြခဲ့ပါ။**

(စမန ၃၅၊ ၆၅)

**အဖြေ** – အမျက်ထွက်သောပုဂ္ဂိုလ်၏ထံသို့ မကောင်းသောအပြစ်များကျရောက်တတ်ပုံကို ဝိသုဒ္ဓိမဂ်၌ ညွှန်ပြထားသော ရန်သူတို့သာပြုသည့် ရန်သူ့အကြိုက်တရား (၇) ပါးတို့မှာ –

(စမန ၃၅ နံပါတ် ၂ "ရန်သူနှစ်သက်ဝမ်းသာကြောင်းတရား ၇ ပါး"မှ နံပါတ် (၁) မှ (၇) အထိဖြေပါ။

– ဗြဟ္မဝိဟာရအမည်ရခြင်းအကြောင်း

(စမန ၆၅ ''ဗြဟ္မဝိဟာရမည်ပုံ''မှ စာသားများကို ရေးဖြေပါ။)

**၃။ ကြမ်းတမ်းသောကာရဇရုပ်အဖြစ်မှ လွတ်မြောက်ရန် ပွားများရသည့်တရားကို ဖော်ပြ၍၊ ကသိုဏ်းရုပ်ကိုတွေ့၍ ကြောက်တတ်သောပုဂ္ဂိုလ်၏ မြွေကြောက်တတ်သော ယောကျ်ားဥပမာနှင့်တူပုံကိုလည်း နှိုင်းယှဉ်ပြခဲ့ပါ။** (စမန ၉၈၊ ၉၉)

**အဖြေ** – ကြမ်းတမ်းသောကာရဇရုပ်အဖြစ်မှ လွတ်မြောက်ရန် အာကာသကသိုဏ်းမှတစ်ပါး ကြွင်းသည့်ကသိုဏ်းကိုးပါးတွင် ကသိုဏ်းတစ်ပါးပါး၌ ရူပါဝစရစတုတ္ထစျာန်ကို ထူထောင်၏။ ဤစတုတ္ထစျာန်ဖြင့် ကာရဇရုပ်အဖြစ်မှ လွတ်မြောက်၏။

– ကသိုဏ်းရုပ်ကိုတွေ့၍ ကြောက်တတ်သောပုဂ္ဂိုလ်၏ မြွေကြောက်တတ်သောယောကျ်ား ဥပမာနှင့် တူပုံမှာ – မြွေကြောက်တတ်သောယောကျ်ားသည် တောထဲ၌ မြွေလိုက်ခံရသဖြင့် လျင်မြန်စွာထွက်ပြေးလာပြီး တစ်နေရာ၌နားနေ၏။ ထိုနေရာ၌ မြွေနှင့်တူသော ထန်းရွက်ကိုဖြစ်စေ၊ နွယ်ကိုဖြစ်စေ၊ ကြိုးကိုဖြစ်စေ၊ မြေကြီးအက်ကွဲကြောင်းကိုဖြစ်စေ၊ ရုတ်တရက် တွေ့မြင်လိုက်လျှင် မြွေဟုထင်ပြီး ကြောက်လန့်တကြားဖြစ်လျက် မြွေနှင့်တူသည့်ထန်းရွက် စသည်ကိုပင် မတွေ့မြင်လိုတော့ပေ။

မြွေနှိပ်စက်ခံရသောကာလသည် အာရုံပြုသောအားဖြင့် ကာရဇရုပ်နှင့်ပြည့်စုံသည့် ကာလနှင့်တူ၏။ မြွေလိုက်သည့်အခါ လျင်မြန်စွာထွက်မြောက်လွတ်မြောက်ခြင်းသည် ရူပါဝစရ စတုတ္ထစျာန်၏အစွမ်းဖြင့် ကာရဇရုပ်ကိုလွန်မြောက်ခြင်းနှင့်တူ၏။

မြွေနှင့်တူသောထန်းရွက်စသည်ကို မြင်တွေ့၍ ကြောက်လန့်ပြီး ထိုထန်းရွက်စသည်ကို မမြင်လိုခြင်းသည် ယောဂီပုဂ္ဂိုလ်က ကာရဇရုပ်နှင့်တူသောကသိုဏ်းရုပ်ကို မြင်တွေ့သည့်အခါ မကြည့်လိုတော့ဘဲ ကသိုဏ်းရုပ်ကို လွန်မြောက်လိုခြင်းနှင့်တူ၏။

**၄။ အဘယ်အမှတ်သညာကို ''အာဟာရေပဋိက္ကူလသညာ''ဟု ခေါ်၍၊ အာဟာရေ ပဋိက္ကူလသညာကမ္မဋ္ဌာန်းပွားများသဖြင့် ရရှိနိုင်သောအကျိုးတရား (၇) ပါးတို့ကို လည်း ဖော်ပြခဲ့ပါ။** (စမန ၁၃၁၊ ၁၃၇)

**အဖြေ** – အာဟာရလေးပါးတွင် စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သည့် ကဗဠီကာရ အာဟာရကိုသာ အာဟာရေပဋိက္ကူလသညာဘာဝနာရှုပွားရာတွင် ယူရပါမည်၊ ထိုကဗဠီကာရ အာဟာရ၌ စက်ဆုပ်ဖွယ်ကို မှတ်ယူသည်၏အစွမ်းဖြင့်ဖြစ်သော အမှတ်သညာသည် ''အာဟာရေပဋိက္ကူလသညာ'' မည်၏။

– အာဟာရေပဋိက္ကူလသညာကမ္မဋ္ဌာန်းပွားများသဖြင့် ရရှိနိုင်သောအကျိုးတရား (၇) ပါးတို့မှာ (စမန ၁၃၇ ''အာဟာရေပဋိက္ကူလသညာပွားများခြင်းအကျိုးအာနိသင်များ'' မှ အချက် (၇) ချက်ကို ရေးသားဖြေဆိုပါ။

**၅။ လောကီအဘိညာဉ်ငါးပါးကို ရေတွက်ပြ၍ အရှင်ဗာကုလမထေရ်၏ ဉာဏဝိပ္ဖါရိဣဒ္ဓိ ဉာဏ်၏ပျံ့နှံ့ခြင်းကြောင့်ပြီးသော တန်ခိုးနှင့်ပြည့်စုံပုံကိုလည်း ဖော်ပြပါ။**

(စမန ၁၉၁၊ ၁၉၈–၁၉၉)

**အဖြေ – လောကီအဘိညာဉ်ငါးပါးမှာ –**

(စမန ၁၉၁ ''လောကီအဘိညာဉ် (၅) ပါး''ကို ရေးသားပါ။)

**– အရှင်ဗာကုလမထေရ်၏ ဉာဏဝိပ္ဖါရိဒ္ဓိဉာဏ်၏ ပျံ့နှံ့ခြင်းကြောင့်ပြီးသောတန်ခိုးနှင့် ပြည့်စုံပုံ** – (စမန ၁၉၈–၁၉၉ ''အရှင်ဗာကုလမထေရ်၏ဉာဏဝိပ္ဖါရိဒ္ဓိ'' ခေါင်းစဉ်၏ စာသားများကို ရေးပါ။)

**၆။ ဓာတိခေတ်, အာဏာခေတ်, ဝိသယခေတ်တို့၏အပိုင်းအခြားကို ဖော်ပြ၍၊ အရိယာပုဂ္ဂိုလ်တို့အား ပြစ်မှားမိသောအပြစ်ကို ကုစားနိုင်ကြောင်းကိုလည်း တောရွာနေ ရဟန္တာမထေရ်တစ်ပါးနှင့် သောတာပန်ရဟန်းငယ်တို့၏ဖြစ်ရပ်ဖြင့် သာဓကပြ၍ ရှင်းပြခဲ့ပါ။**

(စမန ၂၅၆၊ ၂၆၈)

**အဖြေ – ဓာတိခေတ်, အာဏာခေတ်, ဝိသယခေတ်တို့၏အပိုင်းအခြားတို့မှာ –**

(စမန ၂၅၆ ''ဗုဒ္ဓခေတ် (၃) ပါး''တွင် ဖော်ပြထားသည့်အတိုင်း ဖြေဆိုပါ။)

– အရိယာပုဂ္ဂိုလ်တို့အား ပြစ်မှားမိသောအပြစ်ကို ကုစားနိုင်ကြောင်းကိုလည်း တောရွာနေ ရဟန္တာမထေရ်တစ်ပါးနှင့် သောတာပန်ရဟန်းငယ်တို့၏ဖြစ်ရပ်ဖြင့် သာဓကပြ၍ ရှင်းပြရသော် – (စမန ၂၆၈ စာမျက်နှာအလယ်မှ စတင်ကာ ''သာဓကဝတ္ထု''ကို ရေးပြပါ။)

**၇။ စာဖြေရှင်ပုဂ္ဂိုလ်တို့၏သန္တာန်၌ရှိသော စက္ခုပသာဒခေါ် မျက်စိအကြည်ရုပ်၏လက္ခဏာ, ကိစ္စ (ရသ), ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကိုလည်း အသီးသီးဖော်ပြခဲ့ပါ။**

(စမန ၃၀၃)

**အဖြေ – စက္ခုပသာဒခေါ် မျက်စိအကြည်ရုပ်သည် –**

(၁) အဆင်းထင်ထိုက်သော ဘူတရုပ်တို့၏ကြည်လင်ခြင်းလက္ခဏာရှိ၏။ တစ်နည်းကား ဖြစ်လိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ကြည်လင်ခြင်း လက္ခဏာရှိ၏။

(၂) အဆင်းရူပါရုံများဆီသို့ ဆွဲပို့ခြင်းကိစ္စ (ရသ) ရှိ၏။

(၃) စက္ခုဝိညာဏ်ခေါ် မြင်သိစိတ်၏တည်ရာအဖြစ်ဖြင့် ဉာဏ်အားရှေးရှုထင်၏ (ပစ္စုပဋ္ဌာန်)

(၄) မြင်လိုသည့်တဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သောဘူတရုပ်တို့သည် နီးသောအကြောင်း (ပဒဋ္ဌာန်)ဖြစ်၏။

**၈။ အဘယ့်ကြောင့် ''စက္ခု–မျက်စိ၊ သောတ–နား၊ ဃာန–နှာခေါင်း၊ ဇိဝှါ–လျှာ၊ ကာယ–ကိုယ်၊ မန–စိတ်''ဟုခေါ်ဆိုရသည်ကို ဖြေဆို၍၊ အဇ္ဈတ္တိကာယတန (၆) ပါးတို့ကို မည်ကဲ့သို့သော ဥပမာများဖြင့် နှိုင်းယှဉ်ပြထားသည်ကိုလည်း ဖော်ပြခဲ့ပါ။**

(စမန ၄၀၀–၄၀၁၊ ၄၀၅–၄၀၆)

**အဖြေ** – အဆင်းရူပါရုံကို သာယာတတ်, ထင်ရှားစွာပြတတ်သောကြောင့် ''စက္ခု–

မျက်စိ'' မည်၏။
- အသံသဒ္ဒါရုံကို ကြားတတ်သောကြောင့် ''သောတ-နား''ဟု ခေါ်ဆို၏။
- အနံ့ဂန္ဓာရုံကို နမ်းရှူတတ်သောကြောင့် ''ဃာန-နှာခေါင်း''ဟု ခေါ်ဆို၏။
- အသက်ရှင်ခြင်း၏အကြောင်းဖြစ်သော အာဟာရရသကို ခေါ်သကဲ့သို့ ဖြစ်တတ်သော ကြောင့် ''ဇိဝှာ-လျှာ''ဟု ခေါ်ဆို၏။
- စက်ဆုပ်ဖွယ်အာသဝတရားတို့၏ဖြစ်ရာအရပ်ဖြစ်သောကြောင့် ''ကာယ-ကိုယ်'' မည်၏။
- အာရုံကိုသိတတ်သောကြောင့် ''မန-စိတ်''ဟု ခေါ်ဆိုပါသည်။
- **အဇ္ဈတ္တိကာယတန (၆) ပါးတို့ကို ဥပမာများဖြင့် နှိုင်းယှဉ်ထားပုံမှာ** -
(စမန ၄၀၅-၄၀၆ ''(ဂ) ဥပမာများဖြင့် ရှုအပ်ပုံ'' ခေါင်းစဉ်အောက်မှ စာနှစ်ပိုဒ်ကို ဖြေပါ။)

**၉။ စက္ခုဝိညာဏဓာတ်တစ်ခုဖြစ်ပေါ်ဖို့ရန် လိုအပ်သောအကြောင်းတရားလေးပါးတို့ ကို ဖော်ပြ၍ သင်္ခတဓာတ်မှန်သမျှတို့ကို မည်ကဲ့သို့ ရှုမှတ်ဆင်ခြင်ရမည်ကိုလည်း ဖော်ပြခဲ့ပါ။** (စမန ၄၀၂၊ ၄၀၃)

**အဖြေ - စက္ခုဝိညာဏဓာတ်တစ်ခုဖြစ်ပေါ်ဖို့ရန်** လိုအပ်သောအကြောင်းတရားလေးပါး တို့မှာ - (၁) စက္ခုပသာဒ၊ (၂) ရူပါရုံ၊ (၃) အလင်းရောင်၊ (၄) မနသိကာရ (နှလုံး သွင်းမှု)တို့ဖြစ်ကြ၏။ ဤအကြောင်းလေးပါးကို အကြောင်းပြု၍ (စွဲမှီ၍) စက္ခုဝိညာဏဓာတ် ဖြစ်၏။

- **သင်္ခတဓာတ်မှန်သမျှတို့ကို ရှုမှတ်ဆင်ခြင်ပုံမှာ** - သင်္ခတဓာတ်အားလုံးကို
(၁) ခဏသုံးပါးမှ ရှေးအဖို့ နောက်အဖို့တို့၌ ကင်းဆိတ်သောအားဖြင့်လည်းကောင်း၊
(၂) ခိုင်မြဲခြင်း (နိစ္စ)၊ တင့်တယ်ခြင်း (သုဘ)၊ ချမ်းသာခြင်း (သုခ)၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ (အတ္တ) အဖြစ်တို့မှ ဆိတ်သုဉ်းခြင်းအားဖြင့်လည်းကောင်း၊
(၃) အကြောင်းတို့နှင့်စပ်၍ ဖြစ်ရခြင်းအားဖြင့်လည်းကောင်း၊ ရှုအပ်ကုန်၏။

**၁၀။ အဘယ်အကြောင်းတို့ကြောင့် အရိယသစ္စာအမည်ရသည်ကို ဖော်ပြ၍ ဇီဝိတိန္ဒြေ အစဉ်ပြတ်စဲခြင်းကြောင့် သေရခြင်းအကြောင်းငါးပါးတို့ကိုလည်း ဖော်ပြခဲ့ပါ။** (စမန ၄၂၄၊ ၄၃၄)

**အဖြေ - အရိယသစ္စာအမည်ရပုံ**
(စမန ၄၂၄ ''အရိယသစ္စာမည်ပုံ'' ခေါင်းစဉ်အောက်မှ အချက်လေးချက်ကို ရေးဖြေပါ။)

- **ဇီဝိတိန္ဒြေအစဉ်ပြတ်စဲခြင်းကြောင့် သေရခြင်းအကြောင်းငါးပါး**
(၁) ဘဝသစ်ဖြစ်ခြင်း - ဇာတိဟူသောအကြောင်းကြောင့် သေခြင်း၊
(၂) သေကြောင်းပြုမှုပယောဂကြောင့် သေခြင်း၊
(၃) သူ့အလိုလိုသေခြင်း၊ (၄) သက်တမ်းကုန်၍သေခြင်း (အာယုက္ခယမရဏ)၊

(၅) ကံစွမ်းကုန်၍သေခြင်း (ပုညက္ခယမရဏ)တို့ ဖြစ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ဝိသုဒ္ဓိမဂ်စာမေးပွဲ ဒုတိယဆင့် ၂၀၁၃ ခုနှစ်

**၁။ မိမိကိုယ်ကို မေတ္တာပွားလျှင် အပ္ပနာဈာန်မရနိုင်သော်လည်း အခြားရနိုင်သည့် အကျိုးကျေးဇူးများကို ဖော်ပြ၍၊ ကိုယ်, နှုတ်, စိတ်သုံးပါးလုံးမကောင်းသူအပေါ်၌ မည်ကဲ့သို့နှလုံးသွင်း၍ ရန်ငြိုးဖျောက်ရမည်ကိုလည်း ဖြေဆိုပါ။**

(စာမျက်နှာ ၃၃၊ ၃၆)

**အဖြေ** – မိမိကိုယ်ကို မေတ္တာပွားလျှင် အပ္ပနာဈာန်မရနိုင်သော်လည်း အခြားရနိုင်သည့် အကျိုးကျေးဇူးများမှာ (စမန ၃၃ ဒုတိယပိုဒ်နှင့် တတိယပိုဒ်တို့ကိုဖြေပါ။)

– ကိုယ်, နှုတ်, စိတ်သုံးပါးလုံးမကောင်းသူအပေါ်၌ ရန်ငြိုးဖျောက်ရန် နှလုံးသွင်းပုံမှာ–

''ဤသူသည် ယခုသာလျှင် လူ့လောက၌ ကျက်စားသွားလာကျင်လည်နေရ၏။ စင်စစ်သော်ကား ရက်အနည်းငယ်လွန်သည့်အခါ ငရဲကြီးရှစ်ထပ်၊ ဥဿဒ္ဒငရဲငယ် ၁၆–ရပ်သို့ ကျရောက်ပြီး အကြီးအကျယ်ဆင်းရဲရှာလိမ့်မည်''ဟု ဆင်ခြင်ကာ သနားကြင်နာမှု ကရုဏာကို ဖြစ်စေအပ်၏။ ကရုဏာဖြစ်ခြင်းကို အကြောင်းပြု၍ ရန်ငြိုးဖွဲ့ခြင်းသည် ပြေငြိမ်းနိုင်၏။

**၂။ ''နိုင်မြဲရာရှာ ငါးရာနှစ်ဆယ့်ရှစ် သည်မေတ္တာ''ဟူသောစကားအရ မေတ္တာတရား အမြဲရှင်သန်နိုင်စေသည့် ''မေတ္တာစစ် ၅၂၈''သွယ်ကို အကျဉ်းချုပ်ရေတွက်ပြခဲ့ပါ။**

(စမန ၄၆၊ ၄၈)

**အဖြေ** – ''မေတ္တာစစ် ၅၂၈''သွယ်ကို အကျဉ်းချုပ်ရေတွက်ပြရသော် –

(၁) အနောဓိသပုဂ္ဂိုလ် ၅ မျိုး (သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝပရိယာပန္နာ)တို့ကို ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာ မိမိကိုယ်ကို ရွက်ဆောင်နိုင်ကြပါစေဟု မေတ္တာ ၄ ပါးစီပွားသဖြင့် မေတ္တာပေါင်း = ပုဂ္ဂိုလ် ၅ မျိုး × မေတ္တာ ၄ ပါးစီ = ၂၀ ပါး။

(၂) ဩဓိသပုဂ္ဂိုလ် ၇ မျိုး (သဗ္ဗာဣတ္ထိယော၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ) တို့ကို မေတ္တာ ၄ ပါးစီ ပွားသဖြင့် မေတ္တာပေါင်း = ပုဂ္ဂိုလ် ၇ မျိုး × မေတ္တာ ၄ ပါးစီ = ၂၈ ပါး။

(၃) အရပ်မျက်နှာတစ်ခုလျှင် အနောဓိသပုဂ္ဂိုလ် ၅ မျိုး + ဩဓိသပုဂ္ဂိုလ် ၇ မျိုး၊ ပေါင်း ပုဂ္ဂိုလ် ၁၂ မျိုးတို့ကို မေတ္တာ ၄ ပါးစီပွားသဖြင့် ဒိသာဖရဏမေတ္တာ = ၁၂ × ၄ = ၄၈ ပါး။ အရပ် ၁၀ မျက်နှာအတွက် ဒိသာဖရဏမေတ္တာပေါင်း = ၄၈ × ၁၀ = ၄၈၀ ပါး။

– အထက်ပါမေတ္တာတို့ကို ပေါင်းသော် –

| | | |
|---|---|---|
| (၁) အနောဓိသဖရဏာမေတ္တာ | = | ၂၀ ပါး (အရပ်မပိုင်းခြား) |
| (၂) ဩဓိသဖရဏာမေတ္တာ | = | ၂၈ ပါး (အရပ်မပိုင်းခြား) |
| (၃) ဒိသာဖရဏာမေတ္တာပေါင်း | = | ၄၈၀ ပါး (အရပ် ၁၀ မျက်နှာ) |
| စုစုပေါင်းမေတ္တာ | = | ၅၂၈ ပါး ဖြစ်ပါသည်။ |

**၃။ သတ္တဝါမှန်သမျှ အာဟာရလျှင် တည်ရာရှိကြသည်ဟု ဆိုသော်လည်း အာဟာရ၌ တွေ့ကြုံရမည့်ဘေးလေးပါးကို ဖော်ပြ၍၊ ''စားတော့ပြုံးပြုံး စွန့်တော့မှုန်း'' ဟူသောစကားအရ အစာအာဟာရ၌ ယိုစီးပျို့ထွက်ခြင်းအားဖြင့် စက်ဆုတ်ဖွယ်ကောင်းပုံကိုလည်း မှတ်သားဖွယ်ရာ ဖြေဆိုပြပါ။** (စမန ၁၃၀၊ ၁၃၅)

**အဖြေ** – အာဟာရ၌ တွေ့ကြုံရမည့်ဘေးလေးပါးတို့မှာ –

(စမန ၁၃၀ ''အာဟာရအသီးသီးတို့၏ဘေးနှင့် ဥပမာများ'' ခေါင်းစဉ်အောက်မှ အချက်လေးချက်ကို ရေးသားဖြေဆိုပါ။)

– ''စားတော့ ပြုံးပြုံး စွန့်တော့မှုန်း''ဟူသောစကားအရ အစာအာဟာရ၌ ယိုစီးပျို့ထွက်ခြင်းအားဖြင့် စက်ဆုတ်ဖွယ်ကောင်းပုံမှာ – (စမန ၁၃၅ ''ယိုထွက်ခြင်းအားဖြင့် ဆင်ခြင်ပုံ''ခေါင်းစဉ်အောက်မှ ပထမစာနှစ်ပိုဒ်ကိုရေးဖြေပါ။)

**၄။ ''ခြေတစ်လှမ်း ကုဋေတစ်သန်းတန်''ဟု ပြောစမှတ်ပြုနိုင်လောက်အောင် ခြေတစ်လှမ်းကုဋေတစ်သန်းတန်အောင် ခြေကို ရပ်တည်ခြင်း, ချခြင်း, ကြွခြင်း, ဆောင်ခြင်း (လှမ်းခြင်း)တို့၌ ဓာတ်လေးပါးပါဝင်နိုင်ပုံကို ပေါ်လွင်အောင် ရေးသားဖော်ပြပါ။** (စမန ၁၆၉)

**အဖြေ** – ခြေတစ်လှမ်းကုဋေတစ်သန်းတန်အောင် ခြေကို ရပ်တည်ခြင်း, ချခြင်း, ကြွခြင်း, ဆောင်ခြင်း (လှမ်းခြင်း)တို့၌ ဓာတ်လေးပါးပါဝင်နိုင်ပုံမှာ –

(၁) နောက်လိုက်ဝါယောဓာတ်နှင့်တကွ တေဇောဓာတ်သည် ခြေကို ကြွစေ၏။

(၂) နောက်လိုက်တေဇောဓာတ်နှင့်တကွ ဝါယောဓာတ်သည် ခြေကို ရှေ့သို့ဆောင်၏။

(၃) နောက်လိုက်ပထဝီဓာတ်နှင့်တကွ အာပေါဓာတ်သည် ခြေကို ချစေ၏။

(၄) နောက်လိုက်အာပေါဓာတ်နှင့်တကွ ပထဝီဓာတ်သည် ခြေကို ရပ်တည်စေ၏။

**၅။ လောကီအဘိညာဉ်ငါးပါးကို ဖော်ပြ၍၊ မယ်ဉတ္တရာအား ဆီပူဖြင့်သွန်းလောင်းရာ အဘယ်တန်ခိုး (ဣဒ္ဓိ)ကြောင့် ဆီပူမလောင်သည်ကိုလည်း ဖော်ပြပါ။** (စမန ၁၉၁၊ ၂၀၁–၂၀၂)

**အဖြေ** – **လောကီအဘိညာဉ်ငါးပါးမှာ** –

(စမန ၁၉၁ ''လောကီအဘိညာဉ် (၅) ပါး''ကို ရေးပြပါ။)

– မယ်ဉတ္တရာအား ဆီပူဖြင့်သွန်းလောင်းရာ မေတ္တာစျာန်၏သမာဓိဝိပ္ဖါရိဒ္ဓိတန်ခိုးကြောင့်

ဆီပူမလောင်ပါ။ သီရိမာသည် မယ်ဥတ္တရာကို မနာလိုသဖြင့် ကျိုက်ကျိုက်ဆူနေသည့် ဆီကို ယောက်ချိုဖွန်းကြီးဖြင့် ခပ်ယူပြီးလျှင် ဥတ္တရာ၏ဦးခေါင်းပေါ်သို့ လောင်းချ၏။

ဥတ္တရာသည် သီရိမာ၏ကျေးဇူးကြောင့် မြတ်စွာဘုရားနှင့်သံဃာကို မိမိဆွမ်းလောင်းခွင့် ရနေသည်ကို တွေး၍ ''ချမ်းသာပါစေ၊ ချမ်းသာပါစေ''ဟု မေတ္တာပွားပို့ကာ ချက်ချင်းစျာန် ဝင်စားနေလိုက်၏။ ထို့ကြောင့် ဆီပူသည် ပိန်းကြာဖက်ပြင် ရေမတင်ဘဲ လျှောကျသွား သကဲ့သို့ လျှောကျသွား၏။ ဥတ္တရာအား မပူလောင်စေပါ။ ဤသို့ ဥတ္တရာအား ဆီပူမလောင် နိုင်ခြင်းသည် မေတ္တာစျာန်၏သမာဓိဝိပ္ဖါရိဒ္ဓိတန်ခိုးကြောင့် ဖြစ်ပေ၏။

**၆။ အဘယ်ကို 'တိရောဘာဝတန်ခိုး'ဟု ခေါ်ဆို၍ ကောင်းကင်၌ ငှက်ကဲ့သို့သွားလာ နိုင်အောင် ဝင်စားရမည့်စျာန်, ပြုရမည့်ပရိကံနှင့် အဓိဋ္ဌာန်တို့ကိုလည်း ဖော်ပြပါ။**
(စမန ၂၁၆၊ ၂၂၁)

**အဖြေ – 'တိရောဘာဝတန်ခိုး'**ဟူသည်မှာ တစ်စုံတစ်ခုဖြင့်တားဆီးခြင်း, ဖုံးကွယ်ခြင်း, ပိတ်ခြင်း, မှောက်ခြင်း, မထင်ရှားခြင်း ဖြစ်၏။ တန်ခိုးရှင်သည် ကွယ်ခြင်းကိုပြုလိုလျှင် အလင်းရောင်ကို အမိုက်မှောင်ဖြစ်အောင်ပြု၏။ အဖုံးအကွယ်မရှိသည်ကိုလည်း ဖုံးကွယ် အောင်ပြု၏၊ ထင်ပေါ်သည်ကိုလည်း မထင်ပေါ်အောင်ပြု၏။

**– ကောင်းကင်၌ ငှက်ကဲ့သို့သွားလာနိုင်အောင် ဝင်စားရမည့်စျာန်, ပြုရမည့်ပရိကံနှင့် အဓိဋ္ဌာန်တို့ကို ဖော်ပြရသော်**

(၁) ပထဝီကသိုဏ်းနှင့် ရူပါဝစရစတုတ္ထစျာန်ကို ပါဒကစျာန်အဖြစ်ဝင်စား၏။

(၂) (၃) တို့ကို (စမန ၂၂၁ အောက်ပိုင်းတွင် ဖော်ပြထားသည့်အတိုင်း ရေးပြပါ။)

**၇။ နေလစသည်တို့ဖြစ်ပေါ်လာရသည့်အကြောင်းကို လူအများနားလည်အောင် ရေးသား ဖြေဆို၍၊ အဘယ်တရားများကြောင့် လောကကြီးပျက်စီးရသည်ကိုလည်း ဖြေဆိုပါ။**
(စမန ၂၅၉–၂၆၀၊ ၂၆၄–၅)

**အဖြေ – နေလစသည်တို့ဖြစ်ပေါ်လာရသည့်အကြောင်းမှာ –**

(စမန ၂၅၉–၂၆၀ ''နေ, လ, နက္ခတ်နှင့် ကြယ်တို့ဖြစ်ပေါ်လာပုံ'' ခေါင်းစဉ်အောက် ရှိ စာလေးပိုဒ်ကို ရေးသားဖြေဆိုပါ။

**– အဘယ်တရားများကြောင့် လောကကြီးပျက်စီးရသနည်းဟူမူ –**

(စမန ၂၆၄–၂၆၅ ''ကမ္ဘာပျက်ရခြင်းအကြောင်း'' ခေါင်းစဉ်အောက်ရှိ စာသုံးပိုဒ်ကို ရေးဖြေပါ။)

**၈။ အဘယ်သို့သိခြင်းကို သညာသိဟုခေါ်ဆိုရကြောင်း ဥပမာဖြင့် ရှင်းပြပြီးလျှင်၊ ပညာ၏–ဘူမိ, မူလ, သရီရ အမည်ရပုံကိုလည်း ဖြေဆိုပါ။** (စမန ၂၉၄–၂၉၅)

**အဖြေ – သညာသည်** ''အညို၊ အရွှေ၊ အရှည်၊ အတို'' စသည်ဖြင့် အာရုံကို မှတ် မိရုံမျှသာ သိ၏၊ ''အနိစ္စ၊ ဒုက္ခ၊ အနတ္တ''ဟု လက္ခဏာသုံးပါးကို ထိုးထွင်း၍သိရန်မူ မစွမ်းနိုင်ချေ။ ဤသို့သိခြင်းကို သညာသိဟု ခေါ်ဆိုရပါသည်။

ဥပမာအားဖြင့် ရာဖြတ်ပွဲမင်း စားပွဲပေါ်၌တင်ထားသော ငွေအသပြာအစုအပုံကို အသိဉာဏ်မပြည့်စုံသေးသည့်ကလေး မြင်ရသည့်အခါ ငွေအသပြာတို့၏အရောင်အဆင်းနှင့် ပုံသဏ္ဌာန်ဆန်းကြယ်ပုံတို့ကိုသာ သိ၏။ လူတို့၏အတွင်းအပ အသုံးအဆောင်ရတနာ ဖြစ်ကြောင်းကိုကား မသိသကဲ့သို့တည်း။

**– ပညာ၏ ဘူမိ, မူလ, သရီရ အမည်ရပုံ**

ခန္ဓာ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်စသည့် အပြားရှိသောတရားတို့သည် (ဝိပဿနာ) ပညာ၏ဖြစ်ရာဘုံ **(ဘူမိ)** ဖြစ်၏။

သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိတို့သည် (ဝိပဿနာ) ပညာ၏အခြေအမြစ် **(မူလ)**ဖြစ်၏။

ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိဟူသော ဝိသုဒ္ဓိငါးပါးတို့သည် ပညာ၏ကိုယ်ထည် **(သရီရ)** ဖြစ်၏။

**၉။ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟု အစဉ်အားဖြင့် ဟောကြားရခြင်းအကြောင်းကို ဖြေဆို၍၊ အဘယ့်ကြောင့် သင်္ခါရဒုက္ခ, ပဋိစ္ဆန္နဒုက္ခ, အပ္ပဋိစ္ဆန္နဒုက္ခ – အမည်ရသည်ကိုလည်း ဖြေဆိုပါ။** (စမန ၄၂၉၊ ၄၃၁)

**အဖြေ – သစ္စာလေးပါးကိုအစဉ်အားဖြင့် ဟောရခြင်းအကြောင်းမှာ –**

(စမန ၄၂၉ နံပါတ် (၆) ''အစဉ်အားဖြင့်အဆုံးအဖြတ်'' ခေါင်းစဉ်အောက်မှ နံပါတ် (၆) နှင့် ဆိုင်သည့်စာအားလုံးကို ရေးသားဖြေဆိုပါ။)

**– သင်္ခါရဒုက္ခ, ပဋိစ္ဆန္နဒုက္ခ, အပ္ပဋိစ္ဆန္နဒုက္ခ အသီးသီးအမည်ရပုံ**

(စမန ၄၃၁ သင်္ခါရဒုက္ခ, ပဋိစ္ဆန္နဒုက္ခ, အပ္ပဋိစ္ဆန္နဒုက္ခတို့ကို ဖြေဆိုပါ။)

**၁၀။ ''ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်ပါမည်''ဆိုသည့်စကားအတိုင်း ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်မှု၌ ဘုရားရှင်နှင့် တိတ္ထိတို့ ကျင့်ပုံအယူ မတူညီပုံကို ဖြေဆို၍၊ နိဗ္ဗာန်၏လက္ခဏာ, ကိစ္စတို့ကိုလည်း ဖော်ပြပါ။** (စမန ၄၄၀၊ ၄၄၁၊ ၄၄၂)

**အဖြေ** – ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်မှု၌ ဘုရားရှင်နှင့်တိတ္ထိတို့ ကျင့်ပုံအယူ မတူညီပုံမှာ – ဘုရားရှင်သည် နိရောဓသစ္စာကို ဟောကြားရာ၌ ''တဏှာ၏ အကြွင်းမဲ့ပျက်ပြယ်ခြင်း၊ ချုပ်ငြိမ်းခြင်းသဘောသည်ရှိ၏၊ ဤသဘောသည် နိရောဓပေတည်း''ဟု ဟောကြား၏။ အဘယ့်ကြောင့်ဟောသနည်းဟူမူ သမုဒယ (တဏှာ) ၏ချုပ်ခြင်းကြောင့် ဒုက္ခ၏ချုပ်ခြင်းသည် ပြီးစီးခြင်းကြောင့်ပေတည်း။ မှန်ပေ၏၊ အကြောင်းတရားဖြစ်သော တဏှာ၏ချုပ်ခြင်းကြောင့် အကျိုးတရားဖြစ်သည့် ဒုက္ခဆင်းရဲခြင်းသည် ချုပ်၏၊ အခြားအကြောင်းကြောင့် ဆင်းရဲချုပ်ခြင်း မဟုတ်ပေ။ ဘုရားရှင်ဥပမာပေးပုံကား –

''အမြစ်တို့သည် ဘေးရန်မရှိဘဲ ခိုင်မြဲအားရှိနေလျှင် သစ်ပင်သည် ခုတ်ဖြတ်ထားပြီး ဖြစ်ပါသော်လည်း တစ်ဖန်ပေါက်ရောက်စည်ပင်သည်သာဖြစ်သကဲ့သို့ ဤအတူပင် တဏှာ

အနုသယကို မပယ်မနုတ်ရသေးလျှင် ဤဆင်းရဲအပေါင်းသည် အဖန်ဖန်ပြန်၍ဖြစ်နေတော့၏။'' ဤသို့အမြစ်နှင့်တူသော သမုဒယချုပ်ခြင်းကြောင့်သာလျှင် အပင်နှင့်တူသော ဆင်းရဲဒုက္ခချုပ်ငြိမ်း၏။ **မြတ်စွာဘုရားတို့သည် ခြသေ့်နှင့်တူသော ပြုကျင့်ခြင်းရှိကုန်၏။** ဆင်းရဲ၏ချုပ်ခြင်း – ဒုက္ခနိရောဓကို ဟောတော်မူကုန်သည်ရှိသော် အကြောင်း၌ကျင့်တော်မူကုန်၏။ အကျိုး၌မကျင့်ကုန်။

တိတ္ထိတို့သည်ကား ခွေးနှင့်တူသောကျင့်ခြင်းရှိကုန်၏။ ထိုတိတ္ထိတို့သည် ဒုက္ခ၏ချုပ်ခြင်းကို ဟောကုန်သည်ရှိသော် ကိုယ်ဆင်းရဲပင်ပန်းအောင်ကျင့်ခြင်းကို ဟောခြင်းဖြင့် အကျိုး၌ကျင့်ကုန်၏။ အကြောင်း၌ မကျင့်ကုန်။

**– နိဗ္ဗာန်၏လက္ခဏာကိစ္စတို့ကား –**

(က) နိဗ္ဗာန်သည် ငြိမ်းအေးခြင်းလက္ခဏာရှိ၏။ (*သန္တိလက္ခဏံ*)

တစ်နည်း – နိဗ္ဗာန်သည် အလုံးစုံသောဝဋ်ဆင်းရဲဟူသမျှကို ငြိမ်းအေးစေခြင်းလက္ခဏာရှိ၏။

(ခ) နိဗ္ဗာန်သည် မသေမပျက်ခြင်းကိစ္စရှိ၏ (ဝါ) မရွေ့လျားခြင်း, မသေမပျက်ခြင်းဟူသော ပြည့်စုံသောဂုဏ်ရှိ၏။ (*အစ္စုတိရသံ*)

တစ်နည်းကား သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့သည့်သူအား သက်သာခြင်းကိုပြုသောကိစ္စရှိ၏။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ဝိသုဒ္ဓိမဂ်စာမေးပွဲ ဒုတိယဆင့် ၂၀၁၄ ခုနှစ်

**၁။ မေတ္တာဘာဝနာကိုပျက်စေတတ်သော ပုဂ္ဂလဒေါသ (၆) ဦးကို ရေတွက်ပြ၍၊ အဘယ်ကြောင့်သေလွန်ပြီးသောပုဂ္ဂိုလ်တို့၌ မေတ္တာဘာဝနာမပွားစေသင့်သည်ကိုလည်း ဝိသုဒ္ဓိမဂ်လာ ဝတ္ထုဇာတ်လမ်းတစ်ခု သက်သေပြု၍ ဖြေဆိုခဲ့ပါ။**

(စာမျက်နှာ ၃၀၊ ၃၁)

**အဖြေ** – မေတ္တာဘာဝနာကို ပျက်စေတတ်သော ပုဂ္ဂလဒေါသ (၆) ဦးမှာ –

(၁) မချစ်မနှစ်သက်အပ်သောပုဂ္ဂိုလ် – အပ္ပိယပုဂ္ဂိုလ်

(၂) အလွန်ချစ်အပ်သောပုဂ္ဂိုလ် – အတိပ္ပိယပုဂ္ဂိုလ်

(၃) မချစ်၊ မမုန်း၊ အလယ်အလတ်ပုဂ္ဂိုလ် – မဇ္ဈတ္တပုဂ္ဂိုလ်

(၄) ရန်သူပုဂ္ဂိုလ် – ဝေရီပုဂ္ဂိုလ်

(၅) လိင်အသွင်မတူသောပုဂ္ဂိုလ် – လိင်္ဂဝိသဘာဂပုဂ္ဂိုလ်

(၆) သေလွန်ပြီးသောပုဂ္ဂိုလ် – ကာလကတပုဂ္ဂိုလ်။

ဤပုဂ္ဂိုလ် (၆) ဦးတို့သည် မေတ္တာဘာဝနာကို ပျက်စေတတ်၏။

**– သေလွန်ပြီးသောပုဂ္ဂိုလ်တို့၌ မေတ္တာဘာဝနာမပွားစေသင့်သည့်အကြောင်းမှာ –**

သေဆုံးပြီးသောသူတို့ကို မေတ္တာပွားပို့လျှင် ဈာန်အပ္ပနာသို့လည်းမရောက်၊ ဥပစာရ သမာဓိ သို့သော်လည်း မရောက်ပါ။ ရဟန်းငယ်တစ်ပါးသည် မိမိ၏ဆရာကို အာရုံပြု၍ မေတ္တာပွားရာ မေတ္တာမဖြစ်ဘဲရှိ၏။ မထေရ်ကြီးတစ်ပါးထံသွားပြီး ''အရှင်ဘုရား၊ တပည့်တော်သည် မေတ္တာဈာန်သမာပတ်ကို အဝါးဝအောင်လေ့ကျင့်ထားပါ၏။ သို့သော် ယခု ဆရာကို မေတ္တာပွားရာ ဥပစာရသမာဓိမျှ မဖြစ်ပါ''ဟု လျှောက်ထား၏။

မထေရ်ကြီးက ''ငါ့ရှင်၊ အာရုံပြုသူကို ရှာကြည့်ပါဦး''ဟု မိန့်ဆို၏။ ရှာကြည့်သည့်အခါ ဆရာကွယ်လွန်ကြောင်း သိရ၏။ ရဟန်းငယ်သည် အခြားပုဂ္ဂိုလ်ကို ပြောင်း၍ မေတ္တာပွားပို့ရာ ဈာန်သမာဓိသို့ရောက်လေ၏။ ထို့ကြောင့် သေဆုံးသူကို မည်သည့်အခါမျှ မေတ္တာမပွားအပ်ပါ။

**၂။ သူတစ်ပါးတို့၏အကျိုးစီးပွားကို ဆောင်ရွက်ပေးတတ်သော မေတ္တာ၏အနီးရန်သူနှင့် အဝေးရန်သူတို့ကို ဥပမာများပြ၍ ဖြေဆိုခဲ့ပါ။** (စမန ၆၀၊ ၆၁)

**အဖြေ** – သူတစ်ပါးတို့၏အကျိုးစီးပွားကို ဆောင်ရွက်ပေးတတ်သော **မေတ္တာ၏အနီးရန်သူသည် ရာဂဖြစ်၏။** ရာဂသည် ဂုဏ်ကိုရှုရာ၌ မေတ္တာနှင့်သဘောတူသောကြောင့် ဖြစ်၏။ အနီး၌ကျက်စားသောရန်သူကဲ့သို့ ရာဂသည် မိမိ၏သန္တာန်သို့ လျင်စွာဝင်ရောက်ခွင့်ကို ရတတ်၏။ ထို့ကြောင့် အနီးကပ်ရန်သူဖြစ်သောရာဂမှ မေတ္တာကို ကောင်းစွာစောင့်ရှောက်အပ်၏။

**မေတ္တာ၏အဝေးရန်သူသည် ဗျာပါဒ ခေါ် ဒေါသဖြစ်၏။** အကြောင်းမှာ ဗျာပါဒသည် မေတ္တာနှင့်သဘောချင်းတူသောရာဂနှင့် သဘောမတူခြင်းကြောင့်ဖြစ်၏။ ဗျာပါဒသည် တောင်စသည့်ခဲယဉ်းသောအရပ်ကို အမှီပြု၍ ကျက်စားသောရန်သူနှင့်တူ၏။ ထို့ကြောင့် မေတ္တာ၏ဝေးသောရန်သူမည်၏။ ထို့ကြောင့် ထိုဗျာပါဒမှ စိုးရိမ်ကြောက်ရွံ့ခြင်းကင်းလျက် မေတ္တာကိုပွားအပ်၏။ သဘောချင်းမတူသောမေတ္တာနှင့် ဗျာပါဒတို့သည် အတူတကွ ဖြစ်ရိုးမရှိပေ။

**၃။ မထေရ်တစ်ပါးနှင့် သာမဏေတစ်ပါးခရီးသွားစဉ် သာမဏေက ရေတွေရှိနေပါသည် ဖိနပ်ချွတ်ပါဘုရားဟု လျှောက်၏။ မထေရ်က ရေရှိလျှင် ရေချိုးမည်၊ ရေသနုပ် ယူခဲ့ပါဟုဆိုသောအခါ ရေတွေမရှိပါဟု လျှောက်ပြန်၏။ ယင်းသို့ ရေရှိမရှိ ဥပမာနှင့် အလားတူသော သဘာဝဓမ္မဖြစ်ဟန်တို့ကို ကြောင်းကျိုးဆီလျော်အောင် ရှင်းပြခဲ့ပါ။** (စမန ၁၁၃)

**အဖြေ** – (စမန ၁၁၃ ''ရေဥပမာ''ခေါင်းစဉ်အောက်ရှိ စာသုံးပိုဒ်ကို ဖြေပါ။)

**၄။ သွေးသည် အသက်ဟုဆိုရလောက်အောင် အသက်ရှင်မှု၌ အရေးပါသည့် သွေးနှစ်မျိုးတို့၏ တည်ရာဌာနကို ပြည့်စုံစွာဖော်ပြ၍ အောက်ပါ (က) (ခ) (ဂ) ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော သွေးအရောင်တို့ကိုလည်း ခွဲခြားသတ်မှတ်ပြခဲ့ပါ။**

**(က) သောမနဿစိတ်ဖြစ်သောသူ၏ နှလုံးသွေးအရောင်၊**

**(ခ) ဒေါမနဿစိတ်ဖြစ်သောသူ၏ နှလုံးသွေးအရောင်၊**

**(ဂ) ဥပေက္ခာစိတ်ဖြစ်သောသူ၏ နှလုံးသွေးအရောင်။** (စမန ၁၅၂၊ ၂၄၉)

**အဖြေ** – အသက်ရှင်မှုဋ္ဌအရေးပါသော သွေးနှစ်မျိုးတို့၏တည်ရာဌာနတို့မှာ –

**ရွေ့ရှားနေသော သံသရဏသွေးသည်** အဗဒ္ဓသည်းခြေကဲ့သို့ တစ်ကိုယ်လုံးပြန့်နှံ့၍ တည်၏။ ဥပမာအားဖြင့် မုန့်ကိုနှံ့၍တည်သော ဆီကဲ့သို့တည်း။

**စုဝေးနေသော သန္နိစိတသွေးသည်** အသည်းတည်ရာအောက်အဖို့ကိုပြည့်စေလျက် တစ်ကွမ်းစားပြည့်မျှရှိပြီး အညို့၊ နှလုံး၊ အသည်း၊ အဆုတ်တို့ကို စိုစွတ်စေ၏။ ဥပမာအားဖြင့် ဆွေးမြည့်သောအိုးကင်းကို မိုးရေစိုစွတ်လျှင် အိုးကင်း၌ရှိသော ရေသည် အောက်သို့ စိမ့်၍ အုတ်ခဲပိုင်းစသည်တို့ကို စိုစွတ်စေသကဲ့သို့တည်း။

(က) သောမနဿစိတ်ဖြစ်သောသူ၏နှလုံးသွေးအရောင်သည် နီ၍ ပဒ္မောင်သီးမှည့်အဆင်း ရှိ၏။

(ခ) ဒေါမနဿစိတ်ဖြစ်သောသူ၏နှလုံးသွေးအရောင်သည် မည်းနက်၍ သပြေသီးမှည့် အဆင်းရှိ၏။

(ဂ) ဥပေက္ခာစိတ်ဖြစ်သောသူ၏နှလုံးသွေးသည် ကြည်လင်၍ နှမ်းဆီအဆင်းရှိ၏။

**၅။ ပထဝီဓာတ်၊ အာပေါဓာတ်တို့၏လက္ခဏာများကို ဖော်ပြ၍ ဓာတ်ကြီးလေးပါးတို့၏ မြွေကြီးလေးကောင်ကိုက်ပုံနှင့် တူပုံကိုလည်း အများနားလည်အောင် ရှင်းပြခဲ့ပါ။**
(စမန ၁၄၁၊ ၁၆၁၊ ၁၆၃)

**အဖြေ** – ပထဝီဓာတ်၏လက္ခဏာသည် ကြမ်းတမ်း၊ ခက်မာခြင်းသဘောရှိ၏။

အာပေါဓာတ်၏လက္ခဏာသည် ဖွဲ့စည်းခြင်း၊ ယိုစီးခြင်းသဘောရှိ၏။

**– ဓာတ်ကြီးလေးပါးတို့၏မြွေကြီးလေးကောင်ကိုက်ပုံနှင့်တူပုံ**

ကဋ္ဌမုခမြွေအကိုက်ခံရသောကိုယ်သည် ခက်မာကြမ်းတမ်းလျက် တောင့်တင်း၏။ ဤအတူပင် ပထဝီဓာတ်ဖောက်ပြန်ပျက်စီးသောအခါ ကဋ္ဌမုခမြွေအကိုက်ခံရသကဲ့သို့ ကိုယ်သည် ခက်မာကြမ်းတမ်းလျက် တောင့်တင်း၏။

(စမန ၁၆၃ အလယ်မှ နောက်မြွေသုံးကောင်ကိုက်ပုံနှင့်တူပုံကို ရေးချပါ။)

**၆။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝကတို့မှတစ်ပါး အခြားသောပုဂ္ဂိုလ်တို့သည် စိတ်ကို ကြိုတင်ဆုံးမပြီးမှုသာလျှင် အဘိညာဉ်ကိစ္စပြည့်စုံစွာဖြစ်နိုင်ပုံကို ဥပမာဖြင့် ရှင်းပြ၍ သဒ္ဓါတရားစသည်တို့က ထောက်ပံ့ပေးထားသဖြင့် ဆန့်ကျင်ဘက်တရားတို့ ကြောင့် တုန်လှုပ်ခြင်းမရှိသော စိတ် (၆) မျိုးကိုလည်း ရေတွက်ပြခဲ့ပါ။**
(စမန ၁၉၆၊ ၁၉၇)

**အဖြေ** – ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝကတို့မှတစ်ပါး အခြားသောပုဂ္ဂိုလ်တို့သည် စိတ်ကို ကြိုတင်ဆုံးမပြီးမှုသာလျှင် အဘိညာဉ်ကိစ္စပြည့်စုံစွာဖြစ်နိုင်ပုံကို ဥပမာဖြင့် ရှင်းပြရသော် လက်ကောက်စသော အဆင်တန်ဆာအထူးကို ပြုလုပ်လိုသည့် ရွှေပန်းတိမ်

ဆရာသည် ရွှေကို မီးဖြင့်မှုတ်ခြင်း, ခတ်ခြင်း, ထုခြင်း စသည်ဖြင့် နူးညံ့အောင် ပျော့ပျောင်းအောင် အမှုခံအောင် ပြုပြီးမှသာလျှင် အဆင်တန်ဆာကို ပြုလုပ်နိုင်သကဲ့သို့, အိုးထိန်းသည်သည် မြေကို ကြိတ်နယ်, ထောင်းထု, နူးညံ့ပျော့ပျောင်းအောင်ပြုပြီး အိုးထူးအိုးဆန်းကို ပြုလုပ်သကဲ့သို့၊ ထို့အတူပင် အဘိညာဉ်ရအောင် အားထုတ်ကာစ ယောဂီသည် (၁၄) ပါးသောအခြင်းအရာတို့ဖြင့် စိတ်ကို ယဉ်ကျေးနူးညံ့အောင် ကြိုတင်ဆုံးမအပ်၏။

– သဒ္ဓါတရားစသည်တို့က ထောက်ပံ့ပေးထားသဖြင့် ဆန့်ကျင်ဘက်တရားတို့ကြောင့် တုန်လှုပ်ခြင်းမရှိသောစိတ် (၆) မျိုးတို့မှာ –

(၁) သဒ္ဓါက အားပေးထောက်ပံ့အပ်သောစိတ်သည် မယုံကြည်ခြင်းကြောင့် မတုန်လှုပ်၊

(၂) ဝီရိယက အားပေးထောက်ပံ့အပ်သောစိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်၊

(၃) သတိက အားပေးထောက်ပံ့အပ်သောစိတ်သည် မေ့လျော့ခြင်းကြောင့် မတုန်လှုပ်၊

(၄) သမာဓိက အားပေးထောက်ပံ့အပ်သောစိတ်သည် ဥဒ္ဓစ္စကြောင့် မတုန်လှုပ်၊

(၅) ပညာက အားပေးထောက်ပံ့အပ်သောစိတ်သည် အဝိဇ္ဇာကြောင့် မတုန်လှုပ်၊

(၆) ဉာဏ်အလင်းနှင့်တကွဖြစ်သော စိတ်သည် ကိလေသာအမှောင်ကြောင့် မတုန်လှုပ်။

**၇။ ဒိဗ္ဗသောတအဘိညာဉ်၏အာရုံလေးမျိုးကို ဖော်ပြ၍၊ ခဏပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်တို့၏အဓိပ္ပါယ်ကိုလည်း ဖြေဆိုခဲ့ပါ။** (စမန ၂၇၄-၅၊ ၂၇၅-၆)

**အဖြေ – ဒိဗ္ဗသောတအဘိညာဉ်၏အာရုံလေးမျိုးမှာ** – ကာမအာရုံ (ပရိတ္တာရုံ), ပစ္စုပ္ပန်အာရုံ၊ အဇ္ဈတ္တအာရုံ, ဗဟိဒ္ဓအာရုံတို့ဖြစ်ကြ၏။

(၁) **ကာမအာရုံ** – ဒိဗ္ဗသောတအဘိညာဉ်သည် အသံဟူသည့် သဒ္ဒါရုံကို အာရုံပြု၏။ အသံသည် ကာမအာရုံဖြစ်ခြင်းကြောင့် ကာမတရားလျှင် အာရုံရှိ၏။

(၂) **ပစ္စုပ္ပန်အာရုံ** – ဒိဗ္ဗသောတအဘိညာဉ်သည် ထင်ရှားရှိဆဲအသံကိုသာလျှင် အာရုံပြု၍ ဖြစ်ခြင်းကြောင့် ပစ္စုပ္ပန်တရားလျှင် အာရုံရှိ၏။

(၃) **အဇ္ဈတ္တအာရုံ** – ဒိဗ္ဗသောတအဘိညာဉ်သည် မိမိ၏ဝမ်းထဲမှအသံကိုကြားသောအခါ၌ အဇ္ဈတ္တတရားလျှင် အာရုံရှိ၏။

(၄) **ဗဟိဒ္ဓအာရုံ** – ဒိဗ္ဗသောတအဘိညာဉ်သည် သူတစ်ပါးတို့၏အသံ, ပြင်ပအသံတို့ကို ကြားသောအခါ၌ ဗဟိဒ္ဓတရားလျှင် အာရုံရှိ၏။

**– ခဏပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်တို့၏အဓိပ္ပါယ်များ**

(၁) ထိုပစ္စုပ္ပန်သုံးမျိုးတွင် ဥပါဒ်, ဋ္ဌီ, ဘင်သို့ရောက်ဆဲရုပ်တရား (ဝါ) နာမ်တရားသည် **'ခဏပစ္စုပ္ပန်'** မည်၏။

(၂) ရုပ်၏သန္တတိဝါရတစ်ခု, နှစ်ခု၌ အကျုံးဝင်သောတရားသည် **'သန္တတိပစ္စုပ္ပန်'** မည်၏။ ဇဝနဝါရ၌ ဇောဝီထိနှစ်ခု, သုံးခုတို့သည် **'နာမ်သန္တတိ'** (နာမ်၏မျိုးတူအစဉ်)မည်၏။

(၃) တစ်ခုသောဘဝ (ဝါ) ပဋိသန္ဓေ – စုတိဖြင့်ပိုင်းခြားအပ်သောရုပ်နာမ်အပေါင်းသည်

**'အဒ္ဓါပစ္စုပ္ပန်'**မည်၏။

**၈။ သေက္ခပဋိသမ္ဘိဒါနှင့် အသေက္ခပဋိသမ္ဘိဒါတို့၏ထူးခြားမှုကို ဖော်ပြ၍၊ ပဋိသမ္ဘိဒါဉာဏ်ထက်မြက်သန့်ရှင်းခြင်းအကြောင်း (၅) ပါးကိုလည်းရေတွက်ပြပါ။**(စမန ၃၀၀)

**အဖြေ – သေက္ခပဋိသမ္ဘိဒါနှင့် အသေက္ခပဋိသမ္ဘိဒါတို့၏ထူးခြားမှုမှာ**

အရှင်အာနန္ဒာ၊ စိတ္တသူကြွယ်၊ ဓမ္မိကဥပါသကာ၊ ဥပါလိသူကြွယ်တို့၏ပဋိသမ္ဘိဒါတို့သည် သေက္ခဘုံ၌ (သေက္ခပုဂ္ဂိုလ်အဖြစ်၌) အထူးထူးအပြားပြားသိစွမ်းနိုင်သောအဖြစ်သို့ရောက်သဖြင့် သေက္ခပဋိသမ္ဘိဒါမည်၏။

အဂ္ဂသာဝက, မဟာသာဝကတို့၏အသေက္ခပဋိသမ္ဘိဒါတို့သည် အသေက္ခဘုံ၌ (ရဟန္တာအဖြစ်၌) အထူးထူးအပြားပြားသိစွမ်းနိုင်သောအဖြစ်သို့ ရောက်ကုန်၏။

**– ပဋိသမ္ဘိဒါဉာဏ်ပညာထက်မြက်သန့်ရှင်းခြင်းအကြောင်း (၅) ပါးမှာ –**

(စမန ၃၀၀ ''ပဋိသမ္ဘိဒါဉာဏ်သန့်ရှင်းထက်မြက်ခြင်းအကြောင်း (၅) ပါး''ကို ရေးပါ။)

**၉။ ဖြစ်ခြင်းတရားတစ်ပါးတည်းဖြစ်ပါလျက် အာစယ, ဥပစယ, သန္တတိဟု သုံးမျိုးခွဲဟောရပုံကို ဥပမာများနှင့်တကွ ရှင်းပြ၍၊ ဇရာ (၃) မျိုး၏အဓိပ္ပါယ်ကိုလည်း ရေးသားခဲ့ပါ။** (စမန ၃၁၂၊ ၃၁၃)

**အဖြေ** – ဖြစ်ခြင်းတရားတစ်ပါးတည်းဖြစ်ပါလျက် အာစယ, ဥပစယ, သန္တတိဟု သုံးမျိုးခွဲဟောရပုံမှာ – ရုပ်တို့ကို အကျယ်ဟောပြရာ၌ ''ရုပ်အာယတနတို့၏ရှေးဦးစွာဖြစ်ခြင်း **အာစယ**သည် ရှိ၏၊ ထိုအာစယသည် နိပ္ဖန္နရုပ်၏ရှေးဦးစွာဖြစ်ခြင်း၊ ပွားခြင်းဟူသည့် **ဥပစယ**ပေတည်း။ ထိုဥပစယ၏နောက်၌ နိပ္ဖန္နရုပ်၏အဆက်မပြတ်ဖြစ်ခြင်း၊ ပွားခြင်းဟူသည့် ဥပစယသည် နိပ္ဖန္နရုပ်၏ဖြစ်စဉ် **သန္တတိ**ပေတည်း''ဟူ၍ ဟောတော်မူ၏။

အဋ္ဌကထာ၌လည်း ''**အာစယ**မည်သည်ကား နိပ္ဖန္နရုပ်၏ရှေးဦးစွာဖြစ်ပေါ်ခြင်းပေတည်း။ **ဥပစယ**မည်သည်ကား နိပ္ဖန္နရုပ်၏တိုးပွားခြင်းပေတည်း။ **သန္တတိ**မည်သည်ကား နိပ္ဖန္နရုပ်၏အဆက်မပြတ်ဖြစ်ခြင်းပေတည်း''ဟု ဖွင့်ဆိုပြီးလျှင် အောက်ပါဥပမာကို ပေး၏။

မြစ်ကမ်းသောင်ပြင်၌ လက်ယက်တွင်းယ်မှာ ရေထွက်လာသည့်အခါကဲ့သို့ ရှေးဦးစွာဖြစ်ခြင်း **အာစယ**ကို မှတ်အပ်၏။ တွင်းငယ်၌ ရေတိုးပွား၍ရေပြည့်လာသောအခါကဲ့သို့ တိုးပွားခြင်းဟူသော **ဥပစယ**ကို သိအပ်၏။ ရေကျော်လွန်လျှံတက်သွားသောအခါကဲ့သို့ အဆက်မပြတ်ဖြစ်ခြင်းဟူသော **သန္တတိ**ကို သိအပ်၏။

**– ဇရာ (၃) မျိုးတို့၏အဓိပ္ပါယ်တို့မှာ**

(၁) နိပ္ဖန္နရုပ်၏ရင့်ရော်အိုမင်းသည့်အဖြစ်ဟူသော ဇရာရုပ်သည် နိပ္ဖန္နရုပ်တို့၏ရင့်ကျက်ခြင်းလက္ခဏာရှိ၏။ နိပ္ဖန္နရုပ်၏ပျက်ခြင်းဘင်ခဏဆီသို့ ဆောင်ပို့ခြင်းကိစ္စရှိ၏။ ခက်မာခြင်းစသည့်သဘောမကင်းကွာသေးသော်လည်း အသစ်အဖြစ်မှ ကင်းကွာခြင်းအနေဖြင့် ဉာဏ်အားရှေးရှုထင်၏။

(၂) သွားကျိုးခြင်း၊ ဆံဖြူခြင်းကဲ့သို့ ဖောက်ပြန်ခြင်းကို တွေ့မြင်ရသဖြင့် ထင်ရှားသည့် အိုမင်းရင့်ရော်ခြင်းကို **ပါကဋဇရာ**ဟုခေါ်၏။ ဤပါကဋဇရာကိုရည်၍ ဇရတာရုပ်ကို ဟောတော်မူ၏။

(၃) နာမ်တရားမှာမူ **ပဋိစ္ဆန္နဇရာ**မည်သော ဖုံးကွယ်သည့်အိုမင်းရင့်ရော်ခြင်းသည်ရှိ၏။ ၎င်း၌ဤသို့ဖောက်ပြန်ခြင်းသဘောသည် မရှိချေ။ ကမ္ဘာ၊ မြေ၊ ရေ၊ တောင်၊ လေ၊ နေ စသည်တို့၌လည်း အပိုင်းအခြားမထင်သော **အဝီစိဇရာ**မည်သည် ရှိ၏။ ဤဇရာ၌လည်း ဖောက်ပြန်ခြင်းသဘောမရှိချေ။

**၁၀။ အဇ္ဈတ္တိကရုပ်ကို အသုဘဟုလည်းကောင်း၊ ဝေဒနာကို ဒုက္ခဟုလည်းကောင်း၊ သညာနှင့်သခ်ါရတို့ကို အနတ္တဟုလည်းကောင်း၊ ဝိညာဏ်ကို အနိစ္စဟုလည်းကောင်း ရှုမှတ်သောယောဂီပုဂ္ဂိုလ်တို့အား ရရှိနိုင်သောအကျိုးတရားများကို အများနားလည် အောင် ရှင်းပြခဲ့ပါ။** (စမန ၃၇၃၊ ၃၇၄)

**အဖြေ** – (စမန ၃၇၃–၃၇၄ ''ခန္ဓာငါးပါး အကျဉ်းနည်းအကျယ်နည်းဖြင့် ရှုခြင်း၏အကျိုး အာနိသင်''ခေါင်းစဉ်အောက်မှ နံပါတ် ၂၊ ၃၊ ၄၊ ၅ တို့ကို ရေးဖြေပါ။)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန ဝိသုဒ္ဓိမဂ်စာမေးပွဲ ဒုတိယဆင့် ၂၀၁၅ ခုနှစ်

**၁။ ဝိသုဒ္ဓိမဂ်စာမေးပွဲဖြေဆိုနေသောပုဂ္ဂိုလ်သည် အဘယ်တရား၏အမွေခံဖြစ်ပါသနည်း၊ ဖြေဆို၍၊ မေတ္တာအကျိုး (၁၁) မျိုးကိုလည်း ရေးသားခဲ့ပါ။**(စာမျက်နှာ ၄၉–၅၂)

**အဖြေ** – ဝိသုဒ္ဓိမဂ်စာမေးပွဲဖြေဆိုနေသောပုဂ္ဂိုလ်သည် ပိဋကတ်သုံးပုံ၏လိုရင်းအနှစ်တရား ဖြစ်သော သီလ–သမာဓိ–ပညာသိက္ခာသုံးပါးတရားတော်မြတ်၏အမွေခံ ဖြစ်ပါသည်။

**– မေတ္တာအကျိုး (၁၁) မျိုးမှာ –**

(၁) ချမ်းသာစွာအိပ်ရ၏၊ အိပ်ပျော်နေသောအခါ စျာန်သမာပတ်ဝင်စားနေသကဲ့သို့ ချမ်းသာ၏။

(၂) ချမ်းသာစွာနိုးရ၏၊ နေရောင်ခြည်ထိတွေ့၍ ပဒုမ္မာကြာပန်းပွင့်လာသကဲ့သို့ ကိုယ်၏ ဖောက်ပြန်ခြင်းမရှိဘဲ ချမ်းသာစွာနိုးရ၏။

(၃) ယုတ်ညံ့သောအိပ်မက်ဆိုးကို မမြင်မက်ရ။

(၄) လူတို့က ချစ်၏၊ မြင်သူ၊ ကြားသူ၊ အောက်မေ့သူအပေါင်းတို့က ချစ်နှစ်သက်၏။

(၅) နတ်တို့က ချစ်၏၊ နတ်တို့သည် မေတ္တာခံယူရပြီး အချင်းချင်းမေတ္တာထားကြ၏။

(၆) နတ်တို့က စောင့်ရှောက်ကြ၏၊ မိဘတို့က သားကိုစောင့်ရှောက်သကဲ့သို့တည်း။

(၇) မေတ္တာပွားသူ၌ မီး၊ အဆိပ်၊ လက်နက်တို့ မကျရောက်နိုင်။

(၈) လျင်မြန်စွာစိတ်တည်ကြည်၏၊ နှောင့်နှေးခြင်း မရှိပေ။

(၉) မျက်နှာအဆင်းကြည်လင်၏။ အထူးကြည်လင်သောအဆင်းရှိ၏။

(၁၀) အိပ်ပျော်သွားသကဲ့သို့ မတွေမဝေသေရ၏။

(၁၁) အိပ်သောယောက်ျား နိုးသောလားသို့ ဤဘဝမှစုတေသောအခါ ဗြဟ္မာဘုံလောက၌ ဖြစ်ရ၏။

**၂။ ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံခံစားနေကြရသောသူတို့ကို မြင်ရသောအခါ သူတော်ကောင်းမှန်သမျှ မေတ္တာကရုဏာပွားများကြသည်ချည်းဖြစ်ကြရာ ယင်းမေတ္တာ, ကရုဏာတို့၏ပြည့်စုံအောင်မြင်ပုံနှင့် ဆုံးရှုံးပျက်စီးပုံတို့ကိုလည်း ကွဲပြားအောင် ဖြေဆိုခဲ့ပါ။** (စမန ၆၀၊ ၆၁)

**အဖြေ** – ဆင်းရဲဒုက္ခအမျိုးမျိုးနှင့် တွေ့ကြုံခံစားနေကြရသောသူတို့ကို မြင်ရသောအခါ သူတော်ကောင်းမှန်သမျှ မေတ္တာကရုဏာပွားများကြသည်ချည်းဖြစ်ကြရာ ယင်းမေတ္တာ, ကရုဏာတို့၏ပြည့်စုံအောင်မြင်ပုံနှင့် ဆုံးရှုံးပျက်စီးပုံတို့ကို ဖြေဆိုပါအံ့။

**မေတ္တာသည်** (၁) သတ္တဝါတို့၏အကျိုးစီးပွားကို ကျင့်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏။

(၂) သတ္တဝါတို့၏အကျိုးစီးပွားကို ကပ်၍ဆောင်ခြင်းကိစ္စရသရှိ၏။

(၃) ရန်ငြိုးကို ပယ်ဖျောက်သောအခြင်းအရာအားဖြင့် ရှုသူဉာဏ်၌ ရှေးရှုထင်၏။

(၄) သတ္တဝါတို့၏နှစ်သက်မြတ်နိုးဖွယ်အဖြစ်ကိုရှုသော ယောနိသောမနသိကာရလျှင် နီးစွာသောအကြောင်းရှိ၏။

(၅) **ရာဂသည်** ဂုဏ်ကိုရှုရာ၌ မေတ္တာနှင့်သဘောတူသောကြောင့် **မေတ္တာ၏အနီးကပ်ရန်သူ** ဖြစ်၏။ **ဗျာပါဒသည်** မေတ္တာနှင့်သဘောတူသောရာဂနှင့် သဘောမတူခြင်းကြောင့် **မေတ္တာ၏ဝေးသောရန်သူဖြစ်၏။**

– ဗျာပါဒ ခေါ် ဒေါသ၏ငြိမ်းခြင်းသည် မေတ္တာ၏ပြီးစီးပြည့်စုံအောင်မြင်ခြင်းဖြစ်၏။ ခင်မင်တွယ်တာလျက် ချစ်ခြင်းဟူသောတဏှာသည် မေတ္တာ၏ဆုံးရှုံးပျက်စီးခြင်းပေတည်း။

– **ကရုဏာသည်** (၁) သူတစ်ပါး၏ဆင်းရဲဒုက္ခကို ပယ်ဖျောက်လိုသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။

(၂) သူတစ်ပါးဆင်းရဲဒုက္ခရောက်သည်ကို သည်းမခံနိုင်ခြင်း ကိစ္စရသရှိ၏။

(၃) သတ္တဝါတို့ကို မညှဉ်းဆဲခြင်း (အဝိဟိံသ)လျှင် ဉာဏ်အားရှေးရှုထင်၏။

(၄) ဆင်းရဲဒုက္ခဖြင့် နှိပ်စက်ခံနေရသောသူတို့၏အားကိုးရာမရှိခြင်းကို ရှုမြင်သော ယောနိသောမနသိကာရလျှင် နီးသောအကြောင်းရှိ၏။

(၅) ကာမဂုဏ်ကိုမှီသောနှလုံးမသာခြင်း **ဒေါမနဿသည်** ပျက်စီးခြင်းကိုရှုခြင်းအားဖြင့် ကရုဏာနှင့်သဘောတူသည်၏အဖြစ်ကြောင့် **ကရုဏာ၏နီးသောရန်သူ** ဖြစ်၏။ ကရုဏာသည် ညှဉ်းဆဲလိုခြင်း ဝိဟိံသာနှင့် သဘောမတူခြင်းကြောင့် **ဝိဟိံသာသည် ကရုဏာ၏ဝေးသောရန်သူ** ဖြစ်၏။

သတ္တဝါတို့ကို ညှဉ်းဆဲလိုသောဒေါသ၏ငြိမ်းခြင်းသည် ကရုဏာ၏ပြီးစီးပြည့်စုံအောင်မြင်ခြင်းပေတည်း။ စိုးရိမ်ပူဆွေးမှုသောကဖြစ်ခြင်းသည် ကရုဏာ၏ပျက်စီးခြင်းပေတည်း။

**၃။ ပုဂ္ဂိုလ်သတ္တဝါတို့ စားသုံးအပ်သော အစားအစာကို ပါစကဝမ်းမီးက ချက်သည်ဖြစ်လေရာ ထိုအစားအစာကြေညက်လျှင် ရရှိနိုင်သောအကျိုးနှင့် မကြေညက်လျှင် ရရှိနိုင်သောအပြစ်တို့ကို ကျကျနန ဖြေဆိုခဲ့ပါ။** (စမန ၁၃၅)

**အဖြေ** – ပုဂ္ဂိုလ်သတ္တဝါတို့ စားသုံးအပ်သော အစားအစာကို ပါစကဝမ်းမီးက ချက်သည်ဖြစ်လေရာ ထိုအစားအစာကြေညက်လျှင် ရရှိနိုင်သောအကျိုးတို့မှာ ခန္ဓာကိုယ်လိုအပ်သော အာဟာရဓာတ်ကိုရရှိမည့်အပြင် ဆံပင်, အမွေး, လက်သည်းခြေသည်း, သွား, အရေစသော အပုပ်အစုတို့ကို ဖြစ်စေပြီးစေသဖြင့် အာဟာရေပဋိကူလသညာဘာဝနာကို ရှုပွားနိုင်ပါသည်။

ပါစကဝမ်းမီးကခြေချက်ရာတွင် ထိုအစားအစာမကြေညက်လျှင် ရရှိနိုင်သောအပြစ်တို့မှာ ပွေး, ယားနာ, ဝဲနာ, နူနာ, ညှင်း, ပန်းနာ, ချောင်းဆိုးနာ, ဝမ်းသွေးသွန်နာအစရှိသော အရာမကများစွာသောအနာတို့ကို ဖြစ်စေပြီးစေခြင်းပေတည်း။

ဤအလုံးစုံသည် မျိုအပ်သောအစာအာဟာရ၏ပြီးစေသောအကျိုးတည်း။ ဤသို့အကျိုးအားဖြင့် စက်ဆုပ်ရွံရှာဖွယ်အဖြစ် အာဟာရေပဋိကူလသညာဘာဝနာကို ရှုဆင်ခြင်အပ်၏။

**၄။ ကောင်းကင်မှ စပါးမိုးရွာသွန်းဖြိုးစေသူ မေဏ္ဍကသူဌေး၏ဘုန်းတန်ခိုးအမျိုးအစားကို ဖော်ပြ၍ သူဌေးကတော်ကြီးစန္ဒပဒုမသိရီ၏ အံ့ဩစရာကောင်းသောတန်ခိုးကိုလည်း ဖော်ပြခဲ့ပါ။** (စမန ၂၀၄)

**အဖြေ** – ကောင်းကင်မှ စပါးမိုးရွာသွန်းဖြိုးစေသူ မေဏ္ဍကသူဌေး၏ဘုန်းတန်ခိုးအမျိုးအစားသည် **''ပုညဝတော ဣဒ္ဓိ''**ဖြစ်၏။

သူဌေးကတော်ကြီးစန္ဒပဒုမသိရီ၏ အံ့ဩစရာကောင်းသောတန်ခိုးမှာ တစလယ်ချက်မျှထမင်းကို သူ့လက်ဖြင့်ကိုင်၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးနေလူတို့ကို ကျွေးသော်လည်း ထမင်းမကုန်ခြင်းပင်ဖြစ်ပေ၏။

**၅။ စစ်ပညာကျွမ်းကျင်လိမ်မာခြင်း, ဆေးပညာတတ်မြောက်ကျွမ်းကျင်ခြင်းတို့သည် မည်သည့်တန်ခိုးမျိုးဖြစ်ပါသနည်း၊ ဖြေဆို၍ တန်ခိုးနှင့်ပြည့်စုံရန် လိုအပ်သောအချက်အလက်ကိုလည်း ဖော်ပြခဲ့ပါ။** (စမန ၂၀၅၊ ၂၀၇)

**အဖြေ** – စစ်ပညာကျွမ်းကျင်လိမ်မာခြင်း, ဆေးပညာတတ်မြောက်ကျွမ်းကျင်ခြင်းတို့သည် ထိုထိုအရာတို့၌ နည်းလမ်းမှန်စွာလေ့လာအားထုတ်မှုကြောင့် အောင်မြင်ပြီးမြောက်သောတန်ခိုး–**တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိ**တန်ခိုးဖြစ်ပါသည်။

**– တန်ခိုးနှင့်ပြည့်စုံရန် လိုအပ်သောအချက်အလက် (၈) မျိုးတို့မှာ –**

ဆန္ဒလွှမ်းကဲသောသမာဓိ = ဆန္ဒသမာဓိ၌ရှိသော ဆန္ဒနှင့်သမာဓိတစ်စုံ၊

ဝီရိယလွှမ်းကဲသောသမာဓိ = ဝီရိယသမာဓိ၌ရှိသော ဝီရိယနှင့်သမာဓိတစ်စုံ၊

စိတ်လွန်ကဲသောသမာဓိ = စိတ္တသမာဓိ၌ရှိသော စိတ္တနှင့်သမာဓိတစ်စုံ၊
ပညာလွန်ကဲသောသမာဓိ = ဝီမံသသမာဓိ၌ရှိသော ဝီမံသနှင့်သမာဓိတစ်စုံ၊

ဤလေးစုံရှစ်ပါး အကြောင်းတရားတို့သည် ပြီးမြောက်မှု-ဖန်ဆင်းမှု-တန်ခိုးဣဒ္ဓိကို ရခြင်းငှာ တန်ခိုးဖန်ဆင်းခြင်း၌ ရွံ့ရှားခြင်းကင်း၍ ရဲရင့်ခြင်းငှာ ဖြစ်ကုန်၏''ဟု ဟောတော်မူသဖြင့် ယင်းတရားရှစ်ပါးသည် တန်ခိုးနှင့်ပြည့်စုံရန်လိုအပ်သော အချက်အလက် (၈) ချက်ဖြစ်ပါသည်။

**၆။ အောက်ပါပုဂ္ဂိုလ်တို့၏ ပုဗ္ဗေနိဝါသကို အစဉ်အောက်မေ့သဖြင့် ဖြစ်ပေါ်လာသော ထူးခြားချက်ကို ကာလ, ခန္ဓာအစဉ်နှစ်မျိုးဖြင့် ဖြေဆိုခဲ့ပါ။**

**(က) တိတ္ထိ (ခ) ပကတိသာဝက (ဂ) မဟာသာဝက။** (စမန ၂၅၁၊ ၂၅၂)

**အဖြေ** - (က) **တိတ္ထိများသည်** နာမ်ရုပ်ကိုပိုင်းခြားတတ်သောဉာဏ်ကင်းသောကြောင့် ပညာအားနည်းသဖြင့် ကမ္ဘာလေးဆယ်သာလျှင် အတိတ်ဘဝများကို အောက်မေ့နိုင်ကြ၏၊ ရှေးရှေးဘဝခန္ဓာအစဉ်ကိုသာလျှင် အောက်မေ့နိုင်ကြ၏။ ခန္ဓာအစဉ်ကိုလွှတ်၍ စုတိ-ပဋိသန္ဓေအလိုအားဖြင့် အောက်မေ့ရန် မစွမ်းနိုင်ကြပါ။

(ခ) **ပကတိသာဝကများသည်** နာမ်ရုပ်ကိုပိုင်းခြားတတ်သောဉာဏ်ရှိသဖြင့် ပညာအားကောင်းသောကြောင့် ကမ္ဘာတစ်ရာမှ ကမ္ဘာတစ်ထောင်အထိ အောက်မေ့နိုင်ကြ၏၊ ရှေးရှေးဘဝခန္ဓာ အစဉ်ကိုလည်း အောက်မေ့နိုင်ကြ၏။ စုတိနှင့် ပဋိသန္ဓေအစွမ်းအားဖြင့်လည်း ပြောင်းရွှေ့၍ အောက်မေ့နိုင်ကြ၏။

(ဂ) **မဟာသာဝကများသည်** ပါရမီဖြည့်ရာကာလဖြစ်သော ကမ္ဘာတစ်သိန်းတိုင်အောင် အောက်မေ့နိုင်ကြ၏၊ ပကတိသာဝကများကဲ့သို့ပင် ရှေးရှေးဘဝခန္ဓာအစဉ်ကိုလည်း အောက်မေ့နိုင်ကြ၏၊ စုတိနှင့် ပဋိသန္ဓေအစွမ်းအားဖြင့်လည်း ပြောင်းရွှေ့၍အောက်မေ့နိုင်ကြ၏။

**၇။ ပြုရန်မလွယ်ကူသောအမှုကိစ္စကို မြတ်စွာဘုရားပြုတော်မူသည်ဟု အရှင်နာဂသေန မိန့်ဆိုရာ၌ အဘယ်အမှုကိစ္စဖြစ်သည်ကို ဖော်ပြခဲ့ပါ။** (စမန ၂၉၆)

**အဖြေ** - ပြုရန်မလွယ်ကူသောအမှုကိစ္စကို မြတ်စွာဘုရားပြုတော်မူသည်ဟု အရှင်နာဂသေန မိန့်ဆိုရာ၌ အဘယ်အမှုကိစ္စဖြစ်သည်ကို ဖော်ပြရသော် -

''မြတ်သောမင်းကြီး အာရုံတစ်ခုတည်း၌ဖြစ်ကြသော ရုပ်သဘောအထည်ဒြပ်မရှိကြသော စိတ်စေတသိက်နာမ်တရားတို့၏ ကွဲပြားကြခြင်းကို ဤသဘောကား ဖဿတည်း၊ ဤသဘောကား ဝေဒနာတည်း၊ ဤသဘောကား သညာတည်း၊ ဤသဘောကား စေတနာတည်း၊ ဤသဘောကား စိတ်တည်းဟူ၍ ဆုံးဖြတ်, ပိုင်းခြား, မှတ်သားခြင်းကို ဟောတော်မူ၏။ ဤသို့ ဆုံးဖြတ်, ပိုင်းခြင်း, မှတ်သားခြင်းဟူသော ပြုရန်မလွယ်ကူသောအမှုကိစ္စကို မြတ်စွာဘုရားပြုတော်မူ၏''ဟူ၍ မိလိန္ဒမင်းအား အရှင်နာဂသေနဟောကြားတော်မူ၏။

**၈။ အတ္ထပဋိသမ္ဘိဒါနှင့် ဓမ္မပဋိသမ္ဘိဒါတို့သည် မည်သည့်အတ္ထနှင့် မည်သည့်ဓမ္မတို့ကို ခွဲခြား၍သိပါသနည်း၊ ပြည့်စုံစွာဖော်ပြခဲ့ပါ။** (စမန ၂၉၉)

**အဖြေ – အတ္ထပဋိသမ္ဘိဒါဉာဏ်တွင် 'အတ္ထ'ဟူသည်မှာ** အကျဉ်းအားဖြင့် အကြောင်း၏ အကျိုးဖြစ်သောတရားတည်း။ အကျယ်အားဖြင့်မူ –

(စမန ၂၉၉ ထိပ်ပိုင်းတွင် ဖော်ပြထားသည့် **အတ္ထပဋိသမ္ဘိဒါဉာဏ်နှင့် ဓမ္မပဋိသမ္ဘိဒါဉာဏ်**တို့ကို ရေးဖြေပါ။)

**၉။ ဇာတိပိဒုက္ခ၌ (က) ပရိယာယ်မဟုတ် မုချဖြစ်သောဆင်းရဲ (ခ) ဆင်းရဲသောဆင်းရဲ (ဂ) ဖောက်ပြန်ပြောင်းလဲသောဆင်းရဲ၊ (ဃ) ပေါ်လွင်သောဆင်းရဲ၊ (င) ပရိယာယ်ဖြစ်သောဆင်းရဲတို့ကို ဖော်ပြခဲ့ပါ။** (စမန ၄၃၀၊ ၄၃၁)

**အဖြေ – ဇာတိပိဒုက္ခ၌ (က) ပရိယာယ်မဟုတ် မုချဖြစ်သောဆင်းရဲဟူသည်ကား**

ထိုထိုဘဝတစ်ခု၌ ရှေးဦးစွာဖြစ်ကြသောခန္ဓာတို့၏ဖြစ်ဆဲ–ဥပါဒ်ခဏသာလျှင် ဇာတိ–ဘဝအသစ်ဖြစ်ခြင်းမည်၏။ ထိုမုချဇာတိသည် များစွာသောဆင်းရဲတို့၏တည်ရာအကြောင်း ဖြစ်သောကြောင့် ''**ပရိယာယ်မဟုတ် မုချဖြစ်သောဆင်းရဲ**''တည်း။

(ခ) ''**ဆင်းရဲသောဆင်းရဲ–ဒုက္ခဒုက္ခ**''ဟူသည်ကား ကိုယ်ထဲ၌ဖြစ်သောမခံသာမှုဆင်းရဲ (ကာယိကဒုက္ခ)၊ စိတ်၌ဖြစ်သော မခံသာမှုဆင်းရဲ (စေတသိကဒုက္ခ)တို့ကို ခံစားမှုဝေဒနာ အားဖြင့် ဆင်းရဲသောကြောင့်လည်းကောင်း၊ အမည်အားဖြင့် ဒုက္ခ–ဆင်းရဲမည်သောကြောင့် လည်းကောင်း၊ ''**ဆင်းရဲသောဆင်းရဲ**'' မည်ပါသည်။

(ဂ) ''**ဖောက်ပြန်ပြောင်းလဲသောဆင်းရဲ**''ဟူသည်ကား သုခဝေဒနာသည် ဖောက်ပြန် ပျောက်ကွယ်ခြင်းဖြင့် ဆင်းရဲဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့် ''**ဝိပရိဏာမဒုက္ခ–ဖောက်ပြန်ပြောင်းလဲသောဆင်းရဲ**'' မည်၏။

(ဃ) ''**ပေါ်လွင်သောဆင်းရဲ**''ဟူသည်ကား ၃၂ ပါးသောကံကြမ္မာတို့ညှဉ်းဆဲခြင်းကြောင့် ဖြစ်သော နာကျင်ခြင်း (အနာရောဂါ)သည် မမေးမြန်းဘဲသိနိုင်သောကြောင့်လည်းကောင်း၊ နှိပ်စက်မှုဗျာပါရ၏ထင်ရှားခြင်းကြောင့်လည်းကောင်း၊ ''**အပ္ပဋိစ္ဆန္နဒုက္ခ–ပေါ်လွင်သော ဆင်းရဲ**'' မည်ပါသည်။

(င) ''**ပရိယာယ်ဖြစ်သောဆင်းရဲ**''ဟူသည်ကား ဒုက္ခဒုက္ခမှကြွင်းသော သင်္ခါရဒုက္ခ စသည့်ဆင်းရဲအားလုံးသည် ကိုယ်စိတ်ဆင်းရဲ၏တည်ရာအကြောင်းဖြစ်သောကြောင့် ''**ပရိယာယဒုက္ခ–ပရိယာယ်ဖြစ်သောဆင်းရဲ**''မည်ပါသည်။

(စမန ၄၆၃–၄၆၄ နံပါတ် ၉ အဖြေနှင့် ယှဉ်ကြည့်ပါ။)

**၁၀။ အောက်ပါတို့ကိုပြည့်စုံစွာ ဖော်ပြခဲ့ပါ။**

**(က) ဒုက္ခသာမည်၍ အရိယသစ္စာမမည်သောတရား၊**

**(ခ) အရိယသစ္စာသာမည်၍ ဒုက္ခမမည်သောတရား၊**

**(ဂ) နှစ်ပါးစုံမည်သောတရား၊ (ဃ) နှစ်ပါးစုံမမည်သောတရား။** (စမန ၄၅၂၊ ၄၅၃)

**အဖြေ** – (စမန ၄၆၄ နံပါတ် ၁၀ မေးခွန်းအဖြေနှင့်တူပါသည်။)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန
## ဝိသုဒ္ဓိမဂ်စာမေးပွဲ (ဒုတိယဆင့်) (၂၄-၁၂-၂၀၁၆)

**၁။ မေတ္တာတရား ခေါင်းပါးသည့်ထက် ခေါင်းပါးလာပြီး မငြိမ်းချမ်းသော ယနေ့ခေတ် မျက်မှောက်ကမ္ဘာ၌ ငြိမ်းချမ်းရေးကို လိုလားသော စာဖြေရှင်တို့သည် ဗုဒ္ဓ၏သားတော် သမီးတော်များပီပီ (က) အဘယ်အပြစ်, အကျိုးတို့ကို ဆင်ခြင်၍ (ခ) အဘယ်ပုဂ္ဂိုလ် အမျိုးအစားတို့အပေါ်၌ (ဂ) အဘယ်နည်းအဘယ်ပုံဖြင့် မေတ္တာအငြိမ်းဓာတ် ပို့လွှတ်ရပါမည်နည်း? ဝိသုဒ္ဓိမဂ်လာသည့်အတိုင်း ဖြေဆိုပါ။** *(စမန ၂၈၊ ၂၉)*

အဖြေ - (က) မေတ္တာအငြိမ်းဓာတ် ပို့လွှတ်လိုသူသည် အမျက်ဒေါသထွက်ခြင်း၏ အပြစ်ကိုလည်းကောင်း၊ သည်းခံခြင်း၏အကျိုးအာနိသင်ကိုလည်းကောင်း ဆင်ခြင်အပ်၏။

(ခ) မေတ္တာပို့ရမည့် ပုဂ္ဂိုလ်အမျိုးအစားတို့မှာ ခပ်သိမ်းသောပုဂ္ဂိုလ်အပေါင်းတို့တွင် မိမိကိုသာ ရှေးဦးစွာ မေတ္တာပွားသင့်၏။

ထို့နောက် မေတ္တာဖြစ်လွယ်စေရန် ချစ်အပ်၊ မြတ်နိုးအပ်၊ အလေးပြုအပ်သော မိမိဆရာ ဖြစ်စေ၊ ဆရာနှင့်တူသူဖြစ်စေ ချစ်ခင်လေးမြတ်အပ်သော '**ပိယပုဂ္ဂိုလ်**'ကို မေတ္တာပွားရမည်။

ထို့နောက် '**သီမာသမ္ဘေဒ**'ခေါ် ပုဂ္ဂိုလ်နယ်ပယ်ကန့်သတ်ချက်ကို ပယ်ဖျက်ရန် အလွန်ချစ်အပ်သော '**အတိပ္ပိယပုဂ္ဂိုလ်**'၊ ထို့နောက် အလယ်အလတ်ပုဂ္ဂိုလ်ဖြစ်သော '**မဇ္ဈတ္တ ပုဂ္ဂိုလ်**'၊ ထို့နောက် ရန်သူဖြစ်သည့် '**ဝေရီပုဂ္ဂိုလ်**'အသီးသီးကို မေတ္တာပွားရမည်။

**(ဂ) မေတ္တာပွားပုံမှာ** - မိမိအား မေတ္တာပွားရန်မှာ

(၁) ငါသည် ချမ်းသာလို၏။ ဆင်းရဲကင်းလို၏။ (၂) ငါသည် ဘေးရန်ကင်းသည် ဖြစ်လို၏။ (၃) စိတ်ဆင်းရဲ ကင်းလို၏။ (၄) ကိုယ်ဆင်းရဲ ကင်းလို၏။ (၅) ချမ်းသာနှင့်ပြည့်စုံသည်ဖြစ်၍ မိမိကိုယ်ကို ရွက်ဆောင်နိုင်ပါစေ။

အထက်ပါနည်း(၅)မျိုးတွင် နည်းတစ်မျိုးဖြင့် အဖန်တလဲလဲမေတ္တာပွားအပ်၏။

ထို့နောက် '**ပိယပုဂ္ဂိုလ်**'ကို မေတ္တာပွားရန် ထိုသူ၏ချစ်ခင်မြတ်နိုးဖွယ် ပေးကမ်းမှု၊ ကူညီမှု၊ ချစ်ဖွယ်စကား ပြောဆိုမှုတို့ကိုလည်းကောင်း၊ သီလ, သုတစသည်တို့ကိုလည်းကောင်း၊ အောက်မေ့ဆင်ခြင်၍ ''ဤသူတော်ကောင်းသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ'' ဤသို့စသောနည်းဖြင့် မေတ္တာပွားအပ်၏။ ဤသို့သောပုဂ္ဂိုလ်တွင် အပ္ပနာဈာန်သည် ပြီးစီးပြည့်စုံနိုင်၏။

ထို့နောက် '**မဇ္ဈတ္တပုဂ္ဂိုလ်**', '**ဝေရီပုဂ္ဂိုလ်**' အသီးသီးကို မေတ္တာပွားရမည်။ စိတ်ကို နူးညံ့အောင် ဘာဝနာအမှု၌ ခန့်ကျန်းသန်စွမ်းအောင်ပြု၍ ''ဤသူသည် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ၊ ဆင်းရဲကင်းပါစေ''စသောနည်းဖြင့် ပုဂ္ဂိုလ်အသီးသီး၌ အပ္ပနာဈာန်ပြည့်စုံ သည်အထိ မေတ္တာပွားအပ်၏။

**၂။ မေတ္တာအငြိမ်းဓာတ်ပို့လွှတ်ခြင်းဖြင့် ရရှိအပ်သောအကျိုးတရားတို့တွင် စတုတ္ထ, ပဉ္စမ, ဆဋ္ဌမ, သတ္တမမြောက်အကျိုးတရားတို့ကို ဖြေဆို၍၊ ဗြဟ္မဝိဟာရတရား လေးပါးတို့၏ တူညီသောအကျိုးတရား, အသီးအခြားကွဲပြားသော အကျိုးတရား**

**တို့ကိုလည်း ဖြေဆိုပါ။** *(စမန ၄၂၊ ၆၄)*

**အဖြေ** – မေတ္တာအငြိမ်းစာတ်ပို့လွှတ်ခြင်းဖြင့် ရရှိအပ်သောအကျိုးတရားတို့မှာ–

(၄) လူတို့ကချစ်၏။ (၅) နတ်တို့ကချစ်၏။ (၆) နတ်တို့ကစောင့်ရှောက်ကြ၏။

(၇) မေတ္တာပွားသူ၌ မီး၊ အဆိပ်၊ လက်နက်၊ မကျရောက်နိုင်။

**– ဖြဟ္မဝိဟာရတရားလေးပါးတို့၏ တူညီသောအကျိုးတရားများမှာ–**

(၁) ဝိပဿနာသုခ – ဝိပဿနာချမ်းသာကိုရခြင်း၊

(၂) ဘဝသမ္ပတ္တိ – သုဂတိဘဝတို့နှင့်ပြည့်စုံခြင်းတို့ဖြစ်ကြ၏။

**– ဗြဟ္မဝိဟာရတရားတို့၏ အသီးအခြားကွဲပြားကြသော အကျိုးတရားတို့မှာ–**

(၁) မေတ္တာတရားသည် ဗျာပါဒခေါ်ဒေါသ၏ကင်းကွာခြင်း အကျိုးရှိ၏။

(၂) ကရုဏာသည် ညှဉ်းဆဲလိုခြင်း – ဝိဟိံသ၏ကင်းကွာခြင်း အကျိုးရှိ၏။

(၃) မုဒိတာသည် စည်းစိမ်ချမ်းသာ၌ မမွေ့လျော်ခြင်း–အရတိ၏ကင်းကွာခြင်း အကျိုးရှိ၏။

(၄) ဥပေက္ခာသည် တပ်မက်ခြင်း – ရာဂ၏ကင်းကွာခြင်း အကျိုးရှိ၏။

**၃။ တဆင့်ထက်တဆင့် မြင့်သည်ထက်မြင့်လိုသောယောဂီပုဂ္ဂိုလ်သည် အာဘယ်တရားတို့ကို ကျော်လွန်နိုင်မှ နေဝသညာ နာသညာယတနစျာန်ကို ရရှိခံစားနိုင်သည်ကို ဖြေဆို၍ 'နှလုံးသားဖြင့် ခံစားသည်'ဆိုကြရာ နှလုံးသားဖြင့် ခံစားနိုင်/မခံစားနိုင်ဆုံးဖြတ်ပြပြီး၊ ၎င်းနှလုံးသား၌ ဓာတ်ကမ္မဋ္ဌာန်းရှုပွားပုံကိုလည်း ဖြေဆိုပါ။** *(စမန ၁၁၀၊ ၁၄၈)*

**အဖြေ** – တဆင့်ထက်တဆင့် မြင့်သည်ထက်မြင့်လိုသော ယောဂီပုဂ္ဂိုလ်သည် အာကိဥ္စညာယတနစျာန်နှင့်အာရုံ နှစ်ပါးစုံကို မဖြစ်အောင်ပြုခြင်း၊ နှလုံးမသွင်းခြင်းဖြင့် လွန်မြောက်စေ၏။ အာကိဥ္စညာယတနစျာန်နှင့်အာရုံကို လွန်မြောက်မှသာလျှင် နေဝသညာ နာသညာယတနစျာန်သို့ ရောက်၍ နေဝသညာ နာသညာယတနစျာန်ကို ရရှိခံစားနိုင်သည်။

– **'နှလုံးသားဖြင့် ခံစားသည်'**ဟုဆိုကြရာ နှလုံးသားဖြင့် မခံစားနိုင်ပါ။

အကြောင်းမှာ နှလုံးသားသည် ရုပ်တရားသာဖြစ်၍ စိတ်၊စေတသိက်မရှိ၊အဗျာကတတရားဖြစ်၍အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ခက်မာကြမ်းတမ်းသော ပထဝီဓာတ်ပေတည်း။ နှလုံးသွင်းခြင်း၊ ဆင်ခြင်ခြင်း၊ အာရုံသိခြင်းကင်း၏။ ထို့ကြောင့် နှလုံးသားဖြင့် မခံစားနိုင်ပါ။

**– နှလုံးသား၌ ဓာတ်ကမ္မဋ္ဌာန်းရှုပုံ**

နှလုံးသားသည် ကိုယ်တွင်း၌ ရင်ရိုးချိုင့်၏အလယ်ကို မှီ၍တည်၏။ ရင်ရိုးချိုင့်အတွင်း ရပ်သည် ငါ့ကိုမှီ၍ နှလုံးသားတည်သည်ကိုမသိ၊ နှလုံးသားကလည်း ငါသည် ရင်ရိုးချိုင့်ကိုမှီ၍ တည်သည်ကို မသိပေ။

နှလုံးသားနှင့် ရင်ရိုးချိုင့်တို့သည် ရုပ်တရားသာဖြစ်၍ အချင်းချင်းနှလုံးသွင်းခြင်း၊ ဆင်ခြင်ခြင်း ကင်းကုန်၏။ နှလုံးသားဟူသည်မှာ ဤကိုယ်ထဲ၌ သီးခြားကောဋ္ဌာသတစ်ခု ဖြစ်၏။ စိတ်၊ စေတနာမရှိ၊ အဗျာကတတရားပေတည်း။ အတ္တမှဆိတ်၏၊ သတ္တဝါမဟုတ်၊ ခက်မာ, ကြမ်းတမ်းသော ပထဝီဓာတ်ပေတည်းဟု ဓာတ်ကမ္မဋ္ဌာန်းရှုအပ်၏။

**၄။ လောကီအဘိညာဉ်ငါးပါးကို ရေတွက်ပြ၍၊ ၎င်းတို့၏ ကောင်းကင်၌ပျံနိုင်ခြင်း၊**

**ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်ခြင်းတို့သည် အဘယ်တန်ခိုးစွမ်းကြောင့် ဖြစ်သည်ကိုလည်း ဖြေဆိုပါ။** *(စမန ၂၀၄၊ ၂၀၅)*

**အဖြေ** – လောကီအဘိညာဉ်ငါးပါးမှာ –

(၁) *ဣဒ္ဓိဝိဓအဘိညာဉ်* – မြေလျှိုး, မိုးပျံစသည့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်ခြင်း၊

(၂) *ဒိဗ္ဗသောတအဘိညာဉ်* – နတ်နားကဲ့သို့ တိုးသော, ဝေးသောအသံများကိုကြားနိုင်ခြင်း၊

(၃) *စေတောပရိယအဘိညာဉ်* – သူတစ်ပါးတို့၏အကြံများကို သိနိုင်ခြင်း၊

(၄) *ပုဗ္ဗေနိဝါသအဘိညာဉ်* – ရှေးရှေးဘဝများစွာကို ပြန်ပြောင်း၍ အောက်မေ့နိုင်ခြင်း၊

(၅) *စုတူပပါတခေါ် ဒိဗ္ဗစက္ခုအဘိညာဉ်* – နတ်မျက်စိကဲ့သို့ မြင်နိုင်ခြင်း တို့ဖြစ်သည်။

– ငှက်တို့၏ကောင်းကင်၌ ပျံနိုင်ခြင်းသည် ကံ၏အကျိုးကိုမှီ၍ ပြီးမြောက်သောတန်ခိုးဖြစ်ခြင်းကြောင့် '**ကမ္မဝိပါကဇိဒ္ဓိ**'မည်၏။

– ဝိသုဒ္ဓိမဂ်စာမေးပွဲအောင်မြင်ခြင်းသည် နည်းလမ်းမှန်စွာအားထုတ်မှုကြောင့် ပြီးမြောက်သောတန်ခိုးဖြစ်၍ '**တတ္ထတတ္ထသမ္မာပယောဂပစ္စယိဒ္ဓိ**'မည်ပါသည်။

**၅။ ယနေ့ခေတ်မျက်မှောက်ကမ္ဘာ၌ ကာဗွန်ဒိုင်အောင်ဆိုဒ်အညစ်အကြေး, မီးခိုးငွေ့ မြူမှုန်အညစ်အကြေးစသည်ဖြင့် အညစ်အကြေးအမျိုးမျိုးရှိကြရာ မြတ်စွာဘုရား အလိုတော်အားဖြင့် ထိုအညစ်အကြေးတို့မှ အသီးအခြားဖြစ်သော အညစ်အကြေး အစစ်တို့ကို အရှင်စူဠပန်ဝတ္ထုကိုရှု၍ ဖြေဆိုကာ မြေလျှိုး+မိုးပျံလိုသောတန်ခိုးရှင်တို့ ဝင်စားရမည့်ဈာန်တို့ကိုလည်း ဖြေဆိုပါ။** *(စမန ၂၁၁၊ ၂၂၁)*

**အဖြေ** – ယနေ့ခေတ်ကမ္ဘာ၌ ကာဗွန်ဒိုင်အောက်ဆိုဒ်အညစ်အကြေး, မီးခိုးငွေ့မြူမှုန် အညစ်အကြေးစသည်ဖြင့် အညစ်အကြေးအမျိုးမျိုးရှိကြရာ မြတ်စွာဘုရားအလိုတော်အားဖြင့် ထိုအညစ်အကြေး တို့မှ အသီးအခြားဖြစ်သော အညစ်အကြေးအစစ်တို့ကို အရှင်စူဠပန် ဝတ္ထုကိုရှု၍ ဖြေဆို ပြရသော် – အရှင်စူဠပန်သည် ဘုရားညွှန်ကြားတော်မူသည့်အတိုင်း အဝတ်ဖြူပိုင်းကို ဆုပ်နယ်လျက် ''ရဇောဟရဏံ, ရဇောဟရဏံ'' (ချေးကိုဆောင်ယူတတ် သောအဝတ်) ဟူ၍ အဖန်ဖန်ဆုပ်နယ်လတ်သော် အဝတ်ပိုင်းမည်းညစ်လာ၏။ ထိုအခါ အရှင်စူဠပန်သည် ''အဝတ်က ထက်ဝန်းကျင်စင်ကြယ်ပေ၏။ဤအဝတ်၌ အပြစ်မရှိ။ စင်စစ်မှာမူ ဤအပြစ်သည် ခန္ဓာကိုယ်၏အပြစ်ပေတည်း''ဟု အမှတ်သညာကိုရပြီးလျှင် ခန္ဓာငါးပါး၌ ဉာဏ်ကိုသွင်း၍ ဝိပဿနာရှုပွားရာ ဝိပဿနာဉာဏ်စဉ်တက်၍ အနုလောမဉာဏ်အားဖြင့် ဂေါတြဘုဉာဏ်အနီးသို့ ရောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ရောင်ခြည်တော်လွှတ်၍ အောက်ပါအဓိပ္ပါယ်ရှိသောဂါထာတို့ကို ဟောတော်မူ၏။

''တပ်စွဲမှုရာဂသည် ကြေးညှော်အညစ်အကြေးပေတည်း။ မြူမှုန်ကို အညစ်အကြေးဟု မဆိုအပ်။ ကြေးညှော်အညစ်အကြေးဟူသောအမည်သည် တပ်စွဲမှုရာဂ၏အမည်ပေတည်း။ ပညာရှိတို့သည် တပ်စွဲမှုရာဂဟူသောအညစ်အကြေးကို ပယ်စွန့်ကုန်၏။ ကိလေသာမြူ အညစ်အကြေးကင်းသော ဘုရားသာသနာတော်၌ နေကြကုန်၏။

''စိတ်ဆိုးပြစ်မှားမှုဒေါသသည် ကြေးညှော်အညစ်အကြေးပေတည်း ။ပ။ နေကြကုန်၏။

"အမှန်ကိုမသိမှု, အသိမှားမှုမောဟသည် ကြေးညှော်အညစ်အကြေးပေတည်း ။ပ။ ပညာရှိတို့သည် မောဟဟူသောအညစ်အကြေးကို ပယ်စွန့်ကုန်၍ ကိလေသာအညစ်အကြေး ကင်းသော သာသနာတော်၌ နေကြကုန်၏။"

ထိုဂါထာသုံးပိုဒ်အဆုံး၌ အရှင်စူဠပန်သည် ပဋိသမ္ဘိဒါလေးပါး, အဘိညာဏ်(၆)ပါး ခြံရံသော မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်ဟူသည့် လောကုတ္တရာတရားကိုးပါးကို ရလေ၏။

– မြေလျှိုး+မိုးပျံလိုသောတန်ခိုးရှင်တို့ ဝင်စား၊ မြည်ရှုချာန်တို့မှာ ရေကသိုဏ်း,မြေကသိုဏ်းတို့၌ စတုက္ကနည်းအရ ရူပါဝစရစတုတ္ထဈာန်တို့ကို ဝင်စားကြရပါသည်။

**– မြေလျှိုးလိုသောတန်ခိုးရှင်သည်–**

(၁) အာပေါကသိုဏ်း၌ ပါဒကဈာန်အဖြစ် ရူပါဝစရစတုတ္ထဈာန်ကို ဝင်စား၏။

(၂) ထိုဈာန်မှထ၍ ဤမျှသောအရပ်၌ "မြေသည် ရေဖြစ်စေ"ဟု ပိုင်းခြား၍ ပရိကံပြု၏။

(၃) အာပေါကသိုဏ်း၌ ပါဒကဈာန်ကို တစ်ဖန်ဝင်စား၍ ဈာန်မှထကာ "ဤမျှသောအရပ်၌ "မြေသည် ရေဖြစ်စေ" ဟု အဓိဋ္ဌာန်ပြု၏။

ဤ အဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ပိုင်းခြားသမျှအရပ်၌ ရေအတိဖြစ်၍ထိုရေတွင် တန်ခိုးရှင်သည် ငုတ်လျှိုးနိုင်,ပေါ်နိုင်၏။

**– မိုးပျံလိုသောတန်ခိုးရှင်သည်–**

(၁) ပထဝီကသိုဏ်း၌ ပါဒကဈာန်ကိုဝင်စား၍ ဈာန်မှထ၏။

(၂) ကောင်းကင်၌ ထိုင်လျက်သွားလိုလျှင်ဖြစ်စေ၊ ခြေလျင်သွားလိုလျှင်ဖြစ်စေ၊ လမ်းပမာဏရှိသောအရပ်ကို မြေပြင်ဖြစ်စေရန် ပရိကံပြု၏။

(၃) ပထဝီကသိုဏ်း၌ ပါဒကဈာန်ကို တစ်ဖန်ဝင်စား၍ ထိုဈာန်မှထကာ "ဤပိုင်းခြားထားသောအရပ်သည် မြေပြင်ဖြစ်စေ" ဟု အဓိဋ္ဌာန်ပြု၏။

ဤအဓိဋ္ဌာန်စိတ်ဖြစ်သည်နှင့်တစ်ပြိုင်နက် ပိုင်းခြားထားသောကောင်းကင်အရပ်သည် မြေပြင်ဖြစ်၏။ ထိုမြေပြင်ပေါ်၌ တန်ခိုးရှင်သည် စင်္ကြံသွားနိုင်၏။ ထိုင်နိုင်, လျောင်းနိုင်၏။

**၆။ တန်ခိုးရှင်ပုဂ္ဂိုလ်၏အဘိညာဉ်နားဓာတ်နှင့် နတ်တို့၏ပကတိနားဓာတ်တို့ တူပုံကို ဖြေဆို၍ နှစ်သက်ဝမ်းမြောက်မှု သောမနဿ, စိတ်ဆိုးမှု ဒေါမနဿ,အသင့်အတင့်ရှုမှု ဥပေက္ခာတရားတို့ ဖြစ်ပေါ်နေသောပုဂ္ဂိုလ်၏ နှလုံးသွေးအရောင်တို့ကို ဥပမာနှင့်တကွ ဖြေဆိုပါ။** *(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယတွဲ ၂၆၀၊ စမန ၂၄၇၊ ၂၄၉)*

**အဖြေ** – တန်ခိုးရှင်ပုဂ္ဂိုလ်၏အဘိညာဉ်နားဓာတ်နှင့် နတ်တို့၏ပကတိနားဓာတ်တို့တူပုံမှာ – နတ်တို့၏နားဓာတ်သည် ကောင်းမှုကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာသဖြင့် သည်းခြေ, သလိပ်, သွေး, လေတို့သည် မြေးယှက်, နှိပ်စက်, ညစ်ညူးကြောင်းအပြစ်ဒေါသမှ ကင်းစင်သည်အဖြစ်ကြောင့် ဝေးသောအသံအာရုံကို ခံယူနိုင်, ကြားနိုင်သည့် ပသာဒ သောတဓာတ်ဖြစ်၏။

တန်ခိုးရှင်ပုဂ္ဂိုလ်၏ ဝီရိယဘာဝနာအစွမ်းကြောင့်ဖြစ်သော ဒိဗ္ဗသောတအဘိညာဉ်ဟူသည့် နားဓာတ်သည် ထိုနတ်တို့၏ ပသာဒသောတဓာတ်နှင့် တူသည်သာလျှင်တည်း။ ဤသို့ နတ်တို့၏သောတဓာတ်နှင့် တူသောကြောင့် 'ဒိဗ္ဗ'မည်၏။ သဒ္ဒါရုံကိုယူတတ်သည့်အနက်

သဘောနှင့် အသက်ဇီဝမဟုတ်သောအနက်သဘောတို့ကြောင့် 'သောတခေတ်' မည်၏။ သောတခေတ်၏ကြားခြင်းကိစ္စကို ပြုခြင်းဖြင့် နတ်တို့၏ပသာဒသောတခေတ်နှင့် တူသောအနက်သဘောကြောင့်လည်း 'သောတခေတ်' မည်ပါသည်။

– နှစ်သက်ဝမ်းမြောက်မှု သောမနဿဖြစ်နေသော ပုဂ္ဂိုလ်၏နှလုံးသွေးအရောင်သည် နီ၍ ပညောင်သီးအဆင်းရှိ၏။

– စိတ်ဆိုးမှု ဒေါမနဿဖြစ်ပေါ်နေသောပုဂ္ဂိုလ်၏ နှလုံးသွေးအရောင်သည် မည်းနက်၍ သပြေသီးမှည့်အဆင်းရှိ၏။

– အသင့်အတင့်ရှုမှုဥပေက္ခာတရားဖြစ်ပေါ်နေသူ၏ နှလုံးသွေးအရောင်သည် ကြည်လင်၍ နှမ်းဆီအဆင်းရှိ၏။

**၇။ အတိတ်ဘဝတို့ကို မြင်နိုင်သောသာဝကတို့ကို မြင်နိုင်ရာကာလနှင့် တွဲစပ်ဖော်ပြ၍ ကမ္ဘာကြီးပျက်စီးခြင်း၏အဓိကတရားခံကို ထုတ်ပြကာ လောက၌ အကြီးမားဆုံးပြစ်မှု (ကံ)ကိုလည်း ညွှန်ပြပါ။** *(စမန ၂၅၁၊ ၂၆၄–၂၆၅၊ ၂၆၉)*

အဖြေ – အတိတ်ဘဝတို့ကို မြင်နိုင်သောသာဝကများနှင့် မြင်နိုင်ရာကာလတို့မှာ–

(၁) **ပကတိသာဝကများသည်** နာမ်ရုပ်ကိုပိုင်းခြားတတ်သောဉာဏ်ရှိသဖြင့် ပညာအားကောင်း သောကြောင့် ကမ္ဘာတစ်ရာမှ ကမ္ဘာတစ်ထောင်အထိ မြင်နိုင်ကြ၏။

(၂) **မဟာသာဝကများသည်** မိမိတို့ပါရမီဖြည့်ရာကာလဖြစ်သော ကမ္ဘာတစ်သိန်းတိုင်အောင် မြင်နိုင်ကြ၏။

(၃) **အဂ္ဂသာဝကများသည်** မိမိတို့၏ပါရမီဖြည့်ရာကာလဖြစ်သော ကမ္ဘာတစ်သချေင်္နှင့် တစ်သိန်းတိုင်အောင် မြင်နိုင်ကြ၏။

– **ကမ္ဘာကြီးပျက်စီးခြင်း၏အဓိကတရားခံမှာ "အကုသိုလ်မူလ"**ဖြစ်၏။ အကုသိုလ်မူလဖြစ်သော လောဘ, ဒေါသ, မောဟတို့ လွန်ကဲလာသောအခါ ကမ္ဘာပျက်စီး၏။တပ်စွဲမှုရာဂ လွန်ကဲများပြားလာသောအခါ မီးဖြင့်ကမ္ဘာပျက်စီး၏။ ဒေါသလွန်ကဲများပြားလာသောအခါ ရေဖြင့် ကမ္ဘာပျက်စီး၏။ မောဟလွန်ကဲများပြားလာသောအခါ လေဖျက်၍ ကမ္ဘာပျက်စီး၏။

– လောက၌အကြီးမားဆုံးပြစ်မှု(ကံ)သည် **"မိစ္ဆာဒိဋ္ဌိ"**ကံ ဖြစ်၏။

ဘုရားဟောသည်မှာ – "အို... ရဟန်းတို့ ဤမိစ္ဆာဒိဋ္ဌိကံသည် အလွန်အပြစ်ကြီး၏။ ထိုမိစ္ဆာဒိဋ္ဌိကံကဲ့သို့ အပြစ်ကြီးသော တစ်ပါးသောအကုသိုလ်ကံကို ငါဘုရားမြင်တော်မမူ၊ အပြစ်ရှိသောတရားတို့တွင် မိစ္ဆာဒိဋ္ဌိသာလျှင် အကြီးအမှူး ဖြစ်ပေ၏"

*(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယတွဲ ၃၀၀)*

**၈။ ဝိသုဒ္ဓိမဂ်ကျမ်းပြုတ်၏မူလတည်ရာဖြစ်သော 'သီလ၌တည်၍ စိတ်(သမာဓိ)ကိုလည်းကောင်း၊ ပညာကိုလည်းကောင်း ပွားစေသောရဟန်းသည် တဏှာအရှုပ်အထွေးကို ဖြေရှင်းနိုင်၏' ဟူသော ဒေသနာမြွက်၌ပွားစေရမည့်ပညာအရအဘယ်ပညာကိုယူရမည်နည်း? ဖြေဆို၍ ထိုပညာ၏ (စွမ်းရည်သတ္တိ)သိပုံအထူးကိုလည်းဖြေဆိုပါ။** *(ဝိသုဒ္ဓိမဂ်(ဒု) ၃၃၃၊ စမန ၂၉၄ ၂၉၅)*

အဖြေ – ပညာ၏တည်ရာ "မူလ" ဖြစ်သော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိတို့ကို ပြည့်စုံစေ

ပြီးနောက် ပွားစေရမည်၊ ပညာအရမှာ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိတို့ဖြစ်ပါသည်။ ဤဝိသုဒ္ဓိငါးပါးတို့သည် ပွားစေအပ်သည့်အဖြစ်ကြောင့် ပညာ၏''ကိုယ်''မည်၏။

**– ထိုပညာ၏(စွမ်းရည်သတ္တိ)သိပုံအထူးမှာ –** ''ပဇာနနဋ္ဌေန ပညာ''ဟူသည်နှင့်အညီ အထူးထူးအပြားပြားအားဖြင့် သိခြင်းသဘောကြောင့် ပညာမည်၏။ အထူးထူးအပြားပြား သိခြင်းဟူသည်ကား သညာနှင့်ဝိညာဏ်တို့၏သိခြင်းထက် ပို၍သိခြင်း ဖြစ်၏။

'သညာ'သည် ''အညို၊အရွှေ၊အရှည်၊အတို''စသည်ဖြင့် အာရုံကို မှတ်မိရုံမျှသာသိ၏။ ''အနိစ္စ၊ ဒုက္ခ၊ အနတ္တ' လက္ခဏာသုံးပါးကို ထိုးထွင်း၍သိရန် မစွမ်းနိုင်ပါ။

'ဝိညာဏ်'သည် ''အညို၊အရွှေ၊အရှည်၊အတို''စသည်ဖြင့် အာရုံကိုလည်း သိ၏။ ''အနိစ္စ၊ ဒုက္ခ၊ အနတ္တ'ဟု လက္ခဏာသုံးပါးကို ထိုးထွင်း၍လည်း သိနိုင်စွမ်း၏။ သို့သော် ဝိပဿနာ ဉာဏ်စဉ်အဆင့်ဆင့်တက်၍ အရိယမဂ်ဖြစ်ပေါ်ခြင်းသို့ ရောက်အောင်ကား မစွမ်းနိုင်ပါ။

'ပညာ'သည်ကား ''အညို၊အရွှေ၊အရှည်၊အတို''စသည်ဖြင့် အာရုံကိုလည်း သိ၏။ လက္ခဏာသုံးပါးကို ထိုးထွင်း၍လည်း သိနိုင်စွမ်း၏။ ဝိပဿနာဉာဏ်တို့ အဆင်ဆင့်တက်၍ အရိယမဂ်ဖြစ်ပေါ်ခြင်းသို့ ရောက်စေရန်လည်း စွမ်းနိုင်ပေ၏။

**၉။ ယဉ်ကျေးမှုအဆင့်အတန်း နိမ့်ကျလာသော ယနေ့ခေတ်လူ့လောကကြီးကို ယဉ်ကျေးမှုအဆင့်အတန်း ပြန်လည်မြင့်မားလာအောင် ဖြစ်ပွားစေရမည့် လောကပါလတရားတို့ကို ဖြေဆို၍ ၎င်းတို့၏ ထူးခြားချက်အသီးသီးကိုလည်း ဖြေဆိုပါ။**

*(စမန ၃၄၄၊ ၃၄၅)*

**အဖြေ** – ယဉ်ကျေးမှုအဆင့်အတန်း ပြန်လည်မြင့်မားလာအောင် ဖြစ်ပွားစေရမည့် လောကပါလတရားတို့မှာ **ဟိရီနှင့်ဩတ္တပ္ပတို့** ဖြစ်ကြ၏။ ၎င်းတို့သည် လောကကို စောင့်ရှောက်တတ်သော **လောကပါလတရားတို့ဟူ၍** မှတ်အပ်၏။ ၎င်းတို့၏ထူးခြားချက်မှာ ဟိရီသည် ကာယဒုစရိုက်စသည့် မကောင်းမှုတို့မှ ရှက်တတ်သောကြောင့် ဟိရီမည်၏။ ဤအမည်သည် ရှက်ခြင်းသဘော၏အမည်ပေတည်း။

(က) ဟိရီသည် မကောင်းမှုမှ စက်ဆုပ်ခြင်းလက္ခဏာရှိ၏။

(ခ) ရှက်သောအခြင်းအရာအားဖြင့် မကောင်းမှုတို့ကို မပြုခြင်းကိစ္စရှိ၏။

(ဂ) ရှက်သည့်အခြင်းအရာဖြင့်ပင်လျှင် မကောင်းမှုမှ တွန့်ဆုတ်သည့်အနေဖြင့် ဉာဏ်အားရှေးရှုထင်၏။

(ဃ) မိမိကိုယ်ကိုအလေးပြုခြင်းလျှင် နီးသောအကြောင်းရှိ၏။ မိမိကိုယ်ကို အလေးပြု၍ ဟိရီဖြင့် မကောင်းမှုကိုပယ်စွန့်၏။ အမျိုးကောင်းသမီးချွေးမကဲ့သို့တည်း။

ဩတ္တပ္ပသည် ကာယဒုစရိုက်စသည့် မကောင်းမှုတို့မှ ကြောက်လန့်တတ်သောကြောင့် ဩတ္တပ္ပမည်၏။ ဤအမည်သည် မကောင်းမှုမှထိတ်လန့်ခြင်း၏ အမည်ပေတည်း။

(က) ဩတ္တပ္ပသည် မကောင်းမှုမှ ကြောက်လန့်ခြင်းလက္ခဏာရှိ၏။

(ခ) ကြောက်တတ်သောအခြင်းအရာအားဖြင့် မကောင်းမှုတို့ကို မပြုခြင်းကိစ္စရှိ၏။

(ဂ) ကြောက်လန့်သောအခြင်းအရာအားဖြင့် မကောင်းမှုတို့ကို မပြုခြင်းကိစ္စရှိ၏။

(ဃ) သူတစ်ပါးတို့ကို အလေးပြုခြင်းလျှင် နိုးသောအကြောင်းရှိ၏။ သူတစ်ပါးကို အလေးပြု၍ ဩတ္တပ္ပဖြင့် မကောင်းမှုကို ပယ်စွန့်၏။ ပြည့်တန်ဆာနှင့်တူ၏။

**၁၀။ အမိဝမ်းသို့ သက်ရောက်ရခြင်း၌ အလွန်တရာဆင်းရဲပုံကို သံဝေဂဉာဏ် ရင့်သန်လာအောင် သေချာကျနစွာ ဖြေဆို၍ ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းစဉ်ရှစ်ပါး အကျင့်တရားကိုလည်း ထုတ်ပြပါ။**

(စမန ၄၃၁၊ ၄၄၆-၄၄၇)

**အဖြေ** - အမိဝမ်းသို့ သက်ရောက်ရခြင်း၌ အလွန်တရာဆင်းရဲရပုံ-

(စာမျက်နှာ ၄၃၁ အောက်ဆုံး ၂ ပိုဒ်ကို ရေးဖြေပါ)

**- နိဗ္ဗာန်သို့ရောက်ကြောင်း လမ်းစဉ်ရှစ်ပါး အကျင့်တရားမှာ-**

(၁) **သမ္မာဒိဋ္ဌိ** = မှန်စွာသိမြင်ခြင်း။

(က) သမ္မာဒိဋ္ဌိသည် မှန်စွာသိမြင်ခြင်းလက္ခဏာရှိ၏။

(ခ) ဝတ်သဘောကို ထင်ရှားပြခြင်း(ဝါ)သစ္စာလေးပါးကို ထင်ရှားပြခြင်းကိစ္စရှိ၏။

(ဂ) အဝိဇ္ဇာအမိုက်မှောင်ကို ဖျက်ဆီးခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

(၂) **သမ္မာသင်္ကပ္ပ** = မှန်စွာကြံစည်ခြင်း

(က) သမ္မာသင်္ကပ္ပသည် စိတ်ကို အာရုံသို့မှန်စွာ ရှေးရှုတင်ပေးခြင်းလက္ခဏာရှိ၏။

(ခ) နိဗ္ဗာန်အာရုံသို့ ရောက်စေခြင်း၊ သက်ဝင်စေခြင်းကိစ္စရှိ၏။

(ဂ) မိစ္ဆာသင်္ကပ္ပကို ပယ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

(၃) **သမ္မာဝါစာ** = မှန်စွာပြောဆိုခြင်း

(က) သမ္မာဝါစာသည် ကြားနာသူနှင့် ယှဉ်ဖက်တရားတို့ကို သိမ်းဆည်းခြင်းလက္ခဏာရှိ၏။

(ခ) မိစ္ဆာဝါစာမှ ကြဉ်ရှောင်ခြင်းကိစ္စရှိ၏။

(ဂ) မိစ္ဆာဝါစာကို ပယ်ခြင်းသဘောဟု ဉာဏ်အားရှေးရှုထင်၏။

(၄) **သမ္မာကမ္မန္တ** = မှန်စွာပြုလုပ်ခြင်း

(က) သမ္မာကမ္မန္တသည် အပြစ်ကင်းသောအမှုကို ဖြစ်စေခြင်းလက္ခဏာရှိ၏။

(ခ) မိစ္ဆာကမ္မန္တမှ ကြဉ်ရှောင်ခြင်းကိစ္စရှိ၏။

(ဂ) မိစ္ဆာကမ္မန္တကို ပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။

(၅) **သမ္မာအာဇီဝ** = မှန်စွာအသက်မွေးခြင်း

(က) သမ္မာအာဇီဝသည် ကိုယ်နှုတ်တို့ကို စင်ကြယ်စေခြင်းလက္ခဏာရှိ၏။

(ခ) သင့်လျော်သောအသက်မွေးမှုကို ဖြစ်စေခြင်းကိစ္စရှိ၏။

(ဂ) မိစ္ဆာဇီဝကို ပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။

(၆) **သမ္မာဝါယာမ** = မှန်စွာအားထုတ်ခြင်း

(က) သမ္မာဝါယာမသည် သမ္ပယုတ်တရားတို့ကို ချီးမြှောက်အားပေးခြင်း လက္ခဏာရှိ၏။

(ခ) မဖြစ်သေးသောအကုသိုလ်တရားတို့ကို မဖြစ်စေခြင်းစသော ကိစ္စရှိ၏။

(ဂ) မိစ္ဆာဝါယာမကို ပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။

(၇) **သမ္မာသတိ** = မှန်စွာမမေ့မလျော့ အမှတ်ရခြင်း

(က) သမ္မာသတိသည် အာရုံ၌ ကပ်၍တည်ခြင်းလက္ခဏာရှိ၏။
(ခ) သမ္မာသတိသည် အာရုံကို မမေ့မပျောက်စေခြင်း ကိစ္စရှိ၏။
(ဂ) မိစ္ဆာသတိကို ပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။

(၈) **သမ္မာသမာဓိ** = မှန်စွာစူးစိုက်တည်ကြည်ခြင်း
(က) သမ္မာသမာဓိသည် စိတ်ကိုမပျံ့လွင့်စေခြင်း မိမိကိုယ်တိုင်မပျံ့လွင့်ခြင်း လက္ခဏာရှိ၏။
(ခ) စိတ်ကို အာရုံ၌ အညီအညွတ်ကောင်းစွာထားခြင်းကိစ္စရှိ၏။
(ဂ) မိစ္ဆာသမာဓိကို ပယ်ခြင်းသဘောဟု ဉာဏ်အား ရှေးရှုထင်၏။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန
## ဝိသုဒ္ဓိမဂ်စာမေးပွဲ (ဒုတိယဆင့်) (၁၇-၁၂-၂၀၁၇)

**၁။ လုပ်ငန်းကိစ္စဟူသမျှ ကြိုတင်ပြင်ဆင်မှုရှိမှသာ ကြီးပွားအောင်မြင်တတ်ကြရာ မေတ္တာကမ္မဋ္ဌာန်းကို ဦးစွာစီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်ကြိုတင်ပြုလုပ်ရမည့် ပြုဖွယ်ကိစ္စနှင့် ဆင်ခြင်မှုတို့ကို ဖြေဆို၍ အမျက်ဒေါသပယ်ဖျောက်နည်းတို့တွင် အသုံးမကျသော ထင်းချောင်းဥပမာဖြင့် ဘုရားရှင်ဟောတော်မူပုံကိုလည်း ဖြေဆိုပါ။**
*(စမန ၂၉၊ ၃၀)*

**အဖြေ** - မေတ္တာကမ္မဋ္ဌာန်းကို ဦးစွာစီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်က **ကြိုတင်ပြုလုပ်ရမည့် ပြုဖွယ်ကိစ္စများမှာ**-
(၁) ပလိဗောဓဟူသည့် ကြောင့်ကြကြီးငယ်များကို ပယ်ဖြတ်ရမည်၊
(၂) ကျွမ်းကျင်သိမြင်သည့် ဆရာထံမှ ကမ္မဋ္ဌာန်းသင်ယူရမည်၊
(၃) ဆွမ်းစားခြင်းကိစ္စကို ပြုလုပ်ရမည်၊
(၄) ဆွမ်းဆီယစ်မှုကို ပယ်ဖျောက်ရမည်၊
(၅) ဆိတ်ငြိမ်သောအရပ်တွင် ကောင်းစွာခင်းအပ်သည့် နေရာ၌ အမျက်ဒေါသထွက်ခြင်း၏ အပြစ်ကိုလည်းကောင်း၊ သည်းခံခြင်း၏အကျိုးအာနိသင်ကိုလည်းကောင်း၊ ဆင်ခြင်အပ်၏။
**ဆင်ခြင်ရသည့်အကြောင်းမှာ**- (စမန ၇၉ နံပါတ် ၁၈(က) အောက်ဆုံးအပိုဒ်မှ ဆက်ဖြေပါ။)

**၂။ ပေးသူယူသူ ဤနှစ်လူတွင် အရင်ပေးသူရခြင်းသည် ကမ္မနိယာမပင်ဖြစ်ရာ သူတစ်ပါးအပေါ် မေတ္တာအအေးဓာတ် ပက်ဖျန်းသူ ဦးစွာရသောအကျိုး(၁၁)မျိုးတွင် ရှေ့(၅)မျိုးကို ဖြေဆို၍ ပြဟ္မဝိဟာရလေးပါးတို့၏အမြင့်ဆုံးအကျိုးတရားတို့ကိုလည်း ဖြေဆိုပါ။** *(စမန ၄၉၊ ၆၉)*

**အဖြေ** - မေတ္တာအအေးဓာတ် ပက်ဖျန်းသူ ဦးစွာရသောအကျိုး(၁၁)မျိုးတွင် ရှေ့(၅)မျိုးကို ဖော်ပြရသော်-
(၁) ချမ်းသာစွာအိပ်ရ၏။ အိပ်ပျော်နေသောအခါ ဈာန်သမာပတ်ဝင်စားသကဲ့သို့ ချမ်းသာ၏
(၂) ချမ်းသာစွာနိုးရ၏။ နေရောင်ခြည်ထိတွေ့၍ ပဒုမ္မာကြာပန်းပွင့်လာသကဲ့သို့ ကိုယ်၏ဖောက်ပြန်ခြင်းမရှိဘဲ ချမ်းသာစွာနိုးရ၏။
(၃) ယုတ်ညံ့သောအိပ်မက်ဆိုးကို မမြင်မက်ရပါ။ ခါးပြမ်းများဝိုင်းရံခြင်း၊ သားရဲများနှိပ်စက်ခြင်း

ကဲ့သို့သော အိပ်မက်ဆိုးများကို မမြင်မက်ပါ။

(၄) လူတို့က ချစ်၏။ မြင်သူ,ကြားသူ,အောက်မေ့သူအပေါင်းတို့က မေတ္တာစျာန်ပွားသူကို ချစ်နှစ်သက်ကြ၏။

(၅) နတ်တို့က ချစ်၏။ မေတ္တာစေတောဝိမုတ္တိပွားများသူကို လူတို့ချစ်ခင်သကဲ့သို့ နတ်,ဘီလူးတို့က ချစ်ခင်ကြ၏။

– **ဗြဟ္မဝိဟာရလေးပါးတို့၏အမြင့်ဆုံးအကျိုးတရားတို့မှာ–**

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဗြဟ္မဝိဟာရလေးပါးတို့သည် ပါရမီဆယ်ပါးနှင့်တကွ တရားကောင်းတရားမြတ်အားလုံးကို ပြည့်စုံစေနိုင်၏။

(၁) ''ဤသူကိုပေးသင့်၏၊ ဤသူကိုမပေးသင့်''ဟု ခွဲခြားခြင်းမပြုဘဲ အလှူခံသတ္တဝါအားလုံးတို့အား ပေးလှူခြင်းဖြင့် ဒါနပါရမီကို ဖြည့်ကျင့်ကြ၏

(စမန ၆၉–၇၀ တို့၌ ဖော်ပြထားသော နံပါတ် (၂)မှ (၁၀)အထိ ဆက်ဖြေပါ)

**၃။ ''ကသိုဏ်းရုပ်ကိုခွါ၏၊ ပယ်၏'' ဟူသောစကား၌ မည်သို့မည်ပုံခွါသည်ကို ဥပမာနှင့်တကွဖြေဆို၍ နေဝသညာ နာသညာယတနစျာန်၌ နေဝသညာနာသညာမည်ပုံနှင့် နေဝသညာ နာသညာယတန မည်ပုံကိုလည်း ဖြေဆိုပါ။** *(စမန ၁၀၀၊ ၁၁၂)*

**အဖြေ** – **''ကသိုဏ်းရုပ်ကို ခွါ၏၊ ပယ်၏''**ဟူသောစကား၌ မည်သို့မည်ပုံခွါသည်ကို ဥပမာနှင့်တကွ ဖြေဆိုရသော် – (စမန ၁၁၇ နံပါတ် ၃ အတိုင်းဖြေပါ)

**– နေဝသညာ နာသညာယတနစျာန်၌ နေဝသညာ နာသညာ မည်ပုံ**

နေဝသညာ နာသညာယတနစျာန်၌ ရုန့်ရင်းသောသညာမရှိခြင်းကြောင့် နေဝသညာ=သညာမရှိဟု ဖွင့်ဆို၏။ ရုန့်ရင်းသောသင်္ခါရတို့မှ ကြွင်းကျန်သည့် သိမ်မွေ့သော သင်္ခါရအဖြစ်ဖြင့် ထင်ရှားရှိသောကြောင့် နာသညာ=သညာမရှိသည်လည်း မဟုတ်ပေ။ ထိုနှစ်ပါးသောအကြောင်းတို့ကြောင့် **''နေဝသညာ နာသညာ''**မည်၏။

'နေဝသညာ နာသညာ'အမည်ရသော ထိုသညာသည် ကြွင်းသည့်ယှဉ်ဖက်တရားတို့၏ ်တည်ရာဟူသည့်အနက်ကြောင့် 'အာယတန'လည်း မည်၏။ ထို့ကြောင့် **''နေဝသညာ နာသညာယတန''**မည်ပါသည်။

**၄။ ''ပဋိသန္ဓေနေရခြင်းသည် အာဟာရကြောင့်'' ဟုဆိုသော် သင့်/မသင့်ရှင်းလင်းဖြေဆို၍၊ ဘုန်းကံကြီးသူများနှင့် ဘုန်းကံနည်းသူသန္တာန်၌ သည်းခြေစသော အာသယတို့တည်ရှိပုံထူးခြားချက်ကိုလည်း ဖြေဆိုပါ။** *(စမန ၁၃၀၊ ၁၃၃)*

**အဖြေ** – ''ပဋိသန္ဓေနေရခြင်းသည် အာဟာရကြောင့်ဟုဆိုသော် သင့်ပါသည်။

အဘယ်ကြောင့်ဆိုသော် ဝိညာဏအာဟာရ၌ ပဋိသန္ဓေနေရခြင်းဟူသောအေးရှိသောကြောင့် ဖြစ်ပါသည်။

– ဘုန်းကံကြီးသူနှင့် ဘုန်းကံနည်းသူတို့သန္တာန်၌ သည်းခြေစသောအာသယတို့ တည်ရှိပုံ ထူးခြားချက်မှာ – ဘုရား, ပစ္စေကဗုဒ္ဓါ, စကြာဝတေးမင်းစသည့် ဘုန်းကံကြီးမားသောသူ၌ သည်းခြေ, သလိပ်, ပြည်, သွေးဟူသည့် အာသယလေးပါးအနက် တစ်ပါးပါးသာ တည်ရှိ၏။

ဘုန်းကံနည်းသောသူတို့သန္တာန်၌ အာသယလေးပါးလုံးတည်ရှိကြ၏။

**၅။ "ဉာဏ်ရှေ့သွားရှိသော အပြစ်မြင်ခြင်းသည် အနုစ်ထင်ဖို့အတွက်သာ ဖြစ်သည်" ဟူသောစကား၌ စိတ်တည်ကြည်မှု–သမာဓိအနုစ်ထင်ဖို့အတွက် ကျေကျက်ပြီးသော အစာအာဟာရ၌ အပြစ်ရှုမြင်ပုံကိုဖြေဆို၍၊ ဝင်လေထွက်လေ၏ အကြောင်းတရား ကိုလည်း ဖြေဆိုပါ။** *(စမန ၁၃၅၊ ၁၅၆)*

**အဖြေ** – စိတ်တည်ကြည်မှုသမာဓိအနုစ်ထင်ဖို့အတွက် ကျေကျက်ပြီးသော အစာအာဟာရ၌ အပြစ်ရှုမြင်ပုံ – အစာသစ်အိမ်၌တည်သောအစာအာဟာရ..... (စမန ၁၃၅ နံပါတ်(၇) သို့မဟုတ် စမန ၁၈၄ နံပါတ် ၃၂ အတိုင်း ဆက်ဖြေပါ။)

– **ဝင်လေထွက်လေ၏အကြောင်းတရားမှာ** – ထောက်ကန်တောက်တင်းသည့် အခြင်းအရာရှိသော ဝါယောဓာတ်ဖြစ်ပါသည်။

**၆။ အဆီနှင့် ဆီကြည်တို့၏တည်ရာဌာနတို့ကို ညွှန်ပြ၍၊ ကြမ်းတမ်းသောဘီလူးဆိုးက ခေါင်းကိုပြင်းစွာပုတ်ခတ်ချိန်၌ နာကျင်မှုတစ်စုံတစ်ရာမဖြစ်ပေါ်သော အရှင်သာရိပုတ္တရာ မထေရ်၏တန်ခိုးကိုလည်း ဖြေဆိုပါ။** *(စမန ၁၅၃၊ ၂၀၀)*

**အဖြေ** – အဆီသည် ဝသောသူ၏တစ်ကိုယ်လုံးကို ပြန့်နှံ့၍တည်သော၊ ပိန်သောသူ၏ ခြေသလုံး, အသားပုံစသည်တို့ကို မှီ၍တည်သော ဖြစ်ခဲသည့်အဆီပေတည်း။

– **ဆီကြည်သည်** ပူလောင်, ပူအိုက်သည့်ကာလတို့၌ လက်ဖဝါးပြင်, လက်ဖမိုး, ခြေဖဝါးပြင်, ခြေဖမိုး, နှာခေါင်းဖူ, နဖူး, ပခုံးစွန်းတို့၌တည်သော အဆီကြည်ပေတည်း။

– **အရှင်သာရိပုတ္တရာမထေရ်သည်** အရှင်မဟာမောဂ္ဂလာန်မထေရ်နှင့်အတူ ကပေါတ မည်သောချောက်၌လသာသည့်ညဉ့်အခါဝယ် ဟင်းလင်းပြင်တွင် သမာပတ်ဝင်စား နေကြ၏။ အရှင်သာရိပုတ္တရာသည် ဦးခေါင်းရိတ်ပြီးစဖြစ်သဖြင့် လရောင်ကြောင့် ဦးခေါင်း ပြောင်လက်နေ၏။ ကြမ်းတမ်းသောဘီလူးဆိုးက အရှင်သာရိပုတ္တရာ၏ဦးခေါင်းကို ပြင်းထန်စွာ ပုတ်ခတ်၏။ ထိုပုတ်ခတ်သံသည် မိုးချုန်းသံကဲ့သို့မြည်၏။ အရှင်သာရိ ပုတ္တရာသည် ထိုပုတ်ခတ်မှုကြောင့် နာကျင်မှုတစ်စုံတစ်ရာမဖြစ်ပေ။ ဤသို့ နာကျင်မှု မဖြစ်ခြင်းသည် အရှင်သာရိပုတ္တရာမထေရ်၏ သမာပတ်ဝင်စားသည့် သမာဓိ၏ပျံ့နှံ့ခြင်း ကြောင့်ဖြစ်သဖြင့် '**သမာဓိဝိပ္ဖါရိဣဒ္ဓိ**'တန်ခိုးဖြစ်ပါသည်။

**၇။ ဇောတိကသူဌေးကြီး၏ ပုညဝတက္ကဒ္ဓိကို ဖြေဆို၍၊ ပုဗ္ဗေနိဝါသ(ရှေး၌နေဖူးသော ခန္ဓာအစဉ်)ကို အောက်မေ့ဆင်ခြင်နိုင်သောကာလအပိုင်းအခြားကို လည်း ပကတိသာဝကအလိုအားဖြင့် ဖြေဆိုပါ။** *(စမန ၂၀၄၊ ၂၅၁)*

**အဖြေ** – ဇောတိကသူဌေးကြီး၏ ပုညဝတက္ကဒ္ဓိမှာ မြေကြီးကိုဖောက်ခွဲ၍ ပတ္တမြားပြာသာဒ် ထွက်ပေါ်ခြင်း၊ ပဒေသာပင်(၆၄)ပင် ပေါက်ခြင်းတို့ဖြစ်၏။

– ပုဗ္ဗေနိဝါသကို အောက်မေ့ဆင်ခြင်နိုင်သောကာလအပိုင်းအခြားမှာ–ပကတိသာဝက အလိုအားဖြင့် နာမ်ရုပ်ကိုပိုင်းခြားတတ်သောဉာဏ်ရှိသဖြင့် ပညာအားကောင်း သောကြောင့် ကမ္ဘာတစ်ရာမှ ကမ္ဘာတစ်ထောင်အထိ အောက်မေ့နိုင်၏။

**၈။ ဆင်ခြင်မှုအားနည်းသောယနေ့ခေတ်၌ အချို့သောလူတို့၏စွပ်စွဲမှုနှင့်စပ်သော စကားတို့ကို အလွယ်တကူပြောဆိုခြင်းဖြင့် အရိယူပဝါဒကံဖြောက်နိုင်ရန် အင်မတန်နီးစပ်နိုင်ပုံကို သာကေဝတ္ထုတစ်ခုဖြင့် ရှင်းလင်းဖြေဆိုပါ။** *(စမန ၂၆၈)*

**အဖြေ** – အရိယာပုဂ္ဂိုလ်မှန်းသိလျက်ဖြစ်စေ မသိ၍ဖြစ်စေ ကဲ့ရဲ့စွပ်စွဲမိလျှင် အရိယူပဝါဒကံထိုက်၏။ ဤကံသည် ပဉ္စာနန္တရိယကံနှင့်အလားတူစွာ ဝန်လေးသောကံပေတည်း။ နတ်ရွာကိုလည်း တားမြစ်၏။ မဂ်ကိုလည်း တားမြစ်တတ်၏။ သို့သော် အပြစ်ကိုဖော်ပြ၍ တောင်းပန်ဝန်ချလျက် သည်းခံစေခြင်းဖြင့် ကုစားကောင်း၏။

သာကေဝတ္ထုမှာ ရွာတစ်ရွာ၌ ရဟန္တာတစ်ပါးနှင့် ရဟန်းငယ်တစ်ပါးတို့ ဆွမ်းခံဝင်ကြရာ ပထမအိမ်၌ပင် ပူနွေးသောယာဂုတစ်မှုတ်စီ ရကြ၏။ ရဟန္တာမထေရ်သည် လေရောဂါထ၍ ဝမ်းထဲနာကျင်လှသဖြင့် သစ်တုံးတစ်ခုပေါ်တွင်ထိုင်ကာ ယာဂုကိုသောက်၏။ ဤအပြုအမူကို ရဟန်းငယ်က စက်ဆုပ်သဖြင့် "ကိုယ်တော်ကြီးသည် ဆာလောင်ငတ်မွတ်လွန်းစွတကား။ ငါတို့အား ရှက်ဖွယ်ဖြစ်အောင် ပြုဘိ၏"ဟု ဆို၏။

ဆွမ်းခံပြီး၍ ကျောင်းသို့ပြန်ရောက်ကြသည့်အခါ မထေရ်ကြီးသည် ရဟန်းငယ်အား "ဤသာသနာ၌ သင့်မှာ ထောက်တည်ရာရှိပြီလား"ဟု မေး၏။

"မှန်ပါအရှင်ဘုရား၊ အကျွန်ုပ် သောတာပန်ဖြစ်ပါပြီ"ဟု ရဟန်းငယ်လျှောက်၏။

"အို ငါ့ရှင် ... သို့ဖြစ်လျှင် အထက်မဂ်ကိုရအောင် အားမထုတ်နှင့်တော့"

"အရှင်ဘုရား ... အဘယ်ကြောင့်နည်း"ဟု ရဟန်းငယ်ကမေး၏။

"အိုငါ့ရှင် ... သင်သည် ရဟန္တာကို စွပ်စွဲမိပြီ"ဟု မထေရ်ကြီးမိန့်ဆို၏။

ထိုအခါ ရဟန်းငယ်သည် မထေရ်ကြီးကို ကန်တော့တောင်းပန်၏။ ထို့ကြောင့် ရဟန်းငယ်၏အရိယူပဝါဒကံသည် အပြစ်မရှိတော့ဘဲ ပကတိအတိုင်း ပြန်ဖြစ်လေ၏။

**၉။ အတိတ်တရားကို အာရုံပြုသော စေတောပရိယဉာဏ်နှင့် ယထာကမ္မူပဂဉာဏ်တို့၏ အာရုံပြုပုံအထူးကို ဖြေဆိုရ၍ ဒဿနဘူမိပညာ၊ ဘာဝနာဘူမိပညာတို့၏အရကောက်တို့ကိုလည်း ဖြေဆိုပါ။** *(စမန ၂၇၅၊ ၂၇၉၊ ၂၈၇)*

**အဖြေ** – စေတောပရိယဉာဏ်သည် ခုနစ်ရက်အတွင်း အတိတ်ကာလ၌ဖြစ်သော စိတ်ကိုသာလျှင် အာရုံပြုနိုင်၏။ မှန်၏– ထိုစေတောပရိယဉာဏ်သည် စိတ်မှတစ်ပါးသော ခန္ဓာကိုလည်း ကောင်း၊ ခန္ဓာနှင့်စပ်သောတရားကိုလည်းကောင်း မသိနိုင်ပေ။ ထို့အပြင် မဂ်နှင့်ယှဉ်သည့်စိတ်ကို အာရုံပြုသောကြောင့်သာလျှင် ပရိယာယ်အားဖြင့် မဂ်အာရုံရှိသည်ဟု ဆိုရပေ၏။

**ယထာကမ္မူပဂဉာဏ်၏အာရုံသည် အတိတ်စေတနာကံမျှသာလျှင် ဖြစ်၏။ ဒဿနဘူမိပညာ၊ ဘာဝနာဘူမိပညာတို့၏ အရကောက်တို့မှာ**–

ပထမမဂ်စိတ်နှင့်ယှဉ်သောပညာသည် ဒဿနဘူမိပညာ(နိဗ္ဗာန်ကိုမြင်သောဘုံပညာ) မည်၏။ အထက်မဂ်စိတ်သုံးပါးနှင့် ယှဉ်သောပညာသည် ဘာဝနာဘူမိပညာ (ပွားစေအပ်သော ဘုံပညာ)မည်၏။

**၁၀။ မိမိစည်းစိမ်နှင့် သူတစ်ပါးတို့ ဆက်ဆံသည်ကို သည်းမခံနိုင်သောသဘောတရားကို ညွှန်ပြ၍ နိဗ္ဗာန်ကို သရုပ်အားဖြင့် ဟောတော်မမူရခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။**

*(စမန ၃၅၆၊ ၄၄၄-၄၄၅)*

အဖြေ – မိမိစည်းစိမ်နှင့် သူတစ်ပါးတို့ ဆက်ဆံသည်ကို သည်းမခံနိုင်သောသဘောတရားသည် 'မစ္ဆရိယ'စေတသိက်ဖြစ်၏။

**– နိဗ္ဗာန်ကို သရုပ်အားဖြင့် ဟောတော်မမူရခြင်းအကြောင်းမှာ–**

နိဗ္ဗာန်သည် ကာလသုံးပါးမှလွတ်သဖြင့် ကာလဝိမုတ်ဖြစ်၏။ အဇ္ဈတ္တ, ဗဟိဒ္ဓဟု နှစ်မျိုးမကွဲဘဲ ဗဟိဒ္ဓတစ်မျိုးသာဖြစ်၏။ သြဠာရိက, သုခုမဟု ၂ မျိုးမကွဲဘဲ သိမ်မွေ့သောကြောင့် သုခုမတစ်မျိုးသာဖြစ်၏။ ဟီန, ပဏီတဟု ၂ မျိုးမကွဲဘဲ မြင့်မြတ်သောကြောင့် ပဏီတ တစ်မျိုးသာ ဖြစ်၏။ ဒူရေ, သန္တိကေဟု ၂ မျိုးမကွဲပြားဘဲ ဉာဏ်နှင့်ဝေးသောကြောင့် ဒူရေ တစ်မျိုးသာဖြစ်၏။

ဤသို့ဆိုင်ရာဌာန၌ ၂ မျိုးမရ တစ်မျိုးစီသာရသောကြောင့် နိဗ္ဗာန်ကို "ဘေဒါဘာဝ=အကွဲအပြားမရှိ"ဟု ဆိုရ၏။ ဗဟိဒ္ဓ, သုခုမ, ပဏီတ, ဒူရဟူသော ၄ မျိုးကား အချင်းချင်း ကွဲပြားကြသည်မဟုတ်။ ဗဟိဒ္ဓနိဗ္ဗာန်သည်ပင် သုခုမလည်းဖြစ်၏၊ ပဏီတလည်းဖြစ်၏၊ ဒူရလည်းဖြစ်၏။

နိဗ္ဗာန်ကို အရိယမဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့ဖြင့် မြင်သိရသောကြောင့်လည်းကောင်း၊ အလုံးစုံကိုသိသော မြတ်စွာဘုရားတို့ ဟောတော်မူသောကြောင့်လည်းကောင်း၊ နိဗ္ဗာန်သည် အမှန်တကယ်ရှိသော ပရမတ်တရားအစစ် ဖြစ်ပေ၏။

မည်သည့်ဘုရားလက်ထက်က စ၍ ဖြစ်ခဲ့သည်ဟု ဤသို့ရှေ့အစွန်းမရှိခြင်းကြောင့် နိဗ္ဗာန်သည် အမွန်အစမရှိသော '**အပ္ပဘာဝတရား**' မည်၏။

နိဗ္ဗာန်သည် ရုပ်နာမ်သင်္ခါရတို့မှ ကင်းဆိတ်သောကြောင့် '**သုညတနိဗ္ဗာန်**' မည်၏။

ရုပ်နာမ်သင်္ခါရနိမိတ်တို့မှ ကင်းဆိတ်သောကြောင့် '**အနိမိတ္တနိဗ္ဗာန်**' မည်၏။ နိဗ္ဗာန်ကို အကြောင်းတစ်စုံတစ်ခုက မဖြစ်စေသောကြောင့် '**အသင်္ခတတရား**' မည်၏။

ဤသို့ ရုပ်နာမ်တရားတို့မှ ကင်းဆိတ်သော အသင်္ခတတရားဖြစ်သော အမွန်အစမရှိသော အပ္ပဘာဝဖြစ်သောကြောင့် နိဗ္ဗာန်သည် စ၍ဖြစ်ခြင်း, အိုခြင်း, နာခြင်း, သေခြင်းတို့ မရှိသောကြောင့် မပျက်စီးနိုင်သော ထာဝရတည်မြဲသည့်'**နိစ္စတရား**'ဖြစ်၏။

ဤသို့လျှင် နိဗ္ဗာန်သည် အကွဲအပြားမရှိ၊ ထာဝရတည်မြဲသည့်တစ်ခုတည်းသောတရားဖြစ်ခြင်းကြောင့် မြတ်စွာဘုရားသည် နိဗ္ဗာန်ကို သရုပ်အားဖြင့် ဟောတော်မမူခြင်း ဖြစ်၏။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန
## ဝိသုဒ္ဓိမဂ်စာမေးပွဲ (ဒုတိယဆင့်) (၂၃-၁၂-၂၀၁၈)

**၁။ မေတ္တာကုသလီ–မေတ္တာကျွမ်းကျင်သူဟု ခေါ်ဆိုနိုင်ဖို့ရန် အဘယ်အတိုင်းအတာထိ မေတ္တာဘာဝနာကို ပွားများသင့်ပါသနည်း? ဖြေဆို၍ လုံးစုံများစွာ သတ္တဝါစာရင်း၌ ချာကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်များကို ထည့်သွင်းရန်သင့်/မသင့် အကြောင်းပြ၍**

**ဥပမာဥပမေယျနှီးနှောဖြေဆိုပါ။** *(စမန ၄၄၊ ၄၉)*

**အဖြေ** – မေတ္တာကုသလီ–မေတ္တာကျွမ်းကျင်သူဟု ခေါ်ဆိုနိုင်ဖို့ရန် **ပုဂ္ဂိုလ်ခွဲခြားသည့် နယ်ပယ်၏ပျက်ခြင်း – သီမာသမ္ဘေဒကို ပြုနိုင်ရမည်။** ထိုပုဂ္ဂိုလ်သည် အဖန်တလဲလဲ မေတ္တာပွားခြင်းဖြင့် (၁) မိမိ၊ (၂) ချစ်အပ်သောပိယပုဂ္ဂိုလ်၊ (၃) အလယ်အလတ်မဇ္ဈတ္တပုဂ္ဂိုလ်၊ (၄) ရန်သူဝေရီပုဂ္ဂိုလ်တည်းဟူသော ပုဂ္ဂိုလ်လေးဦး၌ တူမျှသည့် မေတ္တာစိတ်ရှိသည်အဖြစ်ကို ပြီးပြည့်စုံစေလျက် မိမိ၊ သူတစ်ပါး၊ ချစ်သူ၊ မုန်းသူစသည်ဖြင့် ပုဂ္ဂိုလ်ခွဲခြင်းနယ်ပယ်၏ ပျက်ခြင်းဟူသည့် သီမာသမ္ဘေဒကို ပြုနိုင်ရမည်။

ထို့နောက် **မေတ္တာအပ္ပနာဈာန်ရောက်အောင် ပွားများရမည်။** သီမာသမ္ဘေဒပြုပြီးသည်နှင့် တစ်ပြိုင်နက် ပဋိဘာဂနိမိတ်နှင့် ဥပစာရဈာန်တို့ကို ရရှိ၏။ ထိုပဋိဘာဂနိမိတ်ကို ကြိမ်ဖန်များစွာ မှီဝဲပွားများသောအခါ မဆင်းရဲမပင်ပန်းဘဲ အပ္ပနာဈာန်သို့ရောက်၏။ ရူပါဝစရတတိယဈာန်(စတုက္ကနည်း) သို့မဟုတ် စတုတ္ထဈာန်(ပဉ္စကနည်း)တို့ကို ကျွမ်းကျင်နိုင်နင်းစွာရရှိအောင် ထိုပဋိဘာဂနိမိတ်ကိုပင် ဆက်လက်ပွားများနိုင်ရမည်။

ထို့နောက် **ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ ၅၂၈ သွယ်မေတ္တာပွားနည်းအရ–**

သတ္တဝါတို့ကို ပိုင်းခြားခြင်းမပြုဘဲ ဖြန့်အပ်သော အနောဓိသမေတ္တာစေတောဝိမုတ္တိ(၅)ပါး၊ သတ္တဝါကို ယောကျ်ား, မိန်းမစသည်ဖြင့် ပိုင်းခြား၍ဖြန့်အပ်သော ဩဓိသမေတ္တာစေတောဝိမုတ္တိ(၇)ပါး၊ အရပ်မျက်နှာအားဖြင့် ဖြန့်အပ်သောမေတ္တာစေတောဝိမုတ္တိ(၁၀)ပါးတို့ကို မေတ္တာပွားနည်း(၄)မျိုးဖြင့် စုစုပေါင်းမေတ္တာ ၅၂၈ သွယ်ကို ပွားများရမည်။ မေတ္တာ ၅၂၈ သွယ်ပွားနည်းသည် မေတ္တာစေတောဝိမုတ္တိ(ဝါ) **မေတ္တာဈာန်၏ ကွန့်မြူးစံပယ်ခြင်း–မေတ္တာဝိကုဗ္ဗနပင်ဖြစ်၏။**

ဤအတိုင်းအတာအထိ မေတ္တာပွားနိုင်လျှင် "**မေတ္တာကုသလီ–မေတ္တာကျွမ်းကျင်သူ**"ဟု ခေါ်ဆိုနိုင်ပါသည်။

**– လုံးစုံများစွာ သတ္တဝါစာရင်း၌ ရာဂကင်းပြီးသော ရဟန္တာပုဂ္ဂိုလ်များကို ထည့်သွင်းသင့်ပါသည်။** အကြောင်းမှာ တဏှာရာဂစသည့် ကိလေသာကင်းစင်သော ရဟန္တာကိုလည်း တင်စား၍ခေါ်ဆိုသောနည်း (ရုဠှီသဒ္ဒါ)အားဖြင့် 'သတ္တဝါ'ဟု ခေါ်ဆိုပါသည်။ ဥပမာ ဝါးနှီးဖြင့် ရက်လုပ်ထားသောယပ်ကို 'ထန်းရွက်ယပ်'နှင့် ပုံသဏ္ဌာန်တူသောကြောင့် 'ထန်းရွက်ယပ်'ဟု ခေါ်ဆိုသကဲ့သို့တည်း။ ရာဂကင်းပြီးသောရဟန္တာ၌ ခန္ဓာငါးပါးရှိ၏။ ရာဂမကင်းသော ပုဂ္ဂိုလ်၌လည်း ခန္ဓာငါးပါးရှိ၏။ ထို့ကြောင့် ရုဠှီသဒ္ဒါအားဖြင့် ရဟန္တာကို 'သတ္တဝါ'ဟုခေါ်ပါသည်။ ထို့ကြောင့် လုံးစုံများစွာ သတ္တဝါစာရင်း၌ ရဟန္တာပုဂ္ဂိုလ်များကို ထည့်သွင်းသင့်ပါသည်။

**၂။ အာပေါကသိုဏ်းကို ပွားများ၍ တတိယဈာန်ရသောပုဂ္ဂိုလ်အား ဥပေက္ခာစတုတ္ထဈာန် ဖြစ်နိုင်/မဖြစ်နိုင် အကြောင်းပြ၍ ဆုံးဖြတ်ပါ။** *(စမန ၅၈၊ ၅၉)*

**အဖြေ – အာပေါကသိုဏ်းကို ပွားများ၍ တတိယဈာန်ရသောပုဂ္ဂိုလ်အား ဥပေက္ခာစတုတ္ထဈာန်မဖြစ်နိုင်ပါ။** မေတ္တာဘာဝနာ၊ ကရုဏာဘာဝနာ၊ မုဒိတာဘာဝနာ တစ်ပါးပါးကို ပွားများသဖြင့် စတုက္ကနည်းဈာန်သုံးပါးကို ရရှိပြီးသောယောဂီပုဂ္ဂိုလ်များသာ

ဥပေက္ခာဘာဝနာပွားများ၍ ဥပေက္ခာစတုတ္ထဈာန်ဖြစ်နိုင်ပါသည်။

**ဥပေက္ခာဘာဝနာပွားပုံအစီအစဉ်မှာ** – ဥပေက္ခာဘာဝနာရှုပွားလိုသူသည် မေတ္တာဘာဝနာစသည်၌ စတုက္ကနည်းတတိယဈာန်ကို ရရှိထားရမည်။ ထိုတတိယဈာန်မှထ၍

(၁) မေတ္တာ, ကရုဏာ, မုဒိတာ ဘာဝနာသုံးပါး၌ အပြစ်ကိုရှုမြင်ရမည်။

(၂) ဥပေက္ခာဘာဝနာ၌ အကျိုးအာနိသင်ကို ရှုမြင်ရမည်။

မေတ္တာဘာဝနာစသည့် ရှေးဘာဝနာသုံးပါးသည် "ချမ်းသာကြပါစေ"၊ "ဆင်းရဲမှ လွတ်ကင်းကြပါစေ"၊ "ဝမ်းမြောက်ကြပါစေ" ဤသို့စသည်ဖြင့် သတ္တဝါတို့၌ ယုယမြတ်နိုးသော နှလုံးသွင်းမှုနှင့် ယှဉ်ခြင်းကြောင့်လည်းကောင်း၊ မုန်းခြင်း, ချစ်ခြင်း၏အနီး၌ ကျက်စားခြင်းကြောင့်လည်းကောင်း၊ ရှေးဖြစ်သည့်တတိယဈာန်နှင့် မေတ္တာ, ကရုဏာ, မုဒိတာတို့၌ အပြစ်ရှိခြင်းကို မြင်အောင်ရှုဆင်ခြင်ရမည်။

ဥပေက္ခာသည် ငြိမ်သက်သောသဘောရှိခြင်းကြောင့် ဥပေက္ခာနှင့်ယှဉ်သော စတုတ္ထဈာန်သည် တတိယဈာန်ထက် ပို၍ငြိမ်ဝပ်သိမ်မွေ့၏။ ဥပေက္ခာသည် သတ္တဝါတို့ကို ချစ်ခြင်း, မုန်းခြင်းမပြုဘဲ "သဗ္ဗေသတ္တာ ကမ္မဿကာ" – သတ္တဝါတို့သည် မိမိတို့ပြုထားသော ကံစီမံသည့်အတိုင်း ဖြစ်ကြရ၏"ဟု လျစ်လျူရှုသည့်အနေဖြင့် နှလုံးသွင်း၏။ ဤသို့ရှုပွားပါမှ မေတ္တာ, ကရုဏာ, မုဒုတာတို့ထက် ပိုသိမ်မွေ့သည့် ဥပေက္ခာစတုတ္ထဈာန် ဖြစ်နိုင်ပါသည်။

**၃။ အဘယ်ကို အနန္တအာကာသဟု ခေါ်ဆိုပါသနည်း? ဖြေဆို၍ အဘယ်တရားတို့ကို အာကာသာနဉ္စာယတနဟု ခေါ်ပါသနည်း? အကြောင်းပြဖြေဆိုပါ။** *(စမေ ၉၈၊ ၁၀၄)*

**အဖြေ** – 'အနန္တအာကာသ'နှင့် 'အာကာသာနဉ္စာယတန'ဟု ခေါ်ဆိုသောတရားတို့ကို အကြောင်းပြ၍ ဖြေဆိုရသော် – အာကာသာနဉ္စာယတနကမ္မဋ္ဌာန်းကို ရှုပွားလိုသော ယောဂီသည် ကြမ်းတမ်းသောရုပ် (ဝါ) ကရဇရုပ်၏အပြစ်ကို ရှုဆင်ခြင်ပြီးလျှင် အာကာသ ကသိုဏ်းမှတစ်ပါး ကျန်ကသိုဏ်းတစ်ပါးပါး၌ ရူပါဝစရစတုတ္ထဈာန်ကို ထူထောင်၏။ ဤစတုတ္ထဈာန်ဖြင့် ကရဇရုပ်ကို လွန်မြောက်၏။ သို့သော် ပဋိဘာဂနိမိတ်ဟူသော ကသိုဏ်းရုပ်သည် ကရဇရုပ်နှင့်အလားတူသဖြင့် ထိုကသိုဏ်းရုပ်ကိုလည်း လွန်မြောက်ရန် အလိုရှိ၏။

ယောဂီသည် ရူပါဝစရစတုတ္ထဈာန်၏အာရုံဖြစ်သော ကသိုဏ်းရုပ်မှ ငြီးငွေ့၍ဖဲခွါလိုသဖြင့် ထိုဈာန်ကို ဝသီအောင်ငါးတန်ဖြင့် နိုင်နင်းကျွမ်းကျင်အောင် လေ့ကျင့်ပြီးသော် ထိုဈာန်မှထ၍ ဈာန်ကိုဆန်းစစ်၏။ "ဤစတုတ္ထဈာန်သည် ငါငြီးငွေ့သည့် ကသိုဏ်းရုပ်တို့ အာရုံပြု၏။ သောမနဿရန်သူနှင့် နီးကပ်၏။ ငြိမ်သက်သောပထမအရူပဈာန်ထက် ရုန့်ရင်းကြမ်းတမ်း၏"ဟု အပြစ်ကိုရှု၏။

ယောဂီသည် ရူပစတုတ္ထဈာန်၌ အပြစ်မြင်ပြီးနောက် နှစ်သစ်တွယ်တာမှု = နိကန္တိ တဏှာကို ကုန်စေ၍ အာကာသာနဉ္စာယတနဈာန်ကို ငြိမ်သက်သောအားဖြင့် အဆုံးမရှိသော အားဖြင့် နှလုံးသွင်း၏။ ထို့နောက် ကသိုဏ်းရုပ်ဟူသည့် ပဋိဘာဂနိမိတ်ကို စကြာဝဠာအဆုံး တိုင်အောင်ဖြစ်စေ အလိုရှိသလောက်အရပ်တိုင်အောင်ဖြစ်စေဖြန့်၍ ထိုကသိုဏ်းရုပ်ပြန့်

နှံ့ရာ ထိတွေ့ရာဟင်းလင်းပြင်အရပ်ကို ''အာကာသ၊ အာကာသ''ဟူ၍ဖြစ်စေ၊ ''အနန္တော အာကာသော''(အဆုံးအပိုင်းအခြားမရှိသောဟင်းလင်းပြင်)ဟူ၍ဖြစ်စေ နှလုံးသွင်းလျက် ကသိဏ်းရုပ်ကို ခွါ၏။ ပယ်၏။ ယင်းကသိဏ်းရုပ်ကို ယောဂီက နှလုံးမသွင်းခြင်းမျှကိုလည်းကောင်း၊ ''အာကာသ၊ အာကာသ''ဟု နှလုံးသွင်းခြင်းမျှကို လည်းကောင်း ကသိဏ်းရုပ်ကိုခွါခြင်းဟု ဆိုလို၏။

ဤသို့ဆင်ခြင်သော ပရိကံနှလုံးသွင်းမှုဖြင့် ထိုကသိဏ်းနိမိတ် ရုတ်တရက်ကွာရှင်း ပျောက်ကွယ်သွားသောအခါ ထိုကသိဏ်းပြန့်နှံ့ခဲ့ရာအရပ်သည် အနန္တအာကာသအဖြစ် ထင်ပေါ်လာ၏။ ဤအနန္တအာကာသနိမိတ်ကို ''အာကာသ၊ အာကာသ''ဟု အဖန်တလဲလဲ ရှုဆင်ခြင်၏။ အဖန်တလဲလဲမှီဝဲပွားများ၏။ ဤသို့အဖန်ဖန်ဆင်ခြင်နှလုံးသွင်းသော ယောဂီအား အာကာသနိမိတ်ကို အာရုံပြုလျက် အာကာသာနဉ္စာယတနစိတ်သည် အပ္ပနာအစွမ်းဖြင့်ဖြစ်၏။

သို့ဖြစ်၍ ''**အနန္တအာကာသ**''ဟူသည်မှာ ဖြစ်ခြင်းဟူသော အဆုံးအပိုင်းအခြားလည်းမရှိ၊ ပျက်ခြင်းဟူသော အဆုံးအပိုင်းအခြားလည်းမရှိ၊ စကြဝဠာအဆုံးတိုင်အောင်ဖြစ်စေ၊ အလိုရှိသလောက်အရပ်ကိုဖြစ်စေ, ဖြန့်ထားသည့်ကသိဏ်းရုပ်ကို ခွါခြင်းဖြင့်ပြီးစီးသော ဟင်းလင်းပြင်အာကာသဖြစ်၏။ ဤအာကာသသည် အဆုံးအပိုင်းအခြားမရှိဟု နှလုံးသွင်းခြင်း၏အစွမ်းဖြင့်လည်း အနန္တ = အဆုံးအပိုင်းအခြားမရှိဟု သိအပ်၏။ ထို့ကြောင့် ''အနန္တအာကာသ''သည် ''**အဆုံးအပိုင်းအခြားမရှိသောကောင်းကင်**''ဟု ဆိုအပ်၏။

''**အာကာသာနဉ္စာယတန**'' မည်ပုံမှာ ဖြစ်ခြင်း, ပျက်ခြင်းအဆုံးအပိုင်းအခြားမရှိသော အာကာသကို အနန္တအာကာသ(ဝါ)အာကာသာနန္တမည်၏။ အာကာသာနန္တသည်ပင်လျှင် အာကာသာနဉ္စမည်၏။ အဆုံးအပိုင်းအခြားမရှိသောကောင်းကင်ဟူသော ''အာကာသာနဉ္စ'' သည် ယှဉ်ဖက်တရားတို့နှင့်တကွဖြစ်သော ဈာန်၏တည်ရာဖြစ်သောကြောင့် ''**အာကာသာနဉ္စာယတန**''မည်၏။ နတ်ဒေဝါတို့၏တည်ရာ 'အာယတန' သည် 'ဒေဝါယတန' မည်သကဲ့သို့တည်း။

**၄။ အာဟာရ၏တည်ရာ အာသယတို့ကို ဖော်ပြလျက်၊ ယင်းအာသယတရားများ ပုဂ္ဂိုလ်အာလုံးတို့၌ တသမတ်တည်း တည်ပါသလော? ဖြေဆိုကာ၊ စားမျိုလိုက်သော အာဟာရတို့သည် မည်သို့သောအခြင်းအရာဖြစ်တည်သွားသည်ကို ယင်းအာယတ တရားဖြင့် ဆင်ခြင်ပြခဲ့ပါ။** *(စမန ၁၃၃၊ ၁၃၄)*

**အဖြေ** – အာဟာရ၏တည်ရာ အာယသတို့မှာ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေးတို့ ဖြစ်ပါသည်။

ယင်းအာသယလေးပါးသည် ပုဂ္ဂိုလ်အားလုံးတို့၌ တသမတ်တည်း မတည်ရှိပါ။ ဘုရား, ပစ္စေကဗုဒ္ဓါ၊ စကြဝတေးမင်းစသည့် ဘုန်းကံကြီးမားသောသူတို့၌ တည်ရာအာသယ လေးပါးအနက် တစ်ပါးပါးရှိ၏။ ဘုန်းကံနည်းသောသူတို့မှာ တည်ရာအာသယလေးပါးလုံး ရှိကုန်၏။

– စားမျိုလိုက်သော အာဟာရတို့သည် သည်းခြေအာသယလွန်ကဲသူမှာ ဖြစ်ခွဲသော

သစ်မည်စည်ဆီဖြင့် လိမ်းကျန်ထားသလို အလွန်စက်ဆုပ်ဖွယ်အဖြစ်သို့ ရောက်၍တည်၏။

– စားမျိုလိုက်သောအာဟာရတို့သည် သလိပ်အာသယလွန်ကဲသောသူမှာ ဝက်ချေးပန်းရွက် ရည်ဖြင့် လိမ်းကျံထားသကဲ့သို့ အလွန်စက်ဆုပ်ဖွယ်ရာအဖြစ်ဖြင့် တည်၏။

– စားမျိုလိုက်သော အာဟာရတို့သည် ပြည်အာသယလွန်ကဲသောသူမှာ ရက်တက်ပုပ် ရည်ဖြင့် လိမ်းကျံထားသလို အလွန်စက်ဆုပ်ရွံရှာဖွယ်ဖြစ်၍ တည်၏။

– စားမျိုလိုက်သောအာဟာရတို့သည် သွေးအာသယလွန်ကဲသောသူမှာ နီသောဆိုးရည် သို့မဟုတ် ချိတ်ရည်ဖြင့် လိမ်းကျံထားသကဲ့သို့ အလွန်စက်ဆုပ်ရွံရှာဖွယ်ဖြစ်၍ တည်၏။

**၅။ မည်သည့်တရားက အထောက်အပံ့ပေးအပ်သောစိတ်သည် မည်သည့်တရားကြောင့် တုန်လှုပ်ခြင်းမရှိပါသနည်း? အသီးသီးဖြေဆို၍ ယောသကသူဌေးသား သေဘေးမှ အကြိမ်ကြိမ်လွတ်မြောက်ရခြင်းသည် အဘယ်ဣဒ္ဓိကြောင့်ဖြစ်ပါသနည်း? ဖော်ပြပါ။**

*(စမန ၂၀၈၊ ၂၀၄)*

**အဖြေ** –(၁) မတွန့်ဆုတ်သောစိတ်သည် ပျင်းရိခြင်းကြောင့် မတုန်လှုပ်။

(၂) မပျံ့လွင့်သောစိတ်သည် ပျံ့လွင့်မှုကြောင့် မတုန်လှုပ်။

(၃) ကပ်ငြိသောအားဖြင့် မညွတ်သောစိတ်သည် တပ်မက်မှု(ရာဂ)ကြောင့် မတုန်လှုပ်။

(စာမျက်နှာ ၂၀၈ မူလခေါ် အမြစ်အရင်း ၁၆ ပါးကို ဆက်ရေးဖြေပါ)

– ယောသကသူဌေးသား သေဘေးမှ အကြိမ်ကြိမ်လွတ်မြောက်ရခြင်းသည် သူ၏ **ပုညဝတောဣဒ္ဓိ** = ထူးခြားသောကောင်းမှုရှင်တို့၌ ပြီးမြောက်ပြည့်စုံသောတန်ခိုးကြောင့် ဖြစ်ပါသည်။

**၆။ စတသော ဘူမိယော ပါဒေ၊ စတ္တာရော ဋ္ဌပဒါနိ စ – ၌ ဘူမိ–အရ ပါဒ–အရ တို့ကို ကောက်ပြ၍၊ ရဇ(မြူမှုန်)ဟူသောအမည်သည် အဘယ်တရားတို့၏ မှုပိုင်ဖြစ်ပါသနည်း? မှန်ကန်စွာဖြေဆိုပါ။** *(စမန ၁၄၁၊ ၁၃၈–၁၄*

**အဖြေ** – **ဘူမိ–အရ** သည် ဘုံအဆင့်(၄)ပါးခေါ် ရူပါဝစရဈာန် ၄ ပါး တို့ပင်တည်း။

(၁) ပထမဈာန်သည် နီဝရဏကင်းဆိတ်ခြင်းကြောင့်ဖြစ်သော ဝိဝေကဇဘုံတည်း။

(၂) ဒုတိယဈာန်သည် ပီတိ, သုခကြောင့်ဖြစ်သော ပီတိသုခဘူမိတည်း။

(၃) တတိယဈာန်သည် ဥပေက္ခာ, သုခကြောင့်ဖြစ်သော ဥပေက္ခာသုခဘူမိတည်း။

(၄) စတုတ္ထဈာန်သည် အဒုက္ခ–ဒုက္ခလည်းမဟုတ်၊ မသုခ–သုခလည်းမဟုတ်သည့် ဥပေက္ခာကြောင့်ဖြစ်သော အဒုက္ခမသုခဘူမိတည်း။

– **ပါဒ–အရ**သည် တန်ခိုးဣဒ္ဓိဖန်ဆင်းမှု၏ အခြေခံအကြောင်းလေးပါးဖြစ်သော ဣဒ္ဓိပါဒ်လေးပါးဖြစ်၏။ ဣဒ္ဓိပါဒ်လေးပါးတို့မှာ–

(၁) ဆန္ဒလွန်ကဲသောသမာဓိ (ဆန္ဒသမာဓိ)၊ ပြင်းစွာအားထုတ်မှုသင်္ခါရ(ပဓာနသင်္ခါရ)တို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်၊

(၂) ဝီရိယလွန်ကဲသောသမာဓိ (ဝီရိယသမာဓိ)၊ ပြင်းစွာအားထုတ်မှုသင်္ခါရ(ပဓာနသင်္ခါရ)တို့နှင့်

ပြည့်စုံသော ဣဒ္ဓိပါဒ်၊
(၃) စိတ်လွန်ကဲသောသမာဓိ (စိတ္တသမာဓိ)၊ ပြင်းစွာအားထုတ်မှုသင်္ခါရ(ပဓာနသင်္ခါရ)တို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်၊
(၄) ပညာလွန်ကဲသောသမာဓိ (ဝီမံသာသမာဓိ)၊ ပြင်းစွာအားထုတ်မှုသင်္ခါရ(ပဓာနသင်္ခါရ)တို့နှင့် ပြည့်စုံသော ဣဒ္ဓိပါဒ်တို့ ဖြစ်ပါသည်။
– ရဇ(မြူမှုန်)ဟူသောအမည်သည် တပ်စွဲမှုရာဂ၊ စိတ်ဆိုးပြစ်မှားမှုဒေါသ၊ အမှန်မသိမှု၊ အမှားသိမှုမောဟတို့၏ မှုပိုင်အမည်ဖြစ်ပါသည်။

စူဠပန်အား မြတ်စွာဘုရားသည် ရောင်ခြည်လွှတ်၍ ဟောကြားတော်မူသည်မှာ –

''တပ်စွဲမှုရာဂသည် ကြေးညှော်အညစ်အကြေးပေတည်း။ မြူမှုန်ကို ကြေးညှော်အညစ်အကြေးဟု မဆိုအပ်။ ကြေးညှော်အညစ်အကြေးဟူသောအမည်သည် တပ်စွဲမှုရာဂ၏အမည်ပေတည်း။ ပညာရှိတို့သည် တပ်စွဲမှုရာဂဟူသောအညစ်အကြေးကို ပယ်စွန့်ကုန်၍ ကိလေသာမြူအညစ်အကြေးကင်းသော သာသနာတော်၌ နေကြကုန်၏။

''စိတ်ဆိုးပြစ်မှားမှုဒေါသသည် ကြေးညှော်အညစ်အကြေးပေတည်း။ ပ ။ နေကြကုန်၏။

''အမှန်ကိုမသိမှု၊ အသိမှားမှုမောဟသည် ကြေးညှော်အညစ်အကြေးပေတည်း ။ ပ ။ နေကြကုန်၏။''

**၇။ လောကဝ၌ ဟီန, ပဏီတ, သုဝဏ္ဏ , ဒုဗ္ဗဏ္ဏသတ္တဝါများဖြစ်ရခြင်းသည် အဘယ်တရားများ၏ အကျိုးဆက်ဖြစ်သည်ကို ခွဲခြားရှင်းပြ၍ သောတာပန်ဒါယိကာမ တစ်ဦးကို ဂုဏ်သိက္ခာညှိုးနွမ်းစေလိုမှုဖြင့် ''ဤမိန်းမသည်လင်ငယ်နေ၏''ဟု စွပ်စွဲသောသူအား အရိယူပဝါဒကံ ထိုက်/မထိုက်ဆုံးဖြတ်ပြပါ။**

*(ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ–ဒုတိယတွဲ ၂၉၄၊ ၂၉၆၊ ဝမန ၂၆၆၊ ၂၆၇)*

**အဖြေ – လောကဝ၌ ဟီန – ယုတ်သောသတ္တဝါများဖြစ်ရခြင်းသည်** မောဟ၏အကျိုး **ဆက်နှင့်ယှဉ်သည့် အဖြစ်ကြောင့် ယုတ်ညံ့သောဇာတ်, အမျိုး, စည်းစိမ်ဥစ္စာစသည်တို့၏ အစွမ်းအားဖြင့် ရုပ်ချအပ်, မထီမဲ့မြင်ပြုအပ်ကုန်၏။**

**ပဏီတ – မြတ်သောသတ္တဝါများဖြစ်ခြင်းသည်** အမောဟ၏အကျိုးဆက်နှင့်ယှဉ်သည့် **အဖြစ်ကြောင့် မယုတ်ညံ့ခြင်းစသည်ဖြင့်** ထိုအယုတ်မှပြောင်းပြန်အကျိုးရှိကြကုန်၏။

**သုဝဏ္ဏ – အဆင်းလှသောသတ္တဝါများဖြစ်ခြင်းသည်** အဒေါသ၏အကျိုးဆက်နှင့်ယှဉ်သည့်အဖြစ်ကြောင့် လိုချင်, နှစ်သက်, မြတ်နိုးဖွယ်အဆင်းနှင့် ပြည့်စုံကြကုန်၏။

**ဒုဗ္ဗဏ္ဏ – အဆင်းမလှသောသတ္တဝါများဖြစ်ခြင်းသည်** ဒေါသ၏အကျိုးဆက်နှင့်ယှဉ်သည့်အဖြစ်ကြောင့် မလိုချင်, မနှစ်သက်ဖွယ်, မုန်းဖွယ်အဆင်းနှင့် ပြည့်စုံကြကုန်၏။

– သောတာပန်ဒါယိကာမတစ်ဦးကို ဂုဏ်သိက္ခာညှိုးနွမ်းစေလိုမှုဖြင့် '' ဤမိန်းမသည်လင်ငယ်နေ၏'' ဟု စွပ်စွဲသောသူအား အရိယူပဝါဒကံထိုက်ပါသည်။

အကြောင်းကား ''အရိယာတို့ကိုစွပ်စွဲခြင်း''ဟူသည်မှာ ဘုရား, ပစ္စေကဗုဒ္ဓါနှင့်အရိယာတို့အား ယုတ်စွအဆုံး လူဝတ်ကြောင်သောတာပန်ပုဂ္ဂိုလ်တို့ကို အကျိုးမဲ့ဖြစ်အောင် အန္တိမ

ဝတ္ထုခေါ် သီလပျက်ကြောင်းအမှုဖြင့်သော်လည်းကောင်း၊ ထင်ရှားလက်ရှိရှာနစ်သောဂုဏ်ကို ဖျက်ဆီးခြင်းဖြင့်သော်လည်းကောင်း၊ စွပ်စွဲ၊ ဆဲရေး၊ ကဲ့ရဲ့တတ်ခြင်းဖြစ်သည်ဟု မိန့်ဆိုထားသောကြောင့်ပင်တည်း။

**၈။ သညာသိနှင့် ပညာသိတို့၏ သိပုံအခြင်းအရာ ထူးခြားဟန်ကို သိသာရုံခွဲခြားပြ၍ ပညာသိဖြင့် သိမြင်နိုင်ဖို့ရန် အနီးကပ်ဆုံးအကြောင်းတရားကိုလည်း မှန်ကန်စွာ ဖြေဆိုပါ။** *(စမန ၂၉၄–၂၉၆)*

**အဖြေ** – သညာသိနှင့် ပညာသိတို့၏ သိပုံအခြင်းအရာ ထူးခြားဟန်ကား – သညာသည် "အညို၊ အရွှေ"စသည်ဖြင့် အာရုံကို မှတ်သိရုံမျှသာသိ၏။ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ"ဟု လက္ခဏာသုံးပါးကို ထိုးထွင်း၍သိရန်မူ မစွမ်းနိုင်ချေ။

ပညာသိသည် "အညို၊ အရွှေ"စသည်ဖြင့် အာရုံကိုလည်းသိ၏။ "အနိစ္စ၊ ဒုက္ခ၊ အနတ္တ"ဟု လက္ခဏာသုံးပါးကိုလည်း ထိုးထွင်း၍သိ၏။ ဥဒယဗ္ဗယဉာဏ်အစဉ်ဖြင့် အားထုတ်၍ မဂ်ကိုရခြင်းအဖြစ်သို့လည်း ရောက်စေနိုင်၏။ ဤသို့ ထူးခြားပေ၏။

**ပညာသိဖြင့် သိမြင်နိုင်ဖို့ရန် အနီးကပ်ဆုံးအကြောင်းတရားသည် စိတ်တည်ကြည်ခြင်း သမာဓိဖြစ်ပါသည်။**

"*သမာဟိတော ယထာဘူတံ ဇာနာတိ ပဿတိ*" "စိတ်တည်ကြည်သောသူသည် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြားသိမြင်၏" ဟု ဟောတော်မူသည်နှင့်အညီ စိတ်တည်ကြည်ခြင်း – သမာဓိသည် ပညာ၏ပဒဋ္ဌာန် (နီးသောအကြောင်း) ဖြစ်ပေ၏။

**၉။ မည်သို့သောသဘောတရားရှိသောအရာကို သစ္စာဟုခေါ်ပါသနည်း? ဖြေဆို၍၊ တဏှာ၏သစ္စာထိုက်ခြင်းအကြောင်းကိုလည်း ဖြေဆိုပါ။** *(စမန ၄၂၂၊ ၄၂၄၊ ၄၂၅)*

**အဖြေ** – **မှန်ကန်သောသဘောတရားကို 'သစ္စာ'ဟုခေါ်ပါသည်။** သာဓကအဖြစ် ဥပါဒါနက္ခန္ဓာငါးပါးသည် အကြောင်းကြောင့်ဖြစ်ပေါ်ပြီး လျင်မြန်စွာပင်အမြဲချုပ်ပျက်ပြီး ကွယ်ပျောက်သွားကြ၏။ ဥပါဒါနက္ခန္ဓာ၏ဖြစ်တည်ပျက်တို့ကို ဇာတိ–ဇရာ–မရဏဟု ခေါ်၏။ ဥပါဒါနက္ခန္ဓာနှင့်တကွ ဇာတိ–ဇရာ–မရဏတို့သည် ဆင်းရဲခြင်းအမှန်တရား=ဒုက္ခသစ္စာ မည်၏။

**ဒုက္ခကိုသစ္စာဟုသိအပ်ပုံမှာ** – ဒုက္ခသည် နှိပ်စက်တတ်သည်သာတည်း၊ မနှိပ်စက်တတ်သည်မရှိ။ ဒုက္ခမှတစ်ပါးသောတရားသည် မနှိပ်စက်တတ်၊ ဒုက္ခသည်သာ နှိပ်စက်တတ်၏။ ထို့ကြောင့် ဒုက္ခ၌ နှိပ်စက်တတ်သောအဖြစ်မြဲခြင်း၊ နှိပ်စက်ခြင်း၌ ဒုက္ခ၏ ကိန်းသေမြဲခြင်းအားဖြင့် ဒုက္ခကို သစ္စာ = အမှန်တရားဟုသိအပ်၏။

**တဏှာ၏သစ္စာထိုက်ခြင်းအကြောင်းမှာ** – တဏှာ(လောဘ)သည် ဥပါဒါနက္ခန္ဓာဟူသော ဘဝသစ်ကို တစ်ဖန်ဖြစ်စေ၏။ ထို့ကြောင့် ဒုက္ခဆင်းရဲကို ဖြစ်စေ၏။ တဏှာကိုကြဉ်၍ အခြားတရားကြောင့် ဒုက္ခသည်မဖြစ်၊ တဏှာကြောင့်သာ ဒုက္ခဖြစ်၏။ ထိုဒုက္ခသည်လည်း ထိုတဏှာကြောင့် မဖြစ်သည်မဟုတ်၊ ဖြစ်သည်သာတည်း။ ထို့ကြောင့် တဏှာ၌ ဒုက္ခ၏အကြောင်းဖြစ်ခြင်း၏ကိန်းသေဖြစ်ခြင်း၊ ဒုက္ခ၏အကြောင်းဖြစ်ခြင်း၌

တဏှာ၏ကိန်းသေ မြဲခြင်းအားဖြင့် တဏှာကို သစ္စာ–အမှန်တရားဟု သိအပ်၏။ ဤကား တဏှာ၏သစ္စာထိုက်ခြင်း အကြောင်းပေတည်း။

**၁၀။ မြတ်ဗုဒ္ဓသည် 'ဇာတိပိဒုက္ခာ'ဟူ၍ ဇာတိကို ဒုက္ခဟူ၍ဟောတော်မူခြင်း၏ အကြောင်းကို ဖြေဆို၍ ဝိပရိဏာမဒုက္ခဟူသည် အဘယ်နည်း? မှန်ကန်စွာ ဖြေဆိုပါ။**

*(စမန ၄၃၀၊ ၄၃၁)*

**အဖြေ** – မြတ်ဗုဒ္ဓသည် 'ဇာတိပိ–ဒုက္ခာ'ဟူ၍ ဇာတိကို ဒုက္ခဟူ၍ ဟောတော်မူခြင်း၏ အကြောင်းမှာ– ဇာတိသည် များစွာသောဆင်းရဲတို့၏ တည်ရာအကြောင်းဖြစ်သောကြောင့် ဒုက္ခမည်၏။ ကိုယ်စိတ်ဆင်းရဲ၏တည်ရာအကြောင်းဖြစ်သောကြောင့် 'ပရိယာယဒုက္ခ'မည်၏။ 'ပရိယာယဒုက္ခ'ဟူသည်မှာ ဒုက္ခ ဒုက္ခမှ ကြွင်းသော သစ္စဝိဘင်းလာ ဇာတိစသည့်ဆင်းရဲ အားလုံးသည် ကိုယ်စိတ်ဆင်းရဲမှု၏တည်ရာအကြောင်းဖြစ်သောကြောင့် 'ပရိယာယဒုက္ခ' (ပရိယာယ်ဆင်းရဲ)မည်၏။ ဤအကြောင်းတို့ကြောင့် မြတ်ဗုဒ္ဓသည် ဇာတိကို ဒုက္ခဟူ၍ ဟောတော်မူ၏။

**'ဝိပရိဏာမဒုက္ခ'**ဟူသည်မှာ – သုခဝေဒနာသည် ဖောက်ပြန်ပျောက်ကွယ်ခြင်းဖြင့် ဆင်းရဲဖြစ်ခြင်း၏အကြောင်းဖြစ်သောကြောင့် 'ဝိပရိဏာမဒုက္ခ'မည်၏။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာန
## ဝိသုဒ္ဓိမဂ် (ဒုတိယဆင့်) စာမေးပွဲ၊ (၂၀–၁၂–၂၀၁၉)

**၁။ ရှေးဦးစွာ မေတ္တာပွားသင့်သောပုဂ္ဂိုလ်ကို ပွားများပုံအခြင်းအရာနှင့်တကွ ဖော်ပြ၍ အတ္တဟိတ+ပရဟိတပုဂ္ဂိုလ်ဟု ခေါ်ဆိုနိုင်ဖို့ရန် မည်ကဲ့သို့နေထိုင်ရမည်ကိုလည်း ကကစူပမသြဝါဒလာသည့်အတိုင်း သုံးသပ်ဖြေဆိုပါ။** *(စမန ၃၁၊ ၃၃၊ ၃၄)*

**အဖြေ** – ခပ်သိမ်းကုန်သောပုဂ္ဂိုလ်အပေါင်းတို့တွင် မိမိကိုသာ ရှေးဦးစွာ မေတ္တာပွားသင့်ပါသည်။

ဝိသုဒ္ဓိမဂ်၌ ''မိမိကိုယ်ကို ရှေးဦးစွာမေတ္တာပွားအပ်၏''ဟူသောစကားကို သက်သေထားရန်အတွက် ဆိုထားခြင်းဖြစ်ပေ၏။ ငါသည် ချမ်းသာလို၏။ ဆင်းရဲကိုစက်ဆုပ်၏။ အသက်ရှည်လို၏။ သေခြင်းကို အလိုမရှိပါ။ ထို့အတူ ငါမှတစ်ပါးသော အခြားသတ္တဝါတို့လည်း ဤအတူပင်ဟု မိမိကိုယ်ကို သက်သေပြု၍ (ဝါ) ကိုယ်ချင်းစာနာ၍ အခြားသောသတ္တဝါတို့၏စီးပွားချမ်းသာကို လိုလားခြင်းသည် ဖြစ်ပေါ်လာ၏။ မိမိအား မေတ္တာပွားပုံမှာ–

*အဟံ သုခိတောဟောမိ နိဒ္ဒုက္ခော* – ငါသည် ချမ်းသာလို၏။ ဆင်းရဲကင်းလို၏၊

*အဟံ အဝေရောဟောမိ* – ငါသည် ဘေးရန်ကင်းပါစေ၊

*အဗျာ ပဇ္ဈောဟောမိ* – စိတ်ဆင်းရဲကင်းပါစေ၊

*အနီဃောဟောမိ* – ကိုယ်ဆင်းရဲကင်းပါစေ၊

*သုခီအတ္တာနံ ပရိဟာရာမိ* – ချမ်းသာနှင့်ပြည့်စုံသည်ဖြစ်၍ မိမိကိုယ်ကို ရွက်ဆောင်

နိုင်ပါစေ။

အထက်ပါနည်းငါးမျိုးတွင် နည်းတစ်မျိုးဖြင့် မိမိကိုယ်၌ အဖန်တလဲလဲမေတ္တာပွားအပ်၏။ – အတ္တဟိတ + ပရဟိတပုဂ္ဂိုလ်ဟု ခေါ်ဆိုနိုင်ဖို့ရန် မည်ကဲ့သို့နေထိုင်ရမည်ကို ကကစူပမသြဝါဒလာသည့်အတိုင်း သုံးသပ်ပြရသော် – မြတ်စွာဘုရားမိန့်ဆိုသည့် လွှဥပမာအဆုံးအမကို ဆင်ခြင်အပ်၏။

"ရဟန်းတို့ ... ခိုးသူဓားပြတို့သည် ငါးမန်းစွယ်လွှကြီးဖြင့် ကိုယ်အင်္ဂါကြီးငယ်တို့ကို တိုက်ဖြတ်ကုန်ရာ၏၊ ထိုသို့ တိုက်ဖြတ်ကြရာ၌လည်း တိုက်ဖြတ်ခံရသောသူသည် စိတ်ကို ပြစ်မှားစေငြားအံ့၊ အမျက်ဒေါသထွက်ငြားအံ့၊ ထိုသူသည် ငါဘုရား၏အဆုံးအမကို လိုက်နာသည်မမည်ပေ။"

"အကြင်သူသည် အမျက်ထွက်သောသူကို တုံ့ပြန်၍အမျက်ထွက်၏။ ထိုသူသည် ပထမအမျက်ထွက်နေသောသူထက်ပင် သာ၍ယုတ်မာသူဖြစ်လေ၏။ အမျက်ထွက်သောသူကို တုံ့ပြန်၍ အမျက်မထွက်ဘဲ သည်းခံနိုင်သောသူသည် အောင်နိုင်ခဲသောစစ်ပွဲကို အောင်နိုင်သူမည်ပေ၏"

"အကြင်သူသည် သူတစ်ပါးကို ကြီးစွာအမျက်ထွက်နေကြောင်းသိပြီးလျှင် သတိပြုလျက် အမျက်မထွက်ဘဲ ငြိမ်းချမ်းစွာနေ၏။ ထိုသူသည် မိမိနှင့်သူတစ်ပါး နှစ်ဦးသားလုံးတို့၏ အကျိုးကို ကျင့်သည်မည်ပေ၏။"

**၂။ လူအချင်းချင်း မေတ္တာထားရမည်ဟူသော အဆုံးအမကို လေးစားလိုက်နာကြကုန်သော စာဖြေသူတို့၏သန္တာန်၌ မိမိတို့ပွားများနေသော မေတ္တာဘာဝနာ၏ အနီးကပ်ရန်သူကို ဥပမာနှင့်တကွ ပေါ်လွင်အောင် ဖော်ပြပါ။** *(စမန ၆၀၊ ၃၁)*

**အဖြေ** – မေတ္တာဘာဝနာ၏ အနီးကပ်ရန်သူသည် 'ရာဂ'ဖြစ်၏။ ရာဂသည် ဂုဏ်ကိုရှုရာ၌ မေတ္တာနှင့်သဘောတူသောကြောင့် ဖြစ်၏။ အနီး၌ကျက်စားသောရန်သူကဲ့သို့ ရာဂသည် လျင်စွာဝင်ရောက်ခွင့်ကို ရတတ်၏။ ထို့ကြောင့် အနီးကပ်ရန်သူဖြစ်သောရာဂမှ မေတ္တာကို ကောင်းစွာစောင့်ရှောက်အပ်၏။

မေတ္တာဘာဝနာ၏အနီးကပ်ရန်သူသည် 'ရာဂ'ဖြစ်သောကြောင့် လိင်အသွင်မတူသော ပုဂ္ဂိုလ်ကို ထိုသူတစ်ဦးတည်းကိုသာလျှင် အာရုံပြု၍ သီးသန့်ပိုင်းခြား၍ မေတ္တာပွားပို့လျှင် တပ်မက်စွဲလန်းမှု – ရာဂဖြစ်တတ်၏။ အမတ်တစ်ဦး၏သားသည် ဆွမ်းခံလာနေကျမထေရ်ကို "မည်သူအား မေတ္တာပွားရပါသလဲ" ဟု မေးလျှောက်ရာ မထေရ်က "ချစ်သည့်ပုဂ္ဂိုလ်ကို မေတ္တာပွားအပ်၏"ဟု ဖြေကြား၏။

ထိုအမတ်၏သားသည် မိမိ၏ဇနီးကိုချစ်သဖြင့် ဇနီးကိုမေတ္တာပွားပို့ရာ ရာဂဖြစ်ပေါ်လာသဖြင့် မိမိအခန်းမှ ဇနီးရှိရာအခန်းသို့ သွားလို၏။ ထို့ကြောင့် နံရံနှင့်ဦးခေါင်းတိုး၍ တိုက်ခိုက်လျက် တစ်ညဉ့်လုံး စစ်ထိုးရလေ၏။ သို့အတွက် လိင်မတူသော ဝိသဘာဂ ပုဂ္ဂိုလ်အား ထိုသူကိုချည်း အာရုံပြု၍ မေတ္တာမပွါးအပ်ကြောင်း သတ်မှတ်ထားပါသည်။

**၃။ နေဝသညာ နာသညာ မည်သောတရားကို အမည်ရခြင်းအကြောင်းနှင့်တကွ**

**သပိတ်ကို ဆီသုတ်သောဥပမာဖြင့် ဥပမာ – ဥပမေယျနှီးနှောဖြေဆိုပါ။**

*(စမန ၁၁၂)*

**အဖြေ** – ရုပါဝစရစတုတ္ထဈာန်၌ရှိသော သညာသည် ထင်ရှားသောသညာကိစ္စကို ပြုခြင်းငှာ မစွမ်းနိုင်သောကြောင့် သညာမမည်ပါ၊ ရုန့်ရင်းသောသင်္ခါရတို့မှ ကြွင်းသော သိမ်မွေ့သောသင်္ခါရ၏အဖြစ်ဖြင့် ရှိသောကြောင့် သိမ်မွေ့သည့်သညာမဟုတ်သည်လည်း မဟုတ်၊ ထို့ကြောင့် နေဝသညာ နာသညာမည်၏။

သပိတ်ကို ဆီသုတ်သောဥပမာဖြင့် ဥပမာ – ဥပမေယျနှီးနှောဖြေဆိုပြရသော် သာမဏေသည် သပိတ်ကို ဆီသုတ်လိမ်း၍ ထား၏။ ယာဂုသောက်မည့်အချိန်၌ မထေရ်ကြီးသည် သာမဏေအား သပိတ်ယူလာရန် မိန့်ဆို၏။ သာမဏေက "သပိတ်၌ ဆီရှိပါသည်" ဟု လျှောက်ထား၏။ ထိုအခါ မထေရ်က "အို.. သာမဏေ၊ ဆီကိုယူခဲ့လော့၊ ဆီကျည်ကို ပြည့်စေအံ့" ဟု ဆို၏။ ထိုအခါ သာမဏေသည် "အရှင်ဘုရား, ဆီမရှိပါ"ဟု ဆိုပြန်၏။

ဤဥပမာ၌ ဆီသုတ်လိမ်းထားသောသပိတ်ကို တစ်ညဉ့်တာသိမ်းထားပြီးဖြစ်၍ "ဝိနည်းဒေသနာအရ" ယာဂုနှင့်တကွ မအပ်သောကြောင့် "ဆီရှိပါသည်" ဟု သာမဏေ ဆိုခြင်းဖြစ်၏။ ဆီကျည်ထဲသို့ထည့်ရန်ကား ဆီမရှိသည့်အတွက် "ဆီမရှိပါ" ဟု တစ်ဖန် လျှောက်ထားခြင်းဖြစ်ပါသည်။ 'နေဝသညာ နာသညာ'သည်လည်း ဤသဘောပင်တည်း။

**၄။ အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်းကို ပွားများခြင်းကြောင့် ရနိုင်သောအကျိုးတို့တွင် နောက်ဆုံးအကျိုး(၅)မျိုးကိုသာ မှန်ကန်စွာဖြေဆိုပါ။** *(စမန ၁၃၇)*

**အဖြေ** – အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်းကို ပွားများခြင်းကြောင့် ရနိုင်သောအကျိုး တို့တွင် နောက်ဆုံးအကျိုး(၅)ပါးမှာ –

(၁) ကန္တာရခရီးခဲမှ ထွက်မြောက်လိုသောသူသည် သားငယ်၏အသားကို မာန်ယစ်ခြင်းမရှိဘဲ စားရသကဲ့သို့ အာဟာရေပဋိကူလသညာကမ္မဋ္ဌာန်းပွားများသောယောဂီသည် အကြင်မျှလောက် ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းအကျိုးမှာ အာဟာရကို မာန်ယစ်ခြင်း ကင်း၍ စားသုံးလတ်သော် ကဗဠီကာရာဟာရကို မငြိုမငြင်ပိုင်းခြား၍သိခြင်းအားဖြင့် ကာမဂုဏ်ငါးပါး၌ တပ်မက်သည့်ရာဂကို ပိုင်းခြား၍သိခြင်းသို့ ရောက်၏။

(၂) ထိုယောဂီသည် ကာမဂုဏ်ငါးပါးကို ပိုင်းခြား၍သိခြင်းဟူသောအကြောင်းကြောင့် ရူပက္ခန္ဓာကို ပိုင်းခြား၍သိ၏။

(၃) ထို့အပြင် မကျေကျက်သောအစာစသည်၏စက်ဆုပ်ရွံရှာဖွယ်အဖြစ်ကို သိမ်းဆည်း သည့်အစွမ်းဖြင့် ကာယဂတာသတိဘာဝနာသည်လည်း ပြည့်စုံခြင်းသို့ရောက်၏။

(၄) အသုဘဘာဝနာအားလျော်သောအကျင့်ကို ကျင့်သည်လည်း မည်ပေ၏။

(၅) ဤအာဟာရေပဋိကူလသညာကမ္မဋ္ဌာန်းအကျင့်ကို အမှီပြု၍ ယခုမျက်မှောက်ဘဝ၌ အမြိုက်နိဗ္ဗာန်ဟူသော အပြီးအဆုံးတိုင်အကျိုးရသည့်အဖြစ်သို့ မရောက်စေကာမူ သုဂတိ ဘဝသို့ လားရောက်ရ၏။

**၅။ တန်ခိုး(၁၀)မျိုးတို့တွင် နောက်(၅)မျိုးကိုဖြေဆို၍၊ ဘုရားအလောင်းတော် ဇွဲ့ဟသ်ာငှက်မင်း၏ ကောင်းကင်၌ ပျံသန်းသွားလာနိုင်ခြင်းသည် မည်သည့်တန်ခိုး ကြောင့် ဖြစ်ပါသနည်း? ဖြေဆိုပါ။** *(စမန ၁၉၇၊ ၂၀၄)*

**အဖြေ** – တန်ခိုး(၁၀)မျိုးတို့တွင် နောက်(၅)မျိုးကို ဖြေဆိုရသော်–

(၁) **အရိယိဒ္ဓိ** – အရိယာတို့၌ ပြည့်စုံပြီးမြောက်သောတန်ခိုး၊

(၂) **ကမ္မဝိပါကဇိဒ္ဓိ** – ကံ၏အကျိုးကိုမှီ၍ ပြီးမြောက်သောတန်ခိုး၊

(၃) **ပုညဝတောဣဒ္ဓိ** – ထူးခြားသည့်ကောင်းမှုရှင်တို့၌ ပြီးမြောက်ပြည့်စုံသောတန်ခိုး၊

(၄) **ဝိဇ္ဇာမယိဒ္ဓိ** – ဝိဇ္ဇာမန္တာန်ဖြင့် ပြီးမြောက်သောတန်ခိုး၊

(၅) **တတ္ထတတ္ထသမ္မပယောဂပစ္စယိဒ္ဓိ** – ထိုထိုအရာ၌ နည်းလမ်းမှန်စွာအားထုတ်မှုကြောင့် ပြီးမြောက်သောတန်ခိုးတို့ဖြစ်ပါသည်။

– ဘုရားအလောင်းတော်ဇွဲ့ဟသ်ာငှက်မင်း၏ ကောင်းကင်၌ ပျံသန်းသွားလာနိုင်ခြင်းသည် ကံ၏အကျိုးကိုမှီ၍ ပြီးမြောက်သောတန်ခိုးဖြစ်ခြင်းကြောင့် "**ကမ္မဝိပါကဇိဒ္ဓိ**"မည်ပါသည်။

**၆။ သာဝကများဖန်ဆင်းသော နိမ္မိတရုပ်ပွားနှင့် မြတ်စွာဘုရားရှင်ဖန်ဆင်းတော်မူသော နိမ္မိတရုပ်ပွားများ၏ ထူးခြားချက်ကို ဖြေဆိုခဲ့ပါ။** *(စမန ၂၂၇၊ ဝိသုဒ္ဓိမဂ္ဂ(ဒု) ၂၅၇)*

**အဖြေ** – သာဝကများဖန်ဆင်းသော နိမ္မိတရုပ်ပွားသည် ဖန်ဆင်းသူပြုသမျှကို လိုက်၍ပြုမူ၏။ အကယ်၍ တန်ခိုးရှင်သည် စင်္ကြံသွားငြားအံ့၊ ဖန်ဆင်းထားသောနိမ္မိတရုပ်သည်လည်း ထိုအရပ်၌ စင်္ကြံသွား၏။ အကယ်၍ တန်ခိုးရှင်သည် ရပ်တည်ငြားအံ့၊ ထိုင်ငြားအံ့၊ လျောင်းငြားအံ့၊ နိမ္မိတရုပ်ပွားသည်လည်း ထိုအရပ်၌ ရပ်တည်၏၊ ထိုင်၏၊ လျောင်း၏၊ အကယ်၍ တန်ခိုးရှင်သည် ပြဿနာနှင့်တကွတည်နေငြားအံ့၊ ပြောဆိုငြားအံ့၊ ဆွေးနွေးငြားအံ့၊ နိမ္မိတရုပ်ပွားသည်လည်း ထိုအရပ်၌ ထိုပြဿနာနှင့်တကွ တည်နေ၏၊ ပြောဆို၏၊ ဆွေးနွေး၏။ တန်ခိုးရှင်သည် အကြင်အကြင်အမှုကိုပြု၏။ ထိုထိုအမှုကိုပင် နိမ္မိတရုပ်ပွားသည် ပြု၏။"

မြတ်စွာဘုရားရှင်ဖန်ဆင်းတော်မူသော နိမ္မိတရုပ်ပွားသည်ကား မြတ်စွာဘုရားပြုတော်မူသည့် ထိုထိုအမှုများကိုလည်း ပြု၏။ မြတ်စွာဘုရား၏အလိုတော်အစွမ်းဖြင့် ဘုရားပြုတော်မူသည်မှတစ်ပါးသော အမှုကိုလည်း ပြု၏။ သာဓကအဖြစ် မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသည့်အခါ နေ့စဉ်နံနက်ဆွမ်းခံချိန်၌ မြတ်စွာဘုရားသည် မိမိနှင့်ချွတ်စွတ်တူသော နိမ္မိတရုပ်ပွားတော်ကို ဖန်ဆင်း၍ ထိုရုပ်ပွားတော်အား မိမိ၏အလိုတော်အစွမ်းဖြင့် အဘိဓမ္မာတရားတော်ကို ဆက်လက်ဟောကြားစေပြီးလျှင် မိမိမူကား လူ့ပြည်သို့ဆင်း၍ ဆွမ်းခံခြင်း၊ ဆွမ်းဘုဉ်းခြင်း၊ အရှင်သာရိပုတ္တရာအား လူ့ပြည်တွင် အဘိဓမ္မာဟောနိုင်ရန် လမ်းညွှန်ပြခြင်းကိစ္စတို့ကို ဆောင်ရွက်တော်မူပါသည်။

**၇။ သာသနာတွင်းပုဂ္ဂိုလ်များ ပုဗ္ဗေနိဝါသကို အောက်မေ့ဆင်ခြင်နိုင်သောကာလကို အသီးသီးခွဲခြားဖြေဆို၍ သာသနာပတိတ္ထိများသည် အဘယ့်ကြောင့် အဘယ်မျှသာ အောက်မေ့ဆင်ခြင်နိုင်သည်ကိုလည်း ဖြေဆိုပါ။** *(စမန ၂၅၁ – ၂၅၂)*

**အဖြေ** – သာသနာတွင်းပုဂ္ဂိုလ်များက ပုဗ္ဗေနိဝါသကို အောက်မေ့ဆင်ခြင်နိုင်သော ကာလများမှာ–

(၁) **ပကတိသာဝကများသည်** နာမ်ရုပ်ကို ပိုင်းခြားတတ်သောဉာဏ်ရှိပြီး ပညာအားကောင်းသောကြောင့် ကမ္ဘာတစ်ရာမှ ကမ္ဘာတစ်ထောင်အထိ အောက်မေ့ဆင်ခြင်နိုင်၏။

(၂) **မဟာသာဝကများသည်** ပါရမီဖြည့်ရာကာလဖြစ်သော ကမ္ဘာတစ်သိန်းတိုင်အောင် အောက်မေ့နိုင်ကြ၏။

(၃) **အဂ္ဂသာဝကများသည်** ပါရမီဖြည့်ရာကာလဖြစ်သော ကမ္ဘာတစ်သင်္ချေနှင့်တစ်သိန်းတိုင်အောင် အောက်မေ့နိုင်ကြ၏။

(၄) **ပစ္စေကဗုဒ္ဓါများသည်** ပါရမီဖြည့်ရာကာလဖြစ်သော ကမ္ဘာနှစ်သင်္ချေနှင့်တစ်သိန်းတိုင်အောင် အောက်မေ့ဆင်ခြင်နိုင်ကြ၏။

(၅) **သမ္မာသမ္ဗုဒ္ဓဘုရားရှင်များကား** ကမ္ဘာအပိုင်းအခြားမရှိ အလိုရှိသမျှအောက်မေ့နိုင်ကြ၏။

(၆) **သာသနာပတိတ္ထိများသည်** နာမ်ရုပ်ကို ပိုင်းခြားတတ်သောဉာဏ်ကင်း၍ ပညာအားနည်းသောကြောင့် ကမ္ဘာလေးဆယ်သာလျှင် အောက်မေ့ဆင်ခြင်နိုင်ကြ၏။

**၈။ ဝယာမဓမ္မာ သင်္ခါရာ – ဟူသော ဗုဒ္ဓ၏အဆုံးအမအတိုင်း တစ်နေ့နေ့တစ်ချိန်ချိန်မှာ မုချပျက်စီးရမည်ဖြစ်သော ဤကမ္ဘာလောကကြီးသည် မည်သို့သောအခါ မည်သည့်အကြောင်းတရားကြောင့် ပျက်စီးရမည်ကို မှန်ကန်စွာဖြေဆို၍ ကပ်(၃)ပါးကိုလည်း သိသာရုံမျှဖြေဆိုပါ။** *(စမန ၂၆၄–၂၆၅၊ ၂၅၆၊ ဝိသုဒ္ဓိမဂ်(၃) ၂၀၀)*

**အဖြေ** – ဤကမ္ဘာလောကကြီးသည် မည်သို့သောအခါ မည်သည့်အကြောင်းတရားတို့ကြောင့် ပျက်စီးရခြင်းမှာ – ''အကုသိုလ်မူလသုံးပါးဟူသော ရာဂ, ဒေါသ, မောဟတို့ လွန်ကဲလာသောအခါ ''အကုသိုလ်မူလ''ဟူသောအကြောင်းကြောင့် ဤကမ္ဘာလောကကြီး ပျက်စီးရပါသည်။

သတ္တဝါတို့၏ သန္တာန်မှာ ရာဂ လွန်ကဲများပြားလာသောအခါ မီးဖြင့် ကမ္ဘာပျက်၏။ ဒေါသလွန်ကဲများပြားလာသောအခါ ရေဖြင့်ကမ္ဘာပျက်၏။ (အချို့သောကေစိဆရာတို့က ဒေါသလွန်ကဲသောအခါ မီးဖြင့်ကမ္ဘာပျက်၍ ရာဂလွန်ကဲလာသောအခါ ရေဖြင့်ကမ္ဘာပျက်၏ဟု ဆိုကြ၏။) မောဟလွန်ကဲများပြားလာသောအခါ လေဖြင့် လေဖျက်၍ ကမ္ဘာလောကကြီးပျက်စီး၏။

ဤသို့ကမ္ဘာလောကကြီးပျက်စီးရာ၌လည်း မီးဖြင့်(၇)ကြိမ်တိုင်တိုင် မီးဖျက်၍ကမ္ဘာပျက်ပြီးနောက် (၈)ကြိမ်မြောက်တွင် ရေဖျက်၍ ကမ္ဘာပျက်၏။ ဤသို့ မီး(၇)ကြိမ်, ရေ(၁)ကြိမ် အလှည့်အကြိမ်အတိုင်း (၆၃)ကြိမ်ကမ္ဘာပျက်ပြီးနောက် (၆၄)ကြိမ်မြောက်တွင် လေဖျက်၍ ကမ္ဘာပျက်၏။

မီးဖြင့်ကမ္ဘာပျက်သည့်အခါ ပထမဈာန်သုံးဘုံဖြပ်ဟ္မာဘုံများအထိ ပျက်စီး၏။

ရေဖြင့်ကမ္ဘာပျက်သည့်အခါ ဒုတိယဈာန်သုံးဘုံဖြပ်ဟ္မာဘုံများအထိ ပျက်စီး၏။

လေဖြင့်ကမ္ဘာပျက်သည့်အခါ အရူပတတိယဈာန်သုံးဘုံအထိ ပျက်စီး၏။

**– ကပ်(၃)ပါးဟူသည်ကား–**

(၁) တေဇောသံဝဋ္ဋကပ် – မီးဖြင့်ကမ္ဘာပျက်သောကပ်၊
(၂) အာပေါသံဝဋ္ဋကပ် – ရေဖြင့်ကမ္ဘာပျက်သောကပ်၊
(၃) ဝါယောသံဝဋ္ဋကပ် – လေဖြင့်ကမ္ဘာပျက်သောကပ် တို့ဖြစ်ပါသည်။

ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်၊ သတ္ထန္တရကပ်တို့ကိုလည်း ကပ်သုံးပါးခေါ်၏။

**၉။ ဒဿနဘူမိပညာ, ဘာဝနာဘူမိပညာ မည်သောတရားများကို ဖြေဆို၍ ပညာမူလမည်သောတရားများကိုလည်း အကြောင်းနှင့်တကွ ဖြေဆိုပါ။**

*(စမေ ၂၉၇၊ ၃၀၀)*

**အဖြေ** – ဒဿနဘူမိပညာမည်သောတရားမှာ သောတာပတ္တိမဂ်စိတ်နှင့်ယှဉ်သောပညာ (နိဗ္ဗာန်ကိုမြင်သောဘုံပညာ)ဖြစ်ပါသည်။

– **ဘာဝနာဘူမိပညာ**ဟူသည့်တရားမှာ အထက်မဂ်သုံးပါးဟူသော သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်စိတ်တို့နှင့်ယှဉ်သောပညာ(ပွားစေအပ်သောဘုံပညာ)ဖြစ်ပါသည်။

– **ပညာမူလ**မည်သောတရားသည် ဝိပဿနာပညာ၏အခြေအမြစ်(မူလ)ဖြစ်သော သီလဝိသုဒ္ဓိနှင့် စိတ္တဝိသုဒ္ဓိတရားတို့ ဖြစ်ပါသည်။

**၁၀။ ဝေဒနာသည် ဇာတိဘေဒအားဖြင့်ခွဲခြားဝေဖန်ခဲ့သော် မည်မျှအပြားရှိပါသနည်း? ဖြေဆို၍ ယင်းဝေဒနာတို့၏အရကိုလည်း မှန်ကန်စွာ ကောက်ပြပါ။** *(စမေ ၃၃၆၊ ၃၃၇)*

**အဖြေ** – စိတ်အကျဉ်း ၈၉ ပါး, အကျယ် ၁၂၁ ပါးတို့နှင့် ယှဉ်သောဝေဒနာတို့သည် သဘာဝအပြားအားဖြင့် သုခဝေဒနာ, ဒုက္ခဝေဒနာ, သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာဟူ၍ ၅ ပါးအပြားရှိပါသည်။

လောကုတ္တရာတရား ၈ ပါးနှင့်ယှဉ်သော ဝေဒနာတို့မှာ သောမနဿဝေဒနာ သို့မဟုတ် ဥပေက္ခာဝေဒနာဖြစ်နိုင်သည်။

စိတ်အကျယ် ၁၂၁ ပါးတို့၌ ယှဉ်ကြသော ဝေဒနာတို့ကို ဇာတိဘေဒအားဖြင့် ခွဲခြားဝေဖန်ရသော်–

(၁) အကုသိုလ်စိတ် ၁၂ ပါးနှင့်ယှဉ်သော ဝေဒနာတို့မှာ သောမနဿဝေဒနာ ၄ ပါး၊ ဒေါမနဿဝေဒနာ ၂ ပါးနှင့် ဥပေက္ခာဝေဒနာ ၆ ပါးတို့ ဖြစ်ပါသည်။
(၂) ကုသိုလ်စိတ် ၃၇ ပါးတို့နှင့် ယှဉ်ကြသောဝေဒနာတို့မှာ သောမနဿဝေဒနာ ၂၄ ပါးနှင့် ဥပေက္ခာဝေဒနာ ၁၃ ပါးတို့ ဖြစ်ပါသည်။
(၃) ဝိပါက်စိတ် ၅၂ ပါးတို့နှင့် ယှဉ်ကြသောဝေဒနာတို့မှာ သောမနဿဝေဒနာ ၂၅ ပါး ဥပေက္ခာဝေဒနာ ၂၅ ပါး၊ သုခဝေဒနာ ၁ ပါး၊ ဒုက္ခဝေဒနာ ၁ ပါးတို့ ဖြစ်ပါသည်။
(၄) ကြိယာစိတ် ၂၀ နှင့်ယှဉ်ကြသောဝေဒနာတို့မှာ သောမနဿဝေဒနာ ၉ ပါးနှင့် ဥပေက္ခာဝေဒနာ ၁၁ ပါးတို့ ဖြစ်ပါသည်။

– ဝေဒနာတို့၏အရမှာ **ဝေဒနာစေတသိက်** ဖြစ်ပါသည်။

## (က) ဒေါက်တာမင်းတင်မွန်၏ ဓမ္မစာစဉ်စာအုပ်ရတနာများ

၁။ **မြတ်ဗုဒ္ဓ** – မြတ်စွာဘုရားကို ဘာ့ကြောင့်ကိုးကွယ်ထိုက်သလဲ၊
၂။ **မြတ်ဓမ္မ** – တရားတော်မြတ်ကို ဘာ့ကြောင့်ကိုးကွယ်ထိုက်သလဲ၊
၃။ **မြတ်သံဃာ** – သံဃာတော်မြတ်ကို ဘာ့ကြောင့်ကိုးကွယ်ထိုက်သလဲ၊
၄။ **မြတ်သရဏဂုံ** – ရတနာမြတ်သုံးပါးဆည်းကပ်ရတဲ့အကျိုးကျေးဇူးများ။
၅။ **ဘဝအောင်မြင်ရေးသို့ရှေးရှုကြ** – ဘဝအောင်မြင်မှုရအောင်ဘာလုပ်ရမလဲ၊
၆။ **ဘဝချမ်းသာရေး** – ဘဝချမ်းသာအစစ်ကို ဘယ်လိုရယူနိုင်မလဲ၊
၇။ **ဘဝလမ်းနှစ်သွယ်** – ဆူးခင်းလမ်းနှင့်ပန်းခင်းလမ်း – ဘယ်လမ်းလိုက်မလဲ၊
၈။ **ဖားအောက်တောရဓိတ်ဆက်** – ဗုဒ္ဓနည်းကျတရားရှုပွားနည်း မြည်းစမ်းကြည့်ပါ။
၉။ **မြတ်ဒါန** – တင့်တယ်လှပချမ်းသာကြွယ်ဝရေး – ဒါနအကြောင်းစုံ၊
၁၀။ **မြတ်သီလ** – ဘဝမြင့်မြတ်လှပတင့်တယ်ရေး – သီလအကြောင်းစုံ၊
၁၁။ **မြတ်ဘာဝနာ** – အရေးအကြီးဆုံး, အကျိုးအကြီးဆုံး, အလုပ်သင့်ဆုံးအလုပ်၊
၁၂။ **မေတ္တာနှင့်သစ္စာအဖွင့်** – မေတ္တာနှင့်သစ္စာစွမ်းအားတို့ဖြင့် ဘဝငြိမ်းချမ်းတင့်တယ်မည်၊
၁၃။ **မေတ္တာနှင့်သစ္စာသရုပ်ဖော်** – ဘဝကိုလှပမြင့်မြတ်စေသည့် သရုပ်ဖော်ဇာတ်လမ်းများ။
၁၄။ **ဝိပဿနာဂုဏ်ထူးဆောင်** – တော်ကူးဆရာတော်နှင့်ထူးဆန်းစွာရောဂါပျောက်ခြင်းများ။
၁၅။ **သေးမကူဘဲငြိမ်းအေးနည်း** – ကိုယ်စိတ်တင်းကျပ်မှုပြေလျော့၍ချမ်းမြေ့စွာနေနည်း။
၁၆။ **အကောင်းဆုံးဘဝလမ်းညွှန်မှု** – အဖိုးတန်ဆုံးအကောင်းဆုံးဘဝထူထောင်နိုင်ရေး
၁၇။ **ဘဝဖန်တီးရှင်ကံတံရား** – သင့်ဘဝကံကြမ္မာကို သင်ဖန်တီးနိုင်ပြီ ကံအကြောင်းစုံ၊
၁၈။ **မှန်ကန်သောဘဝအမြင်** – အသက်ရှင်ခြင်းနှင့်သေခြင်းကောင်းဖို့ပြင်ဆင်ခြင်း၊
၁၉။ **လိမ္မာယဉ်ကျေးတို့ရင်သွေး** – ယဉ်ကျေးမှုနှင့်စာရိတ္တပညာဆရာကိုင်စာအုပ်၊
၂၀။ **ယဉ်ကျေးလိမ္မာရင်သွေးကမ္ဘာ** – ယဉ်ကျေးမှုနှင့်စာရိတ္တပညာတပည့်ကိုင်စာအုပ်၊
၂၁။ **ဘဝလွတ်မြောက်ရေးနှင့်အရိယသစ္စာ** – သံသရာဝဋ်ဆင်းရဲမှလွတ်မြောက်စေသည့် သစ္စာ ၄ ပါး။
၂၂။ **ရှေးဘဝနောက်ဘဝ သိပ္ပံနည်းကျအထောက်အထားများ** – ကမ္ဘာတစ်ဝန်းမှဇာတ်လမ်းစုံ၊ အံ့ဩဖွယ်ရာဘဝဖြစ်ရပ်များ၊
၂၃။ **တော်ကူးဆရာတော်–ဘဝဆည်းဆာနှင့်ကျင့်စဉ်တရား** – အံ့ဩဖွယ်ရာ တရားဆေးနည်းဖြင့် ရောဂါမျိုးစုံပျောက်ကင်းသည်၊
၂၄။ **သပြေကန်ဆရာတော်ဘုရား** – အဘိဓမ္မမဟာရဋ္ဌဂုရု၊ သာသနာ့တံခွန်စိုက်ပုဂ္ဂိုလ်၊
၂၅။ **ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်** – အကောင်းဆုံး, အဘိဓမ္မာစာအုပ်၊ စာမေးပွဲဖြေသူလက်စွဲ
၂၆။ **တက္ကသိုလ်အဘိဓမ္မာပေါင်းချုပ်** – အဖိုးတန်ဆုံးဘဝပညာ ဗုဒ္ဓအဘိဓမ္မာအပြည့်အစုံ၊
၂၇။ **ဝိသုဒ္ဓိမဂ္ဂအလင်းပြနိဗ္ဗာန်လမ်းကြီး(ပထမတွဲ)** – သီလ–သမာဓိ–ပညာ သာသနာ

အနှစ်ချုပ်၊ အရေးကြီးဆုံးပဋ္ဌာန်းပတ္တိအလုပ်ကို လွယ်ကူရှင်းလင်းစွာ လေ့လာနိုင်ပြီ။

၂၈။ ဝိသုဒ္ဓိမဂ္ဂအလင်းပြနိဗ္ဗာန်လမ်းမကြီး(ဒုတိယတွဲ) – ဗုဒ္ဓညွှန်ပြသည့်တရားရှုနည်း အပြည့်အစုံ၊

၂၉။ ဝိသုဒ္ဓိမဂ္ဂအလင်းပြနိဗ္ဗာန်လမ်းမကြီး(တတိယတွဲ) – ဝိပဿနာရှုနည်းမှန်အပြည့်အစုံ

၃၀။ အမြတ်ဆုံးပန်းတိုင်ကောန်ဝိုင်(ပထမတွဲ) – ဖားအောက်တောရတရားရှုနည်းစုံ၊

၃၁။ အမြတ်ဆုံးပန်းတိုင်ကောန်ဝိုင်(ဒုတိယတွဲ) – ဗုဒ္ဓနည်းကျဝိပဿနာရှုနည်းစုံ၊

၃၂။ သမထဘာဝနာနှင့်ဝိပဿနာဘာဝနာတို့တွင်အောင်မြင်ပေါက်မြောက်ခြင်း။

၃၃။ **Breakthrough in Samatha-Vipassanā** - ထိပ်သီးဗုဒ္ဓဘာသာညီလာခံ စာတမ်း။

၃၄။ ဗုဒ္ဓနည်းကျတရားရှုနည်း – မဂ်ဖိုလ်ပန်းခိုင်ကိုလှမ်းဆွတ်နိုင်ရေး

၃၅။ **Meditation the Buddha's Way** – အပြည်ပြည်ဆိုင်ရာညီလာခံစာတမ်း။

၃၆။ သိပ္ပံနယ်လွန်ဗုဒ္ဓဘာသာ – The Supreme Science of the Buddha

၃၇။ ဗုဒ္ဓစကားတော် – The Word of the Buddha

၃၈။ ဗုဒ္ဓဘာသာအကျဉ်း – Buddhism in a Nutshell

၃၉။ ဘဝတိစ္စနှင့် ဘဝပန်းတိုင် – The Purpose and the Goal of Life

၄၀။ ဘဝရည်မှန်းချက်နှင့်ဘဝလမ်းစဉ် – The Aim and Way of Life

၄၁။ ဗုဒ္ဓဝါဒနှင့်ခေတ်သစ်ဘဝ – Buddhism in Modern Life

၄၂။ ဗုဒ္ဓဘာသာစာရိတ္တပညာနှင့်ကျင့်ဝတ်များ – Buddhist Ethics and Duties

၄၃။ **The Noble Liberation and the Noble Truths**

၄၄။ **Kamma, the Real Creator** -'ဘဝဖန်တီးရှင်ကံတရား' နှင့်ယှဉ်ဖတ်နိုင်။

၄၅။ **The Right View on Life** -'မှန်ကန်သောဘဝအမြင်' နှင့်ယှဉ်ဖတ်နိုင်။

၄၆။ **The Essence of Buddha Abhidhamma**- ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်နှင့် ယှဉ်ဖတ်နိုင်၊

၄၇။ **The Essence of Visuddhi Magga, Volume 1** -ဝိသုဒ္ဓိမဂ်နှင့်ယှဉ်ဖတ်နိုင်၊

၄၈။ ပျော်ရွှင်အောင်မြင်သောနေထိုင်နည်း – Why Worry အင်္ဂလိပ်ဘာသာနှင့်တွဲ၊

၄၉။ သောက, ဒေါသ ကျော်လွှားအံ့ – Live without Fear and Worry

၅၀။ The Not-self (Anatta) Doctrine and Vipassanā

၅၁။ အနတ္တဒေသနာနှင့် ဝိပဿနာ – အနတ္တမြင်မှ ဝိပဿနာရှု၍ မဂ်ရနိုင်၏။

၅၂။ အဘိဓမ္မာအမေးအဖြေပေါင်းချုပ် – ၃၉ နှစ် မေးခွန်းများနှင့် အဖြေမှန်များ။

၅၃။ The Essence of Visuddhi Magga. Volume II - ဝိသုဒ္ဓိမဂ်နှင့်ယှဉ်ဖတ်နိုင်၊

၅၄။ Buddhism Won Best Religion in the World Award! Why?
ဂုဏ်ယူဖွယ်ကောင်းသောစာအုပ်။